
www.burmeseclassic.com

မဂ္ဂဇင်း

အမှတ်-၂၃၃ ၂၀၁၃-ခုနှစ်၊ အောက်တိုဘာလ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သဗ္ဗသိဒ္ဓိ ဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဧသာ ဥတ္တိ၊ သဗ္ဗ သတ္တုန္တရာယေယာ၊ သဗ္ဗ ရောဂန္တရာယေယာ၊
သဗ္ဗ ဥပဒ္ဒဝန္တရာယေယာ၊ ဂန္ထအမှိ ပြကာသေ တိဋ္ဌာပေ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ့၊ နတ်၊ ဗြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စုကြီး မည်သည့်အနေအထားတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စု စိတ်ဓာတ်သည်လျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

### ပြည်သူ့ဆန္ဒသဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းဖယ်ရှား။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

လပြည့်ဝန်း မဂ္ဂဇင်း

အမှတ် (၂၁၃)၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com







# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | နဂ္ဂတ္ထမတောင်တော်ဦးဆီက စေတီတွေမြသလွှန် | မင်းရှက် | ၅ |
| ၂။ | သိမ်ဇရပ်မြို့ ဆံတော်ရှင် မဟာမေတ္တာ ထူပထင် မြသိန်းတန်စေတီတော်ကြီး | [illegible] | ၂၂ |
| ၃။ | ကေတုမတီ (တောင်ငူ) မြစည်းခုံစေတီတော်မြတ်ကြီး | [illegible] | ၃၉ |
| ၄။ | မပြည့်နိုင်တဲ့ တာကာဒိုး | [illegible] | ၄၂ |
| ၅။ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ မိမိကိုယ်ကို သုံးသပ်ရန် သမ္မာသန တရားတော် | မှူးဒိန် | ၄၆ |
| ၆။ | မဟာပညာရာမတိုက် မင်းကျောင်းတော်ကြီး | [illegible] | ၅၂ |
| ၇။ | မလွန်မြစ်ကူးတံတားမှ ထူးဆန်းသောမြစ်ရပ်ခြင်း | [illegible] | ၅၇ |
| ၈။ | ထူးမှထူး | [illegible] | ၆၀ |
| ၉။ | ဘုရားရှင်၏ ပရိနိဗ္ဗာန်ပြုခါနီး နောက်ဆုံးမှာကြားသော စကား | [illegible] | ၆၈ |
| ၁၀။ | ဘုရားလောင်း [illegible] အံ့ဖွယ်ရာ လေးအာကာသပညာ | [illegible] | ၇၂ |
| ၁၁။ | ပညာဒါန အလင်းပြ [illegible] သို့တစ်ခေါက် | [illegible] | ၇၆ |
| ၁၂။ | ဂိုဏ်းဝါဒ အသာနေစနစ် | ဦးကျော်နိုင် ([illegible]) | ၈၀ |
| ၁၃။ | ဝါလကင်းလွတ် သိဒ္ဓါငါးကျွတ် | [illegible] | ၈၄ |
| ၁၄။ | မြူစင်သော စိတ်ပဋိလယ် | [illegible] | ၈၆ |
| ၁၅။ | အရိယာ၏ မိုးခြောက်မှုနှင့် မိန်းမမြတ်၏ ရှုနှိုင်းခန်း | [illegible] | ၈၈ |
| ၁၆။ | အတ္တမြူနှင်းတွေပေါ် ဖြစ်ကြက်နေတဲ့ အနတ္တနေခြည် အတွေးများ | [illegible] | ၉၀ |
| ၁၇။ | ကျေးဇူးတော်ဓမ္မ | [illegible] | ၉၄ |
| ၁၈။ | ဖိုးစိန်ကောင်နှင့် ကြက်အကောင်သုံးဆယ် | [illegible] | ၉၉ |
| ၁၉။ | မေတ္တာသမီးတို့ ပွင့်လန်းကြပါစေ | [illegible] | ၁၀၂ |
| ၂၀။ | မုဆိုးကမ်းကြူ မင်းရဲ | [illegible] | ၁၀၆ |
| ၂၁။ | မြန်မာမှု သိမ်ရော အညီအလာကောင်း | [illegible] | ၁၁၂ |
| ၂၂။ | ရင်ထဲမှဖေ | [illegible] | ၁၁၆ |
| ၂၃။ | [illegible]လေလောင်ချိန် | [illegible] | ၁၂၂ |
| ၂၄။ | [illegible]လည်း လွမ်းလျက်ပါ | [illegible] | ၁၂၆ |
| ၂၅။ | ကျည်မှုကျော်တဲ့ ပေါလက်နဲ့ မုဆိုးပရိယာယ် | [illegible] | ၁၃၂ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


အကြောင်းအရာ ............ စာမျက်နှာ

ကြုံတောင့်ကြုံခဲ ................ မောင်မြင့်မား(ဝိုလ်ကလေး) ၁၃၆

အဖြေရှာ၍ မရနိုင်ခဲ့သော ပုစ္ဆာတစ်ပုဒ် ............ ချစ်ဆိုင် ၁၄၂

ငွေများကို ဖန်တီးသူ ................ ဘနင်း(မြန်မာပြန်) ၁၄၈

လှိုင်း ................................ မောင်သာယာ ၁၅၃

ရွှင်လန်းငြိမ်းချမ်းပါစေ ချစ်သော ရှစ်တလေးရေ ..... လင်းမြည့်စုံ ၁၅၈

ချစ်စရာ ခရီးစဉ် (၁) ............ ဦးညွန့်လှိုင်(ကြို့ပင်ကောက်) ၁၆၆

မျက်ဝန်းညိုများမှ တစ်ဆင့် ............ မောင်သာယန်(ဗီးကုန်း) ၁၇၁

[illegible]စမ်းချောင်းမှာ လမ်းပျောက်ခဲ့သူ .......... ကျော်မင်းနိုင် ၁၇၆

[illegible] ........................ ကျူလိုင်မိုး ၁၈၂

[illegible]ဘေဗျာဒီပ်[illegible]ကမ္ဘာထဲက

[illegible]ငွေချောင်ပုလဲမန်းများ .......... ကိုကြီးဆောင်(သာပေါင်း) ၁၈၈

[illegible]သွားကြွေးကလဲ့စား ........................ မင်းဝိုးမ ၁၉၆

အချစ်မှာရသွန်း ........................ နေမထူး ၂၀၄

ရှေ့နေရှုတုန်းက ဝိဇ္ဇာ .................... မြယာငြို ၂၀၄

လွမ်းသစ္စာ ............................ မိုးသိဂ္ဂာ ၂၁၈

ကျွန်တော် ဆင်သမား ............ ရန်အောင်ဦး(ဓေတုဗ္ဗာရ) ၂၂၂

စကားတချွင်အသည် ................ ကိုချမ်း(ဒေး-၂) ၂၂၄

မနေ့ခင်း[illegible]သည့် အသိစိတ် .............. သန့်ဇင်မှူး ၂၃၁

အတိုက်[illegible]မို့ လွမ်းငွေ့ရယ်ကာ မှုန်သီဝယ် .... တောင်တွင်းကိုရင်ညြ ၂၃၄

အေးရာမ[illegible]ကြောင်း ဝတ္ထု .................... သဏ ၂၄၁

မြည်သံ့အချစ်တော်များ .................... လုမိုး(ပညာရေး) ၂၄၅

ကောင်းကင်ပေါ်မှ ကျလာသူ .............. စိန်ဝင်းမော် ၂၄၉

ရှို့ရအာရုမ်း အုံ့မခန်း .................... ရွှေလီမျှော်(သီပေါ) ၂၅၆

[illegible]ဖြာ ညှိကမ္ဘာ .................... ဗိုလ်ရှလမင်း ၂၅၈

[illegible]ပင်တို့အရှုံး (၁) ............ ဆန်းဝင်း(အောင်ပန်း) ၂၆၄

[illegible]ကြွာနဲ့ ............................ မြူးစံ ၂၆၆

[illegible]တိုးဆီး၍ [illegible]

[illegible]မျက်သူက်[illegible]နည်း .......... အန့်အလှကံတင်အောင် ၂၆၉


[illegible]ဆိုပ်၊ ဝင့်ကျွဲဆိုပ်၊ ချေးဆိုပ် ခြေ[illegible] ..... နတ်မောက်ကျော်ငြိမ်းသစ် ၂၇၁


အဒေးမိန့[illegible] ချောင်းဆိုး အတွက်

[illegible]လမ်းကောင်း .................... [illegible]မင်းသန့်နိုင် ၂၈၂

[illegible]လည်းဖြစ် ဆေးဖက်လည်းဝင်သော

[illegible]ဒင်းဓာတ် ...................... [illegible](တချစ်မြ) ၂၉၃







BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၅၅။ ဘယ်လိုအဆောင်မျိုး ဆောင်မလဲ ............ မန်းသိုက်ဝင် ၂၇၅
၅၆။ အသက်ရှည်ခြင်း အကြောင်းအရင်းတစ်ရပ် .. သုနန္ဒာစိုး(ရွှေရင်အေး) ၂၇၇
၅၇။ ကိုယ်ဝန်ဆောင်နှင့် ကိုယ်ဝန်အဆိပ်တက်ရောဂါ ...... ရိရိငွေ ၂၈၀
၅၈။ ဦးကပ်စေး .................. ဝင်းသီဟ(သန်လျင်) ၂၈၄
၅၉။ သူစေတ်နှင့်သူ .................. သဲသိမ့်သိမ့် ၂၉၂
၆၀။ မြေသလုံးခန့်ရှိသော ထောင်ထဲက
တောက်တက်ကြီး .................. ချိုသာ ၂၉၄
၆၁။ ရောင်းပန်းသာလို့ ဝယ်ပန်းလဲ လှဖို့ရာ .......... မင်းသူ့ကျော် ၂၉၅
၆၂။ သူ့ကြောင့် ခင့်မှာ .................. ဟန်သီဇင် ၂၉၆
၆၃။ ကိုင်လိုက်ကြစို့ နတ်မင်းတို့ .......... မောင်ကြည်(အညာမြေ) ၂၉၈
၆၄။ အဆောင်ကျောက်မျက် လက်စွပ်ကလေးများ ...... စိန်ဒီလှိုင်း ၃၀၁
၆၅။ ကာတွန်းကဏ္ဍ .................. ကလောင်စုံ ၃၀၂
၆၆။ ပြုံးရယ်ရယ်ဟား ဟာသများ .................. စောနိုင်ထူး ၃၀၆
၆၇။ ရွှေဟင်္သာဆရာတော်ကြီး၏
အစွမ်းထက်ဂါထာ ............ တင်တင်နွဲ့(ရန်ကုန်တက္ကသိုလ်) ၃၁၀
၆၈။ လူတို့သတိထားရမည့် မြန်မာ့ရိုးရာ နိမိတ်များ .... ဆရာမင်းသုန္ဒ ၃၁၂
၆၉။ ကိုယ်စောင့်နတ်မှ ပေးသော ဂါထာ ............ ကြည်တင့်နိုင် ၃၁၃
၇၀။ စွယ်စုံလက္ခဏာအဘိဓာန်ကျမ်း A to Z ...... ဆရာဦးခန့်ကျော် ၃၁၆
၇၁။ စကြာသုံးထပ် ဗေဒင်ဟောကိန်း ............ ညွန့်လွင်(စက်မှု) ၃၂၂
၇၂။ ဆွမ်းတော်ကပ်ပြီး လှူဒါန်းပါ .............. မဂ်လာဦးရွှေအိုး ၃၂၇
၇၃။ အမြစ်အညွန့် နံ့သင့်ဓာတ် အပင်စိုက်ပျိုးနည်း ... အောင်ကြည်သန်း ၃၂၈
၇၄။ ကြိုရန်းခိုက်က အန္တရာယ်ကျ ............ ကျော်ဇောဟိန်း(နံ့သာ) ၃၃၁
၇၅။ ပြောစကားနားထောင် မေတ္တာအောင်စေဖို့ ... အောင်လံထူဆရာဟိန်း ၃၃၃
၇၆။ တောက်တဲ့ခွစီးတဲ့ ဖားပြုပ်နိမိတ် ........ ဆရာကြီးဦးအောင်မြိုင် ၃၃၄
၇၇။ ပညာအတွက် အဓိဋ္ဌာန်နေရာထား ........ ဆရာကြီးဦးအောင်မြိုင် ၃၃၅
၇၈။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ခုနစ်ရက်သားသမီးများအတွက်
ဟောစာတမ်းနှင့် ယတြာ .......... ဦးညွန့်လှိုင်(ကြို့ပင်ကောက်) ၃၃၇
၇၉။ ၂၀၁၃ ခုနှစ်၊ ရာသီခွင်နှင့်
အောက်တိုဘာလ ဟောကိန်းများ ............ ဆရာဦးခန့်ကျော် ၃၄၀



**နာယက**
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

**အကြံပေး**
ဦးစိုးလိုင်
ဒေါ်ခင်ငြိမ်း

**စီစဉ်သူ**
ညွှက်ပွင့် (စက်မှု)

**တာဝန်ခံအယ်ဒီတာ**
မောင်သာယာ

**အယ်ဒီတာအဖွဲ့**
မောင်မောင်မြတ်၊ ခင်သက်နိုင်

**မျက်နှာဖုံးဒီဇိုင်း**
ကျော်မင်းမောင်

**ကွန်ပျူတာ**
လပြည့်ဝန်းအဖွဲ့

**ပန်းချီပညာရှင်များ**
ဆန်းထွန်း၊ ရွှေမြင့်၊ လှသစ်အောင်၊ ဖိုးအော
စိုးမြင့်လေး၊ စတျူ၊ ရဲရင့်နိုင်၊ ဒေါ်ဇော်ဇော်အော

**အတွင်းဖလင်**
တိုဦး

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၅
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်ခင်ငြိမ်း [မြတ်ပုံတင်အမှတ်-၀၄၃၄
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

**မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး**
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထ
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလ
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅

**ကြော်ငြာနှင့်ဖြန့်ချိရေး**
နန္ဒာအောင် (၀၉-၃၁၀၆၆၈၇၄)

**အခွေခွေ**
အောင်ဝင်းသန့်၊ အောင်အောင်


**မန္တလေး**
ထွန်းဦးစာပေ

**အုပ်ရေ**
၁၀၀၀

**စျေးနှုန်း**
၂၂၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com




နဂုဏ္ဍာမတောင်စေတော်ဦးဆီက

# စေတီထူး မြသလွန်

မင်းဗိုကျော်
ပုံဖော်သည်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ယခုနှစ်တွင် ညဏ်ပွင့်(စက်မှု)၏ စီစဉ်ပေးမှုအရ ရွှေစက်တော်ဘုရားဖူးခရီးစဉ်ဖြင့် လိုက်ပါဖြစ်ခဲ့ကြသည်။ နှစ်ညအိပ် သုံးရက်ခရီးဟု ဆိုသော်လည်း ရန်ကုန်မြို့မှ ၂၅ ရက်နေ့ ည ၈ နာရီတွင် စတင်ထွက်ခွာခဲ့ကြရပြီး ကားပေါ်တွင် တစ်ညအိပ်ခဲ့ကြရသဖြင့် သုံးညအိပ်ခရီးဟုပင် ဆိုရပေမည်။

၂၇ ယောက်စီး "Scania" လေအေးပေးစက်ပါ အထူးအမြန်ယာဉ်ပေါ်တွင် ခရီးသည် အယောက် ၂၀ သာ ပါရှိသဖြင့် သက်သောင့်သက်သာ လွတ်လပ်စွာပင် စိတ်အေးချမ်းသာစွာ စီးနင်းလိုက်ပါခဲ့ကြသည်။ ည ၁၁ နာရီတွင် ၁၁၅ မိုင် ယာဉ်ရပ်နားစခန်းသို့ ရောက်ရှိခဲ့ကြပြီး တစ်ထောက်နားကာ လက်ဖက်ရည်သောက်ခဲ့ကြသည်။

မကွေး မြသော်တာ ကဖေးဆိုင်ရှေ့၌ ကားရပ်နားပေးချိန်တွင် နံနက် ၅ နာရီကျော်ပေပြီ။ ထိုဆိုင်တွင် နံနက်စာ စားသောက်ကြရင်း ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်ကြည့်မိသည်။ ထိုဆိုင်သည် ဧရာဝတီမြစ်ကို ကျောပေးတည်ဆောက်ထားပြီး မြစ်ကမ်းနဖူးပေါ်တွင် တည်ရှိသည်။

ယင်း၏နောက်ကျော လက်ယာဘက်ယွန်းယွန်း ခပ်လှမ်းလှမ်းတွင် လျှပ်စစ်မီးရောင်စုံ လင်းလက်လျက်ရှိသော တံတားကြီးတစ်စင်းကိုလည်း ခပ်ရေးရေးမြင်နေရသည်။

စာရေးသူတို့ ယခု ရောက်ရှိနေသည့်နေရာကို သိလိုသဖြင့် စားပွဲထိုးကြီးကြပ်သူအား မေးမြန်းကြည့်ရာ ဤမြသော်တာကဖေးသည်ပင် မကွေး မြသလွန်စေတီတော်ကြီး၏ ဝတ္ထုကံမြေအတွင်း၌ရှိကြောင်း၊ မကြာမီပင် မြသလွန်စေတီတော်ကြီးအား ဖူးကြရတော့မည်ဖြစ်ကြောင်းနှင့် အဝေးတွင် လှမ်းမြင်နေရသည့် တံတားမှာ ဧရာဝတီတံတား (မကွေး)ဖြစ်ကြောင်း သိလိုက်ရသည်။

မကွေး မြသလွန်စေတီတော်အား ဖူးရတော့မည်ဟု ဆိုသဖြင့် ၁၉၈၃ ခုနှစ်တွင် စာရေးသူ ဖူးတွေ့ခဲ့ရသည့် မြသလွန်စေတီတော်ကြီး၏ ပုံရိပ်ကို ပြန်လည် မြင်ယောင်နေမိသည်။

မြသလွန် စေတီတော်သည် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မြောက်ဘက်ရှိ ဧရာဝတီ မြစ်ကမ်းနဖူးတွင် စံပယ်တော်မူလျက်ရှိပြီး ဘီစီ ၅၆၅ ခုနှစ်ခန့်က တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့မှ ၃၀၆ မိုင်၊ မန္တလေးမြို့မှ ၂၂၁ မိုင်အကွာ မြန်မာပြည်အလယ်ပိုင်းတွင်ရှိသည်။ (မကွေး) ဧရာဝတီမြစ်ကူးတံတားကြီး တည်ဆောက်ခဲ့ပြီးနောက် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူကောင်းမွန်လာကာ အနယ်နယ်အရပ်ရပ်မှ နေ့ချင်းပေါက် ရောက်ရှိနိုင်ကြပေပြီ။

မြသလွန်စေတီတော်၏ ဝါဏ္ဏတ်ပွဲတော်အား နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့အထိ အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ အညာမြေဒေသ၏ အထင်ကရ အလွန်စည်ကားသော မြေလတ်ဝါဏ္ဏတ်ပွဲတော်ကြီးပင် ဖြစ်သည်ဟု ဆိုသည်။

စေတီတော်သို့ အဝင်လမ်းနှင့် ကုန်းတော်ပေါ် အတက်အဆင်းလမ်း






(မကွေး) ဧရာဝတီတံတားကြီးကို လှမ်းမြင်ရပုံ

www.burmeseclassic.com

www.burmeseclassic.com

များကို နိုင်လွန်ကတ္တရာခင်းထားပြီး စေတီတော်ခြေရင်း ရင်ပြင်နားအထိ ဘုရားဖူးကားများ တက်ရောက်နိုင်ကြပေပြီ။

စာရေးသူတို့ စီးနင်းခဲ့ကြသည့် မော်တော်ယာဉ်သည်လည်း တောင်ဘော်ပေါ်အထိ တက်ရောက်ခဲ့ပြီး စောင်းတန်းဘေး ယာဉ်ရပ်နားစခန်းတွင် ရပ်ပေးသဖြင့် ထိုနေရာမှပင် ဆင်းခဲ့ကြရသည်။

ဘုရားဖူးရန် အချိန်တစ်နာရီ ပေးထားပြီး ဤနေရာတွင်ပင် ပြန်ဆုံကြရန် ဧည့်ကြိုက ပြောသဖြင့် အသီးသီးပင် စောင်းတန်းအတိုင်း ဆက်လက်တက်ရောက်ခဲ့ကြသည်။

ယာဉ်ရပ်နားစခန်းတွင် ယာဉ်များရှုပ်ထွေးလျက်ရှိသဖြင့် ယာဉ်ထိန်းရဲတစ်ဦးက လာရောက်ကာ လမ်းရှင်းထိန်းသိမ်း ပေးနေသည်ကိုလည်း သတိပြုမိခဲ့သည်။

ယာဉ်ရပ်နားစခန်း ကုန်းတော်ပေါ်တွင် မြန်မာမှု ကနုတ်ပန်းဖော် လက်ရာများဖြင့် ခြယ်မှုန်းထားသော ရွှေလစ်မွမ်းချွန် ဘုံခုနစ်ဆင့် ပြာသာဒ် အဆွတ်တင် သုံးထပ်ဗိမာန်ကြီးတစ်ခုကို တွေ့လိုက်ရပြီး ထိုဗိမာန်ကြီးမှာ **မကွေး မြသလွန် စေတီတော် ဗုဒ္ဓပူဇနိယ ဗိမာန်တော်** ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယ ဗိမာန်တော် ပထမ ထပ်တွင် မြသလွန်ဒါယကာသိကြားမင်း ရုပ်တုရှိသည်။ အုတ်ခုံအမြင့် ၅ ပေ၊ မြေညီထပ်အမြင့် ၁၃ ပေ ၆ လက်မ၊ ပထမထပ်အမြင့် ၁၂ ပေ ၆ လက်မ၊ ပထမထပ်ဘုံဆောင်အမြင့် ၆ ပေ၊ စည်တော်စင်အမြင့် ၁၂ ပေ ၃ လက်မ၊ ဘုံခုနစ်ဆင့် ပြာသာဒ်တော်အမြင့် ၂၄ ပေ ၅ လက်မ၊ ထီးတော်အမြင့် ၂ ပေ ၆ လက်မရှိပြီး အများကောင်းမှုဖြင့် တည်ဆောက်ထားခြင်းဟု သိရသည်။

ထိုဗိမာန်တော် ပတ်ဝန်းကျင်တွင် မြသလွန်စေတီတော် သုံးထပ်ပိဋကတ်တိုက်၊ တစ်ထပ်တိုက် ဆွမ်းစားဆောင်၊ တစ်ထပ်တိုက်၊ နှစ်ထပ်တိုက်



မကွေးမြသလွန်စေတီတော် ဗုဒ္ဓပူဇနိယဗိမာန်တော်





ရင်ပြင်တော်ခြေရင်း၊ စောင်းတန်းဘေးယာဉ်ရပ်နားစခန်းမြင်ကွင်း

www.burmeseclassic.com

သာသနိက အဆောက်အအုံများနှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ထားသည်ကိုလည်း တွေ့ရသည်။

ကွန်ကရစ်အမိုးပြားများ မိုးထားသည့် အုတ်တိုက်စောင်းတန်းကြီးကို ထုထည်ကောင်းသည့် အုတ်အင်္ဂတေ တိုင်လုံးကြီးများဖြင့် တောင့်တင်းခိုင်မာစွာတည်ဆောက်ထားပြီး ထိုတိုင်လုံးကြီးများကို ကြွေပြားများကပ်ကာ အလှဆင်ထားသည်။ စောင်းတန်းတစ်လျှောက် အမိုးမျက်နှာကြက် အောက်ဘေးတစ်ဖက်တစ်ချက် နံရံပေါ်တွင် မဟာဗုဒ္ဓဝင်၊ အောင်ခြင်းရှစ်ပါးနှင့် မြသလွန်စေတီတော် ဘုရားသမိုင်း ပန်းချီကားများ ရေးဆွဲပူဇော်ထားသည်ကို တွေ့ရသည်။

ထိုနေ့သည် တပေါင်းလပြည့်နေ့ဖြစ်၍ စောင်းတန်းတစ်လျှောက် ဘုရားဖူးများဖြင့် ပျားပန်းခပ်မျှစည်ကားလျက်ရှိသည်။ ရင်ပြင်တော်ပေါ်မရောက်မီ စောင်းတန်းဘေးအပြင်ဘက် တစ်ဖက်တစ်ချက်စီတွင်ပင် သစ်လွင်ထည်ဝါ ခမ်းနားလျက် ရှိသော သာသနိက အဆောက်အအုံများနှင့် ဘုရားစေတီများအား ဖူးတွေ့နေရသည်။

*ထိုအဆောက်အအုံများထဲတွင်* စောင်းတန်းအပြင်ဘက် လက်ဝဲဘက်ခြမ်းရှိ အောင်မြေပတ်လည်အား မြန်မာမှုအင်္ဂတေ ပန်းတော့လက်ရာဖြင့် ခြယ်မှုန်းကာ အဖြူရောင်ကြွေပြားကပ်ထားသည့် မှန်လေးမှန်ပါ တံခွန်တိုင်တစ်တိုင်မှာလည်း တစ်မူထူးခြားလျက်ရှိသည်။

ဘုရားရုပ်ပွားတော် ကိုးဆူစံပယ်တော်မူလျက်ရှိသော မြန်မာမှုအင်္ဂတေ ပန်းတော့ အနုလက်ရာများဖြင့် ခမ်းနားစွာ ခြယ်မှုန်းတည်ဆောက်ထားသည့် ကိုးဆူဗိမာန်တော်၊ သစ္စာဓိဋ္ဌာန် ဆုတောင်းပြည့်ဘုရား၊ ဆုတောင်းရ ချမ်းသာကြီးဘုရားနှင့် လျှောင်းတော်မူ တန်ဆောင်းအတွင်းရှိ လျောင်းတော်မူရုပ်ပွားတော်ကြီးတို့ကိုလည်း ကြည်ညိုဖွယ်ရာဖူးတွေ့ရသည်။


ထို့ပြင် ဂီတဝိသောဓနီကျမ်းပါ ဦးတိုး၏ရာမရကန်မှ ဖန်ခါးသီးရကန်တွင် "။ ။ ။ ။ ရသကျက်သရေ မကွေးမြေက၊ ငွေဖန်ခါး၊ ရွှေဖန်ခါး၊ ပတ္တမြားဖန်ခါး၊ ငွေအလား၊ ရွှေအလား၊ပတ္တမြားအလား၊ နန်းမှုသား ဆန်းရာသား၊ ရွှေပေါ်မှာ ထားရသည့်၊ မင်းစားလုံးသေး၊ ဖန်ခါးမကွေး၊ နတ်ပြည်မွှေးကို။ ။ ။" ဟူ၍ တင်စားရေးဖွဲ့ရသည့် မကွေးတိုင်းဒေသကြီး၏ အထိမ်းအမှတ် ဖန်ခါးသီးပင် တစ်ပင်ကိုလည်း ရှားရှားပါးပါး မြင်တွေ့ခဲ့ရသည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား ဘီလူးညီနောင်တို့က ဆေးဝါးအဖြစ် ဖန်ခါးသီး ဆက်ကပ်လှူဒါန်းခဲ့ခြင်းမှ အစပြုကာ မြသလွန်စေတီတော် တည်ထားကိုးကွယ်ဖြစ်ခဲ့သည်။ သို့ဖြစ်၍ မြသလွန်စေတီရင်ပြင်တော်ပေါ်တွင် ဖန်ခါးသီးပင် ဖြစ်ထွန်းအောင်မြင်နေခြင်းမှာလွန်စွာပင်သဘာဝကျလှသည်။

"သမိုင်းဝင် ဤဖန်ခါးပင်မှ ဖန်ခါးသီးများကို မြသလွန်စေတီတော်သို့ လှူဒါန်းထားပါသဖြင့် လူသားများ ဆွတ်ခူးခြင်း မပြုကြစေလိုပါ" ဟူသော သတိ








စောင်းတန်းတော် အတွင်းမြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com




ရှားရှားပါးပါး ဖန်ခါးပင်



ကိုးဆူဗိမာန်တော်

ပေး ဆိုင်းဘုတ်ကို ထိုဖန်ခါးပင် အရိပ်အောက်တွင် စိုက်ထူထားသည်ကိုလည်း တွေ့ရသည်။

ထိုသတိပေး ဆိုင်းဘုတ်တွင် ဖော်ပြထားချက်အရ ဤဖန်ခါးပင်မှ ဖန်ခါးသီးများ သီးခဲ့ပြီးဖြစ်မည်ဟု ခန့်မှန်းမိသည်။ စာရေးသူကိုယ်တိုင် ဖန်ခါးပင်ကို ပထမဦးဆုံးအကြိမ် မြင်ဖူးခြင်းဖြစ်၍ သေချာစွာ လေ့လာကြည့်ရှုဖြစ်ခဲ့သည်။ ဤတွင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား ဘီလူး ညီနောင်တို့ ဖန်ခါးသီး ကပ်လှူပူဇော်ခဲ့သည်မှစကာ မြသလွန်စေတီတော်တည်ထားကိုးကွယ်ဖြစ်ခဲ့ပုံ အတိတ်သမိုင်းကြောင်းကို ရေးသားရသည်ရှိသော် -



ကိုးဆူဗိမာန်တော်အတွင်းမှ ရုပ်ပွားတော်

ဂေါတမမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဝါတော်(၂၀)ပြည့်ပြီးနောက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူနေစဉ် သုနာပရန္တတိုင်း၊ လယ်ကိုင်းမြို့၊ ဝါဏိဇ္ဇဂါမရွာသား မဟာပုဏ္ဏရဟန္တာမထေရ်၏ ပင့်ဖိတ်လျှောက်ထား တောင်းပန်ချက်အရ မြတ်စွာဘုရားရှင်သည် ဝါဏိဇ္ဇဂါမရွာသို့ ကြွရောက်တော်မူကာ မဟာပုဏ္ဏရဟန္တာမထေရ်နှင့် ညီတော် စူဠပုဏ္ဏတို့ ဆက်ကပ်လှူဒါန်းသည့် စန္ဒကူးနံ့သာကျောင်းတော်ကို အလှူခံတော်မူပြီးနောက် ထိုကျောင်းတော်တွင် ခုနစ်ရက် သီတင်းသုံးတော်မူခဲ့သည်။ ထိုစဉ်အတွင်းဝယ် သတ္တဝါ ဝေနေယျတို့အား တရားရေအေး တိုက်ကျွေးတော်မူကာ




www.burmeseclassic.com


www.burmeseclassic.com



ဗွယ်တော်ပွားဓေတ်(ဓာတုလာ့ရှုသိ သန့်ဆောင်းတော်)



မြသလွန်စေတီတော်
မိန့်ဖူးတော် ဖုတ်ပြတ်နားတော်



# မြသလွန်စေတီတော်




www.burmeseclassic.com

www.burmeseclassic.com




လျောင်းတော်မူရုပ်ပွားတော်ကြီး




ပါရမီဉာဏ် အနုအရင့်လိုက်၍ ထိုက်သင့်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ခံယူရရှိစေတော်မူခဲ့သည်။

ထို့နောက် စန္ဒကူးနံ့သာကျောင်းတော်မှ ပြန်လည်ကြွမြန်းတော်မူသည်တွင် ကောလာသဘာ ခေါ် စက္ကိန်းတဲတောင်ထိပ်ရှိ တည်းကျောင်း၌ သီတင်းသုံးတော်မူလေသည်။

ရှေးယခင် နောင်တော်ဘုရားများ ဤနေရာသို့ ကြွရောက်သီတင်းသုံးတော်မူလေတိုင်း သိကြားမင်းသည် ရတနာသလွန်တော်ကို လှူဒါန်းမြဲဖြစ်ရာ ယခုအကြိမ် ဂေါတမဘုရားရှင် ကြွရောက်သီတင်းသုံးတော်မူသည်ကို သိသည်နှင့် တစ်ပြိုင်နက် သိကြားမင်းသည် ဘုရားရှင်အား ရတနာကိုးသွယ်စီခြယ်အပ်သော မြသလွန်တော်ကို ဆက်ကပ်လှူဒါန်း ပူဇော်လေသည်။ ဗြဟ္မာမင်းသည်လည်း ထီးဖြူတော်ဖြန့်မိုးကာ ဘုရားရှင်အား ပူဇော်ဆည်းကပ်လာပြီး နတ်ဗြဟ္မာအပေါင်းတို့လည်း သောင်းသောင်းဖြဖြ လာရောက်ကြကာ




www.burmeseclassic.com

www.burmeseclassic.com



ဘုရားအတွင်းမှ ရုပ်ပွားတော်



ဘုရားအတွင်းမှ ရုပ်ပွားတော်



ယုတောင်းရှ ချမ်းသာကြီးဘုရား

ဘုရားရှင်အား ဆည်းကပ်ပူဇော်ခဲ့ကြသည်။

ထိုကဲ့သို့ ဂေါတမဘုရားရှင်အား သိကြားမင်း၊ ဗြဟ္မာမင်းနှင့်တကွ နတ်ဗြဟ္မာအပေါင်းတို့ ပူဇော်သက္ကာယပြုနေကြချိန်တွင် ဧရာဝတီမြစ်အရှေ့ဘက် ယူဇနာဝက်မျှ ဝေးကွာသော တောအုပ်၌ နေထိုင်ကြသည့် ဘောကျော်၊ ဘောသော၊ ဘောသူရနှင့် ဘောရသဘီလူး ညီနောင်တို့သည် နှမနှစ်ယောက်ဖြစ်သော ယက္ခသာဂီ၊ ယက္ခဒါလီ တို့ကို အသိမပေးဘဲ ဘုရားရှင်ထံတော်ပါးသို့ အရောက်သွားကြကာ ကြစုဖန်ခါးသီးများကို ဆေးဝါးအဖြစ် ဘုရားရှင်အား ဆက်ကပ်ပူဇော်ခဲ့ကြသည်။

ဘီလူးညီနောင်တို့ လှူဒါန်းသည့် ကြစုဖန်ခါးသီးများကို အလှူခံတော်မူပြီးနောက် ဘုရားရှင်သည် ဘီလူး ညီနောင်တို့အား သီလကထာ ဓမ္မစကားဒေသနာတော်ကို ဟောကြားတော်မူခဲ့သည်။


ဘုရားရှင် ဟောကြားတော်မူသည့် တရားတော်ကို နာကြားခဲ့ကြပြီးနောက် ဘီလူးညီနောင်တို့သည် အသိတရားရကာ ယဉ်ကျေးလိမ္မာခဲ့ကြသဖြင့် လောကုတ္တရာအကျိုးငှာ ကိုးကွယ်ရာ တစ်စုံတစ်ခု ချီးမြှင့်ပေးသနားတော်မူပါရန် ဘုရားရှင်အား လျှောက်ထားတောင်းပန်ခဲ့ကြသည်။

နောင်အခါ သာသနာတော် ထွန်းကားပွင့်လင်းလာမည်ကို သိမြင်



www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ဝင်းပြီ တင့်တယ်စွာ စံပယ်တော်မူလျက်ရှိသော မြသလွန်စေတီတော်မြတ်

တော်မူသဖြင့် ဘုရားရှင်ကိုယ်တော်မြတ်လည်း သိကြားမင်း ဆက်ကပ်သည့် မြသလွန်တော်ကို ဘီလူးညီနောင်တို့အား ပေးသနားချီးမြှင့်တော်မူခဲ့သည်။

ထိုအခါ ဘီလူးညီနောင်တို့သည် မြတ်စွာဘုရား ပေးသနားတော်မူသည့် မြသလွန်တော်ကို ပင့်ဆောင်သယ်ယူခဲ့ကြကာ မိမိတို့နေထိုင်ရာ တောအုပ်အတွင်း သင့်လျော်ရာ တစ်နေရာ၌ ဌာပနာ၍ စေတီတည်ထား ကိုးကွယ်ခဲ့ကြသည်။

သို့ရာတွင် ဘီလူးညီနောင်တို့ စေတီတည်ထားသည့် အရပ်သည် ဘုရားရှင် ဗျာဒိတ်တော် ထားတော်မူသောအရပ်မဟုတ်သဖြင့် ထိုစေတီတော်ကို သိကြားမင်းကိုယ်တိုင် ဖြိုဖျက်ပြီး ဌာပနာထားသည့် မြသလွန်တော်ကို ပြန်လည်ပင့်ဆောင်ခဲ့သည်။

ထိုစဉ်က မြစ်ဆိပ်နှင့်နှစ်ဥသဘာခန့်အကွာရှိ တောင်ကုန်းအရပ်၌ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဒိဗ္ဗဃာန မည်သော ရသေ့သုံးဦးတို့ သီတင်းသုံးနေထိုင်လျက်ရှိကြရာ သိကြားမင်းလည်းမိမိပင့်ဆောင်လာသည့် မြသလွန်တော်ကို ထိုရသေ့တို့ထံ၌ အပ်နှံ၍ထားခဲ့သည်။

ထို့နောက် သိကြားမင်းသည် ရသေ့တို့ထံမှ သလွန်တော်ကို ပြန်လည်ပင့်ဆောင်ပြီးလျှင် ရှေးယခင်ကာလ ကဿပမြတ်စွာဘုရား စံပယ်တော်မူခဲ့သည့် ရတနာရွှေသလွန်တော် ဌာပနာထားရာ နဂုတ္တမတောင်ထိပ်သို့မြသလွန်




တစ်မူထူးခြားသည့် တံခွန်တိုင်


ကျောင်းတော်မူတန်ဆောင်းတော်



www.burmeseclassic.com

www.burmeseclassic.com



သစ္စာဓိဋ္ဌာန် ဆုတောင်းပြည့် ဘုရား

တော်ကို သယ်ဆောင်ခဲ့ပြီး သလွန်တော်မြတ်နှစ်ဆူကို အတူယှဉ်ကာ ဌာပနာလျက် ထက်အောက်ဝဲယာ ကျောက်ဖျာကြီးများဖြင့် လုံခြုံစွာ အခိုင်အမာဖုံးအုပ်၍ ပကတိမြေသားနှင့်အညီ စီမံထားရှိခဲ့လေသည်။ ရှင်ရသေ့များအားလည်း နောက် ထပ်တစ်ဖန် စေတီတည်ရန်မှာ မြသလွန်တော်ကို ပင့်ဆောင်ခဲ့သည့် ဘီလူးညီနောင်တို့ လူဘဝသို့ ရောက်ပြီးမှပင် တည်ရန်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး တာဝတိံသာသို့ပြန်သွားလေသည်။ ဘီလူးမောင်နှမ ခြောက်ယောက် တို့တွင် အငယ်ဆုံးဖြစ်သော ယက္ခဒါလီ သည် မိမိအား မခေါ်ဆောင်ဘဲ မောင်တော်တို့ချည်းသာမြတ်စွာဘုရားထံသွားရောက်ဖူးမြော်ကြသည်ကို စိတ်နာသဖြင့် မောင်တော်တို့ ပိုင်ဆိုင်ရာ နယ်မြေမှ ခွဲထွက်ကာ ယင်းချောင်း၏တောင်ဘက်ရှိ ဝေဿဝဏ္ဏနတ်မင်းကြီး ပေးသနားသည့်အရပ်၌ နယ်သီးခြား သတ်မှတ်၍ နေလေသည်။

ထိုဘီလူးမသည် မြတ်စွာဘုရား၏ မြသလွန်တော် ဌာပနာထားရာ နဂုတ္တမတောင်တော်သို့သွားရောက်ကာ များစွာသော ပန်း၊ သစ်သီးများကို ယူဆောင်လျက် လှူဒါန်းပူဇော်ပြီးလျှင် ဤဘဝမှ စုတေသောအခါ မောင်တော်တို့ ထက်လွန်ကဲသော စည်းစိမ်ချမ်းသာနှင့်ပြည့်စုံသည့် လူသားစင်စစ် ဖြစ်ရပါလို၏ဟု ဆုတောင်းပြီးလျှင် မိမိနေရပ်သို့ ပြန်သွားခဲ့သည်။

ယက္ခဒါလီ ဘီလူးမသည် မိမိနေရာသို့ ပြန်လာပြီးနောက် မကြာမီပင် ဘီလူးဘဝမှ စုတေခဲ့ပြီး စည်းစိမ်ဥစ္စာပြည့်စုံကြွယ်ဝလှသဖြင့် လွန်စွာထင်ရှားသော ဝေလာမ ပုဏ္ဏားမကြီး၏ သမီးအဖြစ်သို့ ရောက်ရှိခဲ့သည်။

ထိုသူဌေးသမီး အရွယ်ရောက်သောအခါ လွန်စွာပင် ချောမောလှပ တင့်တယ်လှသဖြင့် တကောင်းပြည်ကြီးရှင် ဘုရင်မင်းမြတ်ထံ ဆက်သလေရာ ဘုရင်မင်းမြတ်မှ လွန်စွာမြတ်နိုးတော်မူသဖြင့် မြောက်နန်းစံ မိဖုရားကြီးအဖြစ် မြှောက်စား ချီးမြှင့်ခြင်း ခံရလေသည်။

ထိုစဉ်က ရှင်ရသေ့တို့ သီတင်းသုံးရာတောင်ကုန်းအရပ်မှအရှေ့မြောက်ယွန်းယွန်း တစ်ဂါဝုတ်မျှ ကွာသည့်အရပ်တွင် မဟာဂါမအမည်ရှိ ရွာကြီးတစ်ရွာရှိသည်။

ထိုရွာတွင် ပစ္စည်းဥစ္စာ ပေါကြွယ်ဝသော သူဌေးသူကြွယ်များနေထိုင်ကြသည့်အလျောက် စည်ပင်သာယာလျက် ရှိပြီး ကုဋေရှစ်ဆယ် ကြွယ်ဝသည့်သူဌေးကြီးသုဘောဂအားတကောင်းပြည့်ရှင် ဘုရင်မင်းမြတ်က ထိုရွာကိုအပိုင်စားပေးထားသဖြင့် ရွာစားသူဌေးကြီး သုဘောဂက အုပ်စိုးလျက် ရှိသည်။ ထိုရွာစား သူဌေးကြီးသည် ရသေ့သုံးဦးတို့အား ပစ္စည်းလေးပါးတို့ဖြင့်အမြဲမပြတ်လှူဒါန်းထောက်ပံ့လျက်ရှိရာ သလွန်တော်မြတ်အား သိကြားမင်း ဌာပနာခဲ့သည့် ထိုတောင်ထိပ်တွင် စေတီတော်တည်ထားကိုးကွယ်လိုပါကြောင်း ရသေ့တို့ထံ ခွင့်ပန်လျှောက်ထားလေသည်။

ထိုအခါ ရသေ့တို့လည်း သိကြားမင်းလျှောက်ထားခဲ့သည့်အတိုင်းသလွန်တော်ကို ပင့်ဆောင်ခဲ့ကြသည့် ဘောကျော်၊ ဘောသော ဘီလူးညီနောင်တို့ လူအဖြစ်သို့ရောက်ပြီးမှ ထိုသူတို့နှင့် အတူ စေတီတည်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သူဌေးကြီးသည် စေတီဒါယကာခံလိုပါမူ ထိုသူတို့ကို တွေ့အောင်ရှာကာ ထိုသူတို့နှင့် တိုင်ပင်ပြီး ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားလေသည်။

ထိုအချိန်မှစကာ ရွာစားသူဌေးကြီး သုဘောဂသည် ဘီလူးဝင်စား လူယောက်ျားညီနောင်တို့၏ သတင်းကို အထူးတလည် ကြိုးပမ်းကာ စုံစမ်းမေးမြန်းကာ ရှာဖွေခဲ့လေသည်။

သုဘောဂ သူဌေးကြီးတွင် ရုပ်ဆင်းအင်္ဂါ ကြန်အင်လက္ခဏာနှင့်တကွ ဉာဏ်ပညာပြည့်စုံ ထက်မြက်သော ပုဏ္ဏဝတီအမည်ရှိသမီး ကညာရတနာတစ်ပါးရှိရာ ဖခင်ဖြစ်သူ၏ အလိုဆန္ဒပြည့်ဝစေရန်ပုဏ္ဏဝတီသည်လည်းဘီလူးဝင်စား လူယောက်ျား ညီနောင်တို့အား တွေ့လိုတွေ့ငြား ကူညီရှာဖွေ စုံစမ်းမေးမြန်းပေးလျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com




ကျယ်ဝန်းသည့် ရင်ပြင်တော်ပေါ်ရှိ မြသလွန်စေတီတော်မြတ်နှင့် သာသနိကအဆောက်အအုံများ

ဤသို့ ရှာဖွေနေရင်းမှ တစ်နေ့တွင် ပုဏ္ဏဝတီသည် သလွန်တော်မြတ် …န်ဘောဂစေတီ ဌာပနာထားရှိရာ …မတောင်၏ တောင်ဘက်ကုန်းမြင့်တစ်ခုသို့ ရောက်ရှိသွားရာ ရသမျှသော …တို့ကို ဆွတ်ခူးကုံးသီပြီးနောက် မြသလွန်တော် အကြောင်းစုံကို ရေးသားထားသည့် ရွှေပေလွှာပေါ်တွင် ပန်းကုံးရစ်ပတ်၍ချထားကာ "ဘီလူးဘောကျော် ဝင်စားသူ ဤရွှေပေလွှာအား တွေ့ပါစေ" ဟု အဓိဋ္ဌာန်ပြုခဲ့လေသည်။ ထိုသို့ ပန်းကုံး ဖြင့်ရစ်ပတ်၍ ရွှေပေလွှာချထားခဲ့ရာအရပ်၌ နောင်အခါ စေတီတစ်ဆူ တည်ထားလျက် အမှတ်အသားပြုခဲ့သဖြင့် ယခုတိုင် **ပန်းရစ်တောင်စေတီ** ဟု အထင်အရှားတည်ရှိလေသည်။




ကျယ်ဝန်းသည့် ရင်ပြင်တော်ပေါ်ရှိ မြသလွန်စေတီတော်မြတ်နှင့်
သာသနိကအဆောက်အအုံများ

သူဌေးသမီး ပုဏ္ဏဝတီသည် ပန်းကုံးနှင့် ရွှေပေလွှာကို ချထားခဲ့ပြီးနောက် သလွန်တော်ဓာတ် ပရိဘောဂ စေတီတော်မြတ်ကို ရှိခိုးပူဇော်ပြီးလျှင် အခြံအရံများနှင့်တကွ တောင်ထိပ်မှ ဆင်းသက်ခဲ့ကြသည်။

ထို့နောက် တစ်ဥသဘမျှဝေးကွာသော အရပ်သို့ရောက်သည်တွင် တစ်ခုသောကုန်းမြင့်သို့တက်၍ သူမ၏ လင်လျာဖြစ်သော ဘောကျော်သည် အဘယ်အရပ်၌ ရှိလိမ့်မည်ကို မှန်းဆကာ အရပ်လေးမျက်နှာသို့ ရမ်းရော်ကြည့်ရှုမိလေသည်။ ထိုအရပ်၌ နောင်အခါ စေတီတည်ထားခဲ့ပြီး **လင်လျာမျှော်စေတီ**ဟု တွင်လေသည်။

မြသလွန်တော်ကို ပင့်ဆောင်ခဲ့ကြသည့် ဘောကျော်၊ ဘောသော



www.burmeseclassic.com

www.burmeseclassic.com

ဘီလူးညီနောင်တို့သည်လည်း ဘီလူးဘဝမှ စုတေခဲ့ကြပြီး ကုန်သည်မျိုးရိုးတွင် မညီးမနွမ်း ချမ်းသာစွာဖြင့် လူဖြစ်ခဲ့ကြသည်။ အချိန်တန်အရွယ်ရောက်၍ လူလားမြောက်ခဲ့ကြသည်တွင် ရောင်းဝယ်ဖောက်ကားခြင်းအလုပ်ဖြင့် လှည့်လည်သွားလာလျက် ရှိကြသည်။

ဤကဲ့သို့ လှည့်လည်သွားလာနေကြရင်းမှ တစ်နေ့တွင်နဂုတ္တမတောင်ဘက် ကုန်းမြင့်ထက်သို့ ရောက်ရှိခဲ့ကာ သူဌေးသမီး ပုဏ္ဏာဝတီ ချထားခဲ့သည့် ပန်းကုံးဖြင့် ရစ်ပတ်ထားသော ရွှေပေလွှာကို နောင်တော်ဖြစ်သော ဘောကျော် တွေ့မြင်လိုက်ရလေသည်။


ဓာတ်တော်တိုက်


ရှစ်မျက်နှာဘုရားတန်ဆောင်းအတွင်း မြင်ကွင်း

စစ်ဆေးမေးမြန်းပြီးမှ မိမိမျှော်လင့်တောင့်တနေကြသော ဘောကျော်၊ ဘောသော ဘီလူးညီနောင်တို့မှ ဘဝပြောင်းလာကြ သူများဖြစ်ကြောင်း သိရှိရကာ လက်ခံ အတည်ပြုခဲ့လေသည်။ မိမိမျှော်လင့်တောင့်တနေသောဘောကျော် ဘောသော ကုန်သည်ညီနောင်တို့ကို တွေ့ရှိပြီဖြစ်၍ သုဘောဂ သူဌေးကြီးလည်း ရှင်ရသေ့တို့ထံ သွားရောက်ကာ လျှောက်ထားတိုင်ပင်ရာ နဂုတ္တမတောင်တော်ပေါ်တွင် စေတီတည်ရန် ခွင့်ပြုချက်ကို ရရှိခဲ့လေသည်။ သုဘောဂ သူဌေးကြီးလည်း ချက်ချင်းပင် အိမ်သို့

နောင်တော် ဘောကျော်သည် ရွှေပေလွှာကို ဖတ်ရှုပြီးနောက်တွင် အကြောင်းစုံ သိရှိခဲ့သဖြင့် ညီတော် ဘောသောအား ရှင်လန်းဝမ်းသာစွာ ပြောကြားပြီးလျှင် ပန်းကုံးနှင့်တကွ ရွှေပေလွှာတို့ကို ကောက်ယူခဲ့ပြီး နဂုတ္တမတောင်တော်သို့တက်၍ သလွန်တော် ဓာတ် ပရိဘောဂ စေတီတော်မြတ်တို့ကို ဖူးမြော်ပူဇော်ခဲ့ကြသည်။

ထိုသို့ ဖူးမြော်ပူဇော်ကြပြီးသည်နှင့် မဟာဂါမရွာ သုဘောဂသူဌေးကြီးထံသို့ သွားရောက်ကြကာ အကြောင်းစုံကို ပြောပြလေသည်။ သူဌေးကြီးလည်း အကြောင်းခြင်းရာ စုံလင်စွာကို သေချာ


တံခွန်တိုင်၊ ရှစ်မျက်နှာတန်ဆောင်းနှင့် ဗောဓိပင်



www.burmeseclassic.com

www.burmeseclassic.com



မဟာအတုလရံသီ
တန်ဆောင်းတော်
အတွင်းမြင်ကွင်း



ရှင်ဥပဂုတ္တရဟန္တာ ရေကန်တော်

မြန်နှုံး ညီငယ်ဖြစ်သော ဘောသော ...င်အား ရွှေနွားဝန်တစ်တင်၊ ငွေနွား ...တင်တင်ပေးခဲ့ပြီးနောက် နောင်တော် ...သော ဘောကျော်ကို သမီးတော် ...ဝတီနှင့် လက်ထပ်ထိမ်းမြားပေးခဲ့ ...သည်။

ထိုအချိန်တွင် တကောင်းနေ ...တော်ဝယ် ပြည်ရေးပြည်ရာ မသာ ... မငြိမ်မသက် ဖြစ်နေသဖြင့် ...တောင်တော်တွင် စေတီတည် ရန်ကိစ္စကို ...မင်းမြတ်ထံ ခွင့်ပန် လျှောက်ထားခြင်း မပြုတော့ဘဲ တော ပျော်ရှင်ရသေ့တို့နှင့်တကွ သိကြားမင်း တို့၏ ဦးဆောင်မှုဖြင့် ဘောကျော်၊ ဘောသော၊ သူဌေးကြီးသုဘောဂနှင့် သမီးပုဏ္ဏာဝတီ စုပေါင်းကာ သိကြားမင်း ပထမစီရင်အပ်သော ဌာပနာတိုက်ကြီး ၏အထက်မှ သံတောင် ၃၅ တောင် အမြင့်ဆောင်သော စေတီတော်ကို ဘီစီ ၅၆၅ ခုနှစ်တွင် တည်တော်မူခဲ့ကြ သည်။ ဤကား မြသလွန်စေတီတော် ကို အစပကတေး ရှေးဦးမူလတည်ထား ဖြစ်ခဲ့ပုံတည်း။

ထို့နောက်ပိုင်းတွင် တကောင်း ခေတ်ကာလ တိုင်းပြည်မငြိမ်မသက်ဖြစ် ကာ ဗုဒ္ဓသာသနာတော် မှေးမှိန်ညှိုးနွမ်း ခဲ့သဖြင့် မြသလွန်စေတီတော်မှာလည်း ထိန်းသိမ်းစောင့်ရှောက် ပြုပြင်သူကင်းမဲ့ ကာ ယိုယွင်းပျက်စီးလျက် ရှိခဲ့သည်။

ပုဂံခေတ် အနော်ရထာမင်း လက်ထက်တွင် မြတ်ဗုဒ္ဓသာသနာတော် ပြန်လည်ထွန်းကားခဲ့ရာ သားတော် စောလူးမင်းလက်ထက်၌ ရှင်အရဟံ အမှူးပြုသော သံဃာတော်အရှင်မြတ် များ၏ ဩဝါဒကိုခံယူကာ ပျက်စီးယို ယွင်းလျက်ရှိသော မြသလွန်စေတီတော် ကို အသစ်တစ်ဖန် ပြုပြင်တော်မူခဲ့သည်။

ဤသို့ ပြုပြင်ရာ၌ ဓာတ်တော် အဆူ ၁၂၀၊ ရွှေကိုယ်လေးစက်သွန်း၍ ရုပ်ပွားတော် ခုနစ်ဆူနှင့်တကွ ရတနာ မျိုးစုံတို့ကို ဌာပနာကာ ဉာဏ်တော် သံတောင် ၅၅ တောင်မြင့်သည့် စေတီ တော်ကို တည်တော်မူခဲ့ပြီး တောင်သို့ လားသော် ဗွေ့ချောင်း၊ မြောက်သို့လား သော် ဥဿရေချောင်ပင်၊ အရှေ့သို့ လားသော်ဘောရသလယ်ကျင်းအနောက် သို့လားသော် ဧရာဝတီမြစ် ရေကြော ထက်ဝက်တို့အား အပိုင်းအခြား မှတ် သားကန့်သတ်ကာ သင်ပုတ်ဝတ်၊ ဆီမီး ဝတ်တို့အကျိုးငှာ လှူဒါန်းတော်မူခဲ့ သည်။

ထို့ပြင် ယက္ခဒါလီဘီလူးမ ဆု တောင်းရာနေရာ၌ ဓာတ်တော်အဆူ ၅၀ ဌာပနာကာ ဆုတောင်းပြည့်စေတီ တော်တစ်ဆူ၊ ပုဏ္ဏာဝတီသူဌေးသမီး ပန်း ကုံးရစ်၍ ရွှေပေလွှာချထားရာနေရာ၌ ဓာတ်တော်အဆူ ၅၀ ဌာပနာကာ ပန်း ရစ်တော်စေတီတော်တစ်ဆူ၊ ပုဏ္ဏာဝတီ လင်လျှာမျှော်သောနေရာတွင် ဓာတ် တော် ၅၀ ဌာပနာကာ လင်လျှာမျှော် စေတီတော်တစ်ဆူ၊ ရသေ့သုံးပါးတို့၏ ကျောင်းသုံးဆောင်နေရာတွင် ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



အမှတ်မထင် လှမ်းမြင်ရသည့် ပန်းရစ်တောင်စေတီ



သိကြားမင်း နတ်ကွန်း



လင်လျှာမျှော်စေတီ

တော်အဆူ ၂၀ စီဌာပနာကာ စေတီတော်သုံးဆူ၊ သိမ်တော်ကြီးတစ်ဆောင်နှင့် သိကြားမင်းနတ်ကွန်းတစ်ဆောင်တို့ကိုလည်း တည်တော်မူခဲ့သည်။

ထီးလှိုင်ရှင် ကျန်စစ်သားမင်းသည်လည်း မြသလွန်စေတီတော်မြတ်အား ရွှေကိုယ်လေးမျက်ပါးရွှေဆိုင်းရွှေသင်္ကန်းများ ကပ်လှူတော်မူခဲ့ပြီး ဓာတ်တော်အဆူ ၅၀၊ သတ္တဌာန စံနေတော်မူမည့် ရွှေသားရုပ်ပွားတော် ခုနစ်ဆူနှင့် ရတနာမျိုးစုံတို့ကို ဌာပနာကာ မိမိမြင်းတပ်စခန်းချခဲ့ရာ အရပ်တွင် မြင်းတဲစေတီတော်တစ်ဆူကိုတည်ထားတော်မူခဲ့သည်။

ကောဇာသက္ကရာဇ် ၁၂၀၉ ခုနှစ်တွင် ငလျင်ဒဏ်ခံခဲ့ရသဖြင့် မြသလွန်စေတီတော် ပျက်စီးယိုယွင်းခဲ့သည်ကို မကွေးမြို့သူကြီး မင်းထင်မင်းလှကျော်ခေါင်သည် ဘုရင်မင်းမြတ်ထံ လျှောက်ထားစာ ဆက်သွင်းလေရာ ဘုရင်မင်းမြတ်ထံမှ ခွင့်ပြုချက်နှင့်အတူ ရွှေငွေဘဏ္ဍာတော်များ ရရှိခဲ့သည်။ သို့ဖြစ်၍ မကွေးမြို့ သူကြီးမင်း မင်းထင်မင်းလှကျော်ခေါင်သည် ဌာပနာတိုက်၌ ရတနာပန်းတောင်းနှင့်တကွ ဓာတ်တော်အဆူ ၁၅၀၊ ရွှေကိုယ်လေးစက်၍ သတ္တဌာနစံနေတော်မူဟန် ရုပ်ပွားတော် ခုနစ်ဆူ၊ မဟာဗောဓိပင်သဏ္ဌာန် ရတနာမျိုးစုံ စီခြယ်အပ်သော ပရိဘောဂစေတီတစ်ဆူကို ထည့်သွင်းဌာပနာကာ ညာဖျာတော် သံတောင် ၆၆ တောင် ၂ မိုက်မြင့်သည့် စေတီတော်ကို ကောဇာသက္ကရာဇ် ၁၂၀၉ ခုနှစ် တပေါင်းလဆန်း ၁၅ ရက်နေ့တွင် ပြန်လည်ပြုပြင်တည်ထားခဲ့သည်။

ကုန်းဘောင်ခေတ် ပုဂံမင်း၏ ညီတော် မင်းတုန်းမင်းလက်ထက်တွင် သတိုးမင်းကြီး မဟာမင်းလှသီဟသူဘွဲ့ခံ အဂ္ဂမဟာသေနာပတိဝန်ရှင်တော်မကွေးမြို့စားမင်းကြီးက မြသလွန်စေတီတော်မြတ်အား ရွှေသင်္ကန်းကပ်လှူရန် မိန့်မှာချက်နှင့်အတူ သရိုး၊ သစ်စေး၊ ဖယောင်း



www.burmeseclassic.com

www.burmeseclassic.com

ပဒါး၊ ရွှေဆိုင်းများနှင့်တကွ ရွှေ ချစရိတ် လက်ခငွေသားတို့ကိုပါ ပေးအပ်ခဲ့သဖြင့် မကွေးမြို့သူကြီးက ကောဇာသက္ကရာဇ် ၁၂၁၇ ခုနှစ် တန်ဆောင် မုန်းလပြည့် ကျော် ၄ ရက်နေ့မှစကာ ရွှေသက်န်း ကပ်လှူခဲ့ရာ လပြည့်ကျော် ၁၂ ရက်နေ့ တွင် လုံးတော်ပြည့် ရွှေသက်န်း ကပ်လှူ ပြီးစီးခဲ့သည်ဟု မကွေးမြသလွန် စေတီ တော်သမိုင်းတွင် ဖော်ပြထားသည်။

ဗြိုပါဒစေတီယ ရွှေစက်တော် သမိုင်းကြီးတွင်မူ မင်းတုန်းမင်း လက် ထက် ၁၂၁၉ ခုနှစ်တွင် မြေငလျင်လှုပ် သဖြင့် မြသလွန်စေတီတော် ပျက်စီးခဲ့ ရာ သာသနာတော်စောင့် နတ်တို့ နှိုး ဆော်၍ မင်းတုန်းမင်းတရားကြီး၏ အမိန့်ဖြင့် ကိုယ်စားလှယ်တော် အဂ္ဂ မဟာသေနာပတိ ဝန်ရှင်တော် မကွေး မြို့စားမင်း သတိုးမင်းကြီး မဟာမင်းလှ မင်းထင်ဇေယျသူကို စေလွှတ်ကာ ပြင် ဆင်စေရာ မကွေးမြို့စားမင်းကြီး၏ သား နှင်းတမျှဖြစ်သော မြို့သူကြီး နေမျိုး သမန္တစည်သူ ကိုယ်တိုင် ကြီးကြပ်လျက် ထေမဌာပနာတိုက်အထိ မကောင်း သည်တို့ကို ဖြိုဖျက်ပြီး အုတ် ကျောက် အင်ဘေတို့ဖြင့် ခိုင်မာစွာတည်ဆောက် ၍ ဌာပနာတိုက်၌ ရွှေပန်းတောင်းနှင့် တကွ ဓာတ်တော်အဆူ ၁၅၀၊ ရွှေကိုယ် တေးစက်၍ သဗ္ဗဌာန ရုပ်ပွားတော် နှစ်ဆူ၊ မဟာဗောဓိပင် သဏ္ဌာန် ရေးနာစီခြယ်အပ်သည့် ပရိဘောဂ စေတီတော်တစ်ဆူ သွတ်သွင်းပြီးလျှင် ထီးတောင် ၆၆ တောင် ၂ မိုက်မြင့်သည့် စေတီတော်ကြီးအားရွှေသားမွမ်းမံအလှူ ညီးသီး ရတနာရွှေတောင်ကြီးကဲ့သို့အမြိုး အင် တည်တော်မူခဲ့သည်ဟု ဆိုသည်။

နောက်ပိုင်းတွင်လည်း စေတီ တော်ကြီးအား စဉ်ဆက်မပြတ် ထိန်း သိမ်းစောင့်ရှောက်ခဲ့ကြရာ စေတီတော် ပို့တိုင် ဆွေးမြည့်ပျက်စီးနေသည်ကို တွေ့ရသဖြင့် အရှည် ၂၂ ပေ ၉လက်မ ထိပ်ပတ်အရင်း ၃ လက်မ၊ အလျား ၂ လက်မ၊ ၄က်ပျောဖူးအတွင်းသို့ ၄ ပေ



ထွက်ပျံ့ကြည်နူးဖွယ် ဧရာဝတီမြစ်ကွင်းမြင်ကွင်း






တိုးချဲ့ရင်ပြင်တော်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com





မကွေးမြို့သူကြီး မင်းထင်မင်းလှကျော်ခေါင် တင်လှူခဲ့သည့် ထီးတော်ကြီးနှင့်ကမ္ပည်းကျောက်စာ

၇ လက်မဝင်သည့် သံမဏိပိန္နဲတိုင် အသစ်ပြုလုပ်ကာ ကောဇာသက္ကရာဇ် ၁၃၄၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့တွင် စိုက်ထူခဲ့သည်။

ထို့နောက် ဘုံ ၁၄ ဆင့်ရှိသော မဟာနိဖလ် ရွှေစင်မကိုဋ်ထီးတော်ကြီးကို ကောဇာသက္ကရာဇ် ၁၃၄၆ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် (၃.၂.၁၉၈၅) နေ့တွင် တင်လှူပူဇော်ခဲ့သည်။

အလှူရှင်ပေါင်း ၂၀၉ ဦးနှင့် တကွ အများပြည်သူ စုပေါင်းကောင်းမှုဖြင့် တင်လှူခဲ့သည့် ထိုထီးတော်ကြီးမှာ ရွှေချိန် ၂ ပိဿာ ၄၃ ကျပ်သား ၆ ပဲ ၁ ရွေး ၁ ခြမ်းပါဝင်ပြီး အမြင့် ၃ ပေ ၉ လက်မခွဲ၊ အဝန်း ၂၄ ပေ ၇ လက်မခွဲနှင့် စုစုပေါင်းအလေးချိန် ၂၁၉ ပိဿာ ၅၀ ကျပ်သားရှိကြောင်း သိရသည်။

ကောဇာသက္ကရာဇ် ၁၃၄၉ ခုနှစ်တွင် ကြေးပြားချပ်ရေ ၂၁၈၄၃ နှင့် ရွှေဆိုင်း ၅၄၆၀ တို့ဖြင့် မြသလွန်စေတီတော် ဌက်ပျောဖူးမှ ပထမပစ္စယာအထိ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူခဲ့ပြီး စေတီရဲ ၁၂ ဆူ အားလည်း ရွှေဆိုင်း ၉၂၇ ဆိုင်းဖြင့် ရွှေသင်္ကန်းများ ကပ်လှူခဲ့သည်။

နေပူခံကျောက်ပြားများ ခင်းထားပြီး ကျယ်ဝန်းသည့်နှင့်အမျှ သန့်ရှင်းသပ်ရပ်သည့် ရင်ပြင်တော်ပေါ်တွင် မြသလွန်စေတီတော်ကြီးမှာ ရွှေရောင်ဝင်းဝါ တောက်တယ်စွာဖြင့် စံပယ်တော်မူလျက်ရှိသည်ကို ကြည်ညိုဖွယ်ဖူးတွေ့ရသည်။

ကဿပဘုရားနှင့် ဂေါတမဘုရားရှင်တို့အား သိကြားမင်းဆက်ကပ်လှူဒါန်းခဲ့သည့် ရတနာရွှေသလွန်တော်နှင့် ရတနာမြသလွန်တော်တို့အား ဌာပနာထားသည့် စေတီတော်မြတ်ဖြစ်ပြီး ဘုရားရှင်၏ ဗျာဒိတ်တော်နှင့်အညီ



မဟာအတုလရံသီ တန်ဆောင်းတော်



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးပန်းကိုက် ဖောင်းကြွပုံများ

ဘီကြားမင်း ဦးဆောင်ကာ တည်ထားသည်ဖြစ်၍ နှစ်ဆူသော ဘုရားရှင်တို့သခင်တော်မြတ်ကြီးတို့၏ ဂုဏ်ကျေးဇူးတော်တို့ကို ရည်စူးကာ မြတ်မြတ်နိုးနိုး ကြည်ညိုတက်ကျိုးစွာ ရှိခိုးပူဇော် ဖူးမြော်ဖြစ်ခဲ့သည်။

ပစ္စယာ သုံးဆင့်ရှိ စေတီရဲ့ ၁၂ ထောင့်မှာလည်းခြင်္သေ့အဆင်းဖြင့်ဝါဝင်းကာ စေတီတော်ကြီး၏ကုန်းတော်ရိပ်အောက်တွင် ပန်တင့်စွာ ခိုလှုံလျက်ရှိသည်။ ထိုဝတ်မှောက်ပန်းဆွဲအောက်ရှိ ဘီလူးပန်းကိုက် ရုပ်လုံးဖော် ပုံများအနက် မြောက်ဘက်ရှိ ဘီလူးပန်းကိုက်ပုံမှာ ဘုရားဖူးများအား ကြိုဆိုနေဟန် ပြုံးရယ်လျက်ရှိသဖြင့် ထူးခြားသည့်မြင်ကွင်းတစ်ကွက်အဖြစ် မှတ်တမ်းဓာတ်ပုံရိုက်ဖြစ်ခဲ့သည်။

ကျယ်ဝန်းသည့် ရင်ပြင်တော်ပေါ်တွင် မဟာဝိဇယရံသီတန်ဆောင်းတော်၊ မဟာအတုလရံသီတန်ဆောင်းတော်၊ ရေသပ္ပာယ်လှူဒါန်းရန် ရှစ်မျက်နှာဘုရားတန်ဆောင်းတော်နှင့် ဗောဓိညောင်ပင်၊ ရှင်ဥပဂုတ္တာရုပ်ထုနှင့်ရေကန်နှင့် ဓမ္မာသိမ်တော် စသော သာသနိကအဆောက်အအုံများသစ်လွင်ခမ်းနားစွာ အစီအရီပေါ်ထွန်းနေခြင်းမှာ မြသလွန်စေတီတော်မြတ်၏ ဘုန်းသမ္ဘာတော်ကြီးမားခြင်းကို ဖော်ညွှန်းနေခြင်းပင်။

စေတီတော်မြတ်အား လက်ယာရစ် တစ်ပတ်ပူဇော်ရင်း ရင်ပြင်တော်အစွန်း သံမဏိလက်ရန်းအနီးသို့ ရောက်သည်တွင် မလှမ်းမကမ်းရှိ ပန်းရစ်တောင်စေတီကို အမှတ်မထင် ဖူးမြင်လိုက်ရသည်။

ထိုမှကျော်ကာ လှမ်းမျှော်ကြည့်ရင်း မြင်တွေ့လိုက်ရသည့် သဘာဝပတ်ဝန်းကျင် မြင်ကွင်းက ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းလှသည်။ ထိုမြင်ကွင်းကို ကြည့်နေရင်း သန့်ရှင်းလတ်ဆတ်သည့် လေနုအေးကိုလည်း အဖိုးအခ တစ်စုံတစ်ရာမပေးရဘဲ ဝလင်စွာ ရှုရှိုက်ခွင့်ရခဲ့သည်။ ရင်ပြင်တော်ပေါ် မှပြန်အထွက်တွင် စောင်းတန်းလက်ဝဲဘက် အခြမ်း၌ရှိသည့် မြသလွန်သမိုင်းဝင်ဓာတ်ပုံပြခန်းနှင့် ဓာတ်တော်တိုက်တို့ကိုလည်း ဝင်ရောက်လေ့လာ ဖူးမြော်ဖြစ်ခဲ့သည်။

ရသမျှအချိန်အတွင်းမှာပင် မြသလွန်စေတီတော်မြတ်အား အားရကျေနပ်စွာ ဖူးမြော်ခဲ့ပြီးဖြစ်၍ စုရပ်သို့ပြန်ရန် စောင်းတန်းအတိုင်း ဆင်းခဲ့ကြသည်။

စုရပ်သို့ရောက်သည်တွင် မော်တော်ယာဉ်ကို မတွေ့သဖြင့် ဧည့်ကြိုအား ဖုန်းဆက်မေးမြန်းခဲ့ရာ ဤနေရာတွင် ယာဉ်ကြီးများမရပ်ရန် ယာဉ်ထိန်းရဲက ပြောသဖြင့် စုရပ်ကို ရွှေ့ခဲ့ရကြောင်း၊ စောင်းတန်းအဆုံးအထိ ဆက်ဆင်းလာပါက စောင်းတန်းထိပ်တွင် မော်တော်ယာဉ်ရှိနေကြောင်း ပြောသဖြင့် ဂဲယာတစ်ဖက်တစ်ချက်တွင် သစ်ရိပ်ဝါးရိပ်တို့ လွှမ်းခြုံကာ ဆိတ်ငြိမ်အေးချမ်းလျက်ရှိသောစောင်းတန်းရှည်ကြီးတစ်လျှောက် စိတ်အေးချမ်းသာစွာပင် ဆင်းခဲ့ကြသည်။



မြောက်ဘက်ရှိ ပြုံးရယ်နေဟန် ဘီလူးပန်းကိုက်ပုံ

စောင်းတန်းဆုံးသည်နှင့် လမ်းမကြီးဘေးတွင် စာရေးသူတို့စီးလာသည့် မော်တော်ယာဉ် ရပ်ထားသည်ကို တွေ့လိုက်ရသည်။ မော်တော်ယာဉ်ပေါ် သို့

www.burmeseclassic.com

www.burmeseclassic.com



မဟာနိဖလ ရွှေစင်မကိုဋ် ထီးတော်ကြီး



ထီးတော်ကြီးအား အနီးကပ်မှုတွေ့ရပုံ

မတက်မီ မြသလွန်စေတီတော်မြတ်၏ စောင်းတန်းကြီးအား ပြန်၍လှည့်လာ ကြည့်ရှုမိသည်။

ဝင်ပေါက်ဝဲယာ တစ်ဖက်တစ်ချက်တွင် ဘီလူးရုပ်တု တစ်ခုစီရှိပြီး



အာရုံခံတန်ဆောင်းအပြင်ဘက် နံရံရှိ အင်္ဂတေရုပ်လုံးကြွ မြန်မာမှုအနုလက်ရာများ



သမိုင်းဝင်ဓာတ်ပုံပြခန်းအတွင်းမှ ရုပ်ပွားတော်များနှင့်ဓာတ်တော်များ




စောင်းတန်းဝင်ပေါက်ဝ သောကိုက်မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com




စောင်းတန်းဝင်ပေါက်ဝ ဘေးတိုက်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com





ရင်ပြင်တော်အဝင်ဝရှိ ဘီလူးရုပ်တု

ယင်းတို့၏နောက်တွင် ခြင်္သေ့ရုပ်တု တစ်ခုစီရှိသည် ထို့နောက်တွင်မှ စုလစ်မွမ်းချွန်တို့ဖြင့် ဘုံခုနစ်ဆင့်ပြာသာဒ် အထွတ်တင် သွတ်ပန်းယွန်းနှင့်အင်္ဂတေပန်းတော့ မြန်မာမှုအနုလက်ရာတို့ဖြင့် မွမ်းမံကာ ရွှေရောင်ခြယ်မှုန်းထားသော ထည်ဝါခမ်းနားလှသည့် စောင်းတန်းဝင်ပေါက်မုခ်ဦးကြီးကို တွေ့လိုက်ရသည်။

အကယ်၍ ရင်ပြင်တော်ခြေရင်းအထိ ရောက်သော တောင်ပတ်လမ်း မရှိခဲ့ပါမူ ထိုဝင်ပေါက်မုခ်ဦးကြီးရှိသည့် စောင်းတန်းအတိုင်း ဆိတ်ငြိမ်အေးချမ်းသည့် ပတ်ဝန်းကျင်အငွေ့အသက်ကို ထိတွေ့ခံစားရင်း စေတီတော်ပေါ်သို့ ပျော်ပျော်ပါးပါး တက်ရောက်ကြရမည်ကို စိတ်ကူးဖြင့် ပုံဖော်ခံစားကြည့်မိခဲ့သေးသည်။

သို့ဖြစ်၍ စာရှုသူများလည်း မြသလွန်စေတီတော်မြတ်သို့ တစ်ခါတစ်ခေါက် သွားရောက်ကြကာ ဘဝအမောများ ပြေဖျောက်ရင်း ကုသိုလ်တရား ပွားစီးနိုင်ကြပါစေရန် ရေးသားတင်ပြလိုက်ပါသည်။

❒ မင်းဂုဏ်

**စာကိုး**

၁။ ကြိုပါဒစေတီယ ရွှေစက်တော်သမိုင်းကြီး၊ ဆရာဦးတင်ရှိန်။

၂။ မကွေး မြသလွန်စေတီတော် သမိုင်း၊ မြသလွန်စေတီတော် ဂေါပကအဖွဲ့။

၃။ ရွှေစက်တော်သမိုင်းစုံ၊ ရွှေစက်တော် လမ်းညွှန်၊ ရွှေးမြင့်သိန်း (ဒဿနိက)




မြသလွန် စေတီတော်မြတ် စောင်းတန်းဝင်ပေါက်မုခ်ဦးကြီး



www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်းသမိုင်းဝင်

သိမ်ဇရပ်မြို့ဆံတော်ရှင် မဏိမေခလာထုပဝင်

# မြသိမ်းတန်စေတီတော်ကြီး

တက္ကသိုလ်မျိုး



မြသိမ်းတန်စေတီတော်အား ဖူးမြော်ရပုံ



မြသိမ်းတန်စေတီတော်အား မဟာဗောဓိပင်နှင့်အတူ ကြည်ညိုဖွယ် ဖူးတွေ့ရပုံ

စာရေးသူအနေနှင့် ယခင် စစ်တောင်းတံတားဟောင်းမှ ကျိုက်ထီးရိုးဘုရားရှိရာ ကျိုက်ထိုမြို့သို့လည်းကောင်း၊ မော်လမြိုင် ကျိုက္ခမီသို့လည်းကောင်း၊ သာမညတောင် ...ဖူးရှင်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က ...အံ့ သာမညတောင်သို့လည်းကောင်း အကြိမ်ပေါင်း မရေ ...တွက်နိုင်အောင် သွားစဉ်က သိမ်ဇရပ်မြို့တွင်းမှ ဖြတ်သန်း ...သွားခဲ့ဖူးသည်။

စစ်တောင်းတံတားဟောင်းမှ သွားလျှင် သိမ်ဇရပ်ကို ...ဖြတ်ဘဲ မွန်ပြည်နယ်တွင်းသို့ မဝင်ရောက်နိုင်ပေ။ သိမ်ဇရပ် ...သည် တစ်နည်းဆိုရသော် စစ်တောင်းမြစ်ကမ်းနဖူး၌ တည်ရှိ ...သော စစ်တောင်းမြစ်ကူးတံတားဟောင်း၏ထိပ်၌ တည်ရှိ ...သော မြို့တစ်မြို့ဖြစ်ခြင်းကြောင့် သိမ်ဇရပ်မြို့ကို စာရေးသူ ...အကြိမ်ပေါင်းများစွာ ဖြတ်သန်းသွားလာခဲ့ဖူးခြင်း ဖြစ်သည်။

စာရေးသူသည် သိမ်ဇရပ်မြို့ကို ဖြတ်သွားဖြတ်လာ အကြိမ်ကြိမ်ခနီးနှင်ခဲ့သော်လည်း မြို့တွင်းသို့ကား တစ်ခေါက်မှမဝင်ရောက်ခဲ့ဖူးပေ။ ရန်ကုန် - မော်လမြိုင် ကားလမ်းဘေးရှိ ကားဂိတ်ဈေးဆိုင်တန်းများကြောင့် သိမ်ဇရပ်မြို့သည် အလွန်စည်ကားလှသည်ကိုကား သတိထားမိသည်။

ထိုသိမ်ဇရပ်မြို့အတွင်းသို့ မဝင်ရောက်ခဲ့သောကြောင့် သိမ်ဇရပ်မြို့တွင်း၌ မြသိမ်းတန်ဘွဲ့မည်ရသော ဉာဏ်တော်မြင့်မား တန်ခိုးထင်ရှား ဆုတောင်းပြည့်သည့် စေတီတော် တည်ရှိကြောင်းကို မသိခဲ့သောကြောင့် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် မဖူးမြော်ခဲ့ရပေ။

စာရေးသူသည် ကျိုက်ထီးရိုးစေတီတော်မြတ်ထံပါးသို့ နှစ်စဉ် ဇန်နဝါရီလ ၁ ရက်နေ့သို့ မကူးမီ ဒီဇင်ဘာ ၃၀ ရက်သို့မဟုတ် ၃၁ ရက်နေ့အရောက်သွားပြီး နှစ်သစ်ကိုကြိုဆို



www.burmeseclassic.com

www.burmeseclassic.com

ကူးရင်း တစ်ညတာ အမိဋ္ဌာန်ဝင်ခဲ့သည့် အစဉ်အလာသည် လွန်ခဲ့သော သုံးနှစ်အထိ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် စစ်တောင်းတံတားသစ်ကြီး ဖွင့်လှစ်ပြီးနောက် ကျိုက်ထီးရိုးစေတီရှိရာ ကျိုက်ထိုမြို့သို့ သွားရောက်ရာတွင် တံတားသစ်မှ စစ်တောင်းမြစ်ကို ကူးရသောကြောင့် သိမ်ဇရပ်မြို့ကို မဖြတ်ရတော့ပေ။ သိမ်ဇရပ်မြို့နှင့် စာရေးသူ အလှမ်းဝေးခဲ့ရသည်။

ထိုသို့ သိမ်ဇရပ်မြို့နှင့် စာရေးသူ ဝေးကွာနေရာမှ သိမ်ဇရပ်မြို့သို့လည်းကောင်း၊ သိမ်ဇရပ်ရှိ ဆုတောင်းပြည့် သမိုင်းဝင် မြသိန်းတန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနိုင်ရန် အကြောင်းတစ်ရပ်ဖြစ်ပေါ်လာခဲ့လေသည်။ ထိုအကြောင်းတရားကား တခြားမဟုတ်ပေ။

*

စာရေးသူသည် ပုဇွန်တောင်မြို့နယ် စာရေးဆရာအသင်း၏ နာယကအဖြစ် တင်မြှောက်ခံခဲ့ရသည်မှာ သုံးနှစ်ရှိခဲ့ပေပြီ။ ၂၀၁၃ ခုနှစ်၌လည်း နာယကအဖြစ် ပြန်လည်တင်မြှောက်ခြင်း ခံရလေသည်။ ပုဇွန်တောင်မြို့နယ် စာရေးဆရာအသင်းသည် အဖွဲ့ဝင်အင်အား အတော်အသင့်ရှိပြီး ပုံမှန်လှုပ်ရှားနေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

၂၀၁၃ ခုနှစ်၌ အသစ်ပြန်လည်ဖွဲ့စည်းသော ပုဇွန်တောင်မြို့နယ် စာရေးဆရာအသင်းတွင် ယခင်က ဥက္ကဋ္ဌတာဝန်ယူခဲ့သော ဆရာဦးခင်အောင် (သတင်းထောက်ခင်အောင်) သည် ကျန်းမာရေးကြောင့် ဥက္ကဋ္ဌတာဝန်မှ အနားယူခဲ့ပြီး ဒုတိယဥက္ကဋ္ဌဖြစ်သူ ဆရာဦးညီညီအောင် (ညီညီအောင်)ကို ဥက္ကဋ္ဌအဖြစ် ကန့်ကွက်သူမရှိ ရွေးချယ်တင်မြှောက်ခဲ့သည်။

ပုဇွန်တောင်မြို့နယ်ရှိ စာရေးဆရာအသင်းသည် ပြဿနာ မရှိ။ ညီညီညွတ်ညွတ် ရှိလှသည်။

အထူးသဖြင့် ဥက္ကဋ္ဌသစ် ဆရာညီညီအောင်သည် ညီလတ်အရွယ်ဖြစ်ပြီး အသင်းအပေါ် တက်တက်ကြွကြွ ဦးဆောင်ခဲ့သည်။ နှစ်ပတ်လည် အစည်းအဝေး ဆုံးဖြတ်ချက်ဖြစ်သည့် ပုဇွန်တောင်မြို့နယ် စာရေးဆရာအသင်းနှင့် လေ့လာရေးခရီးထွက်ရန် အဆိုကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ပဲခူးမြို့နယ် စာရေးဆရာအသင်းနှင့်လည်းကောင်း၊ ကျိုက်ထိုမြို့နယ် စာရေးဆရာအသင်းနှင့်လည်းကောင်း တွေ့ဆုံမိတ်ဆက် အကြံချင်းဖလှယ်နိုင်ရန် ခရီးစဉ်ကို ဆရာညီညီအောင်ကိုယ်တိုင် ရေးဆွဲစီစဉ်ခဲ့သည်။ အတွင်းရေးမှူး သီဟ (ဧရာဝတီ)က ပံ့ပိုးကူညီလုပ်ဆောင်ခဲ့သည်။

ပဲခူးနှင့် ကျိုက်ထို စာရေးဆရာအသင်းနှင့် အဆက်အသွယ်ရရန် ကြိုးပမ်းခဲ့သလို စာရေးဆရာ အချင်းချင်း အတွေ့အကြုံ အမြင်ချင်းဖလှယ်နိုင်ရန် ကြိုတင်စီစဉ်ခဲ့လေသည်။ ခရီးစဉ်အချိန်ဇယားကိုလည်း စနစ်တကျ ရေးဆွဲခဲ့သည်။ ခရီးစတင်ထွက်ခွာမည့် ရက်အဖြစ် (၉. ၃. ၂၀၁၃) ကို သတ်မှတ်လိုက်သည်။ ခရီးစဉ်၌ လိုက်ပါမည့်သူများကိုလည်း ဆရာသီဟ (ဧရာဝတီ)ကိုယ်တိုင် အပင်ပန်းခံ၍ စာရင်းပြုစုခဲ့သည်။

ထိုနည်းဖြင့် ပုဇွန်တောင်မြို့နယ် စာရေးဆရာအသင်း လေ့လာရေးခရီးကို (၉. ၃. ၂၀၁၃) နေ့ ၅ နာရီ၌ စတင်ထွက်ခွာခဲ့လေသည်။ ခရီးစဉ်၌ လိုက်ပါစီးနင်းရသည့် မော်တော်ယာဉ်မှာ လေအိတ်ပါသော အဲယားကွန်းဘတ်စ်ကားကြီးဖြစ်ပြီး ချောင်ချောင်ချိချိ သက်သက်သာသာဖြင့် စီးနင်းလိုက်ပါလာနိုင်၍ သက်ကြီးရွယ်အို စာဆိုရှင်များ ဖြစ်ကြသည့် ဆရာရွှေစွန်ညို (စာရေးဆရာအသင်းဗဟို)၊ ဆရာခင်အောင် (ယခင် ဥက္ကဋ္ဌဟောင်း)၊ ဆရာဦးကိုလတ် (မှန်ပြောင်း)တို့သည် မပင်မပန်းဘဲ သက်သက်သာသာနှင့် ခရီးစဉ်၌ လိုက်ပါလာခဲ့ကြလေသည် ကျန်လူငယ်လူလတ် စာရေးဆရာများအနေနှင့်ကား ရွှင်လန်းတက်ကြွစွာနှင့် ပဲခူး၊ ကျိုက်ထို လေ့လာရေးခရီးစဉ်၌ စကားတပြောပြောနှင့် မော်တော်ယာဉ် သယ်ဆောင်ရာနောက်သို့ လိုက်ခဲ့ကြလေသည်။ ခရီးစဉ်စဆုံး မော်တော်ယာဉ်ကုန်ကျစရိတ်၊ စားသောက်စရိတ်အားလုံး တာဝန်ယူပို့ဆောင်ပေးသော ဆရာညီညီအောင်နှင့် မိသားစုအား စာရေးသူတို့ ပုဇွန်တောင်မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ၊ ဆရာမတို့က ကျေးဇူးတင်မဆုံးအောင် ရှိနေကြပေသည်။

*

စာရေးသူတို့အဖွဲ့ ပဲခူးစာရေးဆရာအသင်းမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်အဖွဲ့ဝင်များနှင့် ပဲခူးရွှေမော်ဓောစေတီတော် အနီး၌ရှိသော စနေသား စားဖွယ်ဆိုင်၌ တွေ့ဆုံမိတ်ဆက်ကြပြီးနောက် ကျိုက်ထိုမြို့သို့ ခရီးဆက်ခဲ့သည်။ အမှန်မှာ ကျိုက်ထိုမြို့စာရေးဆရာအသင်းနှင့် တွေ့ဆုံမိတ်ဆက်ကြရန် သွားရောက်ခြင်းဖြစ်သော်လည်း ကျိုက်ထိုစာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင် တော်တော်များများသည် သိမ်ဇရပ်မြို့သားများဖြစ်၍ စာရေးသူတို့ ပုဇွန်တောင် စာရေးဆရာအဖွဲ့အား ကျိုက်ထိုမြို့၌ ဧည့်ခံတွေ့ဆုံခြင်းမပြုဘဲ သိမ်ဇရပ်မြို့၌ တွေ့ဆုံရန် ချိန်းဆိုထားခြင်းကြောင့် သိမ်ဇရပ်မြို့သို့ စာရေးသူတို့ လေ့လာရေး မော်တော်ယာဉ် သွားရောက်ခဲ့ကြသည်။

စစ်တောင်းမြစ်ကူးတံတားသစ်ကြီးသည် ခေတ်မီတံတားတစ်စင်းဖြစ်၍ ဘေးပတ်ဝန်းကျင်ကို ရှင်းလင်းစွာကြည့်ရှုခံစားနိုင်လေသည်။ မူလတံတားဟောင်းကြီးပေါ်မှ ဖြတ်သော် သံပေါင်သံချောင်းများ ကာရံထား၍ စစ်တောင်းမြစ်ရှုခင်းအား ရိပ်ရိပ်ပြေးနေသော သံပေါင်ကြီးများကြားမှ မထင်မရှားတွေ့မြင်ခဲ့ရသည်။

စစ်တောင်းမြစ်ကူး တံတားသစ် ကြီးအဆုံး၌ မွန်ပြည်နယ်အစ ဖြစ်လေရာ ယခင် တံတားဟောင်းနှင့် မြစ်တွင်း



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်တွင်း ကွဲပြားစွာ တွေ့ရလေသည်။ တောင်ကုန်းထိပ်၌ တည်ထားသော စေတီတော်အား ဖူးမြော်ပြီးနောက် သိမ်ဇရပ်မြို့ရှိရာသို့ မောင်းနှင်ခဲ့ရာ မော်လမြိုင်သို့ သွားရာကားလမ်းမကြီးမှ ဘယ်သို့ချိုးဝင်ပြီး သိမ်ဇရပ်မြို့သို့ တစ်ဆင့်သွားရလေသည်။မူလတံတားဟောင်းမှဖြတ်သော် သိမ်ဇရပ်မြို့သို့ တန်း၍ရောက်သည်။ ယခု တံတားသစ်လမ်းသည် သိမ်ဇရပ်နှင့် အတန်ပင် ခရီးလှမ်းလှသည်။

စာရေးသူတို့ မော်တော်ယာဉ်သည် ဆယ်မိနစ်ခန့် ခရီးဆက်ပြီးနောက် သိမ်ဇရပ်မြို့ လူစည်ကားရာ ကားဂိတ်သို့ ရောက်လေသည်။ ကျိုက်ထို စာရေးဆရာများက သိမ်ဇရပ် လမ်းဆုံမှ စောင့်ကြိုနေကြသည်။ စာရေးသူတို့ မော်တော်ယာဉ်၌ ကပ်ထားသော ဗီနိုင်းကြောင့် ပုဇွန်တောင် စာရေးဆရာအသင်းမှ ကားမှန်းသိ၍ ကျိုက်ထိုစာရေးဆရာတို့က ကားပြီးနောက် သိမ်ဇရပ်မြို့သို့ အတွင်းသို့ ခေါ်ဆောင်သွားလေသည်။

သိမ်ဇရပ်မြို့လေးကို စာရေးသူတို့ တံတားဟောင်းမှ ဖြတ်သန်းစဉ်က ဖြတ်သွားဖြတ်လာ အခါခါသွားခဲ့စဉ်က မြို့ငယ်လေးဟု ထင်ရသော်လည်း ယခု မြို့တွင်းသို့ ဝင်ရောက်သောအခါ အလွန်စည်ကားပြီး အိမ်ကြီးအိမ်ကောင်း၊ တိုက်ကြီးတိုက်ငယ် အသွယ်သွယ်နှင့် မြို့ကြီးတစ်မြို့အလား ထင်မှတ်မှားရလေအောင် စည်ပင်လှပေသည်။

စာရေးသူတို့ မော်တော်ယာဉ်သည် မြို့အတွင်းသို့ မော်တော်ဝင်ရောက်ပြီးနောက် စေတီတော်တစ်ဆူ၏ အနီး၌ ရပ်လေသည်။ ကြည်ညိုဖွယ် ဉာဏ်တော်မြင့်မားလှသည့် စေတီတော်တစ်ဆူကို ကားပေါ်မှ ဆင်းရင်း စာရေးသူ လက်အုပ်ချီ၍ ကန်တော့နေမိသည်။

စေတီတော်အဝင် မုခ်ဝ၌လည်း ***"ဆုတောင်းပြည့် မြသိန်းတန်စေတီတော်"*** ဟူ၍ ဘွဲ့အမည်ကို ဖတ်ရလေသည်။

"ဆရာတို့ အပြန်ကျမှ ဝင်ဖူးကြတာပေါ့၊ ကျွန်တော်တို့ သိမ်ဇရပ်မြို့မှာ ထင်ရှားတဲ့ ဆုတောင်းပြည့်မြသိန်းတန်



မြသိန်းတန်စေတီတော်အဝင် မုခ်ဝနှင့်
ဆရာလှိုင်ထွဋ်(ဝေါ)တို့ အမှတ်တရ

စေတီတော်ပါ၊ အပြန်မှ အေးအေးဆေးဆေး ဖူးကြတာပေါ့၊ အခု ကျွန်တော်တို့အနေနဲ့ ဆရာတို့အဖွဲ့ကို ဧည့်ခံမယ့်အိမ်ကို သွားကြမှာပါ၊ ဆရာတို့ကားက ကြီးတော့ ပြန်လှည့်ထွက်ဖို့ မလွယ်တဲ့အတွက် ကားကို ဒီစေတီနားမှာပဲ ထားခဲ့မယ်"

လမ်း၌ လာရောက်ကြိုဆို ခေါ်ဆောင်လာသည့် ကျိုက်ထို စာရေးဆရာအဖွဲ့မှ ဆရာက ရှင်းပြရင်း စာရေးသူတို့အား ဧည့်ခံမည့်နေအိမ်ဌာနသို့ ခေါ်ဆောင်သွားလေသည်။

စာရေးသူအနေနှင့် ရှေးဟောင်းသမိုင်းဝင် မြသိန်းတန်စေတီတော်မြတ်ထံ ဖူးမြော်လိုစိတ်၊ လေ့လာလိုစိတ်၊ ဓာတ်ပုံမှတ်တမ်းရိုက်ကူးလိုစိတ်များကြောင့် ဧည့်ခံမိတ်ဆက်မည့်အိမ်ရှိရာသို့ လေးကန်စွာလိုက်ပါသွားခဲ့ရလေသည်။ ဤနည်းဖြင့် မြသိန်းတန် စေတီတော်မြတ်ကြီးအား ဖူးမြော်ရန် အကြောင်းက ဖန်လာခဲ့ပေသည်။

*

ကျိုက်ထိုစာရေးဆရာအဖွဲ့ အမှုဆောင်များနှင့် ပုဇွန်တောင်စာရေးဆရာ အမှုဆောင်များ ရင်းရင်းနှီးနှီး မိတ်ဆက်စကားပြောကြားခြင်း၊ စာပေဆိုင်ရာ အတွေ့အကြုံများ ပြောကြားခြင်းများ ပြုလုပ်ကြပြီးနောက် ကျိုက်ထိုစာရေးဆရာအဖွဲ့မှ ကော်ဖီမုန့်များနှင့် ဧည့်ခံကျွေးမွေးရာ စာရေးသူသည် အစားအသောက်များအား မစားမသောက်သေးဘဲ မြသိန်းတန်စေတီတော် ရှိရာသို့ ခွင့်ပန်ပြီး ထွက်ခွာလာခဲ့သည်။ ဧည့်ခံရာအိမ်ရှေ့၌ ကျိုက်ထိုစာရေးဆရာ အဖွဲ့အမှုဆောင် ဆရာလှိုင်ထွဋ်(ဝေါ)က စာရေးသူအား မော်တော်ဆိုင်ကယ်နှင့် ပို့ပေးမည်ဖြစ်ကြောင်း ခေါ်ဆောင်ရာ စာရေးသူသည် ဝမ်းမြောက်ဝမ်းသာ လက်ခံ၍ ဆိုင်ကယ်နောက်မှ လိုက်ပါခဲ့လေသည်။

မြသိန်းတန်စေတီတော်ကြီးသည် ပုံသဏ္ဌာန်အားဖြင့် ရွှေတိဂုံစေတီပုံစံ တည်ထားသည်ကို သတိထားမိသည်။ စေတီရံများနှင့် သပ္ပာယ်လှသည်။ အောက်ပိုင်းပစ္စယာ အဆင့်ဆင့်အား ထုံးသင်္ကန်း ကပ်လှူထားပြီး အထက်ပစ္စယာမှစ၍ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူထားသည်မှာ ကြည်ညိုဖွယ်ကောင်းလှသည်။ မြသိန်းတန် စေတီတော်မြတ်ကြီးအား တံတိုင်းပြင်ပမှ ထင်ထင်ရှားရှား ဉာဏ်တော်မြင့်မားစွာဖြင့် ဖူးမြော်ရသလို မြသိန်းတန်စေတီတော်မြတ်ကြီးနှင့်အပြိုင် ဇနာင်တော်ကြီးစေတီတော်ကိုလည်း အတူယှဉ်တွဲ၍ ဖူးမြော်နိုင်သည်။

တခြားစေတီတော်များ၌ နောင်တော်ကြီးစေတီများသည် မူလစေတီတော်၏ ပုံစံတူဖြစ်ပြီး ဉာဏ်တော်မှာလည်း မြင့်မြင့်မားမား မရှိပေ။ မြသိန်းတန်စေတီတော်ရှိ နောင်တော်ကြီးစေတီတော်မှာ ဉာဏ်တော် အတော်ပင် မြင့်မားလှသည်။

"ဆံတော်ရှင် မြသိန်းတန်စေတီတော်" ဟု ကမ္ပည်းရေးထိုးထားသည့် မုခ်ဦးမှဝင်ခဲ့ရာ စေတီတော်တည်ရှိရာ၌



www.burmeseclassic.com

www.burmeseclassic.com



မြသိန်းတန်စေတီတော်အနီး၌ တည်ထားသော နောင်တော်ကြီးစေတီ



မြသိန်းတန်အာရုံခံတန်ဆောင်းအဝင်၌ ချိတ်ဆွဲထားသော ဘုရားရှင် ရဟန္တာမြတ်တို့အား ဆံတော်စွန့်နေပုံ

မှန်စီရွှေချ အာရုံခံတန်ဆောင်းကြီးကို ခံ့ညားထည်ဝါစွာ တွေ့ရသည်။ အာရုံခံတန်ဆောင်း အဝင်အဝ၌ ချိတ်ဆွဲထားသော ဖောင်းကြွပန်းချီကား နှစ်ချပ်မှာ ဖူးမြင်ရသူများအနေနှင့် မြတ်စွာဘုရားရှင် ဆံတော်မြတ် စွန့်တော်မူပုံကို မျက်ဝါးထင်ထင် ဖူးမြင်ရသကဲ့သို့ ခံစားရလေသည်။ နောက်ပုံတစ်ပုံမှာလည်း ရဟန္တာအရှင်သူမြတ် အနုရုဒ္ဓါနှင့် ရဟန္တာငါးပါးတို့အား မဏိမေခလာနတ်သမီး ရှိခိုးပူဇော်နေပုံဖြစ်သည်။

အာရုံခံတန်ဆောင်းအတွင်း၌ ပလ္လင်တော်မှစ၍ နောက်နံ့ရံကိုပါ မှန်စီရွှေချထားပြီး ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ကြည်ညိုဖွယ်ရုပ်ပွားတော်မြတ် သုံးဆူကို ဉာဏ်တော်မြင့်မားစွာဖြင့် ဖူးမြော်ရသည်မှာ ဗုဒ္ဓမြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိသည်အလား ဖူးမြော်ရ၍ စေတနာသဒ္ဓါတရား ပွားများမိလေသည်။ **ရုပ်ပွားတော်သုံးဆူမှာလည်း** မျက်နှာတော်သပ္ပာယ်မှု၊ ရုံထားသည့် သင်္ကန်းအနေအထား ကျနမှု၊ လက်တော်ကိုယ်ဟန် အနေအထား အချိုးအစားကျမှုတို့ကြောင့် လွန်စွာ သပ္ပာယ်လှပေသည်။

အာရုံခံတန်ဆောင်းသည် ကျယ်ပြန့်ခမ်းနား ဆိတ်ငြိမ်လှ၍ ဘုရားအာရုံပြုသူ၊ စိပ်ပုတီးစိပ်သူ၊ ဝိပဿနာတရားအားထုတ်သူများနှင့် စည်ကားနေပေသည်။

စာရေးသူသည် မြသိန်းတန်စေတီတော်မြတ်ကြီးအား ဦးချကန်တော့ပြီးနောက် အာရုံခံတန်ဆောင်းကြီးမှ ထွက်ခွာ



ရှင်အနုရုဒ္ဓရဟန္တာမထေရ်မြတ်နှင့် ရဟန္တာများအား မဏိမေခလာနတ်သမီး ပူဇော်နေပုံ



www.burmeseclassic.com

www.burmeseclassic.com



အာရုံခံတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်သုံးဆူအား ဖူးတွေ့ရပုံ

၍ စေတီတော်အား လက်ယာရစ်ဖူးမြော်ရန်နှင့် ဓာတ်ပုံမှတ်တမ်း ရိုက်ယူရန် ထွက်ခဲ့ရာ မုခ်ဦးအဝင် စောင်းတန်းဘေးနှင့် ကပ်လျက်၌ "စေတီမော်ကွန်းကျောက်စာတိုက်" ဟု အမည်ကမ္ပည်းထိုးထားသော အုတ်တိုက်ကိုတွေ့ရာ ဝင်ရောက်ပြီး ရှစ်မျက်နှာပြည့် ရေးထိုးထားသည့် ကျောက်စာများကို မှတ်တမ်းဓာတ်ပုံ ရိုက်ယူခဲ့သည်။

စေတီတော်အား လက်ယာရစ်ဖူးမြော်ရာ ရင်ပြင်ပေါ်၌ ကိုးတောင်ပြည့်စေတီတစ်ဆူကို ရွှေရောင်ဝင်းပလျက် ဖူးမြော်ရလေသည်။

ထိုကိုးတောင်ပြည့် စေတီတော်ကို. . .

"ဘုရားလေးငယ်ငယ် ကိုးတောင်ပြည့်တည်၊ ငယ်သာငယ် ကယ်ဆယ်မည့်ဘုရား၊ ဓာတ်ကောလီ သုံးဆယ်ကျူးကာမှ ဖူးကြအများ" ဟူသော အတိတ်တဘောင်ဖြင့် တည်ထားကြောင်း သိရသည်။

မြသိန်းတန်စေတီတော်နှင့် နောင်တောင်ကြီးစေတီနှစ်ဆူကြား၌ အုတ်တိုက်တန်ဆောင်းအတွင်းဝယ် ရုပ်ပွားတော် တစ်ဆူကိုလည်း သပ္ပာယ်စွာ ဖူးတွေ့ရသည်။

မြသိန်းတန် စေတီတော်မြတ်ကြီး၏ တောင်ဘက်သိမ်တော်ကြီးအနီး၌ အုတ်ကျောင်းဆောင်နှင့် ရှင်သီဝလိရုပ်ပွားတော်တစ်ဆူနှင့် မြသိန်းတန်စေတီတော်ကြီး၏မြောက်ဘက်၌ အုတ်ကျောင်းဆောင်နှင့် ရှင်ဉပဂုတ္တရုပ်ပွားတော်မြတ်တို့ကိုလည်း ဖူးတွေ့ရသည်။

နောင်တော်ကြီးစေတီတော်ကို လွန်ပြီးနောက် စစ်တောင်းမြစ်ကမ်း တောင်ကမ်းပါးယံ၌ အုတ်တိုင်များ အမိုးပေါ်တွင် စေတီငယ်တစ်ဆူကို ဖူးတွေ့ရ၍ မေးကြည့်သော အခါ ဘုရားကြီးတိုက် ဆရာတော်ဘုရားကြီး၏ ဂူအပေါ်၌ တည်ထားသောစေတီဖြစ်ကြောင်း သိရသည်။

စာရေးသူသည် နောက်ကြောင်းပြန်လှည့်လာပြီး မြသိန်းတန်စေတီတော်မြတ်ကြီး၏ လက်ယာဘက်သို့ (လက်ဝဲရစ်) သို့ ပြန်၍လှေ့လာခဲ့သည်။ ရင်ပြင်တော်၌ မြင့်မားလှသော တံခွန်တိုင်ကို ဖူးတွေ့ရသလို စိမ်းစိုလန်းဆန်း၍ အခက်



မြသိန်းတန်စေတီတော် မော်ကွန်းကျောက်စာတိုက်



ကျောက်စာတိုက်အတွင်းရှိ ကျောက်စာများ



www.burmeseclassic.com

www.burmeseclassic.com



ကိုးတောင်ပြည့် ကိုးနဝင်းစေတီတော်



ဗုဒ္ဓဂယာမှ မဟာဗောဓိပင်၏မျိုးကို ပင့်ဆောင်စိုက်ပျိုးထားသော ဗောဓိပင်



ဘုရားကြီးဆရာတော် ရုပ်ကလပ်တော်အထက်၌ တည်ထားသော စေတီ

အလက် ဝေဆာနေသော မဟာဗောဓိပင်ကိုလည်း ဖူးတွေ့ရသည်။ ထိုဗောဓိပင်သည် ဗုဒ္ဓဂယာရှိ ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်မှ မျိုးယူ၍ စိုက်ပျိုးထားသော ဗောဓိပင်ဖြစ်ကြောင်း သိရသည်။ ဘုရားရင်ပြင်တော်ပေါ်၌ တခြားသော ဗောဓိပင်တစ်ပင်လည်းရှိကြောင်း သိရသည်။

မြသိန်းတန်ဘုရားရင်ပြင်တော် အရှေ့တောင်ဘက်၌ သိမ်တော်ကြီးကိုလည်း ဖူးတွေ့ရသည်။ ထိုသိမ်တော်ကြီးသည် စေတီတော်သမိုင်းနှင့် ဆက်နွှယ်နေသည့် ဝရမယ် (ဝေဠုဝတီ) မင်းသမီး ဘုရားတည်စဉ်က ရဟန္တာမထေရ်မြတ်တို့ သမုတ်ခဲ့သော ရဟန္တာသိမ်ကြီးဖြစ်သည်ဟု ဆိုကြသည်။

မဟာဗောဓိပင်အနီး၌ နဂါးရုံဘုရား တန်ဆောင်းကိုလည်း ခြသေ့်နှစ်ကောင် စောင့်နေသည့် အနေအထားနှင့် ဖူးတွေ့ရသည်။ တန်ဆောင်းအတွင်း၌ နဂါးရုံမြတ်စွာဘုရားဆင်းတုရုပ်ပွားတော်မြတ်ကိုလည်း ဖူးတွေ့ရသည်။


မြသိန်းတန်စေတီတော်ရင်ပြင်၌ သိမ်တော်ကြီးတည်ရှိသလို ပုညဝဇ္ဇုနရတနာ ဓမ္မာရုံ အဆောက်အအုံကိုလည်း တွေ့ရသည်။ စေတီတော်ရင်ပြင်တော်သည် ကျယ်ဝန်းလှပြီး ဘုရား၊ စေတီ၊ တန်ဆောင်း၊ ဓမ္မာရုံ စသည့် သာသနိကအဆောက်အအုံများနှင့် စည်ကားဝေစည်လျက်ရှိသည်။

မြသိန်းတန်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော် တစ်နေရာ စစ်တောင်းမြစ်ကမ်းနဖူးထက်၌ ဂျပန်တော်လှန်ရေး

www.burmeseclassic.com



မြသိန်းတန်စေတီတော်၏ တံခွန်တိုင်



နဂါးရုံဘုရား တန်ဆောင်း



ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော်



ရင်ပြင်တော်ပေါ်ရှိ ပညာဝဓနရ ရတနာဓမ္မာရုံ

သမိုင်းကို ဖော်ဆောင်နေသည့် မှတ်တိုင် (ဝါ) ကျောက်တိုင်တစ်တိုင်ကို တွေ့ရလေသည်။ စာရေးသူသည် စစ်တောင်းမြစ်ရှုခင်းကို ဓာတ်ပုံရိုက်မှတ်တမ်းယူရင်း စစ်တောင်းမြစ်ကူးတံတားဟောင်းကြီးကိုပါ ဓာတ်ပုံရိုက်နေစဉ် လိုက်လံပြသည့်

ဆရာလှိုင်ထွဋ် (ဝေါ)က . . .

"ဆရာရေ . . ဆရာ့ရှေ့နားက ကျောက်တိုင်လေးက ဂျပန်တော်လှန်ရေးမှာ စစ်တောင်းမြစ်အကူး ကျဆုံးခဲ့တဲ့ ဂျပန်စစ်သားတွေနဲ့ မြန်မာစစ်သားတွေကို အမှတ်တရ စိုက်ထူထားတဲ့ ကျောက်တိုင်လေးပဲ"

ကျောက်တိုင်၌ ဂျပန်စာများနှင့် ကမ္ပည်းရေးထိုးထားသည်ကို တွေ့လိုက်ရပြီး ကျောက်တိုင်အောက်ခြေ၌ . . .



www.burmeseclassic.com


www.burmeseclassic.com



အာရုံခံတန်ဆောင်းအတွင်းရှိ အုတ်ခွက်ရုပ်ပွားတော်



ပြုသမျှကောင်းမှုအစုစုအတွက် အမျှပေးဝေနိုင်မည့်
ခေါင်းလောင်းတော်



မြသိန်းတန်ရင်ပြင်တော်ပေါ်ရှိ သာသနိကအဆောက်အဦတို့ကို
မဟာဗောဓိပင်အောက်မှ တွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com


"စစ်တောင်းမြစ်တွင် ကျဆုံးခဲ့သော မြန်မာ ဂျပန် ရဲဘော်များအား ဂါရဝပြုပါ၏"

ဟု မြန်မာလိုရေးထိုးထားသော စာတမ်းကို ဖတ်မိသောအခါ သမိုင်းဌာနၢ် သမိုင်းဆရာ လုပ်ခဲ့ဖူးသော စာရေးသူသည် ဖက်ဆစ်တော်လှန်ရေး ဖြစ်စဉ်ကို ပြန်လည်၍ သတိရမိလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာမျိုးချစ်အပေါင်းတို့သည် မြန်မာတစ်မျိုးသားလုံးအပေါ် နည်းမျိုးစုံဖြင့် ရက်စက်၊ နှိပ်စက်၊ သတ်ဖြတ်ခဲ့ပြီး ဖက်ဆစ်စနစ်နှင့် အုပ်ချုပ်ခဲ့သော ဂျပန်တို့အား တော်လှန်ခဲ့ကြသည်။ တိုင်းရင်းသားပေါင်းစုံ ပါဝင်၍ ဖက်ဆစ်တို့အား တော်လှန်ကြရာ ဖက်ဆစ်ဂျပန်တို့သည် အထက်မြန်မာနိုင်ငံမှ စတင်၍ ကုန်းလမ်းခရီးဖြင့် ဆုတ်ခွာကြရာ ယိုးဒယား (ထိုင်း)နိုင်ငံသို့ ဦးတည်ဆုတ်ခွာနိုင်ရေးအတွက် ဤစစ်တောင်းမြစ်ကို ဖြတ်ကူးရပေတော့မည်။ စစ်တောင်းမြစ်ကူးတံတားမှာလည်း မိုးဒဏ်ကြောင့် ပျက်စီးနေရာ ဂျပန်တို့သည် ဤသိမ်ဆိပ်ရွာသို့ ရရာလှေ၊ သမ္ဗန်တို့ဖြင့် ကူးရာ မြန်မာတော်လှန်ရေး တပ်မတော်သားများကလည်း ဤမြစ်အကူးနေရာမှ အစွမ်းကုန်တိုက်ခိုက်ကြရာ ဖက်ဆစ်ဂျပန်တပ်သားများ ထောင်ပေါင်းများစွာ အသက်ဆုံးရှုံးရတော့သည်။ မြန်မာတော်လှန်ရေးသမားများလည်း အနည်းနှင့်အများ ကျဆုံးခဲ့ရသည်မှာ သမိုင်း၌ အထင်အရှားရှိခဲ့လေသည်။

ထိုကျဆုံးခဲ့သည့် နေရာကို စာရေးသူ အတိအကျ မသိခဲ့သော်လည်း ယခု သိရပေပြီ။ စာရေးသူတို့ ကျောက်တိုင်ကိုကြည့်ရင်း သတိသံဝေဂ ရမိသည်။ စစ်ပွဲဟူသည် ကောင်းသော ဣဋ္ဌာရုံမဟုတ်၊ မကောင်းသော အနိဋ္ဌာရုံသာ ဖြစ်ပါတကားဟု တွေးနေမိသည်။

ကျောက်တိုင်၏အခြေ၌ အမွှေးတိုင်မီး ပူဇော်ရာမှ ကျန်ရစ်သော တုတ်ချောင်းငယ်လေးများကို မြင်မိသောအခါ ဂျပန်မိသားစုများသည် နှစ်ပေါင်းခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်နီးပါးကြာခဲ့သော်လည်း ဤအရပ်၊ ဤဒေသ၌ ကျဆုံးခဲ့ရသော မိမိတို့၏ဖခင်၊ အဘိုး၊ အဘွား ဆွေမျိုးတို့အား လွမ်းဆွတ်သတိရလျက် မိုင်ပေါင်းများစွာ ဝေးကွာသော ဂျပန်ပြည်မှ လာရောက်ပူဇော် တမ်းတ လွမ်းဆွေးနေကြပါတကားဟူသောအတွေးကြောင့် စိတ်မကောင်းဖြစ်မိရလေသည်။



မြသိန်းတန်စေတီရင်ပြင်မှ
စစ်တောင်းမြစ်ကူးတံတားဟောင်းအား
သာယာသောရှုခင်းများနှင့်အတူ တွေ့ရပုံ

*

စာရေးသူသည် ဂျပန်၊ မြန်မာ ရဲဘော်များ ကျဆုံးရာကျောက်တိုင်မှ စိတ်မကောင်းဖြစ်လျက် မြသိန်းတန်စေတီတော်ရှိရာသို့ ပြန်လာခဲ့ရာ ရင်ပြင်တော်၌ စာရေးသူတို့ စာရေးဆရာအဖွဲ့ အစုံအညီရောက်ရှိနေသည်ကို တွေ့ရသည်။



စစ်တောင်းမြစ်အတွင်း ကျဆုံးသွားသော ဂျပန် မြန်မာ
ရဲဘော်များအား ဂါရဝပြုကျောက်စာ



စစ်တောင်းမြစ်အတွင်း ကျဆုံးသွားသော ဂျပန် မြန်မာ
ရဲဘော်များအား ဂါရဝပြုကျောက်စာ



www.burmeseclassic.com

www.burmeseclassic.com



အာရုံခံတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်သုံးဆူအနက် အလယ်၌ စံပယ်သော ရုပ်ပွားတော်



အာရုံခံတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်သုံးဆူအနက် လက်ဝဲဘက်၌ စံပယ်သော ရုပ်ပွားတော်

စာရေးသူသည် ပြန်ခါနီး မြသိန်းတန်စေတီတော်ကြီး၏ အာရုံခံတန်ဆောင်းအတွင်းသို့ ဝင်ရောက်ပြီးနောက် သပ္ပာယ်လှသော ဗုဒ္ဓရုပ်ပွားတော်မြတ်သုံးဆူ ရှေ့မှောက်၌ လောဘ၊ ဒေါသ၊ မောဟ ကင်းသောဆုကို တောင်းရင်း မိမိပြုသမျှ ကောင်းမှုအစုစုကိုလည်း လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းနှင့် မိဘဆရာသမားများ အပါအဝင် စောစောပိုင်းက တွေ့ခဲ့ရသော ဂျပန်၊ မြန်မာ ကျဆုံး ရဲဘော်အပေါင်းကိုပါ အမျှအတမ်းဝေနေမိသည်။

စာရေးသူသည် ကျိုက်ထိုစာရေးဆရာများနှင့် မိတ်ဆုံဆွေးနွေးပွဲမှ ရန်ကုန်မြို့ ပြန်ရောက်ပြီးနောက် သိမ်ဖြူရပ်မြို့လေး၌ တည်ထားသော ဆံတော်ရှင် ဆုတောင်းပြည့် စေတီတော်ကြီးထံသို့သာ စိတ်ရောက်နေခဲ့သည်။ စာရေးသူ ဓာတ်ပုံမှတ်တမ်း ရိုက်ယူခဲ့ရာ၌ အသေးစိတ် ရိုက်ကူးခဲ့ရာ မြသိန်းတန်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ မော်ကွန်းကျောက်စာတိုက်အတွင်းမှ ကျောက်စာဓာတ်ပုံကို ပုံကြီးချဲ့၍ ဘုရားသမိုင်းမှတ်တမ်း ပြုစုရေးသားရန် ကြိုးပမ်းရာ ကျောက်စာမှတ်တမ်းတစ်ခုတည်းနှင့် ပြီးပြည့်စုံသော ဘုရားစေတီသမိုင်းဖြစ်ရန်မှာ မဖြစ်နိုင်ဟု ယုံကြည်မိသည်။

သို့ဖြစ်၍ ကျိုက်ထိုစာရေးဆရာအသင်း ဥက္ကဋ္ဌ ဆရာညောင်ခါးရှည်မှိုင်းဝေ (ဦးသိန်းထွန်း)ထံ တယ်လီဖုန်းဆက်၍ အကူအညီ တောင်းခဲ့မိသည်။ မြသိန်းတန်စေတီတော်၏ သမိုင်းစာအုပ်ရှိလျှင် ကူညီပါရန် မေတ္တာရပ်ခံမိသည်။ ဆရာမောင်ညိုမှိုင်းက အကူအညီပေးခဲ့သည်။ မြသိန်းတန်ဘုရားသမိုင်းစာအုပ် ထုတ်ဝေခဲ့ဖူးသော်လည်း မူရင်းစာအုပ် မရှိတော့၍ စာမျက်နှာ (၁၀၉)ရှိသော မိတ္တူကူးထားသည့် စာအုပ်ကို စာတိုက်မှတစ်ဆင့် ပေးပို့ခဲ့သည်။

ဆရာမောင်ညိုမှိုင်း ပေးပို့သော စာအုပ်မှာ ဆရာကိုယ်တိုင် ရေးသားပြုစုပြီး ၁၉၉၃ ခုနှစ်က ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ပေသည်။ စာရေးသူအနေနှင့် ဆရာမောင်ညိုမှိုင်းကို အတော်ပင် အားနာမိသည်။ တကူးတက ဘုရားသမိုင်းစာအုပ် ပို့ပေး၍ ကျေးဇူးလည်းအထူးတင်မိသည်။ စာရေးသူသည် ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဖူးမြော်ခဲ့သော စေတီဘုရားများနှင့်ပတ်သက်၍ ရေးသားပူဇော်ရာတွင် အဓိကအားဖြင့် သုံးပိုင်းခွဲ၍ ရေးသားလေ့ရှိသည်။

ပထမပိုင်း၌ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဖူးမြော်ရန်ဖြစ်ပေါ်လာသော အကြောင်း၊ ဒုတိယပိုင်းတွင် ကိုယ်တိုင်သွားရောက် ဖူးမြော်ရာ၌ ကြုံတွေ့ရသော အတွေ့အကြုံ၊ ဖူးမြော်ရသည့် အကြောင်းအရာ အသေးစိတ်များ၊ လက်တွေ့ဖူးမြင်ရပုံနှင့် တတိယပိုင်းတွင် သွားရောက်ဖူးမြော်ရာ ဘုရားစေတီတို့၏ သမိုင်းစဉ်တို့ကို ရေးသားလေ့ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com



အာရုံခံတန်ဆောင်းလက်ယာဘက်၌ စံပယ်တော်မူသော ရုပ်ပွားတော်



လောကစက္ကူရုပ်ပွားတော်အား အနီးကပ်ဖူးမြော်ရပုံ



လောကစက္ကူဘုရား စံပယ်ရာတန်ဆောင်း

မြသိန်းတန်စေတီတော်ကြီးနှင့် ပတ်သက်၍ စာရေးသူမှာ ပထမပိုင်းနှင့် ဒုတိယပိုင်းကို ရေးသားပြီးသော်လည်း စေတီတော်သမိုင်းနှင့် ပတ်သက်၍ကား ဆရာမောင်ညိုမှိုင်း ...ကြောင့် ဆက်၍ရေးသားနိုင်ခဲ့ခြင်းပင် ဖြစ်ပေတော့သည်။

*

မြသိန်းတန် စေတီတော်ကြီးသည် သာမန်အားဖြင့် ...ကြည့်ပါက ရှေးဟောင်းသမိုင်းဝင် စေတီတော်တစ်ဆူ ... အများအားဖြင့် ထင်မှတ်စရာမရှိပေ။ သမိုင်းကြောင်းကို ...ကြည့်သောအခါမှ စေတီတော်ကြီးသည် ရှေးသမိုင်းဝင် စေတီတော်တစ်ဆူဖြစ်ကြောင်း လေ့လာသိရှိရလေသည်။

မြသိန်းတန်စေတီတော်ကြီးသည် ရန်ကုန်-မော်လမြိုင် ...လမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတားဟောင်းကြီး၏ ...ဘက် တောင်ကုန်းမို့မို့ထိပ်၌ တည်ရှိလေသည်။ မြသိန်းတန်စေတီတော်၏ မူလဘွဲ့တော်မှာ "နို့ပုံဘုရား"ဟူ၍ တွင်သည်။ မြသိန်းတန်စေတီတော် တည်ရှိရာ အရပ်ဒေသမှာ ...ရွာဟု ခေါ်သော ကျိုက်ထိုမြို့နယ်၌ ပါဝင်သော ...ရွာဖြစ်သည်။ သိမ်ဇရပ်သည် မူလက ရွာလေးတစ်ရွာ ...သော်လည်း စစ်တောင်းတံတားထိပ်၌ တည်ရှိခြင်းနှင့် ...ကောင်းစတ္တုရက်ကြီး တည်ဆောက်ပြီးနောက်ပိုင်း၌ လူဦးရေထူထပ် စည်ကားလာကာ စီးပွားရေးကောင်းသော ရွာကြီးတစ်ရွာ ဖြစ်လာသည်။ ရွာဟု သာမန်အားဖြင့်ခေါ်သော်လည်း မြို့နှင့်မခြား စည်ကားသော အရပ်ဒေသဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သိမ်ဇရပ်သည် ယခင်က မထင်ရှားသော်လည်း စစ်တောင်းတံတားကြီးနှင့် စစ်တောင်းစက္ကူစက်ကြီးတည်ဆောက်ပြီးနောက်ပိုင်း လူသိထင်ရှား စည်ကားသော မြို့လေးတစ်မြို့ပမာ ဖြစ်လာသည်။

ထိုသိမ်ဇရပ်ရွာ၌ တည်ထားသည့် မြသိန်းတန်စေတီတော်ကြီးသည် မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်အနုရုဒ္ဓါ၊ အရှင်သောဘိတ၊ အရှင်ပဒုမုတ္တရ၊ အရှင်ဂုဏသာဂရ၊ အရှင်ဉာဏပဏ္ဍိတ၊ အရှင်ရေဝတ စသည့် ရဟန္တာခြောက်ပါးတို့သည် ဘုရားရှင်ထံပါး ချဉ်းကပ်လျှောက်ထား၍ သာသနာပြုခရီး စတင်ရာမှ ပေါ်ထွန်းလာခြင်းဖြစ်ကြောင်း တွေ့ရသည်။

မြတ်စွာဘုရားရှင်သည် ရဟန္တာအရှင်သူမြတ် ခြောက်ပါးနှင့်အတူ ဆံတော်ခြောက်ဆူကိုလည်း ကြွရောက်မည့် ဒေသများ၌ ကိုးကွယ်ပူဇော်ရန် ပေးသနားတော်မူလေသည်။ ရဟန္တာအရှင်မြတ် ခြောက်ပါးသည် ပဥ္စနန္တရာဇ်အရပ်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူပြီး ရဟန္တာတစ်ပါးစီသည် ပဥ္စနန္တရာဇ်အရပ်၌ စေတီတော်ခြောက်ဆူကို တည်ထားလေသည်။

၁။ အရှင်အနုရုဒ္ဓါသည် သိကြားမင်းကို ဘုရားဒါယကာပြု၍ စေတီတစ်ဆူ (စစ်တောင်းမြို့ရှိ ကျိုက္ကလွန်ပွန်းစေတီ)



မြသိန်းတန်ရင်ပြင်ပေါ်၌ [illegible]
ညောင်ခါးရှည်မှိုင်းဝေအား အမှတ်တရ

၂။ အရှင်သောဘိတသည် ပဇ္ဇုန္နနတ်သားကို ဒါယကာပြု၍ စေတီတစ်ဆူ (ကာလာသစေတီတော်)

၃။ အရှင်ပဒုမုတ္တရသည် မဏိမေခလာ နတ်သမီးကို ဘုရားဒါယကာပြု၍ စေတီတစ်ဆူ (သိမ်ဇရပ် မြသိန်းတန်စေတီ)

စသည့် ဆံတော်သုံးဆူကို ဌာပနာထား၍ တည်ထားခဲ့သည့် စေတီသုံးဆူကိုကား ကျိုက်ပုဗ္ဗာရုံ ဆရာတော်ဘုရားကြီးအနေနှင့် ဖော်ထုတ်နိုင်ခဲ့သော်လည်း ကျန်ဆံတော်သုံးဆူ ဌာပနာထည့်သွင်း၍ တည်ထားသော စေတီတော်တို့ကိုကား နေရာရှာမတွေ့သေးကြပေ။

အထက်ပါ ဆံတော်ရှင်သမိုင်းအရ သိမ်ဇရပ်၌ တည်ထားသော မြသိန်းတန်စေတီတော်သည် ဘုရားရှင်၏ ဆံတော်ဓာတ်မြတ်အစစ် ကိန်းဝပ်စံပယ်တော်မူရာ ဆံတော်ရှင်စေတီတစ်ဆူပင် ဖြစ်ကြောင်း တွေ့ရသည်။ မူလက ဘုရားဒါယကာ မဏိမေခလာ နတ်သမီးကို အစွဲပြု၍ "မဏိမေခလာ ထူပဝင်ဆံတော်ရှင်စေတီတော်"ဟု ဘွဲ့မည်တွင်ခဲ့သည်။ မဏိမေခလာထူပဝင် ဆံတော်ရှင် ဘွဲ့အမည်မှ "မြသိန်းတန်စေတီ" ဟူသော ဘွဲ့အမည်သို့ ပြောင်းလဲလာပုံမှာလည်း စိတ်ဝင်စားဖွယ် ဒဏ္ဍာရီဆန်သော ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့သည်။

မြသိန်းတန်စေတီတော်၏ ဒဏ္ဍာရီဆန်လှသော နောက်ခံသမိုင်းကို အကျဉ်းမျှတင်ပြရသော် . . .

အယုဒ္ဓယပြည်၌ တက္ကသိုလ်ကျောင်းကြီး၏ ဒိသာပါမောက္ခဆရာကြီး ဦးဇနသည် အတိုင်းတိုင်း အပြည်ပြည်မှ မင်းညီ မင်းသားများ၊ သူဌေးသူကြွယ်သားများကို အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်သော ပညာများ သင်ကြားပေးလျက်ရှိသည်။ ထိုဆရာကြီး၌ ဝါးပင်မှ သန္ဓေဇဖြင့် မွေးဖွားလာသော ရုပ်ရည်လှပသည့် ဝရမယ် အမည်ရှိ သမီးကညာတစ်ဦးလည်း ရှိသည်။ (တချို့က ဝေဠုဝတီဟု ခေါ်ကြသည်။)

ပါမောက္ခဆရာကြီး၌ နတ်တို့ဆက်သထားသော မဏိကက် နတ်မြင်းပျံတစ်ကောင်လည်း ရှိသည်။ ထိုမြင်းသည် မြေပြင်၌သာမက ကောင်းကင်ခရီးသို့ပင် သွားလာနိုင်စွမ်း ရှိလေသည်။

ဆရာကြီးသည် တစ်နေ့သောအခါ၌ ဤသို့အကြံရသည်။ သမီးကညာ ဝရမယ်လည်း အရွယ်ရောက်လာပြီဖြစ်၍ ပညာလာရောက်သင်သော တပည့်များထဲမှ သင့်တော်သော တပည့်တစ်ယောက်နှင့် လက်ထပ်ပေးစားရန် ကြံရွယ်၍ ဝရမယ်နှင့်စုံဖက်ရန် တပည့်တစ်ဦးကို ရွေးချယ်လေသည်။

ပညာလည်းတော်၊ လိမ္မာရေးခြားလည်းရှိသည့် ဝေသာလီပြည်မှ ပညာလာရောက်သင်ယူနေသည့် မင်းသား ဝိဝဋ္ဋာနှင့် သမီးဝရမယ်ကို လက်ဆက်ထိမ်းမြားပေးခဲ့သည်။ ဝိဝဋ္ဋာမင်းသားလည်း ပညာစုံ၍ ပြည်တော်ပြန်ရာ ဝရမယ်ကို



www.burmeseclassic.com

www.burmeseclassic.com

တစ်ပါတည်း ခေါ်ဆောင်သွားမည်ဖြစ်ရာ ပါမောက္ခဆရာကြီးသည် မိမိအား နတ်တို့ဆက်သထားသော မဏိကက်နတ်မြင်းပျံကိုလည်း တစ်ပါတည်း ပေးလိုက်လေသည်။

ဝိဝဋ္ဋာမင်းသားနှင့် ဝရမယ်တို့သည် မဏိကက် နတ်မြင်းပျံစီး၍ ကောင်းကင်ခရီးမှ ပြန်ကြစဉ် လမ်းခရီး၌ ပင်ပန်း၍ နေညချုပ်ချိန်တွင် မြေပြင်သို့ဆင်း၍ နားနေကြသည်။ ညအချိန်တွင် ထိုဒေသကို စိုးမိုးသော ဘီလူးတို့ နှောင့်ယှက်ကြ၍ ဝိဝဋ္ဋာမင်းသားနှင့် ဝရမယ်တို့သည် ဘီလူးများရန်မှ လွတ်မြောက်အောင် ကြိုးပမ်းရာတွင် ၎င်းတို့၏ စီးတော်မြင်း မဏိကက်သည် ဘီလူးများဖမ်းဆီးခြင်းခံရပြီး သူတို့ဇနီးမောင်နှံမှာမူ ဘီလူးလက်မှ လွတ်မြောက်အောင် ပြေးခဲ့ကြရသည်။

မင်းသားတို့ ဇနီးမောင်နှံသည် မြစ်ကမ်းခြေတစ်ခု၌ သင်္ဘောတစ်စင်း၏ အကူအညီဖြင့် မိမိတို့တိုင်းပြည်သို့ လိုက်ခွင့်ရကာ ပင်လယ်ခရီးဆက်ခဲ့ကြသည်။ ပင်လယ်ပြင်၌ မုန်တိုင်းမိပြီး သင်္ဘောပျက်ပြန်၍ မင်းသားနှင့် ဝရမယ်တို့ ပင်လယ်ပြင်၌ တကွဲတပြားဖြစ်ကာ မျောပါခဲ့ကြသည်။ ဝရမယ်သည် ပျဉ်ချပ်ကိုတွယ်လိုက်ရင်း တစ်ခုသောကမ်းခြေသို့ ရောက်လေသည်။ ဝရမယ်အား အဝတ်လျှော်သည့်အလုပ်ဖြင့် အသက်မွေးသော အဘွားအိုတစ်ဦးကတွေ့၍ နေအိမ်သို့ ခေါ်ဆောင်ကာ ပြုစုစောင့်ရှောက်ထားလေသည်။

ဝရမယ်သည် ကြုံတွေ့ရသော ဘေးဒုက္ခများမှ ကင်းဝေးရန် ရည်သန်၍ ဘုရားတည်ထားရန် ကြံစည်မိလေသည်။ အဘွားအိုအား မိမိဝတ်ဆင်ထားသော အဖိုးတစ်သိန်းတန် မြလက်စွပ်ကိုပေး၍ အသပြာတစ်သိန်းနှင့် ရောင်းချရန် ပေးအပ်ပြီး ရောင်းရငွေနှင့် စေတီတစ်ဆူကို တည်ထားရန် နေရာရှာပေးသည်။ ဝရမယ်သည် အဓိဋ္ဌာန်ပြုရာ၌ . . .



သိမ်ဖြူ စာရေးဆရာအသင်းအမှုဆောင်များ

"ဘုရားတပည့်တော်မသည် ဆိုးလှတဲ့ ကံကြမ္မာကြောင့် ချစ်ခင်နှစ်သက်သူနှင့် ကွေကွင်းခဲ့ရပါသည်၊ မောင်တော်သည် ဘယ်ဆီဘယ်ဝယ် ရောက်နေသည် မသိပါ။ ဤဘုရားတည်ရသည့် ကောင်းမှုကုသိုလ်ကြောင့် ဘုရားတပည့်တော်၏ မောင်တော်နှင့် ပြန်လည်ဆုံတွေ့ရပါစေသား"

ဟု အဓိဋ္ဌာန်စကားဆို၍ ဆန်ပန်းပေါက်ပေါက်တို့ကို ကြဲလေရာ ဆန်ပန်းပေါက်ပေါက်တို့သည် မြောက်အရပ်သို့ ပျံတက်၍ တစ်ခုသောတောင်ထိပ်တွင် ပန်းဆိုင်းကဲ့သို့ ပွင့်လေသည်။ မင်းသမီးလေးနှင့် အဘွားအိုတို့သည် ဆန်ပန်းပေါက်ပေါက်တို့ပွင့်ရာ တောင်ထိပ်သို့ တက်ရောက်ခဲ့ကြ



ပုဇွန်တောင်မြို့နယ် စာရေးဆရာအသင်းအမှုဆောင်များနှင့် စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်တွင် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုအရပ်၌ ရဟန်းတစ်ပါး တရားအားထုတ်နေသည်ကို ဖူးတွေ့ရလေသည်။ ရဟန်းတော်အား အကြောင်းစုံလျှောက်တင်သောအခါ . . .

"ဤတောင်ပို့သည် မြတ်စွာဘုရား ဆံတော်ကိန်းဝပ်စံပယ်ရာ မဏိမေခလာထူပဝင် စေတီဖြစ်တယ်၊ ကာလကြာမြင့်၍ ဤတောင်ပို့သဏ္ဌာန်သာ ရှိတော့တယ်၊ ဒကာမလေး ပြုပြင်တည်ထားရန် ဤနေရာကို ရွေးပေတော့"

ဟု မိန့်ကြားလေသည်။ ဝရမယ် မင်းသမီးလည်း ပန်းရန်ဆရာများကိုခေါ်၍ ခေါင်းဆောင် ဦးလူလု ဦးဆောင်ကာ စေတီတည်လေသည်။ စေတီတည်ပြီးသောအခါ တစ်သိန်းတန် မြလက်စွပ်ကို ထုခွဲ၍တည်ထားသော စေတီဖြစ်၍ မြသိန်းတန်စေတီဟု ဘွဲ့မည်တွင်ခဲ့သည်။

သို့သော် စေတီပုံတော်သည် နို့ပုံသဏ္ဌာန်ဖြစ်နေ၍လည်း အများက နို့ပုံစေတီဟု ခေါ်ခဲ့သည်။ (တချို့သောသူများက စေတီတည်ရန် ပန်းရန်ဆရာတို့က မင်းသမီးထံ ပုံစံသွားမေးရာ မင်းသမီးသည် ရေချိုးပြီးစ ထဘီရင်ရှားနှင့် ထွက်လာစဉ် ဝတ်ထားသောထဘီ ကျွတ်ကျ၍ ရင်သားပေါ်သွားသောအခါ မင်းသမီးရှက်၍ အတွင်းသို့ ဝင်သွားပြီးနောက် ပန်းရန်ဆရာတို့ အတွေးပေါက်ခဲ့သည်မှာ နို့ပုံတည်ထားရန် ပြသည်ဟု မှတ်ယူ၍ နို့ပုံသဏ္ဌာန်တည်ခဲ့သောကြောင့် နို့ပုံစေတီဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုကြသည်။)

မြသိန်းတန် ခေါ် နို့ပုံစေတီတော်ကို သာသနာသက္ကရာဇ် ၅၇၂ ခုနှစ်တွင် စတင်တည်ထားခဲ့သည်။

နို့ပုံစေတီတော်သည် ကာလကြာညောင်းသောအခါ အနိစ္စသဘောအရ ပျက်စီးယိုယွင်းခဲ့သည်။ စေတီတည်ထားရာ အရပ်၌ ဝရမယ်မင်းသမီးသည် သိမ်ကျောင်းနှင့် ဇရပ်တစ်ဆောင်ကိုပါ ဆောက်လုပ်လှူဒါန်းခဲ့၍ ထိုအရပ်၌ ရွာငယ်ဖြစ်ထွန်းလာသောအခါ သိမ်ဇရပ်ရွာဟု အမည်တွင်လေသည်။ နို့ပုံစေတီပျက်ရှိရာသို့ ၁၂၉၉ ခုနှစ်တွင် ရန်ကုန်မှ သီလရှင်ဆရာကြီး ဒေါ်ဝိဟာရီ ကျိုက်ထီးရိုးဘုရားဖူး လာရင်း သိမ်ဇရပ်ရွာရှိ ဆွေမျိုးများထံ အလည်လာရင်းရောက်ခဲ့သည်။ နို့ပုံစေတီပျက်ကို တွေ့ရသောအခါ ထီးတော်ကင်းမဲ့နေသော စေတီတော်အား ထီးတင်ရန် ဆန္ဒဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်သို့ ပြန်ကာ တင်လှူမည့်ထီးတော်နှင့်အတူ ပန်းရန်ဆရာ ဦးအောင်မြတ်ကို သိမ်ဇရပ်သို့ ခေါ်လာခဲ့သည်။

သိမ်ဇရပ်သို့ ရောက်ပြီးနောက် ဘုရားကို အမြန်ပြုပြင်ရန် ကြိုးပမ်းသည်။ ထိုစဉ်က စေတီတော်မှာ ခေါင်းလောင်းရစ်အပေါ်ပိုင်းအထိ ပြိုကျနေသည်။ ဒေါ်ဝိဟာရီသည် ထိုအချိန်၌ ကျန်းမာရေးချို့တဲ့နေ၍ ထီးတော်အမြန်တင်လှူနိုင်ရန် ခေါင်းလောင်းရစ်အပေါ်ပိုင်းချန်ကာ ထီးတော်တင်လှူခဲ့လေသည်။ စတင်ပြုပြင်ချိန်မှ ထီးတော်တင်လှူသည်အထိ ငါးရက်သာ ကြာသည်။ ထို့ကြောင့် ထီးတော်တင်ထားသော စေတီတော်မှာ စုစုပွံ့ပွံ့လေး ဖြစ်နေသည်။ မူလနို့ပုံသဏ္ဌာန် မပျောက်၍ ဘွဲ့တော်ကိုလည်း နို့ပုံစေတီဟုပင်ခေါ်ခဲ့သည်။ စေတီတော် ထီးတော်တင်ပြီး မကြာမီပင် ဒေါ်ဝိဟာရီ ကွယ်လွန်ခဲ့သည်။ နောက်ပိုင်း၌ ဆရာတော်အစဉ်အဆက် စေတီတော် ကြီးအား ပြုပြင်ခဲ့ကြသော်လည်း မူလနို့ပုံသဏ္ဌာန်ကား မပျောက်ကွယ်ခဲ့ပေ။

၁၃၂၇ ခုနှစ်တွင် ဘုရားကြီးကျောင်းတိုက်ကို ဆရာတော် ဦးဣန္ဒက ကြွရောက်တော်မူလာပြီး ဒေါ်ဝိဟာရီ ထီးတော်တင်လှူခဲ့သည့် ပုံစံအတိုင်း တည်ရှိနေသော မြသိန်းတန်ဘွဲ့မည်ပျောက်၍ နို့ပုံစေတီ ဘွဲ့မည်တွင်သော စေတီတော်ကြီးအား ပြုပြင်တည်ထားရန် ကြိုးပမ်းခဲ့သည်။

ဆရာတော် ဦးဣန္ဒကသည် ဆေးဝက်ပါဆရာတော်နှင့်အတူ တရားပွဲများကျင်းပ၍ စေတီတော်ပြုပြင်တည်ထားရန် အလှူငွေများ ကောက်ခံခဲ့သည်။ စေတီတော်အား ခေါင်းလောင်းရစ်အောက်အထိဖြိုပြီး အသစ်ပြန်လည်တည်ဆောက်ခဲ့သည်။ မြသိန်းတန်စေတီတော်သည် ပဲခူးရေလယ်ကျောက်တန်း ဆရာတော် ဦးရေဝတနှင့် သိမ်ဇရပ်ဘုရားကြီးကျောင်းဆရာတော် ဦးအာသဘကတို့မှ ကြီးမှူး၍ ထီးတော်အပြီးတင်လှူပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လိုက်နိုင်ခဲ့သည်။

ဆရာတော်ဦးဣန္ဒက ပြုပြင်ထီးတော်တင်ပြီးသည်မှစ၍ နို့ပုံစေတီ အမည်ပျောက်ကာ "ဆကေသဓာတုဝင် မဏိမေခလာထူပဝင် မြသိန်းတန်စေတီ" ဟူသော ဘွဲ့အမည်သာ ထင်ရှားပေါ်လွင်လာခဲ့ပေသည်။

*

စာရေးသူအနေနှင့် ဘုရားဖူးများ အသိနည်း၍ အရောက်အပေါက် နည်းလှသော မြသိန်းတန်စေတီတော်နှင့်ပတ်သက်၍ အတတ်နိုင်ဆုံး ကြိုးစား၍ တင်ပြလိုက်ရပေသည်။ မြတ်စွာဘုရားရှင်၏ ဆံတော်ရှင်အစစ် ကိန်းဝပ်စံပယ်တော်မူရာဖြစ်သော ဆံတော်ရှင် မြသိန်းတန်စေတီတော်အား မော်လမြိုင် ကျိုက္ခမီ ကျိုက်ထီးရိုးဘုရားဖူး ထွက်ခဲ့သော် သိမ်ဇရပ်မြို့ငယ်လေး၌ ဝင်ရောက်ဖူးမြော်ခြင်းဖြင့် တောင်းသောဆုနှင့် ပြည့်ဝပါစေကြောင်း ဆန္ဒပြု၍ ဤဆောင်းပါးကို ရေးသားပူဇော်လိုက်ရခြင်း ဖြစ်ပေသည်။

❒ **တက္ကသိုလ်မျိုး**

**မှီငြမ်းစာအုပ်**

၁။ သိမ်ဇရပ် ဆံတော်ရှင် မဏိမေခလာ ထူပဝင် မြသိန်းတန်စေတီတော်ကြီး သမိုင်း၊ ၁၉၉၃၊ ညောင်ခါးရှည်မှိုင်းဝေနှင့်ပိုင်စိုးဦး၊

၂။ မော်ကွန်းကျောက်စာ၊


၃။ ကိုယ်တိုင်သွားရောက် ဖူးမြော်လေ့လာခြင်း၊

၄။ ဆရာမောင်ညိုမှိုင်းနှင့် ဆရာလှိုင်ထွဋ် (ဝေါ) တို့အားလည်း ကျေးဇူးအထူးတင်မကြောင်း မှတ်တမ်းတင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ကေတုမတီ(တောင်ငူ)မြစည်းခုံ စေတီတော်မြတ်ကြီး

ကျော်သန်း(တိုင်းရင်းဆေး)

မြန်မာသက္ကရာဇ် ၈၉၂ ခုနှစ်တွင် [illegible]ကြီးညို ကံတော်ကုန်ပြီး သားတော် [illegible]င်ရွှေထီးသည် ကေတုမတီ (တောင်[illegible]) ထီးနန်းကို ဆက်ခံတော်မူသည်။

တပင်ရွှေထီး မင်းတရားသည် [illegible]တီရွှေနန်းကို ပြောင်းရွှေ့စံတော်[illegible]အခါ တောင်မင်းကြီး၏ သား[illegible]သည်း ဖြစ်သည့်အပြင် အထိန်း[illegible]ကြီးဖြစ်သော မင်းကြီးဆွေကို [illegible]တော်အရင်းကဲ့သို့ ရှိသေမြတ်နိုး[illegible]ဖြင့် မင်းရဲသိခ်သူဘွဲ့ ခံ၍ တောင်ငူဘုရင်ခံအဖြစ် အပ်နှင်းခဲ့လေသည်။

မင်းကြီးဆွေဆိုသူသည် ဘုရင့်နောင် ကျော်ထင်နော်ရထာ၏ ခမည်းတော်ဖြစ်သည်။ ထို့နောက် မင်းရဲသိခ်သူမှ မင်းရဲသီဟသူဘွဲ့ အမည်အဖြစ် ပြောင်းပြီး ချီးမြှင့်ခဲ့သည်။

မင်းကြီးဆွေသည် တောင်ငူရွှေနန်းကို စိုးစံပြီး မြန်မာသက္ကရာဇ် ၉၀၇ ခုနှစ်တွင် မြစည်းခုံစေတီတော်မြတ်ကို တည်ထား ကိုးကွယ်ခဲ့လေသည်။

မြစည်းခုံစေတီတော်မြတ်ကြီးသည် မြင့်မားသောခုံ(ဝါ) တောင်ကုန်းတည်၍ သရီရဓာတ်တော် မွေတော်နှင့် ရတနာပေါင်းစုံတို့ကို ဌာပနာ၍ စေတီတော် တည်ထားခဲ့သည်။ ဌာပနာသော ရတနာထဲ၌ အထက်ဌာပနာတိုက်တွင် မြဘုရား၊ အောက်ဌာပနာတိုက်တွင် မြပုခက်တို့ ပါဝင်သည်ကို အကြောင်းပြု၍ စေတီတော်ကြီးကို မြစည်းခုံဘွဲ့တော်ဖြင့် ကိုးကွယ်ခြင်းဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၂၁၃ ခုနှစ်တွင် ကိုလိုနီနယ်ချဲ့များ ဝင်ရောက်လာ၍ တောင်ငူမြို့ကို သိမ်းစဉ်အခါက မြစည်းခုံ စေတီတော်ကြီးသည် အထင်အရှားရှိလျက်ပင်ဖြစ်သည်။ ထိုစဉ်အခါက စေတီတော်ကြီးကို ဖျက်ဆီး၍ ဌာပနာတိုက်ကို ဖောက်ထွင်းပြီး ရတနာများကို ယူငင်ခြင်း ခံခဲ့ရသည်။ မြေအောက်ဌာပနာတိုက်ကိုမူ ဖုံးအုပ်ထားသော ကျောက်ဖျာအငယ်စား ငါးခုကိုသာ ဖောက်ထွင်းရရှိသဖြင့် ဘုရားရင်ပြင်တော်ပေါ်၌ ယခုတိုင် တွေ့မြင်နိုင်ပါသည်။ အောက်က ကျန်သော ကျောက်ဖျာကြီး သုံးချပ်ကို ကျွဲတစ်ရှဉ်းတည်းဖြင့် မဆွဲနိုင်သည့်အတွက် လက်လွှတ်ခဲ့ကြရသည်။


မြန်မာသက္ကရာဇ် ၁၂၅၇ ခုနှစ်တွင် မြို့သူ၊ မြို့သား၊ နယ်သူ၊ နယ်သားများ ပူးပေါင်း၍ အခွန်ဝန်မင်း ဦးဘော၊ မြို့ဝန်မင်း ဦးသာဇံ၊ မြူနီစီပယ်လူကြီး ဦးမှဲ့ အစရှိသော လူကြီးများဦးဆောင်၍ ကြေးသွန်းရုပ်ပွားတော်ကြီးကို သွန်းလုပ်ပူဇော်ခဲ့ကြသည်။

မန္တလေး မဟာမုနိရုပ်ပွားတော်ကြီးကဲ့သို့ ကိုယ်လုံးတော်ကြီးကို ကြေးဖြင့် လည်းကောင်း၊ မျက်နှာတော်၊ ဦးခေါင်းတော်များကို ရွှေ၊ ငွေ၊ ကြေးစသည်တို့ဖြင့် သွန်းလုပ်ပြီး စေတီတော်တည်ရာ၌ ပလ္လင်တော်ဖြင့် တည်ထားကိုးကွယ်ခဲ့ကြသည်။ ရုပ်ပွားတော်ကြီးသည် ကြေးချိန်ပိဿာ (၅၅၀၀) ကျော်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်းအတွင်းရှိ ဗုဒ္ဓဆင်းတုတော်



မဟာမုနိ ရုပ်ရှင်တော်မြတ် ပုံတူ ဗုဒ္ဓဆင်းတုတော်

မြစည်းခုံစေတီတော်မြတ်ကြီးသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက စစ်ဘေး စစ်ဒဏ် ခံခဲ့ရသည့်အတွက် အလွန်ခိုင်မာတောင့်တင်းသောအရုဏ်ခံအုတ်တိုက်တန်ဆောင်းကြီးမှာ ကြေမွပျက်စီးသွားခဲ့ရသည်။

သို့ရာတွင် ဂန္ဓကုဋိတိုက် ပလ္လင်တော်နှင့် ဗုဒ္ဓဆင်းတုတော်ကြီးသည် အထိအခိုက် လုံးဝမရှိဘဲ ကြွင်းကျန်ရစ်ခဲ့သည်မှာ အလွန်ထူးခြားလှသော တန်ခိုးတော်ပင် ဖြစ်လေသည်။

**ဩဝါဒဆရာတော်ကြီးများ**

၁။ မြစည်းခုံစာသင်တိုက်ကြီး ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ


၂။ မြစည်းခုံ စာသင်တိုက် တိုက်အုပ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဝိဇယ

၃။ ကြာနီကန်စာသင်တိုက် ဦးစီးပဓာနနာယက မဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော်ဦးသူရိယ

၄။ ဝဲကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒာဝရ


www.burmeseclassic.com

www.burmeseclassic.com



မဟာဗောဓိညောင်ပင်



ဂျာမနီမှ လှူဒါန်းသော ကြေးရုပ်တု



မြစည်းခုံဘုရား အရှေ့ဘက် မုခ်ဦးအဝင်ဝ



ဘိုးဘိုးကြီး

ဟူ၍ ဩဝါဒဆရာတော်ကြီး လေးပါးဖြင့် ဖွဲ့စည်းထားသည်။

**ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့**

(၁) ဦးလှကျော်၊ ဥက္ကဋ္ဌ
(၂) ဦးအောင်မြ၊ ဒု-ဥက္ကဋ္ဌ
(၃) ဦးလှမောင်(သမ)၊ အတွင်းရေးမှူး
(၄) ဦးဘုန်းတင့်၊ တွဲဖက် အတွင်းရေးမှူး
(၅) ဦးပင့်ဌေး၊ ဘဏ္ဍာရေးမှူး
(၆) ဦးအုန်းကြည်၊ ဘဏ္ဍာရေးမှူး
(၇) ဦးလှရွှေ၊ စာရင်းစစ်
(၈) ဦးမြင့်ဝေ၊ စာရင်းစစ်
(၉) ဦးတင်၊ အမှုဆောင်
(၁၀) ဦးလှစိန်၊ အမှုဆောင်
(၁၁) ဦးမြင့်သူ၊ အမှုဆောင်
(၁၂) ဦးစောလွင်၊ အမှုဆောင်
(၁၃) ဦးအောင်လွင်၊ အမှုဆောင်
(၁၄) ဦးအောင်ကျော်ဦး၊ အမှုဆောင်
(၁၅) ဦးသန်းလှိုင်၊ အမှုဆောင်

. . . ဟူ၍ မြစည်းခုံဘုရားကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကို အလုပ်အမှုဆောင် (၁၅)ဦးဖြင့် ဖွဲ့စည်းထားသည်။ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်တွင် ဂေါပကအဖွဲ့ ဖွဲ့စည်းတည်ထောင်ပြီး ဘုရားကုန်းတော်ကြီးကို ရှင်းလင်းသုတ်သင်ကာ လေးဖက်လေးတန် စောင်းတန်းများကိုလည်း ပြန်လည်ပြုပြင်ခဲ့သည်။ ဂန္ဓကုဋိတိုက် အမိုးပေါ်၌ မြင့်မားသပ္ပာယ်လှသော စေတီတော်ကြီးကိုလည်း တည်ထားလှူဒါန်းခဲ့ကြသည်။

ဂေါပက အဖွဲ့သည် ဩဝါဒ ဆရာတော်ကြီးများထံ၌ (၁၅-၁၂-၂၀၀၁)နေ့တွင် ပထမအကြိမ် (၂၅-၆-၂၀၀၂) နေ့တွင် ဒုတိယအကြိမ် ဩဝါဒ ခံယူကြသည်။ ထိုသို့ ဩဝါဒဆရာတော်ကြီးများထံမှ (၆)လတစ်ကြိမ် ဩဝါဒခံယူကာ မြစည်းခုံစေတီတော်မြတ်ကြီး ကြည်ညိုဖွယ်ဖြစ်စေရန် လိုအပ်သော လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြပါသည်။

ထိုသို့ ဘုရားကြီး၏ လေးဖက်လေးတန် စောင်းတန်းများကိုလည်း ထပ်မံတိုးချဲ့ပြုပြင်ရာ၌ မြန်မာမှုအစီအမံ



www.burmeseclassic.com

www.burmeseclassic.com

များဖြင့် မွမ်းမံဆောင်ရွက်ခဲ့ကြသည်။ ထိုအခါ စေတီတော်ကြီး၏ ဂုဏ်တော်၊ တန်ခိုးတော်တို့နှင့်အညီ တင့်တယ်လှပသော စောင်းတန်းကြီးနှင့် ခြင်္သေ့ရုပ်ကြီးများကို တွေ့မြင်ကြရသည်။

ထို့ပြင် ဘာသာရေးပွဲတော်များဖြစ်သည့် ပဝါရဏာပွဲတော်များ၊ နှမ်းမနဲပွဲတော်များ၊ ဆီမီးပူဇော်ပွဲတော်များကို နှစ်စဉ်ကျင်းပ ပူဇော်ခဲ့သည့်အပြင် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကြီးကိုလည်း နှစ်စဉ်နှစ်ဆန်း (၁)ရက်နေ့မှ (၆)ရက်နေ့အထိ ကျင်းပပူဇော်ခဲ့ကြသည်။ (၄၅) ကြိမ်ကျော်မျှ ရှိခဲ့သည်။

ထို့ကြောင့် မြစည်းခုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ သံဝေဇနိယ လေးဌာန အောင်မြေဗောဓိစသည့် ရဟန္တာ ပုဂ္ဂိုလ်ထူးများ၏ ကျောင်းဆောင်၊ ရွှေပောင်းအနုလက်ရာပြတိုက်၊ ဂျာမနီမှ လှူဒါန်းသော ရွှေပောင်းကြေးရုပ်ကြီး နှစ်ရုပ်ကလည်း ထူးခြားလှပါသည်။

ထို့ပြင် ကေတုမတီ(တောင်ငူ) မင်းဆက်များကို ပန်းချီဖြင့် သရုပ်ဖော်ရေးဆွဲထားသည်မှာ ဇာတိသွေး ဇာတိမာန် တက်ကြွဖွယ်ရာ အလွန်ကောင်းလှပါသည်။

ကေတုမတီ(တောင်ငူ) မြို့သို့ ရောက်လာပါလျှင် မြစည်းခုံစေတီတော်မြတ်ကြီးကို မဖြစ်မနေ ဖူးဖြစ်အောင် ဖူးလိုက်ကြပါဟု တိုက်တွန်းလိုက်ရပါသည်။

**❐ ကျော်သန်း(တိုင်းရင်းဆေး)**

**ကျမ်းကိုး**

စေတီတော်မြတ်ကြီး၏သမိုင်း

မြတ်ဘုရားရှင်က ဓမ္မပဒ၊ အဋ္ဌကထာ၊ ဒုအုပ်၊ အနဘိရတဘိက္ခု၊ စာမျက်နှာ ၁၅၅ မှာ လောကအိုးနဲ့ တရားအိုး နှစ်မျိုးအကြောင်းကို ဟောတော်မူပါတယ်။

လောကအိုးဖြစ်တဲ့ ဆယ်ဝင်အိုး၊ စိမ်ဝင်အိုး၊ ရာဝင်အိုး၊ ထောင်ဝင်အိုးတွေဟာ ဘယ်လောက်ပင် အရွယ်အစားကြီးကြီးဖြည့်ရင်ပြည့်နိုင်ပါတယ်။ တရားအိုးကတော့ အလွယ်တကူ ဖြည့်လို့ မပြည့်နိုင်ပါဘူး။ ပညာဉာဏ်နဲ့ ယှဉ်ပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ဖြည့်မှသာ ပြည့်နိုင်ပါတယ်။ ဖြည့်လို့ ရနိုင်ပါတယ်။ အိုးမှာ ပြည့်မယ့်အိုးနဲ့ မပြည့်မယ့်အိုး ဆိုပြီး အိုးနှစ်မျိုးနှစ်စား ရှိပါတယ်။

ပြည့်မယ့်အိုးကို ဖြည့်ရင်ပြည့်နိုင်ပေမယ့် မပြည့်မယ့်အိုးကိုတော့ ပြည့်အောင် ဖြည့်လို့ ဘယ်တော့မှမရနိုင်ဘူးလို့ ဘုရားရှင်က ဟောတော်မူပါတယ်။

လောကအိုး၊ သဒ္ဓါအိုး၊ ပညာအိုးနဲ့ တဏှာအိုး ဆိုပြီး အိုးလေးမျိုးလေးစား ရှိပါတယ်။ လောကအိုးဆိုတာ သောက်ဖို့၊ သုံးဖို့အတွက် အသုံးပြုနေကြတဲ့ ဆယ်ဝင်အိုး၊ ရာဝင်အိုးတွေပါ။ လောကအိုးကို ပြည့်လိုက ဖြည့်လို့ရနိုင်ပါတယ်။

ပညာအိုးကတော့ ကျင့်လို့သိလာရင် ပြည့်ပါတယ်။ သဒ္ဓါအိုးကတော့ ပေးကမ်းစွန့်ကြဲ လှူဒါန်းတဲ့ ဒါနလုပ်ငန်းကို ဆောင်ရွက်ရင် ပြည့်နိုင်ပါတယ်။ တဏှာအိုးကတော့ ဘယ်လောက် ဖြည့်ဖြည့် ပြည့်လာမှာ မဟုတ်ပါဘူး။

*တဏှာဆိုတာ လိုချင်တာပါ။*

လိုချင်တာဟာ အဆုံးအစမရှိပါဘူး။ လိုပြီးရင်း လိုနေတတ်ပါတယ်။ ရလေလိုလေ၊ သောက်လေ သောက်လေလေ ငတ်မပြေပါဘူး။ လိုချင်လာရင် ဘယ်လောက်ပဲပြည့်ပြည့် ပြည့်တယ်လို့ မထင်မှတ်ကြပါဘူး။ လိုပြီးရင် လိုလေပါ။ ဒါကြောင့်လည်း မြတ်ဘုရားရှင်က တဏှာအိုးကို မပြည့်နိုင်တဲ့အိုးလို့ ဟောတော်မူတာပါ။

လိုချင်တာဟာ အဆုံးအစမရှိပေမယ့် မလိုချင်တာကတော့ အဆုံးအစရှိပါတယ်။ ပါဠိလို လိုချင်တာက လောဘ၊ မလိုချင်တာက အလောဘ လို့ခေါ်ပါတယ်။တစ်ဖန် ***လိုချင်တာကို မဆုံးတဲ့လမ်းလို့ ခေါ်သလို မလိုချင်တာကိုကျတော့ ဆုံးတဲ့လမ်းလို့ ခေါ်ပါတယ်။*** မဆုံးနိုင်တဲ့ တဏှာလမ်း၊ လောဘလမ်းကိုလိုက်မိရင် ဒုက္ခပေါင်းစုံနဲ့ ကြုံတွေ့ကြရမှာပါ။ ဆုံးနိုင်တဲ့ အလောဘလမ်းကို လိုက်မိရင်တော့ ချမ်းသာသုခတွေနဲ့ ကြုံတွေ့ရမှာပါ။

ဘုရားရှင်လက်ထက်က မဆုံးနိုင်တဲ့လမ်းဖြစ်တဲ့ တဏှာလမ်း လောဘလမ်းကိုသွားဖို့ ကြံစည်နေတဲ့ အညတရရဟန်းတစ်ပါးကို အချိန်မီ ဆုံးမနိုင်တော်မူခဲ့ပါတယ်။

အဲဒီရဟန်းကို ဘုရားရှင်က ဆုံးနိုင်တဲ့ လမ်းဖြစ်တဲ့ အလောဘ လမ်းကို လျှောက်ဖြစ်အောင် အကြောင်းအကျိုး ရှင်းပြပြီးဟောတော်မူတာကြောင့် အညတရ ရဟန်းဟာ နောက်ဆုံးမှာ သောတာပန် ဖြစ်သွားရပါတယ်။

အဲဒီရဟန်းက ဖောက်ပြန်တာကရုပ်၊ သိတာက နာမ် ဆိုတဲ့ ဉာတပရိညာ တရားသဘောကို ပရိယတ္တိစာပေအရ သင်ယူနေတဲ့ ရဟန်းပါ။ အဲဒီရဟန်းရဲ့ ခမည်းတော်ဟာ သားတော်ရဟန်းအတွက်သင်္ကန်းဖိုးဆိုပြီး အသပြာတစ်ရာကျပ်ကို သူမကွယ်လွန်မီ သေလုမျောပါးအချိန်မှာ လှူဒါန်းခဲ့ပါတယ်။ ခမည်းတော်ဟာ သေခါနီးအချိန်မှာ ယောနိသော မနသိကာရ ဆိုတဲ့ နှလုံးသွင်းမှန်သွားလို့ သူသေသွားတော့ သူ့နောက်ကို ကုသိုလ်ထုပ်ပါသွားတယ်။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းဆိုတာ နေ့စဉ် နေပူမရှောင် မိုးရွာမရှောင်



www.burmeseclassic.com

www.burmeseclassic.com



# ကျိုးကလဲတသိန်းဝိုက်က မပြည့်နိုင်တဲ့တကျော့အိုး

ILLBI

ရပ်တကာရွာတကာ လှည့်လည်ပြီးကိုယ်တိုင်ဆွမ်းခံစားရမယ်လို့ ဘုရားရှင်က *ဥတ္တိဋ္ဌေနပ္ပမဇ္ဇေယျ* ဆိုပြီး ဝိနည်းတော်တစ်ရပ် ပြဌာန်းထားပါတယ်။

အညတရ ရဟန်းဟာ တစ်နေ့မှာ တစ်ပါးတည်း အတွေးဝင်ပြီး အိပ်မရ၊ စားမရဖြစ်ကာ ကိုယ်ခန္ဓာမှာလည်း ပိန်လှီလာပါတယ်။ ဘယ်လို အတွေးဝင်သလဲဆိုတော့ . . .

"သူတစ်ပါးရဲ့ အိမ်တွေမှာ လှည့်လည်ပြီး နေ့စဉ် မိုးရွာမရှောင် နေပူမရှောင် ဆွမ်းခံစားနေရတာ ငါ့အဖို့ မလျော်ဘူး၊ ငါ့အား ဖခမည်းတော် သက်န်းဖိုးဆိုပြီး လှူဒါန်းခဲ့တဲ့ အသပြာတစ်ရာကို အရင်းအနှီးပြုကာ လူ့ဘောင်ဘဝမှာ ဝမ်းကျောင်းရရင် အဆင်ပြေလိမ့်မယ်" လို့ အတွေးတွေဝင် ကြံစည်စိတ်ကူးပြီး လူထွက်ဖို့ နေ့ရက်ကိုသာ စဉ်းစားနေပါတယ်။

အညတရ‌ရဟန်းဟာ သာသနာ့နယ်မှာ နေရတာ မပျော်မွေ့ဘဲ ဖြစ်နေခံစားနေပါတယ်။ အဲဒီအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com

ရိပ်စားမိတဲ့ ထိုရဟန်းရဲ့ ဥပဇ္ဈာယ်ဆရာက ဘုရားရှင်ထံ ထိုအညတရရဟန်းကိုခေါ်ဆောင်သွားတယ်။ ဘုရားထံရောက်တော့ ဥပဇ္ဈာယ်ဆရာက ဘုရားရှင်အား အကြောင်းစုံ ရှိသေစွာလျှောက်ထားလိုက်ပါတယ်။

ထိုရဟန်းကို ဘုရားရှင်က . .

"လူ့ဘောင်ကျရင် ဘာလုပ်ကိုင်စားသောက်မလဲ" လို့ မေးတဲ့အခါ ထိုရဟန်းက "ခမည်းတော် တပည့်တော်အတွက် လျှုဒါန်းထားခဲ့တဲ့ အသပြာတစ်ရာနဲ့ ရင်းနှီးစားမယ်" လို့ ဘုရားရှင်ကို ပြန်လည်လျှောက်ထားလိုက်တယ်။

ထိုအခါ ဘုရားရှင်က အဆိုပါအသပြာတစ်ရာကျပ်နဲ့ လူ့ဘောင်မှာရင်းနှီးစားလို့ မလုံလောက်ကြောင်းကို အကျိုးအကြောင်း အသေအချာ ရှင်းပြပြီး ထိုရဟန်းကို ဘုရားရှင်က . . .

*န တဟာပဏ္ဍဝသောန၊ တိတ္တိ၊*
*ကာမေသုဝိဇ္ဇတိ၊ အပ္ပဿဒါ၊*
*ဒုခါကာမာ၊ ဣတိ၊*
*ဝိညာယ၊ ပဏ္ဍိတော* လို့
ဟောတော်မူပါတယ်။

လိုရင်းအဓိပ္ပာယ် မြန်မာပြန်ကလိုချင်တဲ့အာရုံ တဏှာအိုးဟာ ဘယ်ကမ္ဘာ ဘယ်သာသနာမှာမှ ထင်းတိမ်ရောင့်ရဲခြင်း မရှိပါ။ အလိုဆန္ဒတွေဟာ ဘယ်သောအခါမှ ပြည့်စုံတယ်လို့ မရှိခဲ့ဘူး။ ပညာရှိဟာ မပြည့်မယ့်အိုးနဲ့ ပြည့်မယ့်အိုး နှစ်မျိုးကို ကောင်းစွာ ခွဲခြားပြီး သိမြင်နိုင်တယ်။ ဒီတော့ မပြည့်မယ့်တဏှာအိုးကို မဖြည့်ပါနဲ့။ ပြည့်မယ့်ပညာအိုးကိုသာ ဖြည့်ကြပါ။ မပြည့်မယ့်အိုးကိုဖြည့်မိရင် ပင်ပန်းဆင်းရဲမယ်။ ဒုက္ခမျိုးစုံနဲ့လည်း ကြုံတွေ့ရမယ်။ ပြည့်မယ့်အိုးကို ဖြည့်ရင်တော့ မပင်ပန်းဘဲချမ်းသာမယ်။ ဘေးဥပဒ် အန္တရာယ်ရန်သူတွေနဲ့လည်း ကင်းဝေးမယ်။

ပညာဆိုတာ သိတာ၊ သိတာကိုသိအောင်လုပ်ရ ကျင့်ရမယ်။ ဘာကိုသိအောင်လုပ်ရ ကျင့်ရမလဲဆိုတော့ ရုပ်ကိုရုပ်မှန်း၊ နာမ်ကို နာမ်မှန်းသိအောင်လုပ်ရမယ်၊ ကျင့်ရမယ်၊ အားထုတ်ရမယ်။ ဖောက်ပြန်တာက ရုပ်၊ အာရုံကသိတာ နာမ်ကို သိအောင်လုပ်ရ ကျင့်ရအားထုတ်ရမယ်။ အဲဒီလို ရုပ်ကိုရုပ်မှန်း၊ နာမ်ကိုလည်း နာမ်မှန်းသိရင် ငါထင်သူထင်နေတဲ့ ဒိဋ္ဌိကို ပယ်ရခွာရမယ်။ ဒိဋ္ဌိကို ပယ်လိုက်တော့ ငါစွဲ သူစွဲလည်းပြုတ်တာပေါ့။

ငါမဟုတ်၊ သူမဟုတ်၊ယောက်ျားလည်းမဟုတ်၊ မိန်းမလည်း မဟုတ်။ အမှန်တော့ ရုပ်တရား၊ နာမ်တရားတွေပါလားဆိုတာသိရင် သက္ကာယဒိဋ္ဌိ ကွာမယ်။ ဒိဋ္ဌိ ကွာရင် အပါယ်လေးဘုံ ဖြစ်တဲ့ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွေမှ လွတ်ရတယ်။

တစ်ဖန် ရုပ်နဲ့နာမ်တို့ရဲ့ ဖြစ်တာ၊ ပျက်တာတွေကိုလည်း သိအောင်လုပ်ရ ကျင့်ရ၊ အားထုတ်ရမယ်။ ရုပ်နာမ်တို့ရဲ့ ဖြစ်ပျက်ကို မြင်တယ်၊ သိလာတယ်ဆိုရင်တော့ ဥစ္ဆေဒဒိဋ္ဌိပြုတ်မယ်၊ ကွာမယ်။

ပြီးတော့ ပျက်တာကိုလည်းမြင်တော့ ရုပ်နဲ့နာမ်ဟာ မြဲတယ်လို့ ယူဆနေတဲ့ သဿတဒိဋ္ဌိလည်း ပြုတ်မယ်။ ကွာမယ်။

ရုပ်နဲ့နာမ်ရဲ့ ဖြစ်တာ ပျက်တာကိုသိရင် ရုပ်နဲ့နာမ်ကို မုန်းလာမယ်။ ထပ်မလိုချင်တော့ဘူး။ ရုပ်နဲ့နာမ်ကို မုန်းပြီဆိုမှတော့ ရုပ်နဲ့နာမ်လည်း ဆုံးတော့တာပေါ့။ ရုပ်နာမ်ဆုံးတော့ ဒုက္ခတွေလည်း မရှိတော့ဘူး။ ဆင်းရဲတာတွေလည်း မရှိတော့ ငြိမ်းချမ်းတဲ့ သုခချမ်းသာကို ရပြီပေါ့။

အနှစ်ချုပ်လိုက်ရင် ရုပ်နာမ်ကိုသိတော့ မုန်းမယ်၊ မုန်းတော့ ဆုံးတယ်။ ဆုံးတော့ သန္တိသုခချမ်းသာဆိုတဲ့ နိဗ္ဗာန်ကို ရတာပေါ့။

အဲဒါ ပညာအိုးကို ဖြည့်တာပါ။ ပညာအိုး ပြည့်ရင် တဏှာအိုးက သူ့အလိုလို ကွဲသွားရတယ်။ ပညာအိုး မပြည့်ရင်တော့ တဏှာအိုးက မကွဲနိုင်ဘူး။ တဏှာအိုး မကွဲရင် တဏှာအိုးလိုအပ်သမျှတွေကို မပြည့်ပြည့်အောင်ဖြည့်ရပါတော့မယ်။ ဘာတွေပြည့်ရမလဲဆိုတော့ စားဖို့အတွက် ဖြည့်ရမယ်။ ဝတ်ဖို့အတွက်ဖြည့်ရမယ်။ နေဖို့အတွက်ဖြည့်ရမယ်။ ဒါတင်မက ကျန်းမာရေးအတွက် ဆေးဖိုးဝါးခတွေကိုလည်း ဖြည့်ရဦးမယ်။

မိမိတို့ ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးဟာ ဧည့်သည်တွေတည်းခိုနေကြတဲ့ တည်းခိုခန်းနဲ့ ပမာတူနေတယ်။ တည်းခိုခန်းရှိရာကို အလွှာစုံအသီးသီးက ဧည့်သည်တွေ လာရောက်တည်းခို ကြပါတယ်။ အသက်ကြီးတာရော၊ အသက်ငယ်တာရော၊ ဆင်းရဲတာရော၊ ချမ်းသာတာရော၊ လူဆိုးရော၊ လူကောင်းရော၊ ကျန်းမာသူရော၊ မကျန်းမာသူရော၊ ဂုဏ်ရှိသူရော၊ ဂုဏ်နိမ့်သူရော၊ အမျိုးမြတ်သူရော၊ အမျိုးယုတ်သူရော အဆင့်အတန်းမရွေး အလွှာအသီးသီးက လူမျိုးအဖုံဖုံက ဧည့်သည်တွေဟာ တည်းခိုခန်းမှာ လာရောက် တည်းခိုလေ့ရှိကြပါတယ်။ အားလုံးကို ကြိုဆိုလက်ခံမှာပါ။

လူကောင်းသူကောင်းတွေ လာတည်းခိုရင် အဲဒီတည်းခိုခန်းဟာ နာမည်ကောင်းရပေမယ့် လူဆိုးသူခိုးတွေလာရောက်တည်းခိုရင်တော့ အဲဒီတည်းခိုခန်းဟာ သိက္ခာကျပြီး နာမည်လည်းပျက်ရတတ်ပါတယ်။

တည်းခိုခန်းဆိုတာ လာရောက်တည်းခိုကြမယ့် ဧည့်သည်တွေအားလုံးကို ကြိုဆိုလက်ခံ ခွင့်ပြုရမယ်လေ။

မိမိတို့ ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးဟာလည်း တည်းခိုခန်းနဲ့ အလားသဏ္ဍာန်တူပါတယ်။ ခန္ဓာထဲကို ဝေဒနာအမျိုးမျိုး၊ ရောဂါအထွေထွေလာရောက်ပြီး ခန္ဓာကိုယ်ပျက်စီးအောင် ဖျက်ဆီးမှန်း သိလျက်နဲ့ မလွှဲသာ မရှောင်သာလက်ခံကြရပါတယ်။ လက်မခံချင်လည်းလက်ခံကြရမှာပါ။

သုခဝေဒနာ လာရောက်တည်းခိုရင် တဏှာသမားက ဝမ်းသာတယ်။ ချမ်းသာသုခကို ရလို့လေ။ အဲ- ဒုက္ခဝေဒနာ လာရောက်တည်းခိုလို့ကတော့



www.burmeseclassic.com

www.burmeseclassic.com

တဏှာသမားက ဒေါသအိုး ပေါက်ကွဲတော့တာပေါ့။

တဏှာသမားက သုခချမ်းသာကိုသာ လိုချင်တာ မဟုတ်လား။ ဒုက္ခဝေဒနာက ဆင်းရဲတော့ ခန္ဓာကြီးက လုံးဝ မကျေနပ်ဘူးပေါ့။

အမှန်တော့ ဝေဒနာ ဧည့်သည်တွေဟာ ခန္ဓာကိုယ်ထဲမှာ ဖြစ်လိုက် ပျက်လိုက် ဝင်လိုက် ထွက်လိုက်နဲ့ လုပ်နေတာကို ခန္ဓာကြီးက လုံးဝသဘောမတွေ့၊ မကျေနပ်ဘူး။

ဒိဋ္ဌိသုံးမျိုးရှိပါတယ်။ အဲဒါတွေကတော့ ***သက္ကာယဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနဲ့ သဿတဒိဋ္ဌိ*** တွေပါ။

သက္ကာယဒိဋ္ဌိက ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို သိပြီး မလိုချင်တာပါ။ ဥစ္ဆေဒဒိဋ္ဌိက ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့ရဲ့ ဖြစ်ခြင်းသဘောကို သိတာပါ။ နောက်ဆုံး ဒိဋ္ဌိဖြစ်တဲ့ သဿတဒိဋ္ဌိကတော့ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့ရဲ့ ပျက်ခြင်းသဘောကို သိတာပါ။ ဒိဋ္ဌိသုံးမျိုးကိုသိရင် ငါစွဲသူစွဲ ပြုတ်ပါတယ်။ ငါဆိုတာ သူဆိုတာလည်း မရှိပါဘူး။ အဲဒီဒိဋ္ဌိသုံးပါးရဲ့ နိယာမသဘော တရားကို မသိရင် ငါစွဲ သူစွဲတွေ မကွာနိုင်ပါဘူး။ တကယ်လို့ မိမိခန္ဓာမှာ ဝေဒနာပေါ်ရင် ငါ့ဝေဒနာလို့ပဲ ထင်ကြမြင်ကြပါတယ်။ ငါစွဲမပြုတ်ပါဘူး။

ဒိဋ္ဌိသုံးပါးရဲ့ သဘောသဘာဝကို သိထားရင်တော့ ငါစွဲကင်းပြီး ငါဆိုတာလည်း မရှိနိုင်တော့ဘူး။ ဝေဒနာပေါ်ရင် ငါ့ဝေဒနာလို့ မထင်မမြင်တော့ဘဲ ဝေဒနာလို့ပဲ ထင်လာ၊ မြင်လာပါတယ်။ ဆင်လည်း ဆင်ခြင်တတ်လာပြီး တရားတွေ ရလာပါလိမ့်မယ်။

တကယ်တော့ . . .

ခန္ဓာမှာ ဖြစ်ပေါ်ခံစားနေရတဲ့ ဝေဒနာဟာ ခန္ဓာမှာ အမြဲတမ်းတည်ရှိနေတာ မဟုတ်ပါဘူး။ ခေတ္တခဏသာ လာရောက်တည်းခိုပြီး ခန္ဓာကြီးပျက်စီးအောင် ဒုက္ခတွေ လာပေးနေကြတာပါ။ နှိပ်စက်ကြတာပါ။ ဒါပေမဲ့ အမြဲမနေ၊ အမြဲ ဒုက္ခမပေးတတ်ကြပါဘူး။ အချိန်တန်ရင် ခန္ဓာထဲက ထွက်ခွာသွားကြမှာပါ။ တားလို့ပင် မရနိုင်ပါဘူး။

ဧည့်သည်ဆိုတာ တည်းခိုခန်းမှာ ခေတ္တ တစ်ခဏသာ လာရောက်တည်းခိုသလို ဝေဒနာဟာလည်း ခန္ဓာအတွင်းမှာ ခေတ္တတစ်ခဏသာ လာရောက်တည်းခိုကြတာပါ။

ဝေဒနာဧည့်သည်မှန်သမျှ သုခပဲဖြစ်ဖြစ်၊ ဒုက္ခပဲဖြစ်ဖြစ် ခန္ဓာထဲမှာ အမြဲတမ်း မနေပါဘူး။

ခန္ဓာမှာဝေဒနာပေါ်ရင် သည်းခံခြင်းဆိုတဲ့ ခန္တီပါရမီနဲ့ ကြိုးစားပြီး ဖယ်ရှားပေးရမယ်။ တရားထိုင် တရားရှုမှတ်ချိန်မှာ ခန္တီပါရမီရှိဖို့ အထူးလိုအပ်ပါတယ်။ ခန္တီ သည်းခံစိတ် မရှိရင် တရားထိုင်၊ တရားရှုမှတ်ချိန်မှာ အဆင်မပြေဖြစ်တတ်တယ်။ တရားကိုလည်းအလျင်အမြန် မရရှိနိုင်ပါဘူး။

တရားထိုင်၊ တရားရှုမှတ်ချိန်မှာ ဝေဒနာတွေ ခံစားနေရပြီဆိုရင် ခန္တီဆိုတဲ့ သည်းခံခြင်းကို လက်ကိုင်ထားပြီး သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ စူးစူးစိုက်စိုက် ခံစားနေရတဲ့ဝေဒနာကို ရှုမှတ်ပေးရပါမယ်။

တကယ်လို့ ခေါင်းကိုက်နေရင် ခေါင်းကိုမရှုရဘဲ ခံစားနေရတဲ့ ဝေဒနာကိုသာ ရှုမှတ်ပါ။ ထိုနည်းတူ ဝမ်းဗိုက်ထဲက နာတာ၊ အောင့်တာဆိုရင်လည်း ဝမ်းဗိုက်ကိုမရှုဘဲ ခံစားနေရတဲ့ဝေဒနာကိုပဲ ရှုမှတ်ပေးပါ။

ဝေဒနာဟာ ခန္ဓာထဲမှာ အမြဲမနေပါဘူး။ အကြာကြီးလည်း မနေ၊ အကြာကြီးလည်း မခံစားရတတ်ပါဘူး။ ဝေဒနာဟာ ခန္ဓာထဲမှာ အခုပေါ်လိုက် တော်ကြာပျောက်သွားလိုက်နဲ့ အခုဖြစ်ပြီးရင်လည်း မကြာမီ ပျက်သွားရပါတယ်။ အခု ဝေဒနာကို ခံစားနေရပြီး မကြာမီ ဝေဒနာကို မခံစားရတော့ပါဘူး။ မိမိထံမှာ သည်းခံတဲ့ ခန္တီစိတ်ဓာတ်ရှိဖို့ပဲ လိုပါတယ်။

ဧည့်သည်တွေဟာ ခေတ္တခဏလာပြီး ပြန်ကြပါတယ်။ ဝေဒနာဟာလည်း ခန္ဓာထဲမှာ ခေတ္တသာခံစားရပြီး ပျောက်သွားပါတယ်။

အဲဒီလို ဘုရားရှင်က အညတရရဟန်းကို တဏှာအိုးအကြောင်း ဟောတော်မူအပြီးမှာ လိုချင်မှုဆိုတဲ့ တဏှာကြောင့် ဒုက္ခရောက်ရဆင်းရဲရတဲ့တရားသဘောကို ပညာဉာဏ်နဲ့ ကောင်းစွာ ဆင်ခြင်မိရာက သိရှိသွားပြီး အညတရရဟန်းဟာ သောတာပန် ဖြစ်သွားပါတယ်။ အညတရ ရဟန်းဟာ မပြည့်နိုင်တဲ့ မပြည့်မယ့် တဏှာအိုးကို မဖြည့်တော့ဘဲ ပြည့်နိုင်တဲ့ ပြည့်မယ် ပညာအိုးကိုသာ ကြိုးစားပြီး ဖြည့်ခဲ့လို့ ရုပ်နာမ်ဓမ္မသင်္ခါရတွေဟာဧည့်သည်တွေပါလားဆိုတာကို ကောင်းစွာ ဆင်ခြင်ရာမှ သိရှိသွားပါတယ်။

ဝေဒနာကိုခင်တွယ် သံယောဇဉ်ရှိနေမယ်ဆိုရင် ခင်တွယ်သူ သံယောဇဉ်ရှိသူသာ ဆင်းရဲရ ဒုက္ခရောက်ရပါလားဆိုတဲ့ တရားသဘော အမှန်ကို အညတရ ရဟန်းဟာ ကောင်းစွာသဘောပေါက် သိရှိသွားပါတယ်။

ဧည့်သည်ဖြစ်တဲ့ ရုပ်နာမ်တို့ရဲ့ ဖြစ်ပုံ ပျက်ပုံတွေကို ပိုင်ပိုင်နိုင်နိုင်ကြီး သိရှိသွားတဲ့ အညတရ ရဟန်းဟာ မိမိရထားတဲ့ ခန္ဓာကြီးကို မခင်တွယ် သံယောဇဉ်လည်း မဖြစ်တော့ဘဲ မုန်းလာတယ်။ မုန်းတော့ အဆုံးသတ်တာပေါ့။

ခန္ဓာကို ရှုမှတ်နေရင်းက တစ်ခါမြင် တစ်ခါမုန်း၊ တစ်ခါတည်း အဆုံးသတ်သွားပါတယ်။ မဂ်ပညာကို အသုံးချရင် လိုချင်တဲ့တဏှာ မလာနိုင်တော့ဘူး။ တဏှာကင်းရင် ဆင်းရဲတာတို့ ဒုက္ခရောက်တာတို့ မိမိထံမှာ ဖြစ်မလာနိုင်တော့ပါဘူး။ ဒါကြောင့် ဘုရားရှင်က "မပြည့်နိုင်တဲ့အိုးဟာ တဏှာအိုးပါ"လို့ ဟောတော်မူတာပါ။


❒ **ကျိုက်လတ်သန်းထိုက်**(LL.B) မှိုငြမ်း

သာသနာပြုလက်ဆောင်၊ မုံရွာ အရှင်ပဏ္ဍိတ၊ ဒွိပိဋကရေးဆရာတော်။



www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ မင်္ဂလာဒိုက်ကျောင်း မန္တလေးမြို့
ဦးချစ်ခွေဓမ္မာရုံ၌ ဟောကြားဆုံးမတော်မူသော

# မိမိကိုယ်ကို သုံးသပ်ရန် သမ္မုသနတရားတော်

(ယခင်လမှအဆက်)

ဒါဖြင့်ဒီတရားသည် ခင်ဗျားတို့ဝမ်းထဲ ရှိထိုက်ကောင်း၊ မရှိထိုက်ကောင်း (မရှိထိုက်ကောင်းပါ ဘုရား)။ မရှိထိုက်ကောင်းတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

သို့သော်လည်း ခင်ဗျားတို့က သူမရှိရင် ပျင်းတယ် (မှန်ပါ့ဘုရား)။ ခင်ဗျားတို့ စိတ်ထင်က ဘာတဲ့ (သူမရှိရင် ပျင်းပါတယ်ဘုရား)။ သူမရှိရင် ပျင်းတယ်တဲ့၊ ဘယ့်နှယ်ကြောင့် သူမရှိရင် ပျင်းသတုံး ဆိုတော့ အို. . . အိမ်ကလည်း ကလေးမရှိဘူး ဆိုလို့ရှိရင်ဖြင့် ခင်စရာ၊ ပွေ့စရာ၊ ကျင်ကြီး ကျုံးစရာက မရှိဘဲကိုးဗျ (မှန်ပါ့)။

ပျင်းလိုက်တာ၊ ဘာဖြစ်လို့ ပျင်းတာတုံး (ခင်စရာ မရှိလို့ပါ)။ သမုဒယ ခင်စရာမရှိတာနဲ့ ဘာဖြစ်ကုန်သတုံး (ပျင်းပါတယ် ဘုရား)။ ပျင်းကုန်တယ်၊ အိမ်ကြီးက ဇရပ်ကြီးဖြစ်နေတာပဲ၊ မပြောကြဘူးလား (ပြောပါတယ် ဘုရား)။ အင်း. . သူမရှိတော့ ခင်ဗျားတို့က ဘယ့်နှယ်တဲ့ (ပျင်းပါတယ် ဘုရား)။

ပျင်းတယ်ဆိုတော့ ဘယ်ကောင်းနိုင်စရာ ရှိသေးသတုံး (မှန်ပါ့)။ သူရှိတော့ကို ဆင်းရဲပေးမလို့ လာတယ် (မှန်ပါ့)။ ဆင်းရဲလက်စ မပြတ်အောင်လို့ လာတယ် (မှန်ပါ့ ဘုရား)။ ထွက်ရပ်လမ်းဆိုတာကို ပိတ်ပင်မလို့ လာတယ် (မှန်ပါ့)။ လူက သုံးဆင့်တောင် မကောင်းတာလုပ်တယ် (မှန်ပါ့)။ ရိပ်မိပလား



www.burmeseclassic.com

www.burmeseclassic.com

ပါပြီ)။ ၁၀-နံ့ပါတ် သူဝင်လာရင် ဘာလုပ် မလို့တုံး (ဆင်းရဲပေးမလို့ပါ ဘုရား)။

နောက်ကျလို့ရှိရင်တော့ဖြင့် ဆင်းရဲပေးရုံပဲလား ဆိုတော့ ဆင်းရဲလက်စ မပြတ်ရအောင်လို့လည်း စီမံဦးမယ် (မှန်ပါ)။ ကောင်းသေးရဲ့လား (မကောင်းပါဘုရား)။

ဆင်းရဲပေးမလို့ လာတာလည်း သူပဲ၊ ဆင်းရဲလက်စ မပြတ်ရအောင်လို့ လုပ်မှာလည်း (သူပါပဲ ဘုရား)။ ချမ်းသာ ဆီကျတော့၊ နိဗ္ဗာန်သွားမည့်ဆီကျတော့ ပိတ်ပင်လိုက် တယ် (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒီဥစ္စာ ကြည်ညိုထိုက်၊ မကြည်ညိုထိုက် (မကြည်ညိုထိုက်ပါ ဘုရား)။ ဒါဟာ ခင်ဗျားတို့ ပေါ်ပလား (ပေါ်ပါပြီ)။ တဏှာ၏အပြစ်ကို ပြောနေတယ် (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ နာရီကလည်း ပြန်တော့ ဝိပဿနာ မကူးပြန်ဘူး။ ဒီဟာ ဝိပဿနာရှုရမည့် အလုပ်ပဲ၊ သဘောကျပလား (ကျပါပြီ ဘုရား)။

ကဲ. . . အိမ်ကျရင် သုံးသပ်ရအောင် သင်လွှတ်ပါဦး မယ်၊ ရော၊ မရဏ ဘယ်ကလာသတုံး (ခန္ဓာငါးပါးက လာပါ တယ် ဘုရား)။ ခန္ဓာငါးပါး ဘယ်ကလာသလဲ (တဏှာက လာပါတယ် ဘုရား)။ တဏှာက ဘယ်ကလာသတဲ့ (ခင်စရာ မင်စရာက လာပါတယ် ဘုရား)။

ဒါဖြင့် ခင်စရာ၊ မင်စရာကို ဒကာ၊ ဒကာမတွေ ခင် ရာ မဟုတ်အောင် ရှုတတ်တဲ့ဉာဏ် မလာသေးသရွေ့ ဒီတဏှာ မသေသေးဘူး (မှန်လှပါ ဘုရား)။ ဒီတဏှာ မသေ သေးသရွေ့ ဒီခန္ဓာရမယ် (မှန်ပါ့ ဘုရား)။

ဒီခန္ဓာလာရင် ဒီ အိုဘေး၊ နာဘေး၊ သေဘေးတွေက ...တို့ ကိုယ်ပိုင်ပစ္စည်း ဖြစ်ရမယ်ဆိုတာ သေချာပလား (သေချာပါတယ် ဘုရား)။

ကိုင်း. . . နာရီစေ့လို့ နက်ဖြန်မှ ဝိပဿနာကူးကြစို့။ သာဓု . . . သာဓု . . . သာဓု။

❖

## ဝိပဿနာဉာဏ်မှ မဂ်ဉာဏ်သို့ ကူးပြောင်းပုံ တရားတော်

ဒကာ၊ ဒကာမတွေ ကိုယ့်နဖူးပေါ် လက်တင်တွေးကြ ...တဲ့ဥစ္စာ မှာလိုက်တယ်နော် (မှန်ပါ့ ဘုရား)။

အို၊ နာ၊ သေ ဘယ်ကလာပါလိမ့်မလဲလို့ တွေးဖြစ် ...င် တွေးပါနော် (မှန်ပါ့ ဘုရား)။ ဘယ့်နှယ်ကြောင့် ...ဘုန်းကြီးက အတွေးခိုင်းပါလိမ့်မလဲလို့ မေးတဲ့အခါကျ ...ရင်ဖြင့် သစ္စာမသိဘဲ နေမှာစိုးလို့ သတိပေးရပါသည်လို့ ...ရလိမ့်မယ်နော် (မှန်ပါ့ ဘုရား)။

သစ္စာမသိရင် သံသရာရှည်တယ်၊ သစ္စာသိမှ သံသရာ ပြတ်တယ် ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ပြီးထားတဲ့အခါကျ တော့ ဒီလိုပဋိလောမ ပြောင်းပြန်လှန်ပေးမှသာလျှင် သစ္စာ ကလည်း ရှင်းရှင်းလင်းလင်းနဲ့ ဘွင်းဘွင်းကြီးပေါ်လာတော့ တယ်ဆိုတာ မှတ်ထားရမယ် (မှန်ပါ့ ဘုရား)။

အဲဒီတော့ ဒကာ၊ ဒကာမတွေက ယခုလို အိုဖို့၊ နာဖို့၊ သေဖို့ အဆင်သင့် ရထားကြတယ်နော် (မှန်ပါ့ ဘုရား)။ အို၊ နာ၊ သေ အဆင်သင့်ဆိုတဲ့ ခန္ဓာကြီး ရမထားကြဘူးလား (ရထားပါတယ် ဘုရား)။

အဲဒီတော့ အို၊ နာ၊ သေဆိုတဲ့ အဆင်သင့်ခန္ဓာကြီး ဟာ ဒကာ၊ ဒကာမတို့ သိတဲ့အတိုင်းတဲ့ ဩော် . . . ဒီအို၊ နာ၊ သေဟာ တို့ မလွဲသာ မရှောင်သာ တွေ့ရမှာပဲ၊ ရှောင် သာတဲ့လမ်းများ ရှိလေသေးသလား၊ မရှောင်သာတဲ့ လမ်းပဲ လား ဆိုတာ နှစ်ချက်တွေးရမယ် (မှန်ပါ့ ဘုရား)။

အို၊ နာ၊ သေ ဆိုတာ ရှောင်သာတဲ့လမ်းလား၊ မရှောင် သာတဲ့လမ်းလားဆိုတာ နှစ်ချက်တွေးရမယ်နော် (မှန်ပါ့ ဘုရား)။ အို၊ နာ၊ သေဆိုတာ ရှောင်ရှားလို့ ဖြစ်တဲ့လမ်းလား သို့မဟုတ် ဟော. . . ဒါ ထုံးစံလားလို့ ဒီလို နှစ်ချက်တွေး ကြည့်စမ်းပါနော် (မှန်ပါ့ ဘုရား)။

နှစ်ချက် တွေးကြည့်တဲ့အခါကျတော့ ပေါ်လာပါလိမ့် မယ်ဆိုတာ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ မှတ်လိုက်စမ်းပါ (မှန်ပါ့)။ အို၊ နာ၊ သေတွေဟာ ဒကာ၊ ဒကာမတို့ ဘယ်က လာတာတုံးလို့ ကိုယ့်ဟာကိုယ်တွေးကြပါနော် (မှန်ပါ့ ဘုရား)။ ကိုယ့်ဟာကိုယ် တွေးကြတဲ့အခါကျတော့ ဘုန်းကြီး မနေ့က ကိုယ့်ဟာကိုယ် သုံးသပ်ကြပါလို့ ဘုရားက နိဒါနဝဂ္ဂသံယုတ် ပါဠိတော် သမ္မသနသုတ်မှာ ဟောထားတော့ အို၊ နာ၊ သေ သည်ကားလို့ရှိရင် ဒကာ၊ ဒကာမတို့ ဘယ်ကလာသတုံး (ခန္ဓာ ငါးပါးက လာပါတယ် ဘုရား)။ ကိုက်ပါပြီတဲ့၊ ခန္ဓာငါးပါးရှိလို့ ဩော်. . . အို၊ နာ၊ သေ လာတာပဲ (မှန်ပါ့)။

ဒီဘက်က အို၊ နာ၊ သေ၊ ဒီ အို၊ နာ၊ သေကားလို့ဆိုရင် ခန္ဓာရှိတဲ့ ပုဂ္ဂိုလ်၏ သွားရာလမ်းခရီး အဖြောင့်ကြီးဆိုတာ မှတ်သားလိုက်တာပေါ့ (မှန်ပါ့)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီနေရာမှာ ခန္ဓာသည်ကား လို့ ဆိုလို့ရှိရင်ဖြင့် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလို့ ခန္ဓာငါးပါးရှိတယ်နော်။ ဩော် . . . ဒီခန္ဓာငါးပါး ရှိနေလို့ရှိရင်ဖြင့် ဘာတွေများ ပေါက်ပွား ပြီး လာမတုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာငါးပါးထဲက အိုမှု၊ နာမှု၊ သေမှု ပေါက်ပွားလာတယ် (မှန်ပါ့ဘုရား)။

ခန္ဓာထဲက ဘာတွေများ ပေါက်ပွားလာမယ် (အိုမှု၊ နာမှု၊ သေမှုတွေ ပေါက်ပွားလာပါတယ်)။ အိုမှု၊ နာမှု၊ သေမှု တွေ ပေါက်ပွားလာလိမ့်မယ်ဆိုတာ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ရှင်းကြပါရော့မယ်နော် (မှန်ပါ့)။



www.burmeseclassic.com

www.burmeseclassic.com

ဪ. . . ဒါဖြင့် ခန္ဓာရှိရင်ကောင်းသလား၊ မရှိရင်ကောင်းသလား ဆိုတဲ့ဥစ္စာ ယခုအချိန်ကစပြီး တွေးလိုက်လို့ရှိရင်ဖြင့် အင်း. . . ခန္ဓာမရှိရင် ကောင်းတယ် (မှန်ပါ့)။

ဒကာ၊ ဒကာမတို့ ဘယ်လိုတွေးမိကြသလဲ (ခန္ဓာမရှိရင် ကောင်းပါတယ် ဘုရား)။ ဪ. . . ခန္ဓာမရှိရင် ကောင်းတယ်ဆိုတဲ့ဥစ္စာ ပေါ်လာတယ်။ ဘာကြောင့်တုံးလို့ ဆိုလို့ရှိရင် ခန္ဓာကိုယ်ရှိလို့ အို၊ နာ၊ သေလာပါတယ် (မှန်ပါ့ ဘုရား)။ ခန္ဓာရှိလို့ ဘာပါလိမ့် (အို၊ နာ၊ သေ လာပါတယ် ဘုရား)။

အင်း. . . ဒီ အို၊ နာ၊ သေဟာ ဘယ်ကများ အညွန့်အညောက်တွေပေါက်ပြီး သကာလ လာပါလိမ့်မလဲလို့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ မှန်မှန်ကန်ကန် သစ္စာဉာဏ်နဲ့ တွေးလိုက်တဲ့အခါကျတော့ ခန္ဓာက ပေါက်ပွားလာတယ် (မှန်ပါ့)။ ဒါဖြင့် ဒီခန္ဓာသည်ကားလို့ ဆိုရင်ဖြင့် ဒကာ၊ ဒကာမတို့ ဘယ်ခန္ဓာရရ အို၊ နာ၊ သေ ဆိုတဲ့ အသီးအပွင့်တွေပဲ ထွန်းကားလာမှာပဲ၊ ပေါက်ပွားလာမှာပဲဆိုတာ ငြင်းဖို့လိုသေးသလား (မလိုပါ ဘုရား)။ အင်း. . . ခန္ဓာရှိရင် ဘာတွေများ ထွန်းကားပေါက်ပွားလာပါ့မယ် (အို၊ နာ၊ သေတွေ ပေါက်ပွားလာပါ့မယ် ဘုရား)။

အင်း. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ ခန္ဓာဆုတောင်းမိတဲ့အတွက်၊ ခန္ဓာရအောင် ကြိုးစားမိတဲ့အတွက် အို၊ နာ၊ သေနဲ့ဖြင့် မခွဲနိုင် မခွာရက် ဖြစ်ပြီးသကာလ မကြိုက်တာကြီးနဲ့ တွေ့ရတော့မယ် (မှန်ပါ့ ဘုရား)။

အို၊ နာ၊ သေ ဆိုတာ ကြိုက်စရာလား၊ မကြိုက်စရာလား (မကြိုက်စရာပါ ဘုရား)။ မကြိုက်စရာအဖြစ်ဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

အဲဒီတော့ သူမကြိုက်တာသည် ဘုန်းကြီးတို့က အပြစ်မဆိုပါဘူးတဲ့။ သူဟာတော့ရောက်မှ ခင်ဗျားတို့က မကြိုက်တာ။ သူရေသောက်မြစ်က ဘယ်ကလာသတုံးဆိုတာ တွေးလိုက်တော့မှ ခန္ဓာငါးပါးက လာတာ (မှန်ပါ့ ဘုရား)။ ဒကာ၊ ဒကာမတို့ အို၊ နာ၊ သေ ဘယ်ကလာပါလိမ့် (ခန္ဓာငါးပါးက လာပါတယ် ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကို ရချင်တဲ့ ပုဂ္ဂိုလ်ဟာ အို၊ နာ၊ သေ ဆုတောင်းပြည့်ချင်လို့ (မှန်ပါ့ ဘုရား)။ ခန္ဓာငါးပါး ရချင်တဲ့ပုဂ္ဂိုလ်များဟာ (အို၊ နာ၊ သေ ဆုတောင်းပြည့်ချင်လို့ပါ)။

အို၊ နာ၊ သေ ဆုတောင်းပြည့်ချင်လို့ ဆိုတော့ လူဖြစ်ရပါလို၏။ အို၊ နာ၊ သေနဲ့အတူ နေရပါလို၏။ နတ်ဖြစ်ရပါလို၏ ဆိုရင်ကော (အို၊ နာ၊ သေနဲ့အတူ နေရပါလို၏ ဘုရား)။

ဒါကို ခင်ဗျားတို့ကလည်း လူ့ပြည်၊ နတ်ပြည် အကြိမ်ကြိမ် ခံစား၍ဆိုတော့ အို၊ နာ၊ သေတွေ အကြိမ်ကြိမ်တွေ့ရ၍ဆိုတဲ့ အဓိပ္ပာယ် ရောက်၊ မရောက် (ရောက်ပါတယ် ဘုရား)။ ဒါဖြင့် ခင်ဗျားတို့၏ အမှားတော်ပုံပေါ်ဗျ (မှန်ပါ့ ဘုရား)။

ဘယ့်နှယ်ကြောင့် မှားပါလိမ့်မလဲလို့ လက်သည်ရှာတော့မှ ဒကာ၊ ဒကာမတို့ မှားပုံက တခြားကြောင့် မှားတာ မဟုတ်ဘူး။ အိုတာလည်း ဇရာပိ ဒုက္ခသစ္စံ၊ ဗျာဓိပိ ဒုက္ခသစ္စံ၊ မရဏမ္ပိ ဒုက္ခသစ္စံ ဆိုတော့ ဒီဒုက္ခသစ္စာ သုံးချက်ကို ဒကာ၊ ဒကာမတွေ မသိတော့ ခန္ဓာ ဆုတောင်းနေတတ်တယ် (မှန်ပါ့)။

ဒီသစ္စာကို မသိတော့ ဘာတုံး (ခန္ဓာဆုတောင်းပါတယ် ဘုရား)။ ခန္ဓာဆုတောင်းနေလိုက်ကြတာ ကိုယ်ကျိုးနည်းပါပြီ။ ဒကာ၊ ဒကာမတို့ ခန္ဓာဆုတောင်းယူလိုက်တာ ဘယ့်နှယ်ဖြစ်လာသတုံး (ကိုယ်ကျိုးနည်းပါပြီ ဘုရား)။

အို၊ နာ၊ သေနဲ့တွေ့ရတော့ ဒကာဝ ဒါဟာ ဪ. . . ငါတို့အလွဲအချော်တွေဖြင့် လုပ်မိပေါ့လို့ ဆိုလို့ရှိရင် လွဲပါ့မလား (မလွဲပါ ဘုရား)။ လူခန္ဓာဖြစ်ရပါလို၏၊ နတ်ခန္ဓာ ဖြစ်ရပါလို၏ ဆိုတော့ အို၊ နာ၊ သေနဲ့ မခွဲရပါလို၏။ ဒီမရောက်ကြဘူးလား (ရောက်ပါတယ် ဘုရား)။

ဪ. . . ခင်ဗျားတို့ကလည်း ကိုယ့်ဟာကိုယ် ပါးစပ်ထဲမှာ ထည့်ရင်းမတ္တနဲ့ အရုပ်ဆိုးတာ၊ မသိတာက အတော်နာတယ် (နာပါတယ် ဘုရား)။ လူခန္ဓာဖြစ်ရပါလို၏ ဆိုတော့ (အို နာ သေနဲ့ မခွဲမခွာ ဖြစ်ရပါလို၏၊ နတ်ခန္ဓာ ဖြစ်ရပါလို၏ ဘုရား)။

ဪ. . . နောက်ဖြင့် ဘယ်တော့မှ နှုတ်ထဲမထည့်လိုက်ပါနဲ့နော် (မှန်ပါ့ ဘုရား)။ ဘယ့်နှယ်ကြောင့်တုံးဆိုတော့ ဒီလူခန္ဓာ ဖြစ်ရပါလို၏ဆိုတော့ ပုဂ္ဂိုလ်ဟာ ဘာကိုမသိလို့တုံးလို့ မေးတဲ့အခါကျတော့ အို၊ နာ၊ သေ ဒုက္ခသစ္စာမသိလို့ (မှန်ပါ့)။

မိမိခန္ဓာကြီးကလည်း ဒုက္ခသစ္စာလို့ မသိလို့ (မှန်ပါ့)။ ပေါ်ကြပလား (ပေါ်ပါပြီ)။ ဒကာသစ် ဘာမသိတာတုံး (မိမိခန္ဓာကိုယ် ဒုက္ခသစ္စာလို့ မသိတာပါ ဘုရား)။ ဘုရားကလည်း ဘုရားတိုင်းပဲ ဒကာ၊ ဒကာမတို့ တရားဦး ဟောတော်မူတဲ့အခါ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စာ၊ ဟ. . . ဒုက္ခသစ္စာကွ၊ မင်းတို့ခန္ဓာကြီးဟာ ဘယ့်နှယ်များ ဟောတော်မူခဲ့ကြပါလိမ့် ဘုရားရှင်တို့က (ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စာပါ ဘုရား)။

ကိုယ်တော်တို့က ဒုက္ခသစ္စာလို့ ဟောတယ်၊ တပည့်တော်တို့က ရရပါလို၏ (မှန်ပါ့ ဘုရား)။ ဘုရားက (ဒုက္ခသစ္စာလို့ ဟောပါတယ်)။ ခင်ဗျားတို့က (ရရပါလို၏)။ ဘယ့်နှယ်တုံး၊ ဘာလုပ်ကြတာတုံး ခင်ဗျားတို့ဟာက (ဘုရားကိုအရွဲ့တိုက်နေကြတယ်)။ ဘုရားကို ခင်ဗျားတို့ဟာက (ဘုရားကိုအရွဲ့တိုက်နေကြတယ်)။ ဘုရားကို ခင်ဗျားတို့ ဘေးတိုက်တဲ့ အဓိပ္ပာယ် မရောက်ဘူးလား (ရောက်ပါတယ် ဘုရား)။

ဘယ့်နှယ် တိုက်ချင်လို့ တိုက်တာလားလို့ မေးတဲ့အခါကျတော့မှ တိုက်ချင်လို့ တိုက်တာမဟုတ်ပါဘူး၊ ကိုယ့်ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com

ဒါမှာ သစ္စာမသိလို့ တိုက်မိလျက်ကြုံပါတယ် (မှန်ပါ့ ဘုရား)။ ကိုယ့်ဉာဏ်ထဲ သစ္စာမသိလို့ (တိုက်မိလျက် ကြုံပါတယ်)။ ကိုယ့်ဉာဏ်ထဲ သစ္စာမသိလို့ တိုက်မိလျက်ကြုံလို့ရှိရင်လည်း သစ္စာမသိတဲ့ ဘဝတိုင်းမှာဖြင့် ခန္ဓာရရပါလို၏ချည်း လာကြတာပဲ (မှန်လှပါ ဘုရား)။ တခြားလာစရာ ရှိသေးရဲ့လား (မရှိပါဘုရား)။ အဲဒါကြောင့် ခင်ဗျားတို့ သစ္စာသိရင် သံသရာ ပြတ်ပါလိမ့်မယ် ဆိုတဲ့အဓိပ္ပာယ်ဟာ ရှင်းသွားပါလိမ့်မယ် (မှန်ပါ့ ဘုရား)။ မရှင်းကြသေးဘူးလား (ရှင်းပါတယ် ဘုရား)။ သစ္စာသိရင် (သံသရာ ပြတ်ပါတယ်)။ သံသရာ ပြတ်ပါလိမ့်မယ်။

ဒါကြောင့် ဒီတရားမှာဖြင့် သစ္စာအဓိကထားတယ်ဆို တဲ့သစ္စာ သေသေချာချာမှတ်ဖို့ရာ အခု လေးလေးစားစား ပြောနေတယ်လို့ စိတ်ထဲက ဆုံးဖြတ်ချက်ချပါနော် (မှန်ပါ့)။ ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ အို၊ နာ၊ သေ ဘယ်က လာပါတယ် (ခန္ဓာငါးပါးက လာပါတယ် ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကိုရအောင် လုပ်ကောင်း၊ မလုပ်ကောင်း (မလုပ်ကောင်းပါ ဘုရား)။ ဘာကြောင့်မလုပ်ကောင်း ပါလိမ့် ဒကာ၊ ဒကာမတို့ (ဒုက္ခသစ္စာဖြစ်၍ မလုပ်ကောင်းပါ ဘုရား)။

ဒုက္ခသစ္စာမို့ ဒကာဝရေ ဦးခင်မောင်ရေ ရိပ်မိပလား (မှန်ပါ့ ဘုရား)။ ခန္ဓာငါးပါးဟာ ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)။

ဒုက္ခသစ္စာကြီးဟာ ဘာတွေများ အညွန့်အညှောက် တွေ ပေါက်တတ်တယ်ဆိုတာ မပေါ်သေးဘူးလား (ပေါ်ပါ တယ် ဘုရား)။ အင်း. . . ဘာတွေများ အညွန့် အညှောက် တွေ ပေါက်ပါလိမ့် (အို၊ နာ၊ သေတွေ ပေါက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဘဝ ဒကာ၊ ဒကာမတွေ အခု တရားနာနေ ကြတာ ယောက်ျားတွေလား၊ မိန်းမတွေလားလို့မေးရင် ဘယ့် နှယ်ဖြေကြမလဲ (ခန္ဓာငါးပါးတွေပါ ဘုရား)။ ခန္ဓာငါးပါး ဘယ် တရားတွေပါလိမ့် (ဒုက္ခသစ္စာတရားတွေပါ ဘုရား)။

ဒုက္ခသစ္စာတရားတွေ၊ အင်း. . . ရှေ့ကို တပည့်တော် တို့ အေခင်မေးလိုက်တဲ့အခါ အိုဇာတာကောင်းမှာလို့ မေးချင် လည်း ခင်ဗျားတို့မေး၊ မလွဲသာရင်လည်း မေးကြတာပေါ့ဗျာ နော် (မှန်ပါ့ ဘုရား)။

အိုဇာတာကောင်းမှာလား၊ နာဇာတာကောင်းမှာလား၊ သေဇာတာကောင်းမှာလား၊ မသာကြီးချများ ဖြစ်မှာလားလို့ မေးနဲ့တော့ (မှန်ပါ့ ဘုရား)။ ရိပ်မိပလား (မှန်ပါ့)။ ဒီသုံးခု ကိုယ်ပိုင်ရမှာပဲ (မှန်ပါ့ ဘုရား)။ အိုမှုကြီးလည်း ကိုယ်ပိုင်ရ မယ်၊ နာမှုကြီးကော (ကိုယ်ပိုင်ရမှာပါ)။ သေမှုကြီးကော ကိုယ်ပိုင်ရပါမယ် ဘုရား)။

အဲဒါ အိုဇာတာကောင်းတာသာ မှတ်ပေရော့ ခင်ဗျား တို့ (မှန်ပါ့ ဘုရား)။ နောက်ကို သွားမမေးကြနဲ့နော် (မှန်ပါ့ ဘုရား)။ ဘာဖြစ်လို့ မမေးနဲ့လဲဆိုတော့ ခန္ဓာကြီး၏ အညွန့် အညှောက်ပေါက်မှာက ဒီသုံးညွန့်ပဲရှိတယ် (မှန်လှပါ ဘုရား)။ အိုညွန့်၊ နာညွန့်၊ သေညွန့် ပေါက်မယ် (မှန်ပါ့ ဘုရား)။

ခန္ဓာကြီး အညွန့်ပေါက်လာမှာက (အိုညွန့်၊ နာညွန့်၊ သေညွန့် ပေါက်ပါမယ်)။ အခု ဒကာတွေထဲမှာ အရွယ် သုံး ဆယ်တွေ၊ လေးဆယ်တွေ၊ ငါးဆယ်၊ ခြောက်ဆယ်တွေ ပါကြ ပါတယ် (မှန်ပါ့ ဘုရား)။

တပည့်တော်တို့ ရှေ့ဘာဖြစ်ဦးမှာတုံး၊ ဟာ. . . ဒကာ၊ ဒကာမတို့ မမေးနဲ့နော်၊ ရှေ့ကို ဒါသုံးခုရလိမ့်မယ် ခင်ဗျားတို့ (မှန်ပါ့ ဘုရား)။ ကိုညွန့်ရွှေ (ဒါသုံးခုပဲ ရပါမယ်ဘုရား)။ ဦးခင် မောင်ရေ ခန္ဓာက ဒါပဲ ပေါက်သွားမယ်နော် (မှန်ပါ့)။ ရွှေတွေ၊ ငွေတွေ ထွက်လာဖို့ မြင်သေးသလား (မမြင်ပါ ဘုရား)။

ခင်ဗျားတို့ကတော့ ရွှေတွေ၊ ငွေတွေ ထွက်လာမယ် ထင်လို့ မေးကြတာပဲ။ အိုဇာတာ ကောင်း၊ မကောင်း မေးတာ ပဲ (မှန်ပါ့ ဘုရား)။ မေးပင်မေးငြားသော်လည်း ခန္ဓာကထွက် လာတာက ဒါပဲလာမယ်တဲ့ (မှန်ပါ့ ဘုရား)။ သဘောပါကြ လား (ပါ ပါတယ် ဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ကြီးက ဘာအညွန့်တွေများ ပေါက် မယ်ဆိုတာဖြင့် ယနေ့ မရှင်းသေးဘူးလား (ရှင်းပါပြီ ဘုရား)။ အိုညွန့်၊ နာညွန့်၊ သေညွန့် ဒါတွေပဲ ပေါက်မယ်ဆိုတာ မသေ ချာဘူးလား (သေချာပါတယ် ဘုရား)။ ဘယ်ကထွက်လာတဲ့ အညွန့် အညှောက်တွေပါလိမ့် (ခန္ဓာကထွက်လာတဲ့ အညွန့် အညှောက်တွေပါ ဘုရား)။

ဪ. . . ဒါဖြင့် ခန္ဓာငါးပါးရအောင် ဆုတောင်းမိ တဲ့အတွက်၊ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာလို့ မသိဘဲနဲ့ ရမ်းပြီး သကာလ တောင်းလိုက်တဲ့အတွက် တပည့်တော်တို့ဖြင့် ကိုယ် ကျိုးနည်းပါပေါ့လား၊ အိုညွန့်၊ နာညွန့်၊ သေညွန့်တွေကဖြင့် မပေါက်ပါနဲ့ဆိုလို့ကို ရသေးရဲ့လား (မရပါ ဘုရား)။ ရှင်းပြီ နော် (ရှင်းပါပြီ ဘုရား)။

ကဲ. . . ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပြန်သုံး သပ်ပါကွာဆိုလို့ သမ္မသနသုတ်ကို ဟောနေတဲ့အတွက် အို၊ နာ၊ သေ ဘယ်ကလာပါလိမ့် (ခန္ဓာငါးပါးက လာပါတယ် ဘုရား)။

အဲဒါ ကိုယ့်ဟာကိုယ် သုံးသပ်ကြနော် (မှန်ပါ့)။ ကိုယ့် ဟာကိုယ် သုံးသပ်ကြတဲ့အခါကျတော့ဆိုရင်ဖြင့် အို၊ နာ၊ သေ ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)။

ကောင်းပြီ၊ ခန္ဓာငါးပါးကို ဒီနေရာထဲ မှတ်လိုက်စမ်း ပါဦး။ ခန္ဓာငါးပါးရှိလို့ အို၊ နာ၊ သေ လာသောကြောင့် ဒကာ၊ ဒကာမတို့ ခန္ဓာကိုယ်က သမုဒယသစ္စာ၊ အို၊ နာ၊ သေက (ဒုက္ခသစ္စာပါ ဘုရား)။

ခန္ဓာမရှိအောင် ချုပ်နိုင်လို့ရှိရင် ဘာဆိုကြမယ် (မဂ္ဂ သစ္စာ)။ မရှိတာကို နိရောဓသစ္စာ (မှန်ပါ့)။ မရှိအောင် ချုပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ရင် (မဂ္ဂသစ္စာပါ ဘုရား)။ မရှိတော့ဘူး ဆိုလို့ရှိရင် (နိရောဓ သစ္စာပါ ဘုရား)။ နိရောဓသစ္စာ ဖြစ်ပါတယ်ဆိုတာ ပေါ်ကြ ပလား (ပေါ်ပါပြီ ဘုရား)။

ဩော်. . . လေးချက်စေ့သွားပြီ။ လေးချက်ကို အို၊ နာ၊ သေက ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)။ ခန္ဓာက ဘာ သစ္စာ (သမုဒယသစ္စာပါ ဘုရား)။ ခန္ဓာမရှိအောင် ကျင့်တဲ့ အကျင့်က (မဂ္ဂသစ္စာပါ ဘုရား)။ ကျင့်လို့ ခန္ဓာပါ ဆုံးရှုံးသွား မယ်ဆိုရင် ဘာသစ္စာလဲ (နိရောဓသစ္စာပါ ဘုရား)။

ဩော်. . . ဒါဖြင့် ခန္ဓာမရှိမှ နိဗ္ဗာန်ပါလား (မှန်လှပါ ဘုရား)။ ခန္ဓာမရှိတော့ အို၊ နာ၊ သေကော (မရှိပါဘုရား)။ ဩော်. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ ကျင့်တဲ့ပုဂ္ဂိုလ်ဟာ တယ် ကျေးဇူးရှိပါကလား (မှန်ပါ့ ဘုရား)။

သမုဒယသစ္စာလည်း ချုပ်၊ ဒုက္ခသစ္စာလည်း သိမ်း၊ ကျင့်တဲ့ပုဂ္ဂိုလ်များမှာ ဒုက္ခသိမ်းပါတယ် ဆိုတာကော ရှင်းကြ ပလား (ရှင်းပါပြီ ဘုရား)။ ကောင်းပြီ ဒါဖြင့် ဒီနေရာမှာ သစ္စာဖွဲ့လိုက်တာနဲ့ ဒကာ၊ ဒကာမတွေ သိသွားပါပြီတဲ့။

ပြန်ပြီး နောက်ဆုတ်တွေးပါဦး ဒကာ၊ ဒကာမတို့နော်၊ နောက်ဆုတ်တွေးတဲ့အခါကျလို့ရှိရင် ခန္ဓာငါးပါး ဘယ်ကလာ ပါလိမ့် (တဏှာက လာပါတယ် ဘုရား)။ တဏှာကလာတယ်၊ ဩော်. . . တယ်ဆိုးတဲ့ တရားပါကလား ဒကာ၊ ဒကာမတို့၊ ခန္ဓာငါးပါး ဘယ်ကလာပါလိမ့် ဒကာ၊ ဒကာမတို့ (တဏှာက လာပါတယ် ဘုရား)။

ဩော်. . . ဒါဖြင့် တဏှာက သမုဒယသစ္စာ၊ ခန္ဓာက (ဒုက္ခသစ္စာပါ ဘုရား)။ တဏှာနဲ့ ခန္ဓာ ချုပ်အောင်ကျင့်တဲ့ အကျင့်က (မဂ္ဂသစ္စာပါ ဘုရား)။ တဏှာရော ခန္ဓာရော ချုပ် သွားမယ်ဆိုရင် (နိရောဓသစ္စာပါ ဘုရား)။

ဩော်. . . ဒီလိုသိရမယ်တဲ့၊ ဒီလိုသိရမယ်၊ သစ္စာ ဒီလိုလိုက်သွားရမယ်နော် (မှန်ပါ့)။ တော်တော် အဖိုးတန်လာ ပြီ ဒကာ၊ ဒကာမတို့။ မနေ့က သယ်ပိုးထားတာနဲ့ ယနေ့တော့ ဖြင့် ဒကာ၊ ဒကာမတွေ ဉာဏ်တော်တော်ထက်လာပြီ (မှန်ပါ့)။ ကိုင်း. . . ခန္ဓာငါးပါး ဘယ်ကများလာပါလိမ့် (တဏှာက လာပါတယ် ဘုရား)။ တဏှာ သမုဒယက လာတယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

ဩော်. . . တဏှာက ဘာသစ္စာ (သမုဒယသစ္စာပါ ဘုရား)။ အင်း. . . သူက ဖြစ်စေတဲ့အကျိုး၊ ခန္ဓာတရားကြီး က (ဒုက္ခသစ္စာပါ ဘုရား)။ သူတို့နှစ်ခု ချုပ်အောင်ကျင့်နိုင်တဲ့ အကျင့်က (မဂ္ဂသစ္စာပါ ဘုရား)။ တကယ် ချုပ်သွားတဲ့အခါ ကျတော့ (နိရောဓသစ္စာပါ ဘုရား)။

ဩော်. . . ဒီလိုချုပ်သွားပြန်တော့ နိဗ္ဗာန်ဆိုတာ သူတို့နှစ်ခုချုပ်တာ ဆိုတာပါကလား (မှန်လှပါ ဘုရား)။ ပေါ် ကြပလား (ပေါ်ပါပြီ)။ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့် (သူတို့နှစ်ခု ချုပ်တာပါ ဘုရား)။ သမုဒယနဲ့ ဒုက္ခချုပ်တာကို ဆိုပါတယ် (မှန်ပါ့)။ ဒကာ၊ ဒကာမတို့ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့် (သမု ဒယနဲ့ ဒုက္ခချုပ်တာပါ ဘုရား)။ သမုဒယနဲ့ ဒုက္ခ ချုပ်တာကို ဆိုပါတယ်ဆိုတာ ကောင်းကောင်းရှင်းမသွားသေးဘူးလား (ရှင်းသွားပါတယ် ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ၊ ဒကာမတို့ အခု မနေ့က ပြောတဲ့ စကားလုံး အခုပဲ ဘယ်ကလာမှန်း မသိတဲ့အခါကျ တော့ သူ့အညွန့်အဖျားကနေပြီးသကာလ ဦးဝရေ လျှောက် ပြီးမှတ်လိုက်တဲ့အခါကျတော့ အရင်းကတော့ တွေ့ရမှာပေါ့ (မှန်လှပါ ဘုရား)။

အရင်းပြလို့ရှိရင် ဒီဘူးခါးပင်ကြီးသည်ကားလို့ ဆိုလို့ ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ အိမ်ထဲမှာ မပေါက်ကောင်းတဲ့ ဘူးခါးပင်။ စားလည်းခါးတယ်၊ အသုံးလည်းမကျ၊ ရှုပ်လည်း ရှုပ်နေသေးတဲ့ ဘူးခါးပင်ကြီးဟာ အမြစ်လိုက်ရှာပြီး အမြစ် ဖြတ်လိုက်ရလို့ရှိရင် ဘူးခါးမျိုး ပြတ်ကရောပေါ့ဗျာ (ပြတ် ပါတယ် ဘုရား)။

ဒီမှာလည်း ခန္ဓာဒုက္ခသစ္စာကြီး ပြတ်တော့မည့်တရား လို့ သေသေချာချာမှတ်ပါ (မှန်ပါ့ ဘုရား)။ ခန္ဓာ ဘာသစ္စာ ကြီးပါလိမ့် (ဒုက္ခသစ္စာပါ ဘုရား)။ ဒါကြီးပြတ်အောင် ယနေ့ တော့ဖြင့် ဘုန်းကြီး သယ်ပိုးလိမ့်မယ်ဆိုတာ အောက်မေ့ထား တာပေါ့ (မှန်ပါ့ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ကြိုးစားမယ်၊ ကျင့်မယ်၊ ကြံမယ် ဆိုတာသာ နှလုံးသွင်းကြပါတော့ ဆိုတဲ့ဥစ္စာ သတိပေးပါ တယ်နော် (မှန်ပါ့)။ ဒါကြောင့် မနေ့ကပြောခဲ့ပြီ။ ခင်ဗျားတို့ သူတော်ကောင်းနား မဆည်းကပ်လို့ရှိရင် ဆရာတော်၊ သမား တော်၊ သံဃာတော်တွေ၊ ပညာရှိတွေထံ မဆည်းကပ်လို့ ရှိရင်ဖြင့် ဒီအသံမျိုး ကြားရဖို့ရှိသေးရဲ့လား (မရှိပါ ဘုရား)။

ဒါကြောင့် သူတော်ဆည်းကပ် မြတ်တရားနာ ဆိုတာ ကလေးဟာ မမေ့စေနဲ့နော် (မှန်ပါ့ ဘုရား)။ လွန်စွာအားထုတ် နာမ်နဲ့ရုပ်ကို ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင် မဂ်ရ ကြောင်းကိုဗျ (မှန်ပါ့ ဘုရား)။ ဆိုလိုက်ကြပါဦး၊ သူတော် ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာအားထုတ်၊ နာမ်နဲ့ရုပ်ကို ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင် မဂ်ရကြောင်း (သုံး ခေါက် ချပေးသည်)။

ကဲ. . . သုံးရက်လောက်ဆိုရင် ရပါပြီ။ ခင်ဗျားတို့ အားလုံး ရပြီနော် (မှန်ပါ့)။ ဩော်. . . ဒီအစဉ်အတိုင်း သွား ရမှာပါကလားဆိုတာ သေချာပလား (သေချာပါပြီ)။ ဒီအစဉ် အတိုင်းမှ မသွားလို့ရှိရင် ရကိုမရဘူး (မှန်ပါ့)။

ကိုင်း. . . ဒကာ၊ ဒကာမတွေ အားလုံးပြန်လှည့်လိုက် အို၊ နာ၊ သေ ဘယ်ကလာပါလိမ့် (ခန္ဓာငါးပါးက လာပါတယ် ဘုရား)။ ဩော်. . . ဒီခန္ဓာငါးပါးကလည်း သိကြား၊ ဗြဟ္မာ ထာဝရဘုရားတွေက ဖန်ဆင်းလို့ ဖြစ်တာလားလို့ လက်သည် ရှာလိုက်တော့ ဘာတွေ့ပါလိမ့် (တဏှာ တွေ့ပါတယ် ဘုရား)





www.burmeseclassic.com

www.burmeseclassic.com

ဩော်. . . တဏှာက ဖြစ်စေတာဆိုတာ သေချာသွားပြီလား (သေချာပါပြီ)။ ဒကာ၊ ဒကာမတို့ ဘယ်သူက ဖြစ်စေတာပါလိမ့် (တဏှာက ဖြစ်စေတာပါ ဘုရား)။ တဏှာ ကောင်းကြောင့်၊ တဏှာဆင်းမှုကြောင့် ဘာတွေပေါ်လာသလဲ (ခန္ဓာငါးပါး ပေါ်လာပါတယ် ဘုရား)။ ခန္ဓာငါးပါးပေါ်လာတယ်လို့ သမ္မသနသုတ်မှာ ဟောပါတယ်နော် (မှန်ပါ)။

ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီတဏှာကလည်း မိုးပေါ်ကျလားလို့ မေးဖို့လိုလာတယ် (မှန်ပါ ဘုရား)။ ဒီတဏှာကလည်း မိုးပေါ်ကျလားလို့ ဒကာ၊ ဒကာမတွေက မေးတဲ့အခါကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တော့. . . ခင်ရာ မင်ရာဆိုတဲ့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန တို့ကြောင့် တဏှာဖြစ်တယ်လို့ ဟောတော်မူခဲ့တယ်နော် (မှန်ပါ ဘုရား)။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန တို့ကြောင့် ဘာဖြစ်သတုံး တဏှာဖြစ်တယ် (တဏှာပါ ဘုရား)။ ဒါဖြင့် တဏှာ ဘယ်ကလာပါလိမ့်မလဲလို့ မေးတဲ့အခါ (ခင်ရာ မင်ရာပါ ဘုရား)။ ခင်ရာ မင်ရာက လာတယ်၊ သဘောကျပလား (ကျပါပြီ)။ တဏှာ ဘယ်က လာပါလိမ့် (ခင်ရာမင်ရာက လာပါတယ်)။

ဩော်. . . ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ တဏှာ ကလည်း အလေ့ပေါက်မဟုတ်လား (မှန်ပါ ဘုရား)။ တဏှာ ကလည်း အလေ့ပေါက်လို့ ဆိုကြမလား (မဆိုနိုင်ပါ)။ ဘယ်က လာပါလိမ့် (ခင်ရာမင်ရာက လာတာပါ ဘုရား)။ အဲ. . . ခင်ရာမင်ရာက လာတယ်ဆိုတော့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန နော် (မှန်ပါ ဘုရား)။ ဘာတဲ့ ဒကာ၊ ဒကာမတို့ (စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန ပါ ဘုရား)။

အေး. . . မျက်လုံး၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ပေါ့ဗျာ (မှန်ပါ ဘုရား)။ ဒီက လာတဲ့ ဒကာ၊ ဒကာမတို့ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီတဏှာဟာ အလေ့ပေါက်လား ဒကာ ဒကာမတို့ ခင်ရင် မင်ရာက လာတာလား (အလေ့ပေါက် မဟုတ်၊ ခင်ရာ မင်ရာက လာတာပါ ဘုရား)။ ခင်ရာ မင်ရာက အကြောင်း သမုဒယ၊ တဏှာက ဒုက္ခ (မှန်ပါ ဘုရား)။ သူတို့နှစ်ခု ချုပ်အောင်ကျင့်တဲ့အကျင့်ကို ဘာဆိုကြမယ် (မဂ္ဂပါ ဘုရား)။ နှစ်ခုစလုံး ချုပ်သွားမယ်ဆိုရင်ဖြင့် ဘာ ဆိုကြမယ် (နိရောဓပါ)။ နိရောဓသစ္စာ (မှန်ပါ)။ ရှင်းပြီနော် (ရှင်းပါပြီ)။

ကောင်းပြီ၊ ဒီလိုသစ္စာတွေလည်း သိပြီးသကာလ နေ တော့ ဩော်. . . တို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ချုပ်အောင် ကျင့်ရည့်အကျင့်ဟာ တို့အကျင့်ပါလားဆိုတာ မပေါ်လာ ဘူးလား (ပေါ်လာပါတယ် ဘုရား)။

အေး. . . ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း "ဒုက္ခဿ အန္တံ ကရိဿတိ" ဒုက္ခဿ=ဒုက္ခသစ္စာ၏၊ အန္တံ=ချုပ်ဆုံးရာမှန် နိဗ္ဗာန်ကို၊ ကရိဿတိ=မျက်မှောက်ပြုနိုင်အောင် လုပ်လိုက်စမ်းပါကွ ဆိုတဲ့ဥစ္စာကို သံယုတ်ပါဠိတော် အရဏဝတီသုတ်မှာ သေသေချာချာ ဟောထားခဲ့တယ်။ ဒုက္ခဆုံးအောင် လုပ်ကြရလိမ့်မယ် (မှန်ပါ ဘုရား)။

ကောင်းပြီ ဒကာ၊ ဒကာမတွေ အခု အကြောင်းအကျိုးတွေ ဆက်ဆက် ဆက်ဆက်လာတော့ ခင်ရာမင်ရာသည် ဒကာ၊ ဒကာမတွေကတော့ ကိုယ့်မျက်လုံး၊ ကိုယ့်နား၊ ကိုယ့်နှာခေါင်း၊ ကိုယ့်လျှာ၊ ကိုယ့်ကိုယ်၊ ကိုယ့်စိတ်ပေါ့ဗျာ (မှန်ပါ ဘုရား)။ အဇ္ဈတ္တိကာယတန ခြောက်ပါးလို့လည်း ဆိုနိုင်ပါတယ်နော်။ ဒီအာယတနတွေကြောင့် ဒကာ၊ ဒကာမတွေ တဏှာဖြစ်တယ် (မှန်ပါ ဘုရား)။

ကိုယ့်မျက်လုံးကလေးများ ကိုယ့်မှန်ထဲမှာ ကြည့်လိုတဲ့အခါကျတော့ အို. . . တကယ့်ကို မျက်လုံးကလေးက လည်း ဘေးကအဖြူ အလယ်က အနက်နဲ့ ကြည်နေတာပဲ ဆိုပြီး အံမာ ကိုယ့်မျက်လုံးကလေးများ ကိုယ့်မှန်ထဲမှာ သာယာပြီးနေတဲ့အခါ မျက်လုံးကြောင့် တဏှာမဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)။

နှာခေါင်းကလေး ရှူနိုင် ရှိုက်နိုင်သေးတော့ကို တော်သေးတာပဲဆိုတဲ့ တဏှာကော (ဖြစ်နိုင်ပါတယ် ဘုရား)။ လျှာကလေးက စားနိုင် သောက်နိုင်သေးလို့ တော်သေးတာပဲဆိုတဲ့ တဏှာကော (ဖြစ်ပါတယ် ဘုရား)။

ကိုယ်ကလေးကလည်း သွားနိုင် လာနိုင် လှုပ်နိုင်ရှားနိုင်သေးတာနဲ့ တော်သေးတာပဲ။ အခု ကျုပ် အကျိုးပေးနေတာ ကျုပ်စိတ်ကောင်းတဲ့အတွက် အကျိုးပေးနေတာ၊ ကျုပ်က အင်မတန် စိတ်ကောင်းတယ်၊ ကိုယ့်စိတ်ကလေး ကိုယ်ကောင်းတယ်လို့ မသာယာဘူးလား (သာယာပါတယ်ဘုရား)။

ကျုပ်က စိတ်တစ်လုံးကောင်း ခေါင်းဘယ်မှမရွေ့ဘူး၊ ဒါကြောင့် အခုစားသောက်ပြီး သားသမီးတွေနဲ့ ဒီထမင်းအိုးကြီးကို အမျိုးမျိုးရွက်ဆောင်ပြီးသကာလ နေနိုင်တာ ကျုပ်စိတ်ကောင်းလို့။ အံမာ ဒကာ၊ ဒကာမတွေက ကိုယ့်စိတ်ကလေးကိုယ် သာယာနေတဲ့အခါ ပါသေးတယ် (ပါပါတယ် ဘုရား)။

ပြီးတော့ ခင်ဗျားတို့ကလည်း ဆုံးမတယ်။ ဟေ့ စိတ်ကောင်းကောင်းထားနော်၊ စိတ်ကောင်းကောင်းထား၊ စိတ်ကောင်းကောင်းထား၊ စိတ်ကောင်းကောင်းထားလို့၊ တို့စားသောက်နေရတာ နိဗ္ဗာန်သွားမယ်လို့ ပါကို မပါဘူး။ စားတာသောက်တာနဲ့ အချိန်ကုန်နေတာပဲ (မှန်ပါ ဘုရား)။ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

(ဆက်ရန်)

❒ မြွေဒါန



www.burmeseclassic.com

www.burmeseclassic.com



ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့ မြောက်ပိုင်းရပ်

# မဟာပုညာရာမတိုက်၊ မင်းကျောင်းတော်ကြီး

ဂမ္ဘီရဆရာလှမျိုး (B.Sc)

လွန်ခဲ့သော တစ်နှစ်ကျော်က စာရေးသူ၊ ဆရာကျော်ဇောဟိန်း(နံ့သာ) မင်းဂွတ် သုံးဦးတို့သည် နဂါးတစ်ထောင် ဦးကြည်ဝင်း၏ ညီမနှင့် ဖျာပုံမြို့ အလှူပွဲသို့ လိုက်ပါသွားကြပါသည်။ ရန်ကုန်မှ တစ်ဖက်ကမ်း ဒလမြို့သို့ ကူးပြီး ဖျာပုံကားစီးရသည်။ ရန်ကုန်-ဖျာပုံလမ်း ကတော့ ကျောက်ခဲစားသွား ရင်တောင် အစာကြေတယ်ဟုဆိုရမည်။ အငှားကားကလေးများလည်း ပြေးဆွဲ ပေးနေသည်။ စာရေးသူတို့ အဖွဲ့ကတော့ ဘီအမ်လိုင်းကားနှင့် သွားကြရသည်။

စာရေးသူ ငယ်စဉ်က ဖျာပုံကို လေးငါးခေါက်ထက်မနည်း ရောက်ဖူးပါသည်။ ကုန်းလမ်း ခရီးမဟုတ်ပါ။ ရေလမ်းခရီးဖြင့် သွားခဲ့ရခြင်းဖြစ်ပါသည်။ မိုးလင်းခါနီး ဖျာပုံဆိပ်ကမ်းကပ်သည်။ နှစ်ထပ်သင်္ဘောကြီးပေါ်မှာ အိပ်ရသည်။ မိုးလင်းမှ အောက်ဆင်းရသည်။

စာရေးသူတို့မှာ ဖျာပုံမြို့မှ တစ်ဆင့် ကုလားကုန်းတန်းရွာသို့ ဆက်သွားရမည်ဖြစ်၍ ဖျာပုံ-တော်လှ မော်တော်ဘုတ်စီးရမည်။ မော်တော်က ပစ္စည်းတင်လူတင်နှင့် ၁၁ နာရီမှ ထွက်ဖြစ်သည်။

ထို့ကြောင့် ဖျာပုံမြို့တစ်ပတ် လှည့်ကြည့်ကြပါသည်။ ထိုသို့ လှည့်ကြည့်ရင်း မှတ်မိတာ တစ်ခုကတော့ ခရေပင်ဇောက်ထိုးဖြစ်ပါသည်။ အချိန်ကာလမှာ အတော်ကြာခဲ့ပေပြီ။ ၁၉၈၈ နောက်ပိုင်းမှစ၍ မရောက်ဖြစ်တော့ပေ။ နှစ်ပေါင်း (၂၀)ကျော်ကြာပြီးမှ ယခုတစ်ခေါက် ပြန်ရောက်ခြင်း ဖြစ်သည်။ ဖျာပုံတံတားကြီးအဆင်းတွင် ဆင်းကြရသည်။ ထို့နောက် လမ်းလျှောက်၍ ဘုန်းကြီးကျောင်း သွားသည်။

ဘုန်းကြီးကျောင်းတွင် အလှူရှင် ဆရာမကြီးဒေါ်မြိုင်မြိုင်ထွန်း မိသားစုကြိုတင်ရောက်ရှိနေကြသည်။ ခေတ္တအနားယူပြီး ဆရာတော်ကျောင်းသွား ရောက် ကန်တော့ကြသည်။ ပြန်လာပြီး တည်းခိုဆောင်တစ်ခုတွင် နေရာချပြီး သောအခါ ဆရာမကြီးမှ ထမင်းကျွေ ... ဧည့်ခံပါသည်။

ညနေပိုင်းတွင် ကျောင်းတစ ... ပတ် ပတ်ကြည့်ကြသည်။ အထူးသဖြ ... သမိုင်းဝင် မင်းကျောင်းကြီးအပေါ်ထ ... အောက်ထပ် လှည့်ပတ်ကြည့်ရာ လွ ... စွာမှစိတ်ဝင်စားဖွယ်ကောင်းလှပါသည် ... ငယ်စဉ်ဘဝ လာတုန်းက အဝေး ... လှမ်းမျှော်ကြည့်ဖူးသော်လည်း အ ... မဝင်၊ အပေါ်ထပ်သို့ မတက်ဖူးပါ။

စာရေးသူတို့အား ဆရာမကြ ... ဒေါ်မြိုင်မြိုင်ထွန်းနှင့် ကျောင်းထိုင်ဆ ... တော် ဘဒ္ဒန္တဒေဝိန္ဒတို့မှ လိုက်လံပြ ... ရှင်းပေးပါသည်။ ကျောင်းတော်ကြီး ... မှ ပြန်ဆင်းသောအခါ ဆရာမကြီး ... ခရေပင်ဇောက်ထိုးနေရာကို လို ...



www.burmeseclassic.com

www.burmeseclassic.com



ဘဒ္ဒန္တပညာဝံသ (၁၂၉၆-၁၃၄၁)
မင်းကျောင်း ဒုတိယဆရာတော်



မင်းကျောင်းပေါ်မှ သမိုင်းဝင် လှော်တက်ကြီး

ပါသည်။ အပင်ကြီးမှာ သေနေပြီး ကြွင်းကျန်ရစ်သော ပင်စည်မှာ ကျောက်သားကဲ့သို့ ဖြစ်နေသည်။ အပင်မှာ ဆွေးမသွားဘဲ ကျောက်ဖြစ်ရုပ်ကြွင်းပုံစံ ဖြစ်နေသည်။ ဆရာမကြီး မိသားစုမှ အမိုးအကာဖြင့် ပြတိုက်ပုံစံကလေး ပြုလုပ်ပေးထားပါသည်။

ကျွန်ုပ်တို့အား ဆရာမကြီးဒေါ်ခင်အေးလွင်(တိုင်းရင်းဆေး အထူးကု)၊ အငြိမ်းစားဆရာမကြီး (ပညာရေးတက္ကသိုလ်)နှင့် ဖျာပုံမြို့ခံ ကျောင်းဆရာမညီအစ်မနှစ်ဦးတို့သည် ကျောင်းတိုက်ဝင်းအတွင်း တစ်ပတ်လှည့်လည် ပြသပေးပါသည်။ ထို့နောက် အမှတ်တရဓာတ်ပုံရိုက်သည်။ ဆရာတော်ထံမှ မင်းကျောင်းသမိုင်းစာအုပ်ရှိပါက စွန့်ပါရန် တောင်းဆိုသည်။ ဖျာပုံလှမိုးနွယ်ပြုစုထားသော စာအုပ်တစ်အုပ်ပေးပါသည်။ ဓမ္မဒါနအလှူရှင်မှာ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)+ဆရာမကြီးဒေါ်မြိုင်မြိုင်ထွန်း(ငြိမ်း)မိသားစု ရန်ကုန်ဖြစ်ပါသည်။

၁၂၀၈ (၁၈၄၆)ခုနှစ်တွင် နန်းတက်သော ပုဂံမင်း ဖျာပုံသို့ရောက်လာသောအခါ ဦးရွှေဘော်ဆိုသူမှ ကောင်းစွာကြိုဆိုဧည့်ခံ၍ ပုဂံမင်းပြန်လာသောအခါ ဦးရွှေဘော်အား နေပြည်တော်သို့ ခေါ်၍ ရာထူးပေးပြီး ရုံရွှေတော်တစ်ဦးနှင့် ထိမ်းမြားလက်ထပ်ပေး၏။ ပုဂံမင်းသည် အိမ်တော်ပါ ကျွန်ရင်းနှစ်ယောက်ကို ဖျာပုံနှင့် ရွှေလောင်းတွင် ပွဲနင်းခန့်အပ် ရုံးစိုက်စေ၍ မြို့စားမင်းရာထူးပေးအပ်လေ၏။ ဘုရင့်အနွယ်တော်နှင့် မှူးမတ်များသာ တည်ဆောက်လှူဒါန်းခွင့်ရသော မင်းကျောင်းတော်ကြီး တစ်ကျောင်း တည်ဆောက် လှူဒါန်းရန် မန္တလေးမှ မြန်မာမှု အနုပညာရှင်များ စေလွှတ်ကာ ဆောက်လုပ်စေ၏။

မြို့စားပွဲနင်းကြီး ဦးရွှေဘော်သည် ကုသိုလ်တော်ကျောင်းကြီးကို လက်ရှိ အနေအထားအတိုင်း ရှေးမြန်မာမင်းများ နှစ်သက်ဖွယ်ဖြစ်စေရန် ရည်ရွယ်၍လည်းကောင်း၊ နောင်လာနောက်သားများအတွက် ရှေးလက်ရာများ မှတ်သားဖွယ်ဖြစ်စေရန် ရည်ရွယ်၍လည်းကောင်း၊ ပညာရှင်များနှင့် ပူးပေါင်းကာ ကြိုးစားဆောက်လုပ်စေခဲ့ပါသည်။

မင်းကျောင်းတော်ကြီးအား လေ့လာရန်အတွက် ဆရာမကြီး ဒေါ်မြိုင်မြိုင်ထွန်း ကိုယ်တိုင်လည်း ပြသရှင်းလင်းပေးသည်။ မင်းကျောင်းတော်ကြီးကို အပြင်မှ လှမ်းကြည့်သောအခါ ဘုံပြာသာဒ်၊ စုလစ်မွမ်းချွန်၊ ခြူးပန်းခြူးနွယ် အသွယ်သွယ်ဖြင့် လွန်စွာကျက်သရေရှိလှပါပေသည်။ အတွင်းသို့ ဝင်ကြည့်သောအခါ ဘုရားကျောင်းဆောင် တင့်တယ်ပုံ၊ ကျွန်းလုံးတိုင်ကြီးများ၊ ရှေးဟောင်းပြတင်းပေါက် တံခါးရွက်များတွင် နတ်ရုပ် ပုံသဏ္ဍာန်အမျိုးမျိုးကို တွေ့မြင်ရပါသည်။

www.burmeseclassic.com



ခရေပင်ကြီးအား ဆရာမကြီး ရှင်းပြနေပုံ



ကျောက်သားကဲ့သို့ ဖြစ်နေသော
ခရေပင်ဖောက်ထိုးအား အမိုးအကာနှင့်တွေ့ရပုံ

ယိုးဒယားပန်း၊ ရေပန်းဆိုင်း၊ ယိုးဒယားပန်းဆိုင်းများဖြင့် ရွှေခေတ်ထီးမူနန်းဟန်ဓလေ့စရိုက်နှင့် လျော်ညီစွာ အလျား ၂၀၀ ပေ၊ အနံ ၁၀၀ ပေ၊ ရွှေပန်းလုံးကျွန်းတိုင်ကြီး ၂၂ လုံး၊ အထပ်နှစ်ထပ်၊လေသာဆောင်(တောင်၊ မြောက်) နှစ်ဆောင်၊ အတွင်းလှေကားနှစ်ခု၊ စာသင်သား ရဟန်းများအတွက် အခန်းပေါင်း ၁၀ ခန်း ဖွဲ့စည်း တည်ဆောက်ပြီး တံခါးမကြီးများတွင် ရာဇပလ္လင်တော်ပုံများဖြင့် ရှုမငြီးဖွယ် လှပခံ့ညားစွာ တည်ဆောက်လှူဒါန်းမှု ပြုခဲ့ပါသည်။ ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ် မြောက်ပိုင်းရပ် မဟာပုညရာမတိုက်တွင် တည်ရှိနေသော မင်းကျောင်းတော်ကြီးသည် ဖျာပုံမြို့တွင် ထူးခြားသော ကျောင်းတော်ကြီး ဖြစ်သည့်အပြင် ဖျာပုံမြို့၏ဂုဏ်ကို သမိုင်းရာဇဝင်တွင်နိုင်အောင် ဖန်တီးပေးသည့် မြို့ဂုဏ်ဆောင် ကျောင်းတော်ကြီးဟု ဆိုနိုင်ပါသည်။

မင်းကျောင်းတော်သည် ဖျာပုံမြို့မြောက်ပိုင်း ပထမလမ်း၏ အနောက်ဘက်တွင် ထင်ထင်ရှားရှား တည်ရှိပါသည်။ ကျောင်းတော်ကြီးမှာ လယ်ပေါ်သုံးဆင့်ထပ်၊ တုယဉ်၊ မှန်ကင်း၊ ပန်းဆွဲ၊ ပန်းတောင်း၊ အမွမ်းအပြည့်အစုံနှင့် ရွှေရေး၊ ဟင်္သာပြဒါး ခြယ်လှယ်ထားပါသည်။ မောင်းမလယ် လေးမျက်နှာလှည့်၍ ပွတ်လုံးတိုင်များ အပြည့်ထည့်သည်။ မောင်းမလယ် တစ်ဖက်တွင် အုတ်လှေကား နှစ်စင်းကျ၊ လေးမျက်နှာတွင် လှေကား ရှစ်စင်း တက်သည်။ ကျောင်း၏ပတ်လည် တံခါးများတပ်ဆင်ပြီးလျှင် ရုပ်လုံးရုပ်ပုံများ လူလောက်အရွယ် ပုံသဏ္ဌာန်ထုလုပ် ကပ်ထားသည်။ ထိုကောင်းမှုကျောင်းတော်ကြီးများသည် နေပြည်တော်တွင်သာ မင်းသား၊ မင်းသမီး၊ မှူးကြီးမတ်ကြီး ရာထူးရှိသူများသာလျှင် အမိန့်တော်ခံ၍ ဆောက်ရသော ကျောင်းမျိုး ဖြစ်လေသည်ဟု တင်ပြထားသည်။

စာရေးသူတို့ ဘုရားကျောင်းဆောင်ကို လေ့လာသောအခါ ဆရာကျော်ဇောဟိန်း(နံ့သာ)မှ ကျောင်းဆောင်အတွင်း ထောင်ထားသောလှော်တက်ကြီးကို စိတ်ဝင်စားနေပါသည်။ ဆရာတော်ကို ခွင့်တောင်းပြီး ဓာတ်ပုံရိုက်ကြပါသည်။ လှော်တက်သည် ဂမ္ဘီရပညာတွင် အဆောင်ဖြစ်သည်။ လှော်ရင်းတက် (အလုပ်လုပ်ကိုင်ရင်း စီးပွားဥစ္စာတက်) ဟူသော ပညတ်သဘော ယူထားပါသည်။

ပဲ့နင်းကြီး၏မြေး ဦးမောင်၊ ဒေါ်အေးတို့က မင်းကျောင်းအရှေ့ဘက်တွင် ကပ်လျက် ကျောင်းဦးပြသာဒ်ဘုံ ခုနစ်ဆင့်ဖြင့် ဘုရားဆောင်ကို ဆောက်လုပ်လှူဒါန်းပါသည်။

၁၂၇၀ ပြည့်နှစ်အတွင်းမှာပင် ဦးပုံ+ ဒေါ်ဘိုးလတ်တို့က မောင်းမလယ်များ ပျက်စီးသည်ကို ဖျက်သိမ်း၍ အုတ်တိုက်မောင်းမလယ် ဆောက်လုပ်လှူဒါန်းခြင်း၊ မင်းကျောင်းတော်ကြီး





www.burmeseclassic.com

www.burmeseclassic.com



၁၃၀၂ ခုနှစ်တွင် ဦးရွှေဘော်၏(မြေး) ဦးမောင်+ဒေါ်အေးနှင့်သားများ၊ ဦးထွန်း(ဖျာပုံ)+ဒေါ်ပန်းအိ မိသားစုနှင့် ဦးသောင်း+ဒေါ်သိန်းတင်မိသားစုတို့ အသစ်ပြန်လည်တည်ဆောက်လှူဒါန်းသည့် မင်းကျောင်းတော်ကြီး

ပြုပြင်မွမ်းမံခြင်း၊ ၁၃၀၁ (၁၉၃၉)ခုနှစ်တွင် ပဲ့နင်းကြီး ဦးရွှေဘော်၏မြေး ဦးမောင်၏ ဇနီး ကျောင်းအမကြီး ဒေါ်အေးက ဆက်လက်၍ အသစ်ထပ်မံ ဆောက်လုပ်လှူဒါန်းပါသည်။ ကျောင်းအမကြီး ဒေါ်အေး၏ ဓာတ်ပုံကိုလည်း ခံ့ညားစွာ တွေ့မြင်ရပါသည်။

ပဲ့နင်းကြီး ဦးရွှေဘော်၏မြေးဖြစ်သူ ဒေါ်အေး(ခင်ပွန်း ဦးမောင်) (သား) ဦးထွန်း၊ ဒေါ်ပန်းအိမ် မိသားစုနှင့် ဦးသောင်း၊ ဒေါ်သိန်းတင် မိသားစုတို့မှ ရှေးမူလက်ရာ မပျက်စေရေးကို ရှေးရှုလျက် မူလလက်ရာအတိုင်း ဒုတိယအကြိမ် ပြုပြင်မွမ်းမံ ဆောက်လုပ်ခဲ့ပါသည်။ သားကြီးဦးထွန်း၊ မိခင်ကြီး ဒေါ်အေး၊ သားငယ်ဦးသောင် သုံးယောက်တွဲ ဓာတ်ပုံကိုလည်း တွေ့မြင်ရသည်။

၁၃၃၆ ခုနှစ်တွင် ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ခြံအမှတ် (၁၁၅/၁၁၇) တက္ကသိုလ်ရိပ်သာလမ်းနေ (ဦးထွန်း + ဒေါ်ပန်းအိ)တို့၏ သားသမီးများဖြစ်ကြသော (ဦးစိုးမြင့်+ ဒေါ်မြမြကြီး)၊ ဦးလှအောင်၊ ဒုတိယ ဗိုလ်မှူးကြီး ကျော်ရှိန်(အငြိမ်းစား)+ ဒေါ်မြိုင်မြိုင်ထွန်း၊ ဦးတင်မောင်ထွန်း+ ဒေါ်သီတာထွန်းတို့မှ မိဘအိုးဘွားတို့၏ အမွေအနှစ်ဖြစ်သည့် စေတနာရှင်မိသားတို့သည် သာသနိကဖြစ်သော နှစ်ပေါင်း (၁၄၅)နှစ် ကြာမြင့်ရနေသည့် ထိုမင်းကျောင်းအား တတိယအကြိမ်အဖြစ် ၁၃၄၆ ခုနှစ်တွင် ငွေကြေးအမြောက်အမြား သုံးစွဲပြုပြင် မွမ်းမံခဲ့သည်။



မင်းကျောင်းရောက် စာရေးသူနှင့် မိတ်ဆွေများ

**စတုတ္ထအကြိမ်ပြုပြင်မွမ်းမံခြင်း**

ထို့နောက် ၁၃၆၆ ခုနှစ်တွင် ဖျာပုံမြို့ ပဲ့နင်းကြီးဦးရွှေဘော်၊ အနွယ်တော်ဦးထွန်း၊ ဒေါ်ပန်းအိ၏ သားသမီးမြေးမြစ်များဖြစ်သော ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)၊ ပညာရေးတက္ကသိုလ် ဆရာမ ဒေါ်မြိုင်မြိုင်ထွန်း (ငြိမ်း)နှင့် မြေး ကပ္ပတိန်တင်စိုးလွင်-ဒေါ်ကေသီရှိန်၊ ဦးအောင်မျိုးရှိန်-ဒေါ်ဥမ္မာစိုး၊ မြစ်မအင်ကြင်းဆုလွင်၊ မောင်ရဲဘုန်းအောင်၊ မောင်ခန့်စံအောင်၊ မဖြူဝင်းသန့်အောင် မိသားစုမှ မင်းကျောင်းကြီးအား ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ တစ်ကျောင်းလုံး ဆေးပြန်လည်သုတ်ခြင်း၊ ကျောင်းကြီးဝင်း အတွင်းရှိ (၁၂၈၆)ခုက တည်ခဲ့သော မဟာသိမ်တော်ကြီးအား ပြုပြင်မွမ်းမံခြင်း ပြုလုပ်ခဲ့သည်။

အထက်မြန်မာနိုင်ငံ မန္တလေး၊ စစ်ကိုင်း ဒေသများတွင် နန်းမတော် မယ်နုအုတ်ကျောင်း၊ အမရပူရရှိ သမိုင်းဝင်ရွှေဟောင်း အုတ်ကျောင်းတော်ကြီး စသည်ဖြင့် ရှေးဟောင်းကျောင်းတော်ကြီး လေး,ငါးကျောင်း တွေ့မြင်ဖူးပါသည်။ သို့သော် မြန်မာပြည်အောက်ပိုင်းတွင် ဤဖျာပုံမြို့တွင်သာ အထင်အရှားတွေ့ရသည်။ ထို့ကြောင့် မပျက်မစီးအောင် ထိန်းသိမ်းထားသင့်ပါသည်။

နာဂစ်လေမုန်တိုင်းဒဏ် ကြောင့် မင်းကျောင်းတော်ကြီး အစိတ်အပိုင်းအချို့ ပျက်စီးခဲ့ရပါသည်။

ထိုသို့ပျက်စီးပြီး ယိုယွင်းနေမှုများကို ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း) (ယခုနှင်းဆီကုန်း ဘိုးဘွားရိပ်သာ-ဥက္ကဋ္ဌ)နှင့် ဆရာမကြီး ဒေါ်မြိုင်မြိုင်ထွန်း မိသားစုမှ ဦးဆောင်၍ မွမ်းမံ

www.burmeseclassic.com

ပြင်ဆင်ပါသည်။ ကျောင်းဦး ပြာသာဒ်ဆောင် ရွှေထီးတော်အသစ်တင်ခြင်း၊ ကျောင်းဦးပြာသာဒ်ဆောင် ပြုပြင်ခြင်း၊ ဘုံသုံးဆင့် အမိုးအသစ်၊ Angle အားလုံးလဲခြင်း စသည်ဖြင့် အသေးစားပြုပြင်မှုများ အပါအဝင် စုစုပေါင်း (၁၃)မျိုး ပြုပြင်မွမ်းမံခဲ့ပါသည်။

ထိုကောင်းမှုကုသိုလ် (၁၃)မျိုးကို အဘိုးအဘွား အမိအဖ ဆွေတော်မျိုးတော်အပေါင်းနှင့် သုံးဆယ့်တစ်ဘုံ ဝေနေယျ သုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်းကို ထပ်တူအမျှရကြပါစေရန် အလှူရေစက်ချပွဲတော်ကြီးကို (၁-၅-၂၀၀၉)နေ့ရက်တွင် ကျင်းပပါသည်။

မင်းကျောင်းတော်ကြီး ရေရှည်တည်တံ့စေရန် ပုဲ့နင်းမြို့စားကြီးဦးငရွှေဘော်၏ ဆွေစဉ်မျိုးဆက်များက ပြုပြင်မွမ်းမံကြသလို မင်းကျောင်းဆရာတော်များမှလည်း ထိန်းသိမ်းစောင့်ရှောက်ပေးကြပါသည်။

**မင်းကျောင်းဆရာတော်စဉ်ဆက်**

၁။ ဦးသံမီးကျည် (ခ) ဘဒ္ဒန္တနန္ဒ မာလာ

၂။ ဘဒ္ဒန္တပညာဝံသ (၁၂၉၆-၁၃၄၃)

၃။ ဘဒ္ဒန္တဝိသုတ (နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (၁၃၄၃-၁၃၆၈)

၄။ ဘဒ္ဒန္တ ဒေဝိန္ဒ (၁၀-၂-၂၀၀၇ မှ ယနေ့အထိ)

မင်းကျောင်းအနီး ရှေးဟောင်းဘုရားစေတီ၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များ၊ သိမ်၊ ဓမ္မာရုံ၊ ကျောင်းတိုက်၊ ခရေပင်ဇောက်ထိုး၊ မဟာဗောဓိညောင်ပင်၊ ရေကန်၊ သာသနာ့ဗိမာန်၊ ဆွမ်းစားဆောင်၊ ဗုဒ္ဓဝင်ပန်းချီ၊ ဘာသာရေးဆိုင်ရာ တရားဓမ္မသိမှတ်ဖွယ်ရာ ပန်းချီကားများ၊ ဘုရားစေတီ၊ (ကျောင်း၊ ကန်၊ ဘုရား၊ စေတီ)တို့နှင့် ပြည့်စုံနေတာ တွေ့မြင်ရသလို ဆောက်လက်စ ဓမ္မရိပ်သာကြီးတစ်ခုလည်း တွေ့ရပါသည်။

ရန်ကုန်မှ ဆရာတော်များ ကြွရောက်၍ တရားဟော တရားပြပေးသည်ဟု သိရသည်။ မင်းကျောင်းဆရာတော် အစဉ်အဆက်တို့မှာ ပရိယတ်၊ပဋိပတ်လုပ်ငန်းဖြစ်သော (မူရနှစ်ဖြာ)နှင့် ဝိပဿနာကမ္မဋ္ဌာန်းတရားများ ကျင့်ကြံအားထုတ်ကာ သီတင်းသုံးတော်မူပါသည်။

မင်းကျောင်းတော်ကြီးနှင့် ပတ်သက်၍ လေ့လာစရာ စိတ်ဝင်စားစရာများစွာရှိနေပါသေးသည်။ တောင်ဘက်လှေကားပေါက်အထက် နဖူးစည်းတွင် "ဂုတ္တိလစောင်း" တရားဇာတ်တော်နှင့် မြောက်ဘက်လှေကား တံခါးပေါက်အထက်နဖူးစည်းတွင် ခန္တိဝါဒကုဏ္ဍာလရသေ့ကို ပြစ်မှားသော ကာလာဗုမင်းကို မြေမျိုခန်း ထုလုပ်ထားပါသည်။

မင်းကျောင်းတော်ကြီးသည် နှစ်ပေါင်း (၁၆၃)နှစ် ရှိပြီဖြစ်သော်လည်း မင်းကျောင်းဆရာတော်များနှင့် ပုဲ့နင်းကြီးဦးရွှေဘော်၏ ဆွေစဉ်မျိုးဆက်တို့ ထိန်းသိမ်းစောင့်ရှောက်ပြုပြင်မွမ်းမံကြ၍ ယနေ့တိုင် တည်တံ့ခိုင်မြဲနေသည်ဟု ဆိုနိုင်ပါသည်။

နောင်တွင်လည်း တာဝန်သိကြသည့် အမွေခံ မြေးမြစ်များကလည်း ဆွေစဉ်မျိုးဆက် ကုသိုလ်တော် မင်းကျောင်းကြီးအတွက် လျစ်လျူမရှု၊ ဂရုတစိုက် အာသီသစေတနာ မွန်မြတ်သော စိတ်သဒ္ဓါဖြင့် ကောင်းမွန်စွာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြမည်ဟု ယုံကြည်ပါသည်။ ထိုသို့ ပြုပြင်မွမ်းမံကြရာတွင် ရှေးမူမပျက် ရှေးခေတ် ထီးမူနန်းဟန်ဓလေ့စရိုက်နှင့် လျော်ညီစွာ ဆောင်ရွက်ဖို့ အရေးကြီးပါသည်။

စာရေးသူတို့ ညောင်လေးပင်မြို့နယ် ဖာဒိုကျေးရွာကြီးသို့ ရောက်စဉ်က ရှေးဟောင်းကျောင်းကြီးတစ်ကျောင်းကို ဖျက်သိမ်း၍ ခေတ်မီ အဆောက်အအုံသစ် တည်ဆောက်နေတာ တွေ့မြင်ရပါသည်။ ဖျက်လိုက်သော ကျောင်းကြီးကို လူမျိုးခြားတို့ သိမ်းယူသွားကြလေသည်။ ထိုအဆောက်အအုံမှ ရှေးဟောင်း တိုင်များတွင် ကရမက်တိုင်၊ သစ်မွှေး စသည့်တန်ဖိုးကြီးသောအသားများပင် ပါသွားသည်ဟု စိတ်မကောင်းစွာ ကြားရပါသည်။

အချို့နေရာများတွင် ဘုန်းကြီးကျောင်းနှင့် အိမ် တူနေတာ တွေ့ရသည်။ ဘုံပြာသာဒ်၊ စုလစ်မွမ်းချွန်၊ ပန်းကနုတ် စသည့် မြန်မာမှုတွေ ပျောက်ကုန်လေပြီ။ ထို့ကြောင့် ဖျာပုံမြို့ မင်းကျောင်းတော်ကြီးကို အလှူရှင် ဆရာတော်များနှင့်အတူ မြို့သူ၊ မြို့သားများ ဝိုင်းဝန်းကူညီစောင့်ရှောက်သင့်ပါသည်။

မင်းကျောင်း ဆောက်လုပ်စဉ်က ခရေပင်ဇောက်ထိုးကြီးသည် ၁၃၃၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၁)ရက် နံနက် ၆ နာရီ ၃၀ မိနစ်အချိန် ဆရာတော် အရှင်ပညာဝံသ ဘဝနတ်ထံပျံလွန်တော်မူသည့် နေ့တွင်ပင် ၎င်းခရေပင်ဇောက်ထိုးမှ အရွက်အခက်၊ အညွန့်များသည်လည်း တဖြည်းဖြည်း ညှိုးနွမ်းပြီးသကာလ ဆရာတော်ကြီး၏ အန္တိမစျာပန နောက်ဆုံးနေ့တွင်ပင် ယင်းခရေပင်ဇောက်ထိုးမှာလည်း ဇီဝဇာတ်သိမ်းချုပ်ငြိမ်းသွားရှာပါတော့သည်။

စာရေးသူတို့လည်း တစ်ညအိပ်ပြီး နောက်တစ်နေ့ ဆရာမကြီးတို့ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကြီးကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပါသည်။ ညဘက်တွင် ဗလိနတ်စာ လှူဒါန်းပွဲကိုလည်း ဆိုင်းဝိုင်းဖြင့် စည်ကားခမ်းနားစွာ ကျင်းပကြပါသည်။ ဖျာပုံမြို့ အနီးတစ်ဝိုက် ဘုရားများ လှည့်ပတ်ဖူးမြော်ကြည်ညိုပြီး ရန်ကုန်ပြန်လာကြပါသည်။


စာဖတ်ပရိသတ်များ ဖျာပုံမြို့ရောက်ရှိပါက မင်းကျောင်းတော်ကြီးကို ဝင်ရောက်လေ့လာကြပါဟု တိုက်တွန်းလိုက်ရပါသည်။ ရန်ကုန်-ဖျာပုံ နေ့ချင်းပြန်ပင် သွားရောက်နိုင်ပါပြီ။

❒ **ဂမ္ဘီရဆရာလှမျိုး(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com



ရွှေနတ်တောင်စေတီ

## မလွန်မြစ်ကူး တံတားမှ

# ထူးဆန်းသော ဖြစ်ရပ်ဆန်း

စောင်းကောင်းမြတ်

မလွန်မြို့ဟောင်းသည် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် ၆ မိုင်ခန့်အကွာဝေးတွင် တည်ရှိပြီး ဧရာဝတီမြစ် အနောက်ဘက်ကမ်းပေါ်တွင် တည်ရှိသည်။ သမိုင်းစာမျက်နှာများတွင် လွန်သည် အလွန်အရေးပါခဲ့သော မြို့တစ်မြို့လည်း ဖြစ်သည်။ ထို့အပြင် ညီတော်မိုးနဲမင်းသားကိုယ်တိုင် တပ်စွဲ၍ သစ်လုံးတပ်များဖြင့် တည်ဆောက်ခဲ့သောမြို့ ဖြစ်သည်။

ထိုသို့ သမိုင်းစာမျက်နှာပေါ်မှ မလွန်မြို့ဟောင်းသည် ဂမ္ဘီရဆန်သော ထူးဆန်းအံ့ဩဖွယ်ရာများဖြင့် ထုံမွမ်းထားသော မြို့ဟောင်းတစ်ခုလည်း ဖြစ်ပေသည်။ စာရေးသူသည် မလွန်မြို့ဟောင်းတွင် ဝန်ထမ်းဘဝဖြင့် နှစ်ပေါင်း (၃၀)ကျော်နေထိုင်လာခဲ့သဖြင့် မလွန်မြို့ဟောင်း၏ ထူးဆန်းသည့် ဖြစ်ရပ်ဆန်းများကို မဂ္ဂဇင်းစာစောင်တို့တွင် အလျဉ်းသင့်သလို ရေးဖြစ်ခဲ့သည်။ ယခုလည်း မလွန်မြို့ဟောင်းမှ ထူးဆန်းသော ဂမ္ဘီရဖြစ်စဉ်တစ်ခုကို တင်ပြလိုက်ပါသည်။

ဒီတစ်ခေါက် မလွန်မြို့ဟောင်းကိုရောက်တော့ မလွန်မြစ်ကူးတံတားကြီးတည်ဆောက်ပြီးစီးမှု အနေအထားကို ကိုယ်တိုင်တွေ့မြင် မှတ်တမ်းတင်လိုသဖြင့် သွားရောက်လေ့လာခဲ့ရာမှ မလွန်မြို့ဟောင်း၏ မြစ်ကူးတံတားစီမံကိန်းမှ ထူးဆန်းသော ဖြစ်စဉ်တစ်ခုကို သိခွင့်ရခဲ့လေသည်။ ထိုကိစ္စအား ပြောပြသူမှာ မလွန်ရေခါးပရိယတ္တိစာသင်တိုက် ပဓာနဆရာတော်ဦးစိန္တိတဝရ (M.A Buddhism) ဖြစ်ပြီး ထိုဂမ္ဘီရ ဖြစ်ရပ်ဆန်းကို ကိုယ်တိုင် ကြုံပမ်းဆောင်ရွက်တော်မူသည်မှာ ရေခါးပရိယတ္တိစာသင်တိုက်မှ ပဓာနဆရာတော် ဘဒ္ဒန္တပညာသာမိ ဖြစ်ပါသည်။

စာရေးသူသည် ကြားသိရသမျှသော သတင်းအခြေအနေကို ဆရာတော်အား လျှောက်ထားမေးမြန်းရာ ဆရာတော်က . . .


"ဒီလို ဒကာကြီးရဲ့ မူလ ပထမအစီအစဉ်က မြစ်ကူးတံတားကို နိုင်ငံတော်အစိုးရက စီမံချက်ရေးဆွဲပြီးတော့ မလွန် ပထနဂိုရ်မြစ်ကူးတံတား တည်ဆောက်ဖို့ မြေတွေတိုင်းထွာပြီးပြီ၊ အဲဒီနောက် တကယ့်စီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ ဧရာဝတီမြစ်ထဲကို ပိုင်နဲ့ တိုင်စိုက်ဖို့ လုပ်ကြတဲ့အခါ ရေအောက်မှာ ဂလိုဏ်ကြီးတစ်ခုတွေ့ရတယ်တဲ့၊ အဲဒါကလဲ တံတားတည်ဆောက်မယ့် (တိုင်စိုက်မယ့်) နေရာတည့်တည့်ကျနေတယ်၊ ဒါကြောင့် ရေငုပ်သမားတွေနဲ့ ဂလိုဏ်ထဲ ဝင်ကြည့်ကြတဲ့အခါ ပေ ၂၀ ပတ်လည် ဂလိုဏ်ကြီးထဲမှာ ငါးရွှေကြီးတစ်ကောင်ရဲ့ ဦးခေါင်းကြီးကို တွေ့ကြတယ်၊

ဒါနဲ့ သက်ဆိုင်ရာကို တင်ပြကြတယ်တဲ့၊ နောက်တော့ အဲဒီနေရာကို မြစ်ဖြတ်တံတားမလုပ်တော့ဘဲ မလွန်အောက်ဘက် ငါးမိုင်အကွာက သဖန်း

www.burmeseclassic.com

ဘူးနဲ့တူပါတယ်၊ဘုန်းကြီးကိုလာလျှောက်တယ်၊ သူ့ ကင်မရာထဲက ပုံတွေ ကူးပြီး ပုံကြီးချဲ့ပြတယ်၊ ပြီးတော့ အင်ဂျင်နီယာကြီးက . . .


'တပည့်တော်တော့ နားမလည်တဲ့ အနှောင့်ပယောဂတစ်ခုများ ဖြစ်နေမလားလို့ လာလျှောက်ထားတာပါဘုရား၊ ဒီနယ်မြေအကြောင်းလဲ ဘာမှ ဂဃနဏ သိတဲ့သူတွေ မဟုတ်ပါဘုရား၊ လုပ်ငန်းအချိန်မီပြီးစီးအောင် တွန်းပြီး လုပ်ကိုင်နေတာပါ ဘုရား၊ ဖြစ်နိုင်ရင် တပည့်တော်တို့ လမ်းလုပ်ငန်း အဆင်ပြေအောင် တတ်ကျွမ်း



တိုင်အမှတ် (၁၁)အား တွေ့ရစဉ်

ချောင်းနဲ့ အရှေ့ဘက်ကမ်းက ကြခတ်တောရွာနဲ့ မြစ်ကူးတံတား ဆောက်ကြတယ်လေ၊ အဲဒီလို မြစ်ကူးတံတားကြီး တည်ဆောက်တော့ တိုင်တွေ တူးတဲ့သူကတူး၊ တစ်ခန်းနဲ့တစ်ခန်း ဆက်တဲ့သူကဆက်နဲ့ ခေတ်မီဝန်ချီစက်ကြီးတွေ၊ ကရိန်းကြီးတွေ၊ ဇက်ကရပ်ရေယာဉ်တွေ အကူညီယူပြီး ရေလယ်က ကိစ္စလုပ်သူတွေကလုပ်၊ လျှောက်လမ်းဖောက်တဲ့သူတွေကဖောက်ပေါ့၊ မြစ်ကူးတံတားကြီးက ကားလမ်းရော ရထားလမ်းပါ နှစ်လမ်းသွား လုပ်တာလေ၊ လူသွားလမ်းလဲ ပါသေးတယ်၊

တိုင်တွေအားလုံးစိုက်ပြီး တချို့တိုင်တွေကို မြေသားခိုင်အောင် ကုန်းပေါ်က မြေတွေကို (Back Holl) စက်ကြီးနဲ့ ကုပ်တဲ့သူကကုပ်၊ ဘိုဒူဇာနဲ့ မြေညှိတဲ့သူကညှိ၊ မြေဖို့တဲ့သူကဖို့ အသီးသီး လုပ်နေကြတာလေ၊ တစ်နေ့ တိုင်အမှတ် (၁၁) အခြေမြေဖို့ဖို့ Back Holl မြေတူးစက်နဲ့ မြေတူးနေရာက အဲဒီစက်ကြီး ရုတ်တရက် စက်ရပ်သွားတယ်၊ ဒါနဲ့ စက်မောင်းတဲ့သူက သူ့စက် ဘာများ ချို့ယွင်းလဲလို့ ပြန်စစ်ဆေးတော့လဲ ဘာအပြစ်မှ မတွေ့ဘူး၊ စက်ပြန်နှိုးတော့ ရတယ်၊ ဒါပေမဲ့ မြေကြီးကုပ်ရင် စက်က ရပ်သွားပြန်ရော၊ သုံးလေးခါလောက်ဆိုတော့ သူတို့သက်ဆိုင်ရာအကြီးအကဲကို သွားသတင်းပို့တယ်၊



မလွန် (သဖန်းချောင်း)ရွာထိပ်ဘက်မှ ပြီးစီးနေသော တံတားစီမံကိန်းအခြေအနေ

အကြီးအကဲ အင်ဂျင်နီယာ လိုက်လာပြီး စမ်းခိုင်းတယ်၊ အဲဒါကို အင်ဂျင်နီယာက သူ့ရဲ့ ဒီဂျစ်တယ် ကင်မရာနဲ့ မှတ်တမ်းတင် ရိုက်ထားတယ်၊ သူ နားနေဆောင်ရောက်လို့ ကင်မရာထဲက ပုံတွေ ပြန်ကြည့်တော့မှ ဒကာကြီးမြင်ရတဲ့အတိုင်း ပုတ်သင်ညိုလို အကောင်ကြီးတစ်ကောင်က (Back Holl)စက်ကြီးရဲ့ မြေတူးမြေကော်တဲ့ အစိတ်အပိုင်းကို သူ့လက်နှစ်ဖက်နဲ့ တွန်းထားတာ တွေ့ရတယ်။

သူ့ဘေးမှာ လဲ သူ့လိုအကောင်လေးတွေ များစွာ ပိုးလိုးပက်လက် ဖြစ်နေတာ တွေ့ရတယ်၊ အင်ဂျင်နီယာကြီးလဲ ဘာဆက် လုပ်ရမှန်း မသိတော့ နားလည်သလို စီစဉ်ပါ၊ တပည့်တော်တို့ လိုက်နာဆောင်ရွက်ပါ့မယ်'

လို့လျှောက်ထားတော့ ဘုန်းကြီးတို့လဲ ဒါက နိုင်ငံတော်က စေတနာနဲ့ ဆောက်လုပ်နေတဲ့တံတားကြီးဖြစ်တယ်၊ ဒီတံတားကြီးပြီးရင် ဘုန်းကြီးတို့ နယ်မြေတွေ သွားရေး လာရေးတွေ အဆင်ပြေမယ်။

ဒါကြောင့် ဘုန်းကြီးတို့ ကြိုးစားကြည့်ပါ့မယ်လို့ ပြောပြီး ဆရာတော်ကြီး (၁၀)ပါး ကြွသွားပြီး အဲဒီ ပုတ်သင်ညိုလိုအကောင်တွေ တွေ့တဲ့ တောင်ကုန်းဘေးမှာ ပရိတ်ရွတ်ဖတ် သရဇ္ဈာယ်ပါတယ်၊ မြင်အပ် မမြင်အပ် သတ္တဝါတွေကို မေတ္တာပို့ပြီးတော့ -



www.burmeseclassic.com

www.burmeseclassic.com

'ကဲ သတ္တဝါအပေါင်းတို့ ဒီ တံတားကြီးဟာ နိုင်ငံတော်အစိုးရက ပြည်သူတွေ ခရီးသွားလာရေး လွယ်ကူအောင် ငွေကုန်ခံပြီး တည်ဆောက်ပေးတာဖြစ်တယ်၊ သင်တို့မိသားစု အသိုက်အအုံကို ပျက်စီးစေလိုတဲ့ စေတနာ လုံးဝမပါရှိပါ'

လို့ မေတ္တာပို့ တောင်းပန်ပြီး ဘုန်းကြီးလဲ နှီးနဲ့လုပ်တဲ့ နွားလှည်း အသေးလေးတစ်စီးကို အမြန်လုပ်တယ်၊ လှည်းလေးပြီးသွားတော့ ကြိုးလေးနဲ့ ချီပြီး ရှေ့ကဆွဲတယ်၊ ပါးစပ်ကလဲ -

'ကဲ သတ္တဝါတို့ မင်းတို့အားလုံး အဲဒီ လှည်းနောက်ကလိုက်ခဲ့ကြ၊ မင်းတို့ နေထိုင်ဖို့အတွက် နေရာသစ် တစ်ခု ပေးမယ်၊ အဲဒီနေရာက ဟောဒီတံတားကြီးနဲ့ မလှမ်းမကမ်းက ရွှေနတ်တောင်စေတီရှိတဲ့ တောင်ကုန်းပဲ' လို့ ပြောပြီး အဲဒီတောင်အရောက် လှည်းလေးဆွဲပြီး သွားခဲ့တယ်၊ တောင်ရောက်တော့ -


'ကဲ မင်းတို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာနေကြပေတော့၊ တို့ ပြုသမျှ ကုသိုလ်အစုစုကိုလဲ မင်းတို့ကို အမျှပေးဝေပါတယ်၊ သာဓု အနုမောဒနာခေါ်ဆိုကြပါလို့' မေတ္တာပို့ပြီး ပြန်လာကြတယ်။

ဘုန်းကြီးတို့လဲ တံတားကြီးက ပြန်ကြွဖို့ ကားပေါ်တက်တုန်းရှိ သေးတယ်၊ ခုနစက်ကြီး နှိုးတာ ရသွားတယ်၊ မြေကြီးတွေကုပ်တာလဲ ရသွားတယ်တဲ့၊ အဲဒီတိုင်က အမှတ်(၁၁)တိုင်ပေါ့၊ အဲဒီညမှာပဲ တိုင်အမှတ်(၉)မှာ အောက်ခြေခိုင်အောင်လို့ မြေသားတွေဖယ်ပြီး ကျောက်စရစ်ဖို့တဲ့ လုပ်ငန်းလုပ်နေတယ်လေ၊ တိုင်ခြေက ကျောက်စရစ်တွေ ကျန်ခဲ့ပြီး မြေသားတွေဖယ်ဖို့ စက်လှေပေါ်ကနေ ပိုက်နဲ့ တိုင်ခြေကိုချ၊ အဲဒီပိုက်မှာ ဘီလူးခေါင်းဆိုတာရှိတယ်၊ အဲဒီခေါင်းကိုချပြီး လုပ်ငန်းစနေတုန်းမှာ စက်ရပ်သွားတယ်။

ဒါနဲ့ ရေငုပ်သမားတွေခေါ်ပြီး ဘီလူးခေါင်းရှိတဲ့ တိုင်ခြေရင်းကို ဆင်းကြည့်တော့ စုပ်နေတဲ့ ဘီလူးခေါင်းမှာ ကြိုးတစ်ချောင်း တွေ့ရတယ်၊ ဒါနဲ့ အဲဒီကြိုးကို ရသလောက်ဆွဲယူတယ်၊ မရတဲ့ အဆုံး စောင့်ဆွဲလိုက်မှ ကြိုးပြတ်ကျန်ခဲ့တယ်။

ကုန်းပေါ်ရောက်တော့မှ ကြိုးကို အသေအချာကြည့်မိကြတယ်၊ ရွှေကြိုးဖြစ်နေတယ် (၂၁)ပေရှည်တယ်၊အလေးချိန်အားဖြင့် (၁၀)ကျပ်သားခန့်ရှိတယ်၊ တောဆိုတော့ ဓာတ်ခဲနှစ်လုံးစာလောက်လေးတာကို ချိန်တွယ်လို့ရတယ်၊ ဒါနဲ့ ရေငုပ်သမားတွေနဲ့ ပြတ်တဲ့ကြိုးနေရာကို ဆင်းပြီးရှာတော့ လုံးဝ ရှာမရတော့ဘူး၊ တာဝန်ရှိတဲ့သူတွေက အဲဒီဖြစ်စဉ်ကိုလဲ သတင်းပို့ရင်း ရွှေဆွဲကြိုးကိုလဲ သက်ဆိုင်ရာကို အပ်နှံဖို့ မကွေးမြို့ တိုင်းရုံးကို ယူသွားကြတယ်၊ မကွေးတိုင်းရုံးက တိုင်းအင်ဂျင်နီယာမှူးတွေက လက်ခံပြီး အများရှေ့မှာပဲ ကြိုးအရှည် အလေးချိန်တို့ကို တိကျစွာ တိုင်းထွာမှတ်သားပြီး သက်ဆိုင်ရာကို အပ်နှံလိုက်တယ်လို့ ကြားရတယ်၊

အဲဒီလိုဖြစ်ပြီးလို့ မကြာခင်မှာပဲ ဓမ္မိကနဲ့ အေးရိပ်ငြိမ်ဆရာတော်ကြီး အိပ်မက်မက်တယ်၊ အဲ ခုနကပြောတဲ့ နာနာဘာဝတွေ မှီတင်းနေတဲ့ ရွှေနတ်တောင်စေတီတော်ကြီး ပြုပြင်မွမ်းမံပြီး ထီးတော်တင်ပေးဖို့နဲ့ ထီးတော်တင်ပြီးတာနဲ့ သူတို့ကို အမျှအတန်းပေးဝေဖို့ မေတ္တာရပ်ခံတယ်လို့ သိရတယ်၊ ဆရာတော်ကြီးလည်း ရွှေနတ်တောင်စေတီ



ရေအဲတိမြစ်အတွင်းမှ ဆယ်ယူရရှိခဲ့သော ရွှေဆွဲကြိုး




ရွှေဆွဲကြိုး ၂၁ ပေ အား တိုင်းအင်ဂျင်နီယာမှူးမှ ချိန်တွယ်လက်ခံနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

တော်ကို တစ်လအတွင်း ပြုပြင်မွမ်းမံပြီး ထီးတော်တင်ပေးနိုင်ခဲ့တယ်၊ ထီးတင်တဲ့ နေ့ကဆိုရင် ရွှေနတ်တောင်တစ်ခုလုံး ပရိသတ်က ကြက်ပျံမကျစည်ကားတာ ကလား၊ ရန်ကုန်ကလာတဲ့ စောင်းဆရာ နဲ့ ကျေးရွာ (ချောင်းခွရွာ)ချမ်းပဲ့ပိုင်းနဲ့ ပေါင်းပြီး ဓမ္မတေးနဲ့ ပူဇော်ခဲ့တာလေ၊

ခုတော့ ရွှေနတ်တောင်စေတီတော်လည်း ပြုပြင်မွမ်းမံပြီး ထီးတော်တင်နိုင်ခဲ့ပြီ၊ မလွန် ဇရာဝတီမြစ်ကူး တံတားကြီးလဲ ၈၀ ရာခိုင်နှုန်းလောက် ပြီးနေပြီ၊ ရထားလမ်းနဲ့အပြိုင် ဖောက်လုပ်ထားတဲ့ ခြောက်လမ်းသွား ကားလမ်းမကြီးမှာလဲ အချော မပြီးသတ်ရ သေးပေမယ့် ကားတွေလဲ မောင်းလို့ရနေပြီ၊ ဆိုင်ကယ်တွေလဲ တဝီဝီ မောင်းနေကြတာ ဒကာကြီးအမြင်ပဲလေ၊ ကဲ ဒကာကြီး ဘာသိချင်သေးလဲ"

ဟု စာရေးသူအား မေးရာ . .

"အရှင်ဘုရား ရှင်းပြတာနဲ့ အားလုံး ရှင်းရှင်းလင်းလင်း မြင်တွေ့ ကြားသိလိုက်ရပြီ ဘုရား၊ ဒါပေမဲ့ တပည့်တော် သိချင်တာလေး တစ်ခု လျှောက်ထားခွင့်ပြုပါ၊ အဲဒါက စောစောက တံတားတိုင်အောက်ခြေက ၁၀ ကျပ်သားရှိပြီး ၂၁ ပေရှည်တဲ့ ရွှေဆွဲကြိုး အရှည်ဟာ ဘယ်သူ့ပစ္စည်းများ ဖြစ်နိုင်မလဲ ဘုရား"



လုပ်ငန်းမှတ်တမ်းပုံ ရိုက်ကူးစဉ် မရလောကသားဟုထင်ရသောပုံ
ရိုက်ကူးသူ အေအီး ဦးခင်မောင်သန်း (တံတားစီမံကိန်းဌာန)



စံကျောင်းတော်အတွင်း ရွှေချသူ
ဖူးမြော်ကြည်ညိုသူများနှင့် စည်ကားနေပုံ

ဟု လျှောက်ရာ ဆရာတော် ဦးပညာသာမိက . . . .

"ဘုန်းကြီးတို့လဲ တိတိကျကျတော့ မပြောနိုင်ဘူး၊ ဒါပေမဲ့ မင်းညီမင်းသားတွေရဲ့ အသုံးအဆောင်ပစ္စည်း ဖြစ်နိုင်တယ်လို့ သက်ဆိုင်ရာကသူတွေ ပြောတာကိုတော့ တစ်ဆင့် ကြားရတယ်"

、 "တင်ပါ့ဘုရား၊ ထူးဆန်း အံ့ဩဖွယ်ကောင်းပြီး ဂမ္ဘီရဆန်တဲ့ အဖြစ်အပျက်တွေကို စိတ်ရှည်သည်းခံပြီး ရှင်းပြပေးတဲ့ မလွန်ရေခါး ပရိယတ္တိစာသင်တိုက် နာယက ပဓာနဆရာတော်ကြီး ဘဒ္ဒန္တပညာသာမိအား အထူးကျေးဇူးတင်ရှိပါတယ် အရှင်ဘုရား၊ တပည့်တော် ဦးလဲတင်ပါတယ် ဘုရား"

ဆရာတော်ကြီးအား ဦးတင်ပြီး အပြန်တွင် မလွန်မြို့ဟောင်းမှ ထူးဆန်းဖွယ်ရာများကို တွေးရင်း သရက်၊ မလွန်၊ မင်းလှ၊ မင်းဘူး ရထားလမ်းဘေးမှ ကပ်လျက်ဖောက်လုပ်ထားသော ကားလမ်းပေါ်တွင် စာရေးသူတို့ကားလေးသည် အရှိန်ဖြင့် ပြေးလျက်ရှိပါတော့သည်။

ချစ်စွာသော စာဖတ်သူ၊ ဤကဲ့သို့ ဂမ္ဘီရဆန်သော ဖြစ်ရပ်မွန်များဖြင့် ထုံမွမ်းထားသော မလွန်မြို့ဟောင်းသို့ တစ်ခါတစ်ခေါက် အလည်ရောက်ရင် စေတီပေါင်း (၅၄)ဆူ၊ ဂူ (၉)ဂူ၊ သိမ် (၉)သိမ်၊ ကျောင်း(၉)ကျောင်း၊ တောင် (၉)လုံးတို့အပြင် ရွာ(၉)ရွာ ဝန်းရံထားသော မလွန်မြို့ဟောင်းသို့ လာရောက်ကြပါရန် ဖိတ်မန္တက ပြုပါသည်။

မလွန်မြို့ဟောင်းသို့ လာရောက်လိုပါက အောင်မင်္ဂလာအဝေးပြေးဂိတ်မှ အောင်ဇမ္ဗူကားကို စီး၍ မလွန်သို့ လာရောက်နိုင်ပါသည်။

❒ စောင်းကောင်းမြတ်

www.burmeseclassic.com



# ထူးမှထူး

## အရှင်ဆန္ဒာဓိက

(ရွှေပါရမီတောရ)

([illegible]ခင်လမှအဆက်)

အိပ်ရေးဝမှ စိတ်ကြည်လင် ကိုယ်ရွှင်လန်းပြီး အလုပ် [illegible]လို့ကောင်း၊ လုပ်သလောက် စွမ်းရည်ထွက်နိုင်တာပါ။ [illegible]သလောက် စွမ်းရည်ထွက်မှ ဝီရိယလို့ ခေါ်နိုင်တာမို့ ဝီရိယ [illegible] ဝီရိယ မြင့်,မမြင့် တိုင်းတာတဲ့နေရာမှာ စွမ်းဆောင် [illegible]ည်တိုးတက်မှုက အဓိကပါပဲ။ စွမ်းဆောင်ရည် တိုးတက်ရင် [illegible]ရှိတယ်၊ စွမ်းဆောင်ရည် မတိုးတက်ရင် ဝီရိယမရှိဘူး၊ [illegible]

## ဝေဒနာကုန်ချင်ရင် ထေလိုက်

ယောဂီတို့ ဝိပဿနာအလုပ် အားထုတ်တဲ့နေရာမှာ [illegible]တ နှစ်မျိုးရှိတယ်။ ကိုယ်ဝီရိယရယ်၊ စိတ်ဝီရိယရယ်၊ [illegible]နာအလုပ် အားထုတ်တဲ့နေရာမှာ ရှိရမယ့် ဝီရိယက [illegible]ဝီရိယပါ။ စိတ်မှာ ဝီရိယရှိနေရမယ်။ ကိုယ်က နှစ်နာရီ၊ [illegible]ရီ လေးငါးနာရီ ထိုင်နေရုံနဲ့ ဝီရိယရှိတယ်လို့ မခေါ် [illegible]ဘူး။ အဲဒါက ကိုယ်ဝီရိယ။

ကိုယ်ကောင် မတ်မတ်ကြီးနဲ့ မလှုပ် မကုတ် မပြင် မပြောင်းဘဲနဲ့ စက်ရုပ်ကြီးလို နေလို့လည်းပဲ ဝီရိယရှိတယ်လို့ မခေါ်သေးဘူး။ ဒါက ကိုယ်ဝီရိယ။

စိတ်ဝီရိယဆိုတာက ဝိပဿနာအလုပ်ခွင်အနေနဲ့ ပြောမယ်ဆိုရင် အရှုခံအာရုံအပေါ်မှာ စူးစိုက်ထားနိုင်တဲ့ သဘောလေးကို စိတ်ဝီရိယလို့ ခေါ်ပါတယ်။

လူကတော့ တောင့်တောင့်ကြီး မလှုပ်၊ မကုတ်၊ မပြင်၊ မပြောင်း၊ ဝေဒနာတွေ မခံမရပ်နိုင်အောင် တက်လာတဲ့အခါ နဖူးကြောကြီးထောင်လို့၊ မျက်မှောင်ကြီးကုတ်လို့၊ အံကြိတ်လို့၊ သွားစေ့လို့ အားတော့ထုတ်နေပါရဲ့။ ဘေးက ကြည့်ရင်တော့ ဒီယောဂီ ပြင်ကိုမပြင်ဘူး။ တော်တော်ကို သည်းခံနိုင်တာပဲ လို့ ထင်မှာနော်။ သည်းခံတယ်ဆိုတဲ့ စကားလုံးကလည်း နေရာလွဲသုံးခြင်းသာ ဖြစ်ပါတယ်။

ကိုယ်ကတော့ မလှုပ်၊ မကုတ်၊ မပြင်၊ မပြောင်းဘဲ နေပါရဲ့။ စိတ်က ဒီဝေဒနာအပေါ်မှာ အခံရခက်ပြီးတော့ ဒေါသတွေ၊ ဒေါမနဿတွေ ဖြစ်နေရင် ဘာသတိ၊ ဘာသမာဓိ၊ ဘာဉာဏ်မှ မဖြစ်ဘူးဆိုရင် ဝီရိယရှိတယ်လို့ ခေါ်နိုင်ပါဦးမလား။ မခေါ်နိုင်ဘူး။ အရှုခံအာရုံအပေါ်မှာ စိတ်မှ မစိုက်နိုင်တာ။



www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာတွေက တက်လာ၊ တစ်ကိုယ်လုံး ပူလောင်လာ၊ ခေါင်းပွင့်ထွက်မတတ်၊ ဗိုက်ပွင့်ထွက်မတတ်ပေါ့။ အရှုခံ အာရုံအပေါ်မှာ **စိတ်က မစိုက်နိုင်**တော့ ဒီဝေဒနာကိုပဲ သတိရပြီးတော့ ဒေါသ၊ ဒေါမနဿ ဖြစ်နေတယ်။

ယောဂီကိုယ်တိုင်ကတော့ ကိုယ့်ကိုယ်ကိုယ် ဒေါသ၊ ဒေါမနဿဖြစ်နေတယ်လို့ ထင်မှာ မဟုတ်ပါဘူး။ ငါရှုနေတာပဲ၊ ငါသည်းခံနေတာပဲလို့ ထင်နေတာ။ တကယ်တမ်းကျတော့ သိမ်မွေ့တဲ့ ဒေါသ၊ ဒေါမနဿ ဖြစ်နေတာပါ။

သိမ်မွေ့ရာကနေ တဖြည်းဖြည်း ကြမ်းတမ်းသွားပြီးတော့ ခွေးလို ထအော်တာတို့၊ ဝက်လို ထအော်တာတို့၊ သီချင်းတွေ ထဆိုတာတို့၊ ကွေးနေအောင် ကတာတို့ ဖြစ်တော့တာ။ ဝေဒနာတွေကို မခံနိုင်တဲ့အခါမှာ၊ ဒုက္ခဝေဒနာ အခံရခက်တဲ့အခါမှာ ထွက်ပေါက်ရှာပြီးတော့ ဝက်လိုပြေးတာတို့၊ ခွေးလိုပြေးတာတို့ ဖြစ်ကုန်တာပေါ့။

ခွေးလို ဝက်လို ပြေးလိုက်တော့ ဒုက္ခဝေဒနာက သက်သာမသွားဘူးလား။ သက်သာတယ်နော်။ ပေတေပြီးထိုင်နေရင် ဝေဒနာကို မကျော်နိုင်လို့ ဝေဒနာ သက်သာလို သက်သာငြား ဆိုပြီးတော့ ဟိုလိုဒီလို လျှောက်ပြီးတော့ ဇာတ်လမ်းဆင်လိုက်တော့တာ။ အဲဒီလိုနဲ့ပဲ ပြဿနာတွေ ရှုပ်ကုန်တာပေါ့။ ဒုက္ခဝေဒနာကို မပြုတ်မချင်းချ၊ ဝေဒနာကျော်မှ၊ ဝေဒနာလွန်မှ၊ ဝေဒနာကုန်မှ တရားတိုးတက်တယ်ဆိုတဲ့ ဒီအစွဲမှား အယူမှားတွေကို အမှန်လို့ထင်ပြီးတော့ အမှားတွေ ဖြစ်ကုန်တာပဲ။

ဝေဒနာကျော်ဆိုလို့ ဦးဇင်းတို့ "ကိုယ်သာ နာစေ၊ စိတ်မနာစေနဲ့" ဆိုတဲ့ ဘုရားအဆုံးအမလေးတစ်ခု ရှိပါတယ်။ "ကိုယ်သာနာစေ" ဆိုလို့ ကိုယ့်ကိုနာအောင် ပေတေပြီးတော့ ထိုင်ရမှာကို ပြောတာမဟုတ်ဘူး။ ခန္ဓာကိုယ်က အမြဲတမ်း နာနေတာပါပဲ။ သိသိသာသာ ထူးထူးခြားခြားနဲ့ မနာတာသာရှိမယ်။ အနေရခက်တဲ့သဘော၊ မအီမသာ ဖြစ်နေတဲ့ သဘောကတော့ ခန္ဓာကိုယ်မှာ အမြဲတမ်း ရှိနေတာပါပဲ။

တရားအားမထုတ်တဲ့အချိန်မှာ ဣရိယာပုတ်ကို ပြင်လိုက် ပြောင်းလိုက် ရွှေ့လိုက်နဲ့ လုပ်နေလို့သာ အဲဒီနာတဲ့ ဝေဒနာလေးတွေက မထင်ရှားဘဲ ဖြစ်နေတာ။ အမှန်ကတော့ နာကျင်ကိုက်ခဲတဲ့သဘောက အမြဲတမ်း အထင်အရှားရှိပါတယ်။

ဣရိယာပုတ် ထိုင်တာကြာလာတော့ ညောင်းလာတယ်။ ကိုက်လာတယ်။ အဲဒီအခါမှာ ရပ်ပေးရတယ်။ ရပ်တာကြာတော့ ညောင်းကိုက်နာကျင်လာတယ်။ လမ်းလျှောက်ပေးရတယ်။ လမ်းလျှောက်တာကြာလာတော့ ညောင်းညာကိုက်ခဲလာတယ်။ အဲဒီတော့ လဲလျောင်းပေးရတယ် စသည်အားဖြင့် ဣရိယာပုတ်လေးပါး တစ်ခုပြီးတစ်ခု ပြောင်းပြောင်းပေးရတယ်။

ဣရိယာပုတ် တစ်ခုတည်းမှာကိုပဲ ကွေးလိုက် ဆန့်လိုက်နဲ့၊ ရွှေ့တိုးလိုက် နောက်ဆုတ်လိုက်နဲ့ အမျိုးမျိုး ပြုပြင်ပေးနေရတယ်။ အဲဒီ ဣရိယာပုတ်ကို ပြုပြင်ပေးနေတာဟာ ရောဂါကို ဆေးကုနေတာပါ။ ခန္ဓာကိုယ်ရဲ့ နာကျင်ကိုက်ခဲမှုဆိုတာ ရောဂါပါပဲ။ ရောဂါဆိုတာ ရုပ်တရားကို ခေါ်တာပါ။ ရုပ်တရားရှိနေသမျှ ရောဂါရှိနေပါမယ်။

ရောဂါဝေဒနာလို့ ပြောကြပေမယ့် ရောဂါက တခြား ဝေဒနာက တခြားပါ။ ရုပ်ရဲ့ ဖောက်ပြန်မှုသဘောတရား၊ နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာ၊ ညောင်းတာ၊ အောင့်တာ၊ ယားတာ၊ ယံတာ၊ အော်ဂလီဆန်တာ ဆိုတဲ့ အဲဒီ သဘောတရားတွေဟာ ဝေဒနာ မဟုတ်ပါဘူး။ ရောဂါတွေပါ။ ရုပ်ရဲ့ ဖောက်ပြန်မှု သဘောတရားတွေပါ။

ဝေဒနာဆိုတာက စိတ်မှာခံစားရတဲ့ ခံစားမှုသဘောလေးပေါ့လေ။ နာကျင်ကိုက်ခဲမှုဖြစ်ရင် နာကျင်ကိုက်ခဲမှုဆိုတဲ့ ရုပ်ဖောက်ပြန်မှုကို စိတ်က ခံစားနေတယ်။ အဲဒီခံစားမှုကိုပဲ ဒုက္ခဝေဒနာလို့ ခေါ်ပါတယ်။

ခန္ဓာကိုယ်မှာ ကြည်လင်ပေါ့ပါး လန်းဆန်းလို့ သက်သက်သာသာ ချမ်းချမ်းသာသာလေး ဖြစ်နေတယ်ဆိုရင်လည်း ချမ်းသာတာကို ခံစားတဲ့ သုခဝေဒနာဆိုပြီးတော့ ဖြစ်ပါတယ်။ ချမ်းသာလည်းမဟုတ်၊ ဆင်းရဲလည်းမဟုတ် ဆိုရင်တော့ ဥပေက္ခာဝေဒနာပေါ့။ ဥပေက္ခာဝေဒနာကတော့ သုခနဲ့ နီးစပ်ပါတယ်။

ထင်ရှားတာကိုပဲ ပြောရင်တော့ ဒုက္ခဝေဒနာနဲ့ သုခဝေဒနာ၊ မကောင်းတဲ့ခံစားမှုနဲ့ ကောင်းတဲ့ခံစားမှု၊ စိတ်မှာ ဖြစ်နေတဲ့ အဲဒီခံစားမှုသဘောလေး၊ ဝေဒနာ စေတသိက်လေးပေါ့။ စိတ်ကို အမှီပြုပြီးတော့ ဖြစ်နေတဲ့ ဝေဒနာစေတသိက်လေးကိုသာ၊ ခံစားမှုသဘောလေးကိုသာ ဝေဒနာလို့ ခေါ်ပါတယ်။ ရောဂါနဲ့ ဝေဒနာကို အဲဒီလိုခွဲပြီးတော့ မှတ်ထားရမယ်။

ရောဂါသည် ကိုယ်ရှိနေသမျှ ရှိနေပါတယ်။ ဝေဒနာသည် စိတ်ရှိနေသမျှ ရှိနေပါတယ်။ ကိုယ်ရှိနေသမျှ ရောဂါ မကုန်ပါ။ စိတ်ရှိနေသမျှ ဝေဒနာမကုန်ပါ။

ယောဂီတို့ ရောဂါပျောက်ချင်လား၊ ပျောက်ချင်တယ်။ ပျောက်ချင်ရင် သေလိုက်။ ရောဂါ မပျောက်ရင်နေပါ၊ ရောဂါကို ခံစားတဲ့ဝေဒနာတော့ မကျော်ချင်ဘူးလား။ ကျော်ချင်တယ်။ ကျော်ချင်ရင် သေလိုက်။ အဲဒီလိုပဲ ပြောရမှာပေါ့။ ဟုတ်တယ် မဟုတ်လား။ အခုပဲ ပြောနေပြီလေ။

ဝေဒနာဆိုတာ စိတ်ရှိနေသမျှ ရှိမယ်ဆိုတော့ ဝေဒနာကုန်ချင်ရင် စိတ်မရှိတော့မှ ဖြစ်မယ်လေ။ စိတ်မရှိတော့မှ ဝေဒနာက ကုန်မှာကိုး။ အဲဒီတော့ ဝေဒနာကုန်ချင်ရင် ဘာမှ မခက်ဘူး။ သေလိုက်။ နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာ၊ ညောင်းတာ၊ အောင့်တာ၊ ယားတာ၊ ယံတာတွေ မဖြစ်





www.burmeseclassic.com

www.burmeseclassic.com

ဆိုရင်လည်း ဘာမှမခက်ပါဘူး၊ သေလိုက်။ ဒီတစ်ပတ် ပွဲကတော့ သေစကားချည်း ပြောတာကိုးနော်။

ရောဂါပျောက်ချင်ရင် သေလိုက်၊ ဝေဒနာပျောက်ချင် သေလိုက်။ ဒါကြောင့် တရားအားထုတ်တဲ့ ယောဂီတွေ ဂါမပျောက်ချင်စမ်းပါနဲ့၊ ဝေဒနာမပျောက်ချင်စမ်းပါနဲ့။ ဂါဖြစ် ဖြစ်မှန်းသိစမ်းပါ။ ဝေဒနာဖြစ် ဖြစ်မှန်းသိလိုက်စမ်း ဝေဒနာရှတဲ့နေရာမှာ ဝေဒနာပျောက်ဖို့က အဓိကမဟုတ် ဘူး။ ဝေဒနာကို သိဖို့က အဓိကပါ။

## အပေးမှားရင် ခွေးဝါးခံရမယ်

ဝိပဿနာဆိုတာ 'ဝိ'ဆိုတာက အထူးပဲ။ 'ပဿနာ' ဆိုတာက သိတာ၊ အားထုတ်နေဆဲ အခိုက်အတန့်မှာတော့ ကြည့်တာကို ပထမယူရမှာပေ့ါ။ ပထမတော့ ကြည့်တယ်၊ ကြည့်တာကနေ နောက်တစ်ဆင့် တက်လိုက်တော့ မြင်တယ်၊ မြင်တာကနေ တစ်ဆင့်တက်လိုက်တော့ သိတယ်ပေ့ါ။ ကြည့် တယ်၊ မြင်တယ်၊ သိတယ်။

ဝိပဿနာ - အထူးကြည့်၊ ဝိပဿနာ - အထူးကြည့် တော့ ဝိပဿနာ - အထူးမြင်၊ ဝိပဿနာ - အထူးမြင်တော့ ဝိပဿနာ - အထူးသိ။ သိဖို့က အဓိကပါ။ ကိလေသာငြိမ်း အောင်မှ အဓိကမဟုတ်သေးဘူး။ သူက နောက်ဆက်တွဲ လောလောဆယ် အရေးကြီးတာက ရုပ်သဘော နာမ် သဘောလေးတွေ သိဖို့၊ အဲဒီရုပ်နာမ်ရဲ့ ဖြစ်ပျက်သဘောလေး တွေကို သိဖို့ပါပဲ။ နောက်ဆုံးတော့ ဖြစ်ပျက်တွေကုန်သွားတဲ့ နိဗ္ဗာန်ကို သိနေတာပါပဲ။ သိနေတဲ့အခိုက်အတန့်မှာတော့ ကိလေသာကလည်း သူ့ဟာသူ ငြိမ်သွားတော့တာပါပဲ။

ဒါကြောင့် ဝီရိယဆိုတာ စိတ်စိုက်မှု၊ ကမ္မဋ္ဌာန်းအလုပ် မှာ မဂ္ဂင်တရားနဲ့ ပြောမယ်ဆိုရင်တော့ ဝီရိယနဲ့ သဘော တူတာက သမာဓိမဂ္ဂင်။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဒီသုံးမျိုးက သမာဓိမဂ္ဂင် တစ်အုပ်စုတည်းပေ့ါ။

သမ္မာဝါယာမ ဆိုတာက ကမ္မဋ္ဌာန်းအာရုံပေါ်မှာ စိတ် စိုက်မှု၊ သမ္မာသတိ ဆိုတာက ကမ္မဋ္ဌာန်းအာရုံပေါ်မှာ စိတ်စွဲမှု၊ သမ္မာသမာဓိ ဆိုတာက ကမ္မဋ္ဌာန်းအာရုံပေါ်မှာ စိတ်စူးမှု၊ သုံးသုံးပေ့ါနော်။ စိတ်ရဲ့ စိုက်မှု၊ စွဲမှု၊ စူးမှု၊ အဲဒီသဘော လေးရှိနေမှ ဝီရိယရှိတယ်လို့ ခေါ်ပါတယ်။

ကမ္မဋ္ဌာန်းအာရုံမှာ စိတ်မစိုက်နိုင်သမျှ၊ စိတ်မစွဲနိုင် သမျှ စိတ်မစူးနိုင်သမျှ ဝီရိယအစစ် အဖြစ်သေးပါဘူး။ ဝီရိယ ရှင်သူတွေရဲ့ကြားမှာ ဝီရိယမြင့်အောင် မြှင့်ပါဆိုတာက အဲဒီ ဝီရိယအစစ်ကို မြှင့်တင်ပေးဖို့ ပြောတာပါ။

ဝီရိယ အပေးမှားရင်တော့ ဟိုအဖိုးကြီး ကွမ်းယာ အပေးမှားလို့ ခွေးအဝါးခံရတယ်ဆိုတာမျိုး ဖြစ်နေဦးမယ်။ ဒါတို့ ကြားဖူးတယ် မဟုတ်လား။ ပန်းမော်လား၊ သင်္ဂဇာ သင်္ဂဇာဆရာတော် ထင်တယ်နော်။

သင်္ဂဇာဆရာတော် ပုံပြင်ထဲမှာ အဖိုးကြီးတစ်ယောက် ကိုယ့်အိမ်မှာ ဝင်ထွက်နေကျ သူရည်းစားကို မျှော်တာပေ့ါ လေ။ သူ့ရည်းစားကလည်း ခါတိုင်း လာနေကျအချိန်မှာ မလာဘူး။ ညည့်နက်သည်ထက် နက်လာ၊ လာမယ်လို့ ပြော ထားတယ်ဆိုတော့ စောင့်လိုက်ဦးမယ် ဆိုပြီးတော့ အိမ်ပြင် မှာထွက်ပြီးတော့ ဗိုင်းငင်ရင်းနဲ့ စောင့်နေတယ်။

စောင့်ရင်း စောင့်ရင်းနဲ့ ကိုယ်တော်ချောက သန်းခေါင် ကျော်မှ ရောက်လာတယ်။ ရောက်လာတယ်ဆိုတာ အသံပဲ ရောက်လာတာ။ အဖိုးကြီးရဲ့ ဘေးနားလေးမှာ ဟောဟဲ ဟောဟဲနဲ့ဆိုပြီးတော့ ရောက်လာတယ်။ အမှန်က ဘယ်သူ ရောက်လာတာလဲဆိုတော့ ကိုယ်တော်ချော ရောက်လာတာ မဟုတ်ဘူး။ အိမ်မှာမွေးထားတဲ့ ခွေးနက်ကြီး ရောက်လာ တယ်၊ ဒါပေမယ့် အဖိုးကြီးက သူ့ရည်းစားပဲ ထင်နေတယ်။ သူ့ရည်းစားပဲထင်တော့ သူတို့ ရှေးထုံးစံအတိုင်းပေ့ါလေ ရည်း စားလာတဲ့အခါကျတော့ အဖိုးကြီးက ကွမ်းယာ ယာပေး တယ်။ သူက ကွမ်းယာအဆင်သင့်ယာပြီးတော့ စောင့်နေ တာပေ့ါလေ။ ဟောဟဲသံကြားတော့ ဘေးကိုတောင်လှည့် မကြည့်ဘူး။ အဖိုးကြီးဆိုတော့ မူလိုက်တာပေ့ါ။

ဘေးနည်းနည်းလေးစောင်းပြီးတော့ ပါးစပ်ကလည်း တွတ်တွတ် တွတ်တွတ်နဲ့ ပြောသေးတယ်။

"သူများ ကွမ်းယာ ယာပြီးတော့ စောင့်နေတာ သူ မသိဘူးလား"

အဲဒီလိုပြောပြီးတော့ လှည့်မကြည့်ဘဲနဲ့ ကွမ်းယာကို ဟောဟဲသံကြားတဲ့ဘက်ကို ပေးလိုက်တယ်။ အဲဒါ ကွမ်းယာ က ခွေးနှုတ်သီး သွားထိတယ်။ ခွေးကလည်း လက်ကို ဟပ် လိုက်တာပေ့ါ။ အဲဒါ အဖိုးကြီးလက် ခွေးအဝါးခံရတယ်နော်။

အဖိုးကြီး ကွမ်းယာအပေးမှားရင် လက်ကို ခွေးအဝါး ခံရတယ်တဲ့။ သင်္ဂဇာဆရာတော်ဘုရားကြီးကတော့ တခြား ကိစ္စတစ်ခုအတွက် ဆုံးမထားတာပါ။

အခု တရားအားထုတ်တဲ့ ဝိပဿနာဝီရိယအတွက် ပြောချင်တာကတော့ အထူးသဖြင့် ဒုက္ခဝေဒနာ ဝီရိယ အတွက် ပြောချင်တာကတော့ ယောဂီတို့လည်း ဝီရိယအပေး မှားရင်တော့ ခွေးအဝါးခံရမယ်။ ဇာတိခွေး၊ ဇရာခွေး၊ ဗျာဓိ ခွေး၊ မရဏခွေးဆိုတဲ့ ဒုက္ခခွေးတွေရဲ့ အဝါးခံရမယ်။

နေပါဦး၊ မေးပါဦးမယ်။ တိုးတိုးတိတ်တိတ်၊ အဖိုးကြီး ဖြစ်တယ်ဆိုတာ အပေးတတ်လို့လား၊ အပေးမတတ်လို့လား။ ကဲ. . . လူဖိုးကြီးဖြစ်တယ်ဆိုတာ အပေးတတ်လို့လား၊ အပေး မတတ်လို့လား။ အပေးမတတ်လို့တဲ့။

ဒါဆိုရင်တော့ သွားပြီ။ လူဖိုးကြီး၊ အဖိုးကြီးဖြစ်တာ အပေးမတတ်လို့ဆိုရင်တော့ မခံချင်စိတ်ဖြစ်ပြီး တော်ကြာ ဝါမဆိုခင် အပီကိုင်တော့မယ် ဆိုရင်တော့ ပြဿနာပဲ။ အဲဒီ လိုတော့ မလုပ်ကြနဲ့ဦးနော်။ ဝါမဆိုခင် မင်္ဂလာဆောင်မယ်





www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီးတော့တော့ မလုပ်ပါနဲ့။ ဒါက ရှုထောင့်တစ်ဖက်ကနေ ပြောတာပါ။

တခြား ရှုထောင့်တစ်ဖက်ကနေ ကြည့်လိုက်တော့ လူပျိုကြီး၊ အပျိုကြီးဖြစ်တယ်ဆိုတာ ဖြုတ္တာပြည်က လာလို့ပါ။ ဖြုတ္တာပြည်က လာတယ်ဆိုတာကလည်းပဲ ရတာမလို၊ လိုတာ မရ ဆိုတဲ့သဘောနဲ့ လူပျိုကြီး၊ အပျိုကြီး ဖြစ်တာဆိုရင်တော့ ဖြုတ္တာပြည်က လာတာမဟုတ်တော့ဘူး။ တကယ့်ကိုပဲ ကာမ ရာဂစိတ်ခေါင်းပါးလို့၊ ဒီအိမ်ထောင်မှု သားမွေးမှုကိစ္စတွေမှာ လုံးဝစိတ်မဝင်စားလို့ လူပျိုကြီး၊ အပျိုကြီး လုပ်နေတယ်ဆို ရင်တော့ ဆုံးဖြတ်ချက် ချလိုက်တော့။ ဖြုတ္တာပြည်က လာတာလို့နော်။

အဲဒီတော့ အပေးမတတ်ရင် လူပျိုကြီး၊ အပျိုကြီး ဖြစ် တတ်သလိုပဲ၊ လူပျိုကြီး၊ အပျိုကြီးဘဝက မကျွတ်လွတ်နိုင် သလိုဘဲ ယောဂီတို့လည်း အပေးမတတ်ရင်တော့ သံသရာ ဝဋ်ဆင်းရဲကနေ မကျွတ်လွတ်နိုင်ဘူး။ ကျွတ်ချင်ပါလျက် မကျွတ်လွတ်နိုင်တာကိုပဲ ရည်ရွယ်ပြီးတော့ ပြောတာပါနော်။ ဖြုတ္တာပြည်ကလာလို့ ကင်းကင်းရှင်းရှင်းနေတာကို ဆိုလိုတာ မဟုတ်ပါဘူး။

ဝီရိယ အပေးမမှားဖို့ လိုတယ်ဆိုတာက အကြာကြီး ထိုင်မှ တရားတက်တယ်လို့ ယူဆပြီးတော့ တရားမတက်ဘဲ အကြာကြီးထိုင်နေတယ်ဆိုရင် ဒါ ဝီရိယအပေးမှားသွားတာ ပေါ့။

ဝေဒနာတွေ ပြင်းထန်လာလို့ရှိရင် ပြင်နိုင်တယ်၊ ပြောင်းနိုင်တယ်၊ လှုပ်နိုင်တယ်၊ ကုတ်နိုင်တယ်ဆိုတာ သိနေ ပါလျက်နဲ့ ပြောင်းလိုက်ရင် သမာဓိတွေ ပျက်သွားလိမ့်မယ်။ ဉာဏ်တွေ ပျက်သွားလိမ့်မယ်ဆိုပြီးတော့ မပြင်မပြောင်း မလှုပ် မကုတ်ဘဲ ပေတေပြီးတော့ အားထုတ်နေတယ်ဆိုရင် ဝီရိယ အပေးမှားသွားတာပဲ။

ဝီရိယအပေးမှားရင်တော့ ခွေးအဝါးခံရတတ်တယ် ဆိုတာကိုသာ မှတ်ထားလိုက်တော့နော်။ ဝီရိယအကြောင်း ကလည်း ပြောမယ်ဆိုရင်တော့ မကုန်နိုင်ပါဘူး။ ဝီရိယ အကြောင်းပြောရင် ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရား ကြီးရဲ့ အဆုံးအမကို သတိရပါတယ်။

"ခင်ဗျားတို့ဝီရိယတွေ ဘာလုပ်ဖို့ ချန်ထားကြတာတုံး ဗျာ့" တဲ့။

ဆရာတော်ဘုရားကြီးကတော့ ဒေသလေသံ "ဗျာ့ ဗျာ့" ဆိုတာ အမြဲတမ်းပါတယ်နော်။ အဲဒီဩဝါဒက နာတတ် မယ်ဆိုရင် ကြောက်စရာကြီးနော်။

ယောဂီတို့ရော ဝီရိယတွေ ဘာလုပ်ဖို့ ချန်ထားကြတာ တုံး။ ယောဂီတို့ 'အားထုတ်မှ အားထုတ်' ဆိုပြီးတော့ ကြိုးစား ကြစမ်းပါ။ ယောဂီတို့က အားထုတ်မှ အားထုတ်ပဲ ထင်ပါ တယ်။ ရေကလည်း ချိုးမှချိုးပဲလား၊ ဆွမ်းကလည်း စားမှ စားပေါ့။ ဆွမ်းကလည်း စားပေါ့။ မစားရဘူးလို့ မဆိုလိုပါ ဘူး။ တရားအားထုတ်တဲ့အခါမှာလည်း သူများ အားနာရ လောက်အောင် အားထုတ်နော်။

ဦးဇင်းတို့တောင်ပေါ်မှာ ဂျပန်ပိတောက်ပန်းပင်လေး တစ်ပင်ရှိတယ်။ ဂျပန်ပိတောက်ပန်းက ၁၂ ရာသီ ပွင့်တယ်။ အဝါရောင်ပန်းပွင့်လေးတွေ အဆုပ်လိုက် အဆုပ်လိုက် ပွင့် တာပါပဲ။ အပင်ကလည်း လူတစ်ရပ်ထက် မရှည်ပါဘူး။ ခါး လောက်၊ ခါးသာသာပဲ ရှိပါတယ်။

စိုက်ကတည်းကလည်းပဲ ၁၂ ရာသီပွင့်တဲ့ပန်းကို စိုက် ထားတာပါ။ ဒါပေမယ့် အဲဒီပန်းကလည်း ရောက်ကတည်းက တစ်ရက်မှကို မနားဘဲ ပွင့်တာ၊ နှစ်နှစ်လောက် ရှိသွားပြီ၊ တစ်ရက်မှကို မနားသေးဘူး။ တစ်ခါတလေကျတော့ လမ်း လျှောက်ရင်း ပန်းပင်နားရောက်ရင် ပြောရတယ်။

"ပန်းကလေးရေ တစ်ရက်မှတောင် မနားဘဲ ပွင့်တော့ အားနာလိုက်တာကွယ်၊ တစ်ရက်လောက်တော့ နားပါဦး၊ ဒါမှ မဟုတ်လဲ တစ်ပတ်လောက်တော့ နားပါဦး"

ဂျပန်ပိတောက်ပန်းက တစ်ဖက်သား အားနာလောက် အောင်ကို ပွင့်တာနော်။ ယောဂီတို့ကလည်း တရားအားထုတ် တာ ကမ္မဋ္ဌာန်းဆရာ အားနာလောက်အောင်ထင်ပါတယ်။

"ယောဂီတို့ရယ် တစ်မိနစ်လေးဖြစ်ဖြစ်၊ တစ်နာရီလေး ဖြစ်ဖြစ် နားပါဦး"။ အဲဒီလိုပြောရလောက်အောင်ကို အား ထုတ်မှ အားထုတ်ပဲ ထင်ပါတယ်။

ဩော်. . . ယောဂီတို့က အားထုတ်လိုက်တာ ထိုင် ချိန်ကလည်း အချိန်ပြည့်၊ အမှတ်ကလေးကို ဆက်လို့၊ စင်္ကြံ ချိန်လည်းပဲ စကားမပြောပါဘူး။ လျှောက်မလည်ပါဘူး။ အားထုတ်မှ အားထုတ်ပဲနော်။ ဂျပန်ပိတောက်ပန်းလေးလိုပဲ ဦးဇင်းက ယောဂီတို့ကို အားနာလိုက်တာ။

ဒါကြောင့် ဝီရိယနိမ့်သူတွေရဲ့ကြားမှာ ဝီရိယမြင့်ပါ ဆိုတဲ့ အဆုံးအမလေးကို နှလုံးသွင်းပြီးတော့ ဝိပဿနာဝီရိယ ကုသိုလ်ဝီရိယတွေ ကိုယ့်နှလုံးသားမှာ မြင့်မားတိုးတက်လာ အောင် အားထုတ်ကြရမှာပေါ့။

## သူလို ကိုယ်လိုနေရင် သူလို ကိုယ်လိုပဲဖြစ်မယ်

"နိမ့်သူတွေရဲ့ကြားမှာ မြင့်ပါ၊ မြင့်သူတွေရဲ့ကြားမှာ နိမ့်ပါ၊ မနေသူတွေရဲ့ကြားမှာ နေပါ၊ ပျော်သူတွေရဲ့ကြားမှာ မပျော်ပါနဲ့"

တတိယမြောက် အဆုံးအမက "မနေသူတွေရဲ့ကြား မှာ နေပါ"။ အဲဒါ ဘာအဓိပ္ပာယ်လို့ ယူဆမိတုံး။ ပြောကြည့် ပါဦး၊ ကိုယ်ဉာဏ်ပေါ်သလို ရှေ့ကနေ စကားလုံးလေးရှေ့ ဖြည့်စွက်ပြီးတော့ ပြောကြည့်ပါ။





www.burmeseclassic.com

www.burmeseclassic.com

လူ့ပျိုကြီးဘဝနဲ့ မနေတဲ့သူတွေကြားမှာ လူပျိုကြီးဘဝနဲ့ နေပါ။ အပျိုကြီးဘဝနဲ့ မနေတဲ့သူတွေကြားမှာ အပျိုကြီးဘဝနဲ့ နေပါ။ အဲဒီလိုလား. . . အဲဒီလိုလည်း ရတာပဲနော်။

တရားနဲ့ မနေသူတွေရဲ့ကြားမှာ တရားနဲ့နေပါ။ ဒီလိုလည်း ယူလို့မရဘူးလား။ တရားဆိုတာကို ထပ်ပြီးတော့ ချဲ့လိုက်ဦးမယ်ဆိုရင် ဒါနနဲ့ မနေသူတွေရဲ့ကြားမှာ ဒါနနဲ့နေပါ။ သီလနဲ့ မနေသူတွေရဲ့ကြားမှာ သီလနဲ့နေပါ။ သမထနဲ့ မနေသူတွေရဲ့ကြားမှာ သမထနဲ့နေပါ။ ဝိပဿနာနဲ့ မနေသူတွေရဲ့ကြားမှာ ဝိပဿနာနဲ့ နေပါ။

ဒီ့ထက် အဆင့်မြှင့်လိုက်ဦးမယ်ဆိုရင် အရိယာဘဝနဲ့ မနေနိုင်သူတွေရဲ့ကြားမှာ အရိယာဘဝနဲ့ နေပါ။ အရိယာဖြစ်ပြီးပြီ ထားလိုက်တော့။ သကဒါဂါမိဘဝနဲ့ မနေနိုင်သူတွေရဲ့ကြားမှာ သကဒါဂါမိဖြစ်အောင် နေပါ။ အနာဂါမ်အဖြစ်နဲ့ မနေနိုင်သူတွေရဲ့ကြားမှာ အနာဂါမ်အဖြစ်နဲ့ နေပါ။ ရဟန္တာအဖြစ်နဲ့ မနေနိုင်သူတွေရဲ့ကြားမှာ ရဟန္တာအဖြစ်နဲ့ နေပါ။ အဆုံးအမက ဘယ်လောက်ကောင်းထားတုံးနော်။ အဆင့်ဆင့် မြင့်သည်ထက်ကို မြင့်သွားတာပေါ့။ တခြားဟာတွေကိုတော့ အများကြီး ချဲ့ထွင်လို့ ရပါသေးတယ်။

တရားနဲ့ မနေသူတွေရဲ့ကြားမှာ တရားနဲ့နေပါလို့ နှလုံးသွင်းလိုက်လို့ရှိရင် ကောင်းမြတ်တဲ့အဓိပ္ပာယ်တွေ အကုန်လုံး ဝင်သွားတာပါပဲ။

တရားနဲ့ ဘယ်လိုနေမလဲ။ ဘယ်လိုနေတာကို တရားနဲ့နေတယ် ခေါ်တာလဲ။ တရားနဲ့ နေပုံနေနည်း အကြောင်းကို ဒီအဆုံးအမလေးခု ဘုရားအလိုတော်ကျ ပေးသနားတော်မူခဲ့တဲ့ မထေရ်မြတ်ရဲ့ အဖြစ်အပျက်နဲ့ တွဲပြီးပြောကြရအောင်။

ဦးဇင်းတို့ရဲ့ ဒီ"ထူးမှထူး" ဆိုတဲ့ အဓိပ္ပာယ်လေးခုကို ပေးသနားတော်မူခဲ့တဲ့ မထေရ်မြတ်က အရှင်ပိယဥ္စဟလို့ ခေါ်ပါတယ်။ ပိယဆိုတာ ချစ်ခြင်း၊ ဇဟဆိုတာ စွန့်တာ။ သူတစ်ပါးရဲ့ချစ်ခြင်းကို စွန့်လွှတ်ထားရတဲ့သူမို့လို့ ပိယဥ္စဟလို့ ခေါ်ပါတယ်။

သူတစ်ပါးရဲ့ချစ်ခြင်းကို စွန့်လွှတ်ထားရတဲ့သူဆိုတော့ သူတစ်ပါးရဲ့ချစ်ခြင်းကို မရတဲ့သူ၊ သူတစ်ပါးရဲ့ အမုန်းကိုပဲ ရတဲ့သူပေါ့။ ဒါကြောင့် ပိယဥ္စဟကို မြန်မာလို နာမည်ပြန်ရမယ်ဆိုရင် လူမုန်းလို့ ပြန်ရမှာပေါ့။ လူနာမည် မောင်လူမုန်း၊ ကိုလူမုန်း၊ ရဟန်းနာမည် ရဟန်းဘွဲ့ ဦးဇင်းလူမုန်း၊ အရှင်လူမုန်း၊ ဦးလူမုန်းပေါ့။

သူက ဝေသာလီမြို့ လိစ္ဆဝီမင်းမျိုးက ဖြစ်ပါတယ်။ အရွယ်ရောက်တဲ့အခါမှာ စစ်တိုက်ဝါသနာပါတယ်။ စစ်ရေးနွှမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ တိုက်ခိုက်ရေးစွမ်းရည်ကလည်း ပြည့်စုံတော့ တိုက်ပွဲတိုင်းမှာ အောင်မြင်ပါတယ်။ သူ မအောင်မြင်တဲ့ တိုက်ပွဲဆိုတာ တစ်ပွဲမှ မရှိဘူး။ အဲဒီတော့ သူ့ကို ရန်သူတွေက မုန်းကြတာပေါ့။

ရန်သူတွေက မုန်းကြတော့ ရန်သူတွေရဲ့ ချစ်ခြင်းကို စွန့်ရတယ်။

ရန်သူတွေရဲ့ ချစ်ခြင်းကို စွန့်ရလို့ သူ့ကို ပိယဥ္စဟလို့ခေါ်ပါတယ်။ မြန်မာလို ကိုလူမုန်းပေါ့။

ဝေသာလီကို မြတ်စွာဘုရားကြွလာတော့ မြတ်စွာဘုရား ဟောကြားတဲ့ တရားတော်တွေကို နာကြားပြီးတော့ သဒ္ဓါတရားတွေဖြစ်၊ သာသနာ့ဘောင်ဝင် ရဟန်းပြု၊ ဝိပဿနာ အလုပ်တွေ အားထုတ်လိုက်တာ သိပ်မကြာခင်မှာပဲ ရဟန္တာ ဖြစ်သွားပါတယ်။

ရဟန္တာဖြစ်ပြီးတဲ့နောက်မှာ အန္ဓပုထုဇဉ်တွေရဲ့အကျင့်နဲ့ အရိယာပုဂ္ဂိုလ်တွေရဲ့ အကျင့်ဟာ ဆန့်ကျင်ဘက်ပဲဆိုတာကို ပေါ်လွင်ထင်ရှားအောင်လို့ ဒီအဆုံးအမ လေးခုပါတဲ့ ဂါထာတစ်ပုဒ် ဟောကြားပါတယ်။ မထေရ်မြတ်ဆီ သွားပြီးတော့ တရားတောင်းရင် ဒီဂါထာကိုပဲ ဟောပါတယ်။ ဘယ်သူလာ တရားတောင်းတောင်း ဒီဂါထာတစ်ခုတည်းကိုပဲ ဟောပါတယ်။

ဦးဇင်းတို့လည်း ဒီဂါထာက ကိုရင်ဘဝကတည်းက အကြိုက်ဆုံးဂါထာတွေထဲမှာ ပါတဲ့အတွက် နောက်ဆိုရင် တရားလာဟောခိုင်းရင် ဒီဂါထာပဲ ဟောတော့မှာနော်။ တစ်သက်လုံး ထူးမှထူးဂါထာကိုပဲ ဟောတော့မယ်။

ဒီဂါထာကို ဦးဇင်းတို့ ကိုရင်ဘဝကတည်းက သိပ်ကြိုက်တယ်။ ဒီနေ့ ဒီအချိန်အထိ သာသနာ့ဘောင်မှာ တည်မြဲနေတာကိုက ဒီဂါထာလေးရဲ့ကျေးဇူး အများကြီးပါပါတယ်။

"ရဟန်းဘဝနဲ့ မနေသူတွေရဲ့ကြားမှာ ရဟန်းဘဝနဲ့ နေပါ"

"သာသနာ့ဘောင်မှာ မနေသူတွေရဲ့ကြားမှာ သာသနာ့ဘောင်မှာ နေပါ"

"ရဟန်းဘဝဆိုတာ ဘုရားအလောင်းတော်တောင်မှ ကမ္ဘာပေါင်း လေးအသင်္ချေနဲ့ တစ်သိန်းအတွင်းမှာ ကိုးဘဝပဲ ရတာ၊ ရဖို့ အင်မတန်ခဲယဉ်းတယ်၊ ဘုရားအဆုံးအမ (သာသနာ) ဆိုတာလဲ ဘဝပေါင်း အသင်္ချေမှာ တစ်ကြိမ်တစ်ခါ ကြုံတွေ့ဖို့ အင်မတန်ခဲယဉ်းတယ်၊ လူအများစုက လူ့ဝတ်ကြောင်ဘဝမှာပဲ ကာမဂုဏ်ချမ်းသာ ခံစားပြီးနေကြတယ်၊ ငါကတော့ လူအနည်းစုသာ နေနိုင်တဲ့ ရဟန်းဘဝမှာပဲ သာသနာ့တာဝန် ထမ်းဆောင်ပြီး တရားချမ်းသာနဲ့ နေတော့မယ်"

တခြားအဆုံးအမတွေလည်း နည်းတူပါပဲ။ အခြေအနေ အချိန်အခါအားလျော်စွာ လိုအပ်သလို ထည့်ထည့်ပြီး နှလုံးသွင်းလိုက်ရင် အင်မတန်ကို သူတော်ကောင်းစာတ်တွေ စိမ့်ဝင်ပျံ့နှံ့လာစေပါတယ်။

မလိုလားအပ်တဲ့ နိမ့်နေတဲ့စိတ်ကို မြင့်လာစေနိုင်တယ်။ မလိုလားအပ်တဲ့ မြင့်နေတဲ့စိတ်ကို နိမ့်လာစေနိုင်တယ်။ နေသင့်တဲ့ မနေချင်တဲ့ နေရာမှာ နေချင်လာစေနိုင်တယ်။

www.burmeseclassic.com

မပျော်သင့်တဲ့ ပျော်ချင်တဲ့နေရာမှာ မပျော်ချင်တော့ဘူး။ အင်မတန် အကျိုးများပါတယ်။

"မနေသူတွေရဲ့ကြားမှာ နေပါ" ဆိုတဲ့ အဆုံးအမက တော့ ချဲ့လို့အကောင်းဆုံး၊ နယ်ပယ်အကျယ်ပြန့်ဆုံးပါပဲ။ ဦးဇင်းတို့ မြန်မာပြည်၊ ရန်ကုန်၊ ရန်ကင်းမှာ ဟောတုန်းက တော့ . . .

"ရန်ကင်းအောင် မနေသူတွေရဲ့ကြားမှာ ရန်ကင်း အောင်နေပါ" လို့ ဟောပေးခဲ့ပါတယ်။

အတွင်းရန် (ကိလေသာရန်) ကင်းဖို့ သတိနဲ့ နေရပါ မယ်။ အပြင်ရန် (ပုဂ္ဂိုလ်ရန်) ကင်းဖို့ မေတ္တာနဲ့ နေရပါမယ်။ သတိအကြောင်း၊ မေတ္တာအကြောင်း ချဲ့ဟော ချဲ့တွေး ဘယ် ကုန်ပါတော့မလဲနော်။

"ပရဟိတနဲ့ မနေသူတွေရဲ့ကြားမှာ ပရဟိတနဲ့ နေပါ" လို့လည်း ပရဟိတအဖွဲ့ တစ်ဖွဲ့က ကျင်းပတဲ့ တရားပွဲမှာ ဟောပေးခဲ့ပါတယ်။ အသက်မွေးဝမ်းကျောင်းအလုပ်ကို မေတ္တာ စေတနာသန့်သန့်နဲ့ အရည်အသွေး အကောင်းဆုံး ဖြစ်အောင် လုပ်ပေးတဲ့ အလိုအလျောက် ပရဟိတရယ်၊ အသက်မွေးဝမ်းကျောင်းနဲ့ မဆိုင်တဲ့ အများအကျိုးပြုအလုပ် တွေကို အချိန်ကုန်ခံ၊ ငွေကုန်ခံ၊ အပင်ပန်းခံ၊ အလုပ်ပျက်ခံပြီး တမင်တကာ လုပ်တဲ့ တကူးတက ပရဟိတရယ်၊ ပရဟိတ နှစ်မျိုးလုံးနဲ့ နေရမယ်ပေါ့။

"မေတ္တာတရားနဲ့ မနေသူတွေရဲ့ကြားမှာ မေတ္တာတရား နဲ့နေပါ"

"ကိုယ်ချင်းစာတရားနဲ့ မနေသူတွေရဲ့ကြားမှာ ကိုယ် ချင်းစာတရားနဲ့ နေပါ"

လို့ရင်း အနှစ်ချုပ်ကတော့ ကောင်းတဲ့သဘောတရား နဲ့ မနေသူတွေရဲ့ကြားမှာ ကောင်းတဲ့ သဘောတရားနဲ့ နေဖို့ ပါပဲ။ မကောင်းတဲ့ သဘောတရားနဲ့ နေနေသူတွေရဲ့ကြားမှာ မကောင်းတဲ့သဘောတရားနဲ့ မနေဖို့ပါပဲ။

သူလိုကိုယ်လိုနေရင် သူလိုကိုယ်လိုပဲ ဖြစ်ပါလိမ့်မယ်။ သူလိုကိုယ်လို မဖြစ်ချင်ရင် သူလိုကိုယ်လို မနေပါနဲ့။ သူလို ကိုယ်လို ပေါ့ပေါ့တန်တန် နိမ့်နိမ့်ယုတ်ယုတ် မနေဖြစ်ဘဲ သူလို ကိုယ်လိုထက် ထူးပြီး လေးလေးနက်နက် မြင့်မြင့်မြတ်မြတ် နေဖြစ်အောင် "မနေသူတွေရဲ့ကြားမှာ နေပါ" ဆိုတဲ့ အဆုံး အမကို အခြေအနေ အချိန်အခါနဲ့ လိုက်လျောညီထွေစွာ ဉာဏ်နဲ့ ချဲ့ထွင်ထည့်သွင်းပြီး ကျင့်သုံးနေထိုင်သွားရုံပါပဲ။

"မနေသူတွေရဲ့ကြားမှာ နေပါ" ဆိုတဲ့ အဆုံးအမက "သူလိုကိုယ်လို မနေပါနဲ့" လို့ ဆိုလိုပါတယ်။ "သူလိုကိုယ်လို မနေပါနဲ့၊ သူလိုကိုယ်လိုထက် ထူးအောင် နေပါ" လို့ ဆိုလိုပါ တယ်။ ကောင်းသောထူးခြင်း၊ မြတ်သောထူးခြင်းနဲ့ ထူးတာကို ပြောတာနော်။

## ရင်မှာရှိသဘောတိ
## အပြင်မှာအကြည့်ရောက်တာပါ

အဲဒီ အရှင်ပိယဥ္စဟမထေရ်ရဲ့ ရေးကောင်းမှုတွေ အများကြီးရှိတဲ့ အထဲက ထင်ရှားတာတစ်ခုကို စာထဲမှာ ပြထားတာ ရှိပါတယ်။

မထေရ်မြတ်လောင်းလျာဟာ လွန်ခဲ့တဲ့ ကိုးဆယ့်တစ် ကမ္ဘာ ဝိပဿီမြတ်စွာဘုရားရှင် လက်ထက်တုန်းက ဟိမဝန္တာ တောင်ကြားတစ်ခုမှာ ရုက္ခစိုးနတ် ဖြစ်ခဲ့ဖူးပါတယ်။ ရုက္ခစိုး နတ်ဖြစ်တော့ ဟိုမဟာသမယသုတ်ဟောတဲ့ အခမ်းအနား လိုမျိုးပေါ့။ နတ်ဗြဟ္မာတွေ အများကြီးစုဝေးကြတဲ့ နတ် သဘင်မှာ သူက ဘုန်းတန်ခိုးအားနည်းတဲ့အတွက်ကြောင့် နောက်ဆုတ် နောက်ဆုတ်သွားရင်းနဲ့ နောက်ဆုံးဂင်္ဂါမြစ်ကမ်း ကနေပဲ တရားနာရတော့တာပေါ့။

မြတ်စွာဘုရားရှင်ရဲ့ အသံတော်ဆိုတာက ပရိသတ် ရှိသလောက် ပျံ့နှံ့တာဆိုတော့ တရားကို ကောင်းကောင်းနာ ရတယ်။ မြတ်စွာဘုရားရဲ့ တရားတွေ နာရတဲ့အခါ သဒ္ဓါ တရားတွေဖြစ်ပြီးတော့ မြတ်စွာဘုရားရှင်အပေါ်မှာ အထူး ကြည်ညိုတဲ့အတွက် အဲဒီရုက္ခစိုးက ဗုဒ္ဓါနုဿတိကို အမြတ်မ်း ပွားများပြီးတော့ နေပါတယ်။ ဘုရားရဲ့ဂုဏ်တော်တွေကို အမြတ်မ်း အမှတ်ရနေတာပေါ့။

တစ်နေ့တော့ ဂင်္ဂါမြစ်ကမ်းမှာ လမ်းလျှောက်နေရင်း နဲ့ မြစ်ကမ်းထဲက သဲသောင်ပြင်ကြီးကို လှမ်းကြည့်လိုက်တယ်။ အခုလို နွေရာသီဖြစ်မှာပေါ့။ ရေတွေကလည်းကျနေတော့ သဲသောင်ပြင်ကြီးကလည်း အကျယ်ကြီးဖြစ်နေတယ်။ သဲလေး တွေကလည်း ဖြူဖွေးသန့်စင်ပြီးတော့ နေပါတယ်။

အဲဒီဖြူဖွေးသန့်စင်နေတဲ့ သဲသောင်ပြင်ကြီးကို ကြည့် ပြီးတော့ ဖြူဖွေးသန့်စင်နေတဲ့ သဲသောင်ပြင်ကြီးကို နမူနာ ထားပြီး ဘုရားဂုဏ်တော် ပွားများလိုက်ပါတယ်။

"ဒီဖြူဖွေးသန့်စင်နေတဲ့ သဲသောင်ပြင်ကြီးထဲက သဲ တွေထက် မြတ်စွာဘုရားရှင်ရဲ့ ဉာဏ်တော်က ပိုပြီးဖြူဖွေး သန့်စင်တယ်၊ ပိုပြီး သန့်ရှင်းစင်ကြယ်တယ်၊ မြတ်စွာဘုရားရှင် ရဲ့ ဉာဏ်တော်ဟာ အဆုံးမရှိ ကျယ်ပြောတဲ့အတွက်ကြောင့် အနန္တ၊ မြတ်စွာဘုရားရှင်ရဲ့ ဉာဏ်တော်ဟာ အဆုံးမဲ့ ဉာဏ် တော်၊ မြတ်စွာဘုရားရှင်ရဲ့ ဉာဏ်တော်ဟာ ဘယ်လောက် ကြီးကျယ်ပါတယ်၊ ဘယ်လောက်ဖြူစင်သန့်ရှင်းစင်ကြယ်ပါ တယ်လို့ နှိုင်းယှဉ်စရာ ဥပမာမရှိတဲ့အတွက်ကြောင့် အပရိမေ ယျ အနှိုင်းမဲ့ဉာဏ်တော်"

စသည်အားဖြင့် မြတ်စွာဘုရားရှင်ရဲ့ သိစရာအားလုံး ကို အကုန်အစင်သိမြင်နိုင်တဲ့ သဗ္ဗညုတဉာဏ်တော်ကို အာရုံ ပြုပြီးတော့ ကြည်ညိုတဲ့စိတ်တွေ ဖြစ်ပါတယ်။ ဂုဏ်တော် ကိုးပါးအနေနဲ့ ပြောရရင်တော့ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com

အမိကထား ပွားများခဲ့ပါတယ် [illegible] ကိုင်လိုက်တယ်ဆိုရင် ကျန်တဲ့ဂုဏ်တော်တွေကလည်း သူ့ဟာနဲ့သူ ပါသွားတာပါပဲ။ အကြောင်းအကျိုး ဆက်စပ်ပြီး ချဲ့ထွင်ပွားတတ်တယ် ဆိုရင်ပေါ့လေ။

သမ္မာသမ္ဗုဒ္ဓေါ - သိစရာအားလုံးကို အမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်တော်မူတယ်။ သိစရာတွေ အားလုံးကို အမှန်အတိုင်း သိတယ်။ အဲဒီလို သိစရာတွေ အားလုံးကို သိတာ ဘာကြောင့်လဲဆိုတော့ စိတ်အစဉ်မှာ ကိလေသာအညစ်အကြေးတွေ အားလုံးကင်းစင်နေလို့။

အရဟံ - ကိလေသာအညစ်အကြေးတွေ အကုန်လုံး ဝါသနာအငွေ့အသက်မကျန် ကင်းစင်နေလို့၊ သမ္မာသမ္ဗုဒ္ဓေါ - သိစရာအားလုံးကို အမှန်အတိုင်း သိမြင်နိုင်တာပဲ။ ကိလေသာဆိုတဲ့ စိတ်အညစ်အကြေးလည်း လုံးဝကင်းစင်၊ သိစရာတွေ အားလုံးကိုလည်း အမှန်အတိုင်း သိမြင်နိုင်တဲ့အတွက်ကြောင့် ဝိဇ္ဇာစရဏသမ္ပန္နော - အသိရော အကျင့်ရော ပြည့်စုံတော်မူတယ်။

အသိရော၊ အကျင့်ရော ပြည့်စုံတဲ့အတွက်ကြောင့် သုဂတော - မြတ်စွာဘုရား ပြောသမျှစကားတွေက ကောင်းသောစကားတွေချည်းပဲ။ မြတ်စွာဘုရား ဟောလိုက်သမျှ တရားတွေက ကောင်းသောတရားတွေချည်းပဲ စသည်အားဖြင့်ပေါ့။ ဂုဏ်တော်ကိုးပါး တစ်ခုကိုင်လိုက်တယ်ဆိုရင် ကျန်တာတွေကို အကြမ်းဖျင်းဆက်စပ်ပြီးတော့ ပွားများလို့ ရပါတယ်။ အရှင်ပိယဒဿဟာမထေရ်လောင်း ရုက္ခစိုးကလည်းပဲ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို စကိုင်ပြီးတော့ ဂုဏ်တော်ကိုးပါးကို အပြန်ပြန်အလှန်လှန် ပွားများပါတယ်။ ဘာကို အာရုံပြုရင်း ပွားများတာလဲဆိုရင် ဖြူစင်သန့်ရှင်းနေတဲ့ ဂင်္ဂါမြစ်ကမ်းက သဲသောင်ပြင်ကြီးကို ကြည့်ပြီးတော့ ပွားများတာ။

နဂိုက အချိန်ပြည့် ပွားများနေတာ ဟုတ်ချင်မှလည်း ဟုတ်မယ်ပေါ့။ သူ့အချိန်နဲ့သူ ပွားများတာဖြစ်မယ်။ မကြာမကြာ ပွားများတာဖြစ်မယ်။ ဒါပေမယ့် သဲသောင်ပြင်ကြီးကို မြင်လိုက်တာနဲ့၊ သဲသောင်ပြင်ကြီးရဲ့ ဖြူဖွေးသန့်စင်ပုံကို မြင်လိုက်တာနဲ့ ဘုရားကို ချက်ချင်း သတိရသွားတယ်။ဘာဝနာ တစ်ခုခုနဲ့ စိတ်ကို အမြဲတမ်း ထုံမွှမ်းထားတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီလိုပါပဲ။ သက်ရှိ၊ သက်မဲ့ ဘယ်အာရုံကိုပဲ မြင်လိုက်မြင်လိုက် ဘာဝနာပွားဖို့ပဲ ဖြစ်သွားပါတယ်။ မြင်မြင်သမျှ အာရုံတိုင်းဟာ ဘာဝနာပွားဖို့ တွန်းအားတွေချည်းပဲ ဖြစ်သွားပါတယ်။

## ဘာအရာပဲ ကြုံတွေ့ပါစေ ဘာဝနာပဲ ထုံမွှေ့ထားနေ

ဒါကြောင့် အရှင်ပိယဒဿဟာမထေရ်အလောင်း ရုက္ခစိုးနတ်ကြီး သဲသောင်ပြင်ကိုကြည့်ပြီး ဂုဏ်တော်ပွားများတာကို [illegible] ဘယ်အာရုံကိုပဲတွေ့တွေ့၊ ဘယ်သက်မဲ့အာရုံ ဘယ်သက်ရှိအာရုံကိုပဲ တွေ့တွေ့ ဘာဝနာဖြစ်အောင် နှလုံးသွင်းမယ်၊ ဘာဝနာဖြစ်အောင် ပွားမယ်ဆိုပြီးတော့ ပွားကြရမယ်။

သီးခြားတရားထိုင်ပြီး ပွားနိုင်ရင်လည်းပွား၊ မပွားနိုင်ရင်လည်း မပွားနဲ့။ အရေးအကြီးဆုံးကတော့ ဘယ်အာရုံနဲ့ပဲ တွေ့တွေ့ တွေ့သမျှအာရုံနဲ့ လိုက်ဖက်တဲ့ ဘာဝနာတစ်ခုခု ပွားဖြစ်ဖို့ပါပဲ။

"မနေသူတွေရဲ့ကြားမှာ နေပါ" ဆိုတဲ့ အဆုံးအမအတွက် အမိကပြောချင်တာက "ဘယ်အာရုံနဲ့တွေ့တွေ့ ဘာဝနာနဲ့ မနေသူတွေရဲ့ကြားမှာ ဘယ်အာရုံနဲ့တွေ့တွေ့ ဘာဝနာနဲ့နေပါ" လို့ ပြောချင်တာပါ။

ရေလေး မမြင်လိုက်နဲ့၊ မြင်လိုက်တာနဲ့ "သတ္တဝါအားလုံး ဤရေကဲ့သို့ အေးချမ်းကြပါစေ"။ မျက်နှာလေး မသစ်လိုက်နဲ့၊ သစ်လိုက်လို့ မျက်နှာနဲ့ရေနဲ့ ထိလိုက်တာနဲ့ "သတ္တဝါအားလုံး ဤရေကဲ့သို့ အေးချမ်းကြပါစေ"။ ရေလေး မချိုးလိုက်နဲ့၊ ချိုးလိုက်လို့ ခန္ဓာကိုယ်နဲ့ ရေနဲ့ ထိလိုက်တာနဲ့ ရေရဲ့ အေးမြမှုကို အာရုံပြုပြီး၊ ရေရဲ့ အေးမြမှုကို သေချာခံစားပြီး "ဤရေကဲ့သို့ သတ္တဝါအားလုံး အေးချမ်းကြပါစေ"။

ဈေးရောင်းတဲ့ ပုဂ္ဂိုလ်ကလည်း ကိုယ့်ဆိုင်လာဝယ်တဲ့သူတွေကို မြင်တိုင်း "ကျန်းမာ ချမ်းသာပါစေ" မေတ္တာလေး ပို့လို့ပေါ့။

ဆိုင်လာမဝယ်လို့လည်း မေတ္တာမပို့ဘူးလို့ မဖြစ်စေရဘူး။ ဆိုင်ရှေ့က ဖြတ်လျှောက်သွားတဲ့သူကိုလည်း မေတ္တာပို့ရမှာပဲ။ ကိုယ့်ဆိုင်ကို လာမဝယ်သူကျတော့ သေချင်းဆိုးဆိုပြီး ဆဲလို့မဖြစ်ဘူး။

သူများဆိုင် ဝယ်တဲ့သူတွေကို ကြည့်ပြီးတော့လည်း သူများဆိုင်ပိုင်ရှင်တွေကိုလည်း မုဒိတာနဲ့ "ဩော်. . . ရောင်းကောင်းကြပါစေ၊ အစစ အရာရာ အဆင်ပြေကြပါစေ"၊ မုဒိတာ ဘာဝနာလေးပွားလို့။ ဝယ်တဲ့သူတွေကိုလည်း "ကျန်းမာချမ်းသာကြပါစေ" စသည်အားဖြင့် မေတ္တာလေးပို့လို့ပေါ့။

ဈေးထဲမှာ ဈေးသည်ဈေးဝယ်တွေ တစ်ယောက်နဲ့တစ်ယောက် မြင်တိုင်းတွေ့တိုင်းလည်းပဲ မေတ္တာလေးပွားပေါ့။ မေတ္တာတစ်ခုတည်းမှ မဟုတ်ဘူး။ ဝိပဿနာအထိ ပွားနိုင်ရင် အကောင်းဆုံးပေါ့။

ဒါကြောင့် သစ်ရွက်ကလေး ကြွေတာကိုကြည့်ပြီးတော့ သံဝေဂဉာဏ်ပွား၊ အဲဒီကနေတစ်ဆင့် ဝိပဿနာပွားများပြီးတော့ ရဟန္တာဖြစ်သွားတဲ့ပုဂ္ဂိုလ်တွေ မရေမတွက်နိုင်အောင် ရှိပါတယ်။

(ဆက်ရန်)

❒ အရှင်ဆန္ဒာဓိက

www.burmeseclassic.com



# ဆုရှားချင်ပေါ် တိုက်ရိုက်ပြောပါနိုး
# နောက်ဆုံးမှာကြားသောစကား

ဝေယံဦး

စာရေးသူသည် ပဲခူးမြို့၊ ဥဿာမြို့သစ်က ဥဿာမြို့ဦးကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိသော ဦးဇင်းကြီး အရှင်ဝိမလအား ကန်တော့ပါသည်။

ထိုမှတစ်ဆင့် ကျောင်းတိုက်အနီးက ရွှေမဝစတိုးဆိုင်ရှိ သမီးခိုင်စပယ်မိုး၊ မေသင်းဖြူနှင့် မဝါတို့ကို နှုတ်ဆက်ပါသည်။

ဥဿာမြို့ဦးကျောင်းတိုက်တွင် တည်းခိုစဉ်က ရွှေမဝ စတိုးဆိုင်နှင့်တွဲလျက်ဖွင့်ထားသော စာအုပ်အငှားဆိုင်က ဂျာနယ် မဂ္ဂဇင်းများကို ငှားရမ်းရင်း သိကျွမ်းခင်မင်၍ ပဲခူးမြို့ရောက်ခိုက်မှာ သွားရောက်နှုတ်ဆက်ခြင်းသာဖြစ်ပါသည်။ ဒီသမီးလေးများမှာ စိတ်သဘောထား ကောင်းမွန်ကြပြီးဆက်ဆံရေးမှာ ချောမွေ့ကြသည်။

ထိုမှတစ်ဆင့် တပင်ရွှေထီးလမ်းအတိုင်း ရန်ကုန်-မန္တလေးလမ်းမသို့ လမ်းလျှောက်ထွက်လာရာ. .

"ဆရာ. . ဆရာ"

"ဟာ ဆရာမ ဝေဝေခိုင်ပါလား၊ ဘယ်လဲ ဆရာမရဲ့"

"ဒီနားက ဆုပြည့်စုံ စတိုးမှာ ဘောလ်ပင်လာဝယ်တာ၊ ဆရာတို့များ ပဲခူးရောက်တာတောင် အိမ်ကို အလည်မလာဘူး"

"အခု လာနေတာလေ"

"ဟုတ်လား ဒါဆိုသွားကြမယ် ဆရာ"

စာရေးသူလည်း ဆရာမ ဝေဝေခိုင်နှင့် ရောက်တတ်ရာရာ စကားပြောဆိုရင်း တပင်ရွှေထီး (၂)လမ်းက နေအိမ်သို့ ရောက်ပါသည်။

"အမေရေ၊ ဒီမှာ ရန်ကုန်က စာရေးဆရာကြီး ဆရာဝေယံဦးလာတယ်"

"ဟာ ဆရာမကလဲ ဘယ့်နှယ့် စာရေးဆရာကြီးလဲ မဟုတ်သေးပါဘူး၊ မဂ္ဂဇင်းတွေမှာ ဆောင်းပါးအတိုအထွာလေးတွေ ရေးနေသူပါ ဝေဝေခိုင်ရဲ့"

"ဘာပဲဖြစ်ဖြစ် စာရေးရင် စာရေးဆရာပဲ"

အသက်ငယ်ရွယ်ပြီး ပွင့်လင်းပြောဆိုတတ်တဲ့ ကျောင်းဆရာမလေး ဒေါ်ဝေဝေခိုင်ကို စာရေးသူက ဒေါ်မတပ်ဘဲ ဝေဝေခိုင်လို့ အမည်ရင်းကို ခေါ်ဝေါ်အသုံးပြုလိုက်ခြင်း ဖြစ်သည်။

ဆရာမ၏မိခင် ဒေါ်ယဉ်နုက ပျူငှာစွာ နှုတ်ဆက်ရင်း. . .

"ဟဲ့. . ဆရာ့အတွက် တစ်ခုခု လုပ်ဦးလေ သမီး"

"အအေးတစ်ခွက်လုပ်ပါ။ ဘာပဲဖြစ်ဖြစ်ပေါ့။ ရာသီက ပူလွန်းတယ်"

"ဟုတ်တယ်နော်၊ မိုးရာသီဆိုပေမယ့် ပူအိုက်လွန်းတယ်ဆရာ"

မကြာခင်မှာ ဆီးဖျော်ရည် အေးအေးတစ်ခွက် သောက်ရင်း. . .

"ရန်ကုန်ရောက်တုန်းက ဆရာ့ဆီက ငှားထားတဲ့ တရားစာအုပ်လေး ပြန်ပေးရဦးမယ်"

"တရားအဆီ မဂ္ဂသာလိနီကျမ်း မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ ဒီမှာပါ။ စာအုပ်က ဟောင်းလွန်းလို့ နွမ်းနေ



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ အကိုင်ကြမ်းရင် စုတ်ပြဲသွားနိုင်တယ်"

"ဘယ့်နှယ်လဲ ဖတ်လို့ကောင်းသား"

"ကောင်းပါတယ် မသိတာတွေများတော့ ဗဟုသုတရတယ်၊ ခန္ဓာငါးပါးအကြောင်း၊ ခန္ဓာနှင့်ဒုက္ခ တွဲဖက်နေပုံ၊ ခန္ဓာတွေ ဘယ်သူ့ကြောင့် ဖြစ်သလဲ၊ ခန္ဓာငါးပါးထဲတွင် ငါရှာမရပုံ၊ ပရမတ်သဘောတတ် နှစ်စား ခြားနားပုံတွေ၊ မြတ်စွာဘုရားရှင်နောက်ဆုံးမှာကြားတဲ့ ဩဝါဒစကားတွေ သမီးဖတ်ပါတယ်၊ ပြီးတော့ ဆရာ့ကို အကြံလဲ ပြုချင်ပါသေးတယ် ဆရာ"

"ဘာလဲ ဆရာမ"

"မြတ်စွာဘုရားရှင် နောက်ဆုံးမှာကြားတဲ့ ဩဝါဒစကားကို မဂ္ဂဇင်းမှာ ဆောင်းပါးတစ်ပုဒ်ရေးပါလား၊ စာဖတ်သူတွေ ဗဟုသုတရပြီး မှတ်သားကျင့်ကြံနိုင်မှာ၊ မကောင်းဘူးလား ဆရာ"

"ကောင်းပါတယ် ဆရာမ၊ ဒီအကြောင်းရေးမလို့ပါပဲ၊ ဘယ်ကစ၍ ဘယ်လိုရေးရမယ်မှန်းမသိ ဖြစ်နေရင်း နေဖြစ်တာ ကြာပြီ"

"ဟာ, ရေးတတ်သလို ရေးပေါ့ ဆရာရယ်၊ ဆရာက ရေးတတ်ပါတယ်"

"ကောင်းပြီ၊ ရန်ကုန်ပြန်ရောက်ရင်ရေးမယ်၊ လပြည့်ဝန်း မဂ္ဂဇင်းဆီရေးပို့လိုက်မယ်၊ စာမူပါလာရင် သမီးကို မဂ္ဂဇင်းတစ်အုပ် လက်ဆောင်ပေးမယ် ကတိပြီလား"

"အကောင်းဆုံးပေါ့ ဆရာရယ်၊ မဂ္ဂဇင်းစာမျက်နှာမှာ ဒီစာမူ ပါလာပါစေလို့ ဆုတောင်းပေးမယ်"

စာရေးသူသည် ဆရာမဒေါ်ဝေခိုင်တို့ သားအမိနှင့် စကားတွေပြောရင်း ညနေစောင်းလောက်မှာ ရန်ကုန်သို့ ပြန်ရန် ပဲခူးမြို့က အဝေးပြေးကားဂိတ်သို့ ထွက်လာခဲ့သည်။

စာရေးသူ၏ ရန်ကင်းတိုက်ခန်းသို့ ပြန်ရောက်သောအခါ ဆရာမဒေါ်ဝေခိုင်အား ကတိပေးခဲ့သည်ကို

...တော့သည်။

**ခန္ဓာအတ်သိမ်း**
**မငြိမ်းရာဖြစ်သော**
**ရွှေပြည်ဝင် တရားတော်ကြီး**

ကုသိနာရုံ ရဂုံသာမော အင်ကြင်းတော၌ ဘုရားရှင် မိန့်ဟောသည့် စကားမှာ. . .

"ချစ်သားအာနန္ဒာ၊ ငါ ဘုရား၏ အရေးကြောင့် ပူဆွေးယောက်ယက်သောက နှောင့်ယှက်ပြီးမနေနှင့်၊ စိုးရိမ်ပူဆွေး ငိုကြွေးရတဲ့ တရားတွေ မနှောင့်ယှက်ဘဲ ဖျောက်ဖျက်ပြီး ပစ်လိုက်၊ ငါဘုရား၏ လေးဖြာမဟာဘုတ် စပ်ကာချုပ်သည့် ဓာတ်ရုပ်ပုံတော် အရွယ်တော်သည် ဖက်သစ်ရွက်ကဲ့သို့ ရင့်ရော်ယောင်းမြည့် တရွေ့ရွေ့လာချေပြီ။

ထိုမှတစ်ပါး ချစ်သားအာနန္ဒာ၊ ငါဘုရားသည် ရှေးအခါက ရုပ်ဓာတ်နာမ်ဓာတ် ခိုင်ခံ့ပေ့ါပါး အားတော်ဆယ်ပါးဖြင့် ပြည့်စုံသော်လည်း ယခုမှာမူကား ကိုယ်အင်အားနည်းပါး၍ လျော့ပါးချေပြီ၊ သို့အတွက် ဤညောင်စောင်းတော်ကို မြောက်သို့ ဦးခေါင်းလှည့်၍ ထားပါလော့"

ဤသို့သော စကားကို ညီတော်အာနန္ဒာကြားလေသော် နောင်တော်ဘုရားသည် ယောကျ်ားဗိုလ်ခြေကုဋေတစ်သောင်း၊ အာဠာဝက ဆင်ပေါင်းကုဋေတစ်ထောင် ဘယ်သူတစ်ဦးတစ်ယောက်မျှ မပြိုင်နိုင်၊တကယ့်အားတော်ကြီးကို ဆောင်နိုင်သော်လည်း ဩော် , ယခုမှာမူကား လျော့ပါးသော အားအင်ဖြင့် မိန့်ကြားပုံ ကြားရတော့ သနားကြင်နာ နှလုံးတွင်းကို မီးဝင်၍ အုံးထားသလို ယူကျုံးမရဖြစ်ပြီး တစ်ပေါက်တစ်ပေါက် စီးဆင်း၍ ကျလာသော မျက်ရည်တွေကို မသိမ်းနိုင် မဆည်းနိုင်ရှာဘူးတဲ့။

အရှင်စုန္ဒမထေရ်တို့နှင့် ညောင်စောင်းအင်းပျဉ်တော်ကြီးကို အင်ကြင်း

... မြောက်သို့ခေါင်းထားပြီး သားနားစွာ ခင်းတော်မူရှာကြတယ်။ ထိုသို့ခင်းတော်မူပြီးသော်အားအင်တော်ကုန်ခန်းပင်ပန်းတော်မူလှသောရှင်တော်ဘုရားသည် လက်ယာနံတောင်းဖြင့် လျောင်းစက်တော်မူပြီးမှ . . .

"အို . . ချစ်သားတို့၊ သတ္တဝါတို့ အကျိုးပွားတိုးစေခြင်းငှာ သင်္ချေလေးရပ် တစ်သိန်းကပ်ကာလပတ်လုံး ပါရမီစုံညီ အလီလီတို့ကို ဖြည့်ကျင့်တော်မူ၍ (၄၅) ဝါ ရှည်ကြာကာလ ယနေ့ကျအောင် ကောင်းမြတ်လှသော တရားတွေကို အဖန်ဖန် ဟောကြားတော်မူခဲ့လေပြီ"

**ရှင်တော်ဘုရား သာသနာတော်**
**အတွက် မိန့်ကြားပုံ**

"အို, ချစ်သားတို့၊ ထိုသို့ ဟောကြားထုတ်ဖော်ထားသော တရားတွေကို ပွားများကာ ကြိုးကုတ်၍ အားထုတ်ကြပါလျှင် ငါဘုရားကို ချစ်သည် ကြည်ညိုတာမည်တယ်၊ ငါဘုရားမရှိသော်လဲ မရှိပြီဟု သင်တို့ မထင်ကြနှင့်။

ယခုမူကား ငါဘုရားတစ်ဆူတည်းသာ သင်တို့ကို ဟောကြားတော်မူနိုင်တယ်၊ ငါ ဘုရားမရှိလျှင် သင်တို့အား ရှစ်သောင်းလေးထောင်သော တရားတွေက မနားမနေ ဟောပြတော်မူပေလိမ့်မယ်၊ တရားနှင့် ပျော်မွေ့ကြလျှင် ငါဘုရားကို တွေ့မြင်ကြရသည် မည်တယ်။

"အို, ချစ်သားတို့၊ ယခု စကြဝဠာတိုက်တစ်သောင်းအတွင်း၌ တည်ရှိကြကုန်သော ပန်းသစ်ပင်အပေါင်းတို့နှင့်တကွ များစွာသော နတ်ပြဟ္မာတို့က သောင်းသောင်းဖြဖြ အထူးထူးသော ပူဇော်သက္ကာရ တို့ဖြင့် ငါဘုရားအား ပူဇော်ကြကုန်ပြီ၊ ထိုသို့ ပူဇော်ကြကုန်သော်လဲ ငါဘုရားကို ညွှတ်တွားကော်ရော် ပူဇော်သည် မမည်သေး၊ ချစ်ခင်မြတ်နိုး ကြည်ညိုသည်ဟု မမည်သေး၊ လောကုတ္တရာအားလျော်သော အမှုကို ပြုသည် မမည်သေး"

www.burmeseclassic.com

"အိုချစ်သားတို့ အကြင်သို့သော ဥပါသကာ၊ ဥပါသိကာ တို့သည် လည်းကောင်း၊ ရဟန်းယောက်ျား၊ ရဟန်းမိန်းမ တို့သည်လည်းကောင်း၊ ငါ ပညတ်တော်မူအပ်သော ဝါရိတ္တ၊ စာရိတ္တ သီလတို့ကို ရိုသေစွာ ကျင့်ဆောင်၍ ဓမ္မနု ဓမ္မပ္ပဋိပန္န ဟုဆိုအပ်သော မနောဟုတ်မှ လောကုတ္တရာ အားလျော်သော အကျင့်တို့ကို ရိုသေစွာ ကျင့်ကြံအားထုတ်သော သူတို့သာလျှင် ငါဘုရားကို ချစ်သည်၊ ကြည်ညိုသည် မည်တယ်၊ ထိုသို့ ငါဘုရား၏ တရားတော်ကို အားထုတ်၍ မြင်လျှင် ငါဘုရားကို ဖူးမြင်ရသည်နှင့်တူတယ်။

*ယော ဟိ ပဿတိ သဒ္ဓမ္မံ*
*သော မံ ပဿတိ ပဏ္ဍိတော၊*
*အပဿမာနော သဒ္ဓမ္မံ*
*မံ ပဿမ္ပိ န ပဿတိ။*

ယောဟိ - မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်၊ သဒ္ဓမ္မံ - နိဗ္ဗာန်ရောက်ကြောင်းသူတော်ကောင်းတို့လမ်းကြောင်းထွင်ထား (၆)ပါးသောဂုဏ်တော်နှင့် ပြည့်စုံသော ငါဘုရားရဲ့ တရားတော်ကို၊ **ပဿတိ** -သီလ မြေကတုတ် ခံတပ်လုပ်၍ အဟုတ်ပင် သမာဓိဉာဏ်အမြင်ဖြင့် အမှန်ပင်တွေ့မြင်၏။ **သော**- ထိုသမာဓိပလ္လင်ပျံ့ဝယ် အမြင်ဉာဏ်မာတ်အားပရမတ်သားပေါ်အောင် တွေ့မြင်သော၊ **ပဏ္ဍိတော** - ကြောင်းကျိုးသိမြင် ပညာရှင်သည်၊ မံ-တရားအရှင် ငါဘုရားသခင်ကို၊ **ပဿတိ** - မုချထင်ထင် ကိုယ်တိုင် တွေ့မြင်ရသည် မည်ပေ၏။

ယောဟိ -မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်၊ **သဒ္ဓမ္မံ** -ငါဘုရား၏ တရားကောင်းတရားမြတ်ကို၊ **အပဿမာနော** -သီလကို အရင်းမခံ သမာဓိပလ္လင်ပျံ့နှင့် အမြင်ဉာဏ်ဝေး လေးလေးစားစား ဂရုမထားဘဲ မပွားများသော ပုဂ္ဂိုလ်သည်၊ **မံပဿမ္ပိ** - ငါဘုရားကိုယ်တော်ကို ရှေ့တော်တွင်ဖက်ပြီး နှစ်သက်ကြည်ညိုစွာ၊ ဝက္ကလိ ထေရ်မဟာလို အဖြာဖြာ ဖူးမြင်ကန်တော့သော်လည်း၊ **နပဿတိ** - တရားမမြင် အမှားတွင် ထင်သလို ပြု မှာကြောင့် ဂရုမစိုက်မှာကို အထူးမြင်၍ သင်တို့ဆရာ ငါဘုရားကို ဖူးမြင်သည် မမည်ပေ"

မြတ်စွာဘုရားရှင်က သာသနာတော်အရေးတိမ်၍ မေးမိုန်မှာကို မြင်တော်မူ၍ ဤစကားကို မိန့်ကြားတော်မူခြင်းဖြစ်ပါတယ်၊ဘာကြောင့်လဲဆိုတော့ ရှင်တော်ဘုရားသည် တစ်ပါးသော အရာဌာနတို့၌ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်လျက် အဖိုးထိုက်သည်ကို မဆိုနှင့်ဦး၊ ပန်းတစ်ပွင့်မျှကို လှူရခြင်းဖြင့် မနှိုင်းဆနိုင်သော အကျိုးရှိကြောင်းကို ဟောကြားဆုံးမတော်မူသော်လည်း ဤအခါဝယ်သာသနာတော်၏ မြင့်ရှည်စွာတည်တံ့ခြင်းကို အလိုရှိတော်မူ၍ မိန့်ကြားတော်မူတဲ့ စကားဖြစ်ပေတယ်။

ထို့ကြောင့် အမှားတွေဖျက်ပြီး တရားဘက်ကို အားတက်တော်မူကြပါလျှင် ရှင်တော်ဘုရားရဲ့ ရုပ်အသွင်ကို အဟုတ်ပင် ဖူးတတ်၍ ထူးမြတ်တဲ့ အရသာ အဖုံဖုံတို့ကို ကုံလုံပြည့်ဝစွာ ချမ်းသာသုခနှင့် ခံစားကြရပေမယ်၊ ဓမ္မပီတိသုခံ ဆိုသော မိန့်ကြားချက်အရ တရားနှင့် ပျော်မွေ့ခြင်းသည် အချမ်းသာဆုံးဟူ၍ မှတ်ကြရမည်။

ထိုမှ တစ်ပါးလည်း ဘုရားရှင် မိန့်ကြားပုံက . . .

"အို့, ချစ်သားတို့၊ သင်တို့သည် ငါဘုရားအတွက် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကို မပြုကြနှင့်၊ သတ္တဝါသင်္ခါရ ရုပ်နာမ်ဓမ္မ ဟူသမျှတို့သည် ဖြစ်ကြလျှင် ပျက်မြဲ အနိစ္စပဲ ဟု နှလုံး၌ ပွားများ၍ သောကဆိုတဲ့ တရားကို သံသရာနယ်တစ်လျှောက်မှာ ပယ်ဖျောက်ရစ်ကြကုန်လော့၊ အို့, ချစ်သားတို့၊ ငါဘုရား၏ တာဝန်ကိစ္စ အလုံးစုံဟူသမျှ ပြီးဆုံးကြပေပြီ၊ ယနေ့ မိုးသောက် နံနက်ရောက်က ချုပ်ပျောက်ရတော့မည်၊ အာယုသင်္ခါရ မချုပ်ခင်က သံသယကို ရှိကြပါမူ များရှင်လူတို့ ကြည်ဖြူဝတ်တွား ငါဘုရားကို လျှောက်ထားကြလေလော့"

"အို ချစ်သားတို့၊ (၄၅)ဝါ ရှည်ကြာကာလ ဘယ်သတ္တဝါမှ မလှည့်လည်နိုင် မဟောဖော်နိုင်သော သူတော်ကောင်းတရားကြီးကို ငါဘုရားလှည့်လည်တော်မူပြီ၊ ယနေ့ညပင် အထင်အရှား သင်တို့ဆရာ ဘုရားငါ့ကို ဝစွာကြည့်ရှု ဖူးမြော်လိုက်ကြကုန်လော့၊ နံနက်မိုးသောက်အခါရောက်က အာယုသင်္ခါရ ချုပ်ပျောက်ရလျှင် ငါဘုရား၏ နှုတ်တော်တွင်းက ထင်လင်းစွာ မဟောဖော်နိုင်၊ မြွက်ကြားတော်မမူနိုင်။

အို,ချစ်သားတို့၊ ငါဘုရားသည် နိဗ္ဗာန်ခွင်သို့ စံဝင်ဖို့အရေး မျှော်တွေးကာ ကရုဏာထားပြီး သင်တို့ကို ကိုးစားရာဖြစ်တဲ့ ဓမ္မအမွေတွေကို ရစေယူစေဆိုတဲ့ သဘောသွားနှင့် ငါဘုရား ဟောကြား၍ ထားတော်မူခဲ့ပြီ"

## ရှင်တော်ဘုရားမိန့်ကြားပုံ

ပရိပက္ကော ဝယောမယှံ၊
ပရိတ္တံ မမ ဇီဝိတံ၊
ပဟာယ ဝေါဂမိဿာမိ၊
ကတံ မေ သရဏမတ္တနော။

"ဘိက္ခဝေ - သံသရာညွတ်ကွင်း ဝဋ်ခပင်းကို လွတ်ကင်းလိုကြောင်း အို ချစ်သား အပေါင်းတို့၊ မယှံ - သင်တို့ ကိုးကား ငါဘုရား၏၊ **ဝယော**-ခန္ဓာတွေ ဓာတ်သဘောမှ လတ်တလော ဖြစ် ကြ သူ့သဘာဝ ဖြစ်ပေါ်၍လာသော အသက်အရွယ်တော်သည်၊ **ပရိပက္ကော** - ဖက်သစ်ရွက်ကဲ့သို့ တစ်နေ့တစ်နေ့ တရွေ့ရွေ့ ယိုယွင်းအိုမင်း ရင့်ရော်ဆွေး မြည့်တော်မူခဲ့လေပြီ၊ **မမ** -သင်တို့ ဖူးမြင် ခုပင်မိန့်ကြား ငါဘုရား၏၊ **ဇီဝိတံ** -ရှိုက်နိုင်ရှူနိုင်မှ တည်နေခွင့်ရတဲ့ ဇီဝ ခေါ်ရိုး အသက်မျိုးသည်၊ **ပရိတ္တံ**-အနိ ခရီးကိစ္စကြီးနှင့် ဒိဋ္ဌနီး၍လာချေပြီ၊ဝေါ- ရှေ့တွင် မျက်မှောက် ဝင်ရောက်ညွှတ် တွား သင်ချစ်သားတို့အား၊ **ပဟာယ** - အဖော်မမှီး တစ်ကိုယ်တည်းမို့ တည် တခြား စွန့်ကာထားခဲ့၍၊ **ဂမိဿာမိ** - တစ်ခါရောက်က တစ်ခေါက်မပြန် ပြ





www.burmeseclassic.com

www.burmeseclassic.com

…ခိုပ်ဖြူနန်းသို့ ဝင်လှမ်းမနေ သွားရ …တော့အံ့။ မေမယာ - သံသရာခရီး …ကြီးကို မပြီးရှည်လျား ငါဘုရား …ည် အတ္တနော - ကိုယ်ရေးအတွက် …ယ်လွတ်ထွက်ဖို့ သရဏံ - ကိုးကွယ် … အားထားရာ မှီခိုရာအချက် တရား …တော်တွေကို၊ ကတံ -သံသရာတည်း …သော ဖွက်စခန်းမှ နိဗ္ဗာန်တည်း …သော အထက်နန်းသို့ တက်လှမ်းဖို့ … ဘာမျှ ဝန်မလေးကြနှင့်တော့၊ …ခိုတစ်ခု ငါဘုရားပြုစု၍ ပြီးလေပြီ”

အဲဒီလို စကားမိန့်ကြားတော်မူ …အခါ များစွာသော ရဟန်းပရိသတ် …အကွ လူနတ်ဗြဟ္မာသတ္တဝါအပေါင်း …တွင် အနာဂါမ်နှင့် ရဟန္တာနှစ်ဦးကို …လှုပ်၍ တစ်ယောက်မကျန် ငိုကြွေး …တယ်။ ငိုလိုက်ကြတဲ့ အသံတွေဟာ …ကြွဝဋ္ဋာတံတိုင်းမက ပျံ့နှံ့သွားတာပါ … ကုသိနာရုံ မလ္လာမင်းတို့ အင်ကြင်း …မှာ ဝတ်တွားနေတဲ့ သံဃာထဲမှာ …တော်တစ်ယောက် အာနန္ဒာပျောက် …တာကို ဘုရားရှင်က မေးကြားတော် …တယ်။

အဲဒီအခါ ညီတော် အာနန္ဒာက …မင်းတို့ အင်ကြင်းတော၌ မင်းကွန်း …ကြီး၏ တံခါးတိုင်ကို မြဲမြဲစွာကိုင် … ငိုကြွေးရင်း တွေးတောနေပါ …တယ်။ ဘုရားရှင်က “အို့၊ ချစ် …တို့၊ ငါဘုရား နိဗ္ဗာန်ခွင်သို့ စံဝင်ချိန် … လာချေပြီ၊ ခပ်မြန်မြန် သွားပြီး …နန္ဒာကို ခေါ်ချေ”လို့ စေခိုင်းပါတယ်၊ …အများက ကပျာကယာ ကြွသွား … အရှင်အာနန္ဒာလက်ကို တစ်ယောက် …စီ ကိုင်ပြီး ဘုရားရှင်ရှေ့တော်သို့ …လာကြပါတယ်။

**ညီတော်အာနန္ဒာကို ဆုံးမခန်း**

ညီတော်အာနန္ဒာဟာ ဘုရားရှင် …ရှေ့တော်မှောက်သို့ရောက်သောအခါ …ရှင်က. . .

“ချစ်သား အာနန္ဒာ၊ သင် ဘယ် …ကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးနေရ … နာနာဘာဝ ဝိနာဘာဝ ဆိုတဲ့ တရားဓမ္မတာကို မမှားအခါခါ များ သတ္တဝါနှင့်တကွ ငါဘုရားဟောပြတော် မူခဲ့ပြီ မဟုတ်ပါလား။

ငါဘုရား၏ ရုပ်ကာယကို သင် ဘယ်လိုပြုနိုင်ဦးမှာလဲ၊ ထို၌ကွဲပေါက် မကြံမြောက်ပါစေလင့်ဟူ၍ အသည်းကွဲ အောင် ငိုကြွေးသော်လဲ ထိုအရေးမှာ အတ္တဆိုတဲ့ သဘောသို့ ရောက်ဦးမှာ လား ချစ်သားအာနန္ဒာ၊ အနိစ္စသဘော ရွေ့လျောတယ် ဆိုတာလဲ သင်အသိ မဟုတ်ပါလား၊ ရုပ်ဓာတ် နာမ်ဓာတ် တဖျပ်ဖျပ် ဖြစ်ပေါ်သမျှ ဒုက္ခနှင့် မအေး ပေဘူး၊ အဲဒီ ရုပ်ဓာတ် နာမ်ဓာတ်တွေ တဖျပ်ဖျပ် ဖြစ်ပေါ်လာတာကို အရိယာ ဝင်တို့က မီးနှင့်တွေ့သလို ငြီးငွေ့တော် မူကြတယ် မဟုတ်လား။

ချစ်သား အာနန္ဒာ၊ သင်ဘာမှ မစိုးရိမ်လင့်၊ ငါဘုရားအရေး သင်လုပ် ကျွေးတာတွေ ရှည်လျားစွာသော ကာ လပတ်လုံး မေတ္တာစိတ်တွေ ကံသုံးထွေ သည် ဤစကြဝဋ္ဋာကြီးနှင့်နှိုင်းစာသော် (ယူဇနာတစ်သိန်းနှစ်သောင်းသုံးထောင် လေးရာငါးဆယ်)ကျယ်သော စကြဝဋ္ဋာ အဝကား ကျဉ်းလှသေး၏၊ သင်၏ မေတ္တာကာယကံ၊ ဝစီကံ၊ မနောကံတို့က သာလွန်မြင့်မောက်ပေ၏။

ချစ်သား အာနန္ဒာ၊ ယူဇနာ ခုနစ်ကုဋေတစ်သန်းရှစ်သိန်း ငါးသောင်း ခြောက်ထောင် အမြင့်ဆောင်သော နေဝသညာ ဘဝဂ်ဘုံသည်ကား နိမ့် သေး၏၊ သင်၏မေတ္တာကာယကံ၊ဝစီကံ၊ မနောကံက သာလွန်မြင့်မောက်ပေ၏။

အို ချစ်သားအာနန္ဒာ၊ သင်ဘာ မှ အားမငယ်နှင့်၊ ပါရမီ အဆင့်ဆင့်ကို သင် ရင့်၍ လာချေပြီ၊ သင်၏လုံ့လ ပယောဂဖြင့် ကမ္မဋ္ဌာန်းအလုပ်ကို အစွမ်း ထုတ်လိုက်ရင် လမ်းဟုတ်တဲ့ အထက် ဖိုလ်ကို ရက်တိုတိုနှင့် သင်ရနိုင်တယ်” ဟု အားပေးတော်မူပြန်တယ်။

“ချစ်သား အာနန္ဒာ၊ ရှေးသော အခါက သင်သည် ဆင်းရဲစွာသော ပုဏ္ဏားဖြစ်၍ ပေါက်ပင်စောင့်နတ်သား ဖြစ်သော ငါဘုရားလောင်းအား ခစား လုပ်ကျွေးသဖြင့် သူဌေးစည်းစိမ်ကြီးကို ငါရအောင် ပေးခဲ့ဖူးပြီ၊ ယခု သဗ္ဗညုတ အဖြစ်သို့ ရောက်သော ငါဘုရားအား အခစားလုပ်ကျွေးရာ၌ အဘယ်မှာလျှင် ရဟန္တာ မဖြစ်ဘဲ ရှိအံ့နည်း”

ရှင်တော်ဘုရားသည် ညီတော် အာနန္ဒာ၏ ဂုဏ်ကျေးဇူးတွေကို များစွာ ချီးမွမ်းပြီးမှ. . .

“ချစ်သား အာနန္ဒာ၊ ငါဘုရား သည် နိဗ္ဗာန်ခွင်သို့ စံဝင်ဖို့ အချိန်အခါ နီး၍ လာချေပြီ၊ သို့အတွက် ကုသိနာရုံ မလ္လာမင်းတို့ထံ ခပ်မြန်မြန် သွား၍ အကြောင်းကြားချေလော့” ဟု စေခိုင်း ပါတယ်။

ဤကဲ့သို့ ရှင်တော်ဘုရားစေခိုင်း တော်မူတဲ့အတိုင်း အရှင်အာနန္ဒာသွား ၍ ခေါ်သဖြင့် မလ္လာမင်းတို့ ဆွေတော် မျိုးတော် မှူးတော်မတ်တော် တိုင်းပြည် တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ပူဆွေး ငိုကြွေးကြလျက် ရှင်တော်ဘုရားရှိရာ ဌာနသို့ အကုန်လုံး လာကြပေတယ်။ ရှင်တော်ဘုရား၏ ရှေ့တော်မျက်မှောက် မလ္လာမင်းတို့ တစ်ယောက်စီ ဝင်ရောက် ကြ၍ အဆုံးစွန်တရား ရှင်တော်ဘုရား မှာကြားဆုံးမတာကို နာယူမှတ်သားကြ ပေတယ်။ ထိုသို့ မလ္လာမင်းတို့ တရားနာ ယူကြပြီးနောက် သန်းခေါင်ယံအခါသို့ ရောက်တော့ သုဘဒ်ပရိဗိုဇ်ကြီးကို ဆုံး မတော်မူ၍ အရဟတ္တဖိုလ်သို့ နောက် ဆုံးတည်စေတော်မူတယ်။

အရုဏ်တက်ခါနီး လင်းအား ကြီးအယံ၌ များစွာသော တပည့်တပန်း ရဟန်းပရိသတ် လူမင်းနတ်မင်း ဗြဟ္မာ မင်းနှင့် အခင်းခင်းအဖုံဖုံ အလုံးစုံတို့ကို အကုန်စုရုံး၍ အဆုံးစွန်သော စကားကို မိန့်ကြား ဆုံးမတော်မူပြန်တယ်။

**ဘုရားရှင်နောက်ဆုံးမှာကြားမှု**

*ဟန္ဒဒါနိ ဘိက္ခဝေ၊*
*အာမန္တယာမိ ဝေါ*
*ဝယဓမ္မာ သင်္ခါရာ၊*
*အပ္ပမာဒေန သမ္ပာဒေထ။*

www.burmeseclassic.com

“ဘိက္ခဝေ - ဖြစ်ပြန်ပျက်ပြန် လောကစံကို အမှန်တွေ့ပြား အို ချစ်သားအပေါင်းတို့၊ ဟန္ဒဝဏ္ဏ -အသည်းနှလုံး စွဲယူလို့ သုံးလောက်အောင် နှလုံးကြည်သာ မှတ်ယူပါလော့၊ ဒါနိ -ပြည်တော်အမတ ဝင်စံကြွမည်ဟု ဆုံးမဒေသနာ မိန့်မှာကာ ထားအပ်သော ယခုအခါ၌၊ ဝေါ - အနီးခစား သင်ချစ်သားတို့ကို၊ အာမန္တယာမိ - အချုပ်စကား နောက်ဆုံးအားဖြင့် မှာကြားခဲ့တော့အံ့။

သင်္ခါရာ - ခန္ဓာငါးပါး သင်္ခါရတရားတို့သည်၊ ဝယဓမ္မာ-ပျက်စီးတတ်သောသဘောရှိချေ၏၊ ဝယဓမ္မာ -ကမ်းနားသစ်ပင်ကဲ့သို့ သင်ဖြစ်လျှင် တစ်နေ့ပျက်မည်ဟု အချက်ကိုသာ ကြည့်လျက်နေ့ရက်တွေ အချိန်ပြည့်တော့ ပြိုအိယိမ်းယိုင် အမြစ်ပါမခိုင်ဘဲ ယိမ်းယိုင်ကာလဲသကဲ့သို့ ပြိုကွဲပျက်စီးတတ်ချေ၏၊ တ္တတိ - ဤသို့သော တရားအချုပ်ကို အပ္ပမာဒေန - မမေ့မလျော့ မပေါ့မတန် အဖန်ဖန်အောက်မေ့သော သတိတရားနှင့်၊ သမ္ပာဒေထ -နေ့ရှိသမျှ ရက်တွေ အချိန်မဖြုန်းကြနှင့်တော့၊ သံသရာခန္ဓာ အညွန့်တုံးတဲ့အလုပ်တို့ကို အားထုတ်၍ ပြည့်စုံကြကုန်လော့”

မြတ်စွာဘုရားရှင်၏ နောက်ဆုံးမိန့်မှာကြားခြင်းသည် ရုပ်နာမ်ဓမ္မတို့အတွက် မမေ့ရက်နိုင်အောင် လွန်စွာအရေးထားသင့်ကြောင်း <u>အပ္ပမာဒ</u> တရားတော်ကို လပြည့်ဝန်းစာဖတ်ပရိသတ်များ မှတ်သားလိုက်နာစေရန် စာရေးသူက မေတ္တာ စေတနာထား၍ တင်ပြလိုက်ရပါသည်။

ကျန်းမာချမ်းသာကြပါစေ။

❒ ဝေယံဦး

မှတ်ချက်

တရားအဆီ ဓမ္မသာလိနီကျမ်းမှ မူရင်းအတိုင်း ပူဇော်လိုက်ရပါသည်။ ပဲခူးမြို့က ကျောင်းဆရာမ ဒေါ်ဝေဝေခိုင်အတွက် အမှတ်တရ။

မြတ်စွာဘုရားရှင်၏ နောက်ဆုံးအလောင်းတော် သိဒ္ဓတ္ထမင်းသား ဘဝကို မရရှိခင် ရှေးဘဝ နတ်တော်မူစဉ် ပါရမီတော်တို့ကို ဖြည့်ဆဲကာလ အသဒိသမင်းသားဖြစ်အစဉ်အခါက အလွန်အံ့ဩဖွယ်ကောင်းသော လေးအတတ်ပညာကို ပြတော်မူခဲ့၏။

မည်ကဲ့သို့သော အံ့ဩဖွယ်အလွန်ကောင်းသည့် လေးအတတ်ပညာကို ပြခဲ့ပါသနည်းဟု ဆိုရပါချေမူ. . .

ဘုရားအလောင်းတော်သည် ပါရမီဖြည့်စဉ်ကာလ တစ်ခုသော ဘဝ၌ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏ သားတော်အကြီး အသဒိသမင်းသား ဖြစ်ခဲ့ဖူး၏။

အသက် တစ်ဆယ့်ခြောက်နှစ် အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံ၌ ဗေဒင်သုံးပုံနှင့်တကွ တစ်ဆယ့်ရှစ်ရပ်သောအတတ်ပညာတို့ကို ကမ်းဆုံးခတ်တတ်မြောက်တော်မူခဲ့သည့် အပြင် အထူး ပညာရပ်အဖြစ် လေးအတတ်ပညာ၌ သူမတူတန်အောင် သင်ကြားတတ်မြောက်ခဲ့လေ၏။ ပညာရည်ပြည့်ဝ၍ ဗာရာဏသီသို့ ပြန်ရောက်လျှင် ခမည်းတော် ဗြဟ္မဒတ်မင်းကြီးသည် နတ်ရွာစံခါနီး၌ သားတော်အကြီး အလောင်းတော်အသဒိသမင်းသားအား မင်းမြှောက်ကြရန်နှင့် သားတော်မှ မင်းအဖြစ်ကို လက်ခံပါရန် မှာကြားသွားသော်လည်း အလောင်းတော် အသဒိသမင်းသားသည်ကား မင်းအဖြစ်ကို လက်မခံခဲ့ချေ။

သို့ဖြစ်ပါ၍ ညီတော် ဗြဟ္မဒတ်မင်းသားကို မှူးမတ်တို့က မင်းမြှောက်ကြကုန်၏။ အလောင်းတော် အသဒိသမင်းသား၏ နေမြဲတိုင်း နေသည်ကိုပင် မင်း၏ခြေရင်း ဝပ်စင်းခစား ကုန်းချော သမားတို့က . . .

“အသဒိသမင်းသားသည် ထီးနန်းစည်းစိမ်ကို ချိန်ရွယ်တောင့်တနေသည်” ဟု ပြည့်ရှင်မင်းထံ အလောင်းတော်နှင့် သွေးကွဲစေရန် ကုန်းတိုက်စကား ပြောကြားသည်ကို ညီတော် ပြည့်ရှင်မင်း သည်ယုံကြည်ပြီး နောင်တော် အသဒိသ မင်းသားကို ဖမ်းဆီးရန် အမိန့်တော်ပြန် လေ၏။

ထိုအခါ ဘုရားလောင်း အသဒိသ မင်းသား၏ အကျိုးကို လိုလားသော မင်းချင်းယောက်ျား တစ်ယောက်မှ ထို အကြောင်းအရာများကို ဘုရားလောင်း အား လျှောက်ထားသဖြင့်ဘုရားလောင်း လည်း ညီတော်ပြည့်ရှင်မင်းကို စိတ်နာ ကာ ဗာရာဏသီပြည်မှ ထွက်ခွာသွား လေတော့၏။

* * *

ဗာရာဏသီပြည်မှ ထွက်ခွာခဲ့ပြီး အခြား တိုင်းတစ်ပါးသို့ ရောက်စဉ်တွင် လေးဆရာတစ်ယောက် လာရောက်ပြီး မင်းအား ခစားခွင့်ရရန် မင်းနန်းတော် တံခါး၌ ရပ်တည်နေကြောင်းကို ပြည် ရှင်မင်းအား မင်းခစားတို့မှ တစ်ဆင့် လျှောက်ကြလေ၏။

ဤတွင် မင်းမှ ခေါ်ယူ၍ တစ်နှစ် စာ မင်းမှုထမ်းခ မည်မျှပေးရမည်ကို မေးမြန်းသည့်အခါ တစ်နှစ်စာ ကု တစ်သိန်းဖြင့်အမှုထမ်းရန်သဘောတူ ကြပြီး ထိုအချိန်မှစ၍ အလောင်းတော် အသဒိသ မင်းသားသည် လေးသမား တစ်ဦးအနေဖြင့် တိုင်းတစ်ပါး၏ ပြည် ရှင်မင်းကြီးထံ မင်းမှုထမ်း ခစား၍ေ လေတော့၏။


ထိုကဲ့သို့ အလောင်းတော် လေး သမား အသစ်အား တစ်နှစ်လျှင် ကု တစ်သိန်း မင်းမှုထမ်းခ ပေးသည် ယခင် ရှိရင်းစွဲ လေးသမားဟောင်းတို့ မနာလို ရှုံ့မဲ့၍ ကဲ့ရဲ့ကြကုန်၏။

ဤသို့ဖြင့် တစ်နေ့သ၌ ပြည့်ရှ မင်းသည် ဥယျာဉ်တော်ရှိ မ



www.burmeseclassic.com

www.burmeseclassic.com



# ဘုရားအလောင်း အသဒိသမင်းသား၏ အံ့ဖွယ်ရာ လေးအတတ်ပညာ

ကိုရွှေမြသန်း(သမိုင်း)

ကျောက်ဖျာအနီး သရက်ပင်ကြီး၏ ထိပ်စွန်းအခေါင်ဖျား၌ သရက်သီးခိုင် တစ်ခိုင်ကို မြင်တော်မူ၍ ဤသရက်ခိုင် ကို တက်၍မဆွတ်ယူနိုင်ဟု ဆင်ခြင် တော်မူပြီးလျှင် လေးသမားဟောင်းကြီး တို့ကို ခေါ်စေပြီးလျှင် . .

"ဤသရက်ခိုင်ကို မြားဖြင့် ဖြတ် တာ ပစ်ချနိုင်ကြမည်လော" ဟု မေး မြန်းသောအခါ လေးသမားဟောင်း များမှ . . .

"အရှင်မင်းကြီး ထိုသို့ ပစ်ချရန် အကျွန်ုပ်တို့အဖို့ ဝန်မလေးပါ၊ သို့ရာ တွင် အရှင်မင်းကြီးသည် အကျွန်ုပ်တို့ ၏အလုပ်ကို အကြိမ်ပေါင်းများစွာမြင်ဖူး လှပါပြီ၊ယခုမှ ရောက်သစ်စ လေးဆရာ ကား အကျွန်ုပ်တို့ထက် မင်းမှုထမ်းခ များစွာတို့ကို ရသူဖြစ်ပါသည်၊ ထိုလေး ဆရာသစ်ကို ပစ်ချစေတော်မူပါ"ဟု တညီတညွတ်တည်း လျှောက်ဆိုကြကုန် ၏။ ပြည့်ရှင်မင်းကြီးသည် အလောင်း တော်အသဒိသမင်းသားကို ခေါ်စေ၍

"ချစ်သားထိုသရက်ခိုင်ကို မြားဖြင့် ပစ်ချနိုင်ပါမည်လား"ဟု မေးလတ်သော် အလောင်းတော် မင်းသားမှ . . .

"အရှင်မင်းကြီးတို့ ယခု လျောင်း စက်နေသော နေရာကို ရပျှါမူ ပစ်ချနိုင် ပါ၏"ဟု ဆိုတော်မူ၏။

ဤသို့ ဆိုတော်မူရခြင်းမှာလည်း ပြည့်ရှင်မင်းကြီး လျောင်းစက်နေသော နေရာနှင့် သရက်ခိုင်၏ အညှာသည်

www.burmeseclassic.com

အထက်အောက် တည့်တည့်ရှိနေသောကြောင့် ထိုနေရာမှအံ့ဖွယ်လေးအတတ်ပညာကိုပြရန် အသင့်တော်ဆုံး ဖြစ်သည့်အတွက် နေရာရွေးချယ် တောင်းဆိုရခြင်း ဖြစ်လေသည်။

အလောင်းတော် အသဒိသမင်းသား၏ ဆိုတော်မူသော စကားအဆုံးတွင် ပြည့်ရှင်မင်းကြီးသည် လျောင်းစက်ရာနေရာကို ဖယ်ခွာ၍ နေရာပေးပြီး ပစ်ရန် အခွင့်ပေးလေသည်။

ပြည့်ရှင်မင်း၏ အခွင့်ကို ရရှိပြီးသည်၏နောက်တွင်တော့။

* * *

အလောင်းတော်မင်းသားသည်ကား အခြားလေးသမားများကဲ့သို့ လေးကို တကိုင်ကိုင်ဖြင့် လှည့်ပတ်နေသူမဟုတ်။ အဝတ်အတွင်း၌သာ လေးကိုဖွဲ့၍လှည့်လည်သူ ဖြစ်၏။

သို့ဖြစ်ပါ၍ အလောင်းတော်မင်းသားသည် တင်းတိမ် ကန့်လန့်ကာကို ဝန်းရံကာစေပြီးမှ အကာအရံ အတွင်းသို့ဝင်၍ လေးသမား၏ အသွင်ကို ပြင်လေ၏။

တင်းထိမ်ကန့်လန့်ကာကို ဝန်းရံ၍ကာရံထားသည်၏ အတွင်း၌အလောင်းတော် မင်းသားသည် အပေါ်ရုံဝတ်လဲတော် အဖြူကို ချွတ်၍ နီမြန်းသော အဝတ်အထည်ကို ဝတ်ဆင်၏။ ခါးတောင်း ကျိုက်၏။ ပြီးမှ အဝတ်နီ တစ်ထည်ကို ရင်၌ တင်းကျပ်စွာဖွဲ့ချည်၏။

အိတ်အတွင်းမှ သန်လျက်တော်ကိုထုတ်ယူကာ လက်ဝဲဘက်၌လွယ်၏။ ရွှေသစ်ကိုင်းကို သိုင်းဖွဲ့ဝတ်ဆင်ကာ မြားကျည်တောက်ကို ကျော၌လွယ်၏။

ထို့နောက် သူ့အဆစ်နှင့် သူ့အစပ်ဖွဲ့ယှဉ်အပ်သော ဆိတ်ချို လေးကြီးကို စွဲကိုင်၍ သန္တာအသွေး နီထွေးသော လေးညို့(လေးကြိုး)ကိုတင်၏။ ရတနာသင်းကျစ်တော်ကို ဦးခေါင်း၌ ခေါင်းစွပ်၍ အလွန်ထက်လှစွာသော မြားကို လက်သည်းတော်တို့ဖြင့် စက်ဝန်းတရစပ်လည်စေ၏။

မြားကို လည်စေပြီးသည်၏နောက်တွင်တော့ အလောင်းတော် မင်းသားသည် မြေကြီးကို ဖောက်ခွဲထွက်လာသော နဂါးလုလင်ပမာ တင်းထိမ်ကန့်လန့်ကာကို နှစ်ဖြာခွဲလျက် ထွက်တော်မူပြီး မြားပစ်ရန် တောင်းဆိုထားရာ နေရာဌာနသို့ သွားတော်မူကာ. . .

"အရှင်မင်းကြီး ထိုသရက်ခိုင်ကို အထက်သို့တက်သောမြားဖြင့်ကျအောင် ပစ်ရမည်လော" ဟု မေးမြန်းသည်တွင် ပြည့်ရှင်မင်းကြီးမှ . . . .

"ချစ်သား. . ငါသည် အထက်သို့ တက်သောမြားဖြင့် ကျစေသော လေးသမား များစွာတို့ကို မြင်ဖူးလှပါပြီ၊ အောက်သို့ ဆင်းသက်လာသော မြားဖြင့် ကျစေသောလေးသမား(ကျအောင် ပစ်နိုင်သော လေးသမား)တို့ကို ငါကား မမြင်အပ်ဖူးကုန်၊ သင်ချစ်သားသည် အောက်သို့ ဆင်းသက်လာသော မြားဖြင့် ကျစေလော့၊ ကျအောင် ပစ်လေလော့" ဟု ဆိုပေ၏။

ဤတွင် အလောင်းတော်မင်းသားမှ "မြတ်သောမင်းကြီး ယခု အကျွန်ုပ် ပထမပစ်မည့်မြားသည် စတုမဟာရာဇ်နတ်ပြည်မှ မြားပြန်ကျလာသည့်တိုင်အောင် အရှင်မင်းကြီးတို့သည် သည်းခံစောင့်ဆိုင်းသင့်ပါသည်" ဟု ပြောဆိုသည့်အခိုက်တွင် ပြည့်ရှင်မင်းကြီးမှ . .

"ကောင်းပြီ" ဟု ဝန်ခံတော်မူ၏။

ထို့နောက်တစ်ဖန် အလောင်းတော် မင်းသားသည် . . .

"မြတ်သောမင်းကြီး ဤယခု အကျွန်ုပ် ပထမပစ်လိုက်မည့်မြားသည် တက်သွားလတ်သည်ရှိသော် သရက်ခိုင် အညှာကို ထက်ဝက်(တစ်ခြမ်း) တိုင်အောင် ဖြတ်၍ တက်သွားပါလိမ့်မည်၊ ဤမြားသည် ကောင်းကင်မှ တစ်ဖန်ပြန်၍ဆင်းသက်လာသည်ရှိသော် ဆံခြည်ဖျားမျှ တိမ်းစောင်းချွတ်လွဲခြင်း မရှိဘဲ ကျန်သောသရက်ခိုင် အညှာ ထက်ဝက်ကို တိတိကျကျ ဖြတ်ပြီးလျှင် သရက်သီးခိုင်ကို ယူဆောင်၍ ကျလာပါလိမ့်မည်၊ မြတ်သောမင်းကြီး ကြည့်တော်မူလော့"ဟု ရဲရဲတောက် စကားမိန့်ကြားတော်မူပြီးလျှင် အဟုန်ကို ဖြစ်စေလျက် မြားကို ပစ်လွှတ်တော်မူလိုက်လေ၏။

* * *

အဟုန်ကို ဖြစ်စေလျက် မြားကို ပစ်လွှတ်လိုက်သည်၏ နောက်ကွယ်တွင်တော့ အလောင်းတော် ပြောဆိုခဲ့သည့်အတိုင်း မြားသည် သရက်ခိုင် အညှာကို ထက်ဝက်(တစ်ခြမ်း) တိုင်အောင် ဖြတ်၍ တက်သွားလေ၏။

ထိုအခါ၌ . . .

ယခုအခါ ထိုမြားသည် စတုမဟာရာဇ် နတ်ပြည်သို့ ရောက်လောက်ပြီဟု ဘုရားလောင်းသည် သိ၍ ပထမ ပစ်လွှတ်လိုက်သော မြားထက် အဟုန်ပြင်းထန်လျင်မြန်သော ဒုတိယတစ်စင်းကို ထပ်မံပစ်လွှတ်လိုက်ပြန်သည်။

ထိုဒုတိယမြားသည် အထက်သို့တက်၍ ပထမမြား၏ မြားလွှ(မြားရွက်)ကိုရိုက်ခတ်၍ ထိုပထမမြားကို အောက်သို့လည်ကျစေပြီးလျှင် ဒုတိယမြားသည် ကားတာဝတိံသာနတ်ပြည်သို့တိုင်အောင် တက်လေ၏။ ထိုမြားအား တာဝတိံသာနတ်တို့ ဖမ်းယူကြလေ၏။

ဘုရားလောင်း ပစ်လွှတ်လိုက်သော ဒုတိယမြား၏ ရိုက်ခတ်ချက်ကြောင့် ပြန်လည်သက်ဆင်းလာသော ပထမမြား၏အဟုန်ပြင်းထန်စွာ လေထုကိုဖြတ်တောက်၍ သက်ဆင်းလာသော အသံသည်ကား မိုးကြိုးသံပမာ လွန်စွာမြည်ဟည်းသည်မှာ မြေကြီးတုန်မတတ်ပင် ရှိလတ်၏။

ဤတွင် လူအများမှ . . .

"ဤအသံသည် ဘာသံနည်း" ဟု ပြောဆို မေးကြသည်ရှိသော် အလောင်းတော်မင်းသားမှ "ဤအသံကား ပြန်လည်သက်ဆင်းလာသော ပထမမြား၏ အသံဖြစ်၏"ဟု ပြောဆိုစဉ် လူအများ၏ မိမိကိုယ်ပေါ်မြားကျလာမည်ကိုတွေးကာ ကြောက်သွေးဝင်နေကြခြင်းအား . . .



www.burmeseclassic.com

www.burmeseclassic.com

"မကြောက်ကြပါနှင့်"ဟု သက်သာအောင်ပြော၍ "ထိုမြားကို မြေသို့ကျခွင့်ပေး မည်သူမျှလည်း မထိခိုက်စေမူ၍ မြားကို အကျွန်ုပ်ပင် ဖမ်းယူပါအံ့" ဟု နှစ်သိမ့်စေတော်မူ၏။

ဤတွင် မြားသည် ပြန်လည်သက်ဆင်းလာခြင်း၌ ဆံခြည်ဖျားမျှ တိမ်းစောင်းချွတ်လွဲခြင်းမရှိဘဲ လူအများတို့ကြည့်နေစဉ်မှာပင် ယခင် ထက်ဝက်(တစ်ခြမ်း) ဖြတ်ထားခဲ့သော သရက်သီးခိုင် အညှာတံ၏ ကျန်သောထက်ဝက်ကို တည့်တည့်မတ်မတ် ထိုးဖြတ်ကာ သရက်သီးခိုင်နှင့်တကွ မြေသို့ ကျလာ၏။

အလောင်းတော် အသဒိသ မင်းသားသည် သရက်သီးခိုင်ကို လည်းကောင်း၊ မြားကိုလည်းကောင်း မြေသို့ကျခွင့်မပေးဘဲလက်တစ်ဖက်ဖြင့်သရက်သီးခိုင်ကိုလည်းကောင်း၊ ကျန်လက်တစ်ဖက်ဖြင့် မြားကိုလည်းကောင်း ဖမ်းယူတော်မူလိုက်လေ၏။

မင်းနှင့်တကွ များစွာသော လူအပေါင်းတို့သည် ထိုသို့ ထူးကဲအံ့ဖွယ်မြင်ကွင်းကို မြင်ကြရ၍ . . .

"ငါတို့သည် ဤသို့ ထူးကဲသောအံ့ဖွယ်ကို ရှေးက မမြင်အပ်စဖူး" ဟု အလောင်းတော်ကို ချီးမွမ်းကြ၏။

ကောင်းချီး ကြွေးကြော်ကြ၊ လက်ပမ်းပေါက်ခတ်ကြ (လက်ခမောင်းတဖောင်းဖောင်းခတ်ခြင်း) လက်ချောင်း၊ လက်ဖျားတို့ကို ခါကြလေ၏။

အထောင်မကသော ဦးရစ်ခေါင်းပေါင်းတို့ကို ကြမြှောက်ခြင်း ပြုကြ၏။ မင်း၏ ပရိသတ်များမှာလည်း အားရဝမ်းသာလှသဖြင့် အလောင်းတော်အား ဆုလာဘ်များပေးကြလေ၏။ဆုလာဘ်အဖြစ် ပေးကြသော ဥစ္စာတို့သည်ကားတစ်ကုဋေမျှ ရှိလေ၏။

ပြည့်ရှင်မင်းကြီးမှလည်း အလောင်းတော်အသဒိသမင်းသားလေးသမားအား မိုးကြီးသည်းထန်စွာ ရွာသွန်းသည့်ပမာ များစွာသောဥစ္စာ၊ များစွာသောအခြံအရံတို့ကို ပေးကမ်းလေကုန်၏။

ဤကဲ့သို့အားဖြင့် ဘုရားလောင်းတော်သည် အသဒိသ မင်းသားဖြစ်စဉ်အခါထူးကဲဆန်းကြယ်အံ့ဩဖွယ်ကောင်းသော လေးအတတ်ပညာကိုပြသတော်မူခဲ့လေ၏။ အတတ်ပညာတို့၏ အကျိုးဆက်သည်ကား ပြောပြမစွမ်းနိုင်အောင်ရှိပါချေ၏တကား။

သို့ဖြစ်ပါ၍ . . .

ကာယဗလ၊ ဘောဂဗလ၊ အမစ္စဗလ၊ ဇာတိဗလ၊ ပညာဗလ ဟူ၍ ဗလငါးတန်ဟု ဆိုအပ်သော အားစွမ်းသတ္တိငါးပါးတို့တွင် ပညာဟူသောအားသည် အလုံးစုံသော ကိစ္စဟူသမျှတို့ကို ပြီးစေနိုင်၏။

လောကီ၊ လောကုတ္တရာ ချမ်းသာအားလုံးကို ပြီးစီးစေ၍ အမြတ်ဆုံးဖြစ်သော ပညာမိက သဗ္ဗညုဉာဏ်တော်ကို ရရှိပြီးလျှင် ဘုရား၏အဖြစ်သို့ ရောက်အောင်ပင်လျှင် ပို့ဆောင်နိုင်သောသတ္တိရှိသည်ဖြစ်၍ ပညာနှင့်ယှဉ်သော စိတ်သည်သာလျှင် ဗဟုသုတအကြားအမြင်အသင်အတတ်နှင့် ပြည့်စုံခြင်းကို ပြုတတ်၏။

ဗဟုသုတနှင့် ပြည့်စုံ၍ အသိအလိမ္မာ ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်သာလျှင် အကျော်အစော၊ လာဘ်ပူဇော်သက္ကာရ၊ ဂုဏ်ကျက်သရေတို့ကို ပွားများစေတတ်၏။

ထို့ကြောင့် ပညာရှိ ပုဂ္ဂိုလ်မြတ်သည်သာလျှင် ဧကန်မုချ လောကီ၊ လောကုတ္တရာ ချမ်းသာအမျိုးမျိုးတို့ကို ရရှိ ပိုင်ဆိုင်နိုင်ခွင့် ရှိသည်ဖြစ်၍ မိမိတို့သည်လည်း . . . .



❐ ကိုရွှေမြသန်း(သမိုင်း)

မှီငြမ်း

- မဟာဗုဒ္ဓဝင် (ဒုတိယတွဲ)
- နရဒက္ခဒီပနီကျမ်း (ပညာနိဒ္ဒေသ)



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်နှင့် ဘ/က ကျောင်းရှေ့တွင် အားလုံးအမှတ်တရ

# ပညာဒါန အလင်းပြရာ မစိုးရိမ်သို့တစ်ခေါက်

မင်းစောဟောင်

ပြီးခဲ့သည့် ဖေဖော်ဝါရီ လဆန်းပိုင်းက စာရေးသူနေထိုင်ရာ ရွှေပြည်သာမြို့နယ်၊ ဘုရင့်နောင်လမ်းရှိ ဦးကျော်သိန်း (ပစ်တိုင်းထောင်မိတ္တူ)နေအိမ်သို့ ကွမ်းခြံကုန်းမှ တယ်လီဖုန်းဝင်လာသည်။

ဦးကျော်သိန်း၏ ဇာတိဖြစ်သည့် ကွမ်းခြံကုန်းမြို့နယ်၊ တော်ကူး အနောက်စုံပြကျေးရွာ၊ မစိုးရိမ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ကျောင်းအုပ် ဆရာတော် ဘဒ္ဒန္တနန္ဒဝံသထံမှ ဆက်ခြင်းဖြစ်သည်။

ဖုန်းထဲတွင် ဦးကျော်သိန်းအား ယခုလထဲ အဆင်ပြေသည့်နေ့တွင် ရွာသို့ လာစေလိုကြောင်း၊ စာရေးဆရာဖြစ်သည့် စာရေးသူကိုပါ တစ်ပါတည်း ခေါ်ဆောင်၍ ရွာရှိ ၎င်းတည်ထောင်ဖွင့်လှစ်ထားသည့် မစိုးရိမ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ လာရောက်လေ့လာပြီး စာနယ်ဇင်းတွင် ဆောင်းပါး ရေးသားပေးစေလိုကြောင်း ဆရာတော်မှ မေတ္တာရပ်ခံပါသည်။

ဦးကျော်သိန်းမှ စာရေးသူနှင့် တိုင်ပင်ပြီး အဆင်ပြေသည့်နေ့တွင် လာမည်ဖြစ်ကြောင်း ပြန်လည်လျှောက်ထားကာ ဖုန်းချလိုက်သည်။

ဦးကျော်သိန်းမှာလည်း ၎င်း၏ လုပ်ငန်းကိစ္စရပ်များနှင့် ချိန်ထိုးပြီး ၎င်းအားလပ်သည့်ရက်၊ စာရေးသူ လိုက်နိုင်မည့်ရက်နှင့် ရွာကျောင်းတွင် ဆရာတော်ရှိမည့်ရက်ကို ညှိနှိုင်းဆွေးနွေးကြပြီး ဖေဖော်ဝါရီလ၊ ၁၂ ရက်နေ့ သွားရန် ဆုံးဖြတ်လိုက်ကြသည်။

(၁၂. ၂. ၂၀၁၂) နေ့နက်စောစော ၆ နာရီခန့်တွင် စာရေးသူတို့ နှစ်ဦးသား ရွှေပြည်သာမှ ထွက်လာခဲ့ရာ တော်ကူး အနောက်စုံပြကျေးရွာသို့ နံနက် ၁၁ နာရီလောက်မှာ ရောက်ရှိသွားကြသည်။

ခရီးစဉ်မှာ ရွှေပြည်သာမှ ပန်းဆိုးတန်းအထိ လိုင်းကားစီးပြီး ကျန်းမာရေးဆိပ်ကမ်းမှ ဒလဘက်သို့ ကူးတို့သင်္ဘောဖြင့်ကူးကာ ဒလကားဂိတ်မှ ကွမ်းခြံကုန်းသို့ ထွက်မည့် BM မှန်လုံကားကို စီးရသည်။ ထို့နောက် ကွမ်းခြံကုန်းရောက်သည်နှင့် တော်ကူးကျေးရွာသို့ ခရီးဆက်ရသည်။

စာရေးသူတို့ တော်ကူးကျေးရွာရောက်လျှင် ဦးကျော်သိန်း၏မိခင်ကြီး ဒေါ်လှခင်၏ နေအိမ်တွင် အနားယူကြပြီး နံနက်စာ စားသောက်ကြသည်။



ဆရာတော်နှင့် ကျောင်းအကျိုးတော်ဆောင်များ



www.burmeseclassic.com

www.burmeseclassic.com

ပြီးသည်နှင့် ဦးကျော်သိန်း၏ သူငယ်ချင်း ကျောင်းအကျိုးဆောင် ပုဂ္ဂိုလ်နှစ်ဦး ဖြစ်သည့် ဦးမြလေးနှင့် ဦးသက်တင်တို့ကိုဝင်ရောက်ခေါ်ဆောင်ကာ မစိုးရိမ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ဆက်လက်ထွက်ခွာလာခဲ့ကြသည်။



ဆရာတော်နှင့် စာရေးသူတွေ့ဆုံမေးမြန်းစဉ်

လမ်းတစ်လျှောက် စာရေးသူ သိလိုသည်များကို မေးမြန်းရာ ကျောင်းအကျိုးဆောင်တစ်ဦးဖြစ်သူ ဦးမြလေး (စာရေးဆရာဖြစ်သည့် မြလေး-တော်ကူးအနောက်)မှဗိုင်ခံဖြေကြားပေးသည်။

မစိုးရိမ်ကျောင်း ရောက်သည်နှင့် ဆရာတော်ထံမဝင်သေးဘဲ ကြိုတင်စီစဉ်ထားသည့်အတိုင်း ကျောင်းအကျိုးဆောင်များနှင့်အတူ ဘ/က ကျောင်းအတွင်း လှည့်လည် ကြည့်ရှုကြပြီး ဆရာမများ စာသင်ကြားနေကြပုံများနှင့် ကျောင်းသူ/သားလေးများအား နံနက်စာထမင်း ကျွေးမွေးနေကြပုံများကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးပါသည်။

ကျောင်းအကျိုးဆောင် ပုဂ္ဂိုလ်နှစ်ဦးကလည်း လိုအပ်သည်များကို ရှင်းလင်းပြောကြားပေးပါသည်။

ထို့နောက် ဆရာတော် ဆွမ်းဘုဉ်းပေးပြီးချိန်လောက်ကို မှန်းပြီး ကျောင်းပေါ်သို့ တက်လာခဲ့ကြရာ ဆရာတော်မှ စာရေးသူတို့အား အဆင်သင့် စောင့်ကြိုနေသည်ကို တွေ့လိုက်ရပါသည်။ စာရေးသူတို့အဖွဲ့မှာလည်း ဆရာတော်အား ဝတ်ဖြည့်ကြပြီး အကျိုးဆောင် ပုဂ္ဂိုလ်များမှ စာရေးသူအား ဆရာတော်နှင့် မိတ်ဆက်ပေးပါသည်။

ဆရာတော်မှာ သက်တော် သိပ်မကြီးသေးဘဲ လူလတ်ပိုင်းအရွယ်မျှသာ ရှိသေးပုံရပြီး ကြည်လင်သောမျက်နှာ၊ ကြံ့ခိုင်သော ကိုယ်ကာယဖြင့် သဘောသကာယကောင်းလှသည်ကို ကြည်ညိုဖွယ် ဖူးတွေ့ရပါသည်။

ဆရာတော်မှ စာရေးသူတို့အား ကော်ဖီ၊ မုန့်မျိုးစုံ၊ လက်ဖက်သုပ်၊ ရေနွေးကြမ်းတို့ဖြင့် ဖော်ရွေစွာဧည့်ခံပြီး ရင်းရင်းနှီးနှီး အာလာပသလ္လာပ စကားများ လျှောက်ထားပြောဆိုကြပါသည်။



ဆရာမများ ကျောင်းသားများအား အနီးကပ်သင်ကြားနေပုံ

စာရေးသူက လာရင်းကိစ္စဖြစ်သည့် မစိုးရိမ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပေါ်ပေါက်လာပုံနှင့် ဆရာတော်၏ အတ္ထုပ္ပတ္တိ၊ ဆရာတော်၏ ဆောင်ရွက်ချက်များ၊ ကျောင်း၏လိုအပ်ချက်များကို မိန့်ကြားပေးပါရန် လျှောက်ထားလိုက်ရာ ဆရာတော်မှ စိတ်ရှည်လက်ရှည် ဖြေကြားပေးတော်မူပါသည်။

ဆရာတော်၏ ဘွဲ့အမည်မှာ ဘဒ္ဒန္တနန္ဒဝံသဖြစ်ပြီး သက်တော်(၄၇)နှစ်၊ ဝါတော်(၂၇)ဝါ ရှိပြီဖြစ်ပါသည်။ ကွမ်းခြံကုန်းမြို့နယ် ခလောက်တစ်ရာ ကျေးရွာဇာတိ ဖြစ်ပါသည်။

တော်ကူးကျေးရွာ၊ မစိုးရိမ်ကျောင်းတွင် (၁၀)နှစ်သား အရွယ်၌ ရှင်သာမဏေ ဝတ်ခဲ့သည်။ ထို့နောက် အသက် (၁၆)နှစ်အရွယ်တွင် ကွမ်းခြံကုန်းမြို့၊ မစိုးရိမ်ပရိယတ္တိစာသင်တိုက်သို့သွားရောက်ပြီး ပရိယတ္တိစာပေများ ဆက်လက်သင်ကြား ဆည်းပူးခဲ့သည်။

သက်တော် (၁၉)နှစ်အရွယ်တွင် တော်ကူးကျေးရွာ၊ မစိုးရိမ်ကျောင်းသို့ ပြန်လည်ရောက်ရှိပြီး မြင့်မြတ်သော ရဟန်းဘောင်သို့ တက်လှမ်းခဲ့သည်။ ပထမတော်ကူးကျေးရွာ မစိုးရိမ်ကျောင်း ဥပဇ္ဈာယ် ဆရာတော် ဦးအာလောကမှ ဦးပဥ္စင်း ဦးနန္ဒဝံသအား ကွမ်းခြံကုန်းမြို့ မစိုးရိမ် ပရိယတ္တိစာသင်တိုက်မှာပင်

www.burmeseclassic.com

ဆက်လက်ပြီးပညာသင်ကြားစေခဲ့သည်။ တော်ကူးကျေးရွာ မစိုးရိမ်ကျောင်းတွင် ပရိယတ္တိ အခြေခံများကို သင်ယူခဲ့ရပြီး ကွမ်းခြံကုန်းမြို့၊ မစိုးရိမ် ပရိယတ္တိ စာသင်တိုက်တွင် အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းအထိ ဆက်လက် ပညာသင်ယူခဲ့ရသည်။

၁၃၅၅ခုနှစ်တွင် ပထမတော်ကူး ကျေးရွာ မစိုးရိမ်ကျောင်း ဆရာတော် ဦးအာလောက ပျံလွန်တော်မူရာ ဦးနန္ဒ ဝံသမှာ ညောင်တုန်းမြို့၊ ရွှေဟင်္သာ တောရစာသင်တိုက်တွင် ပညာသင် ကြားနေရာမှ တော်ကူးကျေးရွာ၊ မစိုးရိမ်



ဆရာတော်မှ ကျောင်းသား/သူများအား ကျွေးမွေးနေပုံ




စာရေးကူညီမှုအသင်းမှ လာရောက်လှူဒါန်းစဉ်

ကျောင်းတိုက်သို့ ပြန်လည် ကြွလာကာ ကျောင်းထိုင်ဆရာတော်အဖြစ် တာဝန် ယူရင်း ကိုရင်၊ ဦးပဥ္စင်းအပါး (၂၀)ကျော် ကို စာပေသင်ကြားပို့ချခဲ့သည်။

ဤကဲ့သို့ လောကုတ္တရာ စာပေ များ သင်ကြားပို့ချပေးနေရာမှ ၂၀၀၃ ခုနှစ်တွင် စတင်အခြေပြု၍ ဒုလ္လဘဘွဲ့ရ ဦးဇင်းများ အကူညီဖြင့် ရွာထဲရှိ ဆင်းရဲ နွမ်းပါးပြီး အတန်းကျောင်း မတက်နိုင် သည့် တလေးငယ်များအား ဆရာတော် ဦးနန္ဒဝံသ၏ မစိုးရိမ်ကျောင်းတွင် အတန်း ပညာများ စတင်သင်ကြားပေး ခဲ့ပါသည်။ ကလေးများ စာမေးပွဲ ဖြေဆို သည့်အခါ တော်ကူးကျေးရွာ တွဲဖက် အလယ်တန်းကျောင်းသို့ သွားရောက် ဖြေဆိုကြရပါသည်။

၂၀၀၆ ခုနှစ်တွင် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းကို တရားဝင် စတင်တည်ထောင်ဖြစ်ခဲ့သည်။ ဆရာ တော်မှာ စာသင်သားဘဝကပင်ကလေး များကို စာပေပညာ သင်ကြားပေးရန် ရည်ရွယ်ချက်ရှိခဲ့သည်နှင့်အညီ အငြိမ်း စားကျောင်းဆရာကြီး ဦးသန်းထွန်း၏ ပံ့ပိုးကူညီမှုဖြင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း တည်ထောင်ဖြစ်ခဲ့ ခြင်း ဖြစ်သည်။

ဆရာကြီး ဦးသန်းထွန်း ဦးစီးပြီး ၎င်း၏တပည့် ဘွဲ့ရ ဆရာမလေးများနှင့် စတင်ဖွင့်လှစ်ခဲ့သည်။ ဘုန်းတော်ကြီး သင် ပညာရေးကျောင်း၊ ကျောင်းအုပ်





ဆရာမများ စာသင်ကြားနေပုံ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ



ဆရာတော်ရှေ့တွင် ဆုရကျောင်းသားတစ်ဦးအား ဆုချီးမြှင့်နေပုံ



ကျောင်းသား/ကျောင်းသူများအား ကျွေးမွေးနေပုံမြင်ကွင်း

ဆရာတော်ဘဒ္ဒန္တနန္ဒဝံသမှာ အကြောင်း အမျိုးမျိုးကြောင့် ပညာသင်ကြားခွင့် ရကြသော ကလေးသူငယ်များနှင့် မိဘမဲ့ကလေးသူငယ်များအား အစဉ် သနားကရုဏာထား၍ နိုင်ငံ့သား ကောင်းရတနာများ ပညာသင်ကြားရေး မနှောင့်နှေးစေရ။ အခက်အခဲအားလုံး ကို မေတ္တာစွမ်းပကား စုပေါင်းအားဖြင့် ကျော်လွှားနိုင်ရမည်ဟူသော အဓိဋ္ဌာန် ချက်ဖြင့် (ခွင့်ပြုချက်) မှတ်ပုံတင် အမှတ်/သထပ-၁၂ (၂၉)၀၉ဖြင့် ခွင့်ပြုအပ်သော မစိုးရိမ်ဘုန်းတော်ကြီး သင် ပညာရေးကျောင်းကို ၁၃၆၈ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ (၂၁. ၁၀. ၂၀၀၆) စနေနေ့တွင် ဖွင့်လှစ်ခဲ့ပါ သည်။

ဘ/ကကျောင်း ရန်ပုံငွေအတွက် ရပ်ရွာရှိ ဒကာ၊ ဒကာမများထံမှ စပါး အလှူခံခဲ့သည်။ ၎င်းပြင် ကလေးမွေးနေ့ အထိမ်းအမှတ်၊ မိဘနှစ်ပတ်လည် အထိမ်းအမှတ်နေ့များတွင် ဆရာတော် ထံ ငွေပဒေသာပင်များ လာရောက် လှူဒါန်းကြသည်။ ဘ/ကကျောင်း ကလေးသူငယ်များအတွက် သီးခြား အလှူငွေ လာရောက်လှူဒါန်းကြသည် များလည်း ရှိသည်။ ယခုနှစ်တွင်လည်း UNICEF မှ စာအုပ်စာတမ်းများ လာ ရောက်လှူဒါန်းခဲ့ကြောင်းသိရှိရပါသည်။

ယခုနှစ်တွင် တွဲဖက်မူလတန်း လွန်ကျောင်း ဖွင့်လှစ်ထားရှိပြီး ကိုရင်၊ သီလရှင်များ အပါအဝင် ဦးရေ(၂၃၅) ယောက်ရှိကာ ဘွဲ့ရဆရာမ (၇)ဦးမှ မေတ္တာဖြင့် သင်ကြားပေးလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘ/ကကျောင်း ရေရှည်ဆက်လက်ရှင်သန်ရပ်တည်နိုင်ဖို့အတွက် အခက်အခဲများစွာရှိနေရာ လှူဒါန်းနိုင်သည့် အလှူရှင်များ လိုအပ်နေကြောင်း ဆရာတော်မှ အမိန့်ရှိပါသည်။

ဆရာတော်မှာ ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားရေးအတွက်သာမက ထမင်းကျွေးမွေးရေးနှင့် ရှာနီးချုပ်စပ်မှ ကလေးများအတွက် သယ်ယူပို့ဆောင်ရေး တာဝန်များပါ ယူထားရသည်ဖြစ်ရာ ကြီးလေးသော တာဝန်ကြီးတစ်ရပ်ဖြစ်ပြီး တော်ရုံတန်ရုံလူများ လုပ်ဆောင်နိုင်ရန် မလွယ်ကူပါ။ ဆရာတော်ကဲ့သို့ ဝါသနာ၊ စေတနာ၊ အနစ်နာ ဟူသည့် နာသုံးနာကို လက်ကိုင်ထားပြီး ခိုင်မာသော ရည်ရွယ်ချက်၊ အဓိဋ္ဌာန်၊ ဖွဲလုံ့လ၊ ဝီရိယ ရှိသည့် ပါရမီရှင် ပုဂ္ဂိုလ်များသာ စွမ်းဆောင်နိုင်သည့် လုပ်ငန်းကြီးတစ်ရပ်ဖြစ်ကြောင်း စာရေးသူ သဘောပေါက် နားလည်လိုက်ပါသည်။

လက်ရှိမစိုးရိမ် ဘ/ကကျောင်း၊ အ. မ. က မှ စတုတ္ထတန်း အောင်မြင်သွားကြသည့် ကျောင်းသား/ ကျောင်းသူလေးများ ပဉ္စမတန်းပညာ ဆက်လက် သင်ကြားနိုင်ရေးအတွက်လည်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မူလတန်းလွန်ကျောင်းအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါသည်။ ယခုနှစ်တွင် ကျောင်းသား၊ ကျောင်းသူ ဦးရေလည်း တိုးလာပြီး အတန်းများလည်း တိုးလာပြီဖြစ်ပါသည်။ မူလတန်းကျောင်းမှာ ပဉ္စမတန်း၊ ဆဋ္ဌမတန်း အထိဖြစ်ပြီး ယခုလက်ရှိ ကျောင်းသား/ကျောင်းသူ ဦးရေမှာလည်း (၂၃၅)ဦးရှိကြောင်း သိရှိရပါသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်း သား၊ ကျောင်းသူများစာရင်း (၁၃၇၃)ခုနှစ်

| စဉ် | အတန်း | သာမဏေ | သီလရှင် | ကျား | မ | စုစုပေါင်း | ဆရာ/ဆရာမ ဦးရေ |
|---|---|---|---|---|---|---|---|
| ၁ | သူငယ်တန်း | | | ၃၁ | ၁၅ | ၄၆ | |
| ၂ | ပထမတန်း | | | ၁၀ | ၁၂ | ၂၂ | |
| ၃ | ဒုတိယတန်း | | | ၂၃ | ၁၅ | ၃၈ | (၇) ဦး |
| ၄ | တတိယတန်း | ၂ | ၁ | ၁၂ | ၁၁ | ၂၆ | |
| ၅ | စတုတ္ထတန်း | ၁ | ၂ | ၁၇ | ၈ | ၂၈ | |
| ၆ | ပဉ္စမတန်း | ၂ | ၁ | ၁၁ | ၁၆ | ၂၀ | |
| ၇ | ဒသမတန်း | ၂ | ၁ | - | - | ၃ | |
| | စုစုပေါင်း | ၇ | ၅ | ၁၀၄ | ၆၇ | ၂၃၅ | |

ယခင်ပြီးခဲ့သည့် ၂၀၁၀-၂၀၁၁ မညာ သင်နှစ် ကျောင်းသား/ကျောင်းသူ (၁၄၅)ဦး အတွက် ကုန်ကျငွေစာရင်း အနှစ်ချုပ်

| | | |
|---|---|---|
| ၁ | တစ်နှစ်တာကျွေးမွေးစရိတ်ကုန်ကျငွေစုစုပေါင်း | ၇၂၀၀၀၀ ကျပ် |
| ၂ | တစ်နှစ်တာစာအုပ်၊ စာရေးကိရိယာ ကုန်ကျငွေစုစုပေါင်း | ၁၂၀၀၀၀ ကျပ် |
| ၃ | တစ်နှစ်တာကျောင်းကြို၊ ယာဉ်စရိတ်ကုန်ကျငွေစုစုပေါင်း | ၄၀၅၀၀၀ ကျပ် |
| ၄ | တစ်နှစ်တာကျန်းမာရေးစောင့်ရှောက်မှုကုန်ကျငွေစုစုပေါင်း | ၇၅၀၀၀ ကျပ် |
| ၅ | တစ်နှစ်တာ ဆရာ၊ ဆရာမ လစာထောက်ပံ့ကုန်ကျငွေစုစုပေါင်း | ၁၀၃၅၀၀၀ ကျပ် |
| | | ၂၃၅၅၀၀၀ ကျပ် |

မှတ်ချက်

*ဆန်ဖိုးနှင့် သီးခြားအလှူရှင်များ၏ ကျွေးမွေးစရိတ်နှင့် စာအုပ်၊ စာရေးကိရိယာ စသည့် တန်ဖိုးများ မပါ။*

*သို့ဖြစ်ပါ၍ ပညာဒါနအလင်းပြရာ မစိုးရိမ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် ပညာဒါန ဖြည့်ဆည်းပြီး ထည့်ဝင်လှူဒါန်းလိုကြသော အလှူရှင်များအနေဖြင့် . . .*

*၁။ ဘဒ္ဒန္တနန္ဒဝံသ၊ ပဓာနနာယက ကျောင်းအုပ်ဆရာတော်၊ မစိုးရိမ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ တော်ကူးကြီးအနောက် စံပြကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၆၄၁၇၀၁*

*၂။ ဦးယဉ်ထွေး၊ အမှတ်(၁၄)၊ အောင်သပြေ အနောက်(၂)လမ်း၊ (၇)ရပ်ကွက် အရှေ့၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၆၁၄၆၃၄*

*ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်းနှင့် ဆရာတော် ဘဒ္ဒန္တနန္ဒဝံသမှ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကော်မတီဖွဲ့စည်းပြီး အလှူခံကိစ္စရပ်များ ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။*

❒ **မင်းစောဇော်**



www.burmeseclassic.com

www.burmeseclassic.com

# ဂျိန်းဝါဒ ဒဿနစနစ်

## ဦးကျော်နိုင်
(B.A,H.G.P)



ဂျိန်းဟူသော ဝေါဟာရသည် ဝါဋ္ဌိဇိနမှ ဆင်းသက်လာသော ဝေါဟာရ ဖြစ်၏။ ဂျိန်းဘာသာကို ထူထောင်ခဲ့သည့် ဂျိန်းဘုရားတို့သည် "ဇိနအောင်နိုင်သူ"ဟူသော အမည်နာမကို ခံယူကြ၏။ ၎င်းတို့သည် ရာဂ၊ ဒေါသ၊ မောဟကို အောင်နိုင်၍ မောက္ခ ဟူသော လွတ်မြောက်မှုကို ရရှိသူများ ဖြစ်သည်ဟု ဆိုသည်။ ကျွန်ုပ်တို့၏ ဗုဒ္ဓရှင်တော်မြတ်ကမူ ဓမ္မစကြာတရား ဟောကြားတော်မူရန် မိဂဒါဝုန်သို့ အသွားလမ်းခရီးတွင် ဥပကတက္ကတွန်းနှင့် တွေ့ဆုံရာတွင် "မာဒိသာဝေ ဇိနာ ဟောန္တိ ယေ ပတ္တာအာသဝက္ခယံ" အာသဝေါတရား လေးပါးတို့၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်ရှိသည့် ငါကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည်သာလျှင် ဇိနအစစ်ဖြစ်ကြောင်း မိန့်တော်မူခဲ့ပါသည်။

ဂျိန်းဘုရားတို့သည် "တိတ္ထကရ" ဟူသော အမည်နာမကိုလည်း ခံယူကြ၏။ တိတ္ထကရဆိုသည်မှာ ဘာသာအယူဝါဒကို တည်ထောင်သူဟူ၍ အဓိပ္ပာယ်ရ၏။ ဂျိန်းဘာသာတွင် ဇိန သို့မဟုတ် တိတ္ထကရအမည်ခံ ဂျိန်းဘုရားပေါင်း (၂၄)ဆူရှိ၏။ နောက်ဆုံး ဂျိန်းဘုရားမှာ မဟာဝီရဖြစ်၏။ ဗုဒ္ဓစာပေများ၌ တိတ္ထိဆရာကြီး ခြောက်ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည့် နိဂဏ္ဌနာဋပုတ္တအမည်ရှိသည့် ပုဂ္ဂိုလ်ကြီးပင်ဖြစ်၏။ မဟာဝီရသည် လိစ္ဆဝီမင်းမျိုး ဖြစ်၏။ ခမည်းတော်မှာ သိရိရာမဖြစ်၍ မယ်တော်မှာ တိသလာဖြစ်၏။ မဟာဝီရ၏ လူနာမည်မှာ ဝဍ္ဎမာနဖြစ်၍ သိရိရာမနှင့် တိသလာတို့မှ မွေးဖွားသည့် သားနှစ်ဦးတွင် အငယ်ဖြစ်၏။ ဝဍ္ဎမာနသည် အရွယ်ရောက်သည့်အခါ ယောသဓာ ဟူသော အမျိုးသမီးနှင့် လက်ထပ်ခဲ့၏။ သားသမီး ရမရကိုမူ မသိရပေ။

မဟာဝီရသည် ဘီစီ(၆)ရာစု၌ ရှိသူဖြစ်၍ ဗုဒ္ဓနှင့်ခေတ်ပြိုင်ဖြစ်၏။ သို့သော် ဗုဒ္ဓထက် အသက်ကြီးသူဖြစ်၍ ဗုဒ္ဓအရင် ကွယ်လွန်ခဲ့၏။ ၎င်းကွယ်လွန်မှုနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာစာပေများ၌ ၎င်း၏ ဒကာရင်းဖြစ်သူ ဥပါလိသူဌေး ဗုဒ္ဓဘာသာသို့ ကူးပြောင်းသွားသဖြင့် နှလုံးကို အပူဟပ်ကာ နှလုံးသွေးအန်၍ ကွယ်လွန်သွားကြောင်း မှတ်တမ်းတင်ခဲ့၏။

ဂျိန်းတို့၏ အယူဝါဒ ဒဿနစနစ်ကို " Introduction to Indian Philosospy" ဟူသောစာအုပ်မှ ကောက်နုတ်ဖော်ပြလို၏။ ထိုစာအုပ်သည် တစ်ချိန်က ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန၌ သင်ကြားရသည့် စာစဉ်တစ်ခုဖြစ်၏။

မဟာဝီရ ကွယ်လွန်သွားပြီးနောက် ၎င်း၏ နောက်လိုက်သာဝကများအကြား၌ ဒီဃမ္ဗရဂိုဏ်းနှင့် သေတမ္ဗရဂိုဏ်း ဟူ၍ ဂိုဏ်းနှစ်ဂိုဏ်းကွဲပြားသွား၏။ ထိုဂိုဏ်းများ၏ ကွဲပြားချက်များသည် အခြေခံဒဿန၌ အများအပြား မရှိ။ ယုံကြည်မှုနှင့် လက်တွေ့ကျင့်သုံးမှု ဟူသော ကိစ္စငယ်များ၌သာ ကွဲပြားကြ၏။ ဂျိန်းဘုရားကြီးများ၏ ဟောကြားထားချက်များကိုမူ နှစ်ဂိုဏ်းလုံးတို့က လက်ခံကြ၏။

ဒီဃမ္ဗရတို့က ဂျိန်းရဟန်း ဟူသည် ပိုင်ဆိုင်မှုအားလုံးကို စွန့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com

ရမည်၊ အဝတ်ကိုပင် မဝတ်ဆင်ဘဲ စွန့်ခွာရမည်ဟု ယူဆကြ၏။ သေတမ္ဗရတို့ကမူ အဝတ်ဖြူကို ဝတ်ဆင်ထားသင့်သည်ဟု ယူဆလေသည်။ ဒီဃမ္ဗရတို့ကမူ ပြီးပြည့်စုံသော အသိဉာဏ်ကို ရပြီးဖြစ်သည့် သူတော်သူမြတ်သည် အစားအစာကိုပင် မလိုအပ်၊ မိန်းမများသည် မိန်းမဘဝဖြင့် မောက္ခနိဗ္ဗာန်ကို မရနိုင်ဟု ယူဆကြ၏၊ သေတမ္ဗရတို့ကမူ ထိုအယူအဆ ထိုအမြင်ကို လက်မခံကြပေ။

အသိဉာဏ်၏ ခိုင်မာသော မူလအရင်းမြစ်သည် ပဉ္စာရုံအသိသာ ဖြစ်သည်ဟု စာရဗာကခေါ် ရုပ်ဝါဒီတို့က ယူဆကြ၏။ ဂျိန်းတို့က ထိုအယူအဆကို လက်မခံ၊ ပယ်ချ၏။ စိန္တာမယအသိ၊ သုတမယအသိ တို့သည် တစ်ခါတစ်ရံ မှားတတ်သော်လည်း စိန္တာမယအသိ၊ သုတမယအသိ တို့ဖြင့် မှန်ကန်သော အသိများကို ရနိုင်ဖွယ်ရှိပါလျက် ၎င်းတို့ကို ပယ်ချခဲ့လျှင် ပဉ္စာရုံအသိသည်လည်း တစ်ခါတစ်ရံ မှားတတ်သောကြောင့် ပဉ္စာရုံအသိကိုလည်း သံသယရှိသင့်ပေသည်ဟု ဂျိန်းတို့က ထောက်ပြကြ၏။

မှားယွင်းသည့် စိန္တာမယအသိအချို့ကို လေ့လာ၍ စိန္တာမယအသိအားလုံးမမှန်ဟု စာရဗာကတို့ တင်ပြရာတွင် စာရဗာကတို့ ကိုယ်တိုင်ပင် စိန္တာမယအသိ၏ အကူအညီကို ယူကြရ၏။ ထို့ပြင် မိမိတို့မသိသော အကြောင်းအရာ ဝတ္ထုများ၏ တည်ရှိမှုကို ငြင်းပယ်သည့်အခါ၌လည်း စိန္တာမယအသိ၏ အကူအညီကို ၎င်းတို့ ရယူကြရပေသည်ဟု ဂျိန်းတို့က ထောက်ပြကြ၏။

ဂျိန်းတို့ကမူ ပဉ္စာရုံအသိကိုသာမက စိန္တာမယအသိနှင့် သုတမယအသိ တို့ကိုပါ ခိုင်မာသောအသိ၏ အရင်းအမြစ်အဖြစ် ယူဆကြ၏။ စိန္တာမယအသိသည် တက္ကဗေဒဆိုင်ရာ မှန်ကန်တိကျသော စည်းမျဉ်းဥပဒေသများကို လိုက်နာပါက မှန်ကန်သောအသိကို ဖြစ်စေနိုင်၏။ သုတမယအသိသည်လည်း ယုံကြည်လေးစားထိုက်သော ပုဂ္ဂိုလ်များ၏ သင်ကြားပေးကြားချက် ဖြစ်ပါက ခိုင်မာသည်ဟု ယူဆကြ၏။ ကေဝလဉာဏ်ရှင်ဖြစ်ကြ၍ လွတ်မြောက်မှုကို ရပြီးဖြစ်ကြသည့် ဇိန သို့မဟုတ် တိတ္ထင်္ကရတို့၏ သင်ကြားပေးပြချက် အပေါ်၌ အခြေခံသော်လည်း စိတ်ပိုင်းဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ မှားယွင်းသောအသိများ ဖြစ်နိုင်ပါ၏။ သို့သော် ထိုအမှားများသည် ပဉ္စာရုံအသိနှင့် စိန္တာမယအသိတို့၏ အကန့်အသတ်ရှိမှုကြောင့်သာပင် ဖြစ်ပေသည်ဟု ဂျိန်းတို့က ယူဆကြ၏။

ဂျိန်းတို့သည် ပဉ္စာရုံအသိ၊ စိန္တာမယအသိနှင့် သုတမယအသိ ဟူသော အသိ(၃)မျိုးကို လက်ခံကြ၏။ ဤအသိ(၃)မျိုးဖြင့် ၎င်းတို့၏ လောကအမြင်ကို ပုံဖော်တည်ဆောက်ခဲ့ကြ၏။ ပဉ္စာရုံအသိဖြင့် ရုပ်ဝတ္ထုတို့၏ အမှန်တကယ် တည်ရှိမှုကို ဖော်ပြ၏။ ရုပ်ဝတ္ထုဆိုသည်မှာ စာရဗာကခေါ် ရုပ်ဝါဒီတို့ ယူဆသည့်အတိုင်းပင် မဟာဘုတ်ဓာတ်ကြီး (၄)ပါးဖြင့် ဖွဲ့စည်းထားသည့် အရာဝတ္ထုပင်ဖြစ်၏။ စိန္တာမယအသိဖြင့် အာကာသကို ယုံကြည်ခဲ့ကြ၏။

အဘယ်ကြောင့်ဆိုသော် ရုပ်ဝတ္ထုသည် တစ်နေရာရာ၌ တည်ရှိရမည်ဖြစ်သောကြောင့်ဖြစ်၏။ ထို့အတူအချိန်ကာလကိုလည်း ယုံကြည်လက်ခံကြ၏။ အဘယ့်ကြောင့်ဆိုသော် ပြောင်းလဲမှုများ သို့မဟုတ် အရာဝတ္ထုများ၏ ပြောင်းလဲမှုအစဉ် သန္တတိကို အချိန်ကာလမရှိဘဲ မသိနိုင်သောကြောင့် ဖြစ်၏။ ထို့အပြင် ဂျိန်းတို့သည် လှုပ်ရှားမှုနှင့် တည်ငြိမ်မှုတို့၏ အသီးသီးသော အကြောင်းတရား နှစ်ပါး၌လည်း ယုံကြည်ကြ၏။ အဘယ်ကြောင့်ဟူမူ ထိုအကြောင်းတရားများမရှိဘဲ အရာဝတ္ထုတို့၏ လှုပ်ရှားမှုနှင့် လှုပ်ရှားမှု၏ ပြတ်စဲ၊ ရပ်စဲမှုကို ရှင်းမပြနိုင်သောကြောင့် ဖြစ်၏။

ဂျိန်းတို့သည် မဟာဘုတ်ဓာတ်ကြီး လေးပါးဖြင့် ဖွဲ့စည်းထားသော ရုပ်လောက၊ နေရာအာကာသ၊ အချိန်ကာလ၊ ဓမ္မနှင့် အဓမ္မတို့ကို လက်ခံကြ၏၊ သို့သော် ထိုမျှဖြင့် မပြီးသေး၊ မစုံသေးပေ၊ ပဉ္စာရုံအသိနှင့် စိန္တာမယအသိက သက်ရှိခန္ဓာအားလုံး၌ အတ္တရှိကြောင်း သက်သေထင်ရှား ပြခဲ့၏။ လိမ္မော်သီးတစ်လုံး၏ အရောင်အဆင်း၊ ပုံသဏ္ဌာန်နှင့် အနံ့ဟူသော အရည်အချင်းကို သိရသည့်အခါ လိမ္မော်သီး တစ်လုံးတည်ရှိသည်ကို ကျွန်ုပ်တို့ သိနိုင်သကဲ့သို့ ထို့အတူ ကျွန်ုပ်တို့သည် အဇ္ဈတ္တအားဖြင့် ချမ်းသာသုခဆင်းရဲဒုက္ခနှင့် အတ္တ၏ အခြားသော အရည်အချင်းများကို သိရှိသည့်အခါ အတ္တကို ပဉ္စာရုံအသိဖြင့် သွယ်ဝိုက်သိသည်ကို ဝန်ခံသင့်၏။ အသိကို ရုပ်ဝတ္ထု၏ ရလဒ်ဖြစ်သည်ဟု မဆိုနိုင်ပေ။ ရုပ်ဝတ္ထုများ၏ ပေါင်းစပ်မှုက အသိကို ဖြစ်စေသည်ဟု သိရသော တစ်စုံတစ်ရာသော ဖြစ်ရပ်ကိစ္စကို စာရဗာကတို့ အနေဖြင့် ထောက်ပြနိုင်ခြင်း မရှိပေ။

အတ္တ၏ တည်ရှိမှုကို စိန္တာမယအသိဖြင့်လည်း ကြံစည် သိရှိနိုင်၏။ အကြောင်းကား ၎င်းတို့ကို လမ်းညွှန်ပြသနိုင်သည့် အသိကိုယ်စားလှယ်မရှိခဲ့လျှင် ရုပ်ဝတ္ထုများသည် မိမိတို့ကိုယ်တိုင် သက်ရှိခန္ဓာများအဖြစ် မဖွဲ့စည်းနိုင်ပေ။ ၎င်းတို့ကို စနစ်တကျ ပြုလုပ်ပေးသည့် အသိဝတ္ထုမရှိဘဲ ကိုယ်ခန္ဓာနှင့် အာရုံသိတို့သည် ဤကဲ့သို့ စနစ်တကျ မိမိတို့၏ အလုပ်ကို လုပ်နိုင်လိမ့်မည် မဟုတ်။

ယင်းသို့ဖြစ်သော် သက်ရှိခန္ဓာများသလောက် အတ္တများလည်း များလေသည်။ တိရစ္ဆာန်များ၌သာမက သစ်ပင်များနှင့် ဖုန်မှုန့်များ၌ပင် အတ္တရှိသည်ဟု ဂျိန်းတို့က ယူဆကြ၏။ အတ္တအားလုံးသည် အသိအားဖြင့်မူ တူညီကြသည်မဟုတ်၊ သစ်ပင်များနှင့် ဖုန်မှုန့်များ၌ တွေ့ထိမှုနှင့် တွေ့ထိ သိမှုဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com

အသိတစ်မျိုးသာရှိ၏။ အဆင့်နိမ့်သော တိရစ္ဆာန်များ၌ အသိ(၂)မျိုး၊ အသိ(၃)မျိုး၊ အသိ(၄)မျိုး အသီးသီးရှိကြ၏။ လူနှင့် အဆင့်မြင့် တိရစ္ဆာန်များ၌ အသိငါးမျိုးရှိကြ၏။ ထိုအသိငါးမျိုးဖြင့် အရာဝတ္ထုများကို သိကြ၏။ သို့သော် အသိဉာဏ် မည်မျှပင် ဖွံ့ဖြိုးတိုးတက်သည် ဖြစ်စေကာမူ ခန္ဓာ၌ရှိသော အတ္တသည် အသိဉာဏ်အားဖြင့် အကန့်အသတ်ရှိ၏။ စွမ်းရည်အားဖြင့်လည်း အကန့်အသတ်ရှိ၏။ ထို့ကြောင့် အမျိုးမျိုးသော ဒုက္ခကို ခံစားရလေသည်။

သို့သော် အတ္တတိုင်းသည် အတိုင်းအဆမရှိသည့် အသိဉာဏ်စွမ်းအင်နှင့် ပျော်ရွှင်မှုကို ရရှိနိုင်စွမ်းရှိကြ၏။ ဤအရည်အချင်းများသည် အတ္တ၏ ပင်ကိုသဘာဝအရ ပါရှိပြီးဖြစ်၏။ သို့သော် နေ၏အလင်းရောင်ကို မိုးတိမ်တို့က ပိတ်ဆို့ကာဆီးထားသကဲ့သို့ ကံ၊ သင်္ခါရတို့က ထိုအရည်အချင်းများကို တားဆီးပိတ်ဆို့ထား၏။ အတ္တ၌ ကံ သင်္ခါရ သို့မဟုတ် တပ်မက်လိုလားနှစ်သက်မှု အင်အားစုများက ရုပ်မှုန်များကို အတ္တဆီသို့ ဆွဲယူကြ၏။ ထိုရုပ်မှုန်များသည် မီးရောင် သို့မဟုတ် နေရောင်ထဲသို့ စိမ့်ဝင်ပျံ့နှံ့သကဲ့သို့ အတ္တထဲသို့ စိမ့်ဝင်ပျံ့နှံ့ကြ၏။

အချုပ်အားဖြင့်ဆိုရသော် ကံ၊ သင်္ခါရသည် ရုပ်ဖြင့် အတ္တကိုချုပ်နှောင်ဖွဲ့နှောင်ထားလေသည်။ ထိုကံ၊ သင်္ခါရတို့ကို ဖယ်ရှားဖယ်ခွာနိုင်ခြင်းဖြင့် အတ္တသည် မိမိ၏ပင်ကိုသဘာဝ ပြီးပြည့်စုံမှုကို ရရှိနိုင်ပေသည်။ လွတ်မြောက်သွားကြသည့် ဇိနများ သို့မဟုတ် တိတ္ထကရများ၏ ဟောကြား၊ သင်ကြားချက်များနှင့် ဘဝက လွတ်မြောက်မှု၏ ဖြစ်နိုင်ဖွယ်ကို သက်သေပြခဲ့၏။ လွတ်မြောက်ရေးအတွက် လိုက်နာကျင့်သုံးရမည့် လမ်းစဉ်ကိုလည်း ပြသခဲ့၏။ အနှောင်အဖွဲ့ကို ဖယ်ရှား၊ ဖယ်ခွာနိုင်ရေးအတွက် အင်္ဂါသုံးရပ် လိုအပ်၏။ ၎င်းတို့မှာ ဂျိန်းဘုရားများ ဟောကြားထားသည့် ဓမ္မများ အပြည့်အဝ ယုံကြည်မှု ဟောကြား၊ သင်ကြားချက်ဓမ္မအပေါ်၌ အသိမှန်ကန်မှု (သမ္မာဒိဋ္ဌိ)နှင့် အလုပ်မှန်ကန်မှု သမ္မာကမ္မန္တတို့ ဖြစ်၏။

သမ္မာကမ္မန္တဆိုသည်မှာ အသက် ဇီဝိတိန္ဒြေကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိမ်လည် မုသားပြောဆိုခြင်း၊ သူတစ်ပါးပိုင်ပစ္စည်းကို ခိုးဝှက်ယူခြင်း၊ ကာမဂုဏ်လိုက်စားခြင်းနှင့် ကာမဂုဏ် အာရုံဝတ္ထုတို့၌ တပ်မက်ခြင်းတို့မှ ရှောင်ကြဉ်ခြင်းတို့ပင် ဖြစ်၏။

ဤသမ္မာသဒ္ဓါ၊ သမ္မာဒိဋ္ဌိနှင့် သမ္မာကမ္မန္တ ဟူသော အင်္ဂါသုံးရပ်ကို ပေါင်းစုံမျိုးထောင်ခြင်းဖြင့် တပ်မက်လိုလားမှုကို ထိန်းချုပ်လာနိုင်၏။ အတ္တကို ရုပ်ဝတ္ထုနှင့် ဖွဲ့နှောင်ထားသည့် အနှောင်အဖွဲ့တို့ကို ပယ်ရှား၊ ဖယ်ခွာနိုင်မည် ဖြစ်၏။ အနှောင်အဖွဲ့များကို ပယ်ရှား ဖယ်ခွာလိုက်နိုင်သည့်အခါ အတ္တသည် ပင်ကိုသဘာဝဖြစ်သည့် ပြီးပြည့်စုံခြင်းကို ရရှိလေတော့သည်။

ပင်ကိုသဘာဝ ပြီးပြည့်စုံခြင်းဆိုသည်မှာ အနန္တသဒ္ဓါ အနန္တအသိဉာဏ် အနန္တစွမ်းအင်များနှင့် အနန္တသုခများနှင့် ပြီးပြည့်စုံခြင်းပင်ဖြစ်၏။ ဤအခြေအနေသည် မောက္ခခေါ် လွတ်မြောက်မှု၏ အခြေအနေပင် ဖြစ်၏။

ဂျိန်းတို့သည် ဖန်ဆင်းရှင်ဘုရားကိုမယုံကြည်ကြပေ။ ဇိနများ သို့မဟုတ် တိတ္ထကရများဖြစ်ကြသည့် ၎င်းတို့၏ ဘုရားများ၌ ကေဝလဉာဏ် (သဗ္ဗညုတဉာဏ်)နှင့် အနန္တစွမ်းအင်များဖြစ်သည့် နတ်ဘုရားများ တန်ခိုးပါဝါများရှိသည်ဟု ယုံကြည်ကြ၏။ ဖန်ဆင်းရှင်ဘုရားများနေရာကို ဇိန သို့မဟုတ် တိတ္ထကရ အမည်ခံယူသည့် ဂျိန်းဘုရားတို့က နေရာဝင်ယူကြ၏။ ဂျိန်းတို့သည် ထို ဇိန သို့မဟုတ် တိတ္ထကရများကို ယုံကြည်ကိုးကွယ်ကြလေသည်။

သက်ရှိသတ္တဝါအားလုံးအပေါ် ကြင်နာသနားသည့် ကရုဏာသည် ဂျိန်းဘာသာ၏ အဓိကအင်္ဂါလက္ခဏာများတွင် တစ်ပါးအပါအဝင် ဖြစ်၏။ ဤကရုဏာနှင့်အတူ ဂျိန်း ဒဿနဗေဒ၌ အားလုံးသော အတွေးအခေါ်၊ အမြင်များအပေါ်၌ အလေးထား လေးစားကြ၏။ ဂျိန်းဒဿနဗေဒအရ အရာဝတ္ထုတိုင်း၌ အပိုင်းအခြား၊ အကန့်အသတ်မရှိသည့် သွင်ပြင်လက္ခဏာများရှိသည်ဟုဆို၏။ ထိုအရာဝတ္ထုကို ရှုထောင့်အမျိုးမျိုးမှ ရှုမြင်၍ အမျိုးမျိုး ဆုံးဖြတ်ကြခြင်းသာ ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်များသည် ရှုမြင်သော ရှုထောင့်မှ တွေ့မြင်ရသော အရာဝတ္ထု၏ သွင်ပြင်လက္ခဏာနှင့် ဆက်စပ်၍သာ မှန်ကန်နိုင်၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် မိမိတို့၏ အသိဉာဏ်နှင့် ဆုံးဖြတ်ချက်တို့၏ အကန့်အသတ်ရှိသည့်သဘောသဘာဝကို သတိပြုသင့်၏။ တစ်စုံတစ်ခုသော အရာဝတ္ထုနှင့် ပတ်သက်၍ တစ်စုံတစ်ခုသော အမြင်သည် အားလုံးအကုန်မှန်သည်ဟု ထင်မြင်ယူဆခြင်းမှ ရှောင်ရှားသင့်ပေသည်။ အခြားသူများ၏ အမြင်သည်လည်း မှန်ကန်ဖွယ်ရှိသည်ကို သိရှိနားလည်အောင် သင်ယူသင့်ကြပေသည်။

ဂျိန်းဒဿနသည် အစစ်အမှန်ရှိဒဿနဖြစ်၏။ အကြောင်းမူ ဂျိန်းဒဿနက ဗဟိဒ္ဓလောကရှိ အရာဝတ္ထုများ၏ အမှန်တကယ်ရှိမှုကို လက်ခံအတည်ပြုသောကြောင့် ဖြစ်၏။ ထို့ပြင် ဂျိန်းဒဿနသည် ဗဟုဝါဒလည်း ဖြစ်၏။ အကြောင်းမူ ၎င်းသည် အဇ္ဈိမ အရှိတရား အများအပြားကို ယုံကြည်သောကြောင့် ဖြစ်၏။

ဂျိန်းဒဿနသည် ဘုရားမဲ့ဝါဒဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ဖန်ဆင်းရှင် ထာဝရဘုရား၏ တည်ရှိမှုကို လက်မခံ၊ ပယ်ချထားသောကြောင့် ဖြစ်ပေသည်။

❒ ဦးကျော်နိုင်
(B.A,H.G.P)



www.burmeseclassic.com

www.burmeseclassic.com



# ဝါလကာင်းလှတဲ့ သီတင်းကျွတ်

အောင်ရဲဝင်း(ဟံသာမြေ)

*သီတင်းကျွတ်လျှင်၊*
*မိုးလွတ်လေလွတ်၊*
*တိမ်ဖြူဆွတ်နှင့်၊*
*ပြာမွတ်ကောင်းကင်၊*
*ကြည်ကြည်လင်တည့်။*

*(ငွေတာရီ)*

လရောင်ဝင်းပ သာသည့်ညများ ဖြစ်ပါသည်။ ကောင်းကင်တစ်ခွင်လုံး မိုးသားကင်းစင်၍ ပြာသောကောင်းကင်သည် ငြိမ်းချမ်းသောအသွင်ကို ဆောင်နေပါ၏။ တလဲ့လဲ့တောက်ပနေကြသည့် ကြယ်ကလေးများနှင့်အတူ လေသင့်ရာသို့ လွင့်ပါနေကြသည့် မီးပုံးပျံတို့ကို ကောင်းကင်ယံတွင် တွေ့မြင်နိုင်သည်။

မီးပုံးပျံတို့သည် လေထုထဲတွင် တရွေ့ရွေ့တိုးဝေ့ကာ ခရီးနှင်လျက်ရှိ၏။ သူတို့သည် သီတင်းကျွတ်၏ သင်္ကေတဖြစ်ပါသည်။

ကျွန်တော် ငယ်စဉ်က ရွာဦးကျောင်းတွင် ကပ္ပိယအဘိုးအိုကြီး တစ်ယောက် ဆီစိမ်စက္ကူရောင်စုံဖြင့် မီးပုံးချိုးလျက်ရှိနေသည်ကို အဖော်များနှင့် ကစားနေရာမှ မြင်လိုက်ရသည်နှင့် ပျော်ရွှင်မြူးထူးကာ ဆီမီးရောင်ရှိန် ထိန်ထိန်လင်းတော့မည့် သီတင်းကျွတ်ညတွေကို ဝမ်းပန်းတသာ ကြိုဆိုခဲ့ပါသည်။

ကျွန်တော်တို့ ကလေးတွေကို အကဲပိုသည်ဟု မပြောပြင်လိုက်ပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com

ရှေး စာဆိုတော်ကြီးများသည်လည်း . .

ကြာငါးမည် ကြိုင်သင်းလို့၊
လျှံဝင်းတဲ့ပြောင်ထိန်၊
ရွှေနန်းတောင်တော်ဦးမှာလ၊
ကွန့်မြူးမြင်းမိုရ်မီး၊
ညီးတဲ့ခါချိန်။

စသည်ဖြင့် ဝါလကင်းလွတ် သီတင်းကျွတ်ခါသမယကို စာသ၍ [illegible]ပြုခဲ့ကြပါသည်။ သီတင်းကျွတ်လ၏ ရာသီမှာ တူရာသီ၊ ရာသီရုပ်မှာ ချိန်ခွင်၊ ရာသီနက္ခတ်မှာ အဿဝဏီ၊ ရာသီပွဲတော်မှာ မြင်းမိုရ်မီးပွဲနှင့် ဝါကျွတ်ပွဲဖြစ်ပါသည်။

သီတင်းကျွတ်၏ ရနံ့ဖြစ်သော ကြာဖြူ၊ ကြာနီ၊ ကြာညို စသည့် သင်းပျံ့ရနံ့သည် လေပြည်လေညင်းများနှင့်အတူ လိုက်ပါကာ ဗုဒ္ဓရှင်တော်မြတ်အား ရနံ့ဖြင့်ပူဇော်၏။

စာရေးသူတို့ရွာတွင် အဖိတ်နေ့ညမှ လပြည့်ကျော်တစ်ရက်နေ့ညအထိ မိမိတို့၏ အိမ်ရှေ့လက်ရန်းများတွင် ဖယောင်းတိုင်များ၊ ဆီမီးခွက်များကိုအစီအရီထွန်းညှိကာ ဗုဒ္ဓရှင်တော်မြတ်အား ပူဇော်ကြသည်ကို မှတ်မိနေပါ၏။

အချို့က မီးပုံးလှလှကလေးများတွင် ဖယောင်းတိုင်များထည့်၍ထွန်းကာ မိမိတို့ရွာကို အလှဆင်ကြကုန်၏။

ဝါလကင်းလွတ် သီတင်းကျွတ်ဟု ဆိုခဲ့ပါသည်။ မှန်ပါသည်။ သုံးလူ့ထွတ်ထား ရှင်တော်မြတ်ဘုရားသည် ဝါတွင်းသုံးလပတ်လုံး တာဝတိံနတ်ပြည်၌ မယ်တော်မိနတ်သားနှင့်နတ်အပေါင်းတို့အား အဘိဓမ္မာတရားကို ဟောကြားတော်မူသည်။

သီတင်းကျွတ်လပြည့် ရောက်မှ သင်္ကဿနဂိုရ်ပြည်သို့ ကြွဆင်းတော်မူသည်။

ထိုအခါ ပြဟ္မာနတ် ဘုံသုံးဘုံသူတို့သည် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့နှင့် ဆီးမီးများထွန်းညှိကာ ခရီးဦးကြိုပြုကြသည်။

ရဟန်းသံဃာတော်တို့သည် မိမိတို့သီတင်းသုံးရာ ကျောင်းတိုက်အသီးသီးတွင် ဝါဆိုလပြည့်နေ့မှသီတင်းကျွတ်လပြည့်နေ့အထိ ဝါဆိုခဲ့ကြသည်။

သီတင်းကျွတ်လပြည့်ရောက်မှ ဝါကပ်ရာမှ ကျွတ်လွတ်သည်။ ဤအထိမ်းအမှတ်ဖြင့် ဝါကျွတ်ပွဲတော်ကို အစဉ်တစိုက် ကျင်းပခဲ့ကြခြင်း ဖြစ်ပါသည်။

ဝါကျွတ်ချိန်သည် ကလေးရောလူကြီးပါ ပျော်ရသော အပျော်ကာလဖြစ်ပါသည်။ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားတတ်သော မြန်မာတို့သည် ဝါကျွတ်ချိန်တွင် မိမိတို့အဘိုး အဘွားများ၊ ဆရာ မိဘများ၊ အစ်ကို အစ်မ စသည့် သက်ကြီးသူများကို လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြပါသည်။ မွန်မြတ်သောရိုးရာဓလေ့တစ်ခုဖြစ်၍ ဂုဏ်ယူဖွယ်ကောင်းလှပါသည်။

စာရေးသူ စွဲလမ်းခဲ့သောကဗျာများတွင် ဆရာကြီးမင်းသုဝဏ်၏ “ဝါတွင်းချိန်” ကဗျာ ပါဝင်ပါသည်။

ထို ကဗျာကား ဝါတွင်းကာလတောသဘာဝ၏အလှနှင့် ရွာသူရွာသားတို့၏ဓလေ့အမူအရာတို့ကို ဖွဲ့ဆိုထားသောကဗျာ ဖြစ်ပါသည်။

ရှေးအခါက ကိုရင်ရဟန်းဝတ်သူများသည် ဝါကျွတ်ချိန်ရောက်မှ ရှင်လိင်ပြန်ခွင့်၊ လူထွက်ခွင့်ရပါသည်။ တစ်ဝါတွင်းလုံး အားတင်း၍နေခဲ့ရသူ ကိုရင်သည် ဝါလကင်းလွတ် သီတင်းကျွတ်မှ လူထွက်ရရှာသည်။ ထိုကဗျာတွင် တောသူကလေးသည် သူ့ချစ်သူ ကိုရင်ကြီး လူထွက်မည့်ရက်ကို သိလို၍ က္ကခြွေကြီး တစ်ခွဲသားနှင့် ဆွမ်းခံကြွလာသော ကိုရင်ကြီးအား ရှင်လိင်ပြန်မည့်ရက်ကို မေးလိုက်၏။

ကိုရင်ကြီးသည် အဖြေမပေးဘဲ မျက်နှာငယ်ငယ်နှင့် ကြွသွားရှာ၏။ ကိုရင်ကြီး လူထွက်ချင်နေသည်မှာ ကြာပါပြီ။ သို့သော် ဝါမကျွတ်သေး၍ လူမထွက်ရသေးပါ။ ဤအကြောင်းကို ဆရာကြီးက . . .

*ဆွမ်းခံချိန် ကိုရင်ကြွတော့၊*
*မယ်စလို့ မေးလိုက်တယ်၊*
*ရှင်လိင်ပြန် ဘယ်တော့ရက်၊*
*ထွက်ခဲ့ပါ့မယ်၊*
*မျက်နှာငယ်ငယ်၊*
*ဘယ့်နှယ်မှ မမိန့်၊*
*ဒီတစ်ခါ အနိုင်ခဲလို့၊*
*နွဲ့ရရှာလိမ့်။*

ဟု လှပစွာ ဖွဲ့ဆိုထားပါသည်။

တစ်မိုးတွင်းလုံး မျက်မှောင်ကြုတ်၍နေခဲ့သောကောင်းကင်ကြီးသည် ပြုံးစပြုလာ၏။ ဝါကျွတ်ပြီး ရဟန်းရှင်လူတို့လွတ်လပ်ပြီ။

ထိုအခါ တောသူကလေးသည် လူထွက်လာသောသူ့ချစ်သူအားအိမ်ဝင်းပေါက်မှ ကြိုရှာ၏။ ကတုံးပြောင်ပြောင်နှင့် လူထွက်လာသော သူ့ကိုကြည့်ကာ ရယ်ချင်လာ၏။ထို့ကြောင့် လှောင်သလိုပြောင် သလိုနှင့်သူ့အား “ကိုရင်လူထွက် ငါးပိ ချက်”ဟု စလိုက်ပါတော့သည်။

*ကိုရင်ကြီး လာမယ်ဆို၊*
*ဝင်းပေါက်ကကြို၊*
*အလို ကိုရင်ထွက်ကယ်၊*
*ငါးငပိချက်။*

ဆရာကြီး၏ကဗျာကို ဖတ်ရသည်မှာ တစ်ခန်းရပ်ပြဇာတ်တစ်ထုပ်ကို ကြည့်လိုက်ရသကဲ့သို့ ခံစားရပါသည်။ သီတင်းကျွတ်လကို လမြတ်ခါတော်ဟု သတ်မှတ်ကြသည်။ ကုသိုလ်လည်းရ ပျော်လည်းပျော်ရသောလ ဖြစ်ပါ၏။

ကျွန်တော်တို့၏ မြန်မာ့ရိုးရာ အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့သော သီတင်းကျွတ်ပွဲတော်ကို နောင်လာနောက်သားတို့က ဆက်လက်ထိန်းသိမ်းရန် လိုအပ်သည်။ သို့မှသာလျှင် ကျွန်တော်တို့၏ ရိုးရာယဉ်ကျေးမှုသည် ကမ္ဘာတည်သရွေ့ ဆက်လက်တည်တံ့ပါမည်။

❒ အောင်ရဲဝင်း(ဟံသာမြေ)

မှီငြမ်း ဒေါ်နုကြည် (မဟာဝိဇ္ဇာ)
စိတ်ကူးလိပ်ပြာ စာစီစာကုံးများ။



www.burmeseclassic.com

www.burmeseclassic.com

# မြူစင်သော စိတ်ပင်လယ်

ရေကျော်စိုးအောင်



ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မာတိကမာတာရွာတွင် နေထိုင်ခဲ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူခဲ့ပေသည်။

ထိုရဟန်း၏ ရှေးဦးရှိ ရဟန်းတော်ခြောက်ကျိပ်တို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားတောင်းပြီးလျှင် ထိုရွာသို့ ရောက်ခဲ့ကြ၏။

ထိုရွာမှသူကြီး၏ မိခင်သည် တစ်ရွာလုံး၏ မိခင်သဖွယ် ဖြစ်ခြင်းကို အကြောင်းပြု၍ ထိုရွာ၏ အမည်ကို မာတိ ကမာတာရွာဟု ခေါ်ဆိုကြ၏။

မာတိကမာတာ မိခင်ကြီး သည် ရဟန်းတော် ခြောက်ကျိပ်တို့ အတွက် မိမိရွာမှာပင် ကျောင်းဆောက် ကိုးကွယ်ကာ ပစ္စည်းလေးပါးထောက်ပံ့ လှူဒါန်းခဲ့သည်။

ရဟန်းခြောက်ကျိပ်တို့မှာ တစ်နေရာတည်း၌ နှစ်ပါးမနေကြပေ။ ညနေချမ်းတွင် မထေရ်ကြီးထံ ဆည်းကပ်ချိန်နှင့် နံနက်ခင်း ဆွမ်းစားချိန်တို့၌သာ သံဃာအားလုံး ပေါင်းဆုံမိကြသည်။ လိုအပ်ပါက ကျောက်စည်ကို တီးရ၏။ ဤသို့ကတိကဝတ်ထား၍ တရားဘာဝနာ အားထုတ်နေကြသည်။

ယင်းအချိန်များတွင် မာတိကမာတာ မိခင်ကြီးက ထောပတ်၊ ဆီ၊ တင်လဲ စသည့် လှူဖွယ်ပစ္စည်းများကို ယူဆောင်၍ လှူဒါန်းရန် ကျောင်းသို့ ရောက်လာခဲ့၏။ ဒါယိကာမကြီးနှင့် အတူပါလာသည့် ဥမျှားထဲမှ ရဟန်းတော်များ၏ ထားရှိခဲ့ကြသည့် ကတိကဝတ်ကို ပြောပြသည်တွင် မယ်တော်ကြီးမှ ကျောက်စည်တီးခတ်လိုက်သော အခါ ရဟန်းတော်များ တစ်ပါးစီ တရားအားထုတ်သည့်နေရာမှကြွလာကြသည်။

ဤသို့ ရဟန်းတော်များ တစ်ပါးစီကြွလာသည်ကိုမြင်၍ ဒါယိကာမကြီးမှ . . .

"အရှင်ဘုရားတို့ နံနက်အခါက တပည့်တော်မ၏ နေအိမ်သို့ ဆွမ်းခံကြွလာစဉ်က တစ်ပေါင်းတည်းဖြစ်ကြပါကုန်၏၊ ယခု တစ်ပါးစီကြွလာရခြင်း၏ အကြောင်းရင်းမှာ မည်သို့ရှိပါသနည်း ဘုရား" ဟု မေးလျှောက်၏။

"ဒါယိကာမကြီး ရဟန်းတစ်ပါးစီ ခွဲ၍ တရားအားထုတ်ကြသည်မှာ မှန်ပါသည်၊ မိမိတို့ခန္ဓာရှိ ဆံပင် မွေးညင်း စသည့် သုံးဆယ့်နှစ်ကောဋ္ဌာသတို့ကို ရွတ်ဖတ်သရဇ္ဈာယ်လျက် သုံးသပ်ဆင်ခြင်ပြီး မိမိခန္ဓာကိုယ်ကြီး ကုန်ခန်းခြင်း ပျက်စီးခြင်းသဘောကိုမြင်အောင် ရှုကြပါကုန်၏" ဟု ပြောပြကြ၏။

မာတာမိခင်ကြီးသည် ဤကမ္မဋ္ဌာန်းတရားကို တောင်းယူပြီး ပြန်သွား



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ ဒါယိကာမ မာတာမိခင်ကြီးသည်ထိုကမ္မဋ္ဌာန်းကိုရှုတ်ဖတ်သရဇ္ဈာယ်မှုတ် ခန္ဓာကိုယ်ကြီး၏ ကုန်ခန်းခြင်းသဘော၊ ပျက်စီးခြင်းသဘောကို ရှုမြင်သုံးသပ်၍ ရှုမှတ်လေသည်တွင် ရဟန်းများထက်စော၍ တရားပေါက်သွားပြီးသောတာပန်၊ သကဒါဂါမ်အဆင့်များကျော်လွန်၍ အနာဂါမ်အဆင့်ထိရောက်ရှိတော့သည်။

ဒါယိကာမကြီးသည် အနာဂါမိမ်ဖိုလ်နှင့်အတူ ပဋိသမ္ဘိဒါ လေးပါးနှင့်ပြည့်စုံသော အဘိညာဉ်ပါ ရရှိသွားတော့သည်။

ဒါယိကာမကြီးသည် ရဟန်းခြောက်ကျိပ်တို့၏ စိတ်သန္တာန်ကို အဘိညာဉ်တန်ခိုးနှင့် လှမ်း၍ဆင်ခြင်ကြည့်သောအခါ ငါ့သားရဟန်းတော်များမှာကျောင်းနှင့်သော်လည်းကောင်း၊ ပုဂ္ဂိုလ်နေနှင့်သော်လည်းကောင်း မသင့်လျော်သည်မရှိ။

အစားအသောက်တွင် ရဟန်းတို့၏ စိတ်အလိုနှင့် မသင့်လျော်ခြင်းသာရှိနေသည်ကို သိတော်မူခဲ့၍ ငါ့သားရဟန်းတော်များ ရဟန္တာဖြစ်နိုင်လောက်သည့် အခြေအနေ ရှိနေပါလျက် တရားထူး မရနိုင်ခြင်း အကြောင်းရင်းကို သိတော်မူခဲ့ရသည်။

သိခဲ့ရသည့်အတိုင်း မိမိအိမ်၌အထူးထူးသော ယာဂု၊ အမျိုးအမည်အစုံအလင်သော ခဲဖွယ်ဘောဇဉ်တို့ကိုချက်ပြုတ် ကြော်လှော်စေပြီး ရဟန်းတော်များကို ပင့်ဖိတ်၍ စိတ်တိုင်းကျဆက်ကပ်ခဲ့သည်။

ရဟန်းတော်များသည် စိတ်တိုင်းကျ ဘုဉ်းပေးစားသောက်ကြရ၍ စိတ်နှလုံးတည်ငြိမ်စွာဖြင့် တရားအားထုတ်ကြရာ မကြာမီမှာပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြတော့သည်။

ယင်းနောက် မာတိက မာတာမိခင်ကြီးအား ပန်ကြား၍ဘုရားရှင်ထံသို့ သွင်ရောက်ဖူးမြော်ကြပြီးဤအကြောင်းကို လျှောက်ထားခဲ့ကြသည်။

မထင်ရှားသော ရဟန်းတစ်ပါးသည် ရဟန်းတော်ခြောက်ကျိပ်တို့၏ အကြောင်းကို သိရှိပြီး မာတိကမာတာ ရွာသို့ သွားလိုသည်ဖြစ်၍ ဘုရားရှင်တော်မြတ်ထံမှ ကမ္မဋ္ဌာန်းတရားကို တောင်းပြီး ထိုရွာသို့ သွားရောက်ခဲ့တော့သည်။

ရွာသို့ ဝင်မိလျှင်ပင် ရဟန်း၏ စိတ်အစဉ်တွင် . . .

"မာတိကမာတာ မိခင်ကြီးသည် သူတစ်ပါးတို့၏ ကြံစည်သမျှစိတ်ကို သိသည်ဟု ဆို၏၊ ငါသည် ခရီးပန်းနေ၍ ကျောင်းအတွင်း သန့်ရှင်းရေးလုပ်ရန် လူတစ်ယောက် စေလွှတ်လျှင် ကောင်းလေစွ" ဟု တောင့်တ၏။

ဒါယိကာမကြီးက ရဟန်း၏ စိတ်အကြံကိုသိ၍ လူတစ်ယောက်စေလွှတ်ပေးလိုက်၏။

ရဟန်းအလိုရှိသမျှ တောင့်တတိုင်း အပို့လွှတ်ပေးသည်တွင် နောက်ဆုံး ဒါယိကာမကြီးကို တွေ့မြင်လို၍ ဒါယိကာမကြီးကိုယ်တိုင် ကျောင်းသို့ သွား၍ လိုအပ်သည်များ ကပ်လှူခဲ့သည်။

ရဟန်းသည် ဒါယိကာမကြီးအား ဤသို့မေးမြန်းရာ . . .

"ဒါယိကာမကြီး သင်သည် တစ်ပါးသူ၏ စိတ်အကြံသိပါသလော" ဟု မေး၏။ ဒါယိကာမကြီးက တိုက်ရိုက် မပြောကြားလို၍ . . .

"သားရဟန်းတော် သူတစ်ပါး၏ စိတ်အကြံကို သိသောသူသည် ဤသို့ ပြုလုပ်ဆောင်ရွက်ကြပါကုန်၏" ဟု လျှောက်ထားလေသည်။ ဤတွင် ရဟန်းတော်၏ စိတ်တွင် . . .

"ပုထုဇဉ်တို့မည်သည် အထွေထွေအရာရာ ကြံစည်တတ်ကြကုန်သည် ဖြစ်ရာ ငါသည် မသင့်လျော်ရာကို ကြံစည်မိပါက ဒါယိကာမကြီးသည် ခိုးသူကို ခိုးရာပါပစ္စည်းနှင့်တကွ ဆွဲ၍ ဖမ်းလိုက်သကဲ့သို့ ဖရိုဖရဲ အရှက်တကွဲ ဖြစ်ရလေတော့မည်" ဟု တွေးတောကာ ထိုရွာ ထိုကျောင်းမှ ခွာတ် ခွာတ် ထွက်လာခဲ့၏။

ဘုရားရှင်ထံ ရောက်ရှိပြီး ထိုအကြောင်းကို လျှောက်ထားသည်တွင် ဘုရားရှင်က ထိုရွာကျောင်းသို့ပင် ပြန်ကြွတော်မူရန် မိန့်ကြားတော်မူပြီး ထိုဒေသနာတော်ကို ဟောကြားတော်မူခဲ့သည်။

ရဟန်းသည် ကျောင်းသို့ပြန်လာပြီး မာတာမိခင်ကြီး၏ ပြုစုလုပ်ကျွေးမှု ခံယူ၍ တရားအားထုတ်ခဲ့ရာ သုံးရက်အရောက်တွင် ရဟန္တာဖြစ်ခဲ့ရတော့သည်။

ဒေသနာကား "နှိမ်နင်းရန် ခဲယဉ်းထသော၊ လျင်မြန်သောသဘောရှိသော၊ အလိုရှိရာ အာရုံ၌ ကျရောက်ကျက်စားတတ်လေ့ရှိသော စိတ်ကို ဆုံးမခြင်းသည် ကောင်း၏" ဟု ဆုံးမပြီး "ယဉ်ကျေးသောစိတ်သည် ချမ်းသာသုခကို ဆောင်ရွက်၏" ဟု ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည်။

အမှန်စင်စစ် ဖြူစင်သောစိတ်ဖြင့် ကမ္မဋ္ဌာန်းတရား ရှုမှတ်သည့်အခါ အာရုံတစ်ပါး စိတ်မများဘဲ ဟိုရောက် ဒီရောက်၊ ဟိုတွေး ဒီတွေး၊ ဟိုကြံ ဒီကြံ မဖြစ်စေဘဲ မိမိခန္ဓာ၏ဖြစ်ပျက်သဘောကို ထင်ဟပ်လာရပေတော့သည်။

ဖြူစင်သော စိတ်ပင်လယ်မှ အေးမြကြည်လင်သော လေတို့သည် နှလုံးသည်းပွတ်သို့ ရောက်ရှိကာချမ်းသာသုခကို ရရှိပြီး မဂ်ချမ်းသာ ဖိုလ်ချမ်းသာ ခံစားရပါသည်ဟု ရှင်တော်ဗုဒ္ဓအား ဦးခိုက်ကြည်ညို ညွှတ်တွား ရေးသားအပ်ပါတော့သည်။

❒ ရေကျော်စိုးအောင်

www.burmeseclassic.com

ဂေါတမမြတ်စွာဘုရားရှင်ပွင့်တော်မူစဉ်အချိန် ရာဇဂြိုဟ်ပြည်တွင် ဗိမ္ဗိသာရမင်းကြီး အုပ်စိုးစဉ်ကာလဖြစ်၏။ ထိုကာလအတွင်း ဇမ္ဗူဒိပ်ကျွန်းလုံးတွင် လူသိများသော သူဌေးကြီးလေးဦး ရှိလေသည်။ ထိုသူဌေးကြီးလေးဦးမှာ ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ကာကဝလိယသူဌေးကြီး ပုဏ္ဏားလေးဦးပင်ဖြစ်သည်။

ထိုလေးဦးအနက် ကာကဝလိယသူဌေး၏ အကြောင်းကား ရာဇဂြိုဟ်ပြည်တွင် ဆင်းရဲလှစွာသော ပုဏ္ဏားလင်မယားရှိလေသည်။ မောင်ကာကနှင့် မယ်ကာကဟုခေါ်ကြလေ၏။ သူတို့၏ အိမ်မှာ ကျူရိုးတိုင်ထူ၍ အင်ဖက်မိုး အင်ဖက်ကာ ကာနေရသည်။ အိုးတစ်လုံး ကောက်ရိုးဖျာတစ်ချပ်နှင့် ခဲလုံးကို ခေါင်းအုံးသဖွယ်ထား၍ နေရသည်။

လင်ဖြစ်သူ မောင်ကာကသည် နံနက်စောစောတောသို့သွား၍ ထင်းခွေပြီးလျှင် မြို့တွင်ရောင်းချရာ တစ်ကွမ်းစာမျှသော ဆန်ကို ရလေသည်။ မွန်းတည့်ချိန်နီးမှ နေအိမ်သို့ ပြန်လာ၍ နံနက်စာ ထက်ဝက် ညစာထက်ဝက်ထား၍ စားရ၏။ မယားဖြစ်သူ မယ်ကာကသည် သူတစ်ပါးအိမ်မှ စပါးတောင်းဆန်ဖွပ် အငှားလုပ်၍ သနားလို့ ပေးကမ်းသမျှ

# အာရိယာ၏ချီးမြှောက်မှုနှင့် မိန်းမမြတ်၏စွန့်စားခန်း



## ဥက္ကာဝင်းကျော်



www.burmeseclassic.com

www.burmeseclassic.com

သော ဥစ္စာကို ဟင်းလျာဖို့ ပြုရလေသည်၊ ကြွင်းကျန်သည်ကို စုပြီးမှ အဝတ်တန်ဆာဝယ်ရ၏။ ထိုသူတို့ အိမ်၌ စားစရာထမင်းမျှ မကြွင်းကျန်သည်ကသာ များသောကြောင့် ကျီးငှက်များပင် မနာလိုဖြစ်ရသည်။

တစ်နေ့သောအခါ အရှင်သာရိပုတ္တရာသည် နိရောဓသမာပတ်မှ ထတော်မူ၍ ချီးမြှောက်အပ်သော သနေယျကို ကြည့်တော်မူ၏။ မောင်ကာကတို့ သူဆင်းရဲလင်မယားကို မြင်လေ၏။ ဤသူတို့ကား ရှေးပြုဖူးသော ကံဟောင်းရှိလျက် တစ်ခုသော ကောင်းမှုနှိပ်စက်သောကြောင့် ဖုံးဝှက်အုပ်ထားသော မီးကဲ့သို့ မကြီးပွားနိုင်ရှိနေသည်။ ငါသွား၍ ချီးမြှောက်ရမူ ဒိဋ္ဌဓမ္မပင် သုခသမ္ပတ္တိကို ရရာ၏ဟု ကရုဏာသက်ဝင်တော်မူသည်။ အရှင်သာရိပုတ္တရာလည်း နံနက်အခါ ဆွမ်းခံကြွတော်မူ၏။ မယ်ကာက သူဆင်းရဲလည်း လင်ယောကျ်ားအလို့ငှာ ယာဂုကို ချက်ပြီး မျှော်လျက်နေသည်။

ထိုအချိန်တွင် သပိတ်ပိုက်ကာ ရပ်လာသော အရှင်သာရိပုတ္တရာကို မြင်လေလျှင် ကြည်လင်ညွတ်နူးလှသော သဒ္ဓါတရားဖြစ်လေသည်။ "ရှေးရှေးနေ့ရက်မှာ အရှင်ကောင်းမြင်လျှင် အိမ်တွင် အလှူဝတ္ထုမရှိ၊ ဝတ္ထုရှိခိုက်ဖြစ်လျှင်လဲ အရှင်ကောင်းမတွေ့ရ၊ ယနေ့မူကား အလှူဝတ္ထု ပစ္စည်းလဲ ပြည့်စုံ၊ အရှင်ကောင်းနှင့်လဲ တွေ့ကြုံရပေသည်၊ ဤအခါမှ ငါမလှူချေမူ အဘယ်မှာ ဒါနဖြစ်နိုင်တော့အံ့နည်း" ဟုကြံ၍ အရှင်မြတ်ထံသို့ ကပ်ပြီး ရှိခိုးလျက် "အရှင်ဘုရား အကျွန်ုပ်တို့အား သနားတော်မူပါသဖြင့် အလှူကို ခံတော်မူပါ" ဟု လျှောက်လေသည်။ သပိတ်တော်၌ ယာဂုအိုးကို မှောက်၍ လောင်းလှူလေ၏။ ထိုသို့ လောင်းပြီးသော် "ဤပုညကြောင့် ဒိဋ္ဌဓမ္မပင် ဒုက္ခကင်းလွတ်ပါစေသား" ဟုဆုတောင်း၏။ အရှင် သာရိပုတ္တရာလည်း ဒါယိကာမ တောင်းသော ဆုအတိုင်း ပြည့်စုံစေဟု ဆုပေး၍ ကြွတော်မူသည်။

ထင်းခွေရာမှ လင်ဖြစ်သူ မောင်ကာကပြန်လာသောအခါ မယားဖြစ်သူက အခြင်းအရာကို ပြောကြားသဖြင့် လင်မယားနှစ်ဦး ဝမ်းမြောက်ဝမ်းသာ ရှိကြလေသည်။ ထိုနေ့၌ ဗိမ္ဗိသာရ မင်းကြီးလည်း ရထားစီး၍ မြို့ကို လှည့်ရာတွင် သုသာန်ပြင်၌ တံကျင်လျှို၍ထားသော ယောကျ်ားတစ်ဦးသည် သေခြင်းသို့ မရောက်သေးပေ။ မင်းကြီးလာသည်ကို မြင်လျှင် "အရှင်မင်းကြီး အကျွန်ုပ်အား မသေမီ ထမင်းတစ်နပ်စာနှင့် ရေတစ်မှုတ်မျှ သနားတော်မူပါ" ဟု လျှောက်၏။ မင်းကြီးလည်း ထိုသူအား သနားတော်မူ၍ "ငါ့တွင် ယခု ထမင်းမပါ၊ နန်းတော်ရောက်မှ ပို့ပေးမည်" ဟုဆို၍ သွားလေသည်။

မင်းကြီးလည်း နန်းတော်သို့ ပြန်ရောက်သော် များစွာသောကချေသည် မောင်းမတို့က ခယဖျော်ဖြေသည့် ကိစ္စကြောင့် မေ့လျော့နေသည်။ နေဝင်ချိန်ကာလမှ သတိရလေသည်။ မင်းချင်းတို့အားခေါ်၍ သုသာန်ပြင်၌ တံကျင်လျှိုထားသော ယောကျ်ားထံသို့ ထမင်းနှင့် ရေ သွားပို့ချေ ဟု မိန့်တော်မူသည်။ မည်သူမျှ မသွားဝံ့ကြ၊ အဘယ်ကြောင့်ဆိုသော် ထန်းပင်နှစ်ပင်ရှိ ဒီဃတာလ အမည်ရှိသော ဘီလူးကို နေဝင်သည်မှစ၍ အရုဏ်တက်ချိန်အတွင်း ဤတံခါးမှ ဝင်ထွက်သူတို့ကို သင် ဖမ်းယူ၍ စားဘီလော့ဟု မင်းကြီးက အပိုင်စား ပေးထား၏။ ထို့အတွက် မသွားဝံ့ကြခြင်း ဖြစ်ပေသည်။

မင်းကြီးလည်း ကတိပျက်မည်စိုး၍ သုသာန်သို့ သွားဝံ့သောသူကို အသပြာတစ်ထောင်ပေးမည်ဟု စည်လည်စေသည်။ ထိုအခြင်းအရာကို မယ်ကာက သူဆင်းရဲမကြားလေသော် ငါသွား၍ ပို့ချေအံ့ဟု လင်ယောကျ်ားကို တိုင်ပင်လေ၏။ ရှင်မ သွား၍ ဘီလူးစားခဲ့သော် ငါအဖို့ ဘယ်သို့ရှိမည်နည်း၊ ကိုလင်မယား အတူနေရမှု စိတ္တသုခရှိပါသေး၏၊ ဥစ္စာကို မမက်ပါလင့်ဟု ဆိုသည်။ ဘီလူး မစားရလေအောင် ငါကြံနိုင်၏ဟု ဝန်ခံ၍ မင်းကြီးထံ သွားလေ၏။ မင်းကြီးလည်း အလွန်ဝမ်းသာလျက် တစ်ယောက်စာ ထမင်းကို ခွက်တွင်ထည့်၍ ရေအိုးနှင့်တကွ ပေး၏၊ ဤထမင်းကို မနောလင်ပန်းဖြင့် ထည့်၍ သနားတော်မူပါဟု လျှောက်၏။ မင်းကြီးက လျှောက်တင်သည့်အတိုင်း ပေးတော်မူလိုက်လေ၏။

မယ်ကာကလည်း လင်ပန်းကို ရွက်၍ တဘက်ကို ခါးပတ်လျက် ရေခွက်ရေအိုးကို ဆွဲပြီးလျှင် အစဉ်အတိုင်း ထွက်ခွာလာ၏။ မြို့တံခါးဝသို့ ရောက်လေသော် ထန်းပင်၌ နေသော ဒီဃတာလဘီလူးသည် ကိုယ်ထင်ပြလျက် . "ဟယ် မိန်းမ၊ သင်ကား ငါ့အစာဖြစ်ပြီ ရပ်လော့" ဟု ဆို၏။ ထိုအခါ သူဆင်းရဲမလည်း . "အမောင် ဒီဃတာလ၊ သူတစ်ပါးကို စားခွင့်ရသော်လဲ ငါ့ကို မစားနိုင်ချေ၊ သင်လဲ ပြည့်ရှင်မင်းကြီး၏ အမှုထမ်း ကျေးဇူးခံ၊ ငါလဲ မင်းကြီး၏ တမန်တော်ဖြစ်သည်၊ ငါ့စကား မယုံသော် ငါ့တွင်ပါသော မနောလင်ပန်းကို ကြည့်လော့" ဟုဆိုသည်။ ထိုစကားကြားလျှင် ဒီဃတာလ ဘီလူးကလည်း ဟုတ်ပေရာသည်၊ တမန်တော်ဆိုလျှင် ငါမှာလိုသော သတင်းစကားမှာလိုက်အံ့ဟု ကြံလျက် "ငါ၏ သတင်းစကားကိုလဲ ကြားခဲ့စေချင်သည်" ဟု ဆို၏။ "သုသာန်ပြင် အနီး မန်ကျည်းပင်ကြီး ခုနစ်ပင်၌ စောင့်နေသော သုမန နတ်မင်းအား သင် နတ်မင်း၏သမီး ဒီဃတာလ၏ မယားဖြစ်သော ကာလီစည် စင်ကြယ်လှပသော သားကောင်းရတနာကို ယနေ့မျက်နှာမြင်ပါကြောင်း လျှောက်လိုက်ပါသည်" ဟုမှာလိုက်၏။ သူဆင်းရဲမလည်း ကောင်းပြီ ဟု ဝန်ခံ၍ ဆက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူသာန်သို့ရောက်ရှိလေသော် တံကျင်လျှိုထားသောသူအား စားဖွယ် ထမင်းနှင့် ရေကို ပေးလေ၏။ ပြီးစီးသော် မန်ကျည်းပင်ကြီးအောက်သို့ လာ၍ ဒီဃတာလ မှာလိုက်သောစကားအတိုင်း ပြောကြားလေသည်။ သူမနက်မင်းကြီးလည်း အလွန်ဝမ်းမြောက်ရကား ထင်ရှားစွာ ကိုယ်ထင်ပြလျက် "သူတမင်္ဂလာစကားကို သင် လျှောက်ပေသည်၊ သင့်ကို ငါဆုပေးမည်၊ ငါ့မန်ကျည်းခုနစ်ပင်တွင် တစ်ပင်စီ၏ အရင်း၌ ရွှေအိုး နှစ်လုံး စီရှိ သည်၊ နံနက်လင်းသော် လာ၍ ဖော်ယူလော့" ဟု ဆိုလေသည်။

သူဆင်းရဲမသည် သူမနနတ်မင်းကြီးအား ရှိခိုးလျက် ကောင်းပြီဟု ဝန်ခံပြီးလျှင် မြို့ဝင်တံခါးဝသို့ ရောက်လေသည်။ဒီဃတာလ၏ နေရာ ထန်းပင် သို့ကပ်၍ "အရှင်နတ်မင်းမှာလိုက် သော သတင်းစကားကို ကြားခဲ့ပါပြီ၊ အရှင်နတ်မင်းကြီးက ကောင်းမြတ်သော သုတမင်္ဂလာကြားရပေသည်ဟု ဝမ်းမြောက်လှ၍ အကျွန်ုပ်အား ရွှေအိုးတို့ကိုပင် ဆုပေးလိုက်သည်" ဟု ပြောပြလေသည်။ ဒီဃတာလဘီလူးကလည်း စတင်ခိုင်းသူဖြစ်၍ "နံနက် လင်းသော် ငါ့ထန်းနှစ်ပင်၌ ရွှေအိုးကြီးလေးလုံး တူးဖော်ယူလှည့်လော့" ဟု ဆိုလိုက်သည်။

သူဆင်းရဲမလည်း အစဉ်အတိုင်း ဝင်လာ၍ မြို့တွင်းသို့ ပြန်ရောက်လေ၏။ ဗိမ္ဗိသာရမင်းကြီးထံ ရောက်သော အခါ ရိုသေစွာ ရှိခိုးလျက် အကြောင်းစုံကို တွေ့ခဲ့သမျှအား လျှောက်တင်လေသည်။

မင်းကြီးလည်း အလွန်အားရလျက် မိမိက ပေးထိုက်သော အသပြာ တစ်ထောင်ထုပ်ကို ပေးအပ်၏။ နံနက်လင်းသော် မင်းချင်းတို့နှင့်တကွ နတ်တို့ကပေးအပ်သော ရွှေအိုးတို့ကိုတူးဖော်စေသည်။ မင်းရင်ပြင်၌ ရရှိသည့် ရွှေအိုးများကို စုပုံစေသည်။ အမတ်ကြီးတို့နှင့် တိုင်ပင်တော်မူ၍ ဤမျှလောက်သော ရွှေရတနာရှိက သူဌေးတို့၏ အရာရသင့်ပြီဟု ဆိုလေသည်။ သူဌေးတို့အား ဆောင်းမြဖြစ်သော ထီးကို ပေး၏။ ထိုအခါမှစ၍ ကာကဝလိယသူဌေး ဟု တွင်လေသည်။

ထိုလင်မယားတို့သည် သူတစ်ပါးအိမ်ကြား၌ အိမ်ငယ်ဖြင့် နေရ၍ နေရာဌာန မရှိသေးပါ။ မင်းကြီးထံ အိမ်ရာတောင်းလေရာ ပျက်စီးလေပြီးသော သူဌေးတစ်ဦး၏ အိမ်ရာကို ပေးလေသည်။ ချုံနွယ်ပိတ်ပေါင်းတို့ကို သုတ်သင်စေလျက် အိမ်ဆောက်ခြင်းငှာ တွင်းတူးလေသော် တူးတိုင်းတူးတိုင်းပင် ရွှေအိုးငွေအိုးများ ရရှိလေသည်။ ဤသို့သော စည်းစိမ်ချမ်းသာကို ရသဖြင့် ကျေးဇူးတော်ကို အောက်မေ့၍ တစ်နေ့တစ်နေ့ သံဃာတော်ငါးရာမျှ ပင့်ဖိတ်၍ အလှူဒါန ပြုနေလေတော့သည်။

❐ ဥက္ကာဝင်းကျော်

ကျမ်းကိုး- ဇိနတ္ထပကာသနီ


# ဆရာဦးအောင်ကြည်သန်း

## B.Sc (Bot)

### လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

❂ ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့် အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက် အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒီပံ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း၊ ထီအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။

ဟောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ။ ☎ ၀၉ ၄၉၂၀၅၀၁၀

ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ : ၃၀) မှ ညနေ (၅ : ၄၅) နာရီထိ။




www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မြင့်(ဒဂုံ)

# အတ္တမြူနှင်းတွေပေါ် ဖြန့်ကြက်နေတဲ့ အနတ္တနေခြည်အတွေးများ

ထေရဝါဒဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်မှာ အထင် အတ္တသဘော 'ငါ' ဆိုတာမရှိဘူး။ တကယ်တမ်းရှိတာ'ငါ' မဟုတ်၊ သူမဟုတ်တဲ့ အနတ္တသဘော အမှန်သာရှိပါတယ်လို့ လက်ခံရေးသား ဟောပြောနေကြပါတယ်။

ဘယ်သဘောဟာ အတ္တ၊ ဘယ်သဘောဟာ အနတ္တဆိုတာတွေ ကွဲပြားအောင် ခွဲခြားသုံးသပ်ပြခဲ့တဲ့ မထေရ်မြတ်များရဲ့ စာအုပ်စာပေတွေလည်း အနန္တ များလွန်းလှပါပြီ။ တော်တော်လေးလည်း သဘောပေါက်ကြလို့ စာရေးသူ အနေနှင့်လည်း ဉာဏ်မီသလောက် ဆွေးနွေးတင်ပြချင်တဲ့အထိ အသိဆာမှုလေးတွေ ဖြစ်တည်လာလို့ ဆင်ခြင်သုံးသပ်ပါရစေ။

"သူလဲ လူပဲ၊ ငါလဲလူကွယ်၊ လူချင်းယှဉ်က ငါကသာတယ်၊ သူလှငါလှ အလှပြိုင်မယ်၊ ငါ့ထက်လှ ငါပဲရှိတော့တယ်"

အဲဒီစာကလေးက မမည်မရကလေးပဲဆိုပါတော့။ တို့ဗမာလူမျိုးတွေရဲ့အတွင်းစိတ်ထားရဲ့သဘောထားလေး ပေါ့လေ။ တို့ဗမာလူမျိုးက လူ့အကျိုးပြုတီထွင်မှုမျိုးကိုပြိုင်ဖို့ ဝါသနာ မပါဘူး။ ကိုယ့်ကိုယ်ကိုယ် မှန်ထဲကြည့်ပြီး အလှအပ ဘက်လောက်ပဲ အာရုံပြု ပြိုင်ချင်ဝါသနာအားကြီးတဲ့ အမျိုးတွေထင်ပါရဲ့။

အဝတ်အဆင်တွေ၊ အသစ်အဆန်းတွေ ပေါ်သလောက် ဒီအဝတ်မျိုး 'ငါ'ဝတ်ပြီး လူထဲသူထဲဦးအောင် ဝတ်သွားလိုက်ရရင် တယ်ပြီးလူတွေက ငါ့ကို ကြည့်ကြ၊ အံ့သြကြမှာပါကလား။ စတိုင်ရှိမှ စတားဖြစ်မယ်၊ ဟီရိုဂုဏ် ဝတ်စုံကို ချွတ်ဝံ့တဲ့စိတ်မျိုးလောက်ပဲ ရှိပုံကို အကဲခတ်လိုက်တဲ့စာတိုကလေး ပါ။ အဲဒီက အတ္တအခြေခံပုံကလေးကို ထောက်ပြချင်ပါတယ်။

အမှန်ကတော့ ဒီ'ငါ'စွဲ မာနကလေးပေါ့လေ။ ဒီ 'ငါ'စွဲမာနကလေးမှ



www.burmeseclassic.com

www.burmeseclassic.com

မရှိရင်လည်း ဒီလောကဟာ ပျင်းစရာကြီး ဖြစ်နေမှာပေါ့။ လောကီဆိုတာက တော့ 'ငါ'သမားတို့ရဲ့ လောကကြီးပေ ကိုး။ 'ငါ'မှမပါရရင် ဒီလောကကြီးဟာ အလကားပဲလို့ထင်ကြတယ်။ ဒါကြောင့် မို့လည်း လောကရဲ့လိုအပ်ချက်ကြောင့် လောကဓံတရားဆိုတာ ပေါ်ပေါက်လာ တာကို မအံ့ဩကြပါနဲ့။

စင်စစ်တော့ 'ငါ'ဆိုတာ အတ္တ။ အတ္တဆိုတာ တကယ်ရှိတဲ့တရားတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် 'ငါ' ပဲလို့ ထင်နေသရွေ့ကတော့ အတ္တ ဆိုတဲ့ သဘောက အမြယှဉ်တွဲနေမှာ ချည်းပဲ။ ဒီတော့ 'ငါ'နဲ့အတ္တဟာ ခွဲမရ ပါဘူး၊ အတူတူပါပဲ။ 'ငါ'လို့ ထင်မှတ် လိုက်တာနဲ့ တစ်ပြိုင်နက် အတ္တဆိုတာ ဖြစ်လာရတာပဲ။

ဒီနေရာလေးတော့ အရေးကြီး ပါတယ်။ သဘောက ဘာလဲဆိုတော့ 'ငါ'လို့ မထင်မှတ်သရွေ့ အတ္တ မဖြစ် ပေါ်ဘူး။ 'ငါ'ပဲလို့ ထင်မှတ်လိုက်တာနဲ့ ချက်ချင်းလက်ငင်း အတ္တဆိုတဲ့တရား ဖြစ်လာပြီ။ ဒီတော့ ဘာသာရေးစကား နဲ့ပြောရရင် တရားဆိုတဲ့ဓမ္မသဘောကို ကူးဆက်တော့ ဒီလို 'ငါ'ဖြစ်လာတဲ့ အတ္တဟာ ဘယ်အချက်ကို တစ်ဆင့်ကူး သွားသလဲဆိုတော့ တဏှာဆိုတဲ့အပိုင်း ကို ကူးသွားပြီး အဲဒီလိုတဏှာဆိုတဲ့ လိုချင်မှုစိတ်ဘက်ရောက်တာနဲ့ တစ်ပြိုင် နက် မာနနဲ့ ဒိဋ္ဌိဆိုတဲ့ တရားဘက်ကို ဆက်ပြီးကူးလာတော့တာပဲ။

ဒီတော့ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ တရားစုဟာ ဒီ'ငါ'ဆိုတဲ့ အတ္တကနေပြီး ပေါက်လာတဲ့ ကိုင်းတက်ကြီးသုံးခက် ပေါ့။ အဲဒါကို စာစကားနဲ့ ပြောကြလို့ဆို တော့ ပပဉ္စတရားလို့ခေါ်ပါတယ်။ ပပဉ္စ တရားဟာဘာလဲဆိုရင် တဏှာ၊ မာန၊ ဒိဋ္ဌိကိုခေါ်နိုင်တာပေါ့။ ဒါပပဉ္စတရား ဖြစ်ပေါ်လာရခြင်းရဲ့ ရှေ့ဦးပထမအဆင့် က ဒီ'ငါ'ပါပဲ။

ဒီလိုမျိုး 'ငါ'ဆိုတာက ရဟန္တာ မဖြစ်ကြသေးသရွေ့ 'ငါ'ဆိုတာ လုံးလုံး ပြတ်နိုင်ကြတာမဟုတ်ပါဘူး။ ပုထုဇဉ် ရိုးရိုးလူသားမျိုးတွေမပြောနဲ့၊ အရိယာ နွယ်ထဲရောက်လာပြီဆိုတဲ့ သောတာပန် ပုဂ္ဂိုလ်မျိုးတွေမှာလည်း 'ငါ'တန်းလန်းနဲ့ပဲ၊ သကဒါဂါမ်ဆိုတာလည်း မကင်းသေး ဘူး။ အရဟတ္တမဂ်ပုဂ္ဂိုလ်မှာလည်း 'ငါ' ဆိုတာ မကင်းသေးဘူး။ သို့သော် အဲဒီ လို အရိယာနွယ်ဝင်တွေလို့ ဆိုပေမယ့် ဟိုအောက်ဆုံး သောတာပန်ကစပြီး အရဟတ္တမဂ်အထိဟာ 'ငါ'နဲ့ မကင်း ပြတ်ကြသေးဘူး။ သို့သော် အဲဒီပုဂ္ဂိုလ် လေးမျိုးမှာ 'ငါ'တော့ 'ငါ'နေကြသေး ပေမယ့် 'ငါ'ချင်းက တယ်မတူကြတော့ ပါဘူး။

သောတာပန်မှာ ဖြစ်ပေါ်တဲ့'ငါ' က ပုထုဇဉ်မှာဖြစ်ပေါ်လာတဲ့'ငါ'နဲ့ နည်း နည်းလောက်ပဲကွာခြားတယ်။ သဘော ကတော့ ပုထုဇဉ်ရိုးရိုးကို မခံချင်အောင် တစ်ခွန်းလောက် ဆဲကြည့်လိုက်ရင် ဒေါသက ထောင်းခနဲ ထလာတယ်။ နိုင်ပုံမပေါ်ရင်သာ ငုံ့ခံချင်ခံမယ်၊ နိုင်ပုံ ပေါ်ရင် ထရိုက်ပစ်မယ့်သဘော ရှိနေ တယ်။ မနိုင်မှန်းသိလို့ မိုက်ကြိတ်ပြီး သည်းခံချင်ယောင်ဆောင်တယ်ဆိုတာ လက်စားချေချင်တဲ့ အာဃာတနိဒါန်း သဘော မျိုးစေ့ချနေမှာ ဖြစ်ပါတယ်။ ဒီတော့ ပုထုဇဉ်ရဲ့'ငါ'ဟာ အထိမခံ ရွှေ ပန်းကန်လိုမျိုးပေါ့။ အဲဒီ'ငါ'ကို သွားထိ လိုက်တာနဲ့တစ်ပြိုင်နက် မာနဆိုတာ ချက်ချင်းဖြစ်ပေါ်လေ့ ရှိတယ်။

ပြီးတော့ တစ်ခါ တစ်ဆယ်တန် ကအစ ကုဋေ ၈၀ တန်အထိ အကုန်လို ချင်တယ်။ ကိုယ်နဲ့ အသုံးတည့်သော၊ မတည့်သော ကောင်းဆိုးမှန်သမျှအကုန် လိုချင်တယ်။ ဒီတော့ သူ့တဏှာက လည်း တယ်ပြီး နယ်မရှေ့ဘူး။ ပိုက်ဆံ ဆိုရင် အကုန်မက်မော၊ မြေကြီးဆိုရင် လည်း ဥပဒေသာမရှိလို့ကတော့ အကုန် လိုချင်တယ်။ ကုန်ကုန်ပြောရရင် သေခါ နီးကြီးအထိ ကောင်းတာ၊ ချောတာ၊ လှတာ၊ နုတာမှန်သမျှ သက်ရှိ သက်မဲ့ မကျန်အားလုံးရိကွာထုပ်သွားချင်တယ်။

ဗုဒ္ဓဝါဒ၊ဗုဒ္ဓလမ်းစဉ်မှာ အသနား ခံ၍ ဆုတောင်းခြင်း၊ ဗုဒ္ဓရှင်နှင့် ဆု တောင်းသူကြားထဲမှာ ဆက်သွယ်သူ၊ အောင်သွယ်သဘော၊ ကိုယ်စားလှယ်၊ ပွဲစား၊ အကျိုးဆောင်သဘောထား၍ ဆုတောင်းဆုပေးခြင်းဆိုတာ မရှိပါဘူး။ ဗုဒ္ဓရှင်ကလည်း သင်တို့တောင်းဆိုတာ တွေကို ငါဘုရားပေးမယ်လို့ ဘယ်တော့ မှ၊ ဘယ်တုံးကမှ တာဝန်မခံပါဘူး။ အသနားခံခြင်း၊ ဆုတောင်းခြင်းတွေမှ တစ်ပါး မိမိဘဝ ဖြူစင်သန့်ရှင်းရေး၊ အသိဉာဏ် ပွင့်လင်းရေး၊ ဒုက္ခမှလွတ် မြောက်ရေးတို့အတွက် သိက္ခာသုံးပါး ကျင့်ဆောင်ဖို့ကိုသာ မြတ်ဗုဒ္ဓက လမ်း ညွှန်ပြတော်မူခဲ့ပါတယ်။

သို့သော်လည်း အန္ဓပုထုဇဉ်တွေ ဘယ်လောက်များ သူတို့'ငါ'က လောဘ၊ ဒေါသကြီးလိုက်ကြသလဲဆိုရင် စကြ ဝတေး၊ ပဒေသရာဇ်၊ ဧကရာဇ်အထိ ရည်မှန်းကြတယ်။ မိုးပေါ်မှာ တစ်ဖက် ငါးရာဆိုတာ အနည်းဆုံးမှန်းကြတယ်။ အဲဒီလို သက်ဦးဆံပိုင်စည်းစိမ်ခံ အဆင့်မျိုးအထိ သူတို့'ငါ'က စကြဝဠာ ခြေကန်ပြီး ဘို့တစ်ဘို့တည်းသာ အရာ ရာအပေါ်မှာ မြင်နေသမျှ အန္ဓပုထုဇဉ် လို့ မှတ်ရမယ်။

ဒါကြောင့်လည်း လယ်တီဆရာ တော်ဘုရားကြီးက ပရိတ္တသမုပ္ပါဒ်ဒီပနီ ဥပါဒါနပစ္စယာဘဝေါအခန်း၌ . . .

"စွမ်းရည်ပြင်းထန်၊ ဥပါဒါန်ဖြင့် ခန္ဓာဓမ္မ၊ ကိုယ်ကာယ၌၊ အတ္တအစွဲ၊ မြဲကြီးမြဲ၍၊ ရဲရဲရက်ရက်၊ ကိုယ့်အတွက် ကြောင့်၊ သက်သက်ခိုးမှု၊ စသည်ပြု လျက်၊ အကုသလ၊ ကမ္မဆယ်တန်၊ အပြစ်လျှံ၏၊ တစ်ဖန်နောက်နှောင်း၊ ငါ လျှင်ကောင်းစိမ့်၊ အကြောင်းရည်ရော်၊ အရှည်မျှော်လျက်၊ သူတော်ဓလေ့၊ ရသေ့ရဟန်း၊ လှူဒါန်းဝေငှ၊ ပဉ္စင်နှင့် အဌအင်္ဂါ၊ ဒသင်္ဂါတည့် . . .

လေးလီပြဟ္မ၊ ဝိဟာရရှာန်၊ ဆယ်တန်ကသိုဏ်း၊ အလှိုင်းများစွာ ဘာဝနာဟု၊ ဆယ်ဖြာပုညာ၊ ကုသလ



www.burmeseclassic.com

www.burmeseclassic.com

ထုံ့သကြီးစား၊ ကောင်းမှုပွားဓ၏၊ နှစ်ပါး ကသိုလ်၊ အကုသိုလ်ဟု၊ ထိုထိုဘဝ၊ ဖြစ်သမျှ၌၊ ဗီဇပြည့်ဖြိုး၊ အမျိုးမျိုးကြောင့်၊ အကျိုးတရား၊ အရှည်ပွားသည်၊ နှစ်ပါးအဝ စွမ်းရည်တည်း”လို့ ဆုံးမတော်မူခဲ့တာကို သံဝေဂဉာဏ်ကြီးကြီးဖြင့် သတိမြှုစေချင်ပါတယ်။

ကလျာဏပုထုဇဉ် ဆိုတာကလည်း ပုထုဇဉ်တော့ ပုထုဇဉ်ပါပဲ။ ဒါပေမဲ့ သူ့မှာရှိတဲ့ ‘ငါ’က ဘိုနှစ်ဘိုနဲ့ မြင်တတ်လာပါပြီ။ ဘယ်လိုလဲဆိုရင် လောဘဆိုတဲ့ လိုချင်မှုရှိပေမယ့် တစ်ထောင်, နှစ်ထောင်လောက်မပြောနဲ့၊ တစ်သောင်းတန်၊ ငါးသောင်းတန်လောက်ကို မလိမ်ညာဘူး။ သို့သော် ကိုယ့်အိမ်ခြံစည်းရိုးတိုင်ကိုတော့ ပြည်သူပိုင် မြေလွတ်မြေရိုင်း မြေကြီးထဲ နည်းနည်းပါးပါးလောက်ချဲ့ပြီး ဝင်းခတ်ချင်သေးတဲ့ သဘောမျိုးလေး ရှိသေးတယ်။

ဒါပေမဲ့ တစ်ဖက်သားကို ငဲ့ညှာပြီး ပင်ပင်ပန်းပန်းနဲ့ ခေါင်းရွက်ဈေးသည်တစ်ဦးကို သိပ်ပြီးမတရားဈေးမဆစ်တော့ဘူး။ ငွေတစ်ရာ၊ နှစ်ရာလောက်ကျပျောက်စေဦးတော့ သိပ်စကားပြောမနေတော့ဘူး။ တစ်ခွန်းလောက် အဆဲခံရရုံနဲ့ ဒေါသမဖြစ်လောက်ဘူး။

“ငါ သူ့ကို မကျေနပ်တာ သွားလုပ်မိလို့ နေမှာပါ” ဟု စဉ်းစားပြီး သည်းခံတတ်လာတယ်။

ခွင့်လွှတ်ခြင်းကို နားလည်တတ်လာတယ်။ ထမင်းငတ်နေပေမယ့်လည်း စိတ်တိုနေပေမယ့်လည်း ဒေါသကို သည်းခံနိုင်လာပါတယ်။ အန္ဓပုထုဇဉ်လို နေရာတိုင်း အကုန်လုံး ‘ငါ’တကောကောမနေတော့ဘူး။ ‘ငါ’သင့်တဲ့နေရာလောက်သာ ‘ငါ’ပြီး မ‘ငါ’သင့်တဲ့နေရာမှာ မ‘ငါ’တော့ဘူး။ အဲဒီလို ‘ငါ’ကို ထိန်းထိန်းသိမ်းသိမ်းနဲ့ ‘ငါ’ တတ်လာရင် ကလျာဏပုထုဇဉ်လို့ဆိုတော့ သူ့ဘို၊ ငါ့ဘိုဆိုတဲ့ ဘိုနှစ်ဘိုထားတတ်လာပြီပေါ့။

သို့သော်လည်း သူ့မှာ ‘ငါ’ဆိုတဲ့တရားက တာန်းလန်းရှိနေသေးတဲ့ပုဂ္ဂိုလ်ဆိုတော့လည်း သောင်းတန်လောက် ပစ္စည်းမျိုးကို စလိမ်ချင်ပေမယ့် သိန်းလောက်ဆိုရင် သတ်ယူတန်ယူမယ်ပေါ့။ နောက် ဘဝကောင်းစားရေး စည်းစိမ်ဥစ္စာ တိုးပွားရေးလို့ဆိုရင် လောဘစေတနာနဲ့ လှူမယ်ဆိုတဲ့ သဘောကတော့ဖြင့် အဲဒီကလျာဏရဲ့ ‘ငါ’မှာလည်း ရှိနေသေးတယ်။

ပုထုဇဉ်နယ်တန်ခိုးက အဖိုးအမဆိုတာ သစ်သီးခြွေတဲ့လက်လို နီးရင် ရွယ်ချင်ကြတာလည်း အမှန်၊ ကန်ထဲက ရေနှယ် သွယ်ရင်စီးချင်ကြတာလည်း တစ်မျိုး။ အိုးနဲ့ကြိုးလို အတူတူသာထားရင် ထိမှာငြိမှာလည်း ဓမ္မတာဖြစ်တာမို့ ရှောင်ရမယ်ဆိုတဲ့အသိဉာဏ်၊ ရှောင်မယ်ဆိုတဲ့ အစိဋ္ဌာန်၊ မရှောင်လို့မဖြစ်ဘူးဆိုတဲ့ ကြွေးကြော်သံတွေမခိုင်ကျည်နိုင်တဲ့ သူလည်းလေ လောကီဘုံအနှံ့ပေမို့ ဆင်ခြေကန်ချင်ချင်က များနေတဲ့ ‘ငါ’သမားတွေ ဖြစ်ပါတယ်။

နည်းနည်းပါးပါး မဖြစ်စလောက်ကိစ္စမျိုးမှာသာ သူကသူ့ဘို၊ ကိုယ်ဘိုဆိုတဲ့ သဘောကလေးပါတယ်။ သို့သော် တကယ်တမ်း ကိုယ်ဘိုအကျိုးမဲ့ကိစ္စမျိုးဆိုရင်တော့ အန္ဓပုထုဇဉ်နဲ့ တယ်မထူးခြားပါဘူး။ တစ်သောင်းတန်မှာယုံရပေမယ့် သိန်းဂဏန်း များလာရင်တော့ မရှောင်နိုင်တော့ဘူး။ အန္ဓကတော့ ကျပ်ဂဏန်းကအစ မရှောင်နိုင်ဘူး။ ချဉ်ချဉ်တူးတူးမူးပြီးရောဆိုပြီး တစ်ဘိုတည်းသမားသက်သက်ပဲ။ ဒီမျှလောက်ပဲ ခြားနားပါတယ်။

ဒါကြောင့် ဒီပုထုဇဉ်နှစ်မျိုးစလုံးဟာ ကိုယ့်လူမျိုးနဲ့ကိုယ့်တိုင်းပြည် ဘာပဲဖြစ်သွားဖြစ်သွား သူတို့သာ မြိုးမြိုးမြက်မြက်လေး ခံစားရမယ်ဆိုရင်ဖြင့် တိုင်းပြည်လည်း ရောင်းစားတဲ့လူမျိုးချည်းပါပဲ။ နိုင်ငံခြားက သူလျှိုဒလန်တွေက သူတို့လို လူမျိုးကိုမှ ရွေးပြီးဝယ်သုံးလေ့ရှိတယ်။ သတင်းဝယ်ပြီး အသုံးချလေ့ရှိတာ အားလုံး မျက်မြင်ကိုယ်တွေ့သမိုင်းမှာ အမည်းကွက်စွန်းထင်လျက်ရှိမြဲပါ။

ဒီပုထုဇဉ်နှစ်မျိုးစလုံးမှာ တူနေတာက ဘာလဲဆိုတော့ ကိုယ်လုပ်သမျှကိုယ့်ဟာကိုယ် အမြဲတမ်း အမှန်မဟုတ် အကောင်းတွေချည်းလို့ ယူဆကြတာချည်းပဲ။ ကိုယ့်ဟာကိုယ် အမြဲတမ်း ငါမှန်တယ် ဆိုတဲ့ဘက်ကချည်း ဖြစ်ပါတယ်။ ဒါကြောင့် နှစ်မျိုးစလုံးကို ပုထုဇဉ်လို့ပဲခေါ်ရတယ်။ သူတို့အမှားကို ဘယ်တော့မှ ပြန်လည်သုံးသပ်လေ့မရှိဘူး။ သူများ ဝေဖန်ချက်အကြံပေးတာမျိုးကိုလည်း လက်မခံဘူး။ အမှားကိုအမှားလို့ ဘယ်တော့မှဝန်ခံရိုးမရှိဘူး။ ပါးစပ်ကတော့ ပြောကြတာပဲ။ ပြောပါ၊ ဝေဖန်ပါဟုဆိုနေရာတွင် မပါစေနဲ့ငါ့အကြောင်းတဲ့။ အတ္တသမားစစ်စစ်လို့ ဆိုရမယ်။

သို့သော် ဘုရားရှင်ကတော့ အန္ဓပုထုဇဉ်လိုဟာမျိုးသာ ပြောမရဟောမရဖြစ်လို့ ဘေးဖယ်ထားပေမယ့် ကလျာဏပုထုဇဉ်ကို နည်းနည်းပါးပါး သူ့ဘိုကိုယ့်ဘိုစဉ်းစားတတ်တဲ့လူစားမျိုးတွေကိုတော့ တရားဟောပြရင်း လူကောင်းလူမှန်၊ သူတော်သူမြတ်ဖြစ်နိုင်ဖို့ အလားအလာရှိပါတယ်လို့ ဟောပါတယ်(ခန္ဓဝဂ္ဂသံယုတ်၊ ပုပ္ဖသုတ် ၁၀၆)။ ကလျာဏမိတ္တသမ္ပဒါပေါ့လေ။


ဆရာသမား မိတ်ဆွေကောင်းစစ်စစ်နဲ့တွေ့ရင် မိရိုးဖလာအမှတ်တမဲ့ ဗုဒ္ဓဘာသာမှ ထေရဝါဒသာသနာတော် စည်းဝိုင်းထဲရောက်လာနိုင်ပါတယ်။ အခုရေးပြနေတာကလည်း အတ္တနဲ့ အနတ္တ သဘောတရားကို ထင်ဟပ်စေနိုင်မယ့် ဆောင်းပါးအကြောင်းလေး ဖြစ်တာမို့ စာသံ ပေသံ ပါဠိသံတွေချဲ့လျှင် ဉာဏ်မမီနိုင်တာမို့ အများနားလည်နိုင်တဲ့ စကားပြေနဲ့ ရေးပြရခြင်းဖြစ်ပါတယ်။

❐ ထိုအေးမင်း(ပဲခူး)



www.burmeseclassic.com

www.burmeseclassic.com



တင်းခနဲ ဖြစ်သွားသော ခြေထောက်ကို ငုံ့ကြည့်မိတယ် ဆိုရင်ပဲ ရင်ထဲမှာ စိုးရိမ်ပူပန်တဲ့စိတ် ဖြစ်ပေါ်သွားတယ်။ ဖြစ်ပေါ်လာတဲ့ စိုးရိမ်ပူပန်မှုကို ကပျာကယာ ထိန်းရင်း ဘေးပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်တယ်။

ချစ်မငြိုးတဲ့မိဖုရား အပါအဝင် နောက်လိုက်ငယ်သား အပေါင်းတို့ မိမိရဲ့အဖြစ်ကို မသိဘဲ စိတ်အေးချမ်းသာစွာနဲ့ စမ်းချောင်းရေအေးကို တဝကြီးသောက်နေကြလေရဲ့။


သောက်ကြစမ်းပါစေ။ ချစ်လှတဲ့ မိဖုရား အပါအဝင် နောက်လိုက်ငယ်သားတွေ ရေကို တဝကြီး သောက်ကြစမ်းပါစေ။ အခုချိန်မှာတော့ မိမိရဲ့ အဖြစ်ကို ဘယ်သူမှ သိလို့မဖြစ်ပေ။ အကုန်လုံး ရေကို တဝကြီးသောက်ပြီးချိန်မှသာ အသိပေးမယ်။ အခုချိန်မှာတော့ ဘယ်သူ တစ်ယောက်မှ သိလို့ မဖြစ်ပေ။

ဟော, သူတို့တွေ ရေသောက်လို့ ပြီးသွားကြပြီ။ မုဆိုးလာချိန်လည်း နီးပြီ။ ကျန်တဲ့သူတွေ ဒုက္ခ မရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးစွမ်းအား

သီရိနေနွယ်



www.burmeseclassic.com

www.burmeseclassic.com

ငါ့အသံပေးမှပဲ။ အကုန်လုံးဘေးကင်းပါစေတော့။

"ပြေးကြဟေ့ ပြေးကြ အန္တရာယ် အန္တရာယ်"

မိမိအသံပေးလိုက်တယ် ဆိုရင်ပဲ စိုးရိမ်တကြီး ကြောက်လန့်တကြားဖြင့် ပြေးထွက်သွားကြသော သမင်အပေါင်းကိုကြည့်ရင်း ကျန်ရစ်ခဲ့ရသည့်မိမိအဖြစ်။ ခုနတုန်းက အေးမြကြည်လင်နေသော စမ်းချောင်း ရေအသွင်ကတော့ သမင်အပေါင်းတို့ရဲ့ ကြောက်လန့်တကြား တဝုန်းဝုန်းဖြင့် ထွက်ပြေးကြခြင်းကြောင့် နောက်ကျို၍ ကျန်ခဲ့ရပေသည်။

ဩော်၊ အားလုံးသောသူအပေါင်း ဘေးအန္တရာယ် ကင်းကြပါစေ၊ မိမိမှာသာ။ ခြေထောက်ကို ငုံ့ကြည့်မိသည်။ ရှန်းလေ တင်းလေ၊ ရှန်းလေ ပိုတင်းလာသည့် မုဆိုး၏ညွတ်ကွင်း၊ ရှန်းလေလေ သွေးစိမ်းရှင်ရှင်ကျလာသည့်ခြေထောက်။ အသည်းခိုက်အောင် နာကျင်လှသည့် ဒဏ်ကို အံကြိတ်ခံရင်း ကျရောက်လာမည့် ဘေးအန္တရာယ်ကို ရင်ဆိုင်ရုံသာရှိတော့သည်။

❖

"ပြေးကြဟေ့ ပြေးကြ အန္တရာယ် အန္တရာယ်" ဆိုသော အသံကြားလို့ အများသူငါတွေပြေးလို့သာ ဘုမသိ၊ ဘမသိနှင့် ရောယောင်၍ ပြေးခဲ့ရသည်။ မည်သို့သော အန္တရာယ်ဆိုသည်ကိုလည်း မသိဘဲနှင့်ပြေးခဲ့ရသည်။ ပြေးရင်းနှင့်လည်း ချစ်ရသည့် မောင်တော်ကို ရှာကြည့်မိသည်။ ဘယ်လိုပင် ရှာကြည့် ရှာကြည့် မတွေ့။ ရင်အပူမီးက ရင်ဝကို တက်ဆောင့်သည်။ သေချာပေပြီ၊ အန္တရာယ်သည် ချစ်လင်မင်းကြီးထံတွင် ကျရောက်နေပေပြီ။ မည်ကဲ့သို့သော အန္တရာယ်သည် ချစ်လင်မင်းကြီးထံတွင် ကျရောက်နေသနည်း။ ချစ်လင်မင်းကြီးရဲ့အပေါ် ကျရောက်နေသည့် ဘေးအန္တရာယ်ကို သိလို မြင်လိုလှပေသည်။ မောပန်းမှုကို ဂရုမစိုက်နိုင်။

ဟော, တွေ့ပါပြီ။ မိမိတို့ ရေဆင်းသောက်ခဲ့သည့် စမ်းချောင်းနံဘေးက မြက်ခင်းစပ်မှာလဲနေသည့် မိမိရဲ့ ချစ်လှစွာသော ခင်ပွန်းလင်။ သမင်ပေါင်းရှစ်သောင်းကို အုပ်ချုပ်သည့် သမင်မင်းကြီးရဲ့အဖြစ်။

ရင်ထဲမှာ နင့်ခနဲ ခံစားရပေသည်။ ကျဆင်းလာသည့် မျက်ရည်များက အတားအဆီးမဲ့။

"မောင်ကြီး. . မောင်ကြီး ဖြစ်မှဖြစ်ရလေ မောင်ကြီးရယ်၊ အဟင့် ဟင့်"

"ဟင်, နှမတော် နှမတော် ဘယ့်နှယ် အန္တရာယ်ရှိတဲ့နေရာကို ပြန်လာရတာလဲ၊ ပြန်ပါ အမြန်ပြန်ပါ၊ တော်ကြာ မုဆိုးလာရင် နှမတော်ပါ ဒုက္ခရောက်လိမ့်မယ်၊ အမြန်ပြန်ပါတော့နှမတော်"

"ဟင့်အင်း နှမတော်မပြန်နိုင်ဘူး၊ မောင်ကြီး ဒုက္ခရောက်နေတာကို သိရက်နဲ့ နှမတော် ဒီအတိုင်းထားပြီး မပြန်နိုင်ဘူး၊ မောင်ကြီး ကောင်းစားစဉ်က နှမတော်နဲ့အတူ စံစားပျော်ပါးပြီး မောင်ကြီး ဒုက္ခရောက်တဲ့အခါမှာ မောင်ကြီးကို နှမတော် ဒီအတိုင်းမထားခဲ့နိုင်ဘူး၊ ဒုက္ခခံရမယ်ဆိုရင်လဲ အတူတူခံမယ်၊ ဒီတစ်ခါတော့ မောင်ကြီးရဲ့ စကားကို နှမတော် နားမထောင်ပါရစေနဲ့ မောင်ကြီးရယ်"

"နှမတော် မုဆိုးမလာခင် နှမတော်ပြန်ပါတော့၊ တော်ကြာ နှမတော်ပါဒုက္ခရောက်လိမ့်မယ်"

"မပြန်ပါရစေနဲ့ မောင်ကြီးရယ်၊ မုဆိုးမလာခင် ကျော့ကွင်းကို ရှန်းဖြတ်ပါ၊ နှမတော် မုဆိုးလာတာကို ကြည့်နေပါ့မယ်"

"မရဘူး နှမတော်၊ မောင်ကြီးရဲ့ ရှိသမျှအားနဲ့ ကျော့ကွင်းကို ရှန်းဖြတ်တာ မရဘူး၊ ကျော့ကွင်းက မောင်ကြီး ရှန်းလေ ပိုတင်းလေပဲ၊ အခုဆိုရင် ကျော့ကွင်းက မောင်ကြီးရဲ့ခြေထောက်အသားတွေကို ပွန်းပဲ့ပြီး အရိုးထိအောင် ထိနေတဲ့အတွက် မောင်ကြီး အသည်းခိုက်အောင် နာကျင်ခံစားရပါတယ်"

"မောင်ကြီးရယ်၊ နောက်ထပ်တစ်ကြိမ်လောက် အားတင်းပြီးတော့ ကျော့ကွင်းကို ရှန်းဖြတ်ကြည့်ပါဦး"

"နှမတော်ရယ် မောင်တော် အားတင်းပြီး ကျော့ကွင်းကို ရှန်းဖြတ်ရင် မောင်တော့်ခြေထောက်ဟာ သွင်သွင်ကျိုးပြီး ကျော့ကွင်းက လွတ်နိုင်ပါတယ်၊ ဒါပေမဲ့ နှမတော်ရယ် ကိုယ်လက်အင်္ဂါ ချို့တဲ့သူအဖြစ်နဲ့ သမင်အပေါင်းတို့ရဲ့ အရှင် မဖြစ်ထိုက်သလို သမင်အပေါင်းတွေကိုလဲ မအုပ်ချုပ်သင့်ပါဘူး၊ ဒါကြောင့် မောင်တော် ကိုယ်လက်အင်္ဂါ ချို့တဲ့သူတစ်ယောက်အဖြစ် နေရတာထက် အသက်ကိုပဲ အသေခံလိုက်ပါတော့မယ်"

"မောင်တော်ရယ်. . အဖြစ်ဆိုးလှချေလား၊ အဟင့်. . ဟင့်၊ ဒါဆိုလဲ မောင်တော်ရယ် မောင်တော် အသက်ဆုံးရှုံးတာကိုတော့ ဒီအတိုင်း ကြည့်မနေနိုင်ဘူး၊ နောက်ဆုံး မျှော်လင့်ချက်အနေနဲ့ မုဆိုးအလာကို စောင့်ပြီး၊ တောင်းပန်ပြီး အသနားခံကြည့်ပါဦးမယ်"

"နှမတော်ရယ် မဖြစ်နိုင်ပါဘူး၊ အန္တရာယ် များလှပါတယ်၊ မုဆိုး မလာခင်သာ ဒီနေရာကနေ မြန်မြန်သာ ပြန်ပါတော့ နှမတော်ရယ်"

"ဒီတစ်ခါတော့ မောင်တော်ရဲ့ အမိန့်ကို နှမတော် နားမထောင်ပါရစေနဲ့၊ နှမတော် မောင်တော့်ကို ဒီအတိုင်းမထားခဲ့နိုင်ပါဘူး၊ ဟော ဟိုမှာ ပြောရင်း ဆိုရင် မုဆိုးလာနေပြီ"

❖

"တောက်, ဒီနေ့မှ သားကောင်တစ်ကောင်မှမရသေးပါလား၊နေတောင်ဝင်တော့မယ်၊ သင်းတို့ကပဲ ပုန်းနိုင်မလား၊ ငါကပဲ ရှာနိုင်မလား၊ ကြည့်ကြသေးတာပေါ့ကွာ၊ တစ်သက်လုံး မုဆိုးလုပ်လာတာ နာမည်တော့ အပျက်မခံနိုင်ဘူး၊ ဟိုနားက စမ်းချောင်းကို ညနေဘက်ဆို သမင်တွေ ရေသောက်ဆင်း



www.burmeseclassic.com

www.burmeseclassic.com

ဘတ်လို့ မနက်က ကျောင်းထောင်ထားတာ ကျောင်းမှာ သားကောင်မိမမိ သွားကြည့်မှပဲ၊ မိလို့ကတော့ကွာ"

❖

ဦးခေါင်းပြောင်ပြောင် မုတ်ဆိတ်ကျင်စွယ်ဗရပျစ်၊ မည်းညစ် ကြမ်းတမ်းသည့် အသားရောင်နှင့် မှေးကျဉ်းသည့်မျက်ဝန်းအစုံ၊ ဒူးလေးနှင့်မြားကို ပခုံးမှာလွယ်လျက် တစ်ဖက်မှလည်းအသွားထက်လှသည့် ဓားမရှည်ကိုကိုင်ကာ ခါးတောင်းကို မြှောင်နေအောင် ကျိုက်၍ လှမ်းလာသည့်မုဆိုး၏ အသွင်အပြင်က ရက်စက်ကြမ်းကြုတ်မည့်ဟန် အထင်းသား။

"ဟ. . ဟ သောက်ကျိုးနည်း ငါ့မျက်စိတွေကပဲ အမြင်မှားတာလား၊ ငါထောင်ထားတဲ့ ကျောင်းက တစ်ခုတည်းပါ၊ ဘယ့်နှယ် သမင်က နှစ်ကောင်မိနေတာလဲ၊ မှန်းစမ်း ငါ့အမြင်တွေ မမှားပါဘူး-သမင်နှစ်ကောင်မှ နှစ်ကောင်မိနေတာပဲ ပွတာပဲ၊ ခွီးထဲမှပဲ တစ်မနက်လုံး သားကောင်တစ်ကောင်မှ မမိဘဲနဲ့ မိမယ့်မိတော့လဲ ကျောင်းတစ်ခုတည်းမှာ နှစ်ကောင်မိရတယ်လို့ ငါ့ရဲ့ကံများ ကောင်းလိုက်ပုံကလဲ . . . ဟဲဟဲ"

မုဆိုးတစ်ယောက်တည်း ရေရွတ်ပြောဆိုရင်း မိမိရဲ့အဖြစ်ကိုသဘောကျလျက် သမင်နှစ်ကောင်ရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် လှမ်းလာရင်းလက်တစ်ကမ်းသို့ အရောက်တွင်တော့ မမျှော်လင့်သော အပြုအမူ တစ်ခုကြောင့် မုဆိုး၏ လှမ်းလက်စခြေလှမ်းတို့ ရပ်တန့်လို့ သွားရပေသည်။

အကြောင်းမူကား ကျောင်းရှိရာမှ သမင်တစ်ကောင်သည် ရုတ်တရက် ထလာပြီး မုဆိုး၏ရှေ့တွင် ဝပ်စင်းလိုက်သောကြောင့်ပင်ဖြစ်သည်။ မုဆိုးမှာ အံ့သြမှင်တက်စွာဖြင့် မိမိရှေ့ ဝပ်စင်းလာသော သမင်အား ငုံ့ကြည့်လိုက်သည်။

ယင်းအခိုက်မှာပင် ထိုသမင်က-

"အို အဆွေမုဆိုး သင်၏ ကျောင်းတွင်မိနေသော သမင်အား လွှတ်ပေးပါရန် သင့်အား ငါ တောင်းပန်ပေသည်၊ သို့အတွက် ထိုသမင်၏ ကိုယ်စား ငါ့ကိုသာလျှင် ဖမ်းယူပါလော့ အဆွေမုဆိုး"

မုဆိုးမှာ ထိုသမင်၏ စကားကြောင့် အံ့သြပြီးရင်း အံ့သြစွာဖြင့်. .

"အို့ သမင် သင်သည် ကျောင်းတွင်မိနေသော သမင်နှင့် မည်ကဲ့သို့တော်စပ်သောကြောင့် သင်၏အသက်အန္တရာယ်အတွက် စိုးရိမ်ပူပန်မှုမရှိဘဲ ဘယ်ကဲ့သို့သော အကြောင်းကြောင့် ကျောင်းတွင် မိနေသော သမင်၏ လွတ်လပ်မှုကို တောင်းဆိုသနည်း"

"အဆွေမုဆိုး မှန်ပေသည်၊ သတ္တဝါတို့မည်သည် ကြီးသည်၊ ငယ်သည်မရွေး မိမိတို့၏အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ကြပေသည်၊ ငါသည်လဲ ထိုနည်းတူစွာပင်ငါ၏အသက်အိုးအိမ်ကို ချစ်မြတ်နိုးပေသည်၊ သို့ပါသော်လဲ သင်၏ကျောင်းတွင့် မိနေသော သမင်ဖိုသည် ငါ၏ခင်ပွန်းလင်ဖြစ်သည့်အပြင် သမင်အပေါင်းတို့ အားထားရာ သမင်ပေါင်းရှစ်သောင်းတို့အား အုပ်ချုပ်သည့် သမင်မင်းပင် ဖြစ်ပေသည်၊ ထိုသမင်မင်းသည် သူ၏အားနှင့် သင်၏ကျောင်းအား ရုန်းဖြတ်နိုင်ပေသည်၊ သို့ပါသော်လဲ ကိုယ်အင်္ဂါ ချို့တဲ့သူအဖြစ်ဖြင့် သမင်အပေါင်းတို့အား အုပ်ချုပ်ရန်အတွက် မဖြစ်နိုင်သောကြောင့် ကိုယ်အင်္ဂါချို့တဲ့ပြီး ရှင်သန်ရခြင်းထက် သေခြင်းသည်ကပင် တော်ပါပေသည်၊ သို့ပါသော်လဲ သမင်အပေါင်းတို့သည် သမင်မင်းမရှိ၍မဖြစ်ပေ၊ သို့အတွက် သင်သည် ထိုသမင်မင်း၏ကိုယ်စား ငါ့အားသာ ဖမ်းယူပါလော့ အဆွေမုဆိုး"

မုဆိုးမှာ သမင်မ၏ ရှည်လျားသော စကားကြောင့် ရင်သပ်ရှုမောအံ့သြစွာဖြစ်ရလေသည်။

ထို့နောက် မုဆိုးသည် . . .

"အို သမင်မ လောကတွင် မကြုံစဖူး ထူးကဲလှတဲ့အဖြစ်ကို ငါ ကြုံတွေ့ရလေပြီ၊ သင်သည် တိရစ္ဆာန်ပင် ဖြစ်လင့်ကစား လင်သားအပေါ်နှင့် အမျိုးနွယ်အပေါ်တွင် သိတတ်မှု၊ နားလည်မှု၊ စောင့်ထိန်းမှုတို့သည် လူသားမိန်းမများတွင်ပင် တွေ့နိုင်ခဲလှပေသည်၊

ထို့အတွက် ငါသည် ငါ၏ အမှားများကို သိမြင်ရပြီး နောင်တ ရမိပေသည်၊ သည့်အတွက် ငါသည် အသင်သမင်မ၏ လင်သားအပေါ် ကျေးဇူးသိတတ်မှုတို့ကို ဂုဏ်တင်သောအားဖြင့် သင်နှင့် သင်၏လင်သား သမင်ဖိုအားလဲ ငါလွှတ်ပေးပါမည်၊ သင်တို့သည် ဤနေရာမှ လွတ်လပ်ချမ်းသာစွာ သွားကြလော့"

"ကျေးဇူး ကြီးမားလှပါပေတယ် အဆွေ မုဆိုး"

မုဆိုးသည် ပြောဆိုရင်း ကျောင်းတွင် မိနေသော သမင်မင်းအား ဖြည်းညင်းစွာလွှတ်ပေးပြီး ဆေးရွက်များခူးကာ ထုခြေပြီးလျှင် ခြေထောက်မှ ဒဏ်ရာများအား ယုယကြင်နာစွာ လိမ်းကျံပေးလေသည်။

ထိုအခါ သမင်မင်းသည်. . .

"ငါ့အား အချုပ်အနှောင် ကျောင်းမှဖြေလွှတ်ပြီး ငါ၏ အနာများအား ယုယစွာ ဆေးများ လိမ်းကျံပေးသည့် အသင်မုဆိုး၏ မေတ္တာ၊ စေတနာကို ဝသုန္ဓြေမဟာမြေကြီးနှင့်သိကြားမင်းတို့ သိစေ၊ ကြားစေ၊ မြင်စေသတည်း၊

အသင်မုဆိုး ထားအပ်သော မေတ္တာ၊ စေတနာ၊ ချမ်းသာတို့သည် ငါ အပါအဝင် သက်ရှိသတ္တဝါအပေါင်းတို့လဲ ရရှိကြပါစေသတည်း"

သမင်မင်း၏ တိုင်တည် မေတ္တာပို့သသံတို့သည် မုဆိုး၏ နှလုံးအိမ်ဆီသို့ တိုက်ရိုက်စီးဝင်လေသည်။

ထိုခဏမှာပင် သမင်မင်း၏ ခြေထောက်မှ အနာဒဏ်ရာတို့သည်လည်း သက်သာပျောက်ကင်းကာ နဂိုမူလ



www.burmeseclassic.com

www.burmeseclassic.com

အတိုင်းပင်ရှိလေသည်။ မေတ္တာအစွမ်းကား ကြီးမားလှပေသည်။ မုဆိုးမှာလည်း အံ့ဩဝမ်းသာ ဖြစ်ရလေသည်။

ထို့နောက် သမင်မင်းသည်တောအုပ်အတွင်းသို့ ပြေးဝင်သွားပြီးလျှင် ကောက်ရ၍ သိမ်းဆည်းထားသော ပတ္တမြား သုံးလုံးအား ပါးစပ်ဖြင့် ကိုက်ချီလာ၍ မုဆိုး၏လက်သို့ပေးပြီးလျှင်. .

"အဆွေမုဆိုး. . သင်သည် ဤပတ္တမြားတို့အားထုခွဲရောင်းချ၍အသက်မွေးဝမ်းကျောင်းမှုကို ပြုပါလော့၊ သင်သည် သားသတ်၍ မုဆိုး အလုပ်ဖြင့် အသက်မွေးခြင်းကို ရှောင်ကြဉ်ပါလော့ အဆွေမုဆိုး"

"ကောင်းပေပြီ သမင်မင်း၊ ငါသည် ယနေ့အချိန်အခါမှ စ၍ မုဆိုး အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းခြင်းကို အပြီးတိုင်စွန့်ပေပြီ၊ သူ့အသက်သတ်ခြင်းကိုလဲ ယနေ့မှစ၍ ရှောင်ကြဉ်ပါ၏၊ တရားသဖြင့်သာ အသက်ထက်ဆုံး နေထိုင်သွားပေတော့မည်"

"သာဓု. . . သာဓု . . . သာဓု"

ထို့နောက် သမင်မင်းသည် သူ့အသက်သတ်ခြင်း၏ အကျိုးအပြစ်များကို မုဆိုးအားဟောပြော၍ သမင်မနှင့်အတူတောအုပ်အတွင်းရှိသမင်အပေါင်းတို့ရှိရာသို့ ဝင်သွားလေတော့သည်။

မုဆိုးသည်လည်း ဒူးလေး၊ မြားနှင့် ဓားတို့ကို ဝေးရာသို့ ပစ်ပြီးလျှင် သမင်မောင်နှံတို့ ဝင်သွားရာ တောအုပ်အတွင်းဆီသို့ ရီဝေသော အကြည့်များနှင့် လှမ်းမျှော်ကြည့်ပြီးလျှင် ရွာတွင်းရှိ မိမိ၏မိသားစု ရှိရာသို့ ပေါ့ပါးသော ခြေလှမ်းတို့ကို လှမ်းလျက်. . .

သတ္တဝါအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေ။

❒ **သီရိနေနွယ်**

**ကျမ်းကိုး**

သုဝဏ္ဏဘူမိဇာတ်

(ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်)

## စာမူများ ပေးပို့နိုင်ပါသည်

စာမူ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။ ဘုရားစာ၊ ဂါထာများနှင့်ပတ်သက်၍ ပါဠိဘာသာကို တိကျသေချာစွာ ရေးသားပေးပို့စေလိုပါသည်။ မတိမကျရေးသားထားပါက ရွေးချယ်လိမ့်မည် မဟုတ်ပါကြောင်း။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်းပေးပို့ခြင်းမျိုး မပြုလုပ်ကြပါ ရန် မေတ္တာရပ်ခံပါသည်။

ရေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂမ္ဘီရဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

ဖုန်းဖြင့် တစ်သွယ်၊ စာဖြင့်တစ်နည်း ပေးပို့ထားသောစာမူများကို ပြန်လည်ရယူလိုသော စာမူရှင်များ သတိပြုစေအပ်ပါသည်။ အယ်ဒီတာအဖွဲ့အနေဖြင့် စာအုပ်အချိန်မီ ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်နေရသောကြောင့် နားလည်ပေးစေလိုပါသည်။


စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်းပိုမိုတိုးတက် အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်။


အဖြေအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။


**ဆက် သွယ် ရန်**
အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊ အခန်း (၁၀) ပထပ်၊
မဟာဗန္ဓုလလမ်း၊ (၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၀






www.burmeseclassic.com

www.burmeseclassic.com



# ဖိုးစိန်အေးနှင့် ကြက်အကောင် ၃၀

ဆန်းဝင်း(အောင်မြေ)

ငယ်စဉ်က လွန်စွာဉာဏ်ထုံထိုင်းသောကြောင့် လောကအလယ် မတင့်တယ်၊ ဘယ်လိုစာသင်လို့မှမရတဲ့ လူမျိုးတွေခဲ့ရဖူးပါသည်။ စာမတတ်သောကြောင့် ကုသိုလ်၊အကုသိုလ်၊အကောင်းအဆိုးမသိ။

လူစဉ်မမီ ဖြစ်ရသော လူတစ်ယောက်အကြောင်း စာနာစိတ်၊ သံဝေဂစိတ်၊ နောင်တစိတ် စသောကောင်းကျိုးရလဒ်များ တစ်ခုခု စာဖတ်သူအား ရသွားလျှင် ကျွန်ုပ် တင်ပြရကျိုးနပ်လှပေပြီ။ ထို့ကြောင့် ဗဟုသုတ ရသ တစ်ခုခုရစေရန် စာရေးသူ ငယ်စဉ်က အိမ်နီးနားအဖြစ် ကြုံခဲ့ တွေ့ခဲ့ရသော ကိုဖိုးစိန်အေးအကြောင်း တင်ပြပါတော့အံ့။

□

ကျွဲသောင်ရွာကြီးကား အိမ်ခြေတစ်ထောင်ကျော်မျှ စည်ကားလျက်ရှိပြီး ဝေနှမြစ်နှင့် လွန်စွာနီးကပ်သောကြောင့် မြေနုကျွန်းပေါ်တွင် ကိုင်းလုပ်ငန်း (ဆေး၊ ပြောင်း၊ မြေပဲနှင့် ပဲအမျိုးမျိုး)များ လွန်စွာကောင်းသောကာလ အိမ်ကြီးအိမ်ကောင်းများလည်း ပေါများလှသကဲ့သို့ သာသနာရေး၊ ဘာသာရေးလည်း လွန်စွာထွန်းကားလျက် ရဟန်းပညာရှိ၊ လူပညာရှိများလည်း ပေါ်ထွန်းခဲ့သော ရွာတစ်ရွာပင် ဖြစ်လေသည်။ ခုနစ်မိုင်ခန့်ဝေးသော လေးမျက်နှာမြို့သို့သာ ဈေးဝယ်သွားကြ၏။

စာရေးသူအိမ်တွင် ဇနီးဒေါ်မြင့်မြင့်အေးက မူလတန်းကြိုကလေးများ (ရွာတွင်း မိသားစုများတောင်းပန်ချက်အရ) စာသင်ပေးသည်။ ကလေး ၂၀ ကျော် ၃၀ခန့်ရှိသည်။ တစ်စုတည်းမဟုတ်၊ အချိန်ခွဲသင်သည်။ ထိုကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးကို စာရေးသူ တစေ့တစောင်းအကဲခတ်မိသောအခါ တချို့ကလေးများ ထုံထိုင်းအ,နသော်လည်း တချို့ကလေးများ ဉာဏ်ရည်သွက်လက်ခြင်းကို တွေ့ရှိရသဖြင့် အံ့ဩမိ၏။

စာရေးသူငယ်စဉ်က ကျွဲသောင်တောင်ကျောင်းတွင် စာသင်ရသည်။ ကကြီး၊ ခခွေးတန်းအား ရက်မကြာလှဘဲ ကကြီးရေက၊ တစ်လအတွင်း ကကြီးရေးကသတ် ကက် စသည်ဖြင့် ဉာဏ်သွက်သူများအား ခွဲထုတ်၍ နောက်ဆုံးသုံးယောက်အုပ်စု တစ်ဖွဲ့တွင် ပါဝင်သင်ကြားရသည်။

သူငယ်တန်းတွင် ဉာဏ်အလျင်ဆုံး သုံးယောက်အဖြစ် ဆရာတော်၏ အသိအမှတ်ပြု ခံခဲ့ရသည်။ နောက် နာမက္ကာရ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ပရိတ်ကြီးစသည်မှ တဖြည်းဖြည်း သဒ္ဒါကြီး၊ သဂြိုဟ်များ သင်ကြားရသည်။ ဉာဏ်ထုံသော အုပ်စုတွင် မပါဝင်ခဲ့ပါပေ။

အသက် ၉ နှစ်သားတွင် ဖခင်ကြီးက အစိုးရမူလတန်းကျောင်း (နတ္ထမင်းကုန်း သပြေပင်မူလတန်း) တွင် လေးတန်းအောင်၊ နောက် ခြောက်ရွာအလယ်တန်းတွင် ၇ တန်းအောင်သောအခါ ကံဇာတာက ဘုန်းကြီးကျောင်းပြန်လှည့်သွားပြန်တော့သဖြင့် ခနေဖြူပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းရောက် ငယ်၊ လတ်၊ ကြီး အောင်သည်အထိ ဘာသာရေးဘက်တွင်အားထုတ်ခွင့်ရခဲ့သဖြင့် မိဘဆရာသမားတို့အား လွန်စွာကျေးဇူးအနန္တ တင်ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရေကြောင်း၊ ကုန်းကြောင်းလည်း ဝေဝန်မြစ်အတိုင်းဖြစ်၍ အဆင်ပြေသည်။

ထိုကဲ့သို့ ဂီတပညာရှင်၊ စာပေပညာရှင်အများအပြားပေါ်ထွက်ခဲ့သောရွာတွင် စုန်းပြူး၍ လုံးဝစာသင်၍မရ။ နောက်ဆုံး ကျောင်းကိုပါ ကျောခိုင်းလျက် လယ်ယာအလုပ် ကူလီလုပ်ကိုင်စားသော အသက် ၄၅ နှစ်ခန့် ကိုဖိုးစိန်အေးဆိုသူကား ကျွဲသောင်ရွာမတွင် နေထိုင်ခဲ့ဖူးလေသည်။

တစ်နေ့ စာရေးသူဖခင်ကြီးက-

"ဟေ့. . . ဖိုးစိန်အေး ဘာလုပ်ဖို့ မင်းစိတ်ကူးလဲ"ဟု မေးမြန်းသောအခါ ကိုဖိုးစိန်အေးက. . .

"အာ, ဆရာထိပ်ရယ်. . . ကုန်ရောင်းကုန်ဝယ်လေး ဘာလေး လုပ်မလား၊ စိတ်ကူးတယ်ဗျာ"

"အင်, မင်းက အတွက်အချက် (သင်္ချာ)က မသိဘဲနဲ့ အရောင်းအဝယ်လုပ်လို့ ရှုံးမှာပေါ့ကွ ဖိုးစိန်အေးရ"

"ကျွန်တော်က ကူလီထမ်းဖို့ လူက ဗလခွန်အားမရှိတော့ ဖြစ်နိုင်တာစဉ်းစားရတာပေါ့ဗျာ"

"အေး ဟေး ဟေး. . . ဒါဆိုလဲ လုပ်လကွာ"

ဖခင်ကြီးက အိမ်ရောက်တော့ ပြန်ပြောပြသည်။

"အင်း . . . ဖိုးစိန်အေးတော့ အရောင်းအဝယ် လုပ်တော့မတဲ့ဟေ့၊ ဘယ်လိုများ ဖြစ်ဦးမလဲ မသိဘူးဟေ့"

ကိုဖိုးစိန်အေးကား အမိအဖများ စောစီးစွာဆုံးပါးသွားကြသဖြင့် ၎င်း၏ မြေခြံဝိုင်းတွင် တစ်ယောက်တည်းနေသည်။ အသားလတ်လတ်၊ ပိန်ပိန်ပါးပါး၊ ခပ်နွဲ့နွဲ့၊ အမြဲအပြုံးနှင့် စကားပြောတတ်သူ။ စာမတတ်သော်လည်း ထိုခေတ်က နာမည်ကြီးကျော်ကြားသော အောင်မောင်းကြီး၊ ရွှေကျီးညို၊ စိန်အောင်မင်းတို့၏ ဇာတ်ထုပ်များအားလုံးဝ အလွတ်ရသောသူ ဖြစ်လေသည်။

ကောက်ရိတ် အငှားလိုက်သောအခါ အပေါင်းပါတို့က. . .

"ဟ, ဖိုးစိန်အေး ပျင်းစရာကွာ၊ တိတ်ဆိတ်နေတာပဲ၊ ဇာတ်ထုပ်ကလေး ဘာလေး ခင်းပါဟ"

"ဩော်. . . မင်းတို့ပါ ပါမှဖြစ်မှာပေါ့ဟ"

"လုပ်စမ်းပါ . . . ပါရစေမယ်၊ စ . . . ဘာဇာတ်ထုပ် စမလဲ. . . လုပ်"

"ကဲ စိန်အောင်မင်းရဲ့ ငမိုးရိပ် ဇာတ်ထုပ်စမယ်ဟေ့"

"ချ. . . လုပ်ထား"

တစ်ယောက်က ဆိုင်းသံပေးသည်နှင့် ကိုဖိုးစိန်အေး ဇာတ်ဝင်ခန်းစ,လေတော့၏။

"ကိုတောင်ကြီးရေ ကိုတောင်ကြီးရဲ့"

"ဝေး. . . မောင်မိုး"

"ဟမလေး. . . ကျွန်တော်တို့ ပေါက်ကျိုင်းရန်ကြောက်လို့ ပြေးလာကြတာ၊ ဘယ်နေရာ အယ်ဒေသရောက်လာသလဲဗျာ"

"အင်, ဒါ မဲဇလီရေကျော်ဆိုတဲ့ အရပ်ပဲကွဲ့"

"အမယ်လေး မဲဇလီရေကျော်လားဗျာ"

"ဟုတ်တယ်ဟေ့ မောင်မိုးရ"

"မယ်ဇလီရေကျော်မှာလေ ×× ကုန်းပေါလို့ရေနည်း ဟဲ ဟဲ့ အယ် ×× ကုန်းပေါလို့ရေနည်း ဟဲ ဟဲ × × အယ်"

"ကိုင်း. . . ဒီအတိုင်း နေလို့တော့ မဖြစ်ပေဘူး ကိုတောင်ကြီးရေ၊ လူတွေတွေ့ရင် ကျွန်တော်တို့ ရိုက်ပုတ်ကြလိမ့်မယ်၊ ဒီတော့ ဗိုက်ထဲကကျောက်သံပတ္တမြားတွေထုတ်၊ စိန်ကုန်သည် ကျောက်ကုန်သည်ယောင် ဆောင်ကြရင် မကောင်းဘူးလားဗျာ"

"အေး. . . ကောင်းတာပေါ့ မောင်မိုးရာ"

"ကိုင်း. . . ဒါဖြင့် လူယောင်ဆောင်ကြစို့ (မိချောင်းဆိုတာ ရုပ်မလှပေမယ့်လို့) မနုဿလိုတစ်မျိုးပြောင်းရအောင် ပုဆိုးခေါင်းပေါင်းအတူဆောင်းလို့ ကိုတောင်ကြီးရေ"

"ဗျာ, မောင်မိုး"

"လာ. . လူယောင်ဆောင်ရင်း ဆိုင်းကြစို့"

❏

ခေတ်ပြားထဲမှ ဇာတ်သွားစာပြောအတိုင်း လုံးဝအမှားအယွင်းမရှိ ကွက်တိ။ အံ့စရာကိုဖိုးစိန်အေး၊ ဒီနေရာ မှတ်ဉာဏ်က လာကောင်းနေသည်။ ထိုနည်းတူ ပေါင်တိုပဒုမမင်းသားဇာတ်၊ မယ်ကုဝဏ်၊ အောင်မောင်းကြီး၊ ရွှေကျီးညို၊ သဒ္ဒါသုမန အားလုံး ဆိုင်းဆင့်ပါမမှား ပြက်လုံးများပါပါလေသည်။ ကိုဖိုးစိန်အေးနှင့် ကောက်ရိတ်ရသည်မှာ လွန်စွာပျော်ကြသည်။

(ယခုခေတ် ဆို၊ က၊ ရေးတီးတွင် ကွက်စိပ်ဝင်ပြိုင်သူများ ကိုဖိုးစိန်အေး အဆိုအငိုများကို မမီလောက်ပေဟု ဆိုချင်သည်)

သို့သော် ဇာတ်စာ ဇာတ်သီချင်းတို့အား ကျွမ်းသမျှ ဈေးရောင်းတွင်တော့ ကိုဖိုးစိန်အေး ချာလေတော့၏။ ငရုတ်အခင်းထဲမှ ငရုတ်သီးစိမ်းများ ၁၀ ရာခိုင်နှုန်းဈေးဖြင့် ဖောက်သည်ယူ၍ ခြင်းတောင်းနှစ်ခု ဆိုင်းထမ်းဖြင့် ဘယ်ညာထမ်းလျက် ရွာစဉ်လှည့်ရောင်းလေသည်။

အိမ်ရှေ့က ဖြတ်သွားသော တစ်နေ့ စာရေးသူဖခင်ကြီးက. . .

"ဟေ့. . . ဖိုးစိန်အေး လာဦးဟ"

"ဟုတ်ကဲ့ အစ်ကိုဖိုးထိပ်. . . ငရုတ်သီးစိမ်းယူမလို့လား စပ်တယ်ဗျ"

"အေး ငါးကျပ်သားလောက်ပေးခဲ့ကွာ၊ မင်း ဘယ်ဈေးရောင်းလဲ"

"အင်း. . . ကိုယ့်ရွာထဲ ဆိုတော့ တစ်ဆယ်သား ဆယ်ပြားပါပဲ၊ ယူပါယူပါ"

"မင်း ဘယ်ဈေးယူရလဲ. . . ဖောက်သည်က"

"တစ်ဆယ်ဈေးပါ"

"ဟင်, နင့်မေလွှားတဲ့မှ၊ တစ်ဆယ်ဈေးနဲ့ ဖောက်သည်ယူ တစ်ဆယ်ဈေးနဲ့ ပြန်ရောင်း၊ ဘာမြတ်မှာလဲဟ"





www.burmeseclassic.com

www.burmeseclassic.com

"အို, အမြတ်ရယ်မဟုတ်ပါဘူး ဘူး၊ အများသူငါ အဆင်ပြေပြေ စပ်စပ်ဘလေးစားရရင် ကျေနပ်ပါပြီ"

"တောက်, ဖိုးစိန်အေး... မင်းဗီးပွားဖြစ်မှာပါ၊ စေတနာတယ်ကောင်းတိုးကွ... ဟား ဟား ဟား"

ဒါတင် မကသေး။ ဈေးဝယ်လည်းမကျွမ်းပေ။ တစ်နေ့ လေးမျက်နှာမြို့၊ ခတ္တာရုပ်အိုးတန်းတွင် ငါးပိချက်အိုးအတွက် အိုးတစ်လုံးအား ဈေးမေးလေသည်။

"တူမကြီး... ဒီအိုးလေး ဘယ်လောက်လဲကွဲ့"

"နှစ်ကျပ်မတ်တင်းပါ ဦးလေး၊ ဦးလေးယူရင်တော့ တစ်ကျပ်ခွဲပဲပေးပါ"

ထိုတစ်ကျပ်ခွဲဆိုသည်ကိုလည်းကောင်း၊ နှစ်ကျပ်မတ်တင်းဆိုသည်ကိုလည်းကောင်း ကိုဖိုးစိန်အေး မကွဲပြားနားမလည်လှပေ။

"မလျှော့တော့ဘူးလားကွယ်"

"လျှော့ပေးထားတယ်လေ ဦးလေးရဲ့"

"ဒီလိုလုပ်ပါလားကွယ်၊ နှစ်ကျပ်မတ်တင်းကြီးလဲ မထားနဲ့၊ တိ ထားပါလားကွယ်"

"ဩော်, တစ်မတ်လျှော့ပေးထားတယ်လေ၊ ဦးလေး တိကြီးက ဘာတုံး... ခိ ခိ"

ဈေးသည်ခမျာ ကိုဖိုးစိန်အေးအား အမြှုပ်ထွက်အောင် မတ်စေ့များလက်ဝါးထဲထည့်ရှင်းပြတော့မှ ခေါင်းညိတ်ပြီး ဝယ်လေသည်။ နားလည်သွားသည်ဟုကား မထင်လိုက်လေနှင့်။

နောက် ဘုရားရှိခိုးသောအခါ အသံက ကျယ်ကျယ်၊ ခုနစ်အိမ်ကြားရှစ်အိမ်ကြားဆိုသည်မှာ ကိုဖိုးစိန်အေးအသံပင်ဖြစ်သည်။

ဘုရားတွေ, နတ်တွေ သိကြားမင်း၊ ၃၇ မင်းနတ် အရှေ့ခုနစ် အိမ် အနောက်ခုနစ်အိမ် မေတ္တာပို့သည်။ တစ်ရွာလုံးမပို့၊ ကြေးစည်အား အမြဲတမ်း ဆယ့်တစ်ချက်ထုသည်။

ကိုဖိုးစိန်အေး၌ လွန်စွာထူးဆန်းသောအကျင့်တစ်ခုလည်း ရှိသေးသည်။ ကျွဲသောင်ရွာတွင် နတ်တော်လ၊ ပြာသိုလတို့တွင် ရွာလုံးကျွတ် မဟာဒုက် စာရေးတံမဲဖြင့် အိမ်တိုင်း သံဃာများပင့်လျက် ဆွမ်းဒါတဗ္ဗဝတ္ထု လှူကြသည်။ အိမ်တိုင်း အကျွေးအမွေးရှိ၏။ မကျွေးနိုင်သော အိမ်လည်းရှိ၏။

တစ်ရွာလုံး ဘုန်းကြီးဆွမ်းစားချိန် ၉ နာရီမှ ၁၁ နာရီကြား တစ်အိမ်တက်ဆင်းလိုက်စားကြလေသည်။ ကိုဖိုးစိန်အေးလည်း ပါသည်။

"ဟ, ဖိုးစိန်အေး... ဟိုဘက်ကမ်းနားတန်းက အိမ်က အုန်းထမင်းနဲ့ကြက်သားတဲ့ဟ"

ကိုဖိုးစိန်အေး သွားစားပြီး ပြန်လာလျှင် လမ်းတွင် နောက်တစ်ယောက်က...

"ဟ, ကိုဖိုးစိန်အေး ကွက်သစ်က နို့ထမင်းတဲ့ဟ"

ကိုဖိုးစိန်အေးကား တွေ့သမျှလူ ခေါ်တိုင်း လိုက်စားလေသည်။ ဗိုက်ကဆံ့သေးရဲ့လားဟု ထင်ကောင်းထင်ပေးမည်။ ထိုသို့ ခေါ်ပါက...

"ဟေ, ဟုတ်လား ... ခဏလေး ခဏလေးနော်" ဟု ဆိုလျက် စောစောက စားခဲ့သောထမင်းဟင်းတို့အား လမ်းဘေးတစ်နေရာထိုင်၍ လက်ညှိုးဖြင့် အာခေါင်သို့ထိုးလျက် အန်ပစ်လိုက်လေတော့သည်။ အကုန်စားထားသမျှ အန်လိုက်သဖြင့် နောက်အိမ်တွင် မစားရသေးသူကဲ့သို့ စားပြန်လေသည်။ ငါးအိမ်၊ ခြောက်အိမ်ခန့် စားသည်။ အံ့ဖွယ် ကိုဖိုးစိန်အေးသာတည်း။ တစ်အိမ်စားခါနီး တစ်ခါအန်၍အန်၍ပစ်ခဲ့သည်ချည်းပင်။ ကိုဖိုးစိန်အေးအတွက် ယနေ့တိုင် ပြောစမှတ်ကြီးတစ်ခုအဖြစ် ကျန်ရစ်သော အကြောင်းအရာတစ်ခုလည်း ရှိသေးသည်။

ကိုဖိုးစိန်အေး ခြံနှင့် ဝင်းနှင့်ဖြစ်သဖြင့် ကြက်အကောင် ၃၀ ခန့် မွေးထားလေသည်။ နံနက် မိုးလင်းတိုင်း အိမ်ရှေ့ကွက်လပ်တွင် ဆန်ကွဲပက်၍ကျွေးသည်။ ကြက်ကောင်ရေ မည်မျှဟူ၍ သချ်ာနည်းဖြင့် မသိ။ စမွေးကတည်းက နှစ်ကောင် နှစ်ကောင် မွေးလာခဲ့ရာမှ အကောင် ၃၀ ဖြစ်လာခဲ့သည်။ ထိုအကောင် ၃၀ အား နှစ်ကောင်တစ်ပြုံးဖြင့် အပြုံးလိုက် အပြုံးလိုက်ရေ၏။ အားလုံး ကြက်စုံသွားလျှင် အပြုံးနှင့် (အစုံအစုံနှင့်) အဆုံးသတ်ရမည်။ ထိုအခါ ကြက်များ အပျောက်အရှုမရှိဟု ကိုဖိုးစိန်အေး သတ်မှတ်လေသည်။ မှတ်သားပုံကား ဤသို့တည်း။

တစ်နေ့၌ ကိုဖိုးစိန်အေး၏ ကြက်ဖတစ်ကောင်အား စာရေးသူတို့ခြေရင်းအိမ်မှ ကိုငါးမြွေထိုး၏ခွေးကိုက်ခံရ၍ မသေမရှင်ဖြစ်နေရာ ကိုငါးမြွေထိုးက အပြီးတိုင်သတ်ပြီးချက်စားလိုက်လေတော့၏။ နောက်နေ့မှ ကြက်ဖိုးလျော်တော့မည်ဟု ပြောနေသံကြားရ၏။ ကိုဖိုးစိန်အေး မသိလိုက်ပေ။

နောက်နေ့နံနက် ကိုဖိုးစိန်အေး ကြက်များကို အစာကျွေး၍ လက်ညှိုးနှင့် လက်မ အစုံအစုံ ကြက်များကို ပြုလုပ်ကြည့်သောအခါ အကြိမ်များစွာ ပြုလုပ်သော်လည်း ဘက်ပဲ့နေပြီး အစုံမဖြစ်၊ တစ်ကောင်တည်း ကျန်နေ၏။ ထိုသို့ ဘက်ပဲ့နေသောအခါ သူခိုးလက်ပါပြီဟု ကိုဖိုးစိန်အေး တွက်ဆ၍ အော်ဟစ်လျက် အောက်ပါအတိုင်း ခပ်ကြမ်းကြမ်းဆဲလေတော့၏။

"ဟေ, ဘယ်ခွေးသားက ငါ့ကြက်ခိုးစားကြသလဲ၊ သူများလိုစားချင်သူများလိုမွေးကြကွ၊ ခိုးထားရင် ပြန်ပို့ကြ... ခွေးသူခိုးတွေ"ဟူ၍ ကိုဖိုးစိန်အေး မိုးမွှန်အောင်ဆဲလေတော့သည်။

တစ်နေ့လုံးလည်း မည်သူနှင့်မျှ စကားမပြော တဖျစ်တောက်တောက်နှင့် ပွစိပွစိနှင့်ပြောလျက် မကျေမနပ်ဖြစ်၍နေလေတော့၏။

ဆဲသံကြား၍ ကိုငါးမြွေထိုး သိသွားသောအခါ လျော်ပေးမည်ကြံထားသောစိတ်သည် ဒေါသထွက်၍ ပျောက်



www.burmeseclassic.com

www.burmeseclassic.com

သွားပြီးလျှင် စိတ်ရှိင်းဝင်လျက် နောက်ကြက်ဖတစ်ကောင်အား ကိုဖိုးစိန်အေးအလစ်တွင် လေးခွဖြင့်ပစ်၍ ချက်စားလိုက်ပြန်လေတော့သည်။ ဤသို့နှင့်ကြက်အကောင် ၃၀ သည် ကိုငါးမွေ့ထိုးကြောင့် နှစ်ကောင် ကုန်သွားလေတော့သည်။

နောက်တစ်နေ့နံနက် မိုးလင်းသောအခါ ထုံးစံအတိုင်း ကိုဖိုးစိန်အေးသည် ဆန်ကွဲများပက်၍ ကြက်များကိုအစာကျွေးရင်း သူ၏ရေတွက်နည်းဖြစ်သော အစုံအစုံပြုလုပ်၍ (ဘယ်နှစုံမှန်းတော့ မသိပေ) ရေတွက်လေသောအခါ အကောင် ၃၀ မှ ၂၈ ကောင် ဖြစ်သွားသောကြောင့် ဘယ်သို့ပင်ရေရေ အစုံအစုံ အပြူးလိုက်သာလျှင် ဖြစ်သွားပြန်လေသည်။

ကိုဖိုးစိန်အေး သူ့ကြက်များအား ရေရင်း ရေရင်းနှင့် တဖြည်းဖြည်းမျက်နှာပြုံးယောင်သန်းလာလေသည်။ နောက်ဆုံးအခေါက် အပြီးသတ် ရေတွက်ပြီးချိန်တွင်တော့ အောက်ပါအတိုင်း တစ်ယောက်တည်းပြောလိုက်လေတော့သည်။

“တောက်. . . ခွေးမသား ကြက်သူခိုးတွေ၊ ငါ မနေ့က ဆဲတာနဲ့ ပြန်ဖို့ကြတာဖြစ်မယ်၊ ဘယ်ရမလဲ ဖိုးစိန်အေးလာစမ်းလို့ကွာ”

ထိုသို့ကြုံးဝါးသည်ကို ကိုငါးမွေ့ထိုးကြားပြန်လေသောအခါ တစ်ချက်မဲ့ပြုံးပြုံးလျက် ကိုဖိုးစိန်အေး၏ကြက်များအား ခုနစ်ရက်ကြာလျှင် ကြက်နှစ်ကောင်၊ ခုနစ်ကြာလျှင် ကြက်နှစ်ကောင်နှုန်းဖြင့် ဖမ်း၍ချက်စားလေတော့၏။

မကြာမီသော တစ်လအတွင်း၌ ကိုဖိုးစိန်အေး ကြက်အကောင် ၂၀ သာ ကျန်လေတော့သည်။ ကိုဖိုးစိန်အေး စိတ်ထဲ ခိုးလိုးခုလုတော့ဖြစ်နေလေပြီ။ ကြက် ၁၀ ကောင်တိတိပျောက်သွားပြီဖြစ်သောကြောင့် ကိုဖိုးစိန်အေး ကြက်များကို အစုံအစုံပြုလုပ်ရေတွက်ရသည်မှာ ယခင်ကလို လေးလေးပင်ပင်မရှိ ပေါ့ရှုတ်ရှုတ်ဖြစ်နေသည်ဟု ခံစားနေရသောကြောင့် တစ်နေ့ စာရေးသူအား မနက်ကြက်များအစာကျွေးချိန် လှမ်းခေါ်သည်။

“ဒင်္ဂါးရေ ခဏလာပါဦးဟ”

“ဦးဖိုးစိန်အေး ဘာဖြစ်လို့လဲ၊ ဘာလုပ်ပေးရမလဲဗျ”

“ဟေ့ကောင်. . . ငါ့ကြက်တွေ ရေကြည့်စမ်းပါကွာ၊ နည်းနည်း နည်းသွားသလားလို့ဟ”

စာရေးသူ ခပ်သွက်သွက်ရေတွက်ကြည့်ရာ အကောင် ၂၀ ရှိလေသည်။ ထို့ကြောင့် ဦးဖိုးစိန်အေးကား အသေအချာ မသိသော်လည်း လျော့သွားမှန်း သိသွားခြင်းသာ ဖြစ်သည်။

ဦးဖိုးစိန်အေးအား လောက်စာလုံး ၁၀ လုံးကို ၎င်းအားပေးလျက် တစ်စုံတစ်စုံ ရေပြီးတိုင်း တစ်လုံး ခွက်ထဲထည့်၊ လောက်စာလုံးလည်း ကုန်၊ ကြက်အကောင် ၂၀ လည်းပြည့်ဟု ကျွန်ုပ်က ဉာဏ်ကြီးရှင်လုပ်ပေးခဲ့သည်။

ကြက်စာကျွေးတိုင်း လောက်စာလုံး (၁၀လုံး)နှင့်ရေတွက်လေတော့၏။ လအတန်ကြာ ချောနေသော်လည်း ထိုလောက်စာလုံးခွက်မှယူ၍ ခွေးပစ်သောကြောင့် လောက်စာလုံးနှင့် ကြက်မကိုက်တော့သဖြင့် ခေါ်ပြန်သည်။ ရှင်းရပြန်သည်။ နောက်ဆုံးလောက်စာလုံး ၁၀ လုံးအား ထုံးသုတ်၍ ယူမသုံးရန် ပြောတော့မှ အရှင်းရ သက်သာသွားလေတော့သည်။

ဤကား ကျွန်ုပ်တွေ့ကြုံခဲ့ရသော စာမတတ်သူတစ်ဦး၏အဖြစ်အား တင်ပြရခြင်း ဖြစ်ပါတော့သတည်း။

❒ ဆန်းဝင်း(မအောင်မြေ)

---

တစ်မျှော်တစ်ခေါ် ရှုမျှော်၍ မဆုံးနိုင်သည့် စိမ်းစိမ်းစိုစို ညို့ညို့မှိုင်းမှိုင်းနှင့် တောအထပ်ထပ် တောင်အသွယ်သွယ်တို့သည် ဂေါ်လူလ၏ နှလုံးသားကို အဓိပ္ပာယ်မဲ့သလိုဖြစ်စေစေသည်။ ယခင်ကဆိုလျှင် ဒီတောင်ပြာတန်းကြီးနှင့် ချယ်ရီပန်း၊ သဇင်ပန်းတို့၏ ရနံ့သင်းပျံ့ပျံ့လေးကို ရှူရှိုက်ပြီး နဂါးကြီးတစ်ကောင်မြှူးထနေသလို သွယ်လျလျ လေးဝေနေကြသော တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်းတွေကိုကြည့်ပြီး သူပျော်မြူးနှစ်ခြိုက်ခဲ့ရသည်။ အေး၍ခဲနေသော နှင်းစက်နှင်းပွင့်တို့ မျက်နှာကို လာရောက်နှုတ်ဆက်လေတိုင်း ဂေါ်လူလ ကြည်နူးခဲ့သည်။

ထာဝရစိမ်းလန်း၍ အမြဲ ငွေနှင်းများစွတ်စိုရွှန်းမြနေတတ်သည့် ဒီတောဒီတောင်က သူနှင့် သူ့မိသားစုအတွက် အိုအေစစ်ကလေးတစ်ခု ဖြစ်ခဲ့၏။

မိုးသို့တိုင် မျှော်၍ ဖြောင့်မတ်သော ပင်စည်တို့နှင့်သဘာဝအလျောက်ပေါက်နေကြသည့် ထင်းရှူးပင်များ၊ ချယ်ရီပင်များ၊ ကတ္တီပါရောင် တောက်ပလျက်ရှိသည့် တောင်စွယ်တောင်တန်းများ၊ ရေတံခွန်များ၊ ငါးမြွေလိမ် ငါးရှဉ့်လိမ် တွန့်လိမ် ကောက်ကွေး၍ ရေစီးသံလွင်လွင်လေးများနှင့် မြေဖြူရောင်တောင်ကျချောင်း လေးများ၊ ကျေးငှက်သာရကာများ အစ ရှိသည်တို့သည် ဂေါ်လူလအတွက် နှလုံးသားမှဖျက်မရနိုင်လောက်အောင် အမြဲလှပနေသော သဘာဝ ပန်းချီကားကြီးတစ်ချပ် ဖြစ်သည်။

ဒီနေရာက ဂေါ်လူလ၏ ဘူမိနက်သန်။ ဂေါ်လူလ လူ့လောက မရောက်မီကပင် ဒီနေရာ၌ ဂေါ်လူလ၏ အဘိုးအဘွားအမိအဖများနေထိုင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

# နေဝန်းနီ

## မေတ္တာပန်းဝါ ပွင့်လန်းကြပါစေ



တောင်ခိုးတွေ ဝေနေသော တောင်စောင်းများပြန့်ပြောသော ပယ်များ၌ သေးသွယ်၍ဖြူဖွေးပြီး ကော့တော့လေးရှိတတ်သည်။ ကချင်စပါးနှင့် ဘူး ဖရုံ ပြောင်း၊ သခွား၊ မုန်ညင်း၊ ငရုတ်များစိုက်ကြသည်။ တောင်တိုင်းတောတိုင်းသည် သူတို့၏အိုအေစစ်များဖြစ်ခဲ့၏။ ဂေါ်လူလ၌ အဖေ၊ အမေအပြင် အစ်ကိုကြီးတစ်ယောက်၊ အစ်ကိုလတ်တစ်ယောက်နှင့် ညီမလေးတစ်ယောက်ရှိသည်။

သူတို့အားလုံးသည် ခရစ်ယာန်သာသနာပြုကျောင်းမှာ ကျောင်းနေခဲ့ကြရသည်။ အဖေကိုယ်တိုင် သိက္ခာတော်ရဆရာတော်ကြီး ယုဒစင်ထံ အပ်ပေးသည်။ အစ်ကိုလဗျဂန်က ဘွဲ့ရတော့ တပ်မတော်(ကချင် သေနတ်ကိုင်ကပ်)ထဲဝင်ပြီး တိုင်းပြည်တာဝန်တွေကို ထမ်းသည်။ ညီမလေးနိုဖန်းက ရွာမှာ ဆင်းရဲနွမ်းပါးသူ၏ ကလေးများကို ဆရာမ ပြန်လုပ်ပြီး စာသင်ပေးသည်။ သူနှင့် အစ်ကိုလတ်ကတော့ မိဘများ၏ တောင်ယာလုပ်ငန်းများကို ကူညီလုပ်ကိုင်ပေးရင်း အေးအေးဆေးဆေးပင် နေခဲ့ကြသည်။

အဖေက အချိန်ရတိုင်း သူ့သားတွေ၊ သမီးတွေကို သူငယ်ငယ်ကမြန်မာ့တပ်မတော်ကြီးထဲဝင်ပြီး တိုင်းပြည်တွင်း ကျူးကျော် ဝင်ရောက်လာကြသော ကူမင်တန် တရုတ်ဖြူများအား စွန့်စွန့်စားစား တိုက်ထုတ်ခဲ့ပုံများကို ပုံပြင်တစ်ပုဒ်လို ပြန်လည်ပြောပြတတ်သည်။

တရုတ်ဖြူတွေ ရွာတွေထဲဝင်လိုချင်စရာရှိအတင်းယူ၊ ပစ္စည်းတွေလု၊ မိန်းကလေးတွေ မုဒိမ်းကျင့်၊ မယားအဖြစ်သိမ်းပိုက် သူတို့အလိုမကျလျှင် ပစ်သတ်နှင့် ရက်ရက်စက်စက်ပြုလုပ်ကြပုံများ၊ တရုတ်ဖြူတွေလာပြီဆိုလျှင် ပြေးကြရ လွှားကြရ ပုန်းကြရ ရှောင်ကြရပုံများ ကြားရတော့ ဂေါ်လူလတို့ ဇာတိသွေး ကြွကြရသည်။

ရွာထဲက အမျိုးသမီးငယ်လေး သုံးယောက် တရုတ်ဖြူကျူးကျော်ရေးသမားတွေရဲ့ အနိုင်ကျင့်တာ ခံလိုက်ရတော့ အဖေ မခံမရပ်နိုင်ဖြစ်ပြီး မိရာ တရုတ်ဖြူကိုသတ်၊ မြန်မာ့တပ်မတော်ထဲဝင်ကြောင်းပြောတော့ ဂေါ်လူလတို့က . . .

“အဲဒီအချိန်က တို့ဆိုလဲ အဖေနဲ့အတူတူ တပ်ထဲလိုက်မိမှာပဲ”ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် အဖေက အေးသည်။ နိုးသည်။ တိုင်းပြည်တာဝန်တွေထမ်းပြီးတော့ တရုတ်ဖြူတွေလည်းမရှိ၊ တိုင်းပြည်လည်း ငြိမ်းချမ်းပြီဖြစ်သည့်အတွက် တပ်ကထွက် ရွာပြန်လာသည်။ မိဘလက်ငုတ် တောင်ယာလုပ်ငန်းကို ဆက်လုပ်လေသည်။ တောင်ယာလုပ်၍ပင် မိသားစုဘဝကို ထူထောင်ခဲ့သည်။

"စစ်ဆိုတာ မကောင်းဘူးကွ၊ စစ်ဖြစ်လာရင် ဆိုင်သူတွေရော မဆိုင်သူတွေရော ထိခိုက်ပျက်စီးကြ သေကျေကြတယ်၊ အိုးတွေအိမ်တွေ မြို့တွေရွာတွေ ပျက်စီးကြတယ်၊ ဖျက်ဆီးခံရတယ်၊ တပ်မွတ်ခေါင်းပါးတဲ့ဘေးတွေ ဆိုက်တယ်၊ ပြေးရလွှားရနဲ့ ဒုက္ခတွေရောက်ကြတယ်၊ မလိုလားအပ်တဲ့ ရောဂါဝေဒနာတွေဖြစ်ပြီး သေကြတယ်"

အဖေသည် ဂေါ်လူလတို့အား စစ်၏အနိဋ္ဌာရုံများကို ခဏခဏပြောသည်။ ငြိမ်းချမ်းခြင်း အညီအညွတ်ဖြစ်ခြင်းသည် နှလုံးစိတ်ဝမ်းကို အေးချမ်းစေသည်ဟုလည်း ဆုံးမသည်။ ဒီတော့ ဂေါ်လူလလည်း အဖေ အပါအဝင် မိသားစုများနှင့်အတူ မြင့်မားသီခေါင်သော ကချင်တောင်တန်းကြီးတွေပေါ်၌ အေးချမ်းနေခဲ့သည်၊ ပျော်ခဲ့သည်။

တောင်စောင်းတွေမှာ ပေါက်ပြားပေါက် တောင်ယာစိုက်ရတာ၊ တောထဲမှာ ဟင်းချိုဟင်းရွက်ခူးရတာ၊ ဝါးဆစ်ဘူးတွေကျောမှာပိုးပြီး စမ်းချောင်းထဲဆင်း ရေခပ်ရတာ သူပျော်ပိုက်ခဲ့သည်။ နောက်ပြီး သူတို့ ကချင်တောင်တန်းကြီးတွေပေါ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော မနောပွဲကိုလည်း သူသဘောကျသည်။ အဲဒီမနောပွဲမှာပင် ဂေါ်လူလနှင့် တစ်ရွာတည်းသူ မအဲဂျာနူးတို့ ချစ်သူတွေ ဖြစ်ခဲ့ကြသည်။

အဲဂျာနူး နှင့် ဂေါ်လူလက အပေးအယူမျှပြီး တစ်ယောက်သဘော တစ်ယောက်သိသူတွေ၊ နားလည်မှုရှိကြသူတွေဖြစ်သည်။ နှစ်ဖက်မိဘတွေကလည်း ဒီတစ်နှစ် ကောက်သစ်ပေါ်ပါက သင်းအုပ်ဆရာကြီးထံမှာ အသိပြု လက်ထပ်ပေးမည်ပြောသည်။ အေးချမ်းသော တောင်တန်းပေါ်မှာ သူတို့ဘဝတွေကလည်း ချမ်းမြနေ၏။

"ငါတော့ ကောက်သစ်တွေ မြန်မြန်ပေါ်ပါစေလို့ ဆုတောင်းတယ် အဲဂျာနူး"

ဂေါ်လူလက ပြောသည်။

အဲဂျာနူးက ဂေါ်လူလ ဘာရည်ရွယ်ချက်နှင့်ပြောမှန်းသိပေမယ့် မသိချင်ယောင်ဆောင်ပြီး မချိုမချဉ်ပြုံးရင်း. . .

"ဘာဖြစ်လို့ ကောက်ဆန်မရှိတော့တာလား"ဟု မပွင့်တပွင့်ပြန်မေးသည်။

ဒီတော့ ဂေါ်လူလက ရှက်ကိုးရှက်ကန်းနှင့်ပြုံး၍ အဲဂျာနူးကို မျက်လွှာပင့်ကြည့်ရင်း. . .

"မဟုတ် အဲဂျာနူး ကောက်သစ်ပေါ်ပြီးရင် တို့တစ်တွေ အနေနီးကြမယ်လေ"ဟု ခပ်တိုးတိုးလေးပြောလိုက်၏။

"အနေနီးချင်ပြီလား"

"ဟုတ်ပါ့"

"ငါလဲ နင့်လိုပ ဂေါ်လူလ"

ဂေါ်လူလ အလွန် ပျော်သွားသည်။ အဲဂျာနူးလည်း ငါ့လိုပါပဲလားဟု တွေးပြီးဝမ်းသာနေသည်။ ဟင်းရွက်ခူးရာကပြန်လို့ အိမ်ရောက်ရင် အဖေနှင့် အမေကို အဲဂျာနူးနှင့် အမြန်ဆုံး လက်ထပ်ပေးဖို့ ပြောမည်ဟု စိတ်ကူးလာခဲ့သည်။ သူအိမ်ပြန်ရောက်တော့ အဖေ မျက်နှာမကောင်းတာ တွေ့ရသဖြင့် မပြောဖြစ်တော့။ အဖေ့ရှေ့မှာတော့ အစ်ကိုလတ်ထိုင်နေသည်။ အစတော့ သူတို့ဘာတွေပြောနေကြမှန်း ဂေါ်လူလ မသိ။ ဒါပေမဲ့ မကြာခင်မှာပဲ အဖေ့ထံက လေးလေးနက်နက်ထွက်လာသော စကားသံကို ဂေါ်လူလ ကြားလိုက်ရသည်။

"မင်းစဉ်းစားပါ ဇော်ဆိုင်း၊ ဘယ်တော့မှ သူများပါးစပ်မှာ လမ်းဆုံးခံရတဲ့ လူ့နောက်ဘိတ်ခွေး မဖြစ်ပါစေနဲ့"

အစတော့ အဖေ ဘာကြောင့် အစ်ကိုလတ်ကို ဒီစကားပြောမှန်းမသိ။ အစ်ကိုလတ်ကတော့ ဘာစကားမျှ ပြန်မပြော။ နေရာမှထသွားသည်။

အဲဒီနေ့မှစပြီး အစ်ကိုလတ်ကို ဂေါ်လူလ မတွေ့ရတော့။ ဒီတော့မှ သူ သဘောပေါက်သွားသည်။

မကြာလိုက်ပါ၊ ငြိမ်းချမ်းသော သာယာသော ချယ်ရီပင်များ၊ ထင်းရှူးတောများ၊ သစ်မွှေးတောများ၊ သစ်ခွ သဇင်တို့ဖြင့် လှပနေသည့် ဂေါ်လူလတို့ ကချင်တောင်တန်းကြီးတွေပေါ်မှာ ဂေါ်လူလ မကြားခဲ့ရသည်မှာ ကြာပြီဖြစ်သည့် ကြောက်မက်ဖွယ်ရာ ပေါက်ကွဲသံကြီးတွေကို ပြန်ကြားလာရသည်။

ဘာဖြစ်လို့ ဒီအသံတွေကို ပြန်ကြားလာရပြန်တာပါလိမ့်။

"ပြဿနာဆိုတာ ဘာပဲဖြစ်ဖြစ် ပြေလည်အောင်ရှင်းရင် ရပါရက်နဲ့ကွာ"

အဖေက ညည်းညည်းညူညူနှင့် စိတ်မကောင်းစွာပြောသည်။

ဂေါ်လူလ၏မျက်နှာသို့ ထာဝရလာရောက်နှုတ်ဆက်တတ်သည့် အေးမြမြ ဆီးနှင်းများအစား ယခုတော့ ယမ်းခိုးတွေက ဝေနေကြပြီ။ ဂေါ်လူလတို့၏ ထာဝရသာယာလှပသည့် ကချင်တောင်တန်းကြီး ယခုတော့ အကျည်းတန်အရုပ်ဆိုးသလို ဖြစ်နေချေပြီ။

လမ်းတွေ၊ တံတားတွေ၊ ရွာတွေ အတော်ပျက်စီးကုန်ကြပြီ။ စိုက်ခင်းတွေ မသိမ်းနိုင်၊ မရိတ်နိုင်၊ မစိုက်နိုင်ဘဲ အသက်ဘေးလုံ့ပြေးလွှားနေကြရသည်။ တောတွေတောင်တွေ၏အလှ၊ သစ်ပင်ပန်းမန်တို့၏အလှ၊ မြို့ရွာတို့၏အလှ မီးလောင်ပြာကျ ခြေမွခံရသလို ဖြစ်နေသည်။ မဆိုင်သူတွေရော၊ ဆိုင်သူတွေရော သေကျေပျက်စီးကြသည်။ ကျွဲတွေ၊ နွားတွေ၊ ဝက်တွေ၊ ကြက်တွေ၊ ငှက်တွေ သေကြသည်။

ဂေါ်လူလ သေနတ်သံတွေစဲ၍ ငြိမ်းချမ်းခဲ့သော ကာလကို ပြန်လည်အမှတ်ရတောင့်တနေမိ၊ အောက်မေ့


www.burmeseclassic.com

www.burmeseclassic.com

နေမိသည်။ အဖေကတော့ လက်ခုပ် ဆိုတာ နှစ်ဖက်တီးလို့ မြည်ကြတာတဲ့။ ဒေါ်လူလကတော့ ဒါတွေ နားမလည်။ ငြိမ်းချမ်းတာ၊ အေးအေးဆေးဆေးနေ ချင်တာပဲ သူသိသည်။ ကချင်တောင် တန်းကြီး၏သဘာဝအလှတွေကို ခံစား ကြည့်ရှုရင်း ထာဝရငြိမ်းချမ်းရေးတေးကို တစ်ကြွေးနေချင်သည်။

ယခုတော့ မမျှော်လင့်ဘဲ ကြား ခဲ့ရသည့် တဝုန်းဝုန်း တဒိုင်းဒိုင်း စိန် ပြောင်းသံ၊ အမြောက်သံ၊ မောင်းပြန် သေနတ်သံတွေကြားမှာ စစ်မကောင်း ကြောင်း ခဏခဏ ပြောခဲ့သောအဖေ လည်း သေခဲ့ပြီ။ ညီမလေး နီဖန်းနှင့် အမေလည်း စစ်ပြေးဒုက္ခသည်ဘဝနှင့် ရွာက ထွက်ပြေးကြရပြီ။ သူတို့ လုံး ဘော်ခန်းရွာကြီးလည်း မီးလောင်ပြင်ဖြစ် သွားစီးခဲ့ရပြီ။ ရွာကြီးတစ်ရွာလုံး ပြာကျ ခဲ့ပြီ၊ နောက်ပြီး သူချစ်တဲ့ အဲဂျာနူး လည်း ဘယ်ဝယ်ဘယ်ဆီရောက်နေမှန်း သိတော့။

ဂေါ်လူလ လေးတွဲ့စွာ သက် ပြင်းချတ်ထုတ်လိုက်၏။

တစ်မျှော်တစ်ခေါ် ရှုမျှော်၍ မဆုံးနိုင်သည့် စိမ်းစိမ်းစိုစို ညို့ညို့ မှိုင်းမှိုင်းနှင့် တောအထပ်ထပ် တောင် အသွယ်သွယ်တို့သည် ဂေါ်လူလ၏ ရင်သားကို အဓိပ္ပာယ်မဲ့စေခဲ့ချေပြီ။

ဂေါ်လူလသည် အဓိပ္ပာယ်မဲ့စွာ ဖြင့် သူ့ရှေ့ရှိ မြင့်မားသီခေါင်သော သူ တို့အချင်တောင်တန်းကြီးကိုငေးကြည့် နေမိ၏။

ထိုအခိုက်မှာပင် တောင်တန်း ကြီး၏ အပေါ်တည့်တည့် ကောင်းကင် ဆီမှ ကိုယ်ရောင်ကိုယ်ဝါများ တောက်ပ လျှင် ကြည်ညိုဖွယ်ရာ ထာဝရဘုရား သခင်ကို သူဖူးတွေ့လိုက်ရသည်။ ထို အခါ လောကဓာတ်ကြီးတစ်ခုလုံး ဟင်း လင်းပွင့်ဖြစ်နေကြောင်း သူသတိထား လိုက်မိ၏။ ထာဝရဘုရားသခင်သည် လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။ ထိုအခါ ရေမြေတောတောင် သမုဒ္ဒရာ ကြီးပေါ်လာသည်။ ဪ. . . ထာဝရ ဘုရားသခင်က လောကကြီးကို ဖန်ဆင်း လိုက်ပါပြီရောလားဟု သူသိလိုက်၏။ ရေမြေတောတောင် သမုဒ္ဒရာတို့နှင့် အတူ သိုး၊ ဆိတ်၊ ဝက်ဝံ အစရှိသော သတ္တဝါ လေးတို့ကိုလည်း ဖန်ဆင်းတာ သူမြင် လိုက်ရသည်။

ထိုသို့ ဖန်ဆင်းပြီးသည်နှင့် ထာဝရဘုရားသခင်သည် သမုဒ္ဒရာကမ်း ခြေမှ ရွှံ့စေးလေးကိုယူကာ ယောက်ျား လူသားတစ်ယောက်ကို ဖန်ဆင်းလိုက် ပြန်သည်။ ထာဝရဘုရားသခင်သည် ထို လူယောက်ျားကိုထားခဲ့ကာ ကောင်း ကင်ဘုံသို့ ပြန်ကြွသွားလေ၏။ ထိုသူကို အာဒမ်ဟုလည်း ပညတ်ထားခဲ့သည်။

အာဒမ်သည် သူ့မျက်စိရှေ့၌ သိုးလေးတွေ၊ ဆိတ်လေးတွေ၊ ဝက်ဝံ လေးတွေ တစ်ကောင်နှင့်တစ်ကောင် ချစ်ကြည်ရင်းနှီးစွာဖြင့် ပျော်မြူးနေကြ ရင်းမှ မျိုးဆက်သစ်သတ္တဝါလေးတွေ တစ်ကောင်ပြီးတစ်ကောင် ပေါက်ဖွား လာကြတာမြင်ရသည်။ ဒါပေမဲ့ သူ့မှာ တော့ ပျော်မြူးစရာအဖော်မရှိ ဘာမရှိ နှင့် ပျင်းရိငြီးငွေ့နေသည်။ ထိုအခါ အာဒမ်၏စိတ်အလိုကိုသိသည့် ထာဝရ ဘုရားသခင်က ကောင်းကင်ဘုံမှပြန်ကြွ လာပြီး အာဒမ်ကို အိပ်ပျော်စေကာ အာဒမ်၏နံရိုးတစ်ချောင်းကိုဆွဲထုတ်ပြီး အာဒမ်အတွက် အလွန်ချောမောသော ဧဝဟူသည့် မိန်းကလေးကိုဖန်ဆင်းပေး လိုက်လေ၏။

ထိုမှထိုမှ လူသားလောကကြီး ဖြစ်လာသည်။ ဂေါ်လူလ ခေါင်းကို လေးတွဲ့စွာခါယမ်းလိုက်သည်။ သူတို့၏ သိက္ခာတော်ရဆရာတော်ကြီး အမိန့်ရှိခဲ့ သောစကားများကို ပြန်လည် ကြား ယောင် မြင်ယောင်လိုက်ခြင်း ဖြစ်သည်။ လူသားအားလုံးသည် တစ်မိသားစု တည်းပင်။ သည်သို့ဆိုလျှင်. . .

လူသားအားလုံးကို ထာဝရ ဘုရားသခင် အလိုတော်ကျ ဖန်ဆင်းခဲ့ သော လူတစ်ယောက်တည်းက မွေးဖွား ပေးခဲ့ပါလျက် သွေးရင်းသားရင်းတွေဖြစ် နေကြပါလျက် ဘာကြောင့်များ ရန်ဖြစ် ချင်ကြ၊ သတ်ဖြတ်ချင် ဖြစ်နေကြရတာ ပါလိမ့်လို့လည်း ဝမ်းနည်းစွာတွေးနေမိ၏။

ထို့အတူ ဗုဒ္ဓတရားတော်အရ လည်း မဖြစ်ဖူးသောဘဝ၊ မဖြစ်ဖူးသော အရပ်မတော်ဖူးသောအမျိုးမရှိခဲ့ကြောင်း သူနာဖူးခဲ့ရသည်။ ဒါဆိုရင်ရော အမျိုး တွေပဲ မဟုတ်လား။ အခု မတော်လည်း အနမတဂ္ဂ သံသရာမှာ ဘဝတစ်ခုခုမှာ တော့ တော်ခဲ့ကြမှာ။ ညီရင်းအစ်ကို မောင်ရင်းနှမတွေ ဖြစ်ခဲ့ကြမှာပဲ။ ဒါဆို ဘာလို့ သူတစ်လူငါတစ်မင်း လုပ်နေကြ ရမှာလဲ။

လူသားလောကကြီးကို ကောင်း ကျိုးချမ်းသာတွေ ပြည့်ဝဖို့ ဝိုင်းဝန်း မလုပ်ဆောင်သင့်ကြဘူးလား။

"ဝုန်း"

ဂေါ်လူလ အတွေးမဆုံးခင်မှာ ပင် ပေါက်ကွဲသံကြီးတစ်ခု။ နားကွဲလု မတတ် သူကြားလိုက်ရသည်။ နားတွေ ပင်းခမန်း ကျယ်လောင်စွာကြားလိုက်ရ ပြီး အူသွားသည်။

ထို့အတူ ဦးခေါင်းဆီမှ မျက်ခုံး ထိမှန်မှုတစ်ခုနှင့်အတူ ပူခနဲခံစားလိုက် ရသည်။ နောက် သွေးတွေ ဖြာခနဲ ဖြာ ခနဲ စီးကျလာကြသည်။ ထိုစဉ်ကပင် ဂေါ်လူလ၏ ခန္ဓာကိုယ်ကြီးက အရုပ် ကြိုးပြတ် ဗုန်းခနဲ တောင်အောက်သို့ ပစ်ကျသွားလေတော့၏။

သို့သော် သူ့ဆီက စကားတစ် ခွန်းကတော့ ခပ်ယဲ့ယဲ့ထွက်ဖြစ်အောင် ထွက်လာခဲ့သေးသည်။ ဂေါ်လူလ၏ ကြေကွဲဖွယ် နောက်ဆုံးစကားတစ်ခွန်း။ သူ့စကားက လူသားအားလုံးအတွက် ဆုတောင်းစကားလေး။

"မေတ္တာပန်းတို့ ပွင့်လန်းကြပါ စေ"တဲ့။ ယခုတော့. . . ။

❒ နေဝန်းနီ






www.burmeseclassic.com

www.burmeseclassic.com

# မုဆိုးလေးသား
## မှဲ့အိုးကျွန်းကြ
## မှတ်းရာ....



ကျွန်တော်နဲ့ ကိုသန်းထွန်းတို့ ထန်းကုန်းဘူတာရထားဆိုက်ပြီး မကြာခင်မှာပင် လှည်းတစ်စီးငှားရမ်း၍ ကိုင်းရိုး၊ သရက်တာရွာသို့ ထွက်ခဲ့ကြသည်။ နံနက် ၁၀ နာရီလောက် သရက်တာရွာ အဝင်ဝ ညောင်ပင်ကြီးအောက် ရောက်ခဲ့ကြသည်။ မှဆိုးများပီပီ ညောင်ပင်၊ ညောင်သီးမြင်လျှင် အပင်ပေါ် မော့ကြည့်တတ်ကြသည်က အကျင့်ပါနေသည်။

ယခုလည်း ညောင်ပင်ပေါ် မော့အကြည့် ငှက်အုပ်တစ်အုပ်က ပျံဝဲနားလိုက်သည်ကို မြင်လိုက်ကြရသည်။ ညောင်သီးများက မှည့်နေသဖြင့် စားပင်မှန်း သိလိုက်ကြသည်။

"ကိုဘမင်း. . . ငှက်တွေနားသွားတယ်ဗျ၊ ဟင်းစားကလေးအတွက် ပစ်ခဲ့ကြရအောင်လား"

ကိုသန်းထွန်းက ငှက်တွေမြင်ပြီး လက်ယားနေဟန် ရှိသည်။

"နေဦး ကိုသန်းထွန်းရ၊ ရွာအကြောင်း မသိရသေးတော့ ပစ်လို့မကောင်းဘူး၊ အိမ်ရောက်ပြီးမှ အေးအေးဆေးဆေး မေးပြီး လာပစ်ပါ၊ ခဏသည်းခံလိုက်ပါဦး"

မှန်ပါသည်။ ဒီရွာကို ကျွန်တော်တို့ တစ်ခေါက်တစ်ခါမှ မရောက်ဖူးသေးတော့ ရွာကလူတွေအကြောင်းလည်း မသိရသေးသဖြင့် ပြဿနာမတက်ချင် အခုလာသည်ကလည်း ကျွန်တော် အစ်ကို ကိုစိုးမင်းနဲ့ ကိုဘဦးတို့မိတ် ကိုရီ(ခ)ကိုဘလေးက သူတို့ရွာ သရ တာသို့ အမဲပစ်ခေါ်သွားသဖြင့် လေ ကြားသည်နှင့် ကျွန်တော်ရော ကိုသ ထွန်းပါ နှစ်ရက်ခွာပြီး ကိုစိုးမင်း နောက် လိုက်ခဲ့ကြခြင်းဖြစ်သည်။

"ဒါဖြင့်လဲ မေးကြည့်ပါဦး၊ကို မင်းတို့တည်းတဲ့အိမ်"

ရွာထဲရောက်လျှင် ကိုဘ အိမ်ကိုမေးပြီး လှည်းကိုမောင်းသွားလို ကြသည်။





www.burmeseclassic.com

www.burmeseclassic.com

ခြံဝင်းကျယ်တစ်ခု ရောက်သော ... အိမ်ရှေ့မှပင်. . .

"ဒါ. . . ကိုဘလေးတို့ အိမ်ပါ ...ခင်ဗျာ"ဟု ကျွန်တော်က မေးလိုက် ...ည်။

အိမ်ထဲမှ ကတုံးနှင့်လူကြီးတစ် ...ာက်ထွက်လာပြီး ကျွန်တော်တို့အဖွဲ့ ...အတဲခတ်လျက်. . .

"ဟုတ်ပါတယ်၊ ဒါ ဘလေးတို့ ...ပါ"ဟု ဖြေလိုက်သည်။

"ကျွန်တော်တို့မန္တလေးကပါ၊ ကို ...လေးနဲ့အတူပါသွားတဲ့ ကိုဘဦး၊ ကိုစိုး ...တို့ရဲ့ ညီနဲ့ သူငယ်ချင်းပါ၊ သူတို့ ...တ် တောပစ်လိုက်လာကြတာပါ၊ ...တို့တစ်တွေကော မရှိကြဘူးလား၊ ...ယ်သွားနေကြတုံး"

ကျွန်တော်ကပင် အကြောင်းစုံ ...မေးလိုက်ရသည်။

"ဩော်. . . ဦးဘဦး၊ ဦးစိုးမင်းတို့ ...ညီနဲ့ သူငယ်ချင်းတွေလား၊ လာကြ ...လာကြပါ"ဟုခေါ်ပြီး လှည်းပေါ်မှ ...ည်းပစ္စယတွေကို ဝိုင်းချသယ်ပေး ...ကြသည်။

"ဒါနဲ့ သူတို့တစ်တွေကော မမြင် ...ား ဘယ်သွားနေကြတုံး"

ကိုသန်းထွန်းက ခုံတန်းလျား ...၌ ထိုင်မိမိချင်း မေးလိုက်ပါသည်။

"ဩော်. . . သူတို့က မနေ့ည ...ာပဲ အမဲကြီး စိုင်ပြောင်ပစ်ရအောင် ...ည်ဆိပ်ဘက် တက်သွားကြတယ်"

ကိုသန်းထွန်းက ကျွန်တော့် ...နှာကို လှမ်းကြည့်လိုက်သည်။ သူ့ ...ကြည့်က သူတို့မရှိလျှင် ဘယ့်နှယ် ...ကြမလဲဟူသော အမေးပုံပေါက်နေ ...ည်။

ဒါကို သဘောပေါက်သွားဟန် ...ော အိမ်ရှင်က ပျာပျာသလဲပင်. . .

"သူတို့မရှိပေမယ့် ဘာမှပူစရာ ... အားနာစရာမရှိပါဘူး၊ ကျုပ်က ...လေးအစ်ကို ဘအေးပါ၊ ဆရာလေး ...ချင်တဲ့အမဲလဲ ဒီမှာတင်ပစ်လို့ရပါ ...ယ် ချေ ဒရယ် သမင်ကတော့ မဲ မတင်းရပါဘူး၊ စိုင် ပြောင် ဆတ်တွေ သာ မရှိတာပါ"

"ဒါထက် ဦးဘအေး. . . ရွာ အဝင် ညောင်ပင်ကြီးမှာ ငှက်ပစ်လို့ရ လား၊ ကျွန်တော့်သူငယ်ချင်းက ပစ်ချင် လို့တဲ့"

"ပစ်လို့ရပါတယ်၊ ငှက်ပစ်ရ အောင် လေသေနတ်ကောပါလို့လား"

"လေသေနတ်တော့ မပါခဲ့ဘူး၊ (. ၂၂)ပွိုင့်တူးတူးပဲပါတယ်"

ပြောပြောဆိုဆို ကိုသန်းထွန်းက သူ့ (. ၂၂)ဘရူနိုကို အိတ်ထဲမှထုတ်ယူ လိုက်သည်။

"ကိုင်း. . ကျွန်တော့်ကို ကလေး တစ်ယောက်လောက် ထည့်ပေးလိုက် ဗျာ၊ ငှက်ကောက်ရအောင်ပေါ့"

"ငှက်က ရမှာသေချာလို့လား၊ ညောင်ပင်က မြင့်တယ်နော်၊ ကျုပ်သား ဖိုးထူးခေါ်သွား၊ ဒီကောင်က လေးခွပစ် လဲ ဖြောင့်တယ်"

ကျွန်တော်တို့ ပစ္စည်းတွေကို လှည်းပေါ်မှကူချပေးသော ၁၀ နှစ်သား အရွယ်ကောင်လေးကို ဦးဘအေးက ထည့်ပေးလိုက်သည်။ သူတို့ထွက်သွားမှ ဦးဘအေးက. . .

"ဆရာတို့ နာမည်လေးတွေ တောင် မသိရသေးဘူး၊ ဟိုသွားတဲ့ ဝဝ ဆရာလေးနာမည်က ဘယ်သူတဲ့"

"ဩော် ဟုတ်သားပဲ၊ ကျွန်တော့် နာမည်က ကိုဘမင်းပါ၊ ကိုစိုးမင်းရဲ့ညီ ကုန်သွယ်ရေးမှာ မန်နေဂျာလုပ်ပါတယ်၊ ဟိုပါသွားတဲ့လူကတော့ မန္တလေးမြို့ ဈေးချိုနားက နာမည်ကြီး နေပြည်တော် တည်းခိုခန်းပိုင်ရှင် ကိုသန်းထွန်းတဲ့၊ သူ လဲ တောပစ်ဝါသနာကြီးလွန်းလို့ မအား တဲ့ကြားက လိုက်ခဲ့တာ"

"အင်း . . . သူ့ကြည့်ရတာ ဝါသနာတော့ကြီးပုံပဲ၊ ဝါသနာပါသလို လက်ကကော စွာရဲ့လား"

"စွာတယ်. . . စွာတယ်၊ အဲဒီ အတွက်တော့မပူနဲ့၊ သူက မန္တလေးမုဆိုး တွေထဲမှာ (. ၂၂)ပွိုင့်တူးတူးပစ်တော့ ချန်ပီယံပဲ၊ လက်ဖြောင့်တဲ့ (. ၂၂) သေ နတ်သမားတွေထဲမှာ တစ်ယောက်အပါ အဝင်တဲ့၊ သူ့(. ၂၂)နဲ့ ဝက်၊ ဆတ်တွေ တောင် ရအောင်ပစ်နိုင်တယ်၊ ခေါင်းဆို ခေါင်း မျက်လုံးဆိုမျက်လုံး မလွဲဘူး"

"ဒါဆိုဒီည ချေသား၊ သမင်သား တွေ ဖောဖောစားကြရဦးမှာပေါ့"

ဤသို့ပြောဆိုနေကြစဉ်မှာပင် ကျီးကန်းတွေ တအားအားနှင့် ကိုသန်း ထွန်းတို့ ပြန်လာကြတော့သည်။

"ဘာတွေ ပစ်လာကြတာလဲဟ၊ ကျီးကန်းတွေ တအားအားနဲ့"

"ငှ ငါးကောင်နဲ့ ဥဦးတစ်ကောင် ပါ အဘရာ"

(သူတို့အရပ်အခေါ် ဥဩငှက် ကို ဥဦးငှက်ဟုခေါ်ကြ ပြောကြသည်)

ကောင်လေးမောင်ထူးက လက် ထဲမှဆွဲလာသော စိမ်းဝါဝါငှတွေနဲ့ မည်း ကြုတ်ကြုတ်ငှက်တစ်ကောင်ကိုမြှောက် ပြရင်း ပြောလိုက်ခြင်း ဖြစ်သည်။

ငှငါးကောင်နဲ့ ဥဩငှက်တစ် ကောင်ကို ယူကြည့်ရင်း . . .

"အင်း. . . ငှတွေက ခြေဝါမျိုး တွေဆိုတော့ ခိုလောက်ရှိတယ်၊ ခြေနီမျိုး ဆိုရင် ဒီလောက်မကြီးဘူး ချိုးသာသာ ရယ်၊ (ဥဦးကောင်)ဥဩငှက်ကတော့ သေးသေးကွက်ကွက် မည်းကြုတ်ကြုတ် နဲ့ ဘုတ်လိုလို ကျီးလိုလိုပါလား၊ အင်း . . . ငှငါးကောင်နဲ့ ဥဩတစ်ကောင် ဆိုတော့ မနက်စာအတွက် ဟင်းစားက တော့ သေချာသွားတာပေါ့ ဦးဘအေး ရာ"

"အမယ်လေး . . . ဆရာမင်း ရယ်၊ ဟင်းစားအတွက်တော့ ပူမနေပါနဲ့၊ တစ်နေ့ညက ဦးစိုးမင်းနဲ့ ဦးဘဦးတို့ ပစ် သွားတဲ့ သမင် ဒရယ်သားတွေ ကျန်ပါ သေးတယ်"

"အဲဒါလဲ အဲဒါတစ်မျိုးပေါ့ဗျာ၊ အခုဟာကအမွေးအတောင်နဲ့အကောင် ဆိုတော့ တစ်မျိုးကောင်းတာပေါ့"

"အမွေးအတောင်နဲ့ အကောင် စားချင်လဲ ကြက်တွေရှိပါတယ်၊ ကျည်





www.burmeseclassic.com

www.burmeseclassic.com

အကုန်ခံပြီး ပစ်နေစရာမလိုပါဘူး၊ ဘတ်ခွလောက်စာလုံးနဲ့တင်ပြီးပါထယ်၊ အခုကျည်ဘယ်နှတောင့် ကုန်ခဲ့လဲ"

"ဟာ၊ အဘရာ. . . ဒီဦးလေးကြီးက လက်တန်း(ဖြောင့်)တယ်ဗျ၊ တစ်ချက်တစ်ကောင်ပဲ၊ အခု ခြောက်ချက်ပစ်တာ ခြောက်ကောင် ရခဲ့တာပဲ"

"အေး. . . အဲဒီလို လက်တန်းရင်တော့ ကောင်းပါတယ်၊ ထမင်းစားပြီး နေ့လယ်ကျ ဒရယ်သွားခြောက်ပစ်ရအောင် စီမံထားလိုက်မယ်၊ အရန်သင့်လုပ်ထားကြပေတော့"

ဦးဘအေးကပြောပြီး ရွာထဲထွက်သွားပါတော့သည်။

☮

ထမင်းစားပြီး ကျွန်တော်နှင့် ကိုသန်းထွန်းမှာ ပါလာသော သေနတ်များထုတ်၍ပြင်ဆင်ထားလိုက်ကြသည်။

ကျွန်တော်က ကျွန်တော့်လက်စွဲတော် (B.S.A)တစ်လုံးထိုးသေနတ်နှင့် ကျည်ခါးပတ်ကိုလည်းကောင်း၊ ကိုသန်းထွန်းက သူ၏ (. ၃၀-၀၆)ရိုင်ဖယ်နှင့် (. ၂၂) ရိုင်ဖယ်တို့ကိုလည်းကောင်း အရန်သင့် ပြင်ထားလိုက်ကြသည်။

နောက်ခြောက်သားများစုံလာသောအခါ ဦးဘအေးခေါင်းဆောင်သောအဖွဲ့ ရွာ၏အနောက်တံခါးမှထွက်၍ အနောက်မြောက်ခပ်ယွန်းယွန်းသို့ ဦးတည်သွားခဲ့ကြသည်။

(၁၅)မိနစ်ခန့် သွားမိကြသောအခါ အုတ်ဂူသုံးလေးလုံးခန့် ရှိသောသချိုင်းကုန်းသို့ ရောက်ခဲ့ကြသည်။

"ဒီသချိုင်းကုန်းတော အရင်မောင်းကြရအောင်ဟေ့"

"ဟုတ်တယ်၊ တစ်လောက ကျုပ်နွားကျောင်းရင်း ဒရယ်ပေါက်ကြီးတစ်ကောင်တွေ့ခဲ့ရသေးတယ်၊ ဒီတောမှာ"

ခြောက်သားတစ်ယောက်က ဦးဘအေးအပြောကိုထောက်ခံပြောလိုက်သည်။

"ငါက လေးသမား(သေနတ်သမား)တွေကို ဒီတောင်ဘက်က နေရာချထားမယ်၊ ပြီးတာနဲ့ အချက်ပေးလိုက်မယ်၊ မင်းတို့က မြောက်ဘက်က သိမ်းကျုံးခြောက်ခဲ့ကြ၊ ကြားလား"

ခြောက်သားများက လှည်းလမ်းကြီးအတိုင်း မြောက်သို့ထွက်သွားကြသလို ကျွန်တော်၊ ကိုသန်းထွန်းနှင့် ဦးဘအေးတို့က သချိုင်းမြေကွက်အတွင်းဝင်ခဲ့ကြပြီး ကျွန်တော်နှင့် ကိုသန်းထွန်းကို နေရာချပေးလိုက်သည်။

ပစ်ကွင်းဧရိယာမှာ မကျယ်လှ။ အနံမှာ ကိုက် ၆၀ လောက်သာ ကျယ်သည်။

လက်ယာဘက်မှာ တူးမြောင်း၊ လက်ဝဲဘက်မှာ လှည်းလမ်းမကြီးဖြစ်သဖြင့် သေနတ်သမားနှစ်ယောက် ယှဉ်လျက် နေရာချ၍မရ။ ဒါကြောင့် ရိုင်ဖယ်သမားကိုသန်းထွန်းကို ဦးစားပေးရှေ့ကထားလျက် သူ့ရဲ့နောက် ကိုက် ၅၀၊ ၆၀ လောက်အကွာမှာ ကျွန်တော့်ကို ထပ်ဆင့်နေရာချပေးထားသည်။

သဘောမှာ ရှေ့မှထွက်လာသော သားကောင်ကို ရိုင်ဖယ်သမားက အရင်မြင်တွေ့ပစ်ခတ်ရမည်ဖြစ်ပြီး သူပစ်၍လွဲမှ၊ မမှန်မှ ကျွံလာသော သားကောင်ကို ကျွန်တော်က ပစ်ရမည့်အနေအထားပင်။

ဤမျှကျဉ်းသော ပစ်ကွင်းမှ ထွက်လာမည့်သားကောင်ကို ကိုသန်းထွန်း ပစ်ချက်က လွတ်မည်မဟုတ်ပါ။ ဒါကြောင့် ကျွန်တော့်မှာ နွားကျောင်းသားလေးတစ်ယောက်နှင့် စကားပြောအဖော်လုပ်ရင်း သေနတ်ကိုပင် မကိုင်၊ အေးအေးဆေးဆေးပင် ထိုင်နေလိုက်သည်။

မကြာလှပါ။ ဦးဘအေးဆီမှ လက်ခေါက်မှုတ် အချက်ပေးလိုက်သံကြားရပြီးနောက် မောင်းအဖွဲ့သားများဆီမှ တောစခြောက်သံ ကြားလိုက်ရတော့သည်။

"ဟေး ဟေး"

"ဟိုးဟ. . . ဟိုးဟ"

"ဒေါက် ဒေါက် ဒေါက် ဖုန်း"

ပါးစပ်မှ တစ်ယောက်တစ်မျိုး အော်သူကအော်၊ ဓားနှောင့်နှင့် ဝါးဆစ်ခေါက်သူကခေါက်၊ ထန်းပလပ်နှင့် မြေကြီးကို ရိုက်သူကရိုက် ကျွက်ကျွက်ညံသွားတော့သည်။

ကိုက် ၄၀၊ ၅၀ လောက်ခြောက်လိုက်မိသောအခါ လက်ယာဘက် လက်စွယ်မှ ခြောက်သူထံမှ . . .

"ဟော. . . ပြေးပြီဟေ့. . . ထပြေးပြီကွ၊ ဒရယ်ပေါက်ကြီး ခြောက်ထားကြ၊ အော်ထားကြ၊ နောက်မလှန်စေနဲ့"ဟု အော်သံကြားလိုက်ရသည်။

ဒီတော့ ကျန်ခြောက်သားများဆီမှ . . .

"ဟေး ဟေး. . . လိုက်ဟ လိုက်ဟ၊ မလွတ်စေနဲ့ကွ"ဟု တစ်ပြိုင်တည်း ထပ်ဆင့်အော်လိုက်ကြပြန်သည်။

ကိုသန်းထွန်းဆီ ကျွန်တော် လှမ်းကြည့်လိုက်သောအခါ (. ၂၂)ကို လွယ်လျက် (. ၃၀-၀၆)ရိုင်ဖယ်ကို လက်တွင်အရန်သင့်ပုံစံ ကိုင်ထားပြီး အသံကြားရာသို့ စူးစိုက်ကြည့်နေသည်ကို မြင်နေရသည်။

မကြာခင် ပစ်တာမြင်ရတော့မည်မို့ ကျွန်တော်ရော နွားကျောင်းသားလေးပါ စကားမပြောတော့ဘဲ မျှော်ကြည့်နေလိုက်ကြသည်။ မကြာပါ၊ ကိုသန်းထွန်းက ရိုင်ဖယ်ကို ရှေ့သို့တန်း ချိန်ရင်း သူ၏ညာဘက်သို့ ရွှေ့လျား သွားနေသည်။ ဒရယ်ပေါက်ကြီး နောက်ခြောက်သားများ၏အသံကြောင့် ကြောက်အားလန့်အားနှင့် ဒုန်းပြေး လာနေသည်မှာ လွှားခနဲ ရိပ်ခနဲ မြင် သည်။

သေနတ်သမား ကိုသန်းထွန်း လည်း သူ့ညာဘက် မျက်နှာချင်းဆိုင် ပြေးလာနေသော ဒရယ်ပေါက်ကြီး မလွတ်တမ်းပစ်ခတ်နိုင်စေရန် လိုက် ရင်း ရွှေ့လျားနေသည်။ သူနှင့် သား ကောင်မှာ ၁၁ ကိုက်တောင်မဝေးတော့

သူ့ဆီက ထွက်ပေါ်လာ သေနတ်သံနှင့် မှန်၍ လဲကျသွား



www.burmeseclassic.com

www.burmeseclassic.com

ကောင်ကို မျှော်လင့်နေစဉ်မှာပင် ...သံမကြားရဘဲ ကိုသန်းထွန်း ...ယောက် မြင်ကွင်းမှ ရုတ်တရက် ...တ်သွားသဖြင့် သို့လောသို့လော ...အားသင့်သွားရတော့သည်။

အံ့အားသင့်နေစဉ် ဒရယ်ပေါက် ...က ကျွန်တော်တို့ဆီဦးတည်ပြေးလာ ...သည်။

နွားကျောင်းသားကလေးက . .

"ဟော, ဒရယ်ကြီး ဒီဘက်ပြေး ...နေပြီ၊ မပစ်ဘူးလား ဦး"

ဟု သတိပေးလိုက်မှ ကပျာ ...ာ သေနတ်ကောက်ကိုင်ပြီး ဖြတ် ...ကျော်ခိုင်းသွားသော ဒရယ်ကြီးကို ...တ်ပိုးသိပ်ပစ်လိုက်ရတော့သည်။

သေနတ်သံ ဒိုင်းခနဲကြားလိုက် ...သည်နှင့်အတူ ဒရယ်ကြီးမှာ ရှေ့သို့ ...လဲကျသွားပြီးမှ ပြန်ထပြေးသွားပြန် ...တော့သည်။

"မှန်တယ် မှန်တယ် ဦး. . . လဲ ...ပြီးမှ ထသွားတာဗျ၊ လိုက်. . . လိုက် ...အောင်"

နွားကျောင်းသားလေး ပြော ...သည်ကို ဂရုမထားနိုင်သေး။ ကိုသန်း ...န်း ပျောက်သွားသော နေရာဆီသို့ ...ပြေးသွားကြည့်လိုက်ရသည်။ ကို ...ထွန်းမှာ လူတစ်ရပ်ခန့်နက်သော ...တွင်းထဲသို့ရွှံ့လျှောရင်း ကျသွားခြင်း ...ပြီး ပြန်တက်ဖို့ ကြိုးစားနေသည်။

သို့သော် လွယ်လွယ်နှင့် တက် ... ကျွန်တော် တစ်ယောက်တည်း ...း ဆွဲမတင်နိုင်။ တောခြောက်သူ ... ရောက်လာမှ ဝိုင်းပြီးဆွဲတင်ပေးရ ...တော့သည်။

"ဘာဖြစ်သွားသေးလဲ ကိုသန်း ..."

အပေါ်ရောက်လာသော ကို ...ထွန်းကို ကျွန်တော်က စိုးရိမ်တကြီး ...ပြီး သူ့အခြေအနေကို ကြည့်လိုက် ...သည်။

"ကံကောင်းလို့ ဘာမှမဖြစ်ဘူး ... တိုမင်းရ"

"နေပါဦး၊ ဆရာသန်းက သားကောင်ပြေးလာတာ မပစ်ဘဲ တိုက်မှာစိုးပြီး ကျင်းထဲခုန်ဆင်းတာလားဟင်"

ခြောက်သားတစ်ဦးက ကိုသန်းထွန်းကျင်းပေါ်အရောက်တွင် ရယ်ဖြဲဖြဲနှင့် မေးလိုက်ပြန်သည်။

"ဟာ,ဘယ်ကလာ သားကောင်ကြောက်ပြီး ခုန်ဆင်းရမှာလဲကွ၊ ပြေးလာတဲ့ ဒရယ်ကြီးကို ပစ်မလို့ လုပ်တော့ နောက်က ခြောက်သားမင်းတို့နဲ့ မလွတ်လို့ လွတ်အောင်နေရာရွှေ့ရင်း တွင်းထဲကျသွားတာ၊ အကောင်တောင် မပစ်လိုက်နိုင်ဘူးကွ"

"ဒါနဲ့ ကိုမင်းပစ်လိုက်ရတယ်မို့လား၊ ဘယ်လိုလဲ မထိဘူးလား"

ကိုသန်းထွန်းက သူ့အကြောင်းပြောရင်း ကျွန်တော့်ကိုပါ တစ်ဆက်တည်း အမေးပြုလိုက်သည်။

"ထိတော့ထိပါတယ်၊ နောက်ကဆိုတော့ လဲပြီးမှထပြေးသွားတယ်၊ နှင့်ဆီ အရင်စိတ်ပူပြီး ပြေးလာရတော့ ဆက်မလိုက်ရတော့ဘူး"

အားလုံး ပြောဆိုမေးမြန်းနေကြစဉ် လိုက်သွားသော နွားကျောင်းသားကလေးက လှမ်းအော်ပြောနေသည်။

"ဦးရေ. . . ဒရယ်ကြီး ဟိုတောတန်းလေးထဲမှာ လဲနေပြီဗျ၊ လာ လာ . . . လာကြ ကျုပ်လိုက်ပြမယ်"

ဒီတော့မှ အားလုံး ဝမ်းပန်းတသာ အပြေးကလေး နွားကျောင်းသား ခေါ်ရာသို့ သွားကြပါတော့သည်။

✇

ရရှိခဲ့သောဒရယ်ကို မုဆိုးဝိုင်းဝိုင်းလျက် ရှေ့ပိုင်းကို ခြောက်သားများအားခွဲဝေပေးလိုက်စေပြီး အတွင်းကလီစာ အသည်း၊ အဆုတ်များကို ဦးဘအေးက အိုးကြီးတစ်လုံးနှင့်ချက်၍ သောက်တတ်စားတတ်သော အဖွဲ့သားများကို အမြည်းအဖြစ် ချပေးလိုက်လေသည်။ မသောက်တတ်သော ကျွန်တော် တို့ကိုတော့ရေနွေးကြမ်းနှင့်အဆုတ်၊အသည်း၊ အသားကြော်များအား မြည်းစေသည်။

ရေနွေးကြမ်းဝိုင်းတွင် ကိုသန်းထွန်းက ဒရယ်ကြီးကို သေချာပေါက် ပစ်ရနိုင်ပါလျက် နောက်ခြောက်သားလူများငဲ့ကွက်ပြီး မပစ်လိုက်ရသဖြင့် တဖျစ်တောက်တောက် ဖြစ်နေတော့သည်။

"အဲဒါမှန်တာပေါ့ ဆရာသန်းရဲ့ အခုအကောင်မပစ်ရတာက အကြောင်းမဟုတ်ဘူး၊ မဆင်မခြင် ပစ်လိုက်လို့ တစ်ယောက်ယောက်ထိသွားရင် မလွယ်ဘူး၊ ကဲပါ, အခုမပစ်ရပေမယ့် ညတော ပစ်ရဖို့ ကျုပ်တာဝန်ယူပါတယ်၊ တွေ့တဲ့ အကောင်သာ ရအောင်ပစ်ပါဗျာ"

"ရအောင်ပစ်ဖို့အတွက်တော့ မပူပါနဲ့ ဦးဘအေးရေ၊ ကျုပ်လူလက်က တစ်ချက်တစ်ကောင်၊ အဲ အဲ. . . တစ်ချက်တစ်ကောင်ဆိုတာ မနက်က သက်သေပြထားပြီလေ"

ကျွန်တော်က ဒရယ်အသည်းတုံးတစ်တုံးကို ဇွန်းနှင့်ကော်ရင်း ကိုယ့်လူဘက်က ရဲရဲအာမခံပေးလိုက်သည်။

"ဒါဆို ဒီညသမင်ပေါက်ကြီးတွေ ပစ်ရမယ့် သေချာပေါက်နေရာမောင်းဖို့ လိုက်ရသေးတာပေါ့"

ကျွန်တော်တို့အဖွဲ့ ည ၉နာရီလောက်မှ အိမ်ကထွက်ခဲ့ကြသည်။

ဦးဘအေးက လှည်းမောင်းပြီး ကျွန်တော်က မီးကိုင်လျက် ကိုသန်းထွန်းကို သေနတ်ပစ်တာဝန် ပေးလိုက်သည်။ လှည်းက ရွာအနောက်ဘက်ပေါက်မှ ထွက်ပြီး မြောက်ဘက်သို့ ဦးတည်မောင်းခဲ့ကြသည်။ ကျွန်တော်က တစ်လုံးထိုးသေနတ်ကို လှည်းပေါ်ချထားပြီး ဘက်ထရီမီးနှင့် ဆလိုက်ကို စမ်းလိုက်သည်။ စိတ်ကြိုက်ရမှ ရှေ့နောက်ပတ်ဝန်းကျင်ဝဲယာကို အကွက်စေ့စေ့ ရှာလိုက်သည်။ မီးရှာရာတွင် ကသိကအောက်တစ်ခုတော့ဖြစ်သည်။ ရှာမီးဝါယာကြိုးက တိုသဖြင့် မတ်တတ်ရပ်လက်မြှောက်၍ ရှာမရခြင်းပင်။

ရာသီမှာ တပို့တွဲလ ဖြစ်သဖြင့် အအေးဓာတ်က ညနက်လာသည်နှင့် အမျှ ပိုလာသည်။ နှင်းများကလည်း





www.burmeseclassic.com

www.burmeseclassic.com

တဖွဲဖွဲကျလာသဖြင့် မီးရောင်တောင် မှုန်ဝါးဝါးဖြစ်နေသည်။ တစ်ခုသော နှမ်းခင်းရိုးပြတ်ကွင်းတွင် မျက်လုံးဝင်းခနဲ တွေ့လိုက်ရသဖြင့် လှည်းကိုမောင်းခိုင်းလိုက်သည်။ သို့သော် ကြောင်ဘားကြီး ဖြစ်နေသဖြင့် ကိုသန်းထွန်းက မပစ်တော့ဘဲ ဆက်မောင်းခိုင်းလိုက်သည်။

ဦးဘအေးကတော့ လက်ဦးမှို့ ပစ်စေချင်သောဆန္ဒ ရှိသည်။ ကိုသန်းထွန်းကတော့ သူ့ (. ၃၀-၆၀)ရိုင်ဖယ်နှင့် အကောင်သေးတွေမပစ်ချင်ဟုဆိုသည်။ အကောင်သေးပစ် (. ၂၂)သေနတ်က အိမ်မှာထားပစ်ခဲ့သဖြင့် မပါလာခဲ့။

အကောင်လေး မပစ်ပါဘူးဆိုမှ တွေ့လိုက်သည့်ကြောင်တွေ, ယုန်တွေက ခဏခဏ။ ရိုင်ဖယ်ကြီးနဲ့မပစ်ချင်ပါက ကျွန်တော့်တစ်လုံးထိုးနှင့်ပစ်ရန်ပြောသော်လည်း သေနတ်သံကြောင့် အကောင်ကြီးတွေလန့်ကုန်မည်ဟု ကိုသန်းထွန်းက ဆိုသည်။ ဒါကြောင့် ဒီညအတွက် ယုန်၊ ကြောင်တွေ ကံကောင်းသွားကြသည်။

လှည်းက နှမ်းခင်းဟောင်းများကို ပတ်မောင်းသော်လည်း သားကောင်ကြီးက မတွေ့။ ဒါကြောင့် ပြောင်းဖူးခင်းများရှိရာသို့ ဦးတည်လိုက်လေသည်။ ပြောင်းခင်းများမှာ ခပ်ကျဲကျဲအတန်းလိုက် ရိုက်ထားသော အခင်းများဖြစ်သဖြင့် မီးရှာရသည်က အဆင်ပြေလှသည်။ တတိယပြောင်းခင်းသို့ ရောက်သောအခါ မျက်လုံးဝင်းဝင်းတွေ့သဖြင့် လှည်းကိုရပ်ခိုင်းပြီး ကိုသန်းထွန်းကို လက်တို့ အချက်ပေးလိုက်သည်။

ကိုသန်းထွန်းက ရိုင်ဖယ်ကို မောင်းအပြည့်ထိုးလိုက်ပြီး အရန်သင့် လုပ်ထားလိုက်သည်။ ကျွန်တော်က မျက်လုံးမြင်ရာသို့ မီးဝှေ့ကစားလိုက်ပြီး အထင်အရှားမြင်ရမှ မီးကိုစိုက်ထိုးပေးထားလိုက်သည်။ မီးထဲတွင် ဒရယ်ပေါက်ကြီးမှာ ပြောင်းဖူးစားနေသည်ကို ထင်ထင်ရှားရှားကြီးတွေ့နေရသည်။

ကိုသန်းထွန်းက သေနတ်ပြောင်းတန်းချိန်လိုက်သည်။သို့သော် အကောင်မြင်ကွင်း ပစ်ကွင်းက လှည်းဦးတိုက် နွားပေါ်က ကျော်ပစ်ရမည်ဖြစ်၍ နွားလန့်သွားမည်စိုးသဖြင့် မပစ်သေးဘဲ လှည်းကို ရွှေ့ကွေ့ခိုင်းလိုက်ရသည်။

နွားနှင့် လွတ်သွားသည်နှင့် မြင်ကွင်းက ကောင်လုံးပေါ် မဟုတ်တော့။ အပင်အရွက်တွေနဲ့ ကွယ်သွားပြီးနောက် မျက်လုံးဝင်းဝင်းသာ မြင်ရတော့သည်။ ဒါကြောင့် ကျွန်တော်က လှည်းနေရာ နည်းနည်းထပ်ရွှေ့ခိုင်းလိုက်သည်။

“မရွှေ့နဲ့ မရွှေ့နဲ့တော့၊ ရတယ် ရတယ်”ဟု ကိုသန်းထွန်းက ပြောပြော ဆိုဆို နေရာက ကုန်းကုန်းကွကွထလျက် အကောင်ရှိရာသို့ အမြန်ဆုံး ထိုးချိန် မောင်းဖြုတ်ချလိုက်တော့သည်။

သေနတ်သံက ဒိုင်းခနဲ မြည်ဟည်းသွားသော်လည်း သားကောင်က နေရာမှမရွှေ့၊ ပြူးကြောင်ကြောင်နှင့်ရှိနေဆဲ။ ဒါကြောင့် ကိုသန်းထွန်းက သူ့ သေနတ်ကို အမြန်ဆုံး ကျည်ခွံထုတ်၊ နောက်တစ်တောင့်ထိုးထည့်လိုက်သည်။ သို့သော် ကျည်ထုတ်မောင်းပြန်ထိုးသံ ဂလောက်ဂလက်ဟူသောအသံက ညယံတွင် ကျယ်လွန်းသဖြင့် သားကောင်မှာ တစ်ချီးတည်းပြေးဝင်ပျောက်ကွယ်သွားပါတော့သည်။ ကိုသန်းထွန်းမှာ အားမလိုအားမရ ကုန်းကုန်းကွကွနှင့် ဆက်မပစ်လိုက်ရဘဲ သေနတ်မောင်းကို ပြန်ချလိုက်ရပါတော့သည်။

“အသေချာ မျက်လုံးနှစ်လုံးကြား ချိန်ပစ်လိုက်တာပါ။ ဘယ်လိုလွဲသွားမှန်း မသိတော့ဘူး”

ကိုသန်းထွန်းက လွဲသွားသော ပစ်ချက်အတွက် မချင့်မရဲ မကျေမနပ်ဖြင့် သူ့ကိုယ်သူပြောလိုက်သည်။

ကျွန်တော်ကလည်း သေချာပေါက်အကောင် လွဲသွား မရလိုက်ခြင်းအတွက် ဦးဘအေးက အထင်သေးသွားမည်စိုးသဖြင့် . . .

“ဒီလိုပေါ့ဗျာ မမှန်တဲ့အခါ လွဲတာပေါ့၊ မုဆိုးတွေ ပစ်တိုင်းသာ၊ မှန်တိုင်းသာ ရကြရင် သားကောင်တွေ ရှိတောင်ရှိတော့မှာ မဟုတ်ဘူး၊ ကုန်လောက်ရောပေါ့” ဟု ကိုယ့်လူ ခံသာအောင် ပေါ့ပြက်ပြက် ပြောပေးလိုက်ရသည်။

“အခု ဒရယ်ကသေးလို့ ကြီးတဲ့ သမင်ကြမှ ရမှာ”

“ဟာ၊ ဒီဒရယ် ဘယ်သေးရမှာလဲ၊ သမင်မလောက်တော့ရှိတယ် ဆရာရ”

ဦးဘအေးက လှည်းကို ဆက်မောင်းရင်း ကျွန်တော့်စကားကို လက်မခံ၊ ခပ်မြန်မြန် ချေဖျက်လိုက်သည်။ ဒီနောက်တော့ ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သွားကြသည်။

လှည်းကလည်း ပြောင်းခင်းများကိုဖြတ်၍ စပါးခင်းများ၊ လယ်ကွင်းများဆီသို့ ဦးတည်သွားလိုက်ကြပြန်သည်။ စပါးပင်များက ဝင်းမှည့်နေကြပြီး အနှံများက ထောင်တာထောင်၊ လဲတာလဲနှင့် လေယူရာတိမ်း ယိမ်းကနေသည့် အသွင်။

“မီးဆရာရေ မီးအသေအချာရှာ၊ ဒီစပါးခင်းတွေမှာ သမင်တွေ အမြဲဝင်စားနေကြတာ၊ တစ်နေ့ညက ဦးစိုးမင်းတောင် ဒီအကွက်ထဲက သမင်တစ်ကောင် ပစ်ရခဲ့တာ”

သူ့စကားပင်မဆုံးသေး စပါးခင်းတစ်ဖက်အစတွင် သမင်မျက်လုံး လေးလုံးက မီးရောင်ထဲတွင် ဝင်းခနဲ တွေ့လိုက်ရသဖြင့် ဦးဘအေးအား သားကောင်တွေ့ရာသို့ လှည်းကိုပတ်မောင်းခိုင်းလိုက်ပြီး ကိုသန်းထွန်းကိုလည်း . . . “သမင်တွေ သမင်တွေ”ဟု တိုးတိုးသတိပေး ပြောလိုက်ရသည်။

လှည်းက သမင်များစပါးစားနေသည့်နေရာဆီသို့ ဦးတည်လျက် ဖြည်းဖြည်းချင်းမောင်းပေးနေသည်။ မီးသမား ကျွန်တော်ကလည်းသမင်များ၏အပေါ် အထက်အောက်ရှပ်၍ မီးကစားမြှူဆွယ်ထားလိုက်သည်။ သမင်များနှင့် ၂... ကိုက်လောက်အကွာ ရောက်သောအခါ လှည်းက ရှေ့ဆက်မောင်းလို့မရတော့



www.burmeseclassic.com

www.burmeseclassic.com

ယ်ကန်သင်း မြင့်မြင့်နှင့် ကိုင်းပင်ငံများက ခံနေသဖြင့် မြင်ကွင်းမှာ ပျောက်သွားသည်။ သမင်များကို မြင်ရ ခွာထောက်မီးထိုးနေရာက မတ်တတ်ထိုးလိုက်သောအခါ ကိုင်းပင်ကြားမှ အားကား သမင်ပေါက် တစ်ကောင်နှင့် အမတစ်ကောင်၏ ပြူးကျယ်သော မျက်လုံးဝင်းများကို အထင်းသားတွေ့နေရသည်။

ကိုသန်းထွန်းကို အချက်ပေးလိုက်သဖြင့်ကပျာကယာထ၍ သေနတ်ကို ချိန်လိုက်သည်။ သို့သော် မီးက အောက်၊ သေနတ်ကအထက် ဖြစ်နေသဖြင့် ချိန်သီးမမြင်ရ၍ပစ်မဖြစ်။ ဝါယာကြိုးတိုနေသဖြင့် မီးကိုလည်း ဒီထက်မြင့်မြှောက်ပြ၍က မရ။ ဒီတော့ ပစ်ရမယ့်သူမှာ ခွကျနေတော့သည်။

မတတ်သာသည့်အဆုံး လုပ်သလို မဖြစ်ရင် ဖြစ်သလို လုပ်သည့်သဘော။ ကိုသန်းထွန်းက ကုန်းကုန်းကွကွနှင့် သေနတ်ချိန်ရအောင် မီးအောက်ဝင်၍ချိန်နေသည်။ သူကြည့်ရသည်မှာ (POSITION)ပိုစေးရှင်းမကျ (EASY) အီးစီးမဖြစ်၊ ကုန်းကွကွကြီးဖြစ်နေသဖြင့် မပစ်သေးရန် သတိပေးမည်အလုပ် သေနတ်ထိပ်ဝက မီးပွင့်ထွက်သွားတော့သည်။

သေနတ်သံကတော့ အောင်မြင်သည်။ သို့သော် ကျည်ဖူးကတော့ သားကောင်၏မျက်လုံးများ အပေါ်မှ လေချွန်သွားပုံရသည်။

ဒါပေမဲ့ ကျွန်တော်က. . .

"ထိတယ် ထိတယ်၊ ဦးဘအေး ဆင်းချေဗျာ"ဟု မုသားသုံးလိုက်ရသည်။

ဦးဘအေးက အားရဝမ်းသာ ဓာတ်မီးကိုင်ပြီးဆင်းသွားရှာသည်။ ပစ်တဲ့နေရာ မီးတောက်ပြခိုင်းသဖြင့် လှမ်းပြပေးလိုက်ရသည်။

စပါးခင်းထဲ အတော်နှံ့အောင် ရှာပြီး တစ်ကိုယ်လုံး နှင်းတွေရွှဲနစ်လာမှ လက်လျှော့ပြီး တဟီးဟီးနှင့် လှည်းဆီ ပြန်ရောက်လာသည်။

"မတွေ့ခဲ့ဘူးလား၊ ဦးဘအေး အသေအချာ ရှာခဲ့ရဲ့လား"

"ပစ်တဲ့နေရာရော၊ ပတ်ဝန်းကျင်ရော နှံ့သွားတာပဲ၊ အကောင်ဝေးလို့ သွေးတောင်မတွေ့ခဲ့ရဘူး၊ လွဲသွားတာပဲ ဖြစ်မယ်"

"ဟာ၊ မီးရောင်ထဲမှာ မျက်စိကို လန်ပါသွားတာဥစ္စာ"

ကျွန်တော်က ဒုတိယမွိုလ်ကြွတ် မုသားစကား ဆိုလိုက်ရပြန်သည်။

"မျက်စိလန်သွားတာက မှန်လို့ မဟုတ်ဘူး၊ ကျည်ရှပ်သွားတာ၊ လန့်ပြီး နောက်ပြန်ခုန်လိုက်တာ နေမှာပေါ့၊ ဆရာသန်း ဘယ်နေရာချိန်ပစ်လိုက်တာတုံး"

"မျက်လုံး နှစ်လုံးကြား ချိန်ပစ်လိုက်တာပဲ ဦးဘအေးရ"

"ဒါဆို မမှန်တာသေချာပါတယ်၊ မှန်လို့ကတော့ နေရာကရွေ့တောင်ရွေ့နိုင်မှာမဟုတ်ဘူး၊ ဟိုနေ့က ဦးစိုးမင်း ပစ်လိုက်တဲ့အကောင်ဆို ထိတော့ တုံးခနဲ နေရာတင်ပဲ၊ ကိုင်း. . . ကိုင်း သွားကြမယ်"

ဦးဘအေးက ပြောပြောမောင်းမောင်း နွားကို ခပ်သွက်သွက်မောင်းထွက်လိုက်သည်။ ကျွန်တော်တို့လည်း ထိုင်ပြီး ငိုင်လိုက်ခဲ့ကြရသည်။ အချိန်က လင်းပိုင်းရောက်လာသဖြင့် နှင်းမှုန်များက ပိုကျလာပြီး အေးလှသည်။ ဦးဘအေးမှာ တစ်ကိုယ်လုံး ရွှဲစိုနေသဖြင့် တရှုံ့ရှုံ့နှင့် ချမ်းနေရှာသည်။

အတော်ကလေး လှည်းမောင်းမိမှ မီးရှာလိုက်ရာ သချိုင်းဂူများမြင်လိုက်ရသဖြင့် . . .

"ဟာ၊ ဒီသချိုင်းက ရွာနားက သချိုင်းမို့လား၊ လင်းပိုင်းလေး ဆက်မလည်တော့ဘူးလား ဦးဘအေးရ"

"ဟုတ်တယ်၊ ဒါ နေ့လယ်က တောမောင်းတဲ့သချိုင်းကုန်းပဲ၊ လင်းပိုင်းဆက်လည်ရင်လဲ အိပ်ရေးပျက်၊ မျက်ချေးထွက်ပြီး အအေးမိတာပဲ အဖတ်တင်မှာပါ။ အကောင်က ပစ်ရလဲ ရမှာမှမဟုတ်တာ၊ ကျုပ် ဆရာသန်း သေနတ်ပစ်ပုံမြင်တာနဲ့သိတယ်၊ ကုန်းကုန်းကွကွ အချိုးမကျနဲ့ ပစ်တာ ဘယ်မှန်မှာလဲ၊ မုဆိုးစာဆိုတောင် ရှိသေးတယ်မို့လား၊ မုဆိုးကုန်းကွ မစားရတဲ့. . .

ဟိုနေ့က ဦးစိုးမင်းတို့ ဦးဘညီတို့ နှစ်ယောက်ပစ်သွားတာ နှစ်ချက်ပစ် နှစ်ကောင်စလုံး ရကြတယ်၊ ဒီည နှစ်ကောင် နှစ်ချက် အပိုင်ကြီးတွေပစ်ရတာ တစ်ကောင်တောင် မရဘူးဆိုတော့ ဆက်လည်နေလဲ နွားပန်းလူပန်း အချမ်းပဲ အဖတ်တင်မှာမို့ လှည့်ပြန်ခဲ့တာ ဆရာရေ"

ဦးဘအေးက ကျွန်တော့်အမေးကို အားမနာတမ်း ပြန်ဖြေရင်း ခြုံထားသော ဘာဘူစောင်ကို ပြင်ခြုံလိုက်သည်။

သူ့ဘက်က သူ့အမြင်နဲ့သူ့ခံစားချက်ကို ပြောတာလည်း မှန်ပါသည်။ သို့ပေမယ့် တစ်ဖက်က ကိုသန်းထွန်းအတွက်တော့ သူ့စကားက မသက်သာ။ တစ်သက်လုံး အပွဲပွဲနွှဲခဲ့သမျှ လက်ဖြောင့်သည်ဟု နာမည်ကောင်းရခဲ့သော ဘွဲ့ထူးကြီးက ဒီတစ်ပွဲကျမှ ဆန့်ကျင်ဘက်ဖြစ်သွားရတော့သည်။

တကယ်တော့ ဒီကိစ္စ၏ဖြစ်ရပ်မှန်ကို ကြားလူကျွန်တော်ကသာ အသိဆုံးဖြစ်သည်။

ကောက်ချက်ချရမည် ဆိုပါလျှင် ဦးဘအေး ပြောသော မုဆိုးကုန်းကွ မစားရ ဟူသော စကားကလည်း မှန်ပါသည်။

မုဆိုးလုပ်သူ သေနတ်သမားများ သေနတ်ပစ်ရာတွင် (အထူးရိုင်ဖယ်ပစ်သူများ) POSITIONပိုစ်ရှင်းကျကျ မဟုတ်ဘဲ အချိုးမကျ ကုန်းကွကွ ပစ်ရပါက မှန်ခဲ၊ ရခဲသည်က အမှန်ပင်။

ဒီအကြောင်း ဒီကိစ္စကို ဝါရင့်မုဆိုး ကိုသန်းထွန်းလည်း မသိမဟုတ် သိပေမည်။ သို့သော် လက်တွေ့အခြေအနေမှာ ကိုယ်ဖြစ်ချင်သလို၊ ကိုယ်ပစ်ချင်သလို အခြေအနေက ပစ်၍မရ။



www.burmeseclassic.com

www.burmeseclassic.com

မီးဝါယာကြိုးက တိုနေသဖြင့် မတ်တတ်စန့်စန့်ထပစ်လို့ကလည်း ချိန်သီးမမြင်ရ။ ထိုင်ပစ်ရအောင်ကလည်း သားကောင်မမြင်ရ။ ဒီတော့ မြင်၊ ပစ်ရတဲ့နည်း ဖြစ်သလို ကုန်းကုန်းကွကွ ပိုစေးရှင်းမကျဘဲ ပစ်လိုက်ရခြင်းသာဖြစ်ပေမည်။

ဒီတော့ သေနတ်ပစ်သူကိုချည်း အဖြစ်ဆိုဖို့မလွယ်၊ တကယ်တမ်း အပြစ်ဆိုရမည်ဆိုပါလျှင် မီးဝါယာကြိုးသာ တရားခံဖြစ်ပေတော့မည်။ ဒီသဘောတွေကိုတော့ လက်တွေ့ကြုံဖူးသူ မုဆိုးချင်းသာ နားလည်ကြပေမည်။ ကျန်ပရိသတ်တွေက သိတတ်မြင်တတ်ကြမည်မဟုတ်။

ဘာပဲပြောပြော ဒီတစ်ပတ်အတွေ့အကြုံက ကျွန်တော့်အတွက် အမြတ်ရလိုက်သည်။ ဦးဘအေးပြောလိုက်သော မုဆိုးကုန်းကွ၊ မစားရဟူသော စကားပင်။

မှန်လည်း မှန်လောက်ပါသည်။ ကိုသန်းထွန်းလို နာမည်ကြီးလက်ဖြောင့်မုဆိုးပင်လျှင် ပုံစံမကျ ကုန်းကွကွ ပစ်လိုက်ရသဖြင့် မှန်သင့်၊ ရသင့်သော သားကောင်နှစ်ကောင်စလုံး မျက်မြင်ကိုယ်တွေ့ လွတ်ခဲ့ရသည် မဟုတ်ပါလား။

ကျွန်တော်တင်မဟုတ်၊ ကိုသန်းထွန်းလည်း နောင်တောပစ်တိုင်း ဦးဘအေး၏စကား မုဆိုးကုန်းကွ၊ မစားရဟူသော ဆောင်ပုဒ်ကို အမှတ်ရနေကြမည်ဖြစ်ပြီး ဘယ်သောအခါမှ ပုံစံမကျ ကုန်းကွကွပစ်ကြတော့မည်မဟုတ်သည်က အသေချာပင်ဖြစ်ပါတော့သတည်း။

**ရည်ရွယ်ချက်** - တက်သစ်စ မုဆိုးဝါသနာရှင်များ ပညာရယူနိုင်ကြပါစေတော့ရယ်လို့။

❐ **မန္တလာသား**

ကျွန်ုပ်၏ အဘွားလေး တော်သည် မှော်ဘီ အ. ထ. က(၁) ယခင်ကျောင်း (၁၉၆၂/၆၃)တွင် ကျောင်းအုပ်ဆရာမကြီးတစ်ဦးဖြစ်ခဲ့သည်။ ယခုအခါ အဘွားလေးမရှိတော့ဘဲ ကွယ်လွန်ပြီး မျိုးရိုးဆက် ကျောင်းဆရာ ဦးရွှေမင်း (မြန်မာ တိုင်းရင်းဆေးဆရာလည်းဖြစ်)သည် ရေကျော်သဲဖြူရွာတွင် နေထိုင်ပြီး ကျောင်းဆရာဘဝမှ အငြိမ်းစားယူပြီး ဆေးဝါးများကုသနေသည်။

ကျွန်ုပ်၏ အမေနှင့် မောင်နှမတော်စပ်သည့် ကျွန်ုပ်၏ဦးလေးဖြစ်သူ ဦးရွှေမင်း၏နေအိမ်ကို ရောက်ရှိလည်ပတ်မိလျှင် ကျွန်ုပ်က စာအုပ်စင်ကိုသာလျှင် မွှေနှောက်တတ်သည်။ ဦးလေးဦးရွှေမင်း၏ဖခင် (ကျွန်ုပ်၏အဘိုးလေး) ဦးလွန်းမောင်သည် မှော်ဘီဆရာသိန်းကြီး၏ တပည့်တစ်ဦးဖြစ်ပြီး အနီးကပ်နေထိုင်ခဲ့သူဖြစ်၍ မှော်ဘီ(တချို့က မှော်ပီဟု ခေါ်ဆိုရေးသား၏) ဆရာသိန်းကြီးကဲ့သို့ စာပေရေးသားမှတ်သားတတ်သည်။ ထိုအရာများကို ကျွန်ုပ်က မက်မော၍ ရောက်ရှိခိုက်တွင် ကျွန်ုပ်မွှေနှောက်မြဲဖြစ်သည်။

ထိုတစ်ခေါက်တွင် ကျွန်ုပ်မွှေနှောက်သောစာအုပ်ဟောင်းများထဲမှ မုခသိုက်ဟု မျက်နှာဖုံးတွင် လက်ရေးစာလုံးဖြင့် ရေးသားထားသော ကျောက်ဆူးတံဆိပ်၊ ကျောင်းသုံးဗလာစာအုပ်ကို တွေ့လိုက်၍ထုတ်ယူပြီး ကျွန်ုပ်မှအတော်ပင် ဝမ်းသာပီတိ ဖြစ်မိသွားသည်။ ဂမ္ဘီရ ဝတ္ထုဇာတ်လမ်း လက်ခံ ဖတ်ရှုနေချိန် သိုက်အကြောင်းပါသော စာကြောင်းကို တွေ့လိုက်မိ၍ပင် ဖြစ်သည်။

ကျွန်ုပ်စာအုပ်ကို ဖတ်ကြည့်မိသောအခါတွင် ကျွန်ုပ်မျှော်လင့်သော သိုက်သမိုင်း (ဥစ္စာစောင့်) မဟုတ်ဘဲ စာရေးကျမ်းပြုသူအမည်မပါ၊ ခုနစ်ပြည့်စုံအောင်မပါသော ဗျာဒိတ်၊ နိမိတ်၊ ဓာတ်၊ သိုက်၊ အတိတ်၊ တဘောင်၊ ဘဝေါ၊ စနည်းဆိုသောအကြောင်းများဖြစ်ပြီး လောကသင်္ကေတသမုတိပညတ်အကြောင်းမှတ်စုဟု ဖတ်လိုက်ရသည်။ ဒါလည်း တစ်နည်းအားဖြင့် မှတ်သားသိသင့်ရာ အကြောင်းများဖြစ်၍ သိမှတ်ကြစေရန် စေတနာအမှန်ဖြင့် ပြန်လည်ရေးသားလိုက်ရပါသည်။

**၁။ ဗျာဒိတ်**

ဗျာဒိတ်ဟူသည်မှာ အနာဂတံသ ဉာဏ်တော်ဆပွား သမ္ဗုဒ္ဓစက္ခုရှင် သဗ္ဗညုတ မြတ်စွာဘုရားရှင်တော်၏ နှုတ်တော်မှ ထုတ်မြွက်စကားတော်ကို ဗျာဒိတ်မြွက်ကြားခြင်း၊ ဗျာဒိတ်ပေးသည် ဟုခေါ်သည်။ ထို့အပြင် ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့သည်လည်း ဟောဖော်မြွက်ကြားတတ်သည်။

အနိယတဗျာဒိတ်တော်သည် ဘုရားလောင်းနုစဉ်ဘဝ ဆုပန်သောကာလ၊ မည်သည့်အလောင်းလျာပင်ဖြစ်စေ အစကာလဦးရရှိသော ပွင့်ထွန်းသည့် ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်သူမြတ်တို့၏ နှုတ်မြွက်အကြိုးစကားသည် အနိယတဗျာဒိတ် ဟုခေါ်သည်။ ဒီပင်္ကရာမြတ်စွာဘုရားရှင်တော်သည် သုမေဓာရှင်ရသေ့ကို ပေးခဲ့သော ဗျာဒိတ်သည် အနိယတဟုခေါ်သည်။

**၂။ နိမိတ်**

နိမိတ်ဟူသည်မှာ ကာမာဝစရနတ်ဘုံ၌ ဥပပါတ်ပဋိသန္ဓေနှင့် ဖြစ်တည်ကြကုန်သော နတ်သား၊ နတ်သမီးတို့သည် မိမိတို့ကုသိုလ်ကံကုန်ဆုံး၍ နတ်သက်ကြွေ(ခြွေရန်) နီးသောအချိန်တွင် နတ်တို့၏ အဆင်တန်ဆာအဝတ်အစားတို့သည် အရောင်အဆင်း ညှိုးမှိန်ညှိုးနွမ်းလာခြင်း၊ တစ်နေ့လျှင် မျက်တောင်သုံးကြိမ် သုံးခါခတ်ခြင်း(နတ်တို့နည်းတူကမ္ဘာ့ဗိုဒ္ဓိရှိသူတို့သည် မျက်တောင်မခတ်) လက်ကြားမှ ချွေးထွက်ခြင်း (နတ်တို့သည် ချွေးထွက် မောပန်းခြင်း မရှိ)



www.burmeseclassic.com

www.burmeseclassic.com

ဦးတိသက်ကြွေရမည့် နတ်သား၊ နတ်သမီးတို့ကိုပြသော နိမိတ်ဖြစ်သည်။

လူပြည်တွင် ဘုန်းကံတန်ခိုးရှိသော ရဟန်းသံဃာ၊ မင်းဧကရာဇ် အကြီးအကဲ၊ မိဖုရား မှူးမတ် ပညာရှိ သူသူတော်ကောင်းများအတွက်ပြသော နိမိတ်သည် ဥက္ကာကြွေခြင်း၊ ကြယ်ကြွေခြင်း မြေလျှင်လှုပ်ခြင်း၊ တော်လည်းသံမြည်ခြင်း၊ နေကြတ်ခြင်း၊ လကြတ်ခြင်း၊ တိမ်များလွင့်ပျံခြင်း၊ တိမ်တံခွန်ဖြစ်ခြင်း၊ နက္ခတ်တာရာများ ညှိုးနွမ်းဖောက်ပြန်ခြင်း အရောင်အဆင်းညှိုးမှိန်ခြင်း၊ ဂြိုဟ်သွားဂြိုဟ်လာမမှန်ခြင်း၊ ကျီးပြိုခြင်း (သန့်အော်ခြင်း)၊ တောခွေး၊ အိမ်ခွေးများအူခြင်းတို့ ဖြစ်ခြင်းသည် မကောင်းသော နိမိတ်ဖြစ်သည်။

သူတော်ကောင်းများ၊ နိုင်ငံအကြီးအကဲများအတွက် မကောင်းခြင်း၊ တိုင်းပြည်အတွက်မှာမူ ကောင်းခြင်း၊ ဆိုးခြင်းတို့ကို နက္ခတ်တာရာ၊အခါရာသီ၊ ဂြိုဟ်ခွင် စသည်တို့ကို တတ်သိသောသူတို့နှင့် တိုင်ပင်ညှိနှိုင်း၍ နိမိတ်ကောက်ရသည်။

တောနေတိရစ္ဆာန်ရိုင်းများ မြို့ရွာအတွင်း ဝင်ရောက်လာခြင်း၊ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် ပြေးလွှားလာခြင်း၊ မြူရှင်ခုန်ပေါက် ဝင်ရောက်လာခြင်း၊ ဆင် ကျား မြွေ သမင် ဒရယ် ချေ(ဂျီ) ဆတ် ပြောင် ငှက်မျိုးစုံ လူကိုအန္တရာယ်ပြုနိုင်သောသတ္တဝါများ၏ အနေအထိုင် အနည်းအများတို့ကိုကြည့်၍ ဖြစ်ပျက်လာမည့်အကြောင်းကို တွေးတောနိုင်သည်။ တစ်ခုချင်းစီကို ပိုင်းခြား၍ နိမိတ်ကောက်ယူနိုင်သည်။

ထို့အပြင် ဆန်စပါးများ အစို့အညှောက်ပေါက်၍ လေ၌လွင့်ပျံခြင်း (စပါးအတောင်ပေါက်၍ ကောင်းကင်ပျံသည်ဟု ခေါ်သည်)၊ တောကြက်အိမ်မွေးကြက်များ၏အမြီးသည် ကောက်ကွေးနေခြင်းမှ တစ်ဖြောင့်တည်းဖြစ်၍ သွယ်တန်းခြင်း (ကြက်မြီးတန်းခြင်းဟု ခေါ်သည်)၊ တော်လည်းသံမြည်ခြင်း (အရပ်ဒေသမသိပါဘဲ အသံမြည်ခြင်း) သည် နိမိတ်မကောင်းဟု မှတ်ယူသည်။

၃။ ဓာတ်

ဓာတ်ဆိုသည်မှာ ပါပ၊ သူရဿ၊ အမြိတ္တ၊ ကောလီ၊ မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ်ဖြစ်သောအိုးအိမ်ဌာန မိမိနေရပ်ဒေသနေရာထိုင်ခင်း၊ မိမိပိုင် အိုးအိမ်အဆောက်အအုံအတွက် ဓာတ်ဆန်း၊ ဓာတ်စုတ်၊ ဥပါဒ်ဆန်းများကို သိနားလည်တတ်ကျွမ်းသူများနှင့် တွက်ချက် မေးစမ်းသိနိုင်ရန်ပြုခြင်းကို ဓာတ်ဟုခေါ်သည်။





www.burmeseclassic.com

www.burmeseclassic.com

မာတိ၏အခြေခံမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတို့ ဆိုသည်မှာ မာတ်မာအခံသဘော ဖြစ်သည်။

## ၄။ သိုက်

သိုက်ဆိုသည်မှာ နှုတ်မှထွက်ပေါ်လာသောအသံကို သိုက်ဟု ရှေးလူကြီးများ၊ ပညာရှင်များ၊ ဂမ္ဘီရလိုက်စားသူ(ဂမ္ဘီရကိုသိသူ)တို့မှ ခေါ်ဆိုခဲ့သည်။ နောက်တစ်နည်းမှာ နှုတ်ထွက်အသံကို မုခသိုက်ဟုလည်း အသံ၏ အပျော့၊ အမာ၊ တုန်ခါမှု အတိုးအကျယ်ကို နားထောင်၍ သိုက်ဟူ၍ခေါ်ဆိုကြသည်။ မုခသိုက်ဟုဆိုရခြင်းတွင် နတ်မုခသိုက်၊ လူမုခသိုက်ဟူ၍ ခွဲခြားထားရှိပြီး ကွဲပြားခြားနားထားသည်။

### (က) နတ်မုခသိုက်

နတ်တို့၏ ကောင်းသောစကားကိုပြောဆိုခြင်းအတွက် နတ်မုခသိုက်ဟုဆိုသည်။ ထိုအကြောင်းမှာ မြတ်စွာဘုရားရှင် မပွင့်ထွန်းမီ နှစ်ပေါင်း ရှစ်သောင်းသောအချိန်ကာလက လောကဗျူဟာနတ်သားသည် ရှင်မြူးကြည်လင်သောမျက်နှာ၊ သာယာသောအသံတို့ဖြင့် . . .

"လောက ဝေနေယျသတ္တဝါတို့ ဝမ်းမြောက်ကြပါ၊ နောင်နှစ်ပေါင်း ရှစ်သောင်းသောအချိန်ကာလတွင် မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူမည်" ဟု လှည့်လည်အော်ဟစ် ကြွေးကြော်လေသည်။ ထို့ပြင် ကျန်သည့်နတ်အပေါင်းတို့ကိုလည်း ဝိုင်းဝန်းကြွေးကြော်ကြပါဟု စေခိုင်း၏။ ထိုအကြောင်းကို ကောင်းသော နတ်မုခ ဟုခေါ်သည်။

### (ခ) မကောင်းသောနတ်မုခသိုက်

ထိုလောကဗျူဟာ နတ်သည်ပင် ကမ္ဘာကြီးမပျက်စီးမီ အချိန်နှစ်ပေါင်း တစ်သိန်းသောကာလက လောကဗျူဟာ နတ်ကောင်းကပင် ကျန်နတ်အပေါင်းတို့ကို စုဝေးခေါ်ယူပြီး. . .

"ဝေနေယျသတ္တဝါအပေါင်း၊ လူတို့အပါအဝင် ပြဟ္မာစိုရ်ကရားပွားများကြပါ၊ ကောင်းမှုကုသိုလ်ပြုကြပါ၊ ငါးပါးသီလလုံခြုံအောင် စောင့်ထိန်းကြပါ"

ဆိုသောစကားကို လောကဗျူဟာ နတ်သားကိုယ်တိုင်နှင့် ကျန်နတ်အပေါင်းတို့ကပါ မရှင်မပျသော အမူအရာတို့နှင့် ပြောရသောစကား၊ အန္တရာယ်ကျရောက်မှုအကြောင်းကို ပြောရခြင်းကြောင့် မကောင်းသော နတ်မုခသိုက် ဟုခေါ်ဆိုလိုက်သည်။

### (ဂ) လူမုခသိုက်

လူမုခသိုက် ဆိုသည်မှာ မည်သည့်အကြောင်းတရားကိုဖြစ်စေ၊ မဖြစ်မီက ကြိုတင်ပြောနေခြင်းမျိုး။ ဥပမာ စကြာမင်းမပေါ်မီက "စကြာမင်းပေါ်မည်"ဟု ကောလာဟလ ပြောဆိုခြင်း၊ မဖြစ်သေးသောအကြောင်းကို ဖြစ်လာတော့မည်ကဲ့သို့ ချဲ့ထွင်ပြောဆိုခြင်း၊ တစ်ဦးတစ်ယောက်က ပြောလိုက်သော စကားသည် တစ်စစ တဖြည်းဖြည်း အပြောများ၍ အများပြောလာသော စကားဖြစ်သွားခြင်း၊ စကားကိုးကား၍ ပြောဆိုခြင်းကို လူမုခသိုက် ဟုခေါ်သည်။

### (ဃ) လူနတ်မုခသိုက်

နောင်ဘယ်နှစ် ဘယ်ကာလကျလျှင် သာသနာတော် ပို၍စည်ပင်လာမည်။ မြတ်စွာဘုရားရှင် ဟောကြားခဲ့သောတရားတော်ကြီးမှာ ပြန်လည် ပေါ်ထွန်းလာပြီး လူတို့ကြားနာရမည်ဟု နတ်နှင့်လူပါ အတူတကွရော၍ပြောခြင်းကို နတ်လူမုခသိုက် ဟုခေါ်သည်။

### (င) အယူတော်မင်္ဂလာမုခသိုက်

နောက်ထပ်၍လည်း ရှိသည့် တစ်မျိုးမှာ အယူတော်မင်္ဂလာမုခသိုက် ဖြစ်သည်။ သဘင်၊ ကချေသည်၊ကလေး၊ သူရူး ထိုသုံးမျိုး၏စကားကို အယူတော်မင်္ဂလာမုခသိုက်ဟုခေါ်သည်။သဘင်၊ ကချေသည်၊ အရူးတို့သည် အမှတ်တမဲ့ ပြောလိုက်သောစကားကိုလည်း အယူတော်မင်္ဂလာဖြစ်သည်။ တစ်နေရာရာတွင် လူမြင်သာအောင် စာနှင့်ရေးသားခြင်းကိုလည်း အယူတော်မင်္ဂလာမုခသိုက်ဟုခေါ်သည်။ ထိုကလေး၊ သဘင်၊ ကချေသည်၊ သူရူးတို့၏စကားနှင့် အပြုအမူကိုပင် တဘောင် ဟုလည်းခေါ်သည်။

## ၅။ စနည်း

စနည်း ဟူသည်မှာ အကျင့်၊ သီလ၊ သမာဓိ၊ ငါးပါးသီလ လုံခြုံစွာ စောင့်ထိန်းသောသူတစ်ဦးတစ်ယောက်သည် မှန်ကန်သောသစ္စာကိုဆို၍ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ အဆောက်အအုံ၊ အိမ် တို့ကို စောင့်ကြပ်သော၊ ကောင်းသော နတ်ပုဂ္ဂိုလ်တို့ကို အသိပေး၍ မေတ္တာပို့အမျှအတန်းဝေပြီး မြို့ရွာလူသူတို့၏ အဖြစ်အပျက်၊ အုပ်ချုပ်သော ဘုရင်အကြီးအကဲ မှူးမတ်တို့၏ ကောင်းကြောင်း၊ ဆိုးကြောင်း သတင်းစကားကို ကြားနာရလေအောင်၊ သိလိုသမျှ သတင်းစကားကြားရအောင် ညလူခြေတိတ်ချိန်၊ အိပ်စက်အနားယူချိန်တွင် မြို့ရွာတွင်း လမ်းအသွယ်အကြိုအကြားတို့၌ဖြစ်စေ အများသူငါ ခရီးသွားတို့ နားခိုရာဇရပ်၊ တန်ဆောင်းတို့တွင် သွားလာ၍ သတင်းစကားကို နားထောင်ခြင်းသည် စနည်းဖြစ်၏။

## ၆။ အတိတ်နှင့်ဘဝေါ

အတိတ်နှင့်ဘဝေါ ဆိုသည်မှာ ဘဝေါနှင့်အတိတ်တွင် အကြောင်းတရားရှိခြင်းအတွက် အကျိုးတရားဖြစ်မှုကို ဆိုခြင်းဖြစ်ပြီး နိမိတ်နှင့်ဆင်တူသည်။ ဗလိဟာတိတ္ထုံကျမ်း၌လည်း ထိုကဲ့သို့ပြဆိုထားသည်ကို လေ့လာမှတ်သားရဖူးသည်။

ထိုမြန်မာမှုများသည် သိသင့်မှတ်သားသင့်သည်ဟု ကျွန်ုပ်သည် မော်ဘီ ရေကျော်ရွာ သဲဖြူရွာကိုရောက်စဉ် အဘိုးလေးထားခဲ့သော စာအုပ်စာတမ်းများမှ မှတ်၍ သိမီသမျှကိုပါ ဖြည့်စွက်၍ စေတနာအမှန်ဖြင့် သိစေကြောင်း ပွားများလိုက်ရပါသည်။

❒ စိုးထင်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓံ ဓမ္မံ သံဃံ

# (မြိတ်) တိုင်းရင်းဆေးဆရာကြီး ဦးကျော်စိုး
## သမားမှတ်ပုံတင်အမှတ် ခ/၆၈၃၂
## ကင်ဆာ မြစ်ပွားနာအထူးကု (ပါရဂူဘွဲ့ရ)
## (အပွားမေတ္တာ)တိုင်းရင်းဆေးကုခန်း



ဘိုးစဉ်ဘောင်ဆက်မှ ဆင်းသက်လာသော ဆေးပညာအမွေကို ဆက်ခံပြီး ရောဂါဝေဒနာခံစားနေရသည့် ခုနစ်ရက်သားသမီးများအား စေတနာမေတ္တာအရင်းခံပြီး ကယ်တင်ကုသပေးလျှက်ရှိပါသည်။ ကီမိုသွင်းသည့်လူနာနှင့် ဓါတ်ရောင်ခြည်ပေးထားသည့်လူနာများလည်း ကုသနိုင်ပါသည်။ လူနာရှင်များအနေဖြင့် ဆေးကုသရာတွင် ဆရာနှင့်ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

### သက်သာပျောက်ကင်းနိုင်သော ရောဂါများ

သားအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ ပါးစောင်ကင်ဆာ၊ ကျောက်ကပ်နလုံး၊ အူမကြီးကင်ဆာ၊ ဆီးကျောက်တည်၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ သွေးကင်ဆာ၊ စီပို၊ ဘီပို၊ လေးဘက်နာ၊ သားအိမ်နှင့်ပါတ်သက်၍ အဖြူဆင်းခြင်း၊ သွေးပုပ်ကျခြင်း၊ သားအိမ်ခေါင်းတွင်ဖြစ်တတ်သော ဂေါ်ဘီပန်းပွင့်ကဲ့သို့ဖြစ်ခြင်း၊ ကြွက်နို့ကဲ့သို့ဖြစ်ခြင်းများကို သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။

ဆေးခန်းဖွင့်ချိန် - နေ့စဉ်နံနက်(၇း၀၀)နာရီမှ ညနေ(၄း၀၀)နာရီထိ (ပိတ်ရက်မရှိ)
ဆေးခန်းလိပ်စာ - အမှတ်(ခ) ၉/၄ ၊ ညောင်ပင်သာလမ်း၊ ဆုံရှည်ကုန်းကျေးရွာ ၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
လမ်းညွှန် - ၁၂၄၊ ၂၀၂၊ ၄၈(အထူး)၊ ၁၀၁၊ ၈၅၊ ၇၉၊ ၈၆ လော့်ကား ကားများစီး၍ သံဖြူဆိုင်မှတ်တိုင် ဆင်းပါ။
ဆက်သွယ်ရန်ဖုန်း - ၀၉-၄၉၃၁၉၃၆၈ ၊ ၀၉-၇၃၂၄၅၉၇၂၊ ၀၉-၃၁၀၈၂၆၀၇



www.burmeseclassic.com

www.burmeseclassic.com



# မော်ကျွန်း

# ရင်ငွေ့ • • • ဝေး

အခန်း(၁)

"မေမေ မေမေ ဈေးရောင်းကောင်းရင် လွယ်အိတ်အသစ်တစ်လုံး ဝယ်ပေးပါလား မေမေ၊ သားလွယ်အိတ်က (၁)တန်းကတည်းက လွယ်အိတ်နော် မေမေ၊ တော်တော်ဟောင်းနေပြီ မေမေရဲ့"

မမြနု အကြော်ကြော်ရင်း သားဖြစ်သူ၏ စကားကို ကြားယောင်နေမိခြင်းဖြစ်ပါသည်။ မှန်သည်။ မကြာမီ ကျောင်းက ဖွင့်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သားကို ကျောင်းအပ်ပြီးပြီဖြစ်သော်လည်း ကျောင်းဝတ်စုံအသစ်က မရှိ။ သားလေးက အလိုက်သိစွာဖြင့် ဝတ်စုံအတွက် မပူဆာ။ အတော်ပင် ဟောင်းနွမ်း၍ လွယ်မဖြစ်လောက်သော လွယ်အိတ်အတွက်သာ ပူဆာခြင်းဖြစ်သည်။

မမြနု သက်ပြင်းဖွဖွလေးချရင်း ပွက်ပွက်ဆူနေသော ဆီထဲက အကြော်များ ဆယ်ယူလိုက်သည်။ ပြီး ရရှိသော ငွေလေးများကို ရေတွက်လိုက်၏။

"အင်း ကျောင်းဖွင့်ဖို့ နှစ်ရက်ပဲ လိုတော့တာပဲ၊ အင်း ဒီအထဲက အရင်းကိုနုတ်၊ စားဖို့ဖယ်လိုက်ရင် အင်းလေ ငါ့သားလေးအတွက် မဖြစ်ဖြစ်အောင်တော့ ဝယ်ပေးရမှာပဲ၊ စုထားတာလေးနဲ့ဆို သိပ်တော့ မလိုလောက်တော့ပါဘူးလေ၊ ရောင်းဖို့ အကြော်လဲ ကျန်သေးတာပဲ၊ ဝတ်စုံဖိုးမရတောင်မှ ငါ့သားလေးလိုချင်တဲ့ ကျောပိုးအိတ်ဖိုးတော့ ရမှာပါလေ"

တစ်ကိုယ်တည်း တွေးတောရင်း ပိုက်ဆံထည့်သော အိုးလေးထဲ အစီအရီ ပြန်ထည့်လိုက်၏။ ကျန်ရှိနေသေးသော မုန့်နှစ်များကို ခပ်ကာ ဆီပူထဲ အကြော်အဖြစ် ဖန်တီးလိုက်လေသည်။

"အစ်မ မြနု၊ ရောင်းကောင်းလား"

"ဟော ထွေးထွေးပါလား၊ အင်း ပုံမှန်ပါပဲ ထွေးထွေးရယ်"

"ဒါဆို ဘယ်ဆိုးလို့လဲ"

"အေးဟယ်၊ ဆိုးတော့ မဆိုးပါဘူး၊ ဒါပေမဲ့ ငါက ပုံမှန်ထက်ပိုပြီး ရောင်းရချင်တာ ထွေးထွေးရဲ့"

"အို . . . ဘာဖြစ်လို့"

"ဘာဖြစ်ရမလဲ ထွေးထွေးရယ်၊ ကပါ ထိုင်ပါဦး၊ အင်း မကြာခင်မှာ ကျောင်းက ဖွင့်တော့မှာလေ၊ ငါ့သားလေးအတွက် လွယ်အိတ်ရယ်၊ ကျောင်းဝတ်စုံလေးရယ် ဝယ်ပေးချင်လို့ပါ ထွေးထွေးရယ်"

မမြနုနှင့် ထွေးထွေးတို့သည် ဈေးရောင်းစားရသူချင်းလည်းဖြစ်၊ ညီအစ်မဝမ်းကွဲလည်းတော်စပ်သူများဖြစ်ပါသည်။ ယခု မမြနု၏စကားနှင့် ညှိုးရော်သွားသောမျက်နှာကြောင့် ထွေးထွေး စိတ်မကောင်းဖြစ်မိသည်။ သို့သော် မမြနုက ရေနစ်သူဆိုပါလျှင် ထွေးထွေးက ရေမကူးတတ်သူ ဖြစ်နေလေသည်။ ထို့ကြောင့် သက်ပြင်းချလိုက်မိ၏။

"ငါ့အတွက်တော့ စိတ်မကောင်းမဖြစ်ပါနဲ့ ထွေးထွေးရယ်၊ ဩော် ဒါနဲ့ ထွေးထွေးကော ဈေးရောင်းမထွက်ဘူးလား"

"ထွက်မှာပေါ့ အစ်မရဲ့၊ အခုမှ သွားမှာလေ၊ ထွေးတို့ရောင်းတဲ့နေရာက သိပ်ပြီး အစောကြီးသွားဖို့ မလိုဘူး အစ်မရဲ့"

"ဩော် ဟုတ်လား"

"ဟုတ်တယ် ဒီကနေ ၁၀ နာရီလောက်မှ သွားရင် အတော်ပဲ၊ ဟာ



www.burmeseclassic.com

www.burmeseclassic.com

အင်း အခုမှ စဉ်းစားမိတယ်၊ ဒီလိုလုပ်ပါလား အစ်မမြနုရဲ့"

ထွေးထွေးက တစ်ခုခုကို စဉ်းစားမိသွားဟန်ရှိ၏။ မမြနုက "ဘယ်လိုပါလိမ့်" ဟူသော အတွေးဖြင့် နားစွင့်နေသည်။

"အစ်မ မြနုက ပုံမှန်ထက်ပိုရောင်းချင်တယ်ဆိုတော့ ဒီနေရာမှာက နေ့တိုင်း ဒီရပ်ကွက်က ဒီဖောက်သည်တွေချည်းပဲ မဟုတ်လား၊ ဒီတော့ မနက်ဖြန်ကျရင် ထွေးကွမ်းယာရောင်းတဲ့ ဘုရင့်နောင်ကားဝင်းထဲမှာ လိုက်ရောင်းပါလား၊ ဟိုမှာက အကြော်ဆို ဘယာကြော်ပဲ ရောင်းတဲ့သူရှိတယ် အစ်မရဲ့"

"ဟယ် သိပြီ၊ အစ်မလို အကြော်စုံရောင်းတဲ့သူ မရှိဘူးဆိုပါတော့"

"ဟုတ်တယ် အစ်မမြနုရဲ့ ဒီမှာထက် ပိုရောင်းရမှာ သေချာတယ်"

ထွေးထွေးစကားကြောင့် မမြနုတစ်ယောက် မီးပျက်ညလယ်တွင် လျှပ်စီးလက်ဘိသကဲ့သို့ ခေါင်းထဲ လက်ခနဲဖြစ်သွား၏။ ရင်ထဲတွင်လည်း အားရှိသွားသလို ခံစားလိုက်ရသည်။

"တကယ်ပဲလား ထွေးထွေးရယ်၊ ငါ အားတက်လိုက်တာဟယ်"

"အို တကယ်ပေါ့အစ်မရဲ့၊ ဒီနေ့အဆင်သင့်လုပ်ထား မနက်ဖြန် ၁၀ နာရီလောက် ထွေး ဝင်ခေါ်မယ်၊ ဘယ့်နှယ့်လဲ"

"ကောင်းတယ် လိုက်ရောင်းမယ် ထွေးထွေးရယ်၊ ကျေးဇူးလဲ တင်ပါတယ်ဟယ် တကယ်ပါ"

"ရပါတယ် အစ်မ မြနုရယ်၊ ညီအစ်မချင်းတွေပဲ ကျေးဇူးတင်စရာမလိုပါဘူး၊ ကဲ ထွေးသွားတော့မယ်"

"အေးအေး ထွေးထွေး သွားသွား"

အနားက ထွက်ခွာသွားသော ထွေးထွေးကျောပြင်ကိုကြည့်ကာ မမြနုကျေးဇူးအထူးတင်နေမိသည်။ ရင်ထဲတွင်လည်း ပီတိအပျော်တွေနှင့်။

❖

## အခန်း(၂)

မမြနုနှင့် ထွေးထွေး တို့သည် ဤရွာမရပ်ကွက်သူများမဟုတ်။ နယ်မြို့ကလေးတွင် မွေးဖွားခဲ့သူများ ဖြစ်၏။ ထွေးထွေးမိဘများက ရေကြည်ရာမြက်နုရှာရင်း သည်ရပ်ကွက်တွင် အခြေချနေထိုင်သည်မှာ ကြာပြီ။

မမြနုက ပြောင်းလာသည်မှာ မကြာသေး။ ထိုသည်မှာလည်း ဆွေမျိုးရင်းချာမရှိသော မမြနုအဖို့ ထွေးထွေးတို့ မိသားစုသည်သာ ဆွေမျိုး၊ ထွေးထွေးတို့ မိသားစုသည်သာ အားထားရာဖြစ်၍ ပြောင်းလာခဲ့ခြင်း ဖြစ်သည်။

မမြနု ဘဝက ရှေးကံမွဲခဲ့သူပါလေ။ မိဘနှစ်ပါးကလည်း မရှိတော့သလို ချစ်လင် ကိုမောင်တင့်ကလည်း သုံးနှစ်အရွယ်သားလေးနှင့် မမြနုကို စိတ်ချစွာ ထားခဲ့ပါသည်။ သူကတော့ တမလွန်ခရီးစဉ်ကို အပြီးနှင်သွားချေ၏။ နယ်မြို့ကလေးတွင် ဆွေမျိုးရင်းချာက မရှိ၍ ဆွေမျိုးတော်စပ်သော ထွေးထွေးတို့ရှိရာ လိုက်လာခဲ့ရခြင်းပင်။

သားလေး မောင်မိုးထက်၏ ရှေ့ရေးအတွက် ကြည့်ပါကလည်း နယ်မြို့ကလေးထက်စာလျှင် ရန်ကုန်မြို့ကြီးတွင် ပို၍ တိုးတက်ဖို့ရာ ရှိသည်ဟု တွက်ဆမိသောကြောင့် ဖြစ်သည်။

အသက်နှစ်ဆယ်ကျော် မုဆိုးမအသစ်ကလေးအဖို့ ရုပ်ရည်ကလေးကရှိပြန်သောအခါ တစ်ပင်ထူရန် ကမ်းလှမ်းသူများ ပေါလှ၏။ ရုပ်ရည်ကြောင့် ကမ်းလှမ်းသူရှိသလို စေတနာ၊ မေတ္တာဖြင့် စောင့်ရှောက်လို၍ ကမ်းလှမ်းသူလည်းရှိသည်။ ဘယ်လိုပင်ရှိစေ မမြနုက မစဉ်းစား။ သားလေးအတွက် ဖခင်အတုမလိုလား။ ပထွေးဟူသော ဝေါဟာရအောက်တွင် သားလေးမိုးထက်ကို မျက်နှာမငယ်စေလို။ ထို့ကြောင့် မိမိသာလျှင် ဖခင် မိမိသာလျှင် မိခင် အဖြစ် အချစ်တွေ ပုံပေးခဲ့သည်။ သားလေး မိုးထက်ကလည်း လိမ္မာ၍ ဘယ်ခရီးလှမ်းရစေ ပန်းသည်ဟု မထင်ခဲ့ပေ။

ထို့ကြောင့်လည်း အလိမ္မာသားကလေး လိုသမျှ ဖြည့်ဆည်းပေးရန် အစဉ်ကြိုးစားလျက်ရှိသော မမြနုသာ ဖြစ်ပါသည်။

ယခုဆိုပါလျှင် သားလေးမိုးထက်၏ အသက်က(၁၀)နှစ်ထဲ ရောက်နေပြီး ပဥ္စမတန်း တက်ရတော့မည်။ သားလေးဘက်ကတော့ တာဝန်ကျေသည်။ တစ်နှစ်တစ်တန်းအောင်သည်။ ပညာရည်ချွန်ဆုတွေ ရသည်။ မမြနုအကြော်ရောင်းက ပြန်လာတိုင်း‥

"မေမေ မောလားဟင်၊ ရော့ မေ့မေ ရေအေးအေးသောက်ပြီး အမောဖြေလိုက်ပါမေမေ" ဟု အမြဲဆီးကြိုတတ်သည်။ အိပ်ရာဝင်တိုင်းလည်း "မေမေ ညောင်းနေမှာပဲနော်" ဟူ၍ နင်းနှိပ်ပေးတတ်ပါသည်။ ထိုသို့ လိမ္မာသော သားလေးအတွက် မမြနုဘက်က တတ်နိုင်သမျှ တာဝန်ကျေချင်သည်။

ယနေ့တော့ မမြနု ကျေနပ်စွာ ပြုံးနိုင်ခဲ့ပါပြီ။ ထွေးထွေးကျေးဇူးကြောင့် ကားဝင်းထဲ ဈေးရောင်းခွင့်ရခဲ့သည်။ ထွေးထွေးပြောသည့်အတိုင်း ကိုယ့်ရပ်ကွက်တွင် ရောင်းရသည်ထက် နှစ်ဆပိုရောင်းရသည်။ မနက်ဖြန်မနက် ဝတ်စုံအသစ်၊ လွယ်အိတ်အသစ်နှင့် ကျောင်းတက်ရမည့် သားလေး၏မျက်နှာကို မှန်းဆကြည့်ရင်း ကြည်နူးပီတိဖြစ်နေရခြင်း ဖြစ်ပါသည်။

မမြနု အပျော်စိတ်ကြောင့် ရောင်းရငွေများကို တုန်ရီသောလက်ဖြင့် ပြန်သိမ်းလိုက်၏။

"အစ်မမြနု ဘယ်လိုလဲ အခြေအနေ"

"ဗုဒ္ဓေါ မြတ်စွာဘုရား"

ကိုယ့်အတွေးနှင့်ကိုယ် ပျော်နေမိသည်ဖြစ်၍ ထွေးထွေး အနားရောက်လာသည်ကိုပင် သတိမထားမိ။ အသံကြားလိုက်မှ တုန်ခနဲ လန့်သွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"လန့်လိုက်တာ ထွေးထွေးရယ်၊ ဟဲ အခြေအနေကတော့ ကောင်းယ် ထွေးထွေးရေ၊ ညည်းကို အစ်မ တွေးပူတင်တယ် သိလား"

"လာပြန်ပြီ ကျေးဇူး၊ အစ်မမျက်နှာ အခုလိုမြင်ရတာကိုပဲ ထွေးက ဝမ်းသာလှပါပြီ၊ အခြေအနေကောင်းဖို့က အရေးကြီးတာ၊ ကဲ အစ်မမြနု မုန့်ကုန်ပြီ မဟုတ်လား၊ သိမ်းလိုက်တော့ ပြီးရင် ဒီနေရာမှာပဲ စောင့်နေ၊ ထွေးလဲ ကွမ်းယာခုံတွေ သိမ်းပြီး သွားအပ်ထားခဲ့ဦးမယ်၊ ခဏစောင့်"

"သြော် အေးအေး သွားသွား"

ထွေးထွေး လှည့်ထွက်သွားသောအခါ မမြနုလည်း ပစ္စည်းပစ္စယများကို သိမ်းကာ ဆွဲခြင်းကြီးထဲ အစီအရီ ထည့်နေပါတော့သည်။

အခန်း(၃)

နေဝန်းကြီးက အနောက်ဘက်တွင် တိုးဝင် မှေးမှိန်သွားလေသည်။ ကားဝင်းထဲတွင်လည်း တစ်စတစ်စ လူကရှင်းရှင်းလာ၏။ မမြနု ဆွဲခြင်းကြီးကို ရှေ့ချကာ ထွေးထွေး အလာကို စောင့်နေခြင်း ဖြစ်သည်။ ထိုင်လိုက်ထလိုက်ဖြင့် ထွေးထွေးကို မကျေနပ်ချင်တော့။ ကွမ်းယာခုံသိမ်းပြီး အပ်နေသည်မှာ ကြာလှသည်ဟု ထင်မိသည်။

"အစ်မ စောင့်နေရတာ ညောင်းနေပြီလား"

အနောက်ဘက်က ပေါ်လာသောအသံကြောင့် ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

"ကြာလိုက်တာ ထွေးထွေးရယ်၊ အခုလောက်ဆို ငါ့သားလေးက မျှော်နေလောက်ပြီ ထွေးထွေးရဲ့"

"ပြော မပြောချင်ပါဘူး အစ်မမြနုရယ်၊ သိမ်းနေကာမှ ဗူးတွေနဲ့ ငါဆယ် ယာပေးနေရလို့လေ၊ စိတ်မရှိပါနဲ့ အစ်မရယ်၊ ကဲလာ သွားမယ်"

"ထွေးထွေးတူက မအေကို မျှော်ပြီးစိတ်ပူနေမှာ မိုးကချုပ်တော့မယ်လေ၊ တစ်ခါမှ အခုလို နောက်မကျဖူးဘူး ထွေးထွေးရဲ့"

နှစ်ယောက်သား လမ်းမကြီးဆီ လျှောက်လာရင်း ပြောနေခြင်း ဖြစ်သည်။ လမ်းမရောက်သောအခါ လိုင်းကားနှင့် အသင့်တိုးလေ၏။ အခြားခရီးသည်များနည်းတူ အတင်းတိုးဝှေ့တက်လိုက်ကြ၏။ ကားပေါ်တွင် ထိုင်စရာရဖို့ မဆိုထားနှင့် ဈေးဆွဲခြင်းများ ချထားဖို့ပင် အတော်ကြိုးစားရသည်။ မတတ်နိုင်၊ လိုရာခရီးရောက်ဖို့ရန်သာ အဓိကဖြစ်၍ မတ်တတ်သာစီးခဲ့ရလေတော့သည်။

"ထွေးထွေးရယ် နင်ဘာပဲပြောပြော နင့်ကိုငါ တကယ်ကျေးဇူးတင်တယ်သိလား၊ မနက် ကျောင်းချိန်မရောက်ခင် ငါ့သားလေးအတွက် လွယ်အိတ်တစ်လုံးနဲ့ ဝတ်စုံတစ်စုံ ဝယ်ပေးနိုင်တော့မယ်လေ၊ ဒီအတိုင်းဆို နောက်သုံးလေးရက်လောက်မှာ နောက်ထပ်ဝတ်စုံတစ်စုံနဲ့ ဖိနပ်တစ်ရန် ဝယ်ပေးနိုင်မှာပဲ ထွေးထွေးရေ"

"အစ်မရယ် အစ်မ အဆင်ပြေတယ်ဆို ထွေးက ဝမ်းသာပါတယ်၊ ထွေးက နှုတ်၏စောင်မခြင်းလောက်ပဲ ကူညီနိုင်တာပါ အစ်မရယ်"

စကား တပြောပြောဖြင့် ရွာမှတ်တိုင်ရောက်လာခဲ့ကြသည်။

နှစ်ဦးသား လူကြားထဲ ခက်ခက်ခဲခဲတိုးကာ ဆင်းလိုက်ကြရ၏။ ဆင်းပြီးသောအခါ . . .

"ထွေးထွေးရေ ငါတော့ လမ်းကူးပြီဟေ့"

"ဟော အစ်မမြနု နေ နေဦးလေ ဟောဟိုမှာ ကား. . ."

"ဟယ်"

"ကျွီ"

"ဒုတ်"

"အား"

ထွေးထွေး သတိပေးသံ မဆုံးလိုက်။ အဖြစ်က မြန်လွန်းလေသည်။ "သား မျှော်နေရော့မယ်" ဟူသော စိတ်ဇောဖြင့် အလောတကြီး လမ်းဖြတ်ကူးလိုက်သော မမြနု။ အရှိန်နှင့် မောင်းလာသော ပါပလေကာကားလေးကို ဂရုမစိုက်မိ။

ကားက အချိန်မီ ဘရိတ်အုပ်လိုက်နိုင်သော်လည်း မမြနု ရုတ်တရက် လန့်ကာ ပက်လက်လန်လဲကျသွားခြင်းပင်။

"ဟော ကားတိုက်ပြီဟေ့"

"အစ်မ အစ်မ အစ်မမြနု"

အသံမျိုးစုံနှင့်အတူ ထွေးထွေး၏ ခေါ်သံကို မမြနု မကြားတစ်ချက်ကြားတစ်ချက်ဖြစ်နေ၏။ ခေါင်းထဲ မူးဝေနောက်ကျိနေသော ဝေဒနာကြောင့် ဖာစ်ချက် တစ်ချက် သတိပင်လွှတ်ချင်နေသည်။

"အစ်မမြနု အစ်မမြနု အစ်မ"

"ဒီကားသမားကလဲကွာ ဘာအရေးကြီးလို့ ဒီလောက်မိုင်ကုန်နင်းလာရတယ် မသိဘူး"

"ဆောရီးပါရှင့် ဆောရီးပါ၊ ကျွန်မ အနူးအညွှတ်တောင်းပန်ပါတယ်၊ ဒီက ညီမရဲ့ အခြေအနေကို ကြည့်ပြီး လုပ်သင့်လုပ်ထိုက်တာ ကျွန်မ အကုန်လုပ်ပေးပါ့မယ်ရှင်၊ ကျွန်မသားလေး ဆေးရုံတင်ရမယ့် အခြေအနေကြောင့် အိမ်က ဖုန်းဆက်လို့ပါ၊ ဒါ့ကြောင့် သားဇောကပ်ပြီး မောင်းလာမိတာပါရှင်"

"ဟင် သား၊ သားလေး"

ထွေးထွေးနှင့် အခြားလူများ ပွေ့ထူ လှုပ်ခေါ်စဉ်က မျက်လုံးက ဖွင့်မရ၊ ပြန်ထူချင်သော်လည်း မမြနုနှုတ်ဖျားလေသံက ထွက်မလာ။ ကားမောင်းသူ အမျိုးသမီးထံမှ "သား" ဟူသော အသံကြောင့် မမြနုတစ်ကိုယ်လုံး အားအင်များ ပြည့်သွားသလိုရှိကာ နာကျင်မူးနောက်နေသောဝေဒနာနှင့် ခေါင်းက သွေးစို့ဒဏ်ရာတို့ကို မေ့ပျောက်သွားလေသည်။

"ကား ကားဆရာရယ်၊ ကျွန်မသားလေး မျှော်နေရော့မယ်ဆိုတဲ့ စိတ်နဲ့ ဘေးဘီမကြည့်ဘဲ လမ်းဖြတ်ကူးမိ



www.burmeseclassic.com

www.burmeseclassic.com

တာပါ၊ ကျွန်မ အမှားပါ၊ ကျွန်မ သွားတော့မယ်နော်"

"ကားဆရာ မဟုတ်ပါဘူး ညီမရယ် အစ်မပါ၊ ခဏနေပါဦး ခေါင်းမှာ သွေးစို့နေတယ် ခဏကြည့်ပြီး လိုအပ်ရင် ဆေးရုံကို ပို့ပေးပါ့မယ်၊ ဆေးရုံမလိုလဲ ဆေးခန်းပေါ့ ညီမရယ်၊ အစ်မ တာဝန်ယူပါတယ်"

"အို နေပါစေ၊ ဆေးခန်းတွေ ဆေးရုံတွေ သွားမနေတော့ပါဘူး၊ ကျွန်မသားလေးက အိမ်မှာတစ်ယောက်တည်းရယ်၊ ကျွန်မလဲ ခေါင်းထဲ နည်းနည်းပဲ မူးတာပါ၊ ဘာမှ မဖြစ်လောက်ပါဘူးရှင်"

မမြနု ပြောရင်း ထွက်သွားဟန်ပြင်သည်။ ရပ်ကွက်လူကြီးက ဆတ်ခနဲ လက်ကို ဖမ်းဆုပ်ကာ. . .

"ဟဲ့ မြနု ခဏနေလိုက်ဦး၊ ကတ္တရာလမ်းနဲ့ နင့်ခေါင်းနဲ့ ဆောင့်ထားတာ အရှိန်ကပြင်းတယ်၊ ပေါ့လို့ မရဘူး၊ သူကလဲ လိုအပ်ရင် ဆေးရုံ ဆေးခန်းပို့ပေးပါ့မယ်ဆိုတာကို"

ထိုအခါမှ မမြနုကိုယ်ရှိန်သတ်လိုက်၏။

"အမှန်က ကားနဲ့ ကျွန်မကို မထိမိပါဘူးရှင့်၊ ကျွန်မဟာ ကျွန်မ လန့်သွားပြီး လဲကျသွားတာပါ"

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ညီမရယ်၊ အစ်မကားကြောင့် ဖြစ်ရတာဆိုတော့ အစ်မမှာ တာဝန်ရှိပါတယ်၊ ဒါကလဲ အစ်မသားလေးကို ဆေးရုံတင်ရမှာမို့ ကားကို အရှိန်ပြင်းပြင်းမောင်းလာမိတာပါ"

"ရပါတယ် အစ်မကြီးရယ်၊ သားဇောကြောင့်ဆိုတော့ ကိုယ်ချင်းစာပါတယ်၊ သွားပါတော့ ကျွန်မ ဘာမှ မဖြစ်ပါဘူး"

"အစ်မ မြနုကတော့ ဖွတ်ပြောနေပြန်ပါပြီ၊ ဒီလောက် အရှိန်ပြင်းပြင်း ပစ်ကျထားတာကို"

ထွေးထွေးက မချင့်မရဲ ပြောလိုက်ခြင်းပင်။

"ဒါဖြင့်လဲ ဒီလိုလုပ် ညီမရယ်၊ နေဦး. . ရော့ လောလောဆယ် ပိုက်ဆံ နှစ်သောင်းယူထားလိုက်ပါ၊ ဆေးခန်း ပြချင်ပြပါ၊ ဓာတ်မှန်တွေဘာတွေရိုက်ပါ၊ ဒီမှာက ဖုန်းနံပါတ်နဲ့ လိပ်စာပါ၊ လိုအပ်တဲ့အချိန် ဆက်သွယ်ပေါ့ ညီမရယ်"

"ဟာ နေ နေပါစေ အစ်မကြီးရယ် မယူပါရစေနဲ့"

"ဟာ အစ်မမြနုကလဲ ယူထားလိုက်လေ၊ ဆေးခန်းပြမှ ဖြစ်မှပေါ့၊ ဘယ့်နှယ်မယူရမှာလဲ ယူထားလိုက်"

"ဟုတ်ပါတယ် ညီမရယ် ယူထားလိုက်ပါ၊ အစ်မမှာလဲ အရေးကြီးနေလို့ပါ"

"ဒီမှာ မြနု ယူထားလိုက်လေ၊ တကယ်လို့ ဆေးခန်းတွေ ဆေးရုံတွေမှာ မကုန်ရင် နောက်တော့ ပြန်ပေးရင်ပေး၊ အခုတော့ ယူထားလိုက်"

ရပ်ကွက်လူကြီး၏ စကားအဆုံး မမြနု အားတုံ့အားနာဖြင့် ယူထားလိုက်၏။

"ကျေးဇူးပါပဲ ညီမရယ်၊ မလိုအပ်အပ် လိုအပ်အပ် ပြန်မပေးလိုက်ပါနဲ့ ဆေးဖိုးဝါးခ မလိုရင်လဲ လိုအပ်တဲ့နေရာ သုံးပါ၊ ကဲ အားလုံးကိုလဲ ကျေးဇူးပါရှင် သွားခွင့်ပြုကြပါဦး"

"ဟုတ်ကဲ့၊ ကျွန်မလဲ ကျေးဇူးတင်ပါတယ်"

ပါပလေကာ ကားလေးက စက်နှိုးကာ ထွက်သွားလေသည်။ အနီးနားက လူများလည်း ကိုယ်လိုရာထွက်သွားကြလေပြီ။ မမြနုနှင့် ထွေးထွေးတို့ကတော့ ဒေါက်တာဗိုလ်သံဏီ ဆေးခန်းရှိရာ ထွက်လာခဲ့လေသည်။ ထိုသည်မှာလည်း ထွေးထွေး၏ အတင်းဖွတ်ဆွဲခေါ်ခဲ့သောကြောင့် ဖြစ်ပါတော့သည်။

## အခန်း(၄)

"ကဲ ငါ့နှမ လောလောဆယ် နောက်စေ့က ဒဏ်ရာကို ဆေးထည့်ပေးမယ်၊ မနာမကျင်အောင် မကိုက်အောင် ဆေးတစ်လုံးထိုးပေးလိုက်မယ်၊ ပြီးရင် သောက်ဆေးလဲ ပေးမယ်၊ ငါ့နှမကို မောင်နှမလိုခင်လို့ ဆရာ အကြံပေးမယ်နော်၊ ဒါမျိုးက သိမ်မွေ့တယ်၊ ကိုယ်က အပေါ်ယံလို့ ထင်ရပေမယ့် ဦးခွံတွေ ဘာတွေအက်ပြီး ဦးနှောက်ထဲ သွေးယိုစီးရင် အန္တရာယ်ကြီးတယ်၊ ဒီတော့ ဓာတ်မှန်သွားရိုက်ပါနော် ငါ့နှမ"

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ ရိုက်ပါ့မယ်"

ဒေါက်တာဗိုလ်သံဏီက နားဝင်အောင် ပြောပြကာ လိုအပ်သော ထိုးဆေး၊ စားဆေးများဖြင့် ပြုလုပ်ပေးလိုက်ပါသည်။ ဆေးခန်းအပြင် ရောက်သောအခါ . . .

"ဟဲ့. . ထွေးထွေး ငါအကြံရပြီ သိလား"

"ဘာအကြံလဲ အစ်မမြနုရဲ့"

"ဒီလိုလေဟာ ငါက ဘာမှဖြစ်တာမှ မဟုတ်တာ၊ ဒီတော့ ဒီငွေကို မနက်ဖြန်ရင် ငါ့သားလေးအတွက် လိုအပ်တာ အကုန်ဝယ်ပေးမယ်၊ ဟို အမျိုးသမီးက ပြန်ပေးစရာမလိုဘူးတဲ့"

"ဟာ အစ်မမြနုကလဲ လုပ်ချလိုက်ပြန်ပြီ၊ ဓာတ်မှတ်မရိုက်လို့ကတော့ မဖြစ်ဘူး အစ်မ၊ အစ်မသားလေး ပြန်ခေါ်ပြီး ဓာတ်မှန်သွားရိုက်မယ်"

"အမယ်လေး ထွေးထွေးရယ် ငါက ကာယကံရှင်ပါအေ၊ ငါမှ ဘာမှ မဖြစ်တာ ဘာလို့ အပိုကုန်ခံပြီး ရိုက်ရမှာလဲ၊ ကဲပါ ထွေးထွေး မိုးလဲချုပ်လှပြီ သားလေး စိတ်ပူနေလောက်ပြီ"

ဘယ်လိုမှ ပြောမရသည့်အဆုံး ထွေးထွေးကသာ စိတ်လျှော့လိုက်ရတော့သည်။ အိမ်ရောက်သည်ထိ ဘာစကားမျှ မပြောဖြစ်ကြတော့။

"သားရေ သားလေးမိုးထက် အမေပြန်လာပြီ သားရေ"

မမြနုအသံကြောင့် အိမ်ပေါက်ဝတွင် ငုတ်တုတ်ကလေးခေါင်းငုံ့နေရာမှ သားဖြစ်သူ မိုးထက် ဆတ်ခနဲ ခေါင်းထောင်ကာ ပြေးထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

"မေမေ စိတ်ပူလိုက်ရတာ မေမေရယ်၊ ဘာဖြစ်လို့ နောက်ကျနေတာ လဲဟင်"

မိုးထက် အမေးစကားကို ထွေးထွေးက ပြောမည်အပြု . . .

"ဟဲ့ ထွေးထွေး သွားတော့လေ၊ နင့်အိမ်ကလဲ မျှော်နေရောပေါ့၊ သားရေ ဒီနေ့ ဈေးရောင်းကောင်းတာတော့ မပြောမနေပါနဲ့တော့ကွယ်၊ ဒါကြောင့် နောက်ကျသွားတာ၊ ဟော မနက်ကျ သား ကျောင်းမသွားခင် လွယ်အိတ်ရယ်၊ ကျောင်းဝတ်စုံရယ်၊ ထီးရယ်၊ ဖိနပ်ရယ် ဟော ထမင်းချိုင့်လေးရယ် အမေ ဝယ်ပေးမှာသားရဲ့၊ သား ဝမ်းသာဘူးလား"

"ဗျာ တကယ်လားမေမေ"

"အို တကယ်ပေါ့ သားရယ်"

"ဟာ အရမ်းဝမ်းသာတာပေါ့ မေမေရယ်၊ အင်း ဒါပေမဲ့ သိပ်တော့ ဝမ်းမသာချင်ဘူး မေမေရာ"

"ဟင် ဘာဖြစ်လို့"

"ဘာဖြစ်ရမလဲ မေမေရဲ့၊ ဒါတွေဝယ်ဖို့အတွက် ဒီချိန်ထိ ဈေးရောင်းရတဲ့ မေမေဟာ သားအတွက် အရမ်းပင်ပန်းတာပေါ့"

သားဖြစ်သူစကားကြောင့် မမြနု ပင်ပန်းသမျှနှင့် ခေါင်းကဝေဒနာပင် ပျောက်ကင်း သက်သာသွားရသည်။ ထို့ကြောင့် သားဖြစ်သူကို ရင်ခွင်ထဲ ဆွဲသွင်းကာ အားပါးတရ မွှေးကြူလိုက်ပါသည်။ သားဖြစ်သူ၏ ပါးပြင်ကို နမ်းရသည်မှာလည်း မမြနုအတွက် ခွန်အားတွေ တိုးသလို ခံစားရ၏။

"အမေ့သားလေးက အရမ်းလိမ္မာတာပဲ၊ ဒီလို အရမ်းသိတတ်လိမ္မာတဲ့ သားအတွက် မေမေက အသက်ပေးရတောင် ကျေနပ်စွာ ပေးမှာပါသားရယ်" ဟု စိတ်ထဲကတွေးရင်း။

## အခန်း(၅)

မမြနု နိုးနေကျအချိန် ပုံမှန်နိုးနေသော်လည်း ရုတ်တရက်မထချင်။ ခေါင်းထဲတွင် ခါတိုင်း နိုးလာသလို မကြည်လင်။ နောက်ကျိကျိ မှုံနောက်နောက် ဖြစ်နေ၏။

"အို မထချင်လို့ မဖြစ်သေးပါဘူးလေ"

ကိုယ့်ကိုယ်ကိုယ် သတိပေးရင်း ကိုယ်ပေါ်က စောင်ကိုခွာကာ ထလိုက်ရာ ခေါင်းထဲက မိုက်ခနဲ ဖြစ်သွား၍ အသာထိုင်ချလိုက်ရသည်။မထ၍လည်း မဖြစ်။ ထုံးစံအတိုင်း မနက်စာ၊ ညစာအတွက် ထမင်းဟင်းချက်ရဦးမည်။ ပြီးယနေ့ သားလေးက ကျောင်းတက်ရမည်။ ဈေးဖွင့်ချိန်တွင် လိုအပ်သည်များ သားအတွက် ဝယ်ရဦးမည်။ အစီအရီကိစ္စများကိုတွေးရင်း အားတင်း၍ထကာ လုပ်စရာရှိသည်များ လုပ်ရန် ပြင်ဆင်ရတော့သည်။

တဖြည်းဖြည်း မိုးက လင်းလာချေပြီ။ မကြာမီ ထမင်းဟင်းများလည်း ချက်ပြုတ်၍ပြီးတော့မည် ဖြစ်သည်။

"သားရေ အမေနဲ့သား ခဏနေရင် ဈေးသွားကြမယ်ဟေ့"

"ဟုတ်ကဲ့ မေမေ"

အိမ်မှုကိစ္စများ ပြီးစီးသောအခါ သားအမိနှစ်ယောက်သား ဈေးတွင်းရှိ အထည်တန်းထဲဝင်လိုက်ကြသည်။ သားအတွက် ကျောင်းဝတ်စုံ နှစ်စုံနှင့် လွယ်အိတ်၊ ဖိနပ် အစရှိသည်များကို ဝယ်လိုက်သည်။ သားဖြစ်သူကျေနပ်ပျော်ရွှင်နေပုံကို ကြည့်ကာ မမြနု အနှိုင်းမဲ့ပီတိများ ဖြစ်ရ၏။

အိမ်ပြန်ရောက်လာသောအခါ သားကျောင်းသွားနိုင်ရေးအတွက် ပြင်ဆင်စီမံပေးလေသည်။ သားကိစ္စပြီးလျှင် ဈေးရောင်းထွက်ဖို့ ဆက်လက်ပြင်ဆင်ရဦးမည် ဖြစ်သည်။

"မေမေ သားသွားတော့မယ်နော်၊ တာတာ့ မေမေ"

"အေးအေး တာ့တာ၊ တာ့တာ"

မမြနု သားကိုလက်ပြနှုတ်ဆက်ရင်းမှ သား၏ကျောပြင်လေးကို ကြည့်ကာ ကြည်နူးကျေနပ်နေလေသည်။

တဖြည်းဖြည်း သားလေးက မြင်ကွင်းထဲက ဝေးဝေးသွားသလို မမြနု မျက်စိများက အမြင်များ ဝါးဝါးလာသည်။ ခေါင်းထဲတွင် တရိပ်ရိပ်မူးလာသည်။ မျက်စိကို ပွတ်သပ်ပြီး ခေါင်းကို အသာအယာခါလိုက်ရာ တုံးခနဲ လဲကျသွားပါတော့သည်။

"အစ်မ အစ် အစ်မ မြနု ဘာဖြစ်တာလဲ"

ထွေးထွေးရောက်လာပြီး ပြေးပွေ့ရင်း ခေါ်မေး မေးနေခြင်းဖြစ်သည်။ မမြနုကတော့ မလှုပ်တော့ပါ။ ပြန်၍လည်း မထူးနိုင်တော့ပါ။ တစ်ကိုယ်လုံး ပျော့ခွေကာ ငြိမ်သက်နေလေပြီ။

"အစ်မ မြနု အစ်မ"

ထွေးထွေး ပါးစပ်က ခေါ်ရင်း လက်ကသွေးကြောကို စမ်းကြည့်သည်။ နှလုံးခုန်သံကို ကပ်နားထောင်ကြည့်သည်။ လက်ကလေးနှင့် နှာခေါင်းဝကို ကပ်ကာ လေကိုစမ်းသည်။ ထွေးထွေး သိလိုက်ပြီ။

"အမယ်လေး ဖြစ်မှ ဖြစ်ရလေ အစ်မရယ်၊ ဓာတ်မှန်ရိုက်ဖို့ပြောတော့ ဘာမှ မဖြစ်ပါဘူးတဲ့၊ သားအတွက် အကြောင်းရှာပြီး ခေါင်းမာခဲ့တဲ့အစ်မရယ်၊ အခုတော့ အစ်မ သိပ်ချစ်တဲ့သားလေး ကျောင်းက ပြန်လာရင် ထွေး ဘယ်လိုပြောရမှာလဲ အစ်မရဲ့"

ထွေးထွေး ငိုသံကြောင့် အိမ်နီးနားချင်းများ စုပြုံရောက်ရှိလာကြသည်။ ထိုအချိန်၌ ထွေးထွေး နားထဲကြားယောင်နေသည်က . . .


"ငါ့နှမ မောင်နှမလိုခင်လို့ ဆရာအကြံပေးမယ်နော်၊ ဒါမျိုးက သိမ်မွေ့တယ်၊ ကိုယ်ကအပေါ်ယံလို့ထင်ပေမယ့် ဦးခွံတွေဘာတွေအက်ပြီး ဦးနှောက်ထဲ သွေးယိုစီးသွားရင် အန္တရာယ်ကြီးတယ်၊ ဒီတော့ ဓာတ်မှန်သွားရိုက်လိုက်ပါနော် ငါ့နှမနော်"ဟူသော ဒေါက်တာဗိုလ်သံမဏိ၏ စကားများသာ ဖြစ်ပါတော့သည်။

❐ မော်ကျွန်းရဲခိုင်



www.burmeseclassic.com

www.burmeseclassic.com



# တောမီးလောင်ချိန်

စောမဥ္ဇူ(မြောက်ပိုင်)

"မေမေရေ. . နွယ်နွယ်နဲ့ တွေ့ခဲ့တယ်၊ မနိုဝယ်လာတာတဲ့၊ မနိဈေးကလဲ တက်သွားပြန်ပြီတဲ့၊ အစိတ်ကို နှစ်ထောင် ဖြစ်သွားပြီ၊ ငွေမလောက်လို့ သမီးဆီက ခဏယူသွားတယ်"

ဈေးကပြန်လာသော သမီးက ဈေးခြင်းတောင်းချရင်း ပြောသည်။ အိုဖြစ်မှ ဖြစ်ရလေ။ ဈေးတက်တာကလည်း မြန်လှချေလား။ မနေ့ကတောင် အစိတ်ကို ထောင့်ခုနစ်ရာဟု ကြားလိုက်သေးသည်။

နွယ်နွယ်သည် အိမ်သို့ နွားနို့လာပို့သည့် ကလေးမလေးဖြစ်၏။ ဆင့်ဆင့်တို့ရပ်ကွက်နှင့် အတော်လှမ်းသော ရပ်ကွက်မှ ဖြစ်လေသည်။ ဈေးတောင်ဘက် ဝါးမနိရောင်းသော ဆိုင်များရှိသဖြင့် လာဝယ်ခြင်း ဖြစ်ဟန်တူလေသည်။ ယခုအချိန်သည် နာဂစ်မုန်တိုင်းကြောင့် လူတိုင်း ကိုယ့်အိုးကိုယ့်အိမ်ကိုယ့်နေရာကလေးကို ပြုပြင်ကြချိန်ဖြစ်၏။ အိမ်ဆောက်ပစ္စည်းမှန်သမျှဈေးတက်နေချိန်ပင်။

တော်ပေသေး၏။ ဆင့်ဆင့်တို့အိမ်သည် သွပ်မိုးများ ကြွရုံသာရှိ၏။ သွပ်မိုးလန်ကြသော၊ သွပ်မိုးများလွင့်စဉ်ကုန်ကြသော အိမ်များကြသည်ဖြစ်၍ တော်သေးသည်ဟု ဆိုနိုင်သော်လည်း နာဂစ်ဆိုင်ကလုံးမုန်တိုင်း၏ မွှေနှောက်ချက်ကိုတော့ ဆင့်ဆင့်တို့လည်း ခံလိုက်ရသည်ပင်။

"ဟင် သွပ်မိုးကြွတာတွေကို သံနဲ့လိုက်ပြီး ရိုက်ပေးတာကို ငါးထောင်ဟုတ်လား၊ များလိုက်တာ ဟယ်"

ကြွသည့် နေရာကလေးများကို သံနှင့် ရိုက်ရုံကို ငါးထောင်ဟုဆို၍ တအံ့တသြဖြစ်ရသည်။ တစ်ခုတော့ရှိသည်။ သံကတော့ သူ့သံနှင့် သူရိုက်ပေးသည်။

"အမယ်လေး မရွှေဆင့်ရယ်၊ ငါးထောင်များတယ်ဆိုလဲ မလုပ်နဲ့လေ၊ ဒါတောင် ဒီနေ့လာမလုပ်ပေးနိုင်ဘူး၊ နက်ဖြန်မှတဲ့ ခင်ဗျ၊ လုပ်ပေးမယ့်လူကို မနည်းတောင်းတောင်းပန်ပန်ခေါ် ရတာ၊ သူ့မှာ ရပ်ကွက်တွေများလွန်းလို့ ခင်ဗျား မလုပ်ဘူးဆိုလဲ ရတယ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ဟုတ်လား၊ ငါးထောင်ဆို ခင်လဲ ခေါ်ခဲ့ပါ ခေါ်ခဲ့ပါ"

ခင်ပွန်းသည် စကားဆုံးသည်နှင့် ဆင့်ဆင့် ပျာပျာသလဲ ဖြစ်သွားသည်။ ဖြစ်လို့လည်းမရ။ နောက်ဆက်တွဲ လျှောက်လှုပ်မည်ဆိုသည့် သတင်းများက လည်း ကြားနေရသည်ကိုး။ နာဂစ်မုန် တိုင်းမွှေလို့ လွင့်မထွက်ရှာသည့် သွပ် မိုးများ လျှော်ကြောင့် လွင့်ထွက်ကုန် လျှင် မခက်ပါလား။ ငါးထောင်နှမြော နေ၍ မဖြစ်။

"ကြုံဖူးပါဗျာ ကြုံဖူးပါ၊ ကျုပ် တစ်သက် အခုမှပဲ လူတွေရဲ့ လောဘ စိတ်၊ အတ္တစိတ်၊ မတော်လောဘတွေ ကြုံရတော့တယ်"

အိမ်အမိုးတစ်ခြမ်းသွပ်ပြားများ လန်ထွက်ကုန်သော ခြေရင်းအိမ်မှ ဦးမြ မောင်အသံကြောင့် ဆင့်ဆင့်ခင်ပွန်းက လှမ်းမေးသည်။

"ဘာဖြစ်လို့လဲဗျို့ ကိုမြမောင်"

"ဘာဖြစ်ရမလဲဗျာ၊ သံတစ်ဆယ် သား ထောင့်ရှစ်ရာဆိုလို့ မြောက် ဥက္ကလာဘက်က ဈေးချိုတယ်ပြောတာ နဲ့ သွားဝယ်တာ"

ကိုမြမောင်က ခြေကုန်လက်ပန်း ကျလာပုံနှင့် ဆင့်ဆင့်တို့ အိမ်ရှေ့တန်း သွားကလေးတွင် ဝင်ထိုင်လိုက်သည်။ ဆင့်ဆင့်က အလိုက်သိစွာ ရေနွေးကြမ်း ခနကလေး ချပေး၏။

"မရခဲ့ဘူးလား"

"ရခဲ့ပါ့ ရခဲ့ပါ့၊ ထောင့်ရှစ်ရာ များတယ်ထင်လို့ မြောက်ဥက္ကလာသွား ဝယ်တာ နှစ်ထောင့်ငါးရာတဲ့ဗျာ"

"ဟင် နှစ်ထောင့်ငါးရာ ဟုတ် လား တစ်ဆယ်သားကို နှစ်ထောင့်ငါး ရာတဲ့လားရှင်"

"ဟုတ်တယ်"

"ထောင့်ရှစ်ရာဆိုင် ပြန်ဝယ် တော့ ကုန်ပြီတဲ့၊ ဒါနဲ့ နှစ်ထောင့်ငါးရာ ဆိုင် ပြန်ဝယ်ခဲ့ရတယ်၊ ဈေးသက်သာ လေးလို့ ဟိုပြေး ဒီပြေးနဲ့ နောက်ဆုံး တော့ နှစ်ထောင့်ငါးရာဝယ်ခဲ့ရတဲ့အပြင် ကားခကလဲ ရွာမ မှတ်တိုင်ကနေ အင်း စိန် ပေါက်တောဝအထိ သုံးမှတ်တိုင် လောက်ကို ငါးရာ၊ အဲဒီ မီးပွိုင့်ကကျော် ရင် တစ်ထောင်၊ ထောင့်ငါးရာတဲ့ ခင်ဗျ"

"အေးဗျ . . . လူတွေ လူတွေ၊ အကျပ်အတည်း ရောက်နေချိန်မှာ တယ်ပြီး အတ္တကြီးတာကိုး၊ ကျွန်တော် တို့ အိမ်ရှေ့က တမာပင်ကြီး ရှင်းလင်း တုန်းက ကိုမြမောင် အသိပဲလေ"

ဆင့်ဆင့်ခင်ပွန်းက တမာပင် ကြီးကိစ္စကို ကျေနပ်ဟန်မတူ။ ဆင့်ဆင့် က ပို၍ပင်မကျေနပ်နိုင်ချေ။ ဆင့်ဆင့် တို့ အိမ်ရှေ့က တမာပင်ကြီး နာဂစ် ကြောင့် အမြစ်မှ ထောင်ကာ လဲကျ သည်။ တမာပင်က ကြီးလွန်း၍ အခက် အလက်များ အိမ်ရှေ့မျက်နှာစာတစ်ခု လုံး ပြည့်နှက်ပိတ်ဆို့သွား၏။ ဆင့်ဆင့် တို့ တမာပင်သာမဟုတ်။ မျက်စောင်း ထိုးအိမ်ရှေ့မှ သပြေပင်နှင့် ဥနဲ့ပင်တို့ ကလည်း ဆင့်ဆင့်တို့ ခြံဝင်းတံခါးပေါ် ပိကျနေ၏။ ဝင်းခြံတံခါးပိတ်ဆို့နေ၍ ဘယ်လိုမှ အပြင်ထွက်မရချေ။ အပြင်သို့ ထွက်လိုလျှင် ဘေးဘက်ခြံမှ ဖြတ်၍ ပတ်၍ထွက်ရသည်။

သစ်ခုတ်သမား အမြန်ရှာရ သည်။ ယခင်က နှစ်ထောင် သုံးထောင် ပေးလျှင် အလွယ်တကူရသော သစ် ခုတ်သမားတို့က ဆင့်ဆင့်တို့၏ ဒုက္ခ၊ ဆင့်ဆင့်တို့ အကျပ်အတည်းကိုကြည့် ပြီး ဈေးဆိုလေသည်။

"တစ်သောင်း ခုနစ်ထောင်"

"များလွန်းပါတယ် ငါ့သားရယ်၊ လျှော့ပါဦး"

"မရဘူး အန်တီ၊ နှစ်သောင်း တောင် မတောင်းပါဘူး၊ လျှော့ပေး တာပါ၊ ကျွန်တော်တို့ ဒီဈေးနဲ့ပဲ လိုက် ရှင်းနေတာပါ"

ဒီအချိန် ဒီကာလ လုပ်ပေးသည့် လူရသည်ပဲ ဟုတ်လှပြီ။ ဆင့်ဆင့်ခင်ပွန်း က ဈေးများ၍ အင်တင်တင်ဖြစ်နေ သော ဆင့်ဆင့်ကို မျက်ရိပ်ပြသည်။ မတတ်နိုင်။

ဈေးများမှန်း သိသော်လည်း သူ များခြံထဲမှ ဖြတ်ဖြတ်သွားရသည်ကို အားနာလှပြီ။

"ကဲ ဟုတ်ပြီ၊ သားတို့ပြောတဲ့ ဈေးအတိုင်းပေးမယ်၊ သစ်ခက်သစ်ရွက် တွေကအစ၊ အကုန်ရှင်းယူသွားရမှာ နော်၊ တမာဆိုတာ အသားအင်မတန် မာတာ၊ မင်းတို့ ထင်းဆိုင်ကို သွင်းရင် ဈေးကောင်းရမှာ၊ လျှော့ဖို့တော့ကောင်း တယ်"

ဆင့်ဆင့်က မိန်းမပီပီ မဆစ်သာ ဆစ်သာ ဈေးဆစ်လိုက်သေး၏။

သို့သော် ဟိုခြံ ဒီခြံ၊ ဟိုလမ်း၊ ဒီလမ်း၊ ဟိုရပ်ကွက် ဒီရပ်ကွက်တို့တွင် အသီးသီးလဲပြိုနေကြသော သစ်ပင်များ ကို လက်မလည်အောင် လိုက်လံခုတ်နေ ကြသော သူတို့က ဆင့်ဆင့်၏ ဈေးဆစ် မှုကို နည်းနည်းကလေးမှ အာရုံမစိုက် နိုင်။ လူလေးယောက် ခုတ်ထစ်ဖြတ် တောက်လိုက်သည်မှာ တစ်ခဏလေးပါ ပဲ။ ခဏအတွင်း ဆင့်ဆင့်တို့ မျက်နှာစာ ပွင့်သွားသည်။ ဝင်းခြံတံခါးလည်း ဖွင့် လို့ရသွားသည်။ အိမ်ရှေ့ မျက်နှာစာ တစ်ခုလုံး တမာကိုင်းတို့ဖြင့် ပွစာကြဲ နေတော့၏။

"အန်တီရေ ကျွန်တော်တို့ ဟိုဘက်ရပ်ကွက်ကို သွားရမယ်၊ မနက် စောစောမှ လာပြီး ဒီသစ်ကိုင်းတွေ လာရှင်းပေးမယ် ဟုတ်လား"

ဆင့်ဆင့်က အလုပ်မပြီးသေး၍ ငွေတစ်ဝက်ကို ချန်ထားမည်စိတ်ကူး သေးသည်။

သို့သော် သူတစ်ပါးသိက္ခာကို အထင်သေးရာရောက်မည်စိုး၍ လည်း ကောင်း၊ ခင်ပွန်းသည်က မကောင်း ပါဘူးဟုဆို၍ လည်းကောင်း လုပ်အား ခငွေ သောင်းခုနစ်ထောင်ကို အပြီးရှင်း ပေးလိုက်၏။

"နက်ဖြန် စောစောဆက်ဆက် လာခဲ့ကြနော်၊ မင်းတို့ ဒီတမာပင်ကြီး ကိုလဲ ဖြတ်တောက်ပေးရဦးမယ်နော်၊ ဒီအတိုင်းကြီး မထားခဲ့နဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ စိတ်ချအန်တီ၊ ကျွန်တော်တို့ မနက်ဖြန် လာခဲ့မယ်"

စိတ်ချပါဟု ကတိပေးသွားသော ထိုလူငယ်လေးယောက်သည် နောက်တစ်နေ့တွင်လည်း ပေါ်မလာ။ နောက်နှစ်နေ့တွင်လည်း ပေါ်မလာ။ လုပ်ငန်းသစ်ပေါ်ရာ ရပ်ကွက်များတွင် လှည့်လည်လုပ်ကိုင်နေကြ၏။

တစ်ရပ်ကွက် တည်းဖြစ်၍ သိနေသော ထိုလူငယ်အဖွဲ့၏ ခေါင်းဆောင်ကို ခင်ပွန်းသည်က သွားခေါ်သော်လည်း ဟိုလူလွှဲချ ဒီလူလွှဲချဖြင့် ရောက်မလာကြချေ။ သူတို့အဖွဲ့ရှင်းလင်းသွားသည်မှာ ပိတ်ဆို့နေသော ဝင်းတံခါးကို ဖွင့်၍ရရုံနှင့် တမာပင်ကြီး၏ ကိုင်းလက်များကို ဖြတ်တောက်ရုံသာ ဖြစ်လေသည်။

အိမ်ရှေ့မျက်နှာစာတွင် ထိုးထိုးထောင်ထောင် တုံးလုံးကြီးလဲနေသော တမာပင်စည်လုံးကြီးကိုမူ နည်းနည်းကလေးမှ ဖြတ်တောက်မသွားချေ။

အိမ်ရှေ့ဝင်းခြံတံခါးဖွင့်၍ ဝင်ထွက်သွားလာ၍ရသော်လည်း ရှည်လျားကြီးမားသော ထိုတမာပင်စည်လုံးကြီး အပေါ်မှလည်းကောင်း၊ မြေနှင့်လွတ်နေသောအောက်မှလည်းကောင်း ထွက်ကြရလေသည်။

"ကဲ ဘယ်လိုလုပ်ကြမလဲ၊ ဒီမှာ အကိုင်းအလက်တွေ အခက်တွေ ပိတ်ဆို့ပြန့်ကြနေတာ မြင်လို့မှ မကောင်း"

နောက်ဆုံး ထိုအဖွဲ့ကို ခေါ်နေရသည့် အလုပ်ကို လက်လျှော့ကာ မိသားစုလေးယောက် ကိုယ့်အားကိုယ်ကိုးရတော့သည်။ ကိုင်းအခက်အကြီးများကို ခင်ပွန်းသည်ကသယ်။ ကိုင်းအလတ်တွေကို ဆင့်ဆင့်ကသယ်။ ကိုင်းအခက်တချို့နှင့် ကိုင်းအငယ်လေးတွေကို သမီးတို့က သယ်ကြသည်။ ဤသို့ဖြင့် နံနက် ၄ နာရီထကာ မနားတမ်းလုပ်ကြသည်မှာ နံနက် ၆ နာရီကျော်မှ အိမ်ရှေ့ မျက်နှာစာ ရှင်းလင်းသွားတော့သည်။

အိမ်ရှေ့မျက်နှာစာ ရှင်းသွားသော်လည်း ရှည်လျားကြီးမားသော တမာပင်စည်လုံးကြီးကား အိမ်ရှေ့မျက်နှာစာတွင် ကန့်လန့်ဖြတ် ခံ့ညားစွာ ရှိနေဆဲပင်။ လွှနှင့်ဖြတ်မှရမည့် တမာပင်စည်ကြီးကို ဆင့်ဆင့်တို့ဘယ်လိုမှ မတတ်နိုင်။ လုပ်အားတန်ကြေးမှ ထိုက်တန်စွာ တာဝန်ယူရှင်းလင်းခြင်းမရှိဘဲ အကျပ်အတည်း ဒုက္ခရောက်မှုကို အခွင့်ကောင်းယူသော လောဘဇောကြီးသော သူတို့၏ စိတ်ဓာတ်ကား စက်ဆုပ်ဖွယ်ကောင်းလှပေသည်။

"ဆင့်ဆင့်ရေ ရေပေးနေတယ်တဲ့၊ သွားတန်းစီရအောင်"

"လာမယ် လာမယ်"

ရေသယ်ရန် မစိန်က လှမ်းအော်ခြင်းဖြစ်သည်။ မီးပျက်တော့ရေမလာ။ ရေမလာတော့ ဆင့်ဆင့်တို့ ဒုက္ခရောက်ကြပြီ။ ဆင့်ဆင့်တို့၏ ရေစင်က အနည်းငယ်စိမ့်နေ၏။ အမြဲတစေ ရေစိမ့်နေ၍ မနက်ရော ညပါရေတင်မှ လုံလောက်စွာ သုံးရလေသည်။ ယခုလို မီးမလာတော့ ရေစင်သည် နှစ်ရက်သာသာ လောက်သာ သုံး၍ရပေသည်။ တစ်နာရီ ခြောက်ထောင်၊ တစ်နာရီ ရှစ်ထောင် စသည်ဖြင့် မီးစက်နှင့် ရေတင်ပေးသော အဖွဲ့များတော့ ရှိပေသည်။ သို့သော် မည်သည့်အချိန်မှ မီးလာမည် မသိ။ ရေရှည် ခြောက်ထောင်၊ ရှစ်ထောင် ဝယ်သုံး၍ မဖြစ်ပေ။ ဒီတော့ သမီးတို့ကို ရေပေးသည့်နေရာသို့တန်းစီခပ်ခိုင်းသည်။

"ရေပေးတဲ့နေရာက အဝေးကြီး ဆင့်ဆင့်ရဲ့၊ နေ့တိုင်းတန်းစီ ခပ်ဖို့က လွယ်မှာ မဟုတ်ဘူး၊ ဒေါက်တာဘိုကြည်တို့အိမ်က လက်နှိပ်တုံကင် လုပ်မလို့တဲ့၊ ပစ္စည်းဖိုးက သုံးသောင်း၊ လက်ခက တစ်သောင်းခွဲ လုပ်လိုက်ရရင် ကောင်းမယ်ထင်တယ်"

"အို ပစ္စည်းဝယ်တာသုံးသောင်း၊ လက်ခက တစ်သောင်းခွဲ ဟုတ်လား၊ ဈေးများလိုက်တာ"

ဆင့်ဆင့်က ကြားသမျှ ဈေးများလွန်းသည်။ ဈေးကြီးလွန်းသည်ဟုသာ ထင်နေတော့၏။

"ဒေါ်ရွှေဆင့်ရေ. . . ဒီအချိန် ဒီကာလ အကျပ်အတည်းဒုက္ခရောက်နေတဲ့ကာလမှာ ဒီဈေးတွေချည်းပဲ ကြုံရမှာပဲ"

"ဒုက္ခရောက်ချိန် အကျပ်အတည်း ဖြစ်ချိန်မှာ လူတွေ ဘာဖြစ်လို့များ ကူညီစိတ် မေတ္တာစိတ် စာနာစိတ်မရှိကြဘဲ ဒုက္ခအကျပ်အတည်းကို အကြောင်းပြုပြီး ကိုယ်ကျိုးရှာစိတ်တွေကြီးထွားကြရတာပါလိမ့်နော်"

"တရားရနေရင်လဲ တရားရိပ်သာသွားပြီး တရားမှတ်နေတော့ မယ် ရွှေဆင့်ရေ ကဲပြော လုပ်မှာလား၊ သူမှာ လုပ်မယ့်အိမ်တွေ တန်းစီနေတာ၊ မီးက ဘယ်အချိန်မှ လာမှန်းမသိ၊ ကလေးတွေ နေ့တန်းစီ ညတန်းစီနဲ့ ဒုက္ခရောက်လှ တယ်၊ မလုပ်ဘူးဆိုရင်လဲ မလုပ်ဘူးလို့ ပြန်ပြောလိုက်တော့မယ်"

"လုပ်မယ် . . . လုပ်မယ်"

ဒီတော့လည်း ဆင့်ဆင့် ပျာပျာသလဲ ဖြစ်သွားသည်။ ကိုယ်မလုပ်ရင် လုပ်မည့်အိမ်များ ဂျင်ဂျင်လည်နေ၍ ကိုယ့်အလှည့်တော်တော်နှင့် ရောက်တော့မည် မဟုတ်။

❖

"အချိန်ကုန်ခံပြီး ရေလေးတစ်ပုံးရဖို့ တန်းစီရေခပ်ရတဲ့ ဒုက္ခမကြုံရ အောင် လက်နှိပ်တုံကင်ပြောင်းပြီး တ... တော့မယ်၊ တပ်ပြီးရင်တော့ အိမ်နား... ရေလိုချင်တဲ့ လူတွေကို ရေလှူမယ် မကောင်းဘူးလား"

ဆင့်ဆင့်က တက်ကြွထက်သ... စွာ ပြောလေသည်။ ခင်ပွန်းသည်နှင့် သမီးကလည်း ဝမ်းသာကြည်နူး... ဆင့်ဆင့်ကို အားပေးကြသည်။ အလ... တာဝန်ဖြင့် ပြန်ရောက်လာသော သ... ငယ်ကလည်း ဝမ်းမြောက်ကြည်နူး... အဖေနှင့် အမေတို့၏ ရေလှူမည့် အ... အစဉ်ကလေးကို သဘောကျနေ...



www.burmeseclassic.com

www.burmeseclassic.com

သက်နှိပ်ရေတုံကင်ပြောင်းလဲ တပ်ဆင်ပြီးသည်နှင့် ဆင့်ဆင့်အကောင်အထည်ဖော်တော့သည်။

မြဲတံခါးကို မနက် ၇ နာရီတွင် ဖွင့်ပေးထား၏။ မနက်ရေလိုသူတွေ ခပ်ရန်ဖြစ်သည်။ နေ့လယ်မှ ပြန်ပိတ်သည်။ ညနေ ၃ နာရီတွင် တစ်ကြိမ်ပြန်ဖွင့်ပေးသည်။ ညနေ ရေလိုသူတွေ ခပ်ရန်ဖြစ်သည်။

အဝေးကြီး သွားရေခပ်ရန် တန်းစီရန် ဒုက္ခဖြေရှင်းပေးနိုင်သဖြင့်ဆင့်ဆင့်ရင်ထဲ ရေလာခပ်သူတွေ ကြည့်ရင်းကြည်နူးနေ၏။ မိသားစုသုံးအိမ်မှ ရေလာခပ်ကြလေသည်။ မိသားစုဦးရေများနေသဖြင့် အိမ်ထောင်တစ်စုလျှင် တစ်နာရီနီးပါး ရေခပ်ကြလေသည်။ သက်နှိပ်လိုက်၍မြည်သော ရေတုံကင်အသံကလေးကြားတိုင်း ဆင့်ဆင့် စိတ်ချမ်းသာနေ၏။

"ဟော့ . . . နဂါးစ်မုန်တိုင်းကိုအကြောင်းပြုပြီး လူတွေ ဝိသမလောဘဖောတိုက်ပြီး အတ္တတွေကြီးနေတဲ့အချိန်ကျတော့ နာဂစ်မုန်တိုင်းအကြောင်းပြုပြီး ရေလှူရတဲ့ ကုသိုလ်ရတယ်"

ဆင့်ဆင့်စကား မဆုံးသေး၊ သမီးအသံကြောင့် ဆင့်ဆင့် စကားပြတ်သွား၏။

"ဘာပြောတယ် သမီး"

"ရေတုံကင် နှိပ်လို့မရတော့ဘူးမေမေ၊ ဘာဖြစ်တာလဲ မသိဘူး"

သမီးစကားဆုံးသည်နှင့် ရေတုံကင်ဆီသို့ ဆင့်ဆင့် အပြေးသွားမိသည်။ နှိပ်ကြည့်သည်။ မရ။ ထပ်နှိပ်သည်။ ချောက်ဂျက် ချောက်ဂျက် နှိပ်သံသာထွက်လာသည်။ ရေတစ်စက်ကလေးမှ ကျလာ။ ဘုရား ဘုရား။ ရေတုံကင် ပျက်သွားပြီလား မသိ။ ရေလှူချင်ပါသည်၊ ရေကုသိုလ်ရချင်ပါသည်ဆိုခါမှ ရေတုံကင်က ပျက်သလား။ ရေတုံကင်ကို ဆင့်ဆင့် အမျိုးမျိုးနှိပ်သည်။ မရ။ ဆင့်ဆင့်အနီးသို့ ခင်ပွန်းသည် ရောက်လာသည်။

"ဘာဖြစ်တာပါလိမ့်"

ခင်ပွန်းသည်က အမျိုးမျိုး နှိပ်ကြည့်သည်။ မရ။ ဆင့်ဆင့် စိတ်ညစ်လိုက်သည်မှာ ပြောမဖြစ်တော့။ လေးသောင်းခွဲ ငါးသောင်းနီးပါးကုန်ပြီး ဒီလိုဖြစ်ရသလားဟု တွေးမိသည်။ ရေတုံကင်လုပ်ပေးသူကို ဆက်သွယ်ကြသည်။ ရောက်မလာ။ ဆင့်ဆင့်တို့ ရေဒုက္ခကြုံရလေပြီ။

ရေတုံကင် တပ်ဆင်ပေးသူကို ဆက်သွယ်ကြပြန်သည်။ ရပ်ကွက်တွေတွင် အလုပ်ဆက်နေ၍ သူ့ခမျာလည်း ချက်ချင်းမလာနိုင်။

"လက်နှိပ်ရေတုံကင် ဆိုတာ တည့်တည့်နှိပ်ရတယ်၊ မနှိပ်တတ်ရင် ဝါရှာနိမ့်သွားတာတို့ လိမ်သွားတာတို့ ဖြစ်တယ်"

"ပြီးတော့ လူသုံးများတော့ ဝါရှာလိမ်သွားတာ ထင်တယ်"

အတွေ့အကြုံရှိသူများက ပြောကြသည်။ ဆင့်ဆင့် တွေသွားသည်။ ဟုတ်မှာပဲ။ ပုံစံအမျိုးမျိုးနဲ့ နှိပ်ကြတာ။ တစ်လက်ကိုင် မဟုတ်တော့ ပျက်သွားတာဖြစ်မည်။ နှစ်ရက်လောက်ကြာတော့ တုံကင်တပ်ဆင်ပေးသူ ရောက်လာသည်။

သူက ဖြုတ်ကြည့်သည်။ ဝါရှာလိမ်နေခြင်းဖြစ်သည်။ ဝါရှာအသစ်ပြန်လဲထည့်ရသည်။ ဆင့်ဆင့်တို့ ရေတုံကင်ကလေး ပြန်ကောင်းသွားလေပြီ။ ရေတုံကင် ကောင်းသွား၍ အိမ်နားမှ မိသားစုသုံးစု ရေလာခပ်ကြသည်။ ယခင်ကထက် ပို၍ ရေလုံးအားကောင်းလာသည်။ နှိပ်ရသည်မှာလည်း ယခင်ကထပ်ပို၍ ပေါ့သည်ဟု ပြောကြသည်။ ဆင့်ဆင့် ဝမ်းသာရသည်။

"တို့ကတော့ဟော့ နာဂစ်ကို အကြောင်းပြုပြီး ရေကုသိုလ်ရတာ အမှန်ပဲ"

ဆင့်ဆင့်က ရေခပ်နေသူတွေကို ကြည့်ပြီး ပြောသည်။ ခင်ပွန်းသည်က တိုးညင်းစွာ ရယ်မောသည်။

ဆင့်ဆင့် အံ့အားသင့်စွာ. . .

"ဘာဖြစ်လို့ ရယ်တာလဲဟင်"

"ဘာဖြစ်ရမှာလဲကွ၊ ရေလှူတဲ့အထဲမှာ ငါ့မိန်းမ မယ်ရွှေဆင့်တစ်ယောက် အတ္တစိတ်ကလေးပါ ရောထည့်လှူလိုက်တာ သဘောကျမိတာပါ၊ မဟုတ်ဘူးလားဟေ့ သမီး"

သမီးကလည်း ပြုံးနေ၏။

ဆင့်ဆင့် စိတ်တိုသွား၏။

"ဘာ ရေလှူတဲ့အထဲမှာ အတ္တစိတ်ပါ ထည့်လှူတယ် ဟုတ်လား၊ ဘာပြောတာလဲ"

"ဘာပြောရမလဲ ဒေါ်ရွှေဆင့်ရဲ့၊ ရေတုံကင်ပျက်တုန်းကများ မျက်နှာကိုပျက်လို့၊ ငါ့ရေတုံကင်တော့ ပျက်ပါပြီ၊ ငွေထပ်ကုန်ဦးမယ်ထင်တယ်၊ ငွေထပ်ကုန်ဦးမယ်ထင်တယ် ဆိုတဲ့ အတ္တစိတ်ကလေးလေ အဲဒီစိတ်ကလေးပါရောပြီး လှူလိုက်တာ မဟုတ်လား"

ခင်ပွန်းသည်စကားကြောင့် ဆင့်ဆင့် နှုတ်ဆွံ့သွား၏။ အဲ ဟုတ်ပါရဲ့။ ဈေးခေါင်ခိုက်နေသည်ဖြစ်၍ ရေတုံကင်အတွက် ဘာများ ထပ်ကုန်ဦးမလဲဆိုသည့် စိုးရိမ်စိတ်တွေဖြစ်မိသည်။ ကိုယ်ခုမှ သတိရမိသည်။

အင်း. . တကယ်တော့ ဆင့်ဆင့်လည်း ဘာထူးသေးသနည်း။ အတ္တကြီးသော လူသားများထဲတွင် ဆင့်ဆင့်သည်လည်း လူသားတစ်ယောက်ပေကိုး။

သို့သော် ဆင့်ဆင့်သည် "တောမီးလောင် တောကြောင်လက်ခမောင်းခတ်"သည့် အတ္တစိတ်မျိုးကိုတော့ ဘယ်တော့မှ ထားမိမည် မဟုတ်သည်ကို သူ့ကိုယ်သူသာ အသိဆုံးဖြစ်ပါသည်။

❒ စောမဥ္ဇူ(ဖျာပုံ)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

မှန်တင်ခုံရှေ့မှာ အလှပြင်နေတဲ့ သွယ့်ကို မမကြီးစောင့်ကြည့်နေတယ်။

ခုတစ်လော သွယ့်အနားကမခွာဘဲ တစ်ယောက်မဟုတ် တစ်ယောက် ရှိနေတာ ဘာကြောင့်လဲ စဉ်းစားမရခဲ့ဘူး။

ပြီးတော့ မောင့်အိမ်ကို သွားမယ်ဆိုတိုင်းလည်း အကြောင်းအမျိုးမျိုးပြပြီး တားကြတယ်။

မဖြစ်နိုင်တာတွေ ပြောနေကြတာကို သွယ်သိတယ်၊ ဘာလို့လဲဆိုတော့ မောင်နဲ့ အမြဲတွေ့ကြတာပဲကိုး။

အပြင်က ပုရစ်အော်သံတွေ၊ ဖားတွက်အော်သံတွေကလွဲလို့ အားလုံးက တိတ်ဆိတ်နေလိုက်တာ။ နာရီကို မော့ကြည့်လိုက်ချိန်မှာ ၁၂ နာရီထိုးနေပြီ။ သွယ် ရှိသမျှသတ္တိစုပြီး တံခါးဖွင့်လိုက်တယ်။

ကြောက်စိတ်တို့ရှိပေမယ့် လည်း ဒီအချိန်ဆို ခရေပင်အောက်မှာ မောင်စောင့်နေလောက်ပြီလေ။

ဘယ်လိုအကြောင်းတွေ ရှိလဲ သိပေမယ့် ခုလိုညတိုင်း မောင်နဲ့တွေ့ရတာကိုပဲ ပျော်နေမိတယ်။ ဘယ်သူတွေ ဘယ်လိုပြောနေပါစေ မောင့်ရင်ထဲမှာ သွယ့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ သွယ် အသိဆုံးပါပဲ။

တစ်ရပ်ကွက်တည်းမို့ ကျောင်းအတူသွား အတူပြန်နဲ့ ငယ်တုန်းက သူငယ်ချင်းတွေဖြစ်ခဲ့တဲ့ သွယ်နဲ့ မောင်တို့က ဆယ်တန်းအောင်တာနဲ့ လူငယ်သဘာဝ ချစ်သူတွေဖြစ်ခဲ့တာ မဆန်းခဲ့ပါဘူး။

မောင်က ဝါသနာပါတဲ့ ဆေးတက္ကသိုလ်တက်ခဲ့သလို သွယ်ကလည်း ပညာရေးတက္ကသိုလ် တက်ခဲ့တယ်။

ခုဆို မောင်လည်း ကျောင်းပြီးဖို့ တစ်နှစ်ပဲ လိုတော့တယ်။ သွယ်လည်း အထက်တန်းဆရာမတစ်ယောက် ဖြစ်နေပြီဆိုတော့။

ဒီတစ်ခေါက် မောင်ပြန်လာရင် မိဘတွေကို ဖွင့်ပြောပြီး မင်္ဂလာကိစ္စ စီစဉ်တော့မယ်တဲ့။

မောင်ရယ်၊ သွယ့်မိဘတွေကလည်း မောင့်ကိုချစ်သလို အန်တီခင်ကလည်း သွယ့်ကို မုန်းမှာမဟုတ်ပါဘူး။

ဒါကြောင့် သွယ်တို့ ညတိုင်း မက်ခဲ့တဲ့ အိပ်မက်တွေဟာ မကြာခင်မှာ တကယ်ဖြစ်လာတော့မှာလေ မောင့်ရဲ့ ခွင့်ရက်ရှည်ကို စောင့်ပြီး သွယ်ဘယ်လောက်မျှော်လင့်မိတယ်ဆိုတာ မောင်သိရဲ့လား။

သွယ်နဲ့ မောင်ကြားမှာ အချစ်ဆိုတာထက် သံယောဇဉ်က ပိုပြီးခိုင်မြဲခဲ့ကြတာပါ။

အနေအေးသလို ရုပ်ရည်ကလည်း သန့်ပြန့်တဲ့ မောင့်ကို ချစ်ခင်နှစ်သက်နေကြတဲ့ ကောင်မလေးတွေ အများကြီးရှိတာ သွယ် သိတယ်။

ဒီလိုပဲ သွယ့်ကို ပိုးပန်းနေတဲ့ ကောင်လေးတွေကိုလည်း မောင် အကုန်သိပါတယ်။

တစ်ဦးကိုတစ်ဦး မကွယ်မဝှက်ဘဲ ပွင့်ပွင့်လင်းလင်း ပြောတတ်တာကြောင့် သွယ်တို့ကြားမှာ အထင်လွဲမှု သံသယတွေဆိုတာ မရှိခဲ့ဘူး။

ချစ်သူသက်တမ်းတစ်လျှောက် စိတ်ကောက်စိတ်ဆိုးမှုဆိုတာ မရှိလို့ မမကြီးကတောင် သွယ်တို့အိမ်ထောင်ကျရင် သိပ်ကို ပျင်းစရာကောင်းမှာပဲတဲ့။ မမကြီးက မောင့်ကိုချစ်တာကြောင့် တကယ်လို့ ရန်ဖြစ်ခဲ့ရင်တောင် မောင်ဘက်ကပဲ နေပေးမှာတဲ့လေ။

ဒီလိုအကြောင်း မောင့်ကို ပြန်ပြောတော့ သဘောကျစွာရယ်နေတဲ့ မောင့်ကို မကျေမနပ်ဖြစ်ရသေးတယ်။

မောင် ပြန်လာမယ့်နေ့က သွယ်ကိုယ်တိုင် ကားဂိတ်ကို ဆိုင်ကယ်နဲ့သွားကြိုခဲ့ပေမယ့် အဲဒီနေ့က မောင် ရောက်မလာခဲ့ဘူး။

သွယ် တစ်ပတ်ကျော်တဲ့အထိ ကားဂိတ်မှာ သွားစောင့်နေတတ်လို့ လူတွေက သနားသလို ကြည့်သွားတယ်လေ။

ဒါတွေကို သွယ် ဂရုမစိုက်ပါဘူး၊ ဖုန်းလည်း ဆက်လို့မရ လူကြုံပါးလို့မရတဲ့အပြင် မောင်ကလည်း ရောက်မလာဘူးဆိုတော့ သွယ် ဘယ်လောက်စိတ်ပူသွားလဲ။

အန်တီခင်ကလည်း ရိပ်သာဝင်နေတယ်ဆိုပြီး သွယ့်ကို အတွေ့မခံဘူးလေ။

မောင်ပြန်လာမယ့်နေ့ကို မျှော်ခဲ့တဲ့ သွယ့်ကို အဆက်အသွယ်မလုပ်ခဲ့တာ ဘာကြောင့်လဲလို့ မောင့်မျက်နှာကို သေချာကြည့်ပြီး မေးလိုက်ချင်တယ်။

မေမေနဲ့ မမကြီးကတော့ မောင့်ကို မေ့လိုက်တော့တဲ့။

မေ့လိုက်ဆိုတဲ့စကားက ပြောတဲ့သူက လွယ်ပေမယ့် ကြားလိုက်ရတဲ့ သွယ်ကတော့ ငိုလိုက်ရတာ အပြစ်ဆိုလို့ တစ်ခုမှ မရှိတဲ့ မောင့်ကို သွယ် ဘယ်လိုအကြောင်းကြောင့် မေ့ရမှာလဲ။

မောင့်ကိုချစ်ကတည်းက အမုန်းမရှိတဲ့ ချစ်ခြင်းမျိုးပါ။ ဒါကြောင့် မောင်နောက်တစ်ယောက်ကို ချစ်သွားတယ်ဆိုရင်တောင် သွယ် ခွင့်လွှတ်စိတ်နဲ့ ချစ်နေမှာပါလို့ ပြောမိတယ်။

အပင်ရဲ့ အမှောင်ရိပ်ကျတဲ့နေရာမှာ မောင်ရပ်နေတယ်။ ဒီအကြောင်းတွေ ပြောပြတော့ သွယ့်ကို အရှုံးမလေးတဲ့။ ဒီလိုအဖြစ်မျိုး လုံးဝမရှိစေရဘူးတဲ့လေ။

ကျောင်းက သူငယ်ချင်းတွေနဲ့ နှုတ်ဆက်ပွဲရှိနေလို့ လာမယ့်ရက်ထက် နောက်ကျသွားလို့ သွယ့်ကို တောင်းပန်ပါတယ်တဲ့။

မောင် ဒီလို မပြောတောင် သွယ်က နားလည်ပါတယ် မောင့်ကို တွေ့ရရင်ကိုပဲ ပျော်ရွှင်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

အန်တီခင် စိတ်ဆိုးလို့မောင့်ကို စကားမပြောဘူးတဲ့လေ၊ ဒါကြောင့် မောင်နဲ့ သွယ်တို့ ညတိုင်း တွေ့ကြဖို့ ချိန်းထားကြတယ်။

အေးစက်ပြီး မိုးတွေ ဖွဲဖွဲကျလာသည်ထိ မောင်နဲ့သွယ်တို့ စကားပြောမပြတ်ခဲ့ကြဘူးလေ။ ဟုတ်တယ် မောင် သွယ်တို့ ခုလိုအချိန်တွေ့တာ အပျော်ဆုံး အချိန်လေးပါပဲ။

❖

လဲနေရာမှ ကျွန်တော် လူးလဲထလိုက်ပြီး သူငယ်ချင်းတွေကြည့်တော့ တစ်ယောက်မှ မရှိတော့ဘူး။

ဘယ်နေရာ ရောက်နေမှန်းလည်း ကျွန်တော်မသိဘူး။ ခြေထောက်မှာ ပေနေတဲ့ ရွံ့တွေကို ခါထုတ်လိုက်ရင်း ဘေးပတ်ဝန်းကျင်ကို ကြည့်တော့လည်း မှောင်မည်းနေလိုက်တာ။ သူငယ်ချင်းတွေ နာမည်အော်ခေါ်ပေမယ့် ဖားအော်သံ၊ ပုရစ်အော်သံတွေကလွဲပြီး အားလုံးတိတ်ဆိတ်နေတယ်။

ဒီကောင်တွေ တော်တော်ရက်စက်တာပဲ ကိုယ့်သူငယ်ချင်းကို ပြန်မရှာဘဲ ဆိုင်ကယ်တော့ ယူစီးသွားကြတယ် ထင်တယ်၊ မြို့ပြန်ရောက်မှ တွေ့မယ်။

လဆုတ်ရက်မို့ လအလင်းရောင် မရှိပေမယ့် ကြယ်ရောင်တွေကြောင့် အဝေးပြေးလမ်းမကြီးကို သေချာမြင်နိုင်တယ်လေ။

ကျွန်တော်တို့ ကျောင်းနှုတ်ဆက်ပွဲပြီးတဲ့အချိန်မှာ ည ၈ နာရီကျော်နေပြီ။ မကွေးနဲ့ အောင်လံထွက်တဲ့ကားတွေလည်းမရှိတော့ ဆရာတွေက မပြန်ဖို့ တားပေမယ့် သွယ်ကို ဒီနေ့ အရောက်ပြန်ခဲ့မယ်လို့ ကတိပေးခဲ့တယ်။

ဒါကြောင့် ဆိုင်ကယ်နှစ်စီးကို ဆီ အပြည့်ထည့်ပြီး ဒီရက်ပိုင်း မုန်တိုင်း ရှိတယ်လို့ သတင်းကြားထားတာကြောင့် မိုးကာအင်္ကျီကိုယ်စီဝတ်ကာ သူငယ်ချင်း လေးယောက် စီးပြန်လာကြတယ်။

မကွေးမြို့က ထွက်တဲ့အချိန်မှာ မိုးသည်းပြီး လေတော်တော်တိုက်လာတဲ့ အတွက် နောက်ပြန်လှည့်ပြန်ဖို့ ပြောတာကို နားမထောင်ဘဲ အရှိန်မြင့် မောင်းပစ်ခဲ့တာ။

ဒေါင်းသေချောင်း ဖြတ်တဲ့ အချိန်မှာ ချောင်းရေက နည်းသေးတာကြောင့် အမြန်နှုန်းတင်ဖြတ်နေတုန်း မှာပဲ "ဝေါ" ဆိုတဲ့ အသံကြီးကြားရတဲ့ အချိန်မှာ ကျွန်တော် ခါးဖက်ထားတဲ့ ထွန်းအောင်လက်တွေကို ဆွဲဖြုတ်ပေး လိုက်တယ်။

ကျန်တဲ့လူတွေက ကျောင်း တက်မှ ခင်လို့ ကျွန်တော့်ကို ထားခဲ့တာ နားလည်ပါတယ်။ ထွန်းအောင်ကတော့ တစ်ရပ်ကွက်တည်း ငယ်သူငယ်ချင်း အရင်းကြီးဖြစ်တာတောင် ဒီလို မလုပ် သင့်ဘူး။

ဟော မီးရောင်မြင်တယ်၊ သစ် တင်တဲ့ကုန်တင်ကားကြီးက ကျွန်တော့် ရှေ့မှာတင်ရပ်လိုက်တယ်။ သူတို့ အပေါ့ သွားဖို့ ဆင်းတဲ့အချိန်မှာ ကျွန်တော် ခွင့်တောင်းပြီး နောက်ခန်းကို တက် လိုက်တယ်။

အိပ်ချင်တာရော အရက် သောက်ထားတာရောပေါင်းပြီး မောင်းတဲ့ ဒရိုင်ဘာက အိပ်ငိုက်နေတယ်။ တစ်ခါတစ်ခါ လမ်းဘေးက သစ်ပင်ကို ဝင်တိုက်မလား ထင်ရတယ်။

ကျွန်တော်လည်း ကြောက်လန့်တကြား သူ့ထိုင်ခုံကို ပုတ်ပြီးတော့. . .

"သတိထားမောင်းပါဗျာ၊ ကျွန်တော် မသေချင်သေးဘူး မိန်းမယူဦးမှာ" လို့ နောက်ကနေ တဖွဖွပြောနေရတာ လည်ချောင်းတွေ ကွဲမတတ်ဘဲ။

အောင်လံမြို့ဝင်ဂိတ်မှာပဲ စစ်ဆေးဖို့အတွက် ကားရပ်လိုက်တာကြောင့် ကျွန်တော်ခုန်ဆင်းလိုက်တယ်။ ဒီပုံတိုင်းဆို မြို့ထဲရောက်ဖို့ နောက်ထပ် လူကြုံစောင့်ရဦးမှာပဲ။

ဒါကြောင့် စိတ်ပျက်ပျက်နဲ့ လမ်းမကြီးအတိုင်း ဆက်လျှောက်လာခဲ့တယ်။ ကျွန်တော့် ခြေထောက်က နာသလိုလို နံရိုးထဲက အောင့်သလိုလို့ ခေါင်းထဲမှာလည်း မူးရိပ်မူးရိပ်ဖြစ်လာလို့ အနားက သစ်ပင်ကိုင် နားလိုက်တယ်။

လမ်းလျှောက်လို့တော့ မဖြစ်တော့ဘူးပေါ့။ ဒီအချိန်မှာ စက်ဘီး တစ်စီး ကျွန်တော့်အနားက ဖြတ်သွားတယ်။ လူကြီးတစ်ယောက်တည်း နင်းလာတာမို့ အမြန်ပြေးလိုက်ပြီး ကယ်ရီယာခုံမှာ ခုန်တက်လိုက်တယ်။

ကျွန်တော်လိုက်လာတာကို ရှေ့က လူကြီးက သိပ်ကျေနပ်ပုံမရဘူး၊ နောက်တစ်ချက်ကြည့်ပြီး "တောက်" တစ်ချက်ခေါက်လိုက်တယ်။

"တောင်းပန်ပါတယ် ဦးလေး၊ ကျွန်တော့်ကို လိုက်ခွင့်ပြုပါ"

ဘယ်လိုပဲ တောင်းပန်ရပါစေ ကျွန်တော် အိမ်ပြန်ရောက်ဖို့ အရေးကြီးတယ်လေ။ ဒါပေမဲ့ ဒီဦးလေးကြီးက ရပ်ကွက်လမ်းထိပ်က သူ့အိမ်ထဲထိုးဝင်သွားတယ်၊ ကျွန်တော် အမြန်ခုန်ချလိုက်ရတာပေါ့။

သူ့အိမ်ထဲတော့ လိုက်လို့မဖြစ်ဘူးလေ။ အိမ်ရှေ့မှာ ရပ်စောင့်နေတဲ့ သူ့သမီးက ကျွန်တော် ဆယ်တန်းမှာ အသစ်ပြောင်းလာတဲ့ ကောင်မလေးပဲ။ ကျွန်တော့်ကို တွေ့တာတောင် နှုတ်မဆက်ဘဲ မမြင်ချင်ယောင်ဆောင်နေတာ။

သွယ်နဲ့ စကားများဖူးကြလို့ ကျွန်တော့်အပေါ် သိပ်မကြည်တာလည်း ရှိမှာပေါ့။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ တစ်ချက်ရယ်ပြပြီး လမ်းထဲ ဆက်လျှောက်လာခဲ့တယ်။

အိမ်နဲ့ သိပ်မဝေးတော့ဘူးလေ။ ရပ်ကွက်ကလည်း တိတ်ဆိတ်မှုနဲ့အတူ လူသွားလူလာ အတော်ရှင်းနေတယ်။ ငယ်တည်းက နေလာတာမို့ ဘယ်အိမ်မှာ ဘယ်သူနေတယ်ဆိုတာ အကုန်သိ ရင်းနှီးတယ်လေ။

ဒါကြောင့် အရင်ဆုံး ငွေဦးအိမ်ကို အရင်ကလို ခဲနဲ့လှမ်းပေါက်လိုက်


www.burmeseclassic.com

www.burmeseclassic.com

တော့ အထဲမှာ ထိတ်လန့်တကြား အော်သံတွေ ကြားလိုက်ရတယ်။ ကျွန်တော် ပစ်လိုက်တာ အားမပြင်းပေမယ့် အာလို့များ ဒီလောက်လန့်နေကြပါလိမ့်။

သိချင်စိတ်နှင့် ပြတင်းပေါက်အနေ ကြည့်လိုက်တော့ ဒီကောင် စည်းကမ်းရှိသား။ ငါ့ဆီက ငှားထားတဲ့ စက်တာလေးကို သေချာသုတ်ပေးနေတာပဲ။

"သူငယ်ချင်းရေ မနက်မှ ငါ ပြန်လာယူမယ်နော်" မကြားတာလား မသိပေမယ့် ကျွန်တော့်ကို ပြန်မပြောဘဲ မျက်နှာတောင်လွှဲနေသေးတယ်။

ငွေဦးအိမ်ကအထွက် လမ်းထဲက ခွေးတွေကလည်း ဟောင်ကြအူကြနဲ့ ကျွန်တော်တောင် လန့်သွားတယ်။

ဒါကြောင့် ခပ်မြန်မြန် လျှောက်လိုက်ရင်း ဆိုက်ကားသမားဦးသောင်း တွေ့တော့ နောက်က ဆွဲလိုက်တယ်။

ဦးသောင်းကလည်း မျက်နှာ သိပ်မကောင်းပေမယ့် . . .

"လိုက်ချင် လိုက်ခဲ့ကွာ" ဒါပေါ့ ငယ်တည်းက ကျောင်းသွားကျောင်းပြန် ဦးသောင်း ဆိုက်ကားစီးခဲ့တာကိုး။

အိမ်ရှေ့ရောက်တော့ ခြံတံခါးကြီးလည်းဖွင့်လို့ မီးတွေထွန်း ဧည့်ခန်းထဲမှာ ရပ်ကွက်လူကြီးတွေ ကျောက်တတ်တီးနဲ့ ထွန်းအောင်ကိုလည်း တွေ့တယ်။ အမေ့ကိုတော့ မတွေ့မိဘူး။

သူတို့ စကားသံတွေ နားထောင်ကြည့်တော့ အမေက အိပ်ရာထဲမှာတဲ့ အိပ်နေပြီထင်ပါရဲ့။ ဒီတော့ ဧည့်ခန်းထဲ မဝင်တော့ဘဲ နောက်ဘက်တံခါးကို တွန်းပြီး ကျွန်တော် အခန်းထဲဝင်လာခဲ့တယ်။ သပ်ရပ်သန့်ရှင်းအောင် ခေါက်သိမ်းထားတဲ့ အိပ်ရာကို မြင်တော့ ထူးဆန်းသွားသလိုပဲ။

ဒါကြောင့် . . .

"အဖေ ကျွန်တော့်အခန်းထဲ လူဝင်တာ မကြိုက်ပါဘူးဆို" ပြောတဲ့ စကားက မတိုးပေမယ့် အဖေက ပြန်မဖြေဘူး။

ထွန်းအောင်ကလည်း မျက်နှာမှာ ဒဏ်ရာတွေနဲ့မို့ ဒီကောင် ဘာဖြစ်တာလဲ မေးလည်း မပြော။ ဒီလူတွေ အားလုံးရူးကုန်ပြီလား။ ငါကို လျစ်လျူရှုပြီး မသိချင်ယောင် ဆောင်နေကြတယ်။ စိတ်ဆိုးဆိုးနဲ့ ဗီရိုပေါ်က နာရီကို ပစ်ခွဲလို့ တချို့က ထွက်ပြေးသလို ထွန်းအောင်နဲ့ အဖေကတော့ ငြိမ်ချက်သားကောင်းနေတယ်။

ဒါ ဘာတွေဖြစ်ကုန်တာလဲ ဆိုတာ ဘယ်သူ့ကို မေးရမလဲ သွယ်။ ဟုတ်တယ် သွယ်ဆိုရင်တော့ ကျွန်တော့်ကို ပြောပြနိုင်လောက်တယ်။

အားလုံးရဲ့ ဂရုမစိုက် စကားမပြောတဲ့ အဖြေကို အမြန်သိရဖို့ သွယ်တို့အိမ်ကို အမြန်ပြေးထွက်လာခဲ့တယ်။

သွယ်ရေ မောင် ဘာတွေဖြစ်နေပြီလဲကွာ၊ တခြားလူတွေ ဘယ်လို ဆက်ဆံပါစေ သွယ်ကတော့ မောင့်အပေါ်ကို နွေးထွေးတဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ကြိုဆိုနေပေးပါကွာ။

❖

အလင်းရောင်က တစ်ခန်းလုံး နွေးထွေးနေသလို မေမေက လှုပ်နှိုးလိုက်တာကြောင့် သွယ် မျက်လုံးဖွင့်ကြည့်ဖြစ်တယ်။

"အိပ်ချင်သေးတယ် မေမေ" လို့ ပြောပေမယ့် . . .

"မရဘူး သမီးရယ် ထမှဖြစ်မယ်၊ ညဘက်တော့ မအိပ်ဘဲ နေ့မှာ တစ်နေ့လုံး မအိပ်ရဘူး" ကွဲ့။

ညဘက်လေး မောင်နဲ့တွေ့ရ စကားပြောရတာ ခုတလော ဘာဖြစ်နေမှန်း မသိဘူး။ မောင့်မိဘတွေကလည်း သွယ့်ကို မကြည်လင်သလိုဘဲ။ အန်တီကလည်း အိမ်မှာထက် ဘုန်းကြီးကျောင်းမှာ နေတာများတယ်။

သွယ် မောင့်မိဘတွေအိမ်ဘက် မသွားဖြစ်ပေမယ့် ခြံနောက်က ခုံတန်းရှည်လေးမှာ ညတိုင်း မောင်နဲ့ စကားပြောမယ်။ မောင်ကလည်း ပြောပါတယ်။ မောင့်မှာ အထီးကျန်သလို ဖြစ်နေတယ်။ အမေတို့က မောင့်ကို ဘာစိတ်ဆိုးနေမှန်းမသိဘူး။ စကားလည်း မပြောဘူး။ တွေ့လည်း မမြင်ချင် မသိချင်ယောင်ဆောင်ပြီး ထမင်းစားလည်း မခေါ်ကြဘူးတဲ့။

တစ်နေ့က အရမ်းဆာလွန်းလို့ အိုးခွက် ပန်းကန်တွေ ပစ်ပေါက်ခွဲပစ်လိုက်တယ်တဲ့။

ဒီတော့မှ မောင့်အဖေက . . .

"သားရယ် စိတ်မကြီးပါနဲ့ မင်းပျော်သလိုနေ၊ ကြိုက်သလောက်နေပါ" တဲ့။

သွယ် မောင့်ကို သနားလိုက်တာ။ တစ်ဦးတည်းသောသားမို့ မောင့်မိဘတွေက သိပ်ချစ်တာ သွယ်သိပါတယ်။ ဘာလို့ ဒီလိုလုပ်မှန်းမသိပေမယ့် မောင့်အနားမှာ သွယ်တစ်ယောက်လုံး ရှိပါတယ်လို့။

မောင့်မှာ စကားပြောမယ့်လူမရှိဘူးဆိုတော့ သွယ်တို့နောက်က ခြံထဲကိုလာခဲ့၊ ညတိုင်း စကားတွေလည်း ပြောမယ်၊ မောင်ကြိုက်တဲ့ စားစရာတွေလည်း ခိုးသယ်လာခဲ့မယ်လို့ ပြောတော့ မောင်က တကယ်လားတဲ့လေ။

ဒါပေမဲ့ မောင်ရယ် ခုတစ်လော အိမ်က သွယ့်ကိုလည်း ဘာဖြစ်လို့ အလစ်မပေးကြလဲ မသိပါဘူး။ မောင်နဲ့ စကားပြောဖို့ ဆင်းလာတဲ့အချိန်ကိုသာ ကြည့်တော့ ည ၁၂ နာရီလေ။

လူကြီးတွေ အိပ်ပျော်စ အချိန်ဆိုတော့ သွယ် ပြတင်းတံခါးပေါက်က လွှားခနဲခုန်ချပြီး မောင့်ကို လာတွေ့တာ ရင်တွေတုန်ပေမယ့် သွယ် မကြောက်ပါဘူး။ ခရေပင်ကြီးအောက်က ခုံတန်းရှည်လေးမှာ မောင် ထိုင်နေတာ လှမ်းမြင်ရတာပဲ။

သွယ် ခြေလှမ်းစတာနဲ့ ခွေးတွေက ဟောင်လိုက် အူလိုက်ကြတာ တော်တော်ဆိုးတဲ့ သတ္တဝါတွေ။ လူကြီးတွေ နိုးကုန်ရင် ဘယ်လိုလုပ်ရမလဲ။ လက်က ခဲတစ်လုံးကောက်ပြီး ခြံအပြင်ဘက်တ



www.burmeseclassic.com

www.burmeseclassic.com

ခွေးတွေကို မှန်းပစ်လိုက်တာပေါ့။ အားလုံးတိတ်ဆိတ်မှ သွယ်တို့ အေးအေး ဆေးဆေး စကားပြောရမှာလေ။

❖

သွယ် တစ်ပတ်လုံးလုံး လူမှန်းမသိ ဖျားလိုက်တာ သတိရတစ်ချက် မရတစ်ချက်တောင် ဖြစ်တဲ့အထိလေ။ မောင်နဲ့ မတွေ့ရတော့ဘူးလို့ ထင်ပေမယ့် တော်ပါသေးရဲ့။ မောင်က သွယ့်ခုတင်ခြေရင်းက ခုံလေးမှာ ထိုင်စောင့်နေပေးလို့။

သွယ် အမေနဲ့ မမကြီးကတော့ မိုးရေထဲလည်း မထွက်ဘဲနဲ့ ဖျားနေရလားဆိုပြီး စိုးရိမ်ကြီးစွာ ဆရာဝန်ကိုတောင် အိမ်ပင့်လာကြတာ၊ သွယ်က ဆေးထိုးမှာ အရမ်းကြောက်တယ်။

ဒါပေမဲ့ သက်သာမယ်ဆို ဆေးထိုးမယ်။ မောင့်ကို အိမ်က လူတွေကလည်း မလာစေချင်သလို သွယ့်ကိုလည်း မောင့်အိမ်ကို မသွားခိုင်းတော့ သွယ်တို့နှစ်ယောက် ခရေပင်ကြီးအောက်က ခုံတန်းရှည်လေးမှာပဲ ညဘက် စကားပြောရတာ။

တစ်ခါတစ်ခါ မောင့်မျက်နှာ ပျော်နေသလား ဝမ်းနည်းနေသလား သိချင်ပေမယ့် မောင်က ဘာဖြစ်လို့များ အမြဲတမ်း အမှောင်ရိပ်မှာ ထိုင်နေရတာပါလိမ့်။

ပြီးတော့ မောင့်အဝတ်တွေ ရေစိုနေတာလည်း သတိထားမိတယ်။ မိုးမိလာတာလားလို့တောင် မေးမိသေးတယ်။

ခုတော့ ဆေးထိုးလိုက်လို့လား မသိဘူး။ ခေါင်းလည်းမမူးတော့သလို လူလည်း လန်းဆန်းသွားပြီ။ အမေကလည်း ထူးထူးဆန်းဆန်း . . .

"သမီး အဝတ်လဲ၊ မောင်သူရ ထွန်းတို့အိမ် သွားရအောင်" တဲ့။

ဒီစကားကြောင့် ဝမ်းသာသွားပေမယ့် မျက်နှာမကောင်းတဲ့ အိမ်သားတွေကို ကြည့်ပြီး သွယ် နေမကောင်းဖြစ်တဲ့အချိန် ဘာတွေဖြစ်ကုန်ပြီလဲ သိချင်နေမိတယ်။

မမကြီး မေးလိုက်တဲ့စကားကလည်း . . .

"ညီမလေး လူနေကောင်းသလို စိတ်ရော နေကောင်းရဲ့လား" တဲ့။

အံ့ဩလိုက်တာ။ သွယ် ဘယ်တုန်းက စိတ်မကောင်း ဖြစ်ဖူးလို့လဲ။ ဩော် မောင် ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်တယ်လို့ကြားတုန်းကတော့ ခေါင်းက မိုက်ခနဲဖြစ်ပြီး အမေ့ရင်ခွင်ထဲ ပစ်လဲဖူးသေးတယ်။

ဒါပေမဲ့ နောက်ပိုင်း မောင်က သွယ့်ဘေးမှာအမြဲပြုစုပေးတယ်။ စကားပြောဖို့ ညဘက် ခုံတန်းရှည်လေးမှာ စောင့်နေတတ်တယ်လေ။ ဒီတော့ စိတ်မကောင်းစရာ ဘာရှိသေးလဲ။

လူတွေစုံနေတဲ့ မောင်တို့အိမ်ကို သွယ်တို့မိသားစု ဝင်သွားတော့ အားလုံးက တစ်ပြိုက်နက် လှည့်ကြည့်ကြတယ်၊ သနားစရာ မျက်ဝန်းတွေပါလား။

ဘာလုပ်ကြတာလဲ၊ သွယ်နဲ့ မောင်တို့ မကြာခင်လက်ထပ်တော့မယ်ဆိုတာ တစ်ရပ်ကွက်လုံးက သိထားတာ ဒီဧည့်သည်တွေရဲ့ အကြည့်က ဘာပုံစံလဲ။

အခန်းထောင့်မှာ ထိုင်နေတာ မောင့်သူငယ်ချင်း ထွန်းအောင်ကို မြင်တော့ ဝမ်းသာသွားပြီး . . .

"မောင့်ဆီ လာတာလား" လို့ မေးလိုက်တော့။

"သွယ်ဖူးငုံ နင် သတိထားလေ သူရ မရှိတော့ဘူးဟ" တဲ့ ပြောလည်းပြော၊ ငိုလည်း ငိုတယ်။

ပြီးတော့ မောင့်မေမေကလည်း သွယ့်လက်ကိုဆွဲပြီး . . .

"တရားနာရအောင် သမီး" လို့ ပြောမှ လှူဖွယ်တွေနဲ့အတူ ဘုန်းကြီးတွေကို မြင်တယ်။

"ဘာ ဘာလို့လဲဟင်၊ မောင် အိမ်မှာ မရှိဘူးလား အန်တီ" လို့ ပြောလည်းပြော ငိုလည်း ငိုမိတယ်။

"လက်ရှိအဖြစ်မှန်ကို လက်ခံလိုက်ပါတော့ သားလေး မရှိတော့ဘူးလေ"

ကြားလိုက်ရတဲ့စကားက သွယ့်ရင်ထဲမှာရှိတဲ့ နှလုံးသားတွေ ခြေမွလိုက်သလိုပါပဲ။ အမေကလည်း . . .

"သမီးကိုယ်တိုင် အမျှဝေပေးလိုက်ပါကွယ်၊ ဒါမှ မောင်သူရ ကောင်းရာရောက်မှာ" တဲ့။ အားလုံးကလည်း သွယ့်ကို တောင်းပန်ကြတယ်။ ညတိုင်း ရပ်ကွက်ထဲက ခွေးတွေ အူလွန်းလို့ စိတ်မချမ်းသာဘူးတဲ့။

လေးယောက်အတူ ပြန်လာတာတောင် မောင်တစ်ယောက်ပဲ ဒီလိုကံဆိုးရသလား။ သွယ် မရှက်ပါဘူး လူးလွန့်ငိုလိုက်တယ်။

သွယ့် မသိစိတ်မှာ မောင်ရှိပေမယ့် လက်ရှိ အသိမှာတော့ ဒီနေ့က မောင့်အတွက် တစ်လပြည့်တရားနာ ဆွမ်းကပ်ဆိုတာ သိလိုက်ပြီ။

သူတို့ပြောသလို အမျှမဝေချင်ဘူး မောင်၊ ညတိုင်းပဲ မောင့်ကို တွေ့ချင်နေတာပါ၊ ဒါပေမဲ့ ဘုန်းကြီးတွေက ပါ မေတ္တာရပ်ခံနေတော့ နောက်ဆုံး သွယ် အားတင်းလို့ မောင့်ကို အမျှဝေလိုက်တယ်။

တစ်ကိုယ်လုံးမှာရှိတဲ့ အားတွေ ကုန်ခန်းသွားသလို ခံစားလိုက်ရတယ်။

ပြတင်းတံခါးကနေ သွယ်အပြင်ကို လှမ်းကြည့်လိုက်တော့ မိုးသားမည်းမည်းတွေ ပြည့်နေတဲ့ ကောင်းကင်ကြီးက မကြာခင်မှာပဲ ကြည်လင်သာယာနေတယ်လေ။

ခုတော့ မောင် ရောက်မလာတော့ပါဘူး။ ဒါပေမဲ့ သွယ့်ရင်ထဲမှာ မောင် ရှင်သန်နေဆဲပါ။

လသာသည် ဖြစ်စေ၊ မသာသည် ဖြစ်စေ၊ မိုးရွာသည် ဖြစ်စေ၊ မရွာသည် ဖြစ်စေ မောင့်ကို မမျှော်တော့ပေမယ့် သွယ့်ဘဝ သွယ့်ရင်ထဲမှာတော့ လွမ်းနေလျက်ပါကွယ်။

❒ ထိုက်သင်း



www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ်ထွက်လာခြင်း



ဆရာမဒေါ်ချိုချိုထိန်
သမားမှတ်ပုံတင်အမှတ်
ခ/၇၀၀၈

ကင်ဆာ၊ မြစ်ပွားနာ ၊
လေးဖက်နာအထူးကု
တိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်-ခ/၇၀၀၈ ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာမဒေါ်ချိုချိုထိန်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးခုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသပျက်ခိုင်၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင် ရေအိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘိပို၊ စိပိုးရောဂါများကို သက်သာပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုးဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ်အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။ ကင်ဆာရောဂါသည် လူနာလည်း ဝေဒနာ ခံစားရ၊ မိသားစုလည်း စိတ်ဆင်းရဲရသည်ကို မိမိကိုယ်တွေ့ ခံစားခဲ့ရဖူးပါသည်။ ကျွန်မ ဆေးဆရာမ မဖြစ်ခင်က သားအိမ်ခေါင်း ကင်ဆာရောဂါကို ဖြစ်ပွားခဲ့ပြီး ထိုရောဂါသက်သာပျောက်ကင်းနိုင်ရန်အတွက် ဆရာပေါင်းစုံနှင့် ကုသမှုခံယူခဲ့ပြီး သားအိမ်ထုတ်ခြင်း၊ ဓာတ်ကင်ခြင်း၊ ဆေးသွင်းခြင်းများအထိ ပြုလုပ်ခဲ့သော်လည်း ကျွန်မ၏ရောဂါမှာ မသက်သာလာဘဲ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာပြီး ပုပ်စော်နံသည်အထိ ဖြစ်လာခဲ့ပါသည်။ ထို့နောက် မိတ်ဆွေတစ်ဦး၏ အကူအညီကြောင့် မြန်မာ့တိုင်းရင်းဆေးဆရာတစ်ဦးဖြင့် ကုသခဲ့ရာ သက်သာပျောက်ကင်းသွားခဲ့သည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ကျွန်မကို ကုသပေးသော ဆရာ၏တိုက်တွန်းချက်နှင့် ကျွန်မခံစားခဲ့ရသည့် ယခုဖြစ်ပေါ်နေသော ကင်ဆာရောဂါ ဝေဒနာရှင်များကို ကိုယ်ချင်းစာပြီး သက်သာပျောက်ကင်း စေချင်သောစိတ်ဖြင့် ထိုတိုင်းရင်းဆေးနည်းပညာကို သင်ယူခဲ့ပါသည်။ မိမိကိုယ်တိုင် ကိုယ်တွေ့ခံစားခဲ့ရသည့်အတွက် ဝေဒနာရှင်များကိုလည်း နွေးထွေးပျူငှာစွာ အမြန်တကာ့ အမြန်ဆုံး သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။ ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာမထံသို့ လာရောက်ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှု ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆရာမထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

**ဆေးခန်းတည်နေရာ** - ကန်သာယာမှတ်တိုင်၊ အမှတ်- မပ/၁၆၂၊ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**လမ်းညွှန်** - ၄၈ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။

**ဆက်သွယ်ရန်ဖုန်း** - ၀၉-၇၃၀၆၁၆၇၃ ၊ ၀၉-၅၁၉၉၃၆၈၊ ၀၉-၇၃၂၄၄၈၆၀၊ ၀၉-၇၃၂၄၄၇၁၇၊ ၀၁-၇၀၀၆၄၄



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် တောဝက်ပစ်မယ်လို့ ဆုံးဖြတ်ပြီး ရိုးကြီးကုန်းပေါ်က နွံအိုင်လည်းရှိတဲ့ တောင်ပေါ်ကွင်းကလေးဆီကို ရောက်လာခဲ့တယ်။ တောင်စွယ်ပေါ်မှာတော့ ဝက်သိုက်တွေအများကြီးပါပဲ။ ဒါပေမဲ့ ဝက်တွေက တောင်ပေါ်ကွင်းကလေးထဲမှာပါ၊ ဝက်သိုက်တွေထဲမှာဆိုလို့ မွေးခါစ ဝက်ပေါက်ကလေးတွေနဲ့ ဝက်မပဲ ရှိပါတယ်။ အဲဒီအသိုက်က အခိုးတွေထွက်လို့ပါ။ အဲဒါ အန္တရာယ်အရှိဆုံးအကောင်ပါပဲ။ ဒါနဲ့ ဝက်ခြေရာတွေကိုကြည့်ပြီး သူတို့ အပြန်လမ်းမှာ ဘေးဘက်က နေရာယူပြီး စောင့်နေတော့ . . .

"ရှုး . . ရှုး . . ရှုး"

ဝက်အုပ် တက်လာပါပြီ။ ဝက်တောင်းကြီးက ဦးဆောင်ပြီး တက်လာတာ တွေ့ရပါတယ်။ အဲဒီ ဝက်တောင်းကြီးရဲ့အစွယ်ကလည်း မုန့်လက်ကောက်တစ်ကွင်းစာလောက် အပေါ်ကိုကွေးပြီး ဖြူဖွေးချွန်မြနေပါတယ်။ ကျွန်တော် အဲဒီအကောင်ကြီးကို ဘေးဘက်က နေရာယူပြင်ဆင်ကာ သူ့လက်ပတ်က နှလုံးသားဆီကို တူမီးသေနတ်နဲ့ တည့်တည့်ချိန်ပြီး သေချာတော့အပစ်ခလုတ်ကို ညင်သာစွာအဆွဲမှာ . . .

"ချောက်"

တူမီးက လုံးဝ မီးမကူးပါဘူး။ ဒါနဲ့ နောက်တစ်ချက် ကျည်ရိုက်တံကိုတင်ပြီး အပစ်ခလုတ်ကို ညင်သာစွာ ဆွဲဖြုတ်တော့လည်း . . .

"ချောက်"

ကျည်မထွက်ပါဘူး။ ငရဲမီးခွက်ကို ကျည်ရိုက်တံက ရိုက်သော်လည်း ယမ်းနဲ့ခဲသီးတွေ ရောထောင်းသိပ်ထားတဲ့ဆီကို မီးမကူးပါဘူး၊ နောက်တစ်ခါ သုံးကြိမ်မြောက်ပစ်တော့လည်း ကျည်မထွက်ပါဘူး။ ဒါနဲ့ ကျွန်တော် သေနတ်ကို ဖယ်ပြီး သေချာကြည့်တော့ ဆံပင်မွေးတွေတောင် ထောင်သွားတယ် ထင်ပါတယ်။ ပြီးတော့ မျက်လုံးကိုပွတ်ပြီး ပြန်ကြည့်ပါတယ်။ ကြက်သီးမွေးညင်းထောင်ထသွားပါတယ်။ မုဆိုးလုပ်စားလာတဲ့ သက်တမ်းမှာ တစ်ကြိမ် တစ်ခါမှ မမြင်ဖူးသေးတဲ့ ဖြစ်ရပ်ပါ။ ဝက်အုပ်ရှေ့ကဦးဆောင်လာတာက ဝက်တောင်းကြီးပါ။ အဲဒီ ဝက်တောင်းကြီးဘေးမှာ တောခွေးအဖြူကြီးတစ်ကောင် တဟဲဟဲနဲ့သွားဖြဲလို့ သွားရည်တွေကျပြီး ဟိုကြည့် ဒီကြည့်နဲ့ လိုက်ပါစောင့်ရှောက်နေတဲ့ သဏ္ဌာန်ပါ။ ဒီလိုနဲ့ ကျွန်တော် အစအဆုံး လိုက်ကြည့်ပါတယ်။ ဝက်သိုက်တွေ နှစ်ဆယ်လောက်ထဲက အစွန်က အသိုက်ထဲကို အဲဒီခွေးရယ်၊ ဝက်တောင်းကြီးရယ် ဝင်သွားပါတယ်။



ဝက်သိုက်ဆိုတာက ဝက်တွေ
က သစ်ကိုင်းသစ်ခက်တွေကို ကိုက်
ပုံပြီး သူတို့က ရွှံ့တွေလူးကာ အထဲ
တိုးအိပ်တော့ သစ်ကိုင်းပုံတွေလို ဖြ
နေပေမယ့် အထဲမှာတော့ ရွှံ့တွေ
မံထားသလို အခန်းဖြစ်နေတာပါ။

ကျွန်တော်လည်း နောက်
ကြောင်းကိုသုတ်ခြေတင်ပါတော့တယ်
ဒီလိုနဲ့ တောင်ခြေအဆင်းမှာ ချေပေါ
ကလေးတစ်ကောင်တွေ့တာနဲ့ ခုန
ဝက်တောင်းကြီးကိုပစ်တာကျည်မထွ
တဲ့ တူမီးသေနတ် အခုတော့ . . .

"ဒိုင်း. . ."

❖



www.burmeseclassic.com

www.burmeseclassic.com



# ကျည်မထွက်တဲ့တောဝက်နဲ့ မုဆိုးပရိယာယ်

## သန်းဝင်း (ဂျေဂျေ)

စောမြသန်း အံ့ဩခြင်းများစွာနဲ့ ...လေးကို ထမ်းကာ ရွာကို ပြန်ခဲ့ပါ ...တယ်။

"မလှရယ် ငါ့တစ်သက်နဲ့ တစ် ...ပဲ တစ်ခါမှ မမြင်ဖူးဘူး၊ တော ...ရှေ့မှာ တောခွေးတစ်ကောင် ...ဦးဆောင်ပြီး သွားနေတယ်ဟာ၊ ...အဲဒီတောခွေးက တောဝက် ...အတူ ဝက်သိုက်ထဲ ဝင်သွားပြီး ...နေတယ်ဟာ၊ ပြီးတော့ ငါက ...တိုပဲ အာရုံထားပြီး ဝက်တောင်း ...တူမီးသေနတ်နဲ့ပစ်တော့ ကျည် မထွက်ဘူး၊ သုံးခါတောင်ပစ်တာ လုံးဝ မထွက်ဘူး၊

ဒါနဲ့ ငါလဲ ဘာမှမပစ်တော့ဘူး ပြန်မယ်ဆိုပြီး ပြန်လာတာ လမ်းမှာ ချေကလေး ဒီကောင့်ကိုပစ်တော့ ကျည် ထွက်တယ်"

"လောကကြီးက ဆန်းပြားတယ် ကိုစောမြသန်း ရှင်တို့ကသာ ဟိုဟာ မယုံဘူး၊ ဒီဟာမယုံဘူးနဲ့ ကေန္တတော့ ရှင့်ကို တောခြောက်ပြီနဲ့တူတယ်၊ ရှင် တောထဲသွားရင် တောတင်မယ့်ပစ္စည်း တွေ ကျုပ်ကို မဝယ်ခိုင်းတာလဲ ကြာပြီ"

"အေး အေး ငါလဲ ဒါနဲ့ပဲ လုပ် စားတော့ ဒီတစ်ခါ တောတင်ဦးမှဟ၊ မဖြစ်ဘူး"

"ကျုပ်က ရှင့်ကို သတိပေးပေး နေတာ ကြာပါပြီတော်"

စောမြသန်း တောထဲသွားတော့ တောတင်ပါတယ်။ ဝက်အုပ်ထဲက ထူး ထူးဆန်းဆန်း ခွေးတစ်ကောင်တွေ့တာ အံ့ဩသလို ကျည်မထွက်တဲ့ ဝက်ကို လည်း လိုချင်နေသူပါ။ ဝက်စွယ်နားပင်း ပိတ်ဆိုတာကိုလည်း သဘောပေါက်ပါ တယ်။

အဲဒီအစွယ်ကိုရရင် ဘဝ အခြေ အနေ ပြောင်းသွားနိုင်ပါတယ်။ ခွေးက တော့ စဉ်းစားလို့မရပါဘူး။ အကြံညဏ် လေး ဘာလေးရအောင် ဘာလုပ်ရမလဲ ဆိုပြီးတော့ ဇဝေဇဝါဖြစ်နေတုန်း သတိ ရတာက တစ်ဖက်ရွာက သူ့အဘိုးနဲ့ သူငယ်ချင်းတွေ မုဆိုးဟောင်းကြီး အဘိုး ဦးမြဆောင်ဆီသွားပါတယ်။

"ဘယ်သူလဲဟေ့"

"အဘိုး၊ ကျွန်တော် ဦးစောဖိုး ညာရဲ့သား စောမြသန်းပါ အဘိုး"

"လာကွာ၊ ထိုင် ထိုင်"

ဒီတော့ စောမြသန်းက လက် ဖက်ခြောက်တစ်ထုပ်ပေးပြီး ကန်တော့ ပါတယ်၊ ပြီးတော့ အဘိုးဦးမြဆောင် က . . .

"ဘာအကြောင်းများ ရှိလို့လဲကွဲ့"

"အဘိုးကို မေးစရာရှိလို့ လာခဲ့ တာပါ အဘိုး"

"အေး၊ ဒါဆိုလဲ မေးလကွာ"

"ဒီလိုပါ အဘိုး၊ ကျွန်တော်လဲ အမဲပစ်လာတာကြာပြီ၊ တစ်ခါမှ မတွေ့ ဖူးတာ တွေ့ခဲ့လို့ မေးမလို့ အဘိုးဆီ လာခဲ့တာ"

"အေး"

"ဒီလို အဘိုးရဲ့၊ ဟိုရိုးကြီးကုန်း ပေါ်က စိမ့်တွေထွက်နေတဲ့ တောင်ပေါ် ကွင်းလေးရှိတယ်မို့လား၊ နွံအိုင်တွေနဲ့ လေ၊ အဲဒီမှာ ကျွန်တော် ဝက်သွားပစ် တော့ အဲဒီဝက်အုပ်ကို ဦးဆောင်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ဝက်တောင်းကြီးဘေးမှာ တောခွေး အဖြူတစ်ကောင်ပါနေတယ် အဘိုးရဲ့ ထူးထူးဆန်းဆန်းတွေချည်းပဲ၊ ကျွန်တော် အဲဒီဝက်တောင်းကြီးကို တူမီးနဲ့ သုံးချက် ပစ်တာ မီးလုံးဝမကူးဘူး၊ ကျည်မထွက်ဘူးပေါ့ အဘိုးရယ်၊ ဒါနဲ့ ကျွန်တော် အံ့ဩပြီး ပြန်လာတော့ လမ်းမှာ ချေ ပေါက်တစ်ကောင်တွေ့တာနဲ့ အဲဒီဝက် ကိုပစ်တဲ့ မီးမကူးတဲ့ ယမ်းနဲ့ပစ်တာ ကျည်ထွက်တယ်၊ ချေလဲရတယ်"

"အင်း အဲဒါထူးတာပေါ့ကွ၊ အဲဒီ ဝက်တောင်းကြီးမှာဝက်စွယ်နားပင်းပိတ် ရှိနေပြီလေ၊ ဝက်တွေတော့ မသိဘူးလေ၊ အဲဒီလို ထူးတဲ့ဝက်ကို တခြားသတ္တဝါ တစ်ကောင်က သဘာဝအလျောက် ရောက်ရှိ ပူးကပ်ပြီး စောင့်ရှောက်ရတဲ့ သဘောရှိတယ်၊ အဲဒီစောင့်ရှောက်တဲ့ အကောင်လဲ ပါရမီထူးတဲ့ကောင် ဘဝ မပြောင်းခင် သူက တစ်နည်းနည်းနဲ့ သေရတယ်လေ"

"ဟုတ်ကဲ့ပါ အဘိုး"

"တို့ ငယ်ငယ်တုန်းကလဲ ဒီလို အဖြစ်မျိုးတွေ တွေ့ဖူးတာပေါ့ကွ၊ အဲဒီ လိုဝက်ထီးကြီးကို မျောက်တစ်ကောင်က စောင့်ရှောက်တယ်၊ ဝက်အုပ်သွားလေ ရာ မျောက်က သစ်ပင်ပေါ်ကနေ အပင် ကူးပြီး လိုက်တယ်၊ တစ်နေ့တော့ မုဆိုး က ဝက်ကိုပစ်မယ်အလုပ်မှာ မျောက်က ဝက်ကို မောင်းထုတ်တော့ မုဆိုးက မျောက်ကို အမြင်ကတ်လာတာပေါ့၊ ဒါနဲ့ နောက်တစ်ခါတော့ မျောက်ကို မုဆိုးက အရင်ပစ်သတ်လိုက်တော့ ဝက် အုပ်လဲနေရာပြောင်းသွားပါတော့တယ်"

"ဟုတ်ကဲ့ အဘိုး"

"မုဆိုးက ဝက်ကို ပစ်ရင်လဲ မီး မကူး ကျည်မထွက်၊ မြားမတိုး လေး မဝင်တာ မှန်ပေမယ့် အဲဒီ ဝက်စွယ် နားပင်းပိတ်ရှိတဲ့ ဝက်ရဲ့ဘေးမှာ သား တောင်းနေတဲ့ ဝက်မ ရောက်လာပြီး စိတ်ပြောင်းသွားရင် ကျည်ဝင်သွားမှာ မြားပေါက်သွားမှာ၊ ဒါကြောင့် အဲဒီလို ပါရမီရှိတဲ့ သတ္တဝါကို သဘာဝတရားက ကာကွယ်ပေးထားတာပေါ့၊ အင်မတန် အံ့ဩဖို့ ကောင်းပါတယ်၊ ဒါမျိုးတွေ ဒီခေတ်မှာ တွေ့ရခဲပြီကွ"

"အဘိုး ကျွန်တော် အခုမြင်ရ တဲ့ ခွေးကျတော့ ဝက်နဲ့က ရန်သူတွေ လေ"

"ဟုတ်တယ်၊ မှန်တယ်လေ၊ ငါ့ သူငယ်ချင်းတစ်ယောက်လဲ ကြုံဖူးတယ်"

"ခွေးတွေက ကျောက်ဂူထဲမှာ သားပေါက်တယ်၊ ဝက်ဝံတွေလာတော့ ခွေးက ပြေးရတယ်၊ ဒီတော့ မိုးကြီး လေကြီးကျရင် ခွေးမက သားသမီးတွေ ကို တစ်ကောင်ပြီး တစ်ကောင် ချီပြီး နေရာပြောင်းတယ်၊ နေရာက ရှာမတွေ့ ချောင်းဖြတ်၊ မြောင်းဖြတ်နဲ့ ရေထဲမျော ပါတယ်၊ လမ်းမှာအန္တရာယ်နဲ့တွေ့တယ်၊ ဒါနဲ့ ဝက်သိုက်ထဲ ယောင်လည်လည် ရောက်သွားတော့ သားပေါက်ရှိတဲ့ ဝက် မက အဲဒီအချိန်မှာ ဘာကောင်မှ ကပ် လို့မရတာ၊ ခွေးမကို ပြေးပက်တာ ခွေးမ ဗိုက်ကွဲပြီး အူတွေထွက်ပြီး သေတော့ ခွေးကလေးက ဝက်ကလေးအရွယ်၊ ဝက်မ ပြေးပက်တဲ့အချိန်မှာ လေထဲ မြောက်ပြီး ဝက်ပေါက်လေးတွေပေါ် ကျတော့ ရောပြီး နို့စို့ကြီးပြင်းလာတာ ပေါ့၊ အဲဒီဝက်ကလေးတွေထဲမှာ ဝက် စွယ်နားပင်းပိတ်နဲ့ တစ်ချိန်မှာ ဝက်အုပ် ကို ဦးဆောင်မယ့် ဝက်ကပါနေတယ်၊ ဒီတော့ သဘာဝတရားက အသက်ပေး ပြီး အဲဒီကောင်ကို ကာကွယ်စောင့် ရှောက်ဖို့ ဖန်တီးပေးတာပဲ"

"ဟုတ်ကဲ့ အဘိုး"

"အေး ငှက်တွေရဲ့ အမြုတေကျ တော့ အဲဒီလိုမဟုတ်ဘူး၊ အဲဒီအမြုတေ ရှိတဲ့ အသိုက်ကို အသိုက်ထဲမှာရှိတဲ့ သားပေါက်တွေမပေါက်သေးတဲ့ ဥတွေ ကို မြွေတို့ စွန်တို့လာပြီး မနိုက်ရဲဘူး၊ အနားမကပ်တော့ဘူး၊ အဲဒီအမြုတေဥ ရှိသရွေ့ပေါ့၊ ဒါတွေက ငှက်သိုက် အဟောင်းတွေမှာ ရတတ်တာပါ၊ ငှက် တွေကလဲ ရာသီဥတုတစ်ခုပြောင်းရင် အသိုက်လဲ ပြောင်းကြတာပဲလေ"

"ဒါနဲ့ အဘိုး ဝက်စွယ်နားပင်း ပိတ် ရတဲ့နည်းကို ပြောပါဦး"

"ဝင်စွယ်နားပင်းပိတ်ရှိတဲ့ ဝက် က သူ့ကိုယ်သူလဲ မသိဘူး၊ တိရစ္ဆာန်ဆို တော့ သဘာဝ ဖန်တီးထားတာတွေ ချည်းပဲ၊ အဲဒါကို လူတွေက တွေ့မြင် သုံးသပ်ပြီး အသုံးပြုကြတာကွ၊ မင်း ဝက်စွယ်နားပင်းပိတ်ကို ဘယ်လိုလုပ်ယူ လို့မှ မရဘူး။

သူ့ကို သေနတ်နဲ့ပစ်ရင် မီးမကူး ဘူး၊ ကျည်မထွက်ဘူးပေါ့၊ လူတွေက အဲဒါကိုရရင် အိမ်မှာထားတယ်၊ အိမ်မီး မလောင်ဘူးပေါ့၊ သူများလောင်ထဲ ကိုယ့်အိမ် မပါဘူးပေါ့၊ ကိုယ်မှာဆောင် လဲ လေးမြားလက်နက်သေနတ်ပြီးတယ် ပေါ့၊ ဒါပါပဲ"

"ဒါဆိုရင် အဲဒါကို ဘယ်လိုရ တာလဲ အဘိုး"

"ဝက်စွယ်နားပင်းပိတ်ရှိတဲ့ ဝက် က မီးမကူးဘူး၊ ကျည်မထွက်ဘူး၊ လေး မဝင်ဘူး၊ မြားမပေါက်ဘူး၊ ဒါကြောင့် အဲ သတ္တဝါက သူ့ ဥပစ္ဆေဒကကံနဲ့ သေ ဖို့ပါခဲ့ရင် ရေနစ်သေတာတို့ သစ်ပင် တာတို့ အဲဒီလိုသေခဲ့ရင် အဲဒီအစွယ် သုံးလို့မရဘူး၊ ဘာမှ အစွမ်းမရှိဘူး၊ အေး အဲဒီဝက် သူ့ဟာသူ ကံကုန်လို့သေပြီး အသားတွေကျ အရိုးတွေမှာ ဘာအန္တ မရတော့ရင် အဲဒီကျမှ အဲဒါအစွမ်းရှိ ဝက်စွယ်နားပင်းပိတ်ပဲ၊ ရခဲလှပါတယ် ကွာ"

"ဒီပြင်နည်းနဲ့ကော မရနိုင်ဘူး လား အဘိုး"

"ရှိတယ်၊ ဝက်စွယ်နားပင်းပိတ် ရှိတဲ့ဝက်က ဝက်ထီးကြီးတွေကွ၊ ဘယ် လိုရမလဲဆိုတော့ ဝက်မတွေ သား တောင်းတဲ့အခါ သူက မိတ်လိုက်နေ အချိန်မှာ မင်းကြိုက်တာနဲ့ပစ်၊ ထိ အဲဒီကောင်သေတာပဲ၊ အဲဒါ ခေါင်းဖြတ် ပြီး အစွယ်သာ ရအောင်ယူတော့ ဘာ ဖြစ်လို့လဲဆိုတော့ သူ မိတ်လိုက် အချိန်မှာ အစွယ်မှာရှိတဲ့ စွမ်းအား က အပြင်ထွက်နေလို့ပဲ၊ ပြီးမှ ပြန်ဝ



www.burmeseclassic.com

www.burmeseclassic.com

သော၊ အဲဒါ ဝက်စွယ်နားပင်းပိတ် ယူတဲ့နည်းပဲ"

"ဒါဆို အဲဒီဝက် မိတ်လိုက်တာ ကို စောင့်ကြည့်ရမှာပေါ့နော် အဘိုး၊ လွယ်လိုက်တာ"

"လိုချင်ရင်တော့ ကြိုးစားရမှာ ပေါ့၊ ဇွဲရှိရမှာပေါ့၊ အရင်းအနှီးတွေ ပေး ရမှာပေါ့၊ မင်းကို ငါ နည်းလမ်းပေးလိုက် တာ၊ ငါတော့ ပါဏာတိပါတကံ ကျိုးပါ ပြီကွာ၊ တောလိုက်ရတဲ့အကြောင်းများ ပြောရရင် အဲဒီလိုပဲကွ"

"ဟုတ်ကဲ့ပါ အဘိုး၊ အဘိုးလဲ ထမင်းစားချိန်ရောက်ပြီ၊ ကျွန်တော်လဲ ပြန်လိုက်ပါဦးမယ် အဘိုး"

"အေး အေး အခုလို မင်းနဲ့ ပြောရတော့ မင်းအဘိုးရွှေမောင်းကို အမှတ်ရတယ်ကွာ၊ တောထဲသွားရင် သတိနဲ့သွားကွာ၊ တောကို ဝင်တာနဲ့ ကိုယ့်အသက်က တစ်ဝက်ပေးထား လိုက်ရတာကို မမေ့နဲ့၊ စည်းနဲ့ ကမ်းနဲ့ ပစ်၊ ဒုက္ခိတတွေ သားသည် အမေတွေ၊ နုနယ်အရွယ်တွေကို မပစ်နဲ့၊ တံငါတစ်ရက် ငါးဆိုးတစ်သက်ပစ်တာနဲ့ တူတယ်ဆိုပြီး လဲ မတွက်နဲ့၊ အကုသိုလ်က အကုသိုလ် ပဲမှတ်"

ကျွန်တော် အိမ်အပြန်လမ်းမှာ တော့ ဗဟုသုတတိုးပွားခဲ့ရတာကို ပီတိ ဖြစ်ရသလို ဝက်စွယ်ကို မရ ရအောင် ပစ်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

❖

ဝက်သိုက်ရှိရာနဲ့ မလှမ်းမကမ်း လက်ညာအရပ်၊ တောပိတောက်ပင်ပုပု၊ အစ်ရွက်ထူထူ အကိုင်းတွေထက်မှာ ကာယီလင့်စင်ထိုးပါတယ်။ စောင့်ကြည့် ပါတယ်။

ပြီးတော့ စိမ့်တောလွင်ပြင်က အထက်၊ စိမ့်ထဲကို သေနတ်တစ်ကမ်း၊ လေးတစ်လှမ်း၊ ကွဲတည်းပင်မှာ လင့် စင်လုပ်ပါတယ်။

အဲဒီလိုနဲ့ စောမြသန်း တစ် ယောက် နေ့စဉ်အသွားအပြန်လုပ်ရင်း တစ်ပတ်ကျော်လာတော့ စိမ့်တောထဲ မှာ ဝက်အုပ်။ နွားခေါင်းနဲ့ မြေကြီး ကလော်ပြီး မြက်ဥနဲ့တီ ရှာစားတဲ့ ကောင်ကစား လုပ်နေရင်းက ဝက်ငယ် အထီးနှစ်ကောင် ထကိုက်ပါလေရော။ ဝက်မတစ်ကောင် သားတောင်းတဲ့အနံ့ ရတော့ နှစ်ကောင်စလုံး သွားကပ်ရင်း က ကိုက်ကြတာကို။ ဝက်အုပ်ထဲက ခွေးက ဝက်နှစ်ကောင် ဆော့တယ် အထင်နဲ့ သူလည်း ဆော့တဲ့ သဘောနဲ့ ကုန်းပေါ်က ဆင်းအသွား ဝက်တစ် ကောင် ပြေးပက်တာ အူတွေထွက်ပြီး ခွေးသေသွားပါတော့တယ်။

ဒါနဲ့ စောမြသန်း နောက်နေ့မှာ ကွင်းစပ်က ကွဲတည်းပင် လင့်စင်ကပဲ စောင့်ပါတယ်။ ဒူးလေးရော၊ တူမီးရော ပါပါတယ်။ တွေ့ပါပြီ ဝက်တောင်းကြီး။ ဝက်မတစ်ကောင် သားတောင်းတာကို မိတ်လိုက်နေပါတယ်။ ဒီတော့ စောမြ သန်း ဒူးလေးက ဝက်တောင်းကြီးရဲ့ နှလုံးရှိရာကို ဖောက်ဝင်ပြီး တန်းလန်း ကြီး။ ဝက်တွေအားလုံး ထွက်ပြေးကုန် ပါတော့တယ်။

စောမြသန်း သေနေတဲ့ ဝက် တောင်းကြီးဆီသွားပြီး ခေါင်းဖြတ်ကာ ရွာကို သုတ်ခြေတင်မပြေးရုံတစ်မည် ပါပဲ။ သုံးရက်ခန့်ကြာတော့ စောမြ သန်း တစ်ယောက် ဝက်စွယ်တွေကို တောထဲ ယူပြီး တူမီးနဲ့ စမ်းပါတယ်။ ကျည်မထွက် ပါဘူး။ ဝမ်းသာလို့ မဆုံး တပြုံးပြုံးနဲ့ အိမ်ကို ပြန်ခဲ့ပါတယ်။

"စောမြသန်း မင်းဆီမှာ ဝက် စွယ်နားပင်းပိတ်ရှိတယ်ဆို၊ လိုချင်တဲ့သူ ရှိတယ်ကွ၊ ရောင်းရင်ပြော၊ စမ်းပြီးမှ ယူ မှာနော်"

"စမ်းပြီးမှ ယူ၊ ကြိုက်သလိုစမ်း၊ ကြိုက်ဈေးပေးမလားလို့ ပြောလိုက်"

မြို့ပေါ်က ပွဲရုံသူဌေးတွေ ၁၂ ယောက်လောက် ရွာကို ရောက်လာ ပါတယ်။ လှည်းနှစ်စီးတောင်။ စော မြသန်းနဲ့တွေ့ပြီး တောစပ်ကိုသွားကာ နှစ်လုံးပြူး၊ တူမီး၊ လိုင်စင်နဲ့ကိုင်တဲ့ ခြောက်လုံးပြူး စိတ်ကြိုက်စမ်းပြီး ကျေနပ်တာနဲ့ ငွေပုံပေးကာ ပြန်သွား ပါတော့တယ်။ စောမြသန်း အမဲမလိုက် တော့ပါဘူး။ လယ်တွေ ဝယ်တယ်။ သူရင်းငှားနဲ့လုပ်တယ်။ အိမ်ဆောက် တယ်။ သားတွေ ရှင်ပြုတယ်။ အဘိုး ဦးမြဆောင်ကို သွားကန်တော့တယ်။ ဒီတော့ အဘိုးက . . .

"ဝက်စွယ်နားပင်းပိတ်တွေ အမြဲ တေရှိတဲ့ ငှက်သိုက်တွေကို တောပိုင်၊ တောင်ပိုင် တစ်ပွဲစားတွေက စောင့် ရှောက်ကြရတယ်၊ ကာကွယ်ရတယ်၊ အဲဒီကြားထဲက မင်းက ရအောင်ယူတဲ့ မုဆိုးဆိုတော့ မင်းနောက်တစ်ခါ တော ထဲဝင် ဘယ်လောက်တောတင်တင်၊ တောင်တင်တင်၊ မင်း ဘာမှပစ်လို့ရမှာ မဟုတ်ဘူး၊ အန္တရာယ်ပဲ မင်းကိုပေးမှာ၊ မင်း မုဆိုးမလုပ်နဲ့တော့"

"ဟုတ်ကဲ့ပါ အဘိုး"

"တောထဲဝင်တာနဲ့ မင်းအသက် တစ်ဝက်ကို တောတောင်က ပိုင်သွားပြီ၊ သားကောင်ရဲ့ အသက်တစ်ဝက်ကိုလဲ မင်းက ပိုင်ထားပြီ၊ အဲဒီတော့ မင်းမှာ ငါးဆယ်သားပဲ ကျန်တော့တယ်၊ အဲဒီ ငါးဆယ်သားထဲက ယုံကြည်မှုတွေ၊ အစဉ်အလာတွေ၊ အစွဲအလမ်းတွေ၊ သံသယတွေက အစိတ်သား ယူသွား တယ်၊ မင်းမှာ အစိတ်သားပဲ ကျန်တော့ တယ်၊ စွမ်းအားတွေ နည်းသွားတော့ မင်းက ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံပဲ ရှိတော့တယ်၊ ဒီတော့ ဒီမုဆိုးအလုပ်ကို မင်းရပ်တော့၊ ဘာမဆို အချိန်တန်ရင် ရပ်ရတယ်လေ၊ မင်း ပြည့်စုံသွားပြီပဲ မဟုတ်လား"

"ဟုတ်ကဲ့၊ ကန်တော့ပါတယ် အဘိုး"

❒ သန်းထွန်း(ဂျေဂျေ)



www.burmeseclassic.com

www.burmeseclassic.com

ဆိုဖီသည် နယူးယောက်မြို့ရှိ မက်ဒီဆင်ရပ်ကွက်အတွင်း သွားလာ ကျက်စားနေသူ တစ်ယောက်ဖြစ်သည်။ ဆောင်းရာသီ ကျရောက်တော့မည့် လက္ခဏာ သင်္ကေတများ ဝင်လာပြီဖြစ်၍ ငှက်များက တောင်ဘက်အရပ်များသို့ အစုလိုက် အအုပ်လိုက် ပျံသန်းနေကြပြီ ဖြစ်သည်။ အနွေးထည် အင်္ကျီ လှလှကလေးများကို ကော်ယင်လိုကြသော အိမ်ရှင်မများကလည်း လင်သားများကို ပူဆာလိုသောကြောင့် ကြင်ကြင်နာနာ ပြုစုလာကြပြီ။

ထိုဖြစ်ရပ်များကို မြင်တွေ့လိုက်ရသော ဆိုဖီက ဆောင်းဥတုကျရောက်တော့မည်ကို တွေးမိလိုက်လေသည်။



# ကြုံတောင့်ကြုံ

မောင်မြင့်မား(ဗိုလ်ကလေး)

www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်ထက်မှ သစ်ရွက်ခြောက်တစ်ရွက်သည် ဆိုဖီ၏ ခြေထောက်ပေါ်သို့ ကျရောက်လာသည်။ ထိုအခြင်းအရာသည်ပင် ဆောင်းရာသီသို့ ကျရောက်တော့မည်ဖြစ်ကြောင်း သက်သေခံနေပြီ မဟုတ်ပါလား။

ဆိုဖီသည် ဆောင်းရာသီကာလအတွင်း မည်ကဲ့သို့ နေထိုင်ရမည်နည်းဆိုသောအချက်ကို စဉ်းစားနေမိသည်။ နောက်ဆုံးတွင် သူ့အတွက် အကောင်းဆုံးသော နည်းလမ်းတစ်ခုကို စဉ်းစားမိလိုက်သည်။

ထို့ကြောင့် ဆိုဖီသည် ရပ်မနေတော့ဘဲ မိမိအကြံကို အကောင်အထည်ဖော်နိုင်ရန် လမ်းလျှောက်ရင်း အတွေးနယ်ချဲ့လာသည်။

ဆိုဖီ၏ အကြံကား ကြီးကြီးကျယ်ကျယ်တော့မဟုတ်။ အများသူငါကဲ့သို့ ပင်လယ်ပြင်ကိုဖြတ်ကာ သင်္ဘောဖြင့် ရွက်လွှင့်သွားရန်လည်း မဟုတ်။

နေပယ်ပင်လယ်ကွေ့သို့ သွားရောက်နေ ထိုင်ရန်လည်း မဟုတ်ချေ။ တောင်ဘက် အရပ်များသို့ သွားရောက်ရည်ပတ်ရန်လည်း မလိုလားချေ။ သူအလိုလားဆုံး အရာကား ဘလက်ဝဲကျွန်းအကျဉ်းထောင်တွင် ဆောင်းတွင်းသုံးလခန့် နေလိုက်ချင်သော ဆန္ဒပင်ဖြစ်သည်။

အကျဉ်းထောင်တွင် နေလိုက်ခြင်းအားဖြင့် သုံးလအတွက် အစားအစာကိုလည်း ပူပင်စရာမလို၊ အိပ်ရာနေရာကိုလည်း စိုးရိမ်စရာမလို။ ဆောင်း၏ အအေးဒဏ်ကိုလည်း မကြောင့်ကြရ။ ရဲသားများ၏ အနှောင့်အယှက်ကိုလည်း ထည့်တွက်စရာ မလိုတော့ပြီ။

ဆိုဖီဘဝအတွက် ထိုကိစ္စများသည် အရေးကြီးဆုံးသော အချက်များဖြစ်သည်။

ဆိုဖီသည် ဘလက်ဝဲအကျဉ်းထောင်တွင် နှစ်ပေါင်း အတော်ကြာအောင် နေခဲ့ဖူးသည်။ နယူးယောက်မြို့ရှိ ပိုက်ဆံချမ်းသာသူများသည် ဆောင်းရာသီတွင် ဖလော်ရီဒါ ကမ်းခြေသို့လည်းကောင်း၊ မြေထဲပင်လယ်ကမ်းခြေသို့လည်းကောင်း သွားရောက်နေထိုင်ကြသည်။

ဆိုဖီကလည်း အားကျမခံ သူ့အကြံအကောင်အထည်ပေါ်လာစေရန် ကြိုးစားဖို့ ဆုံးဖြတ်လိုက်သည်။

လွန်ခဲ့သော ညက ဆိုဖီသည် ပန်းခြံတစ်ခု၏ ခုံတန်းဘေးတစ်နေရာတွင် အိပ်ခဲ့ရသည်။ ချမ်းလိုက်သည်မှာ ဆိုဖွယ်ရာ မရှိ။ သူ့တွင် ပါလာသော သတင်းစာဟောင်း သုံးစောင်ဖြင့် အမျိုးမျိုးကာကွယ်ခဲ့သော်လည်း အချည်းနှီးသာ ဖြစ်ခဲ့သည်။

ထို့ကြောင့်လည်း ဆောင်းမကျမီ ထောင်ထဲသို့ အမြန်ရောက်ရေးသည် သူ့အတွက် အဓိက ကျနေပြီ။

မြို့ထဲတွင် သူ့အတွက် အစားအစာနှင့် အိပ်ရာနေရာများရနိုင်သည်။ သို့သော် ဆောင်း၏ အချမ်းဒဏ်ကိုတော့ ကာကွယ်နိုင်မည်မဟုတ်။

ဒါကြောင့် ဘလက်ဝဲအကျဉ်းထောင်ကိုသာ သူသွားချင်နေသည်။ ဆိုဖီက တွေးမိသည်။ မြို့ထဲတွင် အစားအစာများ တောင်းခံခဲ့လျှင် တစ်စုံတစ်ခုသော အလုပ်ကို လုပ်ပေးရဦးမည်။ ဒါမှမဟုတ် ငွေကြေးတစ်စုံတစ်ရာပေးရဦးမည်။ ငွေကြေးမပေးရသည့်တိုင် သူ့ကိုယ်ကို ရေမိုးချိုးပြီး သန့်သန့်ရှင်းရှင်းနေဖို့ တိုက်တွန်းကြဦးမည်။ သူ့အား မေးခွန်းများ မေးသည်ကို ဖြေကြားနေရဦးမည်။

ဆိုဖီသည် ဤကိစ္စများကို လုံးဝမလိုလားချေ။ ဤကိစ္စများကင်းသော အကျဉ်းထောင်က သူ့အတွက် အသင့်တော်ဆုံးဖြစ်သည်ဟုမှတ်ယူထားသည်။ အကျဉ်းထောင်တွင်လည်း ထောင်စည်းကမ်းက ရှိသေးသည်။

ဒါပေမဲ့ အရေးမကြီး၊ ထောင်ထဲတွင် လူတန်းစားခွဲခြားမှု လုံးဝမရှိ။ ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ဦးနှင့် သူသည် ထောင်ထဲတွင် ဘဝတူဖြစ်သည်။ အားလုံး အကျဉ်းသားများသာ ဖြစ်ကြသည်။

သူ၏ အကြံအစည်အတိုင်းလုပ်ဆောင်ရန်ကား အင်မတန် လွယ်ကူပေသည်။ အကောင်းဆုံးနည်းက စားသောက်ဆိုင်တစ်ခုအတွင်းသို့ ဝင်ကာ စားကောင်းသောက်ဖွယ်များကို စားသောက်ရန်ပင် ဖြစ်သည်။ စားသောက်ပြီးနောက် ပိုက်ဆံမရှိ၊ မပေးနိုင်ဟု ပြောလိုက်မည်။

ထိုအခါ သူ့ကို ပုလိပ် လက်ထဲကို အပ်လိုက်ကြမည်။ တရားရုံးက သူ့အား ထောင်ဒဏ်ချမှတ်မည်။

ဤနည်းအားဖြင့် သူရောက်လိုသော အကျဉ်းထောင်သို့ ရောက်ရပေတော့မည် မဟုတ်ပါလား။

ဆိုဖီသည် ဘရော့(စ်)ဝေးလမ်းထောင့်ရှိ လူစည်ကားသော အရပ်သို့ လျှောက်လာခဲ့သည်။ ရောင်စုံမီးများ ထွန်းညှိထားသော စားသောက်ဆိုင်ကြီးတစ်ဆိုင်ရှေ့တွင် ရပ်လိုက်သည်။

ထိုဆိုင်ကား ကြေးရတတ် လူတန်းစားများသာ စားသောက်သောဆိုင်ဖြစ်သည်။ အဝတ်အစား လှလှပပနှင့် သပ်သပ်ရပ်ရပ် ဝတ်စားသူများသာ စားသောက်ရသော ဆိုင်ဖြစ်သည်။

ထို့ကြောင့် ဆိုဖီသည် မိမိ၏ အဝတ်အစားများကို သေသေချာချာ ကြည့်သည်။ သူ၏ ခေါင်း၊ မျက်နှာ၊ ကုတ်အင်္ကျီ၊ ဘောင်းဘီအားလုံး အဆင်ပြေပြေ ရှိသည်။ ခြေထောက်အောက်ပိုင်းတစ်ခုသာ ဆိုစရာရှိသည်။

ဘောင်းဘီခြေဖျားက အနည်းငယ် စုတ်နေပြီး ဖိနပ်ကလည်း အနည်းငယ် စုတ်ပြတ်နေလေသည်။ သို့သော် အရေးမကြီး ဆိုင်ထဲကိုဝင်၍ စားပွဲတစ်ခုတွင် ထိုင်လိုက်သော် မည်သူမျှ မြင်နိုင်စရာ အကြောင်းမရှိ။ သူ့အကြံ အောင်မြင်မည်သာ ဖြစ်သည်။

ဆိုဖီက မိမိ မှာယူစားသောက်မည့် အစားအစာများကို စဉ်းစားလိုက်သည်။ စဉ်းစားရင်း သွားရည်များပင်

www.burmeseclassic.com

ကျလာသည်။ ပတ်ဝန်းကျင်လူများကို ဂရုစိုက်စရာမလို။ စားပြီးနောက် ရဲသားနောက်ကို လိုက်သွားဖို့သာ အရေးကြီးသည်။

ဆိုဖီသည် ဆိုင်ထဲသို့ ခပ်တည်တည်နှင့် လှမ်းဝင်လိုက်သည်။ ဤသို့ လှမ်းလိုက်သည်နှင့်ပင် ခြေထောက်တွင် စုတ်ပြတ်နေသော ဘောင်းဘီနှင့် ဖိနပ်ကို ဆိုင်ဝတွင် ထိုင်နေသော အဘိုးကြီးက မြင်သွားသည်။

အဘိုးကြီးသည် ဆိုဖီအား ခြေထောက်နှင့် ကန့်လန့်တားလိုက်သည်။ ထို့နောက် သန်မာသော လက်ကြီးနှင့် ဆိုဖီအား ဆိုင်ပြင်သို့ ဆွဲထုတ်လိုက်သည်။ ဆိုဖီသည် ဘရော့(စ်)ဝေး လမ်းမကြီးမှ လှည့်ထွက်လာခဲ့သည်။

ဒီလောက်လွယ်ကူသော ကိစ္စကလေးကိုပင် မအောင်မြင်နိုင်ကောင်းလားဟု ဒေါသထွက်မိသေးသည်။

သို့သော် စိတ် မလျှော့သေး။ နောက်တစ်နည်း ကြိုးစားရန် ကြံလိုက်သည်။ သူသည် နောက်လမ်းတစ်ခုသို့ ရောက်လာပြန်သည်။ ယင်းလမ်းထောင့်တွင် မီးရောင်စုံများ ထွန်းညှိထားသော ဆိုင်ကြီးတစ်ဆိုင်ကို တွေ့လေသည်။

ဆိုင်ရှေ့တွင် အလွန်ကြီးမားတောက်ပြောင်နေသော မှန်ပြတင်းများကို တွေ့ရသည်။ သူသည် ကြာကြာစဉ်းစားမနေတော့ဘဲ ကျောက်ခဲကြီးကြီးတစ်လုံးကို ကောက်ကာပစ်ထည့်လိုက်တော့သည်။ မှန်များကွဲသွားသဖြင့် လူများ ဝိုင်းလာကြတော့သည်။ ယင်းတို့အထဲတွင် ပုလိပ်တစ်ယောက်က ရှေ့ကပါလာသည်။

ဆိုဖီသည် ပုလိပ်ကို မျက်နှာချင်းဆိုင်ကာ ခပ်တည်တည်နှင့် ပြုံးပြလိုက်သည်။

ပုလိပ်က . . .

"မှန်ကို ခဲနဲ့ပစ်တဲ့လူ ဘယ်ရောက်သွားသလဲ"

"ခင်ဗျား ကျွန်တော်ပစ်တယ်လို့ မထင်မိဘူးလား"

သို့သော် ပုလိပ်က ဆိုဖီစကားကို ဂရုမစိုက်။ ပတ်ဝန်းကျင်ကို ရှာဖွေသော မျက်လုံးဖြင့် ကြည့်လိုက်သည်။ ထိုအချိန်တွင် လမ်းကို ဖြတ်ပြေးသွားသော လူတစ်ယောက်ကို မြင်လိုက်သဖြင့် ဆိုဖီအား ဆက်လက်မေးမနေတော့ဘဲ ထိုလူနောက်သို့ ပြေးလိုက်သွားတော့သည်။

ဆိုဖီက တော်တော်အံ့ဩသွားသည်။ ဒုတိယအကြံအစည်မအောင်မြင်သဖြင့် မချိတင်ကဲဖြစ်ကာ ဒေါသလည်းထွက်သွားသည်။ စိတ်ပျက်အားငယ်စွာဖြင့် ထိုနေရာမှလျှောက်လာခဲ့ပြန်သည်။

မကြာမီ စားသောက်ဆိုင်တစ်ခုကို ရောက်လာပြန်သည်။ ထိုဆိုင်ကား သားသားနားနား မဟုတ်ချေ။ ဆင်းရဲသားများ စားသောက်နိုင်သော အဆင့်မျိုးဖြစ်သည်။ ထို့ကြောင့် ဆိုဖီဝင်လာသည်ကို မည်သူမျှ မဟန့်တားကြချေ။

ဆိုဖီသည် ဆိုင်တွင်ရနိုင်သည့် စားသောက်စရာများကို မှာကာ စားသောက်လေတော့သည်။ ဗိုက်ကားအောင်• အားရပါးရ စားသောက်ပြီးနောက် ပိုက်ဆံရှင်းရန် ပေးစရာမရှိကြောင်း စားပွဲထိုးအား ခပ်တည်တည်ပြောလိုက်သည်။

"ကျုပ်မှာ ပေးစရာပိုက်ဆံ မရှိဘူး၊ ဒီတော့ မင်းတို့ ပုလိပ်ကိုသာ ခေါ်လိုက်ပေတော့"

"အလုပ်အကိုင်အပျက်ခံပြီး မင်းကို ပုလိပ်တော့ မတိုင်ဘူး"

ဟုဆိုကာ စားပွဲထိုးနောက်တစ်ယောက်ကို ခေါ်လိုက်၍ ဆိုဖီ၏နားရင်းကို တီးထည့်လိုက်ကြသည်။ ထို့နောက် လမ်းပေါ်သို့ ကန်ထုတ်လိုက်ကြသည်။

ဆိုဖီက လမ်းပေါ်မှ ထရပ်လိုက်သည်။ တစ်ကိုယ်လုံးတွင် ပေကျံနေသော ဖုန်များကို ခါချလိုက်သည်။ သူအတော်ကြီး စိတ်ပျက်သွားမိသည်။ ထောင်ထဲကို ရောက်ဖို့ အရေးကားမလွယ်လှသေး။ သူ့စိတ်ကူးက အိပ်မက်တော့ မဖြစ်တန်ရာဟု တွေးလိုက်သည်။

သူ့အနားမှ ပုလိပ်တစ်ယောက်က သူ့ကို ကြည့်ကာ ရယ်နေသည်။

ဆိုဖီသည် မိုင်ဝက်ခန့်မျှ လမ်းလျှောက်သွားရင်း အကြံထုတ်နေပြန်သည်။ ထိုအချိန်တွင် ဆိုင်တစ်ခု၏ ရှေ့တွင်ရပ်နေသော မိန်းကလေး တစ်ယောက်ကို မြင်လိုက်ရသည်။ ထိုမိန်းကလေး၏ ဘေးနားတွင် ပုလိပ်တစ်ယောက် ရပ်နေသည်ကိုလည်း တွေ့လိုက်ရသည်။

ဆိုဖီက အကြံတစ်ခုကို စဉ်းစားမိပြန်သည်။ မိန်းကလေးအား ရိသဲ့သဲ့ပြောရန်ပင် ဖြစ်သည်။ မိန်းကလေးက မခံချင်ဖြစ်ပြီး ဒေါသထွက်ကာ အနားတွင်ရှိသော ပုလိပ်ကို တိုင်မည်။ ပုလိပ်က ဣန္ဒြေပျက်မှုနှင့် အရေးယူမည်။

ဤကား သူထောင်ထဲသို့ရောက်နိုင်မည့် အကောင်းဆုံးသောအကြံ ဖြစ်လေသည်။

ထို့ကြောင့် ဆိုဖီက မိန်းကလေးအနားကို ကပ်သွားသည်။

"မင်္ဂလာ ညနေခင်းပါကွယ်၊ ကိုယ် ညီမလေးနဲ့တွဲပြီးတော့ က,ချင်ပါတယ်၊ ကိုယ်ပြောတာ သဘောတူရင် သွားကြရအောင်"

ပုလိပ်က သူတို့နှစ်ယောက်ကို အကဲခတ်နေသည်။ မိန်းကလေးက တစ်ဖက်သို့ လှည့်ထွက်သွားသည်။ ဆိုဖီက သူမ၏ ရှေ့မှသွားကာ ပိတ်ရပ်လိုက်သည်။ မိန်းကလေးအား လက်ကာ၍ တားလိုက်သည်။ ထိုအခါ မိန်းကလေးက ဆိုဖီ၏ လက်မောင်းကို လှမ်းကိုင်လိုက်ကာ. . .

"ရှင်တကယ်ပြောနေတာလား ရှင် ကျွန်မကို ဝိုင်အရက်တိုက်မယ်ဆိုရင် က,မယ်၊ ဒါပေမဲ့ အခု အနားမှာ ပုလိပ်ရှိနေသေးတယ်၊ သူနဲ့ လွတ်ရာကို သွားကြရအောင်"

ဆိုဖီက မိန်းကလေးနှင့်အတူ ပုလိပ်နှင့်ဝေးရာကို ထွက်လာခဲ့သည်။ သူတော်တော် ဝမ်းနည်းသွားသည်။ အခုအထိ အဖမ်းမခံရသေး။



www.burmeseclassic.com

www.burmeseclassic.com

"ငါဟာ အခုအထိ ထောင်မကျသေးပါလား"ဟု ရေရွတ်ကာတောက်တစ်ချက် ခတ်လိုက်မိသည်။ ဒေါသလည်း ထွက်မိသည်။

နောက် လမ်းထောင့်တစ်ခုသို့ ရောက်သောအခါ မိန်းကလေးအား ထားခဲ့ပြီး ထွက်ပြေးသွားတော့သည်။ မိန်းကလေး မမြင်နိုင်တော့သော နေရာသို့ ရောက်အောင် ပြေးသွားသည်။

ဆိုဖီရပ်နေသော နေရာသည် ရုပ်ရှင်ရုံများနှင့် လူစည်ကားသော မြို့လယ်ထဲ်နေရာဖြစ်သည်။ ယောကျာ်း၊ မိန်းမ ကလေး၊ လူကြီး လှုပ်လှုပ်ရှားရှား သွားလာနေကြသည်။

ဆိုဖီက နောက်အကြံတစ်ခုကို စဉ်းစားပြန်သည်။ သို့သော် ထိုအနီးအနားတွင် ပုလိပ်ဆို၍ တစ်ယောက်မျှ မတွေ့ရ။

ထို့ကြောင့် ပုလိပ်ရှိမည့်နေရာကို ရှာဖွေလိုက်သောအခါ တစ်နေရာတွင် ရပ်နေသော ပုလိပ်တစ်ယောက်ကို တွေ့သည်နှင့် ထိုအနားကို ရောက်အောင်သွားကာမမြင်ချင်ယောင်ဆောင်၍ အမူးသမားတစ်ယောက်ဟန်ဆောင်လိုက်သည်။

ထို့နောက် လူများရာကြားထဲသို့ ဝင်ကာ အသံမျိုးစုံဖြင့် အော်ဟစ်လေတော့သည်။ အကမျိုးစုံ ကကာ မှတ်မိသမျှ သီချင်းမျိုးစုံဆို၍ ဆူညံနေလေတော့သည်။ လမ်းသွား လမ်းလာများအားလည်း အနှောင့်အယှက်ဖြစ်အောင် လုပ်နေတော့သည်။

ထိုအခါ မိန်းမကြီးတစ်ယောက်က အရေးယူပေးရန် ပုလိပ်အား တိုင်တော့သည်။

ထိုအခါ ပုလိပ်က . . .

"ကျေးဇူးပြုပြီး သည်းခံပေးကြပါခင်ဗျာ၊ သူဟာ ဒီနားက တက္ကသိုလ်ကျောင်းသားနဲ့ တူပါတယ်၊ လူတွေကို အနှောင့်ယှက်တော့ မပြုပါဘူး၊ ပျော်တတ်တဲ့ အပေါင်းအသင်းတွေနဲ့ တစ်ခါတစ်ရံ သောက်စားလာတယ်နဲ့ တူပါတယ်၊ ကျွန်တော်တို့မှာ ဖမ်းဖို့တာဝန်မရှိပါဘူး၊ တက္ကသိုလ်ကျောင်းသားတွေကို မဖမ်းဖို့ အထက်က အမိန့်ပေးထားပါတယ် ခင်ဗျာ"

ထိုသို့ ပုလိပ်က ပြောလိုက်သော စကားကို ကြားလိုက်ရသောအခါ ဆိုဖီသည် ဆက်၍ မအော်နိုင်တော့ချေ။

"ငါ့ကိုဖမ်းမယ့် ပုလိပ် တစ်ယောက်မျှ မရှိတော့ပါလား"

ဟု တွေးကာ စိတ်ပျက်သွားတော့သည်။ သူနှင့် အကျဉ်းထောင်ကား မိုးနဲ့ မြေလို ကွာခြားနေပါလားဟု တွေးတော ညည်းညူမိလေသည်။

သို့သော် ဆိုဖီသည် သူ့အကြံကို လက်မလျှော့သေး။ လမ်းလျှောက်လာရင်း ဟိုဟိုဒီဒီ ကြည့်လိုက်သောအခါ ဆိုင်တစ်ဆိုင်တွင် သတင်းစာဝယ်နေသောလူတစ်ယောက်ကိုမြင်လိုက်သည်။

ထိုလူသည် ထီးကို ဆိုင်တံခါးဝတွင် ထောင်၍ထားခဲ့သည်။ ဆိုဖီသည် ဆိုင်နားသို့ လျှောက်သွားသည်။

ထို့နောက် အလစ်တွင် ထီးကို ခိုးယူလိုက်သည်။ နောက် ခပ်တည်တည်နှင့် လမ်းပေါ်ကိုထွက်လာခဲ့သည်။ ဆိုင်တွင် သတင်းစာဝယ်နေသောသူက ဆိုဖီနောက်သို့ လိုက်လာကာ. . .

"ဟေ့လူ ကျုပ်ထီးကို ပေးစမ်းဗျာ" ဟု တောင်းလေသည်။

ဆိုဖီက. . .

"ဩော်, ဒါ ခင်ဗျားထီးလား၊ မပေးနိုင်ဘူး၊ ကျုပ်ယူတာကို မကျေနပ်ရင် ဟိုနားမှာ ပုလိပ်ရှိတယ်၊ သွားတိုင်လိုက်ပေါ့ဗျာ၊ ခင်ဗျားထီးကို ကျုပ်ယူတယ်၊ ဘာဖြစ်သလဲ"

ထိုအခါ ထီးရှင်က. . .

"စိတ်မရှိပါနဲ့ ခင်ဗျာ၊ ကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော် ခင်ဗျားထီးမှန်းမသိလို့ မနက်က ဆိုင်တစ်ဆိုင်က ယူလာခဲ့တာပါ၊ တကယ်လို့ ခင်ဗျားထီးဆိုရင်လဲ ယူသွားနိုင်ပါတယ် ခွင့်လွှတ်ပါ"ဟုဆိုကာ ထွက်သွားလေတော့သည်။

ဆိုဖီ စိတ်ပျက်ရပြန်လေပြီ။ ဒီတစ်ခါလည်း သူ့အကြံ မအောင်မြင်သေးချေ။

"ဒါလားကွ ငါ့ထီး" ဟု ဒေါသတကြီးအော်ကာ ထီးကို လမ်းဘေးသို့ လွှင့်ပစ်လိုက်လေတော့သည်။

"ဒီပုလိပ်တွေဟာ ငါ့ကို ဘာကောင်များ အောက်မေ့နေကြသလဲ မသိဘူး၊ ငါ ဘာလုပ်လုပ် တစ်ခါမှ မဖမ်းကြဘူး" ဟု တစ်ယောက်တည်း ရေရွတ်ကာ ပုလိပ်များကို အပြစ်တင်လိုက်သည်။

နောက်ဆုံးတွင် ဆိုဖီသည် တိတ်ဆိတ်မှောင်မည်းနေသော လမ်းကျဉ်းကလေးတစ်ခုကို လျှောက်လာမိသည်။ ထိုလမ်းကျဉ်း၏ လမ်းဘေးထောင့်တွင် ဘုရားရှိခိုးကျောင်းတစ်ခု ရှိလေသည်။ ဘုရားရှိခိုးကျောင်းမှ ထွန်းညှိထားသော မီးရောင်ကို ပြတင်းပေါက်များမှ ဖြတ်ကာ မြင်နေရသည်။ ဘုရားရှိခိုးကျောင်းမှ တီးမှုတ်နေသော ဓမ္မသီချင်းသံသည် ဆိုဖီ၏နားတွင်းသို့ ထိုးဖောက်ဝင်ရောက်လာသည်။

ဆိုဖီသည် ဓမ္မသီချင်းသံကို သေသေချာချာ နားထောင်နေမိသည်။ သူသည် မူလက စိတ်ပျက်လက်ပျက်ဖြင့် အပြန်လမ်းသို့ လှည့်ရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် သာယာငြိမ့်ညောင်းသော သီချင်းသံကြောင့် မသွားဖြစ်တော့ဘဲ မလှုပ်မယှက်ရပ်ကာ နားထောင်နေမိသည်။

အချိန်ကား အတော်ပင် ညဥ့်နက်နေလေပြီ။ ကောင်းကင်တွင် လမင်းက ထိန်ထိန်လင်းနေသည်။ လရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး သာယာနေသည်။ ညဥ့်နက်နေပြီဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ ဆောင်းလေညင်း၏ တိုက်ခတ်မှုကြောင့် သစ်ရွက်ကလေးများ၏ လှုပ်ရှားသံကိုပင် ကြားနေရသည်။

ဆိုဖီသည် ယခင်က ဤကျောင်းကို ရောက်ခဲ့ဖူးသည်။ ဓမ္မသီချင်းသံကို



www.burmeseclassic.com

www.burmeseclassic.com

လည်း ကြားခဲ့ဖူးသည်။ သို့သော် လေးလေးနက်နက် မတွေးတောမိခဲ့ချေ။ တစ်ချိန်တုန်းက သူ့ဘဝတွင် သန့်ရှင်းသော အတွေးအခေါ်၊ စင်ကြယ်သော အဝတ်အစား၊ မိတ်ကောင်းဆွေကောင်း အပေါင်းအသင်းကောင်းများ ရှိခဲ့သည်။

မိမိဘဝကို ပြန်လည်တွေးမိကာ အသိတရားတွေ ရလာသည်။ ယခုကဲ့သို့ လမ်းဘေးလူငယ်တစ်ယောက်ဘဝမျိုးကို ကျရောက်ခဲ့ရသော အဖြစ်မျိုးကိုလည်း နာကြည်းလာမိသည်။

သူသည် ဤလို နေရာမျိုးကို အချိန်မီ ရောက်ခဲ့သည်မှာ ကံကောင်းလေစွ။ သူ၏ အဖိုးမတန်သောဘဝ၊ အဓိပ္ပာယ်မရှိသော ရည်ရွယ်ချက်များ၊ တန်ဖိုးမဲ့ ကုန်ဆုံးသွားသော အချိန်များကို နောင်တရမိသည်။

တစ်ချိန်တည်းမှာပင် မိမိဘဝကို တန်ဖိုးရှိရှိ မိမိဘာသာ ရပ်တည်နိုင်အောင် ကြိုးစားရုန်းကန်တော့မည်ဟု ဆုံးဖြတ်လိုက်တော့သည်။ မိမိဘဝကို မိမိပြောင်းလဲမည်။

နွံနစ်နေသော ဘဝကို ရုန်းကန်၍ ထောင်မတ်နေအောင် ကြိုးစားမည်။ ကိုယ့်အားကိုယ်ကိုးသောလူတစ်ယောက် ဖြစ်လာစေရမည်ဟု အားတင်းလိုက်သည်။

နောက်တစ်နေ့တွင် မိတ်ဆွေတစ်ယောက်ထံကို သွားမည်။ ထိုလူသည် တစ်ချိန်က သူ့ကို အလုပ်တစ်ခု ပေးခဲ့ဖူးသူ ဖြစ်သည်။ အလုပ်ရလာလျှင် ပြည့်စုံသောဘဝကို ရောက်အောင် ကြိုးစားလုပ်ကိုင်တော့မည် ဖြစ်သည်။

ဘလက်ဝဲအကျဉ်းထောင်သို့လည်း မသွားလိုတော့ပြီ။

သူ အဖမ်း မခံလိုက်ရသည့်အတွက် ဘုရားသခင်အားကျေးဇူးတင်မိပေသည်။ မိမိ အတွေးအခေါ်များကို ပြောင်းလဲလာအောင်ပြုပြင်ပေးနိုင်သော ဓမ္မသီချင်းအားလည်း ကျေးဇူးတင်မိသည်။ ထိုအချိန်တွင် တစ်စုံတစ်ယောက်က သူ့လက်မောင်းကို လာကိုင်သောကြောင့် လှည့်ကြည့်လိုက်ရာ ပုလိပ်တစ်ယောက် ဖြစ်နေတော့သည်။

"ခင်ဗျား တစ်ယောက်တည်း ဒီမှာ ဘာလုပ်နေတာလဲ"

"ကျွန်တော် ဓမ္မသီချင်း နားထောင်နေတာပါ ခင်ဗျာ၊ ဘာမှ မလုပ်ပါဘူး"

ပုလိပ်က မေးမြန်းနေသောကြောင့် ဆိုဖီက အတန်တန်ငြင်းသည်။ မိမိ၏ဘဝသစ်အတွက် အဖမ်းမခံလိုတော့ပြီ မဟုတ်ပါလား။

သို့သော် သူ၏ ငြင်းဆိုမှုကား အချည်းနှီးသာဖြစ်သွားသည်။ ပုလိပ်က သူ့အား ဖမ်းကာ ရုံးတင်တော့သည်။ နောက်တစ်နေ့တွင် တရားသူကြီးသည် သူ့အား မသင်္ကာမှုဖြင့် ဘလက်ဝဲကျွန်း အကျဉ်းထောင်တွင် ထောင်သုံးလကျခံစေရန် အမိန့်ချမှတ်လိုက်လေတော့သည်။

**ရည်ညွှန်း**

O.Henry ၏ The Cap and The Anthem ကို ဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

❒ **မောင်မြင့်မား(ဗိုလ်ကလေး)**



# အကြောပြင်ဆရာကြီး ဦးအေးထွန်း

ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းနှင့်လက်ကိုက်၊
လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ
(၁၅)မိနစ်အတွင်း သက်သာစေရမည်။

လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား
ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။

**တွေ့ချိန်** ➻ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

**လိပ်စာ** ➻ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊
(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း** → ၀၉-၇၃၂၄၂၄၄၂



www.burmeseclassic.com

www.burmeseclassic.com




နက္ခတ္တဗေဒ ၊ ထရျာဗေဒ ၊ ဝါစတုဿျတ္တရ ၊ တရုတ်ဗေဒ ၊ တိုင်းရင်းဆေးပညာရှင်

# ဆရာဦးခန့်ကျော်

၁၁၁-၇၉၇၇

## ပါရဂူမြောက်လက္ခဏာဖတ်ကြားခြင်းအတတ်ပညာကျမ်းပြုသူ

ဟောခန်း(ရုံးခန်း)နှင့် ဖြန့်ချိရေးလုပ်ငန်း ☞ ၂၇၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ (၉)ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉-၅၁၉၈၂၄၀

နေအိမ် ☞ ၇၂(၇-က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း

"သင့်ဘဝ၏ အနာဂတ်ကံကြမ္မာ အကောင်းအဆိုး အကြောင်းအကျိုးတို့အတွက် ကြိုတင်သိရှိထားနိုင်ရန် လာရောက်တွေ့ဆုံ ဆွေးနွေးမေးမြန်း တိုင်ပင်လိုပါက နေ့စဉ် နံနက် (၉ း ၀၀)နာရီမှ ညနေ (၄ း ၀၀) နာရီ အထိ အတိုင်ပင်ခံ ဟောပြောစီမံဆောင်ရွက်ပေးလျက် ရှိသည်။"




ဦးခန့်ကျော် စာပေ (၇၉၂) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ


www.burmeseclassic.com

www.burmeseclassic.com



# အဖြေရှာ၍မရနိုင်ခဲ့သော ပုစ္ဆာတစ်ပုဒ်

ရွှေကျင်-ကျောက်ကြီး ဒေသတွင် စစ်ဆင်ရေးဝင်ရောက်ခဲ့ရစဉ် အခါက ဖြစ်ပါသည်။

ကျွန်ုပ်ဦးစီးသော အမှတ်(၃) တပ်ခွဲသည် မူသဲစခန်းတွင် ရိက္ခာထုတ်ယူပြီးကြောင်း မောလောတွင် အခြေပြုထားသည့် နည်းဗျူဟာထံသို့ ဆက်သွယ်ရေးစက်ဖြင့် သတင်းပို့လိုက်သောအခါ နည်းဗျူဟာက ဘောဂထ တစ်ဝိုက်တွင် လှုပ်ရှားနေသော စစ်ကြောင်း(၂)အား သွားရောက်ပူးပေါင်းရန်နှင့် ပူးပေါင်းပြီးသောအခါ လဲဝါရွာပျက်အနီးရှိ ရွာပုန်းတစ်ခုအား သွားရောက်ရှင်းလင်းရန် မြေပုံညွှန်းနှင့်တကွ ညွှန်ကြားလာပါတော့သည်။

ရွှေကျင်-ကျောက်ကြီး စစ်ဆင်ရေးဒေသသည် ယခု ရိက္ခာထုတ်နေသော မူသဲရွာတစ်ရွာသာ လူများနေထိုင်ကြပါသည်။ စစ်ဆင်ရေးဒေသ အတွင်းရှိ အခြားသောနေရာများတွင်





www.burmeseclassic.com

www.burmeseclassic.com

မြို့ပေါ်မှာသာ ရွာရှိပြီး မြေပြင်တွင် လူများနေထိုင်ခြင်းမရှိကြတော့သော ရွာပျက်များသာ ဖြစ်ပါသည်။ တွေ့ရှိရသော ရွာများမှာလည်း ရွာပုန်းများသာ ဖြစ်ပါသည်။

ရွာပုန်းဆိုသည်မှာ မကာအင်ယူ အကြမ်းဖက်သောင်းကျန်းသူများက တောထဲ တောင်ထဲတွင် ခိုပုန်း ဝှက်ပုန်းဖြင့် တည်ဆောက်ထားသော ရွာများ ဖြစ်ပါသည်။ သောင်းကျန်းသူများအနေဖြင့် အဆိုပါ ရွာပုန်းများတွင် နေထိုင်တာ အခြေအနေပေးလာပါက မြို့ပေါ်ရွာပေါ်သို့ တက်ပြီး ဆက်ကြေးကောက်ခြင်း၊ လူသစ်စုဆောင်းခြင်းများအပြင် မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းများကို လုပ်ဆောင်ကြသည်။ လုပ်ငန်းပြီးဆုံးသောအခါ အဆိုပါရွာပုန်းရှိရာဆီသို့ ပြန်လာပြီး နေထိုက်တတ်ကြသော ရွာများသာ ဖြစ်ပါသည်။

သို့ဖြင့် ကျွန်ုပ်သည် တပ်ခွဲအား ဦးဆောင်ကာ တောတိုး၊ တောင်တက်၊ ချောင်းဖြတ် မြောင်းဖြတ်ဖြင့် ချီတက်ခဲ့ရတော့သည်။ လမ်းခရီးတွင်ကား တင်ပြခဲ့သည့်အတိုင်း ရွာဟူ၍ မရှိသလို တွေ့ရသမျှ လမ်းဟောင်းများကိုလည်း အသုံးပြု၍ မရပါ။ ရန်သူ၏ နင်းမိုင်းအန္တရာယ်က ကျွန်ုပ်တို့အား ဒုက္ခအပေးဆုံးပါ။ သို့ဖြစ်၍လည်း လမ်းမရှိသော တောကိုသာတိုးပြီး ချီတက်ခဲ့ကြရသည်။ ညနေ ၅ နာရီအချိန်တွင် ရွှေကျင်ချောင်းဖျားတစ်နေရာကို စတင်တွေ့ရပါတော့သည်။ ထိုနေ့က ထိုနေရာတွင် ညအိပ်ခဲ့ကြသည်။

နောက်တစ်နေ့တွင် ရွှေကျင်ချောင်းကို အခြေခံပြီး ချောင်း၏ညာဘက်အတိုင်း စုန်ဆင်းလာခဲ့ရာ ညနေ ၅ နာရီခွဲတွင် မယ်လဖူးချောင်းနှင့် ရွှေကျင်ချောင်းတို့ ဆုံသည့်နေရာကို ရောက်ပါသည်။ ကျွန်ုပ်က ထိုနေရာမှာပင် ညအိပ်အခြေပြုလိုက်ပါတော့သည်။






www.burmeseclassic.com

www.burmeseclassic.com

ယခုအချိန်ထိတော့ မည်သည့် အန္တရာယ်နှင့်မျှ ရင်မဆိုင်ရသေးပါ။ စစ်ကြောင်း(၂)နှင့် နည်းဗျူဟာကိုတော့ သတ်မှတ်ထားသည့်အတိုင်း တစ်နာရီခြားပြီး ဆက်သွယ်မှု မပြတ်ယူနေရသည်။

နောက်တစ်နေ့တွင် ရွှေကျင်ချောင်းကိုခွာခဲ့ပြီး ရွှေကျင်ချောင်း၏ ညာဘက်တောကြောအတိုင်း ချီတင်ရာ လမ်းကြောင်းကို ရွေးချယ်ကာ ကွီးလားချောင်း ရှိရာအရပ်ဆီသို့ မြေပုံနှင့် သံလိုက်အိမ်မြှောင်တို့၏ အထောက်အကူ ရယူကာ ချီတက်ခဲ့ကြပြန်သည်။

တစ်နေကုန် ချီတက်လာခဲ့ကြပြီး ညနေ ၅ နာရီအချိန်သို့ရောက်သောအခါ မြေပြင်အနေအထားမှာ အနည်းငယ်မျှ နိမ့်ဆင်းလာပါတော့သည်။

သို့ဖြစ်၍ မိမိဆက်လက်ချီတက်ရမည့် ရှေ့လမ်းခရီးကို လှမ်းကြည့်မိသောအခါ တောင်ယာတစ်ခုကို တွေ့ရတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်က ခရီးမဆက်တော့ဘဲ ထိုနေရာမှာပင် ညအိပ်အခြေပြုရန် ဆုံးဖြတ်လိုက်ပါသည်။

၎င်းနောက် ကျွန်ုပ်က တောင်ကြောပေါ်မှာပင် ရပ်နားထားပြီး အရှေ့တွင်မြင်တွေ့ရသော တောင်ယာကို ဗိုလ်ကြီးဝင်းကျော်မျိုး ဦးစီးတပ်စုတစ်စုဖြင့် သွားရောက်ရှင်းလင်းရန် တာဝန်ပေးလိုက်သည်။

ဗိုလ်ကြီးဝင်းကျော်မျိုး တပ်စု ထွက်ခွာသွားသောအခါ ကျန်ခဲ့သော ကျွန်ုပ်တို့က ပတ်လည်ခံစစ်ဆင်ကာ အသင့်အနေအထားဖြင့် ရှိနေကြပါသည်။ မိုးရာသီကာလဖြစ်၍ ညနေ ၅ နာရီ ကျော်လာသည်နှင့် အတော်ကလေးပင်မှောင်စပြုလာပါပြီ။ သစ်ကြီးဝါးကြီးများ၏အောက်ကို ရောက်နေရသည့်အပြင် မြူခိုးမြူမှုန်တို့ကလည်း တောပတ်ဝန်းကျင်တွင် လျင်မြန်စွာ ဖြန့်ကြက်လာပါတော့သည်။

မကြာမီ တောင်ယာကို သွားရှင်းသော ဗိုလ်ကြီးဝင်းကျော်မျိုးတို့အဖွဲ့ တောင်ယာကိုရောက်သွားကြပြီ ထင်သည်။ အကြောင်းမူ ကျွန်ုပ်တို့ နေရာယူထားသော တောင်ကြော၏ညာဘက်က ချောက်ထဲတွင် လူတစ်စု ဆူဆူညံညံဖြစ်နေသော အသံလို ကြားရတော့သည်။ ဗိုလ်ကြီးဝင်းကျော်မျိုးတို့အဖွဲ့ကို တွေ့သွား၍ အဆိုပါ ချောက်ထဲသို့ လူတစ်စု ပြေးဝင်လာကြပုံရပါသည်။ တောင်ကြောပေါ်တွင် ကျွန်ုပ်တို့ ရှိနေကြောင်းကိုလည်း သူတို့ သိပုံမပေါ်ဟု ထင်ပါသည်။ ချောက်မှာ အနည်းငယ်နက်သဖြင့် ကျွန်ုပ်တို့က အသာကလေး ငြိမ်ပြီး စောင့်ကြည့်နေလိုက်သည်။ ဗိုလ်ကြီးဝင်းကျော်မျိုးတို့ထံမှတော့ သေနတ်သံတစ်ချက်မှ မကြားရပါ။

ချောက်ထဲတွင် ပြေးလွှားလှုပ်ရှားနေသော အဆိုပါ လူတစ်စု၏အသံမှာလည်း သဲကွဲစွာမကြားရပါ။ လေတိုးသံကြောင့်လည်းဖြစ်နိုင်ပါသည်။အဆိုပါ လူတစ်စု၏ ပြေးလွှားလှုပ်ရှားနေသော အသံများ ငြိမ်သက်သွားသောအခါ တောင်ယာသို့ သွားရောက်ရှင်းလင်းနေသော အဖွဲ့များက ပြန်ရောက်လာပြီး ဗိုလ်ကြီးဝင်းကျော်မျိုးက . . .

"ဘာမှ မထူးပါဘူး အစ်ကိုကြီးရေ၊ တောင်ယာမှာတွေ့ရတဲ့ ဟင်းသီးဟင်းရွက်တွေတော့ ခူးလာပါတယ်၊ အားလုံးကို ဝေပေးလိုက်မယ်၊ ဒီကနေ တောင်ယာအသွား ရှေ့နားလေးတင် ရေချောင်းကလေးတစ်ခုရှိတယ်၊ အဲဒီမှာ ရေခပ်လို့ရတာပေါ့" ဟု သတင်းပို့လေတော့သည်။ ကျွန်ုပ်က. . .

"ကိုယ့်ညီကသာ ဘာမှ မထူးဘူးလို့ ပြောနေတယ်၊ အဲဒီရဲ့ ညာဘက်က ချောက်ထဲမှာတော့ လူသံတွေ ခပ်သဲ့သဲ့ကလေးကြားရသလိုပဲ၊ ဘာပဲဖြစ်ဖြစ်ကွာ သတိဝီရိယထားပြီး အိပ်ကြပါ၊ ရေကတော့ ခုနက ကိုယ့်ညီတို့ တွေ့ခဲ့တဲ့နေရာမှာပဲ သွားခပ်ကြတာပေါ့၊ ညီလေးကတော့ အဲဒီတောင်ယာဘက်ကိုပဲ မျက်နှာလှည့်ပြီး နေရာယူလိုက်ပါ၊ မနက်အတွက်ကတော့ ထုံးစံအတိုင်းပါပဲ၊ ၆ နာရီ စက်တက်ပြီးတာနဲ့ ထွက်မယ်၊ ကဲ အဲဒါပဲ"

ဗိုလ်ကြီးဝင်းကျော်မျိုးတို့ တပ်စုအား နေရာချပေးပြီးသောအခါ ကျွန်ုပ်တို့ကလည်း ညအိပ်ရန် တဲထိုးခြင်း၊ ညစာ မနက်စာအတွက် ချက်ပြုတ်ခြင်းများကို ပြုလုပ်ကြရလေသည်။ ည ၁၀ နာရီလောက်ထိုးသောအခါ အားလုံး ချက်ပြုတ်စားသောက်၍ ပြီးကြလေသည်။ လပြည့်ည၏ အလင်းရောင်မှာ မြူမှုန်များကြားက မပီဝိုးတဝါး လင်းလက်နေဆဲ။

ထိုအခါကျမှ စောစောက လူသံသူသံ ကြားရသော ချောက်ထဲက အသံဗလံများမှာ တစ်စခန်း ထလာတော့သည်။ ယခင်ကထက်ပို၍ ဆူညံလာသည့်အပြင် ကျွန်ုပ်တို့ရှိနေသောတောင်ကြောပေါ်သို့ပင် မီးတုတ်တဝင်းဝင်းနှင့် လူသုံးလေးယောက်က တက်လာရန် ကြိုးစားနေပုံ ရသည်။

တောင်မှာ အနည်းငယ် မတ်စောက်သဖြင့် အပေါ်သို့ ရောက်မလာနိုင်။ သို့သော် တောင်အောက်မှနေပြီး-

"ဟေ့ ဗမာစစ်သားတွေ သတ္တိရှိရင် တောင်အောက်ကို ဆင်းခဲ့လေကွာ၊ ဘာလုပ်နေတာလဲ၊ ဆင်းခဲ့ကြပါ၊ ဆင်းခဲ့ကြ"

ကျွန်ုပ်၏ တပ်ခွဲမှာလည်း အဆိုပါ လျှိုထဲက တက်လာမည့်အဖွဲ့ကို ပစ်ခတ်တိုက်ခိုက်ရန် အသင့်အနေအထားဖြင့်စောင့်နေကြသည်။ အနီးကပ်ရောက်ရှိလာမှသာ အပိုင်ပစ်ခတ်ရန် ကျွန်ုပ်က အမိန့်ပေးထား၍သာ ငြိမ်နေကြသည်။

အတန်ကြာသော် ကရင်ဗုံးယိမ်းတီးမှုတ်သံများကိုပါ လေသံမိုးသံကြားက ခပ်သဲ့သဲ့ကလေး ကြားရပြန်သည်။ ထူးဆန်းလေစွ။ အဘယ်ကဲ့သို့ စိတ်ကူးထပြီး တီးမှုတ်နေကြသနည်း။ ကျွန်ုပ်တို့ကို ဂရုမစိုက်၊ မထေမဲ့မြင်ပြုနေသည်လည်း ဖြစ်နိုင်၏။ မည်သို့ပင် ဖြစ်စေကာမူ ကျွန်ုပ်က စိတ်ရှည်ရှည်ထားပြီး သည်းခံကာ အနီးကပ်ရောက်လာမှသာ



www.burmeseclassic.com

www.burmeseclassic.com

ပစ်ခတ်ချေမှုန်းရန် ဆုံးဖြတ်ထားပါသည်။ ကျွန်ုပ်၏ အကူရဲဘော် တပ်သား တင်ကိုကိုက. . . .

"ဗိုလ်ကြီး ဒါဟာမရိုးသားဘူးဗျ"

"ဘာကို မရိုးသားတာလဲ"

"အဲဒီ လူအုပ်ကိုပေါ့"

"တင်ကိုကိုရယ် ဆင်တစ်ကောင်လုံး မြင်နေရမှတော့ ဆင်ခြေရာ ရှာစရာလိုသေးလို့လား၊ ဒါဟာ သူပုန်ပေါ့" ဟု ပြောလိုက်လျှင် တပ်သား တင်ကိုကိုက-

"ကျွန်တော့်အထင် ပြောရရင် ဒါဟာ နာနာဘာဝတွေပဲ ဖြစ်ရမယ်လို့ ထင်တယ်"

"နာနာဘာဝမကလို့ ဘာကြီးပဲ ဖြစ်နေနေ အနီးကပ်ရောက်လာရင်တော့ ပစ်ခတ်တိုက်ခိုက်ရမှာပဲ"

ထိုစဉ်. . .

"ဟေး ဗမာစစ်သားတွေ မင်းတို့ ဆင်းခဲ့မလား၊ ငါတို့ တက်ခဲ့ရမလား၊ ပြောကွာ၊ မြန်မြန်ပြောကြ"

ကျွန်ုပ်တို့ဘက်ဆီကတော့ ဘာအသံမှ ပြန်မပေးပါ။ အနီးကပ်ရောက်လာမှသာ အပိုင် ပစ်ခတ်ချေမှုန်းရန် အသင့်နေရာယူထားကြသည်။ ကရင်နှုံးယိမ်းတီးမှုတ်သံတို့မှာလည်း တိုးလိုက်ကျယ်လိုက် ဖြစ်နေသည်။

ည ၁၂ နာရီလောက်ရှိခဲ့ပြီ ဖြစ်သည်။ ကျွန်ုပ်တို့အား လှောင်ပြောင်ပြီး ခေါ်ချင်အောင် အော်ဟစ်နေသော အဖွဲ့မှာ ဒီထက်ပိုပြီး ထူးခြားမလာခဲ့ပါ။ ထိုအခါ ကျွန်ုပ်က စိတ်မရှည်တော့သဖြင့် အမ်(၇၉)ဗုံးပစ်လောင်ချာဖြင့် ဗုံးသီးတစ်လုံးကို တောင်အောက်သို့ ပစ်ချခိုင်းလိုက်ရတော့သည်။

"ဖောင်း. . . ဂျိမ်း"

ထိုအခါကျမှပင် စောစောက ကြားနေရသော အသံဗလံများအားလုံးသည် ပကတိ တိတ်ဆိတ်ငြိမ်သက်သွားပါတော့သည်။ ဆက်ပြီးအော်ဟစ်နေသေးလျှင်ကား ဆက်ပြီး ပစ်ရန်အသင့်ရှိသည်။ အတန်ကြာသည်အထိ ဆက်ပြီးစောင့်ကြည့်ရာ ဘာမှ ထူးခြားမလာတော့ပါ။ သို့ဖြစ်၍ ကျွန်ုပ်က တပ်သားတင်ကိုကိုအား . . .

"တင်ကိုကိုရေ မင်းပြောတဲ့ နာနာဘာဝလား၊ ဘာလားတော့ မသိဘူးကွာ၊ လောလောဆယ်တော့ ကြောက်ချေးပါပြီး ငြိမ်သွားကြပြီ၊ နေစမ်းပါဦး နာနာဘာဝဆိုတာ ဘာကိုပြောတာလဲ"

"ဗိုလ်ကြီးကလဲ သိသိကြီးနဲ့၊ နာနာဘာဝဆိုတာ တစ္ဆေ၊ သရဲအစရှိတဲ့ မမြင်ရတဲ့ ပရလောကသားတွေပဲပေါ့"

ဟုပြောသောအခါ ကျွန်ုပ်က . . .

"အမှန်တကယ်တော့ တစ္ဆေ၊ သရဲဆိုတာ မရှိဘူးကွ"

"ကြားတော့ ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးတာပေါ့"

"ကြားဖူးတယ်ဆိုရင် ရှိနေလို့သာပေါ့၊ ကဲ ဗိုလ်ကြီးအထင်က ဘယ်မှာရှိမယ် ထင်သလဲ"

"ဘယ်မှာမှ မရှိဘူးကွ၊ လူတွေရဲ့ စိတ်ထဲမှာတော့ ရှိနိုင်တယ်၊ မင်းမြင့်ဖူးသလား"

"ကျွန်တော်တော့ မမြင်ဖူးပါဘူး၊ ဒါပေမဲ့ တချို့လူတွေ မြင်ဖူးကြတယ်"

"အေး အဲဒီမြင်ဖူးပါတယ်ဆိုတဲ့ လူတွေရဲ့ အမြင်ဟာလဲ အားလုံးအမှန်တွေချည်း မဟုတ်ပါဘူးကွာ၊ တကယ်တော့ ဘယ်သူမဆို ကိုယ်မြင်ရတဲ့ အရာအားလုံးဟာ အမှန်တွေချည်း မြင်နေရတယ်လို့ တထစ်ချ မမှတ်ယူရဘူးကွ၊ ဘာကြောင့်လဲဆိုတော့ ကိုယ်စိတ်အားသန်ရာဘက်ကို ဆွဲတွေးပြီး မြင်တတ်ကြလို့ပါပဲ၊

ဥပမာ လူနှစ်ယောက်က တစ်ခါမှ မဖြတ်သန်းဖူးတဲ့ လယ်ကွင်းပြင်ကြီးထဲကို ညအချိန်မတော်မှာ လရောင်အောက်က ဖြတ်သွားရတယ်ဆိုပါစို့၊ ဒီအခါ ခပ်ဝေးဝေးမှာရှိတဲ့ သစ်ငုတ်တိုကို တစ္ဆေသရဲလောကကို စိတ်အားသန်သူက သရဲသဘက်လို့ ထင်မိမှာ ဖြစ်သလို သရဲသဘက်ကို မယုံကြည်သူက ဒါဟာ သစ်ငုတ်ပါပဲလို့တွေးပြီး မြင်မိမှာပေါ့ကွာ၊ အကယ်၍ သရဲသဘက်အစစ်ကြီးက ငုတ်တုတ်ထိုင်နေတယ်ပဲထားပါတော့၊ မယုံကြည်သူက သစ်ငုတ်လို့ပဲ ထင်မြင်မိမှာပါ၊ ကိုယ့်ရဲ့ စိတ်အားသန်ရာ သန်ရာဘက်ကို ဆွဲတွေးပြီး မြင်ယောင်တတ်ကြတယ်၊ ဒါကြောင့် မြင်မြင်ရသမျှကို အမှန်တွေချည်းပဲ မြင်နေတယ်လို့ မမှတ်ယူသင့်ဘူး"

ထိုအခါ တပ်သားတင်ကိုကိုက

"ဗိုလ်ကြီး ကျွန်တော်ခေါင်းကိုက်နေလို့ ဆေးတပ်သားဆီ ဆေးသွားတောင်းသောက်ဦးမယ်"

အမှန်စင်စစ် သူသည် ကျွန်ုပ်အား ပြောဆိုရှင်းပြနေလျှင်လည်း ဘာမှအကြောင်းထူးလာစရာ မမြင်ရသည့်အပြင်၊ လူတစ်ဖက်သားအား စကားပြောခွင့် မရနိုင်လောက်အောင် မနားတမ်း ပြောဆိုတတ်သော ကျွန်ုပ်၏အနားမှ ရှောင်ထွက်သွားခြင်းသာ ဖြစ်နိုင်သည်။

ကျွန်ုပ်တို့သည် ထိုညတစ်ညလုံး တစ်ဝက်အိပ်၊ တစ်ဝက်နိုးစနစ်ဖြင့် အခြေအနေကို စောင့်ကြည့်ရင်း မိုးစင်စင်လင်းခဲ့ကြရသည်။ ထူးခြားမှု တစ်စုံတစ်ရာကို ထပ်ပြီး မတွေ့ခဲ့ရပါ။

မိုးလင်းလာသောအခါ အဆိုပါချောက်ထဲသို့ ကျွန်ုပ်တို့ တပ်ခွဲတစ်ခွဲ လုံးဆင်းခဲ့ကြသည်။ အောက်ကို ရောက်သောအခါ ဖုန်းဆိုးတောများဖြင့် ပိတ်ပိတ်ပိန်းနေသည်။ ပါလာသော ဓားများဖြင့် ခုတ်ထွင်ရှင်းလင်းပြီး တိုးထွက်နေရသည်။ လျှို၏အလယ်တွင် အရှေ့မှ အနောက်သို့ စီးဆင်းနေသော စမ်းချောင်းငယ်ကလေးတစ်ခု ရှိပါသည်။ စမ်းချောင်းငယ်၏ ဘေးဘယ်ညာတွင် ထူထပ်နေသော ချုံပုတ်များကြားက အိမ်တိုင်အဟောင်းကြီးများက ထိုးထိုးထောင်ထောင် ဖြစ်နေသည်။

လွန်ခဲ့သော သုံးလေးနှစ်က လူများနေထိုင်သွားသော ရွာပုန်းဖြစ်နိုင်သည်။အိမ်ခြေဆယ့်လေးငါးလုံးလောက် ရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ဆိုစေကာမူ ထိုနေရာတွင် လူသူအရောက်အပေါက် မရှိခဲ့သည်မှာ ကြာခဲ့ပြီဖြစ်ကြောင်း သစ်ပင်ချုံနွယ်တို့၏ ထူထပ်နေမှုက သက်သေပြနေပါသည်။ မနေ့ညကလူတွေရောက်ရှိလာသော ခြေရာလက်ရာများဆို၍ ဘာတစ်ခုမှ မတွေ့ရပါ။ သို့ဆိုလျှင် မနေ့ညက လူများရောက်ရှိလာခြင်း မရှိပါဘဲနဲ့ အဘယ့်ကြောင့် လူသံများ၊ တီးမှုတ်သံများ ကြားနေရပါသနည်း။

ကျွန်ုပ်သည် အဖြေမရသော ပုစ္ဆာတစ်ပုဒ်ကို ရင်မှာပိုက်ပြီး စစ်ကြောင်း(၂)နှင့် တွေ့ဆုံရန် သတ်မှတ်ထားသော ကွီးလားချောင်းဘေးက တောင်ကုန်းကလေးဆီသို့ ဦးတည်ပြီး ချီတက်ခဲ့ရတော့သည်။

ထိုနေ့ နံနက် ၁၀ နာရီလောက်တွင် စစ်ကြောင်း(၂)နှင့် ပူးပေါင်းနိုင်ခဲ့သည်။ ထိုနေရာတွင် ကျွန်ုပ်တို့က ယတ်လည်ခံစစ်ဆင်ပြီး နံနက်စာကို စားကြသည်။ လဲဝါရွာအနီးက ရွာပုန်းကိုတော့ ညမှောင်ရီပျိုးစတွင် ဝင်ရောက်ရှင်းလင်းရန် အသေးစိတ် ဆွေးနွေးကြသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့က လက်ရှိနေရာမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာရန် အစီအစဉ်ဆွဲလိုက်သည်။

အသေးစိတ်ဆွေးနွေးပြီးသောအခါ ကျွန်ုပ်က အချိန်ရနေသေးသဖြင့် စစ်ကြောင်း(၂)နှင့် အတူပါလာသော အလင်းဝင် ကိုဆယ်ပြားနှင့် မနေ့ညက မြင်တွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြဆွေးနွေးဖြစ်ပါသည်။ ကိုဆယ်ပြားသည် သူ၏ အမည်ရင်းမဟုတ်ပါ။ သူ၏မျက်နှာမှာ လေးထောင့်ခပ်ကျကျ ဖြစ်နေသည်ကို အစွဲပြုပြီး ကျွန်ုပ်တို့က ပေးထားသော နာမည်ပြောင်မျှသာ ဖြစ်ပါသည်။

သူသည် မကြာသေးခင်ကမှ ကျွန်ုပ်တို့ထံသို့ လက်နက်ချ အလင်းဝင်လာခဲ့သူ ဖြစ်ပါသည်။

ကျွန်ုပ်တို့ တိုင်းမှူးက သူတို့မိသားစုအား နေစရာအိမ်တစ်လုံးနှင့် လစဉ် ဆန်၊ ဆီများ ထောက်ပံ့ထားသည့်အပြင် တစ်လလျှင် ငွေငါးထောင်ကျပ်ကိုပါ ထောက်ပံ့ပေးထားသည်။ သူကလည်း ကျွန်ုပ်တို့အား ကျေးဇူးတုံ့ပြန်သောအားဖြင့် ကျွန်ုပ်တို့ စစ်ကြောင်း သွားရာနောက်သို့ လိုက်ပါပြီး အကူအညီပေးခဲ့ပါသည်။ သူ့ကြောင့်လည်း ကျွန်ုပ်တို့ အကျိုးအမြတ် ရခဲ့ဖူးပါသည်။ သူ့အနေဖြင့် အလင်းမဝင်ခင်က ယခု ရွှေကျင်-ကျောက်ကြီး စစ်ဆင်ရေးဒေသတွင် ကျင်လည်ခဲ့ရသဖြင့် နေရာဒေသတို့၏ အလေ့အထနှင့် စရိုက်လက္ခဏာများကို တော်တော်များများ သိထားသူ ဖြစ်ပါသည်။

ကျွန်ုပ်သည် ညက ဖြစ်စဉ်ကို ပြောပြလိုက်သောအခါ ကိုဆယ်ပြားက

"ဗိုလ်ကြီးတို့က ဝက်သိုးမြှောင်ထဲ ရောက်ခဲ့ကြတာကိုး၊ အဲဒီမှာ ဟိုတုန်းက ရွာပုန်းရှိခဲ့ဖူးတယ်ဗျ၊ လွန်ခဲ့တဲ့ သုံးနှစ်ကျော်ကျော်လောက်က တပ်မတော်ကလာပြီး အလစ်အငိုက်ဝင်တိုက်လို့ တစ်ရွာလုံးနီးပါးမျှ သေကျေခဲ့ကြရတယ်၊ တချို့လဲ ထွက်ပြေးလွတ်မြောက်ခဲ့တဲ့ သူတွေ ရှိတာပေါ့ဗျာ၊ အိမ်ခြေ (၂၀) နီးပါးလောက်ရှိပါတယ်၊ တိုက်ပွဲပြီးဆုံးသွားတော့ တပ်မတော်ကလဲ ပြန်သွားကြတာပေါ့ဗျာ၊ အဲဒီအခါ မသေဘဲကျန်ခဲ့တဲ့သူ အချို့က ပြန်ပြီး လာနေကြပါသေးတယ်၊ ဒါပေမဲ့ဗျာ နေလို့မရပါဘူး၊ အခြောက်အလှန့်တွေက တအားများခဲ့တယ်လို့ဆိုတယ်၊

အထူးသဖြင့် လပြည့် လကွယ်ညတွေမှာ ခြောက်လှန့်တတ်ကြတယ်၊ အဲ ဟုတ်တာပေါ့ဗျ၊ မနေ့က လပြည့်နေ့ပဲလေ၊ အဲဒီလို လပြည့်လကွယ်ညတွေရောက်လာပြီဆိုတာနဲ့ အခု ဗိုလ်ကြီးတို့ ညအိပ်ခဲ့တဲ့ တောင်ကြောပေါ်ကနေပြီး လူတစ်စုက. . .

ဟေး သတ္တိကြောင်တဲ့ ကရင်စုတ်တွေ၊ တပ်မတော်စစ်ကြောင်းကို ကြောက်ပြီး ထွက်ပြေးသွားတဲ့သူတွေ၊ မိုက်ရင် တောင်ပေါ်ကိုတက်ခဲ့ကြလေကွာ၊ တောင်ပေါ်ကို တက်ခဲ့ကြစမ်းပါ

အစရှိသဖြင့် အော်ဟစ်ပြီးခေါ်ကြသတဲ့၊ တစ်ခါတစ်ရံ မီးတုတ်တဝင်းဝင်းနဲ့ တောင်အောက်ကိုတောင် ဆင်းလာတော့မယ့်အတိုင်း လုပ်ပြကြသေးသတဲ့၊ ပြီးတော့ ကရင်ဒုံးယိမ်းသီချင်းတွေနဲ့ ဆိုလိုက် တီးလိုက်၊ အော်လိုက် ဟစ်လိုက်နဲ့ လုပ်ပြသတဲ့၊ မိုးလင်းပြီး တောင်ပေါ်ကို တက်ကြည့်တော့လဲ လူတွေရောက်လာခဲ့တဲ့ လက္ခဏာ တစ်ခုမှ မတွေ့ရပါဘူးတဲ့၊

အဲဒီလိုမျိုး လာလာပြီးလုပ်ပြတာ တစ်ခါလဲမဟုတ်၊ နှစ်ခါလဲမဟုတ်ဆိုတော့ ကြာတော့ သူတို့လဲ ကြောက်လန့်ပြီး တခြားနေရာကို ပြောင်းသွားကြတာပေါ့၊ အဲဒီရဲ့နောက်ပိုင်း ဘယ်သူမှ လာမနေကြတော့တာ အခုထိပဲ ဆိုပါတော့"

အလင်းဝင် ကိုဆယ်ပြားသည် ရှည်လျားစွာ ရှင်းပြခဲ့ပြီး သူ၏ စကားကို အဆုံးသတ်လိုက်သည်။

ကျွန်ုပ်သည် ကိုဆယ်ပြားကို ဘာဆက်ပြောရမှန်း မသိနိုင်အောင် ဖြစ်ခဲ့ရပါတော့သည်။ လောကကြီးမှာ ပြောမယုံ ကြုံဖူးမှသိ ဆိုတာ ဒီလိုအဖြစ်မျိုးကို ပြောကြလေသလား။

❖

မည်သို့ပင်ဖြစ်စေကာမူ အဆိုပါ ဖြစ်ရပ်ဆန်းနှင့် ပတ်သက်ပြီး ဘယ်သူတွေ ဘာပြောပြောပါ။ ကျွန်ုပ်အတွက်ကတော့ အဖြေရှာ၍ မရနိုင်ခဲ့သော ပုစ္ဆာတစ်ပုဒ်ကဲ့သို့ပင် ယနေ့ထက်တိုင် ရင်ထဲမှာ ထင်ကျန်နေဆဲပါလေ။

ရွှင်လန်းချမ်းမြေ့ကြပါစေ။

❒ ချစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com


ဆရာဦးခင်ထွန်း D.B.B.W - C.T (Med)

# ဘုန်းချွှင် တိုင်းရင်းဆေးကုခန်း

## အထူးကုသသောရောဂါများ

နလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုက်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သွေးယပ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

| | | |
|---|---|---|
| ဆေးခန်းဖွင့်ချိန် | ➽ | နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ |
| လိပ်စာ | ➽ | အမှတ် (၆၈၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ☎ | ➽ | ၀၉-၇၃၁၃၆၄၁၄ |
| လမ်းညွှန် | ➽ | ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။ |


---

လပြည့်ဝန်းမဂ္ဂဇင်းတွင် ပါရှိသော ဝတ္ထုကဏ္ဍာစာမူ (တစ်လပြတ်)များထဲမှ

အယ်ဒီတာအဖွဲ့ အနစ်သက်ဆုံးစာမူကို

## ဂုဏ်ပြုငွေ ချီးမြှင့်မည် ဖြစ်ပါကြောင်း

ကလောင်ရှင်များအနေဖြင့် မိမိစိတ်တိုင်းကျ အင်တိုက်အားတိုက် ရေးသား၍ ပေးပို့နိုင်ပါသည်။

မှတ်ချက်။ ။ တခြားမဂ္ဂဇင်းတွင် ပေးပို့ထားခြင်းကိစ္စ၊ ကိုယ်ရေးကိုယ်တာ ကိစ္စများမှအစ ပြဿနာအဝဝသည် စာရေးသူ၏တာဝန်သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com




ငွေကြေးဟူသည် သည်းခြေကြိုက်စာတ်စာ ဖြစ်သည်။ ထို့ကြောင့် ငွေကြေးများကို ဖြစ်သည့်နည်းပေါင်းစုံဖြင့် ဖန်တီးရှာဖွေခဲ့ကြသူများ ကမ္ဘာတစ်လွှား များပြားလာခဲ့ကြသည်။

ဖြစ်သည့်နည်းဖြင့် ငွေကိုရှာဖွေနေကြရာ တရားသဖြင့်ရှာသော ငွေများရှိသလို မတရားသောနည်းဖြင့် ရှာသော ငွေများလည်း ရှိခဲ့ပေသည်။

အထူးသဖြင့် တရားဥပဒေကို လှည့်စား၍ ငွေကြေးရှာဖွေဖန်တီးမှုတွင် ငွေစက္ကူအတုထုတ်မှုသည်လည်း မှုခင်းတစ်ရပ်အဖြစ် ပေါ်ပေါက်လျက်ရှိနေပေသည်။

ထိုသို့ ငွေစက္ကူအတုလုပ်ကာ ဖန်တီးသုံးစွဲကြသူများထဲတွင် တစ်မျိုးတစ်ဘာသာဆန်းသစ်သော ငွေစက္ကူအတုဝိဇ္ဇာ "ဂျင်"ဆိုသူမှာ အခြားအခြားသော ငွေစက္ကူအတုသမားများကဲ့သို့ မဟုတ်၊ တစ်ဦးတည်း တစ်ကိုယ်တော်ကြံခဲ့သော ငွေစက္ကူအတု ဝိဇ္ဇာတစ်ဦး ဖြစ်သည်။

များလှစွာသော အတုသမားများကဲ့သို့ ငွေစက္ကူကို ပုံတူဘလောက်လုပ်၍ ပုံနှိပ်သုံးစွဲခဲ့သူမဟုတ်ဘဲ ကိုယ်တိုင် ငွေစက္ကူကို ပန်းချီပုံတူရေးဆွဲလျက် လိုအပ်မှသာ သုံးစွဲသည့် တစ်ယောက်တည်း ပုံတူလုပ်သည့် အတုဝိဇ္ဇာ တစ်ယောက် ဖြစ်လေသည်။

သူသည် ငယ်စဉ်ကတည်းကပင် ပန်းချီကို ဝါသနာပါသည်။ ပန်းချီဆွဲနေရလျှင် ကစားရသည်ထက် ပျော်ရွှင်မှုရသည်ဟုဆိုသည်။ ထို့ကြောင့်လည်း သူငယ်ချင်း အပေါင်းအဖော်များက လာရောက်၍ ကစားဖို့ခေါ်လျှင် ဂျင်က ငြင်းတတ်လေသည်။ ဂျင်ကို ကြည့်၍ အပေါင်းအသင်းများက ရင်မောသွား သည်။ သူ့တွင် ပန်းချီရေးဆွဲနေချင် သည့် ဆန္ဒသာရှိခဲ့သည်။ ပန်းချီသည် သာ သူ့ဘဝအတွက် ခိုကိုးရာဖြစ်ခဲ့မိ သည်။

အရွယ်ရောက်လာပြန်တော့ လည်း ငယ်စဉ်က ဝါသနာကိုပင် မစွန့် နိုင်ဘဲ ပန်းချီကိုသာ ဆွဲမြဲဆွဲခဲ့သည်။ သို့ သော် ငွေကြေးနှင့်ပတ်သက်၍ တစ်ခု တစ်ခုကို ပြုလုပ်ဖန်တီးနိုင်ရန်အတွက် ဂျင်သည် အချိန်ကြာမြင့်စွာကတည် ကပင် အကြံအစည်ရှိနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ဘနှင်း

(မြန်မာပြန်)

# ငွေများကိုဖန်တီးသူ

# The Man Who Made Money

by James Tomlins

အခွင့်အလမ်းရရှိမည့် အချိန်ကိုလည်း စောင့်စား မျှော်လင့်ခဲ့သည်။ ဂျင်သည် ဂျာမန်လူမျိုးတစ်ဦး ဖြစ်သော်လည်း အမေရိကန်ပြည်သို့ ပြောင်းရွှေ့အခြေစိုက်ခဲ့သူ ဖြစ်ပြီး နယူးဂျာဆီမြို့၌ အခြေချနေထိုင်ခဲ့သူ ဖြစ်သည်။

“ကျွန်မတို့ ဒီမြို့မှာ ဘယ်လောက်ကြာကြာ နေမှာလဲဟင်”

ဂျင်၏ ဇနီးက ခင်ပွန်းဖြစ်သူကို ကြည့်၍ နေထိုင်ရေးနှင့် ပတ်သက်သည့် အတိုင်းအတာ ကာလကို မေးခဲ့သည်။

“ဒီမြို့မှာ ကိုယ်ပန်းချီဒီဇိုင်းဆွဲပြီး အရုပ်လှလှကလေးတွေ ဆေးခြယ်တဲ့ အလုပ်ကို လုပ်ဖို့ စဉ်းစားထားတယ်၊ ဒီလုပ်ငန်းအောင်မြင်တဲ့အထိ ဒီမြို့မှာ နေမယ်ဆိုပါတော့ကွာ”

ဂျင်က သူ၏လုပ်ငန်းနှင့် ပတ်သက်၍ ဇနီးဖြစ်သူကို ပြောပြခဲ့သည်။ ပြီးတော့ သူပန်းချီဆွဲရန် စတူဒီယိုအခန်းကို ကျကျနန အခန်းဖွဲ့၍ တည်ဆောက်ခဲ့သည်။ လုံခြုံမှုရှိသော ပန်းချီဆွဲခန်းကို အပြင်လူသာမက သူ့ဇနီးပင် မဝင်နိုင်ရန် စီစဉ်ထားသည်။

အမှန်အားဖြင့် ဂျင်၏အလုပ်မှာ အရုပ်လှလှလေးများကို ဆေးရောင်ခြယ်သလို တောတွင်းတိရစ္ဆာန် အကောင်အလှောင်ရုပ်များကို ရေးဆွဲသော ပန်းချီဒီဇိုင်းဆရာတစ်ဦး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့လုပ်ဆောင်မှုကြောင့် နယူးဂျာဆီမြို့ ကလေးတွင် တစ်နေ့ထက်တစ်နေ့ သူ့ကို လူသိများလာခဲ့သည်။ ဂျင်သည်လည်း စီးပွားရေးနယ်၌ လူသိထင်ရှား ဖြစ်လာခဲ့သည်။

ဂျင်ရေးသည့် အရုပ်လှလှများသည် ဈေးကွက်ရလာပြီး နေအိမ်တိုင်းလိုလို ဝယ်ယူအလှထားသည်အထိ ဂျင်၏ လုပ်ငန်းက အောင်မြင်မှုရှိလာသည်။ ထိုအလုပ်အပြင် ဂျင်တစ်ယောက် ဘာတွေကျိတ်၍ ကြံစည်တွေးတော လုပ်ကိုင်နေသည်ကိုမူ ဇနီးဖြစ်သူကအစ မည်သူမျှ တိတိကျကျမသိခဲ့ပေ။ ဂျင်၏ ဇနီးသည်အား အိမ်နီးချင်း မိန်းမများက သူတို့၏ အောင်မြင်မှုကို အိမ်တိုင်ရာရောက် လာပြီး ချီးမွမ်းခဲ့သည်။

"ခင်ဗျားရဲ့ အရုပ်ကားလေးတွေ ကြည့်ရတာကိုက သိပ်ပြီး အသက်ဝင်လှတာပဲဗျာ၊ ပြီးတော့ ခင်ဗျားခြယ်ထားတဲ့ ဆေးရောင်တွေကို ကြည့်ရတာ မျက်စိထဲ အေးနေတာပဲ" ဟူသတည်း။

ဂျင်၏ မိတ်ဆွေအပေါင်းအသင်းများကလည်း သူတို့၏ ထင်မြင်ချက်များကို ဖွင့်ဟပြောကြားခဲ့သည်။ ဂျင်ကမူ တစ်ယောက်တည်း အေးဆေးစွာဖြင့် အခန်းအောင်း၍ ပန်းချီဆွဲမြဲ ဆွဲနေခဲ့သည်။

ဂျင်သည် တစ်လတွင် သုံးလေးချိန်မျှသာ ပန်းချီစတီဒီယိုမှ အပြင်သို့ ထွက်၍ ခရီးထွက်တတ်သည်။ လမ်းခရီးတွင် အပေါင်းအသင်းများက နှုတ်ဆက်၍ အချိန်ဖြုန်းရန် ခေါ်တိုင်းလည်း ဂျင်က ငြင်းတတ်သည်။

ဂျင်သည် အားလပ်ချိန်ဟူ၍ မရှိသလောက်အလုပ်ကို ဇွဲနပဲကြီးမားစွာဖြင့် လုပ်နေတတ်သော လူတစ်ယောက်ဖြစ်သည်။ အပေါင်းအသင်းများနှင့် မိတ်ဆွေများကလည်း ဂျင်ကို အလုပ်အကိုင်ဘက်တွင် ဝီရိယရှိသူတစ်ယောက်အဖြစ် သိမြင်လာကြသည်။

အများက ချီးမွမ်း ပြောဆိုရသည်အထိ ဂျင်၏ အလုပ်လုပ်ကိုင်မှုက ပိပိရိရိ ရှိလှသည်။ ပြီးတော့ ဂျင်၏ အခြေအနေကလည်း တဖြည်းဖြည်းနှင့် အဆင့်အတန်းမြင့်လာခဲ့သည်။ အလုပ်လုပ်သည့် ဂုဏ်ကျေးဇူးကြောင့် ဂျင်တစ်ယောက် ကြီးပွားလာသည်ဟု ပတ်ဝန်းကျင်က ထင်မြင်လာသည်။ တကယ်တော့ ဂျင်တစ်ယောက် ကြီးပွားလာ၍ အဆင့်အတန်းမြင့်လာရသည့် အဖြစ်ကိုမူ မည်သူတစ်ဦးတစ်ယောက်မျှ မသိခဲ့ပေ။ ပိရိသေသပ်၍ စနစ်တကျရှိသော ဂျင်၏လုပ်ငန်းနှင့် ပတ်သက်၍ ဇနီးဖြစ်သူကပင် သံသယမရှိ။ ဂျင့်အပေါ် အထင်တကြီး ရှိလာခဲ့သည်။

တစ်နေ့တော့ "ဟ ဒီငွေ စက္ကူကို ကြည့်စမ်းပါဦး၊ အတုများ ဖြစ်နေမလားလို့"

ဘဏ်မန်နေဂျာသည် သူ၏ လက်ဖြင့် ကိုင်ထားသော ငွေစက္ကူ ဒေါ်လာကို ကိုင်၍ ဘဏ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များကို မေးလိုက်သည်။

"အစစ်၊ အတု ဆိုတာကတော့ ဒီအတိုင်းဆုံးဖြတ်ပေးလို့ ဖြစ်မယ်မဟုတ်ပေဘူး၊ ကျွန်တော်တို့ ဓာတုဗေဒနည်းအရ စမ်းသပ်ကြည့်မှ ပိုပြီးသေချာမှာ"

"အေး ကျုပ်ကလဲ ဒီငွေစက္ကူကို ရုတ်တရက်ဆုံးဖြတ်လို့ မရဖြစ်နေတယ်၊ ကဲ ဆိုင်ရာကို စစ်ဆေးဖို့ စီစဉ်ခိုင်းဗျာ"

ဘဏ်မန်နေဂျာ၏ ပြောစကားကြောင့် တာဝန်ရှိသူများမှာလည်း မန်နေဂျာဖြစ်သူ၏ သံသယရှိလာသော ငွေစက္ကူအပေါ်တွင် စိတ်ဝင်တစားရှိလာသည်။ ငွေစက္ကူနှင့် ပတ်သက်သည့် သတင်းစုံကိုလည်း နားစွင့်ခဲ့ကြသည်။

"ဒီငွေစက္ကူဟာ အတုဖြစ်နေပြီဗျို့"

စမ်းသပ်စစ်ဆေးမှုဆိုင်ရာ ပုဂ္ဂိုလ်များက ငွေစက္ကူနှင့် ပတ်သက်သည့် အဖြေကို တိတိကျကျ ထုတ်ဖော်ပြောကြားခဲ့လေသည်။

ငွေစက္ကူ၏ သတင်းနှင့် ပတ်သက်၍လည်း ဘဏ်တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

BURMESE CLASSIC .com

ငွေစက္ကူအတုဟု ဆိုသဖြင့် ဘဏ်အမှုထမ်းများနှင့် တာဝန်ရှိပုဂ္ဂိုလ် များ ခေါင်းနားပန်းကြီးသွားကြသည်။ ငွေစက္ကူ အတုတွေ မည်မျှများများ ဘဏ်တိုက်တွင် ရောက်နေပြီလဲဟု စုံစမ်းစစ်ဆေး၍ ညွှန်ကြားရသည်အထိ အလုပ်တွေ များသွားသည်။

ထိုမျှမက ငွေစက္ကူအတုနှင့်ပတ် သက်သည့် ရှာဖွေစုံစမ်းမှုကို ရဲဘက် ဆိုင်ရာ ပုဂ္ဂိုလ်များကလည်း တိတိကျ ကျ ဖော်ထုတ်နိုင်ရန် လူဖြန့်၍ ထော လှမ်းရလေတော့သည်။

အံ့ဩရသည်မှာ ငွေစက္ကူအတု နှင့်ပတ်သက်သည့် သတင်းအစအ ကိုပင် မရခဲ့ဘဲ ခြေရာပျောက်ခဲ့ခြင်း ဖြစ်သည်။

"ဒီငွေစက္ကူအတုကတော့ တော် တော့်ကို လက်ရာမြောက်တာပဲ၊ အ လုပ်ငန်းထဲမှာအသေသပ်ဆုံးပဲ၊ ဒီ ဒီကိစ္စကို အေးနေလို့မရဘူး၊ သဲလွန် မရရအောင် စုံစမ်းဖို့လိုလာပြီ"

ထောက်လှမ်းရေးဘက်တွင် အကြီးအကဲဖြစ်သူသည် ငွေစက္ကူအ လုပ်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများ ကို ခေါ်ယူတွေ့ဆုံဆွေးနွေးခဲ့သည်။ နောက် လိုအပ်သော စုံစမ်းစစ်ဆေး များကို စီစဉ်ဆောင်ရွက်နိုင်ရန် ညွှန် ကြားမှုလုပ်ငန်းကို ထပ်မံထိရောက် အောင်လုပ်ရန် အမိန့်ထုတ်လိုက်သည်။

ဘားထဲတွင် လူတွေသိပ်များ လှသည် မဟုတ်။ တစ်ယောက်စ ယောက်စဖြင့် ဝိုင်းဖွဲ့ကာ ရှိနေကြသည်။ ဂျင်သည် လူရှင်းသော ထိုင်ခုံတွင် ရာယူလိုက်ပြီး ဘားကောင်တာတွင် နေသော အမျိုးသမီးကို လှမ်းပြောလို သည်။

"ကိုယ့်အတွက် ဝီစကီ သုံး ထည့်ယူခဲ့ပါဟေ့"

ဂျင်၏စကားဆုံးသည်နှင့် အ သမီးသည် သွက်သွက်လက်လက် အကောင်းဆုံး ဝီစကီပုလင်းကို ဖန်ခွက်တွင် ချိန်ထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီး ထိုင်နေသော ဂျင်ရှိရာသို့ ယူလာခဲ့၏။

"နောက်ထပ် ဘာများ သုံးဆောင်ချင်ပါသေးသလဲရှင်"

လှပ၍ စွဲမက်ဖွယ်ကောင်းသော အမျိုးသမီးအမေးကြောင့် ဂျင်က အမျိုးသမီးကို မော်ကြည့်လိုက်၏။

ဖုထစ်လုံးကြွသော အမျိုးသမီး၏ ရင်သားများက ကြီးမားလွန်းပြီး အဆီးအတားမရှိဘဲ လှုပ်ရှားနေသည်။ ဖွံ့ကားလှသော အမျိုးသမီး၏ တင်သားများက ရှည်လျားသော ပေါင်တံများ၏ အထက်တွင် တပ်မက်လိုဖွယ် ရှိနေသည်။ ဂျင်၏အကြည့်က အမျိုးသမီး အကြည့်ကို လွှမ်းမိုးသွားသည်။

"ညီမ ကောင်းမယ်ထင်တဲ့ အစားအစာ တစ်ခုခုကို ယူလာခဲ့ပေါ့ကွာ"

ဂျင်က အမျိုးသမီးကို ပြုံး၍ ပြောသည်။ အမျိုးသမီးကလည်း ဂျင်ကို ကြည့်၍ ပြုံးပြလိုက်ပြီး လှည့်ထွက်သွားသည်။ ဂျင်သည် အမျိုးသမီးထားခဲ့သော ဝီစကီဖန်ခွက်ကိုယူ၍ တစ်ကျိုက်ခြင်း မော့လိုက်သည်။ လည်ချောင်းတစ်လျှောက်အတွင်း ပူ၍ဆင်းသွားသော ထိုအတွေ့မှုနှင့်အတူ အမျိုးသမီး၏ ဖွံ့ကား ဖြိုးလှသော ကိုယ်ခန္ဓာ အချိုးအစား အလှကိုလည်း ထိတွေ့လိုစိတ်က ဂျင်တွင် ဆန္ဒဖြစ်မိသည်။

သို့သော် ဂျင်တွင် လုပ်စရာ အလုပ်လေးတွေက ရှိသေးသည်။ ဂျင်၏ အတွေးမဆုံးမီတွင် အမျိုးသမီးက စားစရာများကို ယူလာပြန်သည်။ ဂျင်သည် နောက်ထပ် ဝီစကီတစ်ပက်ကို မှာယူလိုက်ပြန်သည်။

ဤသို့ဖြင့် စားရင်းသောက်ရင်း နာရီဝက်ကျော်မျှ အချိန်ဖြုန်းပစ်လိုက်သည်။

ထို့နောက် လုပ်စရာအလုပ်များ ဆက်၍လုပ်ရန် ကျသင့်ငွေအတွက် အမျိုးသမီးကို ခေါ်ပြီး ဒေါ်လာ(၂၀) တန် တစ်ရွက်ကို ပေးလိုက်သည်။

အမျိုးသမီးသည် ရေစိုနေသော သူ၏လက်ဖြင့် ဂျင်ပေးလိုက်သော ငွေစက္ကူကို လှမ်းယူ၍ ကျသင့်ငွေကို ယူပြီး ပြန်အမ်းလိုက်သည်။ ဂျင်သည် အရှိန်ရသော ခြေလှမ်းဖြင့် ဘားထဲမှ လှမ်းထွက်သွားခဲ့သည်။

ဂျင်ထွက်သွား၍ အတော်လေးကြာမှ ပြဿနာကတက်လာပေတော့သည်။ ငွေသိမ်းကောင်တာတွင်ရှိသော ဆိုင်ပိုင်ရှင်သည် ငွေစက္ကူကို ကြည့်ပြီး ဦးနှောက်ခြောက်နေမိသည်။

"ဟဲ့ လာစမ်းပါဦး၊ နင့်ငွေစက္ကူကိုကြည့်စမ်း၊ ဆေးရောင်တွေ ပျက်နေပါလား"

ဆိုင်ရှင်သည် မျက်မှန်ပေါ်မှ သူ၏မျက်လုံးကြီးများကိုဝင့်၍ အမျိုးသမီးကို လှမ်းပြောလိုက်သည်။

"ကျွန်မကို ပြစမ်းပါဦး ဦးလေး" အမျိုးသမီးသည် ဆိုင်ရှင်ထံမှ ငွေစက္ကူကို လှမ်းယူ၍ကြည့်လိုက်သည်။ ငွေစက္ကူကို ကြည့်နေရင်းမှ အမျိုးသမီး၏ မျက်လုံးများ ပြူးကျယ်လာသည်။

"ဟယ် ဟုတ်ပါရဲ့ ဦးလေးရယ်၊ ဒီငွေစက္ကူဟာ အတုတစ်ရွက်ပဲ၊ သိပြီ သိပြီ ကျွန်မ မှတ်မိပြီ၊ စောစောက လူတစ်ယောက်ပေးသွားတဲ့ ငွေစက္ကူပဲ"

အမျိုးသမီးက စဉ်းစားရမိဟန်ဖြင့် ရေရွတ်လိုက်သည်။

"ဒီလူကို လူမြင်ရင် မှတ်မိပါ့မလား"

"ဘယ်မမှတ်မိဘဲ နေမှာလဲ ဦးလေးရယ်၊ သူ့ မျက်လုံးကြီးတွေနဲ့ ကျွန်မရဲ့ တစ်ကိုယ်လုံးကိုတောင် သိမ်းကျုံးကြည့်သွားသေးတာ၊ ခုထိ ကျွန်မ ရင်ခုန်နေသေးတယ်၊ သူ့ကိုတော့ ကျွန်မ သေသေချာချာ မှတ်ထားမိပါတယ်"

အမျိုးသမီးက ငွေစက္ကူအတု ပေးခဲ့သူနှင့် ပတ်သက်၍ သူမ သေသေချာချာသိသည့် အကြောင်းကို ပြောပြလိုက်သည်။

"ကဲ ဒါဖြင့်ရင် ရဲအဖွဲ့ဆီကို ဖုန်းဆက်လိုက်ပေတော့"

ဆိုင်ရှင်အဘိုးကြီး၏ စကားဆုံးသည်နှင့် အမျိုးသမီးသည် သွက်လက်စွာဖြင့် သူမ၏ ရှည်လျားသော လက်ချောင်းများဖြင့် တယ်လီဖုန်းနံပါတ်များကို လှည့်ပစ်လိုက်သည်။

ဂျင်သည် မောပန်းနေသော သူ၏ခန္ဓာကိုယ်ကို ခုတင်ပေါ်သို့ လှဲချလိုက်သည်။ နောက်လုပ်ရမည့် အစီအစဉ်တွေကို တစ်ခုပြီးတစ်ခု ဂျင်က စဉ်းစားနေမိသည်။

သူ့နောက်ပိုင်း မည်သို့ပြဿနာ ပေါ်နေသည်ကို ဂျင်က မသိခဲ့ပေ။ အမှန်စင်စစ် သေသပ်ပိရိလွန်းသော ဂျင်၏ လုပ်ငန်းသည် သဲလွန်စလမ်းကြောင်းကို အစဖော်ပေးနေသလို ဖြစ်ခဲ့ရသည်။ ဂျင်သည် အရုပ်ကားများကို ဆေးရောင်စုံခြယ်သည့် လုပ်ငန်းအားဖန်ပြုပြီး နောက်ပိုင်းတွင် ငွေစက္ကူအတုကို ပန်းချီရေးဆွဲ၍ မတရားစီးပွားရှာနေသူ ပန်းချီဆရာတစ်ယောက် ဖြစ်လေသည်။

ဂျင်သည် အရောင်အသွေးကျသည့် ဆေးရောင်စုံအရောင်ခိုင်သော ဆေးမင်များကိုသာ သုံးစွဲခဲ့ရာ ဂျင်၏ ရေးဆွဲအတုလုပ်သော ငွေစက္ကူများမှာ အတုနှင့်အစစ် ခွဲမရအောင် များစွာ တူညီခဲ့သည်။

သို့သော် နောက်ဆုံး ဂျင်အသုံးပြုခဲ့သည့် ပျော်ပွဲစားရုံတွင် ပေးခဲ့သော ငွေစက္ကူအတုမှာ ဆေးရောင်ပျက်တတ်သော ငွေစက္ကူဖြစ်သဖြင့် ဂျင်၏ လုပ်ကိုင်နေသော အတုလုပ်မှုကို သဲလွန်စဖြစ်စေရန် လမ်းကြောင်းပေးလိုက်သည့်နှယ် ဖြစ်သွားရသည်။ ဂျင်ရေးခဲ့သည့် ငွေစက္ကူအတုသည် အရောင်ပြယ်လွယ်သော မင်ဖြစ်၍ စားပွဲထိုးအမျိုးသမီး၏ ရေစိုနေသော လက်တွင် အရောင်ပျက်သွားရာ ရဲအဖွဲ့သို့ အကြောင်းကြားရသည်အထိ ဖြစ်သွားသည်။

အမျိုးသမီးကလည်း ဂျင်ကို မှတ်မိနေသဖြင့် ရဲအဖွဲ့ကလည်း ဂျင်ကို ရှာဖွေရန်ကြိုးပမ်းကြတော့မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဂျင်သည် ဘာဆိုဘာမှမသိ။ နောက်ထပ် သူ အတုလုပ်ရမည့်ငွေစက္ကူ ကိစ္စများကိုသာ ကြံစည်နေလေတော့သည်။

သူလုပ်ရမည့်လုပ်ငန်းကိုသာ သူ စိတ်စောနေမိသည်။ ခုတင်ပေါ်တွင် စိတ်ရှိလက်ရှိ လှဲပစ်ရင်း နောက်ထပ် သူ လုပ်ကိုင်ရမည့် လုပ်ငန်းများကို တွေးတောနေသည်။ အမှန်တော့ စားဝတ်နေရေးအတွက် ပြည့်စုံမှုရှိလာပြီကို သူသိသည်။ ယခင်ကထက်စာလျှင် သူတို့၏ ဘဝသည် ပိုပြီးပြည့်စုံလာသည်ကို ဂျင်က တွေ့လာသည်။

အနှစ်(၂၀)လုံးလုံး သူကြိုးပမ်းတီထွင်ခဲ့သည်။ သူ၏လုပ်ငန်းများက ပိပိရိရိ ရှိလွန်းသဖြင့် လူတစ်လုံး သူ တစ်လုံးရှိလာသည်ကို ဂျင်က အားရကျေနပ်မိသည်။

သူ့ဘဝနှင့် သူ့အနုပညာသည် သူ၏ အောင်မြင်မှုတစ်ရပ်ဖြစ်ခဲ့သဖြင့် ဂျင်အဖို့ အားရဝမ်းမြောက်မှုဖြစ်ရသည်မှာ မဆန်းလှပေ။ သို့ဖြင့် ဂျင်သည် နောက်ထပ်သူရေးထားသော ဒေါ်လာ (၅၀)တန်ဖိုးရှိသော စက္ကူလဲလှယ်ရေး အတွက် ပြင်ဆင်ခဲ့သည်။

ဂျင်သည် မင်သေသေဖြင့် ဆိုင်ခန်းတစ်ခုသို့ ဝင်ခဲ့သည်။ ထို့နောက် စားသောက်ဖွယ်ရာများနှင့် ဆေးပြင်းလိပ်ကို ဝယ်လိုက်သည်။ ပြီးနောက် ကျသင့်ငွေအတွက် သူအတုရေးဆွဲပြုလုပ်ထားသည့် ငွေစက္ကူဖြင့် ဝယ်ယူလိုက်၏။

ဆိုင်ရှင်ကလည်း ဂျင်ပေးသည့် ငွေစက္ကူအတုကို စစ်ဆေးမနေတော့ဘဲ အစစ်ထင်မှတ်ဟန်ဖြင့် ကျသင့်ငွေကို နုတ်ယူ၍ ပြန်လည်လဲလှယ်ပေးလိုက်သည်။ ဂျင်သည် ဆိုင်ရှင်ဖြစ်သူ ပြန်အမ်းသော ငွေစက္ကူများကို ရေတွက်မနေတော့ဘဲ ကမန်းကတန်း သူ၏ ဘောင်းဘီအိတ်အတွင်းသို့ ထည့်လိုက်သည်။ ထို့နောက် ဆိုင်တွင်းမှ သွက်လက်သော ခြေလှမ်းများဖြင့် ထွက်လာခဲ့၏။ ဂျင်၏ ယင်းသို့ အပြုအမူများ အတွက် ဆိုင်ရှင်က ဂျင်အပေါ်တွင် အနည်းငယ် သံသယရှိသွားသည်။

ဒေါ်လာ(၅၀)တန်ဖြင့် ဈေးဝယ်ပြီး ပြန်အမ်းငွေများကို သေချာစွာ မစစ်ဆေးဘဲ အိတ်ထဲထည့်ပြီး ယူတတ်သူများ မရှိသလောက် ရှားပါးသဖြင့် ဂျင့်အပေါ်၌ များစွာ သံသယရှိသွားသည်။ ဂျင်သည် ငွေကြေးမြောက်မြားစွာ ချမ်းသာနေသူတစ်ယောက်လားဟု၍လည်း အတွေးပေါက်လာသည်။ သို့သော် ဂျင်က ဘာဆိုဘာမျှ မသိ။

သူသိသည်က သူ၏ အတုပြုလုပ်ရေးဆွဲသော ငွေစက္ကူကို လဲလှယ်သုံးစွဲနိုင်ရေးပင် ဖြစ်ပါသည်။ ဂျင်သည် သူလဲလှယ်ရရှိခဲ့သော ငွေစက္ကူများကို နေအိမ်သို့ ရောက်လျှင်ရောက်ချင်း ပြန်လည်စစ်ဆေးလိုက်သည်။

"ဟာ ဒုက္ခပါပဲ၊ ပြန်အမ်းတဲ့ ဒီငွေစက္ကူဟာ အတုဖြစ်နေပါလား"

ဂျင်သည် သူပြန်လည်စစ်ဆေးနေသော ငွေစက္ကူတစ်ရွက်ကို ကိုင်ရင်း အံ့သြစွာ ရေရွတ်လိုက်သည်။

သူနောက်ဆုံးဝင်၍ လဲလှယ်ခဲ့သည့်ဆိုင်မှ ဆိုင်ရှင်သည် သူ့ကို ငွေစက္ကူအတုဖြင့် ပြန်အမ်းလဲလှယ်ခဲ့ကြောင်းကို ခုမှ ဂျင်က အမှတ်ရလာသည်။ အများတကာကိုသာ သူကိုယ်၌ လိမ်ချင်လိမ်မည်။ ခုလို သူ့ကိုလိမ်သည်ကို ဂျင်က ခံပြင်းလာသည်။ ဒေါသထွက်လာသည်။ မြွေပွေးကိုပိုးထိသလို လိမ်လည်သူကို ပြန်၍လိမ်လည်သည့်အတွက် ဂျင်က မခံရပ်နိုင်အောင် ဖြစ်လာသည်။ သို့ဖြင့် သူနောက်ဆုံး ငွေစက္ကူလဲခဲ့သည့် ဆိုင်သို့ ကမန်းကတန်း သွားရောက်ခဲ့သည်။

"ဟေ့လူ ခင်ဗျားပေးလိုက်တာ ငွေစက္ကူအတုကြီး ဖြစ်နေတယ်ဗျ"

"ဟုတ်လား၊ ပြစမ်းပါဦး"

ဆိုင်ရှင်သည် စိတ်မကောင်းစွာဖြင့် ဂျင်ပြသော ငွေစက္ကူကို အသစ်တစ်ဖန်ပြန်၍ လဲလှယ်ပေးလိုက်သည်။ ဂျင်သည် ရရှိလာသော ငွေစက္ကူကိုကိုင်၍ နေအိမ်သို့ပြန်ရန် ခြေလှမ်းပြင်လိုက်စဉ် ပြဿနာက ကြုံဆိုလာတော့သည်။

"ကိုယ့်လူ ကျုပ်တို့နဲ့ ခဏလိုက်ခဲ့ပါ"

မမျှော်လင့်သော နေရာမှ ရဲဝတ်စုံဖြင့် လူနှစ်ယောက်က ဂျင်အနားသို့ကပ်၍ ပြောလိုက်သည်။

"ကျုပ်မှာ ဘာအပြစ်ရှိလို့တုံး"

ဂျင်က ကိုယ်လွတ်ရုန်းရန် ကြိုးစားလိုက်သည်။ ပြီးတော့ မင်သေသေဖြင့် မေးမြန်းလိုက်သည်။

"ခင်ဗျားမှာ ဘာအပြစ်ရှိတယ်ဆိုတာ ဌာနရောက်တော့ ထုချေပေါ့၊ ခင်ဗျားကို ကျုပ်တို့စောင့်နေတာကြာပြီ၊ ခုမှပဲ လက်ပူးလက်ကြပ်မိတော့တယ်"

ဂျင်သည် ရဲအဖွဲ့ဝင်နှစ်ဦး၏ လက်တွင်းဝယ် ကန့်လန့် ကန့်လန့်ဖြင့် လိုက်ပါသွားရသည်။

"ကဲ ကိုယ့်လူ ဘာများ ငြင်းနိုင်သေးလဲ၊ ကျုပ်တို့ကတော့ အချက်အလက် အပြည့်အစုံရှိနေပြီ"

BURMESE CLASSIC .com

ရဲအဖွဲ့ဝင်များက ဂျင်၏ ငွေစက္ကူအတုလုပ်မှုနှင့်ပတ်သက်၍ အတိအကျထုတ်ဖော်ခဲ့သည်။ နောက်ဆုံးတွင် တိကျသော စုံစမ်းမှုကြောင့် ဂျင်ခမျာ တစ်ခုမကျန် ဖော်ထုတ်ဝန်ခံလိုက်၏။

"အေးဗျာ ကျုပ်ရဲ့ အမှားပါပဲ၊ ကျုပ်ကသာ လူတွေကိုလိမ်ပြီး လူတွေရဲ့ အလိမ်ကို မခံချင်တဲ့ လူစားပါ၊ ခုတော့ ကျုပ်သဘောပေါက်ပါပြီ၊ ဘယ်လိုပဲ ဖြစ်ဖြစ် မကောင်းတဲ့လူဟာ မကောင်းတဲ့ဘေး ခံရတတ်တယ်ဆိုတာ ကျုပ်နားလည်ထားပါပြီ၊ ကျုပ်ကို ပေးချင်တဲ့ အပြစ် ပေးပါတော့"


ဂျင်သည် အနှစ်(၂၀)လုံးလုံး ငွေစက္ကူအတုလုပ်ကိုင်မှုနှင့် တရားရုံးမှ ထောင်သို့ပို့လိုက်၏။ ဂျင်၏ နောက်ဆုံး အနားယူရာစခန်းသည် အကျဉ်းထောင်သာ ဖြစ်သွားရလေသတည်း။

❒ ဘနင်း(မြန်မာပြန်)



www.burmeseclassic.com

www.burmeseclassic.com




# ချောင်းသာယာ

## သိုင်း

"ရှင်ဟာ ချောင်းကလေးတစ်ခု
လို အမြဲတမ်း လှုပ်ရှားစီးဆင်းနေတဲ့လူ
တစ်ယောက်ပဲ၊ ကျွန်မ ရှင့်ကို လက်ထပ်
ခွင့်သေမယ့် ချောင်းကလေးမရပ်တော့
...ရပ်မှာမဟုတ်ဘူး၊ တကယ်လို့ ရှင်
...ောင်ရိုးတောင်တန်းတွေပေါ်မှာ ပြေး
...ရင်း မောပန်းလာရင်တော့ လီရှော
...ကို သတိရပါ၊ ရှမ်းမကလေးတစ်
...ယောက် ရှင့်ကို အမြဲတမ်းစောင့်ကြိုနေ
...မယ်ဆိုတာ"

နမ့်တိန်ချောင်းသည် လေးလေးတွဲ့တွဲ့ စီးဆင်းနေသည်။ သစ်ပင်အုပ်အုပ်သည် ချောင်းကို ကာရံထားသည်။ လေပြင်းသည် သစ်ပင်အုပ်ကိုတိုက်၍ ချောင်းရေကို ကျူးကျော်လာသည်။

ကိုအောင်ဘန်း ရွာမှထွက်လာသောအချိန်သည် တောင်ခိုးများစဲ၍



www.burmeseclassic.com

www.burmeseclassic.com

နှင်းများဝေစပြုလာသော ဆောင်းဦးကာလ နေ့တစ်နေ့သာလျှင်တည်း။

◆

ကိုအောင်ဘန်းသည် လက်ထဲတွင် ဆုပ်ကိုင်ထားသော သစ်ကိုင်းခြောက်ကလေးကို ရေပြင်တွင်လှုပ်ခါရင်း သူ့မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။ သူ့မျက်နှာသည် ညရီဆည်းဆာလို လှပသော်လည်း သူ့အမူအရာကမူ နှင်းဆောင်းထားသော တောင်ထွတ်လို ရင့်ကျက်နေသည်။ သူ့ဘဝသည် နွေတွင်လွင့်ပါးသော ရွက်ဝါနှယ် မပီပိုးဝါးနိုင်လှသည်ဟု ဆိုခဲ့သည်။

"ဆရာမ ဒီနယ်ကိုရောက်လာတာ ဘယ်လောက်ကြာပြီလဲ"

သူ တွေဝေသွားသည်။ သူသည် တစ်ခုခုကို ပြန်လည်စဉ်းစားနေသလို အဝေးသို့ မျှော်ငေးနေသည်။

"ခုလိုမေးမိတဲ့အတွက် ရိုင်းတယ်လို့ သဘောမထားဖို့ဘဲ ကျွန်တော် တောင်းပန်ပါတယ် ဆရာမ၊ အမှန်ကတော့ ကျွန်တော် ဒီနယ်ကိုရောက်လာကတည်းက ဆရာမဟာ ဒီနယ်သား တစ်ယောက် မဟုတ်နိုင်ဘူးလို့ ထင်မိလို့ပါပဲ"

ကိုအောင်ဘန်း စကားကြောင့် တည်ငြိမ်ရင့်ကျက်နေသော သူ့မျက်နှာ



ကလေး၌ လှပစွာပြုံးယောင်သန်းလာသည်ကို တွေ့ရသည်။

"ရှင်ထင်တဲ့အတိုင်းပါပဲ၊ ကျွန်မဟာ ဒီနယ်သားတစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီနယ်ကိုရောက်လာတာ ဘယ်လောက်ကြာပြီလဲဆိုတာကိုတော့ ကျွန်မ မေ့လျော့နေပါပြီ"

စကားဆုံးလျှင် ဆရာမလေး၏ မျက်နှာကပြန်လည်တည်ငြိမ်သွားသည်။

ကိုအောင်ဘန်းသည် သူ့စကားကြောင့် အံ့သြတွေဝေသွားမိသည်။ သူက ဆရာမတစ်ယောက်ဖြစ်၍လည်း ဘဝကို မေ့လျော့နေသည်ကိုပင် မယုံနိုင်အောင် ဖြစ်ရသည်။

သို့ရာတွင် သူက ဘယ်သို့ပြော၍ ဘယ်သို့ဆိုစေ လူတို့၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ သူမပြောချင်သော စကားကို ပြောလာအောင် ကိုအောင်ဘန်း မကြိုးစားဝံ့ပါချေ။

မုတ်သုန်လေသည် ညာညောင်းနေသော ရွက်ဝါများကို ခြွေချလိုက်သည်။ ရွက်ဝါများ ချောင်းရေစီးတွင် မျောပါသွားသောအခါ ကိုအောင်ဘန်းသည် ကျောက်ခဲကလေးတစ်လုံးကို ကောက်ယူ၍ ထိုင်ရာမှ ဖြည်းညင်းစွာ ထရပ်လိုက်သည်။

သူသည်လည်း ကိုအောင်ဘန်းနှင့်အတူလိုက်၍ ထရပ်လာသည်။

ကိုအောင်ဘန်းက ကျောက်ခဲကလေးကို ရေပြင်ပေါ် ပစ်ပေါက်လိုက်သောအခါ သူက လှိုင်းကလေးများ ထလာသလို ညင်သာစွာ ရယ်မောရင်း ပြောလေသည်။

"လှိုင်းဆိုတာ မတည်ငြိမ်ဘူးနော်"

"လှိုင်းဆိုတာ အလိုအလျောက် ဖြစ်ပေါ်မလာပါဘူး ဆရာမ၊ ရေပြင်ကို ဒြပ်တစ်ခုခုနဲ့တွေ့မှ တုံ့ပြန်လှုပ်ရှားတဲ့သဘောပါ"

"ဆိုပါတော့၊ ရှင်က လှိုင်းဘက်က ရှေ့နေလိုက်တဲ့သူဆိုတော့ ရှင်ကိုယ်တိုင်ကများ . . ."

သူက စကားကို ဖြတ်တောက်ထားသည်။ ကိုအောင်ဘန်းက မည်သို့မျှမပြောဘဲ ပြုံးရုံသာ ပြုံးလိုက်သည်။ ဒီတစ်ခါတွင်မူ သူက လှိုင်းကလေးထန်လာသလိုပင် တလှိုက်လှိုက်ရယ်မောလေသည်။

ဆရာမဟု ဆိုသော်လည်း သူ့အသက်မှာ (၂၅)နှစ်ခန့်သာရှိမည်ဟု ခန့်မှန်းရသည်။ သူနှင့်စတွေ့သောနေရာမှာ ချောင်းကလေး၏ တံတားဦးတွင် ဖြစ်သည်။

ချောင်းကလေးမှာ ရွာအရှေ့ဘက် တစ်ခေါ်မျှတွင်ရှိ၍ တံတားဦးမှာမူ ချောင်းကလေး၏ တောင်ဘက်ဖျားတွင်ရှိနေသည်။

တံတားဟုသာ ဆိုသော်လည်း ကျဉ်းမြောင်းသော ချောင်းဖျားတွင်ရှိသဖြင့် ဝါးပိုးဝါးအကြီးစား ဆယ်လုံးခန့်ကို ၂၅ ပေခန့်စီဖြတ်၍ ချောင်းဟိုဘက်ဒီဘက် ကန့်လန့်ဖြတ်ခင်းထားခြင်းသာ ဖြစ်သည်။သူသည် ညနေတိုင်း ချောင်းကလေးတစ်လျှောက် လမ်းလျှောက်တတ်လေ့ရှိသဖြင့် ကိုအောင်ဘန်းနှင့် တစ်ခါတစ်ရံ တွေ့ဆုံရာမှအစ ရင်းနှီးလာခြင်းဖြစ်သည်။

"ချောင်းကလေးက တသွင်သွင်စီးနေသလိုခေတ်တွေလဲတွင်တွင်ပြောင်းနေတော့ လူတွေလဲ ပင်ပန်းလှရောပေါ့ရှင်"

သူသည် တသွင်သွင်စီးနေသော ချောင်းကလေးကို ကြင်နာစွာကြည့်ရင်း ဆိုလေသည်။ သူနှင့် ကိုအောင်ဘန်း တံတားဦးမှာဆုံ၍ ဒီဖုံလုံပင်အောက်မှာ ထိုင်ကြတိုင်း သူက ဘဝကို မကျေနပ်သလို ဆိုလေ့ရှိသော်လည်း သူ့အသံက ချောင်းကလေးစီးသလို ညင်သာလွန်းလှသည်။

သို့ရာတွင် သူ့အတွေးကမူ ချောင်းကလေးထက်ပင် နက်ရှိုင်းမည်ဟု ထင်ရသည်။

ကိုအောင်ဘန်းသည် သူ့စကားကို ပြန်၍ဖြေရန် ရုတ်တရက် အတွေး



www.burmeseclassic.com

www.burmeseclassic.com

မဝင်သဖြင့် အနီးရှိ ဗုံလုံးသီးကလေးတစ်လုံးကို ကောက်၍ ချောင်းရေပေါ်သို့ ပစ်ချရင်း အဖြေကိုရှာရလေသည်။

"ဗုံလုံးသီးကလေးကို ကြည့်ပါ ဆရာမ၊ မြောက်ပြီး ကျလာတဲ့အရှိန်ကြောင့်သာ သူဟာ ရေထဲကို မြုပ်ဝင်သွားပေမယ့် တကယ်နစ်သွားသလားဆိုတော့ မနစ်ပါဘူး၊ ခဏနေ ပြန်ပေါ်လာတာပါပဲ၊ ခေတ်ဆိုတာလဲ ဒီအတိုင်းပါပဲ ဆရာမ။ ရေစီးချောင်းလို တသွင်သွင်စီးနေတဲ့ ခေတ်အပေါ်ကို လူဆိုတဲ့ ဗုံလုံးသီးကလေးဟာ ကျသွားရုံနဲ့ သူ့ကို ဆုံးရှုံးသွားတယ်လို့ မဆိုနိုင်ပါဘူးဆရာမ၊ ဒါပေမဲ့ ဒီဗုံလုံးသီးကလေးဟာ ပြန်ပေါ်မလာမီတော့ ရေစီးကြောင်းရဲ့ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရလိမ့်မယ်"

ကိုအောင်ဘန်း ပစ်ပေါက်လိုက်သော ဗုံလုံးသီးကလေးသည် အဝေးတစ်နေရာတွင် ထွက်ပေါ်လာပြီးလျှင် ချောင်းကလေးအတိုင်းမျောပါသွားသည်ကို တွေ့ရသည်။ ဆရာမကလေး၏စိတ်သည်လည်း ချောင်းကလေးပေါ်ဝယ် ရွှေ့ရွှေ့မျောပါသွားသော ဗုံလုံးသီးလေးနှင့်အတူ မျောပါသွားပြီလားဟု ကိုအောင်ဘန်း အတွေးရောက်မိသည်။ အတန်ကြာလျှင် သူသည် ကိုအောင်ဘန်းမျက်နှာကို သေချာစွာကြည့်၍ ဆိုသည်။

"ဒီလိုဆိုတော့ ဗုံလုံးသီးကလေးရဲ့ ဘဝဟာ အဆုံးအစမရှိသလို ရေစီးကြောင်းရဲ့ သယ်ဆောင်ရာနောက်ကို လိုက်ပါနေရတော့မှာပေါ့နော်"

"ဒီလိုလဲ မဟုတ်သေးပါဘူး ဆရာမ၊ ဒီချောင်းကလေးတစ်လျှောက် မှာ ပေါ်ထွက်နေမယ့် ကျောက်တုံး ကျောက်ခက်တွေ၊ သစ်ငုတ်သစ်ရင်း တွေနဲ့လဲ တွေ့ရဦးမှာပါ၊ တကယ်လို့ သစ်ငုတ်သစ်ရင်းတွေ ကျောက်တုံး ကျောက်ခက်တွေနဲ့ တွေ့တဲ့အခါမှာ ဗုံလုံးအားက သန်ရင်သန် မသန်ရင် တော့ ဒီခလုတ်ကန်သင်းတွေကို ကျော ကျောက်နောက်ခံရထားတဲ့ ဗုံလုံးသီး ကလေးဟာ ရေစီးအားကို ပြန်ပြီးတွန်းလှန်မှာပဲ၊ ဒါမှမဟုတ်လဲ လှိုင်းတစ်ချက်ပုတ်ရုံနဲ့ ကမ်းပေါ်မှာတင်ကျန်နေခဲ့တာတွေလဲ ရှိဦးမှာပေါ့"

"ရှင်က နိုင်ငံရေးသမားလား"

သူက ကိုအောင်ဘန်းကို အံ့ဩစွာကြည့်၍ ဆိုသည်။

"ဆိုပါတော့၊ လူတွေအားလုံးဟာ နိုင်ငံရေးသမားတွေချည်းလို့ပဲ၊ ကိုယ့်နိုင်ငံရဲ့ အရေးအခင်းတွေကို ကိုယ်ကမှ မတွေးတော မဆင်ခြင်ဘူးဆိုရင် တစ်ပါးသူတွေက တွေးတောဆင်ခြင်ပြီး လက်ဝါးကြီးအုပ်သွားလိမ့်မယ်၊ ဒီတော့ ဒီအုပ်လာမယ့် လက်ဝါးတွေကို ရိုက်ချိုးပစ်ဖို့၊ ကိုလိုနီစနစ်ကို တွန်းလှန်ဖြိုဖျက်ပစ်ဖို့နဲ့ လူ့အခွင့်အရေးတွေကိုရအောင် တိုက်ယူဖို့အတွက် လူတွေဟာ အလိုလိုနေရင်း နိုင်ငံရေးသမားတွေ ဖြစ်မှန်းမသိဖြစ်နေကြတာပါ ဆရာမ"

သူ့မျက်နှာကလေးက ဝင်းပ၍ ကြည်လင်လာသည်။ ကိုအောင်ဘန်းသည် ဆရာမကလေး၏ အပြုံးကိုကြည့်ရင်း စိတ်ထဲမှာ ကြည်နူးနေမိသည်။ တကယ်တော့ ကိုအောင်ဘန်းသည် မိမိအပေါ် ဆရာမကလေးက အထင်ကြီးလာအောင် တမင်ဝင့်ဝါပြောခြင်း မဟုတ်။

ချောင်းကလေး ညင်ညင်သာသာ စီးသလို သူ့ဦးနှောက်နှင့် သူ့နှလုံးသားတို့မှ ခံစားရသမျှတို့ကို ရိုးရိုးကလေး ပြောပြခြင်းသာ ဖြစ်လေသည်။

မှတ်သုံလေသည် သူတို့နှစ်ဦး၏ ဆံပင်စများကို တိုးဝှေ့သွားကြသည်။ သူသည် ရစ်ဝဲကျလာသော သူ့မျက်နှာပေါ်မှ ဆံယဉ်စများကို နဖူးပေါ်သို့သပ်တင်ရင်း တရားခံကို လိုက်ရှာနေသည်။ ညင်းလေသည် ဘယ်တွင်ပျောက်သွားသည်မသိ။

သူသည် မမြင်နိုင်သော အရပ်တစ်ပါးသို့ ငေးမောရင်း တစ်စုံတစ်ရာကို တမ်းတနေဟန်ရှိသည်။ နေသည် တဖြည်းဖြည်းနှင့် ဝေး၍ ဝေး၍ သွားသည်။ ကျေးငှက်များက အိပ်တန်းတက်ရန် သိုက်မြုံရှိရာသို့ ပြန်လာနေကြသည်။ ချောင်းကလေးလည်းရေကျသွားပြီး လေညင်းကမူ ခပ်နွေးနွေးတိုက်ခတ်နေဆဲ။

အနောက်မိုးကုပ်စက်ဝိုင်း တစ်နေရာဝယ် နေလုံးကြီးပျောက်ကွယ်သွားသောအခါ သူနှင့် ကိုအောင်ဘန်းတို့ ချောင်းစပ်မှ အတူပြန်ခဲ့ကြလေသည်။

ထိုအချိန်မှစ၍ သူတို့နှစ်ဦး ညနေတိုင်း ထိုချောင်းကလေးတစ်လျှောက်လမ်းအတူလျှောက်ကြသည်။ တစ်ခါတစ်ရံမူ ရေအတူချိုးလေ့ရှိကြသည်။ ထိုအခါ ဆရာမလေး၏ ဝါဝင်းစိုပြည်သောအသားအရေ နုနုကလေးကိုကြည့်ကာ ရင်ဖိုရသည်။ ကိုအောင်ဘန်းသည် ထိုထက်မကကြာရှည်ကြည့်လိုသော်လည်း သူ့အား အထင်အမြင်လွဲမှားသွားမည်စိုးသဖြင့် ဆက်၍မကြည့်ရဲပါချေ။

ထိုအခြင်းအရာကို သိသဖြင့် ဆရာမလေးက ကိုအောင်ဘန်းအား ပြုံး၍ကြည့်ရင်း . . .

"ပြည်မသားတွေထဲမှာတော့ ရှင်ဟာ အရိုးဆုံးလူတစ်ယောက် ဖြစ်မှာပဲ" ဟု ဆိုလေသည်။

ကိုအောင်ဘန်းသည် ရှက်ပြုံးပြုံးရုံမှတစ်ပါး မည်သို့မျှ ခွန်းတုံ့မပြန်ရဲပါချေ။ ဒီအတွက်မူ ဆရာမလေးက ကိုအောင်ဘန်းအားမကျေချမ်းသာအကြည့်မျိုးဖြင့် ကြည့်တတ်သည်ကိုမူ ဂရုပြုမိလေသည်။

ဆရာမလေးသည် ရွာလယ်မူလတန်းကျောင်းတွင် စာသင်ပြ၍ ကိုအောင်ဘန်းကမူ စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစီးဦးဆောင်ပြုရသူဖြစ်သည်။ ဤဒေသသည် တနင်္သာရီနှင့် ကပ္ပလီပင်လယ်ကမ်းခြေစပ်ကြား ကျဉ်းမြောင်းသောဒေသတစ်ခုဖြစ်၍ ကမ်းရိုးတန်းနှင့်ယှဉ်လျက် တောင်တန်းများက သွယ်တန်းနေကြသည်။ တောင်ကုန်းချိုင့်ဝှမ်းများပေါ်မှာ၍ လူဦးရေနည်းပါးသော်လည်း မိုးအလွန်ကောင်းသဖြင့် ကျွန်းပင်

www.burmeseclassic.com

အနည်းငယ်နှင့် အခြားသစ်ကောင်းဝါးကောင်းများလည်း ပေါက်ရောက်ကြသည်။ သို့ရာတွင် ထုတ်လုပ်ရန်မလွယ်ကူသဖြင့် သစ်လုပ်ငန်းကို အနည်းငယ်သာ လုပ်ကိုင်နိုင်သည်။ ၎င်းအပြင် မိုးကောင်း၍ သစ်ပင်အပေါက်မြန်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အခက်အခဲများစွာ တွေ့ရသည်။ ထို့ကြောင့် ကမ်းမြောင်ဒေသ၏ ဆယ်ပုံတစ်ပုံခန့်သာ လုပ်ကိုင်စိုက်ပျိုးနိုင်သည်။

ပထမနှစ်တွင် ဒီတောင်ကုန်းများတွင် တောင်ခါးပန်းကိုထစ်၍ စပါးစိုက်သည်။ မြေနိမ့်ချိုင့်များတွင် ရေလွှဲမြောင်းများကို တူးဖော်၍ တာတမံများကို ဖို့သည်။ ထိုနှစ်တွင် မိုးလည်းနည်း၍ ကြိုးပမ်းသမျှလုပ်ငန်းများ အောင်မြင်သောအခါ ကျေးရွာလူထုက ကိုအောင်ဘန်းကို ဝမ်းမြောက်အားရ ဂုဏ်ပြုကြသည်။ ထိုအထဲတွင် ဆရာမလေးသည် ကိုအောင်ဘန်းအတွက် ကျေနပ်စရာအကောင်းဆုံးသူတစ်ယောက် ဖြစ်ခဲ့လေသည်။

ဒုတိယနှစ်တွင်မူ ကိုအောင်ဘန်းကြိုးပမ်းသမျှသည် သဲထဲရေသွန်ဖြစ်ရလေသည်။ တောင်ပေါ်ကျောက်များသည် သက်ရင့်ကျောက်များဖြစ်၍ တမံဖို့ရာတွင် မာကျောခိုင်ခံ့သော်လည်း လူအားငွေအားနည်းသဖြင့် အောင်မြင်သင့်သလောက် မအောင်မြင်ချေ။ ဤနှစ်တွင် မိုးအလွန်ကောင်း၍ တောင်ကျချောင်းရေများ သန်လာသောအခါ တမံများကျိုး၍ စိုက်ခင်းများပျက်စီးကုန်သည်။

ရေလွှဲမြောင်းများက ရေလျှံသဖြင့် ပျိုးခင်းများအညွန့်ကျိုးလေသည်။ တောင်ကျချောင်းရေတိုက်စား၍ ကမ်းပါးများပြိုသဖြင့်စိုက်ခင်းများကျဉ်းမြောင်းလာသည်။

မိုးများ၍ သစ်ပင်အပေါက်မြန်သဖြင့် မြက်ရိုင်းများကို တစ်ပတ် တစ်ကြိမ်ခန့် ပင်ပန်းကြီးစွာ နုတ်သိမ်းရှင်းလင်းရသည်။ ချုံနွယ်ပိတ်ပေါင်းများကိုလည်း မကြာခဏ ဖယ်ရှားရသည်။

ဤသို့ဖြင့် ကိုအောင်ဘန်း ဦးဆောင်၍ ကြိုးပမ်းသမျှ သဲထဲရေသွန်ဖြစ်ရသောအခါ ကျေးရွာလူထုက ကိုအောင်ဘန်းအား ငြူစူလာသည်။

၎င်းအပြင် သူတို့၏ မိရိုးဖလာ တောင်သူသစ်ခုတ်အလုပ်ကိုပဲ ပြန်လုပ်တော့မည်ဟုဆိုကာ စိုက်ပျိုးရေးလုပ်ငန်းကို ပစ်ပယ်လာကြသည်။ ထိုအခါ ကိုအောင်ဘန်းသည် များစွာ စိတ်ဆင်းရဲခြင်း ဖြစ်ရလေသည်။

"ဒီအတိုင်းသာဆို လယ်ယာစိုက်ပျိုးတဲ့အလုပ်ဟာ တောင်ပေါ်သားတွေအတွက် မဟုတ်ဘဲ မြေပြန့်သားတွေအတွက် သက်သက်များ ဖြစ်နေရော့သလား" ဟူ၍ ဆရာမလေးက ကြေကွဲဝမ်းနည်းစွာဆိုလာတိုင်း ကိုအောင်ဘန်းရင်နှင့်အမျှ ခံစားရသည်။

ကိုအောင်ဘန်းကိုယ်၌က စိတ်ပျက်အားလျော့သမှု ပြနေပါလျှင် အားပေးသူတစ်ယောက်ဖြစ်သော ဆရာမလေး၏စိတ်၌ မည်သို့ဖြစ်ချိမ့်မည်နည်း။ ထိုအခါ ကိုအောင်ဘန်းသည် သူ၏အားငယ်ဝမ်းနည်းသောစိတ်ကို ကွယ်ဝှက်၍ ဆရာမလေးအား နှစ်သိမ့်ရလေသည်။

"ဘာမှ စိတ်ပျက်စရာမရှိပါဘူး ဆရာမရယ်၊ ကျွန်တော်တို့ မြေပေါ်မှာ သစ်တောတွေ၊ လယ်ယာတွေ၊ အင်းအိုင်ချောင်းမြောင်းတွေ ရှိသလို မြေအောက်မှာလဲ ရေနံတွေ၊ သတ္တုတွေ၊ သံရိုင်းတွေ၊ ခနောက်စိမ်းနဲ့ ကြေးနီတွေ၊ သွပ်၊ ခဲမဖြူ၊ ငွေ၊ ကျောက်နီ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ ဆိုတဲ့ ရတနာတွေ အများကြီးရှိတယ်။

ဒါတွေဟာ နှစ်စဉ်တန်ဖိုးကုဋေထောင်ပေါင်းများစွာထွက်တယ်၊ တောင်ပေါ်သားတွေဟာ ခရီးလမ်းကြမ်းတမ်းလို့ တိုးတက်သင့်သလောက် မတိုးတက်ကြပေမယ့် တိုးတက်နေ့ကဲ့ ကျွန်တော်တို့ပြည်မသားတွေက သူတို့ကိုအချိုးကျဝေစုတွေ ခွဲဝေပေးကြပါလိမ့်မယ်"

ပြောသာပြောရသော်လည်း ကိုအောင်ဘန်း စိတ်ကမူ ဝမ်းနည်းကြေကွဲနေသည်။

ကျေးရွာလူထုကို သဘောပေါက်အောင် ရှင်းပြသော်လည်း ကိုအောင်ဘန်းအား အယုံအကြည်မရှိကြတော့သဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုံးဝပစ်ပယ်လိုက်လေသည်။ ထို့ကြောင့်

ကိုအောင်ဘန်းမှာလည်း နေရထိုင်ရ ကျပ်တည်းလာသည်။

ထိုအခါ ကိုအောင်ဘန်းသည် ချောင်းကလေးဆီသို့ပင် မသွားတော့ဘဲ အိမ်ထဲမှာသာ ကုပ်နေခဲ့မိသည်။

မိုးကုန်သွားသည်နှင့်အတူ ကိုအောင်ဘန်း၏စိတ်က သွေ့ခြောက်လာသည်။ သူ့အား မနှစ်မြို့သော ဒီအရပ်ဒေသ၌ ဆင်းရဲပင်ပန်းစွာ နေရမည့်အစား အရပ်တစ်ပါးသို့လွင့်ရန် ဆုံးဖြတ်လိုက်သည်။

ကိုအောင်ဘန်းသည် အိမ်ရှိ အထုပ်အပိုးများကို ထုပ်ပိုးပြင်ဆင်ပြီးသောအခါ သူ့စိတ်က ချောင်းကလေးနှင့်အတူ ဆရာမလေးကို သတိရလာသည်။

ထိုအခါ သူသည် ချောင်းလေးဆီသို့ အမှတ်မထင် လျှောက်လာခဲ့မိလေသည်။

ချောင်းကလေးကတော့ စီး[illegible] ပင်စီးဆင်းနေလေသည်။ မိုးကုန်သွားသဖြင့် ရေစီးအားကမူ နှေးကွေး[illegible] သည်။ သူနှင့်ဆရာမလေး ထိုင်ခဲ့သော ဗုံလုံပင်သည် ထီးတည်းရပ်တည်နေ[illegible] သည်။

ကိုအောင်ဘန်းသည် ဆရာမလေးအား ချောင်းကလေးအနှံ့အပြ[illegible] လိုက်ရှာသော်လည်း အချည်းနှီးဖြစ်[illegible] သည်။

ချောင်းကလေးပေါ်ဝယ် [illegible] ရွှေ့မျောပါသွားသော ဗေဒါအုပ်က[illegible] ကိုကြည့်ရင်း ဆရာမလေးသည် [illegible] အုပ်နှင့်များ လိုက်ပါသွားပြီလ[illegible] အတွေးရောက်မိသည်။ ကိုအောင်[illegible]




www.burmeseclassic.com

www.burmeseclassic.com

သည် ချောင်းကလေးမှ အိမ်သို့ပြန်လာခဲ့လေသည်။ စိတ်ပျက်ညစ်ညူးနေသဖြင့် ခြေလှမ်းတို့ကနှေးကွေးလှသည်။ အတန်ကြာသော် နေရောင်ခြည်သည် မှေးမှိန်သွားသည်။


နေရောင်ခြည်မှာ မှေးမှိန်သွားသည်နှင့်အတူ တိမ်မည်းတို့က ရစ်ထွေးလာသည်။ လေက တည်းညည်းတိုက်ခတ်ရာမှ ပြင်းထန်လာသည်။ သစ်ရွက်သစ်ခက်တို့သည် လှုပ်ခတ်ရာမှကြွေကျလာသည်။

သူ၏ရှည်လျားသော ဆံပင်တို့သည် တဖားဖား လွင့်လာကြသည်။ အင်္ကျီနှင့်လုံချည်တို့သည် သူ့ကိုယ်ပေါ်တွင် ကြောက်ရွံ့စွာပြားဝပ်နေကြသည်။ လေနှင့်အတူမိုးကြွင်းသည် တစ်ပေါက်ချင်းကျလာသည်။

ကိုအောင်ဘန်းသည် ချောင်းကလေးကို ထားခဲ့ကာ ခြေကို ခပ်သွက်သွက်နှင်ခဲ့မိသည်။ ကိုအောင်ဘန်းနည်းတူ ကျေးငှက်တို့လည်း တောင်ပံသွယ်သွယ်ကာ မိမိတို့၏ သိုက်မြုံများဆီသို့ အပြန်းပြေးလွှားကြသည်။ နေရောင်ခြည် လုံးဝပျောက်ကွယ်၍ တိမ်မည်းတို့သည်ကောင်းကင်ကို ရစ်ပတ်လွှမ်းခြုံလိုက်သောအခါ မိုးစက်မိုးပေါက်တို့သည် သူ့ခန္ဓာကိုယ်အနှံ့အပြားကို ပြင်းထန်စွာ ဆောင်းထုနှိပ်စက်ကြလေတော့သည်။

◆

ကိုအောင်ဘန်းသည် ယောင်အေးပေါက်ချက်ဟစ်၍ အိပ်ရာမှလူးလဲထလိုက်သောအခါ သူ့အား စိုးရိမ်တကြီးနှင့်



မျက်တောင်မခတ် စိုက်ကြည့်နေသော ဆရာမလေးအား အိပ်ရာနံဘေးတွင် တွေ့လိုက်ရလေသည်။

"ကိုအောင်ဘန်း သတိရလာပြီနော်"

ကိုအောင်ဘန်းက ခေါင်းကို ညင်သာစွာညိတ်လိုက်သည်။ သို့ရာတွင် သူ့ဦးနှောက်နှင့် အသိဉာဏ်ကမူ ဆရာမလေးအား ခေါင်းညိတ်ပြရုံနှင့် မကျေနပ်နိုင်သေးဘဲ . . .

"ထား ကျေးဇူးကြောင့်ပါပဲ" ဟု ဆိုလိုက်သည်။

"ထားကိုပဲ ကျေးဇူးမတင်ပါနဲ့ ကိုအောင်ဘန်းရယ်၊ ဘကြီးကောင်းသာလာမပြောရင် ထား ခုလိုတောင် ပြုစုနိုင်မှာ မဟုတ်ဘူး"

ကိုအောင်ဘန်းသည် အနည်းငယ် မူးဝေလာသဖြင့် ကိုယ်တိုင်အိပ်ရာပေါ်သို့ ပြန်လှဲချလိုက်ရသည်။ ပြတင်းတံခါးကို မျှော်ကြည့်လိုက်သောအခါ နေ့ပင် အတော်မြင့်မားနေချေပြီ။

ညနေဖက်က ကိုအောင်ဘန်း ချောင်းဖျားမှာ ဆရာမလေးကိုသွားရှာပုံ၊ မိုးကြွင်းမိပုံနှင့် ချမ်းချမ်းနှင့် ခုတင်ပေါ်မှာကွေးရင်း သတိလစ်သွားပုံတို့ကို ပြောပြသောအခါ နှစ်ရက်တိတိ ကိုအောင်ဘန်း အိပ်ရာထဲမှာ အပြင်းဖျားနေပုံကို ဆရာမလေးက ပြန်ပြောပြလေသည်။

"မနေ့က ဘကြီးကောင်း ထင်းတောတက်တုန်း ကိုအောင်ဘန်းအခန်းက ညည်းသံကြားတာနဲ့ ဘာပါလိမ့်ဆိုပြီး တက်ကြည့်လို့ သိရတာ၊ ဒီအရပ်မှာ မိုးကြွင်းဟာ ကြောက်စရာ အကောင်းဆုံး အန္တရာယ်တစ်ခုပဲ ကိုအောင်ဘန်း၊ ကိုအောင်ဘန်း သိပ်ကံကောင်းတာပဲ၊ မိုးကြွင်းမိတဲ့သူဟာ အနည်းဆုံး ခုနစ်ရက်လောက်သတိလစ်နေတတ်တယ်"

"ကျွန်တော် ကံမကောင်းပါဘူး ထား၊ ထားရဲ့ကျေးဇူးတွေကို ပြန်မဆပ်နိုင်တာထက် ထားကို ထားခဲ့ရမှာကိုက ကံဆိုးနေပါတယ်"

"ဘာရယ်ရှင်"

"ကျွန်တော် တောင်ပေါ်ကို ပြန်တော့မယ် ထား"

"ရှင်"

ဆရာမလေး၏အသံက တိမ်ဝင်သွားသည်။ မျက်တောင်ကို တဖျပ်ဖျပ်ခတ်၍ မျက်လွှာကိုချလိုက်သည်။

"ထား"

"ရှင်"

"ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ဆရာမလေးက ငုံ့ထားသော ခေါင်းကို မော့လိုက်သည်။ ဆရာမလေး၏ မျက်နှာသည် ညှိုးချုံးနေရာမှ ပြန်လည်တည်ငြိမ်လာသည်။

"ခွင့်လွှတ်ပါတယ် ကိုအောင်ဘန်း၊ အကြောင်းတစ်ခုကြောင့် ထား ဒီကို ရောက်လာရသလို အကြောင်းတစ်ခုကြောင့် ကိုအောင်ဘန်း ဒီက ထွက်သွားမှာကို ထား သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ကိုအောင်ဘန်းနဲ့ ထားတို့ရဲ့ ထွက်ခွာရခြင်း အကျိုး တရားဟာ တူညီပေမယ့် ထွက်ခွာရခြင်း အကြောင်းတရားကတော့ ထားအတွက် ရှက်စရာအကောင်းဆုံးပဲ"

လေပြင်း တိုက်ခတ်နေသဖြင့် အိမ်ခေါင်မိုးမှ ဓနိရွက်များ တဖျပ်ဖျပ် လှုပ်ခတ်နေသည်။ ကိုအောင်ဘန်း၏ စိတ်တို့သည် တဖျပ်ဖျပ်လှုပ်ခတ်နေသည်။

ကိုအောင်ဘန်းသည် ဆရာမလေးကို နောက်ထပ် စိတ်သောကမပေးလိုတော့သဖြင့် ဆန္ဒကိုထိန်းချုပ်၍ ပြောလိုသော စကားများကို မျိုသိပ်ထားလိုက်သည်။ ဆရာမလေးကလည်း မျက်လွှာကိုချ၍ ခေါင်းကိုငုံ့ထားနေသည်။

အမှောင်သည် အလင်းရောင်ကို တဖြည်းဖြည်းနှင့် ဝါးမျိုစပြုလာသည်။ လေရူးသည် တောင်မြောက်ဘယ်မှာ မသိပါဘဲလျက် ဆော်ရမ်းတိုက်ခတ်နေသည်။

ဆရာမလေး ပြန်သွားသောအခါ အမှောင်သည်ပင် သန်းနေပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်ဘန်းသည် ဆရာမလေး ဖျော်ပေးခဲ့သော ဆေးနှင့် လက်ဖက်ရည် ကြမ်းတစ်ခွက်ကို သောက်ပြီးလျှင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည်။

◆

တိမ်စွယ် တိမ်တန်းတို့သည် တောင်ထွတ်များအကြားတွင် ကွေ့ပတ်ကာ တအိအိကလေး မျောနေသည်။ အဝေးတွင် အရုဏ်သည် ကျန်ခဲ့ပြီဖြစ်သည်။ ညင်းလေသည် ထိုင်းမှိုင်းနေသည်၊ နက်မှောင်သော မျက်ခုံးနှင့် တောက်ပသောကိုအောင်ဘန်း၏မျက်လုံးတို့သည် မှေးမှိန်နေသည်။ ဆံပင်ကိုမူ ဖြီးစလွယ်သာ ဖြီးသင်ထားသဖြင့် ဆံစတို့သည် နဖူးပေါ်မှာ ဝဲကျနေသည်။

ကိုအောင်ဘန်း ချောင်းဖျားသို့ ဆင်းလာသောအခါ နေပင် ထန်းတစ်ဖျားခန့် မြင့်နေချေပြီ။ ဆရာမလေးအား ဗုံလုံပင်အောက်၌ ကိုအောင်ဘန်းကို စောင့်နေသည်ကို တွေ့ရသည်။

ကိုအောင်ဘန်းသည် ဆရာမလေးအနားသို့ တိုးကပ်သွားကာ လက်နုနုလေးကို ဆုပ်ကိုင်လိုက်သည်။

"ထားအလှည့်ကျတော့မှ ထားသတ္တိကြောင်မယ်ဆိုရင် ထား တရားပါဦးမလား ကိုအောင်ဘန်းရယ်"

"ကျွန်တော်တို့ ရင်ထဲမှာတကယ်ရှိတာတွေကို မပြောကြရအောင်လား ထားရယ်"

ဆရာမလေး၏ မျက်လုံးအိမ်တွင် မျက်ရည်စတို့က ပြည့်လျှံလာကြသည်။ ဆရာမလေး၏ရှိုက်သံ ရောထွေးလာရာမှ တိမ်ဝင်သွားသည်။ ကိုအောင်ဘန်းသည် ဆရာမလေးကိုကြည့်ရင်းရင်ထဲမှာ ဆို့ကျပ်လာသည်။ လှေဆိပ်သို့ သွားချိန်တန်ပြီလည်း ဖြစ်သည်။

ကိုအောင်ဘန်းသည် ငုံ့ထားသော ဆရာမလေး၏မျက်နှာကို မေးစေ့မှမ,၍ မော့တင်လိုက်သည်။

"ငိုနေဂို့လဲ အကြောင်းမထူးပါဘူး ထားရယ်၊ အများစုဖြစ်တဲ့ ထားတို့ ရွာသူရွာသားတွေက မလိုလားသမျှတော့ ကျွန်တော် ဒီရွာမှာ နေလို့မဖြစ်နိုင်ပါဘူး"

ကိုအောင်ဘန်းသည် ဗုံလုံသီးကလေးတစ်လုံးကို ကောက်ယူပြီး ရေပြင်ပေါ်သို့ ပစ်ပေါက်လိုက်သည်။ ဗုံလုံသီးကလေး ကျသွားရာ၌ ရေပေါက်ကလေးများ စင်ထွက်၍ လှိုင်းကလေးများ ထလာသည်။ ဆရာမလေး၏ မျက်နှာသည်လည်း ပြန်၍တည်ငြိမ်ရင့်ကျက်လာသည်။ ညှိုးရိပ်မြူမင်ဟူသမျှတို့သည် တိမ်တောင်တိမ်လိပ်တို့ကဲ့သို့ပင် ပျောက်ကွယ်သွားသည်ဟု ထင်ရသည်။

"လှိုင်းဆိုတာ မတည်ငြိမ်ပါဘူး ထားရယ်၊ ဘဝဆိုတာဟာလဲ ရေစီးချောင်းကလေးပေါ်မှာ မျောပါနေတဲ့ ဗုံလုံသီးကလေးလိုပါပဲ၊ ကျွန်တော်တို့ဘဝတွေ မတည်ငြိမ်သရွေ့ ကျွန်တော်တို့ဘဝတွေ အစဉ်ရွေ့လျောနေသရွေ့ . . ."

ကိုအောင်ဘန်းက စကားကိုဖြတ်လိုက်ကာ ဆရာမလေး၏ လက်ကလေးကို ညင်သာစွာဖျစ်ညှစ်လိုက်သည်။ ထိုအခါ ဆရာမလေးသည် ကိုအောင်ဘန်း၏ လက်ထဲမှ မိမိလက်ကို ရုန်းထွက်ကာ အနောက်ဘက်သို့လှည့်၍ ထွက်ပြေးသွားလေတော့သည်။

ကိုအောင်ဘန်းသည် တလှုပ်လှုပ်နှင့် ပြေးလွှားနေသော ဆရာမလေး၏ ကိုယ်လုံးကလေး ပျောက်ကွယ်သွားသောအခါမှ လေးလံသောခြေလှမ်းများဖြင့် ဘကြီးကောင်းနှင့် လှေရှိရာတံတားဦးသို့ ထွက်ခဲ့လေသည်။

လှေငယ်သည် ရေပြင်ကိုခွဲ၍ တံတားဦးမှ ထွက်သည်မှအစ ကိုအောင်ဘန်း၏ စိတ်လိပ်ပြာသည် လီရှောအိမ်ရှိရာ နမ့်တိန်ချောင်းရေမြင့်ဆီသို့ ပျံသန်းနေချေပြီတကား။

(၁၉၆၉၊ စက်တင်ဘာ ရုပ်ရှင်အောင်လံမဂ္ဂဇင်းမှ)

❐ မောင်သာယာ

"ကိုယ့်သီအိုရီကတော့ ငါးမန်း တစ်ကောင်လို လှုပ်ရှားနေရမယ်"

ရွာကာလေ မစဲဘဲ ဖြစ်နေတဲ့ ဩဂုတ်လရဲ့ မိုးမြားတံတွေကို ခပ်စိန်းစိန်း မျက်ဝန်းဗိုင်းနဲ့ ခုခံရင်ဆိုင်နေတုန်းမှာပဲ အဲဒီစကားသံ တစ်ခွန်းက မိုး သည်းသည်းကြားကနေ ပြေးလွှား ခုန် ပေါက် ရောက်လာခဲ့တယ်။

ဟုတ်ပါရဲ့၊ ဩဂုတ်မှာ ရွာတဲ့ မိုးရေ၊ မင်းကကော ငါးမန်းတစ်ကောင် လို အမြဲတမ်းလှုပ်ရှားနေတော့မှာလား ကြည့်နေတာကြာပြီ၊ ညဦးကတည်းက မာယာပရိယာယ် အသွယ်သွယ်နဲ့ ခြေ လက်ခေါင်းခါး စည်းဝါးနရီ ပလီ လိုက်တာ ကကြိုးကဗျာ ကုဋေကုဋာ တော်တော်ကြာ ဖွဲဖွဲလေး ရွာလိုက် တော်တော်ကြာ ခပ်သည်းသည်း သွန် လိုက်၊ အိမ်ခေါင်မိုးသွပ်ပြားကို ထိန လှုပ်ခတ်နေတဲ့ မိုးပုလဲပန်းတွေရဲ့ လ သံက အကျော်အမော် စန္ဒရားပညာ တစ်ဦးရဲ့ လက်စွမ်းပြ စန္ဒရားလက် လို အဖိ၊ အဖော့၊ အကြမ်း၊ အနု ပြ တိုင်း ပြုနေလိုက်တာအခု နေထွ တပြူတိုင်ပါရော အတောမသတ်နိုင် သေးဘူး။

ဆယ်စုနှစ် သုံးစုနီးပါး ဗေဒါ အံကိုခဲပြီး ရုန်းကန်ဖြတ်သန်းလာ ကိုယ်တို့ နေထိုင်ပျော်မွေ့ရာ မြို့သ မဟာကြီးရဲ့ တစ်ခုသော ရပ်ကွက် ကတော့ ငါးမန်းတစ်ကောင်လို လှုပ် နေတဲ့ ဩဂုတ်မိုးရဲ့ ပြီးမာန်ဖွဲ့မှုအော မှာ ချောက်ချားတုန်လှုပ်စွာ ငြိမ်ကုပ် တော့တာပဲ။ ဒီနေရာမှာ စကားမ ပြောရဦးတော့မယ်။

မန်ယူရဲ့ မဟာသက်တော် နည်းပြကြီး ဖာဂူဆန်က ၁၃လုံးမြော ပရီးမီးယားလိဂ် ဖလားကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်လန်းငြိမ်းချမ်းပါစေ
ချစ်သောရှစ်ကလေးရေ

ထပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၃)

www.burmeseclassic.com

www.burmeseclassic.com

မြောက်ပြီး-အောင်ပွဲနဲ့ အတူ အိုးထရက် ဖွိဒ်ကွင်းမှာ နှုတ်ဆက်နေတဲ့အချိန်။

၁၅၀၀ ကျပ်တန် Sim Card တွေ မြန်မာပြည်တစ်ဝန်း ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးနေတဲ့အချိန်။

မန္တလေး၊ မုံရွာစတဲ့ မြန်မာပြည် အထက်ပိုင်းတွေနဲ့ မြန်မာပြည် အလယ်ပိုင်း ပြည်မြို့မှာ လေပြင်းမုန်တိုင်းတွေ တဝုန်းဝုန်းနဲ့ လေနတ်မင်းကြီး အစွမ်းပြနေချိန်။ ဒုတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ် ကင်းရှင်းရေး လှုပ်ရှားမှုကြီးရဲ့ ကြွေးကြော်သံဖြစ်တဲ့ 'Road Safety is no Accidents' (စုပေါင်းကာကွယ် လမ်းအန္တရာယ် ထိခိုက်မှုမှကင်းစေမယ်)၊ 'Pedestrian Safety' (ခြေကျင်လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး)အသံတွေ အုန်းအုန်းထနေတဲ့ အချိန်။

မေလ ဒုတိယပတ်ထဲ ရောက်လာပေမယ့် မဟာရန်ကုန်ကတော့ ရန်ကုန်ကို တည်ထောင်သူ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျထုံးနှလုံးမူပြီး ခပ်တည်တည်ပါပဲ။ ဆိုခဲ့ပြီးတဲ့ ထိုထိုဤဤ အလီလီသော ကြောင်းရာ ချင်းတတွေကို ခပ်မဆိတ် ရှုစားရင်း နှုတ်ခမ်းမွေး သပ်နေဆဲ။

"မိုးသံလေသံ ကြားပြန်တော့" ဆိုတာက သီချင်းထဲမှာ အိပ်ပျော်နေတုန်း။ ညည်းညူမြည်တမ်းတဲ့ အရာကိစ္စမှာ အလွန်ဝါသနာကြီးပုံရတဲ့(အားလုံး မဟုတ်ပါ) ရန်ကုန်သူ၊ ရန်ကုန်သားတွေရဲ့ နှုတ်ဖျားမှာတော့ . . .

"ပူလိုက်တာနော်၊ ဖျပ်ဖျပ်လူးနေပြီ"တို့၊ "ဒီမိုးကလဲ ခုထက်ထိ မရွာသေးဘူး"တို့၊ "မိုးကဘယ်ရွာနိုင်မလဲ၊ သဘာဝဂေဟာစနစ်တွေက ရစရာ မရှိအောင် ပျက်စီးနေမှာပဲ" တို့၊ တချို့ကလည်း (ဘာမဆိုင်၊ ညာမဆိုင် အသားလွတ်ကြီးဗျာ) "ဘာ အခုမှ ကြောက်ပါပြီလဲ၊ မင်းတို့ ရန်ကုန်သားတွေ စော်ကားတုန်းကတော့ စော်ကားပြီး၊ ပြာမဖြစ်ကုန်တာဘဲ ကျေးဇူးတင်"တို့၊ အိုး . . . စုံလို့၊ စုံလို့။ ရန်ကုန်ရဲ့ နွေညည်းချင်း ဆိုပါတော့။ အဲဒီမှာ အသက်ခြောက်ဆယ်လောက်ရှိတဲ့ အမျိုးသမီးကြီး တစ်ယောက်က . . .

"ဟဲ့ ဟဲ့၊ နင်တို့က မိုးကို အတင်းရွာခိုင်းမနေနဲ့ဦး၊ တိုက်ကြီး တာကြီး နန်းတော်ကြီးတွေနဲ့ နေတဲ့လူ တွေက မိုးရွာရင် ဗိမ်နဲ့ နှပ်နေလို့ရတယ်၊ ငါတို့လို တဲစုတ်သမားတွေက မိုးရွာရင်ငုတ်တုတ်မေ့နေရှာ"တဲ့။

ဩော် . . ဩဂုတ်မှာ ရွာတဲ့မိုးရေ၊ အခုဆိုရင် အဲဒီအမျိုးသမီးကြီးလို တဲစုတ်နန်းတော်ထဲက ဘဝသမားတွေ အဘယ်သို့များ ရှိပါလေစ။

ကိုယ်တို့ ငယ်ငယ် ကလေးဘဝ တုန်းကတော့ . . .

*မိုးရွာရင် မိုးရေချိုးမယ်၊*
*မေမေလာရင် နို့စို့မယ်၊*
*ဖေဖေလာရင်၊*
*အုန်းသီး ခွဲစားမယ် . .* လို့

မိုးပေါက်တွေကြား ပြေးလွှားရင်း ပျော်ရွှင်မြူးထူး အော်ဟစ်သီဆိုခဲ့ကြတာလေ။ အခုတော့ လောကီထုပ္ပတ်လူတို့ဇာတ်မှာ ဖြတ်သန်းတိုးတိုက်ရတာတွေက "သုမနကျောမှာ ဒဏ်ရာတွေနဲ့" မို့ အဲဒီငယ်ဘဝ မိုးသီချင်းလေးကို မဆိုဝံ့ဝံ့ ဆိုဝံ့ဝံ့ ဖြတ်ခဲ့ရပြီလေ။

ဩော်, ဩဂုတ်မှာ ရွာတဲ့မိုးရေ။ နောက်ထပ် ကိုယ်တို့ငယ်ဘဝမှာ လှိုက်လှိုက်လှဲလှဲ အသည်းစွဲအောင် သီဆိုခဲ့ကြတဲ့ မိုးသီချင်းလေးတစ်ပုဒ် ရှိသေးတယ်။

"ဝါဆို ဝါခေါင် ရေတွေကြီးလို့
သပြေသီးမှည့် ကောက်စို့ကွယ်၊
ခရာဆူးချုံ ဟိုအထဲက
မျှော့နက်မည်းကြီး တွယ်လိမ့်မယ်၊
မျှော့နက်ဆိုတာ ချို့နဲ့လားကွဲ့.
မြွေနဂါးတောင် ကြောက်ဘူးကွယ်၊
မောင်လည်း ကြောက်ပေါင်
အတူသွားစို့ အုန်းလက်နွှားလေး
ထားခဲ့မယ်၊
သွားမယ် . . . သွားမယ်"

အပူအပင် ကင်းမဲ့တဲ့ ကလေးလေးတွေဘဝမှာ အဲဒီလို သီဆိုခဲ့ရတာဟာ သိပ်အရသာရှိတာပဲနော်။ မမေ့ရက်နိုင်စရာပါပဲ။

အဲဒီ ငယ်ဘဝလေးတွေကို နောက်ထပ်တစ်ဖန် ပြန်လည်ရယူခွင့်များရှိရင် လက်မနှေးစတမ်း ရယူလိုက်ချင်စမ်းပါဘိ။

ဒါပေမယ့် ဘဝဆိုတဲ့ အုန်းလက်နွှားကို ဒုန်းစိုင်းပြီး ခရီးပြင်းနှင်ခဲ့ကြတဲ့ ကိုယ်တို့တွေဟာ သံသရာအစွန်းတစ်ဖက်ရဲ့ မိုးကုပ်စက်ဝိုင်းကိုတောင်မှ ခပ်ရေးရေး လှမ်းမြင်နေရပြီ မဟုတ်လား။

ဒီတော့ နောက်ထပ်တစ်ဖန် ပြန်လည်မွေးဖွားခွင့်ဟာ သံသရာ ဟိုတစ်ဖက်ကို ရောက်မှပဲ ဖြစ်နိုင်တော့မှာလေ။

အင်း, အုန်းလက်နွှားလေးဆိုလို့ သတိရမိသေးတော့တယ်။ ကိုယ်တို့ ငယ်ငယ်တုန်းက အုန်းလက်အရင်းပိုင်းကိုဖြတ်ပြီး နွှားအမှတ်နဲ့၊ မြင်းအမှတ်နဲ့ စီးနင်း ဆော့ကစားခဲ့ကြတာပေါ့။

အထူးသဖြင့် အခုလို မိုးတွေ အုန်းအုန်းအင်းအင်း ရွာနေတဲ့အခါ တွေမှာပေါ့။ ခွစီးထားတဲ့ အုန်းလက်နွှားကို နှင်တံနဲ့ ခပ်နာနာရိုက်ပြီး 'ဟဲ့နွှားပြေးစမ်း'လို့ ကြိမ်းမောင်းရင်း မိုးရွာထဲမှာ တရကြမ်း ပြေးတော့တာလေ။

အဲဒီအခါ 'ငါ့နွှားက အပြေးသန်တယ်'၊ 'သူ့မြင်းက အပြေးသန်တယ်' နဲ့ ပြိုင်ဆိုင်ကြိမ်းမောင်းပြီး ကိုယ့်ကိုယ်ကိုယ် သူရဲကောင်းကြီးတွေလို ဝင့်ဝါမော်ကြွားခဲ့ကြရတာဟာ အားရစရာပါ။

တကယ်တမ်းမှာ ခုနေခါ ပြန်စဉ်းစားကြည့်လိုက်တော့ အဲဒီ 'အုန်းလက်နွှား'တို့၊ 'အုန်းလက်မြင်း' တို့က ပြေးတာမှ မဟုတ်တာ၊ ကိုယ်ကိုယ်တိုင် ပြေးခဲ့ရတာပဲ။ နာနာရိုက်ပြီး နာနာပြေးခိုင်းလေ ကိုယ်က နာနာပြေးရလေ၊ နာနာမောလေ။

ဘဝဆိုတာကလည်း အုန်းလက်နွှား စီးရသလိုပါပဲ။ နာနာရိုက်လေ၊



www.burmeseclassic.com

www.burmeseclassic.com

နာနာပြေးလေ၊ နာနာမောလေ။ နောက်ဆုံးကျ ကိုယ်တက်စီးနေတဲ့ နွားတို့ မြင်းတို့ဆိုတာလည်း အစစ် အမှန်တွေ မဟုတ်၊ အတုအယောင် ထင်ယောင်ဝိုးဝါးတွေမျှသာပဲ။ သံသရာတစ်ခွင်ကျင်လည်ရာမှာ အုန်းလက်နွားတွေ၊ အုန်းလက်မြင်းတွေ တက်စီးခဲ့ရတာ မရေမတွက်နိုင်တော့။ နောက်လည်း ဘယ်နှကောင်တက်စီးရဦးမလဲ မသိ။

ဩော်- ဩဂုတ်မှာ ရွာတဲ့မိုးရေမင်းကလည်း မတိတ်နိုင်၊ မစဲနိုင်။ ကိုယ်ကလည်း တောတွေး တောင်တွေးနဲ့ မပြီးနိုင်၊ မစီးနိုင်။ ဟုတ်ပဲ ဟုတ်သေးတော့၊ တကယ်ဆိုရင် အချိန်ကန့်သတ်ချက်ဆိုတာ ရှိသင့်တာပေါ့။ ဆိုပါတော့ နံနက် ၉နာရီ မှ ညနေ ၅နာရီအထိ ဆိုတာမျိုး။ ခက်တာက မိုးဆိုတာက လည်း အဲဒီလို ကန့်သတ်လို့ ရတာမျိုး မဟုတ်။ ကြည့်လေ၊ 'နွားသိုးနဲ့မိုး အစိုးမရ'တဲ့။ ဒါဆိုရင် အတွေးကရောတဲ့၊ ပိုတောင်ဆိုးသေးရဲ့လို့ ပြောရတော့မယ်။ တွေးကောင်းကောင်းနဲ့ တွေးနေတုန်းသာ အတွေးရေလျဉ်ကြောတို့ ဘာတို့ ခပ်ကြွားကြွားလေးလုပ်ကြတာ၊တောကတွေးလည်းမရ၊ တောင်ကတွေးလည်း ရေနဲ့ အတွေးကျိန်စာသင့်နေတဲ့ အခါတွေများဆိုရင် စကြဝဠာတိုက် တစ်သောင်း အမိုက်မှောင်ကြီး ဖုံးနေသလား အောက်မေ့ရတယ်။

အဲဒီလို အခါမျိုးမှာ အတွေးဆရာကြီးများ စိတ်ထွက်ပေါက်ရှာကြတော့တာပဲ။ တချို့ ဆရာကြီးတွေက ...ဘာ၊ မန္တန် တစ်ခုခုကို ရွတ်နေလိုက်တယ်။ ဆရာကြီးတစ်ယောက်ကတော့ ...ရာအိုကေဖွင့်ပြီး သီချင်းတွေ ဆိုတော့တာပဲတဲ့။ တချို့ကျတော့လည်း ...တ်ဖက်ရည်ဆိုင်ယဉ်ကျေးမှုမှာ လက်...တ်ရည်သောက်ခြင်း အနုပညာကို ...န်တီးကြသတဲ့။ အာနာပါနရှုမှတ်ခြင်း ...ဖြင့် စိတ်ထွက်ပေါက်ရှာသူ ဆရာကြီးတွေကတော့ အားကျလေးစားလောက်...ပေတယ်။

တချို့ကျတော့လည်း ထွက်ပေါက်ရှာ မှားသွားလိုက်တာ ချာချာကို လည်သွားတာပဲ။ ဟိုဟာလုပ်၊ ဒီဟာလုပ်နဲ့ ထွက်ပေါက်ရှာရင်း နောက်ဆုံးတော့ ထွက်ပေါက်ပိတ်သွားတော့တာပဲ။ ထားတော့၊ ဆိုလိုချင်တာက မိုးဆိုတာ ရွာချင်တိုင်းမရွာဘူး။ အတွေးဆိုတာလည်း တွေးချင်တိုင်း မတွေးဘူး။ အခုတော့ မိုးကလည်း ရွာချင်လို့ ရွာနေတယ်။ အတွေးကလည်း တွေးချင်လို့ တွေးနေတယ်။ ဘယ်လောက် သဟဇာတ ဖြစ်လိုက်ပါသလဲ။ ဘုန်းကြီးရှူးနဲ့ လှေလူးတော့ တွေ့ကြပြီပေါ့လေလို့ အငေါ်တူးချင်သပဆိုရင်လည်း တူးကြပေရော့။

ထိုသို့ တူးချင်သူများ တူးကြပြီးပြီဆိုရင် ဩဂုတ်လရဲ့ ထူးခြားချက်တစ်ခုကို ပြောပြချင်ပါတယ်။ တခြားတော့မဟုတ်ပါဘူး။ မြန်မာပြည်တစ်ဝန်းတစ်လျား၊ ကမ္ဘာ့နိုင်ငံ အနှံ့အပြားလှုပ်ခတ်တုန်ဟည်းသွားတဲ့ "၈၈၈၈" ဆိုတဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီး ပါပဲ။

ရှစ်လေးလုံး အရေးတော်ပုံကြီး ဆိုတာဘာလဲ။ ရှစ်လေးလုံး အရေးတော်ပုံကြီး ဘာကြောင့် ပေါက်ကွဲခဲ့ရသလဲ။

ရှစ်လေးလုံး အရေးတော်ပုံရဲ့ နောက်ဆက်တွဲ အကျိုးရလဒ်တွေက ဘာလဲ။

အဲဒီ အမေး သုံးချက်ပေါ်မှာ အခြေတည်ပြီး ပြောကြတာပေါ့။ အဲဒီတော့ ပထမမေးခွန်းကို အဖြေရှာကြည့်တဲ့အခါ ရှစ်လေးလုံး အရေးတော်ပုံဆိုတာ ဒီမိုကရေစီ အရေးတော်ပုံပါပဲ။

တိုင်းပြည်အတွက် ဒီမိုကရေစီစနစ်ကို တောင်းဆိုတဲ့ ပြည်သူ့ဆန္ဒဖော်ထုတ်တဲ့ အရေးတော်ပုံပေါ့။

ဒါဆိုရင် အဲဒီ ကာလတုန်းက မြန်မာပြည်နိုင်ငံတော်မှာ ဒီမိုကရေစီ ဆိတ်သုဉ်းနေလို့လား။မဆိတ်သုဉ်းပါဘူး။

ဒါဖြင့် ဘာကြောင့် ဒီမိုကရေစီကို တောင်းဆိုကြတာလဲ။

ဒီလိုပါ၊ ဒီမိုကရေစီ ဆိုတာက နှစ်မျိုး ရှိပါတယ်။ တစ်ပါတီ ဒီမိုကရေစီနဲ့ ပါတီစုံ ဒီမိုကရေစီ။

အဲဒီတုန်းက မြန်မာနိုင်ငံကျင့်သုံးနေတဲ့ ဒီမိုကရေစီစနစ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) တစ်ခုတည်းအတွက် ကျင့်သုံးနေတဲ့ တစ်ပါတီ ဒီမိုကရေစီ ဖြစ်ပါတယ်။

တကယ်တော့ 'ဒီမို'(demo)ရဲ့ အဓိပ္ပာယ်က 'ပြည်သူလူထု'လို့ ရပါတယ်။ 'ကရေစီ'(cracy) ရဲ့ အဓိပ္ပာယ်က'အာဏာ'လို့ ရပါတယ်။'ဒီမိုကရေစီ' (democracy) ဆိုတာ'ပြည်သူ့အာဏာ' ပါပဲ။ ပြည်သူ့အာဏာကို 'ငါ့အာဏာ' လုပ်လာတဲ့အခါ အာဏာရှင် အစစ်အမှန်ဖြစ်တဲ့ ပြည်သူလူထုက မကျေနပ်တော့ပါဘူး။ တစ်ပါတီ ဒီမိုကရေစီ ဖြစ်ဖြစ်၊ ပါတီစုံ ဒီမိုကရေစီ ဖြစ်ဖြစ် ပြည်သူ့ကိုယ်စားလှယ် နိုင်ငံ့ဝန်ထမ်းတွေဟာ ကိုယ်ကျင့်တရား သန့်သန့်စင်စင်နဲ့ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်မှုဟာ အဓိက အခရာပါပဲ။

ပြည်သူ့ကိုယ်စားလှယ် နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံတော် အကျိုးစီးပွားကို မျက်ကွယ်ပြုပြီး ခြစားလာကြမယ် ဆိုရင်တော့ မူလအာဏာရှင် ပြည်သူလူထုဟာ လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး။ စွမ်းနိုင်ရာ နည်းလမ်းပေါင်းစုံနဲ့ အုံကြွတော်လှန်ကြတာ သဘာဝပါပဲ။ ဒီသဘာဝဟာ မြန်မာပြည်သူလူထုမှာသာ ကိန်းအောင်းနေတဲ့ သဘာဝ မဟုတ်မှုဘဲ မည်သည့်ပြည်သူလူထုမှာမဆို ကိန်းအောင်းနေတဲ့ မွေးရာပါ ဗီဇသတ္တိမျိုးပဲ ဖြစ်ပါတယ်။

မြန်မာတွေဟာ အဲဒီမွေးရာပါ ဗီဇသတ္တိ စွမ်းပကားနဲ့ နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြတယ်၊ ဖက်ဆစ်ဂျပန်ကို ချေမှုန်းခဲ့ကြတယ်။ မြန်မာတွေမှာ 'ဖိရင်ကြွ၊ ထိရင်ချ'ဆိုတဲ့ မွေးရာပါ ဗီဇသတ္တိသာ ဆိတ်သုဉ်းနေခဲ့ရင် ဒီနေ့ မြန်မာပြည်ဟာ သူ့ကျွန်ဘဝမှာပဲ ငရဲသစ်ငုတ်နစ်မြုပ်နေဦးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီတော့ မြန်မာ့နိုင်ငံရေး ခရီးကြမ်းကို မြေကြောရှုံ့လိုက်ရင် မာယာတစ်သိန်း၊ အပလိန်းအနန္တ၊ အမှားတော်ပုံတွေအနန္တနဲ့ ရစရာမရှိအောင် ခြစားထားတဲ့ နိုင်ငံတော်အဆောက်အအုံကြီးဟာ ဒီမိုကရေစီတောင်းဆိုသံ လှိုင်းတံပိုးကြားမှာ ဖရိုဖရဲ ပြိုကွဲသွားခဲ့ရပါတယ်။

သူ့ကျွန်ဘဝကနေ လုံးဝလွတ်လပ်ရေးရရှိပြီး မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ချီတက်လာခဲ့တဲ့ နှစ်ပေါင်း လေးဆယ်ပြည့် အခါသမယမှာပဲ အဲဒီလို ပြိုလဲဖရိုဖရဲ ဖြစ်ခဲ့ရတာပါ။ အခုလို ပြောခဲ့တဲ့ ဖြစ်စဉ်အတွက် ခိုင်လုံတဲ့ သက်သေအထောက်အထားအဖြစ် 'နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ်ပြခန်းမှာ တင်ပြချက်များ' စာအုပ်၊ စာမျက်နှာ ၂၁၈ မှာ အခုလို တင်ပြထားပါတယ်။

**'၁၉၈၈/၈၉ ခုနှစ် မြန်မာ့စီးပွားရေး အခြေအနေအကျဉ်း**

အဓိက စီးပွားရေး လမ်းညွှန်ကိန်းများဖြင့် ဖော်ပြရလျှင် စီးပွားရေး ညွှန်းကိန်းများအားလုံးသည် ၁၉၈၈/၈၉ ခုနှစ်အထိ အနုတ်လက္ခဏာချည်း ပြနေခဲ့ရုံမက ပမာဏအားဖြင့်လည်း ကြီးမားသော ဆုတ်ယုတ်မှုနှုန်းများ ဖြစ်နေကြောင်း ဇယား(၁)နှင့် (၂)တို့အရ ထင်ရှားစွာ တွေ့ရမည် ဖြစ်ပါသည်။

ကုန်ပစ္စည်းထုတ်လုပ်မှု တန်ဖိုးစုစုပေါင်းသည် ၁၉၈၈/၈၉ ခုနှစ်တွင် (-)၁၃. ၃ ရာခိုင်နှုန်းဖြင့် ဆုတ်ယုတ်ကျဆင်းနေခဲ့ပြီး ကုန်ထုတ်လုပ်မှု ကဏ္ဍအသီးသီး၏ ဆုတ်ယုတ်ကျဆင်းမှုနှုန်းများမှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် (-)၁၃. ၂ ရာခိုင်နှုန်း ၊သားငါးကဏ္ဍတွင်(-) ၁၀. ၅ ရာခိုင်နှုန်း၊ သတ္တုတွင်းကဏ္ဍတွင်(-) ၂၀. ၁ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍတွင်(-) ၁၅. ၉ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍတွင်(-) ၂၃. ၄ ရာခိုင်နှုန်း အသီးသီးရှိခဲ့ကြောင်း တွေ့ရသည်။

ဝန်ဆောင်မှုတန်ဖိုးသည် ၁၉၈၈/၈၉ ခုနှစ်တွင်(-)၃. ၃ ရာခိုင်နှုန်းဖြင့် ကျဆင်းနေချိန်တွင် ကုန်သွယ်မှုတန်ဖိုးသည် (-)၁၂ ရာခိုင်နှုန်းဖြင့် ဆုတ်ယုတ်နေခဲ့သည်။ သို့ဖြစ်၍ တစ်နိုင်ငံလုံး၏ အသားတင်ကုန်ထုတ်တန်ဖိုးသည်၁၉၈၈/၈၉ ခုနှစ်တွင် (-) ၁၁. ၄ ရာခိုင်နှုန်းဖြင့် ဆုတ်ယုတ်နေခဲ့ပါသည်။ ဇယား(၁)။

အလားတူပင် သွင်းကုန်သည် ပို့ကုန်ထက် ကျပ်သန်းပေါင်း ၁၂၇၄. ၁ ပိုနေခဲ့ပါသည်။ တစ်နည်းအားဖြင့် ကုန်သွယ်မှု လက်ကျန်တွင် လိုငွေ(-) ၁၂၇၄. ၁ သန်း ပြနေခဲ့ပါသည်။

ယင်းကုန်သွယ်မှု လက်ကျန်တွင် အနုတ်လက္ခဏာ ပြနေခဲ့သည်။ တန်ဖိုးသည် ပြည်တွင်းထုတ်ကုန်တန်ဖိုး စုစုပေါင်း၏ ၂. ၇ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ဇယား(၂)။ ပို့ကုန်အမျိုးအစား အားလုံး၏ တန်ဖိုးများလည်း ကျဆင်းနေခဲ့ပြီး ၁၉၈၈/၈၉ခုနှစ်တွင် စုစုပေါင်း ပို့ကုန်တန်ဖိုးသည် ပြည်တွင်းထုတ်ကုန် စုစုပေါင်းတန်ဖိုး၏ ၄. ၆၅ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ မြန်မာ့စီးပွားရေးသည် အထူးသဖြင့် ၁၉၈၂/၈၃ မှစ၍ လျင်မြန်သောနှုန်းဖြင့် ဆုတ်ယုတ် ကျဆင်းလာခဲ့ရာမှ ၁၉၈၇ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံ အဆင့်အတန်းမှ 'ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ' အဆင့်အတန်းသို့ သက်ဆင်းခဲ့ရသည်။

ယင်း၏ အကျိုးဆက်မှာ လူမှုရေး၊ နိုင်ငံရေး မငြိမ်သက်မှုများ ပိုမိုပြင်းထန်လာခြင်းမှ တစ်ဆင့် စီးပွားရေး တည်ငြိမ်မှု လုံးဝပျက်ပြားသွားခြင်းဖြစ်သည်။ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး မတည်ငြိမ်မှုများသည် ၁၉၈၈/၈၉ ခုနှစ်တွင် အထွတ်အထိပ်သို့ ရောက်ရှိခဲ့ပြီး စီးပွားရေးလုပ်ဆောင်မှုအားလုံး ရပ်ဆိုင်းသွားခဲ့သောကြောင့် ၁၉၈၈/၈၉ခုနှစ် မြန်မာ့စီးပွားရေးအခြေအနေမှာ ခေတ်သစ် မြန်မာ့စီးပွားရေးသမိုင်းတွင် အဆိုးရွားဆုံး ဖြစ်ခဲ့ပါသည်။

အဲဒီလို အဆိုးရွားဆုံး အခြေအနေတွေ ဝိုင်းဝန်းပိတ်ဆို့လာတဲ့အခါ မြန်မာလူထုဟာ မျက်စိသငယ်၊ နားသငယ်နဲ့ မျက်နှာလေးတွေ ဆီးရွက်လောက်ပဲ ရှိခဲ့ကြတာလည်း အမှန်ပါ။

ဒီနေရာမှာ ကိုယ်တိုင် သိမြင်ခံစားခဲ့ရတဲ့ ရင်တွင်းဖြစ် စကားလေးတွေကိုလည်း ပြောပြချင်ပါတယ်။

ဒီလိုပါ၊ မြန်မာလူထုဟာ အဲဒီလို မွန်းကျပ်နေပေမယ့် ကိုယ့်နိုင်ငံအကြီးအကဲတွေ အပေါ်မှာ ဘယ်လိုမှ အငြိုးအာဃာတ မထားခဲ့ကြရှာပါဘူး။ သမဝါယမဆိုင်က ခွဲတမ်းနဲ့ ရောင်းချပေးတဲ့ ပိုးထိုးမှိုတက် ဆည့်မထဆန်ကို ကျေကျေနပ်နပ် စားခဲ့ကြတယ်။

ကံကောင်းထောက်မ မဲပေါက်လို့ ဝယ်ယူခွင့်ရတဲ့ တက်ထရွန်ပိတ်စလေးကို နှစ်နှစ်သက်သက် ဝတ်ဆင်ခဲ့ကြပါတယ်။ ခနီမိုး၊ ထရံကာ တဲစုတ်လေးတွေမှာ ချမ်းချမ်းမြေ့မြေ့ နေထိုင်ခဲ့ကြပါတယ်။

အခြေခံလူတန်းစား အများစုကြီးဟာ 'လူ့ဘုံခန်းဝါ၊ လူ့ပြည်ရွာမှာ ဝမ်းစာခဲခက်၊ မုရင်းထမင်း၊ ချဉ်ပေါင်ဟင်းနှင့် ဆန်တွင်းကနက်လွန်း' လှပေမယ့် ဘေးကျားနဲ့ တောင်ပျံ ပေါင်းလန်အောင် ပွဲတော်တည်နေသူတွေအပေါ်မှာ မငြိုငြင်ခဲ့ကြပါဘူး။

'ခါးစည်းဝတ်လဲ၊ ချုပ်စပြကို ထဲအပ်နှင့်တွယ်၊ လူမြင်သမျှ၊ စိတ်ဖျက်အောင်လှနေကြပေမယ့် အသစ်အဆန်းမှန်သမျှ ခါးပေါ်ကမချစတမ်း ဝတ်နေသူတွေကို မနာလို တိုရှည် မဖြစ်ခဲ့ကြပါဘူး။

'အကာဆူးခက်၊ အင်ဖက်အမိုးကျူရိုးတိုင်တူ၊ နေပူကျဲကျဲ၊ ဝက်သိုက်တဲတွင်၊ အုတ်ခဲခေါင်းအုံး၊ အိုးတစ်လုံးဖျာမရှိ၊ ဘုမ္မိကမ္ဗလာ၊ မြေမွေ့ရာနှင့် ချူချာတော်မူ'ကြပေမယ့် ရွှေနန်းထက် စံနေသူတွေအပေါ် မတော်မတရားစိတ် မမွေးခဲ့ကြပါဘူး။

ဒါဟာ အခြေခံ လူတန်းစား လယ်သမား၊အလုပ်သမားတွေရဲ့ပကတိ ရိုးသားဖြူစင်မှုပါပဲ။

အများစုက ဗုဒ္ဓတရားတော် အဆုံးအမအောက်မှာ နေထိုင်ကြီးပြင်





www.burmeseclassic.com

www.burmeseclassic.com

ာခဲ့ကြသူတွေမို့ မနာလိုခြင်း၊ ဝန်တိုခြင်း အဘိဇ္ဈာ၊ ဗျာပါဒတရား နည်းပါးခဲ့ကြတာလည်း မွေးရာပါအရည်အချင်းတစ်ရပ်လို့ ပြောရမှာပါ။

အဲဒီမှာ ဘာကြောင့်မှန်းတော့ မပြောတတ်ပါဘူး၊ အဲဒီကာလ နိုင်ငံတော်အကြီးအကဲတွေဟာ လူများစု ဖြစ်ပြီး ရိုးသားဖြူစင်တဲ့လယ်သမား၊ အလုပ်သမား လူတန်းစားရဲ့ စား၊ဝတ်၊ နေရေးကိစ္စတွေကို 'ကြည့်လုပ်ပေးလိုက်ပါကွာ' ဆိုတာလောက်နဲ့ပဲ မျက်နှာလွှဲ ခဲပစ်လုပ်ခဲ့ကြပါတယ်။

၁၉၆၃၊ ဒီဇင်ဘာလ ၃၀ရက်နေ့မှ ၁၉၆၄၊ ဇန်နဝါရီလ ၂ရက်နေ့အထိ ကျင်းပခဲ့တဲ့ ပုပ္ပားဆွေးနွေးပွဲ၊ တောင်ငူခရိုင်ခပေါင်းကျေးရွာမှာကျင်းပခဲ့တဲ့ တောင်သူလယ်သမား နှီးနှော လှယ်ပွဲ၊ ဒူးယားဆွေးနွေးပွဲ၊ ချောက်မြို့ဆွေးနွေးပွဲစတဲ့ ဆွေးနွေးပွဲကြီးတွေမှာ တစ်ခဲနက် အတည်ပြု ပြဋ္ဌာန်းပေးခဲ့တဲ့ လယ်သမား၊ အလုပ်သမား အကျိုးခံစားခွင့်တွေဟာလည်း ကြွေးကြော်သံတွေ သေထဲမှာ လွင့်ပျံပျောက်ကွယ်သွားတာနဲ့အတူ ရေစုန်မျှောခဲ့ရတဲ့ အဖြစ်တွေကို နိုင်ငံတော်အကြီး အကဲများ မျက်စိလျှမ်းခဲ့ကြတာ ရင်နာစရာပါ။

ဒါပေမယ့် ခန္တီစ သည်းခံရခြင်းသည် မင်္ဂလာတစ်ပါးလို့ ခံယူစွဲမြဲခဲ့တဲ့ မြန်မာလူထုဟာ သုမနကျောမှာ ဒဏ်ရာတွေကြားထဲက ဘုရင်ကတော် ဖြစ်မယ့်နေ့ကို မျှော်လင့်ကြီးစွာ မျှော်မောနေခဲ့ကြတာပါ။

ဒီလိုအချိန်မှာပဲ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီရဲ့ နောက်ဆုံးအစည်းအဝေးလို့ ခေါ်တွင်စရာ ဖြစ်လာမယ့် အစည်းအဝေးကြီးမှာ ပါတီဥက္ကဋ္ဌကြီးက မိန့်ခွန်းပြောမယ် ဆိုပြန်တော့ မျှော်မောနေတဲ့ ပြည်သူတွေဟာ အားကိုးတကြီး မျှော်လင့်ခဲ့ကြတာလည်း အမှန်ပါ။

ပြည်သူတွေအတွက် ရေကြည်တစ်ပေါက် သောက်ရဖို့အရေး ဘာတွေများ အာမခံချက် ပေးမလဲပေါ့။ ကျောင်းသား၊ ရင်သား ပြည်သူများအတွက် မည်သို့-မည်ပုံ နွေးထွေးမှုတွေနဲ့ လုံခြုံစေမလဲပေါ့။ အဲဒီတုန်းက ရုပ်မြင်သံကြား ဆိုတာကလည်း 'မိုးကျရွှေကိုယ်'။

အဲဒီတော့ ရေဒီယိုနဲ့တင် အားမရနိုင်တဲ့ လူတွေဟာ ရုပ်မြင်သံကြားရှိတဲ့အိမ်မှာ သွားရောက် စုဝေးကြတာ ပွဲတော်ကြီးတမျှပါပဲ။ ဥက္ကဋ္ဌကြီးက ငါတို့အတွက် ဘာတွေပြောမလဲ အားခဲချီတက်သွားလိုက်ကြတာ မျှော်လင့်ချက်တွေနဲ့ တက်ကြွနေကြလေရဲ့။

အမှတ်မမှားဘူး ဆိုရင်တော့ နောက်တစ်ရက်မှာပဲ ရန်ကုန်၊ မန္တလေးစတဲ့ မြို့ကြီးများအပါအဝင် မြန်မာပြည်အနှံ့အပြားမှာ လူထုဆန္ဒပြပွဲကြီးတွေ တစ်ခဲနက် အုံကြွ ပေါက်ကွဲခဲ့ပါတော့တယ်။

နိုင်ငံတော်သမ္မတ တာဝန်ကို ဦးစိန်လွင်၊ ဦးမောင်မောင်တို့က လက်ဆင့်ကမ်း သယ်ဆောင်လာကြပြီးအရေးအခင်းကာလ တစ်လကျော်ကျော် လွန်မြောက်လာတဲ့ (၁၈. ၉. ၁၉၈၈) မှာတော့ တပ်မတော်က နိုင်ငံတော်ရဲ့ အာဏာအရပ်ရပ်ကို တာဝန်ယူလိုက်ခြင်းအားဖြင့် အရေးအခင်းကာလကြီး ပြီးဆုံးသွားခဲ့တယ်။

အခု ပြောခဲ့တာတွေကတော့ 'ရှစ် လေးလုံး အရေးတော်ပုံဆိုတာ ဘာလဲ' ဆိုတဲ့ မေးခွန်းတွေအတွက် အဖြေအကျဉ်းချုပ်ပါပဲ။

ယနေ့ အသက် (၃၀)အရွယ် လူလတ်ပိုင်း တစ်ယောက်ဟာ အဲဒီအချိန်တုန်းက (၅) နှစ်သား အရွယ်လောက် ရှိဦးမှာမို့ ဝိုးတိုးဝါးတားပေါ့။ (၂၅)နှစ်သား အရွယ်ဆိုရင်တော့ မွေးကင်းစလေး ရှိဦးမယ်။

မိမိက အဲဒီအချိန်မှာ အသက် (၃၀)ကျော်ဆိုတော့ ကြားရသမျှ၊ မြင်ရသမျှတွေဟာ အသည်းထဲမှာ စွဲနစ်နေတာပေါ့။ အဲဒီကာလ အတွေ့အကြုံကိုလည်း 'ဒိုင်ယာရီ' ရေးခဲ့တာမို့ ဒိုင်ယာရီထဲက (၁. ၉. ၈၈) ရက်စွဲနဲ့ မှတ်တမ်းတချို့ကို ကောက်နုတ် ဖော်ပြပေးလိုက်ပါတယ်။

"ဒီမိုကရေစီရရှိရေး၊ တစ်ပါတီအာဏာရှင်စနစ် ဖျက်သိမ်းရေးအတွက် အထွေထွေသပိတ်ကြီး ဆင်နွှဲသည်။

ဝန်ထမ်းအဖွဲ့အစည်း အသီးသီးက သဘောထား ကြေညာချက်များကို ထုတ်ပြန်သည်။

၎င်းတို့အနက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ကြေညာချက်၌ 'တစ်ချိန်တုန်းက ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာမြင့်မားခဲ့သည့် နိုင်ငံတော်၏ အဆင့်အတန်းကို အမြန်ဆုံး ပြန်လည်ရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြမည်ဟု အလေးအနက် အဓိဋ္ဌာန်ပြုကြောင်း' စသည်ဖြင့် ဖော်ပြထားပါသည်။

နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်က တိုင်းပြည်သို့ မိန့်ခွန်းတစ်ရပ် ပြောကြားသွားသည်။

'ကျောင်းသားသမဂ္ဂကို ဖွဲ့စည်းပေးရန် သဘောတူကြောင်းနှင့် ကျောင်း





www.burmeseclassic.com

www.burmeseclassic.com

သားသမဂ္ဂ အဆောက်အအုံကို ပျော့ပျော့ရှင်ရှင် အုတ်မြစ်ချကြရန် ဖြစ်ကြောင်း' ထည့်သွင်း ပြောကြားသွားသည်။"

ဪ, ဒိုင်ယာရီ စာရွက်လေးတွေတောင် ဝါကြင်ကြင်အရောင် သန်းနေကြပြီ။ အင်းလေ, အခုဆို နှစ်ဆယ့်ငါးနှစ်တင်းတင်းတောင် ပြည့်ခဲ့ပြီကိုး။

ဒိုင်ယာရီ စာရွက်လေးတွေလိုပါပဲ အမိနိုင်ငံတော်၊ အဖနိုင်ငံတော်၊ မိဘသဖွယ် ဖြစ်ခဲ့တဲ့ မြန်မာနိုင်ငံတော်ကြီးကလည်း ရှိရင်းစွဲ သက်တမ်းမှာ နောက်ထပ် နှစ်ဆယ့်ငါးနှစ်ထပ်ပေါင်းပြီး အရွယ်တော်ညောင်းခဲ့ပြီပေါ့။

လောကဓံ အထုအထောင်းတွေ ထောင် သောင်းသိန်းကုဋေကြားကနေ မားမားမတ်မတ် ကျော်ဖြတ်ရပ်တည်လာခဲ့တဲ့ ကျေးဇူးရှင် မြန်မာနိုင်ငံတော်ကြီးရဲ့ မျက်နှာကို မရဲတရဲ မော့ကြည့်ရင်း ဝမ်းသာသလိုလို၊ ဝမ်းနည်းသလိုလို ခံစားမှုမျိုးစုံနဲ့ မျက်ရည်သီသီဝဲမိပါရဲ့။

ထားတော့၊ နောက် မေးခွန်းတစ်ခုက 'ရှစ်လေးလုံး အရေးတော်ပုံကြီး ဘာကြောင့် ပေါက်ကွဲခဲ့ရသလဲ'၊ ဟုတ်ပြီနော်။

အင်း, ဒီမေးခွန်းကို 'ပြည့်စုံကောင်းမွန်စွာ' အဖြေပေးရရင်တော့ 'လွတ်လပ်ရေးနေ့ အခါပေးမှားခဲ့လို့ ပြည်တွင်း ငြိမ်းချမ်းရေး မရလေရော့သလား'ဆိုတဲ့ မေးခွန်းရဲ့ အဖြေထက်တောင် နှစ်ခါရှာ နှစ်ခါရှိသွားနိုင်ပါတယ်။

အဲဒီတော့ နှစ်ခါရှာ နှစ်ခါမရှိ၊ လွန်တာရှိ ဝန္ဒာမိပြီးသကာလ 'ဆင့်ကဲ၊ ဆင့်ကဲ၊ ထပ်ဆင့်ကဲ၊ အလွန့်အလွန် ထပ်ဆင့်ကဲသော မဟာအလွဲများကြောင့်' လို့ပဲ ဖြေလိုက်ချင်ပါတယ်။

အဲဒီကာလ ပြည်မြန်မာရဲ့ မြင်ကွင်းကျယ်ကြီးကို ပြန်ကြည့်လိုက်ပါ။ နိုင်ငံရေးအရ ကြည့်လိုက်ရင် တစ်ပါတီဒီမိုကရေစီ မဟုတ်တော့ဘဲ တစ်ပါတီအာဏာရှင် ဖြစ်နေပါတယ်။ စီးပွားရေးက အနုတ်-လီးရှိုး ဖြစ်နေပါပြီ။ လူမှုရေးကကောတဲ့။ ဟုတ်တဲ့၊ အဲဒီခေတ် လေလှိုင်းကြားမှာ ရေပန်းစားခဲ့တဲ့ သီချင်းနှစ်ပုဒ်ကို ကောက်နုတ်ဖော်ပြလိုက်ရင် အဲဒီခေတ်ရဲ့ လူမှုရေးသရုပ်ကို ကွက်ကွက်ကွင်းကွင်း မြင်နိုင်ပါတယ်။

ပထမပုဒ်က အဆိုကျော်၊ ရုပ်ရှင်မင်းသား တွံတေးသိန်းတန် ရေး/ဆိုခဲ့တဲ့ 'ပြေး ကြိုတော့ ထွေးညို'။

နားဆင်ပါ ခင်ဗျာ။

'ထွေး xxx ထွေးညိုလေးရယ် xxx အဝေး xxx အဝေးဆီကကွယ် မောင်ပြန်လာရှာအဝင် ညောင်ညိုရိပ်ဝယ် xxx မှေးမှိတ်ခိုနားတဲ့ အဘိုးအို စကား xxx ထွေးဖြင့် ကြားနိုင်မယ် မထင်တယ် xxx"

(စကားပြော)

"ထွေးညိုရေ့ အဝေးက ပြန်လာတဲ့ မောင်ကြီးကို ရွာအဝင်လမ်းမှာ သပြေပန်းတွေနဲ့ ကြိုနေမယ်လို့ ထင်ခဲ့တယ်ကွယ်၊ ဒါပေမယ့် ညောင်ညိုပင်ရဲ့ အေးရိပ်မှာ မှေးမှိတ်နေရှာတဲ့ အဘိုးအိုကဖြင့် ထွေးညို တစ်ယောက်တော့ မြေရှင်ယာရှင်စနစ်ဆိုးတွေရဲ့အောက်မှာ ဘဝကို လက်မြှောက် အရှုံးပေးသွားပြီလို့ တတွတ်တွတ် ပြောရှာတယ်။ အို ဒါတွေကိုတော့ ထွေးညိုလေး ကြားနိုင်မှာ မဟုတ်ပါဘူးကွယ်"

(သီချင်းပြန်ဝင်)

"ထွေးနှမယ်ငယ်xxx ထွေးရဲ့ အကြောင်းတွေ မောင်ကြီး သိလိုက် ဒီအခိုက်ဝယ် xxx ရင်လှိုက်ဖိုမော ထွေးညိုရေ လာမကြိုလေကောလို့ အပြစ်တော် မတင်မိခဲ့တယ် (ထွေးရဲ့ ကိုယ်စား ပြချင်တယ်)၂ xxx ရောက်လေရာ ဘဝအခြေက နာခံစမ်းကွယ် xxx မောင်ကြီး သစ္စာပြုပါ့မယ်xxx ဒီစနစ်ဆိုးတွေကိုကွယ် xxx ကျောမွဲများအတွက် တိုက်ဖျက်ပစ်ပါ့မယ်"

ဒုတိယတစ်ပုဒ်က အဆိုကျော် မနုဖြူစိုးသိန်း သီဆိုခဲ့တဲ့ 'စာရေးကြီး' အမည် ရှိတဲ့ သီချင်းပါပဲ။

"စာရေးကြီးလို့ အဝေး အနီးက ခေါ် xxxသွေးမကြီးနိုင်ပါသနော်xxx ကလေးအနှီး ထိုင်ကာလျှော်xxx မှိုင်တွေးကာ ဆွေးဗျာထုပေါ်xxxယူချင် ဦးဟာ မိန်းမ ငြိမ်းမရတဲ့ မီးတွေနော်"

ဒီသီချင်းကိုတော့ ဒီလောက်ပဲ အမြီးအမောက်တည့်တည့် မှတ်မိပါတော့တယ်။

'ပြေးကြိုတော့ ထွေးညို' ကတော့ တော်တော်လေး ပျံ့နှံ့ခဲ့တာမို့ မပျောက်မပျက် ထိန်းသိမ်းထားနိုင်ခဲ့ကြတယ်။

ဒါတောင်မှ 'မြန်မာ့နည်း မြန်မာ့ဟန်ဖြင့်ဆိုရှယ်လစ်လူ့ဘောင်သို့ချီတက်ကြစို့' ကြွေးကြော်သံတွေ ပွက်လောရိုက်လာတဲ့အချိန်မှာထွေးညိုလေးလည်း ရွာပြန်သွားရှာပါတယ်။

အဲဒီ သီချင်းနှစ်ပုဒ်ဟာ အဲဒီခေတ်ရဲ့ သရုပ်ဖော်ပါပဲ။ အင်တာနက်ခေတ် လူသားတွေကို ဋီကာချဲ့ပြစရာ မလိုလောက်အောင် သီချင်းစာသားတွေကလည်း ပီပီပြင်ပြင် ထိထိမိမိရှိ... တာမို့ အကျယ်မဖွင့်တော့ဘူးနော်။

အဲဒီတော့ အဲဒီနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စနက်တံတွေဟာ ရှစ်လေးလုံးအရေးတော်ပုံကြီးကို ပေါက်ကွဲစေခဲ့တာပါပဲ။

တတိယမြောက် မေးခွန်း... 'ရှစ်လေးလုံး အရေးတော်ပုံရဲ့ နောက်ဆက်တွဲ အကျိုးရလဒ်တွေက ဘာလဲ' ဟုတ်တယ်နော်။

နံပါတ်တစ်-တပ်မတော် အ... က ချောက်ကမ်းပါးထဲ ကျလုနီးနီး မြ... တော်ကြီးကို မလွှဲမရှောင်သာ ... တင်လိုက်ရတယ်။

နံပါတ်နှစ်- တိုင်းပြည်ရဲ့ အ... အဖူး ကျောင်းသား၊ ကျောင်းသူ၊ လူ... လူရွယ်အများအပြား နိုင်ငံရေး မု... ကြားမှာ အတောင်ကျိုးတဲ့ ငှက်ငယ်... သဖွယ် ဖြစ်ခဲ့ရတယ်။

(ဖြစ်စဉ်အပြည့် အစုံကို ဒီ... မှာ ထုတ်ဝေနေတဲ့ စာအုပ်၊ စာ...



www.burmeseclassic.com

www.burmeseclassic.com

ကျာနယ်၊ မဂ္ဂဇင်းတွေမှာလည်း တ၀ကြီး ဖတ်ရှုနိုင်ပြီ ဖြစ်ပါတယ်။)

နံပါတ်သုံး- ယခုလက်ရှိ အစိုးရသစ် တက်မလာခင်အထိ နိုင်ငံတော်က ပေးဆပ်ရန်ရှိတဲ့ ကြွေးမြီပမာဏဟာ မတွေးရဲလောက်အောင် တင်ရှိနေခဲ့ရပါတယ်။

နံပါတ်လေး-တစ်ပါတီ အာဏာရှင်စနစ် ၊ တပ်မတော်အစိုးရ စနစ်တွေလုံး၀ ဆိတ်သုဉ်းသွားပြီး ပါတီစုံ ဒီမိုကရေစီ အစိုးရသစ် ပေါ်ထွန်းလာတယ်။

နံပါတ်ငါး- နှစ်ပေါင်းများစွာ ကမ္ဘာ့အလယ်မှာ ကျဆင်းခဲ့ရတဲ့ မြန်မာနိုင်ငံရဲ့ သိက္ခာဟာ ပြန်လည် မြင့်တက်လာခဲ့ပြီး ကမ္ဘာ့အကြီးအကဲ များစွာ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့ကြတယ်။

အမေရိကန်သမ္မတ အိုဘားမား ကိုယ်တိုင် လာရောက် လည်ပတ်ခဲ့ပြီး နှစ်ပေါင်းများစွာ ကျိုးနဲ့ဖုတ်ဖုတ် ဖြစ်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမှာ 'ကျွန်တော်တို့ မြင်တွေ့နေရတဲ့ ပြောင်းလဲတိုးတက်မှု အလင်းရောင်မှုပျလေးဟာ ဆုတ်နစ်ကွယ်ပျောက်သွားမှာမဟုတ်ဘဲ မြန်မာနိုင်ငံသားတွေအတွက် ထွန်းလင်းတောက်ပတဲ့ မှုဝံကြယ်အဖြစ် ဖြစ်တည်လာမှာပါ' (၁၉-၁၁-၂၀၁၂ ရန်ကုန်တက္ကသိုလ်) လို့ မိုင်း၀င် မိန့်ခွန်း ပြောကြားသွားခဲ့တယ်။

နံပါတ်ခြောက်- အရင်က 'နိုင်ငံဆိုတဲ့ စကားလုံးကိုလေသံမျှတောင် ခံတဲ့ လူတချို့က အခုကျမှ 'ငါကွ နိုင်ငံရေးသမား စစ်စစ်'လို့ ကြွေးကြော် ဖြစ်ပြီး ခေါင်းပေါင်းမနိုင်၊ တိုက်ပုံ ဖြစ်လာကြတယ်။

နံပါတ် ခုနစ် - နှင်းဆီတောင် ဆိုတဲ့ လူတချို့ကလည်း 'နှင်းဆီ တွေ ဖြစ်ကုန်ပြီ။ ညာဘက်လက်ပြီး 'အလေးနီ' ခဲ့သူတွေလည်း ) လက်ရော၊ ခြေရော မြှောက်ပြီး 'အလေးဖြူ'တွေ ဖြစ်ကုန်ကြပြီးသကာလ ဒီမိုကရက်တစ်ပဲဖြစ်ဖြစ်၊ ကွန်မြူနစ်ပဲ ဖြစ်ဖြစ်၊ အလံနီပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ချစ်သူဟာ ချစ်သူပဲတဲ့။

(ခေတ်ဟောင်း ရုပ်ရှင်မင်းသမီးကြီး ဒေါ်မြလေး အိုက်တင်နဲ့ 'အံ့ရော အံ့ရော၊ ပြောကို မပြောချင်တော့ဘူး' လို့သာပြောလိုက်ချင်တော့တယ်။ လွန်ခဲ့တဲ့ နှစ်ခြောက်ဆယ် လောက်ကသာ ဒီလိုခံယူချက်တွေ ရှိခဲ့ကြမယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ထွေးညိုလည်း ပြေးကြိုစရာမလို၊ စာရေးကြီးလည်း ကလေးအနှီး ထိုင်လျှော်စရာမလို။ ချစ်သူကို ရွှေနန်းထက်မှာ ထားနိုင်ခဲ့ရမှာပေါ့။)

နံပါတ် ရှစ် - လူထုအတွက် ဆင်းရဲမှု လျှော့ချရေး ဆွေးနွေးပွဲတွေမှာ ကျယ်ကျယ်လောင်လောင် ဖြစ်နေချိန်မှာပဲ ပြည်ထောင်စုအဆင့် ၀န်ကြီးဌာနအချို့ရဲ့ အလွဲသုံးစားမှုနဲ့ မသမာမှုတွေကြောင့် ပြည်သူ့ဘဏ္ဍာ ကျပ်သန်းပေါင်း ငါးသောင်းကျော် နစ်နာဆုံးရှုံးခဲ့ရတယ်လို့ ပြည်ထောင်စု လွှတ်တော်ကို နိုင်ငံတော်သမ္မတရုံးက ပေးပို့တဲ့ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

(ဩော်, ၂၀၁၁ ခုနှစ် ဧပြီလ ၁ရက်ကနေ ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၃၀ရက်အထိ တစ်နှစ်ခွဲလောက် ကာလအတွင်းမှာ ပြည်သူ့ဘဏ္ဍာတွေ အဲဒီလောက် အဟောသိကံ ဆုံးရှုံးနေမှတော့ ဒီပြည်သူတွေမှ မဆင်းရဲရင် ဘယ်ပြည်သူတွေ ဆင်းရဲရဦးမှာလဲ။

နံပါတ် ကိုး - မြစ်ဆုံအရေးအခင်း၊ လက်ပံတောင်းတောင် အရေးအခင်း၊ ရခိုင်အရေးအခင်း၊ မိတ္ထီလာ အရေးအခင်း စတဲ့အရေးအခင်းပေါင်း သောင်းခြောက်ထောင်ကလည်း အိမ်ရှေ့ပူတော့ အိမ်နောက် မချမ်းသာစရာပါ။

နံပါတ်တစ်ဆယ် - ဆယ်သိန်း၊ ဆယ့်ငါးသိန်း၊ သိန်းသုံးဆယ် ပေး၀ယ်တာတောင်မှ ကော်အထပ်ထပ် တပ်ခဲ့ရတဲ့ လက်ကိုင်ဖုန်းတွေကို ကျပ် ၁၅၀၀ နဲ့ မြန်မာပြည်တစ်၀န်းမှာ မဲဖောက်ရောင်းချပေးခဲ့တဲ့ အစီအစဉ်ကြီးကတော့ (ကိုယ့်ကံခေလို့ မဲမပေါက်တာအသာထား) အလွန့်အလွန် သိသာထင်ရှားတဲ့ ပြောင်းလဲတိုးတက်မှု အလင်းရောင်ကြီးပါပဲ။

ကဲ-ရှစ်လေးလုံး အရေးတော်ပုံရဲ့ နောက်ဆက်တွဲ အကျိုးရလဒ်တွေကတော့ နံပါတ်ထိုးလို့ ဆုံးမယ်မထင်ဘူး။ ဘာပဲပြောပြော (၈-၈-၂၀၁၃) အခါသမယမှာ (၈-၈-၁၉၈၈) ရဲ့ 'ဒီမိုကရေစီ သစ်ပင်ကြီး' ဟာ သက်တမ်း ၂၅နှစ် တင်းတင်း ပြည့်မြောက်ခဲ့ပါပြီ။

နှစ်ပေါင်းနှစ်ဆယ်ကျော် 'ခြအုံလည်းဖြစ်၊ ဓားထစ်လည်းခံ၊ နေလှုံလည်းတိုက်၊ မငိုက်ဦးခေါင်း' လောကခံပေါင်း ကုဋေကုဋာတွေနဲ့ အရိုးပြိုင်းပြိုင်းထခဲ့ရတဲ့ 'ဒီမိုကရေစီ သစ်ပင်ကြီး' မှာ ပုရစ်ဖူးလေးတွေ အညှောက်ထိုးခဲ့ပြီလို့ပဲ ဆိုကြပါစို့။

အဲဒီ ပုရစ်ဖူးလေးတွေ ရွက်ညွှန့်ဖားဖား ဝေတဲ့ အေးရိပ်ဆာယာကြီးဖြစ်လာဖို့ကတော့ မမှိတ်မသုန်သော သတိ၊ ဝီရိယ၊ ပညာ စွမ်းပကားတွေနဲ့ ပြည်သူတစ်ရပ်လုံး ဝါယမစိုက်ထုတ်ကြရမှာ ဖြစ်ပါတယ်။

လျှောက်ရမယ့် ခရီးလမ်းကတော့ မိုင်ပေါင်းကုဋေ ကျန်ပါသေးရဲ့။ လျှောက်လှမ်းတဲ့ တစ်လှမ်းတိုင်း၊ တစ်လှမ်းတိုင်းဟာ အဲဒီ မိုင်ပေါင်း ကုဋေရဲ့ အသက်ပါပဲ။

အဲဒီ 'အသက်'ကို အကောင်းဆုံး ပြုစုစောင့်ရှောက်နိုင်ခဲ့ကြမယ်ဆိုရင်တော့ 'ရှစ်'ကလေးဟာ ချစ်စရာလေးပဲ ဖြစ်နေမှာပါလေ။

❒ လင်းပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



ချစ်စကြာခရီးစဉ် (၁)

ဦးညွန့်လှိုင် (ကြို့ပင်ကောက်)

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ



www.burmeseclassic.com

www.burmeseclassic.com

(...ခင်လမှအဆက်)

အလှူအိမ် အတွင်းရှိ လူရင်း အားလုံး အလုပ်ကိုယ်စီနှင့် မအားလပ်ကြချေ။

ကိုစံနိုင်က ကျွန်ုပ်တို့ကို မြင်သဖြင့် ဆီးကြိုလျက် အိမ်ပေါ် ထပ်နေရာတွင် နေရာပေး၏။ ကိုဘုန်းကြွယ်လည်း ပါလာ၏။ နိုင်နိုင်တို့ ဇနီးမောင်နှံကမူ အလှူရှင်နှင့်အတူ အလုပ်ရှုပ်သွား၏။ ကျွန်ုပ်နှင့် ကိုဘုန်းကြွယ် နှစ်ဦးတည်းသာ ကျန်ခဲ့၏။ အလှူရှင်များလည်း အလှူအတွက် လုံးပန်းနေရသဖြင့် ကျွန်ုပ်တို့ လူရင်းများကိုမူ ခဏခဏ လာနှုတ်ဆက်၏။ ဧည့်ခံရုံကလွဲလို့ ကြာကြာ မထိုင်နိုင်ကြချေ။

အလှူရှင်တို့သည် တစ်ခါတစ်ခါ ပျောက်သွားကြ၏။ ဤသည်ပင် အခွင့်ကောင်းတစ်ရပ် ဖြစ်၍ ကျွန်ုပ်သည် နိုင်နိုင်ကို လှမ်းခေါ် လိုက်၏။

“တစ်ယောက်ယောက်ကို ခိုင်းလိုက်၊ ရွက်လှပန်းများများ ဖလားထဲမှာ စိုက်ပြီး ဘုရားကပ်လှူထား၊ အဲဒါကို နိုင်နိုင် စီစဉ်လိုက်၊ ဆရာက ဘုရားသွားမယ်၊ အဲဒါ စီစဉ်ပေး၊ ကိုမောင်မောင်ကို ပြော”

နိုင်နိုင် ပြန်ထွက်သွားပြီးနောက် ကိုမောင်မောင်ကို ပြောလိုက်သဖြင့် ကိုမောင်မောင် ကျွန်ုပ်နားသို့ ရောက်လာ၏။

“ကိုမောင်မောင်၊ ဒီအိမ်မှာ လုပ်စရာရှိတာ နိုင်နိုင်ကို မှာပြီးပြီ၊ ဆရာ့ကို ဆယ်ထပ်ကြီးဘုရား လိုက်ပို့”

ကြိုတင် ဇာတ်တိုက်ထားသဖြင့် ကိုမောင်မောင်သည် ကျွန်ုပ်တို့ စီးလာသောကားဖြင့်ပင် ‘ပြည်လုံးချမ်းသာ’ ဘွဲ့တော်နာမ အမည်ရသော ဆယ်ထပ်ကြီးဘုရားသို့ သွားကြ၏။

ဘုရားရင်ပြင်တော် ရောက်သောအခါ နံနက် ၇ နာရီထိုးဖို့ ၅ မိနစ်သာ လိုတော့သည်။

ကိုမောင်မောင်သည် ကျွန်ုပ်အား ဆယ်ထပ်ကြီးဘုရားတွင် ထားရစ်ခဲ့၏။ ကျွန်ုပ်သည်လည်း ဆီမီး၊အမွှေးတိုင်၊ ပန်း စသည်ဖြင့် အရေးတကြီး ကပ်လှူရန် စီစဉ်လိုက်ပြီး လုပ်ငန်းမစမီ စပ်ကြား ကျွန်ုပ်၏ခန္ဓာကိုယ်အား သန့်ရှင်းရေးများကို ပြုလုပ်ပြီး ၁၀ မိနစ်ခန့် အနားယူလိုက်၏။ ၇ နာရီခွဲရန် ၁၀ မိနစ်သာ လိုတော့သည်။

ပထမ အစီအစဉ်အရ ဦးဆုံးတွင် ဆယ်ထပ်ကြီးဘုရား ရွှေတော်မှောက်၌ ဘုရားဝတ်ပြု၊ သီလ ခံယူ၊ ပရိတ်ရွတ်၊ မေတ္တာပို့ အမျှဝေပြီးနောက် ကျွန်ုပ်၏ အသည်းစွဲအားထားရာ သရဏဂုံ (၃၀) ဖြင့် ပိုင်ပိုင်နိုင်နိုင် ရွတ်ဆို၍ အာရုံခံလိုက်၏။ သည့်နောက် ဖခင်ကြီး၏ ဩဝါဒအရ စက်ကြီးတစ်ဆယ့်သုံးပါးဖြင့် ထိထိမိမိ အာရုံခံလိုက်ပြန်၏။

ပြီးနောက် အလှူရှင်များ မောင်ရင်လောင်းများကို အာရုံပြုလျက် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များကို တိုင်တည်ခြင်း၊ မြို့စောင့်နတ်, ရွာစောင့်နတ် အစရှိသည်တို့ကို တိုင်တည်ခြင်းများကို ထောင့်စေ့စေ့ မကျန်မလပ်စေရလေအောင်ဆောင်ရွက်လိုက်၏။ လုံလောက်ပြီဟု ယူဆ၍ နာရီကို ကြည့်လိုက်ရာ ၉ နာရီ ၁၀ မိနစ်ကျော်လေပြီ။

ထို့ကြောင့် ဒုတိယအစီအစဉ်အရ ဆံတော်ရှင်စေတီတော်၌ အာရုံခံရန်ဖြစ်၏။ ထို့ကြောင့် ဆယ်ထပ်ကြီးဘုရားနှင့် မနီးမဝေးတွင်ရှိ ပြည်ဆံတော်ရှင် စေတီတော်ခြေရင်းသို့ ရောက်သွားပြီး လုပ်ရမည့်လုပ်ငန်းများကိုစတင်ဆောင်ရွက်ရန် အစပြုလိုက်၏။ ဆယ်ထပ်ကြီး ရွှေတော်မှောက်မှာ အတိုင်းအစအဆုံးအာရုံပြုပြီးနောက် အဘဘိုးဘိုးအောင် ဓာတ်နန်းကို ဝင်ရောက်ဦးခိုက်လိုက်၏။ အချိန်သည် ၁၁ နာရီထိုးရန် ၅ မိနစ်ဖြစ်၍ ဆယ်ထပ်ကြီးဘုရား ခြေတော်ရင်းသို့ အမြန်ဆင်းခဲ့၏။ ၁၀ မိနစ်ခန့် အနားယူပြီး ဘုရားကို ဝတ်ပြုလျက် အဘအောင်မင်းခေါင်ဓာတ်နန်းသို့ ကူးပြောင်းသွား၏။

ဤဓာတ်နန်းတွင် အပြီးသတ် အာရုံခံရမည်ဖြစ်ပေရာ အထူးသတိ ဝီရိယဖြင့် အားယူလျက် ပရိကံပြုလိုက်လေသည်။ ဤဓာတ်နန်းတွင်မူကား “အာနာပါန” နည်းသတိဖြင့် အထူးအားဖြည့်လိုက်ရာ မွန်းလွဲ ၁၂ နာရီခွဲ ဖြစ်သွား၏။ အားလုံးပြီးစီး၍ ပရိကံကို ဖျက်ပြီး အညောင်းဖြေလိုက်၏။

ကိုမောင်မောင်သည် ကျွန်ုပ် ကိစ္စပြီးကြောင်း မြင်၍ အနားကပ်လာ၏။

“ဆရာ၊ ပြည့်ပြည့်စုံစုံနဲ့ ဆောင်ရွက်နိုင်သလား”

“အေးကွာ၊ မကောင်းနိမိတ်တော့ မတွေ့ရပါဘူး”

“အလှူလဲ ကျွန်တော်ထွက်လာတော့ ပရိတ်နာရေစက်ချတော့မယ်၊ ခုဆို ပြီးစီး အောင်မြင်လောက်ပါပြီ”

ကျွန်ုပ်၏တာဝန် ပြီးဆုံးသွားပြီ။

ယခုမှပဲ ထမင်းဆာမှန်းသိလာ၏။ ကျွန်ုပ်အား အလှူအိမ်သို့ ကားဖြင့် ပြန်ခေါ်သွားပြီး နံနက်စာကို ကောင်းစွာဧည့်ခံလိုက်၏။ ကျွန်ုပ်တို့ စိတ်တွေ အထူးကြည်လင်လျက်ရှိပေ၏။ စိတ်ပူနေကြသော ကျွန်ုပ်နှင့် ကိုမောင်မောင် ဇနီးမောင်နှံတို့လည်း ကြည်ကြည်လင်လင် ဖြစ်နေ၏။

အလှူပွဲ ပြီးသွားသော်လည်း ကိုရင်သာမဏေ (၃)ပါးလည်း ကျောင်းသို့လိုက်မသွားသေးဘဲ မဏ္ဍပ်ထဲမှာပဲ အနားယူနေကြ၏။





www.burmeseclassic.com

www.burmeseclassic.com

ဧည့်ပရိသတ်များ ရှင်းပြီဖြစ်သော်လည်း အလှူရှင်နှင့် အလှူပွဲ လုပ်အားပေးအဖွဲ့တွေသာ ကျန်တော့၏။

ကျွန့်ပ်သည် နာရီကို ကြည့်လိုက်၏။ ၁ နာရီခွဲရန် ၅ မိနစ်ခန့်သာ လိုတော့သည်။ ခုအချိန်ဆို ဂုရုခေါ် ကြာသပတေးချိန် လွတ်ခါနီးပြီ။ ကျိတ်ပြီး ဝမ်းသာနေ၏။ နာရီကြည့်ပြီး လက်ကလေးအောက်ချလိုက်ရုံ ရှိသေး အိမ်ရှေ့ မဏ္ဍပ်ရှေ့က ဆူဆူညံညံ အသံကြီးနဲ့အတူ ရုတ်ရုတ်သဲသဲ မြင်ကွင်းတစ်ခု ဖြစ်ပေါ်လာတော့၏။ မဏ္ဍပ်မှာ အိမ်ရှေ့ဖြစ်ပြီးအိမ်မှာ တောင်ဘက်ခေါင်းပြုလျက် အရှေ့အရပ် မျက်နှာမူထား၏။

"ဘာဖြစ်တာလဲ မသိဘူး"ဆိုပြီး အိမ်ပေါ်က လူတွေရော မဏ္ဍပ်ထဲက လူတွေကပါ ဝိုင်းအုံ၍ ထွက်ကြည့်ကြ၏။

ကျွန့်ပ်ရင်ထဲမှာ တဒိန်းဒိန်း ဖြစ်လာ၏။ တော်သေး၏။ မဏ္ဍပ်တွင်းမှာမဟုတ်ဘဲ လွတ်ရာ အိမ်ရှေ့ အရှေ့မြောက်အရပ်မှာ ဖြစ်၏။ တနင်္ဂနွေထောင့်ပင် ဖြစ်၏။

ဘာဖြစ်တာလဲ ကျွန့်ပ်လည်း သိချင်စိတ် စောနေ၏။ လာပြောမယ့် လူကို စောင့်မနေဘဲ ကျွန့်ပ်လည်း အိမ်ပေါ်က ဆင်းပြီး လူအုံနေသော နေရာဆီကို ရှေးရှုသွားလိုက်၏။ မျက်မြင်တွေ့ရှိချက်မှာ တခြား မဟုတ်ပေ။ ကလေးလူရွယ် တစ်ယောက် စက်ဘီးစီးလာရာက အရှိန်မထိန်းနိုင်ဘဲ ပလက်ဖောင်းဘေး ဓာတ်တိုင်ကို ဝင်တိုက်ပြီး လဲတာဖြစ်၏။ မူးလာသည်ဟု ပြောကြ၏။ တစ်ခေါင်းလုံးလည်း သွေးသံတွေရဲလို့ ကြည့်မကောင်း ရှုမကောင်း ဖြစ်နေ၏။

သိလျှင်သိချင်း ကျွန့်ပ်သည် ကိုမောင်မောင်ကို အနားကပ်ပြောလိုက်ရာ ကိုမောင်မောင်က ထိုကလေးကို ဆေးရုံလိုက်ပို့ ပြုစုလိုက်လေသည်။

ကျွန့်ပ်တို့ အလှူအိမ်မှာပင် ကျန်ခဲ့၏။ အားလုံးလူစုကွဲပြီး ပုံမှန်ဖြစ်သွားကြ၏။ တပ်ယောက်တစ်ပေါက်တော့ ပြောနေကြဆဲ။ နိုင်နိုင်နှင့် ကိုဘုန်းကြွယ် ကျွန့်ပ်အနားကို ကပ်လာ၏။

"တော်သေးတာပေါ့ ဆရာရယ်. . ဘုရားမ,တာပဲ၊ ဟိုကလေးလဲ သနားစရာပဲ၊ နိုင်နိုင်တော့ အတော့်ကို အံ့ဩသွားတယ်"

"အေးကွယ် တို့အလှူကတော့ အေးအေးဆေးဆေး ပြီးသွားတာပါပဲ၊ ဟိုကလေးကတော့ ကံမကောင်းရှာဘူးကွယ်၊ ဒါနဲ့ ဆရာလဲ တို့ကို ကယ်သွားတဲ့သူ အထိမ်းအမှတ်နဲ့ ဒီကလေးကို ဆေးရုံလိုက်ပို့ ပြုစုကူညီဖို့ ကိုမောင်မောင်ကို တိုက်တွန်းလိုက်ရတာပါပဲ"

ကိုဘုန်းကြွယ်လည်း အထူး သဘောပေါက်သွားလေသည်။ အထူးသဖြင့်လည်း စိတ်ဝင်စားလာပြီး ကျွန့်ပ်အပေါ် အာရုံကျလာသည်။ မနေ့ညကထက် စာလျှင်တော့ ပျော့ပျောင်းသော အမူအရာဖြင့် အသွင်ပြောင်းလာသည်။

မကြာမီ ကိုမောင်မောင် ပြန်ရောက်လာ၏။

"ကံကောင်းတယ်ဗျို့၊ ဒါပေမဲ့ အတွင်းလူနာအဖြစ် လက်ခံထားတယ်၊ သွေးလိုတယ်ပြောလို့ ကျွန်တော်လဲ အိတ်ထဲ ပါလာတဲ့ငွေ ပေးဖြစ်ခဲ့သေးတယ်၊ ဘယ်လောက်လဲတော့ မသိဘူး၊ တစ်ထောင်တော့ ကျော်လောက်တယ်၊ ဆရာ မျက်ရိပ်မျက်ကဲ ပြကတည်းက ကျွန်တော် သဘောပေါက်လို့ လုပ်အားနဲ့ ငွေနဲ့ စွန့်လှူတာပါပဲ"

"အံမယ်၊ ကိုမောင်မောင် ဆရာနဲ့ ပေါင်းလာတာ ကြာလို့ တော်တော် အရေလည်လာပြီနော်၊ ဆရာ့တပည့် ပီသလာပြီနော်"

နိုင်နိုင်က ဝင်ထောက်လိုက်ခြင်း ဖြစ်၏။

အခုအချိန်အထိ ကျွန့်ပ်၊ ကိုမောင်မောင်၊ နိုင်နိုင် ကိုဘုန်းကြွယ်တို့ ပွစိပွစိနဲ့လုပ်နေတာကို အလှူဒါယိကာ ဒါယိကာမတို့က ဘာမှ မသိရှာကြသေးပေ။ ယခုမှ ကိုစံနိုင် သူ့ဇနီးခင်မမတို့ အနားကပ်လာပြီး ကိုစံနိုင်က. . .

"ကိုမောင်မောင် ခင်ဗျားလိုက်ပြီး ဟိုကောင်လေးကို ဒါနလုပ်လိုက်တယ်ဟုတ်လား၊ ခင်ဗျား တော်တော် ကုသိုလ် ရဦးမယ်၊ သာဓုဗျာ သာဓု. . သာဓု"

ကိုဘုန်းကြွယ်က. . .

"ခင်ဗျားက ဘာသိလို့တုံး၊ ခင်ဗျားတို့ အလှူကို အောင်မြင်ဖို့ လုပ်နေရင်း ပင်ပန်းနေတုန်း ဒီကိစ္စ နောက်ဆုံး ဖြစ်သွားတာပဲ"

တုံးတိတိ၊ ပြည့်ပြည့်စုံစုံ မဟုတ်။ ကိုစံနိုင်က ပြူးတူး ကြောင်တောင် ဟိုကြည့်ဒီကြည့်၊ သူ့ဇနီး ခင်မမကလည်း ခေါင်းကလေးကုတ်ပြီး စိတ်ရှုပ်သွားပုံရ၏။

"ဒီလို ကိုလေးစံနိုင်ရေ" ဆိုပြီး ကျွန့်ပ်ဘူတာက ဆိုင်းစဉ်က အစ လူနာကို ကိုမောင်မောင် ဆေးရုံလိုက်ပို့ရတဲ့အထိ အသေးစိတ် ခရေစေ့တွင်းကျ တစ်လုံးချင်း ရှင်းပြလိုက်၏။

"ဟင်၊ ဒါဆို မနက် အလှူကျွေးပချိန်မှာ ဆရာ လုံးဝ မရှိဘဲ အလှူပြီးချိန်မှ ပြန်လာတာကိုး ဆရာ၊ ဒါကြောင့် ပျောက်နေတယ်လို့ စဉ်းတော့ စဉ်းစားသား"

ကိုစံနိုင်က ပြော၏။ ကျွန်တော့်အား သူတို့ အလှူရှင် ဇနီးမောင်နှံ အလွန်အားနာသွား၏။

"အလှူပွဲပြီးမှ အသိပေးရမယ်ဆိုလို့ ဆရာ့စကား နားထောင်ခဲ့ရတာ"

နိုင်နိုင်က အာသွက်လျှာသွက်နဲ့ ပြောလိုက်၏။

ကျွန့်ပ်တို့ ခုမှ အနားယူရတော့၏။ နေ့လယ်အချိန်ကျော်ပြီ ၃ နာရီကျော်ပြီမို့ အအေးဖြင့် ဧည့်ခံမှုအစီအစဉ်တွင် ပင်ပန်း သမျှ အရသာခံလိုက်ကြ၏။ ကျွန့်ပ်တို့ အားလုံး ပက်လက် ကုလားထိုင် တစ်လုံးစီနဲ့ အရသာခံနေကြ၏။ ကျွန့်ပ်တို့ ဝိုင်းပြီး ထိုင်ရာ ကိုဘုန်းကြွယ်သည် ကျွန့်ပ်နဲ့အနီးဆုံး ကပ်ယှဉ်နေ၏။

ကျွန့်ပ်လည်း မျက်လုံးလေး ဖွင့်လိုက်ပိတ်လိုက်နှင့် မနက်ကစပြီး ခုအထိ အောင်မြင်မှုများကို ပီတိခံစားနေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ"

ငြိမ်နေသော ပတ်ဝန်းကျင် တစ်ခုကို ကိုဘုန်းကြွယ်၏ အသံက လွှမ်းမိုးသွား၏။ ကျွန်ုပ် ကြားရုံလောက်ခေါ်သော်လည်း ကျွန်ုပ်တွင် နားနားကပ်ပြီး မောင်းထုလိုက်သကဲ့သို့ ခံစားလိုက်ရင်း. . .

"ဗျာ"

"မနေ့ညက ဆရာ ကျွန်တော့်ကို ပြောခဲ့တာတွေ အမှန်တွေချည်းပဲ"

ကျွန်ုပ်သည် သူနဲ့တွေ့စဉ်က တွက်ချက်ခဲ့သောသူရဇ္ဇအခါတိုင်ကို ဦးနှောက်တွင်းသို့ ပြန်လည်၍ ထည့်လိုက်၏။

"ဩော်, ဟုတ်လား၊အေးဗျာ နောက်ဆို သတိရှိပေါ့ဗျာနော်"

ကျွန်ုပ်သည် သူရဇ္ဇအခါ၏ သက်ရောက်တိုင် (၄,၅,၆) တိုင်ကို အောက်ပါအတိုင်း စိတ်ထဲတွင်ထပ်ပြီး ထူထားလိုက်၏။

| | | |
|---|---|---|
| ၅ | ၆ ၆ | |
| ၂ | ၅ ၅ | ← ပြ |
| ၆ | ၄ ၄ | |
| ၁ | ၃ ၃ | |
| ၄ | ၂ ၂ | |
| ၀ | ၁ ၁ | ← နိစ် |
| ၃ | ၀ ၀ | |
| (သူရဇ္ဇအခါတိုင်) | (သူရဇ္ဇအခါ၏ သုံးတန်ပေါ်နိစ်တိုင်) | |

"ကျွန်တော် သက်သာရာ သက်သာကြောင်းကို ကူညီပါဗျာ" ဟု ကိုဘုန်းကြွယ်က စကားဆက်၏။ နိုင်နိုင်က မသိသော မျက်လုံးလေးဖွင့်ပြီး အကဲခတ် နားထောင်နေ၏။

*အထက်ပါ ဟောကွက်ကို ကြည့်ပြီး. .*

"ကိုဘုန်းကြွယ် အိမ်ထောင်ပျက်နေပြီး အမှုအခင်းတွေနဲ့ ရင်ဆိုင်နေရတာ ဟုတ်ပါသလား"

***(၁-၅) နိစ်ပြကြိုးကို ထောက်၍ ပြောခြင်းဖြစ်၏။***

"မှန်ပါတယ်ဗျာ၊ ညက ဆရာ ဒါကို မပြောခဲ့ဘူးနော်၊ အခင်ချန်ခဲ့တာနဲ့တူတယ်"

"ဆိုပါတော့ဗျာ၊ ကျုပ် ပြောတာကို ယုံယုံကြည်ကြည်နဲ့လုပ်မယ်ဆိုရင် အကူအညီပေးဖို့ အဆင်သင့်ပါပဲဗျာ"

"ယုံကြည်လို့ အကူအညီတောင်းတာပေါ့ဗျာ"

"ကဲ, ပြောပြီဗျာ မှတ်ပေတော့၊ ပထမတစ်ချက်က ခင်ဗျား အိမ်ထောင်ရေးပျက်တယ် ဆိုတော့ ကိုဘုန်းကြွယ် ၅တေး အိမ်ထောင်မိတ်နံ့ အင်္ဂါ၊ အင်္ဂါနံ့ ယတြာလုပ်ရမယ်၊ ဥပမာဗျာ ဆန်လှူခြင်း၊ ဆေးလှူခြင်း အင်္ဂါထောင့်ဘုရားမှာ ပန်းဆီမီး၊ ရေချမ်း၊ ရေသပ္ပါယ်တာမျိုးကို ခင်ဗျား မွေးနေ့မှာ လုပ်၊ (၇) ပတ်၊ (၇) ကြိမ် ဆက်လုပ်ရမယ်၊ မှတ်မိပြီနော်။

ဒုတိယအချက်က ကိုဘုန်းကြွယ်ရဲ့ စီးပွားရေး ပြန့်ကျဲမှုဟာ အပြင်မိတ် မကောင်းလို့ ပျက်လို့ ဖြစ်ရတာ၊ ဒါကြောင့် ကိုဘုန်းကြွယ် ၅တေးရဲ့ အပြင်မိတ် ၁နွေ (တနင်္ဂနွေ) ယတြာလုပ်ရမယ်၊ ဥပမာဗျာ, ဘုရားကျောင်းမှာ အုတ်လှူခြင်း၊ အခင်းလှူခြင်း၊ အမိုးလှူခြင်း၊ ရေအိုးလှူခြင်း၊ ပြီးတော့ အများတွေနဲ့ စုပေါင်းလုပ်တဲ့ ကုသိုလ်ကောင်းမှုမျိုး၊ စုပေါင်းကထိန်၊ စုပေါင်းရှင်ပြုပွဲ၊ စုပေါင်းလမ်းခင်းပေါ့ဗျာ၊ ဒါတွေလုပ်စရာမကြုံရင် မိတ်ဆွေတွေ၊ လုပ်ဖော်ကိုင်ဖက်တွေကို စုပေါင်းစုစည်းပြီး ပျော်ပျော်ပါးပါးနေခြင်းမျိုး လုပ်ရမယ်၊ စုပေါင်းအလုပ် လုပ်ငန်းမျိုးတွေကျရင်တော့ ကိုဘုန်းကြွယ်က ငွေအားလူအားနဲ့ ခေါင်းဆောင်ပြီးလုပ်၊ တက်တက်ကြွကြွ ဆော်ဆော်ဩဩ လုပ်နိုင်ရင် ပိုပြီးထိရောက်မယ်၊ မှတ်မိတယ်နော်"

"နေဦးဆရာ၊ ဒါနဲ့ မှတ်ဦးမယ်"ဆိုပြီး စာရွက်တစ်ခုမှာ ရေးမှတ်နေ၏။

"တတိယအချက်ကတော့ ခင်ဗျား ငွေတွေဆိုတဲ့ တနင်္လာနံ့ အကျပ်အတည်းကျရင်တော့ ငွေ ပုံ့သကူ စွန့်လှူခြင်း၊ ကိုယ်ဝန်ဆောင်များကို အလှူဒါနပြုခြင်း၊ ကလေးများကို အာဟာရကျွေးလှူခြင်းနဲ့ တနင်္လာထောင့်ဘုရားမှာ ရွှက်လှူ ဒါမှမဟုတ် ခရေ စတဲ့ ပန်းများ လှူဒါန်းခြင်း၊ ကန်တွေမှာ ရေများစင်ကြယ်အောင် အမှိုက်ဆယ်ခြင်း၊ ရေတွင်းရေကန်ဆယ်ခြင်းစတဲ့ လုပ်ငန်းတွေကို အခွင့်သင့်သလို လုပ်ပေးရမှာဖြစ်တယ်၊ မှတ်မိတယ်နော်"

"ဟုတ်ကဲ့၊ ပြီးတော့ကော ဆရာ"

"ဒီလောက်ဆိုရင် လုံလောက်ပါပြီ၊ ဒါပေမဲ့ အဲဒီလို လုပ်တဲ့ ကောင်းမှုတွေအတွက် ညစဉ် ဘုရားဝတ်ပြုပြီး၊ သစ္စာပြုပြီး မေတ္တာပို့ ကောင်းမှုတွေကို အမျှဝေ၊ ခင်ဗျာ'ထုံတဲ့'ပုတီးစိပ်နည်းကို ပရိကံတည်ပြီး မပျက်မကွက် ရက်သတ်မှတ်ပြီးတော့ စရဏအဖြစ် ပုံမှန်ကျင့်ပါ၊ ဒါဆို လုံလောက်ပါပြီ"

"ကျေးဇူးပါပဲ ဆရာ"

*"ကဲ, ကိုဘုန်းကြွယ် ခင်ဗျားကို မေးရဦးမယ်၊ ခုခင်ဗျားကိုပေးတဲ့ အစီအရင်တွေဟာ ကျုပ် လုပ်ရတာ မဟုတ်ဘူး၊ ကိုဘုန်းကြွယ်လုပ်ရတာ၊ အဲဒီ ယတြာအတွက် ကျုပ်က ဘယ်ရွှေ့ဘယ်မျှ ဉာဏ်ပူဇော်ပါဆိုရင် ခင်ဗျားဘယ်လိုနေမလဲ၊ ဆိုပါတော့ ကျုပ်က တစ်သောင်းတောင်းမယ်ဆိုရင် ခင်ဗျားက ပေးရတော့မှာ မဟုတ်လား၊ အဲဒီအခါ ကာယကံရှင် စိတ်ထဲမှာ နည်းနည်း ကသိကအောက်တော့ ဖြစ်သွားမှာပဲနော်"*

"မဖြစ်ပါဘူး ဆရာ"

*"ကိုဘုန်းကြွယ် ဒီလိုမပြောနဲ့ဦးလေ၊ ကိုဘုန်းကြွယ်တပေးနိုင်တဲ့ အခြေရှိတာကိုးဗျ၊ မပေးနိုင်တဲ့လူကျတော့ခက်ရော*



www.burmeseclassic.com

www.burmeseclassic.com

အဲဒီကတည်းကစပြီး ကာယကံရှင်နဲ့ ကျုပ်ဆိုတဲ့ ဗေဒင်ဆရာကြားမှာ သံသယတွေ၊ အဖု အထစ်တွေ ဖြစ်လာရော၊ ဒီလိုဖြစ်လာရင် ဘယ်လောက် အစွမ်းထက်နေပါစေ ဒီအစီအရင်တွေဟာ အောင်မြင်သင့်သလောက် မအောင်မြင်တော့ဘူး"

"ဟာ . . . ဟုတ်ပါပြီ ဆရာ"

*"ဒါကြောင့် ယတြာအတွက် မတန်တဆ တောင်းသင့်သလား၊ သဒ္ဓါကြေးယူတာ သင့်မလား"*

"မှန်ပါတယ် ဆရာ"

"အေးဗျာ၊ ကျုပ် ခုပြောတာ စိတ်မဆိုးနဲ့နော်၊ ညတုန်းက ပြောတဲ့ 'ခတ်ရိုက်ခတ်ဆင် ပညာက ကြီးပွားနိုင်တယ်၊ ဟောရုံသက်သက်ကတော့ ငါးပိလှည်းကြီးလိုပဲ' ဆိုတာလေ၊ အဲဒီ အမြင်ကလေးကို ကျုပ်အပေါ် ဖြန့်ချပြီး သုံးသပ်လိုက်စမ်းပါ"

"ကျွန်တော် အားနာပါတယ် ဆရာရယ်၊ ဒီအတွက် တောင်းပန်ပါတယ်၊ ကျွန်တော်လဲ အမှတ်တမဲ့ ပြောမိတာပါ ခွင့်လွှတ်ပါ"

ကိုမောင်မောင်၊ နိုင်နိုင်တို့ နှစ်ယောက်သည် ကျွန်ုပ်တို့နှစ်ဦး ပြောနေတာကို ငြိမ်ပြီး နားထောင်နေကြ၏။ ကျွန်ုပ်တို့၏ စကားလက်စ ပြတ်သွားမှ ကိုမောင်မောင်က . . .

"အစ်ကိုကြီး ဘုန်းကြွယ် . . ဘယ့်နှယ်လဲ ကျွန်တော့်ဆရာက မှတ်ဉာဏ်အရမ်းကောင်းတာဗျ" ဟု ပြောလိုက်၏။

"အစ်ကိုကြီးရယ်၊ နိုင်နိုင်တို့ကိုတောင် ကြိုအသိမပေးဘဲ ဆရာ့ကို တိုက်ရိုက်ကြီး ကျွန်မတို့ မရှိခင် မေးတာကိုး"

"ကိစ္စမရှိပါဘူး နိုင်နိုင်၊ ဆရာ သဘောပေါက်ပြီးသားပါ" ဟု ကျွန်ုပ်က ဖြေသိမ့်လိုက်ရ၏။

ကိုဘုန်းကြွယ်လည်း မေးချင်တာ မေးလိုက်ရ၍ ကျေနပ်သွားသလို ကျွန်ုပ်လည်း ပညာရှင်နဲ့ ဇိမ်လိမ်မာမာ ချေပ နိုင်လိုက်သည့်အတွက် ယခုမှပဲ နေသာထိုင်သာ ရှိသွား၏။ ကိုမောင်မောင် ဇနီးမောင်နှံကတော့ ကျွန်ုပ်အား အားနာတဲ့ပုံဖြစ်နေ၏။ အလှူရှင် ဇနီးမောင်နှံကတော့ ပင်ပန်းသွားပုံရ၏။ ဆော့(ဖ်) ကုလားထိုင်များပေါ်မှာ အိပ်ပျော်နေရာ ဟောက်သံများပင် ကြားနေရ၏။

အလှူရှင် ကိုစံနိုင်နှင့် ခင်မမတို့က ထိုနေ့ညအဖို့ သူတို့နေအိမ်မှာပင် အိပ်ပါရန် တောင်းပန်သဖြင့် သဘောတူလိုက်ရ၏။ တစ်နေ့လုံး ကျွန်ုပ်အပေါ် ဧည့်ဝတ်မကျေသဖြင့် တစ်ညတားခြင်း ဖြစ်၏။ ကိုမောင်မောင်တို့ ဇနီးမောင်နှံနှင့် ကိုဘုန်းကြွယ်တို့ကား မကြာမီပင် ကိုစံနိုင်တို့အိမ်က ပြန်သွားကြ၏။ ကျွန်ုပ်တစ်ယောက်တည်းသာ ကိုစံနိုင်၊ ခင်မမတို့အိမ်တွင် ကျန်ရစ်ခဲ့လေ၏။

*(ဆက်ရန်)*

❒ **ဦးညွန့်လှိုင်(ကြို့ပင်ကောက်)**



ဦး အရဟံ မေတ္တာ လာဘံ

**နတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို **ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့် (၂၅)နှစ်** တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

**အောင်မြင်သူတို့ ဆုံကြရာ**

| | | |
|---|---|---|
| ဟောခန်းတည်နေရာ | ➻ | အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ |
| လမ်းညွှန် | ➻ | အဓိပဓိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။ |
| ဟောပြောချိန် | ➻ | နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။ |
| ဆက်သွယ်ရန် ဖုန်း | ➻ | **ဟောခန်း** - ၀၉-၇၃၁၀၉၅၅၆၊ **အိမ်** - ၀၉-၇၃၂၄၄၈၉၇ ။ |
| မှတ်ချက် | ➻ | *ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။* ကျေးဇူးတင်ပါသည်။ |




www.burmeseclassic.com

www.burmeseclassic.com

(၁)

ညဦးပိုင်း မတိုင်ခင် မှောင်ရီ ဖျိုးစ အချိန်ကာလ အနောက်ဘက်မှ မြင်းထန်သော လေတွေတိုက်ခတ်ပြီး မှောင်မည်းညိုမှိုင်းသော မိုးတိမ်များ အရွေ့ရွေ့တက်လာပြီး ဝုန်းဝုန်းဒိုင်းဒိုင်း ရွာလိုက်သည့်မိုး။ မိုးတွင်းအခါ ရောက် သွားသည့် ပုံစံပင်။ သို့သော် အရှေ့ဦး နေတ်ခင်း ဝေလီဝေလင်းတွင်မူ မိုးရေ မိုးပေါက်များ ဘယ်နေရာ ရောက် သွားသည်မသိ။ ဖြူဖွေးနုရွသော မြူနှင်းများက တသည်းသည်းဖြင့် ကျ၍မဆုံး ဖြစ်ရချေတော့သည်။

ရာသီဥတုဖောက်ပြန်၍ မူမမှန်သောပုံစံများသည် ရှေးယခင်အခါများ၌ ရာသီအလှ သဘာဝများကို စပ်ဆိုသီကုံးခဲ့ကြလေသော ရှေးစာဆိုတော်ကြီးများ၏ မျက်နှာများပင် မထောက်။ ရက်စက်စွာ ဖောက်ပြန်ရက်သည်ဟု ဆိုရပေလိမ့်မည်။

ဒီအချိန် ဒီကာလများသည် ဟေမန္တ ဆောင်းလရာသီဦးဖြစ်သည့်အတွက် ပုံမှန်အားဖြင့် မြောက်ပြန်လေများ စတင်ဝင်ရောက်၍ အေးမြမြ ဆောင်းလရာသီ၌ နှင်းမှုန်ဖြူလွလွလေးများ ဝေသီစွာ ကျဆင်းရမည်။ ဆောင်းနိမိတ်သင်္ကေတလေးများ မြင်တွေ့ရမည် ဖြစ်သော်လည်း ယခုမူ ထိုသို့မဟုတ်ပါချေ။

ယခုကဲ့သို့ ရာသီကာလများနှင့် ပတ်သက်၍ ရှေးစာဆိုတော်တစ်ဦးဖြစ်သည့် ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်လရာသီ တေးထပ်ထဲတွင် နတ်တော်လ အဖွဲ့အနွဲ့၌. . .




# မျက်ဝန်းညိုများမှတစ်ဆင့်

မောင်သာမနို(ဇီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com

"ရှစ်ခွင်ကို မြူဆင်းလို့ ငွေနှင်းတဲ့နုစို၊ ဂမုန်းသဇင်တို့ စုံခွင်မှာ လေချိုညင်းက ထုတ်သွင်းမယ်ညာနှံ့၊ သင်းပျံ့ပျံ့ချို" ဟု သိင်္ဂါရ ရသမြောက်စွာ ရေးသီဖွဲ့နွဲ့ခဲ့သော်လည်း ယခုမူ ထိုသို့ မဟုတ်တန်တော့ပေ။

ထို့ကြောင့်. . .

"ရှစ်ခွင်ကို မြူဆင်းလို့ ငွေမိုးကဖြုန်းခနဲရွာ၊ ဂမုန်းသဇင်တို့ စုံခွင်မှာ လေထန်ပြင်းက"

ဟု ရေးစပ်ရမည်ကဲ့သို့ပင်။

ရာသီဥတု ဖောက်ပြန်ခြင်းသည် ရှေးစာဆိုများ၏ စာပေအလှ၊ ရသ၊ အလင်္ကာများအား ကြမ်းတမ်းစွာ ဖျက်ဆီးပြောင်းလဲစေသည်လားမသိ။ အမှန်အားဖြင့် ရာသီဥတု ဖောက်ပြန်ခြင်း၊ မဖောက်ပြန်ခြင်းသည် အသိဉာဏ်ရှိသော လူသားများနှင့် သက်ဆိုင်သည်။ လူသားများကြောင့် ရာသီဥတု ပြောင်းလဲဖောက်ပြန်ခြင်း ဆိုပါက တစ်နည်းအားဖြင့် စာပေယဉ်ကျေးမှုနှင့် တိုးတက်သော လူနေမှုပုံစံများအား လူသားများသာ ပြန်လည်ဖျက်ဆီးသည်ဟု ဆိုရမည်တမုံ့။

မည်သို့ပင် ဖြစ်စေ ဟေမန္တဆောင်းရာသီ၏ နိမိတ်သင်္ကေတများမှာ ပြောင်းလဲလျော့ပါးမှုများ မသိမသာ ရှိနေခဲ့ပြီ ဖြစ်သော်လည်း နှင်းမှုန်များ ထူထပ်စွာ ကျဆင်းနေပါ၏။ အေးမြအေးနေပါသေး၏။ ထိုသို့ အတိုင်းသား ရှိနေမှုသည် နေ့တစ်နေ့၏ နာရီဦးများ၌သာ ဖြစ်ပျက်နေခြင်းဟု ဆိုရပေလိမ့်မည်။

တစ်ညလုံးနီးပါးမျှ ဘုန်းမောင်သည် မိုးစက်လား နှင်းစက်လား ခွဲခြားမရနိုင်သည့်အရာများ ကုက္ကိုပင်မြင့်မှ တစ်ဆင့် အိမ်ခေါင်မိုးသွပ်ပေါ်သို့ ညာသံပေး၍ တဒေါက်ဒေါက်ကျဆင်းသံများ ထွက်ပေါ်သည်ကိုလည်းကောင်း၊ အိမ်ခေါင်မိုးပေါ်မှ အိမ်ရှေ့အဖီ သွပ်မိုးပေါ်သို့ ဘယ်သံပေး၍ ကျသည်ကိုလည်းကောင်း၊ ထိုမှတစ်ဖန် အဖီသွပ်မိုးပေါ်မှ မြေပြင်ပေါ်သို့ တုံးတိတိအသံဖြင့် ကျနေသည်ကို တံတျာ၊ ဂီတာ၊ တေးသံပမာအလား ကဗျာဟန် စာဟန်ဖွဲ့နွဲ့ရေးသီနေခဲ့သည်မို့ နံနက် ၂ နာရီခွဲကျမှပင် အိပ်ရာသို့ ဝင်ဖြစ်ခဲ့သည်။

အိပ်ရာဝင်နောက်ကျ၍ နေမြင့်မှ အိပ်ရာထမည်ဟု ဆုံးဖြတ်လျက် အိပ်ရာဝင်ခဲ့ခြင်း ဖြစ်သည်။

နေ့စဉ်နှင့်အမျှ ညနက်သန်းခေါင်မှအိပ်၊ နေမြင့်မှ ထလေ့ရှိသော ဘုန်းမောင်အဖို့ နံနက်ချိန်ခါ အရုဏ်အလှတရားကို မမြင်တွေ့ခဲ့သည်မှာ နှစ်ချီနေပြီဟု ဆိုရပေမည်။

ရွာမှာနေခဲ့စဉ်က ကျေးရွာဆွမ်းပတ်ကျသည့် အခါတိုင်း၊ သို့မဟုတ် ရွာကျောင်းဆရာတော်ကြီး၏ အရုဏ်ဆွမ်းအလှည့်ကျတိုင်း အရုဏ်ကျင်းစအချိန်၏ အလှတရားကို မြင်တွေ့ရသည်။

အရုဏ်ရောက်တိုင်း ရွာကျောင်းမှ အုန်းမောင်းခေါက်သံကို သာယာစွာ ကြားရ၏။ အိပ်တန်းထခါစ ငှက်ကလေးများ၏ စိုးစီစိုးစီအသံကို နာပျော်ဖွယ် ကြားရ၏။ ဆွမ်းပတ်အလှည့်ရောက်တိုင်း ဆွမ်းချက်ရန် နိဗ္ဗာန်ဆော်တို့၏ ဘွဲ့တော်အသံများနှင့်အတူ ကြေးစည်သံ တနောင်နောင်ဖြင့် ကြည်နူးဖွယ် ကြားနေရသကဲ့သို့ ခေါင်းရင်းအိမ်မှ ဘကြီးဖြိုး၏ ဘုရားရှိခိုးသံသည်လည်း သာဓုခေါ်စရာ ကြားခဲ့ရသည်။

ထိုသို့သော အရုဏ်ဆည်းဆာအလှတရားများ မကြားရ၊ မမြင်ရ၊ မတွေ့ရသည်မှာ ကြာပင်ကြာငြားသော်လည်း ယခု ဘုန်းမောင် နေထိုင်သော ကျပ်ကျပ်တည်းတည်း ရပ်ကွက်ထဲ၌မူ နံနက်ခင်း အရုဏ်ရောက်လေတိုင်း. .

"ပေ. . . . ပြို့"

ထိုအသံသည် ကျေးလက်အရပ်ဒေသ၌ ကြားရလေ့ရှိသော အသံမဟုတ်။ တော်တော်ပင် ဆွဲဆွဲငင်ငင်နိုင်လှသည်။ ဤအရပ်ဒေသ၌ နေထိုင်ကြလေသော လူများကမူ ထိုအသံသည် မြူနှင်းထူကြွ၊ အရုဏ်အလှတွင် တစ်ပါး အပါအဝင်ဖြစ်သည်ဟု ဆိုပါသည်။

စာရေးဆရာလေး ဘုန်းမောင်မှာမူ သူတို့ သုံးသပ်သလို မဟုတ်။ ဘယ့်နှယ် အရုဏ်ဦးဆည်းဆာအလှတွင် ပဲပြုတ်သည် မညို၏ အသံအားထည့်သွင်း၍ထားခြင်းမှာ သင့်တော်သည်ဟု မထင်။ မညို၏ ပဲပြုတ်ဗျို့ဟစ်သံသည် တစ်မူထူးခြားသည်ဟု ဆိုရမလောက် ဖြိုဖြိုဝွဲဝွဲ နိုင်လွန်းလှပေ၏။ နံနက်စောစောထ၍ ပဲပြုတ်ဝယ်သူများအတွက်တော့ဟုတ်ပေမည်။ ဘုန်းမောင်အတွက်တော့ ဟုတ်ဟန်မတူပါချေ။

"ဟောဒီက ပေ. . ပြို့. . တော့ စာရေးဆရာ. . ပဲပြုတ်လေ ပဲပြုတ် မဝယ်တော့ဘူးလား"

ဘုန်းမောင်အဖို့ ဆုတောင်းမပြည့်ဟု ဆိုရချေမည်။ အိပ်ကောင်းခြင်း မအိပ်ရဟူသည် ဒါပင်ပြောသည်လားမသိ။ မနက်စောစောစီးစီး အေး[illegible]သည့်အထဲ နဖူးထိ ဒူးထိအောင် စောင်ခြုံထဲ၌ ပုဆိုးခြုံကွေးနေရသည့် စာရေးဆရာလေး ဘုန်းမောင်မှာ ပဲပြုတ်သည် မညိုအား အလွန်ပင် စိတ်ဆိုး ဒေါသထွက်ရသည်။

"ဒီမှာတော့ စာရေးဆရာ အိပ်ပုပ်ကြီးလှချေလား၊ မနက်စောစောစီးစီး ပဲပြုတ်ပူပူနွေးနွေး ထမင်းကြမ်းနဲ့ ရေနွေးကြမ်းပူပူနဲ့လွေးလိုက်ရရင်ဘယ်လောက်ကောင်းမလဲ"

စကားကြောရှည်သော မည[illegible]အား ဘုန်းမောင်အနေဖြင့် အိပ်ရာထဲ[illegible]နေ၍ သည်းခံနိုင်သည့်အတိုင်းအတာ[illegible]ကျော်လွန်သွားရသည်။ အဘယ်ကြောင့်ဆိုသော် ဘုန်းမောင် အိပ်သောအခန်း[illegible]နှင့် နှစ်ပေသာကွာသော လမ်းကျ[illegible]ကလေးမှ ပဲပြုတ်သည် မညိုမှ တိ[illegible]ဆိတ်သော အရုဏ်ဦး၌ ကျယ်လောင်သော အသံဖြင့် အကန့်အသတ်မ[illegible]အော်ပြောနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့်ပင် ဘုန်းမောင်သည်လည်း



www.burmeseclassic.com

www.burmeseclassic.com

မညိုနည်းတူ နားနှစ်ဖက်ကို ပိတ်၍ ပြန်လည်အော်ဟစ်ပြောဆိုလိုက် သည်။

"တော်ပါတော့ဟာ၊ အခုမှ စအိပ်ရတာဟ၊ အိပ်ရတာ ဖိမ်ကိုမရှိဘူး၊ နင့်ပဲပြုတ်ကို အိမ်ရှေ့လှေကားမှာ ချိတ်ချင်ရင် ချိတ်ခဲ့၊ မချိတ်ချင်ရင်လဲ နင့်သဘော၊ မိန်းကလေးတန်မဲ့ ကျယ်လိုက်တဲ့ အသံကလဲ လော်စပီကာတပ်စရာ တောင် မလိုဘူး၊ ဒါကြောင့်လဲ နင်ယောကျ်ားမရတာ၊ ကဲ တော်ပြီ ငါ့ရဲ့ အိပ်ချိန် အတော်လျော့နေပြီဟ"

ဘုန်းမောင်၏ ဘောက်ဆတ်ဆတ် အော်ဟစ်ပြောဆိုမှုကြောင့် မညိုမှာ ကြောင်တောင်တောင်ဖြင့် အတန်ကြာ တိတ်ဆိတ်သွားပြီးသည့်နောက် စက္ကန့်မျှပင်မကြာလိုက် နောက်တစ်ဖန် ထွက်ပေါ်လာသော မညို၏ပေါက်ကွဲသံသည် အီရန်နိုင်ငံလုပ် ဗုံးထက်ပင် ပို၍ ကျယ်လောင်စွာ မြည်ဟည်းသည်ဟု ထင်ရပေသည်။

"ဘာတော့၊ တော့်အကြောင်းကို သိလို့ စေတနာနဲ့ လှမ်းအော်ပြီးပြောတာကို ကျုပ်ရဲ့စေတနာကို တော်စော်ကားတာပဲ၊ တော့်လို မဖြစ်စလောက် စာမူခနဲ့ ထန်တစ်လုံး ပန်တစ်လုံးလုပ်ပြီး လေကို ဆိုင်းပိုင်းနဲ့ ယပ်ခပ်ယူနေရတဲ့သူကများ ပြောရရှိသေး၊ ကျုပ်က သနားလို့ စားစေတော့ စေတနာနဲ့ ပဲပြုတ်အကြွေး ချောင်းမလို့ဟာကို၊ တော်ပြီ တော့်လို သူကို ဘယ်တော့မှ ပဲပြုတ်အကြွေး ရောင်းတော့ဘူး၊ တော်ယူထားတဲ့ ပြုတ်အကြွေး သုံးရာကို ဒီနေ့ အကျေ ပေါ့ ဟင်း ကျုပ်ယောကျ်ားမရတာ တော့်အပူတစ်ပြားသားမှမပါဘူး၊ ပိုလို့ ကျုပ်လို အပျိုလေးကို ပြောတယ်တော်၊ တော့်လို စိတ်ကူး ယဉ်နဲ့ စာမူခမျှော်စားတဲ့လူမျိုး ဘယ်မိန်းကလေးမှ မယူဘူး တော်ကြပ်ကြပ်ကြီး မှတ်ထား"

ကျယ်လောင်စွာ မြည်ဟည်း သော ပဒေသာဗုံးများလား မဆိုနိုင်ပါပေ။ တသီတတန်းကြီး မြည်ဟည်းသွားသကဲ့သို့ မညို၏ နှုတ်မှ အဆက်မပြတ်ပေါက်ကွဲလျက် တဖြည်းဖြည်း ဝေး၍သွားလေတော့သည်။

ထိုအခါမှပင် စောင်ခြုံထဲမှ ပုဆိုးခြုံ၍ကွေးနေသော စာရေးဆရာလေး ဘုန်းမောင်သည် အမှတ်ရခြင်းများစွာဖြင့် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားရသည်။

"ဟိုက် ဟုတ်သားပဲ၊ ငါ မညိုကို ပဲပြုတ်ကြွေးဆပ်ဖို့ ကျန်ပါသေးလား၊ တော်တော် အသုံးမကျတဲ့ ငါပါလား၊ မညိုကို စိတ်ပေါက်ပေါက်နဲ့ ပြောလိုက်မိတဲ့ အဖြစ်က ကိုယ့်ထမင်းအိုး ကိုယ် ရိုက်ခွဲလိုက်တဲ့ အဖြစ်ပဲ၊ သေလိုက်ပါတော့ ဘုန်းမောင်ရာ"

မိမိနဖူးအား မိမိရိုက်လျက် နောင်တရခြင်းများစွာဖြင့် . . . ။

(၂)

မညိုကို မည်သို့ တောင်းပန်ရမည်မသိ။ တောင်းပန်လို့ကော သူမက လက်ခံပါမည်လား။ မည်သို့ပင်ဖြစ်စေ တောင်းပန်ရမည်ဖြစ်၏။ လူအောက်ကျို့၍ လူမသေနိုင်။ မိမိကလည်း မိမိ။ မိမိအား အကြွေးပေး ကျေးဇူးရှင်ကို ပြစ်မှားစော်ကားလိုက်သည့်ပုံစံ။ အိပ်ချင်ဇောဖြင့် ပြောမိလေသော မိမိ၏ အမှားစကားများအတွက် မိမိအား အကြွေး ရိက္ခာ ထောက်ပံ့နေသူ ပဲပြုတ်သည် အမူတုံးလေး မညိုအား မဖြစ်မနေ ကျေနပ်အောင် တောင်းပန်ရချေတော့မည်ဟု ဘုန်းမောင်၏ စိတ်ကူးထဲ၌ တွေး၍နေလေသည်။

မည်သို့ပင်ဖြစ်စေ ဘုန်းမောင်သည် အမှန်တကယ်ပင် နေမြင့်မှထဖြစ်သည်။ အိပ်ရာထ၍ မျက်နှာသစ်သွားတိုက်ရန် အိမ်ရှေ့အတွက် အိမ်ရှေ့လှေကားထိပ် အိမ်တိုင်ရှိ သံငုတ်၌ ပဲပြုတ်ထုပ်လေးသည် အခွံသားရှိနေသည်။ ဘုန်းမောင် အထူးပင် အံ့ဩရသည်။ ထို့ပြင် ကျေးဇူးလည်း တင်ရသည်။ သို့သာမက မညို၏ စေတနာကိုလည်းနားလည်သဘောပေါက်ခဲ့ရသည်။

မနက်ဝေလီဝေလင်း မှုန်တရီ၌ မိမိအနေဖြင့် ဒေါသအလျှောက် မညိုအား ပြောမိသည်များကို စိတ်မကောင်းဖြစ်နေပေသည်။ ဘုန်းမောင်သည် ယခုမှပင် မညိုအား အားလည်းနာ၊ သနားလည်းသနား ဖြစ်ရသည်သာမက မညိုအား မည်သို့တောင်းပန်ရမည်ကို စဉ်းစားရသည်။

လူဟူသည်ကား အရေးကြုံပါက မိမိ၏ အတ္တကိုသာ ကြည့်သည်ကား မှန်ပါ၏။ မိမိသည်လည်း အတ္တသမားဖြစ်ကြောင်း မိမိအသိစိတ်ဖြင့် ဝန်ခံမိပါသည်။ မိမိသည် ဘွဲ့ရပညာတတ် စာရေးဆရာ ဖြစ်သော်လည်း ဆင်ခြင်တွေးတောမှု အားနည်းခဲ့သည်မှာ အလွန်ပင်ရှက်စရာကောင်းလှသည်ဟု ဘုန်းမောင် တွေးမိသည်။

ပဲပြုတ်သည် မညိုမှာမူ လွန်ခဲ့သော သုံးနှစ်ခန့်က ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းမိခဲ့သော ဘိုကလေးမြို့နယ်ရှိ ချောင်ကျသော ရွာကလေးမှ ဖြစ်သည်။ ရန်ကုန်မြို့ ဆင်ခြေဖုံးသို့ ရောက်လာသော တောသူမလေး မညိုမှာ သူမ တစ်ဦးတည်းမဟုတ်။ သူမ၏ မိခင်အို ပါလာ၏။ ဖခင်နှင့် အစ်ကိုမှာ နာဂစ်တွင်ပါ သွားသည်မို့ တစ်သက်တာ သူမတို့ထံ ပြန်မလာလေတော့။ မညိုတစ်ယောက်မုန်တိုင်းကိုအကြောက်ကြီး ကြောက်သွားခဲ့ရသည်။ မိခင်မှာမူ သူမ၏ ခင်ပွန်းနှင့် သားကြီး ဆုံးပါး ပျောက်ကွယ်သွားသော ထိုနေရာ၌သာ ဆက်၍နေလိုသော်လည်း သမီးဖြစ်သူ မညိုမှာ ထိုနေရာ၌ နေလိုသောဆန္ဒ မရှိခြင်းကြောင့် မိခင်အား သူမကိုယ်တိုင် ချော့ရောင်းကျွေးမည်။ လောကတွင် သားအမိနှစ်ယောက်တည်း ရန်ကုန်နယ်မြေ၌ ဘဝရပ်တည် ဆက်လက်ရှင်သန်မည် ဟူသော စည်းရုံးစကားတို့ဖြင့် ရန်ကုန်သို့ တက်လာခဲ့ကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မှန်ပါသည်။ မညိုသည် အပြောနှင့်အလုပ် တစ်ထပ်တည်းကျခဲ့ပါသည်။ မိခင်ဖြစ်သူအား စိတ်အပြိုင်ပြင်မခံ။ မိခင်စိတ်ချမ်းချမ်းသာသာနေနိုင်ရန် မညိုကြိုးစား၍ အလုပ်လုပ်ပါသည်။ နယ်မှလာကြသော တခြားမိန်းကလေးများကဲ့သို့ စက်မှုဇုန်များတွင် သွားရောက်၍ အလုပ်မရှာ။ ဈေးရောင်းခြင်းဖြင့်သာ နေ့စဉ် ငွေကြေးရရှိနိုင်ရန် ကြိုးစားရုန်းကန်ခဲ့ပါ၏။ သူမသည် မြို့ပတ်ရထား ဘူတာများတွင် ပဲပြားသုပ်၊ ကြာဆံသုပ်များကို ရောင်းချခဲ့သည်။ ရေခဲရေကိုလည်း ယောက်ျားလေးများနည်းတူ မြို့ပတ်ရထားပေါ်တွင် တစ်ခါတစ်ရံ လိုက်လံရောင်းချသေးသည်။ မနက်ပိုင်းတွင်မူ ရပ်ကွက်ထဲ၌ ပဲပြုတ်ရောင်းခြင်းအပြင် ခြိုးခြံချွေတာမှု လမ်းစဉ်ကြောင့် သူမတို့ သားအမိနှစ်ဦးမှာ ချောင်ချောင်လည်လည် ရှိခဲ့ပေသည်။

ပဲပြုတ်သည် မညိုသည် ရှစ်တန်းအထိသာ ပညာသင်ကြားခဲ့သူဖြစ်သော်လည်း စာတိုပေစများအား ဖတ်လေ့ဖတ်ထ ရှိပါသည်။ ပညာအနေအထားအားဖြင့် နည်းပါးသော်လည်း သတင်းစာ၊ ဂျာနယ်ဟောင်းများ၊ မဂ္ဂဇင်းဟောင်းများအား ခင်မင်သူများထံမှ တောင်းခြင်းဖြင့်လည်းကောင်း၊ ဝယ်ယူခြင်းဖြင့်လည်းကောင်း လေ့လာဖတ်ကြား၍ ဗဟုသုတပွားစည်အောင် ကြိုးစားနေသူ ဖြစ်သည်။

ပဲပြုတ်သည်မညို၏ အကြောင်းကို ဘုန်းမောင်တစ်ယောက် နှံ့နှံ့စပ်စပ် သိနေခြင်းမှာ တခြား မကြောင်းမပါ။ နေ့စဉ် နံနက်တိုင်း မညိုထံမှ ပဲပြုတ်ဝယ်ရင်းမှ စပ်စုထားသည်ကြောင့်သိနေခြင်း ဖြစ်သည်။ ဘုန်းမောင်သည် ထိုသို့ မေးမြန်းခြင်းမှာ မညို၏ဘဝအကြောင်း စိတ်ဝင်စားဖွယ် ထူးခြားပါက ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါးစသည်ဖြင့် ရေးသားနိုင်ရန် စာရေးဆရာများရဲ့ လက်သုံးစကားအရ စာပေကုန်ကြမ်း ရှာသည်ဟု ဆိုရပေမည်။

မညိုနေထိုင်သော ဤရပ်ကွက်ထဲ၌ စာရေးဆရာသုံးလေးဦးခန့် နေထိုင်ကြပါသည်။ တစ်ရပ်ကွက်တည်း၌ ထိုစာရေးဆရာများ နေထိုင်ကြသော်လည်း လမ်းမှာမူကား ကွဲပြားပါ၏။ မညိုသိသော ဘုန်းမောင်အပါအဝင် စာရေးဆရာများသည် ပဲပြုတ်အကြွေးဝယ်ရာတွင် တူညီကြ၏။ ပိုက်ဆံမရှိတာချင်း တူညီကြ၏။

စာရေးဆရာများသည် အများအားဖြင့် အပြောကြီးကြ၏။ စာပေသူရဲကောင်းကြီးများပမာမှတ်သလောက်သားသလောက် စာပေအကြောင်းများကို ရင်ကော့၍ ပြောတတ်၏။

တစ်ခါတစ်ရံ စာရေးပြီး ထမင်းစားတာမဟုတ်။ ထမင်းစားပြီး စာရေးသည်ဟု ကြွေးကြော်လိုက်သေးသည်။ သို့သော် အိမ်တွင်မူ စားစရာ ဆန်ရှိမနေတတ်။ ထို့အပြင် မညိုသိသော စာရေးဆရာများ တူညီသောအချက်မှာ မြို့ထဲမှ ညနေအိမ်ပြန်ချိန်တိုင်း အရက်မူး၍ ပြန်လာကြခြင်းပင်။

စာရေးဆရာဟူသော ထိုသူတို့အား မညိုအနေဖြင့် တစ်ချိန်လုံး ထိုင်ကြည့်နေ၍ ထိုသူတို့ အကြောင်းများကို သိနေသည်မဟုတ်။ ဈေးရောင်း ဈေးဝယ်ထွက်နေသော မညိုအဖို့ တစ်နေ့မဟုတ် တစ်နေ့ မတွေ့ချင် မြင်ရက်သားဖြစ်နေခြင်းကြောင့်ပင်။

ရပ်ကွက်ထဲမှ စာရေးဆရာ သုံးလေးယောက် ရှိသည့်အနက် စာရေးဆရာလေး ဘုန်းမောင်မှာမူ တစ်မူထူးခြားသည်။ တစ်နည်းအားဖြင့် နှာတစ်ဖျားသာသည်ဟု ဆိုရမည်ဖြစ်သည်။ ရန်ကုန်မြို့ထဲသို့ ထွက်လေတိုင်း သပ်သပ်ရပ်ရပ်ဖြင့် လူရည်သန့်ဟု ဆိုရပေမည်။ မညို သိရသလောက် ဘုန်းမောင်သည် ဒဿနိကဖြင့် ဘွဲ့ရရှိသည်မှာ ရိုးရိုးမဟုတ် မာစတာတန်း (ဘွဲ့လွန်) တက်နိုင်သည့်အဆင့်ရှိ၏။ သူ၏ မိဘများသည် ငွေကြေးချမ်းသာ၍ ဆန်စပါးပွဲရုံလုပ်ငန်းရှင်များဟု သိရသည်။ ပဲခူးတိုင်း ဒေသကြီးအတွင်းမြို့ တစ်မြို့မှ ဖြစ်ပေသည်။

ဝါသနာအရ ရံဖန်ရံခါ စာပေရေးသားခြင်းကို သူ၏ မိဘများမှ မပြောသော်လည်း စာပေဖြင့် ဘဝရပ်တည်မည်ဟူသော ဘုန်းမောင်၏ ခံယူချက်ကိုမူ အကြီးအကျယ် ကန့်ကွက်ခဲ့သည်။ မိဘများ၏လက်ငုတ်ပွဲရုံလုပ်ငန်းအား မိဘများမှ လွှဲပြောင်းလုပ်ကိုင်စေလိုသည်။ ထို့ပြင် မိဘများ သဘောတူသော ဂုဏ်ရည်တူ မိန်းကလေးတစ်ယောက်နှင့် လက်ထပ်ထိမ်းမြားစေလိုသည်။

ဘုန်းမောင်မှလည်း မိဘများ၏ လိုအင်ဆန္ဒများကို မလိုက်လျော။ သူ၏ ညီငယ် ဌေးမောင်အား မိဘများ ဆန္ဒအရ လုပ်ကိုင်စေပြီး သူကမူ အိပ်ရာလိပ်၊ သေတ္တာတစ်လုံးဖြင့် စာရေးဆ ဘဝ၌ နှစ်မြှုပ်ရန် ရန်ကုန်သို့ ဆင်းလာခဲ့သည်။ ရန်ကုန်၌ အစားဆင်းရဲ အနေဆင်းရဲဖြင့် ဝါသနာပါရာ စာရေးသားခြင်းဖြင့် ဘုန်းမောင်အသက်ဆက်သည်

ထိုသို့ မညိုအနေဖြင့် ဘုန်းမောင်အကြောင်း သိရသည်မှာ မညို ဘုန်းမောင်အား စိတ်ဝင်စား၍ စပ် ခြင်းမဟုတ်။ နံနက်တိုင်း ပဲပြုတ်အကြွေ ရရှိရေးအတွက် ဘုန်းမောင်မှ သူ့အ အကြောင်းကို စိတ်ဝင်စားဖွယ်ရာ ဖွဲ့နွဲ့ မညိုအား ပြောပြခဲ့ခြင်းကြောင့် သိရခြင်း ဖြစ်သည်။

"ဒီလိုရှိတယ် မညို၊ ငါ့အ အကြောင်းကတော့လေ" စသည်ဖြင့် စာရေးဆရာပီပီ လွှမ်းလွှမ်းဆွေးဆွေး ပြောပြသည့်အခါ မည်သို့သော ရေ မြောက်သွားသည် မသိ။ ရယ်ရသည့် အခါတွင် မညို ရယ်သည်။ ငိုရသည့် အခါတွင် မညို တရှုပ်ရှုပ်။

ဤသို့ဖြင့် နေ့စဉ်ဆိုသလို မညို ပဲပြုတ်အား လက်ငင်းကနည်းနည်း အကြွေးကများများ ရရှိ၍ ဟင်းကြ ကိစ္စ မပူမပင်ဘဲ နေခဲ့သည့်ရက်များ မရေမတွက်နိုင်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံတွင် ဘုန်းမောင်မှာ ...ကုန်ထဲတွင် သူ၏ညီငယ် ဌေးမောင် နှင့် ဆုံသည့်အခါတိုင်း ညီငယ်ဖြစ်သူမှ ...ါသမျှငွေကြေးများ ပေးသွားသည့်အခါ တွင် သူ၏ မာန မတင်းနိုင်၊ ယူရပါ၏။ ...ားရမ်း၍ နေထိုင်သော အိမ်ဖြစ်ခြင်း ကြောင့်လည်း လစဉ်မှန်မှန် အိမ်လခ ပေးရ၏။ ထိုအခါများတွင် ညီငယ်မှပင် ...ူညီဖြေရှင်းသွားသည်က များသည်။ သူ၏ ညီငယ်ဌေးမောင်မှာ မိဘများ၏ စီးပွားရေးလုပ်ငန်းများကို လွှဲပြောင်း၍ ဦးစီးလုပ်ကိုင်နေပြီဖြစ်ရာ ဘုန်းမောင်မှ ညီငယ်အား ငွေကြေးမတောင်းသော် လည်း ညီငယ်မှ လိုလိုလားလားပေး သွားသည်ချည်း။ ညီငယ်မှလည်း. . .

"ကိုကိုရဲ့ ရည်မှန်းချက်ကို ဖြစ် အောင် ကြိုးစားပါ" ဟု အစ်ကိုကြီး အကြိုက်ပြောသွားသည်ကြောင့်လည်း ဘုန်းမောင်မှာ ပီတိတဝေဝေဖြင့် ညီ ငယ်အား . . .

"စိတ်ချပါ၊ ကိုကို ကြိုးစားနေပါ တယ်" ဟူ၍သာ။

(၃)

ပဲပြုတ်သည်မညိုသည် နေ့စဉ် နှင့်အမျှ ရောင်းရေးဝယ်တာများဖြင့် အလုပ်ရှုပ်နေသော်လည်း စာပေ ဗဟု သုတအား လက်လှမ်းမီရာ ရှာဖွေခဲ့ပါ သည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း များ ဖတ်ခြင်းဖြင့် စာရေးဆရာများအား အထင်ကြီးလေးစားခဲ့ပါ၏။ သို့သော် စာရေးဆရာများ၏ တကယ့်လက်တွေ့ ဘဝတွင်မူ တစ်မျိုးတစ်မည်ဖြစ်သည် ကြောင့် စာရေးဆရာများ၏ဘဝအား ညိုတစ်ယောက် မည်သို့နားလည်ရ ည်မှန်းမသိပါချေ။ မညို နားမလည် သည်ကို ဆရာလေး ဘုန်းမောင်မှ ...တ်သမျှ မှတ်သမျှ ရှင်းပြခဲ့ပါသည်။

"ငါတို့ စာရေးဆရာဆိုတာက ...ဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ ...သာ၊ မစ္ဆရိယ ဆိုတဲ့ အရာမှန်သမျှ ...စ်မှုန်မျှ မကျန်အောင် အမှန်သိ တွေနဲ့ ရှင်းလင်းထားပြီးဖြစ်တယ် မညို၊ ဒါကြောင့် ဒီစာရေးလိုက်လို့ ငွေကြေး အတိုင်းအတာ ဘယ်လောက် ရသင့် တယ်လို့ ဘယ်လိုမှ တွေးမထားကြဘူး၊ ငါ စာရေးလိုက်လို့ ဂျာနယ်တစ်ခုခု၊ မဂ္ဂဇင်းတစ်အုပ်အုပ်မှာ ဖော်ပြခြင်းခံရ တာနဲ့ ဖြစ်ပေါ်လာတဲ့ ဝမ်းသာကြည်နူး မှုဟာ ဘယ်လိုမှ တန်ဖိုးဖြတ်မရသလို ခံစားရတယ် မညို၊ ပိုပြီး ကြည်နူးရတာ က ကိုယ်ရေးတဲ့စာကို စာဖတ်သူတွေ ဖတ်ကြပြီဆိုတဲ့ ပီတိပဲဟ၊ အင်း ကိုယ့် စာတွေကို ဘယ်လိုရသတွေ ဘယ်လို ဒဿနတွေနဲ့ ကြိုးစားပြီးရေးပေမယ့် မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေမှာ ပါမလာခဲ့ ဘူးဆိုရင် ပါမလာမှန်းသိလိုက်ရတဲ့ နေ့ ဟာ ငါတို့ဘဝကြီးတစ်ခုလုံး မီးလောင် သလိုခံစားရပါတယ်ဟာ။

ဒါကြောင့် လူသားတွေအတွက် အကျိုးရှိသည်ထက် ရှိလာဖို့ စာရေး သားမှုကို ကောင်းသည်ထက် ကောင်း အောင် ရေးသားရင်းနဲ့ စာပေဟာ လူသားအတွက် နိုင်ငံအတွက် ကမ္ဘာကြီး အတွက် ယဉ်ကျေးမှု တစ်ရပ်အဖြစ် တည်ရှိလာခဲ့တာ အခုထိပါပဲ၊ လူတိုင်းရဲ့ ပါးစပ်ဖျားမှာ စာပေနဲ့ ဆက်နွှယ်တဲ့ ယဉ်ကျေးမှုတွေ သုံးစွဲပြော ဆိုနေကြ သလို ကိုယ်တိုင်လဲ ကျင့်သုံး လာခဲ့ကြ တယ်။

ဒါပေမဲ့ ယဉ်ကျေးမှုတစ်ရပ် ဖြစ် ပေါ်စေတဲ့ စာရေးဆရာတွေရဲ့ ဘဝ တွေကတော့ တစ်ခါတလေ သာမန်လူ သားတွေဘဝထက် သိပ်အောက်တန်း ကျတယ်လို့ ဆိုရလေမလား မသိဘူး မညို၊ အဲဒီအခါများမှာ တို့တစ်တွေရဲ့ စိတ်ဓာတ်တွေဟာ ဟိုးသုညအောက် ဒီဂရီထိ ကျသွားတာလဲ ရှိခဲ့တယ်၊ ဒီလောက် စိတ်ဓာတ်ကျပေမယ့် စာရေး ဆရာတွေရဲ့ စိတ်ဓာတ်က မပြောင်းမလဲ ရှိစေတာကတော့ ဒါကလဲ သူတို့ရဲ့ ပင်ကိုဗီဇနဲ့လဲ ဆိုင်တာပေါ့ဟာ"

မညိုအဖို့ အနီးစပ်ဆုံး သဘော ပေါက်သွားမည်ဟု ဘုန်းမောင်ထင်မြင် ယူဆပေသည်။ မညိုသည်လည်း လွယ် လွယ်ဖြင့်ပင် သဘောပေါက်ခဲ့ပါ၏။ ထို့ကြောင့်ပင် ဘုန်းမောင်အား ခင်မင် သည့်အလျောက် ဘုန်းမောင်အား ပဲပြုတ်အကြွေး ပေးခဲ့သည်ပင်။

ယခု ဘုန်းမောင်တစ်ယောက် ပဲပြုတ်သည် မညိုအား အနူးအညွတ် တောင်းပန်ရပါလိမ့်မည်။ နေမြင့်သည် နှင့် မညိုသည် ပဲပြုတ်ခံတောင်းလေး အားရွက်လျက် ဘေးအခန်းများသို့ ပဲပြုတ်အကြွေး လိုက်လံတောင်းလျက် ရှိပါ၏။ ဘုန်းမောင်သည်လည်း အဝတ် အစား သန့်သန့်ပြန့်ပြန့် ဝတ်ဆင်လျက် မြို့ထဲရှိ စာပေတိုက်များသို့ မသွားခင် မညိုအား တောင်းပန်မည်ဟု စောင့်စား နေခိုက် မိမိအခန်းဘက်သို့ လှည့် မကြည့်ဘဲ စောင့်စား အကြွေးတောင်း နေသော မညိုအား ဘုန်းမောင်မှ. . .

"မညိုရေ ဒီဘက်ကိုလဲ လာခဲ့ ပါဦး၊ ငါလဲ သွားစရာရှိသေးတယ်"

ဘုန်းမောင် လှမ်းခေါ်မှုကြောင့် မညိုသည် မလာချင် လာချင်ဖြင့် ဘုန်း မောင်၏ အိမ်ခန်းရှေ့သို့ ရောက်လာ သည်။ အသား ညိုညက်ညက်တွင် ရွှေပြည်နန်း သနပ်ခါးလေး လိမ်းခြယ် ထားသည်မို့ မြန်မာဆန်ဆန် လှနေပါ ၏။ ဘုန်းမောင်အနေဖြင့် မြန်မာအမျိုး သမီးများသည် အများအားဖြင့် ခေတ် ရှေ့၌ လိုသည်ထက် ပိုပြေးနေသော အလှအပ ပစ္စည်းများကို မမြတ်နိုးတတ်၊ မြန်မာ့သနပ်ခါးကို မြန်မာမလေးများ ချောသည်ဖြစ်စေ၊ လှသည်ဖြစ်စေ၊ အရုပ်ဆိုးအကျည်းတန်သည်ဖြစ်စေ၊ ရွက်ကြမ်းရည်ကျိုပဲဖြစ်စေ သနပ်ခါး လိမ်းခြယ်ထားပါက ဂုဏ်ယူ နှစ်သက် တတ်ပေသည်။

"မညို မနက်တုန်းက ငါသတိ လက်လွတ်အော်မိတာကို ခွင့်လွှတ်ပါ ဟာ၊ ငါ တစ်ညလုံး စာရေးရတာဆို တော့ ပင်ပန်းပြီး စိတ်တိုမိတာပါ တကယ်တော့ ငါ မညိုကို ဒီလို မပြော သင့်ပါဘူး၊ ငါ မှားပါတယ်ဟာ ငါတို့



www.burmeseclassic.com

www.burmeseclassic.com

ခွင့်လွှတ်ပါ၊ နောက်ပြီးတော့လေ ပဲပြုတ်အကြွေးကိုလဲ ဒီနေ့ စာမူခထုတ်ရင် ဆပ်ပါ့မယ်"

မညိုသည် ဘုန်းမောင်အား မျက်စောင်းထိုးလျက်. . .

"တော်ပြောလို့ ကျုပ်ပြောရတာ၊ ပဲပြုတ်အကြွေးက ဆပ်စရာမရှိလဲ နောက်မှဆပ်လို့ရပါတယ်၊ တော်နဲ့ကျုပ် စကားအဆင်မပြေဖြစ်ကြပေမယ့် ကျုပ်တော့်ကို မေတ္တာမပျက်ပါဘူး၊ တော့်ကို ပူပူနွေးနွေးပဲပြုတ် စားစေချင်လွန်းလို့ အသံပေးမိတာပါတော်၊ ကျုပ်ကလဲ ကျုပ်ပါပဲ"

ပြာလဲ့သော မညို၏ မျက်ဝန်းလေးများသည် အရောင်ဝင်းလဲ့နေသကဲ့သို့ လှုပ်ရှားမှု ဟန်ပန်များသည်လည်း မြန်ဆန်လှပါဘိ။ အားနာဟန်ရှိနေသော စာရေးဆရာလေး ဘုန်းမောင်၏ နီရဲသော မျက်နှာအား မညိုသည် လှမ်းကြည့်လျက်. . .

"တော်တော်ရိုး တော်တော်အတဲ့လူ တစ်ယောက်ပဲ၊ ဒါကြောင့်လေ တော့်ကို ကျုပ်. . ."

မညို ဆက်မတွေးဖြစ်တော့။ စိတ်ကူးမယဉ်ရဲတော့။ မညိုတစ်ယောက် ပဲပြုတ်ခံတောင်းအား ရွက်၍ ဘုန်းမောင်၏ အိမ်ခန်းရှေ့မှ လမ်းပေါ်သို့ ထွက်ခဲ့ရာ အိမ်ခန်းထဲမှ ဘုန်းမောင်မှ ထွက်သွားသော မညိုအား နောက်မှ လှမ်း၍ . . .

"ညနေမှ ပဲပြုတ်ဖိုး ဆက်ဆက်ယူပါနော်" ဟု မညိုအား လှမ်း၍ပြောလိုက်သည်။ မညိုမှလည်း ဘုန်းမောင်အား ပြုံးယောင်ယောင်မျက်နှာပေးဖြင့် လှည့်ကြည့်ပြီး. . .

"အင်းပါ အင်းပါ" ဟုပြောလျက် လမ်းတစ်ဖက်သို့ ကူးသွားလေတော့သည်။ ဘုန်းမောင်၏ အပြုံးသည်လည်း မှိုရသည့် မျက်နှာပမာ ဖြစ်နေကြောင်း မပြောဘဲနှင့် သိနိုင်လောက်ပါသည်။

❒ မောင်သာမန်(ဇီးကုန်း)

(၁)

စောင်းဆရာလေး ကိုသီလ၏ ခေါင်းပေါင်းစသည် အရှိန်နှင့်တိုက်ခတ်နေသော လေပြင်းဒဏ်ကြောင့် တဖျပ်ဖျပ်လွင့်နေ၏။

လပြည့်နေ့ညမို့ လသည် ဝိုင်းဝိုင်းစက်စက် ပြည့်ပြည့်ဝဝကြီး သာနေ၏။ နှင်းရည်စိုရွှဲနေသော ညမွှေးပန်းရနံ့တို့လည်း မွှေးပျံ့ကြိုင်သင်းနေသည်။

စောင်းဆရာလေး ကိုသီလသည် လမ်းကလေးမှုန်မှုန်အတိုင်း တောင်ကမ်းပါးယံရှိရာဘက်သို့ တက်လှမ်းလာခဲ့သည်။

သူ့တည်းခိုအိမ်နှင့် တောင်ကမ်းပါးယံရှိရာသည် အတော်ကြီးဝေးကွာလှသဖြင့် လျှောက်ခဲ့ရသာ ခရီးအတွက် သူသည် အတန်ငယ်မောဟိုက်၍နေခဲ့၏။ သူသွားရမည့် တောင်ကမ်းပါးယံလည်း စင်စစ်တောင်နှစ်လုံးဟု ယင်းဒေသမှ ရှေးလူကြီးတို့က ခေါ်ဝေါ်သမုတ်ကြသည့်အတွက် ညီတော်တောင်၊ နောင်တော်တောင် ဟူ၍ တွင်နေ၏။

ညီတော်၊ နောင်တော် တောင်နှစ်လုံးကြားတွင်ကား တသွင်သွင်တငြိမ့်ငြိမ့်ဖြင့် တောင်ကျရေတို့ အမြဲမပြတ် စီးဆင်းနေသော စမ်းချောင်းကျယ်တစ်ခုရှိနေ၏။

စမ်းချောင်းက ညီတော်၊ နောင်တော်တောင်၏ ကမ်းပါးယံအောက်ခြေကို ကွေ့လည်ဝိုက်ပတ်၍ စီးဆင်းနေရသဖြင့် မတ်စောက်သော တောင်ကမ်းပါးယံ နှစ်ခုကြားက လရောင်ဖြင့် ငွေသားမျှင်ကလေးအသွင် အပေါ်စီးမှကြည့်လျှင် တင့်တယ်နေပါ၏။ သို့ရာတွင် နက်ရှိုင်းသော အောက်ခြေသို့

ဆင်း၍ အနီးကပ်ကြည့်မည်ဆိုပါလျှင် မှိုမောက်ချွန်ထွက်နေသော ကျောက်တုံးကျောက်သားစိုင်များကြား ထိုးဖောက်စီးဆင်းနေရသည်ဖြစ်၍ တဟဲဟဲ တဝုန်းဝုန်း အဘဲဆိုးများမြည်ကာ ခုန်ပေါက်စီးဆင်းနေခြင်းကို အသည်းယားဖွယ် ကြောက်လန့်ဖွယ် စမ်းချောင်းကြီးအဖြစ် မြင်ကြရမည် အမှန်ပင်။

တောင်ကမ်းပါးယံ နှစ်ခုပေါ်မှ စမ်းချောင်းကျယ်ကြီးရှိရာ ချောက်အတွင်းသို့ လူဖြစ်စေ၊ ခရီးကျွဲလာသော တိရစ္ဆာန်တစ်ကောင်ကောင်ဖြစ်စေ ချော်လက်ချော်ကျသွားပါက မြင့်မတ်ပြီး ကျောက်စွန်း ကျောက်စွယ်များကြောင့် အသက်နှင့်ကိုယ် အိုးစားကွဲတတ်သည်ဖြစ်၍ မရဏစမ်းချောက်ဟု ဒေသခံတို့က ခေါ်ဆိုသမုတ်ထားကြလေသည်။

စောင်းဆရာလေး ကိုသီလမှာ ဒေသခံမဟုတ်ဘဲ အာဂန္တုဧည့်သည် ဖြစ်၍ ထိုစမ်းချောင်းပြင်ကျယ်ကို အဝေးမြင်အာရုံနှင့် ခံစားကာ အနုပညာသည် ပီပီ ကဗျာဆန်ဆန်လေး မြစမ်းရေယဉ်သာဟု အမည်သစ်ကလေး တင်စားခဲ့ညွှန်းခဲ့လေသည်။

ညီတော်တောင်၏ ဒီမှာဘက်နှင့် နောင်တော်တောင်၏ ဟိုမှာဘက်ဆီသို့ သွားလာဆက်သွယ်မှု လွယ်ကူစေရန်အတွက် တောင်ကမ်းပါးယံနှစ်ခုကြားတွင် မြစမ်းရေယာဉ်သာကိုဖြတ်၍ ဝါးတံတားရှည်တစ်ခုက ပေါင်းကူးဆက်သွယ်ပေးထားသည်။

ယင်း ဝါးတံတားရှည်ကလေး ဖြတ်လျှောက်၍ နောင်တော်တောင် ထုံးဖွေးဖွေး လွမ်းစေတီကလေး ဖူးမြော်နိုင်ပေသည်။

စောင်းဆရာလေး ကိုသီလ ညီတော်တောင်၏ ကမ်းပါးယံရောက်ရှိလာခဲ့သည်။ ဂရုတစိုက်နှင့် တစ်စုံတစ် ကို ရှာဖွေနေဟန်ဖြင့် ကိုသီလ မျက်လုံးများသည် ဂနာမငြိမ် ရှိလှသည်။ နှလုံးသားအစုံမှာလည်း လှုပ်ရှားလျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဝါးတံတားရှည်ကလေး တစ်ဖက်ထိပ် နောင်တော်တောင်ဘက်ဆီသို့ သူ့အကြည့်တွေ ရောက်နေခြင်းလည်း ဖြစ်သည်။

သူ စွဲမှတ်မှည့်ခေါ်ထားသော မြစမ်းရေယဉ်သာ ဝါးတံတားရှည်အောက် တောင်ကမ်းပါးယံနှစ်ခုကြားမှာ တိုးဝင်ဖြတ်သန်း စီးဆင်းနေသံကို သူက တေးပဋ္ဌာန်ဖွဲ့သီနေဟန်ပင် ထင်ယောင်မိလေသည်။ ပတ်ဝန်းကျင်တစ်ခုရှိ လရောင်ငွေ့နမ်းထားသော သစ်ရွက်များသည် လေပြည်လေညင်းကြောင့် တရှဲရှဲ တသဲသဲ မြည်သံပြု၏။ စည်းဝါးကျ လှုပ်ခတ်နေသည်ဟုလည်း ထင်မိပြန်၏။

ညဥ့်ငှက်မောင်နှံ၏ သံစုံတူ ကူချွဲသံလည်း ညဥ့်ယံတေးကို သီဆိုနေသည်သို့ ရှိ၏။ ဒါ့ထွေသည်ပင် စောင်းဆရာ အနုပညာသမားလေး ဖြစ်သော မောင်သီလ၏ ရင်ထဲမှ စွဲလမ်းမှု မီးပွားလေးတွေကို လောင်ကျွမ်း လေပင့်ပေးသလိုရှိတော့သည်။

(၂)

စောင်းဆရာလေး ကိုသီလ အတန်ကြာမျှ ကြည့်နေစဉ်မှာပင်. . .

နောင်တော်တောင်ဘက် ဝါးတံတားရှည်ကလေးထိပ်ဆီမှ တိမ်သားစိုင်ကလေး လွင့်လာသလို ဖြူလွလွ အရာတစ်ခုသည် တလှုပ်လှုပ်ဖြင့် ညီတော်တောင်ဘက်ဆီသို့ ရွေ့လျားလာသည်ကို တွေ့လိုက်ရသည်။

စောင်းဆရာလေး ကိုသီလ၏ မျက်နှာကလေး ဝင်းပ၍သွားသည်။ စိတ်အစဉ်လည်း လန်းဆန်း၍လာခဲ့သည်။ လှုပ်ရှားမှုတွေလည်း ပို၍ဖျတ်လတ် မြန်ဆန်လာခဲ့သည်။

စောင်းဆရာလေးမှာ လက်တစ်ဖက်မှ စောင်းကို တင်းတင်းကျပ်ကျပ် ပွေ့ပိုက်ကာ ကျန်လက်တစ်ဖက်ဖြင့် ခနော်ခနဲ့ဖြစ်နေသော ဝါးတံတားလက်ရမ်းကို အားပြုဆုပ်ကိုင်ရင်း ဖြူလွလွ သဏ္ဌာန်ရှင်ဆီသို့ မပြေးရုံတမယ် လျင်မြန်သော အဟုန်ဖြင့် တိုးသွားမိသည်။

နှုတ်ခမ်းအစုံမှလည်း စကားစုတို့သည် တလှိုက်လှိုက်လှဲ့ဖြင့်. . .

"မောင်ကြီး ရောက်နေပြီ၊ မောင်ကြီးနှမ မနှင်းဖြူ အဲဒီဘက်ကသာ စောင့်နေပါ"

ကိုသီလ အော်ပြောသံကြောင့် ဖြူလွလွ သဏ္ဌာန်ရှင် ရွေ့လျားနေရာမှ ရပ်တန့်သွား၏။ သံစုံတူ တေးသီနေသော ညဥ့်ငှက်မောင်နှံမှာ ကိုသီလ၏အသံကြောင့် လန့်ဖျပ်သွားကြဟန်တူသည်။ တောင်ပံ တဖျပ်ဖျပ်ခတ်၍ အဝေးသို့ ပျံပြေးကြ၏။

ကိုသီလသည် မကြာမီ ဖြူလွလွ သဏ္ဌာန်ဆီသို့ရောက်ရှိသွားခဲ့၏။

အသားတော် ဝါရွှေရောင်သည် လရောင် အောက်၌ဖြူ၍ မှုန့်ညက်နေသည့်အပြင် ပကတိဆွတ်ဆွတ်ဖြူကာ ထိုင်မသိမ်းအင်္ကျီနှင့် ပိုးပျော့ထဘီ မိုးပြာနုကြိုးကြိုးချိတ်အဆင်ဖွေးဖွေးကို ဝတ်ဆင်ထားသည်က ငွမ်းသားစိုင်လေးကဲ့သို့ မနှင်းဖြူ၏ အလှသည် သန့်စင်လျက်ရှိနေ၏။

မနှင်းဖြူသည် တောက်ပသော အပြုံးတစ်ခုကို နှစ်လိုဖွယ်ပြုံး၍ ကိုသီလလက်ကို ဆွဲကာ နောင်တော်တောင်ဘက်ဆီသို့ ပြန်လှည့်လျှောက်ခဲ့သည်။

မနှင်းဖြူသည် ကိုသီလအား စကားတစ်ခွန်းမှ မဆိုဘဲ လက်ကလေးကို ဆွဲကာ အတူလျှောက်လှမ်းလာခဲ့သည်။ နောင်တော်တောင်ကမ်းပါးယံကို ကွေ့ဝိုက်၍ တက်လာကြပြီး ယမန်နေ့ညများက သူတို့နှစ်ယောက် အတူယှဉ်တွဲ၍ထိုင်နေကျ ကျောက်ဖျာချပ်အစွန်းတွင် ထိုင်ချလိုက်မိကြသည်။

အနုပညာသမား စောင်းဆရာလေး ကိုသီလသည် တုန်သောရင်၊ ချိ့သောနှလုံးသားဖြင့် လှကေရီရှင် ယမင်းဖြူနှံဘေးတွင် အသာအယာထိုင်ချလိုက်မိသည်။ ကိုသီလ၏ မျက်စိအစုံမှာလည်း ပတ်ဝန်းကျင်ကို ဝေ့လည်၍ ကြည့်မိပြန်၏။ ဒီနေရာမှာ သူက လှစိမ်း ဧည့်... ပင်မဟုတ်လား။ စောစောကသူ့... လှမ်းလာခဲ့ရာ ညီတော်တောင်မှ ... ရေးသာ မြင်ရသော နောင်တော်... ထိပ်ရှိ လွမ်းစေတီဖြူဖွေးဖွေးကို အ... သား မြင်နေရသည့်အပြင် လွမ်းစေ... ၏ ထီးတော်ဆီမှ ရွှေဆည်းလည်း... တချွင်ချွင်ကို အတိုင်းသား ကြား... လေသည်။

ထိုင်နေသော ကျောက်ဖျာစွန်း... မှနေ၍ အောက်သို့ ငုံ့ကြည့်လိုက်သော... အခါ သူ့ရင်ထဲမှာ အေးခနဲဖြစ်သွား... သည်။ ကြည့်စမ်း၊ မြစမ်းရေယဉ်သာ... သူ အမည်ပေးထားသော တောင်... နောင် စမ်းချောင်းသည် မတ်စော... သော ကျောက်တောင်စွန်းထက်မှ ... တံခွန်အဖြစ် တဝေါဝေါ ဒေါသတကြီး... ထိုးထွက်နေသည်က ကြောက်စရာ... အသည်းအေးစရာ။

"မောင်ကြီးက ချောက်ကမ်း... အောက်ကို ငုံ့ကြည့်ပြီး ကြောက်ထ... နေပုံပဲ . . . အဟင်း ဟင်း ခစ် ခစ်"

ကိုသီလ အကြောက်လွန်နေ... ကို မနှင်းဖြူက နှစ်မြိုက်တကြီး တခ... ခစ်လှောင်ရယ်လိုက်သဖြင့် ကိုသီလ... ရှက်အမ်းအမ်းဖြစ်သွားရသည်။

"မောင်ကြီးဟာ အနုပညာ... သမားမို့ အတော်သွေးနုတယ်ထင်ပါ... ဒီက မောင်ကြီးနှမ မနှင်းဖြူလို လွမ်း... စေတီ ဥစ္စာသိုက်ကို တစ်ယောက်တည်း... စောင့်ရှောက်နေရတဲ့ အဖြစ်ဆိုရင်... မောင်ကြီးတော့ ဒုက္ခပဲ"

"မောင်ကြီး သွေးမနုလှပါဘူး... မနှင်းဖြူ၊ သွေးမနုလို့လဲ အန္တရာယ်... အနှောင့်အယှက် ဝိုင်းဝိုင်းလည် စောင့်... ကြပ်ခံထားရတဲ့ မနှင်းဖြူလို ဥစ္စာစောင့်... မလေးကို ချစ်မိတာပေါ့၊

ကဲ. . . အခုပဲ ကြည့်လေ၊ အင်... မတန် အစောင့်အကြပ် ထူပြောပြီး... ကြမ်းတမ်းလှတဲ့ မနှင်းဖြူ အပိုင်စားရတဲ့... နောင်တော်တောင်နယ်မြေကို လာ... တာပဲ ကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com

ကိုသီလ စကားစုကို မနှင်းဖြူ သည် ငြိမ်၍နားထောင်နေရာမှ ပြုံး လျက် မေးခွန်းလေးတစ်ခု ထုတ်သည်။ ထိုသို့သော မေးခွန်းတိုင်းမှာ ချစ်သူတို့ ကြားချင်သော အဖြေလေးက အမြဲ တမ်း ရှိနေတတ်သည်။

"မောင်ကြီးက မနှင်းဖြူရဲ့ ဥစ္စာ စောင့်ပိုင်နက်ထဲကို ဘာလို့မကြောက် မရွံ့ ကျူးကျော်လာရတာလဲဟင်"

"ချစ်လို့"

"ဘာလို့ ချစ်ရတာလဲ ရှင်"

"မနှင်းဖြူလေးရဲ့ ပြုံ့ဘက်ကင်း တဲ့ ဟောဒီ အလှအပလေးတွေကိုက မောင်ကြီးကို ချစ်ရအောင် ညှို့ယူဖမ်း စားနိုင်စွမ်း ရှိလို့ပေါ့ကွယ်"

ကိုသီလသည် ပြောပြောဆိုဆို နှင့် မနှင်းဖြူ၏ ကိုယ်ခန္ဓာကြော့ကြော့ ရှင်းကို သူ၏ရင်ခွင်ကျယ်ကြီးထဲ ဆွဲယူ သွင်းထားလိုက်သည်။

မနှင်းဖြူကလည်း အလိုက်သင့် ဝင် ဆင်စွယ်နှစ်ကဲ့သို့ ဝင်းဖန့်ချောမွတ် နေသော ဖယောင်းလက်အစုံဖြင့် ကိုသီ လ၏ လည်တိုင်ကို သိုင်းဖက်တွဲခိုကာ ချစ်ရည်ရွှန်းလက်သော မျက်ဝန်းအစုံ နှင့် မျက်တောင်ကော့ကြီး နှစ်ခုအား လှန်၍ ကြည့်နေမိသည်။ အနုပညာ သမား ချစ်သူ၏ ရုပ်သွင်သည် ကဗျာ ဆန်နေလိမ့်ဟု ထင်သည်။

ကိုသီလက မနှင်းဖြူ၏ နဖူးပြင် ကို အသာရွရွကလေး နမ်းလိုက်သည်။ မနှင်းဖြူက ကိုသီလ၏ အနမ်းကို မျက် တောင်ကလေးများ စင်းသွားသည်အထိ ခံယူနေမိသည်။ ချစ်သူ၏ အနမ်းသည် ချိုမြိန်ထူးကဲလှသည်ဟု သူမ ထင်လေ သည်။ ကိုသီလ အနမ်းတွေ နယ်ကျူး၍ လာသောအခါ မနှင်းဖြူသည် ရုတ်ခနဲ ကိုသီလ၏ ရင်ခွင်တွင်းမှ မိမိကိုယ်ခန္ဓာ ကို ရုန်းခွာထွက်လိုက်သည်။ ပြီးတော့ ဘာရမလဲ ဟူသော လျှောင်ကြည့်လေး ဖြင့် ကိုသီလကို ကြည့်လိုက်သည်။

ဤသည်ကို ခိုးထုပ်ခိုးထည်နှင့် မိခံလိုက်ရသော သူကဲ့သို့ ကိုသီလ ရှက်သွားမိသည်။ ရှက်သွားသော ကိုသီလကို မနှင်းဖြူက အားရအောင် စနေပြီးမှ ကိုသီလ၏နဖူးပြင်ကျယ်အား သူမ၏ ဖယောင်းလက်သီးဆုပ်ကလေး ဖြင့် ခပ်ဖွဖွလေး ထုလိုက်ပြန်သည်။

ကိုသီလအတွက် နဖူးပြင်ကျယ် ကို ပန်းပွင့်ငယ်လေးနှင့် ပစ်ပေါက်သည့် နှယ် ထင်ရသည်။

"ဟွန်း မောင်ကြီးက မတွေ့လိုက် နဲ့ တွေ့လိုက်ရင် တော်တော်သည်းတယ် သိလား၊ အချိန်တွေ အများကြီး ရှိသေး တယ်၊ မနှင်းဖြူနဲ့တွေ့ရင် မနှင်းဖြူ ကြိုက်နှစ်သက်တာကို ဘယ်တော့မှ ဦးစားမပေးချင်ဘူး"

ပြောရင်း မနှင်းဖြူက ကိုသီလ ဘေးမှာချထားသော စောင်းမှ ပိုးကြိုး ကလေးများကို သူမ၏ လက်ကလေးနှင့် ထိခတ်လိုက်သည်။

မနှင်းဖြူ၏ တောင့်တမှုကြောင့် စောစောက ကျောက်ဖျာချပ်ပေါ်မှာ ချထားသော စောင်းကို စောင်းဆရာ လေး ကိုသီလ သူ၏ချစ်သူ မနှင်းဖြူ စိတ်ကြိုက်တီးပြရန် လှမ်းယူလိုက်သည်။

"မနှင်းဖြူကလေးကို ချစ်တဲ့စိတ် ဇောအာရုံက မောင်ကြီးရဲ့ ဘဝခရီးဖော် စောင်းကလေးကိုတောင် မောင်ကြီး မေ့ သွားရတဲ့အဖြစ်ပါပဲကွယ်"

စိတ်ကောက်လေဟန် ပြောနေ သော မနှင်းဖြူ၏စကားအတွက် ကိုသီ လသည် မနှင်းဖြူအား ဖျောင်းဖျချော့ မော့ပြောရင်း စောင်းကြိုးများ တို့ထိတီး ခတ်ရင်း လက်ကွက်ကလေးတွေစ၍ စမ်းတော့သည်။ ကိုသီလ၏ စောင်းခတ် သံသာသာလေးကြောင့် တေးဆိုနေ သော ညဥ့်ငှက်ကလေးတွေပင် ဆို လက်စတေးကို ရပ်၍ ခံစားနားဆင်နေ ကြဟန် ရှိရတော့သည်။

(၃)

စင်စစ်တော့ ဥစ္စာစောင့်မလေး မနှင်းဖြူနှင့် စောင်းဆရာလေးကိုသီလ သည် ဤနောင်တော်တောင် လွမ်း စေတီအနီး ပရိဝုဏ်ကျောက်ဆောင် ထက်တွင် ချစ်ရည်မျှခဲ့သည်မှာ လပိုင်း အားဖြင့် ရှိခဲ့ပြီဖြစ်၏။

ကိုသီလသည် တစ်ညတွင် အိပ် မပျော်ရှိလှသည်နှင့် တည်းခိုနေသော ယင်းမာရွာကလေးမှထွက်၍ ဆိတ်ငြိမ် ရာ ညီတော်တောင် ကမ်းပါးယံသို့ ရောက်ရှိလာခဲ့သည်။

ပတ်ဝန်းကျင်၏ ဆွတ်ပျံ့လွမ်း မောဖွယ်အတိပြီးသော ရှုခင်းတို့က ကိုသီလ၏ ဂီတနှလုံးသားရေအလျဉ်ကို လှုပ်ခတ်လိုက်ဘိသည်သို့ ရှိ၏။ ယင်း အခါတွင် ပြုံ့ဘက်ကင်းသော ကိုသီလ ၏စောင်းခတ်သံသည် ညီတော်နောင် တော်တစ်ဝိုက်ကို ပဲ့တင်ရိုက်ခတ်၍ တောင်ညီနောင်စမ်းချောင်းကျယ်လေး အတိုင်း တရွေ့ရွေ့စီးဆင်းသွားတတ် သည်။ တစ်ခါ လေပြည်လေညင်း ကလေးနှင့် တရွေ့ရွေ့ဆန်တက်လာ ခဲ့ပြန်သည်။

သာယာ ညင်းပျောင်းသော ကိုသီလ၏ စောင်းခတ်သံလွင်လွင်ကို အကြောင်းပြု၍ ကိုသီလအနီးအပါးတွင် နတ်သမီးတမျှ လှပချောမောသော လှဧကရီလေး တစ်ပါး ဗြုန်းစားကြီး ရောက်ရှိနေကြောင်းကို ကိုသီလ သတိ ထားလိုက်မိသည်။

လှဧကရီ ပိုင်ရှင်မကား ကိုသီလ ၏ စောင်းခတ်သံတွင် ယစ်မူးခဲ့ရရှာ သော နောင်တော်တောင်ရှိ လွမ်းစေတီ သိုက်ကို စောင့်နေရသည့် ဥစ္စာစောင့် မလေးဖြစ်ကြောင်း ကိုသီလအား ပွင့် လင်းစွာဖြင့် ပြောပြခဲ့သည်။

ကိုသီလသည် လူမက နတ်မိ မယ်တမျှ လှပ ချောမောလွန်းသော မနှင်းဖြူ၏ ထူးကဲသော အလှအပကို ကြည့်၍ ဥစ္စာစောင့်မလေးဖြစ်ကြောင်း ကို အလွယ်တကူ လက်ခံယုံကြည်မိပြီး သားဖြစ်၏။ထိုသို့ယုံကြည်အောင်လည်း ရှေးသူဟောင်းတို့၏ ဥစ္စာစောင့်မလေး တွေဟာ အင်မတန်ချောမောလှပတတ် သည် ဟူသော အစွဲကလည်းရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဥစ္စာစောင့်မလေး မနှင်းဖြူနှင့် ကိုသီလတို့ အဆုံအတွေ့များပြားလာသောအခါ တစ်ဦးကို တစ်ဦး ချစ်ကြိုးနှောင်ဖွဲ့လာရတော့သည်။

ညစဉ်ညတိုင်း လူခြေတိတ်ဆိတ်သောအခါတွင် ကိုသီလနှင့် မနှင်းဖြူသည် အမြဲတမ်းလိုလို ဆုံတွေ့နေခဲ့ကြသည်။

ငွေလရောင်ဖွေးဖွေးနှင့် ငွေဖြူရေးရေးပြေးသည့် ည၏ အလှအပကြားတွင် ကိုသီလနှင့် မနှင်းဖြူ ချစ်ရည်တူ နှစ်ကိုယ်မျှ၍ သစ္စာပန်းကို စိုက်ထူခဲ့ကြပြီး ဖြစ်သည်ကို အဇ္ဈာကောင်းကင်မှ ကြယ်ကလေးတွေပင် မကြည့်နိုင်နိုင် ကြည့်နိုင်နိုင်ရှက်မျက်တောင်ကလေးတွေ ပုတ်ခတ်လျက် သက်သေထူရန် အဆင်သင့်နှယ် ရှိရတော့သည်ပင်။

ကိုသီလနှင့် မနှင်းဖြူတို့ တွေ့ဆုံကြရသည့်အခါတိုင်းတွင် ကိုသီလသည် မနှင်းဖြူအား သူ၏ ခက်ခဲနက်နဲ၍ အနုပညာဂမ္ဘီရ ရသကြွယ်ဝသော စောင်းခတ်သံဖြင့် ညှို့ယူစွဲမက် ကြည်နူး နှစ်သိမ့်စေရသည်ချည်း ဖြစ်၏။

ယခုလည်း မနှင်းဖြူသည် သူမအား ကိုသီလက သူမ နှစ်သက်သော စောင်းသံနှင့် ဖြေဖျော်ထွေးပိုက် ကြည်နူးနှစ်သိမ့်မှု မပြုရချေကောင်းလားဟူသော စိတ်ဖြင့် နွဲ့ဆိုးဆိုး၍ ပြောလိုက်ခြင်းပင် ဖြစ်သည်။

ကိုသီလသည် မနှင်းဖြူအလိုကျစေရန်အတွက် အတုမဲ့သော သူ၏ စောင်းခတ်သံဖြင့် လှုပ်နှိုးလိုက်တော့သည်။ မနှင်းဖြူက ကိုသီလ၏ ပေါင်ပေါ်တွင် သူမ၏ ခေါင်းကို မှေးတင်ရင်း ကောင်းကင်တစ်ခိုမှ ကြယ်ကလေးတွေ မျောလွင့်တိမ်တွေကြား ခံစားစိတ်များ လွင့်လျက်သား ရှိနေခဲ့ပြန်ပါ၏။

တိတ်ဆိတ် ငြိမ်သက်နေသည့် ညဦးယံအား ကိုသီလ၏ စောင်းခတ်သံနှင့်အတူ သီဂီရ ရသနှင့်အတိပြီးသော ကိုသီလ၏တေးသံကပါ အေးနွဲ့ချိုအလှဆေးပန်းချီရေးခြယ်လျက် ရှိလေပြီ။

"လွမ်းမလေ့ မျှော်၍ငယ်တည့် စေပင် ××× မိုးယံဝယ် လကိုမြင် ××× ကြယ်စင် ဟုတ်ဘူး လွမ်းသူနောင် စေရွယ်လူး ××× စိုင်ရှူးငယ်တည့် ဓာန်ဆောင် ကြေးမုံမင်းနှင့် ဟသ်ာဘောင် ××× ညီနောင်ကြက်ကယ် မောင်ရင်ဆိုင်းနှင့် တိမ်လှိုင်းလယ် အသွယ်သွယ် လွမ်းတယ်လေး ××× နေသည်ဖြေငယ်နှင့်သာဖန် ရေးရေး×××"

ကိုသီလ၏ လွမ်းဆွတ်ညွတ်မောဖွယ်ကောင်းသော သီဆိုတီးခတ်မှုကြောင့် မနှင်းဖြူ၏ မျက်ဝန်းအစုံတွင် မျက်ရည် ပုလဲဥတို့သည် ရွဲနုလေးတွေ သဖွယ် စီရရီသွယ်တန်းရှိနေကြလေသည်။

ပြီးတော့. . .

မနှင်းဖြူသည် တုန်ရင်လှိုက်ဖိုသော အသံကလေးဖြင့် သီချင်းစာသားမှ နားဝယ်စွဲနေသော အပိုဒ်ကလေးကို နှုတ်တက်ရွရွ ရွတ်ဆိုလိုက်၏။

"မိုးယံဝယ် လကိုမြင် ကြယ်စင် ဟုတ်ဘူးတဲ့"

(၄)

ကိုသီလသည် သူ၏ ပေါင်ပေါ်တွင် နှစ်မြိုက်တကြီး အိပ်မောကျနေရှာသော သူ့ချစ်သူ ဥစ္စာစောင့်မလေး မနှင်းဖြူကို သနားကြင်နာစွာဖြင့် ငုံ့ကြည့်နေမိသည်။

လေညင်းနုနုကြောင့် တလူလူ လွင့်ပါးလျက်ရှိသော မနှင်းဖြူ၏ ဆံယဉ်စုစုကလေးများအား တယုတယင် သပ်ဖျင်ပေးနေမိ၏။

ကိုသီလသည် သူ့ချစ်သူ မနှင်းဖြူနှင့် ဤကဲ့သို့ အမြဲတမ်း နေထိုင်ရရေးအတွက် တွေး၍ပူပန်နေမိသည်။

သူက လူသားစင်စစ်၊ ချစ်သူ မနှင်းဖြူကလေးက ဥစ္စာစောင့်မို့ ဘယ်နည်းနှင့်မျှ မနီးစပ်နိုင်ဟူ၍လည်း စိုးရိမ်စိတ်ဖြင့် အားငယ်နေမိသည်။

သို့ရာတွင် ကိုသီလ တစ်ဆင့်စကား အဆင့်ဆင့်ပွား၍ ကြားဖူးခဲ့သော ဒဏ္ဍာရီပုံပြင်များ၊ အယူအစွဲများအရ ဥစ္စာစောင့်နှင့် လူသားချစ်ကြိုးသွယ်မိလျှင် လူသားသည် ဥစ္စာစောင့်၏ သိုက်နန်းသို့ လူသားအသက်ကို စွန့်ပစ်ကာ လိုက်သွားလျှင် ရသည်ဟူသော အသိကလေးဖြင့် မိမိချစ်သူ မနှင်းဖြူ နိုးလာပါက မိမိအသက်ဝိညာဉ်ကို နှုတ်ပြီး သိုက်နန်းသို့ ခေါ်သွားခိုင်းတော့မည်ဟု ဆုံးဖြတ်ချက် ချထားလိုက်မိသည်။

သူ့လို တစ်ကိုယ်ရေ တစ်ကာယ တစ်ရွာဝင် တစ်ရွာထွက် စောင်းအိုးတစ်လက်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရသော အထီးကျန်ဘဝတွင် လောက လူ့ဘောင်၌ ဘာကိုမှ သူ့အတွက် မ... မော်စရာ မရှိတော့ပြီ။

သူ ယခု တည်းခိုအိမ်ကလည်း သူ ပျောက်ဆုံးသွားခြင်းအား ဂရုတစိုက်နှင့် လိုက်လံရှာဖွေလိမ့်မည် မဟုတ်ကြောင်းကို သူက တွက်ဆပြီးသား ဖြစ်၏။

သူသည် ဘာပဲဖြစ်ဖြစ် သူ့ချစ်သူ ဥစ္စာစောင့်မလေး မနှင်းဖြူ၏ နေ... တော်တောင်လွမ်းစေတီ သိုက်နန်းသို့ လိုက်သွားရန် ဆုံးဖြတ်ခြင်းအမှုကို ပြ... သားစွာ ပြုလိုက်ပေသည်။

ယင်းအချိန်တွင် ချောက်ကမ်း... စွန်းကြီး အောက်ခြေဆီမှ အလင်းရော... များ ထွန်းတောက်၍ လာခဲ့သည်။

ကြောက်မက်ဖွယ် ငြာသံ... ဟစ်အော်သံကြီးများလည်း တောင်... နောင်နှစ်လုံးကို ပဲ့တင်ဟည်း၍ ... ထွက်လာခဲ့သည်။

အစပထမတော့ ကိုသီလသ... အတော်ကြီး ကြောက်ရွံ့သွားခဲ့သည်... ယင်းကြောင့်ပင် အိပ်မောကျနေသော... သူ့ချစ်သူ ဥစ္စာစောင့်မလေး မနှင်းဖြူ... လှုပ်နှိုး၍ အသိပေးလိုက်မိသည်။

မနှင်းဖြူသည် အတန်ကြာ... အောင် နားထောင်၍ နားစွင့်နေပြီး...

"သိုက်မှာ အစောင့်ထားခဲ့... နာနာဘာဝ မကောင်းဆိုးဝါးတော...



www.burmeseclassic.com

www.burmeseclassic.com

ဘွဲ့ရဲ့ အသံပါ မောင်ကြီးရယ်၊ ကြောက်စရာ ဘာမှမရှိပါဘူး"

ခပ်အေးအေးပြောကာ ကိုသီလ၏ ပေါင်ပေါ်တွင် သူမ ပြောသလို ဘာကိုမျှ အပူအပင်မရှိ၊ အလေးမထားသလို ပြန်အိပ်သွားခဲ့ပြန်သည်။

သို့ရာတွင် အသံများက တစ်စတစ်စနှင့် အတော်ကြီးနီးလာသည်။ မီးအလင်းရောင်များလည်း ပို၍ထင်းလာသည်။ ကိုသီလ မနေတတ်တော့ပြီ။

အသံများသည် တဖြည်းဖြည်းသူနှင့် မနှင်းဖြူရှိသော ကျောက်ဆောင်တန်းကို လှုပ်ခါသွားစေသည်ဟု သူထင်နေသည်။ မီးအလင်းရောင်များသည်လည်း သူနှင့်မနှင်းဖြူရှိနေရာ ကျောက်ဆောင်စွန်းသို့ ထင်ထင်ရှားရှားရောက်ရှိလာကြလေသည်။ အသံများသည်လည်း ပို၍သဲသဲကွဲကွဲ ဖြစ်လာလေပြီ။

"ဝိုင်းထား ဝိုင်းထား၊ မလွတ်စေနဲ့ ဟောဒီ အယုတ်တမာကောင်ကို ဝိုင်းထား၊ လွတ်ထွက်မသွားစေနဲ့ ဝိုင်းထားကြ"

(၅)

သည်းထိတ်ရင်ဖို သွေးပျက်လုမန်း ပေါ်ထွက်လာသော ကြောက်မက်ဖွယ်အသံများကြောင့် စောင်းဆရာလေး ကိုသီလ ဘာလုပ်ရမှန်း မသိအောင် ချောက်ချားနေမိသည်။

ချစ်သူ မနှင်းဖြူကတော့ နှစ်ခြိုက်တကြီး အိပ်မောကျနေဆဲ။

တစ်ခဏချင်းမှာပင် မီးတုတ်ကိုယ်စီ၊ ငှက်ကြီးတောင်ဓား၊ လှံပျံကိုယ်စီ ကိုင်ဆွဲထားကြသော လူအုပ်ကြီးသည် ကိုသီလနှင့် မနှင်းဖြူတို့ကို ဝိုင်းထားကြပြီဖြစ်ကြောင်း အိပ်မက်ထဲမှ မြင်မက်နေရဘိသကဲ့သို့ ကိုသီလ မယုံနိုင်စရာ ကြုံလိုက်ရတော့သည်။

ငှက်ကြီးတောင်ဓား ကိုင်ဆောင်ထားသော လူအုပ်စုထဲမှ အကြီးအကဲဖြစ်ဟန်တူသည့် နှုတ်ခမ်းမွေးကားကားနှင့် လူဖြူကြီးက စောင်းဆရာလေး ကိုသီလ၏ ရင်ဝကို ဆောင့်ကန်လိုက်ကာ မနှင်းဖြူကို ဆွဲထူလိုက်လေသည်။

ပြူးကြောင်ကြောင်ဖြစ်နေသော မနှင်းဖြူကို ကြည့်ကာ လူဖြူထွားကြီးသည် ယူကျုံးမရစွာဖြင့် မချိတင်ကဲ ရေရွတ်လိုက်ပြန်သည်။

"ဘာမဟုတ်တဲ့ အယုတ်တမာကောင်ကြောင့် သမီးထွေး ရေတိမ်နစ်ရပါပေါ့လား သမီးထွေးရယ်"

လူဖြူထွားကြီး၏ ရေရွတ်သံကြောင့် ဝိုင်းထားသော လူအုပ်ကြီးသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြန်၏။

"စိတ်မနှံ့တဲ့ မိန်းကလေးကို ဖျက်ဆီးတဲ့ ဒီအယုတ်တမာကောင်ကို သတ်ပစ်ကြပါတော့လား၊ ဒီရွာမှာ ခိုကိုးပြီး ဒီရွာသူကြီးရဲ့ သမီးကို စော်ကားခြင်းပြုတဲ့ သင်းလို ဖက်ခွက်စားရဲ့ လည်ချောင်းသွေးကို ငါတို့ဓားတွေ သောက်ကြပါတော့လား"

အခြေအနေ အရပ်ရပ်ကို သိရှိလာရသောအချိန်မှာ စောင်းဆရာလေး ကိုသီလအတွက် အင်မတန်တိုတောင်းလွန်းလှသည်။ ဖြေရှင်းရန်အတွက်လည်းကောင်း၊ အသနားခံရန်အတွက်လည်းကောင်း ကိုသီလ မပြင်ဆင်နိုင်မီ ကိုသီလ၏ ခန္ဓာကိုယ်အနှံ့အပြားသို့ လူအုပ်ကြီး၏ ဓားသွားများ၊ လှံချက်များက အပိုင်းပိုင်း အပြတ်ပြတ် သွေးသံရဲရဲ ဖြစ်သွားစေသည်။

အသက်ဝိညာဉ် ကင်းမဲ့သွားပြီဖြစ်သော စောင်းဆရာလေးကိုသီလ၏ သွေးအလိမ်းလိမ်း ကိုယ်ခန္ဓာကြီးကို ဒေါသထွက်နေသော ရွာသူကြီးက အလျှံတဝင်းဝင်းတောက်သည့် နဂါးမျက်လုံးဖြင့် ရွံရှာစက်ဆုပ်စွာကြည့်ရင်း စောင်းဆရာလေးကိုသီလ အမြတ်တနိုးတင်စားခဲ့သော မြစ်မ်းရေယဉ်သာ စမ်းချောင်းကျယ်ကြီးအတွင်းသို့ ကျောက်ဆောင်စွန်းမှ ကန်ချလိုက်လေတော့သည်။

"နင်နဲ့ တန်တဲ့ မရဏစမ်းချောင်းထဲ သွားပေရော့"

စောင်းဆရာလေး ကိုသီလ၏ မြစမ်းရေယဉ်သာ တေးပဉ္စင်ငြိမ့်ငြိမ့် မသိနိုင်တော့။ အလျှံရဲရဲနီသော သွေးတို့ဖြင့် မရဏစမ်းချောင်းအဖြစ် ပီပြင်သွားစေတော့သည်။

အရှူမလေး မနှင်းဖြူပါဝင်သော လူအုပ်ကြီးသည် ယင်းမာရွာဘက်ဆီသို့ ဘာမျှမဖြစ်သလို ပြန်လည်ထွက်ခွာသွားကြသောအခါ အရှေ့အရပ်တစ်ခွင်တွင် ရောင်နီပျို့အန်စ ပြုနေပေပြီ။

ပျို့အန်စပြုနေသော ရောင်နီအောက်တွင် နောင်တော်တောင်ထိပ်မှ လွမ်းစေတီလည်း အမူမပျက် ဖြစ်ပျက်ခဲ့သမျှ အကြောင်းခြင်းရာတို့ကို နကမ္ဘတိတုန်လှုပ်ခြင်း မရှိသကဲ့သို့ ထိုညက အတိုင်း ရွှေဆည်းလည်းသံ တချွင်ချွင်ဖြင့် လှုပ်ခါနေမြဲ။

သို့ရာတွင် ညဥ့်ဦးယံက ပိုင်ရှင်နှင့်အတူ သာယာညင်းပျောင်းသော တေးပဉ္စင်ကိုပြု၍ လောကအလှဆင်ခဲ့သော ကိုသီလ၏ စောင်းကလေးသည် သက်မဲ့ဘဝဖြင့် လဲပြို၍နေပေပြီ။

ဩော် အမှန်တရားနှင့် အဖြစ်အပျက်အရင်းခံကို ဤစောင်းငယ်နှင့် ဤပတ်ဝန်းကျင်သာလျှင် သိပါလိမ့်မည်။ ညက မျက်မြင်သက်သေရှိခဲ့သော ကြယ်ကလေးများသည်ပင် အရုဏ်ဦးရောင်ခြည်ကြားမှာ ပျောက်ကွယ်၍ သွားကြလေပြီ။

သို့ရာတွင် အမှန်တရားကို သိသော အဖြစ်အပျက်အရင်းခံကို မြင်ခဲ့၊ ကြားခဲ့၊ ကြုံခဲ့သော ဤပတ်ဝန်းကျင်နှင့် ကြယ်ကလေးများသည် မည်သို့မျှ ဖော်ထုတ်လှစ်ဟနိုင်စွမ်းရှိလိမ့်မည် မဟုတ်တော့ပါတကား။

❐ ကျော်မင်းနိုင်

www.burmeseclassic.com

သီတင်းကျွတ်တွင်၊ ပလ္လင်ဆေး မိုး၊ ရွာသွန်းဖြိုး။

သီတင်းကျွတ်လသည် မြန်မာ့ တစ်ဆယ့်နှစ်လတို့တွင် သတ္တမလ။ တူ ရာသီ ဖြစ်၏။ နက္ခတ်မှာ အဿဝဏီ။ ကြာမျိုးငါးပါး ပွင့်သည်။

သီတင်းကျွတ်လသည် ရဟန်း တော်များ သီလကျင့်သုံးဆောက်တည် နေထိုင်သော ကာလ လွတ်မြောက် သည်။ လွတ်မြောက်သောလ၊ ဝါကျွတ်၊ ဝါထွက်လ။

သီတင်းကျွတ်လတွင် ဆီမီးပူ ဇော် မြင်းမိုရ်ပွဲတော် ကျင်းပကြသည်။

(၁)

မိုးရာသီကား ဤသီတင်းကျွတ် လ၌ ကုန်ခါနီးနေပြီဖြစ်၏။ တစ်ဝါတွင်း လုံး ရွာချလာခဲ့သည့် မိုးသည် ဤလမှ လွန်မြောက်သော် ရှေးကလောက် သဲသဲမဲမဲ သွန်းမျောက်၍ ရွာနိုင်တော့ သည် မဟုတ်။ မိုးဆက်ပြတ်တော့မည်။ သို့သော် သီတင်းကျွတ်လတွင် နောက်



# နံ့သာရိုင်း

ဂျူလိုင်မိုး



www.burmeseclassic.com

www.burmeseclassic.com

–း ရွာခြင်းဖြင့် ပလ္လင်ဆေးမိုးကတော့ ရွာပေဦးမည်။

စေ့တီပုထိုးများ၏ ရှေ့ရှိ ဆွမ်းတင်ရန်အတွက် ပြုလုပ်တည်ဆောက်ထားသော အုတ်ခုံ၊ သင်ပုတ်ပလ္လင်၌ လူးလဲပေကျံ၍နေသော အညစ်အကြေးများ စင်ကြယ်အောင် ဆေးကြောပစ်သည့်ပမာ သဲကြီးမဲကြီး ရွာချပေဦးမည်။ ယခုရက်ပိုင်းအထိမူ မိုးက မရွာသေး။

"ဗိုး. . ဗိုး. . ဗိုး. . ဗိုး. ."

"ဖရော. . ."

မှိုင်းညို့ညို့ ကောင်းကင်ပြင်ကြီးကို မော့ကြည့်ရင်း မိုးများရွာချလိုက်လေလားဟု ငါးရံ့ပစ်နေသော ဦးတောက် စိုးရိမ်နေမိသည်။

"ဗိုး. . ဗိုး. . ဗိုး. . ဗိုး. ."

"ဖရော. . ."

ဦးတောက်၏ ငါးစာပစ်ရန် ...ထဲတွင် ငါးများကြီးအရှိန်ယူလွှဲသံ၊ ငါးစာပစ်ထုတ်လိုက်စဉ် ရစ်ခုံ ပလတ်စတစ်ပုလင်းမှ နိုင်လွန်လိုက်ကြိုး ပြေထွက်သွားသံများက သံစဉ်တစ်ခုနှယ် ...ချက်ညီညီ ထွက်ပေါ်နေသည်။

"ဗိုး. . ဗိုး. . ဗိုး. . ဗိုး. ."

"ဖရော. . ."

မိုးတွင်းတစ်တွင်းလုံး ငါးရံ့ပစ်သမားများ နားခဲ့ကြရသည်။ မိုးဖြိုင်ဖြိုင်ရွာနေချိန်များတွင် ငါးရံ့ပစ်၍ မရပါ။ ငါးရံ့မပစ်ရလျှင် မနေနိုင်သော ငါးရံ့...ကြီး ဦးတောက်ကမူ ချင်ခြင်းဖြစ်...း မိုးတွင်းမိုးတိတ်ချိန်လေးများတွင် ငါးရံ့သွားသွားပစ်တတ်၏။ ရောင်းချရ...လောက်အောင် မည်မည်ရရအကောင်ကြီးမျိုးတော့ မရတတ်။ အစိတ်သား၊ ...ဆယ်သားအရွယ် ကောင်မျိုးတော့ ...စားအတွက် တစ်ကောင်တလေ ရတတ်၏။

ဒါတောင် သွားတိုင်းရခဲ့သည် ...တော့။ ရံဖန်ရံခါသာ။ ဘာပဲဖြစ်ဖြစ် ...ရ မရရ ငါးရံ့ပစ်လိုက်ရလျှင်တော့ ဦးတောက်စိတ်တွင် အာသာပြေသွား...သည်ချည်း။

ဤသီတင်းကျွတ်လမှာ ငါးရံ့ပစ်သူများ စတင်လှုပ်ရှားနိုင်သောလ ဖြစ်သည်။ မိုးမရွာတော့သော်လည်း ကန်ရေက များဆဲမို့ ငါးရံ့ကြီးကြီးရှာနိုင်ဖို့၊ ပစ်ရဖို့မူ မလွယ်ကူသေးပါ။ ငါးရံ့အကောင်ကြီးကြီးတွေ ပစ်ရနိုင်သည့် ကန်ရေကျချိန် အချိန်ကောင်းရောက်ဖို့ အများကြီးလိုသေးသည်။ ရေနည်းချိန် ရေခန်းချိန်ကို စောင့်ရဦးမည်။

သို့သော် သည်နေ့တော့ ငါးရံ့ကြီးကြီးတစ်ကောင် ရအောင်ကို ကြိုးစားပစ်မည်ဟု ဆုံးဖြတ်ချက်ချပြီး ကန်သာယာကန်ကြီးထဲ ဦးတောက် ရောက်လာခဲ့ခြင်းဖြစ်သည်။

"ငါးမရချင်လဲနေ၊ ရရင်တော့ အကောင်ကြီးကြီးရမှ ဖြစ်မယ်၊ ဒါမှ ကိုကျော်နိုင်နဲ့ ပြောထားတဲ့ကိစ္စ အဆင်ပြေမှာ"

ခုတော့ ဟိုစမ်းပစ်ကြည့်လိုက်၊ သည်စမ်းပစ်ကြည့်လိုက်နှင့် ကန်သာယာကန်ကြီးကိုလည်း တစ်ပတ်လည်သွားခဲ့ပြီးပြီ။ တစ်နေကုန် ကန်ပတ်ပြီး ငါးရံ့ပစ်ခဲ့၍ လက်တွေ၊ ခြေထောက်တွေလည်း ညောင်းလှပြီ။ ဒါကြောင့် ရောက်သည့်နေရာက လှည့်ပြန်ဖို့ပင် စိတ်ကူးမိနေလေပြီ။

"အင်း. . နေတောင်စဝင်နေပြီ၊ မကြာခင် မှောင်လာတော့မှာ၊ အိမ်ပြန်တော့မှ ထင်တယ်"

စိတ်က ခပ်လျော့လျော့ဖြစ်လာသော်လည်း ဇွဲကတော့ မလျှော့ချင်သေး။ အလင်းရောင်လေးရှိနေတုန်းမှာ ကြိုးစားကြည့်လိုက်ချင်သေးသည်။

"ပြန်ခါနီး ဒီကတ္တုပြင်ကြီးပေါ် လေးငါးဆယ်ချက်တော့ ပစ်ကြည့်လိုက်ဦးမယ်"

"ဗိုး. . ဗိုး. . ဗိုး. . ဗိုး. ."

"ဖရော. . ."

(၂)

ဒီမနက်စောစောမှာ ဦးတောက်အိမ်သို့ မိတ်ဆွေဖြစ်သူ ကိုကျော်နိုင် ရောက်လာခဲ့သည်။ သူ့လက်ထဲတွင်လည်း စာအုပ်တစ်အုပ် ကိုင်လျက်။

ကိုကျော်နိုင်က အောင်မြင်သော စီးပွားရေးသမားတစ်ဦးဖြစ်သည်။ သူက ဝါသနာအရ မွန်ဇာတ်အဖွဲ့လေးတစ်ခုလည်း တည်ထောင်ထားသူဖြစ်၏။

ငွေကြေးတတ်နိုင်သူမို့ အခါအားလျော်စွာလည်း ဇာတ်သဘင်အခွေများကို ကိုယ်တိုင်ဗီဒီယိုရိုက်ကူးပြီး ထုတ်လုပ်တတ်သူလည်း ဖြစ်သည်။

"ဦးတောက် ကျွန်တော့်ကို ကူညီမှ ဖြစ်မယ်ဗျာ"

"ဘာကူညီရမှာတုံး ကိုကျော်နိုင်၊ သစ်ပင်လှဲပေးရမလား၊ ခြံရှင်းပေးရမလား၊ ကျုပ်က ကျပန်းသမားပဲဗျာ၊ အလုပ်ရှိလို့ကတော့ ကျုပ် ဒီနေ့ ငါးရံ့ပစ် မထွက်တော့ပါဘူး"

"ဟာ မဟုတ်ဘူး ဦးတောက်ရဲ့၊ ခင်ဗျားကို ငါးရံ့ပစ် ထွက်ခိုင်းမလို့၊ ခင်ဗျားကို ငါးရံ့အော်ဒါ လာမှာတာ"

"ဗျာ"

"ကျွန်တော် ငါးရံ့ကြီးကြီးတစ်ကောင်လောက် မနက်ဖြန်မှာ လိုချင်တယ်ဗျာ၊ အနည်းဆုံး တစ်ပိဿာကျော်ကောင်လောက်ပေါ့၊ ပြီးတော့ အရှင်လိုချင်တာ၊ ရမယ်ဆိုရင်တော့ ကြီးချင်သလောက်ကြီး၊ ဝယ်ချင်တယ်ဗျာ"

"ဟာ ဒါဆိုလဲ ကိုကျော်နိုင်ရယ် ဈေးထဲပဲ သွားဝယ်လိုက်ပေါ့ဗျာ၊ ဘာခက်တာမှတ်လို့"

"မရလို့ပေါ့ ဦးတောက်ရယ်၊ ဈေးထဲမှာ အကြီးဆုံး ခုနစ်ဆယ်သား၊ ရှစ်ဆယ်သားကောင်တွေပဲ တွေ့တယ်၊ အကောင်ကြီးကြီးကို မရှိဘူး"

ဟုတ်ပါသည်။ ဒီအချိန်မျိုးတွင် တခြားငါးကြီးမျိုးတွေ ဈေးထဲမှာ မပြတ်မလပ် များများစားစားရှိနိုင်သည်။ ငါးရံ့အကောင်ကြီးကြီးတွေတော့ ရှိနိုင်လိမ့်မည်မဟုတ်။ ငါးရံ့က ပိုက်တိုးငါးမျိုးမဟုတ်။ ကွန်နှင့် မိဖို့ဆိုသည်ကလည်း မလွယ်။ အင်းကြီးတွေ ဖော်ချိန်လောက်မှသာ ငါးရံ့အကောင်ကြီးကြီးများများ



www.burmeseclassic.com

www.burmeseclassic.com

တွေ ဈေးထဲမှာ တွေ့ရတတ်သည်မျိုး။ အခု ဒီအချိန်က အင်းဖော်ချိန်လည်း မရောက်သေးတော့ ငါးရံ့ကြီးများ ရနိုင်ဖို့ မလွယ်ပါ။ တကယ့်ကို ရှားရှားပါးပါး။

"မကူညီနိုင်ဘူးလား ဦးတောက်၊ တစ်ပိဿာကျော်ကောင် ရရင် တစ်သောင်း ပေးမယ်၊ ဘယ်လိုလဲ"

ကိုကျော်နိုင့် အမေးကြောင့် ဦးတောက် ပြုံးလိုက်၏။

"ပေးတဲ့ဈေးလဲ ကောင်းပါ့ဗျာ၊ ကျွန်တော်ကလဲ ကူညီချင်ပါရဲ့၊ ဒါပေမဲ့ ဒီအချိန်မျိုးမှာ ငါးရံ့ကြီးကြီးပစ်ရဖို့ ဆိုတာကတော့"

"ဦးတောက်ရယ် ကျွန်တော်လဲ ကရင်ပြည်နယ်သားပါ၊ ဘားအံသားပါဗျ၊ ဒီအချိန်ရဖို့ မလွယ်မှန်းသိပါတယ်၊ ခင်ဗျားကို ကြိုးစားရှာပေးဖို့ လာပြောတာပါဗျ"

"အင်း မနက်ဖြန်လိုချင်တယ်ဆိုတော့ ပစ်ဖို့အချိန်က ဒီတစ်နေ့ပဲရှိတယ်၊ ဒါနဲ့ နေစမ်းပါဦး ကိုကျော်နိုင်ရဲ့၊ ဘာကြောင့် ငါးရံ့ကြီးကြီးကို ဒီလောက်လောလောနဲ့ လိုချင်နေရတာတုံး"

"ဒီလိုဗျာ၊ ကျုပ်သမီးအလတ် မမိကွန်ထော အိမ်ထောင်ပြုတော့မယ်လေ၊ သူ့ယောက္ခမတွေကလဲ ရိုးရာအစဉ်အလာမပျက် လုပ်စေချင်တော့ ကျုပ်ကလဲ ထည်ထည်ဝါဝါလေး ဖြစ်ချင်တယ်ဗျာ၊ အဲဒါကြောင့်. . ."

"ခင်ဗျားသမီး မင်္ဂလာဆောင်မှာနဲ့ ငါးရံ့ကြီးကြီးလိုချင်တာနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ ကိုကျော်နိုင်"

ဦးတောက် ထပ်မေးလိုက်ပြန်တော့ ကိုကျော်နိုင်က ခေါင်းတညိတ်ညိတ်နှင့်။

"သိတယ် သိတယ်၊ ခင်ဗျား တစ်ဆင့်ပြီးတစ်ဆင့် မေးမယ်မှန်းသိလို့ ကျွန်တော် စာအုပ်တစ်ပါတည်းယူလာခဲ့တယ် ရော့"

ကိုကျော်နိုင်က သူ့လက်ထဲမှ စာအုပ်ကို ကမ်းပေးသည်။ ဦးတောက်က ခာတ်မှတ်ဖလင်ပြား အရောင်ချွတ်ပြီးသားနှင့် အသေအချာဖုံးထားသော စာအုပ်၏ ရှေ့စာမျက်နှာကို လှန်ကြည့်လိုက်၏။ စာအုပ်က "မြန်မာ့မိရိုးဖလာ ဓလေ့ နတ်သမိုင်း စာအုပ်" မူရင်းစာအုပ်ရေးသူ ဆာရစ်ချတ်တင်ပယ်က ၁၉၀၆ ခုနှစ်တွင်ရေးသားခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် ဦးထွေးဟန်က မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။ စုဆောင်းရှာဖွေတင်ပြသူမှာ သုတေသီဦးဘဟန် ဟုလည်း ဖော်ပြထား၏။

"ကျုပ်တို့ မွန်လူမျိုးတွေရဲ့ ရိုးရာနတ်ဖြစ်တဲ့ နံကရိုင်း မယ်တော်ကြီးကို ငါးရံ့နဲ့ ပူဇော်ပသရမှာဗျ၊ မှတ်တမ်းတင် ဗီဒီယိုလဲ ရိုက်ထားမှာဆိုတော့ ငါးရံ့ကြီးကြီး လိုချင်တယ်ဗျာ"

"နံကရိုင်း မယ်တော်ကြီးရဲ့ သမိုင်းကြောင်း လုံးစေ့ပတ်စေ့သိချင်ရင် အဲဒီစာအုပ်ထဲက 'ဇာတ်သမိုင်းနံကရိုင်း' အခန်းကို ဖတ်ကြည့်၊ အဲ . . . ညကျမှ ဖတ်ပါဗျာ ဦးတောက်၊ ဒါမှ ခင်ဗျား ငါးရံ့ပစ်မပျက်မှာ"

(၃)

"ဝှိုး. . ဝှိုး. . ဝှိုး. . ဝှိုး. ."

"ဝှိုး. . ဝှိုး. . ဝှိုး. . ဝှိုး. ."

"ဝှိုး. . ဝှိုး. . ဝှိုး. . ဝှိုး. ."

"ဖရော. . ."

စိတ်ပျက်ပျက်နှင့်မို့ ပေါင်ရှစ်ဆယ်နိုင်လွန် ငါးမျှားကြိုးကို တဝှိုးဝှိုးမြည်အောင် လေထဲမှာ အကြာကြီး လွှဲနေမိပြီးမှ ငါးစာကို ဦးတောက်ပစ်လိုက်၏။ ငါးမျှားချိတ်တွင် တပ်ထားသော ဖားခုံညင်းလေးမှာ လေးခွဖြင့် ပစ်ထုတ်လိုက်သော လောက်စာလုံးလေးပမာ လေကိုခွင်း၍ ထွက်သွားသည်။ ငါးမျှားအနောက်တွင်ပါသွားသော နိုင်လွန်လိုက်ကြိုးများက ရစ်ခုံပလတ်စတစ်ပုလင်းမှ "ဖရော"ခနဲ ပြေထွက်ကုန်၏။

ငါးစာက ကက္ကုအပြင်ကြီး၏ အဆုံးလောက်နီးနီးတွင် သွားကျသည်။ ဝေးလွန်းသဖြင့် ငါးစာကျသွားသံကိုမူ မကြားရ။ ကက္ကုပင်တွေက တစ်ပင်နှင့်တစ်ပင်ယှက်ပြီး ပေါက်နေကြသည်။ ကန်စပ်အနီးမှ စတင်၍ ပင်ချင်းယှက် ရွက်ချင်းဆက်လျက်သား ဖြစ်နေသော အစိမ်းရင့်ရင့် ကက္ကုရွက်ပြင်ကြီးတကန်ရေပြင်ပေါ်ဝယ် မြရောင်ကတ္တီပါ ကမ္ဗလာကော်ဇောကြီး ဖြန့်ခင်းထားသည့်နှယ်ပင်။

အချို့နေရာများတွင်မူ ရွက်ချင်း စိပ်လွန်းသဖြင့် အရွက်များပူးကပ်ကာ ထိုးထိုးထောင်ထောင်ဖြစ်နေ၏။ ဤသို့ ဖြစ်နေပုံကလည်း ကတ္တီပါ ကော်ဇော စိမ်းကြီးပေါ်တွင် ရောင်တူချည်ဖြင့် ယက်ရှယ်ပြီး ပုံဖော်အလှဆင်ထားသလို လှပနေ၏။

ဤကက္ကုပြင်ကြီးကို အဝေးက ကြည့်လျှင် အကြားအလပ် မရှိသလို မြင်ရသော်လည်း အနီးကပ် ကြည့်လျှင်မူ အဆက်အဟနေရာလွတ်ကလေးများ အများအပြားရှိနေလေသည်။

ဦးတောက်က ငါးစာ ဖားခုံညင်းကို ကက္ကုပြင်အရွက်များ၏ အဆက်အဟ နေရာလွတ် ရေပေါက်ကွက်လပ်လေးများကို ဖြတ်၍ ဖြတ်၍ ပြန်ဆွဲရစ်ယူနေ၏။

ကက္ကုပြင်ကြီးမှာ အိမ်မြှောင်ဥ အရွယ် ငုံးဥအရွယ်၊ လိပ်ဥအရွယ် ကြက်ဥ၊ ဘဲဥ အရွယ်ခန့်ရှိကြသည့် အရွယ်အစားမျိုးစုံနှင့် ဆက်စပ်ဖြစ်ပေါ် နေခြင်း ဖြစ်သည်။ ကက္ကုရွက်မှာ ကြိုင်ပုံသဏ္ဌာန်နှင့်ဆင်တူပြီး ဖြန့်ထားသော တစ်ဖက်ချွန်ခေါက်ယပ်တောင်လေးများ သဖွယ် ဖြစ်သည်။ အရွက်အနားသားများသည် လွှသွားဖောင်းလို ထောင်ရက်အချွန်လေးများနှင့်ဖြစ်၏။ အညာဘက်အရွက် အောက်ခြေမျက်နှာပြင် အတည့်ဘက်တွင်မူ အစိမ်းရင့်ရင့် ဖြစ် သော်လည်း ရေအောက်ဘက် မျက်နှာ မူသော အရွက်နောက်ကျော မျက်နှာ ပြင်မှာမူ ကြက်သွေးရောင်နုနုဖြစ်သည်။

ထိုနှစ်ဖက်လှ အရွက် တစ်ရွက် တိုင်း၏ အညာအောက်ဘက်တွင် ဖော သားလည်တိုင် တုတ်တုတ်ပွပွ ရှည်





www.burmeseclassic.com

www.burmeseclassic.com

-စ်ခုစီရှိပြီး ထိုမှဆက်သွားသော ပုံမှန်အရွယ် အညာတံရိုးသည် ပင်စည်ဖျားနှင့် သွားဆက်သည်။

မြေတွင် အမြစ်စွဲနစ်ပြီး ပေါက်နေသော ပင်စည်သေးသေးသွယ်သွယ်သည် ပျော့ပျောင်းသော နွယ်ပင်စည်မျိုးဖြစ်သည်။ ပင်စည်တစ်လျှောက်တွင်လည်း အဆစ်ကလေးများ ရှိနေပြီး ထိုအဆစ်ကလေးတိုင်းတွင် ဆံချည်မျှင်အမြစ်ကလေးများ ထွက်နေ၏။

ကက္ကုရွက်ကလေးများသည် ကြာရွက်များကဲ့သို့ပင် အရွက်တိုင်း ရေပေါ်တွင် ပြန့်လျက်အနေအထားဖြင့် ပေါက်ရောက်တတ်သည်။ ပျော့ပျောင်းသော ရေပေါက်နွယ်ပင်မျိုးဖြစ်သဖြင့် အပင်၏ အရွက်ကလေးများမှာ ကန်ရေပြင့်မြင့် နိမ့်နိမ့် ရေပြင်ပေါ်တွင် သာအပြန့်လိုက် တင်နေတတ်သည်။

ကိုသို့ရေပေါ်တွင် အမြဲပေါ်နေစေရန်လည်း အရွက်ညှာအောက်ရှိဖောလည်တိုင်လေးများက ဖောသဖွယ်ပေါ်အောင် မြှင့်တင်ပေးထားသည်။

ကက္ကုရွက်လေးများသည် ပင်စည်နွယ်၏ အဖျားတွင် အခိုင်လိုက်စုစည်းထွက်နေသဖြင့် ရေပြင်ပေါ်မှ ကက္ကုရွက်တစ်ခိုင်တည်းကို ကြည့်လျှင် သုံးမြောင့်မှန်ပြောင်းစကြာတွင် ပေါ်နေသည့် အရွယ်အစားမျိုးစုံ ခရစ်စတယ်ကြိုး အစုအဝေးလေးပမာ အလွန်လှပလေသည်။

ဦးတောက်က ကက္ကုရွက်ပြင်ပေါ်မှ ဖားခုံညင်းလေးကို ခဏငြိမ်ထားပေးလိုက်၊ လက်ညှိုးလေးကွေး၍ ကွေး၍ ဖားလေးလှုပ်နေဟန် ငါးများကြီးကို အောက်ပေးလိုက်နှင့် ကြိုးကို ရစ်ယူနေသည်။

ဤသို့ ကြိုးကစား၍ ရစ်ယူပြီးသော ဖားခုံညင်း ကိုယ့်ဆီပြန်ရောက်လာတော့ နောက်တစ်ကြိမ် လွှဲပြီးထပ်ပစ်။

"ဗွီး . . ဗွီး . . ဗွီး . . ဗွီး . ."

"ဖရော . . ."

ကက္ကုပင်သည် ရေပေါက်ပင်ငယ်မျိုးဖြစ်သော်လည်း သူ၏ အသီးမှာ စား၍ရသည်။ ဆိမ့်သော အရသာရှိသည်မို့ စားလို့လည်း ကောင်းလှ၏။ ကက္ကုသီးမှာ ကျွဲဦးခေါင်းသဏ္ဌာန်တူပြီး အခွသုံးခွရှိသော ချွန်ထက်သည့် ဆူးများရှိသည်။ ထို့ကြောင့် ကက္ကုသီးကိုကျွဲခေါင်းသီးဟုလည်း ခေါ်ကြသည်။

"ဒီကက္ကုပြင်မှာ ငါးဟပ်ပြီး ဆွဲသွားလို့ အောက်မှာများ သွားငြိနေရင်တော့ မလွယ်ဘူး"

ကက္ကုပြင်တွေ၏ အောက်မှာ ကြွေကျနေသော ကက္ကုသီးများရှိနေတတ်သည်။ ကက္ကုပြင်အောက်တွင် ငါးထိပြီး ဒိုက်များနှင့် လုံးထွေးကာ ဆွဲတင်၍မရခဲ့ပါက ကြိုးလည်းမပြတ်၊ ငါးလည်းရအောင် ရေထဲဆင်းဖမ်းရတော့မည်။

ထိုအခါ ရေအောက်ကြမ်းပြင်တွင် ပြန့်ကျဲကြွေကျနေသော ကက္ကုသီးများကို နင်းမိတတ်၏။ နင်းမိသည့်အခါတိုင်းလည်း ပါးစပ်မှ "အား" နဲ့ "အား" ခနဲ အော်ယူရလောက်အောင် နာတတ်သည်။

"မှောင်ကြီး မည်းကြီးထဲမှာ ဒီဆူးပြင်ကြီး ဖြတ်နင်းပြီး ရေထဲဆင်း ငါးဖော်ရမယ် ဆိုရင်တော့ နာပြီ။ မဖြစ်ပါဘူး။ ဒီနေရာမှာ မပစ်မှပါ"

ထိုအတွေး ပေါ်လာချိန်တွင် ဦးတောက် ရစ်ယူလာနေသော ဖားခုံညင်းလေးသည် ကက္ကုပြင်ကြီးအလယ်ခန့်သို့ ရောက်နေလေပြီ။ ဦးတောက်က ကြိုးအရစ်ရပ်ထားလိုက်ပြီး "ဘယ်နေရာ သွားပစ်ရင် ကောင်းမလဲ" ဟု ဘေးဘယ်ညာသို့ လှမ်းကြည့်လိုက်၏။

ထိုစဉ်မှာပင် . . .

"ဝုန်း"

ကက္ကုရွက်ပြင်ပေါ်ရှိ ဖားခုံညင်းလေးကို ရေအောက်မှ ငါးရံ့ကြီးက အတင်းထိုးဟပ်လိုက်သည်။ ပြီးတော့ ကြိုးကို တန်းခနဲ ဆွဲပြေးသည်။ ရုတ်တရက်ဆိုတော့ ဦးတောက်လည်း ပျာသွား၏။ ကြိုးကို လျှော့မပေးဘဲ ညာလက်ခုံမှာ မြန်မြန်ပတ်လိုက်သည်။

ငါးဆွဲအားကြောင့် ကြိုးအတင်းမှာ ဦးတောက်ကလည်း တအား ပြန်ဆောင့်ဆွဲလိုက်သည်။

"အား"

လက်ခုံတွင် ပတ်ထားသော နိုင်လွန်ကြိုးများ အသားထဲ မြုပ်လုမတတ် ညှစ်ဝင်သွားသဖြင့် ဦးတောက် ညည်းတွားလိုက်မိ၏။ ထိုခဏမျှတော့ ငြ ၇ တင်းပြီး တန့်နေသည်။

ဦးတောက် အံကြိတ်ပြီး ကန်စပ်မှ နေ၍ ကန်ပေါ်အမြန်ပြေးတက်သည်။ တာပေါင်ပေါ် ရောက်သည်အထိ ငါးများကြီးကို ပြေးဆွဲ ဆွဲပစ်လိုက်၏။

ကန်စပ်နားရောက်မှ ကက္ကုပြင်အောက်မှ ငါးရံ့ကြီး ရေပေါ် ဘွားခနဲ ပေါ်လာခဲ့သည်။

အနည်းငယ်ပြာသော ခေါင်းမည်းမည်းကြီးက တောကြီးမြွေဟောက်တစ်ကောင်၏ ဦးခေါင်းလိုပင်။

ကုန်းပေါ်မှ ပေါင်းမြက်တောထဲ တော်တော်လေး ရောက်သည်အထိ မရပ်မနား ဦးတော်က် ဆွဲတင်ပစ်လိုက်သည်။ ပြီးတော့ ငါးများကြီးကို ပစ်ချထားခဲ့ပြီး ငါးရံ့ကြီးရှိရာသို့ အမြန်ပြေးသွားသည်။

မြေပြင်ပေါ်မှာ ငါးရံ့ကြီးက ခုန်နေပြီ။ ဦးတောက် စိုးရိမ်နေသည့်အတိုင်းပင်။ ထိုအချိန်တွင် ငါးများချိတ်က ကျွတ်နေပြီ ဖြစ်၏။ ငါးရံ့ကြီးကို လက်နှစ်ဖက်ဖြင့် အတင်းသိမ်းကျုံးပြီး ဦးတောက် ဖိထားလိုက်မိသည်။

"ဟား ဟား ဟား ဟား၊ ငွေတစ်သောင်းတော့ ရပြီကွ၊ ဟား ဟား ဟား ဟား"

အဖြစ်ကတော့ မိရိုးမိစဉ်မဟုတ်။

တ- -တော့ ရေထဲ ငါးဆင်းဖော်ရမှာ ကြောက်သည့် အတွေးဝင်နေစဉ် ငါးရံ့ကြီး အစာဟပ်ပြီး ဆွဲဆွဲချင်းမှာပင် ဦးတောက်က သူ့ဆွဲ ကိုယ်ဆွဲ မိလိုက်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်လည်း ငါးများက ထိချက်မပိုင်ဘဲ ငါးရံ့ကြီး အာခေါင်ကိုသာ ထောက်ချိတ်မိခဲ့ခြင်း ဖြစ်သည်။

ဦးတောက်သာ ပြေးဆွဲ မဆွဲခဲ့ဘဲ တစ်ချက်ချင်း တံ့နှေးနှေး ညှစ်ဆွဲနေခဲ့လျှင် အစောကြီးကတည်းကပင် ချိတ်ကျွတ်ပြီး ငါးရံ့ကြီး ကျိန်းသေလွတ်ပြီ။ ခုတော့ အခြေအနေပေါ်ကြည့်ပြီး ငါးဆွဲတက်ခဲ့သဖြင့်သာ ငါးရံ့ကြီးကို ရခဲ့ခြင်းဖြစ်၏။ ငါးရံ့ကြီးကို အသင့်ပါလာသော မြွေရေခွံအိတ်ထဲ ဦးတောက်ထည့်လိုက်သည်။

"အင်း အိမ်ပြန်ရောက်ရောက်ချင်း နံကရိုင်းမယ်တော်ကြီးကို ဘာကြောင့် ငါးရံ့နဲ့ ပူဇော်ရတာလဲ၊ ငါးရံ့ကို ဘယ်လို ပူဇော်မှာလဲဆိုတာ ဖတ်ကြည့်ရမယ်"

(၄)

သက္ကရာဇ် ၁၈၇ ခုနှစ်၊ ဟံသာဝတီထီးနန်းစံမြန်းသော သမလမင်းကြီးသည် ဝိမလအမည်ရှိသော ညီတော်အား အိမ်ရှေ့မင်းအဖြစ်နှင့် ချီးမြှောက်ပြီးနောက် . . .

"ငါ၏ညီတော်သည် တက္ကသိုလ်တိုင်းပြည်ကိုသွားရောက်၍ ပညာသင်ကြားချေ၊ ပညာတတ်မြောက်ပြီး တိုင်းပြည်ပြန်ရောက်လာလျှင် ကြီးစွာသော ချီးမြှင့်ခြင်းဖြင့် ချီးမြှောက်တော်မူမည်" ဟု ကတိထားတော်မူသည်နှင့် ညီတော်ဝိမလမင်းလည်း တက္ကသိုလ်တိုင်းပြည်သို့ ပညာသင်ရန် သွားလေသည်။

သမလမင်းကြီးသည် ရွှေဖရုံပွင့်ထဲ၌ သန္ဓေရှိသည်ဆိုသော သန္ဓေသူမင်းသမီးကို "ရွှေဖရုံမယ်" ဘွဲ့တပ်၍ သိမ်းပိုက်ပြီး မိဖုရားကြီး အရာထား၍ စံစားလျက်နေရာ ကာလတာရှည်လတ်သော် ညီတော် ဝိမလမင်းသားကို မေ့လျော့နေသည်။

ဝိမလမင်းသားသည် ပညာများတတ်မြောက်ပြီး တိုင်းပြည်သို့ ပြန်ရောက်လာရာ နောင်တော် ကတိမတည်ဘဲ လျစ်လျူပြုထားသည်နှင့် အမျက်ထွက်ပြီး သမလမင်းကြီးကို လုပ်ကြံသည်နှင့် ထီးနန်းကိုလည်း သိမ်းယူလိုက်လေသည်။

ထိုအခါ ရွှေဖရုံမယ်တွင် သားတော်ကလေးကို ဖွားမြင်လေသည်။ ယင်းသို့ ဖွားမြင်သော သားတော်လေးကို သတ်စေဟု ဝိမလက မိန့်တော်မူလေသည်။

ရွှေဖရုံမယ်သည် စိုးရိမ် ထိတ်လန့်လျက် သားတော်လေးကို ယူဆောင်၍ ကျွဲကျောင်းရာအရပ်နှင့် နီးစပ်သော တောထဲ၌ ဖုံးဝှက်၍ထားလေသည်။

နတ်ရွာစံ သမလမင်းကြီးသည် ရုက္ခစိုးဖြစ်နေပြီး သားတော်ကလေးကို စောင်မ ကြည့်ရှုသည်နှင့် "နံကရိုင်း" အမည်ရှိသော နတ်ကျွဲမကြီးက တွေ့ရှိရာ နို့တိုက်ကျွေးမွေးလာသောကြောင့် အရွယ်ကြီးမားပြီး ခွန်အားဗလနှင့် ပြည့်စုံသော အရွယ်သို့ ရောက်ရှိလာလေသည်။

မွန်လူမျိုးတို့က အလိုမရှိ၍ နှင်ထုတ်ခြင်းခံရသော ဟိန္ဒူလူမျိုးတို့သည် ဟံသာဝတီပဲခူးမြို့ကို တိုက်ခိုက် ဖျက်သိမ်းယူရန် အရပ်ခုနစ်တောင်ရှိ လန်ဗား အမည်ရှိသော ကုလားကြီးကို တပ်မှူးပြု၍ သင်္ဘောခုနစ်စင်းနှင့် လာရောက်ကြပြီးလျှင် စစ်ပြုမည့်အကြောင်း သဝဏ်စာပို့သည်တွင် ဝိမလမင်းကြီးသည် ကုလားတို့၏ ဘေးရန်ကို တိုက်ခိုက်ဖျက်ဆီးခြင်းငှာ တတ်စွမ်းနိုင်သော လူစွမ်းကောင်းကို တိုင်းပြည်အတွင်း၌ မင်းချင်းတို့ကို စေလွှတ်၍ ရှာဖွေသော်လည်း လူစွမ်းကောင်းကို မတွေ့ချေ။

မုဆိုး တစ်ယောက်သည် သားအမဲအရှာသွားရင်း တောကျွဲအုပ်ထဲ၌ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော လူငယ်တစ်ယောက်ကို တွေ့ခဲ့ကြောင်းဖြင့် သူ၏ဇနီးကို ပြောပြသောအခါ မုဆိုး၏ဇနီးက ဘုရင်မင်းမြတ်ထံဝင်၍ လျှောက်ထားလျှင် ဆုတော်လာဘ်တော်များ ရလိမ့်မည်အကြောင်းပြော၍ မုဆိုးက ရွှေတော်ဝင်၍ သံတော်ဦးတင်ရာ အားရဝမ်းသာတော်မူလှသဖြင့် မှူးမတ်များတို့အား လူစွမ်းကောင်းကို ရွှေတော်သို့ ခေါ်ယူသွင်းရန် စေလွှတ်လေသည်။

မှူးမတ်များကလည်း လူစွမ်းကောင်းရှိရာ အရပ်သို့ သွားရောက်ခေါ်ယူခဲ့သည်။

ရွှေတော်သို့ ရောက်သောအခါ ရုက္ခစိုး သမလမင်းကြီးက ကိုယ်ထင်ရှားပြပြီး ထိုလူစွမ်းကောင်းသည် သူ၏သားတော်ဖြစ်ကြောင်း ပြောပြသည့်အတွက် ဝိမလမင်းကြီးက သူ၏ တူတော်ဖြစ်ကြောင်း၊ ဝိမလမင်းကြီးက သူ၏ တူတော်ဖြစ်ကြောင်း ကောင်းစွာသိသည်နှင့် သူကောင်းပြုပြီး ရန်သူအပေါင်းအောင်နိုင်ရန်အလို့ငှာအစွဲပြု၍ "အသကုမ္မာ" ဟူသော အမည်ကို မှည့်လေသည်။

ဘထွေးတော် ဝိမလမင်းတပြစ်မှားမိသောအပြစ်ကို ဝန်ချတောင်းပန်ပြီးနောက် ရောက်လာသော ကုလားလန်ဗားရန်ကို ခုခံတိုက်ခိုက်ပေးရန် ပြောဆိုလေသည်။

အသကုမ္မာ မင်းသားက ခုနစ်ရက်ဆိုင်းရန် တောင်းပန်ပြီးလျှင် မိခင်သဖွယ် နို့တိုက်ကျွေးကာ မွေးပေးသော နံကရိုင်းကျွဲမကြီးထံ ပြန်ပြီးလျှင် ခွင့်ပေးရန် တောင်းပန်လေသည်။

မိခင် နံကရိုင်းကျွဲမကြီးက ခွင့်ပေးပြီး ရန်သူကို မည်သည့်နည်းနှင့် တိုက်ခိုက်လျှင် အောင်မြင်မည်ဟု သွန်သင်ပေးလိုက်လေသည်။

အသကုမ္မာ ပြန်လာသောအခါ လမ်းခုလတ်အရောက်တွင် မြစ်ကြီးတစ်ခုကို ဖြတ်ကူးမည်ပြုလုပ်စဉ် ဒီရေတိုး၍ လိှမ့်တက်လာသည်နှင့် ဒီရေမတက်ရအောင် အသကုမ္မာမင်းသားက ဖမ်းဆီးတားမြစ်လိုက်လေသည်။

ထိုအခါ မေခလာနတ်သမီး ပေါ်လာပြီး သူ၏ဒီရေကို တားမြစ်ရမည်လောဟု အပြစ်ဆိုသည်။





www.burmeseclassic.com

www.burmeseclassic.com

ငင်းနောက် "အချိန်တစ်မောင်းအတွင်း ဒရယ်ကျောပြောင် အမြီးတစ်ထောင်ကို အသာကုမ္ပာဖြတ်ပေးရမည်၊ မေခလာနတ်သမီးက ချည်ခင် တစ်ထောင်ကို ရှာ၍ပေးရမည်၊ ရှုံးသောသူက နိုင်တဲ့သူခိုင်းရာလုပ်ရမည်"ဟု ကတိကဝတ်ထားပြီး တန်ခိုးပြိုင်ကြသည်။

အချိန်တစ်မောင်း အတွင်းမှာပင် ဒရယ်ကျောပြောင်အမြီးတစ်ထောင်ကို အသာကုမ္ပာက ရှာဖွေဖြတ်ယူလာပြီး မေခလာနတ်သမီးကလည်း ချည်ခင်တစ်ထောင်ကို ဖန်ဆင်းထားသည်။ သို့ရာတွင် ဒရယ်ကျောပြောင် အမြီးတစ်ထောင်ထဲမှ အမြီးတစ်ချောင်းကို မေခလာနတ်သမီးက သူ၏ အနောက်ခါးကြားထဲညှပ်၍ ဝှက်ထားပြီး . . .

"အသင် တောတွင်းသား ဒရယ်အမြီးတစ်ချောင်း လိုနေသည်၊ သင် ရှုံးပြီ" ဆိုသည်နှင့် အသာကုမ္ပာက အရှုံးပေးရသည်။

"အထက်က ကတိထားကြသည့်အတိုင်း အသင်တောတွင်းသား မင်္ဂလာဆောင်သောနေ့မှာ ဇမ္ဗူရာဇ်ရွှေစင်ကိန်းအောင်းသော ကျွဲခေါင်းကိုဖြတ်၍ ကျွန်ုပ်ကို တင်မြှောက်ရမည်"

ဟု မေခလာနတ်သမီးက မှာကြားခိုင်းစေ၍ အသာကုမ္ပာက တင်မြှောက်ပါမည်ဟု တာဝန်ခံခဲ့သည်။

အသာကုမ္ပာ ဟံသာဝတီပြည်သို့ ရောက်သောအခါ လန်ဗားနှင့် စစ်တိုက်ရာ အသာကုမ္ပာက နိုင်သည်။ ဘထွေးတော် ဝိမလမင်းကြီးက သမီးတော်စောစန္ဒာနှင့် လက်ထပ်၍ အိမ်ရှေ့အရာအပ်နှင်းသည်။ လက်ထပ်သောနေ့ ဇမ္ဗူရာဇ်ရွှေစင် ကိန်းအောင်းသော ကျွဲခေါင်းကို ဖြတ်ရန် ရှာဖွေသောအခါ နံကရိုင်းကျွဲမကြီးက . . .

"သူ၏ ချိုတွင် ဇမ္ဗူရာဇ်ရွှေစင်ကိန်းအောင်းသည်၊ သူ၏ ဦးခေါင်းကိုဖြတ်ပြီး နတ်တင်ပါရန်" တိုက်တွန်းသော်လည်း အသာကုမ္ပာက မဖြတ်ရက်သောကြောင့် ကျွဲမကြီးက "သားက မဖြတ်ရက်လျှင် မိခင်လည်ပင်းပေါ် ဓားတင်လိုက်ရန်" ပြောသဖြင့် အသာကုမ္ပာကလည်း လည်ပင်းပေါ် ဓားတင်လိုက်သောအခါ ကျွဲမကြီးက သစ္စာပြု၍ ခေါင်းပြတ်ကျသွားသည်။ ၎င်းနံကရိုင်းကျွဲခေါင်းပြတ်ကြီးနှင့် မေခလာနတ်သမီးကို တင်မြှောက်ကြသည်။

အသာကုမ္ပာသည် မိခင်သဖွယ် နို့တိုက်ကျွေးမွေးလာသော နံကရိုင်းကျွဲမကြီးကို သတ်မိ၍ ကံကြီးထိုက်သောကြောင့် အပြစ်မှပျောက်ရန် ကျွဲခေါင်းကိုဖြတ်ပြီး နတ်ဖြစ်နေသော နံကရိုင်းကျွဲမကြီးကို တင်မြှောက်ပသရသည်မှစ၍ အစဉ်အလာ ရိုးရာနတ်ဖြစ်လာပြီး မွန်လူမျိုးများ မင်္ဂလာကိစ္စအတွက် ကျွဲခေါင်းဖြတ်၍ နံကရိုင်းနတ် တင်မြှောက်ခဲ့ရာမှ ကာလကြာ၍ ငါးငါးရံ့ နဖားထိုး တင်မြှောက်ပသရသည်။

□ ကျူလိုင်မိုး


ညွန့်ခိုင်မာ(ကျောက်ဆည်) ၊ ညွန့်လွင်(စက်မှုတက္ကသိုလ်) ရေးသားသည့်

**သင့်ဘဝတစ်သက်တာ ဗေဒင်ဟောကိန်းများ** စာအုပ် တန်ဖိုး ၆၀၀၀ ကျပ်

စာအုပ်ဝယ်မရပါက စာရေးသူထံ ငွေပေးပို့ပြီး မှာကြားနိုင်ပါသည်။

ငွေကို **M.O** နှင့်ပို့ပေးပါ။ စာအိတ်ထဲထည့် မပို့ပါနှင့်။

(ရပ်ဝေးမှ ဗေဒင်မေးလိုပါက) တစ်သက်တာ ဗေဒင်ဟောစာတမ်း ၃၀၀၀၀ ကျပ်

ငွေကြိုတင်ပေးပို့ပါ။

တစ်သက်တာဟောစာတမ်းတွင် ဗြိစ်တ္တ ဇာတာ၊တစ်သက်တာဟောကိန်း၊ ၁၃နှစ်စာအထူးဟောကိန်း၊

၁နှစ်စာ (ရက်စွဲအတိအကျဖြင့်) အသေးစိတ်ဟောကိန်းပါဝင်မည်။

စာအုပ်တစ်အုပ် လက်ဆောင်ပေးမည်။

ဗေဒင်မေးလိုသူ၏အမည်၊ နေရပ်လိပ်စာ၊ မွေးရက်စွဲ၊ မွေးရာဒေသ၊ မွေးချိန်(သိလျှင်) တို့ကို

အောက်ပါလိပ်စာအတိုင်း ပို့ပေးပါ။ နှစ်ပတ်အတွင်း စာတိုက်မှ အရောက်ပို့ပေးပါမည်။

ညွန့်လွင်(စက်မှုတက္ကသိုလ်)

ဦးညွန့်လွင်

ဖုန်း-၀၉-၄၀၀၁၆၄၀၉

၂၈၊ ဆေးရုံလမ်း၊ မြင်စိုင်းခန်းမ အနောက်ဘက်၊ ကျောက်ဆည်မြို့။




www.burmeseclassic.com

www.burmeseclassic.com



# ကိုကြီးဖေ(ဆာပေါင်း)

## ငွေကမ္ဘာ အိပ်မက်ကမ္ဘာထဲက ဇော်ငွေရောင် ဖုလဲပန်းများ

(၁၂)

"တော့် ဆရာလေး"

ဒေါ်သိမ်းမယ်က လှမ်းခေါ်သည်။

"ခင်ဗျာ"

"မနေ့က ကဗျာလေးကို ကျုပ်သိပ်ကြိုက်တာပဲ"





www.burmeseclassic.com

www.burmeseclassic.com




"ဟုတ်ကဲ့၊ ဒါဆို နောက်ထပ် ကဗျာတွေ သင်ပေး
ရဦးမလား"

"ကိုကြာဖူးက သူ့နာမည်ပါတဲ့ ကဗျာဆိုရင် ပိုကြိုက်
မှာ ဆရာလေးရဲ့"

ဦးမောင်ဌေးက ချွန်ပေးသည်။

"ဟုတ်တယ် ဆရာလေး၊ ကိုကြာဖူး နာမည်ပါတဲ့
ကဗျာ ရေးပြစမ်းပါတော်၊ ဟီ ဟီ"

"တယ်. . . သိမ်းမယ်"

ဦးကြာဖူးက မျက်နှာထားနှင့် လှမ်းဟန့်သည်။

ဦးကြီး ဒေါ်ကြီးများ အရွယ်ပေမယ့် စာသင်နေရချိန်
တွင် ပျော်ပျော်ရွှင်ရွှင်နှင့် ကလေးများလို ရှိနေကြသည်။
ယခုလည်း အချင်းချင်း ကျီစယ်တတ်၊ နောက်ပြောင်တတ်၊
ချောက်တွန်းတတ်ကြပါလားဟု စောလွင် ပြုံးချင်မိရသည်။

ပျော်ရွှင်တက်ကြွနေသော စာသင်သားများဆန္ဒကို
ဖြည့်ဆည်းပေးရမည်။

"ဟုတ်ကဲ့ဗျာ၊ ဒီမှာ ကဗျာတစ်ပုဒ်- ရေးပေးမယ်၊
ကြိုးစားပြီး ဖတ်ကြည့်ကြပါနော်"

ကျောက်သင်ပုန်းပေါ်တွင် ကဗျာတစ်ပုဒ် ရေးပေးခဲ့
သည်။ ဆရာကြီးဦးကျင်ရွှေ ထိုင်နေရာမှ စားပွဲသို့လာပြီး
လက်ဖက်သုပ်စား၊ ရေနွေးကြမ်းသောက်ရင်း အရင်ရောက်
နှင့်၊ ထိုင်နှင့်နေသော ရွှေမန်းသူ ဆရာမလေးများနှင့်
အာလာပသလ္လာပ ပြောဆိုနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကိုစောလွင်က အသင်အပြ တကယ်ကောင်းတာပဲ"

မငွေးမြင့်က ချီးကျူးသည်။

"မြှောက်ရင် ကျွန်တော်က ရှက်တတ်တယ်၊ ဒါပေမဲ့ ကြိုက်တယ်၊ စားဗျာ လက်ဖက်သုပ် ဟင်း ဟင်း..."

"တကယ်ပြောတာ၊ ကိုစောလွင် စာသင်နေတာကို လှမ်းလှမ်းကြည့်နေတာ၊ ကိုစောလွင်ရဲ့ စာသင်ပိုင်းလေးက စိုပြည်နေတာပဲ"

ရွှေမန်းသူ မြင့်မြင့်အေးကပါ ဝင်ပြောသည်။

"ကိုစောလွင်ရဲ့ပိုင်းက ကဗျာတောင် ဖတ်တတ်နေပြီ၊ ကိုစောလွင် ကျောင်းဆရာဝင်လုပ်ရင် အောင်မြင်မှာပဲ တကယ်"

မငွေးကြည်ကလည်း မှတ်ချက်ဝင်ပေးသည်။

"အေးဗျာ၊ ခင်ဗျားတို့ပြောတာနဲ့ ကျောင်းဆရာဝင်လုပ်ဖို့ ရည်ရွယ်ချက်က ပိုပြီးခိုင်မာလာရပါပြီလေ"

"တော့် ဆရာလေး၊ ကျုပ်တို့ ဖတ်လို့ရပြီတော့်"

ဒေါ်သိမ်းမယ်က လှမ်းပြောသည်။

"ကဲ၊ ကျွန်တော်ပြန်ဝင်လိုက်ဦးမယ်၊ စားကြ သောက်ကြရင်း နားကြပါဦး"

"ဟုတ်ကဲ့"

စောလွင် ကျောက်သင်ပုန်းရှေ့ ပြန်ရောက်တော့ ...

"ကျုပ် ရပြီဆရာလေး၊ ကျုပ်ဖတ်ပြမယ်"

ဒေါ်သိမ်းမယ်က တက်ကြွစွာ ကြွေးကြော်လာသည်။

"ဖတ်လိုက်စမ်းပါ ဒေါ်လေးရယ်၊ ကျယ်ကျယ်လေး"

"ခံတွင်းကလဲ ချဉ်လိုက်တာ၊ ဖတ်ပြီးမှပဲ သောက်ပါတော့မယ်လေ၊ ဟီး ဟီး... ဖတ်ပြီနော် ဆရာလေး"

"ဒကာကြာဖူး၊ ငါ့နဖူးအား၊ နင့်ဒူးတိုက်သွား၊ ရွှေတစ်ပြားနှင့်၊ ငါကား မကျေ၊ ကြာဖူးရေ နဖူးရောင်ကွဲ၊ ရွှေဘာလှည့်၊ ကဲ ဘယ့်နှယ့်ရှိစ"

"ဟား ဟား ဟား... ဟား"

ဒေါ်သိမ်းမယ်၏ စာဖတ်သံကို ကျန်စာသင်ပိုင်းများကပါ အာရုံစိုက်နားထောင်နေပေရာ အဆုံးပိတ် "ကဲ ဘယ့်နှယ့်ရှိစ"တွင် တစ်ဆောင်လုံး ပွဲကျသွားရလေတော့သည်။

"တော့် ကိုကြာဖူး"

"ဘာတုံး သိမ်းမယ်ရဲ့"

ကဗျာကို ကူးရေးနေရာမှ စိတ်မရှည်သလို ထူးလိုက်သည်။

"တော် ဘာပြောထားလဲ၊ တော့် ကတိအတိုင်းပေးလေ"

"အေးပါ သိမ်းမယ်ရယ်"

ဦးကြာဖူးက အိတ်ထောင်ထဲမှ ဆေးလိပ်တစ်လိပ် နှိုက်ပေးလိုက်သည်။

စောလွင်က ကြည့်နေရင်း သဘောကျစွာ ပြုံးမိရသည်။

"ဦးလေးကြာဖူးက ဒီတစ်ခါ ရက်ရောနေပါလား"

"ဟား ဟား ဟား... ရက်ရောနေတာ မဟုတ်ဘူး ဆရာလေးရေ၊ ရှုံးလို့ပေးရတာ၊ ရှုံးလို့ ဟား ဟား ဟား"

ဦးမောင်ငွေးက ရယ်ချင်ပက်ကျိ လေသံကို ထိန်းမရ သိမ်းမရစွာဖြင့် ဝင်ဖြေတော့ ကျန်သူများအားလုံး ပြုံးစိစိ ဖြစ်ကုန်တော့သည်။

"ဘယ်လို ဦးမောင်ငွေးရဲ့၊ ဦးကြာဖူးက ဘာရှုံးလို့ ဒေါ်သိမ်းမယ်ကို ဆေးလိပ်ပေးရတာတုံး၊ လင်းပါဦးဗျာ"

"ဒီလို ဆရာလေးရေ၊ ဆရာလေး ရေးပေးတဲ့ ကဗျာကို မှန်အောင် ဖတ်နိုင်ရင် ဆေးလိပ်တစ်လိပ်ပေးမယ်လို့ ဦးကြာဖူးက စိန်ခေါ်တယ် ဆရာလေးရဲ့၊ မဖတ်နိုင်ရင် ဒေါ်သိမ်းမယ်က ကွမ်းအစ်ပေး ကျွေးရမယ်လို့ ပြိုင်ကြတယ်လေ၊ အဲဒါ မသိမ်းမယ်ဖတ်တာ နိုင်သွားလို့ ဦးကြာဖူးက ကွမ်းမစားရဘဲ ဆေးလိပ်ပေးရတာဗျို့"

"ဟား ဟား ... ဟား ဟား"

"သြော်... ဒီလိုလား"

သူတို့ပြိုင်ပွဲကို စောလွင်သဘောကျစွာ ရှိရချေတော့သည်။

"တော့် ကိုကြာဖူး"

ဆေးလိပ် မီးညှိနေရာမှ ဒေါ်သိမ်းမယ်က လှမ်းခေါ်သည်။

"ဘာတုံး သိမ်းမယ်ရယ်၊ ဒီမှာ ကူးလို့မပြီးရတဲ့အထဲ"

စိတ်မရှည်သည့်အသံ။

"တော် ကွမ်းစားချင်နေတယ် မဟုတ်လား၊ ရော့ပါ ကွမ်းအစ်၊ ကျုပ်က ကျွေးပါသတော်"

ကွမ်းအစ် လှမ်းပေးသည်။

"ဟဲ ဟဲဟဲ... အေးဟဲ့၊ ပေး သိမ်းမယ်က စိတ်ရင်းတော့ကောင်းသား"

လေသံက ပြောင်းသွားရသည်။

"တော်က ကျုပ်ကို အထင်သေးလို့ ကျုပ်က မှန်အောင်ဖတ်ပြလိုက်တာပါ၊ ပြိုင်လို့ နိုင်ပေမယ့် ကျုပ်က မတရား မလုပ်ပါဘူး၊ တော့် ဆေးလိပ်ကို တက်ပဲသောက်ပြီး ပြန်ပေးမှာပါတော့်"

"အေးပါဟယ်၊ အေးပါဟယ်"

"ဟား ဟား... ဟား"

စာသင်သားများ ပျော်ရွှင်စွာ ရယ်မောကြလေသည်။

ကျန်စာသင်ပိုင်းများသို့လည်း ရယ်မောခြင်းများကူးစက်ကာ တာ ကျောင်း အသုံးလုံးစာသင်ပိုင်းများ ပျော်ရွှင်ခြင်း၊ တက်ကြွခြင်းများဖြင့် သင်ကြားရေတွင် အခြားစခန်းများထက် တတ်မြောက်မှု မြန်ဆန်ကြနေပေသည်။ [သင်တန်းများပြီးဆုံး၍ တတ်မြောက်မှုစစ်ဆေးရာတွင်တာဦးကျောင်း စခန်းမှ သင်တန်းသားများသည် တတ်မြောက်မှု အဆင့်အမြင့်ဆုံး သင်တန်းသားများ ဖြစ်ရုံမက မန္တလေးရှိ ဆရာလေးတို့နှင့် အပြန်အလှန် စာပေးစာပို့ခြင်းများပင် ပြုလုပ်နိုင်ကြပေသည်]

(၁၃)

သာပေါင်းသို့ရောက်တုန်း ထဲမှ တောင်ညိုဘုရား သွားဖူးချင်



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ရွှေမန်းသူသုံးဦးက ပြောလာသဖြင့် ဆရာကြီးဦးကြင်ရွှေက စောလွင်တို့ကို လိုက်ပို့စေခိုင်းသည်။

အဖော်ဖြစ်စေရန် စာသင်သားလူကြီးများထဲမှ ဒေါ်သိမ်းမယ်နှင့် ဥက္ကဋ္ဌအိမ်မှ သမီးနှင့် တူမတို့ကိုလည်း လိုက်ပါစေခဲ့သည်။

ဥက္ကဋ္ဌ၏သမီးနှင့် တူမတို့မှာလည်း တောင်ညိုဘုရားသို့ မရောက်ဖူးကြ၍ အတော်ပင် ဖြစ်သွားသည်။

ဥက္ကဋ္ဌက. .

"ဆရာလေးကိုဒွေးမြင့်က လက်ရှိတာဝန်ထမ်းဆောင်နေသူလဲဖြစ်တဲ့အတွက် ဦးဆောင်သွားပေးပါ၊ လိုအပ်တာ သုံးဖို့စွဲဖို့ ငွေနှစ်ရာတော့ ယူသွားလိုက်၊ ရော့ လှည်းတွေ ဘာတွေငှားရတာပေါ့"

"နေပါစေ ဦးလေး၊ စောလွင်ကအကုန်လုံး တာဝန်ယူထားပါတယ်ခင်ဗျ၊ စီစဉ်စရာရှိတာတွေလဲ သူပဲ တောင်လေး သွားပြီး စီစဉ်ပြီးပါပြီတဲ့"

"ဩော် ဟုတ်လား၊ စားရေးသောက်ရေးအတွက်ကော ဆရာ"

"စောလွင် တောင်လေးမှာစီစဉ်ပြီးပြီတဲ့၊ ဦးလေး သူ မနေ့က ပြန်ရောက်လာတယ်"

"အေးဗျာ၊ အားလုံးစီစဉ်ထားတယ်ဆိုတော့လဲ စိတ်အေးရတာပေါ့၊ ဆရာမလေးတွေ မှဲ့တစ်ပေါက် မစွန်းရအောင် ဆရာတို့သုံးယောက် အတတ်နိုင်ဆုံး စောင့်ရှောက်ပေးကြပါ"

"ဟုတ်ကဲ့ပါ ဦးလေး၊ ကျွန်တော်တို့ စောင့်ရှောက်ပါ့မယ်"

ထိုကဲ့သို့ ပြောဆိုစီစဉ်ပြီး သာဓေါင်းမြို့၏အထက် တစ်မိုင်ခန့်အကွာရှိ တောင်လေးရွာသို့ စက်လှေငယ်တစ်စင်းဖြင့် လာကြရသည်။ တောင်ညိုတောင်မှာ တောင်လေးရွာ၏အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်အကွာမှာဖြစ်သည်၊ တောင်လေးရွာကိုရောက်တော့ စောလွင်စီစဉ်ထားသည့်ဦးလေးဦးမောင်စံ၏ အိမ်တွင် ခေတ္တနားကြသည်။

ဦးမောင်စံ၏ မိသားစုက ဝမ်းပန်းတသာ ကြိုဆိုကြပြီး ဘုရားဖူးသွားမည့် စောလွင်တို့အဖွဲ့အတွက် မနက်စာကို ချိုင့်ကြီးချိုင့်ငယ်များဖြင့် ထည့်ပေးလိုက်သည်။ လှည်းများတွင် နွားဆင်ပြီးတော့ . . . .

"မောင်စောရေ အဆင်သင့်ဖြစ်ရင် သွားကြရအောင်၊ ဘုရားဆွမ်းကပ်အမီ ရောက်ရတာပေါ့"

ဦးမောင်စံ စီစဉ်ထားသော နွားလှည်းနှစ်စီးဖြင့် ထွက်လာရာ ရွာထိပ်စာသင်ကျောင်းရှေ့၌ လှည်းတစ်စီးစောင့်နေသည်။

"ဒီရွာမှာ တာဝန်ကျတဲ့ သဲကုန်းဆရာအတတ်သင်က ဆရာမလေး သုံးယောက်ကိုပါ ဘုရားဖူးခေါ်သွားပေးပါ ဆရာတို့ရာ၊ မြို့ကအဖွဲ့ တောင်ညိုသွားမယ်ကြားလို့ ကျွန်တော်တို့ဆီက ဆရာမလေးတွေပါ တောင်ညိုကို ရောက်ဖူးစေချင်လို့ပါ"

တောင်လေးရွာ ကောင်စီဥက္ကဋ္ဌက အကူအညီတောင်းလာသည်။

"ရပါတယ်၊ လူများတော့ ပိုပြီးကောင်းတာပေါ့"

အဖွဲ့ခေါင်းဆောင် ဆရာကိုဒွေးမြင့်က လိုက်လျောလိုက်သည်။

"ဆရာတို့ မြို့ကအဖွဲ့အတွက်ပါ စားစရာတွေ ပိုစီစဉ်ပေးလိုက်ပါတယ်၊ တောင်ညိုမှာ ပျော်ပျော်ပါးပါး စားကြပေါ့"

"အေး. . . ကောင်းတယ်ဟေ့၊ ငါလဲ အိမ်ကနေ ချိုင့်တွေနဲ့ ထည့်လာတယ်ကွ"

"ကောင်းတာပေါ့ အစ်ကိုစံရာ၊ အစ်ကို ကိုယ်တိုင်ပါတော့ ကျွန်တော်တို့ စိတ်ချရတာပေါ့"

"အေးအေး စိတ်ချ၊ နေစောင်းမှ ပြန်ဆင်းလာခဲ့မယ်ဟေ့"

ဦးလေးစံက အစီအစဉ် စနစ်ကျသည်။ ပြည်သူ့ရဲဘော်လူထွက်ဟု မပြောရ၊ လှည်းပေါ်တွင် ကောက်ရိုးတစ်ထပ်ခင်းပြီး အပေါ်မှ ဂုန်နီချော အိတ်များပါ ခင်းပေးထားသည်။ တစ်ဖွဲ့လုံး စားဖို့သောက်ဖို့ကိုလည်း ချိုင့်ကြီးချိုင့်ငယ်များကို ကြိမ်ခြင်းကြီးများဖြင့် ထည့်လာသည်။ ဒေါ်သိမ်းမယ်ခမျာ မတော့ လှည်းဆောင့်ပြီး ဓာတ်ဘူးမကွဲစေရန် ဓာတ်ဘူးဆွဲခြင်းကို ကိုင်ထားရရှာသည်။

ရှေ့လှည်းမှ ဖုန်မှုန့်ဒဏ်ကို နောက်လှည်းမခံရစေရန် တစ်စီးနှင့်တစ်စီး ထီးရိုးဝါး လေးပြန်စာလောက်ခွာမောင်းစေသည်။ ရှေးဆုံးလှည်းမှာ ဦးမောင်စံမောင်းပြီး ဒေါ်သိမ်းမယ်နှင့် ရွှေမန်းသူသုံးယောက်အပါအဝင်ဆွဲခြင်းများ၊ ဒုတိယလှည်းမှာ တောင်လေးရွာ ဥက္ကဋ္ဌ၏တူက မောင်းပြီး သဲကုန်းဆရာအတတ်သင်မှဆရာမလေးများ၊တတိယလှည်းမှာ ဦးမောင်စံ၏ သားအကြီးက မောင်းပြီး စောလွင်တို့သုံးယောက်နှင့် ရပ်ကွက်ဥက္ကဋ္ဌ၏သမီးနှင့်တူမတို့ အသီးသီး လိုက်ပါကြသည်။ လှည်းပေါ်တွင် ကိုဒွေးမြင့်က မေးသည်။

"ဟေ့ စောလွင်၊ မင်းဦးလေးစံက တကယ်ကူညီတတ်တာပဲကွ၊ မင်းတယ်ပိုင်ပါလား"

"ပိုင်ဆို ဦးလေးစံက ငါ့အဖေနဲ့ ခင်တယ်ကွ၊ အဖေ့ဖောက်သည်အရင်း၊ ပြီးတော့ ကွန်မြူနစ်ခေတ်က သာပေါင်းမြို့ သောင်းကျန်းသူတွေရဲ့လက် မကျအောင် အဖေနဲ့အတူလက်တွဲပြီး လိုက်ခဲ့ဖူးတဲ့ ရဲဘော်ရဲဘက်ဆိုလဲဟုတ်တယ်၊ အဖေက ပြောဖူးတယ်၊ မောင်စံဟာတဲ့ လောက်လေးခွသိပ်တည့်တာတဲ့၊ ကျည်ဆန်ကုန်ရင် လေးခွနဲ့ဆော်တာတဲ့၊ ပြေးနေတဲ့ ဆိတ်သိုးကြီးတစ်ကောင်ကို ပေတစ်ရာလောက်အကွာကနေ ပစ်တာခေါင်းပဲ၊ တစ်ချက်တည်း ဗိုင်းခနဲလဲတာတဲ့"

"ဩော်. . . ဒီလိုလား"

"လေးခွပစ်တာလဲ မြန်တယ်တဲ့၊ ရိုင်ဖယ်သမားထက်တောင် သူ့လက်တာမြန်တယ်ဆိုပဲ"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com

တောင်ညိုတောင် ခြေရင်းကို ရောက်တော့ နံနက် ၁၀ နာရီထိုးပြီ။ တောင်ညိုတောင်တွင် အနောက် ဘက် အခြမ်းမှာသာ လှေကားထစ်များရှိပြီး အထစ်နှစ်ရာနီးပါး ရှိသည်။

တောင်၏ အရှေ့ဘက်အခြမ်းမှာ လှေကားထစ် မရှိသော်လည်း အနောက်ဘက်အခြမ်းထက် နိမ့်ပြီး တက်လမ်း ပြေပြစ်သည်။ ကျောက်တုံးများကို နင်းပြီး အပင်ငယ်များကို ဆွဲကိုင်အားပြုကာ တက်လှမ်းကြရသည်။ နိမ့်သည်ဆိုသော်လည်း ပေတစ်ရာခန့်တော့ရှိမည်။

တောင်ပေါ်ရောက်တော့ ဆရာမလေးများ ချွေးပြန်နေကြပြီ။ ပါးစပ်လေးတွေ ဟစိဟစိဖြင့် ရေဘူးကိုယ်စီ မော့နေကြရသည်။

သို့ပေမယ့်လည်း တောင်ပေါ်တွင် လေတဖြူးဖြူးနှင့်မို့ မကြာခင် ချွေးတိတ်ပြီး အမောပြေကြပါသည်။

အမောပြေတော့မှ တောင်ပေါ်ရှိ စေတီသုံးဆူကို လှည့်လည်ကြည်ညို ကန်တော့ကြသည်။ ဝါတော်အကြီးဆုံးဖြစ်သည့် ရွှေစာရံစေတီတွင် ဆွမ်းတော်ကပ်လှူသည်။

တောင်ညိုတောင်တော်မှာ မျက်မှာပြင်ဧရိယာ တစ်ဧကနီးပါးကျယ်ပြန့်သည်။အရိပ်ရသရက်ပင်ကြီးတစ်ပင်နှင့် ပျဉ်းမပင်ကြီးတစ်ပင်ရှိသည်မို့ နားခိုစရာ အဆင်ပြေလှသည်။

“လေလေး တဖြူးဖြူးနဲ့ ကောင်းလိုက်တာ၊ အမောကို ပြေသွားတာပဲ နော်”

“ကဲ ဘုရားဆွမ်းတော်ကပ်ထားတုန်း ဒီမှာ ထိုင်စောင့်နားရင်း ဒီဘုရားသမိုင်း ပြောပြပါလားဟင်”

မငွေးကြည်က ဘယ်သူ့ကိုမှ မရည်ညွှန်းသော်လည်း လေသံမှာ အားလုံး သိကြလိမ့်မည်ဟု ထင်ထားကြပုံရလေသည်။ ဦးမောင်စံက . . .

“ဒီလို တူမကြီးတို့ရေ၊ ဒီအလယ်က ရွှေစာရံစေတီက အရင်စတည်တာပေါ့၊ ကျားခေါင်းဆရာတော် တည်တာလို့ ကြားဖူးတယ်၊ ဟိုဘက်က နတ်နန်းကတော့ တောင်ညိုပိုင် မောင်နှမနတ်နန်းပဲ”

“ကျွန်မတို့ သွားကြည့်တော့ ရှမ်းအဝတ်အစားတွေနဲ့လားလို့”

သဲကုန်းသူလေးများကလည်း မေးလာသည်။

“အေးကွဲ့၊ စောရန်နောင်ဆိုလား စောနောင်ဆိုလား၊ အဲဒီ ရှမ်းမောင်နှမပေါ့”

“ဟင် . . . ဒါဆို သာပေါင်းဒေသရဲ့ အနောက်ရိုးမနဲ့နီးတဲ့ ဒီတောင်ညိုဒေသမှာ ရှမ်းလူမျိုးတွေ လာရောက်နေထိုင်သွားခဲ့တယ်လို့ ယူဆရမှာပေါ့နော်”

ရွှေဘိုသူ မငွေးမြင့်က မှတ်ချက်ပြုသည်။

“ဦးလေးလဲ ဒီလောက်ပဲသိတယ်ကွဲ့”

“ဒီလိုပါခင်ဗျာ၊ ဒီတောင်ညိုဒေသရဲ့ ရာဇဝင်သမိုင်းကြောင်းကို ပြောရမယ်ဆိုရင် နည်းနည်းတော့ရှည်လိမ့်မယ်၊ ပြီးတော့မှ ကျွန်တော် လေ့လာထားမိသလောက် ပြောပြပါ့မယ်၊ထမင်းစားသောက်ပြီးမှ အေးအေးဆေးဆေး နားထောင်ကြပေါ့၊ အခုတော့ ဆွမ်းတော်ကပ်ထားတဲ့ ဆွမ်းချိုင့်ခွက်တွေ ပြန်စွန့်ပြီး ထမင်းစားကြပါစို့လား”

စောလွင်က အကြံပြုလိုက်တော့ အားလုံးသဘောကျပြီး အရိပ်ကောင်းသော သရက်ပင်ကြီးအောက်တွင် ဝိုင်းဖွဲ့ထိုင်ကြရင်း နံနက်စာထမင်းကို ပျော်ပျော်ပါးပါး စားသောက်ကြသည်။

“ဦးလေးရေ ထုံးစံအတိုင်း လုပ်လိုက်သေးလား”

စောလွင်က ဦးလေးစံကို မေးလိုက်သည်။

“လုပ်ပြီးပြီ မောင်စောရေ”

ဧည့်သည်ဆရာမလေးများက ဇဝေဇဝါဖြင့် ကြည့်နေသည်။

“ဒီလိုပါ ဆရာမလေးတို့ရယ်၊ ဆွမ်းတော်ကပ်ပြီး ပြန်စွန့်တုန်းက အနီးအနားတစ်ဝိုက်မှာ ကျင်လည်ကျက်စားနေထိုင်ကြတဲ့ မြင်အပ် မမြင်အပ်ပုဂ္ဂိုလ်သတ္တဝါတွေအတွက်မျှဝေကျွေးမွေးခြင်း အစီအစဉ် လုပ်ဖြစ်ရဲ့လားလို့ မေးတာပါ၊ ဒီလိုတောထဲတောင်ပေါ်မှာက ပိုပြီးလုပ်သင့်တယ်လေ၊ ရှေးလူကြီးသူမတွေရဲ့ ပြောထုံးစဉ်လာပါ”

“သြော် . . . ဒီလိုလား”

“အခုလို ချက်ပြုတ်ပြီးကျွေးမွေးရုံတင်မက ကရိကထခံပြီး လိုက်ပို့ပေးတဲ့ ဦးလေးစံတို့မိသားစုကို ကျေးဇူးတင်ရပါတယ်ရှင်”

တန့်ဆည်သူ မငွေးကြည်က ဦးဆောင်ပြီး ကျေးဇူးတင်စကား ဆိုလာသည်။ ကျန်သူများကလည်း အသီးသီးဝိုင်းပြောကြသည်။

“ကျေးဇူးတင်စရာ မလိုပါဘူး သမီးတို့ရယ်၊ ဦးလေးတို့ကလဲ ခုလိုလိုက်ပို့ပေးခွင့်ရတာကို ကျေနပ်နေတာပါ၊ မင်းတို့ ကျေးဇူးတင်ရင် မောင်စောကိုပဲ တင်ရလိမ့်မယ်၊ ဒီအစီအစဉ်တွေက သူ မနေ့ကလာပြီး စီစဉ်ထားခဲ့တာကွဲ့”

“ဟုတ်လား၊ ကျေးဇူးတင်ပါတယ်ဗျာ၊ ကိုစောလွင်တို့ သာပေါင်းသားတွေဟာ ဧည့်ဝတ်ကျေလှပါတယ်ဗျာ”

“ဟုတ်ပါတယ်၊ ကျွန်တော်တို့ ဘယ်တော့မှမေ့မရနိုင်တဲ့ အတွေ့အကြုံတွေ ဖြစ်နေမှာပါ”

“ရပါတယ်ဗျာ၊ ကျွန်တော်တို့တစ်တွေကလဲ ကျွန်တော်တို့ဒေသရဲ့ မထင်မရှား တောထဲကဘုရားလေးကို စိတ်ဝင်တစားနဲ့ ဖူးချင်လို့ လိုက်ပို့ခွင့်ရတာကိုပဲ ဝမ်းသာနေကြတာပါ”

နံနက်စာထမင်းကို ပျော်ရွှင်စွာ စားသောက်ပြီးကြတော့ လက်ဖက်သုပ်ချိုင့်များ၊ ငါးခြောက်ဖုတ်ချိုင့်များကို အလယ်တွင်ချလျက် စကားဝိုင်းစကြသည်။

“ကဲ . . တခြားအကြောင်းတွေ ပြောရင်းနဲ့ အချိန်ကုန်သွားဦးမယ်၊ စော





www.burmeseclassic.com

စာက ကိုစောလွင်ပြောပြမယ်ဆိုတဲ့ ဒီတောင်ညိုဒေသရဲ့ သမိုင်းကြောင်းကို ပြောပြတော့လေ"

"ဟုတ်ကဲ့ပါ၊ ဒီတောင်ညိုဒေသရဲ့ သမိုင်းကြောင်းကို ပြောရမယ်ဆိုရင် မမြင့်အေးတို့ရဲ့ ရတနာပုံမန္တလေး နေပြည်တော်ကနေ စပြောရလိမ့်မယ်ဗျ"

"ဪ . . . မန္တလေးနဲ့ ဘယ်လို ပတ်သက်နေတာပါလိမ့်"

အားလုံး စိတ်ဝင်စားသွားကြသည်။

"ဒီလိုပါ၊ ၁၈၈၅ ခုနှစ် အင်္ဂလိပ် မြန်မာ တတိယစစ်ဖြစ်ပြီး နန်းမြို့ကို အင်္ဂလိပ်ဗိုလ်ချုပ် ပရင်ဒါဂတ်နဲ့ ကာနယ်စလေဒင်တို့ရဲ့ နယ်ချဲ့စစ်တပ်ကြီးက စီးနင်းသိမ်းပိုက်ပြီး သီပေါဘုရင်နဲ့မိဖုရား စုဖုရားလတ်တို့ဟာ အလွယ်တကူ ဖမ်းဆီးခေါ်ဆောင်ခြင်းခံသွားရပြီးတဲ့နောက် မန္တလေးနန်းမြို့တစ်ခုလုံး ရုတ်ရုတ်သဲသဲနဲ့ ဆောက်တည်ရာမဲ့ ဖြစ်နေကြရတဲ့ အချိန်ပေါ့ဗျာ . . . . . ."

(၁၄)

သပြေတန်းခံတပ်မှ တပ်တွင်းသမားတော်ကြီးလည်းဖြစ်၊ တပ်မှူးကြီးဟောင်းလည်းဖြစ်သော ဇေယျာဗလကျော်ထင်နှင့် ရဲမက်ဗိုလ်ပါအချို့သည် ဆက်နက်မချဘဲ နန်းမြို့ဆီ အပြင်းပြန်လာကာ အရှင်နှစ်ပါးအား ပြန်လည်ယူရန် တိုင်ပင်ကြသည်။

ဘုရားကြီး အနီးမှ စောင့်ဆိုင်းနေကြစဉ် အထောက်တော်တစ်ဦး ရောက်လာပြီး . . .

"ဗိုလ်မင်းတို့ခင်ဗျာ၊ အင်္ဂလိပ်အတပ်က နန်းမြို့တစ်ခုလုံးကိုအမြောက်တွေနဲ့ အဆင်သင့်ချိန်ထားပါတယ်တဲ့"

"ဟင် . . . ဒါဆို အစီအစဉ်လုပ်လို့ မဖြစ်တော့ဘူး၊ တစ်မြို့လုံး ကြေသွားလိမ့်မယ်"

လုပ်ရေးကြံရေး အထမမြောက်ခြင်းဘဲ လက်လျှော့ခဲ့ကြရသည်။ သို့ပေမယ့်လည်း တစ်ပါးကျွန်တော့ အဖြစ်မခံနိုင်၊ တိုက်ရင်းသာ အသေခံချင်တော့သည်။ ရရာလက်နက်ဖြင့် ဆက်လက်တိုက်ပွဲဝင် တော်လှန်ကြရန် တိုင်ပင်ညီညွတ်ကြပြီး တပ်ဖျောက်နေခဲ့ကြသည်။

နန်းမြို့ မြို့စောင့်တပ်မှ ဗိုလ်မင်းစောရန်နောင်သည်လည်း မထင်မရှား အသွင်ဆောင်လျက် ရန်ကင်းတောင်သို့ ထွက်လာလိုက်သည်။ ရန်ကင်းတောင်တွင် သူအလေးအမြတ်ပြု နှုတ်ဆက်ရမည့် အနွယ်တော်ဝင် မင်းသမီးတစ်ပါးသည် သီလရှင်ဝတ်ဖြင့် ရှိနေပါသည်။ ထိုမင်းသမီးမှာ သီပေါဘုရင် နန်းတက်စက အနွယ်တော်များသုတ်သင်ရှင်းလင်းမှုကြောင့် ဘေးထက်နေသော ဆင်ဖြူမရှင် မိဖုရားကြီး၏ရန်ကိုကြောက်ရသဖြင့် ရန်ကင်းတောင်သီလရှင်ကျောင်းတွင် မထင်မရှား လာရောက်နေရရှာသော မင်းသမီး ထိပ်တင်နွဲ့ပင် ဖြစ်လေသည်။

"ကျွန်တော်မျိုး ရှမ်းပြည်နယ်ကို ပြန်ပါတော့မယ် ဆရာလေး"

"ညီမတော်တွေကော"

"ခေါ်သွားရမှာပေါ့ ဘုရား၊ ဟိုမှာပဲ ပြန်အခြေချပြီး အခွင့်အခါကို စောင့်ပါ့မယ်၊ မျိုးနွယ်စုတွေကိုစည်းရုံး စုဆောင်းပြီး ပြန်တော်လှန်နိုင်အောင် ပြင်ဆင်ပါ့မယ် မင်းသမီး"

"ဒါဆိုရင် ဗိုလ်မင်း ဒီမှာပဲ တစ်ရက် နှစ်ရက် စောင့်ပါဦး၊ သမားတော်ကြီးနဲ့ သပြေတန်းက ဗိုလ်မင်းအချို့ ဒီကို လာပါလိမ့်မယ်၊ ဆရာလေးလဲ ဝတ်ကြောင်ပြန်လဲတော့မှာပါ"

"မှန်ပါ့ ဆရာလေးဆီကိုအဆက်အသွယ်ပြုထားတယ်လား ဘုရား"

"မှန်တယ် ဗိုလ်မင်း"

တကယ်တော့ ဗိုလ်မင်း စောရန်နောင်နှင့် မင်းသမီး ထိပ်တင်နွဲ့တို့နှစ်ဦးသည် နန်းတွင်းမှာရှိစဉ်ကာလကတည်းက တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ငြိတွယ်ခဲ့ကြသော ငယ်ကျွမ်းဟောင်းများပင် ဖြစ်တော့သည်။ ထိုစဉ်က ဗိုလ်မင်းစောရန်နောင်မှာ ဗိုလ်လေးဘဝဖြင့် မင်းသမီး ထိပ်တင်နွဲ့၏ ခမည်းတော် မင်းသားကြီး၏ထံတွင် အနီးကပ်အမှုတော်ထမ်းနေစဉ် ဖြစ်သည်။ ဗိုလ်လေးစောရန်နောင် ရှမ်းပြည်ဘက်သို့ ခဏပြန်နေစဉ် နန်းတွင်း၌ ကိစ္စကြီးများ ဆက်တိုက်ဖြစ်ပွားပြီး သီပေါမင်းသား နန်းတက်ပြီးနေပြီ၊ မင်းသမီး ထိပ်တင်နွဲ့မှာလည်း ဘယ်ရောက်နေမှန်းမသိရသလို မင်းသားကြီးမှာလည်း ကြေးတိုက်ထဲမှာလိုလို၊ ကွပ်မျက်လိုက်ပြီလိုလိုနှင့် တိတိကျကျ မသိရ။ ပေါ်ပေါ်ထင်ထင် မမေးရဲ။ ဆင်ဖြူမရှင် မိဖုရားကြီး၏ အမိန့်ဩဇာက လှုံ့သွား၊ ဘေးသွားပမာ ထက်လှချေ၏။

သီပေါမင်းသားနှင့် စုဖုရားလတ်တို့ နန်းသိမ်းဘိသိက်ခံယူပြီးနောက်ပိုင်း မိဖုရားခေါင်ကြီး စုဖုရားလတ်၏ ဩဇာအာဏာသည်သာ နန်းတွင်းလွှမ်းမိုးခဲ့ပြီး မယ်တော် ဆင်ဖြူမရှင်မိဖုရားကြီးမှာ တဖြည်းဖြည်း အရှိန်အဝါ ကျလာလေတော့သည်။ မိဖုရားခေါင်ကြီးဖြစ်လာသော စုဖုရားလတ်သည် မယ်တော် ဆင်ဖြူမရှင်မိဖုရားကြီးအား အရေးအရာ မတိုင်ပင်တော့ဘဲ တဖြည်းဖြည်း လျစ်လျူရှုခဲ့လေတော့သည်။

နန်းတွင်းကိစ္စများ တဖြည်းဖြည်း တည်ငြိမ်လာတော့မှ မင်းသမီးထိပ်တင်နွဲ့ကို စုံစမ်းကြည့်ရာ ရန်ကင်းတောင် သီလရှင်ကျောင်းတိုက်တစ်ခုတွင် တိမ်းရှောင်နေကြောင်းနှင့် ဖခင်ဖြစ်သူ မင်းသားကြီးမှာ ကွပ်မျက်ခံရသည့်အထဲတွင် ပါဝင်သွားခဲ့ကြောင်း၊ မင်းသမီး၏ မယ်တော်ကြီးမှာ ရန်ကင်းတောင်တွင် တိမ်းရှောင်နေခိုက် စိတ်ထိခိုက်သည့်ဝေဒနာနှင့် မကျန်းမာတော့ကြောင်း ကြားသိလာခဲ့ရ၍ ဗိုလ်မင်းစောရန်နောင် ရန်ကင်းတောင်သို့ လိုက်လံတွေ့ဆုံပြီး နှစ်သိမ့်အားပေး ထောက်ပံ့ပေးရုံမှလွဲ၍ ဘာမျှမတတ်နိုင်ခဲ့။ အင်္ဂလိပ်တို့နှင့် စစ်ပွဲများ စတင်ဖြစ်ပွားခါစ အချိန်မှာပင် မင်းသမီး၏မယ်တော်ကြီးမှာ ဆုံးပါးသွားခဲ့သည်။

သမားတော် တပ်မှူးဟောင်းကြီး ဇေယျာဗလကျော်ထင်နှင့်အဖွဲ့တို့

www.burmeseclassic.com

ရောက်လာတော့ ရွှေဆက်လုပ်ဆောင်ရမည်တို့ကို တိုင်ပင်ကြသည်။ မင်းသမီးထိပ်တင်နှဲ့က . . .

"မဖုရားဆီမှာရှိတဲ့ လက်ဝတ်ရတနာတွေရယ်၊ ခမည်းတော်၊ မယ်တော်တို့ လက်ထက်က ကျန်ခဲ့တဲ့ ရွှေဒင်္ဂါးနဲ့ ငွေဒင်္ဂါးတွေကို တော်လှန်ရေးအတွက် အသုံးချမယ်၊ တော်လှန်နိုင်ဖို့အတွက်ကတော့ သမားတော်ကြီးနဲ့ ဗိုလ်မင်းများ တိုင်ပင်ကြ၊ စခန်းရွှေ့ကြ၊ မဖုရား ဗိုလ်မင်းတို့နဲ့ အတူလိုက်မယ်"

"နယ်ချဲ့မျက်နှာဖြူတွေကို တော်လှန်တိုက်ခိုက်နိုင်ဖို့ဆိုတာလက်နက်ချင်းယှဉ်သာမှဖြစ်မယ်၊ အနောက်ဥရောပနိုင်ငံ တစ်ခုခုနဲ့ ဆက်သွယ်ပြီး လက်နက်ခဲယမ်း ဝယ်ယူနိုင်ဖို့ကတော့ မဖုရားရဲ့ဥစ္စာရတနာတွေနဲ့ အတော်အသင့် ဝယ်ယူစုဆောင်းနိုင်သလို ရန်သူ့လက်နက်ကိုယ့်လက်နက်ဖြစ်အောင်လဲလုပ်ရမယ်၊ အဲဒီတော့ လက်နက်ဝယ်ယူပြီး သယ်ဆောင်နိုင်မယ့် လမ်းကြောင်းနဲ့ တို့တော်လှန်ရေး အင်အားစုတွေ ခိုအောင်းနေထိုင်နိုင်ဖို့ ဘူမိနက်သန် အောင်မြေမှန်ကို ရွေးချယ်ကြရမယ် ဗိုလ်မင်းတို့"

အားလုံး တိုင်ပင်ရွေးချယ်ကြရင်း ဗိုလ်မင်းငနှောင်းက တင်ပြသည်။

"ကျွန်တော်မျိုးကြီးရဲ့ဇာတိ သာပေါင်းရွာဟာ အင်္ဂလိပ်ပိုင် အောက်မြန်မာပြည်ထဲမှာ ရှိပါတယ်၊ ဟိုယခင် သာယာဝတီမင်းတရားကြီးလက်ထက်တော်ကာလက မွန်တို့ဌာနေ မြစ်ဝကျွန်းပေါ်ဒေသတစ်ဝိုက်ရဲ့ ပုသိမ်(၃၂)မြို့ စာရင်းဝင် မြို့တစ်မြို့ ဖြစ်ပါတယ် ဘုရား၊ အနောက်ရိုးမတောင်တန်းကြီးရဲ့အရှေ့ ငဝန်မြစ်ကမ်းနဖူးမှာ တည်ထားပြီး အနောက်ရိုးမကြီးနဲ့ တစ်နေ့ တစ်ညခရီးပဲ ရှိပါတယ်ဘုရား၊ တောင်တန်းကြီးဟိုဘက်ကို ကျော်ဆင်းလိုက်ရင် ဘင်္ဂလားပင်လယ် ကမ်းခြေရွာများအထိ တစ်နေ့ခရီးပါ ဘုရား၊ ရိုးမပေါ်ကနေ ပင်လယ်ထဲ စီးဝင်နေတဲ့ ချောင်းရိုးချောင်းစွယ်များလဲ ပေါများလှပါတယ်၊ သစ်ကြီးဝါးကြီးများ ထူထပ်လှပါတယ်၊ စခန်းချတပ်ဖျောက် ခိုအောင်းလှုပ်ရှားဖို့ သင့်လှကြောင်းပါ ဘုရား"

"အင်း. . . တို့ရည်ရွယ်ချက်လဲ ပင်လယ်ပြင်ကနေ ကုန်းတွင်းပိုင်းအထိ ရေလမ်းနဲ့ ဝင်ရောက်နိုင်တဲ့ အရပ်ဒေသလဲ ဖြစ်ရမယ်၊ နယ်ချဲ့မျက်နှာဖြူတွေ မထင်မှတ် မရောက်လှမ်းနိုင်တဲ့နေရာလဲ ဖြစ်ရမယ်၊ စားနပ်ရိက္ခာရှာဖွေစုဆောင်းလို့ ရနိုင်မယ့်နေရာလဲ ဖြစ်ရမယ်ဆိုတာ ဗိုလ်မင်းငနှောင်း တင်ပြတဲ့ သာပေါင်းရွာကို ဘယ်လိုသွားလာနိုင်မလဲဆိုတာ မြေပုံညွှန်းနဲ့ လျှောက်တင်စမ်းဟဲ့"

"မှန်ပါ့၊ ဒီအညာကနေ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းသွားရင်း ဟင်္သာတမြို့မရောက်ခင် ဧရာဝတီမြစ်မကြီးမှ မြစ်လက်တက်တစ်ခု စခွဲပါတယ် ဘုရား၊ အနောက်ရိုးမနဲ့ အပြိုင်စီးဆင်းနေတဲ့ ငဝန်မြစ်ပါ ဘုရား၊

ငဝန်မြစ်ကြောင်းအတိုင်း စုန်ဆင်းလိုက်မယ်ဆိုရင် တစ်ပတ် ဆယ်ရက်ခရီးလောက်မှာ သာပေါင်းရွာကို ရောက်ပါတယ် ဘုရား၊ တစ်နေ့ခရီး ဆက်စုန်မယ်ဆိုရင် ပုသိမ်ကို ရောက်ပါပြီ ဘုရား"

"အိမ်း- ဒါဆို ဗိုလ်မင်းငနှောင်းနဲ့ အဖော်နှစ်ယောက်လောက်က အောက်ပြည်စုန်ပြီး သာပေါင်းရွာတစ်ဝိုက်ကို စုံစမ်းချေဟဲ့"

## (၁၅)

ကိုရင်ငနှောင်းနှင့် အဖော်နှစ်ယောက်တို့သည် အညာဈေးသည်များ အသွင်ယူလျက် လှေငယ်တစ်စင်းဖြင့် သာပေါင်းရွာသို့ ရောက်လာကြသည်။ ကိုရင်ငနှောင်းက ဦးစွာပထမ ငယ်ကျောင်း ငယ်ဆရာတော်ဖြစ်သော သိမ်ဖြူကျောင်းဆရာတော် (ကညင်ချောင်းကျောင်း ဆရာတော်) အား ဝင်တွေ့ဖူးမြော်နှုတ်ဆက်သည်။

"တပည့်တော် ငနှောင်းပါ ဘုရား"

"ဩော်. . . ငနှောင်းလား၊ အေး ငယ်ရုပ်တော့ မပျောက်သေးဘူးဘဲ၊ လူကောင်ကတော့ ထွားပါ့၊ လူကြီးဖြစ်မှပဲ ဟဲ့"

ကိုရင်ငနှောင်းသည် သာပေါင်းရွာ ကညင်ချောင်းအရပ်သားဖြစ်ပြီး ဦးရိုးဖြစ်သူ မိသားစုက မွေးစားထားရသူဖြစ်သည်။ ကညင်ချောင်းဆရာတော်ထံ အပ်နှံ၍ ပညာသင်ကြားစေရင်း ဘုန်းကြီးကျောင်းသား ဖြစ်လာရသည်။

တစ်နေ့ ဆရာတော်၏ဇာတိ ကျောက်ပန်းတောင်းမှ ဒကာ၊ ဒကာမများ ရောက်ရှိလာရာ မွေးစားစေဖို့ အပ်နှံထည့်ပေးလိုက်သည်။ အရွယ်ရောက်သော် ဘုရင့်တပ်မှ ဆင့်ခေါ်သောကြောင့် ဝင်ရောက်အမှုထမ်းရင်း နေပြည်တော်ရောက်ရှိသွားကာ သခြေတန်းခံတပ်တွင် တပ်ဗိုလ်အဆင့်ဖြင့် အမှုထမ်းနေခဲ့ခြင်း ဖြစ်သည်။

ဆရာတော် မေးမြန်းသမျှကို ပြန်လည်ဖြေကြားလျှောက်ထားရသည်။

အောက်မြန်မာပြည်ရှိ ပြည်သူ အများစုမှာ သီပေါဘုရင်နှင့် မိဖုရားကြီး စုဖုရားလတ်တို့ ဖမ်းဆီးခေါ်ဆောင်ခြင်း ခံသွားရသည်ကို မယုံကြည်ကြ၊ လူစားထိုး ပါသွားခြင်းသာ ဖြစ်ချိမ့်မည်ဟု ယုံကြည်နေခဲ့ကြသည်။

နိုင်ငံ့ဦးသျှောင် မင်းမိဖုရား နှစ်ပါးတို့အား ကြက်ကလေး ငှက်ကလေးများ ဖမ်းသလို လွယ်လင့်တကူ ဖမ်းဆီးခေါ်ဆောင်သွားနိုင်ခဲ့လိမ့်မည်ဟု မမှတ်ထင်ကြ။ မင်းမိဖုရား နှစ်ပါးသည် တစ်နေရာရာသို့ အချိန်မီ အခါမီ တိမ်းရှောင်သွားနိုင်ခဲ့ကြလိမ့်မည်ဟုသာ မှတ်ထင်နေခဲ့ကြသည်။

"ကုလားဖြူတွေက အယုံသွင်း လိမ်ညာခဲ့တာကို ကင်းဝန်မင်းကြီး အငိုက်မိခဲ့ကြရပါတယ် ဘုရား"

"ဘယ်လိုဖြစ်သတုံးဟဲ့"

"ကုလားဖြူတွေက ကင်းဝန်မင်းကြီးတို့ လိုလားမျှော်လင့်နေခဲ့ကြ[illegible] ညောင်ရမ်းမင်းသားကို သဘော်ဦး[illegible]



www.burmeseclassic.com

www.burmeseclassic.com

ညောင်ရွက်တွေဆင်ပြီး ဆောင်နှင်းလာခဲ့ပါတယ် ဘုရား"

"သားတော်ကြီး ညောင်ရမ်းနဲ့ ညောင်အုပ်တို့လားဟဲ့"

"မှန်ပါ့"

"အိမ်း . . . သားတော်ကြီး ညောင်ရမ်းကိုယ်တော်ကို နန်းပြန်တင်မယ့်ပုံပဲ၊ တယ်သင့်မြတ်တာပေါ့ဟဲ့"

"မဟုတ်ပါဘူး ဘုရား၊ ညောင်ရမ်းမင်းသား အတုပါဘုရား၊ စကားပြန်မောင်ဘသန်းကို ပုံမှားရိုက်ခေါ်လာတာပါဘုရား"

"ဟေ"

"စကားပြန် မောင်ဘသန်းက ညောင်ရမ်းကိုယ်တော်ကြီးနဲ့ ရုပ်ချင်းဆင်ပါတယ် ဘုရား၊ ညောင်ရမ်းကိုယ်တော်ကြီး ပါလာတယ်ဆိုတော့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်က ခံတပ်တွေကို မခုခံရဆိုပြီး ရွှေနန်းတော်ကနေ အင်းဝန်မင်းကြီးက စာချွန်တော်အမိန့်ဆင့်လို့ တပည့်တော်တို့ တစ်တွေမှာ ဒီအတိုင်း ကြည့်နေလိုက်ရပါတယ် ဘုရား"

"ဟေ . . ဖြစ်မှဖြစ်ရလေတယ် ကွယ်"

"ဒါပေမဲ့ တပည့်တော်တို့တစ်တွေ မဟာမြတ်မုနိဘုရားကြီးအနားက ဆောင့်ပြီး မင်းနှစ်ပါးကို ပြန်လုယူဖို့ ကြံစည်ကြပါသေးတယ်၊ အထမမြောက်နိုင်ခဲ့ပါ ဘုရား"

"ဩော် . . . အိမ်း အိမ်း၊ ဒါဆိုရင် နင်က ဘုရင့်တပ်တွေ ဖျက်သိမ်းလိုက်ရလို့ ပြန်လာတာပေါ့"

ကိုရင်ငနှောင်းက သူတို့၏အကြံအစည်ကို တင်ပြလိုက်သည်။

"တပည့်တော် တောင်ညိုဘက်ကိုသွားပြီး နယ်မြေအခြေအနေ လေ့လာဦးမယ် ဘုရား၊ အဲဒီကမှတစ်ဆင့် အနောက်ရိုးမကို ကျော်ချနိုင်မယ့်လမ်းကြောင်းနဲ့ ပင်လယ်ထဲစီးဝင်တဲ့ ချောင်းနဲ့ ချောင်းသွယ်တွေကို ရှာရပါမယ် ဘုရား"

"အိမ်း . . . အဲဒါဆို တောင်ညိုမှာ အမိဋ္ဌာန်ဝင်နေတဲ့ ရသေ့ကြီးဦးဒီပဆိုတာရှိတယ်၊ သူက အနောက်ရိုးမတစ်ခွင်ကို ခြေရာချင်းထပ်အောင် ကျင်လည်ခဲ့ဖူးတဲ့ မုဆိုးဟောင်းကြီးပဲ၊ တောင်ညိုတောင်ရဲ့ အနောက်ဘက်ခါးပန်းမှာ သစ်ခက်ဝါးကျောင်းလေးနဲ့ နေတယ်၊ ငါလွှတ်လိုက်တယ်လို့ ပြော"

"မှန်ပါ့"

"ဒီပြန်ရောက်တုန်း နင့်ဦးရီးတော့်ကို သွားတွေ့လိုက်ဦး၊ အသက်ကြီးလှပြီကွဲ့"

"မှန်ပါ့ဘုရား"

## (၁၆)

ကိုရင်ငနှောင်းနှင့် အဖော်နှစ်ယောက်တို့သည် လိုအပ်သော စားနပ်ရိက္ခာနှင့် လက်နက်တန်ဆာပလာတို့ကို ပြင်ဆင်ကြပြီး တောင်ညိုတောင်သို့ တက်ခဲ့ကြလေတော့သည်။ တောင်ညိုရောက်တော့ ရသေ့ကြီးဦးဒီပ၏ လမ်းညွှန်ကူညီမှုကို ရယူပြီး စမ်းပေါက်ရွာရှိ မုဆိုးကြီးပြေးကိုငှားရမ်းခေါ်ဆောင်ကာ အနောက်ရိုးမတစ်ခွင်သို့ နယ်မြေလေ့လာကြသည်။

မုဆိုးကြီးပြေးမှာ နယ်မြေ ကျွမ်းကျင်လှသည်မို့ များစွာအထောက်အကူဖြစ်လေသည်။ ငါးတန်ချောင်းနှင့် ရေကြည်ချောင်း နှစ်ခုဆုံရာ ဘူမိချောင်းရိုးတစ်လျှောက် စူးစမ်းလေ့လာကြသည်။ ဂွနယ်စပ်အနီးမှ ချောင်းမအဖြစ်စီးဆင်းလာသော ဘူမိချောင်းသည် အနောက်ရိုးမ၏ အလယ်ကျောပေါ်မှအရှေ့ဘက်သို့ ကွေ့ဝိုက်စီးဆင်းလာကာ တောင်ညိုဒေသတွင် တောင်ညိုတောင်ကို ဦးစိုက်ပြန်ကွေ့ကာ အနောက်တောင်ဘက်သို့ ပြန်ဝိုက်၍ အနောက်ရိုးမကိုပင် ဖြတ်သန်းပြီး (ယခု ဘောမိရွာအနီးတွင်) သာပေါင်းမြို့၏ အနောက်မြောက်ဘက်ရှိ ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်လေသည်။ ဘူမိချောင်း၏ တည်ရှိနေပုံမှာ ကိုရင်ငနှောင်းတို့လိုချင်သော ပထဝီအနေအထားနှင့်လည်း ကိုက်ညီနေသည်။ ဘူမိချောင်းသည် ချောင်းဝမှ အတွင်းပိုင်း ဂါယာရွာအထိ အတော်အသင့် ကြီးမားသော လှေကြီးများမှာ ရေတက်ချိန် တွင် ဝင်နိုင်ထွက်နိုင်သည်။ လက်နက်ဝယ်ယူရရှိခဲ့သော် ထိုနေရာမှ တစ်ဆင့် လှေငယ်များဖြင့် မြောက်ဖြူရွာအထိ ကဲ့ယူနိုင်ပေမည်။ မြောက်ဖြူရွာအလွန် အရှေ့ဘက်တစ်မိုင်ခန့်တွင် သာပေါင်း ရွာဖျားမှဖြတ်ပြီး ငဝန်မြစ်အတွင်းသို့ စီးဝင်သော ကညင်ချောင်းချောင်းဖျား ရှိသည်မို့ သာပေါင်းအထိ သွားလာသယ် ယူရေးမှာ အဆင်ပြေလှသည်။ ဘူမိချောင်းမကြီး၏ အဝိုက်နှင့် ကညင်ချောင်း ချောင်း၏အဖျားတို့သည် ကိုက်တစ်ရာခန့်သာ ကွာလှမ်းသည်မို့ ဘူမိချောင်းမှ ကညင်ချောင်း ချောင်းထဲသို့ ကျော်ချသယ်ယူနိုင်ပေသည်။

[ဌင်းနေရာကို လွတ်လပ်ရေး ရပြီး ခေတ်နောက်ပိုင်းတွင် ဘူမိချောင်းဖျားမှ မျှောချယူလာသော သစ်လုံးများကို ကညင်ချောင်း ချောင်းထဲသို့ ဆင်များဖြင့် ဆွဲယူကျော်ချပြီး သာပေါင်းအထိ မျှောချနိုင်သောကြောင့် သစ်လုံးများကို ချောင်းတစ်ခုမှတင်ပြီး နောက်ချောင်းတစ်ခုထဲသို့ ချသော ဆိပ်ကမ်းသဖွယ် ဖြစ်လာသဖြင့် 'တင်ဆိပ်' ဟု ခေါ်ဝေါ်သမုတ်ကြလေသည်။]

ယနေ့ခေတ် သာပေါင်းမြို့၏ နောက်ကျောရှိ လှေကြီးတက်ရွာတွင် တစ်နေ့ တန် ၂၀၀ ကျ ပျော့ဖတ်စက်ရုံနှင့် စက္ကူစက်ရုံများကို ၂၀၀၀ ပြည့်နှစ်မှ စတင်ခဲ့ပြီး ၂၀၀၄ တွင် စက်ရုံဖွင့်လှစ်ခဲ့ပါသည်။

(ဆက်ရန်)

❒ **ကိုကြီးစော(သာပေါင်း)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် စာရေးသူသည် သဘာဝဓမ္မ၏ ကြောင်းကျိုး ဆက်နွယ်မှုကို လက်ခံပါသည်။ သဘာဝလွန် ဖြစ်ရပ်ဆန်း တို့ကို လက်ခံခြင်း မရှိဟုလည်း မဆိုပါ။ စစ်မှုထမ်း ဘဝ၏ တိုက်ပွဲများစွာ ဖြတ်သန်းခဲ့ရပြီး ထူးဆန်းမှု များစွာလည်း ကြုံတွေ့ခဲ့ရသည်။

ယခု ဂွတောင်ကြားလမ်း စတင်ဖောက်လုပ်စဉ်က ပင် ထိုဒေသအနောက်ရိုးမကို စစ်မှုထမ်းဘဝဖြင့် ကျင်လည် ခဲ့ပြီး အငြိမ်းစားယူကာ သစ်လုပ်ငန်းဖြင့် အသက်မွေးဝမ်း ကျောင်းခဲ့သူဖြစ်ပြီး တောပစ်ခြင်း၊ ကိုင်းထောင်ခြင်းနှင့် တော မောင်း၊ တောခြောက်၊ တောလှန်၍ သားကောင်ကို ပိုက်ဖြင့် ဖမ်းဆီးခြင်းကလည်း အကြိမ်ပေါင်း မနည်းတော့ချေ။

သံမဏိကြိုးကွင်းဖြင့် ကိုင်းထောင်သော ထောင် ချောက် ကိရိယာပင် (၂၀၀)ကျော်ရှိနေ၍ သာမန်တောင်ကုန်း ငယ်တစ်ခုလုံး ခြေနင်းကိုင်းအပြည့် ထောင်ထားလေ့ရှိသည်။

ထို့ကြောင့် ကျွန်ုပ်တို့ "ကိုင်း" ထောင်သော တောင် ကုန်းပေါ်သို့ ကျား၊ ဝက်ဝံ၊ တောဝက်၊ ချေ၊ ဆတ်၊ ပြောင်၊ ဝင်ရောက်လာက လွတ်လမ်းမရှိ။

ထိုအကျိုးဆက် အကုသိုလ်တရားတို့သည်လည်း စဉ်ဆက်မပြတ် ရှိနေမည်မှာ သေချာသည်။ ကျွန်ုပ်ကိုယ်တိုင် ဒူးလေးမကိုင်သော်လည်း သေနတ်ပစ်ခတ်ခြင်းကိုကား လက် မလွှတ်နိုင်။ သစ်လုပ်သားဦးရေ၏ တစ်ဝက်ကျော်သည် မုဆိုး လုပ်ငန်းဖြင့် အကျွမ်းဝင်နေသူများသာ ဖြစ်သည်။

(၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လသည်ကား ထူးဆန်းမှုကို စာဖတ်သူထံ ယုံပါဟုတိုက်တွန်းခြင်းမဟုတ်၊ အတွေ့အကြုံကို သုံးသပ်နိုင်ရန် ရေးသားတင်ပြလိုက်ခြင်းသာ ဖြစ်သည်။)

❖

ငါးသိုင်းချောင်းမှ ဂွမြို့သို့ သွားလျှင် (၂၅)မိုင် ခရီးမိုင် တိုင်ကို မြင်လိုက်ပါက ဘယ်ဘက်တောင်ကုန်း ဆင်ခြေလျှော အတိုင်းသွားလျှင် ဆယ်မိုင်ခန့် ဆက်၍သွားရသည်။ ထိုနေရာ သို့ရောက်လျှင် ကျွန်ုပ်တို့ နွေနှင့် ဆောင်းရာသီအတွက် ပင်မ စခန်းအဖြစ် ယာယီတဲများ ထိုးရလေသည်။ ဝေးလံသော အရပ်ဖြစ်၍ "ဆန်၊ ငါးပိ၊ ဆီ " သုံးမျိုး အပြတ်ခံ၍ မရ။

သစ်လုပ်ငန်းအတွက် ကျွဲသည် အပေါ့ပါးဆုံး၊ သစ် ထုတ်လုပ်မှုဖြစ်၍ ကျွဲများကား မပါလျှင်မပြီး၊ ကျွဲများအတွက် စားကျက်နှင့် ရေနီးရာကို ရွေးချယ်ရလေ၏။ ထိုနေရာသို့ ကျွန်ုပ်တို့ တစ်နေ့ခရီးပင် ရောက်သည်။ အားလပ်ချိန်တိုင်း တောင်ကုန်း နှစ်လုံးကြား လျှိုများကို အတားအဆီး ပြုလုပ် ပိုက်ချကာတောကောင်များကို ခြောက်လှန့်မောင်းနှင် ဖမ်းဆီး လေသည်။ ကိုင်းထောင်သော အဖွဲ့ကလည်း မပြတ်တမ်း ကိုင်းထောင်သည်။ ရံဖန်ရံခါ ကိုင်းထောင်ပြီး ပြန်လည် စစ်ဆေးမှု မပြုလုပ်နိုင်ခဲ့လျှင် သားကောင်သည် သေဆုံး၍ ပုပ်ပွနေတတ်၏။ ကျွန်ုပ်၏လုပ်သားများတွင် ဦးမော်ဆိုသူနှင့် လွှသမား (၄)ဦးသည် အားအကိုးရဆုံး ဟင်းရှာဖွေရေး သမားများ ဖြစ်သည်။

တစ်နေ့ ကျွန်ုပ်ရှိရာသို့ မိတ်ဆွေတစ်ဦး ရောက် လာ၏။ သူ့အတွက် "မျောက်ချေးခါး" မဖြစ်မနေ ရအောင် ဆောင်ရွက်ပေးရန် အကူအညီ တောင်းခံသည်။

ကျွန်ုပ်က နေခြောက်လှန်းထားသော အသား ခြောက်တို့ကို ပေးသော်လည်း လက်မခံ။ "မျောက်ချေးခါး" မှ ဖြစ်မည် ဟုဆို၏။ ကျွန်ုပ်က တပည့်တစ်ယောက် ထည့်၍ ဂွမြို့သို့ သွားရောက်မည့်လမ်းတွင် "ချင်းရွာ" တစ်ရွာရှိကြောင်း ထိုချင်းရွာတွင် "မျောက်ချေးခါး" ဝယ်လျှင် ရနိုင်ကြောင်း ညွှန်ပြ၏။ သို့သော် ထိုမိတ်ဆွေက လက်မခံ။

ကျွန်ုပ်စခန်းအနီးမှ "မျောက်ချေးခါး" ကို ရမှဖြစ် မည်ဟု တွင်တွင်တောင်းဆိုနေသည်။ ကျွန်ုပ်တို့ စခန်းအနီး ဝန်းကျင်တွင် "ခံတက်" ရွက်နုမျိုးဖြစ်ပြီး ခံတက်တောပေါ်၏။ စမ်းချောင်းရေစပ်အနားတွင် ကွမ်းရွက် (ပင်စည်နွယ်ပုံ) အရွက် ခေါက်ထူထူ (ကရဝေးရွက် သဏ္ဌာန်) ကဲ့သို့ အပင်ကား ပို၍ ထူးဆန်းသည်။ ထိုအရွက်ကို (ဝါး) မျိုလျှင် ဆီးဖြူသီးအရ ထွက်နေသည်။ ထိုတောမှ လူတို့က ကျောက်ကွဲဟုခေါ်သည်။ ကျောက်ကွဲဟု ခေါ်ရခြင်းမှာ ဆီးရွှင်၊ ကျောက်ကွဲသဖြင့် ကျောက်ကွဲဟု အလွယ်တကူ ခေါ်ဆိုခြင်း ဖြစ်သည်။

ထိုအရွက်များသည်လည်း ရွက်နုများ ထွက်နေ၏။ မဖြစ်မနေ ဆောင်ရွက်ပေးရမည့် မိတ်ဆွေဖြစ်၍ ဦးမော်တို့ သူတို့ခေါ်ယူကာ မျောက်ချေးအတွက် တောလည်ရန်ပြင်ဆင် ခိုင်းလိုက်လေသည်။ ထိုမိတ်ဆွေကိုလည်း အိမ်ကို ပြန်ရန် တိုက်တွန်းသော်လည်း မရ။ မျောက်ချေးခါးကို စောင့်ယူမည် ဆိုသဖြင့် သစ်လုပ်သားများကို တစ်ရက် အနားပေးကာ နံနက်ချိန် တောလည်ကြမည်ဟု ပြောဆို စီစဉ်လိုက်ရ သည်။

နောက်တစ်နေ့အတွက် ကျွန်ုပ်တို့ တောထုံးစံ စီစဉ်ကြသည်။ ကျွန်ုပ်၏ တပည့်နှစ်ဦးတွင်လည်း တစ်ဦး တောပိုင် တောင်ပိုင်နှင့် နတ်တို့ကို ယုံကြည်သူတစ်ဦး ဗေဒင်ကိန်းခန်း အတတ်ကို ယုံကြည်သူဖြစ်သည်။ ထို့ပြင် မိုးလင်းလျှင် တောလည်ရန်အတွက် တောပိုင် တောင်ပိုင်နှင့် နတ်ယုံကြည်သူက ကြိုတင်ပြင်ဆင်ထားသော ချက်အရက်



www.burmeseclassic.com

www.burmeseclassic.com

ကြက်ဥနှင့် ကောက်ညှင်းတို့ကို ဝါးဖြင့် စင်ငယ်လေးများ ရက်လုပ်၍ တောတိုင်လေ၏။

ကျွန်တပည့်တစ်ဦးက အညွှန့်အခက်များဖြင့် ယကြော အဆောင် အစီအရင်များကို ပြုလုပ်လိုက်စဉ် တောကျိုးကန်း တစ်ကောင် ရုတ်တရက် အော်လိုက်လေသည်။

နတ်ယုံကြည်သူက ရုတ်တရက်ထကာ. . .

"ဆရာရေ၊ ကနေ့ သားကောင် ကြီးကြီးရမယ်"ဟု ဝမ်းသာအားရ အော်လိုက်လျှင် ပေဒင်ယုံကြည်သော တပည့်က ကျွန်ုပ်အား "ဆရာ၊ အနီရောင် အသားအရေနဲ့ သားကောင်ကို ရမယ်၊ ကြေကွဲဝမ်းနည်းစရာနဲ့ ကြုံရမယ်၊ ရန်ကြွေး ရန်စတွေ ပြည့်လျှံနေမယ် ဆရာ"ဟုဆိုလျှင် နတ်ကို ယုံကြည်သူက "ဟေ့ကောင် 'ဖိုးတောက်' ပေဒင်လေး မတောက်ခေါက်နဲ့ မဟုတ်တာတွေ မပြောနဲ့၊ ငါ တောတိုင်ထားတယ်၊ နတ်နဲ့နဂါး မလှည့်စားနဲ့တဲ့၊ တောပိုင်တောင်ပိုင်နဲ့ အားလုံး ကျေနပ်အောင်ပါ စီစဉ်ပြီးသား၊ ဆရာ ဒီကောင့်စကား မယုံနဲ့" ဟု ကန့်ကွက်လေ၏။

ဖိုးတောက်ဟူသော ပေဒင်သမားက. . .

"ဟေ့ကောင် ငပြူး၊ နတ်နေ၊ လာဘ်နေ၊ နဂါးခေါင်း လှည့်ဟာတွေက ပေဒင်အယူအဆ အသုံးအနှုန်းကွ၊ မင်းတို့ နတ်သမားတွေက ဒီစကားတွေကို ခုတုံးလုပ်ပြီး သုံးနေကြတာ၊ ငါ ကျိုးနိမိတ်နဲ့ ပြောနေတာကွ"

ထိုထိုစကားတို့ကို ကျွန်ုပ် မနှစ်သက်။

အမှန် တကယ်ပင် ကျွန်ုပ်သည် ပေဒင်နှင့် နတ်နှစ်မျိုးစလုံး အယုံအကြည်မရှိ။ မိသားစုဘဝကို မင်းနတ်နှင့် ပတ်သက်သော အသုံးအဆောင် မထားရ။ အသက်နှင့် ကျည်ဆန်ကို အလဲအလှယ်လုပ်၍ စစ်မှုထမ်းဘဝ ဖြတ်သန်းလာခဲ့သူ မိုင်းနှင့်ထောင်ချောက်မျိုးစုံကို ပေဒင် မမေးဘဲ ကြိုတင်မှန်းဆခဲ့သူ။ ဤသည်ကြောင့် နှစ်ယောက်စလုံးကို ပြင်းပြင်းထန်ထန် သတိပေးလိုက်ပြီး . . .

"ကဲ. . . ဦးမှော်၊ ခင်ဗျားက အနောက်တောင်ဘက် သုံးမိုင်ကွာက သစ်ဆိမ့်ပင်နဲ့ တွဲပေါက်နေတဲ့ စံကားဝါပင် ရှိတယ်၊ အဲဒီမှာ မျောက်အုပ်ပေါတယ်၊ ဒီနှစ်ယောက် အပါအဝင် လူငါးယောက်ခေါ်သွား၊ ကျန်လူတွေက အဲဒီ စံကားဝါပင်နောက် တောင်နှစ်လုံးကြားမှာ ပြေးလမ်းပိတ်ပြီး ပိုက်ဆောင်၊ တောမောင်းပြီး သားကောင် ပစ်မယ်၊ သားကောင်က ဒုတိယ အစီအစဉ်၊ ပထမအစီအစဉ်က မျောက်ပစ်မယ်"

"ဆရာ. . ဆရာ စံကားဝါပင်က နတ်ကြီးတယ်"

ငပြူး၏ ထိုစကား ထပ်မံထွက်လာလျှင်. . .

"ဟေ့ကောင်. . ငပြူး၊ မင်း ပါးစပ်ပိတ် ဦးမှော်နဲ့ လိုက်သွား" (မှတ်ချက် - စံကားဝါပင်သည် ပရိဘောဂတွင် သွန်စွာ နာမည်ကြီးပြီး ဒေသခံအခေါ် တောင်စကား ဟုခေါ် သည်။)

ကျွန်ုပ်၏ အမိန့်စကားကြောင့် စခန်းစောင့် (တဲစောင့်)မှလွဲ၍ လူ(၂၀)ခန့် ထွက်ခွာသွားလေသည်။ ကျွန်ုပ် မိတ်ဆွေနှင့် ကျွန်ုပ်သာ ကျန်ရှိလေပြီ။ ကျွန်ုပ် ဒူးလေးကို စစ်ဆေးလိုက်သည်။ သေနတ်သုံးရန် မလိုအပ်ချေ။ အဆစ်မပါ ဝါးမြားကိုလည်း ဖြောင့်တန်းမှု ရှိမရှိ စစ်ဆေးရပြန်သည်။

ထိုနောက် ကြိုကြိုတင်တင် ကောက်ညှင်းပေါင်းနှင့် ဆတ်သားခြောက်ကို နှစ်ဦးသား နံနက်စောစော အားရပါးရ စားလိုက်ကြ၏။ ကိစ္စအဝဝ ပြီးသွားလျှင် မျောက်ပစ်မည့် စံကားဝါပင်ရှိရာ တောသို့ သွားကြလေသည်။

လမ်းတစ်လျှောက် ချေခြေရာ၊ ဝက်ခြေရာများ နေရာအနှံ့ တွေ့ရပြီး လတ်လတ်ဆတ်ဆတ် ချေချေးများ တွေ့ရသဖြင့် ဖြည်းညင်းစွာ သွားခဲ့လေသည်။ ဟောင်ကုန်းငယ် စမ်းချောင်းဘေး မြက်နုလေးများ စားနေသော ချေတစ်ကောင်ကို တွေ့လိုက်လျှင် ကျွန်ုပ်မိတ်ဆွေကို ချန်ထားကာ မြားတစ်ကမ်းထိ တစ်လှမ်းချင်းသွားကာ ချေကို ချိန်ရွယ်လိုက်စဉ် . . .

"ဟေး . . . လိုက်. . . လိုက်"

တောင်ကြားပေါ်မှ အော်သံကြောင့် ဒူးလေးဖြင့် ချိန်ရွယ်ထားသော ချေသည် လှစ်ခနဲ တောတိုး ပျောက်ကွယ်သွား၏။ လူအုပ်၏ ဆူညံသံက ဇောနှင့်အတူ ကျွန်ုပ်ထံ ရောက်လာပုံအရ ဦးမှော်တို့အဖွဲ့ မျောက်လိုက်နေခြင်းသာ ဖြစ်သည်။

ကျွန်ုပ်လည်း မိတ်ဆွေကို ခေါ်ကာ တောင်ကုန်းပေါ် တရွေ့ရွေ့ တက်လိုက်လေ၏။ မျောက်လိုက်သော အဖွဲ့၏ အော်ဟစ်သံ နေရာအနှံ့သို့ ကျွန်ုပ်တို့ရောက်ရှိသွားပြီး သစ်ဆိမ့်ပင် တစ်ပင်အနီး ရောက်သွားလျှင် ဖိုးတောက်သည် မျောက်နှစ်ကောင်ကို ကိုင်ထားပြီး. . .

"တွေ့လား ဆရာ၊ အနီရောင် မျောက်နှစ်ကောင်" ဟု ခပ်ကြွားကြွားလေး ဆိုလိုက်ပြီး "ဦးမှော်တို့ ဟိုမှာ မျောက်တစ်ကောင် လိုက်နေတယ်" ဟု ညွှန်ပြစဉ် "ဒေါင်" ဟူသော ဒူးလေး ပစ်ခတ်သံနှင့်အတူ ဦးမှော်ကို တွေ့ရလေသည်။

မြင်ကွင်းကလည်း မသက်သာ။ သစ်ဆိမ့်ပင်ပေါ်တွင် ဝမ်းဗိုက်၌ ကလေးပါသော မျောက်မကြီးက မြားတန်းလန်းနှင့် နာကျင်မှုကြောင့် တခွီးခွီး ညည်းညူ အော်ဟစ်သံ ကြားနေရ၏။ သစ်ဆိမ့်ပင်ပတ်လည်တွင် ခုန်ကူး ပြေးတက်ရန် သစ်ပင်ကြီး မရှိ။ ဦးမှော်ကြီး အိမ်မွေးခွေးများက တဆူဆူ တမာန်မာန်။ ဦးမှော် ဒုတိယအကြိမ် ဒူးလေးကို မြားတပ်လိုက်၏။ မျောက်မကြီးက အောက်မှ ရန်သူတို့ကို ကြည့်နေပုံက မျှော်လင့်ချက်မဲ့နေသည့် မျက်နှာ။ စူးနစ်ဝင်ရောက်နေသော မြားကိုလည်း ဆွဲထုတ်ပြန်သည်။

ဦးမှော်၏ ဒူးလေးက ကောင်းကင်သို့ မြှောက်တက်သွားပြန်သည် ဒုတိယအကြိမ် ပစ်မည့်မြား ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန် မျောက်မကြီးက သူ့ကလေးနှင့် သူ့ဘဝအတွက်ဘာလုပ်ရမည်ကို ဆုံးဖြတ်ထားသည့်အလား သစ်ဆိမ့်ပင်ကြီးပေါ်မှ မြေပြင်ရှိ ချုံကြီးပေါ် ခုန်ချလိုက်၏။

"လိုက်လိုက် . . ပြေးပြီ . . . ပြေးပြီ"

လူသံနှင့်အတူ ခွေးသံပါ ဆူညံသွား၏။

"တောက်, ဒီမျောက်တော့လား"

ဦးမှော် မပစ်လိုက်ရ၍ ဒေါသတကြီး ဖြစ်နေကာ သူ့၏ ခွေးများနှင့်အတူ လိုက်ပြန်၏။ ထိုမျောက်မကြီးက စံကားပင်ကြီးပေါ် တက်ပြေးလေပြီ။ တစ်ကိုင်းနှင့်တစ်ကိုင်း ဆွဲခိုကူးပြောင်းစဉ် ဒေါင်ခနဲ ကြားရပြန်၏။

ကျွန်ုပ်လည်း မနေနိုင်။ ပြေးလွှားကာ စံကားဝါပင်သို့ လှမ်းအကြည့် သစ်ကိုင်းကို တွဲလောင်းခို၍ ဒုတိယမြားနှင့် အတူ တန်းလန်း ဖြစ်နေသော မျောက်မကြီးကို တွေ့လိုက်ရလေ၏။ နောက်ထပ် မြားတစ်စင်း ဦးမှော် ထုတ်ပြန်လျှင် . . .

"ဦးမှော် . . ခင်ဗျား မြားက မျောက်ပစ်မြားလား"

ဦးမှော် ကျွန်ုပ်ကို ကြည့်ကာ ခေါင်းညိတ်လိုက်၏။

"မပစ်နဲ့တော့ဗျာ၊ မြားဆိပ်ဝင်ပြီး ကျလာလိမ့်မယ်၊ မျောက်ကလေး ပါတယ်"

ကျွန်ုပ် စိတ် မသက်သာသဖြင့် ဟူးခနဲ လေပူတစ်ချက်မှုတ်လိုက်၏။ ကျွန်ုပ် မိတ်ဆွေ၏ မျက်လုံးအိမ်အတွင်းလည်း မြင်ကွင်းကို ကြည့်ကာ မျက်ရည်များ ဝဲနေလေသည်။ ထိုအချိန် မျောက်မကြီးသည် ကလေးကို နို့တိုက်နေပြန်၏။ မြင်ကွင်းက အရှင်းသား မြင်နေရ၏။ ပါးစပ်ကလည်း နာကျင်မှုကြောင့် တခွီးခွီး အော်ကာ သစ်ကိုင်းကို မလွှတ်။ ခဏအကြာ မျောက်မကြီး လက်တစ်ဖက်က သွေးစီးများနှင့်အတူ ကလေးကို ဝမ်းဗိုက်မှ ဆွဲခွာလိုက်ပြီး သစ်ကိုင်းပေါ် ထိုးတင်၏။ သို့သော် မျောက်မကြီးလက်သည် မြားဆိပ်ကြောင့် တဆတ်ဆတ် တုန်နေသည်။ ကလေးကို သစ်ကိုင်းပေါ်ထိရောက်အောင်မတင်နိုင်။အကြိမ်ကြိမ် အဖန်ဖန် ထိုးတင်လိုက်၊ အောက်မှ ရန်သူကိုလည်း ကြည့်လိုက်၊ မျောက်ကလေးကို သစ်ကိုင်းပေါ်ရောက်အောင် လက်တစ်ဖက်က ထပ်မံ မြှောက်နေစဉ် ဝေဒနာ ခံစားရသော မျောက်မျက်နှာကား ကျွန်ုပ်ရင်ကိုပါ တလှပ်လှပ် ခုန်စေသည်။

"ဝုတ် . . . ဝုတ် . . . အီး . . . အုး . . ."

ဦးမှော်၏ခွေးများက မော့ကြည့်နေရာမှ သားကောင်ကို မာန်ဖီသော အသံက ငရဲပွက်သလား အောက်မေ့ရ၏။ မျောက်မကြီးကလည်း ရန်သူတို့၏အသံကြောင့် ကြောက်လန့်တကြား ခွီးခနဲ အော်ကာ သစ်ကိုင်းပေါ်သို့ မျောက်ကလေးအား တင်နိုင်သွား၏။ သစ်ကိုင်းပေါ်မှ မျောက်ကလေးကို မျောက်မကြီး မော့ကြည့်လျက် ငြိမ်သက်နေလေသည်။

"ဦးမှော် . . . မျောက်မကြီး . . . မြားဆိပ်ကြောင့် သေနေပြီ"

ကျွန်ုပ် သတိပေးလိုက်စဉ် မျောက်ကလေးက မိခင်မျောက်မကြီးကို ကြည့်လျက် ခေါင်းကလေး လှုပ်နေ၏။

ကျွန်ုပ်ရင်ထဲတွင် ဆို့ဆို့နင့်နင့် ခံစားနေရသည်။

"ဗွိုး . . . ဒေါင် . . ."

ဝါးရင်းတုတ် အပိုင်းတစ်ခုက လေထဲ မြောက်တက်သွားကာ တန်းလန်းဖြစ်နေသော မျောက်မကြီးကို ထိမှန်ကာ ပြုတ်ကျလာလေသည်။

## စာစု(၂)

## သွေးကြွေးအတွက် အဖြေ

ကျွန်ုပ်မိတ်ဆွေက မျည်ရည်များ ဝဲကာ ကျွန်ုပ်ကို ခေါင်းခါလျက် ခေါင်းငုံ့သွားလေသည်။ ကျွန်ုပ်လည်း မည်သို့မျှ မတတ်နိုင်တော့ချေ။

"ဟေ့ကောင် . . . ငပြူးနဲ့ဖိုးတောက်၊ မင်းတို့ သစ်ပင်ပေါ်တက်၊ မျောက်ကလေးကို ရအောင်ယူ"

ကျွန်ုပ် စကားကြောင့် ငပြူးနှင့် ဖိုးတောက် ဝါးချွန်စို့များ ပြုလုပ်ကာ သစ်ပင်ကို လှေကားထစ်သဖွယ် ငုတ်ရိုက်နေစဉ် . . . .

"သူငယ်ချင်း မျောက်ကလေးကို ချမ်းသာပေးပါကွာ"

ကျွန်ုပ်မိတ်ဆွေကို မော့ကြည့်လိုက်သည်။

ပြီးမှ မိတ်ဆွေကို စကားတစ်လုံးချင်း ပြောလိုက်သည်။

"ခင်ဗျား ဒီအရပ် ဒီဒေသခံက မျောက်ချေးခါးတို့ လိုချင်တာ မဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်ဘက်က မတရားလိုက်တာများ ကျုပ် တောင်းပန်ပါတယ်၊ မျောက်ချေးခါးနဲ့ ကျုပ်သားရဲ့ အသက်ကို အလဲအလှယ်လုပ်ရမယ်၊ ဒါပေမဲ့ဗျာ . . ."

ကျွန်ုပ် အံ့ဩသွား၏။ မိတ်ဆွေက သူ့သားအသက်နှင့် မျောက်ချေးခါး အလဲအလှယ် လုပ်မည်။ မျောက်မကြီးဘက်က ကြည့်လျက် သူ့အသက် သူ့ကလေးနှင့်။

အိုး . . . ကျွန်ုပ် အတွေးတို့က စုံသွား၏။

မိတ်ဆွေကိုလည်း . .

"မျောက်သားပေါက်ကလေးကို သတ်ဖို့ ဖမ်းတာ မဟုတ်ပါဘူး၊ သူ့အသက် ဆက်ရှင်ဖို့ လိုအပ်တယ်"

နာရီဝက်ကျော် အချိန်တွင် မျောက်ကလေးသည် ကြောက်လန့်တကြားနှင့် ဖိုးတောက်ထံ ပါလာသည်။

ကျွန်ုပ်လည်း တောမောင်းရန် စိတ်မပါတော့ချေ။ ဦးမှော်ကို မှာကြားပြီး ကျွန်ုပ်မိတ်ဆွေနှင့်အတူ ဖိုးတောက်ကိုခေါ်၍ ပြန်လာခဲ့လေ၏။ မျောက်ကလေးက ကြောက်ရွံ့စွာ ပါလာခဲ့လေသည်။

ဖိုးတောက်နှင့်အတူ ပါလာသော မျောက်သေ သားကောင်တွင် မိခင်မျောက်ကို မျောက်ကလေး မှတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

သွေးခြောက် သွေးစများနှင့်အတူ နို့ကို ရှာဖွေစို့ကြည့်သေး၏။ မိခင်မျောက်ကိုလည်း စူးစူးစိုက်စိုက် ကြည့်သည်။

ညနေပိုင်းရောက်သောအခါ ငပြူး ပြန်ရောက်လာ၏။ ဆတ်တစ်ကောင် ရထားကြောင်း သတင်းပို့ပြီး အသားကို ခွဲဝေ သယ်ဆောင်လာမည်ဟုလည်း ဆိုလေသည်။ ကျွန်ုပ် မိတ်ဆွေက လုံးဝနှုတ်ဆိတ်သွားသကဲ့သို့ ရှိနေ၏။ ညဘက် လူစုံသောအခါတွင် "မီးတောက် ချက်အရက်" တစ်ဂါလန် ထုတ်ပေးလိုက်လေသည်။

ဖိုးတောက်နှင့် ကျွန်ုပ်ကြားတွင် မျောက်ငယ်လေးကို ထားလေသည်။ ထိုနေ့မှစ၍ ကျွန်ုပ် နို့ဆီဖြင့် လက်ဖက်ရည် မသောက်တော့ချေ။ ရိက္ခာပြတ်လပ်သွားက မျောက်ကလေး အတွက် အခက်အခဲဖြစ်မည်ကို စိုးရိမ်မိ၏။

မိုးလင်းလျှင် ဦးမှော်ကို မျောက်ကလေးက ကြည့်ကာ ကြောက်ရွံ့နေသည်။ ဦးမှော်အနား ကပ်လာလျှင် ကြောက်လန့်တကြား အော်၏။ ကျွန်ုပ် မိတ်ဆွေလည်း မျောက်ချေးခါးရ၍ ပြန်သွား၏။ လောကကြီးသည် ထူးဆန်းသည်ဟု ဆိုကြသည်။ တကယ် အစစ်အမှန်ကား မထူးပါ။ အဘယ့်ကြောင့်ဆိုသော် ကြောင်းကျိုးဆက်စပ် တရားဟု ခေါ်ဆိုရသော ဤကမ္ဘာသည် တုံ့ပြန်မှုကို နိယာမဟု ခေါ်ကြသည်။

ခေတ်သိပ္ပံ၏ နိယာမက ရုပ်ဝတ္ထုတို့၏ ဆက်စပ် တုံ့ပြန်မှုကို တိုက်ရိုက်အဓိပ္ပာယ်ဖော်သည်။ ရုပ်ဝတ္ထုသာ တုံ့ပြန်မှုရှိသည် မဟုတ်။ စိတ်ပိုင်း(နာမ်ပိုင်း)ဆိုင်ရာ တုံ့ပြန်မှုသည်လည်း ရှိပါသည်ဟု ကျွန်ုပ် ဆိုချင်၏။

မျောက်တစ်ကောင် သေဆုံးရခြင်းသည် ကျွန်ုပ်၏ အမိန့်စကားလည်း ပါဝင်သလို ကျွန်ုပ်မိတ်ဆွေ၏ (ပယောဂ) လှုံ့ဆော်မှုလည်း ပါသည်။ ဦးမှော်၏ လှံ့လစိုက်ထုတ်မှုနှင့် ပယောဂလည်း ပါသည်ကို သာမန်ဟုသာ ကျွန်ုပ် သဘောထားခဲ့လေသည်။ ကြောင်းကျိုး ဆက်စပ်၍ တုံ့ပြန်မှုတွေသည် ပို၍ကြေကွဲကြောက်မက်ဖွယ် ကောင်းလာလေ၏။

ထိုမျောက်ကလေးကို နှစ်လတာမျှ ကျွန်ုပ် နို့ဆီတိုက်၍ မွေးမြူခဲ့ရလေသည်။ မျောက်၏ သာမန်ဉာဏ်ရည်က ခွေးတစ်ကောင်လောက်ပင် သာသာဟု ထင်မှတ်ခဲ့သည်။ မျောက်ကလေးသည် ကျွန်ုပ်ကဲ့သို့ ဦးမှော်မှ အတင်းအကျပ်ခေါ်လျှင် ကုတ်ခြစ် ကိုက်ဖဲ့သည်။ အမုန်းတရားစိတ်က မျောက်ကလေးတွင် အမြစ်တွယ်နေသည်။

လူနှင့်လည်း နီးစပ်သည်။ လူတို့၏ စကားကိုလည်း နားလည်သယောင်ရှိသည်။ ဖိုးတောက်နှင့် ငပြူးကို ခင်သည်။ ဖိုးတောက်နှင့် ငပြူး စမ်းချောင်းအတွင်း ဆေးချလျှင်လည်း အမြဲလိုက်ပါသွား၏။ အဆိပ်ဆေးချ၍ ငါးဖမ်းခြင်းသည် မျောက်ကလေးအတွက် အမြင်အာရုံက နီးကပ်ယဉ်ပါးနေသည်။ ကျွန်ုပ်သည်လည်း စခန်းနှင့် ဝေးကွာသော အချိန်ရှိတတ်၏။ အနီးကပ်လည်း နေသည်။

ဤသို့ဖြင့် တစ်နှစ်ကျော်ကာလတွင် မျောက်ကလေး ပြောင်းလဲလာ၏။ မျောက်ထီးကလေးများအဖြစ် စခန်း တစ်ဝိုက်တွင် လွတ်လပ်စွာနေ၏။ သူ့အတွက် ငှက်ပျောသီးကို ကျွန်ုပ် ခရီးသွားလေတိုင်း ဝယ်ယူကာ ကျွေးမွေးသည်။ တောအုပ်အတွင်းမှ တောမျောက်တို့ အူလေတိုင်း သူသည်လည်း ပြန်လည်ဟစ်အော်တတ်၍ . . .

"ဟော့ကောင် . . . ကျန်ရစ် နားငြီးတယ်ကွာ" ဟု ကျွန်ုပ်တို့က စလိုက်လျှင် သစ်ပင်ပေါ်မှ တစ်လှမ်းချင်း လေးကန်စွာ ပြန်ဆင်းလာတတ်၏။ ကျွန်ုပ်တို့အဖြစ်ကို နားလည်နေ၏။ "ကျန်ရစ်" ဟူသော မျောက်ထီးလေးသည် အဖော်မဲ့နေ၏။ ချစ်သူရှာရန် စိတ်အကြံ ရှိနေမည်က သေချာ၏။

တစ်နေ့တွင် စခန်း၌ ချေတစ်ကောင်ရ၍ ဟင်းချက်စားကြသည်။ စားကြွင်း စားကျန်တို့ကို စုစည်း၍ ဦးမှော်၏ ခွေးနှစ်ကောင်ကို ကျွေးရန် စီစဉ်ထားသည်။ ကျွန်ုပ်တို့ ညစာစားသောက်ပြီး အိပ်စက်ကြလေသည်။ မိုးလင်းသည်နှင့် ဦးမှော်၏တဲမှ ခွေးနှစ်ကောင် သေဆုံးနေလေသည်။

ကျွန်ုပ်သည် မျောက်ကလေး ကျန်ရစ်ကို ဖခုံးပေါ် တင်၍ ဦးမှော် တဲဘက်သွားလျှင် မျောက်ကလေးက ထုံးစံအတိုင်း ဦးမှော်ကို ကျောပေးကာ နေလေသည်။ ဦးမှော်က ခွေးများကို နှမြောတသစွာဖြင့် ဘာကြောင့် သေဆုံးမှန်း မသိဖြစ်နေသည်။ ကျွန်ုပ်ကို အကျိုးအကြောင်းပြော၍ ခွေးများကို မြေမြှုပ်ရန် တဲအပြင်သို့ ထွက်ခွာသွားလျှင် ကျွန်ုပ် ပခုံးထက်မှ မျောက်ကလေးသည် ပြေးဆင်းသွားကာ တဲခေါင်မိုးပေါ် ပြေးတက်သွား၏။ ကျွန်ုပ်ကလည်း မျောက်ကလေး လှုပ်ရှားမှုကို ကြည့်နေစဉ် တဲခေါင်မိုးအတွင်းမှ မျောက်ကလေး ပြန်ဆင်းလာသည်။

ကျွန်ုပ် အံ့ဩသွား၏။ ဖိုးတောက်နှင့် ငပြူးသုံးသည့် အဆိပ်ဘူး၊ ငါးဆေးခတ်သည့် အဆိပ်က ဘာကြောင့် ဤနေရာ ရောက်နေသနည်း။ ကျွန်ုပ် ကျန်ရစ်ကို ချော့ခေါ်ကာ ပုလင်းကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်၏။ ဤဘူးအဖုံးပွင့်နေမှုနှင့် ဤနေရာကို ဘာကြောင့် ရောက်နေသနည်း။

ကျွန်ုပ် တဲပြန်ရောက်လျှင် ဖိုးတောက်ကို ခေါ်ကာ ငါးဆေးခတ်သည့် အဆိပ်ဘူးကို ပေးလျှင် ဖိုးတောက်နှင့် ငပြူး ရှာဖွေ၏။

ပြီးခဲ့သည့်တစ်ရက်ကျော်က ငါးဆေးခတ်၍ ချောင်းထဲတွင် ငါးရှာခဲ့ကြောင်း၊ ဆေးဘူးကို လွယ်အိတ်တွင် သေချာစွာ ထည့်ထားကြောင်း ပြောပြသည်။

ကျွန်ုပ်အနေဖြင့် ဆေးဘူးကို ဦးမှော်တဲခေါင်မိုးမှ ရလာကြောင်း အသိမပေးဘဲ အတွေးများစွာသာ ကျွန်ုပ် ဆက်စပ်နေမိ၏။ မျောက်ချေးခါးမှ စလာသော ပြဿနာက ဘယ်နေရာထိသွားမည်ကိုကား ရေးရေးပင်မတွေးမိ။ လောက၏ တုံ့ပြန်မှု နိယာမသည် အံ့ဩစရာအဖြစ် မထင်မှတ်ခဲ့။





www.burmeseclassic.com

www.burmeseclassic.com

မျောက်ကလေး ကျန်ရစ် ကျွန်ုပ် လက်ဖက်ရည် သောက်တိုင်း နို့သောက်ရန် စောင့်နေတတ်သည်။ ယနေ့ မျောက်ကလေး ကျန်ရစ်ကို မတွေ့မိလေ၍ . . .

"ဟေ့. . . ဖိုးတောက် ကျန်ရစ် ဘယ်မှာလဲ"

ဖိုးတောက်က "ဆရာ၊ မနက်က တောင်စောင်း ဘက်က မျောက်အုပ်အသံကြားတော့ ကျန်ရစ် ပြေးထွက် သွားတယ်၊ မျောက်အုပ်နဲ့ ပါသွားပြီ ထင်တယ်"

ကျွန်ုပ် လက်ဖက်ရည်ကို ငုံလိုက်ပြီး သဘာဝကျ သောအဖြေ ဖြစ်သည်ကို စဉ်းစားစဉ်. . .

"ဆရာ ကျုပ် တစ်ခါက ကျန်ရစ်အမေကို မြားနဲ့ပစ် မယ့်နေ့က တောလယ်ခင်းမှာ အနီရောင် သားကောင်ရမယ်၊ ကြေကွဲစရာတွေနှင့် ကြုံမယ်၊ ရန်ကြွေး ရန်စတွေ ပြည့်လျှံ နေမယ်လို့ ကျုပ်ပြောတော့ ဆရာ မယုံကြည်ခဲ့ဘူး၊ မျောက် တွေကလဲ အနီရောင် သန်းသလို ဆတ်ကြီးကလဲ အနီလို့ပဲ သတ်မှတ်ရမယ်"

ကျွန်ုပ် လက်ဖက်ရည်ကို ငုံကာ . . .

"ဖိုးတောက် မင်းဟာက ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ မတော်တဆ တိုက်ဆိုင်မှုပါကွာ" ဟု ဆိုလိုက်ရ၏။

အမှန်တကယ်တော့ ဖိုးတောက်၏ ဗေဒင်နည်းပညာ ကို မေးဟန် ပြင်လိုက်စဉ် မျောက်အုပ်အော်သံ ကြားလိုက် ရပြန်ပြီ။ "ကျန်ရစ်"အတွက် စိုးရိမ်မိပြန်သည်။

"ဖိုးတောက် မင်း ကျန်ရစ်ကို စပြီး ရတဲ့နေ့က ဘာ ဗေဒင်လဲ၊ ဘာကြောင့် အဲဒီလို ပြောနိုင်တာလဲ"

"ဟာ၊ ဆရာကလဲ ကျီးအော်တဲ့ နိမိတ်လေ၊ ကျီး တစ်ကောင် အော်ရုံနဲ့ နိမိတ်အဖြေလို့ ပြောလို့မရဘူး၊ ကျီး အော်တဲ့ အခွန်းအရေအတွက်က အရေးကြီးတယ်"

ဖိုးတောက်၏ စကားကြီး စကားကျယ်ကို အယုံ အကြည် မရှိသော်လည်း လတ်တလော အခြေအနေက အပျင်းပြေရန်သာ သတ်မှတ်လိုက်၏။

"ဗေဒင်မှာ တနင်္ဂနွေ၊ တနင်္လာ စသဖြင့် ဂဏန်းနဲ့ အရောင်တွေရှိတယ်၊ အရှေ့တောင်အရပ်က ကျီးအော်တယ် ပထမဆုံး အော်သံက 'ဖျတ်ခနဲ' ကြောက်လန့်တကြားနဲ့ အော်တာမို့ ရုတ်တရက် တစ်ခွန်းပဲ အော်တယ်။

အင်္ဂါထောင့်ကိုတော့ နီရဲခြင်း မီးတောက်မီးလျှံဖြိုက်၊ ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ ခွေးသံပေါ့ဆရာရယ်၊ တစ်ခွန်း တည်းအော်တဲ့ ကျီးဟာ ထိတ်လန့်ရင်လဲ တစ်ခွန်းတည်း လက်စားချေဖို့ ဒေါသနဲ့ တိုက်ခိုက်ရင်လဲ တစ်ခွန်းတည်း"

ကျွန်ုပ် သဘောကျစွာ ပြုံးလိုက်ပြီး ခြိုးနဂါး ဆေး ပေါ့လိပ်ကို ဖိုးတောက်အား ပေးလိုက်ပြီး. . .

"နှစ်ခွန်း အော်ရင်ကောကွာ" ဟု ဆိုလျှင်. . .

"နှစ်ခွန်း အော်ရင် အစာမြင်လို့၊ သုံးခွန်းအော်ရင် မိတ်ဆွေ အဖော်ရှာတာ၊ လေးခွန်းအော်ရင် စွန့်ခွာတော့မယ်၊ ငါးခွန်းအော်ရင် အကူအညီတောင်းတာ၊ ခြောက်ခွန်းအော် ရင် ချစ်သူရှာတာ ခရီးသွားမှာ၊ ခုနစ်ခွန်းဆိုရင် ကျီးအုပ်ရဲ့ ပြဿနာကို ဖြေရှင်းဖို့ အဖော်ခေါ်တာ" ဟုပြောပြကာ . . .

ခြိုးနဂါး ဆေးလိပ်ကို ဖိုးတောက် သေရာစွာ ကြည့် လိုက်ပြီ. . .

"ဆရာ ကျန်ရစ် ပြန်လာတော့မယ်၊ ချစ်သူလဲ တွေ့ မယ်ထင်တယ်"

"ဟေ့ကောင် ဖိုးတောက် မင်း လိုတာထက် ပိုမပြော နဲ့"ဟု ကျွန်ုပ် ဆိုလိုက်လျှင်. . .

"ဆရာ မယုံလဲ ကျုပ်တော့ မတတ်နိုင်ဘူး၊ ကျန်ရစ် အပေါ် ကျုပ်သံသယဝင်လာပြီ" ဟုဆိုကာ ကျောခိုင်းလျက် ကျွန်ုပ်အတွက် ထမင်းချက်ရန် ထွက်ခွာသွားလေ၏။

ညနေ ၃ နာရီခန့် ရောက်သောအခါ မျောက်ကလေး ကျန်ရစ် ပြန်ရောက်လာလေ၏။ ထိုသို့ဖြင့် တစ်ရက်ပျောက် နှစ်ရက်ပျောက်နှင့် ကျန်ရစ်အတွက် မေ့မေ့လျော့လျော့ပင် ထားလိုက်စဉ် ကျန်ရစ် ပြန်ရောက်လာ၏။ သူနှင့်အတူ မျောက်မလေးတစ်ကောင် ပါလာ၏။ မျောက်မလေးက လူနားမကပ်။ ကျွန်ုပ်ထံမှ ငှက်ပျောသီးကို ကျန်ရစ် ယူကာ မျောက်မလေးထံ ယူသွားသည်။ ကျွန်ုပ်၏စခန်းကို မျောက် မပစ်ရန် အမိန့်ပေးထားရလေသည်။ ဦးမော့ကိုကား ယခင် အတိုင်းပင် တွေ့လျှင် ကျောပေးလိုက်၏။

ဆောင်းရာသီ၏ တောတွင်း စခန်းတွင် ခိုက်တုန် ချမ်း၍ မီးလှုံစဉ် ကြေးစည်ထုသံ နားထဲကြားလိုက်၍ လှည့် ကြည့်စဉ်. . . .

"ဒကာ. . . ကျုပ် အလှူခံပါတယ်"

ရသေ့တစ်ပါး ကျွန်ုပ်ကို ကြည့်ကာ ဆိုလိုက်၍ . .

"ဘာ အလိုရှိပါသလဲ ရသေ့ကြီး"

ဤတောထဲတွင် ရသေ့၊ ရဟန်းများ မကြာခဏ ဆို သလို တွေ့ရတတ်ပြီး ဝတ်စုံအဖြူဝတ် သူတော်များကိုလည်း မကြာခဏ တွေ့ရလေသည်။

"ဒကာ ကျုပ်အလိုရှိတာက. . . ဟိုချောင်းဘေးမှာ ယာယီဝါးကျောင်းလေး၊ တစ်ယောက်အိပ်အတွက် ပြင်ဆင် ပေးပါ ဒကာ"

ကျွန်ုပ်လည်း ထိုရသေ့ကြီးအတွက် လုပ်သားများနှင့် အတူ အင်ဖက်မိုး ထရံကာ ဝါးတဲကို နှစ်ရက် ဆောက်ပေး လိုက်ရလေသည်။ မျောက်ကလေးကျန်ရစ် သူ့အဖော် မျောက် မလေးနှင့်အတူ ရသေ့ကြီး ကျောင်းအနီး ဝါးရုံတွင် အမြဲနေ လေသည်။

ကျွန်ုပ်တို့နှင့် အနည်းငယ်လှမ်းသည်ကလွဲ၍ ရသေ့ ကြီး ကျောင်းတွင်း အန္တရာယ်မရှိ၍ စိတ်ချရသည်။ ကျွန်ုပ် တဲသို့လည်း မကြာခဏ လာတတ်ပြီး အစားအသောက်စား ကာ ပြန်သွားလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

မျောက်မလေးပင် ကျွန်ုပ်တို့ကို ကြောက်ရွံ့ခြင်း မရှိတော့။

တစ်နေ့ ကျွန်ုပ် ရသေ့ကြီး ကျောင်းဘက်သို့ သွားစဉ် ဆင်ခြေရာများတွေ့လေ၏။ ဤနေရာတွင်တောဆင်တလည်း သောင်းကျန်း၏၊ အဆိုးဆုံးက တောဆင်အုပ်မှ သင်းကွဲဆင် "လက်ကောက်"ကြီးက လွန်စွာဆိုး၏။

ထိုဆင်၏ ရှေ့ညာလက်သည် ကောက်နေသဖြင့် လက်ကောက်ကြီးဟု ခေါ်ခြင်းဖြစ်ပြီး သစ်ဝါးခုတ် လုပ်သားများကိုလည်း နင်းခြေ သတ်ဖြတ်လေ့ရှိသည်။ ဤအနီးအနား တစ်ဝိုက်ကို ဆင်လာပြီဖြစ်ကြောင်းဟု ကျွန်ုပ် သိလေသည်။ တောဆင်အုပ်တော့ မဖြစ်နိုင်။ တစ်ကောင်တည်း သင်းကွဲ ဆင်သာ ဖြစ်မည်။ ဆင်အုပ်ရောက်လျှင် အဝေးကြီးကပင် တောတိုးသံ တောနင်းသံတို့ ဆူညံနေတတ်၏။ ယခု ဆင်သည် လက်ကောက်ကြီးဖြစ်နိုင်ပြီး အန္တရာယ်၏ အရိပ်အငွေ့တို့က ကျွန်ုပ်ကို သတိပေးနေသကဲ့သို့ ရှိချေသည်။

## စာစု(၃)

## သွေးကြွေးအတွက် သေဒဏ်

ကျွန်ုပ် ရသေ့ကြီးထံရောက်လျှင် ကျန်ရစ်နှင့် မျောက်မလေး ပျော်မြူးဆော့ကစားနေ၏။ ရသေ့ကြီးက တစ်ဦးတည်းနေတာ ရသေ့အလုပ် မျက်လွှာပိတ်လျက် တရားမှတ်နေ၏။ နာရီဝက်ခန့်ကြာသောအခါမှ ရသေ့ကြီး တရားအလုပ်ပြီးလျှင် ကျွန်ုပ်ဘက်သို့လှည့်ကာ သရက်သီး တစ်လုံး ပေးလေသည်။ သရက်သီးကိုစားလျှင် မွှေးပျံ့သောရနံ့နှင့် ချိုမြိန်မှုကား လွန်စွာထူးသဖြင့် သရက်အမျိုးအစားအား မေးလျှင်. . .

"ဒကာ ဒီသရက်က ရိုးရိုးတောစာသရက်ပါပဲ"

(တောစာသရက် ဆိုသည်မှာ တောင်ပေါ်သရက်အမျိုး ဖြစ်ပြီး တိရစ္ဆာန်ကျေးငှက်များသာ စားသုံးလေ့ရှိသည်)

"ဟဲ့ဟဲ့ ဟိုအကောင် နင်တော်တော်ခက်တဲ့မျောက်ပဲ၊ အဲဒါသာ ကြည့်တော့ ဒကာ. . . ဒီအကောင် လက်ရဲဇက်ရဲနဲ့၊ ဒီကောင့်မျက်လုံးတွေက စိတ်မချရဘူး"

"ရသေ့ကြီး ကျန်ရစ်က ဒီလိုပါပဲ၊ တပည့်တော်တဲမှာ ထဲ မုန့်ဆိုရင် အမြဲလုတယ်"

"မဟုတ်ဘူး ဒကာ၊ ဒီအကောင် စိတ်နဲ့သဘာဝကို ဘုန်းသိတယ်" ဟု ပြောကာ ရသေ့ကြီး တစ်ဖက်လှည့်သွား ပြန်လေသည်။ ကျွန်ုပ်လည်း မိမိတဲရှိရာ ပြန်လာခဲ့လေသည်။

ထိုအချိန်တွင် ဦးမှော်နှင့်အဖွဲ့သည် တောလည်သွား၍ စီစဉ်နေသည်။ ကျွန်ုပ် လက်ကောက်ကြီးအကြောင်း ကြိုတင်ပြောပြပြီး ရသေ့ကြီး တဲအနီးတွင် ဆင်ခြေရာနှင့် ချေးများတွေ့ကြောင်း ပြောပြလိုက်သည်။

ထိုနေ့မှာပင် ဦးမှော်နှင့် (၄)ဦးအဖွဲ့ တောပစ်သွားရာမှ ပြန်လာကြချေ။ ကျွန်ုပ်စိတ်ပူသော်လည်း မုဆိုးအလုပ်သည် ရံဖန်ရံခါ ဤသို့ဖြစ်တတ်ကြောင်း သဘောပေါက်လေသဖြင့် စခန်းတွင် ကျန်ရှိနေသူများက ဦးမှော်ပြန်အလာကို စောင့်ဆိုင်းလျက် ရှိကြသည်။ နောက်တစ်နေ့ ၂ နာရီခန့်တွင် လုပ်သားတစ်ယောက် ပြန်ရောက်လာ၏။

ဦးမှော် တောထဲတွင် သေပြီဆိုသော သတင်းပင် ဖြစ်ပြီး ဘာကြောင့် သေသနည်းဟု မေးမြန်းရာ ထိတ်လန့်ဖွယ်ရာ ကောင်းလေ၏။

●

ဦးမှော်နှင့်(၄)ဦးအဖွဲ့သည် သားကောင် မရကြချေ။ ပျားရည်များ ဖွပ်လာကြပြီး တစ်ညတာ တောထဲမှာပင် စခန်းချနားကြလေသည်။ မီးတောက် ချက်အရက်ကလည်း ပါသွားလေ၏။ ပျားရည်နှင့်ရောကာ ထိုညအတွက် နှစ်ခြိုက်စွာ အိပ်လိုက်ကြသည်။ နံနက်မိုးလင်းလျှင် ဦးမှော်ခါးတွင် ချိတ်ထားလေ့ရှိသော ဓားမြှောင် ပျောက်ဆုံးနေ၏။ အချင်းချင်း မေးမြန်းသော်လည်း မရဖြစ်နေစဉ် မျောက်တစ်ကောင်တွေ့၍ ဦးမှော် ဒူးလေးကို ရှေ့တည့်တည့်သို့ချိန်ကာ ပစ်မည်ပြုစဉ် ခေါင်းပေါ်တည့်တည့်မှ ဖျောက်ခနဲအသံ ကြားလိုက်ရပြီး ဓားမြှောင်ကိုကိုင်ကာ ကျန်ရစ်ဟူသောမျောက် အောက်သို့ ပြုတ်ကျလာပြီးလျှင် ဦးမှော်လည်း ရုတ်တရက်လန့်ကာ အပေါ်မော့ကြည့်၏။ သို့သော် နောက်ကျသွားလေပြီ။

မုဆိုးတို့၏ ထက်မြက်လှသော ဓားမြှောင်အသွားက ဦးမှော်၏ရင်ဘက်မှ ဝမ်းဗိုက်ထိ ထိုးခွဲလိုက်သလို ဖြစ်သွား၏။ ဦးမှော်နှင့် ကျန်ရစ်သူများမှာလည်း ရုတ်တရက် ငေးမောနေစဉ် ဦးမှော်၏ဗိုက်မှ အူတို့ အပြင်ကို ထွက်ကျလာသည်။

ကျန်ရစ်က တခွီးခွီး အော်ကာ မျောက်မလေးရှိရာ ပြေးထွက်သွား၏။ ကျန်ရစ်ဟူသော မျောက်က ကြိုတင်ကြံစည်နေခြင်းသာ ဖြစ်မည်။ ဓားပျောက်ဆုံးခြင်း၊ ဦးမှော် ရှေ့တည့်တည့်မှ မျောက်မလေးကို တောထဲမှ မျောက်အဖြစ် ထင်မှတ်၍ ပစ်မည့်ဆဲဆဲ ဆောင်ရွက်ချက်သာ ဖြစ်မည်။

ဦးမှော်၏ ခွေးများ သေဆုံးအောင် ငါးခတ်သော အဆိပ်ဘူးကိုယူငင်၍ သတ်ပစ်ခြင်းသည် ကျန်ရစ်လက်ချက်သာ ဖြစ်မည်။ ဘယ်လိုဖြစ်ဖြစ် သေမှုသေခင်း အပြစ်ရှိနေ၍ ထုတ်လုပ်ရေးစခန်းမှတစ်ဆင့် ဗေဒါစခန်းသို့ လူလွှတ် အကြောင်းကြားပေးရလေသည်။

ကျွန်ုပ်အတွက်ကား အလုပ်များစွာ ရှုပ်သွားရလေသည်။ ဖိုးတောက်က ကျွန်ုပ်ကို . . . .

"ဆရာ. . ကျန်ရစ်ရဲ့ မိခင် မျောက်မကြီးအတွက် ကျန်ရစ်က လက်စားချေတာများလား"

(ဆက်ရန်)

❒ မင်းခိုင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



(၁)

...န်ဒန်မြို့။

...၁၂ခုနှစ် နှောင်းပိုင်းကာလ။ ...ကျက်စီကျက်စီနှင့် တိုးတိုးသက် ...များကြားလာရသည်။ လန် ... ချဉ်းကပ်လာချေပြီ။ ဒေါက် ...သည် လန်ဒန်မြို့၏ အထင် ...သော ဘစ်ဆင်းနာရီစင်၊ ပါလီ

မန် အဆောက်အအုံ၊ သိန်းမြစ်ကို ဖြတ် ဆောက်ထားသော ဝက်စ်မီနီစတာ တံတား၊ လန်ဒန်အိုင်း (London Eye)။ ပြီးတော့ ဝင်ဘလေ အားကစားကွင်း တို့ကို ကယောင်ကတမ်း မျှော်ကြည့်မိ သည်။ ဘာကိုမျှ မတွေ့ရ။ တိမ်တိုက်

...ရွှင် (အောက်တိုဘာလ၊ ၂၀၁၃)

www.burmeseclassic.com

www.burmeseclassic.com

တွေကိုသာ တွေ့ရသည်။ ဟီးသရိုး လေဆိပ်နှင့် မြို့က အတော်ဝေးမည်ထင်ရသည်။ လေဆိပ်ကိုပင် မရောက်နိုင်သေးတော့ တွေ့လိုသည်များကို တွေ့ရန်လည်း ဝေးပေလိမ့်မည်။ လေဆိပ်နှင့် လန်ဒန်မြို့ ဝေးသည်မှာ အကြောင်းမဟုတ်ချေ။ သူနှင့် ချစ်ဦးမေတို့က နီးလာဖို့ လိုလေသည်။ နီးလာပြီဟု ထင်မှတ်ကြည်နူးမိသည်။ ထို့ကြောင့် ညင်သာ သိမ်မွေ့စွာ ဖြေလျှော့ထိုင်ရင်း အတိတ်က အကြောင်းတို့ကို ငေးမောတွေးတောမိသည်။

ခြောက်လဆိုသည့် ကာလမှာ မနည်းလှသည်မို့ ယခုလောက်ဆိုလျှင် ချစ်ဦးမေ တစ်ယောက် အခြေကျလောက်ပြီဟု ထင်သည်။ အမျိုးအနွယ် အဆက်အသွယ်ကောင်းသည့်အလျောက် အဆင်ပြေလောက်သည်ဟု တွေးမိသည်။ သူလာမည့်အကြောင်းကို အီးမေးလ်နှင့် ပို့သဖြင့် အကြောင်းကြားစာရသည်မှာ သေချာသည်။ လာမှကြိုပါ့မလားဟု တွေးပူမိသည်။ လာကြိုမည်ဟုတော့ သိရသည်။ ချစ်ဦးမေက လာရောက် ကြိုခြင်း၊ မကြိုခြင်းမှာ သူ့အတွက် အဖြေလားဟု စိုးရိမ်မိသည်။

မည်သို့ဆိုစေ ဒေါက်တာဇော်နိုင်အတွက် အထူးအဆန်းမဟုတ်ချေ။ "လန်ဒန်မြို့က ဘယ်လောက်ကျယ်သည်မို့လဲ" ဟု တွေးမိသည်။ မတွေ့ တွေ့အောင်ရှာပြီး ဒီတစ်ခါတော့ ချစ်ဦးမေ၏ အချစ်ကို မရလျှင် ရအောင်ယူမည်ဟု ဆုံးဖြတ်မိသည်။

"ငါသည် ယောကျ်ား မဟုတ်လား" ဟု ကြုံးဝါးမိသည်။ ဒေါက်တာဇော်နိုင်၏ရင်တွင် ယင်းသို့ ခိုင်မာသော ယုံကြည်ချက်၊ ပြင်းပြသောနှလုံးသား၏ မွတ်သိပ်မှု၊ မဖြစ်မနေ မရရအောင်လုပ်ယူမည်ဟူသော ဆုံးဖြတ်ချက်တို့သည် အဘယ်ကြောင့် ဒေါက်တာဇော်နိုင်၏ နှလုံးသည်းပွတ်တွင် ကိန်းအောင်းနေပါသနည်းဆိုမူ အဖြေက ရှင်းပါသည်။ "ချစ်လို့ပေါ့" ဟု ထင်ပါသည်။

ဒေါက်တာဇော်နိုင်က ချစ်ဦးမေကို စွဲလမ်းတမ်းတလွန်းလို့ဟု ဆိုရပါချေမည်။ ဒီမျှ စွဲလမ်းတမ်းတရလောက်အောင် ဒေါက်တာဇော်နိုင်နှင့် ချစ်ဦးမေတို့၏ အချစ်က အဘယ်သို့ စတင်ခဲ့ပါသနည်း။ အဘယ်သို့ ဖြစ်တည်ခဲ့ပါသနည်းဟု ဆိုပါလျှင် . . .။

## (၂)

အမှုမဲ့ အမှတ်မဲ့မို့ စစ်တပ်ဟု ထင်လိုက်မိသည်။ စုပေါင်းရုံးပတ်ဝန်းကျင်တွင် လက်နက်ကိုင်များ ဖြတ်သွားဖြတ်လာလုပ်နေကြသည်။ သူတို့ကြည့်ရသည်မှာ ရုံးတက်ချိန် ၁၀ နာရီခန့် ဝန်းကျင်မို့ ထင်စရာအကြောင်းလည်း မရှိပေ။ စာရေးမကြီး ဒေါ်စောနွဲ့က တီးတိုးပြောမှ ဂရုပြုမိသည်။ စုပေါင်းရုံး၏ ပတ်ဝန်းကျင်တွင် လက်နက်ကိုင် ငါးဦးတို့က မသိမသာ ဝန်းရံလျက်ရှိသည်။

"စစ်တပ်မဟုတ်ဘူး၊ သူပုန်တွေ မြို့ကို ဝင်စီးတာနဲ့တူတယ်"

"တပ်က မသိဘူးလား"

"မိုးမိတ်ဘက်မှာ တိုက်ပွဲကြီးဖြစ်လို့ မနေ့ညက ပိတ်ဆို့ရေးထွက်တယ် ကြားတယ်"

"ရဲစခန်းကုန်းကတော့ မသိသေးဘူးနဲ့ တူတယ်"

"ရုံးလာတုန်းက ရှုံးထုတ်တရားခံ ပို့ရဲတွေနဲ့ သူပုန်တချို့တွေ့တယ် ထင်တယ်၊ ဘာဖြစ်ကြတယ် မသိဘူး၊ ဒုက္ခပါပဲ"

စာရေးကိုလှကြိုင်က သူတွေ့ခဲ့ရသည်ကို ပြောပြသည်။ ထိုအခိုက် လမ်းတံတားအင်ဂျင်နီယာများနှင့် တိုက်နယ်ဆရာဝန်၊ သူနာပြုဆရာ များကို ခေါ်ဆောင်လာသော အဖွဲ့တစ်ဖွဲ့ ရောက်လာသည်။ စုပေါင်းရုံးတွင် ဆုံကြသည်။ စုပေါင်းရုံးမှ ဌာနဆိုင်ရာ လူအားလုံးကို စုစည်းစေသည်။ လူအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်နေချိန်တွင် ဆရာဝန် ဒေါက်တာဇော်နိုင်က ခပ်မာမာပြောသည်။

"ကျုပ်မလိုက်နိုင်ဘူး၊ သတ်ချင်ရင် သတ်လိုက်၊ လူနာတွေထားပြီး ကျုပ်မသွားဘူး၊ ဒါမှ မဟုတ်ရင် ဆရာမလေးတွေ ထားခဲ့ပါ"

သူပုန်ခေါင်းဆောင် လုပ်သူက ခပ်တွေတွေဖြစ်သွားသည်။ ဒေါက်တာက ထိုသူအနီးသို့ လျှောက်သွားသည်။

"ခင်ဗျား ခေါင်းဆောင်လား၊ ဒီမှာ မွေးလူနာ၊ အရေးကြီးလူနာတွေရှိတယ်၊ ပစ်ထားခဲ့လို့ မရဘူး၊ ခင်ဗျား ကျုပ်ကို ခေါ်သွားရင် ဆရာမလေးတွေကို ထားခဲ့ပါ၊ မဖြစ်မနေထားဖို့ ကျုပ်တောင်းဆိုတယ်"

ကျန်သည့် ဌာနဆိုင်ရာများက ဘာမျှဝင်မပြောချေ။ ဒေါက်တာတစ်ဦးတည်း အရေးဆိုနေသည်။ ဒေါက်တာက ငယ်သေးသည်။ ရှိလှမှ အသက် အစိတ်ပင် ပြည့်ပုံမရသေးချေ။ ယုံကြည်ချက်အတိုင်း တင်းတင်းမာမာ ပြောဆိုရဲသည်ကိုတော့ အားလုံးက တအံ့တဩ ရှိကြသည်။ အသက်ခံရမည်ကို စိုးရွံ့ကြသည်။ သို့ရာတွင် သူပုန်ခေါင်းဆောင်က ဘာကို သဘောပေါက်သည်မသိချေ၊ ဒေါက်တာပြောသည့်အတိုင်း သူနာပြုဆရာမသုံးဦးကို သီးခြားထိုင်ခိုင်းလိုက်သည်။

မကြာမီ သောင်းကျန်းသူတို့ခေါ်လာသော ကားသုံးစီးရောက်လာသည်။ လူအတော်အတန်ဆံ့သည့် ကားတွင် ဝန်ထမ်းအားလုံးကို စုပြုံတင်ခိုင်းသည်။ ဒေါက်တာလည်းပါသည်။ ဆရာမလေးများကတော့ ကျန်ခဲ့သည်။ အစောင့်တချို့တင်ပြီး မြို့၏မြောက်ဘက်သို့ မောင်းထွက်သွားသည်။ ကျန်နှစ်စီးက အခြားတစ်နေရာသို့ ထွက်သွားသည်။ "ဝုန်းခနဲ" "ဝုန်းခနဲ" လက်နက်ကြီးတွေ နှစ်ချက်ကြားရသည်။

ကားနှင့်သွားရသဖြင့် မဆိုး... ဟု ထင်ကြသည်။

မိုင်အစိတ်ခန့်သွားပြီး ယာဉ်သုံးစီး ဆုံကြသည်။ ပြွတ်သိပ်ကျပ်... သည်။ ထို့နောက် လှည်းလမ်းသာ...



www.burmeseclassic.com

www.burmeseclassic.com

မ်းကြမ်းကြီးကို အတော်စီးရသည်။ ကောထဲ ဆီးဖြူသီးထည့်ပြီး လှိမ့်သကဲ့သို့ ကားပေါ်ပါလာသူများမှာ မချိမဆံ့ဖြစ်ရသည်။

ကားပေါ်မှ ဆင်းသောအခါ တမူးရူးထိုး လျှောက်ရပြန်သည်။ ကားဘီးများကို လေလျှော့ပြီး ယာဉ်မောင်းအားလုံးကို ခေါ်ခဲ့သည်။ မည်သူမျှ ဘာမှ မပြောရဲကြပေ။ တောလမ်းခရီးဖြစ်သဖြင့် ခလုတ်ကန်သင်းများကြောင့် ပဲ့ခွဲတုန်သည်။ ဖြည်းဖြည်းဟူ၍ မရှိ။ မြန်မြန်ဟုသာပြောသဖြင့် စိတ်ညစ်ရသည်။ ကြည့်ရသည်မှာ စစ်ကြောင်းက နောက်မှ လိုက်မီလာမည်ကို စိုးရိမ်ဟန် တူပေသည်။

"မိနစ်နှစ်ဆယ် နားမယ်"

မြန်မာလို ပီပီသသပြောနိုင်စွမ်းရှိသူ ရဲဘော်တစ်ဦးက ဆိုသည်။

"မိန်းမတွေ ပါတယ်၊ ဆက်ပြီး လျှောက်နိုင်တော့ဘူး"

"အားနာပါတယ် အမိန့်အရပါ၊ လိုက်နိုင်ရင် ထာဝရနားပြီး ကျန်ခဲ့ရမယ်"

မည်သူမျှ ပြန်မပြောရဲတော့ချေ။ အမြန်အားဖြည့်ရန် တုံးလုံးပက်လက် လှဲလိုက်ကြသည်။ တချို့က ပဲ့ရွဲ့သည့်ခြေရာများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပြုကြသည်။ တချို့က ဖိနပ်ကို လည်း ချွတ်၍ ခြေချည်းဗလာသွားနိုင်ရန် ပြင်ဆင်ကြသည်။

ဖြစ်သလိုနေ ဖြစ်သလိုစား၊ ဖြစ်သလို အိပ်ရင်းဖြင့် နှစ်ညအိပ် သုံးရက် ကုန်သွားလေသည်။ ဒီနေ့ ဘယ်နှမိုင် လျှောက်ဦးမည်နည်းဟု တွေးမိသော်လည်း မပူကြတော့ချေ။ ဒီနေ့ကျမှ နှစ်မိုင်ခန့်လျှောက်ပြီး ခရစ်ယာန်ဘုရားကျောင်းတစ်ခုတွင် ရပ်နားလိုက်ကြသည်။

ရွာကလည်း အိမ်ခြေခုနစ်ဆယ်ရှိသည်။ အထိုက်အလျောက် စည်ကားသည်။ ခရီးဆက်မသွားသဖြင့် ဝမ်းသာကြသည်။ လက်ရှိဘဝကိုပင် မေ့သလိုရှိသည်။ အခြေပြုမည်ဟု ထင်ရသည်။

"ဒေါက်တာ ကျွန်တော့်အဖွဲ့က အင်ဂျင်နီယာတစ်ယောက် ဖျားနေလို့ လိုက်ကြည့်ပေးပါလား"

ဒေါက်တာဇော်နိုင်သည် အင်္ကျီ ချွတ်ပြီး လဲမည်ကြံစည်နေရာမှ ခေါက်ခနဲ ထလိုက်သည်။ လာခေါ်သူက လမ်းတံတားအဖွဲ့မှ အင်ဂျင်နီယာဦးအောင်ကြီးဖြစ်သည်။

"ဟုတ်ကဲ့ လိုက်ခဲ့ပါ့မယ် အခုမှ ဖျားတာလား"

"မနေ့ကတည်းက ဖြစ်တာထင်တယ်၊ ကျွန်တော်တို့ တွဲခေါ်လာခဲ့တာပဲ"

ဒေါက်တာက ဘာမျှ မမေးတော့ချေ။ သူမေး၍လည်း အကြောင်းမထူးသလို သူ့ကို လာခေါ်၍လည်း အကြောင်းမထူးဟု ထင်မိသည်။ သူ့တွင် ဘာဆေးမှ မပါလာသည့်မို့ ဘာမျှ လုပ်နိုင်စွမ်းမရှိပေ။ အားပေးရုံသာရှိပေမည်။

လူနာမှာ အမျိုးသမီးဖြစ်သည်။ အားလျော့ဖျော့တော့ နွမ်းနယ်နေဟန်ရှိသည်။ အရပ် အတော်ရှည်သည်။ ငါးပေခွဲခန့်ရှိပေမည်။ ခန္ဓာကိုယ်သွယ်လျလျမို့ အချိုးကျလှပနေသည်။ အသားဖြူဖြူ နှာတံပေါ်ပေါ် မျက်လုံးမျက်ဖန် လှလှနှင့် မိန်းမချောတစ်ဦးပင်။ အသက်အစိတ်ခန့် ရှိပေမည်။ ကွပ်ပျစ် တစ်ခုပေါ်တွင် မှိန်းနေသည်။ ပန်းနီရောင်နှုတ်ခမ်းလေးက ဆတ်ဆတ်တုန်နေသည်။ အသက်ရှူသံ ပြင်းပြင်းနှင့် အကြောအခြင်များတင်းနေဟန်ရှိသည်။ တဟင်းဟင်း ညည်းညူသံလေးကို ကြားရသည်။

ဒေါက်တာက လူနာ၏ နဖူးကို အသာစမ်းကြည့်သည်။ လက်ကောက်ဝတ်ကို ကိုင်ပြီး သွေးခုန်နှုန်းကြည့်မိသည်။ လူနာ၏ သွေးခုန်နှုန်းက မည်သို့နေသည် မသိချေ။ ဒေါက်တာ၏ သွေးခုန်နှုန်းက ထူးထူးဆန်းဆန်း ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်နေချေပြီ။ လူနာကို စတင်တွေ့စဉ်ကတည်းက ဘာကြောင့် ဒီလိုဖြစ်ရပါလိမ့်။ စိတ်တည်ငြိမ်အောင်ထားပြီး ထပ်မံ စမ်းသပ်သည်။

"ပင်ပန်းလို့ပါ၊ အနားပေးပြီး ဆေးထိုးပေးရင် အဆင်ပြေမှာပါ၊ သူတို့ဆီမှာ ဆေးတောင်းကြည့်ဗျာ၊ ဆေးမှူးပါမှာပါ၊ သူများကို ဒုက္ခပေးဖို့လာတာ သူတို့အတွက်လဲ ပြင်ဆင်လာမှာပေါ့"

ဒေါက်တာက စိတ်ပေါက်ပေါက်နှင့် ပြောမိသည်။

"ကျွန်တော် ကြိုးစားကြည့်မယ်"

ဦးအောင်ကြီးက ပြောပြီး လှည့်ထွက်သွားသည်။ ဒေါက်တာသည် လူနာထက် သူ့ကိုယ်သူ ဆန်းစစ်နေမိသည်။ ဘယ်လိုကြောင့် ဒီမျှ စိတ်လှုပ်ရှားရသနည်းဟု အဖြေရှာသည်။ ရင်ထဲက တရင်းတနှီးရှိသလို ခံစားနေရသည်။ ဒေါက်တာက တစ်စုံတစ်ရာ မမြင်သဖြင့် သူ၏ စွပ်ကျယ်ကို ချွတ်လိုက်သည်။ သန့်ရှင်းအောင် ရေနှင့် လျှော်ဖွပ်လိုက်သည်။

စွပ်ကျယ်အသားကို ခေါက်၍ လူနာ၏ နဖူးတွင်ရေဖတ်အုပ်ပေးသည်။ သူလုပ်နိုင်သည်များကိုတော့ အတတ်နိုင်ဆုံး ပြုစုသည်။

ဦးအောင်ကြီး ပြန်လာသောအခါ ဆေးမှူးနှင့်အတူ လူတစ်ယောက်ပါလာသည်။ ထောင်ထောင်မောင်းမောင်း ရုပ်ဖြောင့်ဖြောင့် အသားဖြူဖြူနှင့် ဥပမိရုပ်ကောင်းသူ ဖြစ်သည်။

ဒေါက်တာနှင့် ဆေးမှူးတို့က လိုအပ်သည်များ ပြုစုကုသရန် အလုပ်ရှုပ်နေစဉ် ထိုလူစိမ်းက လူနာကိုသေချာကြည့်သည်။ အင်ဂျင်နီယာ ဦးအောင်ကြီးကို မေးသည်။

"လူနာ နာမည်က ဘယ်လိုလဲ"

"ဒေါ်ချစ်ဦးမေ အင်ဂျင်နီယာပါ"

"မဟုတ်ပါဘူး၊ ချီးဘူးပါ"

လူနာ တွန့်သွားသည်။ ဒေါက်တာက ဆေးထိုး၍ တွန့်သည်လား၊ လူစိမ်း၏အပြောကြောင့် တွန့်သည်လား မသိရချေ။



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ကြီးက သူမပြောသာ၍သာ နေရသည်။ သူ့လူကို မှီချိုးမျှစ်ချိုးပြော၍ သိပ်ပြီး ကျေနပ်ဟန်မပေါ်ချေ။

"ကြည့်ပါလား သူ့ကိုယ်သူ သိပ်လှတယ် ထင်ပြီး ဂျစ်ကန်ကန် စူပုပ်ပုပ် လုပ်နေတာ"

လူနာ၏ မျက်လုံးများက ဆတ်ခနဲ ပွင့်လာသည်။ ဒေါသမာန်ဖြင့် ပြူးကျယ် ဝိုင်းစက်နေသည်။ လူစိမ်းက မလျှော့ချေ။ ဒီ ကကြီး ခကွေးတော့ ပြောမှဖြစ်မည်ဟု ဒေါက်တာက တွေးမိသည်။

"ချီးဘူး"

"လူပို"

လူနာ၏ အသံက တိုးသည်။ တိုးတိတ်ညင်သာစွာ ထွက်လာသည်။ လူစိမ်းက ဝမ်းသာအားရဟန်ဖြင့် လူနာ၏ လက်လေးကို ကိုင်လိုက်သည်။

"သက်သာလား၊ ဘယ်လိုပါလာတာလဲ"

လူစိမ်း၏ အမေးကို ချစ်ဦးမေက မဖြေ။ ဦးအောင်ကြီးက ကြားမှဖြေသည်။ လမ်းဖောက်လုပ်ရေးစီမံကိန်းတွင် အခြားသူများနှင့်အတူ အတွေ့အကြုံရရန် လိုက်လာခြင်းဖြစ်ကြောင်း၊ သူမ၏ တပည့်အငယ်တန်းအင်ဂျင်နီယာများ မလာမီ သူတို့နှစ်ဦးတည်း ထွက်လာရာမှ အဖမ်းခံရခြင်း ဖြစ်ကြောင်း ရှင်းပြသည်။

ထိုလူစိမ်းက သူ့နာမည် ဗိုလ်ဇော်ရှိန်း ဖြစ်ကြောင်း၊ ချစ်ဦးမေနှင့် သူမှာ စက်မှုတက္ကသိုလ်ကျောင်းနေဖက် ဖြစ်ကြောင်း၊ ကျောင်းသားဘဝတွင် ချစ်ဦးမေကို လူငယ်သဘာဝအတိုင်း လိုက်ပြောသည့်အခါ သူပါပြီး ဘာမျှ မပြောသောကြောင့် လူပို ဟုခေါ်ကြောင်း၊ ချစ်ဦးမေက လိုက်ပြောသူတိုင်းကို ချစ်ဘူး ဟုပြောလွန်းသဖြင့် သူက ချီးဘူး ဟုခေါ်ကြောင်း ရှင်းပြသည်။ သူတို့နှစ်ဦးမှာ ချစ်သော သူငယ်ချင်းများဟု ဆိုသည်။

ဗိုလ်ဇော်ရှိန်းက သူ၏ ဂျာကင်အင်္ကျီကို ချွတ်လိုက်သည်။ အင်္ကျီကို ချစ်ဦးမေ၏ကိုယ်ပေါ်သို့ လွှမ်းပေးရင်း ပြောသည်။

"ဒီအင်္ကျီဝတ်ထား လွှင့်မပစ်နဲ့နော်၊ ငါ့အမေ ဝယ်ပေးထားတာမို့ပါ၊ အင်္ကျီမြင်တိုင်း ငါ့ကို သတိရအောင် ကြိုးစား၊ ကြားလား ချီးဘူး"

ဗိုလ်ဇော်ရှိန်းက တစ်ဆက်တည်း ဒေါက်တာကို လက်ဆွဲနှုတ်ဆက်ရင်း ပန်ကြားသည်။

"လေးစားပါတယ် ဒေါက်တာ၊ ဒေသခံတွေအပေါ်မှာ ဆရာရဲ့သန့်ရှင်းမွန်မြတ်တဲ့ စေတနာနဲ့ နွေးညမစွေး ပြုစုကုသပေးတာ အထူးကျေးဇူးတင်ပါတယ်၊ ဆရာ စိတ်ချမ်းသာစွာ နေပါ၊ ဒီမှာနေရတဲ့အခိုက်မှာ လိုအပ်တာရှိရင် ပြောပါ၊ ကျွန်တော့် သူငယ်ချင်းကိုလဲ ကျေးဇူးပြုပြီး ဂရုစိုက်ပါလို့ ပြောပါရစေ"

ဒေါက်တာဇော်နိုင်က အံ့သြသွားသည်။ ဒီလိုကြမ်းတမ်းခက်ထရော်သော ဒေသရှိ လူတန်းစားတွင် ဤလိုညက်ညောသိမ်မွေ့သော ပညာတတ်လူငယ်တစ်ဦး၏ သိမ်မွေ့သောစကားကို တန်ဖိုးထားမိသည်။ ဗိုလ်ဇော်ရှိန်းကိုလည်း စိတ်ဝင်စားမိသည်။ သူ၏ ပညာတွေကိုလည်း နှမြောမိသည်။ အိုလေ သူ့အကြောင်းနှင့် သူပေါ့ဟု တွေးလိုက်မိသည်။

ဒေါက်တာဇော်နိုင်က လူနာဘက်သို့ လှည့်လိုက်သည်။ လုပ်ငန်းခွင်ဝတ်စုံနှင့်ဖြစ်၏။ အရပ်က ပိုရှည်နေသည်။ လူနာက သူ့ကို ခပ်ပြူးပြူးကြည့်နေသည်။ ဗိုလ်ဇော်ရှိန်း ထွက်သွားလေပြီ။

"ဒေါက်တာ သူက ဒီအဖွဲ့က လား"

"ဟုတ်တယ်၊ ဒီအဖွဲ့က ဗိုလ် အဆင့်ပဲ ဗိုလ်ဇော်ရှိန်းတဲ့"

"အို"

ချစ်ဦးမေ၏ နှုတ်မှ အာမေဋိတ်သံလေး လွင့်ပျံထွက်သွားသည်။

(၃)

ဗိုလ်ကြီးသက်ခိုင်သည် ရဲဘော်... များကို သနားနေမိသည်။

ပိတ်ဆို့ရေးလုပ်ရန် နှစ်ည... တိုင် မအိပ်မနေရှိနေရသည်။ စခန်း... မှ လှုပ်ရှားရသဖြင့် ခြေဆန့်လက်... သဘောထားပြီး တက်ကြွနေခဲ့ကြသည်... ယခုတစ်ခါ ခြေအကြွတွင် စခန်း... မြို့မှ ဝန်ထမ်းများကို သောင်းကျန်း... များက ဖမ်းဆီးခေါ်ဆောင်သွား... သည်။ ရဲစခန်းရှိသော်လည်း လက်... နှင့် လူအင်အားက နည်းသည်။... ဖူးရှင်တွေက လက်နက်ကြီးနှင့် ထိ... ပြီး လက်နက်ငယ်အချို့နှင့် လက်... ခဲ့သောကြောင့် ထွက်မလိုက်နိုင်ကြ... ဗိုလ်ကြီးသက်ခိုင် တပ်ခွဲအတွက် ... နန်းဝင်လာသည်။ ဤကြေးနန်း... ရချင်း တစ်ခွဲလုံး ခြေရာကောက် ... ကြပ် လိုက်လံရှင်းလင်းပြီး ဝန်ထမ်း... ကို ကယ်ထုတ်ရန် အကြောင်းကြား... သည်။

ဗိုလ်ကြီးသက်ခိုင်သည် ... မနား ဆက်လက် ချီတက် ... ထောက်လှမ်းရသည်မှာ နှစ်ည... မပြီ။ ရဲဘော်များမှာ ငါးရက်ခန့် ... မနား တရစပ်ချီတက်ရသဖြင့် ... လှသည်။ ဒီနေ့မှ သောင်းကျန်း... ဆွဲသွားသော ကားသုံးစီးကို ... တွင်တွေ့ရသည်။ စစ်ဗျူဟာနှင့်... အသွယ်ယူ၍ ညွှန်ကြားချက် ... သည်။ ထပ်မံ ညွှန်ကြားချက်... မြေပုံညွှန်းအလိုက် မြေပုံတင်... သည်။

- စီမံချက်မှာ ခရစ်ယာန်... ရှိခိုးကျောင်းရှိသော ရွာကြီးတစ်... ပေးထားသည်။ ဗိုလ်ကြီးသက်... တပ်ခွဲမှာ လက်ရှိနေရာမှ နှစ်... ရှိသည်။ ဘေးနံတပ်ဖြစ်သော ... မှာ နေရာသုံးလေးခုကိုရှင်းပြီး ... ခရီးရှိသည်။ အခြား ခမရ(--)မှာ ... ဆုံးဖြစ်သည်။ ငါးရက်ခရီး ... ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ဒိုလ်ကြီးသက်ခိုင်သည် မိမိတပ် ... အခြေအနေချုပြ ရှင်းလင်းသည်။ ...ဘော်အများစုမှာ ခရီးပန်းသဖြင့် ...တက်နှုန်းမှာ ထင်သလောက် ခရီး ...ပေါက်နိုင်ဟု ထင်သည်။ အခြားဘေး ...ထပ်များနှင့်စာလျှင် ခရီးတို့၍ တော် ...သည်ဟု တွက်ဆရသည်။ အရိုးထဲ ... အားထည့်ပြီး ဆွဲကြသည်။ သတင်း ...တ်စုံစမ်းရင်း ပုံမှန်ချီတက်ကြသည်။ ...ဖြင့် သုံးရက်မြောက်တွင် သတင်း ...ဆက် ရရှိသည်။ ရည်မှန်းချက် ...ဖြစ်သော ရွာကြီးတွင် ဖမ်းဆီးခေါ် ...ဆောင်သွားသော ဝန်ထမ်းများရှိသည် ...သော သတင်း ဖြစ်လေသည်။

(၄)

ဘုရားကျောင်းတစ်ခုလုံး တိတ် ...တ်ငြိမ်သက်ဝက်ချက်ရှိသည်။

ဖမ်းဆီးခံ ဝန်ထမ်းများမှာ ...ရားကျောင်းအတွင်း နေရာယူထိုင်နေ ...ရသည်။ သူပုန်ခေါင်းဆောင်နှင့် ...အခြားနှစ်ဦးတို့က ဝန်ထမ်းများနှင့် ...ဆက်နှာချင်းဆိုင် စင်မြင့်တွင် နေရာ ...ည်။ ဗိုလ်ဇော်ရှိုင်းလည်း ပါသည်။ ...သူပုန်ခေါင်းဆောင်က သူပြောလိုသည့် ...အားများကို ဗိုလ်ဇော်ရှိုင်းသို့ ပြော ...သည်။

ကြည့်ရသည်မှာ မြန်မာလို ...စေ့ပတ်စေ့ မပေါက်သဖြင့် ဇော်ရှိုင်း ...တစ်ဆင့် ပြောမည့်ဟန်ရှိလေသည်။ ...ဇော်ရှိုင်းက ခေါင်းဆောင်လုပ်သူ ...ပြောသမျှကို သေချာမှတ်သားပြီး စင် ...မြင့်တွင် နေရာယူသည်။ ပြီးမှ အေး ...ဆေးတည်ငြိမ်သော လေသံဖြင့် စတင် ...ကားပြောသည်။

"အားလုံး ဆင်းရဲပင်ပန်းကြတဲ့ ...အတွက် တောင်းပန်ပါတယ်၊ ဝန်ထမ်း ...များ ခုလိုခေါ်ဆောင်ခံရတာ လုံခြုံရေး ...အတ်ဟာလို့ ဖြစ်ရတယ်ဆိုခဲ့ရင် လမ်း ...မှာ တွေ့ရတဲ့ စစ်ပြေးဒုက္ခသည် ...များစုဟာအလားတူပြဿနာကြောင့် ...ရတာပါ။ ဝန်ထမ်းတို့ ဆင်းရဲပင်ပန်းခဲ့တယ်ဆိုရင် ရိုးသားစွာ လုပ်ကိုင်စားသောက်နေကြတဲ့ ကျွန်တော်တို့တိုင်းရင်းသားတွေရဲ့ ဘဝဟာ မြင်တဲ့အတိုင်းပါပဲ၊ ဝန်ထမ်းတို့ လက်တွေ့ဘဝကို ရှုမြင်ပြီး ကိုယ်ချင်းစာနာတဲ့စိတ်တိုးပွားလာအောင် ပြသခြင်းဖြစ်ပါတယ်၊ ဝန်ထမ်းတို့အထဲမှာပါတဲ့ ဒေါက်တာဇော်နိုင်လို ပုဂ္ဂိုလ်မျိုးကို လေးစားပါတယ်၊ ဆင်းရဲ ချမ်းသာမရွေး သူ့ရဲ့လူနာကို နေ့ညမရှောင် အလေးထားပြုစုစောင့်ရှောက်တဲ့ စေတနာဟာ တန်ဖိုးကြီးမားပါတယ်၊ ကျောသားရင်သားမခွဲခြားဘဲ တာဝန်သိတဲ့ သူ့လို ဆရာဝန်ကို နမူနာယူပြီး စေတနာထားဖို့ မေတ္တာရပ်ခံလိုပါတယ်၊ ပြောချင်တာအများကြီးရှိပေမယ့် ပြောသင့်တာ ဒီလောက်နဲ့တော်ပါပြီ၊ ခင်ဗျားတို့ရဲ့ ဘဝနဲ့ အသက်ကို အာမခံပါတယ်၊ ဒီဘုရားကျောင်းထဲက ဘယ်မှ မထွက်ပါနဲ့၊ ထွက်ပြေးဖို့ မကြိုးစားပါနဲ့၊ ဝန်ထမ်းတို့မြို့ကို အေးချမ်းစွာ ပြန်ရောက်ချင်ရင် အေးအေးဆေးဆေး နေကြပါ၊ ပြောတဲ့အတိုင်း လိုက်နာပါလို့ မှာပါရစေ၊ ကျေးဇူးတင်ပါတယ်"

ဗိုလ်ဇော်ရှိုင်းက သူ၏ ခေါင်းဆောင်ကို ပြန်တွေ့ပြီး သတင်းပို့သည်။ ဝန်ထမ်းများက ဘာမျှ မပြောသလို လက်ခုပ်သြဘာလည်း မပြုကြချေ။ အတန်ကြာလျှင် ခေါင်းဆောင်၏ အမိန့်အရ ထမင်းပွဲပြင်ဆင်သည်။ ဝန်ထမ်းများကို ကျွေးမွေးသည်။ ပြီးမှ လိုက်လံကြည့်ရှုရင်း အားပေးသည်။ ခေါ်လာသည်မှ ယခုအထိ ကျွေးသမျှ ထမင်းမှာ ဒီတစ်ကြိမ် အကောင်းဆုံး ဖြစ်သည်။

"စားကောင်းရဲ့လား"

"ကောင်းပါတယ်"

ဝန်ထမ်းတစ်ဦးက ဖြေသည်။ ကျွန်လူများက ဆာဆာနှင့် အားပါးတရ စားသောက်နေကြသည်။ ဟင်းလျာကလည်းကောင်းသည်။ အမဲနှပ်၊ ကြက်သားနှင့် ဘူးသီးကာလသားချက်၊ ငါးပိထောင်း၊ ဟင်းချိုတို့ဖြင့် မြိန်လှသည်။

"ဝန်ထမ်းတို့ စားသောက်ပြီး မပြန်ချင် ဖြစ်နေဦးမယ်၊ တယ်ပြီး အစားအသောက်ကောင်းပါလားလို့ ထင်ကြမယ်"

ဗိုလ်ဇော်ရှိုင်းက သူ၏ ခေါင်းဆောင်ပြောသည့်အတိုင်း ပြန်ပြောပြသည်။ ဝန်ထမ်းများက တစ်ဖက်မှ နားထောင်ရင်း စားကြသည်။

"ကျုပ်တို့ရဲ့ဘော်တွေ ဘယ်လိုစားသလဲဆိုတာ ဘုရားကျောင်း ပြတင်းပေါက်က စားပြီးရင် ကြည့်ပါ၊ ဖရုံသီးပြုတ်၊ ဟင်းရွက်ပြုတ် နေ့စဉ်မိတ်ဆွေပဲ ကျုပ်တို့ အစားဆင်းရဲ အနေဆင်းရဲနေရတာ ပျော်လို့တော့ မဟုတ်ပါဘူးဗျာ"

ဘာသာပြန်သူ ဗိုလ်ဇော်ရှိုင်း၏ အပြောတွင် ခံစားချက်လည်း ပါလေသည်။ ရင်ထဲမှလာသည့် အသံမျိုးဖြစ်လေသည်။

"ဝန်ထမ်းတို့လဲ ကျွန်တော်တို့ဘဝကို သိစေချင်ပါတယ်"

ပြောသည့် လေသံက တိမ်ဝင်သွားပြီး နိဂုံးချုပ်လိုက်သည်။ ဝန်ထမ်းများက စိတ်မကောင်း ဖြစ်ကြသည်။ မည်သို့ဆိုစေ သူ့ဘဝ ကိုယ့်ဘဝမို့ ကြာရှည်စွာ ခံစားချက် မထားနိုင်ကြချေ။ နောက်တစ်နေ့ မိုးသောက်လျှင် မည်ကဲ့သို့ စခန်းသွားရမည် ဘာဖြစ်မည်ကိုသာ တွေးတောပူပန်မိကြသည်က လူ့တိုင်းဖြစ်လေသည်။

(၅)

ဗိုလ်ကြီးသက်ခိုင်၏ တပ်ခွဲသည် ဘုရားကျောင်းရှိသည့် ရွာကို နံနက်အရုဏ်တက်တွင် ဝင်ရောက်စီးနင်းသည်။ အရာခပ်သိမ်းမှာ ပုံမှန်အနေအထားဖြစ်သည်။ အိမ်ခြေ (၇၀)ခန့်ရှိသော်လည်း နိုးနေသည့် အိမ်များမှာ သူ့အလုပ်သူ လုပ်နေကြသည်။ စစ်တပ်ဝင်လာသော်လည်း ထူးခြားသည့်ဟန် မပြချေ။ သတင်းစုံစမ်းသောအခါ မရှိဟု ဖြေကြသည်။ တကယ်လည်း သူပုန်



www.burmeseclassic.com

www.burmeseclassic.com

များက မရှိကြတော့ပေ။ မည်သည့်အချိန်က ဖယ်ခွာတိမ်းရှောင်သွားသည်ကို ရွာသားများ မသိလိုက်ကြချေ။

ဘုရားရှိခိုးကျောင်းမှာ ရွာလယ်မကျတကျတွင်ရှိသည်။ လှုပ်လှုပ်ရှားရှားမတွေ့ရသဖြင့် သတိနှင့် ရှင်းလင်းသည်။ ဘုရားရှိခိုးကျောင်းတံခါးကို ဖွင့်သည်နှင့် ခုံတန်းရှည်များပေါ်တွင် အိပ်နေသောသူများကို တွေ့ရသည်။ များပြားသောလူများကို တွေ့ရသဖြင့် မသင်္ကာဖြစ်မိသည်။

"ကျုပ်တို့ ဝန်ထမ်းတွေပါ၊ ဖမ်းလာတဲ့လူတွေပါ မပစ်ပါနဲ့"

လူတစ်ယောက်က ရုတ်ခြည်းထပြီး မြန်မာလို အော်လိုက်သည်။ တပ်စုမှူး ဗိုလ်တင့်နိုင်က ချက်ချင်းသဘောပေါက်သည်။ ရုတ်ခြည်း အမိန့်ပေးသည်။

"ဖမ်းသွားတဲ့ ဝန်ထမ်းတွေဟော၊ တွေ့ပြီ၊ အားလုံးလား"

"အကုန်လုံးပါ"

"ဟုတ်ပြီ၊ တပ်ခွဲမှူးကို သတင်းပို့ဟေ့"

ဘုရားရှိခိုးကျောင်းမှာ ယခုမှ စည်စည်ကားကား ဖြစ်သွားသည်။ ဝမ်းသာအားရ ပြောကြသည်။ ကျေးဇူးတင်စကား ဆိုကြသည်။ မကြာမီ ဗိုလ်ကြီးသက်ခိုင်ရောက်လာသည်။ အားလုံးကို တွေ့ဆုံပြီး စီစစ်မေးမြန်းသည်။ ကျေနပ်မှ ဆက်ပြောသည်။

"ဝန်ထမ်းအားလုံး တွေ့ပြီလို့ သတင်းပို့၊ ထိတွေ့မှုမရှိ၊ ထိခိုက်ဒဏ်ရာရမှု မရှိ၊ ဖျားနာသူ သုံးဦးခန့်ရှိ၊ အခြေအနေမစိုးရိမ်ရ ညွှန်ကြားချက် စောင့်မည်လို့ သတင်းပို့လိုက်ပါ"

ဝန်ထမ်းများက ဝမ်းသာအားရ ပျော်ကြသည်။ သောင်းကျန်းသူများမှာ မည်သည့်အချိန်က ထွက်သွားသည် မသိ။ အစအန မမြင်ရချေ။ ဒီလိုကပင်ကံကောင်းသည်ဟုဆိုရမည်။ ရှိနေပါက တိုက်ပွဲဖြစ်ပြီး ပြေးလွှားပုန်းအောင်းရပေရော့မည်။

ဗိုလ်ကြီးသက်ခိုင်က ဝန်ထမ်းတို့၏ အခြေအနေကို မေးသည်။ ရိုက်လား၊ နှိပ်စက်လား၊ ဘာလိုချင်လို့လဲ ဘာတွေ မေးလဲ၊ ဘာတွေ ပြောလဲ စသည်ဖြင့် မေးခွန်းတွေက စုံလှသည်။ ဝန်ထမ်းတို့က ဘာမျှမမေးကြောင်းနှင့် မနေ့နံနက်ကသာ ဘုရားကျောင်းထဲတွင် စကားအနည်းငယ်ပြောကြောင်း၊ မရိုက်မနှက်ကြောင်း၊ ချစ်ခင်စရာလူငယ် လူရွယ်တွေများကြောင်း ပြောပြသည်။ သို့သော် ကြောက်စရာကောင်းသည်ဟု ဆိုသည်။

ရွာလူကြီးကို ခေါ်ယူမေးမြန်းစစ်ဆေးသည်။ ယခင်က မလာဖူးကြောင်းနှင့် ဖြတ်သွားဖြတ်လာရှိကြောင်း ပြောပြသည်။ လွန်ခဲ့သည့် နှစ်ရက်က လူနှစ်ဆယ်ခန့် ရောက်လာပြီး ပတ်ဝန်းကျင်တွင် ဖြန့်နေကြောင်းနှင့် ညနေပိုင်းတွင် ယခုအဖွဲ့ရောက်လာကြောင်း ရှင်းပြသည်။ နှစ်ညအိပ် နှစ်ရက်နေသွားပြီး ဘာမျှ ဒုက္ခမပေးခဲ့ကြောင်း ရှင်းပြသည်။

"သူပုန်သာဆိုတယ် အေးအေးဆေးဆေးသူပုန်ပဲ၊ ပေးတာယူ ကျွေးတာစား၊ လိုတာပြော တတ်နိုင်တာ လုပ်ပေးတဲ့ လူတွေပဲ၊ လူငယ်တွေ များတယ်၊ ဘာကြောင့် သူပုန်လုပ်စားလဲ မေးတော့ ရယ်နေတယ်ဗျ"

ဝန်ထမ်းတစ်ဦးက ဝင်ရောက်ရှင်းပြသည်ကို ကျန်လူများက ရယ်ကြသည်။ ဗိုလ်ကြီးသက်ခိုင်က မည်သို့မျှ မဆိုချေ။ သို့သော် သူ့နှုန်းသူ့ဟန်နှင့် အမြတ်ထုတ်သွားခြင်းကိုတော့ သိနေသည်။

ထိုအခိုက် ဆက်သွယ်ရေးမှ သတင်းပို့သည်။ ယခင်ကြေးနန်းကို ညွှန်း၍ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားချက် ဖြစ်လေသည်။ ကြေးနန်းပါအတိုင်း မြေပုံညွှန်းများအရ မြေပုံတင်ကြည့်သည်။

ဗိုလ်ကြီးသက်ခိုင် တပ်ခွဲသည် ဖမ်းဆီးသွားသော ဝန်ထမ်းများကို ခေါ်ဆောင်၍ အခြေပြုသို့ ပြန်လည်ချီတက်ရန်ဖြစ်သည်။ ဘေးနံတပ်များမှ ခမရ (--)သည် မြေပုံညွှန်းသုံးနေရာကို ရှင်းလင်းပြီး မူလခွင်သို့ ပြန်လည်ဝင်ရောက်ရန် ဖြစ်သည်။ ခမရ(--)သည် လက်ရှိနေရာမှ မူလသတ်မှတ်ခွင်သို့ ပြန်လည်လှုပ်ရှားရန်ဖြစ်သည်။ စာရင်းချုပ်သော် ဘေးနံတပ်ဖြစ်သော ခမရ (--)သည် ဗိုလ်ကြီးသက်ခိုင်တပ်ခွဲရှေ့မှ အစိ... နေရာများကို ကြိုတင်ရှင်းလင်းပြီး မူ... ခွင်သို့ ဝင်ရောက်မည် ဖြစ်လေသည်... မြို့သို့ အပြန်ခရီးတွင် ရှေ့နံတပ်ခွဲ ... သဖြင့် စိတ်သက်သာရာရသွားကြသည်...

"အခု ၁၀ နာရီရှိပြီ၊ ၁၂ နာရီ... အားလုံးထွက်မယ်၊ လူနာတွေအတွ... ထမ်းစင်လုပ်၊ အသင့်ပြင် တပ်စုမှူး... ဒီကိုစု၊ ခရီးစဉ် ပြောမယ်"

(၆)

ဒေါက်တာဇော်နိုင်သည် အ... ခရီးတစ်လျှောက်တွင် လူနာမျာ... ဂရုတစိုက် ကြည့်ရှု စောင့်ရှော... သည်။ ကြမ်းတမ်းခက်ထန်သော ... ခရီးနှင့် သဟဇာတမရှိသူ ဝန်ထမ်း... မှာ ချည့်ချည့်နဲ့နဲ့ဖြစ်ရှာသည်။ ချ... အပါအဝင် ဖျားနာသူသုံးဦးကို ထ... နှင့်သယ်ရသည်။ ရဲဘော်များမှာ အ... ပျက် အစားပျက်သည့်ကြားမှ လူနာ... ကို ထမ်းစင်လုပ်ပြီး ထမ်းကြရ... ဒုတိယနေ့တွင် ချစ်ဦးမေက ထမ်း... ရဲဘော်များကို အားနာသနားသည်... ထင်းစင်မှဆင်းပြီး ကြိုးစားလျှော... သည်။ သို့သော် လူကနွံ့၍ ယဲ့ယဲ့... နိုင်သည်။

"ကျွန်တော်နဲ့ ကိုအောင်... တစ်လှည့်စီ တွဲလျှောက်ကြတာ..."

ဒေါက်တာဇော်နိုင်က ... သဖြင့် သူမ၏ စီနီယာအင်... ဦးအောင်ကြီးက လက်ခံသည်။ ... မေကမူ အားနာဟန်ဖြင့် ခပ်ယဲ့... ပြုံးပြနိုင်သည်။ ဒီလိုနှင့် ခရီးဆ... သည်။





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်ပခုံးကို အားပြုပါ။ ...ိုင်မယ်နော်၊ ဒီဇင်ဘာအားကစားပွဲ နဲ့တယ် သဘောထားပါ"

ချစ်ဦးမေက ပြုံးလိုက်နိုင်သည်။ ဒေါက်တာဇော်နိုင်က ချစ်ဦးမေ၏ ခါးသိမ်သိမ်လေးကို အသာထိန်းပြီး လျှောက်သည်။ စိတ်ပြေရာပြေကြောင်း ပြောလာသဖြင့် အတော်ခရီးပေါက်သည်။ မောပန်းမှုကိုပင် မေ့လျော့နေသလို ခံစားရသည်။

"သက်သာရဲ့လား အပြန်ခရီးစဉ်တော့ သက်သာမှာပါ မချစ်ဦးမေ၊ အားတည့်ထားပါ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကျွန်မကို မေလို့ ခေါ်နိုင်ပါတယ်"

"ကျေးဇူးပဲဗျာ၊ အခုမှ အမောပြေတယ်၊ နို့မို့ နာမည်ခေါ်ရတာ ပိုမောသလိုပဲ"

ချစ်ဦးမေက ရယ်သည်။ ဟက်ဟက်ပက်ပက် မဟုတ်သော်လည်း ရယ်နိုင်လာသည်။ ဒေါက်တာဇော်နိုင်ကလည်း ပြုံးနိုင်လာသည်။ ဒီတစ်ခါတော့ ကိုအောင်ကြီး တွဲအလှည့်ဖြစ်သည်။ ဒေါက်တာဇော်နိုင်က အခြားလူနာများကို လမ်းလျှောက်ရင်း လွန်းထိုးကြည့်ရှု စောင့်ရှောက်လေသည်။

လူနာများကို တယုတယဂရုစိုက်သော်လည်း စိတ်က အာရုံမဝင်စားနိုင်ချေ။ ယခင်နှင့်မတူ ထူးဆန်းသည်ဟု ထင်မိသည်။ ခရီးသွားဖက်လွဲ မကြာခင် ချစ်ဦးမေကို အားပေးဖြစ်သည်။ စကားပြောဖြစ်သည်။

"ဒေါက်တာ တစ်လှည့်တွဲပါဦးလား"

ကိုအောင်ကြီးက အလိုက်သိစွာဖြင့် ဒေါက်တာဇော်နိုင်ကို ပြောသည်။ ရေငတ်သူ ရေတွင်းထဲကျသကဲ့သို့ တန်ပင် မဆောင်နိုင်တော့ချေ။ ဒေါက်တာဇော်နိုင်က ချစ်ဦးမေ၏ ခါးလေးကိုဖက်ပြီး တွဲခေါ်လိုက်သည်။

"အားနာစရာပဲ ဒေါက်တာရယ်၊ နောက်နေ့ဆို အဆင်ပြေသွားမှာပါ"

"ကိစ္စမရှိပါဘူး မေရယ်၊ ပြော်ဒါထက် ကျွန်တော့်ကို ကိုဇော်လို့ ခေါ်ပါ၊ သက်သာအောင်ပေါ့"

နှစ်ဦးတွဲ၍ အတော်အတန် လျှောက်မိကြသည်။ ချစ်ဦးမေက စကားစသည်။

"သူများ ဒေါက်တာတွေက မြို့ကြီး ပြကြီးမှာ နေတယ်နော်"

"ကျွန်တော် တောင်းဆိုတာပါ၊ ကျွန်တော့် ဖေဖေက စစ်သားလေ"

"ရှင်"

ချစ်ဦးမေက အံ့ဩသင့်သွားသည်။ နည်းနည်းလည်း ရွံ့သလိုလိုရှိလေသည်။ ဘာကြောင့်ပါလိမ့်။

"ခါးသီးတဲ့ အတွေ့အကြုံတွေကြည့်ပြီး စစ်သားဆို ရွံ့နေတယ်နဲ့ တူတယ်"

"အို . . . ဒီလို မဟုတ်ပါဘူး"

"ကျွန်တော် ငယ်ငယ်ကတည်းက ဖေဖေ တာဝန်ကျရာမြို့လေးတွေမှာ လိုက်နေရတယ်၊ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းလို့ ဒုက္ခရောက်ရတဲ့လူတွေ တော်တော်ကြုံခဲ့ရတယ်၊ အဲဒီကတည်းက ငါ ဆရာဝန်ဖြစ်ရင် တတ်နိုင်သမျှ ကြိုးပမ်းမယ်လို့ အားခဲခဲ့တယ်၊ ကံအားလျော်စွာ ဆရာဝန်ဖြစ်လာတော့ ဒီလို လူသူအလှမ်းကွာပြီး စိတ်မဝင်စားတဲ့ နေရာတွေက လူတွေကို ပြုစုစောင့်ရှောက်မိတာပါ၊ စေတနာထက် ခံစားချက်က ပိုပါတယ်"

"ဖေဖေက အမှုထမ်းတုန်းပဲလား"

"အမှုထမ်းဆဲပါ၊ ဗိုလ်မှူးကြီးပါ"

ချစ်ဦးမေ စကားမဆက်တော့ချေ။ ခပ်မဆိတ်နေလေသည်။

"ယခုခေတ် ဖေဖေတို့ တပ်မတော်မှာက အသက်ကြီးရင် ရာထူးမတိုးဘူး၊ ဘွဲ့မရရင် ရာထူးမတိုးဘူး၊ ဘွဲ့လွန်မဟုတ်ရင် ရာထူးမတိုးဘူး၊

အရာရှိ တစ်ယောက်ရဲ့ ရာထူးတိုးမြှင့်ရေးမှာ အသက်နဲ့ဖြစ်တဲ့ ပညာအရည်အချင်းနဲ့ဖြစ်တဲ့ ဖြစ်နေတော့ ဖေဖေလဲ မကြာခင် ငြိမ်းတော့မှာပါ"

"ရှင်"

ချစ်ဦးမေက တအံ့တဩဖြစ်သွားသည်။

"ဟိုလေ မကြာခင် အနားယူရတော့မှာကို ပြောတာပါ။ နယ်ဘက်ရောက်ရင်လဲ ရောက်မှာပေါ့"

"ရှင်းပါပြီ ကိုဇော်ရယ်၊ ဒါထက် ကျွန်မ မီအောင်လိုက်ပါ့မယ်၊ ဖြည်းဖြည်းတော့ လျှောက်ရမယ်နဲ့ တူတယ်၊ မတွဲရင် လဲနေပါ့မယ်"

"အားနာလို့လား"

"မဟုတ်ပါဘူး ကျေးဇူးတင်ပါတယ် ကိုဇော်ရယ်"

"ဒီလိုဆို ကျွန်တော် ရှေ့က လူနာတွေ အခြေအနေ ကြည့်ဦးမယ်၊ ကိုအောင်ကြီးကို တစ်လှည့် တာဝန်ပေးခဲ့မယ်လေ"

"ရတယ် ဒေါက်တာ၊ ကျွန်တော့်တပည့်အတွက် အသင့်ပဲ"

ဦးအောင်ကြီးက လိုလိုလားလား ဆိုသဖြင့် အဆင်ပြေသွားသည်။ ဤသို့ဖြင့် ဒေါက်တာဇော်နိုင်က ရှေ့နောက်လူနာများကို လူးလား တုံ့ပြန်ကြည့်လာနိုင်သည်။ အားပေးနိုင်လေသည်။

မြို့သို့မရောက်မီ နောက်ရက်များတွင် ဒေါက်တာဇော်နိုင်နှင့် ချစ်ဦးမေတို့ စကားတပြောပြောနှင့် တရင်းတနှီးရှိလာခဲ့သည်။ ချစ်ဦးမေ၏ ရင်ထဲတွင် မည်သို့ရှိသည် မသိရသော်လည်း ဒေါက်တာဇော်နိုင်၏ နှလုံးသားမှာမူ ရင်းနှီးမှုထက် ပိုချင်လာသည်။ အသွေးအသားတို့ တုန်လှုပ်လာသည်။ နှလုံးသားတို့ ခုန်ပျံလာသည်။ ချစ်ခြင်းဆိုသည်မှာ ဒီလိုလားဟု တွေးတောဆန်းစစ်လိုလာသည်။ ဒီလိုနှင့် မြို့သို့ရောက်ရှိလာကြလေသည်။

(၇)

မြို့ရောက်ပြီး မကြာမီ ဝန်ထမ်းများမှာ ကိုယ့်တာဝန်နှင့်ကိုယ် ပိနေကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဒေါက်တာဇော်နိုင်က လူနာများနှင့် လုံးထွေးနေသကဲ့သို့ ဦးအောင်ကြီးတို့ အုပ်စုကလည်း သူတို့၏စီမံကိန်းကို ဆက်လက် အကောင်အထည်ဖော်လျက် ရှိသည်။ အခြားဌာနများမှာလည်း အလားတူပင်။ သူပုန်များက လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဘာတစ်ခုမျှ နှောင့်ယှက်ဖျက်ဆီးခဲ့ခြင်း မပြုရ၍ တော်သေးသည်။

ချစ်ဦးမေကပင် ခြေတံ လက်တံ ရှည်သလား၊ သူတို့ ဝန်ကြီးဌာနကပင် အစီအမံ ရှိလေသလား မသိရချေ။ ချစ်ဦးမေမှာ ရုံးချုပ်သို့ ပြောင်းရမည့် အမိန့် ထွက်လာသည်။ ချစ်ဦးမေက အလွန် ပျော်ရွှင်မိသည်။ သို့သော် အလွန် ဝမ်းနည်းမိသည်က ဒေါက်တာဇော်နိုင် ဖြစ်သည်။ တွေ့ရသည့် ရက်လေးများတွင် တရင်းတနှီး တယုတယ နေခဲ့ကြသည်။ ရင်တွင်းက အချစ်အကြောင်းပြောမည်ကြံသည်နှင့် ပြောင်းရပြီ။ သတင်းကြားသည်နှင့်တစ်ပြိုင်နက် ချစ်ဦးမေကို တွေ့ရန် ကြိုးစားသည်။ ဘစ်ညနေခင်းတွင် ဒေါက်တာဇော်နိုင်က မြို့အစွန်ရှိ မြို့ဦးစေတီတွင် ချစ်ဦးမေနှင့် တွေ့ဖြစ်သည်။

ရင်ပြင်တော်ဆီသို့ နှစ်ဦးသား တက်လာသော်လည်း စကားမပြောဖြစ်ကြချေ။ ရင်ပြင်တော်ပေါ်ရှိ အရှေ့ဘက်မုခ်ဦးမှ ရုပ်ပွားတော်ကို နှစ်ဦးသား ဖူးမြော်ကြည်ညိုကြသည်။ တောင်ကုန်းပေါ်တွင် တည်ထားသော စေတီဖြစ်၍ လေအဝှေ့တွင် ဆွဲလည်းသံများက စီစီညံညံနှင့် သာသာယာယာရှိလေသည်။ ချုပ်တီးမရသော စိတ်တို့ဖြင့် ဒေါက်တာဇော်နိုင်က စကားစဖြစ်သည်။

"မေကတော့ ရန်ကုန်ပြောင်းရမယ်ဆိုလို့ ပျော်နေမှာပေါ့နော်"

"ယခင်စိတ်ဆို မပျော်ပါဘူး ကိုဇော်ရယ်၊ လာချင်လို့ လာခဲ့တာပဲလေ၊ ခုတော့ ပျော်တာမဟုတ်ဘူး၊ ဝမ်းသာတာပါ၊ ခုလို အဖြစ်ဆိုး ဒုက္ခဆိုးတွကြုံရမှာ ကြောက်တယ်လေ"

ချစ်ဦးမေက ရိုးသားစွာ ဖြေသည်။ ဒေါက်တာက ဘာကိုအကြောင်းပြ ကန့်ကွက်ရမည်ကို စဉ်းစားနေသည်။

"ခုမှ ခင်မင်သံယောဇဉ်ရှိတုန်းလေ၊ ခွဲရမယ်ဆိုတော့ တစ်မျိုးပဲ"

"ခွဲခွာတာ သံယောဇဉ်ပြတ်တာမှ မဟုတ်ဘဲ၊ လာလည်ပေါ့၊ ဒါမှမဟုတ် ပြောင်းလာပေါ့ ကိုဇော်ရယ်"

"တကယ် ဖိတ်ခေါ်တာလား မေရယ်"

ချစ်ဦးမေက ဒေါက်တာဇော်နိုင်ကို မော့ကြည့်သည်။ ပြီးမှ မျက်လွှာချပြီး ခေါင်းညိတ်ပြသည်။ နှုတ်မှလည်း ပြောသည်။

"တကယ်ပေါ့၊ မယုံရင် နှစ်ကယ်ပေါ့နော်"

"ဝမ်းသာလိုက်တာ မေရယ်၊ တကယ်တော့ ကိုယ်က ချစ်နေမိတာကြာပြီ၊ စတွေ့ကတည်းက ချစ်တယ်၊ အခုတော့ ပိုပြီးမြတ်နိုးတယ်၊ ခွဲရတော့ စွဲလမ်းတယ်၊ နောင်ကျရင် ပူဆွေးနေမိမလား မသိဘူး မေရယ်"

ချစ်ဦးမေက ငြိမ်နေသည်။ခေါင်းငုံ့နေရာမှ မပွင့်တပွင့် ပြောသည်။

"နောက် ကြာသွားရင် ချစ်စရာ မြတ်နိုးစရာတွေ အများကြီးရှိလာမှာပါ၊ ကိုဇော်က ရုပ်ရည်လဲ တည်တံ့တယ်၊ စကားပြောလဲ ချိုသာတယ်၊ စိတ်သဘောကလဲ ဖြောင့်မတ်တယ်၊ မေမရှိပေမယ့် အဆင်ပြေသွားမှာပါ"

"အဆင်ပြေတာက အများကြီး၊ မြတ်နိုးတာက တစ်ယောက်တည်းပါ မေရယ်၊ မေက ကိုဇော့်ကို မချစ်နိုင်လို့ ပြောတာလား၊ ဒါမှမဟုတ်ရင် ချစ်တယ်လို့ ပြောမှာလား၊ ဖြေပါဦး မေရယ်"

ချစ်ဦးမေက ပြန်မဖြေချေ။ သွယ်လျသော လက်ချောင်းလေးများကိုသာ ခပ်ဖွဖွလေး ပွတ်လျက်ရှိသည်။ ဒေါက်တာဇော်နိုင်က မချင့်မရဲရှိလှသည်။

"အချိန်မရဘူးလေ၊ ဖြေပါဦး မေရယ်"

"ရန်ကုန်လာခဲ့လေ"

ချစ်ဦးမေက မပွင့်တပွင့်ပြောသည်။ ဒေါက်တာဇော်နိုင်က အလေးအနက်ပြောသည်။

"သဘာဝကျပါတယ်လေ၊ ရန်ကုန်လာရင် အဖြေပေးမှာလား"

ချစ်ဦးမေက မဖြေ။ ဒေါက်တာဇော်နိုင်က ချစ်ဦးမေ၏လက်ကလေး နှစ်ဖက်ကို ဆွဲယူလိုက်သည်။

"ရန်ကုန်မြို့ဆိုတာက ကမ္ဘာတစ်ဖက်စွန်းမှာ မဟုတ်ပါဘူးမေရယ်၊ ချစ်ရတဲ့သူနဲ့ တွေ့ရရင် ကိုယ်က မိုးတွေ ဘယ်လောက်ရွာရွာ၊ လေတွေ ဘယ်လောက်တိုက်တိုက် မုန်တိုင်း ဘယ်လောက်ထန်ထန် လမ်းတွေ ဘယ်လောက်ကြမ်းကြမ်း အတားအဆီးမှန်သမျှ ဖြတ်ကျော်ပြီး အရောက်လှမ်းခဲ့မှာ ကိုဇော်နော်၊ မှတ်သွားပါ"

ချစ်ဦးမေက ရွှန်းလဲ့တောက်ပသော မျက်လုံးများဖြင့် မော့ကြည့်သည်။ နောက်ပြောင်ခြင်း မဟုတ်ချေ၊ အမှန်တကယ်ပြောနေခြင်း ဖြစ်သည်။ တစ်ကြိမ်တစ်ခါဖြစ်ဖူးသော တုန်လှုပ်မှုမျိုးဖြင့် ရင်ထဲတွင် လှုပ်ခါသွားမိသည်။

"ကဗျာဆန်တယ်နော်၊ တကယ်ပြောတာလား"

"မယုံကြည်လို့ မေးတာလား မေရယ်"

ချစ်ဦးမေ၏ လက်ကလေးနှစ်ဖက်က ဒေါက်တာဇော်နိုင်၏ လက်ချောင်းလေးကို ခပ်ဖွဖွလေး ညှစ်လိုက်သည်။ သိပါပြီ။ လက်ချင်းဖြတ်သည်နှင့် သူတို့နှစ်ဦးလည်း တစ်နယ်စီသို့ သွားကြပြီဆိုသည်ကို နားလည်လိုက်သည်။ သို့သော် ကြာရှည်တွဲလာသူ ခွဲခွာရန် ခွင့်မသာခြင်း မဟုတ်ချေ၊ ခွဲခွာရမည်မှာ သေချာသည်မို့ ချစ်ဦးမေ၏ လက်ချောင်း ပျော့ပျော့လေး အသာအယာ ဖြေလျှော့လွှတ်လိုက်သည်။

"နှုတ်ဆက်ပါတယ် မေရယ်"



www.burmeseclassic.com

www.burmeseclassic.com

(၈)

ချစ်ဦးမေသွားသည့်နေ့က လိုက်မပို့ဖြစ်ချေ။ အရေးပေါ် လူနာနှင့် အလုပ်ရှုပ်နေသည်။ နောက်ရက်များတွင်လည်း ရှုပ်ဆဲပင် ဖြစ်သည်။ သူ၏ ရင်ထဲအသည်းထဲတွင်ရှိသော လွမ်းဆွတ်မှုကို အချိန်မပေးနိုင်ချေ။ တစ်ခါတစ်ရံ ကျေးရွာများအထိ ညအိပ်ညနေသွားဖြစ်သည်။ သူ၏ ဖြူစင်သောခံယူချက် စိတ်စေတနာကြောင့် မြို့သူ မြို့သား ရွာသူရွာသားများ၏ မေတ္တာစာတ်ကို အပြည့်အဝ ခံယူရရှိသည်။ ဒေါက်တာဇော်နိုင်ဆိုလျှင် ချစ်ကြည်ညိုကြသည်ပင်။

ဤမေတ္တာတရား၏ အချို့အဝက်ကို ချစ်ဦးမေထံမှရလျှင် အဘယ်မျှ ပီတိဖြစ်ပေလိမ့်မည်နည်းဟု တွေးတောမိသည်။ လွမ်း၍သာ နေရသည်။ အခြေအနေက မထူးပါလေ။

ဦးအောင်ကြီး ရောက်လာသဖြင့် စကားပြောဖြစ်သည်။ ချစ်ဦးမေ၏ စီနီယာ အင်ဂျင်နီယာဖြစ်၍ ချစ်ဦးမေနှင့် အဆက်အသွယ်ရှိသည်။ ရုံးချုပ်ရောက်ရှိသွားသော ချစ်ဦးမေကြောင့် ဆက်စပ်ပြောဖြစ်သည်။

ချစ်ဦးမေ၏ လိပ်စာနှင့် တယ်လီဖုန်း နံပါတ်ကို ရသည်။

"ဒေါက်တာ့ဆီ လာပေးမလို့ပဲ၊ အလုပ်တွေက မအားကြဘူးလေ၊ သူ့ကို ငါမတွေ့၊ ငါ့ကို သူမတွေ့နဲ့ ဖြစ်နေကြလို့ အခုမှ ပေးရတာ ခွင့်လွှတ်ပါ"

ဦးအောင်ကြီး၏ တောင်းပန်စကားထက် ချစ်ဦးမေ၏ အဆက်အသွယ်ကိုရသဖြင့် ဝမ်းမြောက်မိသည်။ ဦးအောင်ကြီး၏ လိုက်လျောမှုကြောင့် သူ၏ ဆက်တဲလိုက်ဖုန်းဖြင့် ချစ်ဦးမေကို ဆက်သွယ်ကြည့်သည်။ ချစ်ဦးမေ မရှိချေ။

"ဒေါက်တာ ယူထားလိုက်ပါ၊ နောက်နေ့မှ ပြန်ပေးပါ"

"ကျေးဇူးတင်ပါတယ်ဗျာ"

ဒီနေ့တော့ လူနာတွေရော လုပ်ဖော်ကိုင်ဖက်တွေပါ မေ့ထားလိုက်သည်။ သူ့အတွက် အရေးအကြီးဆုံးအရာကို ဆက်သွယ်မှုရရန် ကြိုးစားကြည့်သည်။ ည ၈နာရီခန့်တွင် အဆက်အသွယ်ရသည်။

"ဆရာလား"

"ဒေါက်တာ ဇော်နိုင်ပါ မေ"

တိတ်ဆိတ်သွားသည်။ ပြန်လည် ဆန်းစစ်သည်လား၊ အံ့ဩသည်လား မသိရချေ။ ခေတ္တငြိမ်သက်သွားသည်။ အတန်ကြာမှ ပြောသည်။

"ကိုဇော်လား နေကောင်းတယ်နော်"

"ကောင်းပါတယ်၊ လွမ်းတယ် မေရယ်"

"ဘာဖြစ်လို့"

"ချစ်လို့"

"တခြားစကား မပြောတတ်ဘူးလား ကိုဇော်ရယ်"

ချစ်ဦးမေ၏ ခပ်ဖယ်ဖယ်စကားကြားရသည်မို့ ရင်ထဲ နင့်သွားသည်။ ဒါက သူ့စတိုင်ဖြစ်ပေမည်။ ဗိုလ်ဇော်ရှိုင်းပြောသကဲ့သို့ ချီးဘူး အမည်တွင်သည်မှာ ဒီလို အပြောကြောင့်ပေလားဟု တွေးမိသည်။

"ကိုယ်တို့က ဘိုးဘွားတွေမှ မဟုတ်ဘဲ၊ သားသမီးမြေးမြစ်အကြောင်း ပြောစရာမရှိဘူးလေ၊ စီးပွားရေးသမားဆိုရင်တော့ မိတ်ဆွေအကြောင်း၊ သူငယ်ချင်းအကြောင်း၊ ကုန်စျေးနှုန်းအကြောင်း ဆွေးနွေးရမှာပေ့ါ၊ အခုက ကိုယ်ချစ်တဲ့သူကို စကားပြောရလို့ ဝမ်းသာအားရ အချစ်အကြောင်း ပြောဖြစ်တာပါ၊ ချစ်တယ်မို့လား မေရယ်"

တယ်လီဖုန်းထဲမှ "ခစ်"ခနဲ အသံကို ကြားလိုက်ရသည်။ မအောင့်အည်းနိုင်သော ချစ်ဦးမေ၏ ရယ်သံ ဖြစ်ပေမည်။

"ကိုဇော်က ဆရာဝန်မဟုတ်ဘူး၊ လူနာဖြစ်နေတယ်၊ အမဲခြောက်တောင်းသလိုပဲနော်"

"အမဲခြောက်မရလို့ အမဲသားဖြစ်နေလဲ အဆင်ပြေပါတယ်၊ စိုချင်စိုခြောက်ချင်ခြောက်၊ ချစ်တယ်ဆိုတဲ့စကားကြားရဖို့ အဓိကပါ မေရယ်"

"ရန်ကုန်လာခဲ့လေ"

"ရန်ကုန်လာမှ ပြောမှာလား"

"ဒါပဲနော် . . . ဘိုင့် ဘိုင်"

ဒေါက်တာဇော်နိုင်မှာ မချင့်မရဲဖြစ်သွားသည်။ ထပ်မံဆက်သွယ်ပြီး ပြောမည်ဟု စိတ်ကူးမိသည်။ လူကြီးလူကောင်းမဆန်ဟု တွေးမိလိုက်၏။ ရှိပါစေလေ။ သူ့မှာ အကြောင်းရှိ၍ အဆက်အသွယ်ဖြတ်ခြင်း ဖြစ်မည်ဟု ဖြေသိမ့်လိုက်ရသည်။ သို့ပေမင့် ပျော်မိပါသည်။

(၉)

ယခင်က ခေါင်းထဲတွင် ဘာမျှမရှိချေ။ တာဝန်နှင့် လူနာများသာရှိခဲ့သည်။ အားလျှင် စာဖတ်မည်။ လူနာဖြစ်စဉ်များကို သုံးသပ်မည်။ လေ့လာထားသည်များနှင့် နှိုင်းယှဉ်သုတေသနပြုမည်။ ထူးခြားသည်ကို သိအောင် ကြိုးပမ်းမည်။

လူနာရှင်သန်ရေး၊ စိတ်ချမ်းသာရေး၊ အသက်ကယ်ရေးသာ အဓိက ဖြစ်သည်။ အားလုံးသော လူနာများကို မိမိမျိုးနွယ်များကဲ့သို့ သဘောထားသည်။ စေတနာထားသည်။ မြတ်သောစိတ်ထား အမြဲကိန်းအောင်းလျက် ရှိသည်။ ယခုတော့ တစ်မူထူးသည်။ အလုပ်ရှုပ်နေလျှင် တစ်ခါတစ်ရံ သတိရသည်။ ညအိပ်ချိန်တွင် လွမ်းမိသည်။ ထူးထူးခြားခြား ခံစားမှုတစ်ခု ရှိလာသည်။ ဒီဖီလင်ကို ကြိုက်သည်။ ဒီဖီလင်ကို စွဲလမ်းသည်။ အချိန်ရလျှင် မြတ်မြတ်နိုးနိုး တယုတယထွေးပိုက်ထားလိုသည်။ ဒါကို အချစ်ဟု ခေါ်သည်လားဟု မေးစမ်းကြည့်လိုသည်။

(ဆက်ရန်)

❒ နေမထူး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရန်ကုန်သား၊ မြို့ပြအသိုင်းအဝိုင်းတွင် ကြီးပြင်းလာသူ။ မြို့စရိုက်၊ မြို့စတိုင်၊ ဟန်နှင့် ပန်နှင့် နေတတ်သူ။ ဂုဏ်ဒြပ်ရှိသူများကိုသာ လေးလေးစားစားအထင်ကြီးပြီး ဆက်ဆံတတ်သူ။

မရွှေမိက ဇင်းကျိုက်သူ။ အမည်နှင့်လိုက်အောင် ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် ဘဝဖြင့် တောဓလေ့ ရွာဓလေ့ကို ချစ်မြတ်နိုးသူ။ လယ်သမား၊ ယာသမား မိသားစုမှ ဆင်းသက်လာပြီး အရိုးခံဘဝဖြင့် ကြီးပြင်းလာသူ။

သည်လိုနှင့်. . . ကျွန်တော်နှင့် မရွှေမိ၊ အသွင်မတူသူနှစ်ဦး အကြောင်းပါ၍ အိမ်သူဖြစ်ပြီး လက်ထပ်လိုက်ကြသည့်အခါ . . . ။

'ကျောင်းနောက်ဆံထုံးပါမြဲထုံး' အမိအရဆုပ်ကိုင်ပြီး မရွှေမိကို ရန်ကုန်ကို ခေါ်လိုက်ကြခြင်းဖြင့် ကျွန်တော်က လက်ဦးမှု ယူလိုက်သည်။ ကျွန်တော်က စိတ်မြန်လက်မြန်သမား။ မြို့ပြစရိုက်နှင့် ဝင်ဆံ့စေရန် အဝတ်အစား၊ အနေအထိုင်၊ အပြောအဆို ဆက်ဆံရေးကအစ ကျွန်တော့်စိတ်ကြိုက် ပုံစံသွင်းလိုက်သည်။ မရွှေမိသည် လည်သူမဟုတ်။ သို့သော် အကင်းပါးသည်။

ကျွန်တော့် ဆန္ဒကို လုံးဝမဆန့်ကျ[...] အလိုက်သင့် အလျားသင့် နေတ[...] သည်။ သည်းခံသည်၊ စိတ်ရှည်သ[...] သို့သော် သူ့တွင် ဉာဉ်တစ်ခုရှိသ[...] မိမိဖြစ်စေချင်သည့် ကိစ္စကို မ[...] သောဇွဲဖြင့် တောင်းခံတတ်ခြင်း [...] သည်။ ကျွန်တော့်ဇနီး ဖြစ်လာခဲ့သ[...] မရွှေမိ အဖြစ်ချင်ဆုံးဆန္ဒမှာ "ဇင်းကျိ[...] သို့ တစ်ခါတစ်ခေါက် ဆွေပြ [...] အလည်အပတ်သွားလိုခြင်း ဖြစ်သ[...]

ကျွန်တော် တစ်ကြိမ်တစ်ခါမှ[...] မရောက်ဖူးသေးသော ဇင်းကျိ[...]



www.burmeseclassic.com

www.burmeseclassic.com

ဟူသည့် ဝေါဟာရသည် ကျွန်တော့် အတွက် အစိမ်းသက်သက်တော့ မဟုတ်။

စာဂျပိုး ဖြစ်သည့် ကျွန်တော် သည် ဇင်းကျိုက်ကို စာထဲပေထဲတွင် ရင်းနှီးပြီးသား "နဝဒေးကြီး" ၏ "ဖြင်းနတ်ဘုရားတိုင်ရတု"၊ "ဆရာကြီး သခင်ကိုယ်တော်မှိုင်း" ၏ "ဇင်းကျိုက်ကွန်ဖရင့်"၊ "ဆရာကြီးကုသ" သဘော်ဖြင့် ခရီးသွားစဉ် လေပြင်းတိုက်၍ နစ်မြုပ်လုဖြစ်ချိန် "ဇင်းကျိုက် ဆံတော်ရှင်ဘုရားကို" ရည်မှန်းပြီး ဆုတောင်းခဲ့ရာ အန္တရာယ်ကင်းရပုံ ဆောင်းပါးများ ဖတ်ရှုခဲ့ပြီး ဖြစ်သည်။

"မယားပြောတော့တစ်ညဲ" ဆိုသော စကားသည် ခေါင်းမာလွန်းသည့် ကျွန်တော့်ကြောင့် မရွှေမိအတွက် မှန်သလို ဖြစ်ရသည်။ သို့ရာတွင် သနားစိတ်ကြောင့်လား၊ သံယောဇဉ်ကြောင့်လား ကျွန်တော် မသိပါ။ တစ်ကြိမ်တစ်ခါ ဇနီးသည်၏ဆန္ဒကို လိုက်လျောပေးခြင်းဖြင့် ကျွန်တော်တို့ ဇနီးမောင်နှံ ဘုရားပွဲအမီ ဇင်းကျိုက်သို့ ဆိုင်းမဆင့်ဗုံမဆင့် ရောက်ရှိသွားကြသည်။

ဘုရားခြေတော်ရင်း ခြံသေ့ကြီးနှစ်ကောင်ရှေ့တွင် ကားပေါ်မှ ဆင်းလိုက်ကြသည်။ ဇနီးသည်၏ ဆွေမျိုးများ ကားဂိတ်မှာ လာကြိုကြသည်။ ယောက္ခမကြီးများ၊ ယောက်ဖများ၊ မရီးများ၊ ခယ်မများ၊ ရွာသူရွာသားများ စုံလို့ . . . စုံလို့။

ကျွန်တော်တို့ ဝစ္စည်းများကို ထမ်းသူထမ်း၊ ရွက်သူရွက်ဖြင့် ရွာထဲကို ဝင်ကြသည်။ ရွာအတွင်း ဖြတ်သန်းရာ အိမ်များကလည်း လက်ပြသူကပြ၊ လှမ်းအော်၍ နှုတ်ဆက်သူက နှုတ်ဆက်ကြသည်။ ရွာမှ ကလေးများကလည်း ကျွန်တော်တို့နောက်တကောက်ကောက် လိုက်လာကြသည်။

မနက်ထမင်း၊ ညထမင်း လာစားရန် ဖိတ်သည့်အိမ်တွေကလည်း ဒုနဲ့ဒေး။ ဒီနှစ်ဘုရားပွဲသည် သကြ်န်ရက်နှင့်ဆုံ၍ နေ့ရောညပါ ကြက်ပျံမကျစည်ကားသည်။

ဘုရားပွဲသို့ ရင်းငြိမ်၊ ကတွန်၊ သင်ပေါင်းချောင်၊ ပန်းကုန်းရွာ တွေဘက်ကလည်း လာကြသည်။ မုတ္တမ၊ ပေါင်၊ ဝတ်ကြီး၊ မိုးနှိုင်း၊ ခလောက်အင်း၊ ဖလပ်ဘက်မှလည်း လာကြသည်။ ကွင်းပိုင်ရွာများဖြစ်သည့် သဲကုန်း၊ ညောင်ကုန်းဘက်မှလည်း လာကြသည်။

ဇင်းကျိုက် ဆံတော်ရှင်ဘုရားပွဲကို နှစ်စဉ် တန်ခူးလဆန်း ၈ ရက်



# ရှေးရှေးတုန်းကပိဋကာ



www.burmeseclassic.com

www.burmeseclassic.com

နေ့မှစ၍ လပြည့်ကျော် ၁ ရက်နေ့အထိ ကျင်းပပါသည်။ ဘုရားပွဲလမ်းတွင် တောင်ခြေမှ ဘုရားရင်ပြင်အထိ တက်ကြ၊ ဆင်းကြသည်မှာ ပုရွက်ဆိတ်များ သွားနေသကဲ့သို့ ဖြစ်နေပါသည်။

ရွာသူရွာသားများ၏ ရိုးသားမှု၊ ခင်မင်မှုကို နဖူးတွေ့၊ ဒူးတွေ့ ကြုံလိုက်ရသည်။ ကျွန်တော်သည် မြို့ပြ ယဉ်ကျေးမှုထက်၊ တောဓလေ့၊ ရွာဓလေ့များကို တဖြည်းဖြည်းနှစ်သက်လာသည် ဖြစ်၍ ဘုရားပွဲပြီးသော်လည်း ရန်ကုန်ကို မပြန်ဖြစ်သေးဘဲ ဇင်းကျိုက်တွင် သောင်တင်နေပါသည်။ သည်အတွင်း ကျွန်တော်သည် ပါလေရာ ဖြစ်နေသည်။ ငါးမျှားဖို့ခေါ်လျှင်လည်း လိုက်သည်။ တောပစ်ဖို့ခေါ်ရင်လည်း လိုက်သည်။

ဇင်းကျိုက်တောင်၏ တစ်ဖက်တွင် ပိန္နဲ၊ ဒူးရင်း၊ ကတွတ်၊ တညင်း၊ ကနစိုး၊ ကြက်ပေါင်သီးပင်များ အလေ့ကျပေါက်သဖြင့် သစ်သီးခူးလိုက်ရသည့်အခါ ကျွန်တော့် အပျော်ဆုံးဖြစ်သည်။

တစ်နေ့။

ကျွန်တော်နှင့် ယောက်ဖတော်သူနှစ်ဦး "စမ်းနှစ်ခွ"မှ "သင်္ကန်းလှန်းတောင်"ဘက်သွားကြသည်။ ထိုတောင်တွင် ဦးဇင်းကြီးတစ်ပါး သီတင်းသုံးသည့်ကျောင်း ရှိသည်။ ဦးဇင်းကြီးသည် ဆေးမြစ်၊ ဆေးဥများ ကျွမ်းကျင်ပုံရသည်။

ကျောင်းအနီးတွင် ဆေးမြစ်၊ ဆေးဥအခြောက်များနှင့် အချို့ဆေးပင်များကို အိုးဖြင့်စိုက်ထားသည်ကိုလည်း တွေ့ရပါသည်။

ဦးဇင်းကြီးတွင် အသက်(၉)နှစ်(၁၀)နှစ်ခန့်အရွယ် ကျောင်းသားငယ်တစ်ယောက် ရှိသည်။ ကုလားလူမျိုးဖြစ်၍ ရာဂျူးဟုခေါ်သည်။ ရာဂျူးသည် သွက်လက်ချက်ချာသော ကလေးဖြစ်သည်။ လွန်ခဲ့သည့်(၁၀)နှစ်ခန့်က မိုးကြီးသည့်နှစ်တွင် ချောင်းရေလျှံသဖြင့် ချောင်းစပ်အနီးရှိ ပျဉ်ချပ်တွင်တင်လျက်ရှိသည့် (၁)နှစ်သားအရွယ် ကုလားကလေးကို ရွာသားများ တွေ့သဖြင့် ဆယ်ယူလာပြီး ဦးဇင်းကြီးထံ အပ်နှံသဖြင့် ဦးဇင်းကြီးလက်တွင် ကြီးပြင်းလာသူဖြစ်သည်။ ရာဂျူးသည် ဦးဇင်းကြီး ဆွမ်းခံကြွလျှင်လည်း လိုက်ရသည်။ တောထဲ တောင်ထဲ ဆေးမြစ်၊ ဆေးဥတူးလျှင်လည်း လိုက်ရသည်။

"နဂါးဥဘုရား" မှ အတွင်းသို့ ဝင်လေ တောသည် နက်သထက်နက်လေ ဖြစ်သည်။ ထိုနေရာတစ်ဝိုက်တွင် ဆေးမြစ်၊ ဆေးဥများ ပေါများသည်။ တစ်ခါတစ်ရံ အစွမ်းထက်ဆေးဂမုန်းပင်များပင် တွေ့ရှိတတ်သည်ဟု ရာဂျူးက သူ့အတွေ့အကြုံကို အရွယ်နှင့် မလိုက်အောင် ပြောပြတတ်သည်။

ကျွန်တော်တို့သည် ဦးဇင်းကြီးကျောင်းသို့ ဝင်၍ ဦးဇင်းကြီးကို ကန်တော့ကြသည်။ တောအကြောင်း တောင်အကြောင်း ဆေးပင်ဝါးပင်များနှင့် ပတ်သက်၍ သိလိုသမျှ မေးမြန်းလျှောက်ထားကြသည်။

"သထုံ မြသပိတ်တောင် ဇင်းကျိုက်၊ ဇွဲကပင် စတဲ့ ဒီဒေသတွေဟာ တကယ်တော့ ဂမ္ဘီရနယ်မြေတွေပဲ၊ သထုံပြည် မနူဟာမင်းရဲ့ ဆရာတော်ကြီးဟာ တပည့် နှစ်ဦးဖြစ်တဲ့ ဗျတ်ဝိနဲ့ ဗျတ္တ ညီနောင်တို့နဲ့အတူ အစွမ်းထက်မြက်တဲ့ ဂမုန်းဆေးမြစ်ကို ရရှိသွားခဲ့တာ ဒီနယ်မြေကပဲ၊ အစွမ်းထက်ပုံကတော့ ဒကာတို့ သိပြီးဖြစ်မှာပါ၊ ဒီဂမုန်းမြစ်ဟာ စွမ်းအားပြင်းထန်လွန်းလို့ အတိုင်းအဆထက် ပိုပြီးသုံးခဲ့မိရင် သုံးရက်လောက်အထိ သတိလစ်မေ့လျော့သွားနိုင်တယ်၊ သတိနဲ့သုံးတတ်ရင် သုံးတတ်သလောက် အကျိုးရှိတယ်"

"မှန်ပါ့ဘုရား၊ ဒီလိုအစွမ်းထက်တဲ့ဆေးဂမုန်းကို ဒီဆရာတော်ကြီးလိုပဲ တွေ့ရှိတဲ့ အခြားလူတွေ ရှိပါသေးသလား ဘုရား"

ကျွန်တော်က သိလိုစိတ်ဖြင့် လျှောက်ထားလိုက်သည်။

"ဒီဂမုန်းမျိုးက ဣဒ္ဓိပါဒ်သိဒ္ဓိဂမုန်းမျိုးဖြစ်လို့ သာမန်အားဖြင့် ရရှိဖို့ မလွယ်လှဘူး၊ တကယ်တော့ ကောင်းကင် နက္ခတ်နဲ့ယှဉ်ပြီး မြေပေါ် ထိုးဖောက်ထွက်လာတဲ့ ဂမုန်းမျိုးပဲ၊ နောက်တစ်ချက်က စရဏအား ကောင်းပြီး စင်ကြယ်တဲ့ပုဂ္ဂိုလ်တွေသာ တွေ့ရတယ်"

ဦးဇင်းကြီးသည် ရေတစ်ခွက်ကို သောက်လိုက်ပြီးမှ ဆက်ပြောသည်။

"ဒကာကြီးတို့လဲ ရာမာယန ဇာတ်တော်ကို သိထားကြမယ် ထင်ပါတယ်၊ ဒသဂီရိလက်ချက်ကြောင့် ဒဏ်ရာ ပြင်းထန်စွာရသွားတဲ့ လက္ခဏကို ကယ်တင်ဖို့ အစွမ်းထက်ဆေးပင်ရှိရာကို သေသေချာချာ လမ်းညွှန်ပေးတဲ့ ဟာနုမာန်ဟာ ဘယ်လိုမှ ရှာမတွေ့တာကြောင့် ဆေးပင်ရှိတဲ့တောင်ကို ဖဲ့ပြီး ယူလာခဲ့ရတယ်၊ ဟာနုမာန်လို အစွမ်းထက်တဲ့ပုဂ္ဂိုလ်တောင် မသိနိုင်တာဟာ ကမ္ဘာ့သဘာဝ ဂမ္ဘီရဆေးဂမုန်းပင်တို့ရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ အစွမ်းကြောင့်ပဲ"

"မှန်ပါ့ဘုရား၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး သထုံပြည် မနူဟာမင်းရဲ့ ဆရာတော်ကြီးနဲ့ တပည့်နှစ်ဦးဖြစ်တဲ့ ဗျတ်ဝိနဲ့ ဗျတ္တတို့ရခဲ့တာ ဇော်ဂျီဖိုလ်ဝင်သား... တပည့်တော် သိထားတာကြောင့် အ... ကို တိတိကျကျ သိချင်ပါတယ်"

ကျွန်တော်စိတ်တွင် တိတိကျ... သိလို၍ ကြားဖြတ် လျှောက်လိုက်... သည်။

"ဒီကိစ္စမှာတော့ ဦးဇင်းကို... တိုင် ကြုံခဲ့တဲ့ဖြစ်ရပ်ကို ပြောပြ... ဒီကျောင်းမှာ ဦးဇင်းရဲ့ ဆရာဘုန်းကြီး... သီတင်းသုံးခဲ့ဖူးတယ်၊ အစွမ်းထက်... လုံးရှိတာကြောင့် ဓာတ်လုံးဘုန်းကြီး... သိထားကြတယ်၊ ဦးဇင်း အပါအ... တပည့် လေးငါးယောက် ရှိကြတ...

တစ်နေ့မှာ ဆရာတော်ကြီး... ကျောင်းကို ပြန်မကြွလာတာကြော... လိုက်ရှာကြတဲ့အခါ တောစပ်တစ်... က သစ်ပင်ကြီးတစ်ပင်ကို မှီရက်...





www.burmeseclassic.com

www.burmeseclassic.com

တွေ့ရှိကြတယ်၊ အချိန်တစ်ခုအထိ စောင့်ကြည့်ကြပေမယ့် ထူးခြားမှုတစ်ခု မှ မတွေ့ရသလို ဆရာတော်ကြီး ပျံလွန် ပြီလို့ ဆုံးဖြတ်ကြတယ်၊

အန္တိမသဂြိုဟ်ဖို့ လုပ်တဲ့အခါ ဘုန်းကြီးတို့အုပ်စုနှစ်စု ကွဲသွားတယ်၊ ဘုန်းကြီးတို့ထင်တာက ဆရာတော်ကြီး ဟာ ပျံလွန်သွားခြင်း ဟုတ်,မဟုတ် အချိန်တစ်ခုပေးပြီး စောင့်ကြည့်ဖို့ ရုပ် အလောင်းကို ယာယီဂူတစ်ခုလုပ်ပြီး ထားလိုက်ကြတယ်၊

သုံးလလောက် ကြာတဲ့အခါ တပည့်တွေ မျက်နှာစုံညီ ဂူကိုဖွင့်ကြတဲ့ အခါ မွှေးကြိုင်တဲ့အနံ့သာထွက်လာပြီး ဂူထဲမှာ ဘာတစ်ခုမှ မရှိတော့တာကို အံ့အားသင့်စွာ တွေ့ကြရတယ်"

"ဒါဟာ ထွက်ရပ်ပေါက် သွား တာလား ဘုရား"

"ဦးဇင်းတို့ အတွေ့အကြုံအရ ပြောရရင် တချို့ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ တွေဟာ သက်ပြောင်း သက်ခွာအတတ် ကို ကျင့်ကြံရင်း တစ်ခါတစ်ရံ လက်ရှိ မူလရုပ်ကို ခေတ္တစွန့်ခွာကြပြီး ကျား၊ သမင်၊ ငှက် အသွင်ပြောင်းကြတယ်၊ လွတ်လပ်စွာ ပေါ့ပေါ့ပါးပါး သွားလာ နိုင်တဲ့ ငှက်အသွင်ကို ရွေးချယ်ကြတာ များတယ်၊

တစ်ကြိမ်တစ်ခါမှာ အခန့်မသင့် ဖြစ်ကြရတာနဲ့ ကြုံရတာလည်း ရှိတတ် ကြတယ်၊ ခေတ္တစွန့်ခွာခဲ့တဲ့ ရုပ်ထဲကို ပြန်ပြီးမကူးပြောင်းမီကာလမှာ ပြင်ပ ပုဂ္ဂိုလ်တစ်ဦးဦးက တွေ့ရှိတဲ့အခါ ဆေး စေးအဖြစ် အသုံးပြုဖို့ယူသွားတတ်သလို တပည့်ရင်းတွေရဲ့ နားလည်မှု လွဲမှားတဲ့ အသိဉာဏ်အားနည်းမှုကြောင့် မူလ ရုပ်ကို အလောင်းကောင်လို့ ယူဆပြီး အပြီးသတ်သဂြိုဟ်လိုက်ကြတာကြောင့် အတိုးနည်းမှုတွေ ဖြစ်လာရတယ်"

"သက်ပြောင်း သက်ခွာအတတ် တွေကျင့်ရင်း မူလရုပ်ထဲ ပြန်မရောက် နိုင်သူတွေရဲ့ ကံကြမ္မာက ဘယ်လိုဖြစ် သွားပါသလဲ ဘုရား"

ကျွန်ုပ်တော် စိတ်ဝင်တစားဖြင့် လျှောက်လိုက်သည်။

"ဒီပုဂ္ဂိုလ်တွေဟာ ငှက်အသွင် ကူးပြောင်းဆဲကာလမှာ သူကိုယ်တိုင် ခေတ္တစွန့်ခွာခဲ့တဲ့ မူလရုပ်လဲ ပြန် မရောက်နိုင်တာကို သိရှိပြီး ဘဝတူ ဒီလမ်းကိုလိုက်တဲ့ပုဂ္ဂိုလ်တွေကို ဒီအဖြစ် မျိုးမရောက်အောင် အသံနဲ့ သတိပေး ကြတယ်"

"ဘယ်လို အသံတွေနဲ့ သတိပေး တာလဲဘုရား"

ကျွန်တော် အံ့သြမှုဖြင့်လျှောက် ထားလိုက်သည်။

"ဒီလို နွေဦးရာသီလောက်မှာ မရန်းပင် စတဲ့သစ်ပင်တွေရဲ့ ထိပ်ဖျားမှာ ငှက်တချို့ ရောက်လာတတ်ကြပြီး . . 'ကိစ္စပြီးရင်ထွက်၊ ကိစ္စပြီးရင်ထွက်' 'ရှေး ရှေးတုန်းက ဝိဇ္ဇာ၊ ရှေးရှေးတုန်းက ဝိဇ္ဇာ' လို့ သတိပေး အော်မြည်သံကို လွမ်း မောဖွယ်ရာ ကြားရလိမ့်မယ်"

ကျွန်တော် သတိထားကြည့်ရာ ထိုအသံမျိုး ကျွန်တော့်နားတွင် ကြားရ သလိုလို ကျွန်တော့်ရင်တွင် တလှပ်လှပ် ဖြစ်လာသည်။ ခေါင်းမှ ချွေးစေးများ လည်း စိုလာသည်။

ကျွန်တော် ဦးဇင်းကြီးကို ရှိခိုး ဦးချပြီး ကျောင်းဝသို့ လျှောက်လာလိုက် သည်။ ကျောင်းရှိ သစ်တုံးပေါ်တွင် ထိုင်နေသည့် ရာဂျူးကို တွေ့လိုက် သည်။

"ဒီမှာ ရာဂျူး၊ ဦးဦး ပြောမယ် သေသေချာချာနားထောင်နော်"

"ဟုတ်ကဲ့ ဦးဦး"

"တစ်ခါတုန်းက ဗျတ်ဝိနဲ့ ဗျတ္တ ဆိုတာ ကုလားကလေးတွေပဲ၊ သဘော ပျက်လို့ ပျဉ်ချပ်နဲ့ပါလာပြီး ဆေးဘုန်း ကြီးရဲ့ တပည့်တွေ ဖြစ်လာကြတယ်၊ မင်းလိုပဲပေါ့၊

တောင်ကျရေကြောင့် ချောင်း ရေလျှံပြီး ပျဉ်တစ်ချပ်ပေါ် တင်နေခဲ့တဲ့ မင်းဟာလဲ အခုဆေးဘုန်းကြီးရဲ့တပည့် ဖြစ်လာတယ်၊ ဒါပေမဲ့ ဗျတ်ဝိ၊ ဗျတ္တဟာ အရေးကြုံတဲ့အခါ ဆရာ့စကားကို နား မထောင်ခဲ့တာကြောင့် ကြီးမားတဲ့ ဆုံးရှုံး မှုတွေ ဖြစ်ခဲ့ရတယ်၊

သူတို့ နာမည်တွေဟာ အရင် က ကုလားနာမည်တွေ ရှိနိုင်တယ်၊ ဒါပေမဲ့ ဆရာတော် ဆေးဘုန်းကြီးရဲ့ တပည့်ဖြစ်လာတော့ ဗျတ်ဝိနဲ့ဗျတ္တ ဆို ပြီး ဖြစ်လာကြတယ်"

"ဟုတ်ကဲ့၊ အဲဒီတော့ ဆက် ပြောပါ ဦးဦး"

ရာဂျူးက သိချင်ဇောဖြင့် စကား ထောက်လိုက်သည်။

"အေး. . . မြန်မာစကား တစ်ခု ရှိတယ်၊ အဲဒါက ဝမရှိဘဲ ဝိမလုပ်နဲ့တဲ့၊ မျက်စိဆိုတာကိုကြည့်ရင် ဝံရှိပြီးပြီဆို တာ သေချာနေပြီ၊ ကျန်နေတာက ဝပဲ မင်းလဲ ကုလားနာမည်ကို ပြောင်းပြီး နာမည်သစ်နဲ့ နေရတယ်"

"ဘယ်လိုနာမည်သစ်လဲ ဦးဦး"

"လွယ်ပါတယ်ကွ၊ မင်းနာမည် သေသေချာချာ မှတ်ထား ဗျတ်ဝပဲ၊ ဒါပေမဲ့ ဗျတ်ဝ ဘဝနဲ့ ဆရာဘုန်းကြီးရဲ့ စကားကို မြေဝယ်မကျ နားထောင်ရ မယ်၊ ဦးဦးကို ကတိပေးနိုင်မလား"

ကျွန်တော့်စကား အဆုံးတွင် "ဗျတ်ဝ" သည် လက်မကို ထောင်၍ ခိုင်မာသည့် ကတိတစ်ခုကို ကျယ် လောင်စွာ ပြောလိုက်ပါတော့သည်။

"ဗျတ်ဝ ကတိပေးပါတယ် ဦးဦး"

❒ မြယာငြိ



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ ဆရာဦးမင်းအောင်နဲ့ တွေ့ချင်လို့ပါရှင်"

အသက်(၂၀) ဝန်းကျင်အရွယ် မိန်းကလေးတစ်ဦးဖြစ်သည်။ မျက်နှာသွယ်သွယ်၊ အရပ်မနိမ့်မမြင့် အသားလတ်လတ် သွက်လက်သော အမူအရာရှိသည်။ ဝတ်စားထားသည်က ခေတ်ဆန်သည် မဆိုနိုင်သော်လည်း ခေတ်မီသည်။ အမျိုးအစား မခွဲခြားတတ်သော်လည်း တန်ဖိုးကြီးမှန်း သိသာသည်။

"ဘာကိစ္စရှိလို့လဲ ဦးမင်းအောင်ဆိုတာ အန်ကယ်ပဲ"

တူမအရွယ်မို့ အန်ကယ်ဟု နာမ်စားသုံး ပြောလိုက်သည်။ ရုံးခန်းတွင် သူမနှင့် ရွယ်တူ အလုပ်သင်ရှေ့နေမလေးများ ရှိနေ၍ သူငယ်ချင်း အချင်းချင်း လာတွေ့သည်ထင်၍ ပြောလိုက်ခြင်း ဖြစ်သည်။

"အမှုကိစ္စလေး ဆွေးနွေးတိုင်ပင်ချင်လို့ပါ"

ဘာအမှုရယ် မသိရသေးသော်လည်း ယခုလို ငယ်ရွယ်သူလေးများနှင့် ဆွေးနွေးလိုခြင်း မရှိသည်က အမှန်... အမှုကိစ္စဆွေးနွေးပြီး အကျိုးဆောင်... ပြောလျှင် "လူကြီးတွေနဲ့ တိုင်ပင်ပါဦး... မယ်" ဆိုကာ ပြန်သွားတတ်ကြသည်... နောက် ပေါ်မလာတော့။



မိုးသိဂ္ဂာ

# လွမ်းသစ္စာ





www.burmeseclassic.com

www.burmeseclassic.com

အချိန်ပေးရသည်။ အကြံဉာဏ် ပေးရသည်။ အကျိုးကျေးဇူးကား နတ္ထိ။ အချို့ရှိသေးသည်။ ပေဒင်မေးသလို သိချင်တာ အကုန်မေးသည်။

မေးလို့ပြီးသွားသည့် အခါတွင် "ကျေးဇူးတင်ပါတယ် ဆရာ" ဟုဆိုကာ မဖြစ်စလောက် ငွေကြေးလေးပေးသွားတတ်သည်လည်း ရှိတတ်သေးသည်။

"ကဲ ပြောပါဦး သမီး၊ ဘာဖြစ်တာလဲ"

စိတ်ထဲက သိပ်မပါသော်လည်း အလုပ်သဘော ...ရ ပြောဆိုဆက်ဆံရသည်။

"...နံ အိအိသော်ပါ အန်ကယ်၊ အိကို (...)နဲ့ ကျောင်းပြီးတာ နှစ်နှစ်လောက်ရှိပါပြီ၊ စကော့ဈေး (ဗိုလ်ချုပ်ဈေး)မှာ အမေ့ စိန်ရတနာဆိုင် ရှိပါတယ်၊ လောလောဆယ် အမေ့ဆိုင်မှာ ကူထိုင်ပါတယ်၊ အမေက ကျန်းမာရေး သိပ်မကောင်းဘူး"

အိအိသော်က သူ့မိသားစု အကြောင်း ဟရာဏသီ ချဲ့နေသည်။ ဦးမင်းအောင် သိပ်စိတ်ဝင်စားလှသည် မဟုတ်။ ဆန္ဒရှိတဲ့အတိုင်း ပြောပါစေ ...သော သဘောမျိုးဖြင့် ငြိမ်နေသည်။

"အမေက သိပ်လက်လွယ်တာ အန်ကယ်ရဲ့၊ အမေ့ကြောင့် ဆုံးတဲ့ငွေ ... နည်းတာမဟုတ်ဘူး၊ ခုဟာလဲ ...မေ အလွယ်လုပ်လို့ ဖြစ်ရတာ"

ဦးမင်းအောင် ပုံစံက စိတ်ပါ ...ပါ နားထောင်နေသည့်ပုံ မပေါက် ... အိအိသော် တွေးထင်မိလေသလား ... စကားဆက်မပြောဘဲ ရပ်ထား ...။

"ပြောပါဦး၊ ဘယ်လို အလွယ် ...တုံး"

ဦးမင်းအောင် စကားထောက် ... အိအိသော်က ဆက်ပြောသည်။

"ဒီလို အန်ကယ်ရဲ့၊ အမေ့ အသိ ...ပဲ ဦးလွင် ဆိုတာရှိတယ်၊ အဲဒီ ... အပြောအဆိုကောင်းတယ်၊ ... ကောင်းတယ်၊ ပြီးတော့ လက်ဖွာတယ်၊ သမီး မကြိုက်တာတစ်ခု ရှိတယ်၊ စကားကို အလွယ်ပြောတာပဲ"

"ခုကိစ္စက အဲဒီ ဦးလွင်နဲ့ ပတ်သက်နေလို့လား"

ဦးမင်းအောင်က လိုရင်းရောက်စေလို၍ မေးလိုက်ခြင်းဖြစ်သည်။

"ပတ်သက်ရုံ မဟုတ်ဘူး အန်ကယ်၊ တိုက်ရိုက်ဖြစ်နေတာ"

"ဟေ ဟုတ်လား၊ ဘယ်လို တိုက်ရိုက်ဖြစ်တာလဲ"

ဦးမင်းအောင် စိတ်ဝင်စားလာသည်။ အိအိသော်သည် စိတ်ဝင်စားအောင် ပြောတတ်သူလေး ဖြစ်သည်။

"အဲဒီ ဦးလွင် အမေ့ဆီက ကားငှားတယ်၊ ကုမ္ပဏီတစ်ခုက ဒါရိုက်တာအတွက်တဲ့၊ လစဉ် ငှားခပေးမယ်၊ ကားလဲ မနာဘူး၊ ဒီမှာ ပိုနေတာပဲ၊ ငှားလိုက်ပါ၊ ဒါတော့ ကူညီပါဦးနဲ့ အမျိုးမျိုးပြောတယ်"

ကားအပိုရှိကြောင်း ကြွားလိုက်ခြင်းပေလော။ သို့သော် အိအိသော် ပုံစံက ကြွားဝါသည့်ပုံ မဟုတ်။ ပုံမှန်ပြောရိုးပြောစဉ် ပြောနေခြင်းပင်။

"နောက်ဆုံးတော့ အမေလဲ အားနာပြီး ငှားလိုက်တယ်၊ အိမ်မှာ တစ်စီးရှိလဲ ဖြစ်နေတာပဲ၊ အဲဒါ အမေ့ကို မတ်တူးတော့ မငှားပါနဲ့ဆိုတာနဲ့ အာပလပ်(စ်)ကြက်သွေးရောင် ကားလေး ငှားလိုက်တာပဲ အန်ကယ်"

အိအိသော် ပြောသည့် ကား နှစ်စီးပိုင်သည်ဆိုတော့ သူတို့ စီးပွားရေး ခန့်မှန်းနေမိသည်။ အထိုက်အလျောက် ချမ်းသာသည့်အထဲကပဲဟု တွေးနေမိသည်။

"အစပိုင်း သုံးလေးလလောက်တော့ ငှားခ လာပေးသေးတယ်၊ နောက် မလာတော့ဘူး၊ မှာလွှန်းမက မှာလို့ လာရင် ခရီးထွက်နေလို့ပါ၊ နိုင်ငံခြားထွက်သွားလို့ပါနဲ့ အကြောင်းပြတယ်၊ ကား ပြန်အပ်ပါဆိုပြန်တော့ လကြာသလောက် ရှင်းပေးပါ့မယ်ဆိုတာနဲ့ ပြီးသွားတာပဲ"

"တကယ်ကော ရှင်းပေးလား"

"ရှင်းပေးရင်တော့ ဘာပြဿနာ တက်မလဲ၊ ရှင်းမပေးတာလဲ ခပ်ကောင်းကောင်းပဲ အန်ကယ်ရ"

"ငှားခရှင်းမပေးတာဘဲ ကောင်းတယ် ရှိရသေးလား"

"ဟုတ်တယ်လေ၊ ရှင်းပေးနေရင် အဖြစ်မှန် သိမှာမဟုတ်ဘူး၊ ခုဟာ ရှင်းမပေးတာနဲ့ စုံစမ်းကြည့်တော့မှ လက်လွှဲ ရောင်းထားတာ သိရတော့တာပဲ"

"ဟယ် ကားငှားပြီး ရောင်းလိုက်တယ်၊ သေချာရဲ့လား သမီးရယ်"

"သေချာတာမှ ပြောမနေနဲ့ အန်ကယ်ရေ"

အိအိသော် ဆလင်းဘက်အိတ်ထဲက စာချုပ်လေးတစ်စောင် ထုတ်ပြသည်။ ယူကြည့်လိုက်တော့ ကားအရောင်းအဝယ်စာချုပ် ဖြစ်နေသည်။ ကားအမျိုးအစား အရောင်၊ ကားနံပါတ်တို့က ကိုက်ညီနေသည်။

"အဲဒါ အန်ကယ် ဥပဒေအရ ဘာပြစ်မှုမြောက်လဲ ဘယ်လိုလုပ်ရင် ကောင်းမလဲ အကြံဉာဏ်ပေးပါဦး"

ဦးမင်းအောင် စဉ်းစားရသည်။ ဆွေးနွေးရုံလား၊ အမှုအပ်မှာလား။ မယုတ်မလွန် အကြံဉာဏ်ပေးသည်။ ငှားရမ်းခြင်းသည် တစ်နည်းနည်းအားဖြင့် ယုံကြည်အပ်နှံခြင်း မြောက်သည်။ ငှားရမ်းခပေးရန် ပျက်ကွက်ခြင်း၊ ရောင်းချခြင်းသည် ကတိဖောက်ဖျက်ခြင်း၊ ကိုယ်ကျိုးအလွဲသုံးစားပြုခြင်းဖြစ်သည်။

ရာဇသတ်ကြီးပါ ပြစ်မှုပုဒ်မ-၄၀၅ ၏ အင်္ဂါရပ်များနှင့် ကိုက်ညီနေသည်။ ထိုအင်္ဂါရပ်များကို ဖောက်ဖျက်လျှင် ပုဒ်မ-၄၀၆ အရ ပြစ်ဒဏ်ထိုက်မည်။

"ရဲစခန်းမှာ တိုင်ချက်ဖွင့်တာ အကောင်းဆုံးပဲ"

အကြံဉာဏ်ပေးလိုက်သည်။

"အန်ကယ်အချိန်ရရင် အမေနဲ့ တိုင်ပင်ရအောင် သမီးနဲ့ ခဏလိုက်ပေးလို့ရမလား၊ သမီးမှာ ကားပါပါတယ်



www.burmeseclassic.com

www.burmeseclassic.com

အပြန်လဲ လိုက်ပို့မှာပေါ့၊ ဒါမှမဟုတ် ဘယ်အချိန်လာရမလဲ"

ဦးမင်းအောင် နာရီကြည့်လိုက်သည်။ ၁၁ နာရီထိုးရန် ဆယ်မိနစ်ခန့် လိုသေးသည်။ ရုံးချိန်းက နေ့လယ် ၂ နာရီမှာသာရှိသည်။

"ဘယ်လိုက်ရမှာလဲ"

အနီးအဝေး ကြာနိုင်မည့်အချိန် တွက်ဆနိုင်ရန် မေးခြင်းဖြစ်သည်။

"အလုံ ပြည်ထောင်စုလမ်း"

"ကောင်းပြီလေ၊ ခုပဲ သွားတာပေါ့"

ဦးမင်းအောင် အိအိသော် မောင်းနှင်သည့် မတ်တူး အဖြူရောင် ကားလေး စီးနင်းလိုက်ပါလာသည်။ ဘာစကားမှ မဆိုဖြစ်ကြ။ ပြည်လမ်းမှ ပြည်ထောင်စုရိပ်သာလမ်းထဲ ချိုးကွေ့ကာ ခေတ်မီခံ့ညားသော နှစ်ထပ်တိုက်ကြီး တစ်လုံးရှေ့ ရပ်လိုက်သည်။

"လာ အန်ကယ်"

ကားကို ပေါ်တီကိုအောက် ရပ်ထားပြီး ဘာဂျာတံခါးသော့ဖွင့်ကာ တွန်းဝင်လိုက်သည်။ ဦးမင်းအောင်အား ဧည့်ခန်းရှိ ဆက်တီဆိုဖာထိုင်ခုံတွင် နေရာချထားပေးသည်။

"ခဏလေးနော် အန်ကယ်"

အိအိသော် အပေါ်ထပ်တက်သွားသည်။

ဧည့်ခန်းတွင် ရေခဲသေတ္တာ၊ တီဗွီ၊ တယ်လီဖုန်းတင်သည့်ခုံတို့က သူ့နေရာနှင့်သူ အစီအစဉ်တကျ ရှိနေသည်။ ကြိုးဆွဲလိုက်ကာကြီးများကအစ ထည်ဝါနေသည်။

"အပူအအေး တစ်ခုခု အမိန့်ရှိပါရှင်"

အသက်(၄၀)ကျော် အရွယ် အမျိုးသမီးတစ်ဦး လာရောက်မေးမြန်းခြင်းဖြစ်သည်။

"ကော်ဖီပဲ လုပ်ပါ"

"ဟုတ်ကဲ့ရှင်"

ထိုအမျိုးသမီး ထွက်သွားပြီး အိအိသော် ဆင်းလာသည်။

"အန်ကယ် ပျင်းနေပြီလား၊ အမေလဲ လာပါပြီ"

အိအိသော် မဂ္ဂဇင်းစာအုပ်လေး ပေးပြီး ထွက်သွားသည်။ စောစောက အမျိုးသမီး ကော်ဖီ၊ မုန့်၊ ရေနွေးကြမ်းခွက်များ တင်လျက် လင်ဗန်းလေးနှင့် လာချပေးသွားသည်။

"ကျွန်မ အိအိသော် အမေ ဒေါ်မြမြဝင်းပါ၊ ခုလို လိုက်လာပေးတာ ကျေးဇူးတင်လဲတင်ပါတယ်၊ အားလဲနာပါတယ်၊ ကျွန်မ နှလုံးရောဂါ တစ်ခါတစ်ခါ ဖောက်တတ်တယ်၊ ဒါကြောင့် လိုက်မလာနိုင်တာ ခွင့်ပြုပါ"

ဒေါ်မြမြဝင်းက စကား မနားတမ်းပြောသွားသည်။

"ဟုတ်ကဲ့ ရပါတယ်၊ ကျွန်တော့်နာမည် ဦးမင်းအောင်ပါ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ပါတယ်"

"ဦးမင်းအောင် ရန်ကုန်ဇာတိပဲလား"

"မဟုတ်ပါဘူး၊ အညာကပါ"

"ကျွန်မလဲ အညာသူပဲ၊ အညာ ဘယ်အရပ်လဲ"

"ချောက်မြို့နယ်၊ စလေပါ"

"ရှင်"

"စလေကို ရောက်ဖူးလား"

"ကျွန်မလဲ စလေ ကပဲ"

"ဗျာ"

တစ်ယောက်ကို တစ်ယောက် အသေအချာကြည့်ကြသည်။

"ဒါဖြင့် . . ရှင် အောင်အောင်"

"ဟယ် . . . အဝင်း"

ဦးမင်းအောင်နှင့် ဒေါ်မြမြဝင်းတို့ ငယ်မူငယ်သွေး ငယ်ရုပ်များထင်ကာ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်သို့ ရောက်ရှိသွားသလို ခံစားလိုက်ကြရပေသည်။

◆

"အောင်အောင်ရယ် စက်မှုတက္ကသိုလ်(Y.I.T)အမှတ်မီတာပဲ တက်ပါလား"

"အမှတ်မီပေမယ့် ကျောင်း စရိတ်က မလွယ်ဘူးလေ"

"ကျောင်းစရိတ်အတွက် အဝင်း တတ်နိုင်ပါတယ်"

"ဘေးလူ အထောက်အပံ့နဲ့တော့ အောင်အောင် မတက်ချင်ဘူး"

အဝင်း(ခ) မြမြဝင်း မျက်နှာလေး တစ်ချက်ပျက်သွားသည်။

"အောင်အောင်က အဝင်းကို ဘေးလူလို့ သတ်မှတ်တယ်ပေါ့"

"ဒီလိုတော့လဲ ဘယ်ဟုတ်မလဲ"

စလေမြို့ မြောက်ဘက် တော ကုန်းလေးပေါ်ရှိ လွမ်းစေတီလေးတွင် ဖြစ်သည်။ ချစ်သူနှစ်ဦး ဘဝရှေ့ရေး အတွက် ဆွေးနွေးတိုင်ပင်နေကြသည်။

"မဟုတ်ရင် အဝင်းပြောတာ နားထောင် Y.I.T တက်၊ လိုအပ်တဲ့ ကျောင်းစရိတ် အဝင်း တာဝန်ယူမယ်"

"အဝင်းပြောတဲ့အတိုင်း အောင် အောင် လက်ခံတယ် ထားပါတော့ အဝင်းကကော"

"အဝင်းတော့ ရန်ကုန် ဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ် R.A.S.U ပဲပေါ့၊ မေဂျာ တစ်ခုခု ယူရမှာပဲ၊ ရမှတ်က နည်းတာ ကိုး"

"အဝင်းက ဂုဏ်သိက္ခာအတွက် ပဲ၊ အောင်အောင်က ဘဝအတွက် စဉ်းစားရတာ"

မြမြဝင်း မိဘများသည် ဆေး လိပ်ခုံလုပ်ငန်း၊ ဆီးတော်ဖီလုပ်ငန်း အပြင် ဥယျာဉ်ခြံလုပ်ငန်းပါ လုပ်ကိုင် သည်။ စလေမြို့ တောင်ဘက် မြစ်ကမ်း နဖူးတွင် ငှက်ပျော၊ မာလကာ၊ သရက် ဆီး၊ သံပရာတို့ စိုက်ထားသည့် ဆယ် ဧကကျော်ကျယ်သည့် ခြံလုပ်ငန်း အလုပ်သမားများနှင့်ထားသည်။

ထို့ကြောင့် စီးပွားရေး ကောင်း သည်။ စလေနှင့် ချောက် ပြေးဆွဲ သည့် ဟိုင်းလပ်ကားလိုင်းတွင်လည်း ကားသုံးလေးစီး ရှိသေးသည်။ အောင် အောင့် မိဘများက တောင်သူ မျှသာ။



www.burmeseclassic.com

www.burmeseclassic.com

"ဂုဏ်သိက္ခာတွေ ဘဝတွေ ပြောမနေပါနဲ့ အောင်အောင်၊ အောင်အောင်နဲ့ အဝင်းကြားမှာ ဘာခြားနားမှုမှ မရှိဘူး၊ အဝင်းဘဝဟာ အောင်အောင့်ဘဝပဲ၊ အဝင်း ဒါပဲသိတယ်"

"လူတွေဟာ အဆင့်အတန်းကို ငွေကြေးဂုဏ်၊ မနဂုဏ်၊ ရာထူးဂုဏ်တွေနဲ့ တိုင်းတာတဲ့ ခေတ်ကြီးမှာ ဆွေဂုဏ်၊ မျိုးဂုဏ်၊ မနဂုဏ်ဟာ သူ့အတိုင်းအတာနဲ့သူ လွှမ်းမိုးမှုတော့ ရှိနေတာအမှန်ပဲ"

"အောင်အောင်ပြောတာ အဝင်းနားမလည်ဘူး"

အောင်အောင် အဝင်းကို ကလေးတစ်ယောက်လို မြင်မိသည်။ အဝင်းဘဝမှာ အရာရာပြည့်စုံနေသည်။ အခက်အခဲဆိုသောစကား မရှိဆိုသောတေးသည် အဝင်းဘဝတွင် မတွေ့ဖူး၊ ကြားဖူး။

"ထားပါတော့ အဝင်းရယ်၊ အဝင်း ဘာမေးချင်သလဲ စိတ်ကူးလဲ"

"ရူပ၊ ဓာတု၊ သင်္ချာ တစ်ခုခုပေါ့၊ ဒါမှ နားမလည်ရင် အောင်အောင်ရှင်းပေးလို့ ရမှာလေ"

"ကောင်းတယ် ကောင်းတယ်"

နှစ်ဦးသား စကားမဆိုဖြစ်ဘဲ အောက်အနိမ့်ပိုင်းတွင် တွေ့နေရသော ဧရာဝတီမြစ်ပြင်ကြီးကို ကြည့်နေမိကြလေသည်။ တောင်စွယ်တွင် ကွယ်တော့မည့် နေမင်းကြီး၏ လက်ကျန်အလင်းရောင်ဖြင့် မြစ်ရေပြင်သည် တစ်မျိုးကြည့်ကောင်းနေပေသည်။

"အောင်အောင် နောင် ဒီလွှမ်းစေတီမှာဆုံဖို့ တော်တော်ခဲယဉ်းဦးမှာ၊ အဝင်းတော့ သစ္စာဆိုမယ် အောင်အောင်"

"အဝင်း ဘာတွေပြောတာလဲ"

"ဟုတ်တယ် အောင်အောင်၊ ကျွန်တော်တို့တွေသွားတက်ကြ၊ ကျောင်းပိတ်လို့ ခဏပြန်၊ မအားမလပ်နဲ့မို့ သီးသန့်အချိန်ယူလာရမယ်၊ ဒီဘုရားစေတီမှာ ဆုံဖို့ ခက်ခဲပြီလို့"

"အင်း"

"အဝင်း ဒီဘဝမှာသာမဟုတ် နောင်ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း အောင်အောင်နဲ့ မခွဲမခွာရပါစေလို၏လို့ လွှမ်းစေတီမှာ ဧရာဝတီသက်သေတည်လို့ သစ္စာဆိုပါတယ်"

အဝင်းသည် လွှမ်းစေတီကို ကန်တော့ကာ သစ္စာဆိုလေသည်။

"အောင်အောင်လဲ ဆိုလေ"

အဝင်း တိုင်ပေးသည့်အတိုင်း လိုက်ဆိုကာ လွှမ်းစေတီကို ကန်တော့လိုက်သည်။ ပြီး အဝင်းကို သိုင်းဖက်ကာ နှင်းဆီရောင် နှုတ်ခမ်းလေးကို ငုံထားလိုက်လေသည်။

◆

"အမေနဲ့ အန်ကယ်တို့ ခုမှ အညာသူ အညာသားအချင်းချင်း ဆုံဖြစ်တော့တယ် သမီးကောင်းမှုပေါ့နော်"

ဒေါ်မြမြဝင်း၊ ဦးမင်းအောင်တို့ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေရာ အိအိသော်ဝင်လာမှ အတွေးစတို့ ပြတ်သွားလေသည်။

"ဟုတ်တယ်သမီး၊ အန်ကယ်နဲ့ သမီးအမေတို့က ကျောင်းနေဖက်တွေလေ၊ သမီးအမေ အိမ်ထောင်ကျတယ်လို့ သတင်းတော့ကြားတယ်၊ အဲဒီထဲက မတွေ့ကြတော့တာ၊ ငယ်ရုပ်ပေါ်အောင် မနည်းဖမ်းယူရတယ်၊ အန်ကယ်က တော့ တစ်ကိုယ်တည်း လူအိုကြီးပေါ့ကွယ်"

"လူပျိုကြီး လုပ်စမ်းပါ အန်ကယ်ရယ်"

"ခုဟာ အိုနေတော့ လူအိုကြီးပေါ့ သမီးရယ်"

"ဟီး ဟီး ဟီး. . ."

"ဟဲ့လူကြီးကို ဘာတွေလျှောက်ပြောနေတာလဲ"

ဒေါ်မြမြဝင်း ဘရိတ်အုပ်လိုက်မှ အိအိသော် ငြိမ်သွားသည်။ ဦးမင်းအောင် ဒေါ်မြမြဝင်းတို့ သားအမိကို စိုက်ကြည့်နေမိသည်။

ဒေါ်မြမြဝင်း ငယ်စဉ်က ရုပ်သည် အိအိသော်နှင့် ရုပ်ချင်း တော်တော်ဆင်သည်ကို သတိပြုမိသည်။

"ကားကိစ္စ ဘယ်လိုလုပ်ရင်ကောင်းမလဲ ဦးမင်းအောင်"

"ရောင်းတဲ့သူရော ဝယ်တဲ့သူရော နှစ်ယောက်စလုံးကို ရုံးခန်းမှာ တိုင်ချက်ဖွင့်ပါ"

"အန်ကယ်ပဲလုပ်ပေးပါ၊ မေမေက ကျန်းမာရေး မကောင်းဘူး၊ အိမ်မှာ အားကိုးစရာ ယောကျ်ားသား ရှိတာမဟုတ်ဘူး"

ဒေါ်မြမြဝင်း ခင်ပွန်းနဲ့ ကွဲတာလား၊ ဆုံးသွားတာလား သိချင်သော်လည်း မျိုသိပ်ထားလိုက်ရသည်။

"သမီး ဦးမင်းအောင် လိုအပ်တာ ကူညီလိုက်နော်၊ လိုတာရှိလဲ ပြောပါ၊ အားမနာပါနဲ့"

"ဟုတ်ကဲ့"

ရေခဲသေတ္တာဘေး နံရံကော့စ်ထဲတွင် ကြေးဝါနှင့် ထုဆစ်ထားသည့် ဇီးကွက်ရုပ်လေးကို အမှတ်မထင် တွေ့လိုက်ရသည်။ လွှမ်းစေတီတွင် သစ္စာဆိုစဉ်က ဦးမင်းအောင်ပေးထားခဲ့သော ဇီးကွက်ရုပ်လေး ဖြစ်သည်။ ထာဝရလာဘ်ရွှင်စေရန် ဇီးကွက်ရုပ်ကို ပေးခဲ့ခြင်း ဖြစ်သည်။ ဦးမင်းအောင်ထံတွင်လည်း ဒေါ်မြမြဝင်း ပေးထားသည့် အသည်းပုံ ရွှေဆွဲသီးလေး ရှိနေသည်။

"ဒါ အဝင်းရဲ့ကိုယ်ပွား အသည်းလေးလို့ မှတ်ပါ"

ဦးမင်းအောင် နားထဲတွင် ကြားယောင်နေဆဲ။

"အန်ကယ် တက်လေ"

"ဩော် . . . အေး အေး"

ကားလေးသည် ဘားလမ်းသို့ ဦးတည်နေသည်။ ဦးမင်းအောင်၏ စိတ်သည် အတိတ်မှ အဝင်းထံ ပျံ့လွင့်နေလေသတည်း။

❒ မိုးသိင်္ဂါ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်နှမ[illegible] ကြိုင်ပါ။ ကျွန်တော့် မိဘမျိုးရိုးက တောင်သူတွေပါ။

ဆိုစရာ ရှိပါတယ်။ ဘယ့်နှယ် လယ်သမားမျိုးရိုးက ဆင်သမားဖြစ်ရ သလဲလို့။

ဆင်သမားဆိုတာ အသက်စွန့်ရဲ တဲ့ အလုပ်။ တစ်နေ့ကို သချိုင်းမျက် စောင်း ခုနစ်ခါထိုးတဲ့အလုပ်၊ ဘယ်သူ လုပ်ချင်ပါ့မလဲဗျာ။

ကျွန်တော်တို့ အရပ်က ချော ကူလီ ပေါတယ်၊ ရိုးမထဲကို ပေါ်တာ ထမ်းလိုက်ရတယ်၊ တချို့သေတယ်။ ကျွန်တော်တော့ ပေါ်တာ မထမ်းနိုင် ဘူး။ ရပ်ရွာထဲနေရင်တော့ တစ်နေ့ မဟုတ်တစ်နေ့ မိမိအလှည့်ရောက်မှာပဲ၊ ငွေ ပေးလည်းမငှားနိုင်ဘူး။ ဒါကြောင့် ဆင်အလုပ်ထဲ ဝင်ရတာပဲ။

ကျွန်တော်ဆင်အလုပ်ထဲ ဝင်စ က အသက် ဘယ်ရှိလိမ့်မတုံး၊ ရှိလှ အသက် (၁၈)နှစ်ပေါ့၊ စိတ်ဓာတ်လဲ တက်ကြွတုန်း၊ လျင်မြန်ဖျတ်လတ်တုန်း။ အဲဒီအချိန်မှာ ကျွန်တော်တို့ရွာ အနီးမှာ သစ်ထုတ်လုပ်ရေးစခန်း လာဖွင့်တော့ ဆင်သမားတွေနဲ့ ရင်းနှီးပြီး အလွယ် [illegible] ဖြစ်သွားတာပေါ့။

ဝင်ခါစတော့ ဆင်ပဲ့ချိတ်လုပ် ရတာ။ ပဲ့ချိတ်ဆိုတာ ဆယ်စပယ်ယာ ပေါ့ဗျာ။ ဆင်ဦးစီးရဲ့ အခိုင်းအစေပေါ့။ အလုပ်ကတော့ ဆင်သံကြိုးချည်၊ သစ် ဆွဲဖို့ သံကြိုးချိတ်။

ကျွန်တော့်ကို ဆင်ဦးစီးတိုင်းက ပဲ့ချိတ်ခေါ်ချင်ကြတယ်၊ ဖင်လည်းပေါ့ သွက်လည်းသွက်၊ လူလည်းငယ် ဆို တော့၊ ကျွန်တော် ကိုယ်တိုင်ကလည်း ဆင်ဆိုးမှ ပဲ့ချိတ်လုပ်ချင်တာကလား။ ကိုယ့်ကိုယ်ကို ယုံကြည်တော့ ဘာကိုမှ မကြောက်ဘူး။

ဒီလိုနဲ့ ဆင်ပဲ့ချိတ်လုပ်တာ (၁) နှစ်ကြာတယ်။ နောက်တော့ ဆင်ဦးစီး လွတ်တော့ ဆင်ဦးစီးဖြစ်သွားတယ်။

ကျွန်တော့်ကိုလည်း အထင် မသေးပါနဲ့။ ဦးစီးပဲ။ ကျွန်တော့်ကို အားလုံးက "ဦးစီး" "ဦးစီး" နှင့် ခေါ်ကြ တာကလား။ လူကလည်း မြောက် တောက်တောက်၊ ဆင်စခန်းအနီးက ရွာတွေထဲ ညဉ့်အချိန် အပျိုလှည့်ရတာ သိပ်ပျော်တာပဲဗျ။




ကျွန်တော် သစ်ထုတ်လုပ်ရေး ဌာနမှာ ဆင်သမားလုပ်တာ ၉ နှစ် ကြာတယ်။ ဒီ ၉ နှစ်အတွင်းမှာ ဆင်ဆိုး ငါးစီး စီးခဲ့ဖူးတယ်။ သေမယ်ကြံတာ သုံးလေးကြိမ် ရှိဖူးတယ်။

ဆင်ဆိုးဆိုတာ လူတစ်ယောက် နှစ်ယောက် အနည်းဆုံး သတ်ခဲ့ဖူးတဲ့ ဆင်တွေကလား။ ဆင်ဦးစီးလုပ်တဲ့လူက သတိထားနေရတာကလား။ သတိလစ် ရင် လစ်သလို ခံရတာပဲ။

တစ်ခါကပေါ့။ ကျွန်တော်စီးတဲ့ ဆင်က စီးနေရင်းက ရုတ်တရက်ခါချ လိုက်တာ ဆင်ပေါ်ကနေ ဝါးတစ်ပြန် လောက် လွင့်ကျသွားဖူးတယ်။ ဒါပေမဲ့ လက်ထဲက လှံကတော့ မလွတ်ဘူး။ အဲဒီဆင်က ဦးစိုက်ပြီး အစွယ်နဲ့ လိုက် ထိုးတာ။ ဗိုင်းလိမ့်လှိမ့်ပြီး ဝါးရုံပုတ်ထဲ ဝင်ခင်လို့ပေါ့။ နို့မို့ရင် ခုလိုတွေ့ရတော့ မှာ မဟုတ်တော့ဘူး။ ကျွန်တော်လည်း ချက်ချင်းပဲ ဝါးရုံပုတ်ကွယ်က ဆင်ဦး ကင်းကို လှံနဲ့စိုက်ပြီး ဆင်ပေါ် ပြန်ခုန် တက်ခဲ့ရတယ်။

ဆင်စီးတဲ့လူက အမြဲတမ်းသတိ ထားနိုင်မှ တန်ကာကျမယ်။ ကျွန်တော် က ဘယ်ဆင်မျိုးပဲလာလာ မကြောက် ဘူး။ ဆဒ္ဒန်ဆင်ရော၊ နာဠာဂီရိဆင်ရော လာချင်တဲ့ဆင် လာခဲ့။ လှံတစ်ချောင်း ရှိဖို့ပဲ လိုတယ်၊ အကွယ်အကာလည်း ထွာဆိုင်သာသာ၊ သစ်ကိုင်းက ရှေ့က အကာရှိရင် ရပြီ၊ မကြောက်ဘူး။

ဒီအကွယ်က လှံနှင့်ထောက် ထားရင် ဘယ်ဆင်ခံနိုင်မလဲ၊ ဆင်ဆိုတဲ့ အကောင်က လူ့အသက်ကို ရန်ရှာချင် ရင် ထိုးပြီးမှ နင်းမယ်၊ ဒါမှမဟုတ် ပေါက်ချပြီးမှ နင်းမယ်၊ ဒါမှမဟုတ် သစ်ပင်ကွယ်နေတဲ့လူကို သစ်ပင်နဲ့ ညှပ်ပြီး ဖိသတ်မယ်၊ ဒါ သူ့အကျင့်ပဲ၊ ဆင်ရဲ့လုပ်ရပ်ကိုသိရင် ကြောက်စရာ မလိုဘူး။

ဆင်ဦးစီးဆိုတာ ကိုယ့်ဆင်ဘာ ဖြစ်နေတယ်ဆိုတာကို မျက်ခြည်မပြတ် ကြည့်ရှုသတိရှိနေဖို့ လိုတယ်။ အဲ



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ဆင်ဆိုးစီးတဲ့ ဆင်ဦးစီးတိုင်း သတိလက်လွှတ်မနေသင့်ဘူး။

ဆင်ဆိုးစီးနဲ့ ဦးစီးဟာ သူများ မယားကြာမခိုနဲ့၊ ကိုယ့်မယားလည်း နောက်မီးမလင်းနဲ့၊ အဲ ဦးစီးကိုယ်တိုင်နဲ့ မယားက ဖောက်ပြန်နေပြီဆိုရင်တော့ သေမယ့်ရက်ကို လက်ချိုးရေတွက်နေ ပေတော့၊ ဒါမျိုးကို ဆင်စောင့်တဲ့ နတ်က မကြိုက်ဘူး။ အဓိက ကတော့ ဆင်သမားမယား၊ ကိုယ့်လင်သား အလုပ်သွားနေတုန်း မဖောက်ပြန်ရဘူး။ လင်ကို ထိခိုက်တတ်တယ်။

ကျွန်တော် ဆင်အလုပ်လုပ်နေတုန်း ဆင်နင်းသတ်လို့ သေတဲ့သူ ရှေ့တင်ပဲ မနည်းတော့ပေါ့။

တစ်ခါက ကျွန်တော်စီးတဲ့ ဆင်ရဲ့ ဦးစီးကျနေပြီး ဆင်ဆိုးပေါ့။ ဆင်သမားတစ်ယောက်က ဦးစီးမအားလို့ ပြောင်းစီးပေးရတယ်၊ သိပ်မကြာဘူး နှစ်ရက်ပဲ။ ဆင်ကောက်သွားရာက ဆင်က နင်းထားတာ ဖွဲ့အိတ်ဖြစ်နေပြီ။

ဆင်က မြှောက်ပြီးကစားလိုက်၊ နင်းလိုက်လုပ်နေတာ၊ ဒီဆင်ဆိုးကိုလည်း ကျွန်တော်ပဲ ကောက်ပေးရတာပဲ။

အဲဒီဆင်ပဲ ဆင်ဦးစီးရဲ့ မယားတစ်ယောက်လည်း မန်ကျည်းသီး ကျွေးရင်းက နှာမောင်းနဲ့ပွေ့ပြီး ကိုင်ပေါက်ခံရဖူးတယ်။ တချို့လည်း အလုပ်လုပ်ရင်း ဆင်ပေါ်က ခါချနင်းသတ် သေကြတာလည်း မနည်းတော့ဘူး။ ခဏခဏ ကြုံဖူးတယ်။

ဆင်သမားဘဝက အရမ်းပင်ပန်းတယ်။ နားရတဲ့ အချိန်နည်းတယ်။ နွေရာသီကလွဲပြီး ကျန်တဲ့ရာသီမှာ အမြဲအလုပ်ရှိတယ်။

ဆင်သမားက တက်လမ်းရှိသလား၊ သိပ်ရှိတာပေါ့။ ဆင်ပဲ့ကိုင်က နေ ဆင်ဦးစီး၊ ဆင်ခေါင်း၊ ပြီးတော့ ဆင်အုပ်၊ ဆင်အုပ်ကြီးထိ ရှိတယ်။

ဆင်အုပ်ကြီးဆိုရင် စာရေးကြီး လစာလောက် ရတယ် ပြောကြတာပဲ၊ ကျွန်တော်လည်း မသိဘူး။

ကျွန်တော်တို့က အသက်အန္တရာယ်နဲ့နီးတော့ အသက်ပေါင်ထားရတယ်။ အဆင့်အလိုက် တစ်လကို ဘယ်ရွေ့ဘယ်မျှပေါ့။ လစာထဲက ဖြတ်တယ်။ ဆင်သတ်လို့သေရင် အသက်ပေါင်ခ လျော်ကြေးပေးပါတယ်။

ဒါပေမယ့်ဗျာ ရတာနဲ့ သေတာ မမျှပါဘူး။

ဆင်တစ်ကောင်ကို လိမ္မာအောင် လေ့ကျင့်ဖို့ အချိန်ပေးရတယ်။ ဆင်ဆိုတဲ့ သတ္တဝါက အကောင်ကြီးတော့ လွယ်လွယ်နဲ့ ကျင့်လို့မနပ်ဘူးဗျ၊ အရွယ်ရောက်လာတဲ့ဆင်ကို ကျုံးဆိုတဲ့ လေးဖက်လေးတန် တိုင်တွေ ခိုင်ခိုင်မတ်မတ် စိုက်ထားတဲ့ ခြံထဲသွင်း၊ ခြေတွေ လက်တွေ သံကြိုးနဲ့ချည်၊ ဆင်ကျောပေါ် တက်နိုင်ဖို့ ကြိုးတန်းပစ်၊ ကျုံးရဲ့ဟိုဘက် ဒီဘက်က ဆင်ကျောပေါ်ကလျှောက်၊ ဆင်က ညစ်ပြီး ဝပ်ရင် ကြိုးတန်းပေါ် တွဲလောင်းခိုနေရတယ်။

ဆင်ကို အမိန့်နာခံတတ်အောင် လက်တစ်ဆစ်လောက် သံချွန်တပ်ထားတဲ့ အချွန်နဲ့ ထိုးရတယ်၊ ဆင်ကျင့်တယ်ဆိုတာ တယ်လူကုန်တာကလား။ နေ့ရော ညရော နေ့ဆိုင်း ညဆိုင်းနဲ့ခွဲပြီး ကျင့်ရတယ်။

ဆင်ကျင့်တဲ့လူက လေးယောက်လောက် ဆင်စာကျွေးတဲ့လူ၊ ဆင်ချေးကျုံးတဲ့လူ၊ ဆင်အနာကုတဲ့လူ သတ်မှတ်ပြီး လူခွဲထားရတယ်။ ဆင်ကို ကျုံးထဲထည့် ဆင်ကို (၁၀)ရက် (၁၅)ရက်လောက်ကျင့်ပြီး ကျောကုန်းပေါ် တက်ခံတယ်ဆိုမှ ခြေမြှောက် လက်မြှောက် နာခံတတ်ပြီဆိုရင် ထူးတွေကိုဖြုတ်၊ မန်ကျည်းသီးမှည့်ဆုပ်ကို လူတစ်ယောက်က ရှေ့ကပြ၊ တစ်ယောက်က ဆင်ပေါ်ကစီး၊ ဆင်ပြေးတတ်အောင် လေ့ကျင့်ရတယ်။ ဆင်လည်း နပ်ရော ကျင့်တဲ့လူတွေလည်း ပိန်ပြီး မျက်တွင်းဟောက်ပက်နဲ့ ကျန်ရစ်ခဲ့တော့တာပဲ။

အချို့ဆင်တွေကိုတော့ လေ့ကျင့်ရေးဆင်ဆိုပြီး လေ့ကျင့်ထားရတယ်။ ဒါမျိုးကျတော့ လူက သင်နေစရာ မလိုတော့ဘူး။ ဆင်ဆင်ချင်း သင်တာပဲ။ ခြေမြှောက်ဆိုမြှောက်၊ မမြှောက်ရင် လေ့ကျင့်ရေးဆင်က အစွယ်နဲ့ ကော်ပြီး မြှောက်စေတယ်။ အဲဒီလို သင်တာမျိုးက လူမကုန်ဘူး။ ကျန်တဲ့ ဆင်ဦးစီးက ရေနွေးထိုင်သောက်ပြီး ကြည့်နေရုံပဲ၊ အမိန့်ပေးရုံပဲ၊ သက်သာတာပေါ့။

အခုဆို ကျွန်တော့်အသက် (၂၇)နှစ်၊ ဆင်ထဲဝင်တာ (၉)နှစ်ရှိပြီ၊ လူပျိုပါ။ ဆင်သမားဘဝက ပျော်စရာကောင်းမှုပါတယ်။ တောထဲမှာ အမြဲနေရတော့ ကက်ဆွဲရင်ဆွဲ၊ ဖဲရိုက်ရင်ရိုက်၊ ဒါမှမဟုတ် အရက်သောက်ရင်သောက် အချို့ကလည်း ဘိန်းစားတယ်။ ဘယ်က ရတယ်တော့ မသိဘူး။

ဆင်သမားက တောထဲမှာ အမြဲနေရတော့ ငွေတော့ မကုန်ဘူးပေါ့ဗျာ။ ဒါပေမဲ့ မစုမိပါဘူး။ ရတဲ့လခ တစ်လခလည်း ဘယ်လိုကုန်သွားမှန်း မသိပါဘူးဗျာ။

ဆင်သမားဘဝက အာမခံချက်မရှိပါဘူး။ ဘယ်အချိန် သေမလဲဆိုပြီး စောင့်နေရသလိုပဲ။ အသက်အန္တရာယ်နဲ့ သိပ်နီးတယ်။ ဆင်အလုပ်က ထွက်ပြီး ရွာမှာ လယ်ယာအလုပ် လုပ်ကြည့်ဦးမယ်လို့ စိတ်ကူးမိတယ်။ ရပ်ရွာထဲမှာ နေရင်တော့ ချော၊ ကူလီ၊ ပေါ်တာထမ်းရမှာပဲ၊ မတတ်နိုင်ဘူးဗျာ၊ ဝက်ဖြစ်မှတော့ ကျည်ပွေ့မကြောက်နိုင်တော့ဘူး။

အချို့လဲ ဆင်သမားဘဝက ထွက်ချင်ကြတာပဲ။ အပြင်မှာ အလုပ်လွယ်လွယ်မရဘဲ ငတ်မှာကြောက်လို့ ကြိတ်မှိတ်လုပ်နေကြရတာပဲဗျာ။

(၁၉၇၈ ခုနှစ်က အခြေအနေဖြစ်ပါတယ်၊ စေတုတ္တရာမြို့၊ ရွာသစ်ရပ်ကွက်မှ ဆင်သမား ကိုတင်ရွှေ၏ ပြောကြားချက် ဖြစ်ပါတယ်)

❐ ရန်ဘော်ဦး(စေတုတ္တရာ)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

(၁)

"ကျွန်တော်က တစ်ခုခုမေးလိုက်တိုင်း ဖေကြီးမသိပါဘူးလို့ သမီးလေး ပြောတတ်တာကို ကျွန်တော် ရင်အနာဆုံးပဲဗျာ"

ခဲပြာရောင် တိမ်တိုက်တွေကို ငေးကြည့်ရင်း သူပြောနေပုံက ဇာတ်ရှိန်အမြင့်ဆုံး ဇာတ်ဝင်ခန်း တစ်ခုလို လေးနက်လှ၏။

"တကယ်ဆို ခါတိုင်းလို ဖေကြီးကို ဘာမှမပြောချင်တော့ဘူးလို့ ဆိုရင်တောင် ကျွန်တော် ကျေနပ်နိုင်ပါသေးတယ်၊ ခုတော့ ဖေကြီး မသိပါဘူးတဲ့၊ ကျွန်တော်က ဘာမှမသိ၊ နားမလည်နိုင်တဲ့ ငတုံးငအကြီးကို ဖြစ်လို့"

သီဝေဝေ သူ့မျက်လုံးများမှာ မျက်ရည်ကြည်တွေ ဝေ့နေမလားလို့ ကြည့်လိုက်ပေမယ့် ခြောက်ကပ်ကပ်ဖြစ်နေသည်။ ဖြူရော်ရော် ဆံပင်များက မျက်မှန်ကိုင်းနက်ကိုကျော်လျက် ခွေကျနေ၏။

သူ့သမီး ဗန်ကောက်မှာ ကျောင်းသွားတက်နေတာသာသိပြီး(ကိုယ်သိထားသလို ချူလာလောင်ကွန်တက္ကသိုလ်မှာ တက်နေတာကိုတောင်) သူ မသိတဲ့။ ဘယ်ဘာသာ ယူသလဲ၊ အောင်ပြီးရင် ဘာဖြစ်လာမလဲဆိုတာမျိုး ဆိုရင်တော့ ဝေးသေးပေါ့။

"တကယ်တော့ သူတို့ တစ်မိသားစုလုံးအတွက်တော့ ကျွန်တော်က လူပိုကြီးပေါ့ဗျာ၊ ကျွန်တော်ဟာ ငတုံးကြီးပေါ့၊ ဟုတ်တယ် မဟုတ်လား၊ ဟုတ်တယ်၊ ကျွန်တော်က ခပ်ညံ့ညံ့ကောင်၊ မဇင်က ထက်ထက်မြက်မြက်၊ ကျွန်တော်က လူညံ့ လူဖျင်း . . . ဟင်းဟင်း"

သူ့ကိုယ်သူ လှောင်ရယ်ရယ်ရင်း ခါးကိုကိုင်းကာ ခွက်ထဲမှ ဆေးပေါ့လိပ်တိုကို ကောက်ဖွာနေပြန်သည်။ မီးသေနေပြီဖြစ်သောဆေးလိပ်တိုကို စိတ်တိုတိုဖြင့် ခွက်ထဲက ပြာတွေထဲ ထိုးခြေလိုက်ပြန်ပြီးမှ ပါးစပ်တွင် ပြန်တပ်ကာ မီးညှိနေတော့၏။ မီးခြစ်က မီးမတောက်ပြန်။ သို့ဖြင့် မီးခြစ်ကို ဆောင့်ကြီးအောင့်ကြီး ပစ်ချလိုက်ရင်း . . .

"အစထဲကိုက မဇင် ကျွန်တော့်ကို မယူသင့်တာ၊ ဇင်ရေ မင်းလင်ယူမှားခဲ့တာကွ"ဟု ညည်းသလိုလို ပြောနေတော့သည်။

ထို့နောက် ကိုယ့်ဘက်ကို ပြန်လှည့်ကြည့်ကာ . . .

"ဟုတ်တယ် မဟုတ်လားဗျာ၊ လင်ကုန်ရှုံးတော့ တစ်သက်လုံးမှောက်တဲ့၊ ခင်ဗျားသူငယ်ချင်း လင်ယူမှားလို့ဗျ၊ ကျုပ်လို ငညံ့ကောင်ကို ယူမိလို့"

တစ်ခုခုပြောဖို့လိုလာပြီဟု ကိုယ်တွေးမိသွားကာ. . .

"ပြီးပြီးသားတွေ ပြောမနေနဲ့တော့ ကိုသာခိုင်၊ ဒါက ခင်ဗျားတို့ နှစ်ယောက်လုံး ချစ်လို့ကို ကျောင်းမပြီးခင်ကတည်းက ယူခဲ့ကြတာလေ"ဟု ပြောလိုက်ရတော့သည်။

သူ ခဏမျှ ငြိမ်ကျသွား၏။ အပြင်တွင် ညို့နေသော မိုးနှင့်အတူ လေပါပါလာပြီ။

ပန်းအိုးချုံများ တလှုပ်လှုပ်လွင့်နေရာ ခဲသားရောင်ပိတ်စတွင် ပန်းနုရောင်တို့ ကုတ်ခြစ်နေကြသလို။

"ချစ်လို့ ဟုတ်လားကိုအသိုက် (သူ့မိန်းမ ကိုယ့်သူငယ်ချင်းက အသိုက်ဟုခေါ်တာကို သူလည်း ဒီလိုလိုက်ခေါ်ရင်း) အချစ်ဆိုတာ ကျောက်ဆည်ရောက်ကတည်းက သေသွားတာ ကြာပေါ့၊ ဟုတ်တယ်၊ အဲဒီကတည်းကအချစ်မရှိတော့တာ"

မြို့နယ်ဆရာဝန်အဖြစ် သက်သက်ဇင် ကျောက်ဆည်ကိုတာဝန်ကျပြီး မကြာခင် ကိုသာခိုင် လိုက်သွားတော့ ဆေးခန်းဘေးက အခန်းပိုမှာ သီးခြားအိပ်ရာပြင်ပေးခဲ့သည်တဲ့။ အဲဒီတုန်းက သမီးငယ်လေး ဆယ်တန်း ဖြေခိုန်မို့ ကိုသာခိုင် မည်သို့မျှ မထင်တတ်ခဲ့ပေမယ့် ချစ်ခြင်း၏နယ်နိမိတ် အဆုံးသို့ ထိုစဉ်ကပင် ရောက်ရှိသွားခဲ့သည်တဲ့။ ခုတော့ သမီးငယ်ပင် ပြည်တွင်းဘွဲ့ရပြီးနောက် ထိုင်းမှာ ပညာသွားပြီး ဆက်လက်သင်ယူနေခဲ့ပြီ။

"ကိုအသိုက်၊ ပွဲတက်မယားဆိုတာ ကြားဖူးတယ်မို့လား" ဟု ခဏအကြာမှာ သူမေးလိုက်တော့ ကိုယ်ပင်ကြောင်သွား၏။

"ဘာဗျ"

"ပွဲတက် မယားလေ၊ ပွဲလမ်းသဘင်တက်ရင် အပြကောင်းတဲ့မိန်းမပေါ့၊ တင့်တယ်တယ်ပေါ့၊ ထားပါ၊ ခုကျွန်တော် ပြောချင်တာက အဲဒါရဲ့ပြောင်းပြန်၊ ပွဲတက်ယောက်ျား၊ ဟဲဟဲ ကျွန်တော်ကလေ ပွဲတက်ယောက်ျားမဖြစ်နိုင်ဘူးဗျ၊ ကျွန်တော့်ကိုယ် ကျွန်တော် မိန်းမပညာတတ်မကြီး မဇင်ဇင်က ပွဲတက်မလှလို့ ဘယ်ပွဲဘယ်လမ်းမှ ပွဲမထုတ်ခဲ့ဘူး. . . အဟင်းဟင်း"

နောက်တော့ ကိုယ်တို့ကျောင်းနေဖက် သူငယ်ချင်းများ ဆုံကြသည့်ပွဲ (gathering)တွေမှာ မိဇင် သူ့ကိုမခေါ်တော့သည်ကို ကိုယ် သတိထားမိပါရဲ့လားဟု မေးလာ၏။

"အရင်လက ကိုပြည့်မွေးနေ့မှာ ဆုံကြတော့ ကိုသာခိုင် ပါမလာဘူးလားလို့ မိဇင်ကိုမေးတော့ နင်တို့ယောက်ဖကို တ,မနေကြနဲ့၊ သူ့အလုပ်နဲ့သူ မအားဘူးတဲ့"

သူ ခြောက်ကပ်ကပ် တစ်ချက်ရယ်လိုက်သည်။

"နေသိပ်မကောင်းလို့၊ ခြံထဲမှာ အလုပ်များနေလို့၊ အခြားပွဲတစ်ပွဲပွဲနဲ့ တိုက်နေလို့၊ နယ်ကအမျိုးတွေ ဘုရားလိုက်ပို့နေရလို့၊ မဇင်က ဆင်ခြေ ဆင်လက်တွေအမျိုးမျိုး ခင်ဗျားတို့ကို ပေးမှာပေါ့ဗျာ၊ သူက ပညာတတ်အမျိုးသမီးပဲ



www.burmeseclassic.com

www.burmeseclassic.com

အရှောင်အတိမ်း ဂျက်စီဂျိန်းတွေ လုပ်တတ်တာပေါ့"

ကိုသာခိုင့်ကို မိဇင်နှင့် တွဲပြီး မတွေ့ရတာ အတော်ကြာကြောင်းတော့ ကိုယ်လည်း သတိထားမိသည်။ အမျိုးသမီးချင်းဆုံလျှင် ကိုယ့်ယောကျ်ားက ပါမောက္ခဖြစ်သွားတာ၊ ပြည်ပခရီးသွားတာ၊ ရာထူးတိုးတာ၊ ဘွဲ့လွန်တက်တာ၊ ကားသစ်ဝယ်စီးတာ၊ ဂေါက်ရိုက်တော်တာတွေသာ ပြောချင်တတ်လို့၊ ညွှန်မှူးလည်းမဟုတ်၊ ပါရဂူလည်းမဖြစ်၊ နိုင်ငံခြားပြန်လည်း မဆိုနိုင်သော သူ့ကို ချောင်ထိုးထားသည်ဟု ကိုသာခိုင်က စွပ်စွဲလေ၏။

"ကျွန်တော်က အရက်နာကျပြီး ပိန်ခြောက်ခြောက်ဖြစ်နေပြီလေ၊ သူ့ထက်လဲ ၃-၄ နှစ်ကြီးတော့ ခါးက ကိုင်းချင်နေတယ်၊ ဆံပင်တွေကလဲ မီးခိုးပြာရောင် ခပ်မွဲမွဲ၊ ခြံထဲမှာချည်းနေရလို့ လေစိမ်းတွေတိုက်ပြီး အလုပ်ကြမ်းသမားလို ရုပ်ကြမ်းကြီးနဲ့. . ဟားဟား"

ပြောရင်း ဆေးလိပ်အသစ် တစ်လိပ်ထုတ်ပြီး မီးကောက်ညှိသည်။ မီးရှိန်ရအောင် ခပ်ဆဆခပ်ပြင်းပြင်းဖွာနေ၏။ မီးပေါက်များ လွင့်စဉ်ကာ ပုဆိုးပေါ် ကျတော့ ထခုန်မတတ် ခပ်ပျာပျာဖြင့် ခါချနေလိုက်သေးသည်။

"အဟင်း သူက မခေါ်ချင်သလို ကျွန်တော်ကလဲ မလိုက်ချင်ပါဘူးခင်ဗျ၊ ခင်ဗျားတို့နဲ့ ဘူဖေးစားရင်း ကျွန်တော်က ကိုယ်ကြိုက်တာကိုယ်ကောက်ထည့်ပြီး ပန်းကန်မောက်နေရင်လဲ ,သူက ကျိတ်ဆူတတ်ရဲ့၊ သူများတွေယူတာ မမြင်ဘူးလား၊ ကိုယ်က သိပ်ရှက်ဖို့ကောင်းတာပဲ၊ အမှိုက်ပုံလို ဖြစ်နေပြီ၊ ဘာညာကွိကွပေါ့ဗျာ။

အဲ-ယမကာလေး များပါတဲ့ပွဲဆို မျက်စောင်းတထိုးထိုးနဲ့၊ ပိုဆိုးပေါ့၊ ကျွန်တော်လဲ သိပါတယ်၊ သူ သိက္ခာကျအောင် ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် မသောက်ပါဘူး၊ ဝီစကီလေး လက်တစ်လုံးနှစ်လုံးပေါ့၊ ဒါပေမဲ့ . . . "

သူ့ဒါပေမဲ့မှာ ကိုယ်လည်း ဝင်နင်းလိုက်ရသည်။

"အဲဒါတော့ မဟုတ်သေးဘူး ကိုသာခိုင်၊ မိဇင်က နားလည်တတ်ပါတယ်ဗျ၊ ကျွန်တော်တို့ သောက်နေရင် တောင်ဘာမှမပြောတတ်ပါဘူး၊ ခင်ဗျားကို သူမကြိုက်တာက အဲဒီ ဆေးလိပ်၊ သူက ဆရာဝန်လေဗျာ၊ ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေမှာ အများအားဖြင့် စီးကရက်မသောက်ကြဘူး"

"ဒါတော့ဗျာ၊ သူ့နားကပ်ရင် ကျွန်တော် မသောက်ပါဘူး၊ ခုဟာက ကျွန်တော် စိတ်ညစ်ညစ်နဲ့ဖွာနေတာ၊ ခုဇင်ကလဲ ကျွန်တော်ဆေးလိပ်သောက်ရင် မပြောတော့ပါဘူးဗျ၊ အဲ- အနားလဲ မကပ်တော့ဘူး . . . ဟဲဟဲ"

ဆေးလိပ်ထက်ဆိုးတဲ့ အရက်ကို စွဲနေလို့ ငါတော့ ဘာမှမပြောတော့ဘူး အသိုက်ရေ။ နင်ပဲ ကြည့်ပြောတော့ဟု မိဇင် ဖုန်းထဲက မှာလိုက်သောစကားကို ကိုယ်သတိရသဖြင့် အသာပြုံးနေလိုက်၏။

"ခု သားကြီးကလဲ သူ့နာမည် ဝေဖြိုးခိုင်မှာ ကျွန်တော့် ခိုင်ကို ဖြုတ်လိုက်ပြီဗျ၊ ကိုအသိုက်ရ၊ ခင်ဗျားသိရဲ့လား"

ပြောပြောဆိုဆို သူ့အိတ်ကပ်ထဲမှ သူ့သား၏လိပ်စာကတ်ကို ထုတ်ပြသည်။ ဟုတ်ပါရဲ့။ ဒေါက်တာဝေဖြိုးတဲ့။ ကိုယ်တို့ခေတ်ကလည်း နောက်ဆုံးနှစ်စာမေးပွဲနီးလျှင် နာမည်တွေ ပြောင်းတတ်ကြတာ သတိရမိ၏။ နာမည်မလှလို့ ပြောင်းသူတွေ၊ ဒေါက်တာနှင့်တွဲပြီး အခေါ်လှမည့်နာမည် ဖြစ်ချင်သူတွေ၊ ပိုမိုခံ့ထည်လှပသည့် အမည်နှင့် ဘဝကို ဆက်လက် လျှောက်လှမ်းလိုသူတွေ အမျိုးမျိုးရှိကြပေါ့။

မိဇင်ကတော့ . . .

"သားက သူ့နာမည်ကိုကြည့်ရင် ဆရာဝန်လား၊ ဆရာဝန်မ လားလို့ လူတွေက ချက်ချင်း မသိနိုင်ဘူး ထင်နေတယ်" လို့ ပြောဖူးသည်။

"ဒါကတော့၊ ဒီလိုပဲ ရှိတတ်ကြပါတယ်ဗျာ"

"ဘယ်လိုပဲ ရှိရှိလေ၊ မိဘကိုတော့- အသိပေးရမယ် မဟုတ်လား၊ အလှမှည့်ထားတဲ့ နာမည် မဟုတ်ဘူးလေ၊ ကျွန်တော့်သားဆိုတဲ့ တံဆိပ်ကပ်ချင်လို့ မှည့်ခဲ့တာပဲဗျ၊ ဖြုတ်ချင်လဲ ကျွန်တော် သိရမှာပေါ့"

သူ့အဖေကို အရက်ဖြတ်ပေးဖို့ မန္တလေးကိုခေါ်သွားမှ ကိုသာခိုင် သိခဲ့ရခြင်း။ သူ့ဘွဲ့ယူကတည်းက ဒီနာမည် ဖြစ်နေမှာပေါ့။

"အဖေ့ကို ဘယ်ဆေးရုံမှာ တက်ချင်လဲလို့လဲ တစ်ခွန်းမမေးဘူး၊ အဖေ ဘာစားချင်လဲလို့လဲ မမေးဘူး၊ ခြံထဲကနေ လာခေါ်သွားတဲ့နေ့ကစပြီး ဆေးရုံက ဆင်းလို့ ကားပေါ်တင်လွှတ်လိုက်တဲ့အထိ ဖေဖေလို့ တစ်ခွန်းထည့်မပြောချင်ဘူး၊ သံပြတ်နဲ့ပဲ ခပ်စိမ်းစိမ်းပြောခဲ့တယ်"

မိဘတစ်ယောက် ဖြစ်နေသော ကိုယ်ကိုယ်တိုင် ခံစားနားလည်ပေးတတ်သည့်ကိစ္စပေမယ့် သားသမီးများအပေါ် ဖြေသိမ့်နိုင်ဖို့တော့ ကိုယ်ပြောပေးဖြစ်ခဲ့သည်။

"သူ့မှာလဲ အလုပ်ဝင်စကိုးဗျာ ပြီးတော့ အဖေအရက်စွဲလို့ ဖြတ်ပေးရတာကို သူလဲ ဘယ်ပျော်ပျော်ရွှင်ရွှင် လုပ်ပေးနိုင်ပါ့မလဲ၊ ခင်ဗျားကို ကောင်းကောင်းထားပြီးကုသပေးခဲ့တာပဲမဟုတ်လား၊ တော်ပြီပေါ့ဗျာ၊ ကလေးတွေအပေါ် သိပ်မမျှော်လင့်ပါနဲ့၊ ကျွန်တော်တို့က စုန်ရေလေ၊ ဆန်ရေကို မမြင်တွေ့နိုင်ပါဘူး"

သူတစ်ချက်ငိုင်သွားပြီးမှ . .

"ကျွန်တော် လိုချင်တာက ကောင်းကောင်းထားပြီး၊ကောင်းကောင်း ကျွေးလိုက်တာမျိုး မဟုတ်ပါဘူးဗျာ မော့ကြည့်ပြီး ဖေဖေလို့ ခေါ်တာမျိုးပါ ငုံ့ကြည့်ပြီး အထူးခန်းမှာထားပေးတာ ဒီအဝတ်ဝတ်ပြီး ဒါတွေစားပါလို့ ညွှန်ကြားခံရတာမျိုး မဟုတ်ပါဘူး၊ သူ့





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကို တိုင်တိုင်ပင်ပင်ပြောရင် သူလဲ ဆရာဝန်ပဲဗျာ၊ ကိုယ့်သားပေမယ့် သူပေးတဲ့ ဆေးကို ကျွန်တော် ယုံယုံကြည်ကြည်သောက်မှာပေါ့၊ ဒါဆို ခုလို ရှစ်သိန်း ကိုးသိန်းလဲ သူ မကုန်ဘူးလေ"

ကိုဖြိုးလေးက သူ နေဆေးရုံမှာ တာဝန်ကျနေရင်တောင် သူ့သူငယ်ချင်း ဆရာဝန်တစ်ယောက်ယောက်ကို သူ့အဖေနားမှာ အလှည့်ကျ အစားထိုး စောင့်စေခဲ့သတဲ့။

"ဒါဆို လုံလောက်တာပဲ ကိုသာခိုင်ရယ်၊ သူလဲ တတ်နိုင်သလောက် အကုန်လုပ်ပေးတာပဲဟာ"

"သူလုပ်ပေးတာက ဝတ်ကျေတန်းကျေပါဗျာ၊ ပြီးတော့ သူ့ကောင်တွေက ကျွန်တော် ထဆိုထ၊ ထိုင်ဆိုထိုင် အရိပ်လို မယုံသင်္ကာကြည့်နေကြတာဗျ၊ အလကားပါဗျာ၊ မကြာခင်မှာ သူ့မင်္ဂလာဆောင်တဲ့အခါ ကျွန်တော်က ဟိုတယ်ခန်းမထဲမှာ မူးလဲနေမှာစိုးလို့ ကြိုပြီး အရက်ဖြတ်ထားပေးတာပါ"

"ခင်ဗျားဗျာ၊ မကောင်းတဲ့ဘက်ကပဲ တွေးနေတယ်၊ ခင်ဗျားရဲ့ attitude ကို ပြောင်းမှဖြစ်မယ်'

သူ ကိုယ့်ကိုစိန်းစိန်းကြည့်လိုက်သည်။

မျက်လုံးမှိုမွဲတွေက မျက်ရည်ကြည်ဖြင့် လဲ့လဲ့တောက်နေ၏။ နှုတ်ခမ်းခြောက်ခြောက်များကို တင်းတင်းပိပိဖြင့် စကားတစ်ခွန်းဆိုလာသည်။

"လောင်းမလား ကိုအသိုက်၊ ကျွန်တော့်သားရဲ့ မင်္ဂလာဆောင်မှာ ကျွန်တော့်ကို မိဘအရာကထားပြီး ဖိတ်မလား၊ မဖိတ်ဖူးလားဆိုတာ၊ သားလိုချင်တာက ဗိုက်ကလေးတပူပူနဲ့ ဆူဆူဖြိုးဖြိုး ...ညားညား၊ နဝရတ်ကိုးသွယ်လက်စွပ် ...ဝင်းဝင်းနဲ့ ရင်ကော့နေတဲ့အဖေမျိုးဗျ၊ ကျွန်တော့်လို ပိန်ခြောက်ခြောက်၊ ခပ်...ယို့အဖေ မဟုတ်ဘူး၊ ကဲ မဖိတ်ခဲ့လို့ ကျွန်တော် ဝမ်းနည်းပြီး ဒီမော်ဘီခြံထဲ ... Suicide လုပ်မိရင် ခင်ဗျားတို့ ဆေး...ပေးနဲ့"

သူ့အပြောနဲ့အတူ မိဇင် စကားကို ကိုယ်ကြားယောင်ပြီး တကယ့်ကို လန့်သွားမိသည်။

"အသိုက်ရေ သားက ပြောနေတယ်၊ သူ့မင်္ဂလာဆောင်မှာ အဖေ့ကို ခေါ်သွားမယ့်အစား နင့်ကို မန္တလေးအထိ ဖိတ်သွားမယ်တဲ့၊ သူ့အဖေ ခြေလှမ်းမှားနေမယ့်အစား နင်က လျှောက်လမ်းမှာ လျှောက်ပေးရင် ကောင်းမယ်ဆိုပဲ၊ ဟဲ့ နင့်မိန်းမ ခင်မွန်မွန်က သူ့လင်ကို ငါနဲ့တွဲလျှောက်ဖို့ ခွင့်ပြုပါ့မလား. . . ဟဲဟဲ၊ နင် ကြိုခွင့်တောင်းထားနော်" တဲ့။

"မိဇင်ရေ၊ ဖိတ်စာမှာလဲ နင့်သားနာမည်ကို မူရင်းရော၊ ပြောင်းထားတဲ့နာမည်ပါတွဲထည့်၊ နင်လဲ နင့်လင်ကို မန္တလေးအပါခေါ်၊ မလိုက်လိုက်အောင် အတင်းခေါ်၊ အခြေအနေ မဟန်မှ တည်းတဲ့ဟိုတယ်မှာ အစောင့်ချပြီး သော့ခတ်ထားခဲ့"လို့ ပြောဖို့ကို ကိုယ်တေးမှတ်ထားလိုက်သည်။

အသက်နှင့်ရင်းလာသည့် စကားများ စလာပြီမို့ ကိုယ်တို့စကားဝိုင်းကို လမ်းကြောင်းလွှဲရသည်။

"ကိုသာခိုင်၊ ကျွန်တော် ခြံထဲ ဆင်းလျှောက်ဦးမယ်၊ ခင်ဗျားလဲ နားလိုက်ဦး၊ သြော်- နေ့လယ်ဘက်သောက်မယ့်ဆေးကော"

သူက စားပွဲပေါ်ရှိ သေတ္တာအကြည်လေးထဲမှ အကန့်တစ်ခုကို လှစ်ပြသည်။ မနက်၊ နေ့လယ်၊ ည ဟု ခွဲခြားပြီး စာကပ်ထားသောဆေးလုံးလေးများက အစီအရီ။

ကိုယ်က ဖန်ရေချိုင့်မှ ရေတစ်ခွက်ငှဲ့ပေးစဉ် . . .

"သြော်. . . ပညာတတ်မကြီး၊ ကျွန်တော့်အချစ်ကြီးက ကျွန်တော် သောက်မယ့်ဆေးကိုတောင် စာချိတ်ပြီး အကန့်လိုက်ခွဲထားပေးခဲ့သဗျ၊ မေတ္တာတရားနဲ့ ဝတ္တရားကို အကန့်ခွဲထားနိုင်တဲ့ ကျေးဇူးရှင်မကြီး မဇင်ရေ၊ အသည်းနှလုံးကလွဲပြီး ကိုကို အကုန်အပြည့်အဝ ပေးဆပ်နိုင်သတဲ့လား" ဟု သူ ရေရွတ်နေသေး၏။

ကိုယ်က သူ့လက်ထဲကို ဖန်ခွက်ကမ်းလိုက်တော့ . . .

"ကျေးဇူး"ဟုပြောရင်း . .

"ခင်ဗျားတို့ ဆရာဝန်တွေကို မကြိုက်တာက သိပ်ဆရာလုပ်လွန်းတယ်၊ ကျွန်တော် မရူးသေးပါဘူးဗျ၊ ကိုယ့်ဆေးကို ကိုယ်ဘယ်လိုသောက်ရမှာ သိပါတယ်၊ ပြီးတော့ ဇင်က ကိုယ့်ကို မယုံကြည်ဘူး၊ နားမလည်ဘူး၊ အမြဲပဲ အစောင့်ချထားတယ်၊ မကျေနပ်ဘူး"

သူဘာပြောပြော သူငယ်ချင်းဆီမှာ တာဝန်ယူခဲ့ပြီးမို့ ကိုသာခိုင့် လည်ချောင်းထဲ ဆေးအားလုံး ဝင်သွားသည်ထိ ကိုယ်စောင့်ကြည့်ခဲ့မိသေး၏။

◆

ခြံအဝင်လမ်းသည် ကဗျာဆန်စွာ လခြမ်းကွေးလို ဝိုက်ဝိုက်လေးဖြစ်၏။ သစ်ခွပန်းနှင့် ဆင်ဆင်တူသော ပန်းနုရောင်စွယ်တော်ကိုင်းများ သဲလမ်းလေးပေါ် ညွတ်ကျနေသည်။ စွယ်တော်ပင်တွေကလည်း ကိုယ်တို့ဆယ်ကျော်သက်က ခေတ်စားခဲ့သော တက္ကသိုလ်ဘုန်းနိုင်ဝတ္ထုထဲက စာသားလို နှစ်လွှာပေါင်းမှတစ်ရွက်ဖြစ်ရသည့် သူတို့လင်မယားဘဝကိုရည်ညွှန်းလေရော့သလား။ ခြေနင်းသာရုံ တစ်ပေသာသာအကျယ်ရှိသည့် လမ်းလေးကို မြင်နေရ၍သာ သဲလမ်းဟု ဆိုရသော်လည်း ဘဲစားမြက်တွေက တောထကာ အရှည်ကြီးဖုံးလွှမ်းနေ၏။

"ခြံအဝင် လမ်းတစ်လျှောက်ကို သဲကား ရှစ်စီးတိုက်ချထားတာ အသိုက်ရဲ့၊ မြက်ခင်းလဲ့လဲ့ မြေညီညီ ကုံကော်ဝတ်မှုန်စီလို့ ဆရာမင်းသုဝဏ် ရေးခဲ့သလို မြေတွေညီနေအောင် ငါးသိန်းလောက်အကုန်ခံခဲ့တာ၊ သင်းက ခြံလဲ မရှင်း၊ ခြံရှင်းဖို့ခေါ်ထားတဲ့ ကလေးတွေလဲ ဟိုဝင်ပါ၊ ဒီဝင်ပါနဲ့ ဆရာဝင်ဝင်လုပ်လို့ အားလုံး အလုပ်ကထွက်သွား



www.burmeseclassic.com

www.burmeseclassic.com

ကြပြီ၊ ခုတော့ ငါတို့ ဇင်မင်းခိုင်ခြံလဲ မြက်တောဖြစ်လို့၊ ငါကလဲ သူနဲ့လိုက်ပြီး ခြံထဲမှာမနေနိုင်သေးဘူး၊ တစ်မိသားစုလုံး စားဖို့သောက်ဖို့ ရန်ကုန်မှာ ရှာရသေးတယ်၊ ခြံကိုပစ်ထားလို့မရလို့ သူ့ကို အဲဒီမှာသွားထားရတာကိုပဲ သူ့ကို မဲဇာပို့သလိုတဲ့"

ကိုယ့်လိုပဲ စာရှူးပေရှူး မိဇင်က "ဇင်မင်းခိုင်သင်းပါတဲ့ တောပေါမြိုင်၊ ဂနိုင်အတွင်းမှာ . . . " စသဖြင့် စိတ်ကူးတွေယဉ်ပြီး သို့မဟုတ် သူ့ယောက်ျား အမည်နှင့် သူ့အမည်ရောစပ်ပြီး ဒီခြံကို အမည်ပေးခဲ့သည်ထင်၏။

"သူက ဘာအလုပ်မှလဲ အဆင်မပြေတာ နင်လဲအသိပဲ အသိုက်ရယ်၊ ဆောက်လုပ်ရေးမှာ ငါ့လူနာ တစ်ယောက်က လူကြီးမို့ သူ့ဘွဲ့နဲ့လဲနီးစပ်တဲ့ အလုပ်သွင်းပေးတော့လဲ သူက သူများတွေ အကြံအဖန်လုပ်တာ မြင်နေရတာ မကြိုက်လို့ဆိုပြီး ထွက်ခဲ့၊ ငါ စဉ့်ကိုင်ပြောင်းတော့ မခွဲနိုင်လို့ဆိုပြီး သူလိုက်လာလို့ ကျောင်းဆရာဝင်လုပ်တော့လဲ ကျူရှင်တွေနဲ့ ပြိုင်မသင်ချင်ဘူးတဲ့။

ဖံ့ဒါနဲ့ သင်္ဘောသားတွေ ခေတ်စားနေတုန်းမို့ ငါ့လုပ်စာလေးနဲ့ စုပြီး သင်္ဘောတင်လိုက်တော့လဲ တစ်နှစ်ခွဲ အကြာမှာ ကုမ္ပဏီပျက်သွားလို့တဲ့ ပြန်လာတာ နင်တို့ကြားတယ်မဟုတ်လား၊ ငါ ကျောက်ဆည်တာဝန်ကျလို့ လိုက်လာတဲ့အချိန်မှာ အစိုးရအလုပ်လဲ မလုပ်ချင်ဘူး၊ အပြင်က သူများလက်အောက်လဲ မဝင်ချင်ဘူးဆိုလို့ ဒီမှော်ဘီခြံလေးကို သူ့ရပ်သူ့ရွာနဲ့လဲ နီးတယ်လို့ သူပြောလာလို့ ဝယ်ပေးလိုက်ပြန်တယ်။

ဩော် . . . အသက်ကြီးရင်လဲ ရန်ကုန်နဲ့ မနီးမဝေးဘဲ၊ ဆေးခန်းလေး ဖွင့်လဲ ရရဲ့ပေါ့၊ ကိုလိုမာလကာတော့ ဟောဒီလောက် ဟောဒီလောက် တစ်နှစ်စားလိုက်ရပါရဲ့၊ နင်တို့အိမ်တောင် ပို့ပေးသေးတယ်ကော၊ နောက် ပိုးကျတယ်၊ ရေစုပ်စက် ဝယ်ရမယ်၊ မီတာတပ်ရမယ်၊ ပေါင်းလိုက်ရမယ်နဲ့ ငါ့မှာ ဘဏ်တိုက်ကြီးကို ဖြစ်လို့၊ ပေးလိုက်ရတဲ့ ငွေတွေ"

မိဇင်စကားများကို ကိုယ် ပြန်ကြားနေမိ၏။

"ဇာတ်တော်ကြီး ပေါင်းတော့ ဒေဝဒတ်က အရက်သမားကြီး လုံးလုံး ဖြစ်လို့၊ သူ့ဘာသာ အရက်စွဲတာက အကြောင်းမဟုတ်ဘူး၊ ငါက တရားခံတဲ့၊ သူ့ကို ပွဲမထုတ်ချင်လို့ ခြံထဲမှာလာပြီး ချောင်ထိုးထားတာတဲ့၊ သူ ဝမ်းနည်းတယ်တဲ့၊ အထီးကျန်တယ်တဲ့၊ ငါကော အားမငယ်ရ၊ အထီးမကျန်ရဘူးလား အသိုက်ရယ်၊ ငါ့မှာ သူ့လိုအထီးမဟုတ်တော့ အမကျန်ပေါ့လေ၊ သားသမီးတွေ ပညာသင်ဖို့၊ အမေအိုကြီးနဲ့ ယောက္ခမကိုထောက်ပံ့ဖို့ ရှန်းရတာတော့ သူ မပြောဘူး၊ တစ်ဆိတ်ရှိ သူက ဆရာဝန် မဟုတ်လို့ ရိုးရိုးဘွဲ့မို့လို့ ငါတို့၊ နင်တို့က အဖက်မလုပ်ဘူးဘဲ ပြောနေရဲ့"

ဆေးကျောင်းတုန်းက အနုပညာ အသင်းဝင်၊ တက္ကသိုလ် ရွှေရတုမှာ အငြိမ့်ကခဲ့သော သဘင်ရူးမလေး မိဇင်သည် ခုတော့ ဗီလိန်မကြီး ဖြစ်နေလေပြီ။ သူတို့အကြောင်းကိုတွေးရင်း ကိုယ် ပြုံးလိုက်မိသည်။ ဩော် ဘဝများရယ်။ အချိန်တွေက အလှအပနှင့် အနုအနွဲ့များကို တိုက်စားဝါးမျိုပစ်တတ်သည် ထင်ရဲ့။

ခုတော့ မိဇင်သည် သက်ပြည့် ပင်စင်ယူပြီးသော်လည်း အင်န်ဂျီအို တစ်ခုတွင် အလုပ်ဝင်ကာ ဦးနှောက်တွေ စားနေရဆဲ။

"အင်န်ဂျီအိုမှာ လုပ်ရတာ မလွယ်ပါဘူး အသိုက်ရယ်၊ အတိုက်အခိုက်တွေကလဲများ၊ ပရက်ရှာတွေကလဲ ဖိနဲ့၊ ဆူးကြားက ဘူးခါးပေါ့၊ ဒါပေမဲ့ ကိုယ့်ကလေးတွေရဲ့ အနာဂတ်က မပီပြင်သေးဘူးလေ၊ ဒီဒဏ်တွေ ငါပဲ ခါးစည်းခံနေရတာ၊ ဒီကြားထဲ သူက ပူးပေါင်းမပါဝင်ဘဲ ကန့်လန့်တိုက်နေတယ်၊ သူ့ကိုယ်သူပဲ သနားနေတယ်၊ သူ့ဘာသာမှမလုပ်တတ်လို့ ငါက ခြံဝယ်ပေး ထားတာဟာ၊ ဘာအသီးအနှံမှ မဖြစ် ထွန်းလဲ မြေပါးကင်းပါးမစိုးရိမ်ရအောင် မြက်သာရှင်းထား၊ မြေဟာ ရွှေ... ခုတောင် တစ်ပေတစ်သိန်းလို့ ကြေ... ကြော်နေကြတာ၊ ငါတို့ ဝယ်တုန်း... တစ်ဧက သုံးသိန်းလောက်ဟာ အ... ဒီလောက်ဖြစ်နေပြီ"

ခြံအစပ်မှာတော့ ပတဲကော... ကြီးကို ဟီးထနေအောင် တွေလိုက်ရ... ခြံ ဝယ်စက ရခိုင်မုန့်တီ ချက်စားကြ... သူငယ်ချင်းတွေဆုံခဲ့သည့်ကာလများ... သတိရမိသည်။ တောင်ကုတ်သားကို... ဆွေနှင့် အကြောင်းပါခဲ့သည့် "လူမြင်... သိတဲ့ မအူပင်ငါးပိ"လို့ ကိုယ်တို့နော... ကြသည့် မအူပင်သူ မြင့်မြင့် လက်ရ... ပြဖို့ ယူလာခဲ့သော ပတဲကောစည်... အတက်များကို မြေတွင် ထိုးနှစ်ထား... ခဲ့ရင်းမှ ပွားလာသည့်ချုံ။

"အဲဒီလောက်ကောင်းတဲ့ ... ဩဇာပါ အသိုက်ရယ်၊ ဘာစိုက်စိုး... အပင်ပေါက်တဲ့ ငါတို့မြေမှာ ဒီခုနစ်နှ... ရှစ်နှစ်အတွင်း သူ့ဘာပင်မှဖြစ်မြော... အောင် မစိုက်ပျိုးခဲ့တာ ငါအံ့ဩလို့..."

တရားခွင်က တရားသူကြီး... တရားလို၊ တရားခံ နှစ်ဖက်စလုံး... ထွက်ဆိုချက်များကို ကြားနာပြီးမှသာ... ကိုယ်ဆုံးဖြတ်ချက်ပေးသင့်၏။ ကိုသ... ခိုင်ကတော့ ကိုယ် ဒီခြံမှာ ခြေချသည့်... နေ့ကပင် ဒီလို ဆိုခဲ့သည်။

"ဆောက်လုပ်ရေး လုပ်ငန်း... သင်္ဘောသားဘဝ၊ ကျောင်းဆရာအ... တွေမှာ ကျွန်တော် ဘယ်လိုမှ အဆင်... မပြေတော့ ဒီခြံကိုတော့ လုပ်နိုင်... မယ်ထင်ခဲ့တယ် ကိုအသိုက်၊ အလု... သမားတွေကို စီမံခန့်ခွဲပြီး ခြံစိုက်... ပေါ့၊ တကယ်လုပ်ကြည့်မှ ကျွန်တော်... စိုက်ပျိုးရေးကို စိတ်မပါမှန်းသိခဲ့တ... ကျွန်တော် စိုစိစိုစက် မြေကိုမနင်း... ဘူး၊ မြွေတွေ၊ ကျွတ်တွေ၊ ...ကျက်တွေ... လန့်တယ်၊ အစေ့အဆန်တွေ... တဖြည်းဖြည်း အညှောက်ထွက်...





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၊ အသီးသီးဆိုတဲ့ ဖြစ်စဉ်ကိုလည်း စိတ်ရှည်လက်ရှည် မစောင့်ချင်ဘူး၊ အဆိုးဆုံးကကျွန်တော်. . . ကျွန်တော်"

ဝမ်းနည်းဆို့နင့်သွားသော သူ့ကို ကိုယ်ခဏစောင့်လိုက်ရ၏။ ကိုင်းနက်နက်နှင့်မျက်မှန်ထူထူကို အသာပင့်ကာ မျက်လုံးထောင့်ကို လက်ညှိုးနှင့် တို့ပွတ်နေသေးသည်။ ပြီးမှ . . .

"ကျွန်တော်ငယ်ငယ်က အမေကြီးနဲ့ နေရတယ်၊ အဘွားပေါ့လေ၊ အဖေက နယ်အနှံ့ထွက်တယ်၊ အမေက အလုပ်ထဲမှာ နှစ်မြုပ်ထားတယ်၊ ကျွန်တော် မိဘရင်ခွင်မှာ သိပ်နေချင်ခဲ့တယ်၊ ဒါပေမဲ့ အိမ်ထောင်သာကျရော ဒီဆန္ဒ မပြည့်ဝခဲ့ဘူး၊ ကိုယ်တိုင်တည်ဆောက်တဲ့မိသားစုဘဝမှာလဲ ကျွန်တော့်ကလေးတွေကို ကျွန်တော့်လို မဖြစ်ရအောင် မလုပ်ပေးနိုင်ခဲ့ဘူး၊ အမေက ဆရာဝန်မို့ နိုင်ငံ့ဝန်ထမ်းမို့ ကျရာနေရာမှာ ကနေရတယ်၊ ကျွန်တော်က အဖြည့်ခံ ဖြစ်နေတယ်၊ သူ့အလုပ်ရှိရာကို ကျွန်တော် လိုက်ရမလား၊ ကျွန်တော့် ဘာသာ ကျွန်တော် တစ်စင်ထောင်ပြီး စီးပွားရှာရမလား၊ ကျွန်တော့်နောက်မှာ ကျောထောက်နောက်ခံ မနေအင်အားမတောင့်ဘူး"

ဘုရင်နှင့်ညားလို့ မိဖုရားဖြစ်နိုင်သော်လည်း မိဖုရားနှင့်ညားလို့ ဘုရင်မဖြစ်နိုင်သောဘဝအတွက် ကိုသာခိုင် မွန်းကျပ်နေခဲ့သည်ကို နားလည်လာသလို ရှိလာ၏။ သို့ဖြင့် . . .

"ဒီမှာ ကိုသာခိုင်၊ ဆရာဝန်မတိုင်းကဆရာဝန်နဲ့ချည်းညားတာမဟုတ်ဘူးဗျ၊ ကျွန်တော်တို့ same batch တွေထဲမှာ ဆရာဝန်ချင်းညားတာ ကျွန်တော်တို့အပါအဝင် ခုနစ်စုံတွဲပဲ ရှိတယ်၊ ကျန်တာက စစ်ဗိုလ်၊ ကုန်သည်၊ အင်ဂျင်နီယာ၊ ရုပ်ရှင်မင်းသား၊ ကျောင်းဆရာ၊ အို . . . တက္ကစီမောင်းသူတောင် ပါသေး၊ မတူညီတဲ့အဆင့်တွေ ပေါင်းစပ်ပြီး ဒီလိုပဲ နေနေကြတာ ခင်ဗျားလဲ အသိပဲလေ"

"ဒါပေမဲ့ သူတို့က အမွေတွေ ရတယ်၊ ပိုက်ဆံရှိတယ်၊ ကျွန်တော်သာ"

သူဆင်ခြေပေးပြန်၏။

သို့သော် . . .

"ကန့်လန့်ကာရှေ့ကို မထွက်လာနိုင်လဲ ကတ္တီပါကားလိပ်နောက်က နေသူလုပ်ပေါ့၊ ဒီခြံကို စောင့်ရှောက်ပေါ့၊ ခုတော့ မြေကိုပဲ့အောင်ဖွဲ့တယ်၊ ခြံကိုကျုံ့အောင်ချုံ့တယ်၊ မူမူရှူရှူနဲ့လုပ်ချင်တာ လျှောက်လုပ်လို့ နှစ်ဇကခွဲ သူများကို ပေးလိုက်ရသတဲ့ အသိုက်ရယ်၊ ငါ ရင်ကျိုးအောင် ခံစားရတယ်"

ကိုသာခိုင်က အရက်မကောင်းကြောင်းကို ကိုယ်ရောက်သည့်နေ့မှာပင် တရားဟောခဲ့သည်။

"အရက်သမား အမှားတစ်ထောင်လို့ လူထုဦးလှရေးခဲ့တာ နည်းတောင်နည်းသေးတယ်၊ ကျွန်တော့်မှာ လေပြင်းတိုက်လို့ စာဘူးတောင်းပြုတ်ကျတဲ့ ငှက်လိုပါပဲ၊ မိသားစု တကွဲတပြား နေရတယ်ဆိုတဲ့ ခံစားချက်လဲ ဝင်လာရော ပြေရာပြေကြောင်း သောက်မိစားမိတာပေါ့၊ နည်းနည်းသောက်မိလို့ နည်းနည်းမှားရာကနေ၊ ဇာတ်ရှိန်မြင့်လာတော့ များများသောက်ပြီး များများမှားလာတယ်၊

တစ်နေ့မှာ မြောက်ဘက်မကြိုင်တို့ခြံက ခရမ်းသီးတွေခူးတော့ မီးဖုတ်စားချင်လာလို့ ရီဝေဝေနဲ့ တောင်းလာပြီး ခြံထောင့်မှာ မြက်ခြောက်ကို မီးရှို့ပြီး ဖုတ်တယ်၊ မီးသင်းနံ့မွှေးမွှေးနဲ့ ခရမ်းသီးမီးဖုတ်တွေကို ဟိုဘက်လက်နဲ့ ဒီဘက်လက်ပြောင်း ပြောင်းကိုင်ရင်း အိမ်ထဲပြန်ဝင်ခဲ့တယ်၊ မြက်ခြောက်မီးက ခြံစည်းရိုးကိုဖြတ်ပြီး တောင်ဘက်ခြံက သပြေပင်အခင်းကို ကူးလောင်တယ်၊ အပင်ဘယ်နှရာပါသွားတယ်ဆိုလား၊ လာပြီး ဆယ်သိန်းအလျော်တောင်းတယ်၊ လက်ထဲမှာလဲ မားကြီးတဝင့်ဝင့်နဲ့၊ ကျေးရွာလူကြီးက ရုံးရောက် ဂါတ်ရောက်နဲ့ သံသရာရှည်မယ်တဲ့၊ မိန်းမလဲ အချုပ်ထဲလိုက်ရလို့ သိက္ခာကျမယ်ပေါ့၊ မဇင်ဆီ ငွေပြန်တောင်းလဲ သူစိတ်ဆင်းရဲရမယ်၊ သပြေခင်းနဲ့ တစ်ရက်က မြေနှစ်ဇကခွဲပေးလိုက်ဆိုလို့ လက်မှတ်ထိုးပေးလိုက်ရတယ်၊

ဒီ့ထက်ဆိုးသေးတယ်နော်၊ တစ်နေ့မှာ ရေစက်ပျက်လို့ရေမတင်နိုင်တာနဲ့ ခြံလယ်က ကန်စွန်းခင်း ရေလောင်းတဲ့ တွင်းမှာ ရေချိုးရင်း မူးမူးနဲ့ တွင်းထဲ ပြုတ်ကျတယ်၊ နှစ်လံလောက်ကျယ်ပြီး လူတစ်ရပ်ကျော်နက်တဲ့ တွင်းထဲက မတက်နိုင်လို့ သေမလိုဖြစ်ခဲ့တယ်၊ နှစ်နာရီလောက် အသားတွေ ပဲကြီးတွန့်လိုက်ပြီးမှ နွားကျောင်းသားတွေလို့ ဆွဲတင်သွားတယ်၊

ဆိုင်ကယ်တိုက်မိပြီး မှောက်လို့ ကိုယ်ခံရတာရော သူများကို လျော်ရတာပါနဲ့ လက်ထပ်လက်စွပ် ပေါင်ရတယ်၊ အို. . . ပြောရရင် အများကြီးကျန်သေးတယ်၊ ဒါကြောင့် ကျွန်တော် ဒီအရက်ကို တကယ်စိတ်ကုန်တာပါ။ ဘယ်လိုမှ ပြန်မသောက်ပါဘူးဗျာ၊ သားဆရာဝန်က ပြောတယ်၊ ဆေးနဲ့ဖြတ်ထားလို့ အဖေပြန်သောက်ရင် ရူးမှာတဲ့၊ ဖြတ်ဆေးကြောင့် မသောက်ချင်တော့တာလဲ မဟုတ်ဘူး၊ ရူးမှာကြောက်လို့ မသောက်တာလဲ မဟုတ်ဘူး၊ ကျွန်တော် တကယ်စိတ်ကုန်လို့ကို မသောက်တာ၊ ဒီတော့ ခင်ဗျားသူငယ်ချင်း ကျွန်တော့်မိန်းမ အကူအညီတောင်းလို့ ခင်ဗျား လာစောင့်ပေးတာ ကျေးဇူးတင်တယ်၊ ဒါပေမဲ့ အားနာတယ်၊ စိတ်ချလက်ချသာ ပြန်ပါဗျာ"

ကိုသာခိုင့် စကားအဆုံးမှာ တစ်ဖက်ခြံက မကြိုင်ယောက်ျားက . . .

"ဆရာရေ၊ ကျုပ်တို့ကပဲ အရက်စွဲနေသလိုလိုပဲ၊ သူက ပြန်တရားချနေတယ်" လို့ ကိုယ့်ကိုပြောပြီး ကျိတ်ရယ်ကြရသေးသည်။

"မိဇင်ရေ၊ နင့်ယောက်ျားက အရားဘူးဟ၊ ဟဲ့. . . သူ့ကြည့်ရတာ အရက်နာကျပုံသိပ်မတွေ့ပါဘူး၊ ညက ငါ့ကို သူ့လက်တွေမြောက်ပြီး လေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

ဒြာကြီး ထားပြတယ်၊ တွေ့လား
န်တော့်လက် မတုန်ဘူးနော်လို့လဲ
ာသေးတယ်"

ခြံစပ်မှနေပြီး သက်သက်ဇင်ကို
းဆက်ပြီး ကိုယ် အစီရင်ခံလိုက်ရ
ည်။

"အေးလေ၊ နင်လဲ သူ့ရောဂါကို
gnostic လုပ်နိုင်တာပဲ၊ သူ့ကိုစိတ်ချ
ယ်ဆိုရင် ထားခဲ့လေ၊ ငါက နင်လဲ
ဒြိမ်းစားဖြစ်ကတည်းက စာပဲရေးနေ
ာ့ ဇာတ်လမ်းလေး ဘာလေးလဲရ
ျထဲမှာလဲ အေးအေးဆေးဆေး စာ
ချင် ရေးနိုင်အောင်၊ အင်း. . . သား
အိုးထမ်းလုပ်ပြီး အကူအညီတောင်း
က်တာပါ၊ နင့်ခင်မွန် မျှော်နေမယ်၊
ချင်ပြန်တော့လေ၊ နင့်ကို လူကြီး
်း လုပ်ခိုင်းလိုက်ရတာ တောင်းပန်
ယ် သူငယ်ချင်းရယ်"

"ရပါတယ်ဟာ၊ နင့်ဘက်ကလဲ
်လျှော့ပါမိဇင်ရာ၊ ကိုယ်ရွေးချယ်ပြီး
ျာက်ခဲ့တဲ့ လမ်းပဲဟာ၊ ဆုံးအောင်
က်လျှောက်ရမှာပေါ့၊ ကိုသာခိုင့်ကို
ဘာမှအားမငယ်ဖို့၊ တို့သူငယ်ချင်း
းလုံးကလဲ သူဘာကောင်ဆိုတာကို
ည့်မနေကြဘဲ ကိုယ့်သူငယ်ချင်းရဲ့
ာက်ျားအဖြစ် သက်သက်သာ မြင်
ဆ်ဆိုတာ နားလည်အောင်ပြောပြ
ယ်၊ ခင်ဗျားသာ သားသမီးတွေကို
းမွကောင်းကောင်းပေးချင်ရင် ဒီခြံ
းကို စောင့်ရှောက်လို့၊ မိဇင်ကိုလဲ
လည်နိုင်အောင်လုပ်လို့"

မိဇင်ကို အကျိုးအကြောင်း ရှင်း
းပြီမှ ပြန်ဖို့ပြင်တော့ ကိုသာခိုင်က
်ဆက်စကားဆို၏။

"ကိုအသိုက်တို့ကတော့ ဂုဏ်
ဲတူချင်း ပေါင်းသင်းနေထိုင်ရတော့
က်ညီလက်ညီပေါ့ဗျာ၊ အားကျလိုက်
ဗျာ၊ ကျွန်တော်တို့လို ဆုတောင်း
းခဲ့ကြဘူး၊ အေးဗျာ သွားပေဦးပေါ့၊
င်မွန် မျှော်နေပါ့မယ်"

'မဒ္ဒီလဲတဲ့ သဲမှိုမှို' လို့ဆိုရမယ့်
်းလေးကို လျှောက်ထွက်ခဲ့၏။ လမ်းကို အုပ်မိုးနေသည့် ဝါးရုံထဲတွင် စာကလေးတွေ အသိုက်ဆောက်နေကြသည်။ စကားတွေပြောကြတာလည်း ဆူဆူကိုညံလို့။ ဆေးကျောင်းသားဘဝက မိဇင်တို့၊ ကိုယ်တို့ အတူလုပ်ခဲ့ကြသော "ဆေးတက္ကသိုလ်-၂၊ နှစ်လည်မဂ္ဂဇင်း"တစ်အုပ်၏ မျက်နှာစာကဗျာတစ်ပုဒ်ကို သတိရမိသေးတော့။

ကြည်အေးရဲ့ "စကားသင်ချင်သည်"။ အိပ်ရာနိုးထစမှာ ငှက်ကလေးတွေ တွတ်တီးတွတ်တာ ပြောဆိုနေကြတာကိုမြင်ပြီး သူတို့ရဲ့ မဂဓစကားကို သင်ယူပြီးချစ်စကားဆိုချင်ကြောင်းပေါ့။

ဘာသာစကားမတူလျှင် ပြောရဆိုရ နားလည်ရ ခက်သတဲ့။ ကိုသာခိုင်နှင့် သက်သက်ဇင်တို့လည်း ဘာသာစကား မတူညီသူများမို့ တစ်ဦးနှလုံးသားကို တစ်ဦးမမြင်နိုင်ခြင်းပါဘဲ။ ဒါ့ကြောင့်လည်း သံသယမြူတွေ ဖုံးနေကြပေါ့။

ကိုယ်တို့၊ ခင်မွန်တို့ကောတဲ့။ ကျယ်ဝန်းပြီး လူသူရှင်းလှသော ခြံကြီးထဲမှာမို့ သက်ပြင်းကို လွတ်လပ်ပေါ့ပါးစွာ ကိုယ်ချပစ်လိုက်၏။ ဟန်လုပ် ထိန်းကွပ်နေစရာမလိုတော့။ ငဲ့ညှာထောက်ထားစရာ မလိုတော့။ အိမ်မှာ၊ ကိုယ့်ပတ်ဝန်းကျင်မှာ ဆိုရင်။

ကိုသာခိုင် အားကျသံကြီးဖြင့် ပြောလိုက်သော "မခင်မွန် မျှော်နေပါ့မယ်" ဆိုတာကို ကြားယောင်မိသေးသည်။

"မောင်ဟာ အကျိုးမရှိတာကို သိပ်လုပ်ချင်တယ်၊ Extension တောင်းပြီး အလုပ်ဆက်လုပ်လဲ တစ်နှစ် နှစ်နှစ်ရသေးသားနဲ့ မလုပ်ဘူး၊ နှစ်ပြားတစ်ပဲရတဲ့ တောင်ခြစ်မြောက်ခြစ်စာရေးတာကို လုပ်နေမယ့်အစား ဆေးခန်းသွားထိုင်ပါလား၊ အလကား ကိုယ့်ပညာတွေ နှမြောစရာ"

တစ်ခါက ပျားရည်လူးသော နှုတ်ခမ်းဖူးဖူးလေးများ ဘယ်ရောက်သွားပါလိမ့်။

ကိုယ့်ကို နားလည်တတ်သည့် ချစ်သူဟာ ကျောင်းမှာ ကျန်ခဲ့ပြီလား။ မကြာခဏ မဂ္ဂဇင်းမှာ ပါတတ်သည့် ကိုယ့်ဝတ္ထုတိုလေးတွေကိုလည်း အမွန် မဖတ်ဖူးခဲ့။ ကိုယ့်ရဲ့ မွေးနေ့လက်ဆောင်ဆိုပြီး သူ့မွေးနေ့မှာ ကဗျာလေး ရေးပေးတာပင် မဖတ်အားတော့။

"အင်းပါ မောင်ရယ်၊ ယူချစ်တာ အမွန်သိပါတယ်၊ ထားလိုက် ထားလိုက်၊ အိုင် G.P က အပြန်မှာ ဖတ်ကြည့်လိုက်မယ်"တဲ့။

"အမွန်ရေ၊ မိဇင် အကူအညီတောင်းလို့ မောင် သူတို့ရဲ့ ညောင်နှစ်ပင်ကခြံမှာ သုံးလေးရက်သွားနေလိုက်မယ်၊ ကိုသာခိုင်ကို မန္တလေးက သူ့သားက ခေါ်ပြီး အရက်ဖြတ်ပေးတာ ပြန်ရောက်လာလို့တဲ့၊ နော် အမွန်"

"သွားလေ၊ ယူမရှိတုန်း ဆေးခန်းကိုတော့ သမီးကိုပဲ လိုက်ပို့ခိုင်းပါ့မယ်၊ သိပ်တော့ မကြာနဲ့မောင်၊ အိုင်က ယူ့သမီးမောင်းတဲ့ကားကို သိပ်မစီးရဲဘူး၊ ယူ့သမီးက မိန်းကလေးပေမယ့် ခွေကိုင်ကြမ်းတယ်၊ ဪ. ... မိဇင်နဲ့တွေ့ရင် သတိရတယ်လို့၊ ဆုံကြဦးမယ်လို့ ပြောလိုက်ဦး"

အမွန် ကိုယ့်ကိုမျှော်နေမှာလို့တော့ ကိုယ်ယုံကြည်နေမိပါသေးရဲ့။ အမွန်က ကိုယ်မောင်းတဲ့ကားမှ စိတ်ချလက်ချ စီးရဲတာတဲ့။ ကိုယ် မှော်ဘီဇင်မင်းခိုင်ခြံမှာ ဘယ်လိုစကားလုံးတွေနှင့် တောလားကဗျာဖွဲ့ခဲ့တာ၊ ကိုသာခိုင်တို့နှလုံးသားကို ဖောက်ထွင်းပြီး မြင်ခဲ့သမျှ ဝတ္ထုတိုတစ်ပုဒ်ရေးနိုင်ခဲ့တာတော့ အမွန် စိတ်ဝင်စားလိမ့်မည်မဟုတ်။

ဘဝရဲ့ ဆည်းဆာချိန်လေးတွေကို ကြည်နူးနှစ်သက်စွာ ဖြတ်သန်းနိုင်ဖို့ စကားတူချင်လှရဲ့ကွယ်။

❒ ကိုချမ်း(ဆေး-၂)

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၃)

www.burmeseclassic.com

www.burmeseclassic.com




သာမောင် အိမ်ပေါ်သို့ ရောက် ရောက်ချင်း မမျှိုသိပ်နိုင်ဘဲ တောက်ခတ်သံပြင်းပြင်း ထွက်ပေါ်သွားမိသည်။ သာမောင် တောက်ခတ်သံကို ရုတ်တရက် ကြားလိုက်ရ၍ ဒေါ်သင်းမေ ရင်တဒိန်းဒိန်းခုန်သွားမိသည်။

ပြီး သာမောင်အကွက် စိုးရိမ်စိတ် ဖုံးလွှမ်းသွားမိသည်။ ဒေါ်သင်းမေ သာမောင်အတွက် မစိုးရိမ်လို့ မဖြစ်။ ဖတဆိုးလေးဖြစ်နေရှာသည့် သာမောင်။ ငယ်ရွယ်စဉ်ကတည်းက ဒေါ်သင်းမေ အလိုလိုက်ခဲ့၍လားမသိ။ မိခင်ဖြစ်သူ အပေါ် သာမောင် ဆိုးခဲ့သည်ကို ကြေညာစရာပင် မလို။ အားလုံးက သိနေကြသည်။

ခုလည်း သာမောင် ဘယ်သူ့ကို သဘောမကျသည်မသိ။ ခပ်ပြင်းစွာ ထွက်ပေါ်လာသည့် တောက်ခတ်သံ။ ဒေါ်သင်းမေ မနေသာ။ မီးဖိုချောင်မှ ကမန်းကတန်းထွက်ရင်း သာမောင်ကို မေးရပြန်ပြီ။

"လူလေး ဘာဖြစ်လာပြန်ပြီလဲ၊ အမေ့ကို ပြောစမ်း"

"ဘာဖြစ်ရမှာလဲ အမေရဲ့ ထွန်းခင်ပေါ့၊ ဒီကောင်က ခု ပိုက်ဆံလေး နည်းနည်းရှိလာတော့ ကျွန်တော့်ကို အရေးမလုပ်တော့ဘူး၊ ပြီးတော့ လူကြားထဲမှာ ကျွန်တော့်ကို အရက်သမားဖဲသမားလို့ နှိမ့်ချပြောတယ်"

ဒေါ်သင်းမေ သာမောင့်စကားကို ကြားပြီး ရယ်ရမလို၊ ငိုရမလို ဖြစ်သွားမိသည်။ ထွန်းခင်ပြောလည်း ပြောစရာ။ သာမောင် လက်ရှိဘဝက မိုးလင်းမိုးချုပ် အရက်မပြတ်သောက်သလို ဖဲပါ အဆစ်ပါသေးသည်။ဒီတော့ သာမောင်ကို အရက်သမားလို့ပြောတာမဆန်းချေ။

"ဒါတော့ လူလေးရယ် လူလေးက အရက်သောက်တော့ အရက်သမားလို့ပြောတာ၊ ဘာများနာစရာရှိလို့လဲ"

"အမေကလဲ ပြောပြန်ပြီ၊ ကျွန်တော်က အရက်သောက်ပေမယ့် ဘယ်

...ကို မရမ်းကားဘူးဆိုတာ အမေ သိပါတယ်ဗျာ၊ သူများတွေလဲ သောက်နေတာပဲ"

"ဒါဆို ဒေါသမဖြစ်နဲ့ လူလေရယ်၊ ဒေါသပွားရင် အသက်တိုတတ်တယ်ကွဲ့၊ ကဲ အမေ လူလေးကြိုက်တဲ့ အသားဟင်း ချက်ထားတယ်၊ ထမင်းစားတော့"

ဒေါ်သင်းမေက သာမောင့်စိတ်ဓာတ်ကိုသိ၍ နှစ်သိမ့်ပြီး ထမင်းပွဲကို အမြန်ဆုံးပြင်ကာ ထမင်းကျွေးလိုက်သည်။ သာမောင်က သူကြိုက်သည့် အသားဟင်းကို မြိန်ရှက်စွာစားနေသည်ကို ကြည့်ရင်း ဒေါ်သင်းမေ အလိုလိုမျက်ရည်ဝဲလာမိသည်။

တကယ်တော့ ခင်ပွန်းဖြစ်သူ တိမ်းပါးသွားပြီးကတည်းက ဒေါ်သင်းမေ မုဆိုးမဘဝဖြင့် အားကိုးရာဆို၍ သားဖြစ်သူ သာမောင်သာ ရှိခဲ့သည်။ ခက်နေသည်က သာမောင်ပင်။

အပေါင်းအသင်းစုံပြီး အရက်သမား ဖဲသမားဖြစ်ခဲ့သည်ကို တွေးပြီး ဒေါ်သင်းမေ စိတ်ထဲ ယူကျုံးမရ ခံစားနေခဲ့မိသည့် ဘဝ။

"လူလေးကို အမေ ပြောစရာရှိတယ်"

"ဗျာ. . အမေ ကျွန်တော့်ကို ဟုတ်လား"

သာမောင်က မြိန်ရှက်စွာထမင်းကို ပလုတ်ပလောင်းစားနေစဉ် မိခင်ဖြစ်သူ ဒေါ်သင်းမေစကားကို ကြားပြီး အထူးအဆန်းဖြစ်သွားမိရင်း စားလက်စထမင်းကို ရပ်ပြီး မေးလိုက်သည်။

"ဒီလိုပါ လူလေးရယ်၊ လူလေးလဲ အရွယ်ရောက်ပြီဆိုတော့ အိမ်ထောင်မှုကိစ္စကိုလဲ စဉ်းစားစေချင်တယ်၊ အမေက အသက်ကြီးပြီ"

ဒေါ်သင်းမေ စကားကြောင့် သာမောင် ငိုင်သွားမိသည်။ မိခင် ဒေါ်သင်းမေ ပြောလည်း ပြောစရာ။

သာမောင့် သူငယ်ချင်းတွေ အသီးသီး တစ်အိုးတစ်အိမ်ထူပြီး သားနှင့် သမီးနှင့် ဖြစ်နေကြသည်။ သာ





www.burmeseclassic.com

www.burmeseclassic.com

မောင်က မိခင်တစ်ယောက်ကလွဲပြီး အထီးကျန်ဘဝဖြင့် အရက်နွံတွင် ကျွံဝင်နေဆဲ ဖြစ်သည်။

"အမေကလဲဗျာ မလွယ်ဘူးလေ၊ အမေ သိရက်သားနဲ့ ပြောနေပြန်ပြီ"

သာမောင်၏ စိတ်ပျက်လက်ပျက် စကားသံကို ကြားလိုက်ရ၍ ဒေါ်သင်းမေ စိတ်မကောင်းဖြစ်သွားမိသည်။ သာမောင်က ရုပ်ရည်မဆိုးရှာသော်လည်း အရက်သမားဆိုသည့် နာမည်ကြောင့် မိန်းကလေးများက နှာခေါင်းရှုံ့ပြီး ပစ်ပယ်ထားခြင်း ဖြစ်သည်။

"လူလေးက မလွယ်ပေမယ့် အမေ တွေ့ထားတဲ့ မိန်းကလေးတော့ ရှိတယ်၊ အဲဒီမိန်းကလေးက အိမ်မှုကိစ္စ နိုင်နင်းတယ်၊ ပြီးတော့ ယဉ်ကျေးသိမ်မွေ့ရှာတယ်၊ လူလေးဘဝကို ကူတွဲနိုင်မယ့် မိန်းကလေးတစ်ယောက်လို့ အမေ မြင်မိတယ်"

ဒေါ်သင်းမေစကားကြောင့် သာမောင် စိတ်ဝင်စားမိသလိုရှိသွားသည်။ ထမင်းကို လက်စသတ်ပြီး မိခင်ဒေါ်သင်းမေ မျက်နှာကို မော့ကြည့်လိုက်မိရင်း အတွေးများ ပွားနေမိသည်။

မိခင် ဒေါ်သင်းမေ ပြောလည်းပြောစရာ။ ဒေါ်သင်းမေက ဇရာပိုင်းအရွယ်သို့ ချဉ်းကပ်နေပြီ မဟုတ်ပါလား။

"အမေပြောတဲ့ မိန်းကလေးက ဘယ်သူလဲ အမေ"

"ရွာတောင်ပိုင်းက အစ်ကိုကြီးမင်းဇံရဲ့ သမီးလေး ရှင်ဝိုင်းလေ"

"ရှင်. . . ရှင်ဝိုင်း"

"ဟုတ်တယ် လူလေး၊ သူ့ခမျာလဲ မိဘဆိုးလေး ဖြစ်နေတာ၊ အဲဒါ ကိုကြီးမင်းဇံ သဘောထားကို အမေ တီးခေါက်ကြည့်တော့ ရှင်ဝိုင်း သဘောတူရင် ဒီနွေမှာ လူလေးနဲ့"

"ဒီနွေမှာ ရှင်ဝိုင်းနဲ့"

ဒေါ်သင်းမေ စကားကြောင့် သာမောင့်ရင်ထဲတွင် တစ်ခါမျှ မခံစားဖူးသည့် ဝေဒနာက ဖုံးလွှမ်းသွားသည်။ ပြီး ရှက်ရွံ့ခြင်းကြောင့်လား မသိ။ သာမောင် စကား ဆက်မမေးရဲတော့ဘဲ ခေါင်းအလိုလို ငုံ့ထားမိလျက်သား ဖြစ်နေသည်။

"အဲဒါကြောင့် လူလေးနဲ့ ရှင်ဝိုင်း လူငယ်ချင်းနီးစပ်မှုရှိအောင် လူလေး ကိုကြီးမင်းဇံအိမ်မှာ အလုပ်သွားကူလုပ်ပေးပါ လူလေး၊ ကိုကြီးမင်းဇံက လူငှား ထွက်သွားလို့ အလုပ်တွေက များနေတယ်"

သာမောင့်ရင်ထဲက တဒိန်းဒိန်း ခုန်သွားမိသည်။ ပြီး ရှင်ဝိုင်း၏ အပြစ်ကင်းစင်သည့် မျက်နှာလေးကို မြင်ယောင်သွားမိရင်း မိမိကိုယ်မိမိ ရှက်သွားမိသည်။ သာမောင် အရွယ်ရောက်သည့်တိုင် အလုပ်မလုပ်ခဲ့။ အရက်နဲ့သာ အချိန်ကုန်ပြီး အရက်ဖိုးမရှိလျှင် မိခင်ဒေါ်သင်းမေထံ လက်ဖြန့်တောင်းခဲ့ရသည်က အခါခါ။

"ဖြစ်ပါ့မလား အမေရယ်၊ ကျွန်တော်က အရက်သမားဆိုတော့ ရှင်ဝိုင်း လက်မခံရင် ရှက်စရာကြီး ဖြစ်နေပါဦးမယ်"

"ဖြစ်ပါတယ် လူလေးရယ်၊ ရှင်ဝိုင်းက လူလေးဘဝကို ကိုယ်ချင်းစာနာစိတ် ရှိပါတယ်ကွယ်"

သာမောင် မိခင်ဒေါ်သင်းမေ စကားကို နားထောင်ရင်း ရင်ထဲမှ ပို့တက်လာသည့် ဝေဒနာကို မနည်းမျိုသိပ်လိုက်မိသည်။

"ဟေ့ သာမောင် အလုပ်တွေ ကြိုးစားလှချေလားကွ"

သာမောင် ဘကြီးမင်းဇံခိုင်းထားသည့် မိုးတွင်းစာအတွက် ထင်းပေါက်နေစဉ် ရုတ်တရက် ထွန်းခင် စကားကို ကြားလိုက်ရ၍ ကြည့်လိုက်မိသည်။ ထွန်းခင်က အဝတ်အစား သစ်သစ်လွင်လွင်နှင့် လက်ဝတ်လက်စားဝတ်ပြီး ရုပ်ရှင်မင်းသားပုံစံ ပေါက်နေသည်။ ထွန်းခင်ကို ကြည့်ရင်း သာမောင် စိတ်ဘဝင်မကျဘဲ ဖြစ်သွားမိသည်။

"ရှင်ဝိုင်း ရှိလား သာမောင်"

"ခင်ဗျား မျက်စိနဲ့ ခင်ဗျား သွားကြည့်ပါလား လာမမေးနဲ့"

လက်ထဲက ပုဆိန်ကို ဆုပ်ကိုင်ထားသော သာမောင်၏ တင်းမာသည့် မျက်နှာကို တွေ့လိုက်ရ၍ ထွန်းခင် ရှေ့စကားမဆက်ဘဲ အိမ်ပေါ်သို့တက်သွားသည်။

သာမောင် ထင်းဆက်ခွဲနေရသော်လည်း စိတ်ကမပါ။ အိမ်ပေါ်သို့ မသိမသာ လှမ်းကြည့်လိုက်မိသည်။

ရှင်ဝိုင်းနှင့် စကားလက်ဆုံကျပြီး ရယ်မောနေသည့် ထွန်းခင်။ ထွန်းခင် ပြန်သွားမှ သာမောင်ရင်ထဲက အပူလုံးကြီးတစ်ခု ကျသွားသလို ခံစားသွားမိသည်။

"ကိုသာမောင် နားဦးလေ၊ ပင်ပန်းနေပြီ၊ ရေနွေးကြမ်းသောက်လိုက်ပါဦး"

သာမောင်ထင်းခွဲနေစဉ် ရှင်ဝိုင်းက ဗန်းကလေးကိုင်ပြီး အနားတွင်ရပ်၍ ပြောလိုက်၍ သာမောင် ထင်းခွဲရင်း ရှင်ဝိုင်းကို မဝံ့မရဲကြည့်လိုက်ပြီး ထင်းခွဲခြင်းပေါ်တွင် ထိုင်လိုက်သည်။

"ရှင်. . ရှင်ဝိုင်း. . ထွန်းခင်နဲ့ ဘာတွေပြောနေတာလဲ"

သာမောင်၏ အမေးစကားကြောင့် ရှင်ဝိုင်းမျက်နှာလေးက ပြုံးစ ဖြစ်သွားသည်။ ပြီးတော့ သာမောင်ကို မဝံ့မရဲအကြည့်ဖြင့် လှမ်းကြည့်ကာ. .

"ရှင်ဝိုင်း အမှန်အတိုင်းပြောရရင် ကိုထွန်းခင်က အဖေ့ကို နားသွင်းနေတာ ကိုသာမောင်"

"အဲဒီတော့ ဘကြီးက ဘာပြောလဲ ရှင်ဝိုင်း"

"အဖေက ရှင်ဝိုင်းဘဝအတွက် ရှင်ဝိုင်း ဆုံးဖြတ်ဖို့ ခွင့်ပြုထားတယ်လို့ ပြောလိုက်တယ်"

သာမောင် ရှင်ဝိုင်း မျက်နှာလေးကို မဝံ့မရဲကြည့်ပြီး မိမိအဖြစ်ကို ပြန် တွေးမိရင်း သိမ်ငယ်သွားမိသလို ဖြ



www.burmeseclassic.com

www.burmeseclassic.com

သွားသည်။

"အင်းလေ ရှင်ဝိုင်းဘဝကို ရှင်ဝိုင်း ဆုံးဖြတ်တယ်ကြားလို့ ငါ ဝမ်းသာပါတယ်၊ ဒါပေမယ့် ငါ့ဘဝက အရက်သမားဆိုတော့ ဝိုင်းပယ်ခံခဲ့ရတယ်"

"အို ကိုသာမောင်ကလဲ စိတ်အား မငယ်စမ်းပါနဲ့၊ မိမိဘဝကို မိမိပဲ ပြုပြင်ရမှာမဟုတ်လား၊ ဘာမဆို အမှားအမှန်သိရင် တန်ဖိုးရှိလာမှာပါ၊ ရှင်ဝိုင်းက ကိုသာမောင်ကို အရက်သမားလို့ မမြင်ဘူး"

"ဘယ်လို ရှင်ဝိုင်း၊ ငါ့ကို အရက်သမားလို့ မမြင်ဘူး၊ ဟုတ်လား"

ရှင်ဝိုင်းစကားကို ထူးထူးခြားခြား ကြားလိုက်ရ၍ သာမောင် မယုံနိုင်အောင် ဖြစ်သွားမိသည်။ ရှင်ဝိုင်းကိုလည်း လေးစားသွားမိသည်။

"ဟုတ်တယ် ကိုသာမောင်၊ ရှင်ဝိုင်းဖတ်ဖူးတဲ့ စာအုပ်တွေထဲမှာ မိမိကိုယ်သာမိမိ အားကိုးရမှာ၊ ဘယ်သူမှ အားကိုးလို့မရဘူး၊ ကိုသာမောင် အရက်ကို စွန့်လွှတ်နိုင်မယ်ဆိုတာ ရှင်ဝိုင်း ယုံကြည်ပြီးသားပါ"

ရှင်ဝိုင်းက ပြောဆိုပြီး အိမ်ပေါ်တက်သွားမှ သာမောင် မိမိဘဝကို ပြန်စဉ်းစားကြည့်မိသည်။

သာမောင် စိတ်အလိုလိုက်ပြီး အရက်နှင့် ပျော်ပိုက်ခဲ့သည်မှာ နှစ်များစွာကြာခဲ့ပြီ။

"ငါ ငါ အရက်သမားဘဝကနေ လွတ်အောင် ကြိုး ကြိုးစားပါ့မယ် ရှင်ဝိုင်းရယ်"

သာမောင် စိတ်ဆုံးဖြတ်ချက်ချပြီး မိခင်ဒေါ်သင်းမေ မျက်နှာကို မြင်ယောင်သွားမိသည်။ သာမောင် ဆိုးခဲ့သမျှကို ခါးစည်းခံရင်း မေတ္တာမပျက်ခဲ့သည့် မိခင်ဒေါ်သင်းမေ။ သာမောင် ရှင်ဝိုင်းကို နှုတ်မဆက်နိုင် အိမ်သို့ ပြန်လာမိသည်။

"ဟင် အမေ နေမကောင်းဘူးလား"

သာမောင် အိမ်ပေါ်ရောက်တော့ အိပ်ရာထဲတွင် လှဲနေသည့် မိခင်ဒေါ်သင်းမေကို ရုတ်တရက်တွေ့လိုက်ရ၍ စိုးရိမ်စိတ်ဖြင့် အနားတွင်ထိုင်ပြီး မေးလိုက်သည်။

"ဟုတ်တယ် လူလေး၊ အမေ နေမကောင်းဖြစ်ချင်နေတယ်"

"ဒါ ဒါဆို ကျွန်တော် ဘကြီးသာလှကို သွားခေါ်ဦးမယ် အမေ မှိန်းနေဦးနော်"

သာမောင် အိမ်ပေါ်မှ အပြေးဆင်းပြီး ဆေးဆရာကြီး ဘကြီးသာလှကို အမြန်ဆုံးပင့်ပြီး ခေါ်လာခဲ့သည်။

ဘကြီးသာလှက ဒေါ်သင်းမေကို စမ်းသပ်ကြည့်ပြီး ဆေး တစ်ခွက်တိုက်မှ ဒေါ်သင်းမေ အိပ်ရာပေါ်တွင် မှိန်းနေတော့သည်။

"ပြောရရင်တော့ မင်းအမေရဲ့ ဝေဒနာက အတော်ကျွမ်းနေပြီ သာမောင်"

"ဗျာ အမေ့ရောဂါဟုတ်လား၊ အမေက ဘာရောဂါ ဖြစ်နေတာလဲ ဘကြီး"

"နာတာရှည် ရောဂါပေါ့ကွယ်၊ အနားမယူဘဲ အလုပ်ကို မနားတမ်းလုပ်တော့ ခန္ဓာကိုယ်ပင်ပန်းပြီး မခံနိုင်တဲ့ အဆုံး လဲတော့တာပေါ့ကွယ်၊ မင်းအမေ စိတ်ချမ်းသာအောင်နေပါ သာမောင်ရယ်"

ဘကြီးသာလှ ပြန်သွားမှ သာမောင် ဆေးတစ်ခွက်သောက်ပြီး အိပ်ပျော်နေရှာသည့် မိခင်ဒေါ်သင်းမေ၏ မျက်နှာကို ကြည့်လိုက်မိသည်။ သားဆိုး အမေ တပေပေဆိုသည့် စကားအတိုင်း သာမောင်ဆိုးခဲ့သမျှ မငြိုမငြင် လိုအင်ဖြည့်ခဲ့ရှာသည့် အမေ။

ဖြူဖွေးစပြုနေသည့် ဆံပင်နှင့် အတူ မျက်နှာပြင်ပေါ်တွင် လှိုင်းတွန့်ထနေသည့် ဇရာနိမိတ်များ။ သာမောင် မိခင်မျက်နှာကို အငေးသား လှမ်းကြည့်လိုက်မိရင်း မိမိအဖြစ်ကို ပြန်တွေးမိပြီး မျက်ရည်ဝဲလာမိသည်။

"ဟင် လူလေး ငို ငိုနေတယ်"

သာမောင်က မိခင်ဒေါ်သင်းမေ မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း မိမိအမှားများကို နောင်တရမိပြီး ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်နေမိသည်။ မိခင်ဒေါ်သင်းမေ အသံကြားမှ သာမောင် ပို၍ခံစားသွားမိသည်။

"ကျွန် ကျွန်တော့်ကြောင့် အမေ ခံစားခဲ့ရတဲ့ ဒုက္ခတွေကို ပြန်တွေးမိလို့ ကျွန်တော် အမေ့ကို သနားတယ်၊ ကျွန်တော့်အပြစ်တွေကို ခွင့်လွှတ်ပါ အမေရယ်၊ ဒီနေ့ကစပြီး ကျွန်တော် အမေ မကြိုက်တဲ့ အရက်ကို လုံးဝမသောက်တော့ဘူး၊ ကျွန်တော် အမေ့ကို လုပ်ကျွေးမယ်၊ အမေ အိမ်မှာပဲနေ၊ အမေ့ကျေးဇူးကို ဆပ်မယ်"

"အမေ ဝမ်းသာလိုက်တာ လူလေးရယ်"

မိခင်ဒေါ်သင်းမေက သာမောင် အဖြစ်ကို ရုတ်တရက်သိလိုက်ရ၍ ဝမ်းသာအားရဖြင့် သာမောင်ကို ရင်ခွင်ထဲသို့ ဆွဲယူပွေ့လိုက်သည်။

သာမောင် မိခင် ဒေါ်သင်းမေကို သိုင်းဖက်ထားရင်း ငိုရှိုက်နေဆဲဖြစ်သည်။

"မငို မငိုပါနဲ့တော့ လူလေးရယ်၊ အမေ မသေခင် လူလေး ခုလို အသိတရားရတာကို အမေ ဝမ်းသာလိုက်တာ လူလေးရယ်"

ဒေါ်သင်းမေက သာမောင်ကို ဖက်ရင်း ပါးပြင်ပေါ်သို့ စီးကျလာသည့် မျက်ရည်များ။ ဒေါ်သင်းမေ မျက်ရည် မသုတ်။ ဒီတစ်ခါ သာမောင်အတွက် ကျသည့် မျက်ရည်များက သာမောင် ကြွေးဟောင်းဆပ်သည့် ပီတိမျက်ရည်များပင် မဟုတ်ပါလား။

❒ သန့်စင်မွန်



www.burmeseclassic.com



# အဝိတ်နှမ်းရဲ့ လှမ်းငှေ့ရှမ်က မှန်သိဝေ

တောင်တွင်းကိုရင်ကြီး

www.burmeseclassic.com

အလွမ်း၏နိဒါန်း

အဖြူရောင် မီးခိုးခေါင်းတိုင်က ...ာင့်စပ်စပ်။ ခေါင်းတိုင်အဖျား ... မီးခိုးငွေ့လေးတွေက အူတယ် ... ဖြူဖြူကို ဖွေးလို့။ နောက်ခံ ...င် ကောင်းကင်ကြီးမှာတော့ ...င် တိမ်တိုက်တွေနဲ့ သာယာ ...င်လို့ နေလေရဲ့။

...တ်ဝန်းအိမ်အတွင်းက မျက် ...ကြောင့် မှုန်ဝါးဝေသီလို့နေ ...သေးထောင့်စပ်စပ် မီးခိုးခေါင်း ... မမှိတ်မသုန်ကြည့်နေသူက ...ခင်မောင်ညို။

...အကြာမှာတော့ အလိပ် ...လိပ်လိုက် တက်လာတဲ့ မီးခိုး ...တွေ။ ကောင်းကင်ပြာတောင် ...ထင့်။ မီးခိုးတွေက ဇေကာ ... ထက်ကောင်းကင်ယံကို ...တိုးအဝေးတစ်နေရာဆီကို

...ကြာ်- ဆရာက တစ်ယောက် ...တက်နေတာကိုး"

...ကို ရောက်လာတဲ့ တပည့် ...ယုဆွေအသံကြောင့် ကျလု ...ည်စကို မျက်တောင်ခပ်လို့

...

...ကွယ်၊ မင်းတို့ဆရာရဲ့ ...ကို ဆရာ မမြင်ရက်လို့" ...တို့နှစ်ယောက်က သိပ်ခင် ...

...သီတာက မေးလိုက်ပြန်

...ပေါ့ဟ၊ နင်ကလဲ ငါတို့ ...ဝက တို့ဆရာ နှစ် ...စ်အိမ်တည်း အတူတူ

"ဟုတ်တယ် မျိုးသီတာရဲ့၊ ဆရာ အိမ်ထောင်ကျတော့မှ မင်းဆရာနဲ့ ခွဲခဲ့ရတာ"

"ဆရာ ဟိုမှာ လင်းထင်ကျော်တို့ မြင့်မိုရ်သျှမ်းတို့ ထွက်လာကြပြီ"

လင်းထင်ကျော်တို့က ဆရာ့အနီးကို လျှောက်လာခဲ့ကြတယ်။

"ဆရာ ဒီမှာ ကျွန်တော်တို့ဆရာရဲ့ အရိုးပြာအိုး"

သေသေသပ်သပ် ထုပ်ပိုးထားတဲ့ အရိုးပြာအိုးကို ပြလိုက်ပါတယ်။

"မင်းပဲ ယူခဲ့ပါ လင်းထင်ကျော ရယ်၊ မင်းတို့ဆရာရဲ့ နောက်ဆုံးဆန္ဒအတိုင်း ဆရာတို့ မြစ်ထဲကို သွားမျှောပေးရအောင်၊ ကဲ လာ လာ သွားကြစို့"

အေးယုဆွေက လင်ခရူဆာကားလေးကို စက်နှိုးရင်း ဘေးက ဆရာဦးခင်မောင်ညိုကို မေးလိုက်ပါတယ်။

"ဘယ်ကို မောင်းရမလဲ ဆရာ"

"ဗိုလ်တထောင်ဘုရား ဆိပ်ကမ်းကို မောင်း သမီးရယ်"

ရေဝေးသုသာန်ထဲက ကားလေးက တရွေ့ရွေ့နဲ့ ဗိုလ်တထောင်ဘုရားဆီကို ထွက်လို့လာနေပါပြီ။

ဆရာ ဦးခင်မောင်ညိုက ကားရှေ့တည့်တည့် ကတ္တရာလမ်းကို စူးစိုက်ကြည့်နေပေမယ့် ဘာကိုမှ မြင်ဟန်မတူပါဘူး။ အတွေးတွေက တရိပ်ရိပ်နဲ့ လွန်ခဲ့တဲ့ နှစ်အစိတ် အတိတ်ဆီကို ရောက်နေပြီထင့်။

မျိုးသီတာက လက်ထဲမှာပါတဲ့ ယပ်တောင်လေးကို အမှတ်မဲ့ဖတ်လိုက်ပါတယ်။

ဆရာဦးအောင်ဆွေ(B.Sc Chem;)

အသက် (၄၅)နှစ်

⁂

**နိဒါန်းရဲ့အစ**

အောင်ဆွေနဲ့ ခင်မောင်ညိုတို့ စသိခဲ့ကြတာ ကြာတော့ ကြာခဲ့ပါပြီ။ အသက်(၁၇)နှစ်ကျော် အရွယ်ကပေါ့။ ကံဘဲ့ ဆရာအတတ်သင်ကျောင်းမှာ။ မက်ထရစ်စာမေးပွဲအောင်ပြီး နှစ်နှစ်သင်တန်းလာတက်ရင်း သိခဲ့ကြတာ။ ခင်မောင်ညိုက တောင်တွင်းကြီးသား။ အောင်ဆွေက ပန်းတနော်မြို့က။ ဆရာအတတ်သင်မှာ ဒီလိုပါပဲ။ အနယ်နယ်အရပ်ရပ်က လာတက်ကြတာဆိုတော့ ဆုံတတ်ကြပါတယ်။ အတန်းကတော့ မတူကြပါဘူး။ ဘာသာတွဲ မတူလို့။ အောင်ဆွေက သိပ္ပံတွဲ။ ခင်မောင်ညိုက ဝိဇ္ဇာ။

နှစ်နှစ်ဘီတီ ဆရာအတတ်သင်မှာ သိကျွမ်းခဲ့ကြပြီး ရေစက်ကြောင့်ပဲထင်ပါရဲ့။ အလုပ်ခန့်တော့ တစ်ကျောင်းတည်းမို့ ပိုလို့ ရင်းနှီးခဲ့ကြတယ်လေ။ နောက်တော့ ရန်ကုန်မြို့မှာ နားခိုရာမဲ့သူချင်းမို့ တစ်ယောက်ကို တစ်ယောက် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီနဲ့ အတူတူနေဖြစ်ကြပါရော။ တစ်ယောက်အခက်အခဲ တစ်ယောက်ကူညီရင်း တစ်ယောက်ကို တစ်ယောက် ဖေးဖေးမမနဲ့လေ။

နေမကောင်းထိုင်မသာ ဖြစ်တဲ့အခါ ညီအစ်ကို အရင်းထက်တောင် ပြုစုကြတာ ပိုလိမ့်ဦးမယ်။ ညီအစ်ကိုက တခြားပြုစုမယ့် မိဘရှိဦးမယ်။ သူတို့က နှစ်ယောက်တည်း။

သူငယ်ချင်းနှစ်ယောက် အတူတွဲပြီး သံယောဇဉ်တွေ တွယ်ခဲ့ပေမယ့် စရိုက်လက္ခဏာက အရှေ့နဲ့အနောက်။

ခင်မောင်ညိုက မျက်လုံးမှေးမှေး အသားမည်းမည်း။ အောင်ဆွေက အသားဖြူဖြူ တောက်ပတဲ့မျက်လုံးအစုံနဲ့။ ခင်မောင်ညိုက ရုပ်ဆိုးသလောက် အောင်ဆွေက ချောတယ်လို့ ပြောရမယ်။ နောက်ပြီး ခင်မောင်ညိုက လူသွက်။ အောင်ဆွေက လူအေး။ တစ်နေ့လုံးနေလို့ စကားဆယ်ခွန်းပြည့်အောင် ပြောတာ မဟုတ်ဘူး။

ကျောင်းမှာဆိုရင် ပထမဆုံးတပည့်တွေဖြစ်တဲ့ လင်းထင်ကျော်၊ မြင့်မိုရ်သျှမ်း၊ အောင်ကျော်မိုး၊ အေးယုဆွေ၊ မျိုးသီတာ၊ မကျင်ငွေဆိုတဲ့ တပည့်တွေနဲ့ဆိုတာ ခင်မောင်ညိုက တလုံးလုံး။ စာသင်လိုက် အသင်းလိုက် လှုပ်ရှားမှု





www.burmeseclassic.com

www.burmeseclassic.com

တွေ လုပ်လိုက်နဲ့။ အောင်ဆွေကတော့ ခင်မောင်ညို ပြောသမျှ ဘယ်တော့မှ မငြင်းခဲ့ပါဘူး။ အားလုံး လိုက်လုပ်တာ။

ကျောင်းက ဆရာတွေက သူတို့ နှစ်ယောက်ကို အဖေမတူ မအေကွဲ ညီအစ်ကိုတဲ့။ ဘာလို့များ ဒါလောက် ရင်းနှီးပါလိမ့်တဲ့။ ဘယ်နှယ့်ဗျာ အိပ် အတူ၊ စားအတူ၊ အလုပ်သွားအတူ၊ လုပ် သားများကောလိပ် တက်တော့လည်း အတူတူလေ။ လင်မယားတောင် အဲဒီ လောက် အတူတူနေချိန် ရှိမှာမဟုတ် ဘူး။ သံယောဇဉ်က တွယ်ကြပြီပေါ့။

သန့်စင်တဲ့ နှလုံးသား အစစ်နဲ့ လူသားနှစ်ယောက်ပဲဟာ။

အတူတူ နေခဲ့ကြပြီး သုံးနှစ် လောက်အကြာမှာတော့ ခင်မောင်ညို၊ အောင်ဆွေဘဝအကြောင်းကို တစ်စွန်း တစ်စ သိခဲ့ရတယ်။

တစ်နေ့တော့ အောင်ဆွေက-

"တနင်္ဂနွေနေ့အားလား၊ ရွှေတိဂုံ ဘုရားသွားမလို့"

"ဘုရားသွားမှာများကွာ၊ လိုက် တာပေါ့"

"တစ်နေကုန်မှာနော်"

အောင်ဆွေက အတည်အတံ့။ အေးအေးဆေးဆေး ပြောနေတာ။

"ဟာ အောင်ဆွေ ထူးထူးခြား ခြား အရစ်ရှည်လှပါလား၊ တစ်နေ့မက လို့ နှစ်နေကုန်ဦးမလား ရတယ်"

"အေးပါ၊ အေးပါ"

ဒါက အမြဲတမ်းအောင်ဆွေရဲ့ နောက်ဆုံးစကား။

တနင်္ဂနွေနေ့။ ရွှေတိဂုံဘုရား ပေါ်မှာ လူစည်ကားနေပါတယ်။ ရုံးပိတ် ရက် ကျောင်းပိတ်ရက်ဆိုတော့ ထုံးစံ အတိုင်း ရွှေတိဂုံ၊ ကန်တော်ကြီးနှင့် တိရစ္ဆာန်ရုံတို့မှာ လူစည်ကားမြဲလေ။

အောင်ဆွေက နောင်တော်ကြီး ရင်ပြင်ပေါ်မှာ ပုတီးစိပ်နေပါတယ်။ ခင်မောင်ညိုကတော့ စာတစ်အုပ်နဲ့ ချမ်းသာကြီးတန်ဆောင်းထဲမှာ။ သူက စာအုပ်နဲ့တွေ့လို့ကတော့ ထမင်းဟင်း သာမက အရာရာကို မေ့တတ်သူ တစ်ယောက်။ ဆရာကြီး ရွှေဥဒေါင်းရဲ့ ဘဝတစ်သက်တာမှတ်တမ်းနဲ့ အတွေး အခေါ်များဆိုတဲ့ စာအုပ် ပထမတွဲ။ ဖတ်လိုက် မျက်စိမှိတ်ပြီး စဉ်းစားလိုက်။ မှင်နီနဲ့ မှတ်ချင်တာတွေ မျဉ်းတားလိုက်။ ခင်မောင်ညို အရာရာကို မေ့နေပြီ။

"သွားကြစို့ သူငယ်ချင်း"

အသံကြားလို့ မော့ကြည့်လိုက် တော့ အောင်ဆွေ။ နာရီကို ကြည့် လိုက်တော့. . .

"ဟင် ၃ နာရီတောင် ထိုးနေပြီ"

"ဟုတ်တယ်၊ ဗိုလ်တထောင် ဘုရားကို သွားဦးမယ်နော်"

"သွားလေ၊ သွားပေါ့"

ဗိုလ်တထောင်ဘုရားကို ရောက် တော့ ခင်မောင်ညို ဘုရားဦးချလို့ပြီး ချိန်အထိ အောင်ဆွေက ဝတ်ပြုနေဆဲ။ နှုတ်ကလည်း တရွရွနဲ့ ဘာဆုတွေများ တောင်းနေပါလိမ့်လို့ ခင်မောင်ညို ထင် မိသေးရဲ့။ အောင်ဆွေ ဘုရားရှိခိုးပြီး ချိန်မှာတော့ ညနေတောင် စောင်းနေပါ ပြီ။

ဗိုလ်တထောင်ဘုရားပေါ်က ဆင်းပြီး အိမ်ဘက်မပြန်သေးဘဲ ဗော တံတားဘက်ဆင်းသွားလို့ ခင်မောင်ညို လိုက်ခဲ့ရပြန်တယ်။ ဗောတံတားပေါ်က လူရှင်းတဲ့နေရာလေးမှာ ထိုင်ခဲ့ကြတယ် လေ။ ဆားငန်ရေငွေ့ပါတဲ့ လေနုအေး က မြစ်ရေပြင်ကို ဖြတ်လို့တိုက်ခတ်လာ တာကြောင့် လူက လန်းလန်းဆန်းဆန်း ရှိလာပါတယ်။ အမောကိုပြေလို့။

အောင်ဆွေကို ကြည့်လိုက် တော့ ငေးငေးငိုင်ငိုင်နဲ့ ငြိမ်ချက်သား ကောင်းနေလိုက်တာ။ ပဇ္ဇူပွန်နဲ့ အဆက် ပြတ်နေဟန်။ ခဏအကြာမှာတော့ မတ်တတ်ရပ်လိုက်ပြီး လွယ်အိတ်ထဲက တစ်စုံတစ်ရာကို ထုပ်ယူလိုက်ပါတယ်။

"ဟင် ပုလင်းတစ်လုံးပါလား"

ခင်မောင်ညို ကြည့်နေဆဲမှာ အောင်ဆွေ တစ်ယောက် နှုတ်က တတွတ်တွတ် ဘာတွေ ရွတ်နေမှန်း တော့ မသိ။ ဗောတံတားအစွန်း[illegible] တဖြည်းဖြည်း လျှောက်သွားပြီး လက်[illegible] က ပုလင်းကို ရေထဲ အသာအယာ မျှောချပေးလိုက်ပါရော။ ဘာတွေလုပ်[illegible] တာပါလိမ့်။ ခင်မောင်ညို အံ့အားသင့် လို့။

ပြီးတော့ ခင်မောင်ညိုဆီ ပြ[illegible] လာပါ[illegible]ယ်။ အောင်ဆွေ့မျက်နှာတစ်[illegible] လုံး နီမြန်းနေပါပြီ။ ကျလုဆဲဆဲ မျက်[illegible] ရည်တို့ကို ထိန်းထားဟန်။ မျက်တောင် တဖျပ်ဖျပ်နဲ့။ ပြီးတော့မှ . . .

"လာကွာ အရက်သွားသောက်[illegible] အောင်" တဲ့။

ဒီလိုနဲ့ အရက်ဆိုင် ထိုင်ဖြစ်[illegible] တယ်။ အမောပြေတစ်ခွက်တစ်[illegible] စီ မော့ပြီးတဲ့နောက် အရှိန်လေးရလာ[illegible] ဆိုမှ ခင်မောင်ညိုက စကားစလို[illegible] တယ်။

"နေစမ်းပါဦးကွ၊ ဒီနေ့ မင်းလုပ်[illegible] တွေက ထူးထူးဆန်းဆန်းတွေချည်[illegible] ပါလား၊ ဘုရားတွေသွား၊ အားရပါး[illegible] ဝတ်ပြုဆုတောင်းပြီးတော့ အရက်ဆိုင် ရောက်နဲ့ ငါတော့ ဘာမှနားမလည် တော့ဘူး"

"ဒါဆိုလဲ မင်းနားလည်အောင် ငါ ရှင်းပြရတော့မှာပေါ့၊ ဒီနေ့လုပ်တာ တွေ အားလုံးက ငါရဲ့ အတိတ်[illegible] ကြောင်းနဲ့ ဆက်စပ်နေတာကွ၊ ပြော[illegible] ရင်တော့ ဒီလို. . ."

*

**အတိတ်နွမ်း**

"လွှသမားများ လွှဆွဲနေကြ[illegible]
ခွန်အားကြီးလှချေလား၊
စားစရာယူလာပါ"

ယင်းယိုချောင်းနံဘေး [illegible] တော်ကြီးသင် မူလတန်းကျောင်း[illegible] ကျောင်းသား၊ ကျောင်းသူများရဲ့ [illegible] သံက ညံစီလို့ နေပါတယ်။

"ဖြန်း. . ဖြန်း. . ဖြန်း"

ဆရာမက စားပွဲ[illegible] ကြိမ်[illegible] ရိုက်လိုက်သံကြောင့် တစ်ကျောင်း[illegible] တိတ်ဆိတ်သွားလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com

"အားလုံး သုံးပုဒ်စီ ကူးရေးကြမယ်"

ဆရာမ စကားဆုံးတာနဲ့ တစ်တန်းလုံး စာအုပ်ထုတ်ကြ၊ ခဲတံရှာကြနဲ့။ ကူးရေးတော့မယ်ပေါ့။

"အောင်ဆွေ နင့်မှာ ခဲတံ အပိုပါလား၊ ငါ့ခဲတံ ကျိုးသွားလို့"

"ပန်းအိမ်ကတော့လုပ်ပြီ၊ မပါဘူး၊ ပေး ပေး နင့်ခဲတံ ငါချွန်ပေးမယ်"

ပန်းအိမ်ကို သူ့ခဲတံပေးလိုက်ပြီး အောင်ဆွေက ခဲတံချွန်နေပါတယ်။

"အောင်ဆွေ စာမရေးဘဲ ဘာလုပ်နေတာလဲ"

"ခဲ ကျိုးသွားလို့ ချွန်နေတာပါ၊ ရေးပါ့မယ် ဆရာမ"

"စာရေးခိုင်းရင် အမျိုးမျိုးပဲ၊ မြန်မြန်လုပ်"

အောင်ဆွေ ခဲတံအမြန်ချွန်ပြီး စာရေးနေလိုက်ပါတယ်။

"ဂလောင် ဂလောင် ဂလောင် ဂလောင်"

"ဟေး"

ကျောင်းဆင်းခေါင်းလောင်းသံ အဆုံးမှာ "ဟေး" ခနဲအော်လို့ ပျော်ရွှင်စွာ ပြေးထွက်လာရတာ့ အရသာပါ။

ပန်းတနော်မြို့အပိုင်မှာ ယင်းယိုရွာကလေးကို ယင်းယိုချောင်းနံဘေးမှာ တည်ထားပါတယ်။ အိမ်ခြေ အစိတ်၊ သုံးဆယ်လောက်နဲ့ ရွာတန်းရှည်လေး။ ယင်းယိုရွာထိပ်မှာ ဘုန်းကြီးကျောင်းနဲ့ စေတီတစ်ဆူ။ ယင်းယိုချောင်းတစ်ဖက်ကမ်းမှာတော့ သချိုင်းနဲ့ လယ်တွေ မျက်စိတစ်ဆုံးပါပဲ။ တစ်ရွာလုံးက လယ်လုပ်ငန်းနဲ့ ရေလုပ်ငန်းလုပ်ပြီး အသက်မွေးကြတာ။

အောင်ဆွေနဲ့ ပန်းအိမ်တို့ မိဘတွေက လယ်သမားတွေ။ လယ်ချင်းလည်း နီးကြတယ်။ လယ်ပိုင်တော့ မဟုတ်ပါဘူး။ လယ်ပိုင်ရှင်တွေက ပန်းတနော်မြို့ပေါ်မှာ။ ကလေးဘဝကစလို့ အတူနေခဲ့တဲ့ အောင်ဆွေနဲ့ ပန်းအိမ်တို့ စတုတ္ထတန်းအောင်ချိန်မှာတော့ တတွဲတွဲနေလို့ မရနိုင်တော့ဘူး။ အောင်ဆွေကို အဖေက ပန်းတနော်မြို့ပေါ်တက်ပြီး ကျောင်းဆက်ထားတော့မှာ။

အောင်ဆွေ မြို့ကိုသွားမယ့်နေ့က ပန်းအိမ်ကို နှုတ်ဆက်တော့. . .

"ကျောင်းပိတ်ရက်ကို မျှော်နေမယ်" တဲ့။

❋

ယင်းယိုရွာနဲ့ ပန်းတနော်မြို့က တော်တော်လေးဝေးတာ။ ယင်းယိုက လှေနဲ့လာရင် ငါးနာရီလောက် လှော်ပြီးမှ ပန်းတနော်နဲ့ သုံးမိုင်လောက်ကွာတဲ့ ကမ်းနားဆိပ်ကို ရောက်တာ။ ဆက်ပြီး ပန်းတနော်မြို့ရောက်အောင် မြင်းလှည်းစီးရင်စီး၊ မဟုတ်ရင်တော့လမ်းလျှောက်။ မိုးတွင်းဆို လမ်းက ဆိုးသေးတယ်။

အောင်ဆွေတစ်ယောက် ပန်းတနော်မြို့ပေါ်က အဖေ့လယ်ပိုင်ရှင် အိမ်မှာ နေရင်း ပညာဆက်သင်ခဲ့ရတာ။ လိမ္မာရေးခြားရှိတဲ့ အောင်ဆွေကို အားလုံးက ချစ်ကြပါတယ်။

ဒါပေမဲ့ အောင်ဆွေက ရွာကို လွမ်းလိုက်တာ။ တစ်သက်လုံးနေတဲ့ အရပ်ဖြစ်တဲ့အပြင် အမှတ်ရစရာက ပန်းအိမ်။ အင်းတဲသွားပြီး ကြာပန်းခူးခဲ့တာတွေ၊ လသာညတွေမှာ ရွှေရည်ဝင်းနေတဲ့ ရွာလမ်းမကြီးမှာ ဆော့ကစားခဲ့တဲ့ ပုံရိပ်တွေက မှတ်မှတ်ထင်ထင်။ မေ့လို့ကို မရနိုင်ခဲ့ပါဘူး။

အခုတော့ အောင်ဆွေ တစ်ယောက်တည်း။

ကျောင်းပိတ်ရက်တွေကတော့ အောင်ဆွေ့အဖို့ အပျော်ဆုံးနေ့တွေ။ တစ်ရက်မဆိုင်းဘဲ ရွာကိုပြန်တာ။ ပြီးတော့ ပန်းအိမ်နဲ့အတူ ယင်းယို တစ်ဖက်ကမ်းလယ်တောတွေထဲကို ပြေးကြလွှားကြ။ အဖေတွေရဲ့ လယ်စောင့်တဲတွေဆီ ထမင်း အတူသွားပို့ကြနဲ့။

အောင်ဆွေ ငှက်လိုက်ပစ်တော့လည်း ပန်းအိမ်က နောက်က။ အင်းထဲကို လှေတစ်စင်းနဲ့ရောက်ပြန်တော့ ငါးမျှားကြ၊ ကြာပန်းခူးကြနဲ့ ပျော်လိုက်တဲ့ဖြစ်ခြင်း။ နိဗ္ဗာန်ဘုံပါပဲ။ နိဗ္ဗာန်ဘုံက ဆင်းပြန်တော့ ငရဲ ရောက်ပြန်ရော၊ အင်္ဂလိပ်စာတွေကိုလည်း မြို့ကျောင်းသားတွေလို လျှာသွက် အာသွက်မရှိ။ အဝတ်အစားကျပြန်တော့လည်း လိုက်လို့မမီ။ အားငယ်လွန်းလို့ ငါးတန်းနှစ်ကများ ထွက်တောင်ပြေးလိုက်ချင်ပါရဲ့။

ဒီလိုနဲ့ပါပဲ အောင်ဆွေ ဒသမ်းဒယိုင်၊ ခနော်ခနဲ့ ဘဝနဲ့ အဋ္ဌမတန်း ရောက်ခဲ့ပါရော။ အဋ္ဌမတန်းမှာ ရှင်မဟာရဋ္ဌသာရရဲ့ ဆုံးမစာ ကဗျာလေးကို အလွတ်ကျက်ခဲ့ရပါတယ်။

"စာသင်ဟူက၊ ကျမ်းထိုမျှကို
တွေ့ကမရှောင်၊
ကြောင်ပုစွန်စား
ကြွပ်ကြွပ်ဝါးသို့၊
လွှသွားပမာ
ကျောက်ထက်စာသို့၊
ကြံဆောင်လေ့ကျက်
အနက်အဓိပ္ပာယ်၊
နှုတ်တယ်ရွရွ
ကြိုးပမ်းကလျှင်၊
ပညာရှင်ဟု
မထင်မပေါ်၊
မကျော်စောဘဲ
တီမှာလွဲအံ့"

သည်ကဗျာကို အလွတ်ကျက်ခဲ့ပြီး အောင်ဆွေ သဘောပေါက်ပါပြီ။ တကယ်ကြိုးစားသူဟာ အောင်မြင်မှုကို မလွဲမသွေ ရမယ်ဆိုတာပေါ့။

အောင်ဆွေ ရှစ်တန်းနှစ်ကစလို့ စာကို အပြတ်အသတ် ကြိုးစားလိုက်တာ ပတ်ဝန်းကျင်ကတောင် အောချလောက်ပေရဲ့။

❋

အခုတော့ ယင်းယိုမှာ တောပန်းလေး မပန်းအိမ်။ ငုံရာမှ ဖူး၊ ဖူးရာမှ ပွင့်ခဲ့ပြီကော။ အရောင်စုံ အသွေးနဲ့ ငွားငွားစွင့်စွင့် အလှဆုံး ဖူးဖူးပွင့်နေချိန်မို့ ပျားပိတုန်းတို့က ပျံချင်ဝဲချင်နဲ့ပေါ့။ လေအတိမ်းမှာ ယိမ်းနွဲ့မြောက်တောင် ကကြိုးအစုံနဲ့ လောကကို အလှဆင်နေ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ တောပန်းအလှလေး မပန်းအိမ်က သူ့ရဲ့ မေတ္တာဂေဟာလေးထဲမှာ ခိုနားခွင့်ပြုလိုက်သူကတော့ အောင်ဆွေ။

စိမ်းညို့ညို့ မှောင်နေတဲ့ လယ်ကွင်းထဲက လယ်စောင့်တဲကလေးက ချစ်သူနှစ်ဦးအတွက် ရွှေခရီးကို ဆွေးနွေးလေ့ရှိတဲ့ ရိပ်သာလေးပါ။ တဲလေးဘေးမှာ ကြာဖြူတွေ၊ ကြာနီတွေ၊ ကြာညိုတွေ တဲနဲ့သာ ပန်တင့်တာ မဟုတ်ဘူး။ ချစ်သူနှစ်ယောက်နဲ့လည်း လိုက်ဖက်ပေရဲ့။

"ပန်းအိမ် ငါဆယ်တန်းအောင်ရင် ဆရာဖြစ်အောင် ကြိုးစားမယ်၊ ငါကျောင်းဆရာဖြစ်လာရင် နင်က ဆရာကတော်ပေါ့၊ ငါ့ဘေးမှာ ရေပူရေချမ်းကမ်းလှမ်းရင်းလေ"

ပန်းအိမ်က ရှက်ပြုံးလေးနဲ့ ခေါင်းငုံ့ရင်း ဝါးကြမ်းအခင်းကို လက်သည်းနဲ့ခြစ်လို့။ ပြီးမှ တိုးတိုးလေး. .

"အဲဒါက ဘယ်နှနှစ်ကြာဦးမှာလဲဟင်"

"ဩော်. . ဆယ်တန်းတစ်နှစ်၊ သင်တန်းက နှစ်နှစ်ဆိုတော့ သုံးလေးနှစ်ပေါ့၊ အများဆုံး ငါးနှစ်ပဲ"

"ငါးနှစ်တောင်နော်"

ပန်းအိမ်ရဲ့ အနက်ရှိုင်းဆုံး နှလုံးသားနေရာကို ထိုးဖောက်လို့ အောင်ဆွေ မြင်လိုက်ပါပြီ။ ပန်းအိမ်ရဲ့ လက်ဖျားလေးကို အားပေးစိတ်နဲ့ ဖျစ်ညှစ်ဆုပ်ကိုင်လိုက်တော့ ပန်းအိမ်က ရှက်ပြုံးလေးနဲ့ အောက်နှုတ်ခမ်းအဖျားကို ကိုက်လိုက်မိရဲ့။

"ငါးနှစ်တည်းပါ ပန်းအိမ်ရယ်၊ ငါးနှစ်စောင့်ပြီးရင် နောင်နှစ်ပေါင်းများစွာ အိုတဲ့ မင်းတဲ့အထိ မခွဲကြဘူးနော်၊ အရိုးပြာမြေကျတဲ့ အထိလေ"

ပန်းအိမ်က ပြုံးလိုက်ပါတယ်။ ပန်းအိမ်ရဲ့ အပြုံးထဲမှာ မေတ္တာငွေလေးတွေနဲ့ မျှော်လင့်ချက်ရောင်ခြည်ကြောင့် ထင်ပါရဲ့။ မျက်ဝန်းအစုံက ရွှန်းလဲ့တောက်ပြောင်လို့။

*

အောင်ဆွေ ဆယ်တန်းအောင်ခဲ့ပါပြီ။ တစ်ကျောင်းလုံးမှာ ဆယ်တန်းအောင်သူက လက်ချိုးရေလို့ ရနိုင်တာဆိုတော့ တက္ကသိုလ်ဆက်တက်ဖို့ တိုက်တွန်းကြပေမယ့် အောင်ဆွေက ဆရာအတတ်သင် တက်မယ်လို့ပဲ ဆုံးဖြတ်ခဲ့တယ်။ ကျောင်းဆရာဘဝနဲ့ ပန်းအိမ်ကို လက်တွဲပြီး ရွှေခရီးကို လျှောက်လှမ်းတော့မယ်ပေါ့။

ဒီလိုနဲ့ အောင်ဆွေ ရန်ကုန်-ကံဘဲ့ ဆရာအတတ်သင်မှာ နှစ်နှစ်သင်တန်း တက်ခွင့်ရခဲ့ပါပြီ။ ရန်ကုန်မြို့ကြီးကို သွားရတော့မှာ။

ကွင်းပြင်တစ်ခုလုံး ရေတွေဖွေးလို့။ မျက်စိတစ်ဆုံးပါပဲ။ ယင်းယိုချောင်းကလေးလည်း ရေအပြည့်နဲ့။ ထမင်းတောင်းကို လှေပေါ်တင်ရင်း လှေဦးမှာတော့ မပန်းအိမ်။ ရေပြင်ကို ဆော့ကစားရင်း ရေစက်ရေပေါက်လေးတွေနဲ့ ချစ်သူအောင်ဆွေကို ဖျန်းပက်ကျီစယ်လို့။ ပဲ့ပိုင်းမှာ လှေကိုလှော်ခတ်နေတဲ့ အောင်ဆွေက ကြည်နူးမှုအပြည့်နဲ့ ချစ်သူကို တစိမ့်စိမ့် ကြည့်မဝခဲ့။ လယ်တဲက အဖေ့ဆီကို ထမင်းပို့သွားခဲ့ကြတာ။

အဖေတို့ ထမင်းစားပြီး လယ်ထဲပြန်ဆင်းသွားတော့ တဲကလေးပေါ်မှာ ချစ်သူနှစ်ဦး။

"မနက်ဖြန် သွားရတော့မှာနော်"

ပန်းအိမ်က ပန်းကန်တွေကို တောင်းထဲထည့်ရင်း မေးလိုက်တော့. .

"ဟုတ်တယ် ပန်းအိမ်၊ နှစ်နှစ်နော်၊ နှစ်နှစ်တည်း ကျန်တော့တာ"

"အင်းပါ အောင်ဆွေရယ်၊ ပန်းအိမ် လက်ချိုးရေပြီး စောင့်နေမယ်နော်"

နှစ်ဦးသား လှေပေါ်တက်ပြီး လယ်ထဲမှာ ထွန်နေတဲ့ အဖေ့ကို လှမ်းအော်နှုတ်ဆက်လိုက်တယ်။

"အဘရေ သမီးတို့ ပြန်တော့မယ်၊ မိုးလွတ်အောင်လို့"

"အေး အေး. . . မြန်မြန်ပြန်ကြနော်"

လှေကလေးက ချစ်သူနှစ်ဦးကို သယ်ဆောင်လို့ ရွာဆီကို ဦးတည်ခဲ့ပါပြီ။ အနောက်တောင်အရပ်မှာ မိုးသား တွေက တလိပ်လိပ်နဲ့။

ငွေဗျိုင်းဖြူနှစ်ကောင်က ဘယ် အရပ်ဆီမသိ ပျံသန်းလို့နေဆဲ။ မိုး ကျလာပြီ။ တစ်ပေါက် နှစ်ပေါက် မ တော့ဘူး။ သဲသဲမဲမဲ ရွာတော့မှာ။

"ပန်းအိမ် မိုးရွာတော့မယ်"

"ဟုတ်ပါရဲ့"

ဘေးဘေးဘီဘီကို ကြည့်လို တော့. . .

"ဟိုမှာ ဘကြီးဖြိုးတို့တဲ"

မိုးခိုလိုလို့ တဲဆီရောက်အောင် အမြန်လှော်လိုက်ပါတယ်။

တဲကို ရောက်တော့. . .

"ဟင် တစ်ယောက်မှ မရှိဘူး"

"ဟယ် ဟုတ်သားပဲ ဘကြီး လယ်ထဲ မဆင်းတာ၊ နေမကောင်း အမေတောင် ဘကြီးကို ကွမ်းရွက်ပြ ရည်နဲ့ ငန်းနီသွားတိုက်သေးတာ"

"ကဲပါ ပန်းအိမ်ရယ်၊ မိုးစဲ သွားကြတာပေါ့"

လယ်စောင့်တဲလေးထဲမှာ ဖြန်ဆို ခွဲခွာရတော့မယ့် ချစ်သူ ယောက်။ မိုးကလည်း အငြိုးကြီးကြီး တအုန်းအုန်း၊ ပတ်ဝန်းကျင် တစ် အမှောင်ကျလို့။ အချစ်ဆိုတာက ထက်များ မှောင်နေမလားဘဲလေ

*

အောင်ဆွေ ဆရာအတတ် ကျောင်းရောက်ခဲ့တာ နှစ်လလော ပါပြီ။ ရောက်စကလိုတော့ မဟု ဘူး။ နည်းနည်းတော့ အသားကျ

ယင်းယိုကိုတော့ ပန်း အိမ်ကတစ်ဆင့် စာတစ်စောင်ရေ သေးတယ်။ ပန်းတနော်ကနေ ရှိဦးမှ။ တစ်ဆင့်ဆိုတော့ အင်း- သား။ ရွာနဲ့က ဆက်သွယ်ရေး တော်ခက်တာကလား။

သင်တန်းသာ တက်နေရ ယင်းယိုနဲ့ ပန်းအိမ်ကို လွမ်းလို





www.burmeseclassic.com

www.burmeseclassic.com

များ ပြောမပြတတ်အောင်ပါပဲ။ လသာ ညတွေမျှားဆို အဆောင်ပေါ်က နေပြီး ဝိုင်းစက်နေတဲ့ လမင်းကြီးကို ငေးရင်း ရွှယ်လယ်လမ်းပေါ်မှာ ဆော့ကစားခဲ့တဲ့ အသံတွေကို ကြားယောင်မိသေး။ ပန်းအိမ်ရဲ့ အသံစာစာလေး။ နားထဲကကို မထွက်တော့။ လှေတစ်စင်းကို နှစ်ယောက်အတူ လှော်ခတ်ရင်း အင်းထဲမှာ ချစ်ကြည်နူးခဲ့ရတဲ့ ပုံရိပ်တွေက ဖျောက်ဖျက်ရခက်လိုက်တာမျှား။ ပန်းအိမ်ရှိတဲ့ ယင်းယိုကို ချက်ချင်းထပြေးချင်မိပါရဲ့။

ချစ်သူကို ပက်ဆွဲလို့ စပါးကွင်းကြီးကို ဖြတ်ဦး လယ်စောင့်တဲဆီ အပြေးသွား ့ကြုံပုံတွေက ရုပ်ရှင်ပြကွက်တစ်ခုလို အတွေးကမ္ဘာမှာ တရိပ်ရိပ်ပေါ့။ တစ်ယောက်တည်း ဆောက်တည်ရာမရလို့ ကျောင်းနောက်ကိုလာလိုက်တာ ကွင်းကြီးပါလား။ ဗျိုင်းဖြူဖြူနှစ်ကောင်က အစာရှာနေတယ် ထင်ပါရဲ့။

"ဗျိုင်းကလေးတွေရေ ယင်းယိုရောက်ရင် ငါ့ချစ်သူပန်းအိမ်ကို ပြောလိုက်ပါကွာ၊ ကိုယ်အရမ်းလွမ်းနေပြီလို့"

တစ်ယောက်တည်းမို့ စိတ်လွတ်ကိုယ်လွတ်အော်ဟစ်လိုက်မိတယ်။ ရင်ထဲမှာ နည်းနည်းပေါ့သွားသလိုပါပဲ။ အောင်ဆွေ တစ်ယောက်တည်း ရူးနေတာ။

"အင်းပါ အောင်ဆွေရယ်၊ ပန်းအိမ် လက်ချိုးရေပြီး စောင့်နေမယ်နော်"

ပန်းအိမ် သူ့နောက်နား ရောက်လာပြီး ပြောလိုက်သလိုလို။

မတတ်နိုင်တဲ့အဆုံး ပန်းအိမ်ကို လွမ်းလှကြောင်း နောက် စာတစ်စောင်ရေးလို့ ထည့်လိုက်မိပြန်ပါတယ်။ ပန်းအနော်ကိုပါပဲ။ ရောက်၊ မရောက်ကတော့ ကမ္ဘာသကာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ကျောင်းပိတ်လို့ကတော့ ပြန်ကိုပြန်မယ်ပေါ့။ ကျောင်းပိတ်ရက်နီးတော့ အောင်ဆွေ ယောက်ယက်ခတ်လို့။ ပန်းအိမ်အတွက် ပါတိတ်လုံချည်၊ နှုတ်ခမ်းနီးဆေး၊ ပေါင်ဒါ၊ မိန်းကလေးသုံးပစ္စည်းတွေ တတ်သရွေ့ မှတ်သရွေ့ဝယ်ထားလိုက်ပါပြီ။

အောင်ဆွေ အတွေးနဲ့ကို တော်တော်ပျော်နေပြီ။

တစ်နေ့. . .

လုံး၁ မျှော်လင့်မထားတာ။ ဆရာအတတ်သင်ကို အဖေရောက်လာပါတယ်။ အောင်ဆွေမှာ အံ့သြဝမ်းသာစိတ်နဲ့ပေါ့။

"ဟင် အဖေ၊ လာ လာ"

"အေး အရေးကြီးလို့လိုက်လာတာ"

"အားလုံး နေထိုင်ကောင်းရဲ့လား၊ ကျွန်တော် စာနှစ်စောင်ထည့်ထားတယ်၊ မရဘူးလား"

"စာတော့ မရသေးဘူး၊ အားလုံးက နေထိုင်ကောင်းပါတယ်၊ လာပါကွာ တစ်နေရာသွားရအောင် အေးအေး ဆေးဆေး စကားပြောချင်လို့"

အဖေနဲ့ ရွှေတိဂုံဘုရားရောက်လို့ ဘုရားဖူးပြီး လူရှင်းတဲ့ တစ်နေရာမှာ အဖေက စကား စပြောလာတယ်။

"သားနဲ့ ပန်းအိမ်တို့ အခြေအနေကို အဖေတို့ မိဘတွေ ရိပ်မိကြတယ်၊ နှစ်ဖက်စလုံးက သဘောကျလို့ ဘာမှမပြောခဲ့တာ"

"ဟုတ်ကဲ့ အဖေ၊ ပန်းအိမ်ကော နေကောင်းရဲ့လား"

"ပန်းအိမ် ဆုံးပြီ သားရဲ့"

"ဗျာ ပန်းအိမ်ဆုံးပြီ"

"ပန်းအိမ် ဆုံးပြီ"

" ပန်းအိမ် ဆုံးပြီ"

ဆိုတဲ့ အသံက နားမှာ ပဲ့တင်ထပ်ပြီး ခေါင်းနားပန်းကြီးလို့ ဆံပင်တွေ တောင် ထောင်ထသွားတယ် ထင်မိတယ်။

"အဖေ ဘာပြောတယ်"

"ဟုတ်တယ်သား၊ ပန်းအိမ် မရှိတော့ဘူး၊ ပိုးသတ်ဆေးတွေသောက်ပြီး သူ့ကိုယ်သူ သတ်သေသွားတာ"

"ဗျာ သူ့ကိုယ်သူ သတ်သေတယ် ဟုတ်လား"

"ဟုတ်တယ် ဘာအကြောင်းကြောင့်ဆိုတာ မသိရဘူးကွ၊ စာလေးဘာလေး ရေးထားတာလဲ မတွေ့ရဘူး ပြီးတော့ ပန်းအိမ်မှာ ကိုယ်ဝန်ရှိနေသလိုလို ပြောကြတယ်"

"ဗျာ ကိုယ်ဝန်ရှိနေသလို. . ."

"အေးကွာ၊ အဲဒါသာ အမှန်ဆိုရင် အဖေ သားကိုမေးမယ်၊ သားနဲ့ ပန်းအိမ်များ. . ."

"အဖေရယ် သားတို့ မှားမိပါတယ်၊ တစ်ကြိမ်တည်းပါ၊ ဒီလိုဖြစ်မယ် မထင်မိဘူး၊ ပန်းအိမ်ရယ် မိုက်လိုက်တာ၊ လူကြီးတွေကိုပြောတာမဟုတ်ဘူး၊အဖေ ကျွန်တော့်ကိုသာ သတ်လိုက်ပါတော့၊ ကျွန်တော် ပန်းအိမ်ကို တကယ် ချစ်တာပါ. . . ဟီး ဟီး ဟီး ဟီး"

အောင်ဆွေ စိတ်မထိန်းနိုင်တော့။

အဖေ့ရင်ခွင်ကို မျက်နှာအပ်လို့ အားရပါးရ ရှိုက်ကြီးတငင် ငိုကြွေးနေမိလေရဲ့။

"အခုလို အဖေ သိရတော့ ကလေးတွေရဲ့ အမှားကို ခွင့်လွှတ်ဖို့ ပန်းအိမ်မိဘတွေကို တောင်းပန်ရတော့မှာပေါ့၊ သူတို့တွေက မင်းကို တော်တော်ချစ်တာ၊ အခုထိ အပြစ်မပြောကြဘူး၊ ပန်းအိမ်ရဲ့ အသုဘက ရက်လည်ပြီးသွားပြီ၊ ယင်းယိုချောင်းဘေးက သုသာန်မှာပဲ သင်္ဂြိုဟ်ခဲ့တာ"

※

"ကဲ ခင်မောင်ညို၊ ငါ့လောက်မိုက်မဲပြီး ချစ်သူအပေါ်မှာ ရက်စက်ခဲ့တဲ့လူ လောကမှာ ရှိဦးမှာလားကွာ၊ ငါ့ချစ်သူသေရတာ ငါ့ကြောင့်ကွ၊ ငါ ဘယ်လိုဖြေရမှာလဲ၊ ဒီနေ့ ပန်းအိမ်သေတာ ငါးနှစ်ပြည့်တဲ့နေ့လေ"

"မင်း ပုလင်းလေး မျှောလိုက်တာက"

"အေး၊ ငါ နှစ်တိုင်း နှစ်တိုင်း ဒီနေ့ရောက်ရင် တမလွန်က ငါ့ချစ်သူကို တောင်းပန်နေကျကွ၊ ဒီနှစ်လဲ ငါလိုက်ခဲ့မယ်ဆိုတဲ့ အကြောင်းနဲ့ ပန်းအိမ်ကို



www.burmeseclassic.com

www.burmeseclassic.com

သိပ်ချစ်ကြောင်း စာရေးပြီး ပို့လိုက်တာ၊ ပန်းအိမ်က ငါ့ကို စောင့်နေမှာ"

အောင်ဆွေ တော်တော်လေး မူးနေပြီ။ လက်ကတော့ အရက်ပုလင်းကို လှမ်းဆဲ။

"သူငယ်ချင်း အောင်ဆွေ၊ မင်း မူးနေပြီ၊ နည်းနည်း သတိထားကွာ၊ တကယ်တော့ မင်းအမှားချည်းမဟုတ်ပါဘူး၊ တစ်ဖက်သတ်တော့ အပြစ်မတင်နဲ့ပေါ့၊ ဖျက်ဆီးချင်တဲ့စိတ် ကြောရရှုံ ကြံချင်တဲ့စိတ်နဲ့မှ မဟုတ်တာ၊ ကိုယ်တကယ်ချစ်ရသူကို ချစ်တဲ့စိတ်နဲ့ အချိန်အခါတွေ အခြေအနေတွေကြောင့် ဖြစ်ခဲ့ရတာ မဟုတ်လား၊ ချစ်သူစုံတွဲတွေ အတော်များများ ဖြစ်တတ်ကြတယ်ကွ၊ ငါတို့နိုင်ငံမှာ ဆက်သွယ်ရေးစနစ်အဖက်ဖက်က အားနည်းနေတာရယ်၊ မပန်းအိမ်က အရှက်အကြောက်ကြီးပြီး ဗဟုသုတ အားနည်းတာရယ်၊ ပြဿနာဖြေရှင်းပုံ မှုမမှန်လို့ မဖြစ်သင့်တာ ဖြစ်ခဲ့ရတာပါ၊ အတိတ်က အကြောင်းကြောင့် ဒီအကျိုးခံရတယ်လို့ မှတ်ယူလိုက်ပါ သူငယ်ချင်းရယ်"

အောင်ဆွေတစ်ယောက် ခေါင်းမထောင်နိုင်အောင် မူးနေလို့ ကားငှားပြီး အိမ်ပြန်ခဲ့ရတယ်။ တမလွန်က မပန်းအိမ်ရယ် မင်းချစ်သူကို နားလည်ပေးလိုက်ပါတော့။

※

### လွမ်းငွေ့ရယ်က မှုန်သီဝေ

ကြာတော့လည်း ကြာခဲ့ပါပြီ။ အချိန်တွေက တရွေ့ရွေ့နဲ့ပေါ့။ ခင်မောင်ညိုက သူ့ချစ်သူနဲ့ လက်တွဲကြပြီဆိုတော့ သူငယ်ချင်းနှစ်ယောက် ကိုယ့်လမ်း ကိုယ်လျှောက်ခဲ့ကြရတာပေါ့။

နှစ်ပေါင်းအစိတ်ကို ဖြတ်သန်းခဲ့ကြပြီး အသက်လေးဆယ်ကျော် အရွယ်မှာ ဦးခင်မောင်ညိုတစ်ယောက် ဘဝအမောမျိုးစုံတွေကြောင့် သူငယ်ချင်းတွေဆိုလည်း သတင်းကြားရုံပါပဲ။ လူကတော့ မရောက်နိုင်ပါဘူး။

ဦးအောင်ဆွေကတော့ အိမ်ထောင်မပြုတော့။ တစ်ခါ တစ်ခါတော့ အိမ်ကို လာလည်တတ်ပါတယ်။ ကြာတော့လည်း ကိစ္စရှိမှပေါ့။

"ဆရာ ဦးအောင်ဆွေ နေမကောင်းဘူး" ဆိုတဲ့ သတင်းစကားကြောင့် သူငယ်ချင်းဆီရောက်ခဲ့ပါတယ်။ သက်သာသွားတော့လည်း မရောက်ဖြစ်ပြန်ဘူး။

"ဆရာဦးအောင်ဆွေ ဆေးရုံ တက်နေရပြီ" ဆိုတော့ ရောက်ခဲ့ပြန်ပါရော။

ဆေးရုံမှာ ဆရာဝန်နဲ့ သေသေချာချာ တွေ့ပြီး အကျိုးအကြောင်း မေးမြန်း စုံစမ်းကြည့်တော့ အသည်းကင်ဆာ သုံးလလောက်ပဲ ခံတော့မှာတဲ့။

ဖြစ်မှ ဖြစ်ရလေ သူငယ်ချင်းရယ်။

အောင်ဆွေတစ်ယောက် ဆေးရုံက ဆင်းပြီး အိမ်ပြန်ရောက်နေလို့ သတင်းမေး ရောက်ခဲ့ပြန်ပါရော။

"မင်းလာတာ ဝမ်းသာတယ်ကွာ၊ ငါ့အခြေအနေကို ငါသိပါတယ်"

"သူငယ်ချင်းရယ်' မင်း နေပြန်ကောင်းအောင် နေစမ်းပါ၊ မင်း နေကောင်းရင် တို့တွေ ခရီးလေးဘာလေး ထွက်ရအောင် မင်းနဲ့ငါ ကျိုက်ထီးရိုးသွားတာ မှတ်မိလား"

စိတ်ပြောင်းလိုပြောင်းငြားပေါ့။ ဒါပေမဲ့ အောင်ဆွေက စကားကိုအဖြတ်မခံတော့။

"မင်း ငါ့ကို နှစ်သိမ့်မနေပါနဲ့၊ ငါ အရေးကြီးစကား မင်းကို မှာချင်တယ်၊ မင်း လိုက်နာပါ့မယ်လို့ ကတိပေး၊ ငါ့မှာ မှာစရာ မင်းပဲရှိတာ၊ ငါ့အကြောင်းသိပြီး ငါ့ကို နားလည်တာ မင်း မဟုတ်လား"

"အေးပါကွာ စိတ်ချ၊ ငါ ကတိပေးတယ်"

"ငါမရှိတော့ရင် ငါ့အရိုးပြာအိုးကို ယူပြီး မြစ်ထဲမျှောပေးပါ၊ ပန်းအိမ် ငါ့ကို စောင့်နေတယ်၊ ညကတောင် အိပ်မက် မက်သေးတာ"

ခင်မောင်ညို ရင်ဝကို တူနဲ့ထု နှက်လိုက်သလိုပါပဲ။ အစွဲအလမ်းကြီးလှပါပေ့ သူငယ်ချင်းရယ်။ စိတ်မကောင်းခြင်းကြီးစွာနဲ့။

"ကတိပေးပါတယ် သူငယ်ချင်းရယ်" လို့။

※

"ဆရာ ဘုရားအရင်ဖူးမှာလား"

အေးယုဆွေရဲ့ အသံကြောင့် အတိတ် အိပ်မက်က ပြန်လည်လို့ နိုးထခဲ့ပါပြီ။ ဪ. . ဗိုလ်တထောင်ဘုရားတောင် ရောက်ပေါ့ကိုး။

"ဇေတဝံတားဆီ အရင်သွားရအောင်"

နောက်ကျိုကျို မြစ်ရေက အသာအယာ စီးဆင်းလို့။ သမ္ဗန်တစ်စင်းကို ခေါ်လိုက်ပြီး အောင်ဆွေရဲ့ အရိုးပြာအိုးကို ပိုက်လို့ မြစ်လယ်ကို လှော်ခတ်ခိုင်းလိုက်ပါတယ်။

ပန်းအိမ်ကို သူ ပြောခဲ့တဲ့ စကားလေ။ အရိုးပြာ မြေကျတဲ့အထိ ပေါင်းနိုင်အောင်။ အောင်ဆွေကို ပန်းအိမ်ဆီ အရောက်ပို့ပေးမလို့။

မြစ်လယ်ကို ရောက်တော့ အရိုးပြာအိုးကို အသာအယာရေထဲ မျှော လိုက်ရင်း . . .

"သူငယ်ချင်း မင်းချစ်တဲ့သူဆီ အရောက်သွားနော်၊ မပန်းအိမ် အောင်ဆွေ မင်းဆီလာနေပြီ၊ ကြိုလိုက်ပါတော့ နောက်နောင် ဘဝတိုင်း အောင်ဆွေနဲ့ မပန်းအိမ်တို့ အရိုးပြာ မြေကျတဲ့အထိ အတူပေါင်းနိုင်ကြပါစေ"

မြစ်ရေစီးအတိုင်း အရိုးပြာအိုး လေးက ညင်ညင်သာသာ စီးမျော...

မပန်းအိမ်ရှိရာကို ထင်ပါရဲ့။

အတိတ်နွမ်းခဲ့တော့ လွမ်းငွေ့ တွေက မှုန်သီဝေခဲ့ရတာ။ အောင်ဆွေ သာမက ခင်မောင်ညိုရော ပါလား။

ချစ်ကြသူတိုင်း ပေါင်းနိုင်ပါ...

❒ တောင်တွင်း...



www.burmeseclassic.com

www.burmeseclassic.com

နေ့ဦး၏ တစ်မနက်တွင် ကျွန်တော် ဂနိုင်ကန်ဘက်သို့ ဦးတည်၍ လမ်းလျှောက်တက်လာသည်။ ဂနိုင်ကန်သည် တောင်ကြီးမြို့ စတည်ကတည်းက တည်ရှိခဲ့သည်မို့ နှစ်သက်တမ်းတစ်ရာ ကျော်ပြီ ဖြစ်သည်။ မြို့၏တောင်ဘက်ပိုင်း ဝါးပြားလမ်းဆုံ၏ ဘယ်ဘက်ဘေးတွင်ရှိသည်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက ဂနိုင်ကန်သည် အရွယ်သုံးပါး ပျော်ပွဲစားထွက်ကြလေ့ရှိသည့် အေးရိပ်သာယာမြေ ဖြစ်သည်။ ကျွန်တော် ပိုလ်ချုပ်အောင်ဆန်းလမ်းမကြီးအတိုင်း ဟိုတွေးဒီတွေးနှင့် လျှောက်လာရာ ဂနိုင်ကန်ဘက် ချိုးကွေ့သော လမ်းမအကွေ့လေးကို ရောက်မှ အတွေးပြတ်တော့သည်။

ဂနိုင်ကန်သို့ရောက်သော် ကန်စပ်နှင့် မြက်ခင်းပြင်ပေါ်တွင် သမီးရည်းစား စုံတွဲများ တချို့၊ အပျော်တမ်း



သစာ

# အေးရာအေးကြောင်းဝတ္ထု

ဖြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၃)

www.burmeseclassic.com

www.burmeseclassic.com

ငါးမျှားသူများ တချို့၊ လေထိုးထားသော တာယာကျွတ်ကွင်းနှင့် ရေကူးသင်မည့် ကလေးများနှင့် အပျော်တမ်းဓာတ်ပုံရိုက်သူ၊ ပန်းချီဆွဲသူ တချို့ကို တွေ့ရသည်။

ကျွန်တော်ထိုင်ဖို့ နေရာရှာလိုက်ရာမှ ရေထဲမှာ အပင်ကြီးပေါက်နေပြီး ရေထဲမှပင် သစ်မြစ်ကြီးက ကုန်းထွက်နေပြီး နောက်မှီပါသည့် ထိုင်ခုံတန်းလေးသဖွယ်ဖြစ်နေသော ရေပေါ်သစ်မြစ်ခုံးကြီးပေါ်သို့ ကျွန်တော် ခဲရာခဲဆစ်ရောက်အောင် သွားလိုက်သည်။

သစ်မြစ်ခုံလေးပေါ် ထိုင်ပြီး လွယ်အိတ်ထဲမှ ထမင်းချိုင့်၊ ရေဘူး၊ ဆေးလိပ်၊ မီးခြစ်၊ စာရွက်လွတ်နှင့် ဘောပင်၊ ဖတ်စရာစာအုပ် စသည်တို့ကို ထုတ်ယူပြီး သစ်မြစ်ချိုင့်ခွက်လေးထဲ ထည့်ထားလိုက်သည်။ နာရီကြည့်လိုက်တော့ နံနက် ၁၀ နာရီ။

စာရေးချင်စိတ် မထက်သန်သေးသဖြင့် ပါလာသည့် စာအုပ်ငယ်လေးကို စိတ်နှစ်ပြီး ဖတ်နေလိုက်သည်။ စာအုပ်က စာရေးဆရာမြဝင်း(ဒဿန)၏ "ခရေရိပ်စကားဝိုင်း" အမည်ဖြင့် ဆောင်းပါးပေါင်းစု စာအုပ်ငယ်လေးဖြစ်သည်။ ဆောင်းပါးတိုလေး နှစ်ဆယ့်သုံးပုဒ်ပါသည်။ စာအုပ်ရေးသူနှင့် သူ၏သူငယ်ချင်းများမှ ဆရာတော်ကြီးများ၏ ကျမ်းဂန်စာအုပ်များဖတ်ပြီး သူတို့အမြင်များကို ပြန်ဆွေးနွေးထားသော ဆောင်းပါးစာအုပ်လေး ဖြစ်သည်။

ဆောင်းပါးတစ်ပုဒ် ဖတ်လိုက် ဆေးပေါ့လိပ်သောက်ရင်း ဆောင်းပါးပါအကြောင်းအရာများထဲမှ အချက်အလက်များက ဓမ္မဓိဋ္ဌာန်ကျသလား၊ ပုဂ္ဂလဓိဋ္ဌာန်ကျသလားဆိုတာ ပြန်သုံးသပ်လိုက်နှင့် နံနက် ၁၁ နာရီကျော်သွားသည်။ ဂနိုင်ကန်ဝန်းကျင်တွင်လည်း အသံများ ဆူညံစည်ဝေကာ သက်ဝင်လှုပ်ရှားလာသည်။

သမီးရည်းစားများ၊ ကလေးများ၊ ငါးမျှားသူများ၊ ဈေးသည်များ တဖြည်းဖြည်း ပိုများလာသည်။ စာလည်း ဆက်ဖတ်လို့ မရတော့။

သို့မို့ကြောင့် မဆာသေးသော်လည်း ထမင်းချိုင့်ဖွင့်ပြီး ဖြည်းဖြည်းချင်းစားရင်း စာရေးဖို့ကို စိတ်ကူးနှင့် ပုံကြမ်းချနေမိသည်။ ကျွန်တော် ဤဂနိုင်ကန်လေးမှာ လာပြီး အေးအေးဆေးဆေး စာရေးဖို့ စိတ်ကူးထားတာ ကြာပြီဖြစ်သည်။ ဒီနေ့တော့ အခြေအနေပေးသဖြင့် ထမင်းချိုင့်ပင်ထည့်၍ အေးအေးဆေးဆေး လာခဲ့ခြင်းဖြစ်သည်။

ဂနိုင်ကန်မှာ လာရေးချင်သည်ကလည်းအကြောင်းရှိသည်။ ကျွန်တော်စာရေးရာတွင် အကျင့်တစ်ခုရှိသည်။ ဖြစ်ရပ်မှန် အကြောင်းတစ်ခုကို အခြေခံ၍ ဝတ္ထုရေးရာတွင်ဖြစ်စေ၊ ဆောင်းပါးရေးရာတွင်ဖြစ်စေ နောက်ခံနေရာဒေသ ပတ်ဝန်းကျင်တို့ကို စိတ်ကူးနှင့် မဖန်တီးတတ်။ ကျွန်တော့် အားနည်းချက်ဟု ဆိုရပါမည်။

ထိုနေရာဒေသ ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ်မဟုတ်တောင် ကွက်ကွက်ကွင်းကွင်း မြင်သာ ထင်သာအောင် အထိ လေ့လာပြီးမှ ရေးတတ်သည်။ သို့မဟုတ် ထိုနေရာဒေသ ပတ်ဝန်းကျင်တွင်ပင် ရေးယူခဲ့လေ့ရှိသည်။ ကိုယ်ကြုံတွေ့ရသည့် လက်ရှိအနေအထားလေးကို မြင်တတ် ခံစားတတ် ရေးတတ်အောင် အလေ့အကျင့်လုပ်ခြင်းလည်း ဖြစ်သည်။

အခုလည်း ဝတ္ထုတိုလေးတစ်ပုဒ် ရေးဖို့ ရောက်လာခြင်းဖြစ်သည်။ ဇာတ်လမ်းကလည်း မကြာသေးမီက ကိုယ်တွေ့လေး တစ်ခု။ ဖြစ်ရပ်မှန် ဆိုပါစို့။ မုဆိုးမလေးတစ်ယောက်၏ အကြောင်းဖြစ်သည်။ တစ်ယောက်တည်းသော သားလေး လေးနှစ်သား အရွယ်မှာ ခင်ပွန်းဖြစ်သူက ဆီးကျိတ်ရောင်ရောဂါဖြင့် ကွယ်လွန်သွားသည်။

အားကိုးအားထားဆို၍ အေးသာယာစက်မှုဇုန်တွင် တွင်ခုံလုပ်ငန်း လုပ်သော ဖခင်ကြီးသာ ရှိတော့သည်။ သားအမိနှစ်ယောက် ဖခင်ကြီးကို မှီခို ရင်း နေလာရာမှ သားကလေး နဝမ တန်းရောက်သည့်နှစ်တွင် အားထားရာ ဖခင်ကြီး အသက်ငါးဆယ်ကျော်တွင် ရုတ်တရက် အပြင်းဖျားပြီး ကွယ်လွန် သွားသည်။

ဖခင်၏ ဈာပနကိစ္စ ရက်လည် မည်ကြဲကာရှိသေး ကံကြမ္မာဆိုးက ရှေ့ ဆင့်နောက်ဆင့် ရောက်လာပြန်သည်။ သားကလေး ကျောင်းကအပြန် ကားစီး လာစဉ် လမ်းတွင် အခြားခရီးသည်တင် ကားတစ်စီးနှင့် တိုက်မိရာမှ သားကလေး အပါအဝင် အခြားကလေးငယ်များရော ဒဏ်ရာပြင်းထန်စွာ ဆေးရုံသို့ ရောက် သွားကြသည်။

ဒဏ်ရာပြင်းထန်သောကြောင့် ပင် သားကလေးသည် ဆေးရုံပေါ်မှာ ပင် သေဆုံးသွားသည်။ အမေဖြစ်သူ မုဆိုးမလေးမှာ ရှင်တော်မြတ်ဘုရား လက်ထက်တော်က မပဋ္ဌာစာရီလို ဆောက်တည်ရာမဲ့စွာ ခံစားရတော့ သည်။ ဖခင်သေဆုံး၍ ရသည့်သောက နှင့် သားလေးသေဆုံးသွား၍ ရသည့် သောကနှစ်ခုတို့၏ ဖိစီးမှုကို မခံနိုင် သည့်အဆုံး အသက် (၂၈)နှစ်အရွယ် သာရှိသေးသော မုဆိုးမလေးသည် ဤ ဂနိုင်ကန်သို့လာ၍ မိမိကိုယ်ကိုယ်ရေနစ် သေရန် ဆုံးဖြတ်ချက်ချခဲ့သည်။

သို့သော် ဂနိုင်ကန်သို့ရောက်ပြီး မိမိကိုယ်ကိုယ် ရေနစ်သေဖို့ လှုပြတ်ချိန် စောင့်နေစဉ် ကန်စပ်နားသို့ ဘိန်းမုန့် လာရောင်းသော လက်ဆွဲ မုန့်သည် အဒေါ်ကြီးနှင့် တစ်နာရီကျော်ကြာ အောင် ရောက်တတ်ရာရာ စကားပြော ဖြစ်သွားရာမှ မိမိကိုယ်ကိုယ် ရေနစ်သေ ဖို့ အကြံပျက်သွားပြီး စိတ်တည်ငြိမ်စွာ အိမ်ပြန်လာနိုင်ခဲ့သည်။

(ကြားဖြတ်၍ စကားချပ်အနေ ဖြင့် ဘိန်းမုန့်အကြောင်း အနည်းငယ် ပြောပြလိုသည်။ ဘိန်းမုန့်ကို ဆန်မှုန့် ရည်၊ ထန်းလျက်ရည်၊ အုန်းသီးဖတ် ဖုတ်၍ ကွမ်းယာဆိုင်များတွင် သုံးဆော



www.burmeseclassic.com

www.burmeseclassic.com

ဘိန်းစေ့လေးတွေ အပေါ်ကဖြူးကာ မီးအိုးနှစ်ခုကြားမှာ ထည့်ဖုတ်ရသည်။ ရန်ကုန်နှင့် မန္တလေးတို့လို ဒေသများက အထက်မီး အောက်မီးမုန့်ဟု ခေါ်ကြသည်)

ကျွန်တော်ရေးဖို့ စိတ်ကူးထားသည့် ဇာတ်လမ်းလေးက အထက်ပါအတိုင်းဖြစ်သည်။ သို့သော် စာရေးသည့်အလုပ်သည်စိတ်ကူးသလောက်မလွယ်။ ကျွန်တော့်အနေဖြင့် တစ်ခါတစ်ရံတွင် ဇာတ်လမ်းအကြောင်းအရာအခိုင်အမာရှိပါလျက် ဇာတ်အိမ်တည်ဖို့ ဇာတ်ကောင် ဇာတ်သွားချဖို့ တော်တော်ရေးယူရသည်။

တစ်ခါတစ်ရံ ဇာတ်အိမ်ချောမွေ့ ဇာတ်လမ်းတွေ့နေသော်လည်း စကားပြေစီးကြောင်းက ထစ်ထစ်နေသည်။ ရေးရတာ သိပ်အားမရ။ ထွက်လာတဲ့ အရေးအသားကို စိတ်တိုင်းမကျ။ နိမိတ်ပုံတွေ ပြွတ်သိပ်နေသော စကားပြေမဟုတ်ပါဘဲ စကားပြေရိုးရိုးလေးမှာပင် မပြေမပြစ် ဖြစ်နေသည်။

တစ်ခါတစ်ရံ လက်တွေ့၊ စိတ်ကူးတွေ့၊ အာရုံတွေ့နေချိန် ဝတ္ထုရေးရင်း ရေးရင်း ဆောင်းပါးဆန်သွားတာတွေရှိသလို ဆောင်းပါးရေးနေရင်းက ဝတ္ထုဖြစ်သွားတာမျိုးလည်း ရှိသည်။ တစ်ခါတစ်ရံကျတော့လည်း လေးလေးနက်နက်နှင့် ဂရုစိုက်ပြီး ရေးရသော (အမှားမခံသော) ဆောင်းပါး စာလေးကြီးများကို ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ရေးဖြစ်သွားတာမျိုးလည်း ရှိသည်။

တစ်ခါတစ်ရံ ကျတော့လည်း ဘာရယ်မဟုတ်သော နေ့စဉ်မြင်တွေ့နေရသည့် အကြောင်းအရာ အသေးအဖွဲရိုးရိုးကိုပင် အာရုံစိုက်ကာ ထင်သာမြင်သာရှိအောင် အချိန်တွေ အများကြီးပေးပြီး ရုပ်လုံးဖော်ရသည်။ သို့မို့ကြောင့် ကျွန်တော့်အတွက်တော့ စာမူတစ်ပုဒ်ဖြစ်ဖို့ တော်တော်မလွယ်သည့် ကိစ္စဖြစ်သည်။

> စာစောတ
> စိတ်ကောက်နေသည့် စုံတွဲတ
> ပခုံးချင်းမှီ၍
> ဖတ်ထားကြတာ
> ငြိမ်းချမ်းရေးရနေတာ
> တွေ့ရသည်။

ထို့ကြောင့် လစဉ်ပင်တိုင်၊ အပတ်စဉ်ပင်တိုင် (ဒါမှမဟုတ်) လခြားစာရေးနိုင်သည့် စာရေးဆရာ ဆရာမကြီးငယ်လတ်တို့၏ ကြိုးစားအားထုတ်မှု၊ ဉာဏ်ပညာနှင့် ပါရမီကို မလေးစားမအားကျပဲ မနေနိုင်။ နေ့စဉ် လစဉ် သုတတွေ၊ ရသတွေ စဉ်ဆက်မပြတ် ပရိသတ်လက်ထဲ အရောက်ပို့ကြသည်ကို အသိအမှတ်မပြုဘဲ မနေနိုင်။

ဆိုခဲ့သည့်အတိုင်း အခုလည်း စာမူတစ်ပုဒ်ဖြစ်ဖို့ ဦးနှောက်ကို အလုပ်များများပေးပြီး လက်က ဖန်တီးအားထုတ်ဖို့ ပြင်ဆင်လိုက်သည်။ နေ့မွန်းလွဲတစ်နာရီကျော်အချိန်တွင် ဂနိုင်ကန်ဝန်းကျင်၌ လူနည်းပါးသွားသည်မို့ အသံဗလံတွေကလည်း စောစောကလောက် မဆူညံတော့။

ကျွန်တော် စာရွက်လွတ်နှင့် ဘောပင်ပြင်လိုက်ပြီး ဂနိုင်ကန်ရေပြင်ကို ငေးကြည့်၍ ဝတ္ထုခေါင်းစီးကို အရင်စဉ်းစားကြည့်သည်။ ခေါင်းစီးအမျိုးမျိုးထွက်လာသည်။ တစ်ခုမှ စိတ်တိုင်းမကျသေး။ တိုတိုနှင့် ထိထိမိမိ နာမည်မျိုးပေးချင်သည်။ စိတ်ကူးရလိုက် ချရေးကြည့်လိုက်နှင့် နာရီဝက်လောက် ကုန်သွားသည်။

ကျွန်တော် ဝတ္ထုအသွားကို ပြန်စဉ်းစားကြည့်သည်။ အဓိက ဇာတ်ကောင်၏ ခံစားမှုနှင့် ဇာတ်ကောင်၏ ထွက်ပေါက်ကို ဖွင့်ပေးလိုက်သော ဘိန်းမုန့်သည် (ဒါမှမဟုတ်) အထက်မီး အောက်မီး မုန့်သည်၏ ဘဝအဘိမ္မော နှင့် တရားစကားအချို့တို့ကို ကိုယ်စားပြုသော နာမည် စဉ်းစားကြည့်သည်။ တော်တော်လေးကြာတော့ အဖေသေဆုံးလို့ ခံစားရတဲ့ အပူမီး သားလေးသေလို့ ခံစားရတဲ့ အပူမီးကိုရော ဘိန်းမုန့်သည်ကိုရော ရည်ညွှန်းချက် ထိမိသည့် ခေါင်းစီးလေးတစ်ခု ရသွားသည်မို့ ချရေးလိုက်သည်။

"အထက်မီး အောက်မီး"

ခေါင်းစီး ရွေးပြီးသွားပြန်တော့ အဖွင့်စကားပြေ ဒါမှမဟုတ် အဖွင့်စကား စဉ်းစားရပြန်သည်။ စိတ်ကူးရတာလေး ချရေးလိုက် မကြိုက်လို့ ပြန်ဖျက်လိုက်၊ ပြန်ရေးလိုက် ပြန်ဖျက်လိုက်နှင့် ဖူးစကက်စာရွက် မျက်နှာဝက်လောက် ဖျက်ရာတွေနှင့် ကုန်သွားပြန်သည်။

ရေးလိုက် မကြိုက်လိုက် ဖြစ်နေသည်မို့ ဘောပင်ကို စာရွက်တွင် ညှပ်ချိတ်ထားလိုက်ပြီး ဂနိုင်ကန်ရေပြင်ကို အဓိပ္ပာယ်မဲ့ ပြန်ငေးနေလိုက်သည်။ ဂနိုင်ကန်ဝန်းခြံထဲရှိ ကန်ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ထမ်းမိသားစုမှ မွေးထားသော ဘဲအုပ်က ရေထဲကူးနေရာက ကျွန်တော့်ရှေ့မှ တဂတ်ဂတ်အသံပေးရင်း ဖြတ်ကူးသွားသည်။

ဘဲတစ်အုပ် ကူးခတ်သွားပုံကို ရည်ရွယ်ချက်မရှိဘဲ ကျွန်တော် အသေအချာလိုက်ကြည့်နေမိသည်။ ဘဲအုပ်မှာ ဘဲအကောင်နှစ်ဆယ်လောက် ရှိမည်။ ထိုဘဲအုပ်ကို ရှေ့မှ တစ်ကောင်က ဦးဆောင်သည်။ထိုဦးဆောင်တစ်ကောင်၏အနောက်မှာ နှစ်ကောင်။ နှစ်ကောင်၏နောက်မှာ လေးကောင် စသည်ဖြင့် တြိဂံပုံစံများ ဖြစ်သွားသည်။

ဘဲအုပ်ကြီးက တဂတ်ဂတ် မြည်အော်ရင်း ရေပေါ်မှာ လျှောခနဲ လျှောခနဲ ကူးခတ်သွားတာ ကြည့်လို့ကောင်းသည်။ ရေကူးသံ ရေသံမထွက်သောကြောင့် ရေအောက်က ခြေထောက်တွေ တော်တော်အလုပ်များသွားမည်ဖြစ်၏။ အသံမမြည်သော ရေဂယက်လှိုင်းကြီးက ကျွန်တော့်အရှေ့မှ ဟိုးအဝေးရောက်သွားသော ဘဲအုပ်အထိ ရှည်လျားလျားကြီး ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုအကြောင်း စဉ်းစားရင်းက စိတ်က ရုတ်တရက် ဘဲအုပ်နောက်ပါ သွားသည်။ ထိုစဉ် ပေါးခနဲ အော်သံနှင့်အတူ ပလုံခနဲ ရေပြင်ထဲ ခဲလုံးကျသံ အဆုံး ပေါက်ပင်ကျိုးတိုးကျဲတဲကြားမှ ရေကြက်တစ်ကောင် ထပျံသွားတာ တွေ့ရသည်။ ခြောက်လှန့်ပစ်ခတ်သော ကလေးများကို ရေစပ်မှ လူတစ်ယောက်က လှမ်း၍ မာန်မဲသည်။

ဂနိုင်ကန်၏ အရှေ့တောင်ထောင့်ဘက် ရေစပ်ရှိ သစ်ခြောက်ပင်အောက်တွင် ထိုင်နေသော စုံတွဲတစ်တွဲမှ ကောင်မလေးသည် နှုတ်ခမ်းစူပြီး ဘောက်ဆတ်ဆတ်နှင့် ထထွက်သွားတာ တွေ့ရသည်။ ကောင်မလေး၏ ရည်းစားက ကပျာကယာ ထကာ အပြေးကလေးလိုက်ပြီး ကောင်မလေးကို တတွတ်တွတ်နှင့်ချော့မော့သည်။

ကောင်မလေးက နှုတ်ခမ်းစူပြီး တစ်ဖက်ကို လှည့်သွားသည်။ ကောင်လေးက ကောင်မလေးနှင့် မျက်နှာချင်းဆိုင်နေရာရွှေ့ပြီး ချော့မော့ပြန်ရာ ကောင်မလေးက တစ်ဖက်ကို လှည့်လိုက်ပြန်သည်။ ရန်ဖြစ်လိုက် ပြန်ချစ်လိုက် ဖြစ်လေ့ရှိသော သမီးရည်းစားတို့ဘာသာဘာဝကို တွေးမိပြီး ကျွန်တော် ပြုံးလိုက်မိသည်။

ထိုစဉ် အိုကေဆိုသော အာလုပ်သံကြားရ၍ အသံလာရာ ကျွန်တော် လှည့်ကြည့်မိသည်။ ကျွန်တော်နှင့် မလှမ်းမကမ်းမှ ငါးမျှားနေသော လူထံမှဖြစ်သည်။ ထိုလူ ဖျတ်ခနဲ ရုတ်လိုက်သော ငါးမျှားချိတ်တွင် ငါးခပ်ကြီးကြီးတစ်ကောင်မိနေသည်။ သူက လေလေးချွန်ကာ ငါးကိုဖြုတ်ပြီး ပလိုင်းတောင်းကြီးထဲ ထည့်သည်။

ပလိုင်းတောင်းထဲမှာပင် အဖုံးပိတ်ထားသော ပလတ်စတစ်ဘူးအဝိုင်းခပ်ကြီးကြီးကို ယူ၍ဖွင့်သည်။ ဘူးထဲမှ ငါးဖယ်ပိုးတစ်ကောင်နှိုက်ယူ၍ ငါးမျှားချိတ်တွင်တပ်ပြီး ငါးမျှားကြိုးကို ရေထဲ လှမ်းပစ်ထည့်လိုက်သည်။ ငါးမျှားတံကို ရေစပ်ရှိ နွံတွင် အားနှင့် ထိုးစိုက်ထောင်လိုက်သည်။ ပြီးနောက် ဆေးပေါ့လိပ်ဖွာရင်း မြက်ခင်းပေါ် ပက်လက်လှဲချလိုက်ပြီး ကောင်းကင်ကို စိမ်ပြေနပြေကြည့်နေတာ တွေ့ရသည်။

(ရှမ်းပြည်နယ်က ငါးမျှားသူများတွင် တီကောင်သုံးသည့် လူရှိသလို ဗေဒါဥတွင် တွယ်ကပ်နေသော ငါးဖယ်ပိုးခေါ် ငါးဖမ်းပိုး လောက်တစ်မျိုးကိုလည်း အသုံးပြုကြသည်)

"ဥသြ . . ဥသြ . . ဥသြ"

ကျွန်တော့် ခေါင်းအထက်ဆီမှ ဥသြတွန်သံကြားရသောကြောင့် ကျွန်တော်သစ်ပင်ပေါ် မော့ကြည့်လိုက်ရာ ညာဘက်သစ်ကိုင်းကြီးမှာ ဥသြငှက်တစ်ကောင်ကို တွေ့ရသည်။ တစ်ဆက်တည်းဆိုသလို ကျွန်တော်ထိုင်နေတာ ပင်လယ်ကဗ္ဗီးပင်ကြီးမှန်း (အပေါ်မော့ကြည့်လိုက်မှ) သိလိုက်ရသည်။

ညာဘက်သစ်ကိုင်းပေါ်က ဥသြသည် သစ်ကိုင်းတစ်ခု ခွကြားတစ်ခုသို့ ခုန်ကူးလိုက်တာ တွေ့ရသည်။ ဥသြငှက်သည် သစ်ကိုင်းခွကြားသို့ ရောက်သော် သုံးလေးခါလောက် တွန်လိုက်ပြန်သည်။

ကျွန်တော်တို့ မြန်မာစကားပုံများထဲမှ ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်ဟု တင်စားပြောဆိုသော (ကိုယ့်နာမည် ကိုယ်အော်သော) ငှက်ခုနစ်မျိုးထဲမှာ ဥသြငှက်လည်း အပါအဝင်ဖြစ်သည်။ ကိုယ့်နာမည်ကို အော်ရုံနဲ့တော့ မသူတော် မဖြစ်နိုင်ဘူးဟု ကျွန်တော် မဆီမဆိုင်တွေးမိသေးသည်။

ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာတော့ ဥသြငှက်သည် ဖော်ကွာဝေး နွေမင်းသား ဖြစ်သည်။ အနုပညာရှင်တို့၏ အနုပညာမြောက်သော အလွမ်း၏ နိမိတ်ပုံပြယုဂ် ဖြစ်သည်။ ယခု ဥသြကတော့ အပူအပင်ကင်းကင်းနှင့် အေးအေးလူလူ တွေ့ရသည်။

ဝေ့ခနဲ နွေဦး၏ လေရူးက တစ်ချက်မွှေတိုက်လိုက်သောကြောင့် ကျွန်တော့် ပေါင်ပေါ်မှ စာရေးစာရွက်က တဖျပ်ဖျပ်မြည်သွားသည်။ ထိုအခါကျ... လာရင်းကိစ္စကို သတိရတော့သည်။ ... နာရီကြည့်လိုက်တော့ ညနေ ၃ နာ... ကျော်သွားပြီ။ နေကျချိန် ဖြစ်သည်။

ဂနိုင်ကန်၏ ရေပြင်တွင် လှိုင်း... ကြပ်ခွပ်ကလေးတွေ နေရောင်အော... ဖျော့အောက်မှာ လှပ်ခနဲ လှပ်ခနဲ တွေ့... ရသည်။

ကျွန်တော် ဝတ္ထု ဆက်ရေး... အားထုတ်ကြည့်သေးသည်။ မရ။ ... မဝင်ဘူးဖြစ်နေသည်။ ညနေ ၄ နာ... ထိုးတော့ ငါးမျှားနေသည့် လူက ... များတံ သိမ်းနေတာတွေ့ရသည်။

ရေကူးနေသည့် ကလေးများ... လည်း အိမ်ပြန်ကြရန် အော်ဟစ်တိုင်... ကြသည်။ သမီးရည်းစားစုံတွဲ အ... လည်း လက်ချင်းချိတ်၍ ပြန်ကုန်ကြ... စောစောက စိတ်ကောက်နေသည့် စုံ... က ပခုံးချင်းမှီ၍ ဖက်ထားကြကာ ပြုံး... ချမ်းရေး ရနေတာ တွေ့ရသည်။ သူ... အားလုံးသည် အေးရာအေးကြော... နိုင်လှသည်။

ကျွန်တော်လည်း အေးအေး... ဆေးဆေး ပစ္စည်းတွေသိမ်းပြီး အေး... အေးလူလူ ထပြန်ခဲ့တော့သည်။ အ... ရေးမယ်ဟု စဉ်းစားအားခဲလာသော... ဝတ္ထုက "အထက်မီး အောက်မီး" ... ဝတ္ထုခေါင်းစီးသာ ပေးရ ရေးရ... သည်။

အင်း . . ညကျရင်တော့ ဝတ္ထု... ပြီးအောင် ရေးရမည်။

ဝတ္ထုရေးပြီးလျှင်လည်း ... ခေါင်းစီးကို "အေးရာ အေးကြောင်း" ... ပြောင်းရင်ကောင်းမလားဟု အေး... လူလူ စဉ်းစားရဦးမည်။

□ ...




www.burmeseclassic.com

www.burmeseclassic.com

# ပြည့်သူ့အချစ်တော်များ

## လှမိုး(ပညာရေး)




ကျွန်တော်သည် ၁၉၈၅ ခု မေ...တွင် ဂျပန်ဖောင်ဒေးရှင်းနှင့် မြန်မာ...ိုင်ငံအစိုးရ ပညာရေးဝန်ကြီးဌာန၏ ...စီအစဉ်အရ ဂျပန်နိုင်ငံတွင် ရက်...ပတ် လေးပတ်နီးပါးနေထိုင်၍ ...န်နိုင်ငံ ပညာရေးစနစ်ကို လေ့လာ...ခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေ...မည်။ ထိုစဉ်က ဂျပန်နိုင်ငံ မြန်မာသံရုံးတွင် စစ်သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူမှာ ကျွန်တော် မိတ္ထီလာမြို့ တပ်မတော်ကလေးများအထက်တန်းကျောင်းတွင် အမှုထမ်းခဲ့စဉ်က ခင်မင်ခဲ့သူ တပ်မတော်အရာရှိတစ်ဦး ဖြစ်ခဲ့သည်။ မြန်မာသံရုံးတွင် ရုံးတာဝန်ယူထားရသော အမှုထမ်း တစ်ဦးမှာလည်း စိန့်ဂျွန်းအမျိုးသား အထက်တန်းကျောင်း(ယခု လမ်းမတော် အမှတ်-၁ အထက်တန်းကျောင်း) မှ ကျွန်တော့်ကျောင်းသားဟောင်းတစ်ဦးဖြစ်ပါသည်။ သူတို့နှစ်ယောက်ကျေးဇူးကြောင့် တိုကျိုမြို့တော်တစ်ခွင် ကြည့်ရှုလေ့လာခွင့်ရခဲ့သည်။

ကျွန်တော် မှတ်မိသလောက် ထိုစဉ်က ကျွန်တော် တည်းခိုနေသော အင်နာဟိုတယ်မှာ နာမည်ကျော် ရှင်ဂျူကုရပ်ကွက်တွင် ရှိပါသည်။ ယင်းရပ်ကွက်အနီးရှိ ရှိပူရာ ဘူတာရုံ အဆောက်အအုံရှေ့တွင် ထူးထူးဆန်းဆန်း ကြေးဖြင့်ပြုလုပ်ထားသော ခွေးရုပ်တစ်ရုပ် တွေ့ရ၏။ ခွေးမှာ အာကီတာ အမျိုးအစားဖြစ်၏။ ထိုခွေးရုပ်ကလေးကို အများကမူ ချစ်စနိုး ဟတ်ချီကို "Hachiko" ဟုခေါ်ကြသည်။ 'ဟတ်ချီ' မှာ ခွေးကလေး၏ နာမည်ရင်းဖြစ်ပြီး 'ကို'မှာ ပြည်သူအများက ချစ်စနိုး ဖြည့်စွက်ထားသော အမည်ဖြစ်၏။ 'ကို'မှာ ချစ်စရာကောင်းသူဟု အဓိပ္ပာယ်ရသည်ဟု ဆိုကြ၏။

ဟတ်ချီကိုမှာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ တစ်ဆယ့်ငါးနှစ်ခန့်က တိုကျိုမြို့တော်ဘုရင့်တက္ကသိုလ်ကျောင်းတိုက်ကြီးမှ ပါမောက္ခ ဒေါက်တာယူအင်နို၏ အချစ်တော်ခွေးကလေး ဖြစ်၏။ ထိုခွေးကလေးကို အာကီတာနယ်မှ ကျောင်းသား တစ်ဦးက ပါမောက္ခ ဒေါက်တာယူအင်နိုအား လက်ဆောင်ပေးခြင်း ဖြစ်သည်။

ပါမောက္ခဒေါက်တာ ယူအင်နိုအာသည် နေအိမ်မှ တိုကျိုတက္ကသိုလ်ကျောင်းသို့ နေ့စဉ် မနက်ရထားဖြင့် သွားလေ့ရှိရာ သူ့အချစ်တော် ခွေးကလေး ဟတ်ချီကိုအား ဘူတာရုံသို့ ခေါ်သွားလေ့ရှိသည်။ ဟတ်ချီကိုသည် သူ့သခင်လိုက်ပါသွားသည့် မီးရထား ဘူတာရုံမှ ထွက်ခွာသွားသည့်အချိန်ထိ စောင့်ကြည့်လေ့ရှိသည်။ သူ့သခင်လိုက်ပါသွားသော မီးရထား မြင်ကွင်းမှ ပျောက်ကွယ်သွားမှ အိမ်သို့ ပြန်သွားလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤကဲ့သို့ ဟတ်ချီကို နေ့စဉ် ဘူတာရုံသို့လိုက်လာပြီး အိမ်သို့ပြန်သွားလေ့ရှိသည့် ဖြစ်ရပ်ကို မီးရထားဘူတာရုံမှ အမှုထမ်းများနှင့် ပါမောက္ခဒေါက်တာ ယူအင်နို၏တပည့်များ၊ မိတ်ဆွေအပေါင်းအသင်းများ၊ မီးရထားစီး၍ ရုံးတက်အလုပ်ဆင်းကြသောသူများက နေ့စဉ် မြင်ကြ တွေ့ကြရသည်။ ရှိပူရာဘူတာရုံမှ ဈေးသည်များကလည်း ဟတ်ချီကိုနှင့် သူ့သခင် ပါမောက္ခဒေါက်တာယူအင်နို၏ ဆက်ဆံရေးကို တအံ့တဩဖြစ်ကြသည်။

ဤသို့ဖြင့် တစ်နှစ်နှင့်ခြောက်လကြာမြင့်ခဲ့ပြီးသည့် နေ့တစ်နေ့တွင် ပါမောက္ခ ဒေါက်တာယူအင်နိုသည် တက္ကသိုလ်ကျောင်းတိုက်ကြီးမှပါမောက္ခများနှင့် ဆရာ၊ ဆရာမများ၏ အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားနေစဉ် ရုတ်တရက်လဲကျသေဆုံးခဲ့ရသည်။

ဤဖြစ်ရပ်ကို သူ့အချစ်တော်ခွေးကလေး ဟတ်ချီကိုက မသိရှာ။ သူ့သခင်သည် ခါတိုင်းကဲ့သို့ ညနေရထားဖြင့် ပြန်လာလေမည်ဟု မျှော်လင့်ထား၏။ သို့ဖြစ်၍ မိုးရွာရွာ နေပူပူ ဟတ်ချီကိုသည် ဘူတာရုံသို့ နေ့စဉ်သွား၍ သူ့သခင် ပြန်လာလေ့ရှိသည့် မီးရထားကို မိုးစုံးစုံးချုပ်သည်အထိ စောင့်နေလေ့ရှိ၏။ ဆီးနှင်းမုန်တိုင်းများ တိုက်ခတ်လေ့ရှိသည့် ဆောင်းရာသီရောက်လာသော်လည်း ဟတ်ချီကိုက သူ့ဝတ္တရားမပျက် နေ့စဉ် ဘူတာရုံသို့သွား၍ သူ့သခင်ကို စောင့်ကြိုလေ့ရှိသည်။

ဤကဲ့သို့ ဟတ်ချီကို၏ ဝမ်းနည်းကြေကွဲဖွယ်ရာ ထူးခြားဖြစ်စဉ်ကို မြင်ကြရသော ဘူတာရုံမှ အမှုထမ်းများနှင့် ဈေးသည်များ၊ ခရီးသွားများ၊ ဒေါက်တာယူအင်နို၏ မိသားစုများကလည်း သူ့သခင် ကွယ်လွန်သွားပြီဖြစ်ကြောင်း နည်းလမ်းအမျိုးမျိုးဖြင့် ဟတ်ချီကိုသိအောင် ကြိုးစားကြသည်။ သို့သော် သခင်အပေါ် သစ္စာရှိသော ဟတ်ချီကိုက လက်မခံ။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူ့သခင် ပါမောက္ခဒေါက်တာယူအင်နိုသည် မီးရထားဖြင့် ပြန်လာပေလိမ့်မည်ဟု မျှော်တလင့်လင့်ဖြင့် စောင့်မျှော်နေသည်။

သူ့အကြောင်းအား သတင်းစာများ၊ ဂျာနယ်များက သူ့ဓာတ်ပုံနှင့်တကွ ရေးသားဖော်ပြခဲ့သဖြင့် ဟတ်ချီကို၏ သတင်းမှာ ဂျပန်နိုင်ငံ တစ်နံတစ်လျား ဟိုးဟိုးကျော်ခဲ့သည်။ သူ့ဖြစ်စဉ်ကို ဖတ်ရှုရသူများမှ စိတ်သောကဝေဒနာအဖြာဖြာနှင့် ကြုံကြရသည်။ နောက်ဆုံး ဟတ်ချီကိုသည် သေဆုံးသည့်အချိန်အထိ သူ့သခင်ကို စောင့်မျှော်နေခဲ့သည်။ တကယ့်အံ့ဖွယ်သရဲ ဖြစ်ရတော့၏။ သခင်အပေါ် ထားရှိသည့် ဟတ်ချီကို၏ မေတ္တာတရားနှင့် သံယောဇဉ်မှာ မကြုံစဖူး ထူးလှတော့၏။

ဂျပန်နိုင်ငံလူထုသည် သခင်အပေါ် ကြီးမားသော သံယောဇဉ်ရှိသူ၊ သစ္စာရှိသူ ဟတ်ချီကိုအတွက် ရင်ထုမနာ ဖြစ်ကြရသည်။

သူ့အကြောင်းကို ထိုစဉ်က ဂျပန်နိုင်ငံတွင် စောင်ရေအများဆုံး ထုတ်ဝေရပြီး ဩဇာကြီးမားသောသတင်းစာကြီးတစ်စောင်ဖြစ်သည့် အဆာဟီရှင်ဘွန်းသတင်းစာကြီးကလည်း သူ့အကြောင်းနှင့် သူ့သခင်အပေါ် သံယောဇဉ် ကြီးမားပုံ သတင်းဆောင်းပါးကို ဓာတ်ပုံသာဓက အထောက်အထား ဝေဝေဆာဆာနှင့်ဖော်ပြပေးခဲ့သည်။ သူ့အကြောင်းကိုပင် အခြားဂျပန်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာများကလည်း ဖော်ပြပေးခဲ့သဖြင့် ဟိုးဟိုးကျော်ခဲ့ရတော့၏။

သို့ဖြစ်၍ အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဟတ်ချီကို၏ မိမိသခင်အပေါ် သစ္စာစောင့်သိမှုအား မျိုးဆက်သစ် နောင်လာနောက်သားများ ထာဝစဉ်အမြဲသတိရစေရန် သူ့သခင်အား နေ့စဉ်စောင့်ကြိုရာနေရာဖြစ်သော တိုကျိုမြို့လယ်ရှိ ရှိပူရာဘူတာရုံရှေ့တွင် သူ့အထိမ်းအမှတ် ကျောက်ရုပ်တုကိုပြုလုပ်ထားခဲ့ကြတော့၏။

သူ၏ ထူးခြားဖြစ်စဉ်မှာ အံ့ဖွယ်သရဲဖြစ်ရသဖြင့် စာရေးဆရာများအဖို့ စာရေးရန် ရေးကွက်ရသွားခဲ့ကြရာ သူ့အတ္ထုပ္ပတ္တိ စာအုပ်များ လက်ဆစ်ချိုး၍ ရေတွက်မရအောင်ထုတ်ဝေခဲ့ကြသည်။ မွန်ဘူးရှိုခေါ် ဂျပန်ပညာရေးဝန်ကြီးဌာနကလည်း မျိုးဆက်သစ် လူငယ်ကျောင်းသားများ အတုယူစေရန် ကျောင်းသုံးဖတ်စာအုပ်တွင် ဟတ်ချီကိုအကြောင်း အပြည့်အစုံရေးသား၍ ထည့်သွင်းဖော်ပြပေးခဲ့ပြီး အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော "Strange But True" (ထူးတထွေ) စာအုပ်တွင် ဟတ်ချီကို၏ သခင်အပေါ် သစ္စာရှိပုံသာမက သူသည် အလွန်ရဲရင့်၍ သစ္စာရှိသော ခွေးတစ်ကောင်ဖြစ်သည်ကို ဖော်ပြထားခဲ့ရာ ကျွန်တော်တို့ ဖတ်ရှုခဲ့ကြရ၏။

ထိုမှတ်တမ်းအရ ဟတ်ချီကိုသည် သူ့သခင် ပါမောက္ခ ဒေါက်တာယူအင်နိုနှင့်အတူ နွေရာသီနေ့တစ်နေ့တွင် အပန်းဖြေ ပင်လယ်ကမ်းခြေတစ်ခုသို့ သွားရောက်ခဲ့စဉ် ရေနစ်နေသော ကလေးငယ်တစ်ဦးအား ကယ်ဆယ်ခဲ့သည်ဟုဆိုသည်။ ခွေးများ တစ်ကောင်နှင့်တစ်ကောင် ကိုက်ကြသောအခါ ဟတ်ချီကိုသည် ရုတ်တရက် ကြားဝင်၍ ဖျန်ဖြေပေးလေ့ရှိသည်ဟု သိရ၏။

ဤသည်တို့ကား ဟတ်ချီကို၏ အံ့ဖွယ်သရဲ ဖြစ်စဉ်များမှ တစ်စိတ်တစ်ပိုင်းသာဖြစ်ရာ သူ့အကြောင်းကို ဂျပန်နိုင်ငံ ပြန်ကြားရေးဌာနမှ "ခွေးသူရဲကောင်း မှတ်တမ်းရုပ်ရှင်" အဖြစ် ရိုက်ကူးပြသခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့သည်။

မှတ်တမ်းများအရ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်အများသည် တိုကျိုမြို့သို့ ရောက်သည်နှင့် ရှိပူရာဘူတာရုံသို့ သွားရောက်၍ ဟတ်ချီကိုရုပ်တု သွားရောက်ကြည့်ရှုကြသည်ဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၀ ပြည့်နှစ် မတ်လအတွင်း ဂျပန်နိုင်ငံမှထုတ်ဝေသော သတင်းစာများနှင့် အသံလွှင့်အစီအစဉ်များတွင် ဂျပန်နိုင်ငံ အိုကာယာမာဒေသတွင် တာကာအိုအမည်ရှိ ကလေးငယ်တစ်ဦး နေအိမ်မှ နံနက်ခင်းက ထွက်သွားခဲ့ရာ ညနေအထိ အိမ်ပြန်ရောက်မလာတော့။ သို့ဖြစ်၍ ရွာသူရွာသားအများစုတို့သည် ထိုကလေးငယ်အား ရှာဖွေရန် ပြင်ဆင်နေစဉ် မိုးသည်းထန်စွာ ရွာသွန်းလာခဲ့တော့သည်။ မိုးသက်မုန်တိုင်းများကျရောက်လာသဖြင့် ကလေးငယ်အား ရှာဖွေမည့်သူများ အခက်အခဲဖြစ်လာရတော့သည်။

ရာသီဥတုမှာ တစ်စ တစ်စ ဆိုးရွားလာခဲ့ရာ မိုးသက်မုန်တိုင်းသာမက မိုးသီးများလည်းကျလာခဲ့သဖြင့် ကလေးငယ်အားရှာဖွေမည့် တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များသည် ရှာဖွေရေးကို လက်လျှော့ရတော့မည့် အခြေအနေ ဖြစ်လာခဲ့သည်။ ကလေး၏မိဘများကမူ သားအတွက် စိတ်သောကဝေဒနာ ကြုံလာရသဖြင့် လက်မလျှော့ဘဲ အိမ်နီးနားချင်းအချို့နှင့် မိုးထဲလေထဲတွင် ရှာပုံတော် ဖွင့်ခဲ့ကြတော့သည်။ သို့သော် ကလေး၏ အရိပ်အယောင်ကိုမျှ မတွေ့ကြရ။

နောက်နေ့ နံနက်စောစောတွင်မူ လျှိုမြောင်တစ်ခုအတွင်းမှ အဆက်မပြတ် ဟောင်နေသော ခွေးဟောင်သံများကို ကြားလာရသဖြင့် ကလေးငယ်ရှာဖွေရေး အဖွဲ့တစ်ဖွဲ့သည် အထက်ဖော်ပြပါ လျှိုမြောင်ဆီသို့ သွားရောက်ခဲ့ကြသည်။ပျောက်ဆုံးနေသောကလေးငယ်သည် သူ၏အိမ်နီးချင်းများမွေးထားသော ခွေးနှစ်ကောင်နှင့်အတူတွေ့ရ၏။

ပျောက်ဆုံးနေသော ကလေးငယ် တာကာအိုသည် အဆိုပါအိမ်နီးချင်းများ မွေးထားသော ခွေးနှစ်ကောင်အား အချိုမုန့်များ၊ သကြားလုံးများ ကျွေးလေ့ရှိရာ ထိုခွေးနှစ်ကောင်သည် ကလေးငယ်အား ထူးထူးခြားခြား ခင်မင်နေခဲ့သည်။ သူပျောက်ဆုံးသွားသည်နှင့် ရှာဖွေပေးခဲ့ကြသည်ဟု သိရ၏။ ထိုခွေးနှစ်ကောင်သည် မိုးရေများစိုရွှဲနေသော တာကာအိုအား မှောင်မိုက်နေသော ညတစ်ညလုံး စောင့်ရှောက်ပေးခဲ့ကြသည်။ တဖွဲဖွဲကျနေသော မိုးသီးများကြောင့် ခိုက်ခိုက်တုန်နေသော တာကာအိုအား ခွေးနှစ်ကောင်က ဘေးနှစ်ဖက်မှရံလျက် ကိုယ်ငွေ့ဖြင့် နွေးစေသည်ဟု ဆိုသည်။ သို့ဖြစ်၍ တာကာအိုမှာ အအေးမိသေဆုံးခြင်းဘေးမှ ကင်းဝေးခဲ့ရ၏။

ဂျပန်နိုင်ငံ မှတ်တမ်းများ၊ ပါးစပ်ပြောသမိုင်းများ၊ ပုံပြင်များ၊ ပါးစပ်ဂေဇက်များတွင် အချစ်တော်ခွေးများ၏ လူတို့အား အံ့ဖွယ်သရဲ စောင့်ရှောက်ကြပုံများ ပါဝင်နေလေသည်။ မှန်ပါသည်။ ကမ္ဘာပေါ်ရှိ လူများနှင့် နီးနီးကပ်ကပ်ရှိကြသော အိမ်မွေးတိရစ္ဆာန်များအနက် ခွေးသည် လူတို့နှင့်လက်ပွန်းတတီးနေထိုင်သောတိရစ္ဆာန်ဖြစ်ပါသည်။

ဂျပန်နိုင်ငံ ရှေးဟောင်းယဉ်ကျေးမှု သုတေသန မှတ်တမ်းအရ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ခန့်ကဟု ယူဆရသော ခေါင်းတလားကြီးတစ်လုံးအတွင်း ခွေးဦးခေါင်းတစ်လုံး တွေ့ရသဖြင့် ဂျပန်တို့သည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၅၀၀၀ ကျော်ကပင် အချစ်တော်ခွေးများ ထားကြဟန် ရှိသည်ဟု ဆိုကြသည်။

မှန်ပါသည်။ အရှေ့တောင်အာရှနိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ဖိလစ်ပိုင်၊ ယိုးဒယား (ယခု ထိုင်း) စသော နိုင်ငံများသည် သက်ဆိုင်ရာနှစ်များတွင် တိရစ္ဆာန်တစ်မျိုးကို အလေးအမြတ်ထားသော အစဉ်အလာရှိခဲ့ကြသည်။ သာဓကအားဖြင့် ကြွက်၊ ကျား၊ ယုန်၊ နဂါး၊ မြွေ၊ မျောက်၊ ကြက်ဖ စသဖြင့် တစ်နှစ်လျှင် တိရစ္ဆာန်တစ်မျိုးအတွက် သတ်မှတ်ထားရာ ၁၂ လပတ်လည်တွင် တိရစ္ဆာန် ၁၂ မျိုးရှိပေသည်။ ၁၉၈၂ ခုနှစ်အား ခွေးနှစ် "The year of the dog" ဟုခေါ်ဝေါ်ခဲ့သည်ဟု ဆိုကြ၏။

ဂျပန်နိုင်ငံ တိုကျိုမြို့လယ် ရှိပူရာ ဘူတာရုံ အဆောက်အအုံရှေ့တွင် ကြေးဖြင့်သွန်းလောင်းထားသော ဟတ်ချီကို၏ရုပ်တုကဲ့သို့ လူတို့၏အချစ်တော်ခွေးရုပ်များ အမှတ်တရ ထုလုပ်ခဲ့ကြသည်။ ထူးခြားဖြစ်စဉ်များ နိုင်ငံတကာတွင် ရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

မှတ်တမ်းများအရ ဆိုရသော် ခရစ်နှစ် ၁၈၅၈ ခုနှစ်တွင်လည်း စကော့တလန်နိုင်ငံတွင် မိမိသခင်အား ဂျပန်နိုင်ငံမှ ဟတ်ချီကိုကဲ့သို့ သံယောဇဉ်ခင်တွယ်သည့် ဘော်ဘီ ခေါ် ခွေးတစ်ကောင် ရှိခဲ့သည်။ ဘော်ဘီ၏ သခင်မှာ အီဒင်ဘာရာမြို့ ဆင်ခြေဖုံးတွင် နေထိုင်သူတစ်ဦးဖြစ်၏။ သူ့သခင် ကွယ်လွန်သွားပြီးနောက် ဘော်ဘီသည် သူ့သခင် သင်္ချိုင်းဂူအနီးတွင် နေ့စဉ် အချိန်ပြည့် သွားရောက်နေသည်။

ထိုမြင်ကွင်းကို မြင်ကြရသော ပတ်ဝန်းကျင်မှ လူများသည် ဘော်ဘီအတွက် ရင်ထုမနာ ဖြစ်ကြသဖြင့် သူ နေထိုင်နိုင်ရန် သူ့သခင်၏ ဂူဘေးတွင် နေရာပြုလုပ်ပေးခဲ့ကြပြီး သူ့အား နေ့စဉ် အစာကျွေးခဲ့ကြသည်။ ခရစ်နှစ် ၁၈၇၂ ခုနှစ်တွင် ဘော်ဘီ ကွယ်လွန်သွားသောအခါ အီဒင်ဘာရာ မြို့သူ မြို့သားများသည် ဘော်ဘီအထိမ်းအမှတ် ကျောက်ရုပ်တစ်ခု ထုလုပ်၍ သူ့သခင် သင်္ချိုင်းဂူဘေးတွင် ထားခဲ့သည်ဟု ဆိုသည်။

အီတလီနိုင်ငံတွင်လည်း အလားတူဖြစ်စဉ်တစ်ခု ဖြစ်ခဲ့သည်ဟု သိရ၏။ အီတလီ ရောမမြို့မှ အင်ဂျင်နီယာ ကာလိုဆီရီယာနီ ဆိုသူအား သူ့မိတ်ဆွေတစ်ဦးက ဖီနို အမည်ရှိသော ခွေးလေးတစ်ကောင် လက်ဆောင်ပေးခဲ့သည်။

ကာလိုသည် သူနေထိုင်သည့် ရောမမြို့ ဆင်ခြေဖုံးမှ နေ့စဉ် မြို့တွင်းရှိ သူ့ရုံးသို့ ဘတ်စ်ကားစီး၍ ရုံးတက်လေ့ရှိသည်။ သူ့ခွေးကလေးသည် နေ့စဉ် သူ့သခင် ဘတ်စ်ကားဂိတ်သို့ လိုက်သွားလေ့ရှိပြီး ကားထွက်မှ အိမ်သို့ပြန်လာလေသည်။

ဤသို့ဖြင့် တစ်နှစ်ခန့်ကြာခဲ့ပြီးသည့် ၁၉၄၃ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် မဟာမိတ်လေတပ်မတော်မှ လေယာဉ်ပျံများသည် ရောမမြို့အား ဗုံးကြဲတိုက်ခိုက်စဉ် ကာလိုမှာ ကွယ်လွန်ခဲ့ရ၏။ သို့သော် သူ့အချစ်တော် ဖီနိုသည် သူ့သခင်၏အဖြစ်ကို မသိရှာပေ။ မိုးရွာရွာ နေပူပူ ဆီးနှင်းမုန်တိုင်းများကျကျ ဘတ်စ်ကားဂိတ်သို့ နေ့စဉ်သွား၍ သူ့သခင်အပြန်ကို စောင့်ကြိုသည်။ ညအမှောင်ပျိုးသည့်အချိန်ထိ စောင့်နေလေသည်။

ခွေးကလေး ဖီနိုကို မြင်ကြရသော လမ်းသွားလမ်းလာများက သောကဝေဒနာ အဖြာဖြာနှင့် ကြုံကြရသည်။ သူသေဆုံးသည်အထိ သူ့သခင်ပြန်လာနိုးဖြင့် နေ့စဉ်စောင့်ကြိုခဲ့သည်ဟု ဆိုကြပါကြောင်း။

❒ လှမိုး(ပညာရေး)

Ref : Strange but True By Jack Sewand.


# ကျောင်းသူ ကျောင်းသားများနှင့် မိဘများသိစေရန်

✿ ၂၀၁၃-၂၀၁၄ ယခုပညာသင်နှစ်မှာ နှစ်ချင်းပေါက် စာမေးပွဲအောင်မြင်ဖို့ ✿ အမှတ်များများ ရရှိဖို့ ✿ ဂုဏ်ထူးများများ ရရှိဖို့ ဘာသာစုံ ဂုဏ်ထူးထွက်ဖို့ ✿ အဆင့်(၁)မှ (၁၀) အတွင်း ဝင်စေဖို့ ✿ နှစ်ကျများလည်း ယခုနှစ်မှာ အခက်အခဲမရှိ လွယ်ကူစွာ ဖြေဆိုအောင်မြင်ဖို့ . . . . ယခု ကျောင်းဖွင့်စကတည်းက ကြိုတင်လာထားမှသာ ပိုမိုစိတ်ချရပါမယ်။ စာမေးပွဲကြီးဖြေချိန် နီးကပ်မှလာရင်တော့ ဆန္ဒပြည့်ဝဖို့ စိတ်မချရတော့ပါဘူး။ ထူးချွန်ဖို့ဆိုတာ တစ်နှစ်လုံးလုံး ကြိုးစားဖို့ လိုလို့ပါ။ ဂမ္ဘီရပညာ ယတြာအစီအရင် ဆိုတာလည်း တစ်နှစ်လုံးကြာကြာစွဲလုပ်လေ ပိုကောင်းလေပါပဲ။

## ဆရာကြီးဦးအောင်မြင့်( ဥပဒေဘွဲ့ )

လက္ခဏာဗေဒင်ပညာသုတေသီ

ယုံကြည်အားကိုးမှသာ လာခဲ့ပါ

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂




www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကင်ပေါ်မှ ကျလာသော

စိန်ဝင်းမော်

"ဂျူလီယန်ကော့(ပ်)ကဲ" က မြို့နှင့် တောနေစရိုက်နှစ်မျိုးလုံး ကျွမ်းသည်။ သူမ အသက်(၁၄) နှစ်တွင် သတ္တဗေဒပညာရှင်များ ဖြစ်ကြသည့် မိဘနှစ်ပါးက ပီရူးနိုင်ငံ၏ မိုးသစ်တော အလယ်ကောင်တွင် ပင်ဂွါနာဂေဟဗေဒသုတေသနစခန်းကို တည်ထောင်ခဲ့ကြသည်။ ထိုစခန်းတွင် နှစ်နှစ်မျှ နေခဲ့ပြီး မိဘများနှင့်အတူ သုတေသနခရီးစဉ်များတွင် လိုက်ပါခဲ့ကာ ဂျူလီယန်က လီမာမြို့တော်သို့ အထက်တန်းကျောင်း ပြီးဆုံးရန် ပြန်လာခဲ့သည်။

၁၉၇၁ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့။

ထိုစဉ်က အသက်(၁၇) နှစ်ရှိ ဂျူလီယန်က မိခင်နှင့်အတူ လေယာဉ်ဖြင့် ခရီးစဉ်အတွက် လေယာဉ်ပေါ်သို့ တက်ခဲ့သည်။

ပင်ဂွါနာရှိ ဖခင်နှင့် ခရစ္စမတ်တွင် အတူရှိစေရန် ဖြစ်သည်။ ထိုလေယာဉ် ခရီးစဉ်က သူမ၏ ငယ်ရွယ်သော ဘဝကို ထာဝရပြောင်းလဲစေခဲ့ပါတော့၏။

*

လီမာတွင် ကျွန်မ နေခဲ့သော နှစ်များကား ပျော်ရွှင်ဖွယ်ပင်။ တောကျွမ်းသော အတွေ့အကြုံရှိစေကာမူ ကျွန်မက ကျောင်းသူတစ်ဦးပါ။ ကျွန်မက ကျောင်းပိတ်ရက်များတွင် ပင်ဂွါနာ၌နေ၍ ကျောင်းဖွင့်ရက်များတွင်အတန်းဖော်များနှင့်အတူ လီမာတွင် နေသည်။

ကျွန်မ လီမာသို့ ပြန်ရောက်ပြီး ပထမ ခရစ္စမတ် အားလပ်ရက်တွင် ပထမဦးဆုံးအကြိမ်အဖြစ် လေယာဉ်ဖြင့် လီမာမှ ဖူကယ်(လ်)ပါမြို့သို့ တစ်ဦးတည်း စီးနင်းပျံသန်းခဲ့သည်။ ထိုသည်က ၁၉၇၁ ခုနှစ် ခရစ္စမတ်ပွဲတော်အတွက် အစီအမံဖြစ်၏။ သို့သော် ကျွန်မ၏ အမေက နိုဝင်ဘာလတွင် လီမာသို့ ရောက်ရှိလာခဲ့သည်။ သူမက ဖူကယ်(လ်)ပါသို့ ခရစ္စမတ် အကြိုနေ့ မတိုင်မီ တစ်ရက်တွင် ပြန်လိုသည်။ အဖေနှင့် စောနိုင်သမျှစော၍တွေ့ရန်ဖြစ်ပါသည်။

သို့သော် ဒီဇင်ဘာ ၂၃ ရက်နေ့တွင် ကျွန်မ၏ ကျောင်းဆင်းပွဲက ရှိနေသည်။ ထိုနေ့မတိုင်မီ ညဦးပိုင်းတွင်လည်း စုံတွဲကပွဲကလည်းရှိနေပြန်သည်။ ကျွန်မက အမေ့ကို ကျွန်မ၏ ကျောင်းဆင်းပွဲ တက်ခွင့်ပြုရန် တောင်းပန်ခဲ့သည်။

"ကောင်းပြီလေ"ဟု အမေက ပြောသည်။

"ဒီဇင်ဘာ ၂၄ ရက်နေ့မှာ လေယာဉ်နဲ့ သွားကြတာပေါ့"

ကျွန်မ၏ အမေက စိတ်ချရသော ဖောဆက်လေကြောင်းလိုင်းဖြင့် ပြန်ရန်စီစဉ်သည်။ သို့သော် ဘွတ်ကင်ပြည့်နေပြီ။ ထိုနေ့တွင် ဖူကယ်(လ်)ပါသို့ပျံသန်းမည့် တစ်ခုတည်းသောအခြားလေကြောင်းလိုင်းမှာ လန်ဆာဖြစ်၏။





ဂျူလီယန်၏ မိဘများ သဘာဝသမိုင်းပြတိုက် လီမာမြို့တွင် ၁၉၆၀ ပြည့်နှစ်က တွေ့ရပုံ (အပေါ်ပုံ)

ဂျူလီယန်အား ဒီဇင်ဘာလ ၂၃ ရက် ၁၉၇၁ ခုနှစ် ညစုံတွဲကပွဲတွင် တွေ့ရပုံ (ဝဲပုံ၊ လေယာဉ်ပျက်မကျမီ တစ်ရက်အလို တွေ့ရပုံ)



www.burmeseclassic.com

www.burmeseclassic.com





ဟုတ်ဇင်ငှက်၏ ထူးခြားသောအော်မြည်သံ
က ဂျူလီယန်လိုက်ရန် လမ်းကြောင်းကို
မီးမောင်းထိုးပြပေးခဲ့သည်။

ကိုင်းမင်းများက ဂျူလီယန်မြစ်ကြောင်းတစ်လျှောက် မျှောခဲ့စဉ် အဖော်အဖြစ်ရှိခဲ့သည်။

ထိုလန်ဆာလိုင်းအား "လန်ဆာက လေယာဉ်ဝမ်းဗိုက်ဖြင့် ဆင်းသက်သည်" ဟု ပြောစမှတ်ရှိသည်။ အဖေက အမေ့ကို ထိုလေကြောင်းလိုင်းဖြင့် မစီးနင်းရန် အတိအကျတိုက်တွန်းခဲ့သည်။ သို့သော် အခြားနည်းလမ်းမှာ နောက်ထပ်တစ်ရက် သို့မဟုတ် နှစ်ရက်ပင် စောင့်ဆိုင်းရမည်ဖြစ်ပါသည်။ အမေက ထိုသည်အတွက် စိတ်မရှည်။

"အို. . လေယာဉ်တိုင်း ပျက်ကျမှာ မဟုတ်ပါဘူး" ဟုဆိုကာ လက်မှတ်နှစ်စောင် ဝယ်လိုက်သည်။ ကျွန်မတို့ မသိသည်က ထိုလေယာဉ်မှာ လန်ဆာကုမ္ပဏီ၏ နောက်ဆုံးလက်ကျန် လေယာဉ် ဖြစ်ခြင်းပင်။ ကျန်လေယာဉ်အားလုံးက ပျက်ကျကုန်ခဲ့ပါပြီ။

ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက်တွင် လေဆိပ်သို့ ကျွန်မတို့ရောက်ရှိကြသောအခါ လူများပြည့်ကျပ်နေသည်။ အရင်တစ်နေ့က လေယာဉ်ခရီးစဉ်အချို့ ပယ်ဖျက်ခဲ့ရာ လူရာပေါင်းများစွာက ကောင်တာတွင် ပြည့်ကျပ်နေသည်။ အားလုံးက ခရစ္စမတ်နေ့အမီ အိမ်ပြန်ရန် ဆန္ဒဇောနေကြသည်။

လူအုပ်အတွင်း လက်မှတ်ရရန် တိုးဝှေ့နေသူများတွင် ရုပ်ရှင်ထုတ်လုပ်သူ ဝါနာဟားဇော့(ဂ်)လည်း ပါသည်။ သူက သူနှင့်ရုပ်ရှင်အဖွဲ့သားများအတွက် ၂၄ နာရီကြာမျှ လက်မှတ်ရရန် ကြိုးစား

လျက်ရှိရာ မရသည့်အဆုံးတွင် ဒေါ
ထွက်လျက်ရှိသည်။

နောက်ဆုံးတွင် ၁၁ နာရီကျော
အချိန်၌ ကျွန်မတို့ ခရီးစဉ်အတွ
ခေါ်ပါတော့သည်။ လေယာဉ်ကို မြင်
သောအခါ ကျွန်မတို့က ခံ့ညားသည်
ထင်မိ၏။ ကျွန်မ၏အမြင်တွင် အသ
အတိုင်းပင်။ သို့သော် ထိုသို့ လားလာ
မဟုတ်ကြောင်း နောက်ပိုင်းတွင်မှ သိ
ပါသည်။ လေယာဉ်အတွင်း၌ အရာ
သည် ပုံမှန်အတိုင်းပင်။ အမေနှင့် ကျွ
တို့က နောက်ဆုံးတန်း၏ ရှေ့တန်းတွ
ထိုင်ကြသည်။ အတန်းအမှတ် (၁၉
ကျွန်မက ထုံးစံအတိုင်း ပြတင်းပေါ
ထိုင်သည်။ ထိုင်ခုံအမှတ် အက်(ဖ်)

သိပ်သည်းထူထပ်သော တောကြီးက သူမကို အကူမနာစေရန် ပေးမခဲ့သည်။



ဂျူလီယန်၏ဘဝသစ် ၁၉၇၄ ကို
အဒေါ် အဘွားတို့နှင့် ထူထောင်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

ငှက်များကို သိပ္ပံနည်းကျ လေ့လာသော သကုဏဗေဒပညာရှင်ဖြစ်သူ အမေကတော့ လေယာဉ်စီးရခြင်းကို မနှစ်သက်။ သတ္တုဖြင့်ပြုလုပ်ထားသည့် ငှက်တစ်ကောင်က လေတွင် ပျံသန်းသည်မှာ သဘာဝမကျဟု ဆိုသည်။

လီမာမှ ပူကယ်(လ်)ပါ ခရီးစဉ်က တစ်နာရီခန့်ကြာသည်။ ပထမ မိနစ် ၃၀ က ပုံမှန်အတိုင်းပင်။ အားလုံးက ခရစ္စမတ်ပွဲတော်အတွက် စိတ်လှုပ်ရှားနေကြသည်။ နံနက်စာ ပေါ့ပေါ့ပါးပါးကို ကျွေးသည်။ ဆယ်မိနစ် ကြာပြီးသော အခါ လေယာဉ်မယ်က ပြန်လည်သိမ်းဆည်းသည်။ ထို့နောက် ရုတ်တရက် မုန်တိုင်းမျက်နှာစာနှင့် တိုးတော့သည်။

နေ့အလင်းရောင်က ညပမာ မှောင်သွားသည်။ အရပ်မျက်နှာစုံမှ လျှပ်စီးများလက်တော့သည်။ မမြင်ရသည့် စွမ်းအားတစ်ခုက ကျွန်မတို့၏ လေယာဉ်ကို ကစားစရာ အရုပ်လေး ပမာစတင်ကိုင်လှုပ်တော့သည်။ အပေါ်စင်မှ ပစ္စည်းများ ဦးခေါင်းပေါ်သို့ ကျလာစဉ် လူတွေက အော်ဟစ်ကြသည်။ အိတ်များ၊ ကစားစရာအရုပ်များ၊ ထုပ်ပိုးထားသော လက်ဆောင်ပစ္စည်းများ၊ အဝတ်အထည်များက မိုးရွာသလို ကျွန်မတို့အပေါ်သို့ ကျလာသည်။

အသားညှပ်ပေါင်မုန့် ထည့်သော ဗန်းများက လေတွင် ပျံဝဲလာကြသည်။ တစ်ဝက်တစ်ပျက် အချိုရည်များက ခေါင်းပေါ်နှင့် ဗန်းများပေါ်သို့ စီးကျလာသည်။ လူများက အော်ဟစ်ငိုယိုနေကြသည်။

"အားလုံး အဆင်ပြေသွားမှာပါလို့ မျှော်လင့်ရတာပဲ"ဟု အမေက ပြောသည်။ သူမ၏ ထိတ်လန့်ကြောက်ရွံ့မှုကို ကျွန်မ ခံစားနိုင်ပါသည်။

ကျွန်မက မျက်စိကျိန်းစေသော အလင်းရောင်ဖြူဖြူကြီးကို လေယာဉ်၏ ညာဘက်တောင်ပံပေါ်၌ ရုတ်တရက် မြင်လိုက်ရသည်။ လျှပ်စီးလက်သည်လား၊ ပေါက်ကွဲမှုလားဆိုသည်ကို ကျွန်မ မသိပါ။ အချိန်ကိုလည်း မသိတော့ပါ။ ဤဖြစ်ရပ်က မိနစ်များ သို့မဟုတ် တစ်စက္ကန့်၏ အစိတ်အပိုင်းမျှ ကြာမြင့်သည်ကို မပြောတတ်ပါ။ ထိုအလင်းရောင်ကြောင့် မျက်လုံးများ ပြာဝေသွားခဲ့ပါသည်။ အမေ၏ တည်ငြိမ်စွာပြောလိုက်သံကို ကျွန်မ ကြားရသည်။

"ခုတော့ ကိစ္စချောပြီ"

ကျွန်မ၏ နားများ ခေါင်း တစ်ကိုယ်လုံးသည် လေယာဉ်၏ တဝေါဝေါ မြည်ဟည်းသံကြီးဖြင့် ဖုံးလွှမ်းသွားသည်။ လေယာဉ်ဦးခေါင်းက အောက်သို့ ထိုးစိုက်သွားသည်။ အောက်သို့ လျင်မြန်စွာ ကျဆင်းသွားသည်။ လူများ၏ အော်သံများငြိမ်ကျသွားသည်။

လေယာဉ်စက်သံများ ပျောက်သွားသည်။ အမေက ဘေးတွင် မရှိတော့။ ကျွန်မကလည်း လေယာဉ်ထဲတွင် မရှိတော့။ ကျွန်မက လေယာဉ်ထိုင်ခုံတွင် တုပ်နှောင်လျက်။ သို့သော် တစ်ယောက်တည်း။ ကျွန်မ လေထဲတွင် ကျဆင်းမှုမှာ တိတ်ဆိတ်ငြိမ်သက်သည်။ ထိုင်ခုံတွင် တုပ်နှောင်လျက် တွဲလဲခိုကာ ဘေးဝန်းကျင်တွင် ဘာမျှမရှိ။

ကျွန်မက အောက်သို့ကျဆင်းနေပါသည်။ ထိုင်ခုံခါးပတ်က ကျွန်မ၏ ဝမ်းဗိုက်ကို တင်းစွာ ညှစ်လျက်ရှိရာ နာကျင်ပြီး အသက်ရှူ၍ မရတော့ပါ။ နားထဲတွင် လေပြင်းတိုက်ခတ်သံကို ကြားနေရသည်။ ကျွန်မက ကြောက်စိတ် မဖြစ်ပေါ်မီ သတိလစ်သွားခဲ့ပါသည်။ ကျွန်မ နောက်ပိုင်းတွင် မှတ်မိသည်က ဇောက်ထိုးတွဲလဲရှိလျက် တော




ပူကယ်လ်ပါ လေဆိပ်အနီးရှိ လေယာဉ်ပျက်ကျသေဆုံးသူများ၏ ဂူဗိမာန် "မျှော်လင့်ခြင်းတောင်ပံများ"ဟု ကမ္ပည်းထိုးထားသည်။ (အပေါ်ပုံ)





၁၉၉၀ ပြည့်နှစ်တွင် ဂျူလီယန်က လေယာဉ်ပျက်ကျခဲ့ရာ နေရာသို့ ပြန်လာကာ ဝါနာဟားဇော့ဂ်၏ မှတ်တမ်းရုပ်ရှင်ကို ရိုက်ကူးခဲ့သည်။ (ဘေးပုံ)



www.burmeseclassic.com

www.burmeseclassic.com



ဂျူလီယန် (စာရေးသူ)အား မတ်လ ၁၉၇၂ ခုနှစ်တွင် အခင်းဖြစ်ပွားရာနေရာသို့ နာလန်ထူအပြီးပြန်လာစဉ်

နက်ကြီးက လည်ပတ်လျက် ဖြည်းလေးစွာ ကျွန်မထံသို့ လာနေသည် မဟုတ်ပါ။ ကျွန်မဆီသို့ လာနေခြင်း မဟုတ်ပါ။ ကျွန်မက တောနက်ကြီးဆီသို့ ကျနေပါသည်။ သစ်ပင်ထိပ်ဖျားများ သိပ်သည်းစွာ တည်ရှိနေမှုက ပန်းဂေါ်ဖီစိမ်းကို သတိရစေသည်။ မြင်ကွင်းများက မှုန်ဝါးနေသည်။ အရာရာကို မြူထုများမှ တစ်ဆင့် မြင်ရဘိသို့ မြင်ရသည်။ ထို့နောက် ညဥ့်အမှောင်က လွှမ်းခြုံရစ်ပတ်သွားခဲ့ပြန်သည်။

ကျွန်မ သတိပြန်လည်ရလာသောအခါ ကျွန်မက ထိုင်ခုံအောက်တွင် ရောက်ရှိနေကြောင်း သတိပြုမိသည်။ ထိုင်ခုံခါးပတ်မှာ ပြေလျော့နေသည်။ သို့ဖြစ်ရာ တစ်ချိန်ချိန်တွင် ကျွန်မ သတိရနေပေမည်။ ကျွန်မက သုံးခုံတန်းအောက်သို့လည်း တွားသွားနိုအောင်းခဲ့သည်။ ထိုနေ့ တစ်နေ့၏ ကျန်ရှိနေသော အချိန်များနှင့် တစ်ညလုံး နောက်နေ့နံနက်တိုင် လဲလျောင်းနေခဲ့သည်။ ကျွန်မတစ်ကိုယ်လုံး စိုရွှဲကာ ရွှံ့များဖြင့် ပေကျံနေရလသည်။

ကျွန်မ မျက်စိဖွင့်လိုက်စဉ် မြင်တွေ့ရသော ပုံရိပ်ကို ဘယ်တော့မျှ မေ့မည်မဟုတ်ပါ။ တောကြီးမျက်မည်း၏ သစ်ပင်ကြီးများ ထိပ်ဖျားတို့မှာ ရွှေရောင် အလင်းခတ်ဖြင့် ယှက်သန်းကာ အရာရာ တောက်ပလျက်ရှိသည်။ ကျွန်မက ဆုံးစမရှိ စွန့်ပစ်ထားမှုကို ခံစားရသည်။

ကျွန်မက မတ်တတ်ရပ်ရန်ကြိုးစားသည်။ သို့သော် မရ။ အရာရာ မည်းမှောင်သွားလေ၏။ ကျွန်မမှာ ကူကယ်ရာမဲ့ကာ လုံးလုံးလျားလျား အထီးကျန်မှုကို ခံစားရပါသည်။ လက်ပတ်နာရီကို ကြည့်လိုက်သည်။ သွားနေသေးသည်။ တိုးညင်းသော စက်သံကို ကြားနေရသော်လည်း အချိန်ကိုကြည့်ရန် ခက်ခဲနေပါသည်။ ကျွန်မ ရှေ့တူရူကို ကြည့်မရ။ ခေတ္တအကြာတွင် ကျွန်မ၏ ဘယ်မျက်လုံးမှာ ရောင်ကိုင်း၍ ပိတ်နေကြောင်း သတိပြုမိသည်။ အခြားမျက်စိဖြင့် မှေးမှေးရေးရေးသာ မြင်နိုင်သည်။ ကျွန်မ၏ မျက်မှန် မရှိတော့။ သို့တစေ အချိန်ကို ရအောင် ကြည့်နိုင်ခဲ့သည်။ ၉ နာရီ။ နံနက်ခင်းဖြစ်၏။ ကျွန်မက မူးဝေလာပြန်ကာ ခြေကုန်လက်ပန်းကျလျက် မိုးသစ်တော၏ ကြမ်းပြင်တွင် လှဲချလိုက်သည်။

ပီရူးလေကြောင်းခရီးစဉ် သမိုင်းတွင် အကြီးကျယ်ဆုံးသော ရှာဖွေကယ်ဆယ်ရေးကြီးတစ်ရပ် စတင်ဆောင်ရွက်နေသည်ကို ကျွန်မ မသိခဲ့။

တစ်နည်းနည်းဖြင့် ကျွန်မ ဒူးထောက်ထခဲ့သည်။ သို့သော် အရာရာသည် မှောင်အတိ ဖြစ်သွားပြန်ကာ လွန်စွာ မူးနောက်လာသဖြင့် ကျွန်မ ပြန်လည်လဲလျောင်းခဲ့ရသည်။ ကျွန်မက ထပ်တလဲလဲ ကြိုးစားရာ နောက်ဆုံးတွင် အောင်မြင်ခဲ့သည်။ ကျွန်မ၏ ညာညှပ်ရိုးများက တစ်မျိုး ဖြစ်နေသည်။ လက်ဖြင့်ထိကြည့်ရာ သိသာစွာကျိုးနေပါသည်။ ထို့အပြင် ဘယ်ခြေသလုံးတွင် ဟက်တက်ကွဲဒဏ်ရာတစ်ခုကို တွေ့ရသည်။ လေးစင်တီမီတာခန့် ရှည်၍ နက်မည်ထင်ပါသည်။ နက်ရှိုင်းသော ချောက်ကြီးနှင့်တူကာ ဟောင်းလောင်းထော်လော်ရှိလျက် ကြမ်းတမ်းသော သတ္တုအနားစောင်းဖြင့် ထိရှမိဟန်တူပါသည်။ သို့သော် ထူးဆန်းသည်က ထိုဒဏ်ရမှ သွေးထွက်မနေပါ။

အမေက ထိုနေရာတွင် မရှိပါ။ ဘာပြုလို့ပါလဲ။ သူမက ကျွန်မ၏ဘေးတွင် ထိုင်နေခဲ့ပါသည်။ ကျွန်မက လေးဖက်ထောက်၍ တွားသွားကာ သူမကို ရှာသည်။ နာမည်ကို ခေါ်သည်။ သို့သော် တောသံများကသာဖြေကြား၏။

ကျွန်မ ကျရောက်ခဲ့မှုမှ ပေါ်ပေါ်သော ဒဏ်ရာများနှင့် မည်သို့ အသက်ရှင်နိုင်ခဲ့ပါသနည်း။ ကျွန်မ နိုးထလာသောအခါ ထင်သည်ထက် ဒဏ်ရာအနာတရ ဖြစ်ခဲ့သော်လည်း ဆိုးရွားသော ကျရောက်ခဲ့မှုနှင့်စာလျှင် ရယ်ဖွယ်ပင်။ ညှပ်ရိုးမှလွဲလျှင် အခြား မည်သည့် အင်္ဂါအစိတ်အပိုင်းမျှ မကျိုး။ အသားဒဏ်ရာများကလည်း ထိန်းချုပ်နိုင်ပါသည်။ ဤအချင်းအရာက မည်သို့ ဖြစ်နိုင်ပါသနည်း။ အံ့ဖွယ်သရဲ ဖြစ်ရပ်များလား။

ကျွန်မ အသက်မသေဘဲ ရှိနေခြင်းမှာ ဖြစ်နိုင်ခြေသုံးရပ်၏ ပေါင်းစပ်မှုကြောင့်ဟု ထင်ပါသည်။ မိုးတိမ်မည်းများတွင် အင်အားပြင်းသော အထက်ဆန်သည့် လေပြင်းများရှိကာ အရာရာကို အပေါ်သို့ပင့်တိုက်သည်။ ကျဆင်းလာသော လူတစ်ယောက်ကိုပင် ဖမ်း... ကာ ချာချာလည်စေနိုင်သည်။ ထို... အထက်ဆန်သော လေပြင်းများ...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မအား အရှိန်သတ်ပေးခဲ့ဖွယ်ရှိသည်။ ကျွန်မက မေပယ်(လ်) အစေ့လေးပမာ ကျဆင်းလာစဉ် ဝေ့ဝဲနေသည်ဟု ယူဆပါသည်။

သုံးခုတွဲ ထိုင်ခုံတန်းတွင် အစွန်း၌ ကျွန်မက ထိုင်ခုံခါးပတ်ဖြင့် ချည်နှောင်ထားရာ ၎င်းက ကျွန်မအပေါ်တွင် မေပယ်(လ်)စေ့အတောင်ပံသဖွယ် ဝေ့ဝဲစေကာ အကျနှေးစေပါမည်။ လေယာဉ်ပျက်မှ အလောင်းများကို လိုက်လံကောက်ယူသူတစ်ဦးက နောက်ပိုင်းတွင် ကျွန်မကို ပြောပြသည်မှာ ထိုင်ခုံတစ်ခုသာ မပျက်စီးဘဲ တွေ့ရကြောင်း၊ ထိုထိုင်ခုံသည် ဧရာမ သစ်ပင်ကြီးများပေါ်က်ရောက်ကာ နွယ်ပင်များဖြင့် ယှက်သန်းနေမှုက ကျွန်မ၏ ကျရောက်လာမှုကို ခုခံ နှေးကွေးစေနိုင်ပါသည်။

ကျွန်မက မကြောက်ပါ။ သတိကောင်းစွာရလျက် ထိုးစိုက်ကျဆင်းနေစဉ် ချာချာလည်နေသော တောကြီးကို အောက်တွင်မြင်ရသည်။ ဘာဖြစ်နေသည်ကို ကျွန်မ သိသည်။

လွန်ကဲပြင်းထန်သော အချိန်သမယတွင် အကြောက်လွန်၍ ရူးသွပ်ခြင်း၊ သေဆုံးခြင်းများကို ကာကွယ်ရန် ကျွန်မတို့၏ ကိုယ်တွင်း၌ ဘေးဆီးရန်က ကိရိယာပါသည်ဟု ထင်ပါသည်။ ထိတ်လန့်ကြောက်ရွံ့ဖွယ် အဖြစ်နှင့်ကြုံကြိုက်က ပေယျာလကံပြု သဘောထားကြသည်။ နောက်မှ ကြောက်စိတ်ဝင်လာသည်။

ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် တောကြီးမျက်မည်းအလယ်၌ နိုးထလာစဉ် ကျွန်မက ဖြစ်စဉ်၏ အလယ်၌သာ ရှိသေးသည်။ ကျွန်မ လေယာဉ်ပျံပေါ်မှ ကျလာခဲ့ကြောင်း သိသည်။ သို့သော် ဤတောကြီးထဲမှ တစ်နည်းမဟုတ် တစ်နည်း ထွက်ပေါက်ရလိမ့်မည်ဟု သံသယ မရှိခဲ့ပါ။ အမေ့ကိုသာ ရှာရပါမည်။ မိုးသစ်တောအတွင်းသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသူများအတွက်မူကား အမှန်တကယ် ခြိမ်းခြောက်ဘီသို့ ရှိပေမည်။ နံရံကြီးပမာပင်။ ၎င်းကိုထိုးဖောက်၍ အစိမ်းရောင်ကို ဖြတ်သန်းထိုးဝင်လာသော အလင်းရောင်က ကျလာသည်။ အရိပ်အမျိုးမျိုးက မရေတွက်နိုင်အောင်ပင်။

လျှပ်ပြေးသံ၊ တရှဲရှဲမြည်သံ၊ တဖျပ်ဖျပ်တောင်ပံခတ်သံ၊ တစီစီ တစီစီမြည်သံ၊ ရေငဲ့သောအခါ ဂလုပ် ဂလုပ်မြည်သံမျိုး၊ ချက်ခနဲ ချောက်ခနဲ မြည်သံ၊ လေချွန်သံကဲ့သို့ ငှက်အော်သံ၊ ဟိန်းဟောက်မာန်ဖီသံတို့ မျိုးစုံကြားနေရသည်။ စွတ်စိုထိုင်းမှိုင်းမှုက ရှိပြန်သည်။ မိုးမရွာသည့်အခါမှာပင် ရေငွေ့ အစိုဓာတ်တို့က တစက်စက် ကိုယ်ပေါ်သို့ကျသည်။ အနံ့အသက်များကလည်း တစ်မူထူးခြားသည်။ မကြာခဏ ဆိုသလို နွယ်ယှက်လျှောက်သွားပေါက်ဖွားကာ ဆွေးမြည့်ခဲ့သော အပင်များ၏ အောက်သိုးသိုးအပုပ်နံ့များ။ ဤနွယ်ပင်နှာမောင်းများတွင် မြွေများက ပတ်ဝန်းကျင်နှင့် တစ်သားတည်းဖြစ်အောင် ကောင်းစွာ ကိုယ်ရောင်ဖျောက်နိုင်၏။

ထို့နောက် ပိုးမွှားတိရစ္ဆာန်များကလည်း ပေါများလှသည်။ ၎င်းတို့က တောကြီးကို အမှန်အုပ်စိုးသူများပင်။ ပိုးကောင်လေးများ၊ ပုရွက်ဆိတ်များ၊ ပိုးကောင်မာများနှင့် လိပ်ပြာများ။ သွေးစုပ်လိုသော ခြင်များ၊ အရေပြားအောက် သို့မဟုတ် အနာထဲတွင် ဥဥသော ယင်ကောင်များ၊ မတုပ်တတ်သော်လည်း သင့်ဆံပင်တွင် တွယ်ကပ်လိုသော ပျားရိုင်းများ။

ကျွန်မက ထိုပိုးမွှားတိရစ္ဆာန်များအားလုံးနှင့် ယဉ်ပါးသည်။ သတ္တဗေဒပညာရှင်များ ဖြစ်ကြသည့် မိဘများက ကျွန်မကို ပြသခြင်း၊ မပြသည့်အရာ မရှိပါ။ ဦးနှောက်၌ အနည်းငယ်ထိခိုက်ဒဏ်ရာရပြီး ဝေဝါးဝါး ဖြစ်နေသော ဦးခေါင်းတွင်း ဤဗဟုသုတကိုသာ ပြန်လည်ရှာဖွေ ဖော်ထုတ်ရသည်။ ကျွန်မ အသက်ရှင်ရေးအတွက် ဤဗဟုသုတက လိုအပ်ပါသည်။

ရုတ်တရက် ကျွန်မ ရေအလွန်အမင်း ဆာလာသည်။ ဘေးဝန်းကျင်ရှိ သစ်ရွက်များပေါ်တွင် ရေစက်ကြီးများက တောက်ပနေရာ ကျွန်မက လျက်ပစ်လိုက်သည်။ ကျွန်မက ထိုင်ခုံပတ်ချာလည်ကို လျှောက်သည်။ တောထဲတွင် လျင်မြန်စွာ လမ်းပျောက်နိုင်သည်။ သို့အတွက် ကျွန်မက သတိရှိသည်။ ထင်ရှားသော သစ်ပင်ကြီးတစ်ပင်ကို မှတ်ထားပြီး မျက်စိမှမခွာ။

အံ့အားသင့်ဖွယ်ပင် ကျွန်မ၏ လေယာဉ်ပျက် အစအနပင် မတွေ့ရပါ။ အပျက်အစီး၊ လူပုဂ္ဂိုလ်လည်း မရှိပါ။ ထိုအခိုက် ချိုချဉ်တစ်ထုပ်ကို ကျွန်မ တွေ့ပါသည်။

ရုတ်တရက် အင်ဂျင်စက်သံ တဝီဝီကြားရသည်။ လေယာဉ်ပျံများက ကျွန်မခေါင်းပေါ်တွင် ဝဲပျံနေကြသည်။ သူတို့ ဘာရှာနေသည်ကို ကျွန်မ ချက်ချင်းသိလိုက်သည်။ ကျွန်မက ကောင်းကင်ကို မော့ကြည့်လိုက်သည်။ သို့သော် သစ်ပင်ကြီးများက ထူထဲ သိပ်သည်းလှပေစွ။ ဤနေရာမှ ကျွန်မကို သတိပြုမိစေမည့် ပြုလုပ်ရန်နည်းလမ်း မရှိ။ လုံးဝ မတတ်နိုင်စွမ်းမှု ခံစားချက်က ကျွန်မကို လွှမ်းခြုံသွား၏။

ပြီးလျှင် "ဒီတောနက်ကြီးထဲက ထွက်မှ" ဟူသော အတွေး။ ထို့နောက် လေယာဉ်ပျံများ ထွက်ခွာသွားကြသည်။ တောသံဗလံများသာ ကျန်ခဲ့၏။ ကျွန်မ ဤတောကိုသိသည်။ ရုတ်တရက် အသံတစ်သံကို သတိပြုမိသည်။ ထိုအသံက ရှိနေခဲ့သည်။ ယခုမှ ကျွန်မ၏ အသိအာရုံတွင်းသို့ ထိုးဖောက် ဝင်ရောက်လာခဲ့သည်။ တစ်စက် တစ်စက် ကျသံ၊ ရေပွက်သံမပီမသမြည်သံ၊ အနီးအနားတွင် ချောင်းငယ်သို့ စီးဆင်းနေသည့် စမ်းငယ်တစ်ခုကို တွေ့ရသည်။ ဤသည်က ကျွန်မကို မျှော်လင့်ချက် ဖြစ်ပေါ်စေသည်။ သောက်ရေရှာတွေ့ရုံမျှမက ဤချောင်းငယ်လေးက ကယ်တင်မည့်သူများရှိရာကို လမ်းညွှန်ပေးပေမည်။



www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် ကျွန်မက မြစ်လက်တက် လေးအတိုင်း လိုက်သွားသည်။ ထင် သလောက်မလွယ်ပါ။ အဘယ့်ကြောင့် ဆိုသော် သစ်ပင် ပင်စည်တုံးကြီးများ က ကန့်လန့်ဖြတ်ရှိနေတတ်သည်။ သိပ် သည်းသော အောက်ခြေအပင် အစု အထွေးများက ကျွန်မ သွားရမည့်လမ်း ကို ပိတ်ထားဘိသို့ရှိ၏။ တဖြည်းဖြည်း ချောင်းငယ်က ကျယ်လာကာ စမ်း ချောင်း ဖြစ်လာသည်။ မူလကြမ်းပြင်မှာ တစ်စိတ်တစ်ပိုင်း ခြောက်သွေ့နေသည်။ သို့နှင့် ကျွန်မက ၅၀ စင်တီမီတာ လမ်းလေးတွင် သက်သောင့်သက်သာ လျှောက်လှမ်းနိုင်ခဲ့သ...

၆ နာရီခန့်တွ... မှောင်လာပါ သည်။ ကျွန်မက ချောင်းကြမ်းပြင်တွင် ညအိပ်စက်နိုင်မည့် သင့်တော်သော နေရာကို ရှာဖွေသည်။ ချိုချဉ်တစ်လုံး စားပြန်သည်။

ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျွန်မ၏ အဘွားက လက်ဆောင်ပေး ထားသော နာရီမှာ လုံးဝရပ်သွားပါ တော့သည်။ ကျွန်မက ခြေတစ်ဖက်ကို ရှေ့သို့ထုတ်လိုက်သည်။ ချောင်းက ပို၍ ကြီးလာကာ မြစ်ငယ်တစ်ခု ဖြစ်လာ သည်။ နေ့များကား ပုံစံတူပင်။ ကျွန်မက ခရီးသွားရင်း ရေတွက်သည်။ သို့မှသာ အချိန်ကို သိနေပေမည်။

တဖြည်းဖြည်း ကျွန်မက နောက် ဆုံး ချိုချဉ်ကို စားလိုက်သည်။ အခြား ဘာကိုမျှ မစားရဲ။ မိုးရာသီဖြစ်၍ ဘာ အသီးမျှ မယ်မယ်ရရ မရှိ။ ကျွန်မတွင် ဓားမပါ။ သို့ဖြစ်ရာ ငှက်ပျောအူတိုင်ကို မဖြတ်ရိုင်၊ ငါးမဖမ်းနိုင်။ သစ်မြစ် သစ်ဥ များကို မချက်ပြုတ်နိုင်။ တောထဲတွင် ပေါက်ရောက်နေသည်များကလည်း အဆိပ်ဖြစ်တတ်သည်။ သို့ဖြစ်၍ မသိ သော အရာများကို လက်ရှောင်သည်။ သို့သော် စမ်းရေကိုတော့ များများ သောက်သည်။

မှတ်သားရေတွက်သော်လည်း နေ့များက ရောထွေးကုန်သည်။

ဒီဇင်ဘာလ ၂၉ သို့မဟုတ် ၃၀ ရက်နေ့။ ကျွန်မခရီး၏ ပဥ္စမ သို့မဟုတ် ဆဋ္ဌမ နေ့တွင် ငှက်တစ်ကောင် အော် မြည်သံကို ကြားရသည်။ ကျွန်မ၏စိတ် ရွှင်လန်းဝမ်းမြောက်လာသည်။ ရစ်ကဲ့သို့ သော "ဟုတ်ဇင်ငှက်" (hoatzin ပုံတွင် ကြည့်ပါ)၏ တစီစီနှင့် ညည်းတွားမှု ရောထွေးသော အော်မြည်သံမှာ ယုံမှား သံသယဖြစ်စရာ မရှိပါ။ ဤငှက်များက ရေပြင်ကျယ်အနီးအနားတွင်သာအသိုက် ဖွဲ့လေ့ရှိတတ်ကြသည်။ မြစ်ကြီးများနှင့် နီးကာ လူသူများ အခြေချနေထိုင်မည်။

နောက်ဆုံးတွင် ကျွန်မက မြစ် ကြီးတစ်ခု၏ ကမ်းပါးတွင် ရပ်နေလျက် ရှိသည်။ သို့သော် လူသတ္တဝါဆိုလို့ စိုးစဉ် မျှ မမြင်တွေ့ရ၊ ရှာဖွေနေတဲ့ လေယာဉ် တွေက ဘယ်မှာပါလိမ့်။ အဝေးမှာတွင် သာ ကြားရသည်။ အချိန်များ ကုန်လွန် ခဲ့ပြီ။ လွန်ခဲ့သော ရက်အနည်းငယ်က အမြဲလိုလိုကြားနေရသော အင်ဂျင်စက် သံများ ပြန်ပေါ်မလာတော့။ နောက်ဆုံး တော့ သူတို့ လက်လျှော့လိုက်ကြပြီဟု ကျွန်မ သဘောပေါက်လိုက်မိသည်။ ကျွန်မမှတစ်ပါး အားလုံးကို ကယ်တင် ပြီးခဲ့ပြီလားပဲ။ ကျွန်မမှ အပ. . .။

အကန့်အသတ်မရှိသော ဒေါသ တို့ ကျွန်မကို ဖုံးလွှမ်းသွားသည်။ ကျွန်မ အနေနှင့် ဤရက်များအတွင်း ရေပြင် ကျယ်ဆီသို့ ရောက်ရှိခဲ့ပြီးမှ သူတို့ လှည့် ပြန်သွားခဲ့ကြရက်လေခြင်း၊ ဒေါသအခိုး အလျှံတို့ ချက်ချင်းတောက်လောင်လာ ခဲ့သလို ပြေငြိမ်းသွားကာ မခံသာသော စိတ်ပျက်လက်ပျက်ဖြစ်မှုတို့က အစား ထိုး ဝင်ရောက်လာခဲ့သည်။ သို့သော် ကျွန်မက အရှုံးမပေးပါ။ ဤမြစ်သည် မြစ်ပင် ဖြစ်၏။ မြစ်ရှိသော နေရာနှင့် လူများမဝေးနိုင်။

မြစ်ကမ်းပါးက အပင်များ ထူ ထပ်သိပ်သည်းစွာ ပေါက်ရောက်လျက် ရှိရာ ၎င်းအတိုင်း ခြေကျင်သွားရန် မလွယ်ပါ။ ကြောက်မက်ဖွယ် ငါးလက် ထိုများက မြစ်ကမ်းပါးတွင် နားခိုနေ

တတ်ကြခြင်း သို့မဟုတ် ရေစီးတွင် ခိုနေ တတ်ကြခြင်းကို ကျွန်မက သိသည်။ ၎င်းတို့ကို မမြင်နိုင်။ ကျွန်မ သတိထား ၍ လျှောက်သည်။

ခရီးပေါက်ဖို့က ခက်ခဲပါသည်။ သို့နှင့် ကျွန်မက မြစ်အလယ်ကောင် တွင် ရေကူးပါသည်။ ရေနက်ပိုင်းတွင် ငါးလက်ထုံများ အန္တရာယ်မှ လုံခြုံ... သည်။ ထိုအစား ပီရန်ဟ (piranha သတ္တဝါများကို အရှင်လတ်လတ် ဝိုင်း... ကိုက်တတ်သော တောင်အမေရိက... တွင်နေ အသားစားငါးငယ်မျိုး) ငါးများ ရှိသည်။ သို့သော် ၎င်းတို့က ရေငြိမ်တွင် သာ အန္တရာယ်ရှိကြောင်း ကျွန်မ သိ... သည်။ "ကိုင်းမင်း" ခေါ် မိကျောင်း ခေါင်းတိုနှင့်ဆင်သော အမေရိက... အပူပိုင်းတွင်းသွားသတ္တဝါ (caiman) ကိုတော့ မုချတွေ့ရပေမည်။ သို့သော် သူတို့ကလည်း လူများကို တိုက်ခိုက်လေ့ မရှိ။ သို့နှင့် ကျွန်မက ရေစီးနှင့် မျော... ပါသည်။

နေဝင်သွားသောအခါ ကျွန်မ... ညကို လွန်မြောက်ရန် အေးကင်းသော နေရာကို ကမ်းပါးတွင် ရှာရသည်။ ကျွန်မက ကုန်းစောင်း သို့မဟုတ် သစ် ပင်ကြီး တစ်ပင်က နောက်ကျော... အကာအကွယ် ရှိစေသော နေရာ... ကြိုးစားရှာလေ့ရှိသည်။ အိပ်ဖို့ရန်... တွေး၍မရ၊ ခြင်ကောင်များ သို့မဟုတ် မှက်အသေးစားများက ကျွန်မကို နိုး... နေစေ၏။ သူတို့က ကျွန်မကို အရှင် လတ်လတ် စားလိုကြဟန်ရှိသည်။

ကျွန်မ၏ ဦးခေါင်းတစ်ဝိုက်တွင် တဝီဝီရှိနေကြကာ အနှောင့်အယှက်ပေး... လှသော ပိုးမွှားများက နားနှင့် နှာခေါင်း အတွင်း တွား၍ဝင်ရန်ကြိုးစားကြသည်။ ထိုညများကား မခံမရပ်နိုင်အောင်... 

ထိုအချိန်များကား ကျွန်မ စိတ် ပျက် လက်ပျက် လက်မှိုင်ချရသော အချိန်များပင်။ အခြားလေယာဉ်စီး... သည်များ ဘယ်မှာပါလိမ့်ဟု တွေး... တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ဆက်လက် ရေကူးနေသည်။ ပို၍ ပင်ပန်းနွမ်းလျလာပါပြီ။ ကျွန်မက မဆာသော်လည်း အရာရာက ပိုမိုခက်ခဲလာပါသည်။ မြစ်ရေကို များများသောက်ပြီး ဝမ်းကို ပြည့်စေသည်။ တစ်ခုခုစားသင့်သည်ကို ကျွန်မ သိသည်။ လှုပ်ရှားခဲ့ရသည်မှာ ဘယ်နှရက်ရှိပြီလဲ။ ခုနစ်ရက်လား၊ ရှစ်ရက်လား။

နောက်နေ့ နံနက်တွင် ကျောအထက်ပိုင်းက စူးရှသည့် နာကျင်မှုကို ခံစားရသည်။ လက်ဖြင့် ထိကြည့်သောအခါ သွေးထွက်နေသည်။ ကျွန်မက ရေထဲတွင် ကူးခတ်နေစဉ် နေက ကျွန်မ၏အရေပြားကို လောင်ကျွမ်းကာ အရေခွံကွာလျက်ရှိသည်။ ကျွန်မ ဘာမျှ မတတ်နိုင်ပါ။ ရေထဲတွင် ဆက်မျောသည်။ နာနေသော မျက်လုံးများက ကျွန်မကို ထပ်ကာတလဲလဲ လှည့်စားသည်။ မကြာခဏဆိုသလို မြစ်ကမ်းပါးတွင် အိမ်တစ်အိမ်၏ အမိုးကို မြင်ရသည်။ နားများကလည်း ကျိန်းသေကြားရသည်။ ထို့နောက် ကိုယ့်ကိုယ်ကိုယ် စိတ်ဆိုးကာ ဆူပူမိသည်။

"နင်တုံးလှချေလား"

ကျွန်မ မောပန်းနေပါပြီ။အလွန်အမင်း မောပန်းနေပါပြီ။ အစာရေစာများကို တွေးမြင်မိသည်။ ကြီးကျယ်ခမ်းနားသော စားဖွယ်များနှင့် ထမင်းဟင်းလျာများ။ နံနက်တိုင်း သက်သောင့်သက်သာရှိသော နေရာမှ မတ်တတ်ရပ်လျက် ရေအေးထဲသို့ဆင်းရန် ပိုမိုခက်ခဲလာပါသည်။ ကျွန်မ ခရီးဆက်ရန် အစီပွာယ်မှ ရှိပါသေးရဲ့လား။ ရှိသည်ဟု ကိုယ့်ကိုယ်ကိုယ်ပြောကာ ရှိသမျှအားအင်ကို စုစည်းသည်။

"ငါ ဆက်သွားနေမှ - ဒီမှာဆို ငါပျောက်ကွယ်သွားမယ်"

(၁၀)ရက်မြောက်နေ့ကို ရေထဲတွင် မျောခြင်းဖြင့် ကုန်ဆုံးစေခဲ့သည်။ ရေထဲတွင် သစ်တုံးများနှင့် အမြဲတိုက်မိသည်။ အရိုးများ မကျိုးစေရန် ၎င်းတို့ကို ဆော့တက်ရခြင်းအတွက် အင်အားများ စွာ ကုန်ခန်းသည်။ ညနေစောင်းတွင် အိပ်ရန်ကောင်းဟန်ရှိသော ကျောက်စရစ်ကမ်းပါးတစ်ခုကို တွေ့သည်။ နေရာယူလိုက်ကာ အနည်းငယ် အိပ်ပျော်သွားသည်။

ထို့နောက် ဤနေရာနှင့် မသက်ဆိုင်သော အရာကို ကျွန်မမြင်ရသည်။ မြစ်ကမ်းနဖူးပေါ်တွင် လှေတစ်စင်း။ ကျွန်မ၏ မျက်လုံးများကို ပွတ်သပ်လိုက်ပြီး သုံးကြိမ် သုံးခါ ကြည့်သည်။ လှေက ရှိနေဆဲ။ လှေတစ်စင်း။ ကျွန်မက ရေကူးသွားကာ ထိကြည့်သည်။ ထိုအခါတွင်မှ ကျွန်မ တကယ်ယုံနိုင်တော့၏။ ငါးမီတာ ဆယ်မီတာမျှသော ကမ်းပါးသို့ တက်သွားသည့် လူသွားလမ်းကလေးကို သတိပြုမိသည်။ ကျွန်မ ကမ်းပါးကို တက်ရပါမည်။ ထိုနေရာတွင် လူများကို မုချတွေ့ရလိမ့်မည်။ သို့သော် ကျွန်မက နုံးချည့်အားပျော့နေသည်။ ထိုမီတာ အနည်းငယ်မျှသော အကွာအဝေးကို နာရီများစွာတက်ခဲ့ရသည်။ ရိုးစင်းသော အမိုးအကာနှင့် တဲလေးတစ်လုံးကို မြင်ရသည်။ သို့သော် လူသူတစ်ဦး တစ်ယောက်မျှ မတွေ့ရ။ တောထဲသို့ လမ်းလေးက ဝင်သွားသည်။ ဤလှေပိုင်ရှင် အချိန်မရွေး ပေါ်ပေါက်လာမည်ဟု ကျွန်မ ကျိန်းသေတွက်သည်။ မည်သူမျှ မလာ။ မှောင်လာပါပြီ။ ဤနေရာတွင် ညအိပ်ရန် ဆုံးဖြတ်လိုက်သည်။

နောက်နေ့နံနက် ကျွန်မ အိပ်ရာမှ နိုးချိန်ထိ မည်သူမျှ ပေါ်မလာ။ ငါ ဆက်ပြီးသွားမှာလား။ ထိုအခိုက် မိုးရွာလာသည်။ ကျွန်မက တဲအတွင်းသို့ တွားသွားကာ ဝင်လိုက်ပြီး တာပေါ်လင်ရွက်ဖျင်ကို ပခုံးပေါ်သို့ ပတ်ခြုံလိုက်သည်။ ထို့နောက် ဘာမျှမသိတော့။ညနေဘက်တွင် မိုးတိတ်သွားသည်။ ဆက်၍သွားမှဟု ကျွန်မ၏ အသိဉာဏ်ကပြောသည်။ ကျွန်မက ဘဝပေးအသိကိုဆန့်ကျင်ကာ ထိုင်မြဲထိုင်နေသည်။ ခြေအစုံပေါ်တွင် ရှန်းကန်၍ မတ်တတ်ရပ်ရန် ကျွန်မတွင် အင်အားမရှိတော့။

ဆည်းဆာအချိန် ကျရောက်ခိုက်တွင် အသံဗလံများကိုကြားရသည်။ ကျွန်မ မယုံနိုင်၊ ငါ စိတ်ထင်နေတာ ခါတိုင်းလို ကြိမ်ဖန်များစွာ တွေးထင်နေခဲ့တာ။ သို့သော် အသံများက တကယ့်လူသံများပါ။ သူတို့ နီးကပ်လာကြသည်။ ထို့နောက် ယောကျ်ားသုံးယောက်တို့က တောထဲမှ ထွက်လာကြကာ အံ့အားသင့်စွာ ရပ်သွားကြသည်။ နောက်သို့ပင် ရတ်တရက် တွန့်သွားကြသေးသည်။ ကျွန်မက ၎င်းတို့ကို စပိန်ဘာသာစကားဖြင့်ပြောလိုက်သည်။

"ကျွန်မက လန်ဆာ လေယာဉ်ပျက်က မိန်ကလေး တစ်ယောက်ပါ၊ ကျွန်မနာမည် ဂျူလီယန်ပါ"

[ခရီးသည်နှင့် လေယာဉ်အမှုထမ်း (၉၂)ဦးတွင် ဂျူလီယန် တစ်ဦးတည်းသာ အသက်ရှင်သည်။ ၁၉၇၂ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် သစ်တောလုပ်သားများက သူမကို တွေ့ရှိကြသောအခါ သူမက တောကြီးထဲတွင် ၁၁ ရက် နေခဲ့ရပါပြီ။ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ဂျူလီယန်၏ ဖခင်က သူမ၏မိခင် မာရီယာ၏ ရုပ်အလောင်းကို ရှာဖွေထုတ်အတည်ပြုခဲ့သည်။ နောက်လများတွင် သတင်းမီဒီယာများ၏ ဖိအားကြောင့် ဂျူလီယန်ကို ဂျာမနီသို့ပို့ကာ ကျောင်းဆက်တက်စေခဲ့သည်။ ယခုအခါ ဇီဝဗေဒပညာရှင်တစ်ဦးဖြစ်သည့် ဂျူလီယန်က မကြာခဏ ပင်ဂွါနာသို့ ပြန်လာကာ သိပ္ပံစခန်းကို အမွေဆက်ခံလျက် ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်များ၊ သုတေသီများကို လာရောက်ဖိတ်ခေါ်လျက် ရှိပါသည်။]

❒ စိန်ဝင်းမော်

၁၁/၂၀၁၂ထုတ် Reader's Digest မဂ္ဂဇင်းပါ Juliane Keepcke ရေး When & fell from the sky ကိုပြန်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရအာစွမ်း အံ့မခန်း

**ရွှေလိမ်မော် (သီပေါ)**

သတ္တဘာဝ သက်ရှင်စဉ်ကာလမှာ လူတွေဟာ အဆိုးနဲ့ အကောင်း၊ အကောင်းနဲ့ အဆိုး ဆိုပြီး အကြောင်းအကျိုးအရ ကျင်လည်နေရတဲ့ဘဝမှာ အခု ကျွန်တော်ရဲ့ အဘိုးအကြောင်းကို တခုတ်တရ ပြောပြချင်ပါတယ်။

သီပေါဇာတိ ကျွန်တော်အဘိုး ဦးမူးဟာ လူပျိုပေါက်စအရွယ်က မိဘလက်ငုတ် လယ်ယာအလုပ်ကို လုပ်ပါတယ်။ ကြာတော့ အပေါင်းအသင်းစုံပြီး မူးယစ်ပျော်ပါး လောင်းကစားအလုပ်တွေ လုပ်တတ်လာပါတယ်။

ရှမ်းလို အိုက်မူး၊ မြန်မာလို ငမူး၊ ကြီးလာတော့ ဦးမူး ဖြစ်လာရတာဟာ အဘိုးရဲ့အဲဒီအကျင့်စရိုက်တွေကြောင့် ပတ်ဝန်းကျင်က ခေါ်ရာမှတစ်ဆင့် ဒီနာမည် တွင်လာရတာပါ။

မကောင်းမှုဘက်မှာ အရှိုးရင့်လာတဲ့ ကျွန်တော့်အဘိုးငမူးဟာ လယ်ယာ လုပ်ငန်းကိစ္စတွေကိုလည်း စိတ်မဝင်စားတော့ပါဘူး။ ဝါသနာတူရာ အပေါင်းအသင်းတွေနဲ့အတူ အချိန်ရှိသရွေ့ နေ့ညမဟူ ရွာရိုးကိုးပေါက် ဘယ်လောက်ဝေးဝေး တဟေးဟေးတဟားဟားနဲ့ မူးယစ်ပျော်ပါး လောင်းကစားနေတော့တာပေ့ါ။

လောင်းကစားသမားဘဝ ပိန်လိုက်ဖောင်းလိုက်ဆိုပေမယ့် ပိန်တာက ခပ်များများပါ။ ကြာတော့ အမျိုးသမီး အပျိုအရွယ်တွေကြားမှာ ပြောစမှတ်စကား ဖြစ်လာတာကတော့ . . .

"မွဲချင်ရင် အိုက်မူးနဲ့သာ ဖူးစာဖက်လိုက်ကြတဲ့"

ဘယ်သူပြောပြော ငမူးကတော့ မဖြုံ။ ဒါပေမဲ့ ကြွေတစ်လက် ကြက်တစ်ခုန် ဆိုသလိုပဲ တစ်နေ့ ကျွန်တော့်အဘိုး ဦးမူးဟာ ကစားဝိုင်းတစ်ခုမှာ အချိုကြီး ပွလာခဲ့ပါတယ်။

ဒီတော့ ခါတိုင်း ငတ်တစ်လှည့် ပြတ်တစ်လှည့် ဖြစ်တာ ကြာပြီဖြစ်တဲ့ ကျွန်တော့်အဘိုး ဦးမူး ဘာလုပ်တယ်မှတ်တုံး။



ဈေးသွားပြီး ကြက်၊ ဝက်၊ ငါး၊ အမဲသားမျိုးစုံဝယ်ပြီး ကောင်းကောင်းချက်၊ ရေမိုးချိုး၊ ဝယ်လာတဲ့ အဝတ်အစား အသစ်တွေဝတ်၊ နီးဒေါင်းလန်းကြီးနဲ့ သေချာပြင်ဆင်ပြီး တဝတပြဲ အုပ်တော့တာပါပဲ။

စားပြီးတော့ ထတောင် မထနိုင်ရှာတော့ပါဘူး။ စားပိုးနင့်ပြီး ထရံမှီထိုင်နေရတယ်။ ခါတိုင်းလို သူငယ်ချင်းတွေ လာခေါ်တာတောင် မထူးနိုင်ဘဲ မျက်လုံးကြီးပြူးပြီးသာ ကြည့်နေရတော့တယ်။

ခါတိုင်း ဆောင်းတွင်းည ချမ်းသမျှ ပူဆိုးခြုံပြီး လုံအောင်ကွေးရတဲ့ ကျွန်တော့်အဘိုးဦးမူး ဈေးထဲက ဝွမ်းစောင် (ပိသသာငါးဆယ်လေးတာ)ကို ဝယ်ပြီး ချမ်းချင်ဦးဟ ခြုံဟဆိုပြီး ခြုံအိပ်တာ နိုးလာတော့ လေးလွန်း ပူလွန်းလို့ မနည်းလေးဖက်ကုန်း ထွက်လာရသတဲ့။



www.burmeseclassic.com

www.burmeseclassic.com

**သူတို့ သုံးယောက်လုံးကို အင်းဆေးတွေစုတ်နဲ့ ထိုး၊ အင်းရေတွေသောက်ခိုင်းပြီး သစ္စာဆိုစေတာပေါ့။**

ဒီလောက်ရှုတ်တဲ့ ကျွန်တော့်အဘိုး၊ ဒီလောက်ဆိုးတဲ့ ကျွန်တော့်အဘိုး၊ စာတောင် နကန်းတစ်လုံးမှ မသိတဲ့ အဘိုး ကံကြမ္မာတစ်ဆစ်ချိုးပြီး တောင်ပိုင်မြို့ဝန်မင်းဆိုပြီး ဖြစ်လာပုံကတော့ တော်တော်ဆန်းပါတယ်။

ဖြစ်ပုံကတော့ ဒီလိုပါ။

တစ်နေ့ . . .

အဲဒီ တစ်နေ့ဟာ ကျွန်တော့် အဘိုးဦးမူး သူ့ဘဝအလှည့်အပြောင်း ဖြစ်မယ့်နေ့ပဲပေါ့။

သူ့ရဲ့ နေ့စဉ် ကျင်လည်လှုပ်ရှားဆင်းရဲနွမ်းပါးနေရတဲ့အဖြစ်ကို နေ့စဉ်မြင်တွေ့နေရတဲ့ အင်းအိုင်ခါးလှည့်လက်ဖွဲ့ ရှမ်းဆရာကြီးက. . .

"ငမူး မင်းကို ငါ မြင်ရတာ စိတ်ဆင်းရဲလှသကွာ၊ ဒါကြောင့် မင်းဘဝ တိုးတက်ရာ တိုးတက်ကြောင်းကို ငါ လုပ်ပေးချင်တယ်၊ မင်းသာပွဲပြင်" တဲ့။

ဒီတော့ ကျွန်တော့်အဘိုးငမူးကလည်း သူ့ဘဝကြီးပွားတိုးတက်မယ်ဆိုတော့ သူ့သူငယ်ချင်း (ကုလားအူလယား) နှစ်ယောက်နဲ့ ဖဲသွားရိုက်မယ့်ဟာကို မသွားတော့ဘဲ အဲဒီ ရှမ်းဆေးဆရာကြီးအိမ်မှာပဲ ရာဇမတ်တွေကာ၊ အုန်းပွဲ ငှက်ပျောပွဲတွေနဲ့ ပွဲပြင်တော့တာပေါ့။

ဒါနဲ့ အဲဒီရှမ်းဆေးဆရာကြီးကလည်း နက္ခတ်တာရာ အချိန်အခါတွေကြည့် ဂါထာ မန္တန်တွေရွတ်ပြီး သူတို့သုံးယောက်လုံးကို အင်းဆေးတွေစုတ်နဲ့ထိုး၊ အင်းရေတွေသောက်ခိုင်းပြီး သစ္စာဆိုစေတာပေါ့။

အဲဒီတုန်းက ခေတ်စားနေတဲ့ ကာယသိဒ္ဓိ၊ ပညာသိဒ္ဓိ၊ ဝီယသိဒ္ဓိ အင်းတွေထဲမှာ သူတို့ကို ထိုးပေးတာကတော့ သူရဿတီအင်းတဲ့။

အဲဒီလို အစီအရင်တွေ လုပ်ပေးပြီး သူတို့သုံးယောက်ကို ပြန်စစ်ဆေးကြည့်လိုက်တော့ ကုလားနှစ်ယောက်ထဲက နဂို သူမတတ်တဲ့ အင်္ဂလိပ်စကားကို ထီးသုံးနန်းသုံး တော်ဝင်စကား (King English) လေသံနဲ့ ပြောလာပါတော့တယ်။

ကျန်တဲ့ အူလယား ကုလားတစ်ဦးကတော့ ရှမ်းလက်ာစာပေကဗျာကို ပါဠိပါဋ္ဌသားမှန်မှန် ရှမ်းသံပီပီသသနဲ့ ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုပြနေပါတော့သတဲ့။

ရှမ်းလိုတော့ ဗုဒ္ဓဘာသာပွဲကြီးလမ်းကြီး သဘင်တွေမှာ ရွတ်ဆိုကြလေ့ရှိတဲ့ မော်ကွမ်းလို့ ခေါ်တာပေါ့ဗျာ။ အဲဒါ ကုလားစစ်စစ်တွေနော်။

သူတို့ သုံးယောက်ထဲမှာ ကျွန်တော့်အဘိုး ထူးခြားလာတာကလည်း တစ်မျိုးတစ်ဘာသာပါပဲ။

အရင်က အလုပ်လုပ်ရမှာပျင်း၊ လောင်းကစားနဲ့သာ ပျော်မွေ့နေတဲ့ အဘိုးဟာ အလုပ်ကြိုးစား၊ စာပေတွေ လိုက်စားလာလိုက်တာ သီပေါနယ် တစ်ခွင်မှာ ပညာရှိတစ်ဆူအဖြစ် ကျော်ကြားလာပါတော့တယ်။

စာတစ်အုပ်ဖတ်လိုက်ရင် ကကြီးကနေ အအထိ တစ်လုံးမကျန် ပြန်ပြောနိုင်တယ်ဆိုပဲ။

အဲဒီလို သတင်းမွှေးလာတော့ သီပေါစော်ဘွားက ဟော်နန်းကို ခေါ်ပြီး ပညာရှိအမတ်အဖြစ် အမှုထမ်းစေပါတယ်။

တစ်ဖန် နယ်နိမိတ်ချင်း ဆက်နေတဲ့ တောင်ပိုင် စော်ဘွားနယ် (အခုအခေါ် နမ့်ဆန်နယ်)က တောင်ပိုင်နယ်ကို ခေတ္တ အုပ်ချုပ်ဖို့ စီမံကွပ်ကဲမှုကောင်းတဲ့ လူယုံတစ်ယောက်ကို လွှတ်ပေးပါဆိုပြီး သီပေါစော်ဘွားကို တောင်းခံလာတဲ့အခါ အဘိုးဟာ တောင်ပိုင်နယ်မြို့ဝန်အဖြစ် လာရပြန်ရော။

အဲဒီတုန်းက နယ်ချဲ့အင်္ဂလိပ်ခေတ် စော်ဘွား စော်ခံတွေအုပ်ချုပ်တဲ့ အချိန်အခါ အဘိုးဟာ နယ်ပယ်ငြိမ်ဝပ်ပိပြားအောင်၊ အေးချမ်းအောင် အုပ်ချုပ်နိုင်တယ်ဆိုပြီး အင်္ဂလိပ်အစိုးရက ချီးမြှင့်တဲ့ A.T.M (အမှုတော်ထမ်းကောင်းတံဆိပ်) ရွှေတံဆိပ် ငါးကျပ်သား ချီးမြှင့်တာ ခံရပါတယ်။

သူ့ခေတ် သူ့အခါနဲ့တော့ စူပါစတားပေါ့လေ။

ငတုံး၊ ငအ လူဗာလ ငမူးလို့ သူတကာ နှာခေါင်းရှုံ့ အကြည့်ခံရတဲ့ အဘိုးဦးမူးဟာ ရှေးက ရေးခဲ့သလို ရှမ်းဆရာကြီးတစ်ပါးတွေ့လို့ ကံကြမ္မာ အရွဲ့အစောင်း အလှည့်အပြောင်းတွေ ဖြစ်ပြီး လူကောင်းဖြစ်လာလိုက်တာ သားတစ်ယောက်က စက်ရှင်တရားသူကြီး၊ တစ်ယောက်က မြို့ပိုင်၊ တစ်ယောက်က တပ်မတော်အရာရှိ စသဖြင့် သားကောင်း သမီးမြတ်တွေ မွေးထုတ်ပေးနိုင်ခဲ့ပါသေးတယ်။

ရှမ်းပြည်နယ် သီပေါမြို့မှာ အခုထိ မြင်တွေ့နိုင်သေးတဲ့ မြို့အဝင်က အ. ထ. က (၁) ကျောင်းကြီး (ယခင် မစ္စတာဘင် အင်္ဂလိပ်ကျောင်း) မြေဟာ အဘိုး လယ်လုပ်တဲ့မြေ၊ အဘိုး အလှူဒါနပြုပေးခဲ့တဲ့ မြေပေါ့။

အဘိုးရဲ့ဘဝ သုညကနေ ရှေ့က ဂဏန်းတွေ အများကြီးတိုးပြီး တန်ဖိုးတက်ခဲ့ရတာဟာ . . .

ရှမ်းဆေးဆရာကြီး တစ်ဦးရဲ့ ဂမ္ဘီရအစွမ်းကြောင့်လား၊ အဘိုးရဲ့ ရှေ့ဘဝက အထုံပါရမီ ရှိခဲ့လို့ပဲလား။

ဒါတော့ စာဖတ်သူများကသာ ဝေဖန်ဆုံးဖြတ်ကြပါကုန်။

❒ ရွှေထီးမွှာ (သီပေါ)



www.burmeseclassic.com

www.burmeseclassic.com

# သုတစုံဖြာ ဤကမ္ဘာ



## အသုံးဝင်တဲ့ အုန်းပင်

အုန်းပင်ရဲ့ မျိုးပွားမှုဟာ သေချာစဉ်းစားကြည့်ရင် အင်မတန်ဆန်းကြယ်ပါတယ်။ မျိုးစေ့ဖြစ်တဲ့ အုန်းသီးတွေဟာ ပင်လယ်ကမ်းခြေမှာ ပေါက်နေတဲ့ မိခင်ဖြစ်သူ အုန်းပင်တွေက ကြွေကျပြီး ပင်လယ်ရေထဲမှာ မျောချင်ရာ မျောသွားကြပါတယ်။ တခြားကမ်းစပ်တစ်ခုခုမှာ လှိုင်းနဲ့ အတူရောက်ရှိပြီး နောက်ထပ်တစ်ပင်အဖြစ် ရှင်သန်လာပါတယ်။ ဒီနည်းနဲ့ မျိုးဆက်သစ်တွေတိုးပွားခဲ့ပါတော့တယ်။ အသုံးဝင်တဲ့ အုန်းပင်ဟာ အုန်းရွက်၊ အုန်းလက်၊ ပင်စည်၊ အုန်းသီး၊ အုန်းသား၊ အုန်းရည်သာမက မျက်မှောက်ခေတ်မှာ အုန်းခွံတွေဟာ လက်ရာမြောက်တဲ့ ပညာရှင်တွေရဲ့ စမ်းသပ်တီထွင် ဖန်တီးလိုက်ကြတဲ့အခါ ဂုဏ်သရေရှိသူတို့ရဲ့ ဧည့်ခန်းဆောင်တွေထဲမှာ ထူးခြားတဲ့ အဆင်တန်ဆာအဖြစ် နေရာယူနေကြပါပြီ။ အဲဒီအနုပညာလက်ရာ မြောက်မြားစွာထဲက တချို့ကို ဖော်ပြလိုက်ပါတယ်။



## သမိုင်းဝင်ပစ္စည်း

ဖော်ပြပါပုံကို အမှတ်မထင် ကြည့်မိပါက ထူးထူးခြားခြား ဆွဲဆောင်မှုရှိလိမ့်မည် မထင်ပါချေ။ အနုပညာရှင်တို့၏ ပြောင်မြောက်သောလက်ရာတစ်ခုသည် တန်ဖိုးမဖြတ်နိုင်လောက်အောင် ရှိကောင်းရှိနေပေလိမ့်မည်။ ထိုကဲ့သို့သော လက်ရာတွင် သမိုင်းဝင်တန်ဖိုးကို ထပ်မံဖြည့်စွက် ပေါင်းစပ်လိုက်သောအခါ အနုမတဂ္ဂ ထိုက်တန်သွားလေတော့သည်။ အနုပညာလက်ရာ ဆိုသည်မှာ စိတ်ခံစားမှုနှင့်လည်း ပတ်သက်နေပေသည်။ ဥပမာ လီယိုနာဒို ဒါဗင်ချီ၏ "မိုနာလီဇာ၏ လျှို့ဝှက်နက်နဲသောအပြုံး" ဟူသော ပန်းချီကားသည် သာမန်အားဖြင့် ခံစားမှုမရှိခဲ့လျှင် ဒေါ်လာ ၁၀၀၀ ပင် ပေးဝယ်မည်မထင်။ သို့ရာတွင် ကမ္ဘာ့တန်ဖိုး အမြင့်မားဆုံး ပန်းချီကားအဖြစ် ဒေါ်လာ ကုဋေကုဋာ တန်နေလေသည်။ ဤပုံထဲမှ ကြွေထည်ဖြင့် ပြုလုပ်ထားသော ခွေးရုပ်သည် ၁၅ လက်မ အမြင့်ရှိပြီး ဟန်မင်းဆက်လက်ထက် ခရစ်တော် မပေါ်မီ ၂၈၆ ခုနှစ်က ပြုလုပ်ခဲ့သောကြွေထည် တန်ဖိုးအားဖြင့် မဖော်ပြနိုင်လောက်အောင် တန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## တူညီချက်

ပုံထဲမှာတွေ့ရတဲ့ မစ္စတာ တာကာဟာရှိဟာ တစ်ချိန်က ဆူမိုနပန်းသမားကြီး ဖြစ်ခဲ့ဖူးပါတယ်။ သူ့ကိုယ်ခန္ဓာအလေးချိန်က (၁၈)စတုံရှိပါတယ်။ သူဟာ စန္ဒရား အကြီးစားတစ်လုံးကို သက်သောင့်သက်သာ မ,နိုင်သူပါ။ သူ့ဇနီးဟာ နပန်းသမား မဟုတ်ပါဘူး။ သူမရဲ့ ကိုယ်ခန္ဓာအလေးချိန်ဟာ (၇)စတုံ ဖြစ်ပါတယ်။ သူမဟာ ဆပ်ပြာမှုန့်အထုပ်ကြီး တစ်ထုပ်ကိုတောင်မှ ခက်ခက်ခဲခဲ ပင်ပန်းကြီးစွာ မ,နိုင်ဖို့ ကြိုးစားရသူပါ။ ဒါပေမဲ့ သူမဟာ ဒိုင်ဟတ်ဆု (CHRADE) ကားရဲ့ လက်ကိုင်ဘီးနောက်မှာ နေရာယူလိုက်တဲ့အခါ ကျင်ကျင်လည်လည်နဲ့ သက်သောင့်သက်သာ မောင်းနိုင်ပါတယ်။ ကားမောင်းနေတဲ့အချိန်မှာ သူမရဲ့ယောက်ျားနဲ့ပြိုင်ရင် ဘယ်တော့မဆိုတန်းတူဖြစ်နေပါတယ်။ ဒါဟာ ဒိုင်ဟတ်ဆု (CHRADE) ကား အမျိုးအစားရဲ့ တီထွင်မှုကြောင့် ခန္ဓာကိုယ်နဲ့ ခွန်အားဗလချင်း ကွာခြားသော်လည်း ယှဉ်ပြိုင်မောင်းနိုင်စွမ်း ရှိပါသတဲ့။



## သတိမမူ ဂူမမြင်

ဒီဖြစ်ရပ်ဟာ လွန်ခဲ့တဲ့ ၁၆ ရာစုနှစ် မှတ်မှတ်ရရ ဖြစ်ခဲ့တဲ့ အကြောင်းအရာတစ်ခုပါ။ တိတိကျကျ ပြောရလျှင် ၁၆၅၅ ခုနှစ်မှာ ပန်းချီပညာရှင် အကျော်အမော်တစ်ယောက်ဖြစ်တဲ့ "REMBRANDT VAN RIJN"ဟာ သူ့ရဲ့ပြိုင်ပွဲဝင် ဆီဆေးပန်းချီကားအတွက် သူအသုံးပြုနေကျ မော်ဒယ်အမျိုးသမီးတွေနဲ့ အမျိုးသားတွေကို တစ်ယောက်မှ သဘောမကျ ဖြစ်နေရတယ်။ သူလိုချင်တာက ရိုးသားဖြူစင်တဲ့ အသွင်သဏ္ဌာန်မျိုးပါ။ ဒါကြောင့် စိတ်ပျက်လက်ပျက်ဖြစ်နေစဉ် အိမ်ခန်းထဲမှာ သချာတွက်နေတဲ့ သားငယ် တီးလပ်စ်(၁၄)နှစ်ကို အမှတ်မထင် မြင်လိုက်ရတယ်။ အဲဒီအသွင်သဏ္ဌာန်လေးကို တအားနှစ်သက်သွားပြီး ပင်ကိုသဘာဝ အနေအထားအတိုင်း ရေးဆွဲခဲ့တော့တာပါပဲ။ သားငယ်ရဲ့လက်ထဲမှာ လျော့တိလျော့ရဲ ကိုင်ထားတဲ့ မင်တံလေးကလည်း တမင်ဟန်ဆောင်ထားတာ မဟုတ်တဲ့အတွက် ပိုပြီးအဆင်ပြေခဲ့ပါတယ်။ အခုဆိုရင် အဲဒီအကောင်းဆုံး လက်ရာဟာ လန်ဒန်မြို့ အမျိုးသားပြတိုက်မှာ ဂုဏ်ယူဝင့်ကြွားစွာ ဖော်ပြထားပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



## ဂေဟာစနစ် မပျက်ယွင်းစေဖို့

ကမ္ဘာတစ်ဝန်းလုံးတွင် စက်မှုထွန်းကားသည့် ဥရောပနှင့် အနောက်နိုင်ငံများတွင် သဘာဝအတိုင်း တည်ရှိနေသော ရှုခင်းများ တစ်စတစ်စ ရှားပါးလာလေပြီ။ သဘာဝ အလှတရားများနေရာတွင် စက်မှုလုပ်ငန်းများ မြေပေါ်မြေအောက် သယံဇာတများ တူးဖော်သုံးစွဲကြခြင်းအားဖြင့် ကမ္ဘာ့မြေပြင်တွင် အရုပ်ဆိုး အကျည်းတန်နေလေပြီ။ ထို့ကြောင့် နိုင်ငံတကာတွင် ဂေဟာစနစ်ကို ပျက်စီးပြုန်းတီးမှု မဖြစ်စေရန် ဆွေးနွေးတိုင်ပင် ညှိနှိုင်းခဲ့ကြသည်။ သို့ရာတွင် စီးပွားရေးသမားများ အနေဖြင့် ထိုအချက်ကို ရာခိုင်နှုန်းပြည့် လိုက်လျောခြင်း မရှိခဲ့ပါချေ။ အထူးသဖြင့် ပုံထဲတွင် ဖော်ပြပါရှိသော သာယာလှပသည့် စိတ်ချမ်းမြေ့ဖွယ် ရှုခင်းထဲမှ တောင်တန်းနှင့်ရေပြင်၊ စိမ်းစိုလန်းဆန်းသော မြက်ခင်းနှင့်သစ်ပင်၊ ပန်းပွင့်များသည် လောဘ သဏ္ဍာရသမားများကြောင့် မကြာမီ အချိန်ကာလအတွင်း ပျောက်ကွယ်တော့မည့်အရေးကို ကမ္ဘာသူ ကမ္ဘာသားအားလုံးက ဆန့်ကျင်ကန့်ကွက်နေကြလေသည်။




## အကျင့်စာရိတ္တနှင့်ပတ်သက်၍


နိုင်ငံတကာတွင် ပြည်သူတို့အတွက် ဖြေဖျော်ရေး အဆင့် ဂီတ၊ ရုပ်ရှင် စသော အနုပညာများသည် နေ့စဉ် စားဝတ်နေရေး ဆောင်ရွက်နေကြရသော လူတို့အတွက် အနားယူ အပန်းဖြေစရာဖြစ်သည်။ သို့ရာတွင် ဝိသမလောဘသမားများသည် အကျင့်စာရိတ္တ ပျက်ပြားစေသော၊ လူငယ်လူရွယ်များ အတုယူမှားစေနိုင်သော တေးဂီတများနှင့် ရုပ်ရှင်ပြာများကို လျှို့ဝှက်ထုတ်လုပ်ကြသည်။ တိတ်တခိုး ဖြန့်ချိရောင်းချကြသည်။ နိုင်ငံတကာတွင် အရောင်းရအတွင်ကျယ်ဆုံး ကာမနှင့် လိင်ကို နှိုးဆွသော တေးဂီတများ၊ ဝတ်လစ်စလစ် အကပဒေသာများသည် နည်းမျိုးစုံဖြင့် နိုင်ငံတွင်းသို့ဝင်လာကြသည်။ ထိုသို့သော တေးဂီတနှင့် ရုပ်ရှင်ပြာများသည် ရောက်လေရာနိုင်ငံများတွင် ကြောက်မက်ဖွယ်ရာ ကူးစက်ရောဂါပမာ ပျံ့နှံ့သွားလေ့ရှိသည်။ သက်ဆိုင်ရာအာဏာပိုင် တာဝန်ရှိ အရေးယူ ဆောင်ရွက်ကြသူများထက် ရှေ့သို့ တစ်လှမ်းဦးနေလေ့ရှိသည်။ ထို့ကြောင့် ဆင့်ပွားဖြန့်ချိ ထုတ်လုပ်သူများ အရောင်းတွင်ကျယ်လာသည့်အခါကျမှ တရားမဝင် ဆင်ဆာမဲ့ခွေများ ရှာဖွေသိမ်းဆည်း ဖမ်းဆီး ဖျက်ဆီးခြင်းတို့ကို ပြင်းပြင်းထန်ထန် ဆောင်ရွက်ကြရသည်။ ပုံထဲတွင် တွေ့မြင်ရသည်မှာ သက်ဆိုင်ရာ တာဝန်ရှိသူများက ဖမ်းဆီးရမိသော တရားမဝင်ခွေများကို လမ်းကြိတ်စက်ဖြင့် နင်းခြေနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဒါရိုက်တာ လုပ်ချင်သတဲ့



ရုပ်ရှင်သရုပ်ဆောင် ဟောလိဝုဒ်မင်းသမီး စကားလက်ဂျိုဟန်ဆင်ဟာ မကြာသေးမီက စာရေးဆရာ "TRUMAN CAPOTE" လွန်ခဲ့သော ၁၉၄၀ ပြည့်နှစ်က ရေးသားထုတ်ဝေ ဖြန့်ချိခဲ့တဲ့ "SUMMER CROSSING" ဝတ္ထုကို သူမကိုယ်တိုင် ဒါရိုက်တာ သရုပ်ဆောင်မင်းသမီး အဖြစ် ရိုက်ကူးသရုပ်ဆောင်တော့မှာ ဖြစ်ပါတယ်။ စကားလက်ဂျိုဟန်ဆင်ဟာ စာရေးဆရာ ထရူးမင်းကက်ပုတ်နဲ့ လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းကစပြီး ခင်မင်ရင်းနှီးခဲ့ရာက အဲဒီ ဆန်းမားခရော့ဇင်း ဝတ္ထုဇာတ်လမ်းကို အရမ်းနှစ်သက် သဘောကျပြီး ရိုက်ကူးသရုပ်ဆောင်ဖို့ စိတ်ကူးပုံဖော်ကြည့်ခဲ့မိကြောင်းနဲ့ ၂၀၁၄ ခုနှစ်အတွင်းမှာ အကောင်းဆုံး ကြိုးစားရိုက်ကူးဖို့ သန္နိဋ္ဌာန်ချထားပါတယ်လို့ ရုပ်ရှင်မီဒီယာတွေကို သတင်းပေးလိုက်ပါသတဲ့။ ဟောလိဝုဒ်မင်းသမီးနဲ့ သရုပ်ဆောင်ရတာ အားမရလို့ ဒါရိုက်တာလုပ်ကြည့်တော့မှ ချို့ယွင်းချက်တွေနဲ့ ပြဿနာပေါင်းစုံ ရင်ဆိုင်ရပြီး "ဟုတ်ပေ့" ဖြစ်နေဦးမယ်လို့ ဝေဖန်နေကြပါတယ်။




## ယုံဝရာလား

ရုပ်ရှင်ကြည့် ပရိသတ်ကို ညှို့ငင်ဆွဲဆောင်နိုင်စွမ်းရှိသော စွဲမက်စရာမျက်နှာနှင့် အမို့အမြင့် အပြေအလျော့တို့ဖြင့် ခန္ဓာကိုယ်အချိုးအဆစ် လှပပြေပြစ်သော မင်းသမီးဟူ၍ အောင်မြင်ကျော်ကြားနေဆဲဖြစ်သော ဟောလိဝုဒ်မင်းသမီးချော တစ်ယောက်မှာ အမ်မာစတုံး ဖြစ်သည်။ သူမသည် ရုပ်ရှင်လောကသို့ စတင်ပါဝင်ကတည်းက "EASY 4" ဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ်နှင့် သရုပ်ဆောင်ခဲ့ရသည်။ ထိုစဉ်က အမ်မာစတုံးသည် အသက်(၁၇)နှစ် ဆယ်ကျော်သက်အရွယ်မျှရှိသေးသည်။ နောက်ပိုင်း "AMAZING SPIDER - MAN" ဇာတ်ကားတွင် တစ်ဟုန်ထိုး တိုးတက်လာကာ အောင်မြင်ကျော်ကြားလာခဲ့သည်။ သို့ရာတွင် ယခု အသက်(၂၄)နှစ် အရွယ်အထိ ချစ်ရ ခင်ရ ကြင်နာရမယ့်သူ မရှိသေးကြောင်း ရုပ်ရှင်စာနယ်ဇင်း အင်တာဗျူးတွင် ပြောကြားခဲ့သည်။ ထို့ကြောင့် မယုံရင်ပုံပြင်မှတ်ပါတော့ ဟူ၍သာ သဘောထားကြပါရန် စာမျက်နှာပေါ်တွင် ဖော်ပြလိုက်ပါသည်။

www.burmeseclassic.com


www.burmeseclassic.com




## အကျင့်ဆိုးလေးများ

ဘောလုံးကစားရာတွင် ကမ္ဘာကျော် ထင်ရှား၍ လူသိများသော ဒေးဗစ်ဘက်ခမ်းကို အဆိုတော် (စပိုက်ဂဲလ်တေးဂီတအဖွဲ့) ဗစ်တိုးရီးယားအဒမ်စ်နှင့် လက်ထပ်ပွဲကျင်းပစဉ်က ရိုက်ကူးခဲ့သော အမှတ်တရပုံကို "BRIDE" မဂ္ဂဇင်းမှ ပြန်လည် ဖော်ပြခဲ့ခြင်းဖြစ်သည်။ ဖော်ပြပါမင်္ဂလာဦးဓာတ်ပုံနှင့်အတူ ဖော်ပြခဲ့သော လျှို့ဝှက်သတင်းနှင့်ပတ်သက်၍ "အခမဲ့ အစားအစာတောင်မှ မလုံလောက်ဘူးလား" ခေါင်းစဉ်ဖြင့် "ဖွ"ထားသည့် ထိုမင်္ဂလာဧည့်ခံပွဲအတွက် ဒေးဗစ်ဘက်ခမ်းသည် ယူအက်စ်ဒေါ်လာ ထောင်ပေါင်းများစွာ အကုန်အကျခံ၍ ကျွေးမွေးဧည့်ခံခဲ့သည်။ ထိုမင်္ဂလာပွဲတွင် လုံခြုံရေးအစောင့် ၁၂၅ ယောက် ခန့်ထားခဲ့သည်။ မင်္ဂလာပွဲလာ ပရိသတ်တို့ ပြန်သွားသောအခါ မင်္ဂလာပွဲတွင် အသုံးပြုသော ငွေခွက်ကြီးစုစုပေါင်း ၁၂၅ ခွက် အပါအဝင် ဇွန်း၊ ခက်ရင်း၊ ကတ္တီပါ၊ NAPKIN RINGS များနှင့် အခြားအသုံးအဆောင် အချို့လည်း ပျောက်ဆုံးခဲ့သောကြောင့် စုစုပေါင်းဒေါ်လာ ရှစ်သိန်းတိတိကို မင်္ဂလာမောင်နှံစုံတွဲက ဖြည့်ဆည်းခဲ့ရသည်။ ထိုဖြစ်ရပ်နှင့်ပတ်သက်၍ ဖုံးဖိနှုတ်ပိတ် ရေငုံထားရာမှ အချိန်ကာလကြာမြင့်ခဲ့သောအခါ ရယ်ရွှင်ဖွယ်ရာ ဟာသဖြစ်ရပ်အဖြစ်သို့ ရောက်ရှိသွားလေတော့သည်။

## သုံးကြိမ် သုံးယောက်လား




အင်္ဂလိပ်ရုပ်ရှင်မင်းသမီးချော ကိတ်ဝင်းစလက်ဟာ ၁၉၉၄ ခုနှစ်ကစပြီး ရုပ်ရှင်လောကကို "HEAVENLY CREATURES" ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ရာက "TITANIC" ဇာတ်ကားမှာ ပရိသတ်ရဲ့ အာရုံစိုက်ခြင်း ခံခဲ့ရပါတယ်။ နောက်ထပ် ရုပ်ရှင်လေးကား ပါဝင်သရုပ်ဆောင်ခဲ့ပြီး "THE READING" ဇာတ်ကားကျမှ ရုပ်ရှင်ထူးချွန် အော်စကာဆု ရရှိခဲ့ပါတယ်။ အော်စကာဆုရပြီး မရှေးမနှောင်းမှာဘဲ လင်ယောက်ျား ဂျင်ပလက်တန်နဲ့ ကွာရှင်းပြတ်စဲခဲ့ပါတယ်။ ဒုတိယ လင်ယောက်ျား ဆမ်မန်းဒက်နဲ့လည်း လက်ထပ်ပေါင်းသင်းပြီး မကြာခင်မှာဘဲ ကွာရှင်းခဲ့ပြန်ပါတယ်။ တတိယ လင်ယောက်ျားကတော့ စီးပွားရေးသမား ဘီလျံနာတစ်ယောက်ရဲ့ တူဖြစ်သူ နဲဒ်ရော့အင်ရိုးနဲ့ နယူးယောက်မြို့မှာ တိတ်တိတ်ပုန်း လက်ထပ်လိုက်ပြန်ပါသတဲ့။ ပထမလင် ဂျင်နဲ့ သမီးတစ် ယောက်၊ ဒုတိယလင် ဆမ်နဲ့ သားလေးတစ်ယောက်ရှိခဲ့ပြီး တတိယလင်နဲ့ လက်ထပ်ပွဲကို မိသားစုဝင်အချို့နဲ့ အပေါင်းအသင်းအချို့သာ တက်ရောက်ခဲ့ပါတယ်။ အဲဒီလင်နဲ့လည်း နောက်ထပ် ကလေးတစ်ယောက် မွေးပြီးရင်တော့ လင်သုံးလင် ကလေးသုံးယောက် ဖြစ်ဦးမှာလားလို့ ရုပ်ရှင်မီဒီယာများက ဖွလိုက်ကြပါသတဲ့။




www.burmeseclassic.com

www.burmeseclassic.com

# အာကာသခရီးသည်


PASSIONATE: Cruise gave up 15 months and millions for the film

ဟောလီဝုဒ် ရုပ်ရှင်လောက၏ မီဂါစတားဖြစ်သူ တွမ်ခရုစ်သည် သူ၏ ဇနီးချော နစ်ကိုးကစ်ဒ်မင်းနှင့် တရားဝင် ကွာရှင်းပြတ်စဲခဲ့ပြီး ကေတီဟုမ်းကို လက်ထပ်ပေါင်းသင်းခဲ့သည်။ ကေတီဟုမ်းနှင့် တရားဝင် ကွာရှင်းပြန်သည်။ သူ့အနေနှင့် မယားစရိတ်၊ ကလေးစရိတ်တို့ကို ယူအက်စ်ဒေါ်လာ သန်းပေါင်းများစွာ ပေးခဲ့ရသည်။ တွမ်ခရုစ်သည် သူကိုယ်တိုင် သရုပ်ဆောင်ပရိုဂျူဆာ "ACTOR PRODUCER" အဖြစ် ရိုက်ကူးထုတ်လုပ်ခဲ့သော ရုပ်ရှင်ဇာတ်ကားများသည် စွံနေကြသည်။ ထို့ကြောင့် တွမ်ခရုစ်က ကွာရှင်းပြတ်စဲထားသော မယားစရိတ်၊ ကလေးစရိတ်များအတွက် ဒေါ်လာသန်းတစ်ရာ ပေးရသည့်တိုင်အောင် လုံးဝတုန်လှုပ်ခြင်း မဖြစ်ပါချေ။ ယခုအခါတွင် သူ့အနေနှင့် အာကာသခရီးစဉ်တွင် ကိုယ်တိုင်ပါဝင်လိုက်ပါရန် စာရင်းပေးထားသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ရုပ်ရှင်မီဒီယာအချို့က "တွမ်ခရုစ်ဟာ အာကာသခရီး သွားဖြစ်ခဲ့ရင်တောင်မှ သူ့ကုန်ကျစရိတ်ကို ကာမိအောင် တစ်ခုခုတော့ ကြံစည်လုပ်ဆောင်ခဲ့မှာ သေချာတယ်" ဟူ၍ ချီးမွမ်းထောမနာ ပြုလိုက်ကြသည်။




# လေကြောင်း ကင်းလှည့်

ကိုလံဘီယာ တောအုပ်များထဲတွင် မူးယစ်ဆေးဝါး (အထူးသဖြင့်) ကိုကင်း ထုတ်လုပ်ရောင်းချသူများသည် ဒုစရိုက်လုပ်ငန်းဖြင့် တစ်နေ့ထက်တစ်နေ့ ပို၍ ပို၍ ချမ်းသာကြွယ်ဝလာကြသည်။ သူတို့၏ပိုင်နက်ထဲတွင် အတိအလင်း လက်နက်ကိုင် သူပုန်တပ်ဖွဲ့ဝင်များဖြင့် အကာအကွယ် ပြုထားသည်။ ထိုလက်နက်ကိုင် သူပုန်အင်အားသည် ကင်းလှည့်စစ်တပ်ကိုပင် အံတုနေကြသည်မှာ နှစ်ကာလ အတော်အတန် ကြာမြင့်ခဲ့လေပြီ။ မည်သို့ပင်ဖြစ်စေ မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ချိရေးကို ပိုင်ပိုင်နိုင်နိုင် အုပ်ချုပ်ကွပ်ကဲနေကြသော အရှင်သခင်ကြီးများ "DRUG LORDS" ၏အကျိုးအမြတ် နှစ်စဉ်ရရှိငွေမှာ ယူအက်စ်ဒေါ်လာ သန်း ၂၅၀ မှ သန်း ၆၀၀ တွင်းဟု ခန့်မှန်းရသည်။ ထိုကိန်းဂဏန်းထက် သာလျှင်သာမည်၊ လျော့နည်းစရာ အကြောင်းမရှိပါချေ။ ထို့ကြောင့် ကိုလံဘီယာအစိုးရသည် ယင်းကဲ့သို့ မူးယစ်ဆေးဝါး အရှင်သခင်ကြီးများနှင့် ပတ်သက်သမျှ အဆွယ် အပွားအကိုင်းအခက်များကို ဖြတ်တောက်ရုံမျှမကဘဲ ပင်စည်၏ အရင်းအမြစ်ကိုပါ တူးဖော်ဖယ်ရှားရန် လေကြောင်းပတ်တရောင် "SKY EYES" တပ်ဖွဲ့ဖြင့် ကိုကင်းစိုက်ခင်းများပေါ်မှ တာဝန်ယူစောင့်ကြည့်ထိန်းချုပ် ကြိုးပမ်းခဲ့သည်။ ယခုအခါတွင် ထိရောက်မှု အတိုင်းအတာအားဖြင့် တိုးတက်လာပြီဖြစ်ကြောင်း သက်ဆိုင်ရာမှ ဖော်ထုတ်ထင်ပြခဲ့သည်။

❒ စိုးခွန်းဆောင်

www.burmeseclassic.com

www.burmeseclassic.com

# ဆေးပင်တို့အစွမ်း (၅)

ဆန်းဝင်း(အောင်ပြေ)



နေသာသော မိုးတွင်းလတစ်လ ကျွန်ုပ်နေထိုင်ရာ ရွှေရင်အေးမြ ကန်တော်မင်္ဂလာရှေ့ ကြံ့ခိုင်စုရွာ လှိုင်သာယာသို့ အကြိမ်ရေ မည်မျှရှိပြီမှန်းမသိသော လာခြင်းဖြင့် စာရေးသူ၏ တပည့်လည်းဟုတ်၊ မိတ်ဆွေလည်းမှန်သော ဘက်ထရီမောင်သောင်း (ဟသ်ာတ) သည် ရောက်ရှိ၍လာပြန်လေတော့၏။အလွန်အမေးအမြန်း ထူလှသော သူ၏ထုံးစံအတိုင်း . . .

"ဆရာသန်း"

"ပြော. . . ကိုစွ"

"ဒီနေ့တော့ ကျွန်တော်တို့ တောရွာပတ်ဝန်းကျင်ကအပင်တွေအကြောင်း ဗျူးချင်ပါတယ်၊ ရှိသမျှသတ္တိတွေ ပြောပေးပါခင်ဗျာ"

"အင်း. . . ငါ့မျှား မင်း ဆရာဇီဝက မှတ်တယ်ထင်တယ်၊ ကဲ မေး၊ မီအောင်လဲ သေသေချာချာရေးကွနော်"

"ဟုတ်ကဲ့၊ မေးမယ်နော်၊ ပထမဦးဆုံး ဖလံတောင်ဝှေးပင်အကြောင်း သိပါရစေဗျာ"

"ဖလံတောင်ဝှေးပင်က အရသာအားဖြင့် အေးချိုသဘောရှိတယ်၊ ပဥ္စင်္ဂပါး အရည်ညှစ် လိုသလိုသုံးနိုင်တယ်၊ မီးယပ်သွေးမှန်၊ သွေးဆုံး၊ အဖောကျ၊ အပူလောင်၊ နားကိုက်၊ နားလေးများအတွက် သုံးရမယ်"

"ဟုတ်ပြီဗျ၊ ပြီးတော့ ရှားစောင်းလက်ပပ်ပင်အကြောင်း သိပါရစေ"

"ရှားစောင်းလက်ပပ် အရသာက အေးခါးသဘောရှိတယ်၊ ဓမ္မတာမှန်ဖို့ ရှားစောင်းလက်ပပ်ဟင်း ချက်သောက်ပေးရတယ်၊ မီးဖုတ်တဲ့အရည်ကိုတော့ နားပြည်ယိုတာ ထည့်နိုင်တယ်၊ နားကိုက် ပျောက်တယ်၊ ရှားစောင်းလက်ပပ်ကိုခွဲ အနာကိုစည်း ငန်းမန်းကျမယ်၊ ပြည်ပေါက်မယ်၊ ရှားစောင်းလက်ပပ် အနှစ် ၂၅ ကျပ်သား၊ ဆန်ဆေးရည်နဲ့ စိတ်ထား၊ သကြားတစ်ဇွန်းရော ခေါက်သောက်မယ်ဆိုရင် ဆီးရောဂါပျောက်မယ်၊ အပူကြောင့် အကျိတ်အခဲရှိရင် ရှားစောင်းလက်ပပ်ခွဲပြီး အုံပေးမယ်ဆိုရင် ပျောက်ပြီပဲကွ"

"ကောင်းဗျာ၊ ပြီးတော့ ဟင်းနုနယ်ဆူးပေါက်အပင် အကျိုးသိပါရစေ"

"ဟင်းနုနယ် ဆူးပေါက်ပင် အခြောက်ကို ပြာချ၊ ရေထည့်ပြီး ဆားချက်၊ အဲဒီဆားနဲ့ ချောင်းဆိုးပန်းနာ ပျောက်တယ်၊ ဟင်းနုနယ်အရွက်ကို ကြော်စား ချက်စားမယ်ဆိုရင် အသားအရေ ချောမွေ့မယ်၊ ဆီးအလွန်ကောင်းတယ်၊ ကျောက်တည်တာတွေ ပျောက်ကင်းမယ်၊ အေဒီဗစ်လို့ခေါ်တဲ့ ဓာတ်ပါတဲ့ ဟင်းနုနယ်ဆူးပေါက်ကို ဟင်းချက်စားရင် ကြက်ဆူနာရှိရင် ပျောက်မယ်"

"ကောင်းပါ့ဗျာ၊ ပြီးတော့ ကေရာဇ်ပင်ရဲ့ အကျိုးသွား သိပါရစေ ဆရာဆန်းရေ"

"အင်း. . . ကေရာဇ်မြစ်ကို ဆန်ဆေးရည်နဲ့ သွေးသောက်ရင် ဆီးချုပ်ရောဂါ ပျောက်တယ်၊ ကေရာဇ်မြစ် ခေါက်သွေး မျက်စိကွင်းပေးရင် မျက်စိပူ နီရဲရောဂါတွေ ပျောက်မယ်၊ သံပရာရည်နဲ့ သွေးသောက်ရင်တော့ အမူးလွန်နာတွေ ပျောက်မယ်၊ အရက်သမားတွေအတွက်ပေါ့၊ ပြုတ်ပြီးပျားရည်နဲ့သောက်မယ်ဆိုရင် အမူးလျော့ပြီး သွေးတိုး ပျောက်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဩော်. . . ဒီလိုလား၊ ကောင်းဗျာ၊ ကဲ နောက်တစ်ပင်က ဖန်ခါးသီး အကျိုးသွား အမိန့်ရှိပါဦးဗျာ"

"ဖန်ခါးသီးကို ပျားရည်နဲ့သွေး မွှေတာလွန်သူများ လျက်ပေးရင်ပျောက်တယ်၊ ဖန်ခါးသီးအပေါ်ခွံကို ငါးရှဉ့်နဲ့ ချက်စားမယ်ဆိုရင် သွေးဝမ်းပျက်တာ တွေပျောက်မယ်"

"ခရေပင်ရဲ့ အသုံးကျတော့ ကော ဆရာရယ်"

"ခရေပွင့်တွေကို ခေါင်းအုံးလုပ်ပြီး အုံးမယ်ဆိုရင် သွေးပူရောဂါတွေ ပျောက်မယ်၊ ခရေပွင့်ကို ဆားနဲ့သွေး လိမ်းမယ်ဆိုရင် မိတ်ရောဂါ ပျောက်မယ်၊ အယားပြေမယ်၊ ခရေခေါက်ကို သုံးခွက် တစ်ခွက်တင် ကျိုသောက်မယ် ဆိုရင် ဆီးအနည်ထိုင်တာပျောက်မယ်"

"ဟုတ်လိုက်တာဗျာ၊ ပြီးတော့ ကန့်ကလာပင် အကျိုးသွားကကော အမိန့်ရှိပါဦးခင်ဗျား"

"ကန့်ကလာ လက်တစ်ဆုပ်ကို ထန်းလျက် ငါးခဲနဲ့ပြုတ် ဆားနင်နင်ခတ် ပြီး တစ်နေ့နှစ်ကြိမ် သောက်ပေးရင် ဆီးချုပ်၊ လေချုပ်၊ ဝမ်းချုပ်၊ သွေးချုပ်တွေ ပျောက်ကင်းကြောင်း မှတ်သားဖူးတယ်"

"ဆင်နှာမောင်းကကော ဆရာ"

"ဆင်နှာမောင်းပင်က အရသာ အေးချိုခြင်းသဘော ရှိတယ်၊ ပဥ္စင်းပါး ပြုတ်၊ သုံးခွက်တစ်ခွက်တင်ကျို သကြား ခတ်ပြီး သောက်မယ်ဆိုရင် ဆီးအရမ်း ရွှင်တဲ့သဘောရှိတယ်၊ ဆင်နှာမောင်း အခြောက်လှန်း ရက္ခမူဆားချက်ပြီး စား မယ်ဆိုရင် ဆီးအတွက် အလွန်ကောင်း တဲ့ဆေးပါဗျာ"

"ဟုတ်ကဲ့၊ နောက်တစ်ခုကတော့ တရုတ်စံကားပင်ပါ"

"အင်း . . . တရုတ်စံကားပင် က အရသာအေးခါးသဘောရှိတယ်၊ တရုတ်စံကားပွင့် အဖြူ အနီ၊ အဝါများ ကို ပြုတ်ပြီးသုတ်စားမယ်ဆိုရင် လေပူ၊ လေထိုး၊ အစာမကြေ၊ စမြင်းကျန် ရောဂါတွေ ပျောက်မယ်ကွ"

"ကောင်းဗျာ၊ နောက်တစ်ခုက ထိကရုန်းပင် အကျိုးသွားလေးလဲ သိပါ ရစေဦးခင်ဗျာ"

"အင်း. . . ထိကရုန်းက အရသာ အေးချဉ်သဘောရှိတယ်၊ ကုန်းထိကရုန်း ပဥ္စင်းပါးကို သုံးခွက်တစ်ခွက်တင်ပြုတ် သကြားခပ်ပြီးသောက်မယ်ဆိုရင် ဆီး ကောင်းမယ်၊ လေကောင်းမယ်၊ သွေးကြွ မယ်၊ အားကိုဖြစ်စေတဲ့သဘော ရှိတယ် လို့ မှတ်ရပါမယ်"

"ဆရာ မက်လင်ချဉ်ကကော အမိန့်ရှိပါဦး"

"မက်လင်ချဉ်က အရသာ အေး ချဉ်တဲ့သဘော ရှိတယ်၊ မက်လင်ချဉ်သီး အခြောက်ကို ထန်းလျက်နဲ့အတူတစ်နေ့ သုံးကြိမ် ကျိုသောက်မယ်ဆိုရင် အသား ဝါရောဂါ သေချာပေါက်ပျောက်တယ်၊ လက်တွေ့ပဲ"

"ဟုတ်လား ဆရာ၊ ပြီးတော့ မင်းကိုကာ ဆိုတာကောဗျ"

"မင်းကိုကာ အရသာက အေး သက်ပွင့် သဘောရှိတယ်၊ မင်းကိုကာနဲ့ ရှောက်ရည် ရောပြီးတော့ ညစဉ် ကွမ်း သီးလုံးလောက်စား၊ သွေးတိုးကျဆေး အစစ်အပဲ၊ မင်းကိုကာနဲ့ ပျားရည်နဲ့တေ ပြီး နေ့စဉ်မှန်မှန် ညကွမ်းသီးလုံးခန့်စား မယ်ဆိုရင် မျက်စိမှုန်တဲ့ရောဂါ ပျောက် မယ်"

"ရှဉ့်မတက်ပင်အကြောင်းလဲ အမိန့်ရှိပါခင်ဗျာ"

"ရှဉ့်မတက်ဥက အရသာ အေး ချိုခါး သဘောရှိတယ်၊ ဥကို ပါးပါးလှီး နေလှန်းပြီး သကြားနဲ့ ယိုထိုးစားမယ်ဆို ရင် ဆီးရောဂါအမျိုးမျိုးနဲ့ ပန်းသေ ပန်း ညှိုး ပျောက်တယ်လို့ မှတ်သားရတယ်"

"အလွယ်တကူ အနီးအနားက အပင်မျိုးတွေနော်၊ ဆရာ နောက်တစ်ခု က သံမနိုင် ကျောက်မနိုင်အပင် အကျိုး သွားလေး သိပါရစေ"

"သံမနိုင် ကျောက်မနိုင် အပင်ကို ပဥ္စင်းပါးပြုတ် သုံးခွက်တစ်ခွက်တင်ကျို သကြားနဲ့သောက်မယ်ဆိုရင် ဆီးရောဂါ အမျိုးမျိုးပျောက်မယ်၊ ကျောက်ကြေတဲ့ သဘောရှိတယ်"

"ဟင်းဂလာပင် အကြောင်းလဲ ရှင်းပါဦး ဆရာ"

"ဟင်းဂလာပင်က အရသာ အေးခါးသဘောရှိတယ်၊ ဟင်းဂလာ အမြစ် လက်တစ်ဆုပ် သုံးခွက်တစ်ခွက် တင်ကျို၊ နံနက် နေ့ညတိုက်၊ အကြွင်း ပန်းကန်နဲ့တိုက်ပေး၊ သုံးရက်လောက် သောက်ပြီးရင်တော့ ရက်ကျန်များ၊ အဖျားအိုတွေ အမြစ်ပြတ်ပြီးသားပဲ၊ ဟင်းဂလာရွက်ကို ကြိတ်ပြီး နားထင်ကို အုံပေးမယ်ဆိုရင် ခေါင်းအုံတာ၊ မူးတာ ပျောက်တယ်၊ ဟင်းဂလာရွက်ကို ကြိတ် သံပရာရည်နဲ့ ရောစပ်၊ အဖုအကျိတ် ပျောက်မယ်၊ မောင်သောင်းရေ ဒါဆို အပူရှပ်တဲ့လူတွေအတွက် ဆေးလို့လဲ ပြောလို့ရတယ်"

"ကောင်းလိုက်တာ ဆရာရယ်၊ မှတ်သားစရာတွေချည်းပါ၊ ပြီးတော့ ကြိတ်မှန်ပင်အကြောင်း ရှင်းပါဦး"

"ကြိတ်မှန်ပင်က အရသာ ပူခါး စပ် သဘောရှိတယ်၊ ကြိတ်မှန်ရွက်ပြုတ် တို့စားမယ်ဆိုရင်ဖြစ်စေ၊ သုပ်စားမယ် ဆိုရင်ဖြစ်စေ ဝမ်းတာမမှန်တာပျောက် မယ်၊ သွေးဆင်းတာတွေ ပျောက်မယ် ဗျာ၊ အနာရွှတ်တွေမှာ အဖြူကွက်ဖြစ် ကျန်မယ်ဆိုရင် ကြိတ်မှန်ရွက်ရည်ညှစ် ပြီး မကြာခဏ လိမ်းပေးနိုင်ရင် အသား ရောင်တက်ပြီးပျောက်ကင်းချမ်းသာမယ်၊ ဒါ လက်တွေ့ဆေးတွေနော်"

"ဟုတ်ကဲ့ ဆရာဆန်းရေ ကျွန် တော်တို့ အပင်တွေတော်တော်စုံသွားပြီ၊ အများကြီးတော့ ကျန်သေးတယ်၊ ကျေး ဇူးတင်ပါတယ်ဆရာ၊ နားပါဦးခင်ဗျာ"

"မင်းထက် ကျေးဇူးတင်တဲ့လူ တွေ ရှိသေးသကွ မောင်သောင်းရ"

"ဘယ်သူတွေလဲ ဆရာရယ်"

"စာဖတ်ပရိသတ်တွေပေါ့ကွ၊ မင်းကလဲ"

"ဟုတ်ပါ့ ဆရာ၊ ဟုတ်ပါ့"

❒ ဆန်းဝင်း(အောင်မြင့်)



www.burmeseclassic.com

www.burmeseclassic.com




# birds of a feathe

## ကြိုးကြာ

မြူးဇစ်

ဤငှက်အုပ်၏အပေါ်တွင် သုတေသနလေယာဉ်တစ်စင်း ပျံသန်းသွားရာ အုပ်စုလိုက်လှုပ်ရှားလျက် ရှိနေကြသည်။ CARIBBEAN ပင်လယ်ပြင်နှင့် အနီးတစ်ဝိုက်ရှိ မြစ်ဝများတွင် အုပ်ဖွဲ့၍သာ ဖောက်ကြသည်။ (အပေါ်ပုံ)

ငှက်သားပေါက်များသည် ရက်သတ္တပတ်အနည်းငယ်ရှိလာသော် မိဘများသည် လုံခြုံသော ဂလေးထိန်းနေရာတွင်ထား၍ နေ့ညမပြတ် အဖို၊ အမ အလှည့်ကျအစာရှာ၍ ကျွေးမွေးကြသည်။ ကြီးပြင်းသော ငှက်များမှ စောင့်ရှောက်ကြသော်လည်း ခွေးနှင့် ဂျာဂွာကျားသစ်မျိုးကဲ့သို့သော သားရဲများမှ အန္တရာယ်ပေးနိုင်သည်။ (ဘေးပုံ)





www.burmeseclassic.com

www.burmeseclassic.com



ပုံ - ၁



ပုံ - ၂



www.burmeseclassic.com

www.burmeseclassic.com

မတော်မတရားရှည်သော ခြေတံများ၊ ထူထစ်နေသော ခြေပွတ်တိုင်များ၊ တွန့်လိပ်နေသော လည်တံနှင့် သာမန်ထက်ကြီးသော နှုတ်သီး၊ အမွေးအရောင် နီရဲရဲပါရှိသော ဤခြေတံ လည်တံရှည် FLAMINGO ခေါ် ကြိုးကြာနီငှက်များသည် တစ်မူထူးခြားသော ငှက်များဖြစ်ပြီး CHRIBBEAN ပင်လယ်ပြင်တစ်ဝိုက်ရှိ လတာပြင်၊ ပင်လယ်ထုံးအိုင်များနှင့် လမုပင်များရှိရာ ရွှံ့ညွန်များတွင် နေထိုင်ကျက်စား ပွားများလျက်ရှိနေကြသည်။

၎င်းတို့၏ ကောက်ချိတ်နေသော နှုတ်သီးဖြင့် ရွှံ့မြေပုံအား ခြစ်ထုတ်ပြီး အသိုက်ပြုလုပ်ကြသည်။ ၎င်းတို့၏ နှုတ်သီးအတွင်းရှိ အမွေးကြမ်းများသည် ရေထဲရှိ အခွံမာရေနေသတ္တဝါများ၊ ခရုများ၊ ပိုးကောင်များ၊ ပိုလောက်လမ်းများအား စစ်ထုတ်ပေးသည်။

၎င်းတို့၏ အသရေတင့်သော အမွေးအမှင်များသည် ကျွန်ုပ်တို့အတွက် သာယာကြည်နူးမှုပေးရန် သက်သက်သာ ဖြစ်သည်ဟု ယူဆနိုင်ဖွယ်ရှိသည်။

ကနဦးတွင် အမွေးများသည် ပန်းနုရောင် မဟုတ်ပါ။ ဥမှပေါက်ချိန်တွင် အမွေးများမှာ ဖြူပြီးနောက် အညိုရောင်သို့ ပြောင်းလဲလာသည်။ ရေထဲမှ ၎င်းတို့၏ အစားအစာများမှ ရရှိသော ဘက်တီးရီးယားများနှင့် ဓာတ်ပစ္စည်းများမှ ပန်းနုရောင်ကို ရရှိကြသည်။

ဤငှက်များသည် အလွန်ပဟေဠိဆန်သော သတ္တဝါများဖြစ်သည်။ ၎င်းတို့နှင့်ပတ်သက်၍ သိရှိသော အကြောင်းအချက်များ သိပ်မရှိပါ။

ဤငှက်များအား လေ့လာသော သိပ္ပံပညာရှင်များသည် ငှက်တို့၏ အပြုအမူများကို လေ့လာရာတွင် ၎င်းတို့၏ ဇဖြစ်သော ခြေတစ်ချောင်းတည်းဖြင့် မတ်တတ်ရပ်နေကြခြင်း၏ အကြောင်းကို ယခုတိုင်း မသိကြသေးပါ။ အချို့သော သိပ္ပံပညာရှင်များက ဤအပြုအမူသည် ရပ်နားခြင်းနှင့် ဆက်စပ်မှု ရှိသည်ဟု ယူဆကြသည်။

ဤငှက်များသည် ဝေးလံသော နေရာများတွင်သာ နေထိုင်သွားလာ ကျက်စားခြင်းကြောင့် ၎င်းတို့၏ အရေအတွက် သိရှိရန်နှင့် ခြေရာခံရန် သိပ္ပံပညာရှင်များအတွက် အခက်အခဲရှိသည်။

ထို့ကြောင့် မိုးခေါင်ခြင်း၊ လေမုန်တိုင်းများ တိုက်ခတ်ခြင်း၊ ရာသီဥတုကြောင့် ရေအနိမ့်အမြင့် ပြောင်းလဲခြင်း၊ ကမ်းခြေအနေအထား ပြောင်းလဲခြင်းတို့သည် ဤငှက်များအပေါ်တွင် မည်သို့သော အကျိုးသက်ရောက်မှုများ ရှိသည်ကို လေ့လာသိရှိရန်လည်း မလွယ်ကူလှပါ။

၎င်းတို့နှင့်ပတ်သက်၍ သိရှိရသောအချက်မှာ ၎င်းတို့သည် အသင်းအဖွဲ့ အစုလိုက်နေကြပြီး အလွန်သစ္စာရှိသော ငှက်များဖြစ်ကြသည်။

ငှက်ဖိုများသည် ငှက်မရှာရာတွင် အစုလိုက် ကြင်ဖော်ရှာအက ကတတ်ကြသည်။

မိဘများသည်လည်း ၎င်းတို့၏ သားပေါက်များအား အလွန်အမင်း ချစ်တတ်ကြသည်။ ငှက်သားပေါက်များအား လုံခြုံသောနေရာတွင်ထား၍ ငှက်ဖိုနှင့် ငှက်မတို့သည် အစာရှာထွက်ကြသည်။ ဘွားခနဲ အန္တရာယ်ပေါ်ပေါက်လာပါက ထောင်သောင်းချီသော ငှက်များသည် အုပ်စုလိုက် ကာကွယ်ကြသည်။

ဤအခြင်းအရာကြောင့် ၎င်းတို့သည် အန္တရာယ်ပြွမ်းသော ကမ္ဘာတွင် ရှင်သန်လျက် ရှိနေကြသည်။

* * *

ပုံစာများ

ပုံ - ၁

ကြိုးကြာနီများ ပျံသန်းရန် ရေတိမ်တွင် ပြေး၍အရှိန်ယူကြရသည်။ ၎င်းတို့သည် တစ်ကောင်ချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ပျံသန်းရာတွင် အလွန်အမင်း ကျွမ်းကျင်ကြသည်။

ပုံ - ၂

ဥဥပြီး သားဖောက်ရန် ငှက်မများသည် မိမိတို့၏နှုတ်သီးဖြင့် ရွှံ့မြေပုံအား ခြစ်ထုတ်၍ ဥချကြသည်။ သားပေါက်သည့်အခါ ငှက်ဖိုနှင့် ငှက်မတို့သည် ၎င်းတို့၏ အစာချေဖျက်သည့် လမ်းကြောင်းမှထွက်သော အရည်တစ်မျိုးကို တိုက်ကျွေးကြသည်။ ဤအရည်သည် အဆီနှင့်ပရိုတင်း ပြည့်စုံသည့် သက်စောင့်ဆေးကဲ့သို့သော အာနိသင်ပြည့်ဝသည်။

ပုံ - ၃

YUCATAN ဒေသတစ်ဝိုက် ပေါများသော ရေညှိပွစွန်များ စားသုံးခြင်းဖြင့် ဤငှက်များကို နီသောအမွေးအမှင် ရရှိရန် အထောက်အကူပြုသည်။

□ မြူ[illegible]



www.burmeseclassic.com

www.burmeseclassic.com

## သိမှတ်ဖွယ်ရာ ဆေးပညာ

# ချွေးတိုး ဆီးချို ပျောက်စေလို

**ကန့်ဘလူ ကံတင်အောင်**

ကျွန်တော် တာဝန်ကျရာ ကျောင်းထဲတွင် ကျွန်တော် ရောက်လေမှ မဲဇလီပင်များ စိုက်ပျိုးခဲ့ပါသည်။ မဲဇလီပင် စိုက်ပျိုးခဲ့သည်မှာ ၁၅ ပင်ခန့် ဖြစ်ပါသည်။ ရှစ်ပင်ခန့်သာ ရှင်ပါသည်။

စိုက်ပျိုးခဲ့သမျှ မဲဇလီပင် ခုနစ်ပင် မရှင်သန်ခဲ့ရခြင်းမှာ နွေရာသီရောက်၊ ရေမလောင်းနိုင်ခဲ့ခြင်း၊ ကျောင်းဝင်းခြံ မလုံခြုံမှုကြောင့် ကျွဲ၊ နွားတို့ ဝင်ထွက်ရင်း နင်းခြေခံခဲ့ရခြင်းကြောင့် ဖြစ်ပါသည်။

စိုက်ပျိုးစဉ်က မဲဇလီပင်များကို အချို၊ အခါး ဟူ၍ ခွဲခြားမသိရှိခဲ့ပါ။ အဖူးစားချိန်၊ အရွက်နုနုခူးနိုင်ချိန်ရောက်မှ စိုက်ခဲ့သမျှ မဲဇလီပင်များ အခါးပင်များဖြစ်သည်ကို စိတ်ပျက်စွာ သိရပါတော့သည်။ မဲဇလီ အခါးဟူ၍သာ ဆိုပါသည်။ အဖူးဖူးချိန်မှာ ခူး၍သုပ်စားရာ စား၍ကောင်းပါသည်။ အရွက်နုများကိုတော့ ခါးလွန်းလှ၍ တစ်ကြိမ်တည်းသာခူးကာ ဟင်းချိုချက် သောက်ဖူးပါသည်။

မိမိက အရွက်နုများကို ခါးလွန်းလှ၍ ခူးကာမချက်ပြုတ်၊ မစားသောက်သော်လည်း ရွာထဲရှိလူတွေကတော့ ကျွန်တော် ကျောင်းထဲ မရှိလျှင် မရှိသလိုပင် လာ၍ခူးကာ ပြုတ်၍ တို့မြှုပ်စားကြခြင်း၊ ဟင်းချိုချက်၍ စားသောက်ကြခြင်း ပြုပါသည်။ အထူးသဖြင့် ရွာထဲက ဦးကြည်။ ကျွန်တော့်ရှေ့မှာပင် အကြိမ်ကြိမ် အခါအခါ မဲဇလီရွက်နုများ ခူးသည်ကို တွေ့ရသည်။ တစ်ခါတစ်ရံ သူ၏ဇနီး ဒေါ်ပွေးနှင့် သမီး မခင်စန်းနှယ် လာ၍ခူးပါသည်။

ကျွန်တော့်မှာ သူတို့ထံမှ ချဉ်ပေါင်ရွက်၊ ဘူးရွက်၊ ဘူးသီးများ ရနေ၍ မဲဇလီပင်မှ အရွက်နုခူးသည်ကို အပြစ်မပြောတော့ပေ။ ခွင့်လွှတ် ကြည်ဖြူထားခဲ့ပါတော့သည်။

တစ်နေ့တွင် ဖြစ်ပါ၏။ နေ့စဉ်လိုလို မဲဇလီရွက်များ ခူးနေသည်ကို ဘာရယ်လို့မဟုတ်၊ ပါးစပ် စပ်စုကြည့်လိုက်ပါသည်။

"ဦးလေးကြည်၊ မဲဇလီရွက် ရက်ဆက်ခူးစားနေတာ မမုန်းသေးဘူးလားဗျ"

"ဩော်၊ ဆရာကြီးရယ် မုန်းလို့ မစားချင်ပေမယ့် ဆေးဖက်ဝင် အစွမ်းထက်နေတော့လဲ နေ့ရော ညပါ စားပေးနေရတာပဲဗျို့"

"ဟောဗျာ ဆိုပါဦး၊ ဆေးဖက်ဝင်၊ အစွမ်းထက်တယ်ဆိုတော့"

"ဆရာကြီး တကယ်မသိတာလားဗျ"

"မသိလို့ပေါ့ဗျာ၊ ဘယ်လိုဆေးဖက်ဝင်၊ အစွမ်းထက်တာလဲဗျ"

"ဒီလိုဗျ၊ ကျုပ်ဇနီးက ချွေးတိုးဝေဒနာ၊ သမီးက ဆီးချို၊ အပြင်ဆေးဆိုင်က ဆေးဝယ်စားရတာလဲ ရသမျှငွေမလောက်နိုင်တော့ဘူး၊ ဒါကြောင့် မဲဇလီရွက် နုတဲ့အချိန်လေးမှာပဲ နေ့ရောညပါ ခူးပြုတ် ဟင်းချိုချက်စား၊ အတို့အမြှုပ် လုပ်စားနဲ့ဗျ၊ ပြီးတော့ အရွက်နုတွေပြုတ်ပြီး အခြောက်လှန်းထားရတာဗျို့"

ဦးကြည်ပြောလေမှ မဲဇလီရွက် ဆေးစွမ်းထက်မှန်း သိရပေသည်။ အရွက်နုကိုပြုတ်၍ အတို့ အမြှုပ် လုပ်စားခြင်း၊ ဟင်းချိုချက်သောက်ခြင်းတို့ကို ပုံမှန်ပြုပေးပါက ဆီးချိုနှင့် ချွေးတိုးဝေဒနာ သက်သာပျောက်ကင်းစေပါကြောင်း၊ ချွေးတိုး ဆီးချို ပျောက်စေလိုပါက လက်တွေ့ သုံးစွဲကြည့်ကြပါရန် စေတနာမှန်ဖြင့် ရေးသားရပါသည်။

**မှတ်ချက်**

မဲဇလီမှာ . . . ၁။ မဲဇလီအခါး ၂။ မဲဇလီအချို ၃။ သဘော်မဲဇလီ ဟူ၍ ရှိပါသည်။ မဲဇလီအခါးကိုသာ ရည်ရွယ်ပါကြောင်း။

❒ ကန့်ဘလူ ကံတင်အောင်



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ငါးရိုးမျက် သက်သာနည်း

**ကန့်ဘလူ ကံတင်အောင်**

နေ့စဉ်လိုလို ညနေစာကို ကျွန်တော်သည် သူငယ်ချင်း မောင်ဦးလင်းအိမ်သို့သွား၍ စားပါသည်။ ကျွန်တော်က ဟင်းကောင်းတစ်ခွက်သာ ချက်ပါသည်။ မောင်ဦးလင်းတို့အိမ်က အချို၊ အချဉ်၊ အခါး၊ အစပ် စသည်ဖြင့် အသီးစုံ၊ အရွက်စုံ၊ အရည်များကို ချက်ပါသည်။

မောင်ဦးလင်းတို့အိမ်မှာက မီးဖိုချောင်မှာ မိန်းကလေးနှစ်ဦး၊ အရွယ်ကြီး အမျိုးသမီးတစ်ဦးရှိရာ ကိုယ်ချက်စားချင်တာကို အချိန်ပေး ချက်ကျွေးနိုင်ပါသည်။

ကျွန်တော်ကတော့ တစ်ကိုယ်တည်းသမားပီပီ ဘာမှ ဖွယ်ဖွယ်ရာရာ မချက်ပြုတ်တော့။ ဝက်သားဆိုလည်း ပီသာတွဲ၊ ငါး၊ ကြက်သားတို့ဝယ်ရင်လည်း ပီသာတွဲဝယ်ပြီး ပြုတ်ကြော်ချက်ထားပါသည်။ မကုန်မချင်း မီးဖိုတွင် နွေး၍စားနေပါသည်။

ညနေစာတစ်နပ်ကိုသာ မောင်ဦးလင်းအတွက်ပါ အပိုထည့်ကာယူသွားပြီး စားသောက်ပါသည်။ ယနေ့ မောင်ဦးလင်းတို့အိမ်မှာ ချဉ်ပေါင်ရွက်အရည်ကျဲကျဲ၊ ဦးတုတ် ပြောလာပေးသော ခေါင်းတစ်ရာသား ငါးဟလေးများကို အိုးကပ်ချက်ထားသည်။ ပဲနီရေပွကို ကြော်ထားသေးသည်။

ကျွန်တော့်မှာပါလာခဲ့သည့် ဝက်သားဟင်းပြုတ်ကြော်ကိုပင် မစားတော့။ ငါးကလေးဟင်းအိုးကပ်ကို ချဉ်ပေါင်ဟင်းအရည်ကျဲကျဲ၊ ပဲရေပွကြော်တို့ဖြင့် အားရပါးရစားခဲ့ရာ မြိန်ရှက်လှပါသည်။

ငါးကလေးဟင်းအိုးကပ်ကို အငမ်းမရ အားပါးတရစားခဲ့မိရာ လည်ချောင်းမှာ ငါးရိုးမျက်သွားရသည်။ ငါးရိုးမျက်ဝေဒနာကား အခံရခက်လှသည်။ မခံစားနိုင်၍ ထမင်းမျှချကြည့်သည်။ ဆိုင်မှ တကူးတကသွား ငှက်ပျောသီးဝယ်စားကြည့်သည်။

သို့သော် အနာနှင့်ဆေးမတည့်၍လားမသိ။ ငါးရိုးမျက်ဝေဒနာ မသက်သာခဲ့။ ငါးရိုးမျက်ဝေဒနာ မသက်သာသည့်ကြောင့် မောင်ဦးလင်းထံ ညည်းညူပြလိုက်မိပါသည်။

မောင်ဦးလင်းက . . .

"ထမင်းမျှချ ငှက်ပျောသီးစားပြုတာလဲ ငါးရိုးမျက်မသက်သာဘူးဆိုရင်တော့ ကျွန်တော်သိထားတဲ့နည်းကိုသုံးကြည့်ပေတော့ဗျာ"ဟု ဆိုလာပါသည်။

"ဟ မြန်မြန်ပြောပါကွ . . . ငါးရိုးမျက် အခံရခက်လှပြီ"

"ခင်ဗျားဆီမှာ မြေအိုး ရေအိုးတွေ အောက်ကခံရတဲ့ ကရွတ်ခွေဆိုတာ ရှိလား။ ရှိရင် အဲဒီကရွတ်ခွေကို ဦးခေါင်းကနေ လည်ပင်းအထိ စွပ်ချပြီး မတ်တတ်ရပ် ခုန်ဆွခုန်ဆွပြုလုပ်ရမယ်၊ အသေအချာ လုပ်ကြည့်ဗျာ"

ကျွန်တော့်မှာ ကရွတ်ခွေအဆင်သင့်ရှိနေ၍ မောင်ဦးလင်းပြောသကဲ့သို့ ချက်ချင်းပင် ကရွတ်ခွေကို ခေါင်းကနေ လည်ပင်းအထိ စွပ်ချ၍ ခုနစ်ခါမျှ ခုန်ကြည့်လိုက်ပါသည်။

အံ့ဩဖွယ်ရာကောင်းသည်မှာ ကျွန်တော့်တွင် ခံစားနေရသော ငါးရိုးမျက်ဝေဒနာသည် သက်သာပျောက်ကင်းသွားရတော့သည်။

ငါးရိုးမျက်ဝေဒနာအား သက်သာပျောက်ကင်းစေ... မောင်ဦးလင်းပြောပြပြီး ကျွန်တော်ကိုယ်တိုင် ပျောက်ကင်း... ခဲ့ရသော ဤနည်းကလေးကို လက်တွေ့သုံးကြည့်ကြ... မေတ္တာရပ်ခံ ရေးသားရပါသတည်း။

မောင်ဦးလင်း(မင်းဘာ)အား ဤစာမှုဖြင့် ကျေးဇူး... ပါသည်။

❒ ကန့်ဘလူ ကံတင်အောင်



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ကင်းဆိပ်၊ ပင့်ကူဆိပ်၊ ခွေးဆိပ် ဖြေဆေး

**နတ်မောက် လှမြင့်သစ်**

"ကင်းမြီးကောက်ထိုးလျှင်"၊ "ပင့်ကူရှပ်လျှင်"၊ "ခွေးကိုက်ခံရလျှင်" (ခွေးရူးမဟုတ်စေကာမူ) အဆိပ်တက်တတ်သည်သာ ဖြစ်ပါသည်။

ကင်းမြီးကောက်အဆိပ်သည် သုံး,လေးရက်ရှိမှ အဆိပ်ပြေတတ်သည်အထိ ပြင်းထန်သည်။

ပင့်ကူအဆိပ်သည် ပြင်းထန်လျှင် ပြင်းထန်သလို ဒဏ်ခံရတတ်သည်။

ခွေးဆိပ်သည် တော်တော်နှင့်မပြေပါ။ အနာရင်းပြီး ရက်ပေါင်းများစွာကြာအောင် ခံရသည်ကို တွေ့ဖူးသိဖူးကြမည် ထင်ပါသည်။

ဖော်ပြပါ ကင်းဆိပ်၊ ပင့်ကူဆိပ်၊ ခွေးဆိပ်များသည် ချက်ချင်းသေလောက်သည်အထိ မဟုတ်သော်လည်း အဆိပ်ပြင်းသည်သာဖြစ်ပါသည်။ ထိုပြင်းထန်သော အဆိပ်များအတွက် ဇီးရာသည် အဆိပ်ကို လျင်မြန်စွာ ပြေပျောက်စေပါသည်။ ဇီးရာသည် ရှားပါးပစ္စည်းမဟုတ်ပါ။ ပရဆေးဆိုင်များတွင် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။

ကင်းမြီးကောက်ထိုး၍ ကင်းဆိပ်တက်သော် ဇီးရာကို ဆားနှင့်ရော အမှုန့်ပြုပြီး ထောပတ်၊ ပျားရည်အနည်းငယ်တို့နှင့်ရောပြီး အနည်းငယ်မီးအပူပေး၍ ပူပူနွေးနွေးတွင် လိမ်းပေးလိုက်ပါ။ ချက်ချင်းအမြန် ကင်းဆိပ်ပြေပျောက်ကျဆင်းသွားပါလိမ့်မည်။ ကင်းဆိပ်ပြေကာ သက်သာပျောက်ကင်းသွားစေပါသည်။

ပင့်ကူရှပ်ခြင်း၊ ပင့်ကူကိုက်ခံရခြင်းတွင် ပင့်ကူအမျိုးအစားကိုလိုက်၍ အဆိပ်ပြင်းထန်ခြင်း ဖြစ်ပေါ်တတ်ပါသည်။ မည်သို့ပင်ဖြစ်စေ ဇီးရာကိုသာ ကျောက်ပျဉ်ပေါ်တွင် ရေနှင့်ကြိတ်ပြီး အမြန်ဆုံးလိမ်းကျံပေးပါက ပင့်ကူဆိပ်သည် ပြေလျော့ ပျောက်ကင်းစေပါသည်။ နာရီခြား၍ သုံး,လေးကြိမ်ဆက်တိုက်လိမ်းပေးနိုင်ပါသည်။ လိမ်းဆေးသက်သက်ဖြစ်၍ လွန်သည်၊ များသည်၊ မှားသည်မရှိပါ။ မပျောက်မချင်း လိမ်းပေးနိုင်ပါသည်။

ခွေးဆိပ်သည် အလွန်ပင်ကြောက်စရာကောင်းလှပါသည်။ သာမန်ကျန်းမာနေသောခွေး၏ သွားရည်၊ သွားတို့မှာပင် အဆိပ်ပါရှိနေပါသည်။ ခွေးရူးကိုက်ခံရသည်ဆိုလျှင် ခွေးရူးပြန်ခြင်းဖြစ်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်တတ်ပါသည်။ ယခု အဆိပ်ဖြေဆေးမှာ ကျန်းမာနေသော ခွေးကောင်း အကိုက်ခံရလျှင် အဆိပ်ပြေပျောက်စေခြင်း ဖြစ်ပါသည်။ ခွေးရူးပိုး၊ ခွေးရူးအဆိပ်ကို မနိုင်ပါ။

ခွေးကိုက်ခံရလျှင် ခွေးဆိပ်ပြေပျောက်စေရန်အတွက် ဇီးရာ လက်ဖက်စားတစ်ဇွန်း၊ ငရုတ်ကောင်း လက်ဖက်စားတစ်ဇွန်းကို ရေမတ်ခွက်တစ်ခွက်နှင့် နာရီအတော်ကြာအောင် စိမ်ထားပြီး ထိုရေကို စစ်ယူပြီး သောက်ပေးရပါမည်။ ခွေးဆိပ်သည် ဆီး၊ ဝမ်း တို့မှထွက်သွားပြီး အဆိပ်ပြေကာ ပျောက်ကင်းသွားပါလိမ့်မည်။

အထူးသတိပြုရန်မှာ မိမိကိုကိုက်သော ခွေးသည် ခွေးရူး ဟုတ်,မဟုတ် စောင့်ကြည့်သင့်သည်။ ခွေးရူးဖြစ်ခဲ့လျှင် နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးသွားသင့်ပါကြောင်း။

❒ နတ်မောက်လှမြင့်သစ်

---

### အအေးမိ၊ နှာစေး၊ ချောင်းဆိုးအတွက် နည်းလမ်းကောင်း

ကျွန်တော်သည် နယ်ကျေးရွာများသို့ အလုပ်တာဝန်ဖြင့် မကြာခဏ ကွင်းဆင်းသွားလာရသူ ဖြစ်ပါသည်။ ပြီးခဲ့သည့်လက နတ်မောက်မြို့၏မြောက်ဘက် ၁၅ မိုင်ခန့်ဝေးသော သရက်ချဉ်ရွာသို့ သွားရောက်ခဲ့ရာ လမ်းတစ်လျှောက်လုံး မိုးကြမ်းမိခံရသည်။ သရက်ချဉ်ရွာမိတ်ဆွေ ဦးဝင်းမြင့်၏နေအိမ်သို့ ရောက်သောအခါ အင်္ကျီ၊ ပုဆိုးများအမြန်လဲလှယ်ပြီး ရေခြောက်အောင်သုတ်၍ နွေးထွေးစွာ နေထိုင်သော်လည်း ညပိုင်းရောက်သောအခါ ဟတ်ချိုးဟတ်ချိုးနှင့် နှာချေဆတ်၍ ချောင်းပါဆိုးလာပါသည်။ အပူနှင့်အအေး ဝိရောဓိဖြစ်ချေပြီဟု ဆိုရပါမည်။

→→



www.burmeseclassic.com

www.burmeseclassic.com

# သီမှတ်ဖွယ်ရာ ဆေးပညာ

## အအေးမိ၊ နှာစေး၊ ချောင်းဆိုးအတွက် နည်းလမ်းကောင်း

**နတ်မောက် မင်းသန့်နိုင်**

ညပိုင်းဖြစ်နေ၍ သောက်ရန်ဆေးဝါးကလည်း မလွယ်ကူပါ။ နံနက်လင်းမှ အဆင်ပြေသလို ဆေးသောက်တော့မည်ဟုပင် ဆုံးဖြတ်လိုက်ပြီး ခြင်ထောင်ထဲမှာ စောင်နှင့်ကွေးနေမိပါသည်။

သို့သော်. . . မရပါ။ အဆက်မပြတ် နှာချေဆတ်၍ ကြားဖောက် ကြားဖောက် ချောင်းဆိုးနေပါသည်။ အိပ်ပျော်နေသူများနှင့် အိမ်ရှင်မိသားစုကို အားနာမိရသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ကျွန်တော် အဆက်မပြတ် နှာချေဆတ်ပြီး ချောင်းဆိုးနေသော အသံကြောင့် အိမ်ရှင်မိတ်ဆွေဦးဝင်းမြင့်ပင် နိုးထလာပါသည်။

"ဆရာတော့ မိုးကြမ်းမိပြီး အအေးပတ်ပြီနဲ့တူတယ်၊ မပူပါနဲ့. . . ကျွန်တော် ကုသပေးပါ့မယ်၊ ခဏနေဦးနော်"

ဦးဝင်းမြင့်မှ မီးဖိုဆောင်သို့ဝင်သွားပြီး တစ်အောင့်အကြာ ပြန်ထွက်လာသည်။

"ဆရာ ခြင်ထောင်ထဲမှာပဲနေ၊ ကျွန်တော် လုပ်ပေးမယ်" ဟု ပြောပြောဆိုဆို ပြာခံထားသောဇလုံထဲတွင် မီးကျီးခဲလေး,ငါးခဲ ရဲနေအောင်ထည့်ထားပြီး မီးကျီးခဲပေါ်သို့ နနွင်းမှုန့်များ ဖြူးချသည်။

"ဩော်. . . ငါ့ကို နနွင်းမှုန့် ရှူခိုင်းနေတာပါလား" ဟု သိလိုက်ရပါသည်။

နှာချေဆတ်နေသည့်အချိန်တွင် နနွင်းမှိုင်းရှူရသည်မှာ တစ်မျိုးအရသာရှိလှပါသည်။ (လက်တွေ့ကြုံလျှင် ပြုလုပ်ရှုကြည့်ပါ)

"ဆရာ. . . နနွင်းမှိုင်း ဆက်ရှူနေနော်၊ ကျွန်တော် သောက်ဆေးလုပ်လိုက်ဦးမယ်"ဟုဆိုကာ ကိုဝင်းမြင့်သည် မီးဖိုချောင်သို့ တစ်ဖန်ပြန်ဝင်သွားပါသည်။ မကြာမီပင် ကိုဝင်းမြင့်သည် ခြင်ထောင်ကို မ,လှပ်ပြီး . . .

"ရော့. . . ဆရာ ပူပူမှုတ်သောက်လိုက်ပါ"ဟုဆိုကာ ရေနွေးခွက်ကြီးတစ်ခွက် ပေးပါသည်။

အငွေ့တထောင်းထောင်းထနေသော ရေနွေးခွက်ကို တဖူးဖူးမှုတ်၍ တစ်ငုံနှစ်ငုံသောက်ကြည့်သောအခါ ချဉ်ပြုံးပြုံးခါးသက်သက်အရသာကို လျှာက သတိပြုမိလာပါသည်။ ပြီးတော့ နှစ်သက်စရာ ရနံ့တစ်မျိုးလည်း ရှူရှိုက်မိလာသည်။

"ဦးဝင်းမြင့်. . . ဒါ ဘာဆေးလဲဗျ၊ ကျွန်တော့်စိတ်ထဲမှာ သိသလိုလိုရှိပြီး ဘာဆေးလို့ မပြောတတ်ဘဲ ဖြစ်နေလို့ပါ"

"ဟဲ ဟဲ ဟဲ. . . အထူးဆေးဝါးမဟုတ်ပါဘူး ဆရာရယ်၊ သံပရာသီးတစ်ခြမ်း အရည်ညှစ်ပြီး ရေနွေးပူပူ လော ထည့်ဖျော်ထားတဲ့ အရည်ပါ၊ တခြား ဘာမှမပါပါဘူး ဒါ တစ်ခွက်သောက်ပြီး နနွင်းမှိုင်းဆက်ရှူနေပါ၊ ဆရာ အအေး နှာစေးချောင်းဆိုးတာ ယူပစ်သလိုပျောက်သွားပြီး ကောင်းအိပ်ပျော်ပါလိမ့်မယ်"

ဦးဝင်းမြင့်ပြောသည့်အတိုင်းပင် သံပရာရည်ရေ မတ်ခွက်တစ်ခွက်မှုတ်သောက်ရင်း နနွင်းမှိုင်းရှူပေးရင်း ချွေးလေးများ စို့လာသည်။ လူတစ်ကိုယ်လုံး ပေါ့ပါးလန်း လာသည်။ ထိုညက နှာချေဆတ်ခြင်း၊ ချောင်းဆိုးခြင်း မဖြစ်တော့ဘဲ အမှန်တကယ်ပင် ကျွန်တော် ကော အိပ်စက်ပျော်နိုင်ခဲ့ရပါသည်။

သို့အတွက် လပြည့်ဝန်းမဂ္ဂဇင်း စာဖတ်ပရိ အတွက် မိုးကြမ်းမိ နှင်းခါးရိုက်ခံရ၍ အအေးပတ်ဖွဲ နှာစေးခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်း ဖြစ်ခဲ့လျှင်

"နနွင်းမှိုင်း ဝဝရှူပေးပါ၊ သံပရာသီးတစ်ခြမ်း အ ညှစ်ပြီး ရေနွေးပူပူနှင့် ဖျော်သောက်ပေးပါ၊ လက်တွေ့ ဝက် တစ်နာရီအတွင်း ပေါ့ပါးလန်းဆန်းပြီး ပျောက်ကင် ပါလိမ့်မည်"ဟု တင်ပြလိုပါသည်။

ဆေးဝါးအလွယ်တကူမရနိုင်သော အချိန်၊ နေ စာရေးသူကိုယ်တွေ့ လက်တွေ့ အသုံးပြုပျောက်ကင်းခဲ့ အထက်ပါနည်းကို ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ကြ လွန်သည်၊ မှားသည်၊ များသည် မရှိ။ ဘေးထွက်ဆိုးကျိုး မရှိ၊ အသုံးပြုနိုင်ပါကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

❐ နတ်မောက်မင်း



www.burmeseclassic.com

www.burmeseclassic.com

# အစာလည်းဖြစ် ဆေးဖက်လည်းဝင်သော နနွင်းတက်




## အောင်ဘုန်းမြင့်(ကချင်မြေ)

ဆေးစွမ်းထက်သော နနွင်းပင်သည် နုန်းမြေ ရွံ့မြေနှင့် မြေနီများတွင် စိုက်ပျိုး အောင်မြင်စေနိုင်၏။ အထူးသဖြင့် ရေစီးရေလာကောင်းသော မြေနေရာများတွင် ရှင်သန်ဖြစ်ထွန်း ပွားမြန်တတ်ပြီး အရိပ်ကြိုက်ပင်မျိုးဖြစ်၍ အရိပ်ရသော ဥယျာဉ်ခြံမြေများတွင် သီးထပ်သီးညှပ်ပင်များအဖြစ် စိုက်ပျိုးကြ၏။

အရွက်များသည် အပြားကြီး၍ ရွက်ဖျားချွန်ပြီး ရွက်ရင်းပိုင်းမှ ရွက်ဖျားထိပ်အလယ်ကြောတွင် ရွက်မြောင်ပါတတ်၏။ ဥတတ်မှ တိုက်ရိုက်အငုံ့ကပေါက်တတ်သော ရွက်ယောင်ပင်မျိုးဖြစ်သည်။ အဝါနုရောင်ပန်းမျိုး ပွင့်တတ်ကာ နေရာဒေသမရွေး စိုက်ပျိုးပေါက်ရောက်နိုင်သော ဆေးပင်ဖြစ်သည်။

နနွင်းခါးပင်သည် ရိုးရိုးအိမ်သုံးနနွင်းပင်နှင့်တူသော်လည်း အပင်နှင့်အရွက်သေးပြီး အရွက်အထည်များ၏ အလယ်ဗဟို၌ အမည်းကွက်များ ပါရှိတတ်ပါသည်။ အိမ်သုံးနနွင်းနှင့် နနွင်းခါးကို အဓိကဆေးအဖြစ် အသုံးပြုကြသည်။

နနွင်း၏ မူလ ဇာတိမြေမှာ အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည်ဟု ဆိုသည်။ နနွင်းဥများကို အမျိုးမျိုး အဖုံဖုံ အသုံးများသလောက် နနွင်းမျိုးပေါင်းလည်း များပြားလှ၏။

မြန်မာတို့ အသုံးများသော နနွင်းကိုးမျိုးမှာ . . .

(၁)ရိုးရိုးအိမ်သုံးနနွင်း (၂)နနွင်းခါး (၃)တောနနွင်း (၄)နနွင်းနီ (၅)နနွင်းတိမ်ပြာ (၆)နနွင်းဖြူ (၇)နနွင်းနက် (၈)နနွင်းမင်း (၉)နနွင်းနွယ်ပင် ဟူ၍ဖြစ်သည်။

အချို့ကျမ်းများတွင် အမည်အမျိုးမျိုး အခြားနနွင်းရှစ်ဆူ ဟူ၍လည်း သီးသန့်ဖော်ပြထားတတ်၏။ နနွင်းတွင် မျိုးရင်းမြောက်မြားစွာ ရှိပါသည်။

နနွင်းပင်သည် စိုက်ပျိုးဖြစ်ထွန်းရ လွယ်ကူသလောက် လူ့ကျန်းမာသက်ရှည် အနာမဲ့ရေးအတွက်၌လည်း နည်းပေါင်းစုံဖြင့် အကျိုးပြုလေ၏။ အထူးသဖြင့် မြန်မာအမျိုးသမီးတိုင်းလိုလိုသည် နနွင်းနှင့်ကင်းသူ ဟူ၍ မရှိပါ။ ကလေးမီးမဖွားမီနှင့် မီးဖွားပြီး အမျိုးသမီးတိုင်းက သွေးသန့်ကာ ကျန်းမာဝဖြိုး အလှကျက်သရေတိုးစေရန် အမျိုးမျိုးထည်လဲ အသုံးပြုရသော ဆေးဖြစ်သည့်ပြင် ဈေးအသက်သာဆုံးနှင့် အစွမ်းထက်ဆုံး ဆေးတစ်ပါးဖြစ်ပါသည်။

### ဆေးဂုဏ်သတ္တိ

နနွင်းသည် ပူ၏။ စပ်၏။ ခါးသော အရသာရှိ၏။ ပူသည်ကို အေးစေ၍ အေးသည်ကို ပူစေနိုင်သော ဆေးအာနိသင်ရှိ၏။ အစာကို ကြေလွယ်စေ၍ ဝမ်းမီးကိုတောက်စေတတ်၏။ [illegible] ကို မြိန်စေတတ်ပြီး သွေးပုပ် [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကြေစေ သန့်စေနိုင်၏။ လေသလိပ်ကို နိုင်၍ အသားအရေများကို ကြည်လင်ဝင်းဝါ လှပစိုပြည်စေ၏။ အမျိုးသမီးများ မီးတွင်း၌ လိမ်းပေးခြင်း၊ ရှုပေးခြင်း၊ စားပေးခြင်း ပြုလုပ်ပေးသော် အကျိုးများစေနိုင်၏။ နနွင်း၏ဆေးသဘာဝ၌ သွေးသားများကို ကောင်းစေ သန့်စေနိုင်ပြီး ရောဂါပိုးများကို သေကြေစေနိုင်သော ဆေးဂုဏ်သတ္တိရှိလေသည်။

နနွင်းသည် ထမင်း ဟင်း၊ ထောပတ်၊ ဒိန်ခဲ၊ ဒိန်ချဉ်များနှင့် အစားအသောက်များကို အရောင်လှပစေရန် အရောင်ဆိုးဆေးအဖြစ် အသုံးပြုကြသည်။ ပိုးထည်၊ သိုးမွေးထည်များ၌လည်း ဆိုးဆေးအဖြစ် အသုံးပြုကြ၏။ နနွင်းကို ထုံးနှင့်ရောစပ်ကြည့်ပါက လိမ္မော်ရောင်သို့ ပြောင်းလဲသွားလျှင် နနွင်းအစစ်ဖြစ်ပြီး မပြောင်းလဲလျှင် နနွင်းမစစ်ဟု ဆိုသည်။

နနွင်း၏ အစွမ်းသတ္တိသည် အပူအအေးကို မျှတစေ၏။ အနာပေါက်အမျိုးမျိုးကို ပျောက်ကင်းလွယ်စေနိုင်ပြီး ဖြစ်နေသော အနာမျိုးကို လျော့နည်းသက်သာတန့်စေနိုင်ကာ မဖြစ်သေးသော ရောဂါဝေဒနာများကိုလည်း ကာကွယ်တားဆီးပေးနိုင်သည်။ ရောဂါအမျိုးမျိုးကို နုတ်ပယ်စေနိုင်ပြီး ကျန်းမာသက်ရှည်စေပါသည်။ နနွင်းတက်ကို မျက်ကွင်းဆေး၊ ငှက်ဖျားဆေး၊ အနာပေါက်အမျိုးမျိုးပျောက်ဆေးနှင့် မီးယပ်ဆေးများအဖြစ် ဖော်စပ်ရာတွင် အသုံးပြုကြသည်။

## အမျိုးသမီးရောဂါနှင့် နနွင်း

ကလေးမီးမဖွားမီ ဆန်လွတ်နနွင်းမှုန့်ကို ရေအေးနှင့်ဖျော်၍ တစ်ကိုယ်လုံး လိမ်းကျံပေးနိုင်၏။ လေချုပ်၊ ဆီးချုပ်၊ ဝမ်းချုပ် ကင်းစေရန်နှင့် ကိုယ်ခံကိုယ်မှု ကောင်းစေရန် မီးဝဲပေးနိုင်၏။ ကိုယ်ကွင်း [illegible] ဖြစ်သော် [illegible] ပေး၊ [illegible]

ကလေးမိခင်များ ထိတ်လန့်ခြင်းကြောင့် သွေးတက်လျှင် နနွင်းရေဖျော်၍ ငယ်ထိပ်အုံပေးခြင်း (သို့) နနွင်းမှိုင်းတိုက်ပေးခြင်း ပြုလုပ်ပေးပါက သက်သာရစေနိုင်၏။ သန္ဓေတည်နေခိုက် မကြာခဏ အဖျားတက်လျှင် နနွင်းမှုန့်ကို ဖျော်သောက်ပေးသော် ပျောက်၏။ မီးဖွားပြီးစ အသားပူခြင်း၊ ထုံခြင်း ဖြစ်ပါက နနွင်းမှုန့်ကို နှမ်းဆီနှင့်ရော၍ လိမ်းနယ်ပေးခြင်း၊ သောက်ပေးခြင်း၊ နနွင်းပြုတ်ရည်နှင့် ရေချိုးပေးခြင်း ပြုလုပ်ပေးလျှင်သက်သာပျောက်ကင်းစေနိုင်သည်။

မီးဖွားပြီး ကလေးမိခင်များ ခန္ဓာကိုယ် တင်းရောင်ဖောနေလျှင် သွေးပုပ်မစင်ဘဲ ခဲနေ ကျန်နေလျှင် နနွင်းကို တစ်နေ့ သုံးကြိမ် နံနက်၊ နေ့လယ်၊ ညသောက်ပေး.လိမ်းကျံပေးလျှင် ပျောက်ကင်းနိုင်၏။ ကလေးမီးဖွားပြီးနောက် သွေးပုပ်မစင်၍ အသားအရေမမှန်ခြင်း၊ ညစ်ထေးခြင်း၊ ညိုကွက် မည်းကွက် နီကွက် ထခြင်းမျိုးဖြစ်လာလျှင် နနွင်းကို သောက်ပေး လိမ်းပေးခြင်း၊ နနွင်းပြုတ်ရည် ချိုးပေးခြင်း ပြုလုပ်ပေးပါက သက်သာပျောက်ကင်းစေနိုင်၏။

မီးယပ်သွေးတက်၍ ဇက်လေး၊ ခေါင်းလေး၊ ခေါင်းကိုက် မအီမသာ နေထိုင်မကောင်းဖြစ်နေလျှင် နနွင်းမှုန့်ကို မီးခဲပေါ်ဖြူး၍ ထွက်လာသော အငွေ့အနံ့များကို ရှုပေးခြင်းဖြင့် သက်သာပျောက်ကင်းသွားနိုင်ပါသည်။

## ဆီးချိုသွေးချို ရောဂါအတွက်

နနွင်းခါး မနုမရင့် အနေတော်ကို ရေဖြင့်စင်ကြယ်အောင် ဆေးကြောသန့်စင်ယူပြီး နေရိပ်၌ အခြောက်လှန်းရမည်။ နနွင်းခြောက်လျှင် သံဆုံသန့်သန့်တွင် ထောင်း၍ အမှုန့်ပြုလုပ်ပြီး ပျားရည်စစ်စစ်နှင့် ဆေးလုံးလောက်ရုံရောမွှေပေးပြီး ဇရုတ်ကောင်းစေ့ခန့် အရွယ် အလုံးလေးဖြစ်အောင်လုံး ကာ နေရိပ်၌ပင် အခြောက်လှန်း [illegible] [illegible]

ယင်ဆေးလုံးကို နံနက် တစ်လုံး ည တစ်လုံး နေ့စဉ်မှန်မှန်စားသုံးပြီး [illegible] ပေးပါက (၁) အစာအိမ်ကောင်းစေ[illegible] ဝမ်းကိုမှန်စေနိုင်၏ (၂) သွေး[illegible] သက်သာစေနိုင်၏ (၃) ဆီးချိုကို [illegible] ထာနိုင်၏ (၄) အစာအိမ်၌ ဖြစ်တ[illegible] သောရောဂါအမျိုးမျိုးကို ကင်းပပျော[illegible] စေနိုင်ပြီး လူကို ကျန်းမာဖွံ့ဖြိုးစေ[illegible] သည်။ နနွင်းခါးသည် ကိုလက်စထ[illegible] ဓာတ်ကို ကျဆင်းစေပြီး သွေးကြော[illegible] အတွင်းတွင် ပိတ်နေ ဆို့နေသေ[illegible] အပိတ်အဆို့များကို ဖယ်ရှားရှင်းလ[illegible] ပေးနိုင်သော ဆေးစွမ်းအာနိသင်ရှိသည် ဟု ဆိုသည်။

## တိုင်းရင်းဆေးနည်းများ

နနွင်းဥတက်စိမ်းကို ဆန်ဆေး[illegible] ရည်နှင့် သွေးယူပြီး ဇာတိမွှိုလ်သီး[illegible] အနည်းငယ်သွေးထည့်၍ ဆားသင့်[illegible] ခတ်ကာ ရေနွေးပူပူနှင့် သောက်ပေး[illegible] မူ အပူဖျား၊ အအေးဖျားဖြစ်ခြင်း၊ ရေ[illegible] များ၍ နေထိုင်မကောင်းဖြစ်ခြင်း၊ အစ[illegible] ဝင်ဝင်နိုးမနိုးလိုက်ခြင်း၊ ဝမ်းမျက်ဝမ်းလျှော[illegible] ဖြစ်ခြင်းနှင့် ကိုယ်ဖော ကိုယ်ရောင်ခြင်း များကို ပျောက်ကင်းစေနိုင်သည်။

နနွင်းမှုန့်ကို ရေဖျော်၍ သန[illegible] ခါးကဲ့သို့ အိပ်ရာဝင်တိုင်း လိမ်းကျံပေး[illegible] အသားအရေ စိုပြည်လှပ၍ ရွှေရောင် အဆင်းကဲ့သို့ ရှိစေ၏။ နနွင်းမှုန့် [illegible] ချေး ဆတူရောလိမ်းပေးသော် ယား[illegible] ခြင်းနှင့် အရေပြားရောဂါများကို ပျော[illegible] ကင်းစေနိုင်၏။ အိုင်းနာအတွက် [illegible] မန်းကျစေရန်၊ အနာပုပ်နံ့ ကင်းစေ[illegible] နှင့် လှိုက်စားသော အနာဟောင်း အနာဆိုးများ ကောင်းစေရန် နနွင်း[illegible] သန့်သန့် ဖြူးထည့်ခြင်းဖြင့် အသား[illegible] တက်၍ အနာကျက် မြန်စေနိုင်၏။

နနွင်းပြုတ်ရည်ကို ဝါဂွမ်းသ[illegible] သန့်နှင့် မျက်ခမ်း၊ မျက်တောင်များ[illegible] [illegible] လိမ်းအုပ်ပေးသော် မျက်စိ[illegible] ပျောက်ကင်းနိုင်၏။ နနွင်းမှုန့် [illegible] [illegible] ခန့်ကို နံနက်၊ ည မှန်မှန်သော[illegible]

www.burmeseclassic.com

www.burmeseclassic.com

ပေးပါက အစာအိမ်နှင့်သွေးကြွရောဂါကို ကောင်းစေနိုင်၏။

နနွင်းတက်ကို သွေးသောက်ပေးခြင်းဖြင့် သွေးသားမကောင်း၍ ဖြစ်တတ်သော အနာရောဂါများကို ကင်းပပျောက်ကင်းစေနိုင်၏။ နနွင်းမှုန့်သန့်သန့်တွင် ရှောက်ရည်အနည်းငယ်နှင့် ယမ်းစိမ်းမှုန့်သင့်ရုံဖြင့် မပျစ်မကျဲဖျော်သောက်ပေးသော် အကြောကိုက်ခဲမှု ပျောက်၏။ သောက်လည်းသောက် လိမ်းလည်းလိမ်းနယ်ပေးပါက အကြောထုံးအကြောလွဲ၊ အကြောညှပ်၊ အကြောတင်း၊ အင်္ဂါနာများကို သက်သာပျောက်ကင်းစေနိုင်၏။

နနွင်းမှုန့်သန့်သန့်ကို ဆီးဖြူသီးသတ္တုရည်နှင့်ဖျော်၍ ပျားရည်စစ်စစ်နှင့် စပ်သောက်ပေးလျှင် ဆီးရောဂါမှန်သမျှ ပျောက်နိုင်၏။ အမျိုးသမီးများ ဓမ္မတာမလာမီ ငါးရက်နှင့် ဓမ္မတာလာပြီး ငါးရက်တွင်း နေ့စဉ်ရက်ဆက် ဆန်လှော်နနွင်းမှုန့်သန့်သန့် ဖွန်းသေးနှင့် တစ်ဇွန်းစာ သောက်သုံးမှီဝဲပေးလျှင် သားဆက်ကို ဝေးစေ ကျဲစေနိုင်သည်။

နနွင်းမှုန့်သန့်သန့်ကို ဆားသောက်ကောင်းရုံခတ်၍ နံနက်၊ နေ့လယ်၊ ညနေ တစ်နေ့သုံးကြိမ် သောက်သုံးပေးပါမူ လေထိုးလေအောင့် လေနာနှင့် လေရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာရစေနိုင်၏။ နနွင်းနှင့်သကြားဆတူရော အမှုန့်ကြိတ်ယူပြီး ဒန်အိုးဖုံးနှင့် အပူပေး အအေးခံ၍ အနာပေါ် လိမ်းဖြူးပေးသော် ပျောက်၏။ နနွင်းတက်နှင့် ပဒိုင်းရွက် ဆတူရောကြိတ်၍ အရေအဖတ် ရောဂါမွေလိမ်းမပေးလျှင် နို့ကြိတ်ရောင်ခြင်း၊ နာခြင်း၊ ပိတ်ခြင်းကို ပျောက်ကင်း ကောင်းစေနိုင်သည်။ ကလေးနို့တိုက်ချိန်တွင် သားမြတ်ကို ရေနွေးနှင့် စင်ကြယ်အောင် ဆေးကြောပြီးမှ တိုက်ကျွေးရပါမည်။

❒ အောင်ဘုန်းမြင့်(ကချင်မြေ)

# ဘယ်လိုအဆောင်မျိုး ဆောင်မလဲ

## ခန်းသိုက်ဝင်

လူတော်တော်များများပင် မိမိတို့ ကောင်းစားဖို့ရာအတွက် အလုပ်အကိုင်အကြံများ တိုးတက်ကြီးပွားစေရန်အတွက် အတိုက်အခိုက်များ လွှင့်ပါးသွားစေရန်အတွက် အဆောင်ဆိုတာကို လိုလားကြသည်။ ဗေဒင်၊ လက္ခဏာ ဆရာများကလည်း သင့်လျော်အပ်စပ်မည့် အဆောင်များ ပေးကြကုန်၏။

သည့်အတွက်ကြောင့် ထင်၏။ ဗေဒင်လက္ခဏာ ပညာရပ်များသာမက အင်္ဂဝိဇ္ဇာပညာများကို လေ့လာလိုက်စားလျက်ရှိသော ကျွန်ုပ်နှင့် တွေ့ဆုံသူ တော်တော်များများကလည်း . . .

"ဈေးရောင်းကောင်းဖို့ ဘာဆောင်ရင် ကောင်းမလဲ"

"အင်တာဗျူး သွားဖြေစရာရှိတယ်၊ ဒီတော့ ဘာဆောင်သွားရင် သင့်တော်မလဲ"

"အတိုက်အခံတွေရဲ့ဘေးက ကင်းဝေးအောင် ဘာဆောင်ရမလဲ ဆရာ"

စသည် စသည်ဖြင့် လောကီရေးရာ ကြီးပွားတိုးတက်ရာ တိုးတက်ကြောင်း၊ အန္တရာယ်ကင်းရာကင်းကြောင်းအတွက် အကြံဉာဏ်များ တောင်းခံတတ်ကြသကဲ့သို့ အဆောင်များကိုလည်း စီမံတတ်၏။

ကျွန်ုပ် မငြင်းပါ။ တတ်ခွမ်းထားသမျှ ပညာရပ်ဖြင့် အဆောင်ကလေးများကို စီမံပေးခဲ့သည်ချည်းသာ ဖြစ်ပါ၏။ စာရှုသူအနေဖြင့် လောကီကြီးပွားရာ ကြီးပွားကြောင်းအတွက် ဆောင်ထားနိုင်စေရန် အလို့ငှာ အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

အဓိကနည်းမှာ မိမိတို့ နေ့နံသား၏ ပဋ္ဌပွတ်အသားကို ပဋ္ဌပွတ်နံရုပ် ထုလုပ်ပြီး ဆောင်ထားဖို့ပဲ ဖြစ်ပါ၏။

(၁) တနင်္ဂနွေသားသမီး
ဇပါက်သားကို ကြွက်ရုပ်ထု၍ ဆောင်ထားပါ။

(၂) တနင်္လာသားသမီး
သီးသားကို ပူးရုပ်ထု၍ ဆောင်ထားပါ။

(၃) အင်္ဂါသားသမီး
ဒန်းသားကို နဂါးရုပ်ထု၍ ဆောင်ထားပါ။

(၄) ဗုဒ္ဓဟူးသားသမီး
အင်သားကို ဂဠုန်ရုပ်ထု၍ ဆောင်ထားပါ။

(၅) ကြာသပတေးသားသမီး
ကံ့ကော်သားကို ကျားရုပ်ထု၍ ဆောင်ထားပါ။

(၆) သောကြာသားသမီး
ဆီးသားကို ခြင်္သေ့ရုပ်ထု၍ ဆောင်ထားပါ။

(၇) စနေသားသမီး
ရှောက်သားကို ဆင်ရုပ်ထု၍ ဆောင်ထားပါ။

❒ ခန်းသိုက်ဝင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာပေါ်တွင် ဘူလ်ဂေးရီးယား
ျပန်နိုင်ငံများတွင် အသက်
ဆုံးရှည်သော ဘိုးဘွားများ ပေါ
ပါသည်။ လူ၏သွေးနှင့်ခန္ဓာကိုယ်
အဆိပ်အတောက် ပေါများလေ
သက်တိုလေ ဖြစ်လေသည်။

ဤတွင် ဆေးသိပ္ပံပညာရှင်များ
လ်ဂေးရီးယား တောင်သူလယ်
ဟို့၏ စားသောက်မှုတို့ကို ဆန်း
လေ့လာ သုတေသန ပြုသောအခါ
တို့သည် ဒိန်ချဉ်ကို အမြဲမပြတ် စား
သည်ကို တွေ့ရသည်။ ဤသည်ကို
ဆေးသုတေသီတို့က အထူးတလည်
လာဆန်းစစ်သောအခါ . . .

(၁) လူ၏အူမကြီး၌ စားလိုက်သော
အစာဟောင်းများ မှန်ကန်စွာ စမ်းသွား
မပြုသောအခါ အူမကြီးနံရံမှ သွေး
ကြောများက ထိုအစာဟောင်းများမှ
အဆိပ်အတောက်များကို စုပ်ယူသဖြင့်
သွေးကြောထဲ၌ အဆိပ်အတောက်များ
သည်ထက်များလာပြီး သွေးကြော
အသားများ မာလာသည်။ မာလာ
ည်နှင့်အမျှ ခန္ဓာကိုယ်ကလာပ်စည်း
များ၊ အရေပြားများ၊ အသားအရေများ
ပါ ညစ်ပတ်ညှိုးပုပ်ဖြစ်လာလေသည်။

(၂) ဤသို့ သွေးကြောထဲ၌ အစာ
ဟောင်း အဆိပ်အတောက် များသည်
ထက်များလာသောအခါ သွေး၏သန့်
စင်မှု၊ နှလုံးခွန်အားတိုးမှု နည်းပါးပြီး
အာရုံကြောများ တုံ့ဆိုင်းခြင်း၊ ဦးနှောက်
ဉာဏ်ထုံထိုင်းမှုများ ဖြစ်စေပြီး လူ၏
သက်ရှိကလာပ်စည်းဆဲလ်များ ဖြစ်စဉ်
ကို နှောင့်နှေးစေသည်ဟု ဆိုကြသည်။

(၃) ထို့ကြောင့် အူမကြီး၌ အစာ
ဟောင်းများ ကြာရှည်လေးမြင့်စွာ မနေ
အောင် ပြုနိုင်လေ (ဝါ) အူမကြီးနံရံ
သားများ သန့်ရှင်းအောင် သဘာဝနည်း
ဖြင့် ပြုနိုင်လေလေ လူ၏ ခန္ဓာကိုယ်
သက်ရှိဆဲလ်များ၏ ဖြစ်စဉ်ပုံစံမှန်၍
အသက်ရှည်လေ ဖြစ်သည်။

(၄). ဒိန်ချဉ်မှ ပိုးများသည် အစာ
ဟောင်းများကို စားခြင်း၊ အူမကြီးနံရံရှိ
မာနေသော အစာဟောင်းများ၊ ချေး
များကို စားခြင်း ပြုလုပ်သဖြင့် ဝမ်းကို
သဘာဝနည်းဖြင့် သက်သာစေပြီး
အသက်ရှည်ခြင်းကို တစ်နည်းတစ်ဖုံ
အကျိုးပြုပါသည်ဟုမှတ်ချက်ပြုပါသည်။

### အသက်ရှူခြင်း၊ လေရှူခြင်း

ကျွန်ုပ်တို့သည် တစ်မိနစ်လျှင်
(၁၄)ကြိမ်မှ အကြိမ်(၂၀)အထိ လေကို
ရှူကြရပါသည်။ အခြားသတ္တဝါများ
လည်း လေကိုရှူကြရပါသည်။ ကျွန်ုပ်တို့
က လေရှူသည်ဟုမပြောဘဲ အသက်
ရှူသည်ဟုသာ ပြောဆိုကြပါသည်။
အမှန်မှာလည်း လေသာမရှူပါက မိနစ်
ပိုင်းအတွင်း အသက်သေကြမည်ဖြစ်၍
အသက်ရှူသည်ဟူသော စကားက ပို၍
မှန်ကန်ပါသည်။

အသက်ရှင်ရေးအတွက် လေကို
အဆက်မပြတ် အိပ်နေသည့်အခါလည်း
မနားတမ်းရှူရပါသည်။ ထိုလေမှ ခွန်
အားဓာတ် ဖြစ်ပေါ်ပါသည်။ အသက်ရှူ
ခြင်းကို စနစ်တကျ လေ့ကျင့်လျှင်ပင်
ငယ်ရွယ်နုပျို ရွှင်လန်းမှုများအတွက်
ဆေးတစ်ပါးပင်ဖြစ်၍ ငွေမကုန်ဘဲ
အသက်ရှည် ကျန်းမာစေပါသည်။

ကျွန်ုပ်တို့ ရှူလိုက်သောလေ
သည် ဓာတ်ငွေ့ပေါင်းစုံ ပါဝင်နေပြီး

# အသက်ရှည်ခြင်း အကြောင်းရင်းတစ်ရပ်



**သုန္ဒာစိုး(ရွှေရင်အေး)**



www.burmeseclassic.com

www.burmeseclassic.com

အောက်ဆီဂျင်ဓာတ်ကိုသာ ကျွန်ုပ်တို့အတွက် ကျန်းမာရေးကို အထောက်အကူပြုလျက် အသက်ရှည်စေပါသည် ပုံမှန်အားဖြင့် လေထဲတွင် အောက်ပါဓာတ်များ ပါရှိပါသည်။

(၁) နိုက်ထရိုဂျင် ၈၈. ၁၀
(၂) အောက်ဆီဂျင်ဓာတ် ၂၀. ၉၃
(၃) ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် ၀. ၀၃
(၄) ကျန် အာဂွန်၊ နီယွန်၊ ဇီယွန့်ဟီလီဓာတ်များ ၀. ၀၄
(၅) အခြားရေခိုးရေငွေ့ အမှိုက်သားဓာတ်ဖုန်မှုန့် ၀. ၅၄

ကျွန်ုပ်တို့အတွက် လိုအပ်သောဓာတ်မှာ အောက်ဆီဂျင်ဓာတ်ဖြစ်၍ အသက်ရှူရာ၌ အောက်ဆီဂျင်ဓာတ် လုံလောက်အောင်ရရှိဖို့ ခုလကောင်းလေသန့်ရှူဖို့ရန် အရေးကြီးပါသည်။ မြို့နေလူထုမှာ လေကောင်းလေသန့်ရရှိသည့် ပင်လယ်နှင့်ဝေး၊ တောတောင်နှင့်ဝေးပြီး စက်မှုအလုပ်ရုံများ ပေါများလျက် အိမ်ခြေစိပ်သည့်နေရာတွင် နေထိုင်ကြရသဖြင့် လေကောင်းလေသန့်မှာ လုံလောက်စွာ မရရှိနိုင်ပေ။

ထို့ကြောင့် မိမိတို့ပတ်ဝန်းကျင်တွင် . . .

(၁) မှောင်၍ လေလုံသောနေရာများ
(၂) ဖုန်ထူသောနေရာများ
(၃) မီးခိုးများသောနေရာများ (ဆေးလိပ်ခိုး၊ စက်ဆီခိုး စသည်များ)
(၄) အနံ့အသက် မကောင်းသောနေရာများ (အညော်နံ့မျိုးစုံ၊ ကတ္တရာအနံ့၊ ပိုးသတ်ဆေးအနံ့)

အစရှိသော နေရာများတို့တွင် နေထိုင်ရန် မသင့်တော်ပေ။

ကျွန်ုပ်တို့ စားသောက်သောအစားအစာများကို အာဟာရခွန်အားအဖြစ်သို့ ကူးပြောင်းရာတွင် လေတွင်ရှိသော အောက်ဆီဂျင်ဓာတ်၏ အကူအညီဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်မှထုတ်လုပ်သော အင်ဇိုင်းများ၏ လုပ်ဆောင်မှုကြောင့်လည်းကောင်း ကူးပြောင်း၍ ခန္ဓာကိုယ်အတွက် လိုအပ်သော ခွန်အားဓာတ်ကို ရရှိကြ၏။ ထို့ကြောင့် စားသမျှ အစားအစာတိုင်း ခွန်အားဓာတ် ဖြစ်ပေါ်စေရေးအတွက် အောက်ဆီဂျင်ဓာတ် ပေါများစွာပါဝင်သော လေကောင်း လေသန့်များကို ပြည့်ဝစွာရရှိရေးအတွက် အသက်ရှူရှိုက်မှုများကို အထူးပြုလုပ်ပေးရန် လိုအပ်ပါသည်။

လေကောင်းလေသန့်များကို ရှူပေးခြင်းဖြင့် ရှူလိုက်သောလေ၏ ၂၀ ရာခိုင်နှုန်းမှာ အဆုတ်သို့ရောက်ရှိ၍ ၎င်းမှ တစ်ကိုယ်လုံးသို့ ပျံ့နှံ့စီးဆင်းသွားပါသည်။ ၈၀ ရာခိုင်နှုန်းဖြစ်သောလေမှာ ဦးနှောက်တွင်းသို့ ရောက်ရှိသွား၍ ဦးနှောက်နှင့်ပတ်သက်သော ရောဂါများကို တားဆီးကာကွယ်စေပါသည်။

ထို့ကြောင့် ငွေကြေးကုန်ကျမှုမရှိသော အလကားရသည့် လေကို အသက်ရှည် ကျန်းမာရေးအတွက် အလေးထားပြီး စိတ်ပါလက်ပါ ရှူရှိုက်ပေးကြရန် တိုက်တွန်းပါသည်။

လူတို့ အသက်ရှည်စေလိုသော အကြောင်းရင်းများကို ရှာဖွေမည်ဆိုပါလျှင် နုပျိုခြင်း၏ အကြောင်းလည်း ရှာဖွေရပါမည်။ နုပျိုခြင်းအကြောင်းရင်းကို ရှာဖွေမည်ဆိုလျှင် ကျန်းမာခြင်း၏ အကြောင်းရင်းကို စူးစမ်းရပါမည်။ ကျန်းမာခြင်း၊ နုပျိုခြင်း၊ အသက်ရှည်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု ကွန်ရက်သဖွယ် ယှက်နွယ်ဆက်စပ်လျက်ရှိနေပါသည်။ သင်သည် အသက်ရှည်လိုပါက ပထမဆုံး အဓိကဖြေရှင်းရမည့် ပြဿနာမှာ အိုမင်းခြင်းလမ်းပေါ်မှာ မရောက်ရှိစေဘဲ နုပျိုရှင်လန်းစေရေးကိုရရှိဖို့ ကြိုးစားရန်ပင် ဖြစ်သည်။

## အသက်ရှူခြင်းနှင့် အောက်ဆီဂျင်

ကျွန်ုပ်တို့၏ကိုယ်တွင်း အောက်ဆီဂျင်ဓာတ် မပြတ်ရရှိစေရေးအတွက် သဘာဝတရားက အသက်ရှူကိရိယာတပ်ဆင်ပေးထား၍ ကျွန်ုပ်တို့သည် နှာခေါင်း၊ ပါးစပ်တို့ဖြင့် လေကို အားရပါးရ ရှူရှိုက်သောအခါ လေသည် ပြွန်ငယ်များဖြင့် ရှုပ်ထွေးနေသော ပင်လယ်ရေမြှုပ်သဏ္ဌာန် အခန်းအကန့်များဖြင့် ရှုပ်ထွေးနေသည်။ လေပြွန်တစ်လျှောက် ရှူရှိုက်လိုက်သောလေသည် အတွင်းသို့ ဝင်လာပြီး လေပြွန်အိမ်မှတစ်ဆင့် သွေးကြောလေးများအတွင်းသို့ ဝင်လာသောလေထဲတွင် အောက်ဆီဂျင်ဓာတ်များ အထူးများပြားစွာပါဝင်ပါသည်။ တစ်ဖန် ခန္ဓာကိုယ်အစိတ်အပိုင်း အသီးသီးမှနေ၍ သွေးပြန်ကြောမှတစ်ဆင့် အဆုတ်အတွင်းသို့ ဝင်လာသော သွေးထဲတွင်လည်း လူ့ခန္ဓာကိုယ်အတွက် အသုံးမဝင်တော့သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်များသည် အလွန် များပြား၍ ပေါင်းစပ်သွားသည်။

သွေးပြန်ကြောမှ အဆုတ်တွင်းသို့ ဝင်လာသော သွေးထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် နှာခေါင်းမှလာသော အောက်ဆီဂျင်ဓာတ်တို့သည် သွေးမျှင်ကြောကလေးများ ဆုံစည်းသောအခါ အောက်ဆီဂျင်ဓာတ်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်များ အလဲအလှယ်လုပ်ကြသည်။ ဤနည်းဖြင့် အောက်ဆီဂျင်ဓာတ်သည် ကျွန်ုပ်တို့ခန္ဓာကိုယ်ထဲသို့ အစဉ်မပြတ်ဝင်နေပြီးခန္ဓာကိုယ်အတွက် လိုအပ်သော စွမ်းအားသစ်များကို အဆက်မပြတ် ပေးနေ၏။

အောက်ဆီဂျင်ဓာတ် ရရှိရန်အတွက် ကျွန်ုပ်တို့သည် အသက်ကို မှန်မှန်ရှူပေးရ၏။ သာမန်အသက်ရှူနှုန်းမှာ တစ်မိနစ်လျှင် ၁၄ ကြိမ်မှ အကြိမ် ၂၀ အထိရှိ၏။ တမင်လေ့ကျင့်ပေးခြင်းမပြုဘဲ နေသည့်အခါ အသက်ရှူထုတ်မှုကို မက်ဂျူလာဟု ခေါ်သည့် ဦးနှောက်အစိတ်အပိုင်းတစ်ခုက မှန်မှန်ရှူရန် အမြဲမပြတ် ထိန်းချုပ်ပေး၏။ မည်သည့်ကိစ္စ အရေးကြီးလုပ်ငန်းကြုံတွေ့ရသည်ဖြစ်စေ မက်ဂျူလာက အသက်ရှူမှုမပြတ်စေရန် အာရုံကြောစနစ်များမှတစ်ဆင့် လုပ်ဆောင်ပေး၏။





www.burmeseclassic.com

www.burmeseclassic.com

## နှစ်ခြိုက်စွာ အိပ်ပျော်ခြင်း

လူများသည် နေ့အခါတွင် ကာယအလုပ်သမားများက ခွန်အားဗလဖြင့်လည်းကောင်း၊ ဉာဏ်အလုပ်သမားများကလည်း ဦးနှောက်အသုံးချ၍ လုပ်ကိုင်ကြရသဖြင့် ပင်ပန်းနွမ်းနယ်မှုကို ညအခါတွင် အိပ်စက်အနားယူရပါသည်။ ခန္ဓာကိုယ်ကလည်းတစ်နေကုန် ပင်ပန်းသမျှကို ညအခါတွင် အနားယူခြင်းဖြင့် ပင်ပန်းသမျှ ပြေပျောက်ပြီးနောက် နံနက်တွင် လန်းဆန်းလျက် အလုပ်များ ဆက်လက်လုပ်ကိုင်နိုင်ကြမည် ဖြစ်ပါသည်။ ညအိပ်ချိန်အခါ နှစ်ခြိုက်စွာ အိပ်ပျော်ရန် အထူးလိုအပ်ပါသည်။ နှစ်ခြိုက်စွာ အိပ်ပျော်ရန်မှာ အိပ်ခါနီး ပူပင်ကြောင့်ကြမှု၊ စိုးရိမ်သောကမရှိမှုများ ကင်းပါးမှ စိတ်ချလက်ချရှိပြီး အမြန်အိပ်ပျော်စေပါမည်။

ဝက်လက်မြို့ အနောက်ခြမ်း ဒွန်တွဲရွာ ပုဗ္ဗာရုံကျောင်းမှ သက်တော် (၁၀၈)နှစ်ရှိ ဆရာတော်ကြီး ဦးကဝိန္ဒာသည် တပည့်အပေါင်းတို့အား အိပ်ရာဝင် အိပ်ရာထအချိန်များ၌ ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ ပုတီးစိပ်ခြင်းများ ပြုလုပ်ခြင်းဖြင့် ကောင်းစွာအိပ်ပျော်၍ အသက်ရှည်ရှည်နေရကြောင်း ဆုံးမဩဝါဒပေးပါသည်။ လယ်တီဆရာတော်ကြီးကလည်း သတိတရားမှတ်သည့် . . .

သတိမြဲမှာ ပထမ၊
ဒုမှာ တိုရှည်သိ၊
တတိယမှ ထင်လင်းစွာ၊

စမှာ ငြိမ်းအေးဘိ . . . ဟု နည်းလမ်းပေး ဩဝါဒပြုထားသည်။

တစ်နေ့တာ အလုပ်ပြီး၍သော်လည်းကောင်း၊ အားသည့်အချိန် ငါးမိနစ်၊ ၁၀ မိနစ် ထုတ်ပါ။ ဣရိယာပုတ် မပြင်ဘဲ စိတ်အား အကြောအားမသျှ [illegible] အတွေးမဝင်အောင် သတိပြုစွာ [illegible] ဝင် [illegible] ထားပြီး [illegible]

[illegible]

အတို၊ အရှည်သိမှု၊ ထင်ရှားပြတ်သားလာသော် စိတ်၏ငြိမ်းအေးချမ်းသာခြင်းကို ထူးထူးခြားခြား ရရှိတော့မည်ဖြစ်သည်။ စိတ်၏အညစ်အကြေးများ ဖယ်ရှားကာ သန့်ရှင်းဖြူဖွေးသော စိတ်၏အေးချမ်းရေးကို ရရှိ၍ အိပ်ဆေးလွတ် အိပ်ပျော်သော နည်းကောင်းတစ်ခုဖြစ်ပါသည်။

အသက်အရွယ်ကြီးရင့်သူများ အနေဖြင့် တစ်နေ့လျှင် အိပ်ချိန် ၈နာရီ အိပ်ဖို့ လိုပါသည်။ ညဘက်တွင် ၁၀ နာရီ၊ ၁၀ နာရီခွဲအိပ်၍ နံနက် ၅ နာရီ နိုးလျှင် သင့်လျော်ပါသည်။ အစောကြီး အိပ်၍ သန်းခေါင်တွင်ပြန်နိုးပြီး အိပ်မပျော်ဖြစ်နေပါက အကျိုးမရှိပါ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပါက နိုးလာသည့်အခါ လန်းဆန်းတက်ကြွနေမည် ဖြစ်ပါသည်။

### အိပ်ပျော်သောညများ ဖြစ်စေရန် အကြံပြုချက်များ

(၁) အိပ်စက် အနားယူသင့်ဆုံးသော အချိန်ကိုရွေး၍ အိပ်ပါ။
(၂) အေးလွန်းလျှင် စောင်ခြုံ၍အိပ်၊ ပူလွန်းလျှင် အကျီပါးပါး ဝတ်အိပ်ပါ။
(၃) စိုးရိမ်သောကများကို အိပ်ရာမဝင်မီ ဖြေရှင်းပါ။ သောကဖြစ်စေသော အကြောင်းများမတွေးပါနှင့်။
(၄) ကိုယ်လက်နာကျင်ပါက ဆေးလိမ်းပါ။
(၅) ခြေလက် ညောင်းညာနေလျှင် ခပ်ဖွဖွ နှိပ်ပေးပါ။
(၆) အိပ်ရာဝင်ခါနီး ကဖိန်းဓာတ်ပါသော လက်ဖက်ရည်၊ ကော်ဖီ၊ ကိုကိုးနှင့်ဖျော်ရည်များမသောက်ပါနှင့်။
(၇) ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးပါသော ကွမ်းယာများ [illegible] မစား [illegible]
(၈) အိပ်ခါနီး ဗိုက်မဆာစေရန် နွားနို့ သို့မဟုတ် အသီးအနည်းငယ်စားရန်။
(၉) သက်သောင့်သက်သာရှိသောနေရာများ၊ အောက်တွင် ခိုးလိုးခုလုမဖြစ်သောနေရာများတွင် အိပ်ရန်။
(၁၀) အိပ်ချိန်တွင် ဟိုတွေး ဒီတွေး မတွေးဘဲ အိပ်ပါ။ အတွေးဖြတ်လို့မရလျှင် စာဖတ်ပါ၊ တရားနာပါ၊ ပုတီးစိပ်ပါ။

### သဘာဝဓမ္မဆေးပညာအရ အိပ်ပျော်ရန်လိုအပ်သော အချက်များ

(၁) နူးညံ့သောအစာ (ပထဝီ) ကို အနည်းငယ်စားပါ။
(၂) သင့်လျော်သော ဖျော်ရည်၊ ဟော့လစ်၊ နွားနို့ သောက်ပါ။
(၃) ဆိတ်ငြိမ်သောနေရာတွင် အိပ်ပါ။
(၄) နူးညံ့သန့်ရှင်းသော အိပ်ရာခင်း ခေါင်းအုံးများ လိုအပ်သည်။
(၅) သင်းပျံ့မွှေးကြိုင်သော ပန်းရနံ့များ ထားခြင်း။
(၆) စိတ်ကို တည်ငြိမ်စွာ အာရုံပြုပြီး ဘုရားဂုဏ်တော်များ ပွားများခြင်း ဖြစ်ပါသည်။

အထက်ပါ အချက်အလက်တို့အား လိုက်နာခြင်း၊ ဆောင်ရွက်ခြင်းတို့ ပြုလုပ်နိုင်ပါက အသက်ရှည်ခြင်းကို အထောက်အကူဖြစ်စေသော ကျန်းမာရေး စောင့်ရှောက်မှုများဖြစ်ကြောင်း စေတနာရှေ့ထား၍ ရှာဖွေစုဆောင်း ဖော်ပြလိုက်ရပါတော့သည်။

❐ သုနန္ဒာစိုး(ရွှေရင်အေး)

စာကိုး

ဆရာကြီးဦးအုန်းရွှေ (တဆ ၆၅) ချမ်းမြသာစည် မန္တလေး၏ သက်ရှည်ကျန်းမာစာအုပ်အား မှီငြမ်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ရီရီမြေ
## ကိုယ်ဝန်ဆောင်နှင့် ကိုယ်ဝန်အဆိပ်တက်ရောဂါ

ကိုယ်ဝန်ဆောင် မိခင်လောင်းများဟာ ကိုယ်ဝန်ဆောင်စဉ်အတွင်းမှာ ရောဂါအမျိုးမျိုးဖြစ်ပွားတတ်ပါတယ်။ ဒါကြောင့် သန္ဓေသား လေးလကျော် ငါးလလောက်ကစပြီး ကိုယ်ဝန်ဆောင်ဟာ ဆရာဝန်နဲ့ပြသပြီး ကိုယ်ဝန်အပ်ရပါတယ်။

ကိုယ်ဝန်စအပ်တယ် ဆိုတာနဲ့ ခန္ဓာကိုယ်အလေးချိန် ချိန်ခြင်း၊ သွေးဖိအား တိုင်းတာခြင်း၊ ဆီး၊ သွေးစစ်ဆေးခြင်းတို့ ပြုလုပ်ရပါတယ်။ အဲဒီအဖြေကတစ်ဆင့် ကိုယ်ဝန်ဆောင်မှာ ရောဂါ ရှိ၊ မရှိ၊ လိုအပ်မှု ရှိ၊ မရှိကို သိရှိရမှာ ဖြစ်ပါတယ်။ ရောဂါတွေ့ရင် ဆေးကုပေးပြီး ကလေး ကောင်းစွာမွေးတဲ့အထိ ပြုစုစောင့်ရှောက်ရပါတယ်။

ကိုယ်ဝန်ဆောင်စဉ် ရောဂါအမျိုးမျိုးအနက် ကိုယ်ဝန်အဆိပ်တက်ရောဂါဟာ အန္တရာယ်များပါတယ်။ ကိုယ်ဝန်ဆောင် အဆိပ်တက်ရောဂါကြောင့် နှစ်စဉ် ကိုယ်ဝန်ဆောင်များရဲ့ ၁၀ ရာခိုင်နှုန်းခန့် သေဆုံး ကြပါတယ်။ ဒီလို သေဆုံးရခြင်းရဲ့ အကြောင်းရင်းမှာ ကိုယ်ဝန်ဆောင် အတော်များများဟာ မိမိမှာ ကိုယ်ဝန်အဆိပ်တက်ရောဂါ ခံစားနေရမှန်း မသိလို့ပါပဲ။

အထူးသဖြင့် မြို့ပြမှာ နေထိုင်သူများထက် ကျေးလက်မှာနေသူများဟာရောဂါရှိမှန်းပိုပြီးမသိကြပါ။ အချိန်နှောင်းမှ ဆေးရုံ ဆေးခန်းကို ရောက်လာတဲ့အတွက် ကလေးရော မိခင်ပါ အသက်နှစ်ချောင်း မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရတတ်ပါတယ်။

ကိုယ်ဝန် အဆိပ်တက်ခြင်းကို အစောဆုံးသိနိုင်တဲ့ ပြင်ပလက္ခဏာကတော့ ခြေထောက်ဖောရောင်ခြင်း (Oedema) ပါ။ ဒါပေမဲ့ ကိုယ်ဝန်ဆောင် အတော်များများဟာ မွေးခါနီးမှာ



www.burmeseclassic.com

www.burmeseclassic.com

ရောဂါမဟုတ်တဲ့ ဖောရောင်ခြင်း ဖြစ်တတ်ပါတယ်။ ကိုယ်ဝန်အဆိပ်တက်ရောဂါကြောင့် ခြေထောက်ဖောရောင်ခြင်းကို ရိုးရိုးဖောရောင်ခြင်းနှင့် မှားယွင်းပြီး အလေးမပြု ဂရုမစိုက်ဘဲ နေလိုက်ပါတယ်။ အဲဒါဟာ ရောဂါတိုးစေခြင်းရဲ့ အဓိကအချက်ပဲ ဖြစ်ပါတယ်။

ခြေထောက်ဖောရောင်တိုင်း ကိုယ်ဝန်အဆိပ်တက်ရောဂါ မဟုတ်ပေမယ့် ကိုယ်ဝန်အဆိပ်တက်ရောဂါတိုင်း ခြေထောက်ဖောရောင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ဝန်ဆောင်စဉ်မှာ ခြေထောက်ဖောရောင်ခြင်းဖြစ်လျှင် ပေါ့ဆစွာမနေဘဲ ရိုးရိုးခြေထောက် ဖောရောင်ခြင်းလား၊ကိုယ်ဝန်အဆိပ်ရောဂါကြောင့် ဖောရောင်ခြင်းလား ဆိုတာ စစ်ဆေးမှုပြုရပါမယ်။

ရိုးရိုး ခြေထောက်ဖောရောင်ခြင်းဆိုလျှင် စိတ်အေးစွာ နေနိုင်ပြီး ကိုယ်ဝန်အဆိပ်တက်ခြင်းကြောင့်ဆိုလျှင် စောစီးစွာ ဆေးကုသမှု ခံယူရမှာဖြစ်ပါတယ်။

မိခင်လောင်းများဟာ သန္ဓေသား လရင့်လာတာနဲ့အမျှ ခန္ဓာကိုယ်အလေးချိန် တိုးလာတဲ့အတွက် သန္ဓေသားရဲ့ အလေးချိန်ကို လနုချိန်ထက် လရင့်ချိန်မှာ ပိုမိုသယ်ဆောင်ထားရပါတယ်။ အဲဒီလို လေးလံတဲ့ဝန်ထုပ်ဝန်ပိုးကို သယ်ဆောင်ထားရတဲ့ အတွက် အချို့ကိုယ်ဝန်ဆောင်များဟာ ကိုယ်ဝန်ရဲ့နောက်ဆုံး တတိယသုံးပတ်ဖြစ်တဲ့ ကိုယ်ဝန် ကိုးလခန့်အရောက်မှာ ခြေထောက်နဲ့ ခြေဖမိုးတို့ ရောင်ရမ်းလာပါတယ်။

သန္ဓေသားဟာ တဖြည်းဖြည်း ဖွံ့ဖြိုးလာတာနဲ့အမျှအချို့သောကိုယ်ဝန်ဆောင်များမှာ ခြေထောက်ဖောရောင်လာပြီး လမ်းသွားရတာ ခက်ခဲခြင်း၊ ခြေထောက် မသယ်ချင်အောင် လေးလံခြင်းတို့ ဖြစ်လာပါတယ်။ အဲဒါကို ဆေးပညာအခေါ် အရ အိုဒီးမား (Oedema) လို့ ခေါ်ပါတယ်။

## ဘာကြောင့် ခြေထောက်ဖောရောင်ရသလဲ

ကိုယ်ဝန်ဆောင်အများစုဟာ ခြေထောက် ဖောရောင်ခြင်းဖြစ်တဲ့အတွက် ဆေးပညာသုတေသီများက ထိုဖြစ်စဉ်ရဲ့ အကြောင်းရင်းကို ရှာဖွေလေ့လာခဲ့ကြပါတယ်။ သူတို့ရဲ့ တွေ့ရှိချက်အရ . . .

ကိုယ်ဝန်ဆောင်စဉ် ဟော်မုန်းများပြောင်းလဲမှုကြောင့် ခန္ဓာကိုယ်တွင်းအရည်များဟာ ကလာပ်စည်းများရဲ့ အပြင်သို့ ရောက်ရှိစုပုံလာတဲ့အတွက် ခြေထောက်ဖောရောင်ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ်ဝန်ဆောင်များဟာ သန္ဓေသား ရင့်လာတာနဲ့အမျှ အီစထရိုဂျင် ဟော်မုန်းနဲ့ ပရိုဂျက်စတုန်း ဟော်မုန်းများ ထွက်လာပြီး ကျောက်ကပ်မှ အရည်များကို စုပ်ယူပြီး ကလာပ်စည်းရဲ့ အပြင်ဘက်ကို စွန့်ထုတ်ပါတယ်။ ဟော်မုန်းများများ ထွက်လေလေ ခန္ဓာကိုယ်တွင်း အရည်များများ စွန့်ထုတ်လေလေ ဖြစ်တဲ့အတွက် မနိုင်မနင်းဖြစ်ကာ ကိုယ်ဝန်ဆောင်များရဲ့ ခြေဖမိုး၊ ခြေထောက်များမှာ ဖောရောင်ခြင်းကို ဖြစ်စေပါတယ်။

နောက်အချက်တစ်ချက်မှာ ခြေထောက်မှာရှိတဲ့ သွေးများဟာ နှလုံးမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ လှည့်ပတ် စီးဆင်းနေပါတယ်။ သားအိမ်အတွင်းမှာ သန္ဓေသားရှိပြီး သန္ဓေသားကြီးလာတာနဲ့အမျှ ဆီးခုံပေါ်မှာရှိတဲ့ သွေးကြောများကို သန္ဓေသားက ဖိထားတဲ့အတွက် သွေးလှည့်ပတ်ရာမှာ ခန္ဓာကိုယ်အောက်ပိုင်းဟာ ပိုပြီးနှေးစေပါတယ်။ ဒါကြောင့် ခြေထောက်အတွင်း လှည့်ပတ်နေတဲ့ သွေးများဟာ နှေးကွေးလာပါတယ်။ ဒီလိုနှေးကွေးလာတဲ့အတွက် ခြေထောက်နဲ့ ခြေမျက်စိမှာရှိတဲ့ သွေးများဟာ ခန္ဓာကိုယ်အတွင်းရှိ အရည်များကို တွန်းထုတ်လိုက်သဖြင့် ဖောရောင်ခြင်း ဖြစ်စေပါတယ်။

မီးယပ်နှင့် သားဖွားအထူးကုဆရာဝန်ကြီးများရဲ့ တင်ပြချက်အရ ခြေထောက်ဖောရောင်ခြင်းဟာ ကိုယ်ဝန်ဆောင်များအတွက် အန္တရာယ်ဖြစ်စေနိုင်တဲ့ လက္ခဏာတစ်ရပ် ဖြစ်နိုင်ခြေရှိလို့ ဂရုပြုရမယ့် အချက်တစ်ချက်ဖြစ်ပါတယ်။

ကိုယ်ဝန်ဆောင်များရဲ့ ခြေထောက် ဖောရောင်ခြင်းဟာ သွေးတိုးခြင်း၊ ဆီးထဲတွင် ပရိုတင်းဓာတ် ရှိနေခြင်းအပြင် ကိုယ်ဝန်အဆိပ်တက်ခြင်းကြောင့်လည်း ဤသို့ဖြစ်စေနိုင်ကြောင်း တင်ပြခဲ့ပါတယ်။

ခြေထောက် ဖောရောင်ခြင်းဟာ နှစ်မျိုးရှိပါတယ်။ သွေးရိုးသားရိုး ခြေထောက်ဖောရောင်ခြင်းနဲ့ရောဂါကြောင့် ခြေထောက်ဖောရောင်ခြင်းတို့ပဲ ဖြစ်ပါတယ်။ သာမန် သွေးရိုးသားရိုးဖောရောင်ခြင်းဟာ တစ်ရက် နှစ်ရက်အတွင်း ဖောရောင်ပြီးနောက် အရောင်ကျသွားပါတယ်။ အဲဒီလိုမဟုတ်ဘဲ ဆက်လက်ရောင်ရမ်းနေမယ်ဆိုရင် ရောဂါကြောင့် ရောင်ရမ်းခြင်း ဖြစ်စေနိုင်တဲ့အတွက် ဆေးရုံ ဆေးခန်းသို့ သွားရောက်ပြသပြီး လိုအပ်တဲ့ကုသမှုကို ခံယူရမှာဖြစ်ပါတယ်။

## ကိုယ်ဝန်အဆိပ်တက်ခြင်းရဲ့ စောစီးစွာပြတဲ့ လက္ခဏာများ

ခြေထောက် ဖောရောင်ခြင်းဟာ ကိုယ်ဝန်အဆိပ်တက်ခြင်းရဲ့ ကနဦးအစ ရောဂါလက္ခဏာ ဖြစ်ပါတယ်။

ထိုရောဂါဟာ ကိုယ်ဝန်ဆောင်စဉ် ငါးလ၊ ခြောက်လအတွင်း စတင်ဖြစ်နိုင်ပါတယ်။ ရောဂါစတင်ဖြစ်ပွားချိန်မှာ-

- သွေးပေါင်တက်ခြင်း၊ မူးဝေထုံထိုင်း လေးလံခြင်း
- ခေါင်းကိုက်ရောဂါ ပြင်းထန်ခြင်း
- အော့အန်ခြင်း၊ စိတ်မကြည်လင်ဖြစ်ခြင်း
- ဝမ်းဗိုက်နာခြင်း၊ မအီမသာဖြစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

◆ ခန္ဓာကိုယ်အလေးချိန် ရုတ်တရက် တိုးလာခြင်း
◆ ဆီးထဲတွင် ပရိုတင်းဓာတ်များကို တွေ့ရှိရခြင်း

အထက်ပါ ရောဂါလက္ခဏာများ ခံစားနေရပြီဆိုလျှင် မီးယပ်နဲ့သားဖွား အထူးကုဆရာဝန်ကြီးထံ စောစီးစွာ ကုသမှုကို ခံယူပါ။

## ကိုယ်ဝန်အဆိပ်တက်ရောဂါ အန္တရာယ်

ကိုယ်ဝန်အဆိပ်တက်ရောဂါ ရှိ/မရှိကို မီးယပ်နဲ့ သားဖွားအထူးကု ဆရာဝန်ကြီးနဲ့ ပြသပြီး ရှိပါက ဆေးကုသမှုကို ကောင်းစွာခံယူပါ။ ဆေးကုသမှု ကောင်းစွာမခံယူ၍ဖြစ်စေ၊ မသိနားမလည်၍ ဆေးကုသမှုမခံ၍ဖြစ်စေ ကြာရှည်စွာနေသွားပါက ရောဂါရင့်သွားပြီး မိခင်ရော ကလေးပါ အသက်အန္တရာယ်နဲ့ ရင်ဆိုင်ရတတ်ပါတယ်။

## စောစီးစွာ မကုသပါက ဘာကြောင့်အန္တရာယ်ဖြစ်တာလဲ

ကိုယ်ဝန်ဆောင်မိခင်များဟာ ကိုယ်ဝန်အဆိပ်တက်ရောဂါဟာ ဘာကြောင့် အန္တရာယ်ကြီးတာလဲဆိုတဲ့ မေးခွန်းကို မေးတတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီရောဂါဖြစ်ရင် ကိုယ်ဝန်ဆောင်ဟာ ရုတ်တရက် သွေးပေါင်တက်လာပါတယ်။ သွေးပေါင်တက်လာတဲ့ အတွက် သားအိမ်အတွင်းမှာ ကောင်းစွာ သွေးမလှည့်ပတ်နိုင်တော့ဘဲ သွေးမလုံလောက်မှု (သွေးဝက်မှု) တွေ ဖြစ်လာပါတယ်။ သွေးမလုံလောက်တဲ့ အတွက် အချိန်မစေ့မီ အချင်းကွာခြင်း ဖြစ်လာပါတယ်။

အချင်းကွာခြင်းကြောင့် အလွန်အမင်း သွေးဆင်းခြင်းဖြစ်ကာ ခန္ဓာကိုယ်၌ သွေးဆုံးရှုံးခြင်း၊ သန္ဓေသားပျက်ကျခြင်းတို့ ဖြစ်စေနိုင်ပါတယ်။ အဲဒီလိုဖြစ်တဲ့အချိန်ဟာ အလွန်ပဲ အန္တရာယ်ကြီးပါတယ်။ အချိန်မီကုသခြင်းမပြုပါက မိခင်ရော ကလေးပါ အသက်ဆုံးရှုံးနိုင်ပါတယ်။ ထို့သို့ သွေးအလွန်အမင်းဆင်းနေသော ကိုယ်ဝန်ဆောင်များကို ဆရာဝန်များက လိုအပ်ပါက သွေးသွင်းပေးခြင်းအပြင် လိုအပ်တဲ့ကုသမှုများကိုပါ ဆောင်ရွက်ပေးရပါမယ်။

## ရောဂါမရင့်မီ ကြိုတင်ကာကွယ် ပြုစုခြင်း

◆ ခြေထောက် ဖောရောင်နေစဉ် တင်းကျပ်သောဖိနပ်ကို ဝတ်ဆင်ခြင်း မပြုပါနှင့်။ ချောင်ပြီး နူးညံ့သောဖိနပ်ကို စီးပါ။
◆ ဆရာဝန် ညွှန်ကြားချက်နှင့် ကိုက်ညီသော အကြောဖြေဆေး အပျော့စားကို လိမ်းပြီး ဆုပ်နယ်ပေးပါ။
◆ ကိုယ်ဝန် အဆိပ်တက်ခြင်းကြောင့် အရည်များပိုလျှံစွာ ထွက်လာတဲ့အတွက် ထိုအရည်များကို ခန္ဓာကိုယ်အပြင်ဘက်သို့ ရောက်အောင် အမြန်ဆုံးထုတ်ရပါမယ်။ အချို့သောရောဂါရှင်များက ရေများများသောက်လို့ ဒီရောဂါရတာလို့ မှားယွင်းတဲ့ အတွေးများကြောင့် ရေကို မျှတစွာ မသောက်ကြပါ။ အဲဒီလို ရေကို မျှတစွာမသောက်ရင် ကိုယ်ဝန်ဆောင်မှာ ရေဓာတ်နည်းသွားနိုင်ပါတယ်။ ဒါကြောင့် ဒီရောဂါရှင်များဟာ ပုံမှန်ရေကို ဝလင်စွာသောက်ပါ။ ဒါမှသာလျှင် သန္ဓေသားအတွက် ပြည့်ဝတဲ့ရေဓာတ် ရရှိမှာ ဖြစ်ပါတယ်။ ရေဓာတ်လုံလောက်စွာ ရမှသာလျှင် သန္ဓေသားနေတဲ့ အရည်အိတ်ကို ကောင်းမွန်စွာ ရေထပ်ဖြည့်ပေးသကဲ့သို့ ဖြစ်ပေမယ်။
◆ ဆီးထဲတွင် ပရိုတင်းဓာတ် များစွာပါဝင်နေတဲ့အတွက် ပရိုတင်းဓာတ် ဖယ်ရှားတဲ့ဆေးကို မှန်မှန်သောက်ရပါမယ်။ ပရိုတင်းဓာတ်များလေလေ ရောဂါရင့်လေလေ ဖြစ်ပါတယ်။

## ကိုယ်ဝန်အဆိပ်တက် ရောဂါရှင်များအတွက် နည်းလမ်းကောင်းများ

◆ ကိုယ်ဝန်ပြတဲ့အခါတိုင်း ခန္ဓာကိုယ်အလေးချိန် စစ်ဆေးပါ။ ကိုယ်ဝန်အဆိပ်တက်ရောဂါမှာ ရုတ်တရက် ခန္ဓာကိုယ်အလေးချိန် တိုးလာသဖြင့် ပုံမှန်တိုး/မတိုး စစ်ဆေးပါ။ ကိုယ်ဝန်နဲ့ ခန္ဓာကိုယ်အလေးချိန် အချိုးအစား ပုံမှန်ရောက်အောင် ညှိပေးပါ။
◆ သင့်တင့်မျှတသော အစားအစာ စားသောက်ပါ။ သွေးတိုးစေမည့် အစားအစာကို ရှောင်ကြဉ်ပါ။
◆ သွေးတိုးနေပါက သွေးဖိအား ပုံမှန်အခြေအနေရောက်အောင် ဆေးစားပါ။
◆ ကိုယ်ဝန်ပြတဲ့အခါတိုင်း ဆီးထဲမှာ ပရိုတင်းဓာတ် ပါ၊ မပါ စစ်ဆေးပါ။ ပရိုတင်းဓာတ် ပါဝင်နေပါက ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆေးသောက်ပြီး ဆီးထပ်စစ်ပါ။ ဆီးထဲမှာ ပရိုတင်းဓာတ် မပါဝင်တဲ့အထိ ဆေးသောက်ပါ။
◆ အကယ်၍ ခြေထောက်ဖောရောင်နေပါက ဖောရောင်နေတဲ့ ခြေထောက်ကို တွဲလွဲချမထားပါနှင့်။ ခုံတစ်ခုပေါ်တွင် တင်ထားပါ။
◆ ကြာရှည်စွာထိုင်ခြင်း သို့မဟုတ် ကြာရှည်စွာမတ်တတ်ရပ်ခြင်း မပြုလုပ်သင့်ပါ။ အကယ်၍ တာဝန်ဝတ္တရားကြောင့်ဖြစ်စေ လုပ်ငန်းသဘော သဘာဝအရ ဖြစ်စေ ကြာကြာထိုင်ရမယ်ဆိုရင် နောက်မှီပါတဲ့ ခုံနဲ့ထိုင်ပါ။ နောက်ကျောမှာ ခေါင်းအုံး



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခု ခံထားပါ။ ကြာကြာရပ်ရမယ်ဆိုရင် အမှီနဲ့ရပ်ပါ။ ဒါပေမဲ့ အဲဒီနည်းလမ်းကို ခဏတစ်ဖြုတ်သာ အသုံးပြုပါ။ ရေရှည် အသုံးမပြုသင့်ပါ။

- ခြေထောက်နှစ်ချောင်း ချိတ်ပြီး တွဲလဲချတဲ့ အနေအထားမျိုး မပြုလုပ်သင့်ပါ။
- ကိုယ်ဝန် [illegible]းလလောက်မှစပြီး ပက်လက် အိပ်လျှင် ကြာကြာ မအိပ်ပါနှင့်။ တစ်ဖက်ဖက်ကို မျက်နှာခဏစောင်းလှည့်၍ အိပ်ပေးပါ။ သို့မှသာလျှင် သားအိမ်ရဲ့ သွေးကြောများဖိထားခြင်းမှ ကင်းလွတ်တဲ့အတွက် သွေးလှည့်ပတ်မှု အားကောင်းစေပါတယ်။
- နေ့စဉ် ရေ ရှစ်ဖန်ခွက်သောက်ပါ။
- ဆားဓာတ်ပါသော အစားအစာကို အသင့်အတင့်စားပါ။ သို့သော် ဆားဓာတ် လွန်ကဲသော အစားအစာကို ရှောင်ကြဉ်သင့်ပါသည်။
- တင်းကျပ်သောအဝတ်အစား၊ နိုင်လွန်ပါသော အဝတ်အစား မဝတ်သင့်ပါ။ အသင့်အတင့်ပါးပြီး ချောင်ချိသော ချည်ထည် အင်္ကျီပွပွကို ဝတ်ဆင်ပါ။
- အဆီများစွာပါတဲ့ အစားအစာကို မစားသုံးသင့်ပါ။
- ရာသီဥတု ပူပြင်းတဲ့နေရာမှာ မနေပါနှင့်။ ရာသီဥတု သင့်တင့်မျှတတဲ့ နေရာမှာနေထိုင်ပါ။

## အထူးပြုလုပ်သင့်တဲ့ အချက်များ

- ကိုယ်ဝန်ဆောင်လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ပါ။ ဤလေ့ကျင့်ခန်းမှာ မွေးဖွားရန်လွယ်ကူစေမည့် နည်းလမ်းကောင်းများ ပါသဖြင့် လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်းဟာ မွေးဖွားရန်လွယ်ကူပြီး ကောင်းမွန်စွာ မွေးဖွားနိုင်ပါတယ်။
- လေ့ကျင့်ခန်း လုပ်ခြင်းအပြင် လမ်းမှန်မှန်လျှောက်ပါ။ လမ်းမှန်မှန် လျှောက်ခြင်းကြောင့် သွေးလှည့်ပတ်မှု ကောင်းမွန်ကာ ကျန်းမာရေးနဲ့ ပြည့်စုံတဲ့အတွက် မွေးဖွားရာမှာ လွယ်ကူစေပါတယ်။
- ရေကူးလေ့ကျင့်ခန်းလည်း ပြုလုပ်နိုင်ပါတယ်။ ဒါပေမဲ့ ပင်ပန်းတဲ့လေ့ကျင့်ခန်းမျိုး ယူခြင်းမှ ရှောင်ကြဉ်ရပါမယ်။
- အထူးသဖြင့် အအေးမခံပါနှင့်။ အအေးပတ်ပြီး နေမကောင်းဖြစ်ပါက သန္ဓေသားရဲ့ ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်ပါတယ်။
- လမ်းလျှောက်ပြီး ပြန်လာပါက ချက်ချင်း ရေမချိုးပါနှင့်။ ချွေးထွက်ချိန် ရေချိုးပါက ဖျားနာတတ်ပါတယ်။ ခေတ္တနားပြီးမှ ရေချိုးပါ။
- မိမိမှာ သွေးအားနည်းရောဂါ၊ အသည်းရောင်ရောဂါ၊ ရင်ကျပ်ပန်းနာရောဂါ၊ ကိုယ်ဝန်အဆိပ်ရောဂါ ရှိ မရှိတို့ကို စစ်ဆေးပါ။ ရောဂါရှိပါက အချိန်မီ ကုသမှုကို ခံယူပါ။
- ကိုယ်ဝန် အဆိပ်တက်ရောဂါဟာ သွေးတိုးရောဂါရှိသူများမှာ အဖြစ်များတဲ့အတွက် သွေးတိုးရောဂါရှိတဲ့ ကိုယ်ဝန်ဆောင်များဟာ အစားအသောက်ကို ဂရုစိုက်စားပြီး သွေးမတိုးအောင် ဆင်ခြင်နေထိုင်ရပါမယ်။

ကိုယ်ဝန် အဆိပ်တက်ရောဂါဟာ ရောဂါနစဉ်မှာ မူးဝေမောပန်းခြင်း၊ ခေါင်းထဲတွင် နောက်ကျိခြင်း၊ ခေါင်းကိုက်ခြင်း၊ အော့အန်ချင်ခြင်းအပြင် ခြေထောက်များ ရောင်ရမ်းပြီး ကိုယ့်ခြေထောက်ကိုယ်ပင် မသယ်ချင်အောင် လေးလံလှပါတယ်။ ကိုယ်ဝန်ဆောင်ထားရတဲ့အတွက် ပင်ပန်းနေတဲ့ကြားက ကိုယ်ဝန်အဆိပ်တက်ရောဂါ လက္ခဏာများကို ခံစားရတဲ့အတွက် စိတ်ပင်ပန်းခြင်း၊ လူပင်ပန်းခြင်းဖြစ်ကာ အိမ်ထောင်ရေး မသာမယာဖြစ်တတ်ပါတယ်။

ဒါ့အပြင် ဒီရောဂါရှိမယ်မှန်း မသိဘဲ ရောဂါရင့်လာလို့ဖြစ်စေ၊ ဆေးကုသမှု မခံယူထားရင်ဖြစ်စေ အလွန်အမင်း သွေးဆင်းခြင်း၊ သန္ဓေသား အချိန်မစေ့ဘဲ မွေးဖွားခြင်းတို့ဖြစ်ကာ အသက်အန္တရာယ်နဲ့ ရင်ဆိုင်ရတတ်ပါတယ်။

သွေးအလွန်ဆင်းပါက ဆုံးရှုံးသွားတဲ့ သွေးပမာဏကို လျင်မြန်စွာ ပြည့်ဝစေရန် အချိန်မီ သွေးသွင်းကုသခြင်းကို ပြုလုပ်ပေးရပါမယ်။ အချိန်မီ သွေးသွင်းမကုသနိုင်တဲ့အတွက် အသက်ဆုံးရှုံးသွားတဲ့ ကိုယ်ဝန်ဆောင်တွေ အများကြီးပါ။ ဒါ့အပြင် သွေးဆင်းလို့ သွေးမလုံလောက်တဲ့အတွက် အချင်းမှာ သွေးမလုံလောက်လို့ အချင်းကွာတတ်ပါတယ်။ အဲဒီအခါမှာ အချင်းကိုအမှီပြုနေရတဲ့ သန္ဓေသားမှာလည်း အန္တရာယ်နဲ့ ရင်ဆိုင်ရတတ်ပါတယ်။

ကိုယ်ဝန် အဆိပ်တက်ရောဂါဟာ ကိုယ်ဝန်ဆောင်များအတွက် လွန်စွာအန္တရာယ်ဖြစ်စေနိုင်တဲ့ ရောဂါဆိုးကြီး ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ဝန်ဆောင်တိုင်းဟာ ကိုယ်ဝန်အဆိပ်တက်ရောဂါ ရှိ မရှိကို စစ်ဆေးသင့်ပါတယ်။ အကယ်၍ ဒီရောဂါ ရှိနေပါက ဆရာဝန်ထံ အမြန်ဆုံးပြသမှုပြုပြီး ကုသမှုကို ခံယူသင့်ပါတယ်။

ဒါ့အပြင် ဘဝနေထိုင်မှုစနစ်ကို နည်းမှန် လမ်းမှန်ကျင့်သုံးပြီး အထက်ပါ ဆောင်ရန် ရှောင်ရန် အချက်များကို တိကျစွာလိုက်နာခြင်းဖြင့် မိခင်ရော ကလေးပါ ကျန်းမာပြီး လွယ်ကူစွာ မွေးဖွားနိုင်မယ့်အပြင် ထိုရောဂါ[illegible]ကင်းဝေးနိုင်မှာ ဖြစ်ပါတယ်။

□ နီနီဝေ



www.burmeseclassic.com

www.burmeseclassic.com

ဟေဘဒီပတ်ဝန်းကျင်က လူတွေ ကျုပ်နာမည် ချစ်မောင်ဆိုတာကို ဘယ်သူမှ နာမည်ရင်း မခေါ်ကြဘူး။ သူတို့ ပါးစပ်ထဲ ပေးထားတဲ့နာမည်ပဲ တွင်တွင်ခေါ်ကြတယ်၊ ဦးကပ်စေးတဲ့။

တစ်ယောက် ခေါ်ရင်း၊ တစ်ယောက် ခေါ်ရင်းနဲ့ အခု ဒီနာမည် လုံးလုံးတွင်နေပြီ။ ဘယ်သူတွေကများ ဒီနာမည်ကို စပေးခဲ့သလဲဆိုတာကို တရားခံ ရှာလို့မရ။

"ဟဲ့သား၊ ဆရာမကို ဦးဦး မရန်းပြားတစ်ထုပ် သွားဝယ်ပေးစမ်း"

"ဘယ်ဆိုင်မှာ သွားဝယ်ရမှာလဲ ဆရာမ"

"ဦးကပ်စေးဆိုင်မှာ သွားဝယ်လေ"

ဒါ ကျုပ်နားနဲ့ ဆတ်ဆတ်ကြားရတာ၊ ဒီကျောင်းက ဆရာမတွေကအစ ကျုပ်ကို နာမည်ဖျက်နေတာ၊ သူတို့က အစ ဦးကပ်စေးလို့ခေါ်တော့ ကျောင်းသူ၊ ကျောင်းသားတွေက ဦးကပ်စေးလို့ ခေါ်ကြဟာ မဆန်းဘူး။

ကျုပ် အခုနေတဲ့အိမ်က စာသင်ကျောင်းနဲ့ ကပ်လျက် လမ်းသွယ်လေး တစ်ခုပဲခြားတယ်။ ကျောင်းက အလယ်တန်းကျောင်း ဆိုတော့ ကျောင်းသူကျောင်းသားလည်း များဟယ်။ နှစ်ချိန်ကျောင်းဖြစ်တဲ့အတွက် တစ်နေကုန်နီးပါး ရောင်းလို့ရတယ်။ အဲဒီအချက်က ကျုပ်အတွက် အကွက်ပဲ။ ဒါနဲ့ ကျုပ် အိမ်ဆိုင်လေးတည်ပြီး ရောင်းနေတာ နှစ်ပေါက်တော့မယ်။ ကျောင်းမုန့်စားတန်းမှာလည်း မုန့်ဆိုင် ငါးဆိုင်ရှိတယ်။

အသုပ်ရောင်းတဲ့ဆိုင်ရယ်၊ တုတ်ထိုး အကင်ရောင်းတဲ့ဆိုင်ရယ်၊ ကျောက်ကျော ဆနွင်းမကင်းရောင်းတဲ့ ဆိုင်ရယ်၊ နောက် ကျုပ်လိုပဲ မုန့်မျိုးစုံ ရောင်းတဲ့ဆိုင် နှစ်ဆိုင်ရှိတယ်။ အဲဒီနှစ်ဆိုင်ထဲမှာ ဒေါ်ဝိုင်းစိန် ဆိုတဲ့ မိန်းမကြီးဆိုင်က အရောင်းရဆုံးပဲ။ အခြားမုန့်တွေထက် ရေခဲထုပ်က ပိုရောင်းရတယ်။ ကလေးအများစုဟာ ပြေးလွှားဆော့ကစားရင်း မောပန်းတဲ့အခါ ရေခဲထုပ်ကို အမောပြေ၊ ရေငတ်ပြေ စားကြတယ်။ တစ်ထုပ် ငါးဆယ်ဆိုတော့ အားလုံးစားနိုင်တဲ့ သရေစာတစ်မျိုးပေါ့။

ဒေါ်ဝိုင်းစိန်က ရေခဲထုပ်ပုံးကြီး သုံးပုံးဟာ မနက်ပိုင်း ကျောင်းတက် ခေါင်းလောင်းမထိုးခင် ကုန်တာပဲ။ နေ့ခင်းပိုင်းအတွက် နောက်သုံးပုံးဟာလဲ နေ့ခင်းကျောင်းမတက်ခင် ကုန်တာပဲ။

တစ်နေကုန် ပူပြင်းတဲ့နေ့တွေဆို ဒေါ်ဝိုင်းစိန်ရေခဲထုပ် အစောကြီး ကုန်ရင် ကလေးတွေ ကျုပ်ဆိုင်ဘက် ပြေးလာပြီး . . .

"ဦးကပ်စေး၊ ရေခဲထုပ်ရှိလား"

"ရေခဲထုပ် မရောင်းဘူးကွ"

"တင်ထားပါ ဦးကပ်စေးရ၊ သားတို့ ဝယ်စားမှာပေါ့"

စားသုံးသူက တောင်းဆိုတော့လည်း ကျုပ်ရောင်းချင်စိတ် ပေါ်လာတယ်။

နောက် ကျောင်းမုန့်စားတန်းက ဒေါ်ဝိုင်းစိန် မနက်ပိုင်း သုံးပုံး၊ နေ့ခင်းပိုင်း သုံးပုံး ရောင်းနေတဲ့ ဈေးကွက်ဝေစုကိုလည်း ကျုပ်က မျှယူချင်တယ်။

ဟော့ကောင် ကပ်စေးရာ မင်းရောင်းမှာ ရေခဲထုပ်ငါးဆယ်ပါ၊ ဈေးကွက်ဝေစုတွေ ဘာတွေနဲ့ စကားလုံးကြီးကြီးတွေ သုံးနေလားလို့ အပြစ်တင်လဲ ခံရုံပါပဲ။

တစ်နေ့ ဒေါ်ဝိုင်းစိန် ရေခဲထုပ်ဖောက်သည်ပို့နေတဲ့ ကောင်လေးနဲ့ ဘုရားကုန်းလမ်းဆုံမှာ တွေ့ပါတယ်။

"ဟာ အတော်ပဲ၊ မင်းကို ငါတွေ့ချင်နေတာ"






www.burmeseclassic.com

www.burmeseclassic.com

"ဘာကိစ္စရှိလို့လဲ ဦး"

"မင်း စာသင်ကျောင်းက ဒေါ်ဝိုင်းစိန် ရေခဲထုပ် ပို့နေတဲ့ကောင်လေး မဟုတ်လား"



"ဟုတ်ပါတယ်"

"ငါလဲ ရေခဲထုပ်ဖောက်သည် ...လို့ကွာ၊ ဆိုင်ပို့ပေးစမ်းပါ၊ ကျောင်း ... ခြံစည်းရိုးနဲ့ ကပ်နေတဲ့ ဈေး ... အိမ်ပဲ"

"မရဘူးဗျ ဦးလေးရ၊ ဒေါ်ဝိုင်းစိန် တစ်ဆိုင်တည်းတောင်မလောက်ဘူး၊ တစ်နေ့ အထုပ်သုံးရာ ပို့ပေးရတယ်၊ မလောက်လို့ သူက ထပ်တောင်းတာ ကျွန်တော်တို့ မပို့နိုင်ဘူး"

"ဟေ အထုပ်သုံးရာ မလောက်ဘူး"

"ဟုတ်တယ်၊ အထုပ် သုံးရာ"

အထုပ်သုံးရာဆို တစ်နေ့ တစ်သောင်းခွဲ ဖိုးပဲ။

နှစ်ဆယ်နဲ့ယူပြီး ငါးဆယ်နဲ့ ရောင်းတာဆိုတော့ တစ်ထုပ် သုံးဆယ် မြတ်မယ်။ သုံး သုံးလီ ကိုး ကျောင်းဖွင့်ရက် တစ်ပတ် ငါးရက်ဆိုတော့ ကိုး ငါးလီ လေးဆယ့်ငါး။ လေးသောင်းခွဲ တစ်လကို ရက်နှစ်ဆယ် ရောင်းတော့ တစ်သိန်းရှစ်သောင်းတောင်။ ရေခဲထုပ် ရောင်းတာနဲ့တင် တစ်လဝင်ငွေ တစ်သိန်းရှစ်သောင်း ရှိတယ်။

ဒါတောင် သူများဆီက ဖောက်သည်ယူရောင်းတာ။ သူ့ဆီက ဖောက်သည်မယူဘဲ ကိုယ့်ဟာကိုယ်ထုပ်ရောင်းရင် တစ်နေ့ တစ်သောင်းခွဲ၊ ဆယ်ရက်ဆို တစ်သိန်းခွဲ၊ ရက်ပေါင်းတစ်ရာဆို ဆယ့်ငါးသိန်း။

ကြည့်စမ်း၊ သုံးလေးလနဲ့ ဝင်ငွေ ဆယ့်ငါးသိန်း ဘယ်မှာ သွားရှာမလဲ။ ဒီကိစ္စ ဒီနေ့ပဲ အကောင်ထည်ဖော်မယ်။

ဒါနဲ့ ကျူပ်လဲ ဘုရားကုန်းလမ်းဆုံကနေပြီး သန်လျင်ဘောလုံးကွင်းဈေး (မြို့မဈေး)ဘက် ထွက်လာခဲ့တယ်။ ဈေးအရှေ့ဘက်မှာ ကိုပြောင်ကြီး ရေခဲသေတ္တာ လေအေးစက်ပြင်တဲ့ဆီ ဝင်ပြီး ရေခဲသေတ္တာ အချိုအချောင်လေး ရလိုရငြား ဝင်ပြီးစုံစမ်းရတယ်။

"ကိုပြောင်ကြီး ရေခဲထုပ် ထုပ်တဲ့ ရေခဲသေတ္တာ ကောင်းကောင်းလေးနဲ့ ဈေးသက်သက်သာသာလေးများ မရှိဘူးလား"

"ကိုချစ်မောင်ရာ၊ အဲဒါကြောင့် ခင်ဗျားကို ဘုရားကုန်းရွာမှာ ဦးကပ်စေးဆိုပြီး နာမည်ပေးထားကြတာ၊ ကောင်းကောင်းလဲ လိုချင်တယ်၊ ဈေးသက်သက်သာသာလဲ ဖြစ်ချင်တယ်၊ အလကားရရင် မယူချင်ဘူးလား"

"ဒါဆို နှစ်လုံးလောက် လိုချင်တယ် . . . ဟား ဟား ဟား"

"ရေခဲထုပ် ထုပ်တဲ့ ရေခဲသေတ္တာ ရောင်းဖို့ရှိတယ်၊ ရေနံလိုင်းထဲမှာ သွားကြည့်ရမှာ၊ အလတ်ကြီးကျန်သေးတယ်၊ မနှစ်က ဝယ်ထားတာ"

"အဲဒါ ဘာလို့ ပြန်ရောင်းတာလဲ မကောင်းလို့လား"

"မဟုတ်ပါဘူး ဦးကပ်စေးရဲ့၊ သူတို့ စီးပွားရေး အဆင်ပြေနေကြပြီ ရေခဲထုပ် ရောင်းစရာ မလိုတော့ဘူး ဘောစိတွေ ဖြစ်နေကြလို့ ပြန်ရောင်းတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လောက်နဲ့ ရောင်းမှာလဲ"

"သူတို့ ဝယ်တုန်းက တစ်သိန်းခွဲနဲ့၊ ကားခနဲ့ တစ်သိန်းခုနစ်သောင်းကျတယ်၊ အခု တစ်သိန်းနဲ့ ပြန်ရောင်းမှာ"

"ဟာ ကိုပြောင်ကြီးကလဲ၊ များတာပေါ့ဗျ၊ အဟောင်းဆိုရင် တစ်ဝက်ဈေး၊ ခုနစ်သောင်းလောက်ဆို တော်သေးတာပေါ့"

"ကဲ လာ၊ ကြည့်ချင်တယ်ဆို လိုက်ပြပေးမယ်၊ ဟိုရောက်မှ ခင်ဗျားဟာခင်ဗျား ဈေးဆစ်၊ သူက အလကားပေးလဲ ခင်ဗျားကိစ္စ အရောင်းအဝယ်ဖြစ်ရင်တော့ ကျုပ်ကို ပွဲစားခ ငါးထောင်ပေးရမယ်နော်"

"ဟ ကိုပြောင်ကြီးကလဲ၊ အချင်းချင်းတွေ ပွဲစားခ ငါးထောင်တော့ များတာပေါ့ဗျာ၊ ခင်ဗျားက လိုက်ပြရုံလေး ပြရတာ၊ ငါးထောင်တော့ မများလွန်းဘူးလား၊ နှစ်ထောင်လောက်ဆို တော်သေးတယ်"

"နှစ်ထောင်လောက်နဲ့တော့ လိုက်မပြဘူး ဦးကပ်စေးရာ၊ ခင်ဗျား နာမည်နဲ့ လိုက်ပါတယ်၊ ဘယ်ပညာရှိ သုခမိန်က ဒီနာမည်ပေးသွားလဲ မသိဘူး"

ဒါနဲ့ ပြောင်ကြီးကို ပွဲစားခ ငါးထောင်ပေးရမှာ နှမြောတာနဲ့ ရေနံလိုင်းထဲက ကျုပ်အသိ ကိုသန်းအောင်တို့အိမ်ဝင်ပြီး စုံစမ်းတော့ တွေ့တယ်။

ရေခဲသေတ္တာတစ်လုံး မဟုတ်ဘူး၊ နှစ်လုံးတောင် ဖြစ်နေတယ်။

ကျုပ်ဆစ်တဲ့ ဈေးနဲ့တော့ ပေးသား။

ဒါပေမဲ့ တစ်လုံးချင်းစီတော့ မရောင်းဘူး၊ နှစ်လုံးယူမှ ရောင်းမယ်ဆိုတော့ ခက်နေရော။ ကျုပ် ပိုက်ဆံက ရှစ်သောင်းပဲပါတာ။

"ပိုက်ဆံက တစ်လုံးဖိုး လိုနေတယ်ဗျာ၊ အကြွေးရောင်းပါလား၊ လကုန်ပြီးရင် လာပေးမယ်"

"အကြွေးဆို ဆွမ်းကျွေးတောင် မလိုက်ဘူး"

ရောင်းတဲ့သူက ပြောလိုက်တာ တုံးတိတိ။ သူ့ငွေ ဈေးရောင်းတယ်ဆိုတာ ဒါမျိုးပေါ့။

"ဒါဆို နောက်နေ့မှပဲ လာတော့မယ်၊ လိုတဲ့ ပိုက်ဆံ သွားရှာလိုက်ဦးမယ်"

ကျုပ်လဲ စိတ်ပျက်ပျက်နဲ့ အိမ်ပြန်လာပြီး အိမ်ထဲမှာ ခုနစ်သောင်းတန်တဲ့ ရောင်းစရာ၊ ပေါင်စရာပစ္စည်း ဘာရှိသလဲ လိုက်ကြည့်တော့လည်း ဘာမှ မရှိဘူး။

"ဟဲ့ အဆင်ပြေခဲ့လား၊ ရေခဲသေတ္တာ သွားဝယ်တာ"

အိမ်ရှေ့ဈေးဆိုင်မှာ ဈေးဝယ်သူကို ဈေးရောင်းရင်း ကျုပ်အမေ ကျုပ်ကို လှမ်းမေးပါတယ်။

"တွေ့တော့ တွေ့ခဲ့ပါတယ်၊ ပစ္စည်းက တော်တော်လတ်သေးတယ်၊ ဈေးကလဲ တန်ပါတယ်"

"အဲဒါ ဘာလို့ မဝယ်ခဲ့တာလဲ နင်ပဲ လိုချင်လှချေရဲ့ဆိုပြီး"

"လိုချင်တာပေါ့၊ ဒါပေမဲ့ သူတို့ အိမ်က နှစ်လုံးတောင်ရှိတာ တစ်လုံးတည်း ခွဲမရောင်းဘူးတဲ့၊ ပိုက်ဆံက တစ်လုံးဖိုး လိုနေတယ်"

ညနေပိုင်းဖြစ်တဲ့ ကျနေသည် အနောက်ဘက်ကို မျက်နှာမူထားတဲ့ ကျုပ်အိမ်ထဲ တန်းဝင်လာသည်။ ဆိုင်မှာ ဈေးရောင်းနေတဲ့ အမေ တစ်ဖက်ကို အလှည့်မှာ လက်ခနဲ ဖြတ်သွားတဲ့ အလင်းတစ်ခု ကျုပ်မျက်စိရှေ့က ဖြတ်သွားသည်။ ကျုပ်အမေ နားထဲက နားကပ်။

"ဒီတော့ မင်းက ဘာလုပ်မှာလဲ"

"ပိုက်ဆံ ခုနစ်သောင်း ရှာရမှာပေါ့ အမေရာ"

"မင်း အစ်ကိုကြီးတို့၊ အစ်ကိုလေးတို့ဆီ သွားပြောကြည့်ပါလား"

"အမေရာ အမေ့သားတွေဆီ သွားချေးခိုင်းမယ့်အတူတူ တိရစ္ဆာန်ရုံထဲက ကျားမြီးသွားဆွဲခိုင်းပါဗျာ၊ ဆွဲပါ့မယ်၊ ကျားကိုက်ရင် ကိုက်ပါစေ"

"အဲဒါဆို မင်း ဘယ်ကရှာမလဲ"

"အမေ့နားထဲက နားကပ် ခဏချွတ်ပေးပါလား၊ သွားရောင်းပြီး ဝယ်ရမယ်"

"ဟဲ့ကောင် ငါက ချွတ်ပေးရတာ မခဲယဉ်းဘူး၊ မင်းအစ်ကိုတွေ အိမ်လာတဲ့အခါ အမေ့နားကပ်လေး ဘယ်ရောက်သွားလဲမေးရင် ငါ ဘယ်လိုဖြေရမလဲ"

"အမေကလဲ စီးပွားရေးလုပ်ထားတယ်ပေါ့၊ ဒီမှာ ရေခဲသေတ္တာ နှစ်လုံးဝယ်ပြီး ရေခဲထုပ် လုပ်ရောင်းနေတယ်ပေါ့၊ ဆယ်ကွေ့တစ်ကွေ့ ဆယ်ခါတစ်ခါ လာပြီး လမ်းဘေးက ဗယာကြော်၊ ပဲပြားကြော် ဝယ်လာကျွေးတဲ့ သားတွေဆို တကယ့်အသက်သခင်ကျေးဇူးရှင်ကြီးတွေလို မှတ်ပြီး ဈေးလာဝယ်တဲ့သူတိုင်းကို ပြောလိုက်ရတာ၊ ငါ့သားကြီး ဝယ်ကျွေးသွားတာပါ၊ ငါ့သားလေး လာဝယ်ကျွေးသွားတာနဲ့ ချီးမွမ်းလိုက်ရတာ မဆုံးဘူး၊ တစ်သက်လုံး လုပ်ကျွေးလာတဲ့ ကျုပ်ကျတော့ ချီးမွမ်းခံက တစ်ခါမှ မကြားရဘူးဗျာ၊

အမေ့သားတွေ အရွယ်ရောက်လို့ လူလားမြောက်တာနဲ့ မယားကိုယ်စီယူပြီး ထွက်သွားကြတာလေ၊ ဘယ်သားက ဖြစ်ဖြစ်မြောက်မြောက် အမေ့ကို နှစ်ပေါက်အောင် လုပ်ကျွေးသွားလို့လဲ၊ အခုလဲ ကားတွေ ထည်လဲစီးနေကြတာ အမေ ဘုရားဖူးသွားမယ်လို့ ဘယ်သားကများ သူတို့ ကားနဲ့ လာခေါ်ဖူးလဲ၊ သူတို့ မယားဘက်က ဆွေမျိုးကို ကြိုဖို့ပို့ဖို့ လုပ်နေတာနဲ့ မအားကြဘူး၊

ကျုပ် တစ်ယောက်ပဲ အမေ့ကို ချစ်လွန်းလို့ အမေ့မျက်နှာ ကြည့်ပြီး အိမ်ထောင်မပြုရက် မယားမယူရက်၊ ကျုပ်နှလုံးသားကို ကျောက်သားအသွင် ဖန်တီးခဲ့ရပုံ အမေ အသိဆုံး"

ကျုပ်လည်း တိပ်ခွေခေတ်က ဘီအီးဒီဇော် သိုက်လေသံနဲ့ ကျုပ်ရင်ထဲက စကားလုံးတွေ အခွင့်သာတုန်း ပြောချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်စကားဆုံးတော့ အမေက-

"ဟဲ့ကောင် နင်လဲ ရွာလယ်ပိုင်းက ကိုခင်မောင် သမီးကြီး ခင်ခင်နွယ်ကို တစ်ပိုင်းသေအောင် ကြိုက်ခဲ့တာ သိသားပဲ၊ ဟိုက ဘာမှန်းမသိသေးဘူး၊ နင်က အိုးဝယ်စု၊ ပန်းကန်ဝယ်စုနဲ့ ဝယ်စုပြီး ရွာထိပ်က မကျင်လှတို့အိမ်မှာ မယားယူရင် အသင့်ဖြစ်အောင် သွားဝယ်စုထားတာ ငါမသိဘူး ထင်လို့လား၊ ဟိုက နင့်ထက်သာတဲ့ကောင်တွေ့လို့ ဖြုန်းဆိုပြီး ကောက်ယူသွားရော နင်လဲ ရင်ကွဲပက်လက်ဖြစ်ပြီး ညည ထန်းရည်မူးပြီး ပြန်ပြန်လာတာ ငါမသိမှတ်လို့"

"အမေကလဲ သားရဲ့ အတိတ်ကို ပြန်တူးဆွပြန်ပြီ"

မိန္နွယ်လို့ နာမည်ကိုအဖျားဆွတ်ပြီး ကျုပ်နှုတ်ဖျားက တဖွဖွ ခေါ်ခဲ့ဖူးတဲ့ ခင်ခင်နွယ်။ တစ်ချိန်က ကျုပ်နှလုံးသားကိုသာမက ကျုပ်ဘဝကိုပါ စိုးမိုးထားနိုင်ခဲ့တဲ့ ခင်ခင်နွယ်။ ကျုပ်နှလုံးသားကို နွယ်ပင်လေးတစ်ပင်လို ရစ်ပတ်နှောင်ဖွဲ့ခဲ့ဖူးတဲ့ ခင်ခင်နွယ်။

သူ့အသည်းမြေမဟီ အောက်မှာ အစို့အညှောက်ပေါက်ခဲ့ရတဲ့ အချစ်ဆိုတဲ့ ပန်းပင်ကို သူကိုယ်တိုင်ပဲ နင်းခြေဖျက်ဆီးခဲ့ပြန်တယ်။ ခုတော့ နှစ်ကာလရဲ့ ကုစားမှုကြောင့် ဒဏ်ရာတွေပျောက်ကင်းပေမယ့် အမာရွတ်ကတော့ ယခုတိုင် ကျန်နေဆဲ။

အမေ ချုတ်ပေးတဲ့ နားကပ်ကို ဘောလုံးကွင်းဈေးက ရွှေဆိုင်မှာရောင်းပြီး ရေခဲသေတ္တာနှစ်လုံး ကားငှားပြီး တင်လာခဲ့တယ်။ ကျုပ်စီမံကိန်း တစ်ဝက် အောင်မြင်သွားပြီ။ ရေခဲထုပ် ထုပ်တဲ့ ကုန်ကြမ်းပစ္စည်းတွေလည်း အဲဒီဈေးထဲကပဲ တစ်ခါတည်း ဝယ်လာခဲ့တယ်။

ထွေထွေထူးထူး ဘာမှ မလိုပါဘူး။ ဆေးသကြားရယ်၊ အရောင်တင်မှုန့်ရယ်၊ အနံ့မှုန့်ရယ်၊ ပလတ်စတစ်အိတ်ရယ် ဒါပဲ။ အိမ်ရောက်တော့ ဆေးသကြားခဲတွေကို အမှုန့်ကြိတ်၊ ရေဖျော်ပြီးမွှေ၊ ဆေးသကြားခဲတွေ ရေပျော်သွားပြီး အရောင်တင်မှုန့်တွေနဲ့ အနံ့မှုန့်တွေ သမသွားပြီဆို ပလတ်စတစ်အိတ်တွေ ထဲထည့်၊ ဖယောင်းတိုင်မီးနဲ့ အိတ်ကို ပိတ်ပြီးဆို ရေခဲသေတ္တာထဲထည့်လိုက်ရင် အချိန်နှစ်နာရီကျော်ဆို ရေခဲထုပ်ရပြီ။ မနက်မိုးလင်းတော့ ကျုပ်ဆိုင်ရှေ့ ကျောင်းဝင်းထဲ ကစားနေတဲ့ ကလေးတွေကို ကျုပ်ရေခဲထုပ်နဲ့ စတင်မိတ်ဆက်လိုက်ပါတယ်။

"ဟေ့ သားတို့ သမီးတို့ ဦးကပ်စေးဆိုင်မှာ ရေခဲထုပ်ရပြီ၊ ချိုတယ်၊ မွှေးတယ်၊ အထုပ်ကလဲ ကြီးတယ်နော်၊ သူများတွေလို လက်ညှိုးလောက်ရှိတဲ့ ရေခဲထုပ်ကို ရောင်းတာ မဟုတ်ဘူး၊ လက်သီးဆုပ်လောက်ရှိတဲ့ ရေခဲထုပ်ကို ရောင်းနေတာနော်"

ကျောင်းဝင်းထဲ ရောင်းနေတဲ့ ဒေါ်ဝိုင်းစိန်ကြီး မခံချိ မခံသာ ဖြစ်အောင် ကလိလိုက်သေးတယ်။

အကျိုးပေးလို့ အကြောင်းထင်သလားတော့ မသိဘူး။ စရောင်းတဲ့နေ့ မနက်ပိုင်းတင် အထုပ်နှစ်ရာကျော် ကုန်သွားတယ်။ ကျုပ်လဲ အလျင်မီအောင် လွတ်သွားတဲ့ ရေခဲသေတ္တာထဲ ညက ထုပ်ထားတာ မခဲသေးတဲ့ အထုပ်တွေ ပြန်ထည့်။ မနက်ပိုင်း ကျောင်းတက်နေတုန်း ဆိုင်ကို အမေနဲ့ထားခဲ့ပြီး သန်လျင်ဈေးကိုပြေး၊ ရေခဲထုပ်ပစ္စည်း ကုန်ကြမ်းတွေဖြစ်တဲ့ အရောင်မှုန့်၊ အနံ့မှုန့်၊ ဆေးသကြား၊ ပလတ်စတစ်အိတ်တွေ ဝယ်ပြီး အမြန်ပြန်လာ။ ပြန်ရောက်တော့ ကျောင်းက မနက်ပိုင်းအလွှတ်နဲ့ နေ့ခင်းပိုင်း အတက်ဆိုတော့ နေ့ခင်းပိုင်းက ပိုတောင် ရောင်းရသေးတယ်။ ပူတယ်လေ။

နေပူထဲ ဘောလုံးကန်ကြ၊ မောတော့ ရေခဲထုပ်ဝယ်စားကြ၊ လိုက်တမ်းပြေးတမ်းကစားကြ၊ မောတော့ ရေခဲထုပ် ဝယ်စားကြ။ နေပူလေ ရောင်းရလေပဲ။ ကမ္ဘာကြီးပူနွေးလာတာ ကျုပ်စီးပွားဖြစ်ဖို့များလားပဲ။

ညမိုးချုပ် ဆိုင်သိမ်းတော့ ပိုက်ဆံရေတော့ ရေခဲထုပ်ဖိုးချည်း သုံးသောင်းကျော်ရတယ်။ ကျပ်အရင်းနှုတ်ထားတာထက် ပိုတောင် များနေသေးတယ်။ တစ်နေ့ သုံးသောင်းဆို တောက်ချွင်းရက် တစ်ပတ် ငါးရက်ဆို တစ်သိန်းခွဲ တစ်လမှာ ရက်(၂၀)ရောင်းရတော့ ခြောက်သိန်း၊ ဆယ်လဆို သိန်းခြောက်ဆယ်၊ လနှစ်ဆယ်ဆို သိန်းတစ်ရာ့နှစ်ဆယ်၊ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲဆိုတဲ့ စကားပုံလည်း ရှိသားပဲ။ ပိုက်ဆံသိန်းတစ်ရာကျော်ရအောင် ရေခဲထုပ်ရောင်းပြီး တဖြည်းဖြည်းစုရမယ်။ ပြီးရင် သိန်းတစ်ရာကျော်တန် ကားတစ်စီးရအောင် ဝယ်မယ်။ အခု ကားဈေးတွေကျနေတာပဲ။

"ဦးကပ်စေး ဦးကပ်စေး ရေခဲထုပ် တစ်ထုပ်လောက်"

စိတ်ကူးယဉ် တည်ဆောက်နေတဲ့ အတွေးဗိမာန်ကြီး အပြီးမသတ်ခင် နားထဲကို ခပ်ဆတ်ဆတ် အသံတစ်ခု တိုးဝင်လာသည်။ အသံရှင်က စတုတ္ထတန်း အတန်းပိုင်ဆရာမ ဒေါ်ညွန့်ညွန့်ရွှေ။

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဆရာမ ဘာစားမလဲ အဖြူလား၊ အစိမ်းလား၊ အနီလား"

"ပေးချင်တာပေး"

ဒီဆရာမ ကျုပ်ဆိုင်မှာ တစ်ခါမှ မုန့်လာမဝယ်စားစဖူး၊ အခု ကျုပ်ရောင်းနေတဲ့ ရေခဲထုပ်ကို ထူးထူးခြားခြား လာဝယ်စားတယ်။ ကျုပ်ရေခဲပုံးထဲက စတော်ဘယ်ရီအနံ့ပါတဲ့ ပန်းနုရောင် ရေခဲထုပ်တစ်ထုပ် ရွေးယူပေးလိုက်တယ်။ ပန်းနုရောင်ဆိုတာ အချစ်ရဲ့ သင်္ကေတတစ်ခု ဆိုလားပဲ။

"ရော့ ဆရာမ ပန်းနုရောင်လေး"

ပြီးတော့ သူက ရေခဲထုပ်ဖိုး ငါးဆယ်တန်တစ်ရွက်ပေးတယ်။

"ရော့ ဒီမှာ ပိုက်ဆံ"

"နေပါစေ ဆရာမရယ်၊ နေပါစေ၊ မယူပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

မယူပါဘူးဆိုတဲ့ ကြားကနေ အတင်းထိုးပေးတယ်။

"ယူပါ ယူပါ၊ ငါးဆယ်နဲ့ညအိပ် မပျော်ဘဲနေဦးမယ် ဦးကပ်စေးရယ်"

"ဆရာမရယ် အခြားသူတွေကိုသာ ကပ်စေးနဲ့ရင်နဲ့မှာ၊ ဆရာမအတွက်ဆိုရင်လေ ကပ်စေး ပိုင်ဆိုင်သမျှတွေ ကုန်ချင်ကုန် ခန်းချင်ခန်း ပေးကမ်းပစ်လိုက်ချင်ပါတယ်"

ရင်ထဲက ပေါ်လာတဲ့ စကားလုံးတွေကို တစ်ယောက်တည်း တိုးတိုးလေး ရွတ်ဆိုမိခဲ့တယ်။ အနားကနေ တရွေ့ရွေ့ထွက်ခွာသွားတဲ့ ဆရာမရဲ့ နောက်ကျောကို ဘာရယ်မသိ ငေးကြည့်နေမိရင်း ဝါးနှစ်ပြန်လောက် အရောက်မှာ ဆရာမ ဒေါ်ညွန့်ညွန့်ရွှေ တစ်ယောက် ကျုပ်ဆိုင်ဘက်ဆီ ပြန်လှည့်လာတယ်။ ကျုပ်ရင်တွေ ခုန်မိတယ်။

ငါ ပြောလိုက်တဲ့ စကားများ ကြားသွားလို့လား။ ရှင် ခုနက ကျွန်မကို ဘာပြောတာလဲလို့မေးရင် ဘယ်လိုဖြေမလဲ၊ ဘုရား ဘုရား။

"ဦးကပ်စေး"

"ဗျာ ဆရာမ"

"ရှင့်ရေခဲထုပ်က ချိုရဲ့နေတာပဲ နော်"

ဟူး တော်ပါသေးရဲ့။ ထင်တဲ့ အတိုင်း မဟုတ်လို့။

"ဆရာမ ကလေးတွေက ချိုမှ ကြိုက်တာ"

"ချိုတာတော့ ချိုပေါ့ ဦးကပ်စေးရယ်၊ ရှင့်ရေခဲထုပ်က ချိုလွန်းအားကြီးတော့ စားတဲ့ကလေးတွေ ချောင်းဆိုးရင်ကျုပ် ဖြစ်ကုန်မှာပေါ့"

"သြော် ဆရာမရယ်၊ ချောင်းဆိုးရင် သူတို့မိဘတွေ ဆေးကုပေးမှာပေါ့"

"ဘာရှင့်၊ ရှင် သားသမီးချင်း ကိုယ်ချင်းမစာဘူး"

"ဆရာမရယ် တစ်ခါမှ အိမ်ထောင်မကျဖူးသေးတဲ့သူမှာ ဘယ်မှာ သားသမီးရှိမှာလဲ"

ဆရာမ ဒေါ်ညွန့်ညွန့်ရွှေ တစ်ယောက် ကျုပ်ကို စိတ်ဆိုးကာ သူ့လက်ထဲက ရေခဲထုပ်ကို လွှင့်ပစ်ပြီး ကျောင်းခန်းထဲ ဝင်သွားတယ်။

ကျုပ်တို့နှစ်ယောက် ပြောနေတာတွေ အိမ်ထဲက ကျုပ်အမေ ကြားတော့ အိမ်ရှေ့ထွက်လာပြီး. . .

"ဟဲ့ ခုန ဆရာမဒေါ်ညွန့်ညွန့် ဘာတွေ ပြောသွားတာလဲ"

"သားတို့ထုပ်တဲ့ ရေခဲထုပ်က အချိုတွေများလို့တဲ့ သူ့ကျောင်းသားတွေ ချောင်းဆိုးရင်ကျုပ် ဖြစ်မယ်တဲ့၊ အဲဒါပြောတာ"

"အေးဟဲ့ မနေ့ကလဲ လမ်းထိပ်က မိသေးမက ပြောတယ်၊ အဒေါ်တို့ ရေခဲထုပ်က အချိုတွေ များနေတယ်တဲ့၊ မင်း အချိုနည်းနည်းလျှော့ပါ၊ ကလေးတွေ အန္တရာယ်ဖြစ်ပါ့မယ်"

"အမေကလဲ အခု လောလောဆယ် လျှော့လို့မဖြစ်ဘူး"

"ဟဲ့ ဘာလို့ မဖြစ်တာလဲ"

"ကျုပ်တို့မှာ ပြိုင်ဘက်ရှိတယ်လေ၊ အဲဒီပြိုင်ဘက်ကို အပြုတ်ဖြုတ်ပြီးမှ လျှော့လို့ရမှာ"

"ဟဲ့ ဘယ်က ပြိုင်ဘက်လဲ"

"အမေကလဲ မသိဘူးလား၊ ကျောင်းမုန့်ဆိုင်တန်းက ဒေါ်ဝိုင်းစိန်ကြီးလေ၊ သူ့ရေခဲပုံးထဲက ရေခဲထုပ်တွေ ညနေ ဆိုင်သိမ်းရင် အရည်ပျော်ပြီး ပြန်ပါသွားအောင်လုပ်ရမယ်၊ အဲဒီမိန်းမကြီး ဆိုင်ခုံပေါ်က ရေခဲထုပ်ပုံးတွေ နောက်နှစ်ပတ်လောက်ဆို ဆိုင်ခုံပေါ်မှာ တွေ့ရတော့မှာ မဟုတ်ဘူး၊ ကျုပ်တို့ ရေခဲထုပ်ကို မယှဉ်နိုင်လို့ ပြုတ်သွားမှာ"

"မင့်ကွယ် . . . သူလဲရောင်း ကိုယ်လဲရောင်းပေါ့၊ သမုဒ္ဒရာရေ တစ်ယောက်တည်း သောက်လို့ မရပါဘူး"

"အဲဒါကြောင့် အမေတို့ ရှေးလူကြီးတွေ ခက်တာ၊ စီးပွားရေးမှာ ကိုယ့်ပြိုင်ဘက်ကို ကိုယ်က ဦးအောင် မထိုးရင် သူက ကိုယ့်ကို အလဲထိုးသွားမှာပေါ့၊ ကျုပ်တို့ ကုန်ပစ္စည်းရဲ့ အဓိက စားသုံးသူဟာ ဘယ်သူလဲ၊ ကလေးတွေ လေ၊ အဲဒီကလေးတွေရဲ့ အကြိုက်ကို မလိုက်ဘဲ အဘိုးကြီးတွေ၊ အဘွားကြီး တွေ အကြိုက်လိုက်နေရရင် ဘယ်ရေ ရောင်းရတော့မှာလဲ"

"မင်းကလဲ ဘေးစာအုပ်ဆိုင်က လကျော်တိုက်ကျ စီးပွားရေး မဂ္ဂဇင်း တွေဖတ်ပြီး ငါ့ကို တကယ့်စီးပွားရေး ပညာရှင်ကြီးလေသံနဲ့ လာဟောပြန်ပြီ"

"တီ တီ . . . တီ တီ တီ"

ကျုပ် အမေကို ကျုပ်စီးပွားရေး မဟာဗျူဟာတွေ ပို့ချနေတုန်း အိမ်ပေါ် က ရေခဲသေတ္တာနှစ်လုံး မောင်းတဲ့ မီးအားမြှင့်စက်က မီးအားတွေ အရမ်း တက်ပြီး ငယ်သံပါအောင် အော်နေ တယ်။

"ဟဲ့ ဟဲ့ မီးတွေတက်လာပြီ မြန် မြန်လုပ် မြန်မြန်လုပ်"

ကျုပ် အချိန်မီ သွားပေမယ့် နောက်ကျသွားပြီ။ မီးအားအရမ်းကျ ရေခဲသေတ္တာလည်နိုင်အောင် မီးအား မြှင့်စက်ကို ဂိတ်ဆုံးတင်ပြီး အမေ ကျုပ်ရဲ့ စီးပွားရေး မဟာဗျူဟာ ဟောပြောနေတာ အခုတော့ မီးအား မြှင့်စက်ကြီး လောင်သွားပြီ။

တော်သေးတယ်၊ ရေခဲသေ နှစ်လုံးက ဆောကပ်ခံထားလို့ မလော တာ။ ဒါနဲ့ ကျုပ်လည်း ဘုရားကြီးဈေး မပိတ်ခင် ဈေးထဲက လျှပ်စစ်ဆ ကိုအောင်ဟိန်းကို ခေါ်ပြရတယ်။

"ကိုကပ်စေး ခင်ဗျား မီးမြှင့် က မိန်းထုပ်လောင်သွားတာ"

"ဗျာ မိန်းထုပ်၊ အဲဒါပြင် ဘယ်လောက်ကျမလဲ မြန်မြန်လုပ် တယ်"

"ကွိုင်ပြန်ပတ်ရင် သုံးသော လောက်ကျမယ်၊ နှစ်ရက်တော့ မယ်"

"နှစ်ရက်တော့မဖြစ်ဘူး မြ လိုချင်တာ၊ ကျွန်တော့် မရေခဲထု မခဲရင် ရောင်းလို့ရမှာမဟုတ်ဘူး ရေ သည်တွေ ပျက်ကုန်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင် ပတ်ပြီးသား အထုပ်လဲပေးမယ်၊ လေးသောင်းကျမယ်၊ တစ်နာရီလောက်ဆို ပြီးသွားမှာ"

"အစ်ကိုအောင်ဟိန်း၊ ဈေးလေးတော့ နည်းနည်းလျှော့စမ်းပါဦးဗျာ၊ အချင်းချင်းတွေပဲ အလုံးချင်းလဲ သုံးသောင်းထားပါလား"

"ဟာ ကိုကပ်စေးရာ . . . . အဲသလောက်ကြီးတော့ မလုပ်နိုင်ဘူး၊ မလုပ်ရင်လဲ သွားတော့မယ်"

"ဟာ ' ႇပါဦး နေပါဦး၊ လုပ်မယ် လုပ်မ' '

ိ ႇးမြှင့်စက်မကောင်းရင် ကျုပ်ရေခဲထုပ်တွေ ခဲမှာမဟုတ်။ လှေမျောရင် လှေနဲ့လိုက်၊ ငွေမျောရင် ငွေနဲ့လိုက်တဲ့ စကားပုံ ရှိတယ်လေ။

တစ်နာရီလောက် ကြာတော့ မီးမြှင့်စက် ပြီးသွားတယ်။

"အမေ ပိုက်ဆံ"

မီးမြှင့်စက်ပြင်ခရှင်းဖို့ ပိုက်ဆံတောင်းတော့ အမေက ရေခဲထုပ်ဖိုးတွေ ရသမျှ စုပေါင်းထားတဲ့ ပိုက်ဆံပုံးကျုပ်ကို လာပေးတယ်။ ဘူးထဲမှာ ငါးဆယ်တန်လေးတွေ၊ တစ်ရာတန်လေးတွေ၊ နှစ်ရာတန်လေးတွေချည်းပဲ။ ရေကြည့်တော့ စုစုပေါင်း လေးသောင်းနှစ်ထောင်ကျပ်တိတိ။ ကိုအောင်ဟိန်းကို လေးသောင်းပေးလိုက်တော့ နှစ်ထောင်ပဲ ပိုတယ်။

"ဦးကပ်စေး ဆိုင်ကယ်ကယ်ရီခ ပေးဦး"

"ငါက ဘယ်သွားလို့ ကယ်ရီခ ပေးရမှာလဲ"

"မီးအားမြှင့်စက်ကို ဒီကနေ ကိုအောင်ဟိန်းဆိုင်၊ ကိုအောင်ဟိန်းဆိုင်ကနေ ဒီအိမ် သယ်ခ နှစ်ထောင်ပါ"

"ဩော် အေးအေး နှစ်ထောင်ကွက်တိပဲ ရော့"

နှစ်ရက်လောက် ရေခဲထုပ်ရောင်းပြီး စုထားတဲ့ငွေလေး မီးမြှင့်စက်လောင်လို့ ပြင်လိုက်တာ ကုန်ရော။ ဒီငွေ လေးသောင်းကျော်လောက်က နောက်နှစ်ရက်လောက်ရောင်းရင် ပြန်ရတာပဲ။

ဒါပေမဲ့ မီးအားမြှင့်စက်အနားကနေ ခပ်ဝေးဝေးသွားလို့တော့ မရဘူး။ မီးအားဆောင့်တက်လို့ Alarm မြည်တာနဲ့ ဆွဲချမှ၊ ညဘက်အချိုရည် သွတ်တာတောင် မီးမြှင့်စက်ဘေး ထိုင်သွတ်ရတယ်။ တစ်ခါသေဖူးတော့ ပျဉ်ဖိုးနားလည်နေပြီ။

အလုပ်ကို အရင်ထက်ပိုကြိုးစားပြီး အထုပ်များများရအောင် ထုပ်ရမယ်။ ဒါမှ ကုန်သွားတဲ့ပိုက်ဆံ ပြန်ကာမိမှာ။

ဒီနေ့ မနက်စောစောလေးထပြီး ရေခဲသေတ္တာထဲက ခဲနေတဲ့ရေခဲထုပ်တွေရောင်းဖို့ ရေခဲပုံးထဲထည့်။ ညက ထုပ်ပြီးသား မခဲသေးတဲ့အထုပ်သစ်တွေ ရေခဲသေတ္တာထဲထည့်ဖို့ ရေခဲသေတ္တာ တံခါးဖွင့်လိုက်တော့ ညက ထည့်ထားတဲ့ ရေခဲထုပ်တွေဟာ မခဲဘဲ အေးရုံပဲ အေးတယ်။

ဒါနဲ့ ကျုပ်လည်း ရေခဲသေတ္တာ ပြင်ဆရာ သန်လျင်မြို့ထဲ သွားခေါ်ရတယ်။ အိမ်ရောက်တော့ ဆရာက သူ့မှာပါလာတဲ့ ကိရိယာတွေနဲ့ ဟိုထောက် ဒီထောက်နဲ့ စမ်းပြီး. . .

"ခင်ဗျားရေခဲသေတ္တာက အပူကွိုင်လောင်တာ၊ အထဲမှာရှိတာ သတ္တုကွိုင်ဆိုတော့ သိပ်မခံဘူး၊ ခဏ ခဏ ပေါက်နေမယ်၊ တစ်ခါတည်း ကြေးကွိုင်လဲလိုက်"

"ဒါဆို ဘယ်လောက်ကျမလဲ ဆရာ"

"အားလုံး အပြီးအစီးငါးသောင်း ကျမယ်"

"ဟာ မများဘူးလား ဆရာရယ်"

"မများဘူး၊ ခင်ဗျား များတယ်ထင်ရယ် ပစ္စည်းဝယ်ပေး၊ ကျုပ်လက်ခ ငါးထောင်ပဲ ယူမယ်"

"ပစ္စည်းဖိုးက ဘယ်လောက်ရှိလဲ"

"လေးသောင်းခွဲ ရှိတယ်"

"ဒါဆို လုပ်ပါ လုပ်ပါ"

သူပြောသလိုပေါ့ တိုယ်မှ မလုပ်တတ်တာ။

အားလုံးပြင်ပြီးသွားတော့ အမေက ပိုက်ဆံထည့်တဲ့ ပုံးလေး ကျုပ်ရှေ့လာချပေးတယ်။ အဖုံးဖွင့်ကြည့်လိုက်တော့ ပိုက်ဆံတွေက ပုံးအပြည့်၊ သွန်ချလိုက်တော့ ဘွားခနဲ ကျလာတယ်။ ငါးဆယ်တန်တွေ၊ တစ်ရာတန်တွေချည်းပဲ၊ နှစ်ရာတန်တောင် နည်းနည်းပဲပါတယ်။ ကလေးတွေကို ရေခဲထုပ်ရောင်းတာဆိုတော့ ငါးဆယ်တန်၊ တစ်ရာတန်ပဲ ပါမှာပေါ့။

ငွေစက္ကူတွေ အားလုံးစစ်ပြီး ရေတွက်လိုက်တော့ ငါးသောင်းအတိ။ ငါးဆယ်တန် တစ်ရွက်တောင် မပိုဘူး၊ ကွက်တိပဲ။

"ဟောဒီမှာ လက်ညှိုးလောက်ရှိတဲ့ ရေခဲထုပ်တွေနော်၊ ချိုတယ်၊ အေးတယ်၊ မွှေးတယ်၊ ဆေးသကြား လုံးဝမပါဘူး၊ စားချင်သလောက်စား၊ ချောင်းမဆိုးဘူး၊ ရင်မကျပ်ဘူး၊ ကျန်းမာရေးဝန်ကြီးဌာန ထောက်ခံချက်နဲ့ ရောင်းနေတာနော်"

ကျုပ် ရေခဲသေတ္တာပျက်နေလို့ ရေခဲထုပ် မရောင်းနိုင်တာကိုသိတဲ့ ဒေါ်ဝိုင်းစိန် ကျုပ်ကိုစောင်းပြီး ခနဲ့နေတာ။

တွေ့ဦးမှာပေါ့ ဒေါ်ဝိုင်းစိန်ရာ။ ကျုပ်က ကိုယ်ပိုင်ရေခဲသေတ္တာနဲ့ ထုပ်တာ၊ ခင်ဗျားက သူများဆီက ယူရောင်းရတာ။ ဆေးသကြားရယ်၊ အရောင်မှုန့်ရယ်၊ အနံ့မှုန့်ရယ်၊ ကျုပ် အိမ်ခေါင်းရင်း ရေတွင်းထဲက ရေရယ်ဟာ ကျုပ်အတွက် ပိုက်ဆံတွေပဲ။

ပိုက်ဆံတွေယူပြီး ပုံးခွံကို အမေ့ပြန်ပေးလိုက်တော့ အမေက. . .

"ဟော့ကောင် မင်းရေခဲထုပ်ထုပ်ရောင်းတာလဲ ခုထိ တို့တစ်ပြားဖိုးမှ မစားရသေးပါလား၊ ပုံးထဲက ပိုက်ဆံလေးသောင်းရှိရင် လေးသောင်းဖိုး ပျက်တယ်၊ ငါးသောင်းရှိရင် ငါးသောင်းဖိုး ပြင်ရတယ်၊ ငါ့ နားကပ်လေးတော့ ဆုံးပြီထင်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

"အမေရ စီးပွားရေးလုပ်တာ စိတ်ရှည်ရှည်ထားစမ်းပါ၊ အခု စက်ထဲမှာရှိတဲ့ မကောင်းတဲ့ပစ္စည်းတွေ လဲပြီးသွားပြီ၊ နောက်ပိုင်း ရောင်းတာတွေ ကိုယ့်အတွက်ချည်းပဲ၊ မနေ့က စာစောင်ထဲမှာ မောင်ထွန်းလွင် ဆောင်းပါးရေးထားတာ ဖတ်ရတယ်၊ ဒီနှစ် အယ်နီညို လာမယ်တဲ့"

"ဟဲ့ လာပြန်ပြီလား၊ သူတို့ကလဲ မနှစ်ကလဲ သုံးလေးဖွဲ့လောက်လာတယ်၊ ဒီကျောင်းကြီး ပြင်ပေးမယ်၊ ခုံတွေ ပေးမယ်၊ စားပွဲတွေ ပေးမယ်ဆိုပြီး အခုထိ ဘာတစ်ခုမှလဲ မလာဘူး၊ အဲဒါနဲ့ သူတို့ကို ဧည့်ခံရတာ ကျောင်းရန်ပုံငွေ ငါးသောင်းဆိုလား၊ တစ်သိန်းဆိုလား ကုန်ပြီတဲ့၊ အဲဒါ မနေ့က ကျောင်းလူကြီး ဦးမြစံတို့၊ မောင်တင်ညိုကြီးတို့၊ မောင်သိန်းဟန်တို့ ဖလားတစ်လုံးနဲ့ အလှူငွေ လိုက်ခံနေတယ်"

"ဟာ အမေကလဲ၊ အဲဒါကို ပြောတာ မဟုတ်ဘူး၊ အယ်နီညိုဆိုတာ ရာသီဥတုကို ပြောတာ"

"မသိဘူးလေကွယ်၊ မင်းက အယ်နီညိုဆိုတော့ ကျောင်းကိုလာပြီး လှူမယ့်အလှူရှင် အင်ဂျီအိုတွေလိုပဲ အောက်မေ့လို့၊ ဘာဖြစ်လဲ၊ ဒီနှစ် နင်ပြောတဲ့ဟာ လာရင်"

"အဲဒီ အယ်နီညိုလာရင် အပူရှိန်တွေ များမယ်၊ ရာသီဥတုပူတော့ ကျုပ်တို့ ရေခဲထုပ်တွေ ပိုရောင်းရတာပေါ့၊ ဒီနွေကျောင်းမပိတ်ခင် အမေ့နားကပ်လေး ပြန်လုပ်ပေးမယ်၊ ရွှေနန်းတော်မှာ လုပ်မလား၊ ရွှေဥမှာ လုပ်မလား၊ လုပ်ချင်တဲ့ဆိုင်လုပ်၊ ရွှေဆိုင်ဘောက်ချာမှာ ကျွန်တော့်နာမည် ထည့်နော်"

"ဟဲ့ ငါ့နားကပ်လုပ်တာ ငါ့နာမည်နဲ့ လုပ်ရမှာပေါ့၊ ဘာလို့ နင့်နာမည်ထည့်ရမှာလဲ၊ မတော်တာကွယ်"

"အမေ မသိပါဘူး၊ အမေက အသက်ကြီးပြီ၊ မတော်လို့ အမေသေသွားရင် အမေ့သားကြီး နှစ်ယောက်လာပြီး အမေ့နားကပ်ကို သူတို့မယားတွေ ပန်ဖို့ ချွတ်ဦးမှာ"

"သူတို့မှာလဲ ပြည့်ပြည့်စုံစုံရှိနေတာပဲ၊ ဒီမဖြစ်စလောက်ကို ယူပါ့မလားကွယ်"

"အမေကလဲ အဲဒီပြည့်စုံတဲ့သူတွေက ပိုလောဘကြီးသေးတယ်၊ အဖေသေတုန်းကပဲ ကြည့်လေ၊ အမေ့သားကြီး ဦးစီးလုပ်တာ ကောင်းလိုက်တဲ့ ဖဲဝိုင်း၊ အိမ်ပေါ်မှာ နှစ်ဝိုင်း၊ အောက်မှာ နှစ်ဝိုင်း၊ ရလိုက်တဲ့ ဖဲကောက်တွေလဲ နည်းလား၊ ရက်လည်တော့လဲကူငွေတွေ သိမ်းချီရတာပဲ၊ ရက်လည်ပြီး နောက်နေ့ စာရင်းရှင်းတော့ သရေ သရေပဲတဲ့"

"ဟဲ့ နင့်ဟာ သရေ သရေဆိုတော့ ဘော်လုံးပွဲကျနေတာပဲ"

"အမေကလဲ အဖေသေတဲ့ နေ့ကနေ ရက်လည်တဲ့နေ့ထိ ဖဲကောက်တွေရတဲ့ ငွေနဲ့ ကူငွေရတာနဲ့ ရငွေ ကုန်ငွေ အတူတူပဲကို သရေ သရေလို့ ပြောတာ၊ အမေ့သားနဲ့ ချွေးမ စာအုပ်ကြီးကိုင်ပြီး ရှင်းပြတာလေ၊ ရော့ ဒါက သားတို့သမီးတို့က သတ်သတ်ကန်တော့တာဆိုပြီး ငွေနှစ်သောင်းပေးတော့ အမေ သာဓုခေါ်ပြီး ဆုတွေ ပေးလိုက်တာ၊ အဲဒီဆုတွေ လှည်းပေါ်တင်ရင်တောင် လှည်းနှစ်စီးရိုင်ပတ်တင်ရမယ်"

"မင်းလဲ ငါမွေးတာ တနင်္လာမွေးမို့လို့၊ သောကြာနေ့မွေးရင် ငါ့နားနှစ်ဖက် ဂွမ်းဆို့ထားရမယ်"

"အမေက အမေ့သား သူဌေးတွေပြောတဲ့ စကားတွေဆို နားဝင်ချိုတာပေါ့၊ ကျုပ်အမှန်အမှန်တိုင်း ပြောတော့ အမေ နားငြီးတယ်"

ကျုပ်လည်း ကျုပ်အစ်ကိုတွေ အပေါ်မကျေနပ်တဲ့ ပေါက်ကွဲမှုသံစဉ်တွေ အမေ့ကိုရင်ဖွင့်ရင်း လက်ကလည်း ရေခဲထုပ်ရောင်းရငွေတွေ ရေတွက်ကြည့်တော့ လေးသောင်းကိုးထောင့်ကိုးရာ။

"အမေ ဒီနေ့ ဗုဒ္ဓဟူးနေ့ဆိုတော့ မနက်ဖြန်၊ သန်ဘက်ခါ နှစ်ရက်ပြီးရင် ကျောင်းပိတ်တယ်၊ ဒီနေ့ ငွေနဲ့ မနက်ဖြန် သန်ဘက်ခါ ရောင်းရငွေစုရင် တစ်သိန်းကျော်လိမ့်မယ်၊ စနေနေ့ဆိုင်ပိတ်ပြီး အမေ့အတွက် နားကပ်သွားလုပ်မယ်၊ ရွှေဆိုင်သွားပြီး ငါးဆယ်တန် တစ်ရာတန်နဲ့ သွားဝယ်ရင် ရှက်စရာကြီးဗျ အမေရ"

"ဦးကပ်စေး မရေခဲထုပ်နှစ်ထုပ်"

"ဟာ ကုလားပုတို့ ညီအစ်ကိုပါလား၊ မင်းတို့ကောင်တွေ နေ့လဲ ရေခဲထုပ်၊ ညလဲ ရေခဲထုပ်၊ ဦးကပ်စေးရေခဲထုပ်ကို တော်တော်ကြိုက်ကြတယ်ပေါ့ဟုတ်စ"

ရွာထဲက ကုလားပုတို့ညီနောင်ကို ရေခဲထုပ်နှစ်ထုပ်ပေးပြီး သူတို့ပေးတဲ့ ပိုက်ဆံတစ်ရာတန်တစ်ရွက်ထည့်လိုက်တော့ ငါးသောင်းတိသွားပြီ။

"အမေ ရှေ့မှာ လာနေဦး၊ ကျွန်တော် ပိုက်ဆံ သွားလဲဦးမယ်"

လမ်းဆုံက လက်ဖက်ရည်ဆိုင်မှာ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်တွေကို အတန်ကြီးတွေဖြစ်တဲ့ တစ်ထောင်တန်၊ ငါးရာတန်နဲ့လဲရင် သူတို့က လက်ဖက်ရည်တစ်ခွက် အလကားတိုက်တယ်။ ကျုပ်က ဆိုင်မှာ မသောက်ဘူး အိတ်နဲ့ ထည့်ခိုင်းပြီး ပါဆယ်ယူလာတယ်။ ဒါမှ ကျုပ်အမေရော ကျုပ်ရော သောက်လို့ရမှာ။ ဆိုင်က ပေးလိုက်တဲ့ လက်ဖက်ရည်ထုပ်နဲ့ ပိုက်ဆံငါးသောင်း လက်ကဆွဲပြီး အိမ်ပေါ်တက်လိုက်တော့ အမေက . . .

"ဟဲ့သား၊ ပြီးခဲ့တဲ့ အခေါက်က ပျက်လို့ ပြင်တဲ့ ရေခဲသေတ္တာက ဘယ်ဘက်က အလုံးလား၊ ညာဘက်ကအလုံးလား"

"ဘယ်ဘက်က အလုံးလေ၊ ဘာဖြစ်လို့လဲ"

"အခု ညာဘက်က အလုံး... သွားနားထောင်ကြည့်စမ်း၊ အထဲက အသံတစ်သံထွက်နေတယ် ဒီဒီ ဒီဒီနဲ့"

အမေ့စကားကြားတော့ ကျုပ်... ရင်ထဲက စိုးရိမ်ရေမှတ်ဟာ သတ်မှတ်...





www.burmeseclassic.com

www.burmeseclassic.com

အတိုင်းအတာထက်များစွာမြင့်တက်နေပြီး ရေခဲသေတ္တာနားရောက်တော့ ဒီဒီဒီဒီ ဆိုတဲ့ အသံကြီး ကျယ်လောင်စွာမြည်နေတယ်။ ရေခဲသေတ္တာတံခါးကို ဖွင့်လိုက်တော့ အသံတိတ်သွားတယ်။ အတွင်းထဲမှာရှိတဲ့ ရေခဲထုပ်တွေက မခဲတချို့ ခဲတချို့။ တံခါး ပြန်ပိတ်လိုက်တော့ စောစောက ဒီဒီ ဒီဒီနဲ့တင်မကဲ ဂလပ်, ဂလပ်, ဂလပ်, ဂလပ် ဆိုတဲ့ အသံပါ ပူးတွဲပါ ာတယ်။

"အင ဒ်မှာပိုက်ဆံနဲ့ လက်ဖက်ရည်ထုပ်၊ မေ သောက်လိုက်တော့၊ ကျွန်ုေ ၁ ရေခဲသေတ္တာပြင်ဆရာ သွားခေါ်ဦးမယ်"

ကျုပ်ခြေလှမ်းတွေ နှေးတွဲ့လေးကန်နေပြီ။

ရင်ထဲက ရှုဂ်လန်းဝမ်းမြောက်မှုတို့ ရုတ်ခြည်းပျောက်ကွယ်ကာ စိုးရိမ်သောကတို့ အစားထိုးရောက်ရှိလာကြတယ်။ ဘုရားကုန်းလမ်းဆုံ ကားဂိတ်မှ ရန်ကုန်ပြန်မည့်ကားပေါ် တက်ထိုင်လိုက်တယ်။

ညနေပိုင်း အပြန်ကား ဆိုတော့ လူရအောင် စောင့်နေလို့ တော်တော်နှင့်မထွက်။ စပယ်ယာက နောက်ကားကို ကြည့်နေတယ်။ နောက်ကားလာမှ ထွက်မည်လား မသိ။ အရင်လိုလျှင် နှောင့်နှေးတတ်တယ်။

(၁၀)မိနစ်လောက် အကြာမှာ လက်ဖက်ရည်ဆိုင်ထဲ ဆင်းထိုင်နေတဲ့ ဒရိုင်ဘာက သူ့နေရာသူ ဝင်ထိုင်ပြီး ရှေ့ခေါင်းခန်းမီးများ ဖွင့်လိုက်တော့ ကားခေါင်းခန်းရဲ့ ကျုပ်ထိုင်ခုံ တည့်တည့်မှာရှိတဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ပုံတော်မှာ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးနေတဲ့ သဏ္ဍာန်အလား LED မီးလုံးလေးများဟာ လက်လက် လက်လက်နဲ့ ဖြာထွက်နေတယ်။

ဘုရားပုံတော်အောက်မှာ ရေးထားတဲ့ စာတန်းလေးကို ဖတ်ကြည့်လိုက်တော့ ကျုပ်ရင်ထဲမှာ ပိန်းပိတ်အောင် မှောင်မိုက်နေတဲ့ အမှောင်တိုက်ကို မာကျူရီမီးသီး တစ်ထောင်အား ထွန်းလိုက်သလို လင်းလက်သွားတယ်။

စာကြောင်းလေးက သုံးကြောင်းတည်းရယ်။

သင်ပြုသည့်ကံ ပဲ့တင်သံ၊ သင့်ထံ ပြန်လာမည်။

သင်ပြုသည့်ကံ ပဲ့တင်သံ၊ သင့်ထံ ပြန်လာမည်။

ကျုပ် အဲဒီစာတန်းလေးကို အခေါက်ခေါက်အခါခါ ဖတ်မိတယ်။ ဖတ်ပြီးတိုင်းလဲ ရင်ထဲမှာ အထပ်ထပ်အခါခါ ပဲ့တင်ပြန်နေတယ်။

ကျုပ် ဆုံးဖြတ်ချက်ကို အချိန်မီချကာ သွားမည့်ခရီးစဉ်ကို ဖျက်လိုက်တယ်။ ထွက်ခါနီး ကားပေါ်မှ ခုန်ဆင်းကာ လာလမ်းကို ပြန်လှည့်ခဲ့တယ်။ ကျုပ်ခြေလှမ်းတွေ လာတုန်းကလို နှေးတွဲ့လေးကန်ခြင်းမရှိ။ လိုချင်တပ်မက်မှုဆိုတဲ့ ဝန်ထုပ်ကြီးထမ်းကာ လေးလံနေသော စိတ်အစဉ်တို့ဟာ စွန့်လွှတ်မှုဟူသော အကြောင်းတို့ကြောင့် ပေါ့ပါးလာတယ်။

ကိုယ်တစ်ယောက် ကောင်းစားရင်ပြီးရော၊ သူများ ဒုက္ခရောက်ရင် ရောက်ပစေ ဆိုတဲ့ စေတနာဆိုးဟာ ကျုပ်ကို လက်ငင်း အကျိုးပေးနေပြီ။

အိမ်ပြန်ရောက်တော့ ရေခဲသေတ္တာ နှစ်လုံးထဲက ရေခဲထုပ်တွေကို ဆာလာအိတ်တစ်လုံးထဲ စုပုံထည့်လိုက်တယ်။

ရေခဲသေတ္တာအပေါ်မှာ စကာနဲ့ထည့်ထားတဲ့ ဆေးသကြားထုပ်ရယ်၊ အရောင်မှုန့်ထုပ်၊ အနံ့မှုန့်ထုပ် အားလုံးကို အိတ်ထဲရောထည့်ပြီး အိမ်နောက်ဖေးရှိ မြေကြီးကျင်းထဲ အပြီးအပိုင် စွန့်ပစ်လိုက်တယ်။ သွားပေဦးတော့ ရေခဲထုပ်တွေ။

❑ ဝင်းသီဟ(ထန်းချောင်)

## စာမူ ပေးပို့ပါလျှင်

တစေ ဝါသနာရှင်များ မိမိတို့စာမူကို မိတ္တူကောက်ပြီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပိုမိုတိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

## ဆက် သွယ် ရန်

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈



www.burmeseclassic.com

www.burmeseclassic.com

# သူ့ခေတ်နှင့်သူ



သဲသိမ့်သိမ့်

ဘာလိုလိုနှင့် ဒီအလုပ်မှာ နှစ်တွေကြာလို့ ဆယ်စုနှစ်တစ်စုကို ကျော်ခဲ့လေပြီ။ ရာသီစက်ဝန်း၏ အပြောင်းအလဲနှင့်အတူ ကျွန်မတို့၏အသက်တွေလည်းတဖြည်းဖြည်းကြီးလာခဲ့လေသည်။

လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းအပေါင်းတို့သည်လည်း သဘာဝတရားအတိုင်း အိမ်ထောင်ပြု၊ သားသမီးတွေရပြီး အလုပ်ထွက်သူထွက်နှင့် တွေ့ဆုံကြုံကွဲတွေလည်း အကြိမ်ပေါင်းမနည်းတော့ပါ။ ကျွန်မတို့ရှေ့မှာ အပြောင်းအလဲမရှိသော စီနီယာအပျိုကြီးမမများလည်း ရှိပါသည်။

ကျွန်မသည်လည်း ဘယ်သူမှမရွေးကောက်၊ မတင်မြှောက်ရပါဘဲ ကိုယ့်သဘောနှင့်ကိုယ် အပျိုကြီးစာရင်းဝင်လိုက်သည်ဆိုတော့ နောက်ပိုင်းအလုပ်ဝင်လာသော ကလေးများနှင့် ကျွန်မတို့မှာ အသက်တွေ ကွာကုန်တော့သည်။

ကျွန်မတို့သာ ငယ်ငယ်ရွယ်ရွယ်ရှူးရှူးမိုက်မိုက် မလိမ်မိုး မလိမ္မာနှင့် အိမ်ထောင်စောစောကျခဲ့လျှင် ထိုကလေးတွေသည် ကျွန်မတို့ သားသမီးအရွယ်တွေပင်။ အသက်တွေကွာသလို၊အတွေးအခေါ်တွေကလည်း ကွာသည်။ ခေတ်တွေ ကွာသည်ဟု ဆိုရမည်။

*

အလုပ်နားရက် အပ်ချုပ်ဆိုင်ဘက် ထွက်လာခဲ့စဉ်. . .

"ဟယ်. . . တင်ကိုကို ဘယ်ကိုလာတာလဲ"

မမျှော်လင့်ဘဲ တွေ့လိုက်တော့ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။ ပြုံးစိစိနှင့် ဘာမှပြန်မဖြေပါ။ သူ့နောက်က သူ့ကောင်မလေးက ခေါင်းငုံ့သွားသည်။ အမှတ်မထင် သူတို့ဆင်းလာသော လှေကားပေါ် လှမ်းကြည့်ပြီး ကျွန်မ ပါးစပ်ပိတ်သွားတော့သည်။

"ဆုံစည်းရာ အအေးခန်းနှင့်ဧည့်ရိပ်သာ"

*

ဖွ တာ တော့ မဟုတ်၊ လူစုံတုန်းမှာ ရှင်းပြချင်သည့် သဘောနှင့် အလုပ်ကို ရောက်တော့ ကျွန်မက ဖောက်သည်ချသည်။ ရှက်ဖို့ဝေးစွ။

"မကြီးတို့ မြို့နယ်ထဲမှာ တည်းခိုခန်းတွေ များသားဗျ"

နာမည်သုံးလေးခုကို ရွတ်ပြပါတော့သည်။ ကျွန်မ အံ့သြရပါသည်။ ဒီအသက်အရွယ်အထိ ကိုယ့်မြို့နယ်ထဲ တည်းခိုခန်းဘယ်နှခုရှိသလဲ စနည်းမနာမိပေမယ့် တောင်ဒဂုံကနေလာပြီး သူများမြို့နယ်ထဲက တည်းခိုခန်းတွေကို စစ်တမ်းကောက်ထားတာ ချီးကျူးစရာ။ အင်းလေ. . . သန်ရာ သန်ရာပေ့ါ။ သူ့ခေတ်နှင့် သူကိုး။

*

တချို့ကျတော့လည်း ပုန်းလျှိုးကွယ်လျှိုး။

"ဇော်လင်းအောင် မနေ့ညက တွေ့လိုက်တယ်နော်၊ တို့ဘက်မှာလေ ကောင်မလေးတစ်ယောက်နဲ့ နင့်ကို"

"ဟုတ်တယ် မကြီးရေ၊ ကျွန်တော့်ကောင်မလေးက မကြီးတို့ဘက်မှာ နေလို့ လိုက်ပို့တာ"

ရိုးရိုးသားသား ဖြေလိုက်လည်း ပြီးတာပဲ။ အခုတော့ ဒီလိုမဟုတ်။

"ဟာ. . . မကြီး လူမှားနေပြီ၊ မောင်လေး ဘယ်မှမသွားဘူး"

ရုပ်တည်ကြီးနှင့် ငြင်းနေသည်။ ကုမ္ပဏီက ဆင်မြန်းပေးထားသည့် ယူနီဖောင်းကို မလဲရသေး။ မျက်မှန်ကြီးတဝင်းဝင်းနှင့် သူ့ရုပ်ကြီးများ ဘာကောင်ချီသွားသွား လွဲစရာမရှိ။

"ငါ ပင်စင်နားရတော့မယ်နဲ့တူတယ်"

ကျွန်မက အငေါ်တူးသည်။

"ဘာဖြစ်လို့လဲ မကြီး"

"ဇော်လင်းအောင်ကို မမှတ်မိဘူးဆိုတော့ ငါမျက်လုံးလဲ မကောင်းတော့ဘူး၊ မှတ်ဉာဏ်တွေလဲ ချို့ယွင်းကုန်ပြီ"

အကုန်လုံး ဝိုင်းရယ်ကြသည်။

"မကြီး အမေရိကန်ဗွီးရှင်းထိုအရင်သွားလိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com

"မကြီး အဲဒီညက ဖော်လင်းအောင် ဆံပင်မွေး ပြေးနုတ်ခဲ့ပြီးရော၊ ဒီအန်အေ စစ်ရအောင်"

တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြလည်း မကြီးချင်ယောင်ဆောင်နေသည်။ အင်းလေ. . . ဘယ်အရပ်မှာ ဘယ်ဇာတ်ခင်းခင်း သူ့ခေတ်နှင့်သူပါ။

"ခြေတစ်လှမ်း ကုဋေတစ်သန်း ××× မင်း ဘယ်ညာလှမ်း ××× အရမ်း မိုက်တယ် အရမ်း×××"

"ဟဲ့ စောစောစီးစီး တရားခွေ မဖွင့်ဘဲ ဘာသီချင်းတွေ ဖွင့်နေတာလဲ"

"ဟာ မကြီးကလဲ ဒီသီချင်းတွေက ကလပ်မှာဆိုရင်. . ."

ကျွန်မ သိလိုက်ပါပြီ။ အရှိန်မသေသေးတာကိုး။ ပြည့်စုံဖြိုးတို့အဖွဲ့ ညက ကလပ်သွားထားတာကို မေးစရာမလိုပါ။ မိဘပိုက်ဆံထိုင်ဖြုန်းပြီး ပေတေနေတဲ့ဆိုးသွမ်းလူငယ်တွေတော့မဟုတ်။ အလုပ်ချိန်မှာ ကိုယ့်အလုပ်ကိုယ် တာဝန်ကျေအောင်လုပ်ပြီး အလုပ်ချိန်ပြင်ပရောက်မှ သူတို့ခေတ်နှင့်သူတို့ ပျော်စရာလေးတွေ ရှာတတ်ကြသည်။

*

ကုမ္ပဏီကို အသစ်ရောက်လာသော ကောင်မလေးတွေကို စီနီယာက နာမည်ပြောင်ပေးတတ်သည်။ ဆယ်တန်းစာမေးပွဲဖြေပြီး အသက်ကလေးတွေက (၁၆)နှစ် မပြည့်တတ်သေး၊ ကလေးရုပ် မပျောက်တပျောက်နှင့် ကောင်မလေးနှစ်ယောက်ကို တစ်ယောက်ကို ချိုလိမ်၊ တစ်ယောက်ကို ကျောက်ဂျက်၊ မွေးရာပါ ဆံပင်တစ်ခေါင်းလုံး ကောက်နေတဲ့ ကောင်မလေးကို သရဲငို။ သရဲငိုလောက်အောင် ရုပ်ဆိုး၍ မဟုတ်ပါ။ ဟိုအရင် တရုတ်သိုင်းကားထဲက ဆံပင်ကောက်ကွေးနှင့် ဇာတ်ဆောင် သရဲငိုကို အစွဲပြုပြီး မှည့်ထားခြင်းဖြစ်သည်။ နှုတ်ခမ်းထူထူနှင့်ကုလားဆင် ကောင်မလေးကို လက်ချမ်း၊ ဆွမ်းခံကြွတဲ့ ဘုန်းကြီးက သူ့တူမလေးကို အလုပ်သွင်းပေးထားတော့ ဘုန်းကြီးတူမ သမ္မလ၊ ဟိုဟိန္ဒူကောင်မလေးကို ချားကိုး၊ တရုတ်မလေးကို ပေါက်ဖော်၊ အမြဲလိုလိုပင် ဆံပင်သွားကောက်တတ်သော ကောင်မလေးကို ကောက်ကွေးဒီးယန်း၊ ဝုက္ကို၊ ထိုက်ကို၊ ဂကျောင်စိုးနှင့် အာပေယု စသဖြင့် နာမည်ပြောင်တွေ ပေးတတ်သည်။

ပိုက်ဆံရှိ သားသမီးတွေ အေးအေးဆေးဆေး အောင်စာရင်းစောင့်ရင်း ဟိုသင်တန်း ဒီသင်တန်းတက်နှင့် တက္ကသိုလ်တက်ဖို့ ပြင်ဆင်နေမှာဖြစ်ပေမယ့် သူတို့မှာတော့ ဘဝတိုက်ပွဲကို စောစောစကြရသည်။ သူတို့အရွယ်လေးတွေနှင့် ရုန်းကန်ကြရသည်။ တချို့ဆို မိသားစုအပေါ်မှာ သိတတ်သည့်နေရာမှာ လက်ဖျားခါလောက်သည်။ တချို့တလေပဲ စုန်းပြူးလေးတွေလို့တော့ ကျွန်မ မဆိုချင်ပါ။ အဘယ်ကြောင့်ဆိုသော် သူ့ခေတ်နှင့်သူပင် ဖြစ်သည်။

*

"ဖြူဖွေးရေ ပန်းခြံထဲမှာ ကောင်လေးတစ်ယောက်နဲ့ဆို"

"သူငယ်ချင်းပါ မကြီးရယ်"

"ဩော် ဩော်. . ."

"ဖြူဖွေးရေ ခနုတ်ဘုရားသွားဖူးတုန်းက ဆိုင်ကယ်တစ်စီးတည်း ခါးဖက်ထားတဲ့ကောင်လေးက ဘယ်သူလဲ"

"အဲဒါ သူငယ်ချင်း မကြီး"

သိပ်တော့ မဟုတ်တော့ပါ။

"ဖြူဖွေးရေ ရုပ်ရှင်ရုံထဲမှာ ညပွဲကို ကောင်လေးတစ်ယောက်နဲ့ တွေ့ခဲ့တယ်တဲ့"

"သူငယ်ချင်းလေ မကြီး"

လိုက်မမီတော့ပါ။

ဘယ်လို သူငယ်ချင်းမျိုးလဲတော့ မသိ။ နိုင်းနိုင်းရဲ့သူငယ်ချင်းလား၊ ညက်လင်းအောင်ရဲ့သူငယ်ချင်းလား စဉ်းစားမရတော့၊ ကျွန်မ ညဏ်မမီတာလည်း ဖြစ်နိုင်ပါသည်။ ဩော်. . . သူတို့ခေတ်။

*

"မကြီးရေ မနက်ဖြန်ကျ အိမ်က ဖုန်း[illegible]ရင် အပြင်ခဏသွားတယ်လို့ ပြောပေးနော်၊ အလုပ်ဆင်းဘူး သွားမပြောလိုက်နဲ့ဦး"

"ဘာဖြစ်လို့လဲ"

"အလုပ်ဆင်းတယ်ဆိုပြီး အိမ်က ထွက်မလို့"

"အဲဒါဆို မိုးချုပ်မှ အိမ်ပြန်မှာပေါ့"

"ဟုတ်"

"အချိန်မပေးလွန်းဘူးလား၊ တစ်နေကုန်ကြီး ဘယ်သွားကြမှာလဲ"

"ပြောမပြဘူး၊ အသေသတ်ချင်သတ်"

မေးပြီးမှ အားနာသွားရသည်။ သူတို့ဟာသူတို့ ဘယ်သွားသွားပေါ့။ သူတို့ခေတ်နှင့် သူတို့ချိန်းတွေ့နည်းပဲလေ။

*

"ဟယ်ယွန်း ဒီနေ့လာကြိုတာ အရင်ကောင်လေးမဟုတ်ဘူးနော်"

"ဟား ဟားဟား မကြီးရယ်. . အခုမှသိလား၊ ကြာခဲ့ပေါ့၊ တစ်ယောက်တည်းဆို ပျင်းစရာကြီးလေ၊ ဒါကြောင့်"

"ဩော်. . ."

အရင်ကောင်လေး မဟုတ်သလို ပထမကောင်လေးလည်း မဟုတ်ပါ။ အလုပ်ဝင်တာတော့ သိပ်မကြာသေး။ ဒါပေမဲ့ ရည်းစားတစ်ထောင်လင်ကောင်တစ်ယောက်ဆိုတဲ့ ရှေးထုံးကိုတော့ နှလုံးမူရှာသားပဲ။ သူတို့ခေတ် ရည်းစားထားနည်းပါ။ သို့ပေမယ့်လည်း ထိုကလေးတွေ တော်ကြပါသည်။ လုပ်ငန်းခွင်ဆိုတာလည်း ပန်းခင်းလမ်းမဟုတ်။ စိတ်ဖိစီးမှုတွေ၊ အဆင်မပြေမှုတွေ ကြုံလာကြရင်လည်း ကြံ့ကြံ့ခံနိုင်တဲ့ စိတ်ဓာတ်တွေ၊ ခွန်အားတွေ၊ မိသားစုအပေါ်မှာလည်း တတ်နိုင်သလောက် တာဝန်ယူချင်စိတ်တွေ၊ ဘဝကို ရေစုန်မမျောဘဲ ရိုးရိုးသားသား ရုန်းကန်ချင်စိတ်တွေကို လေးစားမိပါသည်။

တစ်ခါတစ်ရံ ဟိုဟိုဒီဒီတွေ ရှိတတ်သည်ဆိုတာကလည်း သူ့ခေတ်နှင့် သူပင် မဟုတ်ပါလား။

❒ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ချိုဿာ

# ခြေသလုံးခန့်ရှိသော ထောင်ထဲက တောက်တဲ့ကြီး

ကျုပ် ဒီအဖွဲ့ထဲ တစ်နှစ်ကျော်ကျော် ထဲထဲဝင်ဝင် ဝင်ကြည့်တော့မှ လူပေါင်းစုံရဲ့ စရိုက်ပေါင်းစုံကို မြင်ရတွေ့ရ သိရတော့တယ်။

အဖွဲ့ရုံးကို အမှီသဟဲပြုပြီး လုပ်စားနေကြတာပါကလား။ ရုံးပြင်ကနားကိစ္စအဝဝအတွက် အမှုအထိုင် ပွဲစားရှိတယ်။ စာမရေးဘဲ စာရေးဆရာဖြစ်ချင်သူတွေလည်း ရှိတယ်။ 'ဘ' ခြောက်လုံးဆိုတာ ဘာမှန်းမသိဘဲ သတင်းထောက်ဖြစ်ချင်သူတွေကလည်း ဒုနဲ့ ဒေး။

တာဝန်ယူပါတယ်ဆိုတဲ့ တာဝန်ယူမယ့် အကျိုးဆောင်ကို ယုံကြည်ပြီး ငွေသောင်းဂဏန်းအထိ ပုံအောသူတွေလည်း ရှိတယ်။ ယုံကြည်သူတွေရှိတော့ လိမ်သူ ပွတာပေါ့။ ကတိတွေပျက်၊ ရက်ချိန်းတွေ မမှန်တော့ အဖွဲ့ရုံးဘက် ခြေဦးမလှည့်ရဲတော့ဘဲ စုပ်စမြုပ်စ ပျောက်တော့တာပဲ။

ကျုပ် ငွေကြေးတတ်နိုင်သူ အမှုသည်တစ်ဦးကို မြင်ဖူးတယ်။ သူ့အမှုက တရားခံပြေးတော့ ဂျာနယ်မှာ ဓာတ်ပုံနှင့်တကွပါဖို့အတွက် အယ်ဒီတာနဲ့ စကားပြောဖို့ကား လူတွေကို အရက်တိုက်၊ ထမင်းကျွေးရရှာတယ်။ အယ်ဒီတာကို ဘီယာတိုက်ပြီး ငွေသောင်းဂဏန်းပေးရတာက သတ်သတ်။

ဒီအမှုသည်ပဲ တရားသူကြီးတစ်ဦးရဲ့ သူငယ်ချင်းကို ဝင်လုံးတယ်။ ထိပ်တန်းစားသောက်ဆိုင်ကြီးမှာ ကျွေးမွေး။ အများသူငါ မမြင်နိုင်တဲ့ လေအေးစက်တပ်ထားတဲ့ သီးသန့်အခန်းထဲမှာ စားရင်း သောက်ရင်း အမှုအကြောင်းအရာပြောပြ။ ငွေ့ကာသာလွေး သူ[illegible] လွေး။ အရိုးအရင်းတွေပစ်။ ဟိုက်တော်မရှင်နာလား လာထား။ မန္တလေးဘီယာတစ်လုံးပြီး တစ်လုံး။ ဘီလ်ရှင်းတော့ သောင်းဂဏန်း။

တရားသူကြီးကတော့ [illegible] ဆေးပဲ၊ တရားဥပဒေဘောင်အတွင်းက[illegible] စကားပြောတယ်။ အမှုသည်အလို[illegible] စကားတစ်ခွန်း လိုက်မပြောဘူး။ ပွဲ[illegible] အောင် စီစဉ်ပေးတဲ့ တရားသူကြီး[illegible] သူငယ်ချင်းက သောက်တယ်၊စားတ[illegible] သူ့အလုပ် သူလုပ်တယ်။ သည်ပွဲမှာ ကျုပ်လား အချိုရည်တစ်လုံးသောက်[illegible] စားပွဲထိုးတယ်။

ဒါက သိန်းထောင်ကျော်တဲ့ အ[illegible] ကြီးတစ်မှုအတွက် ကျုပ်ဒီအဖွဲ့ရုံး[illegible] ရောက်မှ ကိုယ်တွေ့ကြုံရတာ။ ကျု[illegible] အသက်(၆၀)ကျော်ပါပြီ။ ဒီလိုရိုး[illegible] ပွင့်လင်းတဲ့ တရားသူကြီးမျိုး အရှား[illegible] ကျုပ် တကယ်ပြောတာ။

*

အဖွဲ့ရုံးကို တစ်ညနေ လူ[illegible] သိုက် ရောက်လာပြန်ရော။ ဦးလေး[illegible] သူကို တူဖြစ်သူက ပြုစုချင်လို့တဲ့၊ [illegible] နယ်တွင်းက ထိပ်တန်းစားသောက်[illegible] ကြီးတစ်ဆိုင်ကို ကားတန်းမောင်းတ[illegible] ထုံးစံအတိုင်း မှာချင်တာမှာ၊ စား[illegible] တာစား၊ ဦးလေးဖြစ်သူလား၊ ငွေ့ကာ[illegible] လွေးတော့သည်ပေါ့။ အရိုးအရင်း[illegible] ပစ်။ အရှိန်ကလေးရလာတော့ [illegible] သူက ရင်ဖွင့်တယ်။ တောက်တဲ့ [illegible] ချင်သတဲ့။ တစ်ဖက်နိုင်ငံမှာ [illegible] ဈေးကောင်းဆိုပဲ။ အိပ်ချ်အိုင်ဗွီ [illegible] အိုင်ဒီအက်စ် ဆေးဖော်နိုင်တယ်ဆို[illegible] ပဲ။ တစ်ကောင်အစိတ်သား၊ သုံး[illegible] သားဆို သိန်းဘယ်လောက်၊ ကျော်[illegible] သိန်းဘယ်လောက်။

ကြားရတာ သွားရည်[illegible] ကြီး။ နေ့ချင်းညချင်းသူဌေးဖြစ်နိုင်[illegible] သူတို့ အတိအကျ သတင်းရထား[illegible] လည်း ပြောပြတယ်။ သူတို့သူ[illegible]





www.burmeseclassic.com

www.burmeseclassic.com

ငွေထုပ်ကြီး ပေးလိုက်တယ်။ မရ ရ အောင် ဝယ်ခဲ့တဲ့။

"ခြေသလုံးခန့်ရှိတဲ့ တောက်တဲ့ ကြီး ထောင်ထဲမှာရှိတယ်" ဆိုပဲ။

အောင်မာကွာ။ သောက်ပြီး စားပြီးရင် သွားကြည့်ကြရအောင်တဲ့။ အောင်မယ်ကွာ။ ဒီလောက် စည်းစနစ် တကျနဲ့ အထူးလုံခြုံရေးတင်းကျပ်ထား တဲ့ စံပြအကျဉ်းထောင်ကြီးကို သူ့အမေ လင်အိမ်များ မှတ်နေသလား မသိဘူး။ ဘယ်လိုငမူးတွေ အရှုးတွေပါလိမ့်။

ပြီးတော့ ကျုပ် ကိုယ်တွေ့တစ်ခု ရှိသေးတယ်။ ၂၀၀၃ ခုနှစ်က ပျဉ်းမနား ကဗျာဆရာများကပေးတဲ့ ပျဉ်းမနား ကဗျာဆုကို ကျုပ်တို့လူ ကဗျာဆရာ ဇေယျာလင်း ရန်ကုန်က ရတယ်၊ ကဗျာ ဆရာ ခင်အောင်အေး၊ ထွန်းဝေမြင့်၊ မိုးဝေ၊ လူဆန်းတို့ တစ်ဖွဲ့ကြီး ချီတက် သွားကြတယ်။ ကျုပ်က ကားလက်မှတ် ကြိုတင်ဝယ်ယူရရှိရေး၊ တည်းခိုခန်းရရှိ ရေး စီစဉ်ရသူဆိုပါတော့။

ပျဉ်းမနား ကဗျာဆရာ မောင် သင်းခိုင်ရဲ့ မွေးနေ့ ၂၁၊ မတ်လမှာပဲ ကဗျာဆုပေးပွဲ သိုက်သိုက်ဝန်းဝန်း အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့ တယ်။ ညတည်းခိုခန်း တစ်ခန်းမှာ ကျုပ် နဲ့ ထွန်းဝေမြင့်တို့ နှစ်ယောက်ခန်းကျ တယ်။ လိုက်ကာကြားက တောက်တဲ့သံ တွေပေးလို့ တစ်ညလုံး အိပ်လို့မရဘူး။ မိုးသာလင်းရော၊ မိုးလင်းတော့ မအော် မြန်ဘူး။ ဘယ်လို သတ္တဝါပါလိမ့်။

ထောင်ထဲမှာ တောက်တဲ့ရှိချင် ရှိပါလိမ့်မယ်။ ခြေသလုံးခန့် ဆိုတော့။ သူ့အမေဂလွှား။ အပြင်လောကမှာ မြင် နေတာ၊ အပြင်လောကမှာ ဖြစ်နေတာ ဘယ်သူတွေက ယုံပြီး ဘယ်သူတွေက အောလို့ ဘာတွေ ဆက်ဖြစ်ဦးမယ် တော့ ကျုပ် တကယ်မသိဘူး။

❒ ချိုသာ

# ရောင်းပန်းသာလို့ ဝယ်ပန်းလည်းလှဖို့ရာ

မင်းသူရဲကျော်

ယခုတင်ပြမည့် အကြောင်းအရာလေးက အဆောင်ပစ္စည်းကိစ္စနှင့် ပတ်သက်ပါသည်။ အရောင်းကိစ္စနှင့် ပတ်သက်ပါသည်။

အရောင်းအဝယ် စီးပွားရေး သမားတို့အတွက် မိမိတို့ ရောင်းချမည့်ပစ္စည်းများမှာ အရောင်းထိုင်းပစ္စည်း မဖြစ်စေချင်ပါ။ အရောင်းရသွက်သော ပစ္စည်းသာ ဖြစ်ချင်သည်သာမက ရောင်းချသောအခါတွင်လည်း မြိုးမြိုးမြက်မြက်ကလေး အကျိုးရှိစေချင်ကြစမြဲဖြစ်သည်။

အရောင်းသွက်လေသော ကုန်ပစ္စည်း ကုန်သွားပြီဆိုသည့်အခါ ထိုပစ္စည်းကို ဝယ်ယူသိုလှောင်ရပါတော့မည်။ ထိုရောအခါဝယ် ဝယ်ယူသောပစ္စည်းမှာ အမျိုးအစား မှန်ကန်ခြင်း၊ ဈေးသက်သာခြင်း၊ အရေအတွက် အလေးအချိန်မှန်ကန်ခြင်းတို့ကို လိုလားကြပါလိမ့်မည်။ ဒါသည်ပင် ရောင်းပန်းသာလို့ ဝယ်ပန်းလည်းလှဖို့ကိစ္စ ဖြစ်ပါသည်။

ထိုသို့ ရောင်းသည့်ကိစ္စ၊ ဝယ်သည့်ကိစ္စ အစစအရာရာ အဆင်ပြေဖို့ရာအတွက် အဆောင်ပစ္စည်း တစ်ခုခုကို ဆောင်ထားသင့်ပါသည်။ အမျိုးသမီး ဖြစ်ပါက ဆံထိုးအဖြစ်ဖန်တီး၍ ဆံပင်၌ထိုးထားလျှင် အကျိုးများပါလိမ့်မည်။

* တနင်္ဂနွေသားသမီးများ သစ်ဆိမ့်သားကိုဆောင်၊ ဆံထိုးအဖြစ် ဖန်တီးကာ ခေါင်းမှာထိုးပါ။
* တနင်္လာနေ့သားသမီးများ ဒန့်သလွန်သားကိုဆောင်၊ ဆံထိုးအဖြစ် ဖန်တီးကာ ခေါင်းမှာထိုးပါ။
* အင်္ဂါသားသမီးများ အောင်မဲဖြူသားကိုဆောင်၊ ဆံထိုးအဖြစ် ဖန်တီးကာ ခေါင်းမှာထိုးပါ။
* ဗုဒ္ဓဟူးသားသမီးများ ကသစ်သားကိုဆောင်၊ ဆံထိုးအဖြစ် ဖန်တီးကာ ခေါင်းမှာထိုးပါ။
* ကြာသပတေးသားသမီးများ စွယ်တော်သားကိုဆောင်၊ ဆံထိုးအဖြစ် ဖန်တီးကာ ခေါင်းမှာထိုးပါ။
* သောကြာသားသမီးများ ဝံအူသားကိုဆောင်၊ ဆံထိုးအဖြစ် ဖန်တီးကာ ခေါင်းမှာထိုးပါ။
* စနေသားသမီးများ မန်ကျည်းသားကိုဆောင်၊ ဆံထိုးအဖြစ် ဖန်တီးကာ ခေါင်းမှာထိုးပါ။

ယုံကြည်မှုဖြင့် ဆောင်ထား၊ ထိုးထားပါက စီးပွားလာဘ်လာဘ ပွင့်လန်းစေမည့် အဆောင်ကောင်းတစ်ခု ဖြစ်ပါကြောင်း တင်ပြလိုက်၏။

❒ မင်းသူရဲကျော်

www.burmeseclassic.com

www.burmeseclassic.com



နမော်နမဲ့ခင်ကတော့ အရာရာနှင့် အကြောင်းကြောင်းဖြစ်ရမှ နေလို့စားလို့ ရပါသည်။ နွေရာသီ နေပူပူမှာ လေအန်ကုန်းသို့ စတိုင်ထုတ်ကာ နေကာမျက်မှန်ကြီးတပ်ပြီး နေရောင်ကာ ဦးထုပ်ကြီးဆောင်း၍ ခင်တစ်ယောက် ရောက်လာခဲ့ရာ . . .

"ဟဲ့ နမော်နမဲ့ခင်၊ နင့်ကိုယ်နင် ရှုတင်ဆင်းလာတယ်များ ထင်နေလား"

ဆရာစိုးမောင်မောင်က တမင်ကလန့်စကားဖြင့် မေးရာ . . .

"ကိုယ့်အကြောင်းနဲ့ ကိုယ်ပါ ဆရာရယ်"

အရင်လို စွာကျယ်ကျယ်လေသံမျိုးမဟုတ်ဘဲ ခပ်တိုးတိုး နှုတ်ခမ်းကို လက်ကိုင်ပဝါလေးကွယ်ကာ ဖြေရှာသည်။ ထိုအချိန်မှာ ဇိုးခနဲ ဇတ်ခနဲ သမုဒ္ဒရာဝေ ရောက်လာကာ . . .

"မှန်း . . . နင့်နေကာမျက်မှန်ငါနဲ့ လိုက်၊ မလိုက်"

စကားမဆုံးသေး၊ ခင့်မျက်နှာပေါ်မှ နေကာမျက်မှန်ကြီးကိုဆွဲချွတ်ယူကာသူ့မျက်နှာပေါ် တပ်ကြည့်လိုက်သည်။

"ဟာ"

"ဟင်"

"အို"

"ဘယ်လိုဖြစ်တာလဲ ဆရာမရယ်"

လေအန်ကုန်း တစ်ဖွဲ့လုံး၏ အကြည့်က သမုဒ္ဒရာထံသို့ မဟုတ်ဘဲ ခင့်ထံဝိုင်းကြည့်ပြီး ပြောကြခြင်းဖြစ်သည်။ ဒီလိုပုံစံမြင်လျှင် ယခုလိုဝိုင်းမေးခံရမည်ဆိုတာ သိပြီးသားပင်။ အင်္ဂါ၊ သောကြာဆို မလာရ မနေနိုင်သဖြင့် ဒီလိုစတိုင်လ်နှင့် မလိုင်နှင့် ကာဘာလုပ်ပြီးလာခဲ့ရာ အမြဲလိုချောမောလှပသည့် လှတပတ ခင့်မျက်နှာပေါ်မှာ ညိုမည်း ဖူးရောင်ဒဏ်ရာတွေ မြင်တွေ့သွားတာ

"ဒဏ်ရာတွေ များလှချည်လား ဆရာမရယ်"

ဂုရုကြီး ဆရာနန္ဒာမိုးကြယ်က ခင့်ဖြစ်ပုံထူးကြောင့် ကရုဏာသက် မေးလေသည်။ ခင်က ပြောချင်ရ လက်တို့မှ . . .

"ဟို ဆရာမောင်သင်းနွယ်( ပြန်)ကြောင့်ပေါ့ ဆရာရယ်"

"ဘာ. . . ဒီဆရာက ဆရာ ဘယ်လိုကြောင့်"

"သူ သူက စာမျက်နှာပေါ် မဟုတ်တရုတ် လုပ်လွှတ်လိုက်ပါတ ဆရာ၊ အဲဒါ ခင့်ယောက်ျားက သေအောင်ရိုက်လိုက်တာ၊ ကြည့် ဆရာတို့ရယ်"

"အာ. . . ဒီမြေပြန့် တော် ဆိုးတာပဲ၊ စာပြင်အယ်ဒီတာအလု ကျွန်တော့်ကို အရက် ၁၅ ပက်သော တယ်ဆိုပြီး မဟုတ်မဟတ် ဖော်





www.burmeseclassic.com

www.burmeseclassic.com

လုပ်တာများ၊ ဒီကောင် တော်တော် မကောင်းတာဘဲ၊ ဒီကောင့်ကို ဆုံးမမှ ရမယ်"

"ဆုံးမပေးပါ ဆရာတို့ရယ်၊ ခပ်မြန်မြန်လေး ဆုံးမပေးပါ"

ခင်ကဲ့သို့ မောင်သင်းနွယ်(မြေပြန့်)အပေါ် အစာမကြေသူ အင်အားတိုးလာပြီမို့ အားရှိသွားပြီး လာပလေ့စေ လေအန်ကုန်းအဖွဲ့သားတွေရှေ့မှာ စိစိညက်ညက် ကြေအောင်ထုရိုက်ပစ်မယ်။ ပုစွန်တုပ်လို ပြုံးနေသည့် သူ့မျက်လုံးကြီး မှေးသွားေ ာင် ရိုက်ပစ်မည်။

ခင်ဂ ံသံတိုင် ငယ်စဉ်ကတည်းက သိုင်း၊ ဘွ၊ ကရာတေးတွေ တတ်ထားသူ ့ လက်တပြင်ပြင်ပေါ့။

"ဆရာကြီးနန္ဒာ ခင့်ယောက်ျား လိုက်လာရင် ဝိုင်းကူပြောပေးပါနော်၊ မောင်သင်းနွယ်(မြေပြန့်)ကြောင့်ဆိုတာ တာ. . . တာ"

ပြောသောစကား ဝါကျပင်မဆုံးသေး၊ ခင့်ယောက်ျားရော၊ မောင်သင်းနွယ်(မြေပြန့်)ရော လေအန်ကုန်းသို့ ရှေ့ဆင့် နောက်ဆင့် ရောက်ရှိလို့လာကြသည်။ ဒေါ်ကြီးမောကြီးနှင့် ရောက်လာသည့် ခင့်ယောက်ျားကို ဆရာနန္ဒာမှ. .

"လာ အစ်ကိုကြီး ထိုင်ပါ၊ မတွေ့ရတာ ကြာလှပြီ၊ နေကောင်းတယ်နော်"

ကောလိပ်ဂျင်နေဝင်း အက်တင်လေသံနှင့် ဧည့်ဝတ်စကားဆိုခြင်းကို အသိအမှတ်ပြု ခေါင်းညိတ်ဖြေရင်း ရှူသိုးသိုး မကျေမနပ်မျက်ဝန်းဖြင့် ခင့်ယောက်ျား ထိုင်ရုံကာမျှရှိသေး. . .

"အဖေ . . . အမေ"

မောင်သင်းနွယ်(မြေပြန့်) ၏ အော်ခေါ်သံမှန်းသိ၍ မမြင် မကြားချင်ယောင် ဆောင်နေသည်။ မရပါ။

"အမေ့ သား ခေါ်နေတယ်လေ၊ မုန့်ဖိုးပေး"

မသိဆိုးရွားစွာ အကျယ်ကြီး အမေလို့ခေါ်ရုံမက သူ့လက်ဝါးကြီးကို ခင့်မျက်နှာရှေ့တိုးကာ ဖြန့်ပြီး မုန့်ဖိုးတောင်းလို့နေသည်။

ဒီမြင်ကွင်းအား အိမ်မှာကတည်းက ဂျာနယ်ဖတ်ပြီး အစာမကြေလာသည့် ခင့်ယောက်ျားဒေါကန်ပေါက်ကွဲမှုဖြစ်တာလည်း အပြစ်မဆိုသာ။ မျက်နှာကြီး နီမြန်းကာ . . .

"ဟင် မင်း မင်း. . . ငါနဲ့ရတဲ့ ကလေးနှစ်ယောက်အပြင် ဘယ်တုံးက ရထားတဲ့ယောက်ျားရှိလို့ ဒီအသက်အရွယ်ရှိတဲ့ သားတစ်ယောက် မွေးထားတာလဲ"

ကျယ်လောင်တဲ့ ပေါက်ကွဲသံကြောင့် လေအန်ကုန်းတစ်ဖွဲ့လုံးအထိတ်တလန့် ဖြစ်သွားရသည်။

"ဟာ. . . ညီလေး စိတ်ထိန်းပါဦး၊ ကျွန်တော်တို့ လေအန်ကုန်းမှာ မောင်သင်းနွယ်က မုန့်ဖိုးနဲ့ လမ်းစရိတ်လိုလာရင် အသက်ကြီးကြီး ဆရာမတွေကို အမေလို့ခေါ်ပြီး မုန့်ဖိုးတောင်းတယ်၊ မိန်းကလေး ခပ်ငယ်ငယ်လေးတွေကို မီးမီးလေး၊ သမီးလေးလို့ခေါ်ပြီး လက်ဖက်ရည်တိုက်ခိုင်းတတ်တာ သူ့အကျင့်ပါ ညီလေးရယ်"

ဂုရုကြီး ဆရာမောင်သာယာလည်း မနေနိုင်တော့၊ ဝင်ရှင်းပြရသည်။ တကယ်တမ်း အစာမကြေသော ခင့်ယောက်ျား ဒေါသပေါက်ကွဲရတာလည်း အပြစ်မဆိုနိုင်ပါ။ ခင်က စာပေနှင့်ဆိုင်သော ဘာသာရေးကိစ္စ၊ ပရဟိတကိစ္စဆိုလျှင် အိုးပစ် အိမ်ပစ်၊ ယောက်ျားရော သားသမီးတွေပါ ပစ်ထားခဲ့ပြီး ခရီးတွေသွားခဲ့သည်။ ဒါလည်း ယောက်ျားက အပြစ်တင်စကား မပြောရှာပါ။

ခုတော့ (××××) ဂျာနယ်တစ်စောင်မှာ မောင်သင်းနွယ်(မြေပြန့်) ပရုဖ်ဖတ်လွှတ်လိုက်သည့် ဆောင်းပါး၏ စာကြောင်းတစ်ခုမှာ . . .

"စာရေးဆရာမ ခင် ဦးဆောင်၍ စာရေးဆရာ၊ ဆရာမများ ရွာသို့ ရောက်လာသောအခါ. . ." ဟူသည့် မူရင်းဝါကျအမှန် ဖြစ်ရမည့်အစား၊

"စာရေးဆရာမ ခင် ဦးဆောင်၍ စာရေးဆရာ၊ ဆရာမများ ရွှလာကြသောအခါ. . . ဆိုသည့်ဝါကျအထားအသိုကြောင့် ဆောင်းပါးဖတ်နေရင်းမှ ယောက်ျားဖြစ်သူက ဘာမပြော ညာမပြော မမေးမြန်းဘဲနှင့် ခင့်အပေါ် နားရင်းပုံးရင်း ထတီးခြင်းကို ခံစားခဲ့ရလေသည်။

ထိုဒေါသက မပြေသေး လေအန်ကုန်းသို့ မသွားရ မနေနိုင်သော ခင့်အပေါ် တားမရသဖြင့် ဒေါသအရှိန်မပြေ၍ မေးမြန်းစုံစမ်းရန် လိုက်လာစဉ် မောင်သင်းနွယ်(မြေပြန့်)၏ အမေ ခေါ်သံကြောင့် ပြဿနာက နှစ်ထပ်ကွမ်းဖြစ်ရတော့သည်။

ထိုအခါ ဆရာကြီး နှစ်ဦးကလည်း ဝိုင်းကူရှင်းပြရ၊ မောင်သင်းနွယ်ကိုယ်တိုင်လည်း . . .

"ကျွန်တော် စာမူတွေ ပရုဖ်ဖတ်ရင်း အိပ်ငိုက်သွားတော့ ပရုဖ်ဖတ်တာ မစင်ဘဲ ပေးလိုက်မိလို့ ခုလို ဝါကျလွဲမှားသွားတာပါခင်ဗျာ၊ ကျွန်တော့်အပြစ်ပါ အစ်ကိုကြီးရယ်"

မျက်နှာငယ်လေးနှင့် တောင်းပန်နေတော့သည်။

"ဒါဆို ကျုပ်မိန်းမအပြစ်မဟုတ်ဘူးပေ့ါ"

"ဟာ. . . စိတ်ချပါ အစ်ကိုကြီးရယ်၊ ကျွန်တော်တို့လေအန်ကုန်းအဖွဲ့က စာပေမိသားစုစိတ်ဓာတ် အပြည့်နဲ့နေတဲ့ အဝန်းအဝိုင်းပါ ခင်ဗျာ"

အင်း. . . အလျှောက်ကောင်း၍ ခင်တို့လင်မယား ငြိမ်းချမ်းရေးရသွားခြင်းဖြစ်သည်။ ဒါပေမဲ့ ခင်က အရိုက်ခံထားရသူ ဆိုတော့ . . .

"ကဲဟယ် . . . တော်တော်ဆိုးတဲ့ စာပြင်အယ်ဒီတာ" ဟုပြောကာ မောင်သင်းနွယ် ကျောပြင်ကို အုန်းခနဲ ထုချလိုက်တော့သည်။

"အောင်မယ်လေးဗျာ. . ."

မုန့်ဖိုး မရရှာဘဲ အော်ကာ မောင်သင်းနွယ်တစ်ယောက် ဝေးရာသို့ ပြေးလေတော့သည်။

❐ ထန်းသီးခင်



www.burmeseclassic.com

www.burmeseclassic.com

# ဘိုင်လိုက်ကြီးနှင့် နတ်မင်းတို့



မောင်ကြည်(အညာမြေ)

တစ်မိုးသောက်သည်နှင့် လူသားတို့သည် လှုပ်ရှားသွားလာနေကြသည်။ ခရီးသွားဟန်လွှဲ ကြုံရာဆုံရာ စကားလက်ဆုံတတ်ကြသည်။ ထို့အတူပင် တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ အိမ်စောင့်နတ်၊ သစ်ပင်စောင့်နတ်၊ ကွင်းစောင့်နတ်၊ ချောင်းရိုးမြောင်းရိုးစောင့်နတ်တို့သည်လည်း နတ်သဘင်အစည်းအဝေးသို့ အသွားတွင်လည်းကောင်း၊ အစည်းအဝေးမှအပြန်တွင်လည်းကောင်း၊ လမ်းကြုံ၍ ခရီးဖော်အဖြစ် သွားလာရင်းသော်လည်းကောင်း၊ တွေ့ရာလေးပါး ပြောဆိုကြပေလိမ့်မည်။ အကြောင်းအရာတစ်ခုခုကို မူတည်ပြီးလည်း ဆွေးနွေးနိုင်ပေလိမ့်မည်။

ယခုလည်း ရွာရိုးတစ်လျှောက်တွင်ရှိသော သစ်ပင်များကို စောင့်ရှောက်လျက်ရှိသော နတ်တို့ တွေ့ဆုံနေကြပေသည်။

**ထိမ်ပင်စောင့်နတ်** ။ ။ အလို . . ရွာတောင်ဘက်က ကိုညောင်ပင်ပါလား။ တွေ့ချင်နေတာနဲ့ အတော်ပဲဗျို့။ ကိုထနောင်းပင်နဲ့ ကိုကုက္ကိုပင်တို့လည်း မပြန်ကြသေးဘူးဗျ။ ဖြည်းဖြည်းမှ ပြန်ကြတာပေါ့။ အခုလို တွေ့ဆုံတုန်းမှာ အတို့ကျွန် ဘဝင်မကျတာလေးတွေကို အကြည်တော်တို့နဲ့ ဆွေးနွေးချင်တယ်ဗျာ။ ဆွေးနွေးမယ့် ခေါင်းစဉ်ကတော့ "ရိုးပျောက်မှာ စိုးကြောက်တယ်" နဲ့ "ချောင်းရိုးတစ်ခွင်သန့်ရှင်းမှ မီးဘေးအန္တရာယ်စိတ်ချရ။ စိုက်ပျိုးကုန်ထုတ်တိုးမယ်ဗျ"ဆိုတဲ့ ဆောင်ပုဒ်ကို အဓိကထား ဆွေးနွေးကြတာပေါ့ဗျာ။

**ညောင်ပင်စောင့်နတ်** ။ ။ သာဓုဗျာ သာဓု သာဓု။ အကြည်တော်တို့ အတို့ကျွန်တို့ဟာ ရိုးဘေးမှာနေထိုင်ပြီး ရိုးကြီးကိုစောင့်ရှောက်နေရသလို ကိုယ့်ရွာဖြစ်နေတော့လဲ ရွာတော်ရှင်ကို ကူညီပြီး ရွာကိုလဲ စောင့်ရှောက်ရတာပေါ့ဗျာ။ အဲဒီတော့ ရိုးပျောက်မှာ စိုးကြောက်





www.burmeseclassic.com

www.burmeseclassic.com

တယ် ဆိုတဲ့ ခေါင်းစဉ်က အရေးကြီး သလို တောင်သူလယ်သမားတွေ နေထိုင်တဲ့ ရွာဖြစ်လို့ စိုက်ပျိုးကုန်ထုတ်လုပ်ငန်းတိုးတက်ဖို့က ဒီရိုးကြီးသန့်ရှင်းသာယာမှုနဲ့ တိုက်ရိုက်သက်ဆိုင်ပါတယ်ဗျာ။ ကိုင်း အကြည်တော်တို့ရဲ့ အမြင်လေးတွေကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပါဗျာ။

**ကုက္ကိုပြင်စောင့်နတ်** ။ ။ လူတို့အသက်နဲ့ လွန်ခဲ့တဲ့နှစ် ၅၀ကျော်က ဆိုလျှင် ရွာကငယ်ငယ် အိမ်ခြေကနည်းနည်းမှာ ထရံ ဝါးကပ်မိုး အိမ်ဟာ အိမ်ကြီးအိမ်ကောင်း ဖြစ်ပါတယ်။ ထရံကာ သက်ငယ်မိုးအိမ်က များပါတယ် အကြည်တော်တို့ရယ်။ နောက်ပြီး ထန်းသားနဲ့ ဆောက်ထားတဲ့ အိမ်စာတိုက်နဲ့ မီးဖိုချောင်တွေကလည်း ရှိသေးတယ်။ အခုတော့ တိုက်၊ တိုက်ခံအိမ်၊ သွပ်မိုးပျဉ်ထောင်အိမ်တွေ၊ လျှပ်စစ်မီးနဲ့ တီဗွီ၊ ဗွီဒီယိုလို ဇိမ်ခံပစ္စည်းတွေနဲ့ သွားစရာရှိရင် စီးရတဲ့ယာဉ်က နွားလှည်းကနေပြီး အခုတော့ ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေ၊ မော်တော်ယာဉ်တွေနဲ့ အဆင့်မြင့်နေပြီဗျ။ ဒီလိုမြင့်မားလာအောင်ကြိုးပမ်းခဲ့ကြတဲ့ ရွာသားတွေရဲ့ လုံ့လကိုတော့ လေးစားပါတယ် အကြည်တော်။

**ထနောင်းပင်စောင့်နတ်** ။ ။ လေးစားရမယ် အကြည်တော်။ လူသားတွေဟာ အတို့ကျွန်တို့ နတ်တွေထက် (၁)အလှူပေးတဲ့နေရာမှာ (၂) ရဲရင့်တဲ့နေရာမှာ (၃)မေ့လျော့ခြင်းကင်းတဲ့နေရာမှာ သာပါတယ်ဗျာ။ ဒါကြောင့်လည်း တဲစုတ်ကနေ တိုက်အိမ်ထက်ကို တက်လှမ်းနိုင်ကြတာပေါ့ဗျာ။

**ထိမ်ပင်စောင့်နတ်** ။ ။ ဟုတ်ပါပြီ အကြည်တော် ကိုထနောင်းရေ။ ဒီလိုတက်လာတော့မှ အရေးကြီးလာပြီဗျ။ လူသားတွေဟာ စည်းစိမ်ဥစ္စာကြွယ်ဝလာတော့ ဘဝင် မြင့်လာကြတယ်။ လောဘ ဒေါသ မောဟ မာနတွေ ထောင်လွှားကြတယ်။ ကိလေသာတွေထူပြောလာတယ်လို့ပြောရင်လဲ ရတယ်ဗျာ။ အတ္တကို ရှေ့တန်းတင်ပြီး၊ ငါမှ ငါ၊ ငါလုပ်တာမှန်တယ်၊ ငါပြောတယ်မှန်တယ်နဲ့ ဘဝမေ့လာကြတယ်။ ဂါရဝေါစ၊ နိဝါတောစဆိုတဲ့ အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးသူကိုလည်း ရိုသေရကောင်းမှန်း မသိကြတော့ပါဘူးဗျာ။

**ကုက္ကိုပြင်စောင့်နတ်** ။ ။ အကြည်တော် ကိုထိမ်ပင်ပြောတာ မှန်လိုက်တာဗျာ။ ငါ့လေ့ငါထိုး ပဲခူးရောက်ရောက်၊ ငါ့မြင်းငါ့စိုင်း စစ်ကိုင်းရောက်ရောက် လုပ်ချင်တာလုပ်လာကြပြီပေါ့။ ဒီတော့ အတို့ကျွန်တော်တို့ရဲ့ရိုးကြီးဟာ သနားစရာပဲ အကြည်တော့်တို့။ ရိုးထဲကို အမှိုက်တွေချ၊ တချို့ကလည်း ထန်းလက်တို့ ထန်းသားခြမ်းတို့နဲ့ ကာထားပြီး ဖို့ကြတယ်လေ။ ကိုယ့်ဘက်က ကုန်းဖြစ်ပြီး ရိုးကကျဉ်းသွားတာပေါ့။ ဒါက ရွာနဲ့ထိစပ်နေတဲ့အပိုင်းပါ။ ရွာအပြင်ဘက်ကို ရောက်သွားတော့ ရိုးဥပစာ မကျန်အောင် ခဲ့ယူကြတယ်ဗျာ။ ဒီရိုးဟာ ရွာရဲ့ တောင်ဘက်စူးစူးကိုသွားပြီး ထန်းတောရောက်တော့ အနောက်ဘက်ကို တစ်ခုခွဲထွက်သွားတယ်။ အဲဒီရိုးဟာ တန်ခိုးကြီးတဲ့ ကွင်းပိုင်အရှင်ကြီးရဲ့ နတ်ကွန်းနားရောက်တော့ တောင်မြောက်လားရာရှိတဲ့ ရိုးကြီးထဲပြန်ဝင်သွားတယ်။ အဲဒီရိုးကြီးဟာ မြစ်နဲ့ဆက်နေတဲ့ အင်းကြီးထဲကို စီးဝင်သွားပါတယ်။ အဲဒီရိုးကြီးဟာ မြစ်နဲ့ဆက်နေတဲ့ အင်းကြီးထဲကိုစီးဝင်သွားပါတယ် အကြည်တော်။

**ညောင်ပင်စောင့်နတ်** ။ ။ ဟာ . . ဒီလိုရိုးဖျက်တဲ့လူသားတွေဟာ အသည်းနှလုံးမပါ ဦးနှောက်ဗလာလို့ ပြောရမယ် အကြည်တော်တို့။

**ထိမ်ပင်စောင့်နတ်**။ . ။ အတို့ကျွန်တို့ကို ထင်ထင်လင်းလင်းဖြစ်အောင် ရှင်းပါဦး အကြည်တော်။

**ညောင်ပင်စောင့်နတ်** ။ ။ အသည်းနှလုံးရှိတဲ့လူဟာ အတိတ်ကို သတိရတမ်းတနေမယ်ဗျာ။ ဒီလိုရိုးဟာ တို့အကျိုးကို ဘယ်လိုသယ်ပိုးခဲ့သလဲ။ မြစ်ရေဝပ်နေရင် လှေစီးပြီးခရီးသွားရတယ်။ တုန်စည်သယ်ရတယ်။ မျိုးခင်းတွေ လယ်တွေ ရေသွင်းရေထုတ် ဘိုင်အလုပ်မရှုပ်ဘဲ လွယ်တယ်ဗျာ။ ဝယ်ချင်ကို တမ်းတသလိုပေါ့ဗျာ။ ဦးနှောက်ရှိတဲ့ လူအတွက် အနာဂတ်ရှိတယ်။ အရေးကြီးဆုံးတစ်ချက်ပဲ ပြောမယ်ဗျာ။ နိုင်ငံကျမှာ မိုးသည်းထန်စွာ ရွာသွန်းလိုက်တယ်ဆိုပါစို့ဗျာ။ ပဲတီခင်း နှမ်းခင်းတွေကလည်း ရေမလိုတော့ဘူး။ ရေဝပ်ပြီး အပင်တွေသေကုန်တော့မယ်။ ဒီရေတွေကို ဘယ်လိုထုတ်ကြပါ့မလဲ။ အဲဒီအခါ ဒီရိုးကို ရေဆိုးထုတ်မြောင်းအဖြစ် သုံးရတာပေါ့ဗျာ။ ရှေးလူကြီးတွေက ဦးနှောက်သုံးပြီး တူးဖော်ထားခဲ့တဲ့ရိုးကို ဦးနှောက်ရှိတဲ့လူတိုင်းဟာလည်း အနာဂတ်ကို မျှော်မှန်းပြီး ထိန်းသိမ်းစောင့်ရှောက်ရမှာပေါ့ဗျာ။

**ကုက္ကိုပြင်စောင့်နတ်** ။ ။ ဟုတ်ပေတယ်။ ရိုးဥပမာတို့ အရာတော်မြေတို့ကို ခဲ့ယူကြတဲ့အပြင် ကန်သင်းတွေဖဲ့ချကြတာလည်း ကျွဲနွား သွားဖို့နေနေသာသာ တူရွင်းရိုးတောင်ပြင်းပြင်းမဆောင့်ရဲဘူး ဆိုပဲဗျာ။ ဒီတော့ ကျွဲကျောင်းဘို့ စားကျက်မရှိတော့ ယုံမှာမဟုတ်တော့ဘူး။ လှည်းသွားဖို့ လက်တွန်းလယ်ထွန်စက်မောင်းဖို့လမ်းကခက်ပြီပေါ့။ ဟိုအကွက်က ဖြတ်မောင်းလို့ ဒီအကွက်က ဖြတ်မောင်းလို့နဲ့ စကားများ ရန်ဖြစ်ကြလို့ ကျေးရွာလူကြီးရုံးမှာ မကြာခဏဖြေရှင်းနေရတယ်ဗျာ။

**ထိမ်ပင်စောင့်နတ်** ။ ။ ကြီးပွားချမ်းသာချင်တဲ့သူဟာ အနီးအနားက ပုဂ္ဂိုလ်တွေနဲ့ ညီညွတ်အောင် နေရမယ်လို့ ရှင်တော်ဘုရားဟောကြားခဲ့တယ်မဟုတ်လားအကြည်တော်တို့။ လယ်နီးနားချင်း ညီညွတ်ကြရင် တစ်ယောက်လယ်ကို တစ်ယောက်အပြန်အလှန်စောင့်ရှောက်ကြရင် အဆင်မပြေဘူးလေဗျာ။ ကန်သင်းကို ကိုယ့်ဘက်ကခုတ်ချ၊ လှည်းကျတော့ သူ့ဘက်ကမောင်း၊ တယ်လဲ မကောင်းကြတဲ့သူတွေပါဘဲ အကြည်တော်တို့ရယ်။ .



www.burmeseclassic.com

www.burmeseclassic.com

**ညောင်ပင်စောင့်နတ်** ။ ။အကြည်တော်တို့ အတို့ကျွန်တို့လို ရိုးရာနတ်တွေဟာ လူတွေနဲ့လက်ရေတပြင်တည်းနေကြရတာ မဟုတ်လားဗျာ။ အတို့ကျွန်တို့နဲ့ ညီညွတ်အောင် နေသင့်ကြတာပေါ့။ ကွင်းပိုင်တွေဆိုလဲ ကောက်ဦးချရင် ကောက်ညှင်း၊ အုန်း၊ ငှက်ပျော၊ လက်ဖက်တို့နဲ့ ပသမှုကို ခံယူကြတယ်။ လယ်သမားကိုလည်း ပြန်လည်စောင့်ရှောက်မကြပါတယ်။ ကံကံ၏ အကျိုးတရားထက်တော့ ပိုမရနိုင်ဘူးပေါ့ဗျာ။

**ကုက္ကိုပင်စောင့်နတ်** ။ ။ လူသားတွေဟာ အတို့ကျွန်တို့လို နတ်တွေကို လေးစားရမှန်းမသိဘဲ ထင်သလိုပြုမူပေမယ့် ရုတ်တရက် မမာမကျန်းဖြစ်လာရင်တော့ သတိရလာကြတယ်ဗျ။ နတ်ကတော်ကို မေးကြပြီဗျာ။ နတ်ကတော်ကလည်း အမေးရှိတော့ အထွက်ရှိတော့တာပေါ့။ ဘယ်ကွင်း၊ ဘယ်အပင်က စသည်ဖြင့်ကိုင်လိုက်တယ်လို့ တွက်တာပေါ့။ သူတို့က မလေးမစားလုပ်ထားတော့ နတ်ကိုင်တယ်ပဲ ထင်လိုက်ကြတာပေါ့။ နတ်ကိုင်တယ်ဆိုတာ သူတို့ရဲ့ ပြစ်မှု (သို့မဟုတ်) ဖြစ်စဉ်ကို နတ်ကအရေးယူကိုင်တွယ် ဖြေရှင်းလိုက်တာပေါ့ဗျာ။ အဲဒီကျမှ ကန်တော့ပွဲနဲ့ပသပြီး တောင်းပန်ရမှန်း သိကြတယ်။ စာသင်ကျောင်းမြောက်ဘက်က ကွင်းပိုင်ကြီးကတော့ ဒီနှစ်အတွင်းမှာ ကန်တော့ပွဲအရဆုံးပဲဗျို့။ မင်းအော့ဖ်သယ်ရီးရားလိုရွေးရရင် နတ်အောဖ့်သယ်ရီးရားပဲဗျို့။ သတ္တဝါဆိုတာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးထဲက တစ်ပါးပါး ဖောက်ပြန်၍သော်လည်းကောင်း ကံ၊ စိတ်၊ ဥတု၊ အဟာရဆိုတဲ့ အကြောင်းတရား လေးပါးထဲက တစ်ပါးပါး ဖောက်ပြန်၍သော်လည်းကောင်း နာဖျားမကျန်းရှိကြပေလိမ့်မယ်ဗျာ။ နတ်တွေရဲ့ ဗိမာန်သစ်ပင်တွေကို မဖျက်ဆီးကြနဲ့။ မရိုမသေမလုပ်ကြနဲ့ ကျန်းမာရေးအမြင်လဲရှိစေချင်တယ်ဗျာ။ ကြောက်လန့်ပြီး ပသကြတာကိုလဲ အလကားသက်သက်မခံယူလိုပါဘူးဗျာ။

**ထနောင်းပင်စောင့်နတ်**။ ။ ရွာကကုသိုလ်ရှင် သူတော်ကောင်းတွေက ကုသိုလ်ပြုတိုင်း အမျှပေးဝေတာကို သာဓုခေါ်ရတယ်ဗျာ။ ပို့သတဲ့ မေတ္တာကိုလည်း ခံယူရတယ်။ ဒါကြောင့် ရွာရဲ့ ကျေးဇူးကို ဆပ်ရပါမယ်။

**ထိမ်ပင်စောင့်နတ်** ။ ။ မြတ်ဗုဒ္ဓရဲ့ သာသနာနှစ်ငါးထောင်မှာ ထက်ဝက်ကျော်လာကတည်းက သိကြားမင်းက ဂရုတစိုက် စောင့်ရှောက်တယ်ဗျာ။ မကောင်းသူပယ် ကောင်းသူကယ်ဆိုတဲ့ မူဝါဒကိုလည်း ချမှတ်ပေးထားတယ်။ ဝေသဝဏ်နတ်မင်းကြီးရဲ့ ကြီးကြပ်မှုနဲ့ ဘိုးတော်သိကြားရဲ့ မူဝါဒအတိုင်း ရွာသူရွာသားတွေကို အတို့ကျွန်တို့ စောင့်ရှောက်ခြင်းဟာ ကျေးဇူးဆပ်ခြင်းမည်ပါတယ် အကြည်တော်။

**ညောင်ပင်စောင့်နတ်** ။ ။ အကြည်တော်တို့ရေ "ရိုးပျောက်မှာစိုးကြောက်တယ်"ဆိုတဲ့ခေါင်းစဉ်က သွေဖည်မသွားစေနဲ့နော်။ နောက်ပြီး ဆောင်ပုဒ်ကလည်း "ချောင်းရိုးတစ်ခွင် သန့်ရှင်းမှ မီးဘေးအန္တရာယ်စိတ်ချရ စိုက်ပျိုးကုန်ထုတ် တိုးမယ်ဗျ"နော်။

**ထိမ်ပင်စောင့်နတ်** ။ ။ သည်းခံပါ အကြည်တော် ကိုညောင်ပင်ရေ။ ခေါင်းစဉ်အတိုင်း ဖြစ်ရပါစေမယ်ဗျာ။ ရိုးထဲအမှိုက်ချတဲ့ကိစ္စ ပြန်ကောက်ရအောင်ဗျာ။ တောင်းစုတ်ပလုံးစုတ်တွေ ဂျုံရိုးပဲရိုးကြီးတွေ ပစ်ချနေကြတော့ ရိုးကောသွားမယ်ဗျာ၊ ရိုးပျောက်မယ်ဗျာ။ ပျောက်မှာက ကြာဦးမယ်ဗျို့၊ လက်ငင်းပြဿနာက ရွာရဲ့မီးဘေးအန္တရာယ်ပဲဗျို့။ အတို့ကျွန်တို့ရဲ့ ဗိမာန်တွေကလည်း ရိုးဘေးမှာဆိုတော့ အမှိုက်ပုံနားမှာ နေရသလို မီးဘေးအန္တရာယ်ကလဲ ကြောက်နေရပါတယ်ဗျာ။

**ကုက္ကိုပင်စောင့်နတ်** ။ ။ ဒါကြောင့်လည်း ရွာဦးဆရာတော်က မီးသတိပေးသီချင်းကို နေ့တိုင်းဖွင့်ပြီး သတိပေးနေရတာပေါ့ဗျာ။ လေကလေးမြူးလာရင်တော့ ဆရာတော်က နေ့ညမရွေးဘဲ မီးသတိပေးသီချင်းကိုဖွင့်ပေးတော့တာပါပဲဗျာ။

**ညောင်ပင်စောင့်နတ်** ။ ။ ဟုတ်ပြီ အကြည်တော်တို့ရေ။ ကျေးရွာရဲ့ကျေးဇူးကိုဆပ်ရအောင် ရိုးမပျောက်ဖို့ အရေးကြီးတယ်။ ရိုးကောင်းရင် စိုက်ပျိုးရေး ကုန်ထုတ်မှုကို အထောက်အကူရမယ်။ ရိုးကို ဖို့သူတွေကို ကိုင်ရမယ်ဗျာ။ ရိုးညစ်ပတ်ပြီး မီးဘေးအန္တရာယ် ဖြစ်စေမယ့် အမှိုက်သရိုက်ချသူတွေကို ကိုင်ရမယ်ဗျာ။

**ထိမ်ပင်စောင့်နတ်** ။ ။ အတို့ကျွန်တို့ မေ့လျော့ခဲ့ကြလို့ ရွာလယ်က ကွင်းကြီးတစ်ခုလည်း ပျောက်သွားခဲ့တာကို သံဝေဂယူကြနော်။

**ထနောင်းပင်စောင့်နတ်** ။ ။ ဟုတ်ပါပြီဗျာ၊ အပြန်နောက်ကျနေရော့မယ်။ ကြွေးကြော်သံ သုံးကြိမ်ကြွေးကြော်ပြီး ဆွေးနွေးပွဲ ရုပ်သိမ်းကြပါစို့ဗျာ။

**နတ်အများ**။ ။ ကိုင်လိုက်ကြစို့ နတ်မင်းတို့။

**မောင်ကြည်** ။ ။ ကိုင်လိုက်ကြပါ နတ်မင်းများ။

**ဓမ္မာရုံထဲမှလူအများ** ။ ။ ကိုမောင်ကြည် ကိုမောင်ကြည်။

**မောင်ကြည်** ။ ။ အင်း- အိပ်မက်မက်သွားတယ်။

**လူအများ** ။ ။ နေ့ခင်းကြောင်တောင်ဘာတွေများ မက်လို့ အသံထွက်ပြီး တောင် ယောင်ရတာလဲဗျာ။

**မောင်ကြည်** ။ ။ ဒီလိုဗျ။

**လူအများ** ။ ။ ကောင်းသဗျာ။ ဒီလိုဆိုရင်လဲ ကိုင်လိုက်ကြပါ နတ်မင်းများလို့ ကျွန်တော်တို့ကလဲ ဆုတောင်းပါတယ်ဗျာ။

(မည်သူ့ကိုမျှ မရည်ရွယ်ပါ။ ဝန်ထမ်းဘဝက ရောက်ခဲ့ဖူးသော ရွာကလေးကို အခြေခံ၍ ကျေးရွာစည်ပင်တိုးတက်ရေး၏ အနှောင့်အယှက်များကို မြင်ခဲ့၍ ရေးမိခြင်းဖြစ်ပါသည်။)

❒ မောင်ကြည်(အညာမြေ)



www.burmeseclassic.com

www.burmeseclassic.com

## လက်ဝဲ၊ လက်ယာ လက်ချောင်းကလေးများအလိုက် ဝတ်ဆင်သင့်သည့်

# အဆောင်ကျောက်မျက်လက်စွပ်ကလေးများ

**စိန် ဒိ လှိုင်**

လက်ဝဲ၊ လက်ယာ လက်ချောင်းကလေးများသည် စုစုပေါင်း ဆယ်ချောင်းရှိ၏။ (လက်ပွား လက်ချောင်းများ မပါ)။ ထိုလက်ချောင်းကလေးများသည် တစ်ချောင်းနှင့် တစ်ချောင်း အတို၊ အရှည် မတူညီကြပေ။

ထိုလက်ချောင်းကလေးများ တစ်ချောင်းနှင့် တစ်ချောင်း တူညီမှုမရှိသလို ထိုလက်ချောင်းကလေးများ၌ အလှအပ အဆောင်အဖြစ် ကျောက်မျက်ရတနာ လက်စွပ်ကလေးများ ပြုလုပ်ဝတ်ဆင်ရာ၌လည်း တူညီမှုမရှိရလေ။

လက်ဝဲ၊ လက်ယာ လက်ချောင်းများတွင် ဝတ်ဆင်သင့်သည့် ရတနာလက်စွပ်ကလေးများကို ရှေးကျမ်းလာအရ ရေးသားဖော်ပြပါမည်။

လက်ယာလက်ချောင်းကလေးများ၌ ပတ္တမြား၊ ကြောင်၊ နီလာ၊ သန္တာ၊ မြကျောက်များနှင့် ပြုလုပ်ထားသည့် လက်စွပ်ကလေးများသာ ဝတ်ဆင်ရ၏။

လက်ဝဲလက်ချောင်းကလေးများ၌မူ ပုလဲ၊ ဥဿဖရား၊ ဂေါ်မိတ်၊ စိန် ရတနာလက်စွပ်ကလေးများသာ ဝတ်ဆင်ရ၏။

အကျယ်ချဲ့သော် လက်ချောင်းများအလိုက် လက်ညှိုးတွင် နီလာလက်စွပ်၊ လက်ခလယ်တွင် မြလက်စွပ်၊ လက်သူကြွယ်တွင် ကြောင်လက်စွပ်၊ လက်သန်းတွင် စိန်လက်စွပ် ဝတ်ဆင်မှသာ ကျောက်မျက်တို့၏ ဂမ္ဘီရစွမ်းအင်များ အပြည့်အဝ ရရှိနိုင်ပါသည်။

အချို့ရှေးမူများ၌ လက်ခလယ်တွင် မြလက်စွပ်၊ လက်သူကြွယ်တွင် ပတ္တမြားလက်စွပ်၊ လက်သန်းတွင် ကြောင်လက်စွပ်၊ လက်ညှိုးတွင် နီလာလက်စွပ်၊ လက်မတွင် စိန်လက်စွပ် ဝတ်ဆင်ရမည်ဟု ဖော်ပြထား၏။

လက်ချောင်းကလေးများ၏ လှုပ်ရှားမှုကြောင့် တစ်ဖက်သား၏ စိတ်နှလုံးများကို ပြောင်းလဲပစ်နိုင်စွမ်း၊ ညှို့ယူနိုင်စွမ်း၊ ဖန်တီးနိုင်စွမ်းနှင့် စိတ်ဝင်စားအောင် ပြုလုပ်နိုင်သည်ဟု အချို့ကဆို၏။ အချို့က ဤသို့ဆို၏။

အမျိုးသမီးများ ဝတ်ဆင်သည့် လက်စွပ်ကလေးများသည် အလှအပသက်သက် ဝတ်ဆင်မှုရှိပေမယ့် အမျိုးသားများ ဝတ်ဆင်သည့် လက်စွပ်ကလေးများက ဝတ်ဆင်သူ၏ ဩဇာအာဏာပြရန် သို့တည်းမဟုတ် ဂမ္ဘီရအဆောင်အဖြစ် ဆောင်ရန် ဝတ်ဆင်ကြ၏။

အချို့က ထိမ်းမြားမင်္ဂလာပြုခြင်း အထိမ်းအမှတ်အဖြစ် ဝတ်ဆင်ကြ၏။ အချို့မှာ အထိမ်းအမှတ်အရ ဝတ်ဆင်ကြ၏။ အချို့ကား အဆောင်အဖြစ်၊ အချို့ကား ချစ်ခြင်းမေတ္တာတရား ဖော်ကျူးခြင်းအတွက် ကျောက်မျက်များနှင့် ပြုလုပ်ထားကြသည့် လက်စွပ်ကလေးများအား အသိအမှတ်ပြု ပုံစံအမျိုးမျိုးဖြင့် ဝတ်ဆင်ကြ၏။

မည်သို့ပင် ပြုလုပ်ဝတ်ဆင်ကြပါစေ အထက်ကဖော်ပြ ရေးသားခဲ့သည့်အတိုင်း လက်ဝဲ၊ လက်ယာ လက်ချောင်းကလေးများအလိုက် ဝတ်ဆင်မှသာ ကျောက်မျက်များ၏ ဂမ္ဘီရထူးခြားချက် စွမ်းအင်များ ရရှိမည်ဖြစ်ကာ လာဘ်ပွင့်၊ ကံပွင့်၊ ဉာဏ်ပွင့်၊ စီးပွားပွင့်မည်ဟု ရှေးကျမ်းဂန်များက ဆိုထား၏။

ဤတွင် ပြောစရာ စကားရှိလာ၏။ ပတ္တမြားကျောက်ဟု သိမ်းကြုံးခေါ်လိုက်ရသော်လည်း ပတ္တမြားကျောက်မျက်၌ အရောင်အဆင်း အမျိုးမျိုးရှိ၏။ လည်သီးရည်အရောင်ဖြစ်တည်နေသည့် ပတ္တမြားကျောက်က အဖိုးတန်ဆုံးဖြစ်၏။ ထို့နောက် အရည်ကူးဟုခေါ်သော အနီတွင် အပြာ၊ အညိုရောစပ်နေသည့် သပြေသီးမှည့်အရောင်မျိုးကား ဒုတိယဖြစ်၏။ နှင်းဆီပန်းအနီရင့်ရင့် စိုပြည်သော နီနီရဲရဲ အရောင်မျိုးကား တတိယတန်းစား ဖြစ်၏။ ထို့နောက် အဆင့်ဆင့် အနီရောင် လျော့လေလေ တန်ဖိုးနည်းစာရင်းဝင်သွား၏။ မည်သို့ဆိုစေ ပတ္တမြားကျောက်ဆိုလျှင် နီနေရမည် ဖြစ်၏။

မြကျောက်သည် အစိမ်းရောင်မှ အစိမ်းဖျော့အရောင်၊ နီလာကျောက်ဆိုလျှင်လည်း အပြာနုရောင်မှ အပြာရင့်ရောင်၊ သန္တာကျောက်ကား ကျေးနှုတ်သီးအဆင့်မှ ကျီးအာသီးမှည့်အဆင်း၊ ကြေးနီရောင်အဆင်း။ ဂေါ်မိတ်ကျောက်တွင် လိမ္မော်၊ အနီ၊ အညို၊ အဝါရောင် စသည်ဖြင့် အရောင်အမျိုးမျိုး ဖြစ်တည်နေသော်လည်း အဆောင်အဖြစ် ဝတ်လိုက. .

(၁) ကျောက်စစ်ဖြစ်ရမည်။ (၂) အပြစ်အနာအဆာကင်းရမည်။ (၃) ပြတ်သားပေါ်လွင်သည့်အရောင် ဖြစ်ရမည်။ (ရောစပ်သည့်အရောင်များ မဖြစ်ရပါ)။ ထိုမှသာ ကျောက်မျက်များ၏ ထူးခြားဆန်းကြယ်သည့် ဂမ္ဘီရအစွမ်းများ ရရှိမည်ဟု ရှေးကျမ်းများက ဆို၏။


❒ စိန်ဒိလှိုင်



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ




တစ်နေ့တွင် သူငယ်ချင်းနှစ်ဦး လမ်း၌ ဆုံတွေ့ရာ တစ်ယောက်က ပြောလိုက်သည်။

"ဟာ. . . ဟော့ကောင်ကြီး မင်းကို ငါတွေ့ချင်နေတာကွ၊ မနေ့ညကတောင် မင်းမိန်းမနဲ့ပတ်သက်ပြီး အိပ်မက် မက်သေးတယ်"


"ဟုတ်လား၊ ဘာတွေ မက်လို့လဲ"

"စိတ်မဆိုးနဲ့ကွာ၊ မင်းမိန်းမကို ငါက အိပ်မက်ထဲမှာ ချစ်ခွင့်တောင်းတာတဲ့ကွာ"

"ဟာ. . . ဒါ ဒါဆို သူက လက်ခံလိုက်တယ်တဲ့လား"

"ဟင့်အင်း. . . သူ ဘာမှ မပြောရသေးခင် အိပ်မက်က လန့်နိုးသွားတယ်"

"ဟူး. . . တော်ပါသေးရဲ့"



အရက်သောက်လျှင် ဇနီးဖြစ်သူ၏ အရိုက်အနှက်ကို အမြဲတမ်းခံရသူသည် သူ၏ မိတ်ဆွေဖြစ်သူကို ဖွင့်ပြော၍ အကူအညီတောင်း၏။

"ငါ အရက်သောက်ပြီး အိမ်ပြန်လာရင် မိန်းမက ဆီးပြီးဆော်တာပဲ"

"မင်းကိုယ်က အရက်နံ့ အရှမ်းထွက်နေလို့ပေါ့"

"ဟုတ်တယ်ကွ၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ဒါဆိုရင် ငါ အရက်သောက်ပြီး ငုံ့တဲ့ဆေးပြား ယူသွား"

"အိုကေ"

ပထမနေ့တွင် ထိုသူ၏ ဇနီးဖြစ်သူသည် ယောက်ျားထံမှ အရက်နံ့မရ၊ ဒုတိယနေ့ ဘာပြဿနာမှ မလုပ်၊ တတိယနေ့တွင်မှ ထိုသူ အရိုက်ခံရလေ၏။

"ဘယ်လိုဖြစ်တာလဲကွ၊ ဆေးပြားမငုံ့ဘူးလား"

"ငုံ့ထားသားနဲ့ အရိုက်ခံရတာကွ"

"ဘာဖြစ်လို့ မိန်းမက သိသွားတာလဲ"

"သူ့ရှေ့မှာ ခွေလဲသွားလို့"



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



"အဲဒီလူဟာ မင်းဖြစ်နေတယ်ဆိုတာ သိပေမယ့် သူဟာ ငါပဲ၊ ငါဟာ မင်းမှန်းသိလျက်နဲ့ ဘာလို့ နှုတ်မဆက်ခဲ့ရသလဲဆိုတော့ မင်းဟာ ငါ မဟုတ်တော့လို့ဘဲ၊ ငါဟာ ငါဖြစ်လို့ မင်းကို နင်းခြေပစ်လိုက်ရတယ်၊ မင်းနဲ့ငါ ငါနဲ့မင်း ရင်ချင်းဆက်တွေပါ"

"ဟာ. . . သူငယ်ချင်း ပါးစပ်က တတွတ်တွတ်နဲ့ ဘာတွေရွတ်နေတာလဲ၊ မင်း ပြောနေတာတွေ ဘာတစ်ခုမှ နားမလည်တော့ဘူး၊ မင်း စိတ်ကောင်းပါတယ်နော်"

"ဟေ့ကောင်၊ ငါမရူးဘူးကွ၊ ဟိုု ပို့စ်မော်ဒန်စာရေးဆရာရဲ့ နာမည်ကြီးဝတ္ထုကို ဖတ်နေတာ"

"ဟေ. . ."



ပြင်သစ်နိုင်ငံရှိ မြို့ကလေးတစ်မြို့၏ စားသောက်ဆိုင်တစ်ခုအတွင်းသို့ လူနှစ်ဦးဝင်လာပြီး အစားအစာမှာ စားရင်းပါလာသည့် အရက်ပုလင်းများအား ခပ်ကည်တည်ဖြင့် ထုတ်ယူပြီး သောက်နေကြသည်။ မူးမူးနှင့် ဆူညံစွာပြောဆိုနေသည့် ထိုလူနှစ်ယောက်အား ကြည့်၍ ဘေးနားတွင် သတင်းစာဖတ်နေသည့် အဘိုးကြီးက ပြောလိုက်သည်။

"ဟေ့. . . ဒီမှာ အရက်သောက်သုံးလို့ ပြင်သစ်လူမျိုးတွေ နှစ်စဉ်သောင်းနဲ့ချီပြီး သေနေကြတယ်လို့ သတင်းထဲမှာ ပါလာတယ်"

"ဟုတ်လား၊ ကျွန်တော်တို့အတွက်တော့ စိတ်မပူပါနဲ့အန်ကယ်လ်၊ ကျွန်တော်တို့က ဒတ်ချ်လူမျိုးတွေပါ"

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၃)

www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



ရှေးဟောင်းပစ္စည်းများ ပိုင်ဆိုင်ထားသော ပိုင်ရှင်သူဌေးတစ်ဦးသည် တန်ဖိုးမဖြတ်နိုင်သော သူ၏ရှေးဟောင်းပစ္စည်းများကို ပြတိုက်တစ်ခုတွင် ပြပွဲပြုလုပ်ပြသရန် ပြင်ဆင်ရွေးချယ်နေ၏။

သယ်ယူရွှေ့ပြောင်းဖို့ ငှားထားသောသူတစ်ဦးက ပန်းအိုးများနားသို့ ရောက်သွား၏။

"ဟေ့. . . အဲဒါတွေကို သတိထားနော်၊ ဒီပန်းအိုးတွေဟာ အနှစ် ၂၀၀၀ နီးပါး ရှိပြီကွ" ဟုပြောလိုက်၏။

ထိုအခါ သယ်ယူလာသော အလုပ်သမားလူထွားကြီးက . . .

"စိတ်မပူပါနဲ့ သူဌေးမင်းရယ်၊ ကွဲသွားရင်လဲ ဒီပန်းအိုးမျိုး အသစ်စက်စက်တစ်လုံးရအောင် ကျွန်တော်ဖန်တီးတတ်ပါတယ်" ဟု ပြန်၍ပြောလိုက်လေသည်။




တစ်နေ့မှာ ကောင်းရာဇာနဲ့ သူ့သူငယ်ချင်းဟာ ဘယ်သူက အသိဉာဏ်ပိုကြွယ်တယ်ဆိုတာကို စကားနိုင်လု နေကြတယ်။ သူ့သူငယ်ချင်းက စပြောတယ်။

"ငါ ခုနစ်လသားအရွယ်လောက်ကတည်းက လမ်းလျှောက်တတ်တာကွ"

ဒီတစ်ခါမှာ ကောင်းရာဇာက အားကျမခံ ပြန်ပြောလိုက်တယ်။

"အံမယ် ဒါကိုများ မင်းက ဉာဏ်ပိုရှိတယ် ပြောချင်တာလား၊ ငါက သုံးနှစ်သားအရွယ်ထိ သူများတွေကို ချီခိုင်းလာတာကွ၊ ဘယ်လောက် ဇိမ်ကျတယ်မှတ်လဲ"



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ




နံနက် ၂ နာရီကျော်တွင် တယ်လီဖုန်းမြည်သံကြောင့် ဆရာဝန်သည် ပင်ပန်းနွမ်းနယ်နေသည့်ကြားက အိပ်ရာမှ လူးလဲထကာ ဖုန်းခွက်ကို ကောက်ကိုင်လိုက်ရသည်။

"ဟုတ်ကဲ့ ပြောပါ"

"ဒေါက်တာ့ကို ဒီအချိန်ကြီး နှောင့်ယှက်ရတာ စိတ်မကောင်းပါဘူး၊ ကျွန်တော် အိပ်မပျော်တဲ့ရောဂါ ဖြစ်နေလို့ပါ"

ထိုအခါ ဆရာဝန်မှ ဒေါသတကြီး ပြန်ပြောလိုက်သည်။

"ဘာလဲ၊ ခင်ဗျားက အဲဒီအိပ်မပျော်တဲ့ရောဂါကို ကူးစက်အောင် လုပ်မလို့ပေါ့လေ၊ ဟုတ်လား"




နွားတစ်ကောင်ကို ရှောင်လိုက်သဖြင့် ခရီးသည်တင် ဘတ်စ်ကား တိမ်းမှောက်သွား၏။ ကားပေါ်တွင် ပါလာသူများအနက် နှစ်ဦးထိခိုက်ဒဏ်ရာရသွား၏။ တစ်ဦး၏ အပေါ် သွားတုကြီး ကျိုးပဲ့သွားကာ နောက်တစ်ဦးက ခြေထောက်တု ပျက်စီးသွား၏။ နွားပိုင်ရှင်ကို ပြဿနာ ရှာကြလေ၏။

"ခင်ဗျားနွားကို ရှောင်လိုက်လို့ ကားမှောက်ပြီး ခရီးသည်တွေ ထိခိုက်ကုန်ပြီ၊ ခင်ဗျား လျော်ကြေးပေးရမယ်"

"ဘာတွေ ထိခိုက်သွားသလဲ ခင်ဗျာ"

"တစ်ယောက်က သွားတုပျက်စီးတယ်၊ တစ်ယောက်က ခြေတုပျက်စီးတယ်"

"ခဏလေး စောင့်ပါဗျာ"

နွားပိုင်ရှင် ထွက်သွားပြီးနောက် မကြာခင် ပြန်ရောက်လာ၏။ အိတ်တစ်ခုအတွင်း၌ သွားတုများ ပါလာပြီး ခြေတုနှစ်ခုကိုပါ ကိုင်လာ၏။ သွားတုပိုင်ရှင်သည် ပါလာသော သွားတုတစ်ခုနှင့် အနေတော် ဖြစ်သွား၏။ ခြေတုပိုင်ရှင်မှာမူ ဘယ်ညာလွဲနေသဖြင့် အဆင်မပြေ။ သွားတုပိုင်ရှင်က . . .

"ခင်ဗျားတို့ရွာမှာ သွားတုစက်ရုံနဲ့ ခြေတုလက်တု စက်ရုံရှိတော့ အဆင်ပြေတာပေါ့၊ ဟိုက မိတ်ဆွေရဲ့ခြေကုကိုလဲ ညာဘက်အသစ်တစ်ခု လုပ်ပေးပါဦး"

"ညာဘက် မရှိဘူးဗျ"

"ဘာဖြစ်လို့လဲ"

"သုဘရာဇာဆီမှာရှိတာ ဒါအကုန်ပဲ"

❒ စောနိုင်ထူး



www.burmeseclassic.com

www.burmeseclassic.com

# ရွှေဟင်္သာဆရာတော်ကြီး၏ အစွမ်းထက်ဂါထာ

နတ္ထိမေ သရဏံ အညံ၊
ဗုဒ္ဓေါမေ သရဏံ ဝရံ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
စဇာမိ ဇီဝိတံ ဗုဒ္ဓံ။
နတ္ထိမေ သရဏံ အညံ၊
ဓမ္မောမေ သရဏံ ဝရံ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
စဇာမိ ဇီဝိတံ ဓမ္မံ၊
တေသံ တေဇေန နဿန္တု။
အန္တရာယာ အသေသတာ၊
သံယံ ပုရေန္တု သင်္ကပ္ပါ၊
ကုစ္ဆိတံ ပတ္တိတံ သဒါ။

## တင်တင်နွဲ့(ရန်ကုန်တက္ကသိုလ်)

ကျွန်တော် ကျောင်းနေရမည့် အသက်အရွယ်ရောက်ချိန်တွင် ဒုတိယကမ္ဘာစစ်ဖြစ်နေသည့် ကာလကြီးနှင့် တိုက်ဆိုင်နေသဖြင့် စာမသင်ရတော့ပါ။ စာမသင်ရရုံမျှမက ကျွန်တော်တို့ တစ်မြို့လုံးမှာ ကျီးလန့်စာစားဆိုသော စကားပုံလိုပင် အထိတ်တလန့် ဖြစ်နေကြရပါသည်။

ထိတ်လန့်နေသည့်ကြားမှပင် တစ်နေ့၌ မြို့ပေါ်သို့ အင်္ဂလိပ်ဗုံးကြဲလေယာဉ်ကြီး ခြောက်စင်း ပျံဝဲရောက်ရှိလာ

ကာ မြို့တောင်ဘက်မှ ကုတင်ဘီးလင်းချောင်းပေါ်ရှိ တာ[illegible] မီးရထားတံတားကြီး၊ မီးရထားဘူတာနှင့်ဝန်းကျင်ရှိ မြို့မ[illegible] ကြီး၊ ဘီးလင်းတန်းရပ်ကွက်ရှိ စပါးကိုဒေါင်များ၊ မြို့ပိုင်[illegible] ရဲဌာနများအား ဗုံးကြဲခဲ့ပါသည်။ ပြင်းထန်လှသော ပေါက်[illegible] သံကြီးများနှင့်အတူ မြေပြင်တစ်ခုလုံး လျှပ်လှုပ်သလို [illegible] ခါသွားပါသည်။

ကျွန်တော်တို့လည်း ကြောက်လန့်တကြား အိမ်ပေါ်[illegible] ဆင်းပြေး၍ မြေပေါ်တွင် ပြားပြားဝပ်နေကြရပါသည်။ [illegible] ယာဉ်ပျံသံများနှင့် ပေါက်ကွဲသံများ တိတ်ဆိတ်သွားမှ [illegible] ကွယ်ရာမှ ထွက်ခဲ့ချိန်တွင် အိမ်ရှေ့လမ်းမပေါ်မှ လူအ[illegible]





www.burmeseclassic.com

www.burmeseclassic.com

ပြေးလွှားအော်ဟစ် ပြောဆိုသံများကြောင့် အထက်ပါနေရာများတွင် ဗုံးဒဏ်ခံရကြောင်း သိရပါသည်။

ထိုစဉ်က လက်ပံတန်းမြို့ရှိ ဆေးရုံကြီးသည် ၂ လမ်း၏ မြောက်ဘက်ဆုံးထိပ်ပိတ် ဘုရားငါးဆူလမ်း၊ ၁ လမ်းကြားအကွက်တွင် ရှိပါသည်။ ကျွန်တော်တို့အိမ်သည် ဆေးရုံကြီးရှေ့ ၂ လမ်းတွင်ဖြစ်ပေရာ ဗုံးဒဏ်ကြောင့် ဒဏ်ရာရသူများ ဆေးရုံသို့ သယ်ယူလာသည်ကိုလည်းကောင်း၊ သေဆုံးသူများ၏ ရုပ်အလောင်းများကို ရေခဲတိုက်သို့ လာပို့သည်ကိုလည်းကောင်း စိတ်မချမ်းမြေ့ဖွယ်ရာ မြင်တွေ့နေရပါသည်။ သေဆုံးသူ များပြားသဖြင့် ရေခဲတိုက်ပင် မဆံ့ပါ။

သွေးပျက်ထိတ်လန့်ဖွယ် ထိုမြင်ကွင်းများကြောင့် ကျွန်တော်သည် ညညတွင် အိပ်မပျော်နိုင်အောင် ထိတ်လန့်နေသည်ကို သိသော အမေက . . .

"ငါ့သား ခုလို ကြောက်လန့်မနေရအောင် အမေ ဂါထာတစ်ပုဒ်သင်ပေးမယ်၊ ဒီဂါထာရွတ်ရင် သရဲ တစ္ဆေကိုသာ မကဘဲ ဟိုတစ်လောက လေယာဉ်ပေါ်က ချသွားတဲ့ ဗုံးကိုတောင်မှ ကြောက်စရာမလိုဘူး" ဟုဆိုကာ ညဉ့်ဘုရားရှိခိုးပြီးတိုင်း ဂါထာကို နှုတ်တိုက်သင်ကြားပေးပါသည်။

ရက်ပေါင်း အတော်ကြာတော့ အလွတ်ရွတ်ဆိုနိုင်လာပါသည်။

နောက်ပိုင်းတွင် စစ်ဘေးဒဏ်များ ပိုမိုဆိုးရွားလာသောကြောင့် လက်ပံတန်းမြို့နှင့် ရှစ်မိုင်ခန့်ဝေးသော အဖေ၏ အမျိုးများရှိရာ ပဲခူးရိုးမ တောင်ခြေအနီးရှိ ရေဝန်ဆိုသော ရွာကြီးသို့ စစ်ဘေးရှောင်ရင်း ပြောင်းရွှေ့ခဲ့ရပါသည်။ ရေဝန် ရွာကြီးသည် မြောက်မှတောင်သို့ စီးဆင်းနေသည်။ ကုတင်ဘီးလင်းချောင်း၏ အရှေ့ဘက်ကမ်းတွင်ရှိသော ရွာကြီးဖြစ်ပါသည်။ ချောင်းအနောက်ဘက်ကမ်းတွင် အုတ်ဖိုစုရွာ ရှိပါသည်။

ကျွန်တော်တို့မိသားစုသည် ရေဝန်ရွာမြောက်ပိုင်းတွင် နေသည့် ဘကြီးတော်သူ ဦးအောင်ကျော်ဇံ + ဒေါ်စိန်ချစ်တို့အိမ်တွင် တည်းခိုနေထိုင်ရပါသည်။ အုပ်ချုပ်ရေးယန္တရား ပျက်ပြားနေသော စစ်အတွင်းကာလဖြစ်၍ ဓားပြကိုလည်း ကြောက်ကြရပါသည်။ ထို့ကြောင့် အမေရော ကျွန်တော်ပါ ညစဉ် ဘုရားရှိခိုးပြီးတိုင်း နှုတ်တိုက်သင်ကြားထားသော အန္တရာယ်ကင်းဂါထာကို အထပ်ထပ်ရွတ်ဆို ပူဇော်ကြပါသည်။ နေ့ဘက်များတွင်လည်း ရွတ်သည့်အခါ ရွတ်ပါသည်။ အနက်အဓိပ္ပာယ် မသိပါ။

တစ်ညတွင် ဘကြီးအောင်ကျော်ဇံတို့ အိမ်ရှေ့ခြံတံခါးဝဆီမှ ဒိုင်းဆိုသည့် တူမီးသေနတ် ပစ်ဖောက်သံနှင့်အတူ ဓားပြတို့၏ ဆဲဆိုသံများကြောင့် အိမ်ပေါ်ရှိလူများ ပုန်းကြသည်ကြဖြင့် ပျာယာခတ်နေစဉ် အမေက ကျွန်တော့်လက်ကို ဆွဲ၍ နောက်ဖေးမီးဖိုပေါက်မှထွက်ကာ ငှက်ပျောတောထဲ ဝင်ပုန်းပါသည်။ ပုန်းနေရင်း အန္တရာယ်ကင်း ဂါထာတော်အား အထပ်ထပ် ရွတ်ဆိုနေကြပါသည်။

ထိုစဉ် အိမ်ရှေ့လမ်းမပေါ်မှ ဓားပြခေါင်းဆောင်ဟု ထင်ရသူက . . .

"ဟေ့ကောင် မင်းပြောတဲ့ မြို့ကပြောင်းလာတဲ့အိမ် ဒီနားမှာဆို၊ ခု နင့်အမေလင်အိမ် မရှိပါလား" ဟု ဆဲဆိုသံကြားလိုက်ရပါသည်။ နောက်ထပ် သေနတ်တစ်ချက်ဖောက်၍ အသံတိတ်သွားပါသည်။ အတန်ကြာအောင် စောင့်၍ နားထောင်နေကြသော်လည်း မည်သည့်အသံမျှ မကြားရတော့သဖြင့် ဓားပြများပြန်သွားကြောင်းသိရ၍ အိမ်ပေါ်သို့ ပြန်တက်ခဲ့ကြပါသည်။ အန္တရာယ်ကင်း ဂါထာတော်ကြောင့် ဓားပြများ အိမ်ရှာမတွေ့ခြင်းဖြစ်မည်ဟု ယုံကြည်ပါသည်။

ဓားပြများသည် ထိုမျှနှင့် မကျေနပ်နိုင်သေးဘဲ ခေတ်အခြေအနေကလည်း မင်းမဲ့တိုင်းပြည် ဖြစ်နေလေရာ နောက် ဆယ့်ငါးရက်ခန့်အကြာတွင် နေ့ခင်းကြောင်တောင်၌ပင် တစ်ကျော့ပြန်လာပါသည်။

ရေဝန်ရွာမြောက်ပိုင်းနှင့် ချင်းကုန်းကြားတွင် လှည်းလမ်းတစ်လမ်း ရှိပါသည်။ ရေဝန်ရွာ၏ အနောက်ဘက် တစ်ကြောမှ ကျေးရွာများ ပဲခူးရိုးမသို့ ထင်းခုတ်ဝါးခုတ်သွားရာတွင် သုံးသောလှည်းလမ်း ဖြစ်သည်။ ချောင်းအနောက်ဘက်ကမ်းတွင် အုတ်ဖိုစုဘုန်းတော်ကြီးကျောင်း မြောက်ဘက်ဘေးမှ ဖောက်ထားပြီး ရေဝန်ဘက်တွင် ချင်းကုန်းနှင့် ရေဝန်ကြားမှ ဖောက်ထားသော လမ်းဖြစ်သည်။

နေ့လယ် ၁ နာရီခန့်တွင် ထိုလှည်းလမ်းအထက်နားရှိ အိမ်မှ စဝင်ကာ တိုက်ခိုက်လုယက်ပါသည်။ ဘကြီး၏အိမ်သည် ထိုအိမ်မှ လေးအိမ်မြောက်နေရာတွင် ရှိပါသည်။ နေ့လယ်ကြီးဖြစ်၍ ပြေးလွှားပုန်းခိုရန်လည်း မဖြစ်နိုင်သဖြင့် အန္တရာယ်ကင်းဂါထာကို ရွတ်ဆို ပူဇော်၍ အိမ်ပေါ်တွင်ပင် ဟန်မပျက် ထိုင်နေကြရပါသည်။ ဘကြီးခြံအတွင်းသို့ ဓားပြသုံးယောက် ဝင်လာပါသည်။ လမ်းပေါ်တွင် တစ်ယောက်က ကင်းစောင့်နေပါသည်။

ရွာတွင်လည်း သေနတ် တစ်လက်မျှမရှိသဖြင့် သူတို့ကို မခုခံရဲကြပါ။ ခုခံလျှင် ရွာကိုပါ မီးရှို့ပစ်မည်ဟု ကြုံးဝါးထားသောကြောင့် ငြိမ်နေကြရပါသည်။ ဓားပြသုံးယောက်ကို ကြည့်ရင်း အန္တရာယ်ကင်းဂါထာတော်ကိုသာ အထပ်ထပ် ရွတ်ဆိုနေမိပါသည်။ ဓားပြများသည် ဘကြီး၏ အိမ်တခါးပေါက်သို့ ဝင်မိခါနီးတွင် လမ်းပေါ်ရှိ ကင်းသမားဓားပြက. .

"ဟေ့ကောင်တွေ ချင်းကုန်းဘက်က ဂျပန်စစ်တပ်လာနေတယ်၊ ချောင်းထဲပြေးကြ" ဟု အော်ရင်း သူကိုယ်တိုင်ပါ ခြံထဲပြေးဝင်လာကာ ဘကြီးတို့ အိမ်နောက်ဘက်ရှိ ကုတင်ဘီးလင်းချောင်းဘက် ဆင်းပြေးသည်။ အိမ်ထဲဝင်အံ့ဆဲဆဲ ဓားပြများလည်း သူပြေးရာနောက် လိုက်ပြေးကြပါတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုအချိန်က ဂျပန်တပ်တို့သည် မားပြမိလျှင် မိသည့်နေရာ၌ အပြတ်ရှင်းလေ့ရှိသဖြင့် အလွန်ကြောက်ကြခြင်းဖြစ်သည်။

ကျွန်တော်တို့တစ်တွေလည်း မားပြများပြေးကုန်သဖြင့် ဝမ်းသာအားရဖြစ်ကာ ဂျပန်တပ်ကို ထွက်ကြည့်ကြပါသည်။ လမ်းမပေါ်မှရပ်၍ ချင်းကုန်းဘက်သို့ကြည့်ရာ ဂျပန်တပ်မဆို ထားနှင့်၊ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မရှိပါ။ ကင်းသမားသည် ဘာကိုမြင်၍ ဂျပန်တပ်ဟုဆိုကာ ပြေးလေသနည်း။ အန္တရာယ်ကင်းဂါထာတော်၏ တန်ခိုးကြောင့် သမ္မာဒေဝနတ်တို့ စောင့်ရှောက်ခြင်းသာ ဖြစ်ရမည်ဟု လုံးဝယုံကြည်မိပါသည်။ မကြာမီ ကျွန်တော်တို့လည်း လက်ပံတန်းမြို့ပေါ်သို့ ပြန်လည်ပြောင်းရွှေ့ခဲ့ကြပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားမှ ကျွန်တော်လည်း ၂ လမ်းရှိ ဆရာကြီးဦးစိန်၏ ကျောင်းတွင် စတင်ကျောင်းနေခဲ့ရပါသည်။ ဤအန္တရာယ်ကင်း ဂါထာတော်ကြောင့် မားပြများဘေးရန်မှ နှစ်ကြိမ်တိုင် အံ့ဩဖွယ်ရာ ကင်းလွတ်ခဲ့ရကြောင်း ကိုယ်တွေ့ဖြစ်ပါသည်။

မကြာသေးသော နဝဓုတဂ်ီစာရမထေရ် ရေးသားစီရင်သော ကမ္ဘာ့ဂန္ထဝင် သာသနာ့သင်ခန်း စာအုပ်ကြီးဖတ်မိရာမှ သက်တော်ရှည် ရွှေဟင်္သာဆရာတော်ဘုရားကြီး (၁၂၅၅-၁၃၅၇) လည်း ဤအန္တရာယ်ကင်းဂါထာကို နေ့စဉ်ရွတ်ဆိုကြောင်း ဖတ်ရသဖြင့် "ယြော် ငါငယ်ငယ်က အမေနှုတ်တိုက်သင်ကြားပေးခဲ့သော ဂါထာပါလား" ဟု သိရ၍ လိုအပ်သူများ ရွတ်ဆိုပူဇော်နိုင်ရန် "ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အစွမ်းထက်ဂါထာ" ဟု အမည်ပေးကာ ကိုယ်တွေ့ဖြစ်ရပ်များနှင့်အတူ ရေးသားတင်ပြအပ်ပါကြောင်း။

**အန္တရာယ်ကင်း ဂါထာတော်**

နတ္ထိမေ သရဏံ အညံ၊
ဗုဒ္ဓေါမေ သရဏံ ဝရံ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
စဇာမိ ဇီဝိတံ ဗုဒ္ဓံ။
နတ္ထိမေ သရဏံ အညံ၊
ဓမ္မောမေ သရဏံ ဝရံ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
စဇာမိ ဇီဝိတံ ဓမ္မံ၊
တေသံ တေဇေန နဿန္တု။
အန္တရာယာ အသေသကာ၊
သံယံ ပုရေန္တု သက်ပ္ပါ၊
ဣစ္ဆိတံ ပတ္ထိတံ သဒါ။

အဘိုးဖြစ်သူ ဦးစံ၏ ကိုယ်တွေ့ပြောပြချက်ကို ရေးသားခြင်း ဖြစ်ပါသည်။

❒ တင်တင်ခိုင်. (ရန်ကုန်တက္ကသိုလ်)

# လူတို့သတိထားရမည့် မြန်မာ့ရိုးရာ

# နိမိတ်များ

**ဆရာမင်းသုန္ဒြ (မန်းတက္ကသိုလ်)**

- ကြက်မ,တွန်ရင် ကြက်ရှင် အန္တရာယ်ရှိတယ် ဘုန်းကြီးကျောင်းသို့ လွှတ်ပေးပါ။
- နွားငယ်လေးတွန်ရင် နွားရှင် အကြီးအကဲဖြစ်မယ်။
- မြွေနဲ့ဖား၊ ကြောင်နဲ့ကြွက်၊ ကျားနဲ့ဝက်၊ ကျီးနဲ့ဇီးကွက် ဒီးဒုတ် စတဲ့မသင့်မြတ်တဲ့ သတ္တဝါများ သင့်မြတ်နေ တာကို မြင်ရင် နီးဝေးမဟူ အချင်းချင်းသင့်မြတ်မယ်။
- တောတိရစ္ဆာန်အရိုင်းတွေ ရွာထဲဝင်ရင် ရွာရဲ့အကြီးအကဲ အပြောင်းအလဲဖြစ်မယ်။
- ကိုးကွယ်တဲ့ ဘုရားရုပ်တု ချွေးထွက်လျှင်၊ မျက်တောင်လှုပ်လျှင်၊ နှာခေါင်းလှုပ်လျှင်၊ နှုတ်ခမ်းပော်လှုပ်တာကို မြင်သော် ကိုးကွယ်သူ အန္တရာယ်ဖြစ်မည်။ တစ်ရွာလုံး၊ တစ်မြို့လုံး၊ တစ်နယ်လုံး ကိုးကွယ်တဲ့ ဘုရားရုပ်တုတော်တွေဖြစ်လျှင် အဲဒီရွာ၊ မြို့နယ် အန္တရာယ်ဖြစ်မယ်။
- ခြံဝင်းအတွင်းက အထိကရသစ်ပင်ကြီးများ အလို ခြောက်သွေ့လျှင် လေမလာဘဲ လဲပြိုလျှင် ခြံဝင်း ပိုင်ရှင် ဥပဒ်ဖြစ်မယ်။ တစ်ရွာလုံးနဲ့ဆိုင်တဲ့ အထိအ သစ်ပင်ကြီးများ ခြောက်သွေ့သွားလျှင်၊ လဲပြိုလျှ အန္တရာယ်ဥပဒ်ပေးမယ်။
- တိရစ္ဆာန်ခေါင်းနှစ်ခု၊ ကိုယ်နှစ်ခု၊ ခြေလက် မပေါ တဲ့နေရာ ခြေလက်ပေါက်ရင် ဆိုင်သူများ ပျက်စီး
- လူက ဘီလူးမွေးတာ၊ ဆင်မွေးတာ စတဲ့ ဖြစ်မြဲမဟု မွေးရင် ရန်အန္တရာယ်ဖြစ်မယ်။
- ဆင်မ မုန်ယိုလျှင်၊ ဆင်ထီးလို အစွယ်ရှည်ရှည်ပေါ လျှင် ထိုမြို့ရွာ အန္တရာယ်များစေမယ်။
- အုန်း၊ ငှက်ပျော၊ နာနတ် စတဲ့အသီးများ သီးရိုးသီး ထက်လွန်ပြီး ဆန်းကြယ်စွာသီးလျှင် ထိုနယ် ချားရမယ်။
- လူရိုးကို နွားစားလျှင်၊ စပါးကို ခွေးစားလျှင် ငတ် မယ်။
- တိရစ္ဆာန်များ ဇာတ်တူသားစားလျှင် အစားအ ကုန်ပစ္စည်းရှားမယ်။
- မြွေ၊ ကျီး၊ ကြွက်၊ ပုစဉ်း၊ ကြောင် ပေါများလျှင် အစာ ကုန်ပစ္စည်းရှားမယ်။
- ပိုးဟပ်၊ ကြမ်းပိုး ပေါများလျှင်၊ သန်းကြီး ခေါ် သန်းများပေါလျှင် ပြည်ရွာနယ်အားလုံး ပျက်စီး

❒ ဆရာမင်းသုန္ဒြ (မန်းတက္ကသိုလ်)





www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်စောင့်နတ်မှ ပေးသောဂါထာ




## ကြည်တင့်နိုင်

ကိုယ်စောင့်နတ် တစ်ကျိပ်တစ်ပါးရှိကြောင်း ရွှေပေါ်ကျွန်း စေတော်ဝင်ကျောင်း ကျေးဇူးရှင် ဇေယျသိဒ္ဓိ ဓမ္မဉာဏိက ဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူသော ဗုဒ္ဓဝန္ဒနာ မေတ္တာပို့လမ်းညွှန် ကျမ်းစာအုပ်လေးတစ်အုပ်တွင် ဖော်ပြထားသည်။ ၁၁ ပါးသော ကိုယ်စောင့်နတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) သတ္တဘာဂနတ်မင်း (နဖူးစာကို ရေးသည်)
(၂) သူရဿတီနတ်မင်း (ပညာကို တိုးပွားစေသည်)
(၃) သကျနတ်မင်း (စည်းစိမ်ဥစ္စာကို တိုးပွားစေသည်)
(၄) မဟိရာဇာနတ်မင်း (အိပ်မက်ကို ပေးသည်)
(၅) ဝါဓပူရနတ်မင်း (အတိတ်နိမိတ်ကို ပြသည်)
(၆) ဇုနသူရနတ်မင်း (ကောင်းမှုပြုသည်ကို မှတ်သားသည်)
(၇) ကရဝါနတ်မင်း (ကာမသုခကို ပေးသည်)
(၈) ဃောတကနတ်မင်း (သွားလေရာရာ လိုက်လံစောင့်ရှောက်တတ်သည်)
(၉) ကလျာဏမိတ္တနတ်မင်း (ကောင်းသောစကားပြောသည်ကို မှတ်သားသည်)
(၁၀) စန္ဒာဒေဝီနတ်မင်း (ကျက်သရေမင်္ဂလာ စောင့်ရှောက်သည်)
(၁၁) နရိန္ဒာနတ်မင်း (အိပ်သောအခါ ခေါင်းရင်းမှ စောင့်ရှောက်သည်)

ဆရာတော်ကြီးမှ အထက်ပါနတ်ဖွင်းများအား နေ့စဉ်တစ်ရက် တစ်ပါးကျ (၁၀၈)ခေါက် နှုတ်မှရွတ်၍ ကောင်းမြတ်ချမ်းသာ မင်္ဂလာနှင့်ပြည့်စုံပါစေဟု မေတ္တာပို့ရန် တိုက်တွန်းထားပါသည်။ သံသရာလွတ်လမ်းကို ကြိုးပမ်းရှာဖွေရင်း လူမှုကိစ္စများနှင့် နေ့စဉ် အလုပ်များနေကြရသော ကျွန်တော်တို့လို လူသားများအတွက် အောင်မြင်မှုများ၊ စီးပွားဥစ္စာ ရတနာများ ရှာဖွေရရှိရေး၊ ကျန်းမာစွာ အသက်ရှည် နေထိုင်နိုင်ရေးတို့အတွက် အထောက်အကူပြုနိုင်ရန် အလို့ငှာ လောကီအဆောင်အယောင်များကို ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ရတနာသုံးပါး ဦးထိပ်ထား၍ ဆောင်ထားကြရန် လိုမည်ဟု တင်ပြမိပါသည်။

ပရိတ်ကြီး ၁၁ သုတ်တွင် ပါဝင်သော မေတ္တာသုတ်၊ ရတနသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်၊ ဓဇဂ္ဂသုတ်၊



www.burmeseclassic.com

www.burmeseclassic.com

အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်သုတ်၊ ပုဗ္ဗဏှသုတ် စသည့် ပရိတ်တော်များသည် အန္တရာယ်ကင်း ပရိတ်တော် ဂါထာတော်များအဖြစ် မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ဟောကြားထားတော်မူခဲ့သည်။ ပရိတ်တော် များကို အခြေအနေ အချိန်အခါ ကာလအလိုက် ရွတ်ဖတ် ပူဇော်ရန် ရှေးမြန်မာ ပညာရှိကြီးများမှ အောက်ပါအတိုင်း သတ်မှတ်ထားသည်ကို ဖော်ပြလိုက်ပါသည်။

**ပရိတ်တော်ရွတ်ချိန်ကာလ**

၁။ ရွတ်ကြ ဖတ်က ပရိတ္တ၊ ခပ်သိမ်းခါကာလ။
၂။ ပရိတ်တော်မြတ် ရွတ်ဆိုအပ်၊ မှတ်ကြချိန်ကာလ။
၃။ မင်္ဂလ မေတ္တ၊ နှစ်ဝ ထိုသုတ်၊ ပြုလုပ်မင်္ဂလာ အိမ်တက်ရာ၊ မှန်စွာရွတ်ဆိုကြ။
၄။ အန္တရာယ်ဖြစ်လတ် ဘေးဥပဒ်၊ ရွတ်ပါ ရတန။
၅။ ရန်ငြိုးဖွဲ့ခါ ထိတ်လန့်လာ၊ ရွတ်ပါ သုတ်မေတ္တ။
၆။ မြွေကင်းထူပြော အန္တရာယ်တော၊ ရွတ်လော့ သုတ်ခန္ဓ။
၇။ မင်းဘေးကြုံသော် လွတ်ရန်မျှော်၊ ရွတ်လော့ သုတ်မောရ။
၈။ မီးဘေးသင့်က မှန်မုချ၊ ရွတ်ကြ သုတ်ဝဋ္ဋ။
၉။ စစ်ဘေး စစ်မီး တောက်လောင်ငြီး၊ အပြီးရွတ်ကြ ဓဇဂ္ဂ။
၁၀။ နာနာဘာဝ နှောင့်ယှက်က၊ ရွတ်ကြ အာဋာနာဋိယ။
၁၁။ မီးဖွားသန့်စင် ခက်ခဲလျှင်၊ သုတ်အင်္ဂုလိမာလ ရွတ်ဖတ်ကြ။
၁၂။ ရောဂါဝေဒနာ ဖြစ်သောခါ၊ ရွတ်ပါ ဗောဇ္ဈင်္ဂ။
၁၃။ စန်းလင်္ဂဏာတာ ညှိုးသောခါ၊ ရွတ်ပါ ပုဗ္ဗဏှ။

ပရိတ်တော်များ ရွတ်ဖန်များ၊ စိတ်ထားသုခချမ်းသာရ ဟူ၍ ဖော်ပြပါရှိသည်။

မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ကိုယ်လက်ကျန်းခံ့ မအီမသာဖြစ်သောကာလ ဗောဇ္ဈင်သုတ်ကို ရွတ်ဖတ်ပူဇော် ခိုင်းပါသည်။ အရှင်မောဂ္ဂလ္လာန် ရဟန္တာအရှင်မြတ်ကြီး ရောဂါ ဝေဒနာ စွဲကပ်လာသည်ကို ဗောဇ္ဈင်သုတ်ကိုရွတ်၍ အနာ ရောဂါပျောက်ကင်းချမ်းသာခဲ့ကြောင်း မှတ်သားခဲ့ဖူးပါသည်။

မြတ်စွာဘုရားသခင်၏ ဂုဏ်တော်များ၊ တပည့် သာဝက ရဟန္တာအရှင်မြတ်များ၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး များကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် လောကီ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးသုခများ ပြည့်ဝစွာရရှိနိုင်ကြောင်း ယုံမှားသံသယ ဖြစ်စရာမလိုပါ။

မိလိန္ဒပဉှာခန်းတွင် မိလိန္ဒမင်းကြီးမှ "အရှင်ဘုရား ပရိတ်တော်၊ ဂါထာတော်များကို ရွတ်ဖတ်ပူဇော်ခြင်းသည် ရွတ်ဖတ်ပူဇော်သူအား ကောင်းကျိုးသုခများ ရရှိခံစားနိုင်ပါ သလား ဘုရား" ဟု မေးမြန်းခဲ့သည်။

အရှင်နာဂသိမှ အဆိုပါမေးခွန်းကို အောက်ပါအတိုင်း ဖြေဆိုတော်မူခဲ့သည်။ "မြတ်သောမင်းကြီး ပရိတ်တော်၊ ဂါထာတော်များကို ရွတ်ဖတ်သူသည် . . .

၁။ ပုဒ်၊ ပါဠိ၊ အက္ခရာ ပီသမှန်ကန်စွာ ရွတ်ဖတ်ခြင်း
၂။ အနက်အဓိပ္ပာယ် သိရှိနားလည်ခြင်း
၃။ ပရိတ်နာယူသူအပေါ် မေတ္တာတရားဖြင့် ရှေးရှုခြင်း
၄။ ပဉ္စာနန္တရိယ ကံကြီးထိုက်သူ မဖြစ်ခြင်း
၅။ ပရိတ်ဂါထာတော်များကို ယုံကြည်မှုရှိခြင်း

စသည့်အချက်များဖြင့် ပြည့်စုံလျှင် ပရိတ် ဂါထာတော် များ၏ ထူးခြားသော အကျိုးအာနိသင်ကို ရရှိစေနိုင်သည်" ဟု ဖြေကြားထားတော်မူခဲ့ပါသည်။

ပရိတ်တော်၊ ဂါထာတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ကျွန်တော်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝမှ စတင်၍ ဝါသနာစရိုက်ဟု ဆိုရမည်လား မသိချေ။ အလေ့အကျင့် ဝါသနာထုံခဲ့သည်။ ထူးဆန်းသော တိုက်ဆိုင်မှုများဟု ဆိုရ မည်လား မသိ။ အသက်ဘေးအန္တရာယ်ဆိုးများ ကျရောက် နိုင်သည့် အခြေအနေဆိုးများမှ ကျော်လွှားနိုင်ခဲ့သည်။

သမ္ဗုဒ္ဓေဂါထာတော်ကို ကိုးနှစ်သားအရွယ်မှ စတင်၍ မည်သူမျှ လေ့ကျင့်သင်ကြားမပေးရဘဲ နှုတ်တက်ရွရွ ကျက် မှတ်ရရှိခဲ့သည်။ ယနေ့တိုင် ဘုရားဝတ်ပြုတိုင်း လေးကျွန်း သမ္ဗုဒ္ဓေဂါထာတော်များနှင့် ခုနစ်မျိုးသော သမ္ဗုဒ္ဓေဂါထာ တော်များကို နေ့စဉ်ရွတ်ဖတ် ပူဇော်လာခဲ့သည်မှာ ယနေ့တိုင် အောင်ပင် ဖြစ်ပါသည်။

၁၉၈၈ ခုနှစ် ကာလတွင် အိပ်မက်မက်ရာမှ ဂါထာ တစ်ပုဒ် ရရှိခဲ့ဖူးသည်။ ဘေးအန္တရာယ်မှ ကာကွယ်နိုင်သော ဂါထာတော်မြတ်ဖြစ်ကြောင်း အိပ်မက်ထဲမှာပင် အဆိုပါ ဂါထာကို နှုတ်တိုက်သင်ကြားပေးခဲ့သော အသံရှင်မှ ရှင်းလင်း ပြောကြားခဲ့သည်။ အသံကိုသာ ဆက်တိုက်ကြားရ၍ ပုဂ္ဂိုလ် ၏ သဏ္ဌာန်ကိုမူ မတွေ့မြင်ခဲ့ရချေ။

အိပ်မက်မှ ဂါထာတော်များရရှိခြင်း၊ နှုတ်မှ အလို အလျောက် ဂါထာတော်များရရှိခြင်း၊ အင်္ဂုလိမာလ ပရိတ် တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ထားသော ဆီမန်းဖြင့် အရေး အခင်းကာလတွင် ဆေးရုံ ဆေးခန်းများ ပိတ်ထားသဖြင့် မီးဖွားရခက်နေသော အိမ်နီးချင်းဖြစ်သူ မီးနေသည်တစ်ဦး အား အဆိုပါဆီမန်းကို လိမ်းကျံ၍ မီးဖွားစေခဲ့ရာ ချောချော လွယ်ကူစွာ မီးဖွားနိုင်ခဲ့ခြင်း စသည့် ကိုယ်တွေ့ဖြစ်ရပ်များကို ကြုံတွေ့ခဲ့ရပါသည်။

လပြည့်ဝန်းမဂ္ဂဇင်း၊ ဂန္ဓာရီမဂ္ဂဇင်း၊ မနုစာရီမဂ္ဂဇင်း၊ ရောင်ပြန်မဂ္ဂဇင်းများတွင် ပရိတ်တော် ဂါထာတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကြောင့် အန္တရာယ်များမှ လွတ်ကင်း ခဲ့ရပုံများကို ဆောင်းပါးများရေး၍ ကျွန်တော် တင်ပြခဲ့ သည်။ အရေးကြီးဆုံး အချက်မှာ ရတနာသုံးပါးဂုဏ်



www.burmeseclassic.com

www.burmeseclassic.com

မိမိကိုယ်တိုင်မှာ ကံငါးပါးတွင် တစ်ပါးသောကံကို အစဉ်အမြဲ ဖြင့် ရာသက်ပန် စောင့်ရှောက်ထိန်းသိမ်းထားရန် လိုပါသည်။ ထိုအချက်သည် ဂါထာတော်များ ရွတ်ဖတ်ရာ၌ များစွာ အထောက်အကူပြုပါသည်။ သစ္စာဆို၍ ရွတ်ဖတ်ပါလျှင် ပိုမိုထိရောက် အောင်မြင်ပါသည်။

သမ္ဗုဒ္ဓေဂါထာတော်မှာ အထူးသဖြင့် လေးကျွန်း သမ္ဗုဒ္ဓေဂါထာတော်ကို ရှကွစိုးနတ်တစ်ပါးမှ တောမှီရဟန်း တော် ဆရာတော်ကြီးတစ်ပါးအား လာရောက်ဆက်ကပ်ခဲ့ ကြောင်း ဖြစ်စဉ်တစ်ရပ်ကို ကျွန်တော် ဖတ်ရှုမှတ်သားခဲ့ဖူးပါ သည်။ ထိုနည်းတူပင် ကိုယ်စောင့်နတ်တစ်ပါးမှ အိပ်မက်တွင် ပေးခဲ့သော ဂါထာတစ်ပုဒ်ကို ဖော်ပြရေးသားပါမည်။

အဆိုပါ ဂါထာတော်မှာ သရဏဂုံ သုံးပါးနှင့် ဗုဒ္ဓဂုဏ် တော် ကိုးပါး၊ ဓမ္မဂုဏ်တော် ခြောက်ပါး၊ သံဃာ့ဂုဏ်တော် ကိုးပါးတို့အား ရည်မှန်း ရည်ညွှန်း ပူဇော်ကန်တော့ထားသည့် ဂါထာတော်မြတ် ဖြစ်ပါသည်။ နေ့စဉ် ညဥ့်အိပ်ရာဝင်ခါနီး တိုင်း မြတ်စွာဘုရားသခင်အား ရည်မှန်းအာရုံပြု၍ ကိုးခေါက် တိတိ ရွတ်ဖတ်ပူဇော်ရန် ဖြစ်ပါသည်။

ကိုယ်စောင့်နတ်က ပေးသော ဂါထာ

အရဟံ ဗုဒ္ဓေါ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အကာလိကော ဓမ္မော၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သုပ္ပဋိပန္နော သံဃော၊ သံဃံ သရဏံ ဂစ္ဆာမိ။

သရဏဂုံ သုံးပါးနှင့် ဗုဒ္ဓဂုဏ်တော် ကိုးပါး၊ ဓမ္မဂုဏ် တော် ခြောက်ပါး၊ သံဃာ့ဂုဏ်တော် ကိုးပါးအား ပူဇော်ထား ခြင်း ဖြစ်ပါသည်။ ပဋ္ဌာန်း ၂၄ ပစ္စည်း ပစ္စယနိဿကို မှီးထားပြီး သုံးပါးသရဏဂုံ သုံးခေါက်တွင် တစ်ခေါက်မြည်ပါ သဖြင့် စုစုပေါင်း ကိုးခေါက် ရွတ်ဖတ်ပူဇော်ရန် ဖြစ်ပါသည်။

ဂါထာတော်မြတ်ကို အိပ်မက်တွင် ရရှိသည့် ဆရာ တော်မှာ တောင်ဥက္ကလာပ (၂)ပိုင်း ရွှေမြင့်မိုရ်ကျောင်းတိုက် မှ ပဓာနနာယက မိုးကုတ်ဝိပဿနာ တရားနည်းပြ ဘဒ္ဒန္တ သောဘဏ (ပိဋကတ် တစ်ပုံခွဲအောင်) ဆရာတော်အရှင်သူ မြတ် ဖြစ်ပါသည်။

ဆရာတော် အရှင်သူမြတ်ဘုရား . ဆရာတော်ထံ ယောဂီတစ်ဦးအဖြစ် တရားအားထုတ်နေစဉ် တပည့်တော်တို့ တရားအားထုတ်သူ ယောဂီများအား အလျဉ်းသင့်၍ ဆရာ တော် ချီးမြှင့်ဟောကြားခဲ့သည် ဂါထာတော်ကို ပဋ္ဌာန်းဆက် မကင်းသူ ဒါယကာ၊ ဒါယိကာမ သူတော်ကောင်းများ လော ကီ လောကုတ္တရာ အကျိုးစီးပွား ဖြစ်ထွန်းအောင်မြင်မှုများ ရရှိစေရန် ဤဆောင်းပါးအား ရေးသား၍ လက်ဆင့်ကမ်း ဓမ္မဒါန ပေးဝေလိုက်ပါသည်။ တပည့်တော်အား ခွင့်ပြုတော် မူပါရန် ရိုသေလေးစားစွာ လျှောက်ထားရင်း ဤဆောင်းပါး ကို နိဂုံးချုပ်လိုက်ပါသည်။

❑ ထြည်ထင့်နိုင်


# အိမ်ထောင်ရှင်အမျိုးသမီးများအတွက် အထူး

✿ အဆက်အသွယ်မရ ဖြစ်နေတဲ့သူနဲ့ အဆက်အသွယ် အမြန်ဆုံးပြန်ရစေချင်သလား ✿ အိမ်မှဆင်းသွားသူ အိမ်ကို အမြန်ဆုံးပြန်လည်လာစေလိုပါသလား ✿ အသစ်နဲ့ သွား ပေါင်းနေသူကို အဟောင်းထံ ပြန်လည်လာစေလိုပါသလား ✿ ရပ်ဝေးမှာ သွားရောက် လုပ်ကိုင်နေသူက မိမိထံကို ငွေများများ မြန်မြန်ပြန်ပို့စေချင်ပါသလား ✿ အိမ်ပေါ်မှ ဆင်း လာတဲ့ မိမိကို အမြန်ဆုံး လာခေါ်စေလိုပါသလား . . . (နည်းလမ်းကောင်းတွေ ရှိပါတယ်)။

## ဆရာဦးပိုင်ဇအောင် ( ဝိဇ္ဇာတွဲ )

### လက္ခဏာဗေဒင်ယတြာအစီအရင်

◎ ယုံကြည်သူအားလုံးကြွခဲ့ပါ ◎

အခန်း (B-1)၊ မြေညီထပ်၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်ဆိုင်အနီး)၊ ဦးဝိစာရလမ်း (၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။ ☎ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၁၇၉၁

ပိတ်ရက် မရှိပါ၊ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ။




www.burmeseclassic.com

www.burmeseclassic.com






**A**

## Architect
## ဗိသုကာအင်ဂျင်နီယာ

ဗိသုကာအင်ဂျင်နီယာတစ်ယောက်၏ လက္ခဏာတွင် အောက်ပါအတိုင်း တွေ့နိုင်သည်။

(၁) ဉာဏ်စွမ်းလမ်းကြောင်း ဖြောင့်တန်းနေခြင်း၊
(၂) လက်ခလယ်(စနေလက်ချောင်း) ရှည်လျားခြင်း၊
(၃) လက်ချောင်းများ၏ ပထမအဆစ်ရှည်ခြင်း၊
(၄) လက်သူကြွယ် ရှည်လျားခြင်း၊
(၅) သောကြာဂြိုဟ်ခုံ အားကောင်းပြည့်ဖြိုးခြင်း၊
(၆) တနင်္ဂနွေဂြိုဟ်ခုံ အထူးကောင်းမွန်ထင်ရှားခြင်း၊
(၇) ဗုဒ္ဓဟူးဂြိုဟ်ခုံ ပေါ်လွင်ထင်ရှားခြင်း၊
(၈) လက်မ၏ ဒုတိယအဆစ် ရှည်လျားခြင်း၊


www.burmeseclassic.com

www.burmeseclassic.com

(၉) လက်သည်းများရှည်၍ လေးထောင့်စပ်စပ်ဖြစ်ခြင်း၊
(၁၀) လက်ထိပ်ဖျား ကားနေခြင်း၊
(၁၁) လက်အနေအထား ခပ်ပြားပြားနှင့် လေးထောင့်စပ်စပ် ရှိခြင်း။

## Arm, Accident to
## လက်မောင်းတွင်အနာတရဖြစ်တတ်မှု

တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် အဖြတ်, အပြတ် အရေးအကြောင်းကလေးများ ရှိနေပါက လက်မောင်းတစ်ဖက်ဖက်တွင် ဒဏ်ရာအနာတရ ဖြစ်မည်ကို ပြ၏။

## Artistic Hand
## အနုပညာသည်လက်

အနုပညာရှင်များတွင် သွယ်လျလျလက်များ ရှိတတ်ကြပြီး လက်အရွယ်အစားမှာ မကြီးမသေးဖြစ်သည်၊ လက်ဝါးပြင်သည် အနည်းငယ်သွယ်သည်။



တွံတေးသိန်းတန်၏ လက္ခဏာ

လက်ချောင်းများသည် အရင်းတွင် ပြည့်ဖြိုးသည်။ လက်ချောင်းများ၏ထိပ်ဖျား (သို့မဟုတ်) လက်သည်းရှိရာအဆစ်ပိုင်းသည် အနည်းငယ် ချွန်၍နေသည်။ သူတို့ကို အရောင်ကာလာများ၊ ဂီတ, အက, တေးသီချင်းများ၊ ဝမ်းနည်းစရာများနှင့် စိတ်ပျော်ရွှင်စရာများက လွှမ်းမိုးထားသည်။ အခြေခံအားဖြင့် စိတ်လှုပ်ရှားနေတတ်ကြသူများ ဖြစ်သည်။

## Artist, Very Great
## ပန်းချီ၊ ပန်းပု၊ အနုပညာကျော်(ပါရမီရှင်)



ပန်းချီပညာရှင်တစ်ဦး၏လက္ခဏာ

ပန်းချီ၊ ပန်းပု၊ အနုပညာရပ်တွင် ထူးထူးခြားခြား အောင်မြင်သူတို့တွင် အောက်ပါအမှတ်အသား လက္ခဏာများ ပါရှိရမည်ဖြစ်သည်။

(၁) တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် အောင်မြင်ရေးလမ်းကြောင်းတို တစ်ခုပါရှိခြင်း။
(၂) ဉာဏ်စွမ်းလမ်းကြောင်းတွင် လမ်းကြောင်းခွဲတစ်ခု ပါရှိခြင်း။
(၃) ဉာဏ်လမ်းကြောင်းသည် လက်ဖနောင့် တနင်္လာဂြိုဟ်ခုံသို့ ကွေးညွှတ်နေခြင်း။
(၄) တနင်္လာဂြိုဟ်ခုံ အနေအထားကောင်းမွန်ခြင်း။
(၅) လက်ညှိုးနှင့် လက်ခလယ်လက်ချောင်းများအောက်ကြားရှိ ဂြိုဟ်ခုံသည် ကျယ်ပြန့်ကောင်းမွန်ခြင်း။
(၆) ဂမ္ဘီရကြက်ခြေ ပါရှိခြင်း၊
(၇) လက်သူကြွယ်(တနင်္ဂနွေ) လက်ချောင်း၏ ဒုတိယအဆစ် ရှည်ခြင်း၊
(၈) လက်သူကြွယ်(တနင်္ဂနွေ) လက်ချောင်း ကောင်းမွန်၍ ရှည်လျားဖြောင့်တန်းခြင်း။

## Assassination
## လုပ်ကြံသတ်ဖြတ်မှု

လုပ်ကြံသတ်ဖြတ်ခြင်း ခံရတတ်သူ၏ လက်တို့တွင် အောက်ပါ အမှတ်လက္ခဏာများကို တွေ့ရမည်။

(၁) အင်္ဂါ(အဖို)ဂြိုဟ်ခုံတွင် ကြက်ခြေတစ်ခု သို့မဟုတ် ကြယ်သင်္ကေတန်ရှိခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

(၂) လက်ဝါးအလယ် အင်္ဂါလွင်ပြင်တွင် ကြီးမားသည့် ကြက်ခြေတစ်ခုရှိခြင်း၊

(၃) ဒုတိယလက်ချောင်း(လက်ခလယ်)၏ တတိယအဆစ်တွင် ကြယ်သဏ္ဌာန်တစ်ခုရှိခြင်း၊

(၄) 'စနေဂြိုဟ်ခုံအောက်တွင် လေးထောင့်ကွက်မှ အရေးအကြောင်း တစ်ခုသည် သောကြာခါးပတ်ဆီသို့ စောက်နက်စွာ ဖြတ်ကျော်နေခြင်း။

ကောင့် စီဒီ စိန့်-ဂျာမိန်း။

**(Comte C.de Saint - Germain)**

## Asthma
## ရင်ကျပ်ပန်းနာရောဂါ

(၁) စတုဂံလွင်ပြင်ထဲတွင် အမည်းစက်တစ်ခုရှိခြင်း၊

(၂) ကျန်းမာရေးလမ်းကြောင်း မကောင်းခြင်း၊ မထင်ရှားခြင်း၊

(၃) နှလုံးလမ်းကြောင်းသည် ဦးခေါင်းလမ်းကြောင်းဆီသို့ ကွေ့ကောက်၍ ထိုးဆင်းသွားခြင်း၊

(၄) လေးထောင့်လွင်ပြင် ကျဉ်းမြောင်းခြင်း။

## Astronomer
## နက္ခတ္တဗေဒပညာရှင်



ထင်ရှားကျော်ကြားသော
Astronomer တစ်ဦး၏လက္ခဏာ

နက္ခတ္တဗေဒပညာရှင်တစ်ဦး၏လက်တွင် အောက်ပါ အမှတ်လက္ခဏာများကို တွေ့ရမည်ဖြစ်သည်။

(၁) လက်မအနေအထား သာမန်ထက်ရှည်ခြင်း၊

(၂) လက်ချောင်းများ၏ ဒုတိယအဆစ်များ ရှည်လျားခြင်း၊

(၃) ဉာဏ်စွမ်းလမ်းကြောင်း သန့်ရှင်း၍ အားကောင်းခြင်း၊

(၄) လေးထောင့်လွင်ပြင်တွင် ဂမ္ဘီရကြက်ခြေ ပါရှိခြင်း၊

(၅) ဗုဒ္ဓဟူးဂြိုဟ်ခုံ အနေအထား ကောင်းမွန်ခြင်း၊

(၆) လက်ချောင်းများ အဆစ်ကြီး၍ ရှည်လျားခြင်း၊

(၇) လက်ချောင်းထိပ်များ လေးထောင့်ပုံရှိခြင်း၊

(၈) လက်ဝါးပြင်မာကျော၍ အရိုးများပေါ်လွင်နေခြင်း၊

(၉) တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် အောင်မြင်ရေးလမ်းကြောင်းနှင့် ကြယ်သဏ္ဌာန်အမှတ်အသား ပါရှိခြင်း။

## Astro - Palmistry
## နက္ခတ္တဗေဒလက္ခဏာပညာ

လက်ဝါးပြင်မှ ဂြိုဟ်ခုံများ၊ လက်ချောင်းများ၊ အရေးအကြောင်းများ၊ ကြယ်များ၊ ကြက်ခြေများ စသည်တို့ကို သေချာစွာ စစ်ဆေးပါက ထိုသူ၏ဇာတာတွင် ပါရှိသည့် ဂြိုဟ်များ၏ အနေအထား ကောင်း၊မကောင်းတို့ကို သိစေနိုင်လိမ့်မည် ဖြစ်သည်။

ကျွန်ုပ်တို့ သိရှိပြီးသည့်အချက်မှ ဂြိုဟ်ကိုးလုံးရှိသည့်အနက် နက္ခတ်ဗေဒင် ရှုထောင့်အရ အရေးပါသည့် ဂြိုဟ်ခုနစ်လုံးကိုပြသည့် ဂြိုဟ်ခုံ ခုနစ်ခုကို ပြဆိုပေသည်။

ဤဂြိုဟ်ခုံများနှင့် အရေးအကြောင်းများသည် ဇာတာထဲတွင် ဂြိုဟ်များအနေဖြင့် အနေအထားကောင်း ရှိမရှိကို တစ်စုံတစ်ရာ သဲလွန်စ ရရှိစေပေသည်။

## Audacity
## ရဲရင့်မှု၊ ရဲစွမ်းသတ္တိ

ရဲရင့်သည့်စိတ်ရှိသူ ဟုတ်/မဟုတ်ကို အောက်ပါ အမှတ်လက္ခဏာများဖြင့် သိနိုင်၏။

(၁) ကျန်းမာရေးလမ်းကြောင်း အလွန်ကောင်းမွန်ခြင်း၊

(၂) နှလုံးလမ်းကြောင်း ကောင်းမွန်ခြင်း၊

(၃) ကြာသပတေးဂြိုဟ်ခုံ ပေါ်လွင်ခြင်း၊

(၄) ဉာဏ်စွမ်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့သည် အစတွင် ကွာဟနေခြင်း၊

(၅) လက်မ၏ ပထမအဆစ် ရှည်ခြင်း၊

(၆) လက်ချောင်းများသည် လေးထောင့်စပ်စပ်နှင့် ချောမွတ်နေခြင်း။



www.burmeseclassic.com

www.burmeseclassic.com

### Author, Unimaginative
### စိတ်ကူးမယဉ်တတ်သည့် စာရေးဆရာ

စာရေးဆရာတစ်ဦး၏လက်ချောင်းများသည် အကယ်၍ လက်ဆစ်များ ကြီးမားပေါ်လွင်နေပါက ယင်းစာရေးဆရာသည် စိတ်ကူးယဉ် အကြောင်းအရာများကို ဖွဲ့နွဲ့ရေးလေ့မရှိဘဲ သမိုင်းအတ္ထုပ္ပတ္တိ၊ ခရီးသွားမှတ်တမ်း စသော စာပေမျိုးကိုသာ ရေးသားလိမ့်မည်။

### Avarice
### လောဘရမ္မက်ကြီးခြင်း

လောဘရမ္မက်ကြီးသူတစ်ဦး၏လက်တွင် အောက်ပါအမှတ်လက္ခဏာများကို တွေ့ရမည်။

(၁) နှလုံးလမ်းကြောင်းသည် ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် အဆုံးသတ်ခြင်း၊
(၂) ဂြိုဟ်ခုံအားလုံး ဖွံ့ဖြိုးစိုပြည်မှု မရှိခြင်း၊
(၃) နှလုံးလမ်းကြောင်းမရှိဘဲ ဖြစ်တတ်ခြင်း၊
(၄) ဉာဏ်စွမ်းလမ်းကြောင်းသည် အဖြတ်လမ်းကြောင်းတစ်ခုကဲ့သို့ လက်ဖဝါးပြင်ကို ဖြတ်နေခြင်း၊
(၅) လက်အနေအထား ပါးလျား၍ မာကျောခြင်း၊
(၆) လက်ချောင်းများ ရှေ့သို့ကွေးညွတ်ခြင်း၊
(၇) လက်ချောင်းထိပ်များ လေးထောင့်စပ်စပ်ဖြစ်ခြင်း၊
(၈) လက်ချောင်း အဆစ်များကြီးခြင်း။

### Avoiding Mistakes , Capacity of
### အမှားအယွင်းများကို ရှောင်ရှားနိုင်စွမ်းရှိမှု

လက်ခလယ် လက်ချောင်းအောက်တွင် စကြာပုံ (Whorl) တစ်ခုရှိခြင်း။

## B

### Bad Teeth
### သွားမကောင်းခြင်း

(၁) ကျန်းမာရေးလမ်းကြောင်း လှိုင်းတွန့်သဖွယ်ရှိနေခြင်း၊
(၂) နှလုံးလမ်းကြောင်းရှည်၍ လှိုင်းထနေခြင်း။

### Bankruptcy
### ဒေဝါလီခံရခြင်း(ကုန်ရှုံးပစ္စည်းဆုံးပါး၍ ကြွေးမြီတင်ခြင်း)

(၁) ကံလမ်းကြောင်း ဆိုးဆိုးဝါးဝါး ပြတ်တောက်နေခြင်း၊
(၂) ကျန်းမာရေးလမ်းကြောင်းတွင် ကျွန်းခံနေခြင်း၊
(၃) ဗုဒ္ဓဟူးဂြိုဟ်ခုံ အလွန်နိမ့်နေခြင်း၊
(၄) တနင်္ဂနွေဂြိုဟ်ခုံ ညံ့ခြင်း၊
(၅) အောင်မြင်ရေးလမ်းကြောင်း မပါခြင်း သို့မဟုတ် မှေးမှိန်ခြင်း။

### Beauty, Contempt for
### အလှအပကို မနှစ်သက်တတ်ခြင်း

(၁) နှလုံးလမ်းကြောင်း မကောင်းခြင်း၊
(၂) ဉာဏ်စွမ်းလမ်းကြောင်းအနေအထား မကောင်းခြင်း၊
(၃) တနင်္လာဂြိုဟ်ခုံ ထူးခြားမှုမရှိခြင်း၊
(၄) တနင်္လာဂြိုဟ်ခုံ ချိုင့်ခွက်နေခြင်း၊
(၅) လက်သူကြွယ်လက်ချောင်း အလွန်တိုခြင်း၊
(၆) လက်ချောင်းများ လေးထောင့်စပ်စပ်ရှိခြင်း၊
(၇) လက်ဖဝါးပြင် ပျော့ပျောင်းမှုမရှိခြင်း။

### Benevolence
### ကောင်းကျိုးကိုလိုလားသည့် စိတ်နေသဘောထား

ကောင်းကျိုးကိုလိုလားသည့် စိတ်နေသဘောထားရှိသူတို့တွင် အောက်ပါအမှတ်အသားလက္ခဏာများကို တွေ့ရမည်ဖြစ်သည်။

(၁) သောကြာဂြိုဟ်ခုံအတွင်းမှနေ၍ ကံလမ်းကြောင်း အစပြုခြင်း၊
(၂) လေးထောင့်လွှင်ပြင် ကျယ်ဝန်းခြင်း၊
(၃) နှလုံးလမ်းကြောင်း အထူးကောင်းမွန်ခြင်း၊
(၄) နှလုံးလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံမှ အစပြုခြင်း၊
(၅) နှလုံးလမ်းကြောင်း ခက်ရင်းခွသင်္ကေတ ဖြစ်နေခြင်း၊
(၆) ကြာသပတေးဂြိုဟ်ခုံ ကောင်းမွန်ခြင်း၊
(၇) သောကြာဂြိုဟ်ခုံ အထူးကောင်းမွန်ခြင်း၊
(၈) လက်များ နူးညံ့ပျော့ပြောင်းခြင်း၊
(၉) လက်သည်းရှိရာနေရာ ရှည်ခြင်း။

### Between Two Lovers
### ချစ်သူ(၂)ဦးကြား ဗျာများရသူ

သောကြာဂြိုဟ်ခုံအတွင်းမှ အရေးအကြောင်း တစ်ခုတွင် ကြက်ခြေခတ်တစ်ခု ပါရှိခြင်း။

### Bile and Crime
### စိတ်ဆိုးတတ်ခြင်းနှင့် ရာဇဝတ်မှု

ထောက်ပြစရာအချက်တစ်ရပ်မှာ စိတ်ဆိုး, ဒေါသဖြစ်လွယ်သည့်အမျိုးအစား လက်ပုံပန်းသဏ္ဌာန်များသည် အမှန်စင်စစ် ရာဇဝတ်မှုကျူးလွန်သူများသာ ဖြစ်ကြပြီး အခြားအမျိုးအစား ပုံပန်းသဏ္ဌာန်မျိုးနှင့် ရာဇဝတ်မှုကျူးလွန်သူများမှာမူ မလွဲမရှောင်နိုင်သော ဖိအားများ၏ အကြောင်းတရား



www.burmeseclassic.com

www.burmeseclassic.com

များကြောင့်သာ စိတ်ဆိုး၊ စိတ်လှုပ်ရှားပြီး မကောင်းမှုကိုပြု တတ်ခြင်းမျိုး ဖြစ်၏။ ၎င်းတို့မှာ စနေဂြိုဟ်ခုံ အားကောင်းသူများနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံ အားကောင်းသူများဖြစ်ကြပြီး လက်ပုံ သင်္ကေတန် အမျိုးအစားများအရလည်း ဆိုးရွားနေလျှင် ရိုးသား နိမ့်ပါးသူများကို နှိပ်စက်ညှဥ်းပန်းသည့် ရာဇဝတ်မှု ကျူးလွန် ကြသူများဖြစ်၏။ ဝီလျံ ဂျီ-ဘင်တမ်း(William G. Benham)

## Bilious Headache
## သည်းခြေပျက်၍ ခေါင်းကိုက်ခြင်း

ဟက်ပါတီကာ (Hepatica) ခေါ် သည်းခြေလမ်း ကြောင်း ခေါ် ကျန်းမာရေးလမ်းကြောင်းကို အရေးကြောင်း ငယ်တစ်ခု ဖြတ်သွားခြင်း။

## Biliousness သည်းခြေပျက်ခြင်း

(၁) ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် အရေးအကြောင်းများရှိခြင်း။
(၂) အသည်းလမ်းကြောင်း လှိုင်းတွန့်သဖွယ်ရှိနေခြင်း။
(၃) အရေပြားအေးစက်၍ စေးထန်းနေခြင်း။
(၄) လက်ဖဝါးပြင်သည် အဝါရောင်သမ်းနေခြင်း။

## Blackmailer
## မတရားငွေညှစ်၊ ငွေလိမ်သူ

ငွေလိမ်၊ ငွေညှစ်တတ်သူတို့၏လက်တွင် အောက် ပါ အမှတ်လက္ခဏာများကို တွေ့ရမည်။

(၁) ဉာဏ်စွမ်းလမ်းကြောင်းမှ လမ်းကြောင်းခွဲတစ်ခုသည် တနင်္လာဂြိုဟ်ခုံသို့ ထိုးဆင်းနေခြင်း။
(၂) ဗုဒ္ဓဟူးဂြိုဟ်ခုံသည် ပေါ်လွင်ပြီး ကြက်ခြေရှိခြင်း။
(၃) ကြာသပတေးဂြိုဟ်ခုံနှင့် တနင်္ဂနွေဂြိုဟ်ခုံတို့ အထူးမို့ မောက်နေကြခြင်း။
(၄) လက်ချောင်းများချွန်၍ ကွေးကောက်နေခြင်း။
(၅) လက်ဖျားပါးလျား၍ ရှည်နေခြင်း။

## Blackmarketing
## မှောင်ခိုစီးပွားရေး အရောင်းအဝယ်လုပ်ကိုင်ခြင်း

ဗုဒ္ဓဟူးဂြိုဟ်ခုံ ကြီးမားအားကောင်းခြင်းသည် မရိုး မသား စီးပွားရှာခြင်း၊ သစ္စာဖောက်ခြင်းနှင့် မှောင်ခိုစီးပွားရေး လုပ်ကိုင်ခြင်းတို့ကို ပြဆိုနေခြင်းဖြစ်သည်။

## Bladder Trouble
## ဆီးအိမ်တွင်ရောဂါဖြစ်ပွားခြင်း

(၁) တနင်္လာဂြိုဟ်ခုံပေါ်တွင် အရေးအကြောင်း များစွာ ရှိနေခြင်း၊
(၂) တနင်္လာဂြိုဟ်ခုံ ကြီးမားကျယ်ပြန့်နေခြင်း၊

## Blindness
## မျက်မမြင် (အလင်းမရခြင်း)

(၁) အသည်းလမ်းကြောင်းနှင့် နီးသည့် တြိဂံနယ်မြေပေါ် တွင် ကြယ်သင်္ကေတန်တစ်ခုရှိခြင်း၊
(၂) အသက်လမ်းကြောင်းပေါ်တွင် စက်ဝိုင်းသင်္ကေတန် အမှတ်အသားရှိခြင်း၊
(၃) အသည်းလမ်းကြောင်းပေါ်တွင် ကြက်ခြေရှိခြင်း၊
(၄) နှလုံးလမ်းကြောင်းပေါ်တွင် စက်ဝိုင်းရှိခြင်း၊
(၅) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် ကြက်ခြေရှိခြင်း၊

## Blood, Bad Circulation of
## သွေးလည်ပတ်မှု မမှန်ခြင်း

(၁) လက်သည်းများ ပြာနှမ်းနှမ်းဖြစ်နေခြင်း၊
(၂) နှလုံးလမ်းကြောင်း ဖျော့တော့မှေးမှိန်ခြင်း၊

## Blood, Good Circulation of
## သွေးလည်ပတ်မှု ကောင်းမွန်ခြင်း

လက်သည်းများပေါ်တွင် လခြမ်းပုံကြီးမားခြင်း။




## Bloodlessness
## သွေးမရှိခြင်း

(၁) လက်ဖဝါးပြင်အရောင်အသွေး ဖျော့တော့ခြင်း၊
(၂) တနင်္လာဂြိုဟ်ခုံ ကြီးမားခြင်း၊
(၃) လက်သည်းများသေး၍ အရောင်ဖျော့ခြင်း၊
(၄) အသက်လမ်းကြောင်း ဖျော့တော့မှေးမှိန်နေခြင်း။

## Blood Troubles
## သွေးသားမကောင်းခြင်း၊ သွေးကြောင့်တစ်ခုခုဖြစ်ခြင်း

သွေးကြောင့်ရောဂါဖြစ်ခြင်း အမျိုးမျိုးရှိတတ်သည် ... အောက်ပါအမှတ်လက္ခဏာများက ညွှန်ပြလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

**(1) Low Blood Pressure**

**သွေးပေါင်ကျခြင်း**

စနေဂြိုဟ်ခုံကြီးမားနေခြင်း (သို့မဟုတ်) ဇင်းဂြိုဟ်ခုံပေါ်တွင် အရေးအကြောင်း များစွာရှိနေခြင်း။

**(2) Defective Circulation of Blood**

**သွေးလှည့်ပတ်မှုချွတ်ယွင်းခြင်း**

* လက်သည်းများပေါ်တွင် အဖြူစက်ကလေးများ ရှိနေခြင်း၊
* စနေဂြိုဟ်ခုံအောက်ရှိ နှလုံးလမ်းကြောင်း ကျိုးပျက်နေခြင်း

**(3) Blood poisoning**

**သွေးအဆိပ်ဖြစ်ခြင်း**

လက်သည်းများပေါ်တွင် အမည်း သို့မဟုတ် ပြာလဲ့လဲ့ အစက်များရှိခြင်း။

**(4) Excessive flow of blood to the head**

**ဦးခေါင်းသို့ သွေးရောက်မှု လွန်ကဲခြင်း**

အင်္ဂါဂြိုဟ်ခုံကြီးမားခြင်း သို့မဟုတ် ထိုဂြိုဟ်ခုံပေါ်တွင် အရေးအကြောင်းများ များစွာရှိခြင်း။

## Bohemianism

## စည်းကမ်းကလနားမရှိ၊ ပရမ်းပတာနေတတ်မှု

ထုံးတမ်းစဉ်လာမဟုတ်သည့် အပြုအမူ အနေအထိုင်မျိုးဖြင့် ပရမ်းပတာနေတတ်သူတို့၏ လက်တွင် အောက်ပါ အမှတ်လက္ခဏာများကို တွေ့ရမည်ဖြစ်သည်။

(၁) တနင်္လာဂြိုဟ်ခုံ အထူးမို့မောက်ခြင်း၊
(၂) သောကြာဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၃) လက်ညှိုးသည် ပုံမှန်ထက် တိုနေခြင်း၊
(၄) လက်များအလွန် သေးငယ်ခြင်း၊
(၅) လက်ဖဝါးပြင် ပျော့အိခြင်း၊
(၆) ပထမလက်ဆစ်များ ပျော့ပျောင်းခြင်း။
(၇) လက်မသည် နောက်သို့ ကော့လန်နေခြင်း။

## Bracelets

## လက်ကောက်ဝတ်အရစ်များ

လက်ဖဝါးပြင်နှင့် အနီးကပ်ဆုံးလက်ဝါးပြင်အရင်းရှိ အရေးအကြောင်းသုံးခုကို လက်ကောက်ဝတ် အရစ်များဟု ခေါ်သည်။

(၁) ရှင်းရှင်းလင်းလင်းနှင့် ကျိုးပြတ်မှုမရှိသည့် လက်ကောက်ဝတ်အနေအထား (၁)ရစ်က အသက် ၂၃ နှစ်မှ ၂၈ နှစ် အထိကို ညွှန်ပြ၏၊
(၂) ကျိုးပြတ်မှုမရှိသည့် လက်ကောက်ဝတ် (၂)ရစ်က အသက် ၄၆ နှစ်မှ ၅၆ နှစ် အထိကို ညွှန်ပြ၏၊
(၃) အကျိုးအပျက်မရှိသည့် လက်ကောက်ဝတ် (၃)ရစ်က အသက် ၆၉ နှစ်မှ ၈၆ နှစ်အထိကို ညွှန်ပြ၏။

## Brahamcharya

## ဘာသာရေးဆန္ဒအရ အလှူပေးရာ၌ သဒ္ဓါတရား ထက်သန်စိတ်ရှိသူ

(၁) ဂြိုဟ်ခုံများ လုံးဝ ထူးခြားမှုမရှိခြင်း၊
(၂) လက်အနေအထား အလွန်ချောမွတ်ပါးလျားခြင်း
(၃) လက်သူကြွယ်လက်ချောင်း၏ ပထမအဆစ်တွင် ကြက်ခြေပါရှိခြင်း၊
(၄) လက်ညှိုးလက်ချောင်း ပြေပြစ်သွယ်လျ၍ ချွန်နေခြင်း။

## Brain Fever

## ဦးနှောက်အာရုံကြောလှုပ်ရှားပြီး နေထိုင်မကောင်းဖြစ်မှု

(၁) ဉာဏ်စွမ်းလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် အလွန်နီးကပ်နေခြင်း၊
(၂) အသက်လမ်းကြောင်းတွင် အဖျက်လမ်းကြောင်းများ များစွာဖြတ်ကျော်နေခြင်း၊
(၃) အသည်းလမ်းကြောင်း နက်ရှိုင်းနေခြင်း၊
(၄) အသည်းလမ်းကြောင်းသည် ဉာဏ်စွမ်းလမ်းကြောင်းတွင် အဆုံးသတ်နေခြင်း။

(ဆက်ရန်)

❒ ဆရာဦးခန့်ကျော်



www.burmeseclassic.com

www.burmeseclassic.com

# စကြာသုံးထပ်ဗေဒင်ဟောကိန်း

## ညွန့်လွင်(စက်မှုတက္ကသိုလ်)

ဗေဒင်ဟောပြောမှု၌ အသုံးဝင်သော ဗေဒင်စကြာသုံးထပ်ကိန်း ဟောပုံကို ရေးသားတင်ပြအပ်ပါသည်။

စကြာသုံးထပ်ကိန်း ချပုံမှာ "အောင်သာလေ၊ ငနေသစ်၊ ဆယ့်ရှစ်တောင်၊ ရောက်အောင်ထိုး၊ တိမ်ခိုးသာ၊ မြစ်ညာဝ၊ ရောက်လွယ်အောင်၊ သောင်ဖွေးဖွေး" ဟု လက်ာရွတ်ဆိုပြီး ကိန်းချရပါသည်။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၇ |

| | | |
|---|---|---|
| လေ<br>သာ<br>အောင် | သစ်<br>နေ<br>င | တောင်<br>ရှစ်<br>ဆယ့် |
| ဖွေး ဖွေး သောင် | | ရောက် အောင် ထိုး |
| ရောက်<br>လွယ်<br>အောင် | မြစ်<br>ညာ<br>ဝ | တိမ်<br>ခိုး<br>သာ |

| | | |
|---|---|---|
| ၄<br>၆<br>၁ | ၆<br>၇<br>၂ | ၇<br>၈<br>၃ |
| ၅ ၅ ၆ | | ၄ ၁ ၇ |
| ၈<br>၄<br>၁ | ၅<br>၃<br>၄ | ၇<br>၂<br>၆ |

<u>တွက်ပုံ တွက်နည်း</u>

ရောက်သက်တစ်ခု၏ သက်ရောက်ဂြိုဟ် တွက်နည်းနှင့်တူသည်။ မိမိတွက်လိုသူ၏ လက်ရှိရောက်သက်ကို တည်ကိန်းထား၍ (၈)နှင့် စားရပါမည်။ ရလဒ်ကိုမယူဘဲ အကြွင်းကိုသာ ရှာရမည်။ ထိုအကြွင်းအရ အဋ္ဌလဂ္ဂပုံစံတွင် တွက်လိုသူ၏ မွေးနံအရင်မှစ၍ အကြွင်းအတိုင်း လက်ယာရစ် လှည့်ထောက်သွားရပါမည်။ အကြွင်းဆုံးသော အိမ်ကို ကြည့်ပြီး ဟောကိန်းထုတ် ဟောပြောရပါမည်။

**နမူနာ(၁)**

အသက် (၆၅)နှစ်ရှိသူ အင်္ဂါသမီးတစ်ယောက်ကို တွက်ချက်ကြည့်မည်ဆိုပါက ပထမ အသက် (၆၅)ကို (၈)နှင့် စားရပါမည်။ အကြွင်း (၁)ရမည်ဖြစ်ရာ မွေးနံ (အင်္ဂါ)မှ အကြွင်းအတိုင်း ရေတွက်လျှင် အင်္ဂါသက်ရောက်ပင် ရမည်။ အင်္ဂါသက်ရောက်ဖြစ်၍ အင်္ဂါအိမ် (ဆယ့်ရှစ်တောင်) (၃၊ ၈၊ ၇) ဟောကိန်းကို ဖတ်ကြည့်ရပါမည်။

**နမူနာ(၂)**

အသက် (၂၂)နှစ်ရှိသူ တနင်္ဂနွေသားတစ်ယောက်ကိုတွက်ကြည့်ပါက ပထမအသက်(၂၂)ကို (၈)ဖြင့် စားရမည်။ အကြွင်း (၆)ရ၏။ မွေးနံ တနင်္ဂနွေမှစပြီး အကြွင်းအတိုင်း ထောက်၍ လက်ယာရစ်ရေတွက်ကြည့်ပါက ကြာသပတေးသက်ရောက် ကျရောက်မည်။ ကြာသပတေးအိမ် (မြစ်ညာဝ) (၅၊ ၃၊ ၄) ဟောကိန်းကို ဖတ်ကြည့်ရပါမည်။

**နမူနာ(၃)**

အသက်(၄၈)နှစ်ရှိသူ သောကြာသားတစ်ယောက်ကို တွက်ချက်ကြည့်မည်ဆိုပါက ပထမ အသက်(၄၈)ကို (၈)ဖြင့် စားရမည်။ ပြတ်၍ အကြွင်း (သုည)ရမည်။ အကြွင်း (သုည) ရလျှင် မွေးနံမှ တစ်ခွင်ဆုတ်ရမည်။ သောကြာဌာနမှ တစ်ခွင်ဆုတ်ပါက (ရာဟု)သက်ရောက်ဖြစ်မည်။ ထို့ကြောင့် ရာဟုအိမ် (ရောက်လွယ်အောင်) (၈၊ ၄၊ ၁) ဟောကိန်းကို ဖတ်ရ ပါမည်။

လွယ်ကူရှင်းလင်းစေရန် (၈)ရက်သားသမီး (ရာဟု အပါအဝင်) အတွက် ဘဝတစ်သက်တာ အသင့်တွက်ပြီး စကြာသုံးထပ်ကိန်း သက်ရောက်ဇယားကို ပူးတွဲ၍ ဖော်ပြ အပ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

| ရောက်သက်နှစ်များနှင့် သက်ရောက်သုံးထပ်ကိန်းများ | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ |
| ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ |
| ၃၃ | ၃၄ | ၃၅ | ၃၆ | ၃၇ | ၃၈ | ၃၉ | ၄၀ |
| ၄၁ | ၄၂ | ၄၃ | ၄၄ | ၄၅ | ၄၆ | ၄၇ | ၄၈ |
| ၄၉ | ၅၀ | ၅၁ | ၅၂ | ၅၃ | ၅၄ | ၅၅ | ၅၆ |
| ၅၇ | ၅၈ | ၅၉ | ၆၀ | ၆၁ | ၆၂ | ၆၃ | ၆၄ |
| ၆၅ | ၆၆ | ၆၇ | ၆၈ | ၆၉ | ၇၀ | ၇၁ | ၇၂ |
| ၇၃ | ၇၄ | ၇၅ | ၇၆ | ၇၇ | ၇၈ | ၇၉ | ၈၀ |
| ၈၁ | ၈၂ | ၈၃ | ၈၄ | ၈၅ | ၈၆ | ၈၇ | ၈၈ |
| ၈၉ | ၉၀ | ၉၁ | ၉၂ | ၉၃ | ၉၄ | ၉၅ | ၉၆ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေနေ့ သားသမီး | ၁၊ တနင်္ဂနွေ<br>၁၊ ၆၊ ၄ | ၂၊ တနင်္လာ<br>၂၊ ၇၊ ၆ | ၃၊ အင်္ဂါ<br>၃၊ ၈၊ ၇ | ၄၊ ဗုဒ္ဓဟူး<br>၄၊ ၁၊ ၇ | ၇၊ စနေ<br>၇၊ ၂၊ ၆ | ၅၊ ကြာသပတေး<br>၅၊ ၃၊ ၄ | ၈၊ ရာဟု<br>၈၊ ၄၊ ၁ | ၆၊ သောကြာ<br>၆၊ ၅၊ ၅ |
| တနင်္လာနေ့ သားသမီး | ၂၊ တနင်္လာ<br>၂၊ ၇၊ ၆ | ၃၊ အင်္ဂါ<br>၃၊ ၈၊ ၇ | ၄၊ ဗုဒ္ဓဟူး<br>၄၊ ၁၊ ၇ | ၇၊ စနေ<br>၇၊ ၂၊ ၆ | ၅၊ ကြာသပတေး<br>၅၊ ၃၊ ၄ | ၈၊ ရာဟု<br>၈၊ ၄၊ ၁ | ၆၊ သောကြာ<br>၆၊ ၅၊ ၅ | ၁၊ တနင်္ဂနွေ<br>၁၊ ၆၊ ၄ |
| အင်္ဂါနေ့ သားသမီး | ၃၊ အင်္ဂါ<br>၃၊ ၈၊ ၇ | ၄၊ ဗုဒ္ဓဟူး<br>၄၊ ၁၊ ၇ | ၇၊ စနေ<br>၇၊ ၂၊ ၆ | ၅၊ ကြာသပတေး<br>၅၊ ၃၊ ၄ | ၈၊ ရာဟု<br>၈၊ ၄၊ ၁ | ၆၊ သောကြာ<br>၆၊ ၅၊ ၅ | ၁၊ တနင်္ဂနွေ<br>၁၊ ၆၊ ၄ | ၂၊ တနင်္လာ<br>၂၊ ၇၊ ၆ |
| ဗုဒ္ဓဟူးနေ့ သားသမီး | ၄၊ ဗုဒ္ဓဟူး<br>၄၊ ၁၊ ၇ | ၇၊ စနေ<br>၇၊ ၂၊ ၆ | ၅၊ ကြာသပတေး<br>၅၊ ၃၊ ၄ | ၈၊ ရာဟု<br>၈၊ ၄၊ ၁ | ၆၊ သောကြာ<br>၆၊ ၅၊ ၅ | ၁၊ တနင်္ဂနွေ<br>၁၊ ၆၊ ၄ | ၂၊ တနင်္လာ<br>၂၊ ၇၊ ၆ | ၃၊ အင်္ဂါ<br>၃၊ ၈၊ ၇ |
| စနေနေ့ သားသမီး | ၇၊ စနေ<br>၇၊ ၂၊ ၆ | ၅၊ ကြာသပတေး<br>၅၊ ၃၊ ၄ | ၈၊ ရာဟု<br>၈၊ ၄၊ ၁ | ၆၊ သောကြာ<br>၆၊ ၅၊ ၅ | ၁၊ တနင်္ဂနွေ<br>၁၊ ၆၊ ၄ | ၂၊ တနင်္လာ<br>၂၊ ၇၊ ၆ | ၃၊ အင်္ဂါ<br>၃၊ ၈၊ ၇ | ၄၊ ဗုဒ္ဓဟူး<br>၄၊ ၁၊ ၇ |
| ကြာသပတေးနေ့ သားသမီး | ၅၊ ကြာသပတေး<br>၅၊ ၃၊ ၄ | ၈၊ ရာဟု<br>၈၊ ၄၊ ၁ | ၆၊ သောကြာ<br>၆၊ ၅၊ ၅ | ၁၊ တနင်္ဂနွေ<br>၁၊ ၆၊ ၄ | ၂၊ တနင်္လာ<br>၂၊ ၇၊ ၆ | ၃၊ အင်္ဂါ<br>၃၊ ၈၊ ၇ | ၄၊ ဗုဒ္ဓဟူး<br>၄၊ ၁၊ ၇ | ၇၊ စနေ<br>၇၊ ၂၊ ၆ |
| ရာဟုနေ့ သားသမီး | ၈၊ ရာဟု<br>၈၊ ၄၊ ၁ | ၆၊ သောကြာ<br>၆၊ ၅၊ ၅ | ၁၊ တနင်္ဂနွေ<br>၁၊ ၆၊ ၄ | ၂၊ တနင်္လာ<br>၂၊ ၇၊ ၆ | ၃၊ အင်္ဂါ<br>၃၊ ၈၊ ၇ | ၄၊ ဗုဒ္ဓဟူး<br>၄၊ ၁၊ ၇ | ၇၊ စနေ<br>၇၊ ၂၊ ၆ | ၅၊ ကြာသပတေး<br>၅၊ ၃၊ ၄ |
| သောကြာနေ့ သားသမီး | ၆၊ သောကြာ<br>၆၊ ၅၊ ၅ | ၁၊ တနင်္ဂနွေ<br>၁၊ ၆၊ ၄ | ၂၊ တနင်္လာ<br>၂၊ ၇၊ ၆ | ၃၊ အင်္ဂါ<br>၃၊ ၈၊ ၇ | ၄၊ ဗုဒ္ဓဟူး<br>၄၊ ၁၊ ၇ | ၇၊ စနေ<br>၇၊ ၂၊ ၆ | ၅၊ ကြာသပတေး<br>၅၊ ၃၊ ၄ | ၈၊ ရာဟု<br>၈၊ ၄၊ ၁ |

ဇယားကြည့်နည်းမှာ အင်္ဂါသမီးရောက်သက် (၆၅)နှစ်ကို သက်ရောက်သုံးထပ်ကိန်း သိလိုပါက ပထမရောက်သက် (၆၅)နှစ်ကို ရှာပါ။ တွေ့လျှင် အောက်တည့်တည့်ကို ကြည့်ပါ။ အင်္ဂါသမီးဖြစ်၍ အင်္ဂါသားသမီးအတန်းနှင့် ဆုံရာအကွက်ကို ကြည့်ပါက ၃၊ အင်္ဂါ (၃၊ ၈၊ ၇) သက်ရောက်ဖြစ်ကြောင်း သိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဗေဒင်စကြာ သုံးထပ်ကိန်း ဟောကိန်းများ

**၁။ တနင်္ဂနွေအိမ် (အောင်သာလေ) (၁၊ ၆၊ ၄) ဟောကိန်း**

တနင်္ဂနွေအိမ်တွင် သက်ရောက်သောအခါ ရှေးကျမ်းများတွင် လင်္ကာများနှင့် တန်ဆာဆင်၍ (၁၊ ၆၊ ၄) မည်သော တနင်္ဂနွေဂြိုဟ်၊ သောကြာဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်တို့ ဆက်စပ်ပြီး ဤသို့ဟောကိန်းထုတ်လေ၏။

*ဗုဒ္ဓနှောင့်ယှက်၊ လာသည်ချက်ကြောင့်၊ ကိန်းထွက်နာမံ၊ ကြုံပြန်တစ်ပုံ၊ ဥသုံကာကာ၊ သိုက်နေရာကို၊ ဖျက်လာကျီးမှောင့်၊ ကြုံသောကြောင့်လျှင်. . .*

ငှက်သိုက်ကို ကျီးဖျက်သောကိန်း ဖြစ်သည်။ တောင်အရပ်က နဖူးမောက်မောက်၊ နှာယောင်ကောက်ကောက်နှင့် ဝင်ရောက်လာသောသူ တစ်ဦးတစ်ယောက်ကိုမျှ လက်မခံပါနှင့်။ အကြင်သူသည် မိမိအား ကောင်းကျိုးပြုရန်လာခြင်း မဟုတ်ပေ။ အကယ်၍ လက်ခံမိပါက အိမ်တွင်းမိသားစု အသိုက်အမြုံ ဖြိုဖျက်ရန် အနှောင့်အယှက်ပေးလိမ့်မည်။ ထိုသူ၏ ပယောဂကြောင့် မိသားစုအတွင်း စိတ်ဆင်းရဲရပြီး သောကကြီးစွာ ရောက်ကြရလိမ့်မည်။

*တစ်ဖန်သောကြာ၊ ခိုဝင်လာ၍၊ သွားရာလမ်းမြင်* ဆိုသောကြောင့် သောကြာဂြိုဟ် (၆)၏ လွှမ်းမိုးသက်ရောက်သဖြင့် မိမိသည် ခရီးထွက်ရကိန်း ရှိလာမည်။ ခရီးသွားဖြစ်ပါလိမ့်မည်။

ထို့ပြင် မိန်းမတစ်ယောက် အိမ်ကို လာလိမ့်မည်။ သို့မဟုတ် အမျိုးသမီးတစ်ယောက် ပတ်သက်လာနိုင်၏။ တွေ့လိမ့်မည်။ လက်မခံပါနှင့်။ အကယ်၍ လက်ခံမိပါက တန်ခိုးအာဏာရှိသူ၊ အကြီးအကဲများ၏ ရန်မူအပြစ်ရှာ နှိပ်စက်မှုကို ခံရလိမ့်မည်။

*ဂြိုဟ်သောကြာနှင့်၊ ပါပဂ္ဂျုန်၊ နှောလေတုံက၊ သတ္တအစစ်၊ သချ်ာဖြစ်၍* သောကြာဂြိုဟ်နှင့် တနင်္ဂနွေ ပေါင်းစပ်မှုကြောင့် ကိန်းခုနစ်ဖြစ်၍ မကောင်းသော ယှဉ်တွဲမှုကာလ အပိုင်းအခြား ယုဂ်တစ်ခုကို ဖြစ်ပေါ်စေလိမ့်မည်။ သူခိုး ခိုးခံရတတ်သည်။ ပစ္စည်းပျောက်ခြင်း ကြုံနိုင်သည်။ မီးဘေးသင့် ခံရတတ်သည်။ သတိထားပါလေ။

ဗုဒ္ဓဟူးဂြိုဟ်နှင့် သောကြာဂြိုဟ်တို့ ပေါင်းစပ်မှုကြောင့် ဝမ်းကို ဒုက္ခပေးလိမ့်မည်။ ဝမ်းနှင့် ရင်တွင် ရောဂါဘေးဥပဒ်ဖြစ်ရတတ်သည်။ တောင်အရပ်က နွားဝင်လျှင် လက်မခံနှင့်။ အထူးသဖြင့် ထိပ်ကွက်သော နွားကို သတိထားပါလေ။ တောင်အရပ်မှ ခြေလက်လေးဖက်ဖြူသော မြင်း ဝင်လာတတ်သည်။ လက်မခံပါနှင့်။ လက်ခံမိပါက အိမ်သူ အသက်အန္တရာယ်စိုးရိမ်ရတတ်သည်။ မိသားစုမှ တစ်ယောက်ယောက် ဒုက္ခရောက်တတ်၏။ ရန်သူတွေ့ရတတ်သည်။

ဤကာလတွင် စုတ်ဝင်မည်။ လာဘ်များ ဝင်လာတတ်သည်။ သေချာပေါက် ရွှေဝင်ပါလိမ့်မည်။ ရွှေကောင်းဖြစ်မည်။ မိမိ၌ လေရောဂါ ဖြစ်တတ်သည်။ ဗုဒ္ဓဟူးနံသင့် အစားအစာများ သတိနှင့်ယှဉ်၍ ရှောင်ကြဉ်ပါမှ ရန်ကင်းမည်။ တနင်္ဂနွေနံနှင့် ပတ်သက်၍ အလုပ်မလုပ်သင့်ပါ။ သတိထားပါလေ။

**၂။ တနင်္လာအိမ် (ငနေသစ်) (၂၊ ၇၊ ၆) ဟောကိန်း**

တနင်္လာအိမ် (ငနေသစ်) ကျရောက်သောအခါ ဒါနယတြာပြုရလိမ့်မည်။ *စနေသည်လည်း၊ မတည်ထိုအိမ်၊ ခိုဝင်ကြိမ်၍၊ အိမ်မှာကိုယ်ဝန်သား၊ မွန်ဘွားလစ်* ဆိုသောကြောင့် အလှူဒါန ကောင်းမှုကုသိုလ်များ ပြုရပါလိမ့်မည်။ ကိုယ်ဝန်ဆောင်ကိန်း အိမ်မှာရှိသည်။ မွန်မြတ်သော သားသမီးရတနာကလေးရလိမ့်မည်။

*ဂြိုဟ်စစ်သောကြာ၊ ဝင်လာချဉ်းက၊ မိဘဆရာ၊ အရာကြီးကဲ၊ မောင်းမဲဟန့်ဆီး၊ ခရီးသွားရာ* ဟုဆိုလာသဖြင့် သောကြာဂြိုဟ်ချဉ်းကပ် သက်ရောက်သောကြောင့် ဆရာ မိဘ အကြီးအကဲ တားဆီးသည့်ကြားက ခရီးယာယီထွက်ရလိမ့်မည်။ မိတ်ဆွေဟန်ဆောင်သော ရန်သူနှင့်တွေ့မည်။ မိတ်ဆွေအတုအယောင်များမှ မိမိပိုင်ဥစ္စာပစ္စည်းများ ခိုးယူခြင်း၊ လိမ်လည်အကောက်ကြံခြင်းများ ကြုံရတတ်သည်။ မိဘ အကြီးအကဲ ကျန်းမာရေးချို့တဲ့မှု ရှိနိုင်သည်။

ဤကာလတွင် ရွှေ ငွေ ရတနာ လက်ဝတ်လက်စား လယ်ယာဥယျာဉ် ဥစ္စာလာဘ်လာဘများ အမွေရနိုင်မည်။ မိမွေ ဖမွေ ခံစားရရှိမည်။

*နောက်တောင်ရပ်က၊ မိန်းမသန္ဓေ၊ စွဲဝင်နေငြား၊ လက်ခံထားက၊ ခဏပြန်းတီး၊ ပျက်စီးတတ်ငြား၊ အသွားအလာ၊ ဒိသာဥတ္တရ၊ မြောက်ဒေသသို့၊ ဘေးရန်လွန်ကင်းတည်း* ဟုဆိုထားသဖြင့် အိမ်သို့ အမျိုးသမီး ဝင်လာပါက လက်မခံပါနှင့်။ ရှောင်ပါ။ အထူးသဖြင့် အနောက်တောင် အရပ်ကလာသူ အမျိုးသမီး ကိုယ်ဝန်ဆောင်မိန်းမကို သတိထားပါ။ အကယ်၍ လက်ခံမိပါက စီးပွားဥစ္စာ ခဏတာ အတွင်း ပျက်စီးဆုံးရှုံးရမည်။ ဆရာသမား၏ အထင်မြင်လွဲခြင်း ခံရမည်။ ရန်သူ ရှိနေသည်။ အသွားအလာ ဆင်ခြင်ပါ။ မြောက်အရပ်သို့ ခရီးထွက်ခြင်း မပြုပါနှင့်။ သို့မှသာ ဘေးရန် လွတ်ကင်းပါလိမ့်မည်။

**၃။ အင်္ဂါအိမ်(ဆယ့်ရှစ်တောင်) (၃၊ ၈၊ ၇) ဟောကိန်း**

*ဂြိုဟ်ကေသရ၊ ခွင်ဂေဟတွင်၊ ပါပတစ်ခု၊ ရှိသည်မှုကြောင့်၊ နှစ်ခုကျွဲမင်း၊ စစ်အင်ကျင်းသော်၊ တစ်မင်းစစ်...* ဤသည်ထုံးကို ဆိုထားသည်။ ခြင်္သေ့အိမ် အင်္ဂါဂြိုဟ်အိမ်တွင် ပါပမည်သော မကောင်းသည့်ဂြိုဟ် ပါဝင်ပတ်သက်နေ...



www.burmeseclassic.com

www.burmeseclassic.com

လူကြီးနှင့် လူငယ် စကားများမည်။ ခိုက်ရန် ဖြစ်ပွားမည်။ လူကြီးက မှားနေသော်လည်း ဖွတ်ငြင်းမည်။ ငယ်သူ နိုင်မည်။ သို့သော် လူကြီးက အမှားကို အမှန်လုပ်မည်။

ဤသက်ရောက်တွင် *အင်္ဂါရာဟု၊ သည်ရပ်စုက မာတုဂ္ဂတ္ထိ၊ လင်ရှိထင်ရှား၊ ဖျက်လာငြားသော်* ဟုဆိုသဖြင့် အရှေ့တောင်အရပ်နှင့် အနောက်မြောက်အရပ်က အိမ်ထောင်ရှိသော လင်ရှိမယား ဝင်လာလိမ့်မည်။ သတိထားပါ။ အဖျက်တရားကို ဖန်တီးလိမ့်မည်။

*ဒိသာမဖြောင့်၊ နောက်တောင်ထောင့်ခွင်၊ သွားဆင်ခြင်လေ့၊ ရန်လျှင်ဥပဒ်၊ ထိတ်ခတ်ကြိုးချည်၊ ထွက်သည်သွေးမှာ၊ သီသာဦးခေါင်း ဖြစ်တတ်ရှောင်း၏* ဆိုသောကြောင့် အနောက်တောင်အရပ်ကို အသွားအလာ ဆင်ခြင်ပါ။ သွားမိပါက ဥပဒ်မြင်သည်။ အချုပ်အနှောင် ခံရကိန်း၊ ခေါင်းကွဲသွေးထွက်ကိန်း၊ ဘေးဥပဒ်သင့်ကိန်းများ ရှိသည်။ ကြုံတွေ့ရနိုင်သည်။ မသွားပါနှင့်။ အမှုအခင်း ကြုံနိုင်သောကြောင့် ရှောင်ပါ။ ခိုးသူဘေး၊ မီးဘေးရှိသည်။ အနောက်တောင်အရပ်က လူအဝင်အထွက် မပြုပါစေနှင့်။ ဝင်လာသူကို လက်မခံရ။ အိမ်တွင်း၌ အပြောအဆို အနေအထိုင်မှား၍ အမှုအခင်း ဖြစ်တတ်သည်။

အနောက်မြောက်အရပ်က ကျွဲ၊ နွားများကို လက်မခံရ။ အညိုရောင်၊ အပြာရောင် ခြေလေးချောင်း သတ္တဝါ ဝင်လာလျှင် မိမိအတွက် ကောင်းကျိုးမရှိ။ မဝင်ပါစေနှင့်။ ရှောင်ပါ။ ဤအင်္ဂါအိမ်သက်ရောက်ကာလတွင် စန်းပွင့်မည်။ စုတ်ဝင်မည်။ ဤနှစ် အိမ်ထောင်ကျနိုင်သည်။

*ရှောင်လေလွတ်ကင်း၊ လက်ခံသွင်းက၊ မကြွင်းမကျန်၊ ပြောင်းဆန်ပျက်ပြုန်း၊ အိမ်လုံးမွဲကြေ၊ ခန္ဓာကြေသည်၊ ရှောင်လေစုတ်လာဘ်၊ မကောင်းတည်း* ဟုဆိုထားသဖြင့် စုတ်လာဘ်ဝင်ပါက မယူအပ်ပါ။ မကောင်းသော စုတ်လာဘ် ဖြစ်ပါသည်။ ယူမိပါက လက်ခံမိပါက တစ်အိမ်လုံး ဒုက္ခရောက်ပြီး ကပြောင်းကပြန် ပြောင်းဆန်အောင် ဂြိုဟ်မွှေလိမ့်မည်။ ရွှေဝင်ပါကလည်း ဘုရားရွှေ ဖြစ်နေတတ်သည်။ လက်မခံနှင့်။ ရှောင်ပါ။ မိမိအိမ်ရာ ပျက်စီး၍ ပစ္စည်းဥစ္စာ ပြုန်းတီးကာ ခန္ဓာကြေ သေဆုံးတတ်သည်။ အိမ်ပေါ်သို့ အမှုဝင်လာမည်။ အစွပ်အစွဲခံရမည်။ အပူတွေ့မည်။ စီးပွားရေး ကျဆင်းမည်။ လက်မခံပါက ဘေးရန်ကင်း၊ ချမ်းသာရာ ရမည်။

### ၄။ ဗုဒ္ဓဟူးအိမ် (ရောက်အောင်ထိုး) (၄၊ ၁၊ ၇) ဟောကိန်း

*ဂြိုဟ်ဗုဒ္ဓခွင်၊ ရောက်တုံချင်သော်၊ မာတင်ဆဒ္ဒန်၊ မြားသင့်ဟန်ကြောင့်၊ ဖောက်ပြန်ဝမ်းနာ၊ ပေးတတ်စွာ၏* ဟုဆိုသဖြင့် ဝမ်း၌ ရောဂါရတတ်၊ ဘေးဥပဒ်ရတတ်သည်။ အစာအိမ်ရောဂါ ဖြစ်တတ်သည်။ အိမ်ရာခြေ မတည်မငြိမ် ဖြစ်တတ်သည်။ သို့တည်းမဟုတ် အိမ်ခြေ အတည်တကျ မရှိဘဲ နေထိုင်ရတတ်သည်။ သူတစ်ပါး၏ ပယောဂကြောင့် မိမိ၏ ဥစ္စာစီးပွား ပျက်စီးတတ်၏။ ပြုစုစောင်းမြှောင်း ပြောဆိုမှု ခံရတတ်သည်။

*ဂြိုဟ်စနေလည်း၊ ခွင်နေမတည်၊ ဝင်လာသည်ကြောင့် စနေထောင့်နှင့်၊ တော်ဖြောင့်သမသတ်၊ သည်နှစ်ရပ်က၊ ဝင်ထလာလို၊ လူပုဂ္ဂိုလ်မှာ၊ ထိုထိုရတနာ၊ အိမ်တွင်ရှိငြား၊ ခိုး၍သွားမည်၊ မယုံကြည်နှင့်* ဟူ၍ ဆိုထားသောကြောင့် ပါပဂြိုဟ် စနေက လက်ရှိရောက်သက်တွင် မတည်မငြိမ်ဖြစ်ရန် ဖန်တီးလိမ့်မည်။ စနေထောင့် အနောက်တောင်အရပ်နှင့် သမသတ် ဖြစ်သော တနင်္ဂနွေထောင့် အရှေ့မြောက်အရပ်တို့မှ လူကြီး လူကောင်းဟန်ဆောင်သည့်ပုဂ္ဂိုလ် သူခိုးကျင့် သူခိုးကြံရှိသည့် လူတို့ဝင်လာပြီး အိမ်တွင်ရှိသည့် ရတနာ အတွင်းပစ္စည်းများကို ခိုးယူသွားလိမ့်မည်။ မယုံကြည်ပါနှင့်။

ဤဗုဒ္ဓဟူးအိမ် သက်ရောက်ကာလတွင် အရှေ့မြောက်အရပ်မှ ခြေလေးချောင်း သတ္တဝါ ရောင်းဝယ်လာတတ်၏။ မဝယ်ပါနှင့်။ ဝယ်ပါက ပျောက်ပျက်တတ်သည်။ ဥစ္စာပစ္စည်း ဆုံးရှုံးတတ်သည်။

ခြေလေးချောင်း သတ္တဝါနှင့် ယာဉ်၊ ကား ရောင်းဝယ်မှု သတိပြုပါလေ။ ဘေးရန် အကြီးအကျယ် ကြုံရတတ်၏။ တောင်အရပ်က ကိုယ်ဝန်ဆောင်မိန်းမ အိမ်မှာဝင်ပြီး မွေးသွားလိမ့်မည်။ တောင်ဘက်သို့ ခရီးမသွားသင့်။ အကြံအစည်ပျက်ပြီး ပြန်လာလိမ့်မည်။ စကားများမည်။ ရန်ဖြစ်ရလိမ့်မည်။ ဝယ်ထားသည့် ခြေနှစ်ချောင်း ပျောက်သွားလိမ့်မည်။ သတိပြုပါ။ ဤနှစ်တွင် ငွေဝင်မည်။ လယ်၊ မြေဝင်မည်။ အနောက်မြောက် အရပ်၊ တောင် အရပ်၊ အရှေ့မြောက် အရပ်မှ စုတ်လာဘ်ဝင်မည်။ အထူးသဖြင့် မြောက်အရပ်က စုတ်ကြီး လာဘ်ကြီး ဝင်တတ်ပါ၏။

### ၇။ စနေအိမ် (တိမ်ခိုးသာ) (၇၊ ၂၊ ၆) ဟောကိန်း

*ဂြိုဟ်ရေနတ်မင်း၊ ခွင်ကိုခွင်းသော်၊ မြွေမင်းနှင့် ကျား၊ ပူးကားခိုဝင်၊ သုံးဂြိုဟ်မြင်၍၊ စနေလျှင်မီး၊ ခိုမှီး စောရကိန်းကြီးလှ၏* ဟုဆိုထားသောကြောင့် ၇ စနေ၊ မြွေမင်း ၂ တနင်္လာ ကျား ၆၊ သောကြာ ပူးဂြိုဟ်သုံးလုံးကြောင့် သူခိုး လူလိမ်၊ မီးကိန်းရှိသည်။ သတိပြုပါ။ အိမ်မှာ ကလေးမွေးတာ ယတြာဖြစ်သည်။

*မိန်းမအိမ်တွင်၊ သားဖွားလျှင်မူ၊ လွတ်ပြီယူမှ* [illegible] ဆိုထားသောကြောင့် ခိုးသူဘေး၊ မီးဘေး ကြုံရတတ်သည်။ ကိုယ်ဝန်ဆောင်မိန်းမဖွားပါက ထိုကိစ္စများမှ လွတ်မြောက်ပြီး [illegible] ယူဆရမည်။ သောကြာဂြိုဟ်ကြောင့် မြောက်အရပ် အရှေ့ အရပ်သို့ ခရီးသွားရမည်။ လှည်း လှေ [illegible]



www.burmeseclassic.com

www.burmeseclassic.com

သွားရတတ်သည်။ မသွားသင့်ပါ။ သွားမိက သောကကြီးစွာ ကြုံရတတ်သည်။ အကြံအစည် မအောင်မြင် တတ်ပါ။

ဤနှစ်တွင် အခွင့်အရေး၊ ရာထူး၊ ငွေကြေး၊ ဂုဏ် သိက္ခာရမည်။ မင်းစိုးရာဇာ၊ မင်းမှုထမ်းဖြစ်ပါက ရာထူး တိုး တတ်၏။ ဘွဲ့ထူး၊ ဂုဏ်ထူးရတတ်၏။ ဆင်းရဲသားဖြစ်ပါလျှင် ဥစ္စာ ရွှေ၊ ငွေ၊ လယ်ယာ၊ မိုးမြေရမည်။ မိမွေ ဖမွေ ခံစားရ တတ်သည်။ တိမ်စွဲသောနွား၊ နွားနီ၊ နွားနက်ဝင်လျှင် လက်မခံရ။ အထူးသဖြင့် အရှေ့အရပ်၊ မြောက်အရပ်၊ အရှေ့ မြောက်အရပ်တို့ကို သတိပြုပါ။ နွားနီ၊ နွားနက် လက်ခံမိပါ က မိခင်၊ ဖခင်နှင့် အိမ်ရှင်လင်မယား စသည်တို့တွင် ကံနိမ့် သူမှာ ဘေးအန္တရာယ် ဖြစ်တတ်သည်။ အသက်ဆုံးရတတ်၏။ သတိထားပါ။ စုန်းဖမ်းစားလိမ့်မည်။ မျက်စိ၊ ခြေထောက် ထိ ခိုက်မည်။ အိမ်ရှိ လူကြီးခိုက်လိမ့်မည်။

## ၅။ ကြာသပတေးအိမ် (မြစ်ညာဝ) (၅၊ ၃၊ ၄) ဟော ကိန်း

*ကြိုဟ်နတ်ဂုရု၊ ခွင်မှာရှုသော်၊ ရုံးစုခိုဝင်၊ ဆင်၊ ခြသေ့်၊ ကြွက်၊ ပူးလာယှက်၍၊ ရပ်ဒက္ခိဥ၊ ရွှေတောင်စက၊ ခေတ္တ လယ်ယာ၊ ဥစ္စာမှာမူ၊ ဇီဝစန္ဒရ၊ နှစ်ဒေသက၊ ရအုံ့ဟောဆို* ဟု ဆိုသဖြင့် မိဘအမွေရမည်။ ငွေဝင်မည်။ စီးပွားတိုးတက် ဖြစ်ထွန်းမည်။ ရာထူးရမည်။ လာဘ်ရွှင်မည်။ စုတ်ဝင်မည်။ လယ်ယာလုပ်ငန်းနှင့် တိုးတက်ဖြစ်ထွန်း အောင်မြင်မည်။

အရှေ့အရပ် တောင်စောင်းအနီးမှ ကန်၊ ချောင်း၊ လယ်ယာတို့ ရနိုင်သည်။ အရှေ့အရပ်၊ အနောက်အရပ်မှ ဥစ္စာပစ္စည်းဝင်မည်။

*အသားညိုနှင့်၊ မုဆိုးဖိုလျှင်၊ ရွှေတောင်ခွင်က၊ ရောက် ခိုဝင်ထ၊ မသင့်စွတည်း၊ ခြင်းရာတဝ၊ ရပ်ဗုဒ္ဓက၊ ဝင်ထလာလို၊ လူပုဂ္ဂိုလ်မှာ၊ ဆံတိုသာတည်း* ဟုဆိုသောကြောင့် အရှေ့ တောင်အရပ်မှ မိန်းမ၊ အသားညိုသောလူ၊ မုဆိုးဖို၊ မုဆိုးမ၊ ကောင်အရပ်မှ ဆံပင်တိုတိုနှင့် လူပုဂ္ဂိုလ်တို့ မိမိထံ ခိုဝင် ရောက်လာပါက မှီခိုလာပါက လက်သင့်မခံဘဲ ရှောင်ရှား ငြင်းပယ်ပါလေ။

*ကြွက်ကခြသေ့်၊ စားလေ့အမှန်၊ ခြသေ့်လှန်၍၊ စားပြန် လျှင်က၊ ကြွင်းဒွါရကြောင့်၊ ဒါနချိမ့်ချိမ့်၊ ပြုလိမ့်ဧကန်၊ ဆဒ္ဒန် ပြောင်မျိုး၊ ကြွက်ကိုတိုးက၊ သူရဋ္ဌတြွင်း၊ နီဝင်းစုတ်လာဘ်၊ ရကြတတ်၏* ဟုဆိုသောကြောင့် ဧကန် သေချာပေါက် ကုသိုလ်ဒါန ပြုရလိမ့်မည်။ အလှူအတန်း ခြိမ့်ခြိမ့်သဲသဲ ပြုရတတ်၏။ နီးသော ဝေးသော အရပ်နှစ်ဌာနမှ ပစ္စည်းဥစ္စာ စီးပွားလာဘ်လာဘ စုတ်များရနိုင်၏။ နီသော ဝင်းသော လာဘ်လာဘ၊ စုတ်လာဘ်ရတတ်၏။ ကိုးကွယ်ရအုံ့သော ဘုရားရောက်လာမည်။ စိတ်ချမ်းသာသလို ကိုးကွယ်နိုင်မည်။ ဤနှစ်တွင် ပန်းနာရောဂါ၊ မီးယပ်ရောဂါ ဖြစ်တတ်မည်။ မျက်စိနှင့် ဝမ်းမှာ အနာရောဂါရမည်။ သတိပြုရန်မှာ အရှေ့ တောင်အရပ်ကို ခရီးမသွားပါနှင့်။ မအောင်မြင်နိုင်ပါ။

ရှောင်ခါမရှား၊ ရွှေတောင်ပါးသို့၊ သွားမိလေကာ ဤချင်းရာကြောင့်၊ အိမ်မှာရှိအောင်း၊ ခြေလေးချောင်းလည်း ဘေးပေါင်း ဥပဒ်ဆုံးမည်တည်း ဟုဆို၍ အရှေ့တောင် အရပ်သို့ သွားမိပါက အိမ်ရှိ မြင်း၊ နွား၊ ခြေလေးချောင်း ဥပဒ်သင့် ဆုံးရှုံးရတတ်သည်။ ယာဉ်ကား ခြေလေးချောင်း ရှိလျှင်လည်း ပျက်စီးတတ်၏။

## ၈။ ရာဟုအိမ် (ရောက်လွယ်အောင်) (၈၊ ၄၊ ၁) ဟော ကိန်း

*သူရဋ္ဌနှင့်၊ ဗုဒ္ဓရာဟု၊ ကြိုဟ်တစ်ခုတွင်၊ ရာဟုမြင်က၊ မိဘဆရာ၊ မျက်ပါမာန်လိုက်၊ ရန်ခိုက် တစ်ဆစ်၊ လင်ချစ် မယား၊ ဆွဲထားမမိ၊ ကွာစစ်ရှိ၏၊ မိမိမြှောက်ချီး၊ သားသမီး လည်း၊ ပုံကြီးမသင့်၊ ဒေါသနှင့်သာ၊ ဝမ်းရင်မှာလည်း၊ ရောဂါ ကပ်ရန်* ဟုဆိုထားသောကြောင့် မိဘဆရာသမား အကြီး အကဲက မိမိအား မျက်မာန်သင့်မည်။

ဆရာသမား မိဘနှင့် အထင်အမြင်လွဲ စကားများ မည်။ ရန်ဖြစ်စရာများ ရှိလာမည်။ လင်မယားချင်း မပြေ မလည် စကားအချင်းများမည်။ ညှိနှိုင်းမရဘဲ ကွဲကွာတတ် သည်။ မိမိမြှောက်စားထားသော သားသမီးနှင့် အဆင်မပြေ ဘဲ ဒေါသဖြစ်စရာ ဝမ်းနည်းစရာများ ကြုံလာရတတ်သည်။ သားသမီးက ဒုက္ခပေးမည်။ ဝမ်းနှင့် ရင်တွင် ရောဂါကပ်ငြိ တတ်သည်။ ရာဟုနံ အစားအစာကို ရှောင်ပါ။ အရပ် စီးကရက် ကောင်းကျိုးမပေးပါ။ နေရာအပြောင်းအလဲရှိသည်။

*နွား၊ ခွေးနီ၊ ခွေးနက် လက်မခံမှ တောင်အရပ်* *စုတ်၊ လာဘ်ဝင်မည်။ ဝင်လည်းမလှ၊ မုဆိုးမလည်း၊ ဝင်* *မလျော်၊ ဝင်သော်လာဘ်ပေ၊ ဘုရားရွှေတည်း* ဟုဆိုသဖြင့် မုဆိုးမ ဝင်ရောက်ရောနှောကာ မှီခိုလာတတ်သည်။ လက် မခံနှင့်။ ဝေးဝေးရှောင်လေ။ ဘုရားပစ္စည်း၊ ဘုရားရွှေ ဝင်လာတတ်သည်။ လက်မခံပါနှင့်။ တောင်အရပ်၊ အရှေ့ အရပ်၊ မြောက်အရပ်က လူတွေနှင့် အမှုအခင်း ကြုံရတတ် သည်။ လူလိမ်ခံရမည်။ ပစ္စည်းပျက်မည်။ လျှော့ပါးမည်။ နာ ယူခြင်း ခံရတတ်သည်။

*အရှေ့မြောက်တောင်၊ သွားမရှောင်က* ဟုဆိုထား သည်။ အရှေ့မြောက်အရပ်၊ အရှေ့တောင်အရပ်များသို့ ခရီးမထွက်သင့်ပါ။ ထွက်ပါက ခိုးသူဘေးသင့်ခြင်း၊ ကွဲ၊ နွား ဆင်၊ မြင်း စသော ခြေလေးချောင်း သတ္တဝါများ ဘေးသင့် ခြင်း၊ အဆိပ်ရှိ သတ္တဝါကိုက်ခဲမှု ခံရခြင်းတို့ဖြစ်မည်။ အရှေ့ မြောက်၊ အရှေ့တောင်အရပ်များမှ မကောင်းသော စကား မျိုး၊ အမှုဟောင်းမျိုး ပြောကြားလာသူ အသားနီသူ ပြော များကို ဝေးဝေးက ရှောင်ပါ။ စိတ် မငြိမ်မသက် ဖြစ်





www.burmeseclassic.com

www.burmeseclassic.com

စုန်း၊ နတ်၊ အဖမ်းခံရတတ်၏။ အိမ်မှာ လူမမာရှိမည်။ ဘုရားမှာ ယှတြာပြုပါ။ ကောင်းမှု ကုသိုလ်ပြုပါ။

၆။ သောကြာအိမ် (သောင်ဖွေးဖွေး) (၆၊ ၅၊ ၅) ဟောကိန်း

*ဖြိုဟ်ပူးရာဇာ၊ ကြွက်နှစ်ဖြာတို့၊ ခွင်မှာ ရုံးစု၊ ဘရုဂုဆို၊ ယာယီဂြိုဟ်ကြောင့်၊ သွားလိုခရီး၊ တသီးဧည့်သည်၊ ရောက်ရှဖွယ်တည်း ဟုဆိုထားသည်။* ပူးသောကြာဂြိုဟ် နှင့် ကြွက်၊ ကြာသပတေးဂြိုဟ် နှစ်လုံးတို့သည် ဤကာလတွင် ပေါင်းစပ်နေသည်။ သောကြာဂြိုဟ်သည် ယာယီဂြိုဟ်ဖြစ်ရာ ခရီးယာယီသွားလာရတတ်သည်။ သွားလိုသောခရီးကို အထူးဖိတ်ကြားခံရသော ဧည့်သည်တော်အဖြစ်လည်း ရောက်ရတတ်သည်။

မိမိအိမ်ကိုလည်း ဧည့်သည်ကောင်း ရောက်လာတတ်၏။ ရာထူးလည်း တိုးတက်တတ်သည်။ ငွေဝင်မည်။ ရတနာများဝင်မည်။ အမှုထမ်းဖြစ်က ရာထူးတိုးခြင်း၊ ဂုဏ်ထူးဆုတံဆိပ်အဆောင်အယောင်၊ လုပ်ပိုင်ခွင့်ရတတ်သည်။ ဤခွင်တွင် သက်ရောက်သူအားလုံးအတွက် ဤကာလတွင် တောင်အရပ်၊ မြောက်အရပ်တို့မှ တန်ဖိုးကြီးသော ပစ္စည်းများ၊ လယ်ယာ၊ ရွှေ၊ ငွေ၊ ဥစ္စာပစ္စည်းများ ဝင်လာလိမ့်မည်။

*ကြွက်လျှင်နှစ်ခု၊ တွေ့ဆုံမှုကြောင့်၊ ခိုးပြုတည်းရောက်၊ အကြံကောက်နှင့်၊ နှစ်ယောက် မုဆိုးမ၊ နှစ်ရပ်ကလာ၊ လိမ်လည်လှာအံ့ ဟုဆိုထားသဖြင့်* အနောက်အရပ်ကဖြစ်စေ၊ ဒေသနှစ်ရပ်မှ ပေါင်းစပ်၍ဖြစ်စေ၊ မုဆိုးမ နှစ်ယောက်အကောက်ကြံ၍ လာရောက်တည်းခိုပါက လုံးဝလက်မခံပါနှင့်။ လက်ခံပါက ရွှေ၊ ငွေ၊ ဥစ္စာပျောက်မည်။ ရွှေလိမ်လိမ့်မည်။ သတိပြုပါ။

သူတစ်ပါးကြောင့် စိတ်သောကရောက်ရမည်။ သူများနှင့်ပတ်သက်ပြီး အရှက်တကွဲနှင့် အရှုပ်အရှင်း ပြဿနာများဖြေရှင်းရမည်။ စိတ်ညစ်ရမည်။ ကြီးကဲသူများ၏ ငြိုငြင်မုန်းထားမှု ခံရတတ်သည်။ အပူဝင်မည်။ အလှူအတန်းလုပ်ရမည်။ အိမ်မှာ လူပျိုကြီးများရှိလျှင် အသက်ဘေးအန္တရာယ် ရှိတတ်သည်။

သောကြာဂြိုဟ်ကြောင့်၊ ထိုသူ့မယား၊ နောက်မြောက်ပါးက၊ ရပြားကေန်၊ လက်သင့်ခံလျှင်၊ ဘေးရန်မြင်သည်၊ ရှောင်လျှင်မြေ၊ ချမ်းသာတည်း ဟုဆိုထား၏။ မြောက်အရပ်၊ အနောက်မြောက်အရပ်က ကြင်ရာဖက်ကို ရပြားပါကလည်း လက်မခံပါနှင့်။ သူများမယား ဖြစ်နေတတ်သည်။ လက်ခံကဘေးဥပဒ်ရန် သင့်တတ်၏။ ရှောင်နိုင်မှသာ အေးချမ်းသာယာမည်။

❒ ညွှန့်ဆွေဝင်း (စတ်မှုထထ္တသိုလ်)

## ဆွမ်းတော်ကပ်ပြီး လှူဒါန်းပါ

မင်္ဂလာဦးရွှေအိုး

လူမှာ အရွယ်သုံးပါးရှိတဲ့အနက် ပထမအရွယ် လွန်မြောက်ပြီး ဒုတိယအရွယ် ရောက်လာခဲ့ပြီဆိုတာနဲ့ စီးပွားဥစ္စာကို ရှာဖွေရပါတော့မယ်။ ပညာအခြေခံကလည်း ကောင်းမယ်၊ ကျောထောက်နောက်ခံကလည်း တောင့်တောင့်တင်းတင်းရှိမယ်၊ ကိုယ့်မှာလည်း ရာထူးရာခံ ရှိမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပဲပေါ့။

စီးပွားဥစ္စာ ရှာဖွေတဲ့အခါမှာ စီးပွားပျက်စေမယ့် အပျော်အပါး၊ လောင်းကစား စတာတွေကိုတော့ ရှောင်ကြဉ်ရမှာပေါ့။ ရတာနဲ့သုံးတာ ကာမိဖို့လည်း အရေးကြီးပါတယ်။ အများနဲ့ဆက်နွယ်နေတဲ့ လုပ်ငန်းတွေ လုပ်ကိုင်ကြတဲ့အခါမှာ ကိုယ့်လုပ်ငန်း အောင်မြင်ဖို့တင်မက ကိုယ့်ကိုလည်း အများက လေးစားတာကို ခံယူချင်ကြမှာပဲ။ ကိုယ့်ရဲ့ဂုဏ်သတင်းဟာလည်း ကျော်ကြားမယ်၊ ထင်ရှားမယ်၊ စီးပွားလာဘ်လာဘတွေလည်း ဝင်လာမစဲ တသဲသဲဆိုရင် မကောင်းပေဘူးလား။

ဒီလိုမျိုး ပြည့်စုံဖို့ရာအတွက် ဆွမ်းတော်ကပ်ပြီး လှူဒါန်းတဲ့ ယတြာလေး ပေးချင်ပါတယ်။ လုပ်ရမယ့်အချိန်က မနက် ၉ နာရီတိတိ၊ ကိုယ့်မွေးနေ့မှာလုပ်။ ကိုယ်တိုင်လုပ်ဖို့မအားရင် ကိုယ့်အိမ်သူ အိမ်သားကို လုပ်ခိုင်းပါ။ ထူးခြားမှုတွေ ကြုံတွေ့ရပါလိမ့်မယ်။

၁။ တနင်္ဂနွေဖွားများ နံနက် ၉ နာရီ ငှက်ပျောသီး ၁၀ လုံးကို အခွံနွှာ၊ သကြားဖြူး၊ ဆွမ်းတော်ကပ်ပါ။
၂။ တနင်္လာဖွားများ နံနက် ၉ နာရီ ပန်းသီး ကိုးလုံးမှာ ဆီးသီး၊ သကြားထည့်ပြီး ဆွမ်းတော်ကပ်ပါ။
၃။ အင်္ဂါဖွားများ နံနက် ၉ နာရီ ပန်းကန်ပြားထဲ ရှောက်ယို ငါးပုံ ပုံပြီး ဆွမ်းတော်ကပ်ပါ။
၄။ ဗုဒ္ဓဟူးဖွားများ နံနက် ၉ နာရီ ပန်းကန်ပြား သုံးချပ်မှာ ပဲပင်ပေါက်ကြော်ထည့် ဆွမ်းတော်ကပ်ပါ။
၅။ ကြာသပတေးဖွားများ နံနက် ၉ နာရီ သရက်သီး ခြောက်စိတ် စိတ်ပြီး ဆွမ်းတော်ကပ်ပါ။
၆။ သောကြာဖွားများ နံနက် ၉ နာရီ ဖန်ခွက် ရှစ်ခွက်မှာ နွားနို့အစိမ်းထည့်ပြီး ဆွမ်းတော်ကပ်ပါ။
၇။ စနေဖွားများ နံနက် ၉ နာရီ ပန်းကန်ပြား ရှစ်ချပ်ထဲ အုန်းသီးခြစ်ထည့်ပြီး ဆွမ်းတော်ကပ်ပါ။


❒ မင်္ဂလာဦးရွှေအိုး





www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်ကြည့်သနိုး

၊ဖော်စွက်ကာသိ၊

## တိုးတက်ကြီးပွား၊ သုခချမ်းသာရစေဖို့ အမြစ်အညွှန့်နှံသင့်ဓာတ် အပင်စိုက်ပျိုးနည်း

ဒီလမ်း၊ ဒီနေရာကို နေ့စဉ် ကျွန်တော်လာနေကျ။ မိုးကောင်းဘုရားဝင်း အနောက်မြောက်ထောင့် မုခ်ဦးအသစ်ကြီးက ရွှေရောင်ဝင်းလက်ပြီး တည်တံ့ခံ့ညားနေသည်။ မုခ်ဝသို့ဝင်ပြီး လက်ဖက်ရည်ဆိုင်ကျော်လာလျှင် ပင်လုံးကျွတ်ပွင့်နေသော ပိတောက်ပင်များကို တွေ့လိုက်ရသည်။ ညက သကြံန်မိုးလေး ရွာထားသဖြင့် ပန်းပိတောက်တွေ ရွှေရည်လူးပြီး နွေဦးအလှကို ဖော်ကျူးနေသည်။

နွေအဦး လေရူးနှင့်အတူ ပိကောက်ရနံ့တို့က မွှေးပျံ့လို့နေသည်။ မြောက်ဘက်မုခ်သို့ရောက်သည်နှင့် ကျွန်တော်၏ ဗေဒင်ဟောခန်းသို့ ရောက်လာသည်။ ဟောခန်းရှေ့တူရူရှိ ကရမက်ပင်လည်း ပင်လုံးကျွတ်ပွင့်နေသည်။ လေအဝှေ့တွင် ကရမက်ပွင့်ရနံ့သင်းသင်းလေးက ပျံ့လွင့်လာသည်။ ပင်ရဲ့ထက်ဆီက ဥသြငှက်လေးတွေကလည်း 'ဥသြ. . . ဥသြ'နှင့် ကြည်နူးစရာ တေးဆိုနေကြသည်။ ရွှေရောင်ဝင်းနေသည့် မိုးကောင်းဆုတောင်းပြည့် စေတီတော်ကြီး၏ ဆည်းလည်းသံ တချွင်ချွင်နှင့်အတူ မောင်းကြီးတီးသံ၊ ကြေးစည်ကြီးတီးသံတွေကလည်း လေတွင် ပျံ့လွင့်နေသည်။

ဟောခန်းရောက်ပြီး မကြာမီ ကျွန်တော်မိတ်ဆွေကိုညဏ်ဝင်းတစ်ယောက် ရောက်ချလာသည်။

"ကဲ. . . အိမ်ဆောက်ဖို့ လာမေးပြီးကတည်းက ပျောက်နေတာ အခုမှပဲ ပေါ်လာတော့တယ်၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"အလုပ်တွေ များနေလို့ပါ၊ အခုလဲ ခင်ဗျားဆီက အကူအညီတစ်ခု တောင်းဖို့လာခဲ့တာ"

"ဆိုပါဦး၊ ဘာများလဲ"

"ဒီလို၊ အိမ်ဆောက်ပြီးပြီးဆိုတော့ စီးပွားလုပ်ငန်းတွေ ပိုပြီးတိုးတက်ကြီးပွားလာအောင်ရယ်၊ မိသားစုတွေ သုခချမ်းသာရှိဖို့ရယ် အိမ်ခြံထဲမှာ ဘာပင်ကို ဘယ်လိုဓာတ်ဆင်ပြီး စိုက်ရမလဲ သိချင်လို့ ကူညီပါဦး"

"ဒါက လွယ်ပါတယ်ဗျာ၊ ကျေးဇူးရှင် အတုလ တောင်တွင်းဆရာတော် ခင်ကြီးဖျော်က ခုနစ်ရက်သားသမီးတွေ တိုးတက်ကြီးပွား သုခချမ်းသာရစေဖို့ အမြစ်၊ အညွှန့် နှံသင့်ဓာတ်အပင်စိုက်ပျိုးနည်းကို လင်္ကာလေးနဲ့ မိန့်ကြားခဲ့တယ်"

"ဘယ်လိုမိန့်ကြားခဲ့တာလဲဗျ"

"အမြစ်၊ အညွှန့် မတွန့်စေလျက် မူလဖက်၊ ဓာတ်သတ်ကောလီ၊ ပထဝီ၊ မြေဆီရသာမျိုး၊ မြေဆီတိုးဂကြ်၊ ဖက်သေအမြိတ္တ၊ နိစ္စမသွေ၊ လောင်းလေရေစဉ်၊ အညွှန့်ရှင်၊ အပင်ရောက်က၊ မှီခိုရ၊ သုခစံစားရာ" တဲ့ဗျ။

"လင်္ကာလေးက နားထောင်လို့တော့ ကောင်းပါတယ် နားမလည်ဘူးဗျ၊ ရှင်းပြပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"ရှင်းပြပေးပါ့မယ်ဗျာ၊ ဒီလို ကိုညဏ်ဝင်းရဲ့ အမြစ် အညွန့် မတွန့်စေလျက် ဆိုတာက စိုက်ပျိုးရမယ့် သစ်ပင်အမည်က မိမိမွေးနံရဲ့ အမြစ်နံက အရင်းဘက်၊ အညွန့်နံက အဖျားဘက်မှာ ရှိရမယ်လို့ ဆိုလိုတာ၊ ကိုညဏ်ဝင်းက အင်္ဂါသားဆိုတော့ အမြစ် တနင်္လာ၊ အညွန့် ဗုဒ္ဓဟူး နံနှစ်ပါးပေါင်းစပ်ထားတဲ့ ကမ္ဗလာပင်၊ ခရေပင် အစရှိတဲ့ တနင်္လာနံအရင်း၊ ဗုဒ္ဓဟူးနံအဖျားဖြစ်တဲ့ သစ်ပင်တစ်ပင်ကို စိုက်ရမယ်၊

မူလဖက် ဆိုတာက မိမိမွေးနံရဲ့ မူလအရပ်မှာ စိုက်ရမယ်လို့ ဆိုလိုတာ၊ အင်္ဂါသားသမီးတွေရဲ့ မူလအရပ်က အနောက်တောင်အရပ် ဖြစ်တယ်၊ ဒါကြောင့် ကိုညဏ်ဝင်း အိမ်ရဲ့ အနောက်တောင်ဘက် ခုနစ်လံအကွာလောက်မှာ စိုက်ပျိုးရမယ်၊

ဓာတ်သက်ကောလီ ပထဝီ၊ မြေဆီ ရသာမျိုး ဆိုတာကို သဘောပေါက်ဖို့က ကမ္ဘာဆန်း ဓာတ်သက်တွေကို သိထားရမယ်၊ အဲဒီဓာတ်သက်ကို အောက်မှာဒွေဒွေ၊ ထက်ဒွေက၊ ပါပသူရဋ္ဌ ဝဲသောဋ္ဌသ၊ ယာတီသ၊ အမြိတ္တကောလီသာ၊ ကမ္ဘာဆန်းဓာတ်၊ သက်နေမှတ်၊ မချွတ်သိလေပါ လို့ ဆရာတော်က အင်္ဂဝိဇ္ဇာဒီကာကြီး ပထမတွဲမှာ လင်္ကာနဲ့ပြထားတယ်၊ ဆိုလိုတာက အနောက်ဘက်မှာ ပါပဓာတ်၊ ဓာတ်သက် ၂၂ နှစ်၊ အရှေ့ဘက်မှာ သူရဋ္ဌဓာတ်၊ ဓာတ်သက် ၁၂ နှစ်၊ မြောက်ဘက်မှာ အမြိတ္တဓာတ်၊ ဓာတ်သက် ၁၆ နှစ်၊ တောင်ဘက်မှာ ကောလီဓာတ်၊ ဓာတ်သက် ၃၀ နှစ်ဖြစ်တယ်၊ အမြိတ္တဓာတ်က အာပေါ ရေဓာတ်ဖြစ်တယ်၊ ကောလီဓာတ်က ပထဝီမြေဓာတ်ဖြစ်တယ်၊ မြေဓာတ်ဖြစ်တဲ့ ကောလီဓာတ်သက် ၃၀ နှစ်အရ အိမ်တောင်ဘက်က မြေသန့်သန့်ခွက်ကလေးနှင့် ၃၀ ခွက်တိတိ ချင်ယူပြီး အဲဒီမြေနဲ့ သေချာကျနစွာ စိုက်ပျိုးရတယ်၊

မြေဆီတိုးတက်၊ ဖက်လေ အမြိတ္တာ၊ နိစ္စမသွေ လောင်းလေရေစဉ် ဆိုတာက ရေဓာတ်ဖြစ်တဲ့ အမြိတ္တဓာတ်သက် ၁၆ နှစ်အရ ရေ ၁၆ ခွက်လောင်းပြီး စိုက်ပျိုးရမယ်၊ နေ့စဉ်ရေလောင်းပေးရမယ်လို့ ဆိုလိုတာဖြစ်တယ်၊ အပင်ကို ကျွဲ၊ နွား၊ ဆိတ် စတဲ့ ဘေးဒဏ်က ကင်းဝေးအောင် ခြံခတ်ထားပေါ့ဗျာ၊

အညွန့်ရှင်၊ အပင်ရောက်က၊ မှီခိုရ သုခစံစားရာ ဆိုတာကတော့ ရှင်းပါတယ်၊ စိုက်လိုက်တဲ့အပင်ရဲ့ အညွန့်တွေ ရှင်သန်လာပြီး အပင်ကြီးထွားလာရင် တစ်စ တစ်စ စီးပွားလုပ်ငန်းတွေ တိုးတက်လာမယ်၊ သုခချမ်းသာ ခံစားလာကြရမယ်လို့ ဆိုလိုတာဖြစ်တယ်၊ ကဲ. . . ကိုညဏ်ဝင်း၊ နေ့ကောင်း ရက်ကောင်း အချိန်အခါကောင်းရွေးပြီး ကမ္ဗလာပင်ဖြစ်ဖြစ်၊ ခရေပင်ဖြစ်ဖြစ် စိုက်ပေတော့"

"စိုက်ပါ့မယ်ဗျာ၊ ကျေးဇူးအထူးတင်ပါတယ်" ဟု နှုတ်ဆက်ကာ ကိုညဏ်ဝင်းတစ်ယောက် ပြန်သွားပါတော့သည်။

ခုနစ်ရက်သားသမီးများ အမြစ် အညွန့် နံသင့်ဓာတ်အပင် အလွယ်တကူ စိုက်ပျိုးနိုင်စေရန် နေ့အလိုက် ဆက်လက်ဖော်ပြလိုက်ပါသည်။

### ○ တနင်္ဂနွေသားသမီးများ စိုက်ပျိုးရန်

အမြစ် စနေ၊ အညွန့် တနင်္လာ နံနှစ်ပါး ပေါင်းစပ်ထားသော ထန်းကျင့်ပင်၊ တုန်ချဉ်ပင် အစရှိသော စနေနံ အရင်း၊ တနင်္လာနံ အဖျားဖြစ်သော သစ်ပင်တို့ကို စိုက်ပျိုးရသည်။

စိုက်ပျိုးရန်အတွက် နေ့ကောင်း၊ ရက်ကောင်းအချိန်အခါတို့တွင် မိမိနေအိမ်၏ မူလအရပ်ဖြစ်သော အနောက်မြောက်ထောင့်ဘက် ခုနစ်လံအကွာလောက်မှာ စိုက်ပျိုးရသည်။ အိမ်တောင်ဘက်က မြေသန့်သန့်ခွက်ကလေးနှင့် ၃၀ ခွက်တိတိ ချင်ယူပြီးလျှင် ၎င်းမြေနှင့် သေချာကျနစွာ စိုက်ပျိုးရသည်။ အပင်ကို ခြံခတ်ထားရသည်။ ထိုအပင် သန်စွမ်းကြီးမားလာသည်နှင့် တစ်ပြိုင်နက် တနင်္ဂနွေ သားသမီးများမှာ တစ်စ တစ်စ စီးပွားလုပ်ငန်းများ တိုးတက်ကြီးပွားလာကာ သုခချမ်းသာ ခံစားလာကြရပေမည်။

### ○ တနင်္လာသားသမီးများ စိုက်ပျိုးရန်

အမြစ် တနင်္ဂနွေ၊ အညွန့် အင်္ဂါ နံနှစ်ပါး ပေါင်းစပ်ထားသော ဩဇာပင်ကို စိုက်ပျိုးရသည်။

စိုက်ပျိုးရန်အတွက် နေ့ကောင်း ရက်ကောင်း အချိန်

မွေးနေ့အလိုက် အမြစ်၊ အညွန့်၊ အပင်၊ မူလအရပ် ဇယား

| | | | | | | | |
|---|---|---|---|---|---|---|---|
| မွေးနေ့ | ၁-နွေ | ၂-လာ | ၃-ဂါ | ၄-ဟူး | ၅-တေး | ၆-ကြာ | စနေ |
| အညွန့် | ၂-လာ | ၃-ဂါ | ၄-ဟူး | ၅-တေး | ၆-ကြာ | စနေ | ၁-နွေ |
| အမြစ် | စနေ | ၁-နွေ | ၂-လာ | ၃-ဂါ | ၄-ဟူး | ၅-တေး | ၆-ကြာ |
| သစ်ပင် | တုန်ချဉ်<br>ထန်းကျင့် | ဩဇာ | ကမ္ဗလာ<br>ခရေ | စိန်ပန်း | ဝသဲ<br>လောက်သေ | ဇာဒ်<br>ပိတောက် | သပွတ်အူ<br>သစ်အယ် |
| မူလ<br>အရပ် | အနောက်<br>မြောက် | အရှေ့ | အနောက်<br>တောင် | မြောက် | အနောက် | တောင် | အရှေ့တောင် |

www.burmeseclassic.com

အခါတို့တွင် မိမိနေအိမ်၏ မူလအရပ်ဖြစ်သော အရှေ့အရပ်ဘက် ခုနစ်လံအကွာလောက်မှာ စိုက်ပျိုးရသည်။ အိမ်တောင်ဘက်က မြေသန့်သန့် ခွက်ကလေးနှင့် ၃၁ ခွက်တိတိ ချင်ယူပြီးလျှင် ၎င်းမြေနှင့် သေချာကျနစွာ စိုက်ပျိုးရသည်။ ရေ ၁၆ ခွက်လောင်းလျက် အပင်ကြီးမားလာအောင် စိုက်ပျိုးရသည်။ နေ့စဉ် ရေလောင်းပေးရသည်။ အပင်ကို ခြံခတ်ထားရသည်။ ထိုအပင် သန်စွမ်းကြီးမားလာသည်နှင့် တစ်ပြိုင်နက် တနင်္လာသားသမီးများမှာ တစ်စ တစ်စ စီးပွားလုပ်ငန်းများ တိုးတက်ကြီးပွားလာကာ သုခချမ်းသာ ခံစားလာကြရပေမည်။

**၀ အင်္ဂါသားသမီးများ စိုက်ပျိုးရန်**

အမြစ် တနင်္လာ၊ အညွန့် ဗုဒ္ဓဟူး နံနှစ်ပါး ပေါင်းစပ်ထားသော ကမ္ဘလာပင်၊ ခရေပင် အစရှိသော တနင်္လာနံ အရင်း၊ ဗုဒ္ဓဟူးနံအဖျားဖြစ်သော သစ်ပင်တို့ကိုစိုက်ပျိုးရသည်။

စိုက်ပျိုးရန်အတွက် နေ့ကောင်း၊ ရက်ကောင်း အချိန်အခါတို့တွင် မိမိနေအိမ်၏ မူလအရပ်ဖြစ်သော အနောက်တောင်ဘက် ခုနစ်လံအကွာလောက်မှာ စိုက်ပျိုးရသည်။ အိမ်တောင်ဘက်က မြေသန့်သန့် ခွက်ကလေးနှင့် ၃၀ ခွက် ချင်ယူပြီးလျှင် ၎င်းမြေနှင့် သေချာကျနစွာ စိုက်ပျိုးရသည်။ ရေ ၁၆ ခွက်လောင်းလျက် အပင်ကြီးမားလာအောင် စိုက်ပျိုးရသည်။ နေ့စဉ် ရေလောင်းပေးရသည်။ အပင်ကို ခြံခတ်ထားရသည်။ ထိုအပင် သန်စွမ်းကြီးမားလာသည်နှင့် တစ်ပြိုင်နက် အင်္ဂါသားသမီးများမှာ တစ်စ တစ်စ စီးပွားလုပ်ငန်းများ တိုးတက်ကြီးပွားလာကာ သုခချမ်းသာ ခံစားလာကြရပေမည်။

**၀ ဗုဒ္ဓဟူးသားသမီးများ စိုက်ပျိုးရန်**

အမြစ် အင်္ဂါ၊ အညွန့် ကြာသပတေး နံနှစ်ပါး ပေါင်းစပ်ထားသော စိန်ပန်းပင်ကို စိုက်ပျိုးရသည်။

စိုက်ပျိုးရန်အတွက် နေ့ကောင်း၊ ရက်ကောင်း အချိန်အခါတို့တွင် မိမိနေအိမ်၏ မူလအရပ်ဖြစ်သော မြောက်ဘက် ခုနစ်လံအကွာလောက်မှာ စိုက်ပျိုးရသည်။ အိမ်တောင်ဘက်က မြေသန့်သန့် ခွက်ကလေးနှင့် ၃၀ ခွက်တိတိ ချင်ယူပြီးလျှင် ၎င်းမြေနှင့် သေချာကျနစွာ စိုက်ပျိုးရသည်။ ရေ ၁၆ ခွက် လောင်းလျက် အပင်ကြီးမားလာအောင် စိုက်ပျိုးရသည်။ နေ့စဉ် ရေလောင်းပေးရသည်။ အပင်ကို ခြံခတ်ထားရသည်။ ထိုအပင် သန်စွမ်းကြီးမားလာသည်နှင့် တစ်ပြိုင်နက် ဗုဒ္ဓဟူး သားသမီးများမှာ တစ်စ တစ်စ စီးပွားလုပ်ငန်းများ တိုးတက်ကြီးပွားလာကာ သုခချမ်းသာ ခံစားလာကြရပေမည်။

**၀ ကြာသပတေးသားသမီးများ စိုက်ပျိုးရန်**

အမြစ် ဗုဒ္ဓဟူး၊ အညွန့် သောကြာ နံနှစ်ပါး ပေါင်းစပ်ထားသော ဝသဲပင်၊ လောက်သေပင် အစရှိသော ဗုဒ္ဓဟူးနံ အရင်း သောကြာနံ အဖျားဖြစ်သော သစ်ပင်တို့ကို စိုက်ပျိုးရသည်။

စိုက်ပျိုးရန်အတွက် နေ့ကောင်း၊ ရက်ကောင်း အချိန်အခါတို့တွင် မိမိနေအိမ်၏ မူလအရပ်ဖြစ်သော အနောက်ဘက် ခုနစ်လံအကွာလောက်မှာ စိုက်ပျိုးရသည်။ အိမ်တောင်ဘက်က မြေသန့်သန့် ခွက်ကလေးနှင့် ၃၀ ခွက်တိတိ ချင်ယူပြီးလျှင် ၎င်းမြေနှင့် သေချာကျနစွာစိုက်ပျိုးရသည်။ ရေ ၁၆ ခွက် လောင်းလျက် အပင်ကြီးမားလာအောင် စိုက်ပျိုးရသည်။ နေ့စဉ် ရေလောင်းပေးရသည်။ အပင်ကို ခြံခတ်ထားရသည်။ ထိုအပင် သန်စွမ်းကြီးမားလာသည်နှင့် တစ်ပြိုင်နက် ကြာသပတေး သားသမီးများမှာ တစ်စ တစ်စ စီးပွားလုပ်ငန်းများ တိုးတက်ကြီးပွားလာကာ သုခချမ်းသာ ခံစားလာကြရပေမည်။

**၀ သောကြာသားသမီးများ စိုက်ပျိုးရန်**

အမြစ် ကြာသပတေး၊ အညွန့် စနေ နံနှစ်ပါး ပေါင်းစပ်ထားသော ပိန္နဲပင်၊ ပိတောက်ပင်၊ ဖာံပင် အစရှိသော ကြာသပတေးနံ အရင်း စနေနံ အဖျားဖြစ်သော သစ်ပင်တို့ကို စိုက်ပျိုးရသည်။

စိုက်ပျိုးရန်အတွက် နေ့ကောင်း၊ ရက်ကောင်း အချိန်အခါတို့တွင် မိမိနေအိမ်၏ မူလအရပ်ဖြစ်သော တောင်ဘက် ခုနစ်လံအကွာလောက်မှာ စိုက်ပျိုးရသည်။ အိမ်တောင်ဘက်က မြေသန့်သန့် ခွက်ကလေးနှင့် ၃၀ ခွက်တိတိ ချင်ယူပြီးလျှင် ၎င်းမြေနှင့် သေချာကျနစွာ စိုက်ပျိုးရသည်။ ရေ ၁၆ ခွက် လောင်းလျက် အပင်ကြီးမားလာအောင် စိုက်ပျိုးရသည်။ နေ့စဉ် ရေလောင်းပေးရသည်။ အပင်ကို ခြံခတ်ထားရသည်။ ထိုအပင် သန်စွမ်းကြီးမားလာသည်နှင့်တစ်ပြိုင်နက် သောကြာ သားသမီးများမှာ တစ်စ တစ်စ စီးပွားလုပ်ငန်းများ တိုးတက်ကြီးပွားလာကာ သုခချမ်းသာ ခံစားလာကြရပေမည်။

**၀ စနေသားသမီးများ စိုက်ပျိုးရန်**

အမြစ် သောကြာ၊ အညွန့် တနင်္ဂနွေ နံနှစ်ပါး ပေါင်းစပ်ထားသော သစ်အယ်ပင်၊ သပွတ်အူပင် အစရှိသော သောကြာနံ အရင်း တနင်္ဂနွေနံ အဖျားဖြစ်သော သစ်ပင်တို့ကို စိုက်ပျိုးရသည်။

စိုက်ပျိုးရန်အတွက် နေ့ကောင်း၊ ရက်ကောင်း အချိန်အခါတို့တွင် မိမိနေအိမ်၏ မူလအရပ်ဖြစ်သော အရှေ့တောင်ဘက် ခုနစ်လံအကွာလောက်မှာ စိုက်ပျိုးရသည်။ အိမ်တောင်ဘက်က မြေသန့်သန့် ခွက်ကလေးနှင့် ၃၀ ခွက်တိတိ ချင်ယူပြီးလျှင် ၎င်းမြေနှင့် သေချာကျနစွာ စိုက်ပျိုးရသည်။ ရေ ၁၆ ခွက် လောင်းလျက် အပင်ကြီးမားလာအောင် စိုက်ပျိုးရသည်။ နေ့စဉ် ရေလောင်းပေးရသည်။ အပင်ကို ခြံခတ်ထားရသည်။ ထိုအပင် သန်စွမ်းကြီးမားလာသည်နှင့် တစ်ပြိုင်နက် စနေ သားသမီးများမှာ တစ်စ တစ်စ စီးပွားလုပ်ငန်းများ တိုးတက်ကြီးပွားလာကာ သုခချမ်းသာ ခံစားကြရပေမည်။

❒ အောင်ကြည်ဆန်း(ဖောင်တော်ဦး)



www.burmeseclassic.com

www.burmeseclassic.com




# လူတို့ ကြိုရန်းခိုက်က အန္တရာယ်ကျ

## ကျော်ဇောဟိန်း(နှံ့သာ)

စာရေးသူတို့ စက်ရုံ၊ အလုပ်ရုံထဲတွင် သကြိန်အကျ နေ့တွင် ပေါင်မုန့်အုန်းနို့ဆမ်းများ ကျွေးမွေးရန်တာဝန်ကျ သဖြင့် ဖိတ်ထားသောဧည့်သည်များနှင့် အလုပ်သမားများ တို့ကိုပါ ကျွေးမွေးရန် အချိန်စောနေသေးသဖြင့် ဝိုင်းဝန်းလုပ် ကိုင်နေကြသော သူငယ်ချင်း အပေါင်းအသင်းများနှင့် စကား စပ်မိစပ်ရာ ပြောကြရာတွင် စာရေးသူက မိမိလေ့လာဆည်းပူး ထားသော ကြိုရန်းခိုက်ပုံ အကြောင်းများကို ပြောပြလေ လေသည်။ လူတို့တွင် ကြိုရန်းခိုက်သည် ဆိုသည်မှာ မိမိမွေးနံ ရဲ့ သုံးခုမြောက်ဖြစ်သော နေ့နံသားကို ဆိုလိုခြင်းနှင့် မိမိနေ့နံ သုံးခုထပ်ကိုလည်း အကျုံးဝင်ကြောင်း . . .။

ဥပမာအားဖြင့် တနင်္ဂနွေ သားသမီးများသည် နေ မကောင်းဖြစ်ခဲ့သော် တနင်္ဂနွေရဲ့ သုံးခုမြောက်ဖြစ်သော အင်္ဂါ နံပါတဲ့ အစားအစာများကို ရှောင်ရပြီး အင်္ဂါနေ့တွင်လည်း ဝမ်းနုတ်ဆေးများစားခြင်း မပြုလုပ်ရပါ။ ပြုလုပ်ခဲ့မိသော် ကြိုရန်းခိုက်သည်ဖြစ်၍ လူသည် အနာရောဂါများ ပိုတိုး လာတတ်ပါသည်။

ထို့အပြင် မိမိနေ့နံ သုံးခုထပ်သောနေ့တွင် အစား အစာများ စားသောက်မိပါကလည်း အစားများကြောင့် ဒုက္ခ ရောက်တတ်ပါသည်။

ဥပမာ တနင်္ဂနွေသားသမီးများသည် တနင်္ဂနွေနေ့၌ တနင်္ဂနွေနံဖြစ်သော ဥ၊ အုန်းများ စားမိပါက အန္တရာယ်ရှိ၍ ဒုက္ခရောက်တတ်ကြောင်းများကို ပြောပြလေရာ နားထောင် နေကြသော လူအများထဲမှ ကိုအောင်ကြိုင်ဆိုသော အစ်ကို ကြီးတစ်ယောက်က ဤသို့ပြောလေသည်။

"မောင်ကျော်မင်းပြောတဲ့စကားတွေ အယူအဆတွေ က ကျောက်ခေတ်က အယူအဆတွေနဲ့ လာပြောမနေပါနဲ့၊ အခု သိပ္ပံခေတ် ဂြိုဟ်တုခေတ်ကွ၊ ဒါတွေ ယုံစရာမလိုတော့ ပါဘူး" ဟုပြောလေသည်။

"မယုံရင်လဲ စမ်းကြည့်ပေါ့ဗျာ၊ ကိုအောင်ကြိုင်က ဘာ နေ့သားလဲ"

"ငါက တနင်္ဂနွေသားကွ"

"တနင်္ဂနွေသားဆိုရင် ဒီနေ့ တနင်္ဂနွေနေ့လေ၊ ဥပါတဲ့ ဟင်းနဲ့ ထမင်းစားဗျာ၊ ပြီးတော့ နေ့လယ်ကျရင် ပေါင်မုန့်အုန်း နို့ဆမ်းပါတဲ့ အုန်းနို့အရည် များများစားကြည့်ပေါ့ဗျာ"





www.burmeseclassic.com

www.burmeseclassic.com

"သိပ်စားတာပေါ့ကွာ၊ စားတော့ ဝတာပေါ့။ မောင်ကျော်မင်းပြောတဲ့ အစားအစာကို ငါ လက်တွေ့စားကြည့်မယ်၊ ထမင်းဖိုး မင်း အကုန်ရှင်းရမယ်"

"သွားစားဗျာ၊ ကျွန်တော် ရှင်းလိုက်မယ်၊ ဟုတ်တယ် မဟုတ်ဘူးဆိုတာ လက်တွေ့စမ်းကြည့်ပေါ့ဗျာ" ဟုပြောလိုက်လေသည်။

ထို့နောက် စာရေးသူလည်း ပေါင်မုန့်အုန်းနို့ဆမ်းကျွေးမွေးညှော်ခံရန်အတွက် ခုံတွေခ‌နေရာချ၊ ပန်းကန်တွေ သယ်ပေးရသည့်အပြင် အခြားဝေယျာဝစ္စတွေလည်း လုပ်ပေးနေလေသည်။ ဖိတ်ထားသော ဧည့်သည်များအပြင် စက်ရုံအလုပ်သမားများပါ သုံးဆောင်ရန် ရောက်လာကြသောကြောင့် စာရေးသူနှင့် ဝိုင်းကူနေသူတို့ပါ အလုပ်ရှုပ်နေလေတော့သည်။ နေ့လယ် ၂ နာရီခန့် ရောက်သောအခါ အလုပ်သမားတစ်ယောက် ရောက်ရှိလာပြီး . . .

"ကိုကျော်၊ ကိုကျော် ရှိပါသလား"

စာရေးသူက . . .

"ရှိပါတယ်၊ ကျွန်တော် ဒီမှာပါ ဘာကိစ္စရှိလို့လဲ"

"ခင်ဗျားကို ကိုအောင်ကြိုင်က ခေါ်ခိုင်းလိုက်တယ်"

"သူ အခု ဘယ်မှာလဲ"

"အိမ်သာနံဘေးမှာ အန်နေတယ်" ဟု ပြောသဖြင့် စာရေးသူလည်း ကိုအောင်ကြိုင်ရှိရာသို့ အမြန်ဆုံးသွားရောက်လေရာ ကိုအောင်ကြိုင်သည် အိမ်သာအပြင်ဘက်တွင် အန်နေတာကို တွေ့ရလေသည်။

"ကိုအောင်ကြိုင်က ဘာဖြစ်လို့လဲ" ဟု မေးသောအခါ

"မင်းပြောတာတွေ ငါ မယုံလို့ မင်းပြောသလို အားလုံးစားခဲ့မိတယ်၊ အခု ဝမ်းသွားလိုက် အန်လိုက်နဲ့ သုံးခါတောင်ရှိပြီ၊ ခေါင်းထဲကလဲ မူးနောက်နောက်ဖြစ်ပြီး ရင်တွေပါ တုန်နေတယ်၊ မင်းပြောတဲ့ နေ့နံသုံးခုထပ် ခိုက်တဲ့နည်းတော့ ယုံသွားပြီကွာ၊ အခု ငါဖြစ်နေတာ ပျောက်အောင် ဘယ်လိုလုပ်မလဲ" ဟု မေးရာ . . .

"လွယ်ပါတယ်၊ သူ့ကိုနိုင်လို ဆကိုခို ဆိုတဲ့အတိုင်း တနင်္ဂနွေရဲ့ ခြောက်ခုမြောက်ဖြစ်တဲ့ သောကြာနံသားပါတဲ့ အသီး အရွက်နဲ့ဖြေရင် ပြေသွားပါလိမ့်မယ်"

ပြောပြီး စက်ရုံဝင်းအတွင်း သီးနေသော သရက်ပင်မှ သရက်သီးတစ်လုံးကို ခူး၍ ပေးလိုက်ပြီး . . .

"ကိုအောင်ကြိုင် အဲဒီသရက်သီးကို ခွဲပြီးစားပေတော့၊ ခေါင်းမူးနေတာ ပျောက်သွားအောင် လူမရှိတဲ့ရုံးခန်းထဲကို ခဏသွားပြီး အသာလှဲအိပ်နေလိုက်ပါ၊ မကြာခင် ပျောက်သွားပါလိမ့်မယ်"

ဟုပြောပြီး စာရေးသူလည်း ပေါင်မုန့်အုန်းနို့ဆမ်းကျွေးနေသော မဏ္ဍပ်သို့ သွားရောက်ပြီး ဝိုင်းဝန်းလုပ်ကိုင်နေလေတော့သည်။ သကြန်အခါပြီး၍ အလုပ်များ ပြန်ဖွင့်ပြီး ပြန်ဆင်းရသောအခါ ကိုအောင်ကြိုင်သည် စာရေးသူထံ လာရောက်တွေ့ဆုံပြီး ဤသို့ပြောလေသည်။

"တြိရန်းခိုက်တဲ့ အကြောင်းအရာတွေကို ငါ့ကိုရေးပေးထားစမ်းပါကွာ၊ သိထားတော့ ရှောင်လို့ရတာပေါ့ကွာ" ဟုဆိုသဖြင့် တြိရန်းခိုက်တဲ့အကြောင်းတွေကို အောက်ပါအတိုင်း ရေးပေးလိုက်လေတော့သည်။

တြိရန်းယူနည်း လင်္ကာမှာ. . . "အစာပေးနှံ့ ကျွေးယူရန်"

အ - တနင်္ဂနွေ၏ တြိရန်းကား အင်္ဂါ

စာ - အင်္ဂါ၏ တြိရန်းကား ကြာသပတေး

ပေး - ကြာသပတေး တြိရန်းကား စနေ

နှံ့ - စနေ၏ တြိရန်းကား တနင်္လာ

ကျွေး - တနင်္လာ၏ တြိရန်းကား ဗုဒ္ဓဟူး

ယူ - ဗုဒ္ဓဟူး၏ တြိရန်းကား သောကြာ

သန် - သောကြာ၏ တြိရန်းကား တနင်္ဂနွေ

BURMESE CLASSIC .com

တနင်္ဂနွေသားသမီး အိမ်ထောင်ဦးစီးတို့သည် တနင်္ဂနွေနေ့၌ အိမ်မဆောက်ကောင်းပေ။ အိမ်မှာ တနင်္ဂနွေ တနင်္ဂနွေသားနှင့် တနင်္ဂနွေနေ့ ဖြစ်၍ မည်မျှပင် နေ့ကောင်းရက်မြတ် ကြုံစေကာမူ နေ့နံသုံးခုထပ်၍ ရှေးဆရာသမားတို့က ပြဿဒါးကြုံသည်ဟု သတ်မှတ်ထားသောကြောင့် အိမ်မဆောက်ရ။ အကယ်၍ မယုံကြည်သဖြင့် ဆောက်မိပါက အလွန်အကြူး ခိုက်တတ်၏။ တနင်္ဂနွေ သားသမီးတို့သည် တနင်္ဂနွေနေ့ကလွဲပြီး ကျန်ရက်များတွင် နေ့ကောင်းရက်မြတ် ဖြစ်ပါက အိမ်ဆောက်နိုင်လေသည်။

တနင်္လာသားသမီး အိမ်ထောင်ဦးစီးတို့သည် တနင်္လာနေ့၌ ကျောင်းမဆောက်ကောင်းပေ။ ကျောင်းမှာ တနင်္လာ ဖြစ်၍ တနင်္လာသား တနင်္လာနေ့တွင် မည်မျှပင် နေ့ကောင်းရက်မြတ် ဖြစ်စေကာမူ နေ့နံသုံးခုထပ်၍ ပြဿဒါးကြုံသော ကြောင့် အလွန်အကျူး ခိုက်တတ်လေ၏။ တနင်္လာနေ့မှလွဲ၍ ကျန်ရက်များတွင် နေ့ကောင်းရက်မြတ်ဖြစ်ပါက ကျောင်းဆောက်နိုင်လေသည်။

* တနင်္ဂနွေသားသမီးတို့သည် မကျန်းမမာဖြစ်သော် သုံးခုမြောက်ဖြစ်သော အင်္ဂါနေ့၌ ဝမ်းနုတ်ဆေး မစား... ဝမ်းနုတ်ဆေးစားပြီး ဝမ်းသွားလျှင် တြိရန်းခိုက်တတ်၍ ... ရှားပြီး နေမကောင်းဖြစ်တတ်သည်။ အင်္ဂါနေ့တွင် ... သော် လည်းကောင်း၊ ဆေးစားမှား၍သော် လည်းကော... ခွေးရူးကိုက်ခြင်း၊ မြွေကိုက်ခြင်းတို့ ခံရသော် သေလု... အထိ ခံစားရတတ်လေသည်။

* တနင်္လာသားသမီးတို့သည် မကျန်းမမာဖြစ်သော် သုံးခုမြောက်ဖြစ်သော ဗုဒ္ဓဟူးနေ့၌ ဝမ်းနုတ်ဆေး မစား... ဝမ်းနုတ်ဆေးစားပြီး ဝမ်းသွားလျှင် တြိရန်းခိုက်တတ်၍ ... ရှားပြီး နေမကောင်းဖြစ်တတ်သည်။ ဗုဒ္ဓဟူးနေ့တွင် ...



www.burmeseclassic.com

www.burmeseclassic.com

သော် လည်းကောင်း၊ ဆေးစားမှား၍သော် လည်းကောင်း၊ ခွေးရူးကိုက်ခြင်း၊ မြွေကိုက်ခြင်းတို့ ခံရသော် သေလုနီးပါး အထိ ခံစားရတတ်လေသည်။

* အင်္ဂါသားသမီးတို့သည် မကျန်းမမာဖြစ်သော် သုံးခုမြောက်ဖြစ်သော ကြာသပတေးနေ့၌ ဝမ်းနုတ်ဆေး မစားရပါ။ ဝမ်းနုတ်ဆေးစားပြီး ဝမ်းသွားလျှင် တြိရန်းခိုက်တတ်၍ ပိုဆိုးရွားပြီး နေမကောင်းဖြစ်တတ်သည်။ ကြာသပတေးနေ့တွင် ဖျား၍သော် လည်းကောင်း၊ ဆေးစားမှား၍သော် လည်းကောင်း၊ ခွေးရူးကိုက်ခြင်း၊ မြွေကိုက်ခြင်းတို့ ခံရသော် သေလုနီးပါးအထိ ခံစားရတတ်လေသည်။

* ဗုဒ္ဓဟူး သားသမီးတို့သည် မကျန်းမမာဖြစ်သော် သုံးခုမြောက်ဖြစ်သော သောကြာနေ့၌ ဝမ်းနုတ်ဆေး မစားရပါ။ ဝမ်းနုတ်ဆေးစားပြီး ဝမ်းသွားလျှင် တြိရန်းခိုက်တတ်၍ ပိုဆိုးရွားပြီး နေမကောင်းဖြစ်တတ်သည်။ သောကြာနေ့တွင် ဖျား၍ လည်းကောင်း၊ ဆေးစားမှား၍သော် လည်းကောင်း၊ ခွေးရူးကိုက်ခြင်း၊ မြွေကိုက်ခြင်းတို့ ခံရသော် သေလုနီးပါး အထိ ခံစားရတတ်လေသည်။

* ကြာသပတေး သားသမီးတို့သည် မကျန်းမမာဖြစ် သော် သုံးခုမြောက်ဖြစ်သော စနေနေ့၌ ဝမ်းနုတ်ဆေး မစားရပါ။ ဝမ်းနုတ်ဆေးစားပြီး ဝမ်းသွားလျှင် တြိရန်းခိုက်တတ်၍ ပိုဆိုးရွားပြီး နေမကောင်းဖြစ်တတ်သည်။ စနေနေ့တွင် ဖျား၍ လည်းကောင်း၊ ဆေးစားမှား၍သော် လည်းကောင်း၊ ခွေးရူးကိုက်ခြင်း၊ မြွေကိုက်ခြင်းတို့ ခံရသော် သေလုနီးပါးအထိ ခံစားရတတ်လေသည်။

* သောကြာ သားသမီးတို့သည် မကျန်းမမာဖြစ်သော် သုံးခုမြောက်ဖြစ်သော တနင်္ဂနွေနေ့၌ ဝမ်းနုတ်ဆေးမစားရပါ။ ဝမ်းနုတ်ဆေးစားပြီး ဝမ်းသွားလျှင် တြိရန်းခိုက်တတ်၍ ပိုဆိုးရွားပြီး နေမကောင်းဖြစ်တတ်သည်။ တနင်္ဂနွေနေ့တွင် ဖျား၍ လည်းကောင်း၊ ဆေးစားမှား၍သော် လည်းကောင်း၊ ခွေးရူး ကိုက်ခြင်း၊ မြွေကိုက်ခြင်းတို့ ခံရသော် သေလုနီးပါးအထိ ခံစားရတတ်လေသည်။

* စနေ သားသမီးတို့သည် မကျန်းမမာဖြစ်သော် သုံးခုမြောက်ဖြစ်သော တနင်္လာနေ့၌ ဝမ်းနုတ်ဆေး မစားရပါ။ ဝမ်းနုတ်ဆေးစားပြီး ဝမ်းသွားလျှင် တြိရန်းခိုက်တတ်၍ ပိုဆိုးရွားပြီး နေမကောင်းဖြစ်တတ်သည်။ တနင်္လာနေ့တွင် ဖျား၍ လည်းကောင်း၊ ဆေးစားမှား၍သော် လည်းကောင်း၊ ခွေးရူးကိုက်ခြင်း၊ မြွေကိုက်ခြင်းတို့ ခံရသော် သေလုနီးပါးအထိ ခံစား ရတတ်လေသည်။

လူတို့ တြိရန်းခိုက်ခြင်းကို ဗဟုသုတအဖြစ် တင်ပြလိုက်ပါသည်။

❒ ဇော်ဇေထိန်း(နံ့သာ)

ကျမ်းကိုး - အာတပ္ပန ယတြာပေါင်းချုပ် ကျမ်းရင်းကြီး

## ပြောစကားနားထောင် မေတ္တာအောင်စေဖို့

[illegible]

မိမိက မေတ္တာစေတနာ ထားသလောက် မိမိချစ်သူ အိမ်ထောင်ဖက်မှ သတိမပြု လျစ်လျူရှုပြီး ပြောမရ ဆိုမရ တားမရလောက်အောင် အခြေအနေဆိုးနေရင် အထွယ်တကူ ပြုလုပ်နိုင်သော ညင်သာတဲ့ နည်းလမ်းကောင်း တစ်ခုကို တင်ပြပေးပါ့မယ်။ ပြောဆိုစကားတွေ နားဝင်လာပြီး မိမိ မေတ္တာ စေတနာတွေကို သိနားလည်လာစေမယ့် ဂါထာ တစ်ပုဒ်ကို သောက်ရေခွက် တစ်ခွက်ကိုင်ပြီး နံနက်တိုင်း မပျက်မကွက် ရွတ်ဖတ်ပေးပြီး အနည်းငယ် သောက်ပေးရ ပါမယ်။ ရွတ်ရမယ့် ဂါထာကတော့ . . .

အဂ္ဂေါဟမသ္မိ လောကဿ

ဇေဋ္ဌောဟမသ္မိ လောကဿ

သေဋ္ဌောဟမသ္မိ လောကဿ ဖြစ်ပါတယ်။

ပြီးတာနဲ့ မိမိချစ်သူ အိမ်ထောင်ဖက်၏ မွေးနေ့နံနက် ၆ နာရီမှ ၇ နာရီခွဲအတွင်းမှာ ချစ်သူအိမ်ထောင်ဖက်၏ နေ့နံအား အနိုင်ရစေသော ဆပွတ်နံ့သင့် သစ်ရွက်ပေါ်တွင် "ကို xxxx ငြိမ်းစေ အေးစေ ပြောစကားနားထောင်စေ" ဟု ရေး၍ မိမိနှင့်အနီးကပ်ဆုံးတစ်နေရာတွင်ဖြစ်စေ၊ ခေါင်းအုံး အောက်တွင်ဖြစ်စေ ထားရှိနိုင်ပါသည်။ ခုနစ်ရက်သားသမီး များ အသုံးပြုနိုင်စေရန် ဇယားဖြင့် တင်ပြပေးလိုက်ပါသည်။

| ချစ်သူ၊ အိမ်ထောင်ဖက်မွေးနံ | ပြုလုပ်ရမည့် အချိန် | ဆပွတ်နံ့သင့် သစ်ရွက် |
|---|---|---|
| တနင်္ဂနွေ | နံနက် ၆း၀၀မှ၇း၃၀ | သီဟိုဠ်ရွက် |
| တနင်္လာ | ။ | ထန်းရွက်၊ ထိမ်ရွက် |
| အင်္ဂါ | ။ | အုန်းရွက်၊ အင်ရွက် |
| ဗုဒ္ဓဟူး | ။ | ကံ့ကော်၊ ကြံရွက် |
| ကြာသပတေး | ။ | ညောင်ရွက်၊ဆီးရွက် |
| သောကြာ | ။ | ရွက်လှ၊ ဝါးရွက် |
| စနေ | ။ | ပျဉ်းမရွက် |

အရွက်နွမ်းကြွေသွားလျှင် အသစ်လဲလှယ်ပေးပြီး စာထပ်မံရေးရပါမယ်။ ဒီယတြာအစီအရင်မှာ (၁) အချိန်တိကျရမယ် (၂) အရွက်တိကျမှန်ကန်ရပါမယ် (၃) ဖြစ်လိုတဲ့ဆန္ဒမှန်သမျှကို တိကျမှန်ကန်စွာ ရေးရပါမယ်။ တိကျသေချာလုပ်မယ်ဆို မိမိချစ်သူ အိမ်ထောင်ဖက်၏ စိတ်နှလုံးအား သိမ်းကျုံးယူ ပိုင်ဆိုင်နိုင်ပြီး ပြောစကားနားထောင် မေတ္တာအောင်စေမှာဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

❒ အောင်ဆဲထူးဆရာထိန်း




www.burmeseclassic.com

www.burmeseclassic.com

# တောက်တဲ့ ခွစီးတဲ့ ဖားပြုတ်နိမိတ်

ဆရာကြီးဦးအောင်မြင့်



BURMESE CLASSIC

ဧရာဝတီတိုင်းဒေသကြီး အဝင်ရှိ ညောင်တုန်းမြို့သို့ ဘုရားဖူးရင်း၊ ရေကူးရင်း ခရီးစဉ်အဖြစ် ၂၀၁၃ ခု မတ်လ ပထမပတ်တွင် ရောက်ရှိခဲ့ပါသည်။ ညောင်တုန်းမြို့အဝင်မှာ ရှေးဟောင်းသမိုင်းဝင် မိုးဟုတ်စေတီတော်ကြီးကို ဖူးမြင်ရသည်။ စေတီတော်ကြီး၏မြောက်ဘက် စောင်းတန်းတွင် ဗီနိုင်းစဖြင့်ကပ်ထားသော ဓာတ်ပုံ လေးပုံတွဲနှင့် မှတ်တမ်းစာတစ်ပိုဒ်ကို တွေ့မြင်ဖတ်ရှုရပါသည်။

၃. ၂. ၂၀၁၃ ရက်နေ့ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆုတ် ၈ ရက်နေ့ည ၆ နာရီအချိန် မိုးဟုတ်စေတီတော် ဘုရားကြီး၏ ဂေါပကအဖွဲ့သည် တပေါင်းလပြည့် ဆွမ်းလောင်းပွဲနှင့် အကြိုမဓမ္မသဘင် တရားပွဲကို ကျင်းပပြုလုပ်ရန် ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းပြီးသည့်နောက် ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်ဆွေးနွေးကြည့်

(၃-၂-၂၀၁၃)ရက်နေ့ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆုတ်(၈)ရက်နေ့ ည(၆း၀၀)နာရီအချိန် မိုးဟုတ်စေတီတော်ဘုရားကြီး၏ ဂေါပကအဖွဲ့သည် တပေါင်းလပြည့်ဆွမ်းလောင်းပွဲနှင့် အကြို မဓမ္မသဘင်တရားပွဲကို ကျင်းပပြုလုပ်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းပြီးသည့်နောက် ရှေ့လုပ်ငန်းစဉ်များကို ဆက်ဆွေးနွေးကြသည့်အခါ [illegible] (၄)ဆူ တည်ထားပူဇော်ထားရှိသည့်အကြောင်း၊ ရှေ့လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ဆက်လက်ဆွေးနွေးဆုံးဖြတ်ကြပြီး အစည်းအဝေးကို ည(၁၁း၀၀)နာရီခန့်၌ ရုပ်သိမ်းခဲ့ပါသည်။ အစည်းအဝေး ပြီးဆုံးပြီး ဂေါပကအဖွဲ့သည် စေတီတော်ကြီးအား လက်ယာရစ်စုံ [illegible] အနောက်ဘက်တန်ဆောင်းရှေ့နံရံ၌ "တောက်တဲ့ခွစီးတဲ့ ဖားပြုတ်" [illegible] တွေ့ရှိရပါသည်။ အချိန်တစ်နာရီကျော်ခန့် [illegible] တောက်တဲ့အား ခွစီးထားပါသည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်၍

၁။ အတိတ်နိမိတ်ဟု ယူဆသင့်ပါသလား ?

၂။ အခြားသောသူအဆများ ရှိနိုင်ပါသလား ?

၃။ မည်သို့ ထူးခြားမှုများ ရှိနိုင်/ဖြစ်နိုင်ပါသလား ? ဆိုတာ အကြံပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

( နိုဝင်း )

[illegible]



www.burmeseclassic.com

www.burmeseclassic.com

သောအခါ စနေထောင့်တွင် သစ္စာအဓိဋ္ဌာန် ရုပ်ပွားတော် လေးဆူ တည်ထားပူဇော်ထားရှိ သင့်ကြောင်း ရွှေလုပ်ငန်းစဉ်တစ်ခု အနေဖြင့် ဆက်လက်ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပြီး အစည်းအဝေးကို ည ၈ နာရီအချိန်၌ ရုပ်သိမ်းခဲ့ပါသည်။

အစည်းအဝေး ပြီးဆုံးပြီး ဂေါပကအဖွဲ့သည် စေတီတော်ကြီးအား လက်ယာရစ်ဖူးမြော်စဉ် အနောက်ဘက် တန်ဆောင်းရှေ့ နံရံ၌ "တောက်တဲ့ခွစီးတဲ့ဖားပြုပ်" ထူးခြားသည့်ဖြစ်ရပ် တစ်ခု ထူးဆန်းအံ့ဖွယ် တွေ့ရှိရပါသည်။ အချိန် တစ်နာရီကျော်ခန့် ဖားပြုပ်မှ တောက်တဲ့အား ခွစီးထားပါသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍. . .

၁။ အတိတ်နိမိတ်ဟု ယူဆသင့်ပါသလား။

၂။ အခြားအယူအဆများ ရှိနိုင်ပါသလား။

၃။ မည်သို့ထူးခြားမှုများ ရှိနိုင်/ဖြစ်နိုင်ပါသလားဆိုတာ အကြံပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စိုးတင့်(မှတ်တမ်းတင်ဓာတ်ပုံရိုက်သူ)

ကျွန်ုပ်မှာ လက္ခဏာဗေဒင် ဟောပြောခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်၍ ဂမ္ဘီရအမြင်ရှုထောင့်မှ ကြည့်မိပါသည်။ တောက်တဲ့က စနေနံ၊ ဖားပြုပ်က ကြာသပတေးနံ၊ ဓမ္မာဆိုသော အတွင်းရန်ဓာတ်ဖြစ်ရာ မြို့တွင်းနှင့်သာ သက်ဆိုင်သောနိမိတ်ဟု ယူဆပါသည်။

မိုးဟုတ်စေတီတော်ကြီးမှာ ညောင်တုန်းမြို့၏ ကျက်သရေဆောင် မြို့ဦးစေတီဖြစ်ရာ ညောင်တုန်းမြို့တွင်းနှင့် သက်ဆိုင်မည်။ ညောင်တုန်းမြို့ဧရိယာနှင့်သာ သက်ဆိုင်မည်။ ထို့ပြင် ညောင်တုန်းမြို့မှာ ဧရာဝတီတိုင်းဒေသကြီး၏မြို့တော် ပုသိမ်မြို့သို့ မော်တော်ကားလမ်းအတိုင်း ရန်ကုန်တိုင်းဒေသကြီးမှသွားလျှင် အဝင်အစအဦးမြို့လည်းဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီးအတွက်လည်း တစ်စိတ်တစ်ဒေသအားဖြင့် သက်ဆိုင်ပါလိမ့်မည်။

စနေက မီးဓာတ်၊ ကြာသပတေးက မြေဓာတ်ဖြစ်ရာ မီးကို မြေနှင့်ဖုံးအုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် အတွင်းမှာ ဖြစ်နေသော ရန်များ ငြိမ်းအေးခြင်း၊ အတွင်းမှာ ရန်တွေမပွားများအောင် ကာကွယ်ခြင်း၊ ထိုမြို့နယ်အတွင်း၊ ထိုဒေသအတွင်း အပူသောကများ ငြိမ်းအေးခြင်း၊ အပူသောကများ ကင်းရှင်းစေခြင်းဟူသော နိမိတ်ကောင်းများဖြစ်မည်ဟု ကျွန်ုပ် ယူဆပါသည်။ စာဖတ်သူများ၏ အတွေ့အကြုံ၊ အယူအဆတို့ကိုလည်း လွတ်လပ်စွာ တင်ပြဆွေးနွေး ရေးသားပေးကြပါရန်လည်း တိုက်တွန်းအပ်ပါသည်။

❒ ဆရာကြီး ဦးအောင်မြိုင်

ကျောင်းသူ ကျောင်းသားများအတွက် ဉာဏ်ရည်ထက်မြက်၊ ကျက်ဉာဏ်မှတ်ဉာဏ်ကောင်း၊ ပညာရေးထူးချွန် အောင်မြင်စေဖို့၊ သက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုခု လေ့လာလိုက်စား သင်ယူသူတွေအတွက် သင်လွယ် တတ်လွယ် ကျွမ်းကျင်လွယ်ဖြစ်ဖို့ အသိပညာရှင်၊ အတတ်ပညာရှင်တွေအတွက် အသစ်အဆန်းတွေ တီထွင်နိုင်စွမ်းရှိဖို့ စသဖြင့် စိတ်စွမ်းရည်၊ ဦးနှောက်စွမ်းရည် တိုးတက်အောင် ပံ့ပိုးကူညီမှုအနေနဲ့ အဓိဋ္ဌာန်ဝင်သင့်တဲ့ နေရာကောင်း နေရာထူး တစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။

ရန်ကုန်မှ မော်လမြိုင်သို့ မော်တော်ကားဖြင့် အသွားကတ္တရာကားလမ်းရဲ့ ညာဘက်ခြမ်း၊ ဘီးလင်းမြို့အဝင် ဆိုင်းဘုတ်မရောက်မီ ဓာတ်တိုင် သုံးတိုင်ခန့်အကွာ လမ်းဘေးမှာ ခန့်ညားထည်ဝါလှတဲ့ မုခ်ဦးကြီးတစ်ခု တွေ့ရလိမ့်မယ်။

"ဝိဇ္ဇာဘာဂီယ ရွှေပေါင်းစေတီတော်မြတ်" လို့ စာလုံးများ ဖောင်းကြွပြုလုပ်ထားတယ်။ အရပ်မျက်နှာအရ ဆိုလျှင် ကားလမ်းရဲ့အနောက်ဘက်အရပ် ဖြစ်ပါတယ်။

အဲဒီ မုခ်ဦးကြီးနဲ့အတူ အင်္ဂတေလမ်းကိုလည်း တွေ့ရမယ်။ အဲဒီအင်္ဂတေလမ်းအတိုင်း မော်တော်ကား၊ မော်တော်ဆိုင်ကယ်တို့နဲ့ ၁၅ မိနစ်လောက် မောင်းဝင်သွားရင် လမ်းရဲ့တစ်နေရာ ညာဘက်မှာ တစ်ဆူလုံး ကြွေပြားကပ်ထားတဲ့ စေတီတော်ကြီးကို သစ်ပင်ကြီးတွေရဲ့ကြားမှာ ငွားငွားစွင့်စွင့် ဖူးမြင်ရလိမ့်မယ်။ အလွန်တိတ်ဆိတ်ငြိမ်သက် အေးချမ်းလှတဲ့ ဘုရားပရိဝုဏ်နေရာထူး ဖြစ်ပါတယ်။

ရွှေပေါင်းစေတီတော်ကို မြိုင်ကြီးငူဆရာတော်ဘုရား ဦးဆောင်ပြီး ပြန်လည်ပြုပြင်ပေးထားကြောင်း သိရပါတယ်။ ရွှေပေါင်းစေတီတော်မြတ်ရဲ့ ပရိဝုဏ်မှာ ကျောင်း၊ သိမ်၊ ဇရပ်တွေလည်း ရှိတယ်။ နားနားနေနေ ဘုရားဖူးရင်း အဓိဋ္ဌာန်ဝင်လို့ရတယ်။

ပါဠိ-မြန်မာ အဓိဋ္ဌာန်စာအုပ်ထဲမှာ ဖော်ပြထားတာကတော့ . . .

ဝိဇ္ဇာ = အတတ်ပညာ၊ အဘိညာဉ်၊ ဗေဒကျမ်း၊ မန္တန်၊ အရိယာဉာဏ်၊ သစ္စာလေးပါး မဂ်ဖိုလ်တရားကို သိသော ဉာဏ်ဆိုပြီး ဖွင့်ဆိုထားတာ တွေ့ရပါတယ်။

ဘာဂီယ = အဘို့ရှိသည် လို့ ဖွင့်ဆိုထားတာလည်း တွေ့ရပါတယ်။

→→




www.burmeseclassic.com

www.burmeseclassic.com

# ပညာအတွက် အဓိဋ္ဌာန်နေရာထူး

ဆရာကြီး ဦးအောင်မြိုင်

ဘီးလင်းမြို့ဝင် ဆိုင်းဘုတ်အနီးရှိ ဘုရားလမ်းအဝင်ဝမုခ်ဦးကြီး





ဝိဇ္ဇာဘာဂီယ စေတီတော်

ဒါကြောင့်လည်း လက္ခဏာဗေဒင် ပညာရပ်နဲ့ သက်မွေးဝမ်းကျောင်းပြုနေတဲ့ ကျွန်ုပ်ကို ကျွန်ုပ်ရဲ့ဆရာ ရသေ့ကြီးက ဒီစေတီတော်မြတ်မှာ အဓိဋ္ဌာန်ဝင်ဖြစ်အောင်ဝင်ဖို့ တိုက်တွန်းခဲ့ခြင်း ဖြစ်ပါတယ်။

ပုတီးပဲစိပ်စိပ်၊ မန္တန်ပဲရွတ်ရွတ်၊ တရားပဲထိုင်ထိုင် မိမိအဆင်ပြေသလို ဆောင်ရွက်နိုင်ပါတယ်။

ကျွန်ုပ်ကတော့ ၁၀၈ လုံး အုန်းသား(မွှေးနံ့သား) ၁၀၈ လုံးပုတီးနဲ့ "ဝိဇ္ဇာစရဏ သမ္ပန္နော" ဂုဏ်တော်တစ်ပါးကို ပုတီးတစ်လုံးချပြီး တစ်ကြိမ်မှာ ပုတီးခြောက်ပတ် စိပ်ပါတယ်။

မနက်ပိုင်းဖြစ်စေ၊ ညနေပိုင်းဖြစ်စေ မိမိအဆင်ပြေရာအချိန်တစ်ခုခုမှာ အဓိဋ္ဌာန်ဝင်နိုင်ပါတယ်။ အချို့က မိမိမွေးနေ့မှ အစပြုပြီး ခုနစ်ရက်ဆက်တိုက် အဓိဋ္ဌာန်ဝင်ကြတယ်။

တနင်္ဂနွေသားဆိုရင် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေဆိုပြီး စနေမှာ အဓိဋ္ဌာန် ပြီးပါမယ်။

အချို့ကတော့ တစ်ပတ်မှာ တစ်ရက်နှုန်းနဲ့ ခုနစ်ပတ်ဆက်ဝင်ကြတယ်။

အချို့ကတော့ တစ်လမှာ တစ်ရက်၊ ခုနစ်လဆက်ပြီး အဓိဋ္ဌာန်ဝင်ကြတယ်။

ဝိဇ္ဇာဘာဂီယစေတီတော်ကို ဉာဏ်အလင်း ဖွင့်နိုင်သော နေရာထူးအဖြစ် သတ်မှတ်နိုင်ပါတယ်။ ကိုယ်တိုင်လုပ်ဖူးမှသာ ထူးခြားကြောင်း သိနိုင်ပါလိမ့်မယ်။

❐ ဆရာကြီး ဦးအောင်မြိုင်



www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်ရက်သားသမီးများအတွက်

## ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



### တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - ဤလအဖို့ ယခင်လနည်းတူ မူလဌာန၏ စွမ်းအားကို ပဝတ္တိဌာန၏ ဆိုးအားက အနည်းငယ် ဆိုးကျိုးမေးလျက်ရှိရာ အနည်းငယ် အခက်အခဲရှိတတ်၏။ သို့သော် ရပ်ဝေးနေ မိတ်ဆွေဟောင်းတစ်ဦး၏ အကူအညီကြောင့် အခက်အခဲများ ကျော်လွှားမည်။ ရပ်ဝေးဧည့်သည်များ ရောက်ကိန်းရှိ၏။ အကြီးအကဲများ၊ မင်းစိုးရာဇာများ၏ အကူအညီရမည်။ တိုက်ခန်း၊ အိမ်ခန်းများ လက်ဝယ်ရရှိတတ်၏။ စနေသားသမီးများ ဒုက္ခပေးတတ်၏။ ပြည်ပရေးရာကိစ္စများ အမှတ်မထင် အောင်မြင်တတ်၏။ ခရီးသွားလုပ်ငန်း၊ အနုပညာလုပ်ငန်းများနှင့် အကျိုးပြုမည်။ ဝန်ထမ်းများ သတင်းကောင်း ကြားရမည်။ ကျောင်းသားများ အပျော်လွန်တတ်၏။

ယတြာ - နေအိမ်ရှိ ဘုရားပန်းအိုးများ အသစ်လဲပေးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - ကောင်း၏။

(ဂ) **ကျန်းမာရေး** - ခြေ၊ လက် ကျိုးတတ်၏။

ယတြာ - တံတားခင်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၇) ဂဏန်းနှင့် စနေနေ့သည် ညံ့၏။

*မှတ်ချက်*။ ကိုယ်ကျင့်တရားကို ပျိုးထောင်ပါ။

### တနင်္လာသားသမီးများ



(က) **စီးပွား/လူမှု** - ယခုလတွင် မူလဌာနနှင့် ပဝတ္တိဌာနဟူသော ဌာနနှစ်ပါးစလုံးတွင် ကောင်းအားပကတိရှိ၏။ အကြံကောင်း ဉာဏ်ကောင်းများနှင့်တကွ လုပ်ငန်းသစ်များ၊ စားကျက်သစ်များ ထူထောင်ရန် ချေးငွေများ၊ ဘဏ်ချေးငွေများ ရတတ်၏။ ပွဲဆောင်ရေးလုပ်ငန်းများ ချဲ့ထွင်ရန် သင့်၏။ အိုးအိမ်တိုက်တာ အသစ်များ၊ လုပ်ငန်းနေရာအသစ်များ ရရှိတတ်၏။ ကြာသပတေးနံကြောင့် သောကရှိ၏။ ဝန်ထမ်းများ ခရီးထွက်ရတတ်၏။ ကျောင်းသားများ ကျောင်းပြေးတတ်၏။

ယတြာ - ကြံညွှန့်၊ ကြံရည် ဘုရားကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - ဝမ်းဗိုက်ခွဲစိတ်ခံရတတ်၏။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ကောင်းပြီး (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

*မှတ်ချက်*။ လောကဓံတရားကို သဘောပေါက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - ဤလအဖို့ မူလနှင့် ပဝတ္တိ ဌာနနှစ်ပါး စလုံးတွင် ဆိုးအားများ စုပြုံနေသဖြင့် ဤလတွင် သတိထားရမည့် ကာလဖြစ်၏။ အမှားအယွင်း တွေးတတ်၊ ဆုံးဖြတ်တတ်၏။ အမှားနှင့်အမှန် သဲသဲကွဲကွဲမသိ တွေဝေတတ်၏။ ထို့ကြောင့် လုပ်ငန်းအကြံအစည်များတွင် ဆန္ဒမစောသင့်။ ပြည်ပရပ်ခြားဆိုင်ရာကိစ္စများ အမှတ်မထင် အောင်မြင်တတ်၏။ ရွှေထွက်တတ်သလို ငယ်သူများ ထွက်ကိန်းရှိ၏။ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားလျက် ခရီးထွက်ပါ။ ဝန်ထမ်းများ အလုပ်ဖိစီးမှုဒဏ် ခံရတတ်၏။ ကျောင်းသားများ စာမလိုက်နိုင်ဘဲ အပျင်းထူတတ်၏။

**ယတြာ** - အမြင်မတော်သည့် အညစ်အကြေးဆိုင်ရာများကို ကုသိုလ်အဖြစ် ရှင်းလင်းပေးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - မသင့်မတင့်ရှိ၏။

(ဂ) **ကျန်းမာရေး** - လေရောဂါ၊ သွေးပေါင်ချိန်မမှန်သော ရောဂါ ဂရုပြုပါ။


**ယတြာ** - နံ့တူသတ္တဝါ အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

**မှတ်ချက်။** သက်လုံ ကောင်းပါစေ။

## ဗုဒ္ဓဟူးသားသမီးများ



(က) **စီးပွား/လူမှု** - ယခုလအဖို့တွင်လည်း မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားအရှိန်မြင့်တက်မှုဖြင့် ဇာတာရှင်ကို ကောင်းရာသို့ လမ်းညွှန်လျက်ရှိ၏။ ယင်းကြောင့် လုပ်ငန်းသစ်များ အမှတ်မထင် တွေ့ရလျက် ထပ်တူတွဲစပ်လုပ်ငန်း လုပ်မည့်သူများ တွေ့ရတတ်၏။ စုပေါင်းလုပ်ငန်းများ၊ စပ်တူလုပ်ငန်းများ၊ အကျိုးတူလုပ်ငန်းများ လုပ်ကိန်း ရကိန်းရှိရာ မင်္ဂလာရှိသော ကာလဖြစ်၏။ ဝန်ထမ်းများ အကျပ်အတည်းမှ ကျော်လွန်မည်။ ကျောင်းသားများ ပျော်ပွဲစားမထွက်ရပါ။ အန္တရာယ်ရှိ၏။

**ယတြာ** - ထီးလှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - ဘေးလူ ချောက်တွန်းတတ်၏။

(ဂ) **ကျန်းမာရေး** - ဆီးရောဂါ ဂရုပြုပါ။

**ယတြာ** - အုန်းဆွမ်း ကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ကောင်းပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

**မှတ်ချက်။** ကံ ကံ၏အကျိုးကို ယုံကြည်ပါ။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - ဤလအဖို့ မူလနှင့် ပဝတ္တိ ဌာနနှစ်ပါး စလုံးတွင် တောက်ပကြည်လင်ပြီဖြစ်၍ ရာဟုအသူရိန်က လွှတ်လာသော စန္ဒာလမင်းကဲ့သို့ ထွန်းတောက်လာပြီဖြစ်၏။ အကြံကောင်းလျှင်တစ်သက်ဆိုသည့်အတိုင်း ထူးခြားကောင်းမွန်သော အကြံဉာဏ်များ လုပ်ငန်းသစ်များနှင့် ကြုံမည်။ ဆုံးဖြတ်ချက် မမှားသင့်ပါ။ သောကြာနံလုပ်ငန်း၊ ပြည်ပလုပ်ငန်း၊ ပြည်ပသွားလာရေးလုပ်ငန်းများနှင့် ကြုံမည်။ သို့သော် နံ့တူသားသမီးအချင်းချင်း ပြဿနာရှိ၏။ သောကရှိ၏။ ဝန်ထမ်းများ ပြည်ပရပ်ခြားခရီးသွားရကိန်း ရှိ၏။ ပြည်ပနိုင်ငံခြား ဘာသာရပ် လေ့လာသူများ ထူးချွန်မည်။

**ယတြာ** - ရုက္ခစိုးနတ်အား သစ်သီးလှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - အချင်းချင်း အားပြိုင်တတ်၏။

(ဂ) **ကျန်းမာရေး** - ခွဲစိတ်ကိန်းရှိ၏။ (မျက်လုံး)

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

**မှတ်ချက်။** ကိုယ်ချင်းစာနာစိတ် မွေးမြူပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ



(က) **စီးပွား/လူမှု** - ယခုလ ပဝတ္တိဌာနတွင် ကောင်းအားရပ်တည်လာသဖြင့် ယခင်လထက် အသက်ရှူသာခွင့်ရမည်။ အကြံကောင်း ဉာဏ်ကောင်းများ ရပါမည်။ ထွက်နေသောရွှေများ ပြန်ဝင်မည်။ ကျွဲ၊ နွားများတိုးပွားမည်။ ဗုဒ္ဓဟူးနံ တိရစ္ဆာန် မမွေးသင့်ပါ။ နေအိမ်တွင် လူနာ ကြာသပတေးသားရှိပါက နေ့အိမ်ပြောင်းရွှေ့ပါစေ။ ာတစ်ပါးအလှူ မိမိအား ဆိုးကျိုးပေးတတ်၏။ တစ် .သူ့အတွက် အာမခံမှု မပြုရ။ စာချုပ်တွင်သက် ၊အဖြစ် လက်မှတ်ထိုးမှု ရှောင်ပါ။ မဆိုသ .ဟာက် ထိပေါက်တတ်၏။ ဝန်ထမ်းများ စိတ်သက်သာရာရမည်။ ကျောင်းသားများ ဝီရိယနည်းမည်။

ယတြာ - ခမ္မာရုံတွင် ဖျာလှူပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - မတည့်အတူနေဖြစ်တတ်၏။

(ဂ) **ကျန်းမာရေး** - လက်ကျိုးတတ်၏။

ယတြာ - ချိုးရေ လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ကောင်းပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

***မှတ်ချက်။*** စာပေ ဖတ်ရှုပါ။

## စနေသားသမီးများ



(က) **စီးပွား/လူမှု** - ယခုလအဖို့ ပဝတ္တိဌာနက ဆိုးအားသည် မူလဌာန၏ ကောင်းအားကို အနည်းငယ် ဖျက်ဆီးထားသဖြင့် အပျော်အပါး အသုံးအဖြုန်းကြောင့် စီးပွားရေးတွင် ထိခိုက်မှုအနည်းငယ်ရှိမည်။ အပျော်အပါး လျှော့ပါ။ အချောင်သမားများက ဖျက်ဆီးတတ်၏။ သာပေါင်းညာစားသမားများ ဝိုင်းဝိုင်းလည်နေမည်။ အလုပ်တွင် အခွင့်အရေးယူသူများ ပေါမည်။ မင်္ဂလာရှိမည့် ကာလလည်းဖြစ်၏။ တိုက်သစ်၊ မြေ၊ အိမ် ဝင်ကိန်းရှိ၏။ ဝန်ထမ်းများ မထင်မှတ်ဘဲ ရာထူးတက်မည်။ ကျောင်းသားများ သင့်တင့်၏။

ယတြာ - ကလေးများကို အာဟာရ(နို့)လှူပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - ကောင်း၏။

(ဂ) **ကျန်းမာရေး** - သင့်တင့်၏။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့တို့ အကျိုးပြု၍ (၃) ဂဏန်းနှင့် အင်္ဂါနေ့တို့ ညံ့၏။

***မှတ်ချက်။*** စိတ်အလိုမလိုက်သင့်ပါ။


**မေတ္တာပန်းနှင့်ရှင်လန်းချမ်းမြေ့ကြပါစေ။**

**ဦးညွန့်လှိုင် (ကြို့ပင်ကောက်)**

**တိုက်-အမှတ် (၄၀)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊**

**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၅၀၀၉၃၃**

**ခေ့ခဥ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ**

**[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။**

**ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှုသာ**

**လက်ခံဆောင်ရွက်ပါသည်။]**

***စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊***

***ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်***

***ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။***




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ရာသီခွင်နှင့် အောက်တိုဘာလ ဟောကိန်းများ

ဆရာဦးခန့်ကျော်



## CAPRICORN
## မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းခွင်အတွင်း အဆင်မပြေမှုများ၊ ရန်ပြဿနာများ တစ်ခုခုဖြစ်တတ်မည်။ သို့သော် မိတ်ဆွေဟောင်းများနှင့် ဆုံတွေ့ရပြီး ၎င်းတို့ထံမှ အကူအညီကောင်းများ ရရှိနိုင်မည်။ သင့်ပတ်ဝန်းကျင်တွင် သော်လည်းကောင်း၊ သင်၏အလုပ်ခန်း၊ ရုံးခန်း၊ အိမ်ခန်းတွင် သော်လည်းကောင်း မီးအန္တရာယ်နှင့် ကြုံရတတ်မှုများ ရှိနေခြင်းကြောင့် အထူးသတိထားသင့်သည်။ ဤရာသီဖွားများ အနေဖြင့် ပညာရေးကံအထူးကောင်းနေမည်။ မိမိဆန္ဒရှိသည်များ သေချာပေါက် ဖြစ်ရတတ်မည်။ အထူးသဖြင့် လူမျိုးကွဲ၊ ဘာသာကွဲသူများထံမှ အကူအညီများ ရရှိတတ်မည်။ ယခုကာလအတွင်း ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၅၊ ၀၊ ၃၊ ၉) ဂဏန်းများဖြင့် ထီထိုးကံစမ်းနိုင်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အနာများပေါက်ခြင်း၊ အဖုအကျိတ်များ ထွက်ခြင်း၊ ဆေးရုံဆေးခန်းသို့ အကြိမ်ကြိမ် သွားရတတ်ခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ လစာတိုးခြင်း တစ်ခုခုရှိမည်။ ငယ်ရွယ်သူ အချစ်ရှိပြီးသူများ မိမိချစ်သူနှင့် စေ့စပ်ကြောင်းလမ်းရခြင်း၊ လက်ထပ်မင်္ဂလာပြုရတတ်ခြင်း ရှိမည်။ အချစ်မရှိသေးသူများ ချစ်သူရည်းစား ရတတ်မည်။



## AQUARIUS
## ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ကုံရာသီဖွားများအနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်း အဆင်ပြေလာမည်။ အထူးသဖြင့် မိမိအား စိတ်ဒုက္ခ၊ လူဒုက္ခဖြစ်ရန် ကြိုးစားနေသူများ သူ့အလိုလို ပြီးဆုံးပျောက်ကွယ်သွားတတ်မည်။ အရာရာကို စိတ်အေးအေးထားလုပ်ကိုင်ရန် အရေးကြီးသည်။ မိမိ၏ စိတ်မြန်မှုကြောင့်သာ အမှားအယွင်းများ ဖြစ်ရတတ်သည်။ ယခုလအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၇၊ ၉၊ ၁၃၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀)ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသော ရက်များဖြစ်၍ အဆိုပါရက်များနှင့်တိုက်ဆိုင်ပြီး အရေးကြီးသော လုပ်ငန်းကိစ္စများကို ဆောင်ရွက်သင့်သည်။ ထီထိုးမည်ဆိုပါက(၉၊ ၅၊ ၄၊ ၀)ဂဏန်းများပါသောထီကို အထက်ပါရက်များတွင် ထိုးပေးပါက ပို၍ကောင်းလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက လိင်မတူသူ အနှောင့်အယှက်များရှိတတ်၍ မိမိအိမ်ထောင်ဖက်အပေါ် ဂရုစိုက်သင့်သည်။ သင့်အိမ်တွင် ဗုဒ္ဓဟူးသားသမီးရှိပါက သူ့အတွက် စိုးရိမ်ပူပန်ရမှုများရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အရိုးအဆစ်များ နာကျင်ကိုက်ခဲခြင်း၊ ကိုယ်လက်လေးလံခြင်း၊ မသွားနိုင် မလာနိုင်ဖြစ်ခြင်း စသည့်ဝေဒနာများ ခံစားရတတ်သည်။ ငယ်ရွယ်သူများ အနေဖြင့် အချစ်ရေးကိစ္စများကို စိတ်မကူးသင့်သေးပါ။



## PISCES
## မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်မည်ဆိုပါက ယခုကာလအတွင်း အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်သင့်သည်။ မိန်ရာသီဖွားများအနေဖြင့် ဖက်စပ်လုပ်ငန်း၊ ရှယ်ယာလုပ်ငန်းများဖြင့် အကျိုးပေးတတ်မည်။ ယခုလအတွင်း အင်္ဂလိပ်လိုရက်များမှ(၁၊ ၅၊ ၇၊ ၁၁၊ ၁၂၊ ၁၅၊ ၁၆၊ ၁၈၊ ၂၂၊ ၂၄၊ ၂၆၊ ၂၉)ရက်များသည် သင့်အတွက် ကံကောင်းစေသောရက်များဖြစ်၍ ထိုရက်များနှင့် တိုက်ဆိုင်ပြီး (၁၊ ၃၊ ၉၊ ၀ )ဂဏန်းများပါသောထီကို ထိုးပါ။ ဝန်ထမ်းဖြစ်ပါက လက်ရှိရင်ဆိုင်နေရသော အခက်အခဲများကို ကူညီဖြေရှင်းပေးမည့်သူ ပေါ်ပေါက်တတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်၏ အိမ်ထောင်ရေးဖောက်ပြန်မှုကြောင့် မကြာခဏ စကားများခြင်း၊ ရန်ဖြစ်ရခြင်းများ ရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခေါင်းတစ်ခြမ်း ပြင်းထန်စွာကိုက်ခြင်း၊ မူးဝေအော့အန်ခြင်း၊ သွေးပေါင်ကျခြင်း၊ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com

သွေးတိုးခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ငယ်ရွယ်သူများအနေဖြင့် အချစ်ရေးကိစ္စများ အဆင်ပြေတတ်မည်။ ချစ်သူနှင့်အတူ အပျော်ခရီးထွက်ရတတ်ခြင်း ရှိမည်။ ပညာရေး လိုက်စားသူများအနေဖြင့် အပြိုင်အဆိုင်များ၊ အခက်အခဲများကြားမှ အောင်မြင်အဆင်ပြေမည်။ ပြည်တွင်းသာမက ပြည်ပသို့ သွားရောက်သင်ကြားခွင့် ရရှိလိမ့်မည်။



## ARIES
## မိဿရာသီ

(မတ် ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

ယခုကာလအတွင်း မိမိရရှိနိုင်သည့် အခွင့်အရေးများ လက်လွတ် ဆုံးရှုံးရခြင်း ရှိတတ်မည်။ သင်၏ လုပ်ငန်းဌာနအတွင်း လုပ်ငန်းအပြောင်းအလဲ(သို့)လက်အောက်ငယ်သား အပြောင်းအလဲများ ဖြစ်တတ်မည်။ အိမ်ထောင်ရှင်များဖြစ်ပါက ပြည်တွင်း(သို့)ပြည်ပခရီးများ သွားရတတ်မည်ဖြစ်၍ မိမိအိမ်ထောင်ဖက်နှင့် ခေတ္တခွဲခွာနေရတတ်ခြင်းများ ရှိမည်။ မိမိကို လိုလားသူများရှိသကဲ့သို့ မနာလို အမုန်းပွားသူများလည်း ရှိနေတတ်သဖြင့် အစစအရာရာ သတိထားသင့်သည်။ ငယ်ရွယ်သူ အချစ်ရှိပြီးသူများ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်မည်။ မိဿရာသီဖွားများ ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၄၊ ၉၊ ၂၊ ၇ )ဂဏန်းများပါသောထီကို ထိုးပါ။ အရေးကြီးလုပ်ငန်းကိစ္စများ ဆောင်ရွက်လုပ်ကိုင်မည်ဆိုပါက အဝါနု၊ ပန်းရောင်၊ အစိမ်းနုရောင် အဝတ်အစားများကို ဝတ်ဆင်ဆောင်ရွက်ခြင်းဖြင့် အဆင်ပြေ အောင်မြင်မှုများ ပို၍ရရှိနိုင်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မျက်စိနှင့် အာရုံကြောဆိုင်ရာ ဝေဒနာများ ခံစားရတတ်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဗိုက်အောင့်ခြင်းများ ဖြစ်တတ်သည်။ ပညာရေးနှင့် ပတ်သက်၍ အနည်းငယ်ညံ့မည်။ ယခင်ထက်ပိုပြီး ဝီရိယထား ကြိုးစားပေးသင့်သည်။



## TAURUS
## ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ပြိဿရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းတွင် စီးပွားပြိုင်ဘက်များကြောင့် ဝင်ငွေလျော့နည်းသွားခြင်းများ ရှိမည်။ မိမိအနေဖြင့် ဖွဲ့ရှိရှိနှင့် ဆက်၍လုပ်ကိုင်သွားပါက မိမိသာ အနိုင်ရတတ်မည်။ အကူအညီပေးမည့်သူများလည်း ပေါ်ပေါက်တတ်မည်။ အလုပ်အကိုင် ရှာဖွေနေသူများဖြစ်ပါက အဆက်အသွယ်ကောင်းများ ရရှိလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက လက်အောက်ငယ်သားများ၏ ရန်အတိုက်အခံပြုခံရတတ်ခြင်းများအတွက် အထူးသတိထားပါ။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၂၊ ၄၊ ၅၊ ၇၊ ၁၀၊ ၁၁၊ ၁၃၊ ၁၄၊ ၁၆၊ ၁၉၊ ၂၀၊ ၂၂)ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသောရက်များဖြစ်၍ ထိုရက်များနှင့် တိုက်ဆိုင်ပြီး ထီထိုးခြင်း၊ ကံစမ်းခြင်း၊ လုပ်ငန်းကိစ္စအဝဝကို စတင်ဆောင်ရွက်လုပ်ကိုင်ခြင်း၊ ခရီးထွက်ခြင်း၊ အရွှေ့အပြောင်းပြုခြင်းများကို လုပ်ကိုင်နိုင်သည်။ ထီထိုးမည်ဆိုပါက (၂၊ ၈၊ ၇၊ ၃) ဂဏန်းများဖြင့် ထိုးပါ။ အိမ်ထောင်ရှင်များအနေဖြင့် အိမ်တွင်းရေးအေးချမ်းမှုရှိမည်။ သို့သော် ကျန်းမာရေးနှင့်ပတ်သက်၍ စိတ်ညစ်ရခြင်း၊ ငွေကုန်ကြေးကျ များရတတ်ခြင်းများ ရှိမည်။ သင့်အနေဖြင့် အတတ်နိုင်ဆုံး ပျော်ပျော်နေပေးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူ ဖြစ်စေပါလိမ့်မည်။



## GEMINI
## မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

ဤကာလအတွင်း မေထုန်ရာသီဖွားများ အနေဖြင့် နေအိမ်၊ တိုက်တာ၊ ခြံ၊ ကား အရောင်းအဝယ် ကိစ္စများမှ အမြတ်အစွန်းများ ရရှိတတ်မည်။ သို့သော် ရွှေနှင့် ရတနာပစ္စည်းရောင်းဝယ်သူများဖြစ်ပါက ဝင်ငွေကောင်းခြင်းနှင့်အတူ ပြဿနာများလည်း ကပ်ပါလာတတ်မည်ကို အထူးသတိထားပါ။ ယခုကာလအတွင်း ပြည်ပနှင့် ဆက်ဆံရသောလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အဆင်ပြေနိုင်သော်လည်း ရည်ရွယ်ထားသော လုပ်ငန်းတိုးချဲ့မှုကို ခေတ္တရပ်ဆိုင်းထားသင့်သည်။ ဝန်ထမ်းဖြစ်ပါက လစာတိုးခြင်း၊ ဝင်ငွေတိုးခြင်း၊ တစ်နည်းနည်းဖြင့် ဝင်ငွေကောင်းခြင်းများ ရှိတတ်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၂၊ ၅၊ ၉၊ ၁၃၊ ၁၇၊ ၂၁၊ ၂၆၊ ၃၀) ရက်များသည် ကံအထူး ကောင်းစေသော ရက်များဖြစ်၍ အဆိုပါရက်များနှင့် တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်သင့်သည်။ ထီထိုးမည်ဆိုပါကလည်း (၆၊ ၀၊ ၁၊ ၅) ဂဏန်းများပါသော ထီကိုထိုးပါ။ ကျန်းမာရေးနှင့် ပတ်သက်၍ အဆုတ်အအေးပတ်ခြင်း၊ အဆုတ်ရောင်ခြင်း၊ ကျောက်ကပ်ရောင်ခြင်း၊ သရက်ရွက်ကြီးခြင်း စသောဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ငယ်ရွယ်သူများဖြစ်ပါက အချစ်ရေးတွင် စန်းပွင့်နေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

လက်ရှိလုပ်ကိုင်နေသော ယာယီလုပ်ငန်းများ ရေရှည်အကျိုးပေးသွားနိုင်မည်။ ယခုကာလအတွင်း မမျှော်လင့်ဘဲ ရပ်ဝေးနေဆွေမျိုးများ သင့်အိမ်သို့ ရောက်လာတတ်မည်။ မရည်ရွယ်ဘဲ အလှူအတန်းကိစ္စများ ပြုလုပ်ရမည်။ ဘုရားဖူးခရီး ထွက်ရတတ်မည်။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အား ဖူးတွေ့ရတတ်ခြင်းများ ရှိလိမ့်မည်။ ဤရာသီဖွားများ ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၇၊ ၉၊ ၀၊ ၆) ဂဏန်းများပါသောထီကို ထိုးပါ။ ငယ်ရွယ်သူ အချစ်ရှိပြီးသူများအနေဖြင့် ချစ်သူနှစ်ဦးကြား ကြားလူကြောင့် စိတ်ညစ်ရတတ်ခြင်းများ ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားကောင်းရတနာများ ထွန်းကားတတ်ခြင်း၊ မိသားစုဝင် ဦးရေတိုးလာခြင်းများရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မျက်စိနာခြင်း၊ အအေးမိခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ ပညာရေးလိုက်စားသူများ ပညာရေးကံ ကောင်းလိမ့်မည်။ မိမိဝါသနာပါရာ စာပေပညာကိုလည်း အမွေအနှစ်အဖြစ် ရရှိတတ်မည်။ ဝန်ထမ်းဖြစ်ပါက ကြီးမားသော တာဝန်များကို ထမ်းဆောင်ရခြင်း၊ အကြီးအကဲများ၏ ဂုဏ်ပြုချီးမြှင့်ခြင်းကို ခံရလိမ့်မည်။ အိမ်ရှိ ဟောင်းနွမ်းနေသောပစ္စည်းများ၊ ကျိုးပဲ့နေသောပစ္စည်းများရှိပါက အမြန်ဆုံးစွန့်ပစ်လိုက်ပါ။

## LEO
## သိဟ်ရာသီ



(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါခေါင်လမွေး)

သိဟ်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း အိုးအိမ်ပြောင်းရွှေ့ရတတ်ခြင်း၊ အလုပ်ခန်း၊ ဆိုင်ခန်း ပြောင်းရွှေ့ရခြင်းများ ရှိမည်။ သင့်အနေဖြင့် ရန်အတိုက်အခံများ ကင်းဝေးစေရန်နှင့် အစစအရာရာ အဆင်ပြေအောင်မြင်မှုများ ရရှိနိုင်ရန်အတွက် သန္တာကျောက်ကလေးကို မိမိနှင့်အတူ ဆောင်ထားခြင်း၊ ဝတ်ဆင်ထားခြင်းများကို ပြုပေးသင့်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဝမ်းကိုက်ခြင်း၊ မကြာခဏ သွေးတိုးခြင်း၊ မူးလဲတတ်ခြင်း၊ လေးဖက်နာဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်ခြင်းများ ရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးကံမကောင်းသေးပါ။ အချစ်အတွက် ကြိုးစားကြံစည်မှုမှ ပြဿနာဖြစ်ရတတ်ခြင်း၊ သွေးထွက်သံယို ဖြစ်ရတတ်ခြင်းများအတွက် အထူးသတိထားပါ။ အိမ်ထောင်ရှင် ဖြစ်ပါက သားသမီးတစ်ဦးအတွက် စိုးရိမ်ပူပန်ရခြင်း၊ ငွေကုန်ကြေးကျများရတတ်ခြင်းများ ရှိမည်။ သိဟ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၀၊ ၆၊ ၅၊ ၈ )ဂဏန်းများဖြင့် ထီထိုး ကံစမ်းနိုင်သည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာမှ စေလွှတ်သော ခရီးများ သွားရတတ်ခြင်း၊ မတက်မဖြစ်သောသင်တန်းများ တက်ရောက်ရခြင်းများ ရှိမည်။ ယခုကာလအတွင်း သိသိနှင့် အလိမ်ခံရတတ်ခြင်းများ ရှိမည်ဖြစ်၍ လူတိုင်းအပေါ် ယုံကြည်တတ်မှုကို လျှော့သင့်သည်။



## VIRGO
## ကန်ရာသီ

(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၃၊ ၅၊ ၉၊ ၁၂၊ ၁၉၊ ၂၂၊ ၂၅၊ ၂၉၊ ၃၀) ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသော ရက်များဖြစ်၍ ထိုရက်များတွင် အရေးကြီးသောကိစ္စများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လုပ်ကိုင်ခြင်း၊ ခရီးထွက်ခြင်း၊ ရွှေ့ခြင်း, ပြောင်းခြင်းများ ပြုသင့်သည်။ ယခုကာလအတွင်း ပြည်ပရောက်ဆွေမျိုးများ ပြန်လည်ရောက်လာတတ်မှုများလည်း ရှိမည်။ စုတ်, လာဘ် ဝင်ကိန်းများရှိနေသဖြင့် အဖိုးတန်ပစ္စည်း လက်ဆောင်ရခြင်း၊ အမွေအနှစ်များ ရရှိတတ်ခြင်း၊ မမျှော်လင့်သော ငွေကြေးများ ပြန်လည်ရရှိတတ်ခြင်းများ ရှိနေမည်။ ဝါသနာပါလျှင် ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုပေးပါ၊ ထီထိုးမည်ဆိုပါက (၃၊ ၀၊ ၉၊ ၅) ဂဏန်းများဖြင့် ထိုးပါ။ စာပေဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများ မိမိအတွက် အကျိုးရှိမည့် အခွင့်အလမ်းကောင်းများ ရရှိတတ်ခြင်းရှိမည်။ ပညာရေးနှင့်ပတ်သက်၍ ဘာသာရပ်ဆိုင်ရာသင်တန်းများလည်း တက်ရောက်နိုင်ခြင်း ရှိမည်။ ကန်ရာသီဖွားများအနေဖြင့် လုပ်ငန်းကိစ္စအဝဝ အဆင်ပြေအောင်မြင်မှုများ ရရှိနိုင်ရန် ယခုကာလအတွင်း ပုလဲကို ဝတ်ဆင်ခြင်း(သို့)ဆောင်ထားခြင်း ပြုသင့်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခန္ဓာကိုယ်အောက်ပိုင်း ဖောရောင်ခြင်း၊ အသားများယားယံခြင်း၊ သွေးသားမမှန်ခြင်း စသည့်ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

**(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို သီတင်းကျွတ်လမွေး)**

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ လက်ရှိလုပ်ငန်းမှ ဝင်ငွေအလွန်နည်းနေတတ်မည်။ ပြောဆိုထားသော ငွေကြေးကိစ္စများလည်း အဆင်မပြေဖြစ်တတ်မည်။ အရေးကြီးသော ကိစ္စများအတွက် တနင်္လာသားသမီးများနှင့် တိုင်ပင်ခြင်း၊ ၎င်းတို့ထံမှ အကြံဉာဏ်ကောင်းခံခြင်းများလည်း ပြုသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်၏ ကျန်းမာရေးအတွက် စိုးရိမ်ပူပန်ရခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါက အပြင်စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်လိုသောဆန္ဒများ ဖြစ်ပေါ်လိမ့်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးကောင်းမည်ဖြစ်သော်လည်း ကျန်းမာရေးကြောင့် နစ်နာဆုံးရှုံးရခြင်းများ၊ အခွင့်အရေးဆုံးရှုံးရခြင်းများ ဖြစ်တတ်မည်။ ယခုကာလအတွင်း ထီထိုးမည်ဆိုပါက (၈ ၀၊ ၄၊ ၉) ဂဏန်းများဖြင့် ထီထိုးကံစမ်းနိုင်သည်။ ကျန်းမာရေးနှင့် ပတ်သက်၍ နှလုံးအားနည်းခြင်း၊ အသည်းရောင်ခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ကျန်းမာရေးကောင်းစေမှုကို အထောက်အကူဖြစ်စေရန် ဥဿဖရားကျောက်ကလေးကို ဆောင်ထားပေးပါ။ အချစ်ရေးကိစ္စတွင် လူပျိုကြီး၊ အပျိုကြီးများ စွံတတ်မည်။ အောင်သွယ်ကောင်းများ ရှိနေခြင်းကြောင့် မထင်မှတ်ဘဲ အိမ်ထောင်ကျတတ်မည်။



## SCORPIO
## ဗြိစ္ဆာရာသီ

**(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တန်ဆောင်မုန်းလမွေး)**

စီးပွားရေးလုပ်ငန်းများတွင် တစ်ခါတစ်ရံ တစ်ဖွတ်ထိုးလုပ်ကိုင်တတ်ခြင်းများကြောင့် လုပ်ငန်းတွင် အဆင်မပြေ ဖြစ်ရမှုများ ရှိနေမည်။ လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းဖြင့် အကျိုးပေးတတ်မည်။ တီထွင်ဆန်းသစ် လုပ်ကိုင်ရသော လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများဖြင့် အကျိုးပေးထက်သန်နိုင်မည်။ ရွှေထည်ပစ္စည်းရောင်းဝယ်ခြင်း၊ အရည်စိမ်လုပ်ငန်း လုပ်ကိုင်သူများလည်း အဆင်ပြေလိမ့်မည်။ ယခုကာလအတွင်း ထိခိုက်အနာတရဖြစ်တတ်ခြင်း၊ ချော်လဲခြင်း၊ အမြင့်မှ ပြုတ်ကျတတ်ခြင်း၊ ယာဉ်ကား အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ရတတ်ခြင်းများအတွက် အထူးသတိထားပါ။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ရှုပ်ထွေးမှုများရှိမည်။ ချစ်သူ၏ အထင်မြင်လွဲမှားခံရတတ်ခြင်းများလည်း ရှိနေလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစားမှား၊ ဆေးမှားတတ်ခြင်း၊ အစာအဆိပ်ဖြစ်တတ်ခြင်းများ ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းသာယာမည်။ သားသမီးများနှင့်အတူ ခရီးများထွက်ရတတ်မည်။ အလုပ်အကိုင် ရှာဖွေနေသူဖြစ်ပါက ဤလ၏ ပထမပတ်အတွင်း သတင်းကောင်းများ ကြားရတတ်ခြင်း၊ လုပ်ငန်းခွင် ဝင်ရတတ်ခြင်းများ ရှိမည်။ သင်နှင့်အတူ ကျောက်စိမ်း (သို့) ကျောက်စိမ်းဖြတ်စလေးတစ်ခုကို ဆောင်ထားပေးပါ။



## SAGITTARIUS
## ဓနုရာသီ

**(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နတ်တော်လမွေး)**

ဓနုရာသီဖွားများသည် ယခုကာလအတွင်း ဝင်ငွေကောင်းခြင်း၊ လာဘ်လာဘတိုးတက်ခြင်းများရှိမည်။ သို့သော် ငွေကြေးကိစ္စနှင့်ပတ်သက်ပြီး စကားအခြေအတင်ပြောရတတ်သည်။ ဝန်ထမ်းဖြစ်ပါကလည်း ဌာနအတွင်း ဝန်ထမ်းအချင်းချင်း အဆင်မပြေမှု၊ အထက်လူကြီးများ၏ အထင်မြင် လွဲမှားခံရတတ်မှုများ ရှိတတ်သည်။ အရာရာကို သည်းခံလိုက်ခြင်းဖြင့် အဆင်ပြေမှုများ ပြန်လည်ရရှိနိုင်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၂၄၊ ၂၈၊ ၂၉) ရက်များတွင် (၀၊ ၆၊ ၂၊ ၅) ဂဏန်းများပါသော ထီကိုထိုးပါ။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစု အေးချမ်းသာယာမည်။ ရပ်ဝေးရှိ ဆွေမျိုးများလည်း သင့်အိမ်သို့ အလည်အပတ်ရောက်ရှိလာတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးကို ဦးစားမပေးသင့်ပါ။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာသင်ကြားရေးနှင့်ပတ်သက်၍ အခက်အခဲများ ရှိနေတတ်မည်။ အလုပ်အကိုင် ရှာဖွေနေသူဖြစ်ပါက အဆင်ပြေမည်။ မိမိနှင့် သင့်တော်မည့် အလုပ်အကိုင်တစ်ခုခု ရရှိတတ်မည်။ ပြည်ပသို့သွားရန် စီစဉ်ထားမှုများလည်း အဆင်ပြေလိမ့်မည်။ ကျန်းမာရေးမှာ အအိပ်ပျက်ဒဏ်၊ အစားပျက်ဒဏ်၊ အလုပ်ပင်ပန်းမှုဒဏ် ခံရတတ်ခြင်းများ ရှိမည်။

**ဆရာဦးခန့်ကျော်**
(အဘိဓာန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ (၉)ရပ်ကွက်၊
ရွှေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉-၅၁၃၈၂၃၀၊ ၀၉-၄၂၀၀၅၉၄၆၅



www.burmeseclassic.com